စိတ်ကူးချိုချိုအနုပညာ

# ညီပုလေး

## ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြပျားရည်စက်

(စ-ဆုံး ပေါင်းချုပ်)

၂၀၁၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုရှည်ဆုရ




စ - ဆုံး ပေါင်းချုပ် တတိယအကြိမ်

# ဒေါက်တာအောင်ကြီး၏ အမှာစာ

**ချိုလွန်းသောပျားရည် ထက်လွန်းသောဓား**

ဆရာဝန်သူရဲကောင်းတွေ

ကျွန်တော်တို့ငယ်စဉ် ကိုးကွယ်စရာ သူရဲကောင်းတွေ ရှာကြဖွေကြချိန် ဆရာကျော်အောင်၏ "နှလုံးလှဆရာဝန်" သွားတွေ့သည်။ ကနေဒါနိုင်ငံသား ဆရာဝန်၊ ခွဲစိတ်ပစ္စည်းတီထွင်သူ၊ ဖက်ဆစ်ဆန့်ကျင်ရေးသမား Norman Bethune ၏ သူ့ဘဝ သူ့အကြောင်းကို Ted Allan နှင့် Sydney Gordon တို့က The Scalpel, The Sword အမည်နှင့် ၁၉၅၂ ခုမှာ စာအုပ်ထုတ်သည်။ ဆရာကျော်အောင်က နှလုံးလှဆရာဝန်အမည်နှင့် ဘာသာပြန်သည်။ နော်မန်ဗက်သွန်း (အသံထွက်အမှန်က နော်မန်ဗေသွန်း) အမည်က ကျွန်တော်တို့နငယ် နှလုံးသားထဲ စိုက်ဝင်သွားသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲမှာ တပ်နီတော်ဘက်မှ ဝင်ရောက်မဆင်နွှဲခင်ကတည်းက သူက စပိန်ပြည်တွင်းစစ်မှာ ဝင်နွှဲခဲ့ဖူးပြီ။ သမ္မတအစိုးရဘက်တော်သား။ တရုတ်–ဂျပန် စစ်ပွဲအတွင်း သူ၏ စွမ်းဆောင်ရည်ကို ဥက္ကဋ္ဌကြီးမော်ကိုယ်တိုင် အသိအမှတ်ပြုပြီး ဂုဏ်ပြုချီးကျူးခံရသည်။ သူက စစ်ပွဲအတွင်း ဒဏ်ရာရ ရဲဘော်များကိုသာမက နာမကျန်းသည့် ကျေးလက်တောင်သူတွေကိုပါ ဆေးကုပေးသည်။ ကျေးလက်တွေမှာ ဆေးကုသမှုပေးဖို့ နယ်လှည့်ဆေးကုအဖွဲ့တွေ ဖွဲ့သည်။ ရှေ့တန်းစစ်မြေပြင် ခွဲစိတ်ကုသမှုတွေမှာ သွေးက မရှိမဖြစ် အရေးပေါ်လိုအပ်သည့် ပစ္စည်း၊ ဒီလိုနေရာတွေမှာ

သွေးရဖို့ အရေးပေါ် သွေးသွင်းလုပ်ငန်းကို အကောင်အထည်ဖော်သည်။ အသက် ၄၉ နှစ် အရွယ်ကောင်းမှာ သွေးဆိပ်တက်ရောဂါနှင့် သေသည်။ ကျွန်တော်တို့ ခေတ်က နလုံးလှဆရာဝန် မဖတ်ဖူးသည့် ဆေးကျောင်းသားဆိုလျှင်ပဲ လူညံ့ စာရင်း သွင်းရတော့မလို။ ကျွန်တော်လည်း ဒီစာအုပ်ကို ဆေးကျောင်းစာကြည့် တိုက်က ငှားဖတ်ရသည်။ လက်ပြောင်းသူများလို့ထင့်။ စာအုပ်ကလေးက ဟောင်းနွမ်းရိရော်လို့။

ဆရာဝန် သူရဲကောင်း နောက်တစ်ဦးက ဒေါက်တာအဲလ်ဘတ်ရှိုက်ဇာ။ ပြင်သစ်နိုင်ငံသား ဂီတပညာရှင်၊ ခရစ်ယာန်ဘာသာရေး အတွေးအခေါ်ပညာရှင်။ အသက် ၃၀ ကျမှ ဆေးပညာသင်ယူပြီး အာဖရိကတိုက် အနောက်ပိုင်း ဂါဘွန် နိုင်ငံ တောကြီးမျက်မည်းထဲမှာ တိုင်းရင်းသားတွေကို ဆေးကုသမှုပေးပြီး အမှု တော်ထမ်းသူ။ ဒီဆရာဝန်ကြီးနှစ်ဦးလုံး သူ့နည်းသူ့ဟန်နှင့် သူရဲကောင်းတွေ။ ဒီနှစ်ဦးအနက် ဘယ်သူ့ကို ပထမထားသင့်ကြောင်း စာရေးဆရာတစ်ဦး ဝင်ပြောခဲ့ တာ မှတ်မိသေးသည်။ သူ့အလိုအရ နော်မန်ဗက်သွန်းသာလျှင် ပထမ ဖြစ်ထိုက် သတဲ့။ သူက ပြည်သူတွေဘက်က အပြတ်ရပ်တည်ပြီး ဖက်ဆစ်ကို တော်လှန် တိုက်ခိုက်ရာမှာ ကူညီခဲ့သူ ဖြစ်သတဲ့။ ဒေါက်တာရှိုက်ဇာကတော့ ဝါဒ တိတိ ကျကျ မရှိဘဲ လူသားချင်းစာနာထောက်ထားမှုအရ ကူညီခြင်းဖြစ်သတဲ့။ လူငယ် တွေကြား လက်ဝဲဝါဒ ရေပန်းစားချိန်ဖြစ်လေတော့ ကျွန်တော်တို့လည်း ဘာမသိ ညာမသိ ခေါင်းညိတ်လိုက်မိလေ၏ပေါ့ဗျာ။

ပြည်တွင်းဖြစ် ဆရာဝန်သူရဲကောင်းတွေကော မရှိဘူးလား။ ရှိပါ့ဗျာ။ သို့ပေမဲ့ နော်မန်ဗက်သွန်းတို့ ရှိုက်ဇာတို့ဘဝတွေလို ဆေးရောင်တော့ သိပ် မစုံလင်ပေဘူးပေါ့။ ဟော... အနီးဆရာဝန်တွေလိုပဲ ဆေးရောင်စုံ ဆေးရောင်စိုလှ သည့် ဘဝပိုင်ရှင် ဆရာဝန်တစ်ဦးအကြောင်း ဆရာညီပုလေးက ရေးထုတ် လိုက်ပါပြီ။ "ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြ ပျားရည်စက်"

**ညီပုလေး၏ နှိပ်စက်ခြင်း**

ဆရာသော်တာဆွေ၏ "သုခ၏နှိပ်စက်ခြင်း" ဆိုသည့် ဆောင်းပါး ငွေတာရီမဂ္ဂဇင်းမှာ ဖတ်ခဲ့ဖူးသည်။ ဆရာသုခ၏ "ဂုဏ်ရည်မတူ" ဇာတ်ကား အကြောင်း ရေးထားတယ် ထင်တာပါပဲ။ ဆရာသုခထံမှ မေတ္တာလက်ဆောင် လက်မှတ်ရလို့ ရုပ်ရှင်ဝင်ကြည့်ရင်း သူ့မှာ မျက်ရည်မဆည်နိုင်ဖြစ်ရပုံ၊ သူလို ဖန်တီးသူ အနုပညာရှင်ကိုပင်လျှင် ဆရာသုခက ဖမ်းစားနိုင်ပုံ... စသည်ဖြင့်ပါ။ အခုလည်း ဆရာညီပုလေးက သူ့ဝတ္ထုတစ်တွဲထွက်တိုင်း ချက်ချင်းလိုလို လာပို့

သည်။ ပြီးတော့ ဖတ်ကြည့်မှ မှတ်ချက်ပေးပါဦးဟု ပြောသည်။ ကျွန်တော့်မှာ သူ့ဆီက စာအုပ်ရတိုင်း နောက်က ကပ်ကပ်ပါလာသည့် ဝန်ထုပ်ကြီးကို မသက်မသာ ကြည့်နေရသည်။ သို့သော်လည်း သူ့ဆန်စားရဲမှုဆိုလေတော့ သူ့စာအုပ်ကို ကောက်ကိုင်ရ ကောက်ဖတ်ရသည်။ ပထမတွဲ အမှာစာမှာ ဆရာဇော်မောင်ရေးသလို ကျွန်တော်လည်း သူ့စာနောက် တရွတ်တိုက်ပါသွားသည်။ ဆရာဇော်မောင်လို တစ်ထိုင်တည်း အစအဆုံး ဖတ်ဖြစ်သွားတာ မဟုတ်သည့်တိုင် သူ့စာအုပ်ကို တစ်ရက်နှစ်ရက်အတွင်း ကျွန်တော် ဖတ်ပြီးသွားသည်။ ဆရာသော်တာဆွေလိုပဲ ကျွန်တော်လည်း အနုပညာသမားတစ်ဦး၏ နှိပ်စက်ခြင်းကို ကျေကျေနပ်နပ် ခံလိုက်ပါသည်။

ဆရာဝန်ကြီး နာဂသိန်းလှိုင်အကြောင်း တိုတိုထွာထွာ ကြားဖူးတာတွေ ရှိသည်။ တိတိကျကျ ခြေခြေမြစ်မြစ်တော့ မရှိလှ။ လူပြောသူပြောတွေ၊ တစ်ဆင့်ခံတွေ။ "ကြိုးကြာတောင်ပံခတ်သံ" ထဲမှာ သူ့ဇာတ်လိုက်ကို နာဂသိန်းလှိုင် ဇာတ်သွင်းပေးဖို့ ဆရာလက်ာရည်ကျော် ကြိုးစားထားတာ တွေ့ရသည်။ သို့ပေမဲ့ ဒီမှာလည်း နာဂသိန်းလှိုင်ကို ခပ်တုန်တုန် ခပ်မှုန်မှုန်ပဲ မြင်ရသည်။ အခုဟာက ၂၀၁၄ ဇူလိုင်လကစပြီး ဆရာသိန်းလှိုင်ကိုယ်တိုင် ညီပုလေးကို ပြောပြခဲ့တဲ့ သူ့ဘဝဇာတ်ကြောင်း (စီ ၆၀ အခွေ ၃၀ တိတိ) ကို ညီပုလေးက စာရေးဆရာ အတတ်ပညာနှင့် ပြန်ရေးပြတာ။ From the horse's mouth ပဗျာ။ ကဲ… ဒါ့ထက် တိကျခိုင်မာတာ ဘာရှိတော့မတုံး။ ဆရာညီပုလေး၏ စာရေးခြင်းအတတ်ပညာကို ကျွန်တော် အထူးတလည် မဝေဖန်တော့ အကဲမဖြတ်တော့ပြီ။ စာဖတ်သူအားလုံးလိုလို သူ့အရေးအသားထဲ စီးဝင်မျောပါသွားမှာ သေချာသည်။ အရေးခံပုဂ္ဂိုလ်၏ ဘဝကလည်း စုံမှစုံ။ ထွေမှထွေ။ ဆန်းမှဆန်း။ ညီပုလေး၏ အရေးအသားကလည်း ရိုးရိုးလေးနှင့် လှနေကြွနေ။ အရေးခံ အကြောင်းအရာနှင့် ညီပုလေးလက်နှင့် လိုက်ပါပေ့။

တောကဖိုးတုပ်

ဆရာသိန်းလှိုင်ဘဝက ချိုလည်းချို ရှလည်းရှ။ ဓားထက်ထက်ပေါ်က ပျားရည်ချိုမြမြ ဆိုထားမင့်ဟာ။ ဆရာ့ဘဝ တစ်စိတ်တစ်ပိုင်းက ငယ်ငယ်က ကြည့်ခဲ့သည့် ရွှေဘဇာတ်ကားတွေ သွားသတိရစေသည်။ မဟုတ်မခံ တစ်ကိုယ်တော်ဇာတ်ဇာတ်ကြဲ။ ငါ့မထိနဲ့ မီးပွင့်သွားမယ်။ ပင်ကိုက ရိုးရိုးသားသား ကြိုးကြိုးစားစားနေသူ။ မိခင်အိုကြီးကို လုပ်ကျွေးပြုစုနေသူ။ မိမိထက် ဂုဏ်ရည်မြင့်သူ သမီးပျိုနှင့် ချစ်ကြိုက်မည်။ သူကြီးသားနှင့် ရည်းစားလုဘက်ဖြစ်မည်။

သူကြီးသားနှင့် အပေါင်းအပါတွေက နည်းပေါင်းစုံနှင့် ရန်စမည်။ ပြဿနာရှာမည်။ မတရားနှိပ်စက်မည်။ မင်းသားနာခန်း၊ အမေကြီးက သူ့သားကို သည်းခံဖို့ မျက်ရည်စမ်းစမ်းနှင့် ဆုံးမမည်။ မခံနိုင်တဲ့တစ်နေ့ မိမိကိုယ်စွမ်းဉာဏ်စွမ်းသုံးပြီး လူမိုက်တွေကို သူပြန်လှန်တိုက်ခိုက် အနိုင်ယူမည်။ တောက ဖိုးတုပ်ကွ။ ပရိသတ်လက်ခုပ်သံ တဖြောင်းဖြောင်း။ အဲသလို လက်ခုပ်တီးသူတွေထဲ ကျွန်တော်လည်းပါသည်။ ဆရာသိန်းလှိုင်၏ ဆရာဝန်ဘဝက အင်မတန် စိတ်ဝင်စားစရာ ကောင်းသည်။ သူရောက်လေရာ ပြဿနာ။ သွားလေရာရာ ပြဿနာတွေ့ရပါစေရဲ့လို့များ ဘဝဘဝက ဆုတောင်းခဲ့လေသလားမသိ။ ပထမဆုံးအကြိမ် သူကြုံရသည့် ပြဿနာက အလုပ်သင် ဆရာဝန်အားလုံး လစာရရှိရေး။ သူတို့နှစ်က နောက်ဆုံးနှစ်အောင်ပြီး အလုပ်သင်ဆရာဝန်ဖြစ်သွားသူ ၁၈၅ ဦးရှိသည်။ လစာ ၂၀၅ ကျပ်ကို ဆရာဝန် ၈၅ ဦးသာရပြီး ကျန်ဆရာဝန် ၁၀၀ က ဘာလစာမှ မရလေ။ သက်ဆိုင်ရာကို ဒီကိစ္စအရေးဆိုဖို့ Young Doctors Association (ဗမာပြည်လုံးဆိုင်ရာ ဆရာဝန်ငယ်များအသင်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ ဆရာဝန်ငယ်များအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာဝန်များအဖွဲ့) ဖွဲ့သည်။ သူက အတွင်းရေးမှူး။ ဒီအရေးကို သူအားသွန်ခွန်စိုက် လုပ်သည်။ သပိတ်တိုက်ပွဲဆင်သည်။ ပရိယာယ်ကြွယ်သော အစိုးရ၏ ကိုင်တွယ်မှုကြောင့် သူတို့သပိတ် ပြိုကွဲသွားသည်။ ရေထဲမိုးထဲမှာ တောင့်မခံနိုင်သည့် သူ့ရဲဘော်တွေကို သူ အတော် စိတ်ပျက်သွားသည်။

"အဲဒီအချိန်ကစပြီး ဆရာဝန်ဆိုတဲ့ လူတန်းစားကို စိတ်လည်း အကြီးအကျယ်နာသွားခဲ့တယ်။ အထင်အမြင်လည်း အလွန်သေးသွားခဲ့တယ်။" (စာ- ၁၀၅)

ဒီတိုက်ပွဲရလဒ်ကတော့ အလုပ်သင်ဆရာဝန် နောက်ဆုံး ၃ လမှာ ဆင်းဖို့ကျန်နေတဲ့ ခွဲစိတ်ရုံထဲ ဆင်းခွင့်မရတော့ခြင်းပါပဲ။ ဒီလိုနှင့် သူ သင်္ဘော ဆရာဝန်ဖြစ်သွားသည်။ သူ အောင်တေဇသင်္ဘောမှာ တာဝန်ကျနေတုန်း အောင်ဇေယျသင်္ဘောတာဝန်ခံ ကုလားဆရာဝန်က တောင်းဆို၍ လူချင်း လဲပေးလိုက်သည်။ အောင်တေဇက မော်လမြိုင်မှ ရေးမြို့အသွား တနင်္သာရီ ကမ်းရိုးတန်းမှာ နစ်မြုပ်သွားသည်။ ၁၉၆၂ ခုမှာ သူ ပင်လယ်ထဲကနေ ကုန်းပေါ်တက်လာသည်။ ပင်လယ်နှင့် ရေစက်ကုန်သေးဟန်မတူ။ သူ တာဝန်စထမ်းဆောင်ရတဲ့မြို့က မြိတ်မြို့။ ဒီဆေးရုံမှာ တာဝန်ကျစဉ် သူ့ စားသွားက ဟိုလူနှင့် ဝင်တိုးမိ ဒီလူနှင့် ဝင်တိုက်မိ ဖြစ်ရသည်။ မြိတ်အခြေခံ ဂျပန်ပုလဲကုမ္ပဏီနှင့် သူ အကျွမ်းတဝင်ဖြစ်သည်။ ဒီရင်းနှီးမှုက မြိတ်မှာ ကာလဝမ်းရောဂါဖြစ်သည့်အခါ အလွန်

အသုံးတည့်သွားသည်။ ကုမ္ပဏီ၏ စောင်မမှုကြောင့် ဝမ်းရောဂါကာကွယ်ဆေးတွေ ဂျပန်ပြည်ကနေ ရန်ကုန်သို့ လေယာဉ်နှင့် ရောက်လာသည်။ မြိတ်မြို့ကို သည်လို ကယ်တင်ခဲ့ကြောင်း သူပြောသည်။ မြိတ်ကနေ မန္တလေးရွှေ့ရသည်။ ဆရာကြီး ဒေါက်တာဦးဘသန်း လှမ်းခေါ်လို့။ ၁၉၆၄ ခုနှစ်။ မန္တလေးဆေးရုံကြီးက သူ့ကို အေးစက်တင်းမာစွာ ကြိုဆိုသည်ဟု သူထင်သည်။ ဦးဘသန်း၏ ပစားပေးမှု သက်သက်ကြောင့် ဒီနေရာရောက်လာခြင်း မဟုတ်ကြောင်း သူ့ဓားစွမ်းနှင့် သူ့ ဘာသာ သက်သေထူသည်။ သူ ဓားစွမ်းပြကောင်းနေဆဲ ရန်ကုန်ဆေးရုံကြီးမှာ ကြုံခဲ့ရသည့် လူနာတစ်ဦးနှင့် ပတ်သက်ပြီး ပြဿနာအရှာခံရပြန်သည်။ လူနာ တစ်ယောက် တိမ်းပါးသွားသည့်ကိစ္စနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးခံရတာ။ "ဘယ်သူ့ကိုမှ အရေးယူလို့မရလို့ မင်းကို အရေးယူတာကွ" ဟု သက်ဆိုင်ရာ ဆရာဝန်ကြီးက ပြောသည် တဲ့။ အရေးယူသည့်အနေနှင့် သူ့ကို စစ်ကိုင်းတိုင်း အစွန်က ဇင်္ဂလိန်းခန်းသို့ ပို့သည်။ လုပ်သက် ၂ နှစ်ဖြတ်ပြီး နှစ်တိုးလစာ ၁ နှစ်ရပ်သည်။ သူ စိတ်ဓာတ် ကျသွားလေပြီလား။ မကျလိုက်သမှ။

"ခန့်ခွဲရောက်တဲ့နေ့ကစပြီး သိန်းလှိုင်ဆိုတဲ့နာမည် မြန်မာပြည်မှာ နာမည် ကျော်ကြားစေရမယ်။ ဒီလို ကျော်ကြားတဲ့အခါ ဆရာ့ကို ကျေးဇူးဆပ်ဦးမှာပါ" ဟု သူကြိမ်းပသည်။

၁၉၆၅ ခုနှစ် ဇန်နဝါရီလမှာ နာဂတောင်တန်းရောက်သည်။ ဖြစ်သလို နေတတ်သူဖြစ်လေတော့ သူ့အတွက် နေရေးစားရေးက အရေးမကြီး။ အရေးကြီး တာက ဓားရေး။ သူ ဓားရေးပြချင်သည်။ ဒါကလည်း လူနာရှိမှ ဖြစ်တဲ့ကိစ္စ။ လူနာရဖို့ သူ့မှာ အတော်လုံးပမ်းရသည်။ ဖြောင့်ဖြောင့်ရော ကောက်ကောက် ရော နည်းပေါင်းစုံ၊ ပထမဦးဆုံး ခွဲစိတ်လူနာရတော့ သူ ပျော်သွားသည်။ လည်ပင်း ကြီးလူနာ။ ဆေးဝါးစုံစုံလင်လင်မရှိ၊ ကူမည့်ဆရာမ ကျွမ်းကျင်မှု ရှိမရှိ သူ မစစ်ဆေးနိုင်။ မြန်မြန်ခွဲမှ။ နို့မို့ လူနာရှင် စိတ်ပြောင်းသွားမည်။ အခွဲခံရမည့် လူနာကတော့ အားတက်သရော မရှိလှ။ ထုံဆေးထိုးထိုးချင်း လူနာ ရှော့ခ်ရသွား သည်။ ဖြေဆေးက ပြည့်ပြည့်စုံစုံမရှိ။

"ကျွန်တော် စိတ်ကို ပိုင်းဖြတ်လိုက်တယ်။ ဒေါ်အေးရှင် သေသွားရင် လည်း သေသွားပစေတော့။ ဒါပေမဲ့ သိန်းလှိုင်ခွဲလိုက်တယ်ဆိုတဲ့ ဂုဏ်ပုဒ်တစ်ခု တော့ ရချင်တယ်။ သူ့လည်ပင်းထဲက အလုံးကို ငါရအောင်ထုတ်မယ်ဆိုတဲ့ အတွေး ပေါ်လာတယ်။" (စာ ၂၆၃)

ရောဂါကို အလေးပေးမှု ဓားစွမ်းပြလိုမှုက လူနာ့အရေးထက် ပိုသွား သည်။ လူနာနှင့် သူ ကံစပ်သည်ထင့်။ ခွဲစိတ်ကုသမှု အောင်မြင်သည်။ သူ့ဓား

စွမ်း သတင်းပျံ့သွားသည်။ ရေကာတာကျိုးသလို လူနာတွေ တရဟော ဆေးရုံ ရောက်လာသည်။

"လည်ပင်းကြီးသမားတွေ ကျွန်တော့်ဆီ တဖွဲဖွဲ ရောက်လာကြတယ်။ ကျွန်တော်က တောင်းပန်ပြီး ခေါ်တယ်။ နေ့တွက် သုံးကျပ်ပေးပါမယ်လို့ ပြော ခေါ်တုန်းက မလာကြဘဲ အခုမှလာကြတော့ ကျွန်တော့်စိတ် အချဉ်ပေါက်တယ်။ မိုက်မိုက်ရိုင်းရိုင်းကို ဆက်ဆံလွှတ်လိုက်တာ။ ကိုယ်က အောက်အကျို့ကြိုး ကျို့ခဲ့ရတာ၊ အခုမှ ဟိုကဒီက ရောက်လာပြီး ခွဲပေးပါဆရာ၊ ခွဲပေးပါဆရာ လာလုပ်တာ။ ကျွန်တော် စားပွဲပေါ် ခြေနှစ်ဖက်တင်ပြီး လူနာဝင်လာတဲ့အခါ ခြေထောက်ကို ပြန်မရုပ်ဘဲ စကားပြောတယ်။ ပြောတဲ့စကားက ခွဲမပေးဘူးကွာနဲ့ ခွဲမပေးနိုင်ဘူးကွာပဲ။ ကျွန်တော် ဆိုးခဲ့ရမ်းခဲ့တယ်။ ဘာမှ အဆင့်မမီတဲ့ရွာသာ သာ ဆေးရုံကို အပို့ခံရတာလည်းပါမယ်။ နှစ်တိုးရပ်ဆိုင်းတာ အပါအဝင် အထွေထွေ မကျေနပ်တာတွေ ပါမှာပဲ။ အခုမှ ပြန်တွေးတော့ကြည့်မိတာ။" (စာ ၂၆၆ – ၂၆၇)

သူ့ကိုယ်သူ ပြန်တရားချသည်။ သူက ခန္တီးမြို့ကို ကျန်းမာရေးအလင်း ရောင် ပေးချင်တာဆို။ "အမှားကနေ အမှန်ကို မနည်း ရှေ့ယူရတယ်။" (စာ ၂၆၇) ဆေးရုံကို လူနာတွေအားကိုးလေ၊ ဆရာဝန်ကလည်း ကြိုးစားပမ်းစား ဆေးကုလေဆိုတော့ ဆေးဝါးပစ္စည်းတွေ မကြာမကြာ ပြတ်လပ်သွားသည်။ ဒါကိုလည်း သူ့နည်းသူ့ဟန်နှင့် ပြည့်စုံအောင်လုပ်ရသည်။

"သွေးဆုံးတော့မယ့် မိန်းမရဲ့ ဓမ္မတာသွေးကမှ နည်းနည်းတွက်ချက်ချင့် ချိန်လို့ရဦးမယ်။ ကျန်းမာရေးဌာနကပို့တဲ့ ဆေးခွဲတမ်းက ရောက်တစ်လှည့် ပျောက် တစ်လှည့်။" (စာ ၂၇၄)

ခွဲစိတ်ပစ္စည်းတွေကလည်း ချောက်ချိချောက်ချက်။ နာဂတောင်တန်းရွာ တစ်ရွာမှာ လာဖွင့်ထားသည့် ခရစ်ယာန်သာသနာပြုဆေးရုံမှ ပစ္စည်းကိရိယာ တွေ သွားရောက်ငှားရမ်းပြီး ဆေးရုံကို အားဖြည့်ရသည်။ ဆေးရုံမှာ ကျောက်ချ ထိုင်ပြီး လာသမျှလူနာ စောင့်ခွဲနေမည့်အစား ကျောပိုးအိတ်ထဲ ဆေးပစ္စည်းတွေ ထည့်ပြီး သူ တာဝန်ယူထားရသည့် နာဂနယ်မြေအနှံ့ လှည့်လျှောက်သွားသည်။ လည်ပင်းကြီးရောဂါသည်တွေ တွေ့တဲ့နေရာခွဲသည်။ သစ်ပင်ရိပ်အောက်မှာ။ အိမ်တံစက်မြိတ်အောက်မှာ။ ကြိမ်ဖျာခင်းပြီးခွဲတာ။ အကူမပါ ဘာမပါ တစ်ယောက် တည်း။ "နောက်ဆန်း နောက်ကုန်း" ရွာက လူနာကို ခွဲစိတ်တော့ သူ့ခေါင်းက အပေါင်ပစ္စည်း ဖြစ်သွားသည်။

"ဟုတ်တယ်ဆရာ၊ သူတို့လူ လည်ပင်း ပုံမှန်ပြန်ဖြစ်ရင်တော့ ဆရာဟာ

လူမဟုတ်ဘူး၊ နတ်ပဲ ဖြစ်ရမယ်တဲ့။ ဒါပေမဲ့ သူတို့လူ ခြေချော်လက်ချော် တစ်ခုခု ဖြစ်သွားရင်တော့ ဆရာ့ခေါင်းကို သူတို့ ယူသွားကြမှာတဲ့။” (စာ ၂၉၂) ဒီလိုနှင့် သူ “နာစာ မူဆေး လုံဂီး” (နတ်ဆေးဆရာကြီး) ဖြစ်သွားသည်။ သူ့ သတင်းက နာဂတောင်တန်းကို ကျော်ပြီး ပြည်မအထိ မွှေးပျံ့လာသည်။ ကျန်း မာရေးဌာနတာဝန်ခံ (ဝန်ကြီး) ကိုယ်တိုင် သူ့ဆေးရုံ ရောက်လာသည်။ သူ့ လုပ်ရပ်ကို အသိအမှတ်ပြုသည့်အပြင် သူ့ကို ဂုဏ်ပြုသည့်အနေနှင့် အရင် ပြစ်ချက်တွေ အားလုံး ပယ်ဖျက်ပေးသည်။ တောင်ပေါ်အနှံ့ လျှောက်သွားရာ တွင် သုံးဖို့လား အကောင်လေးဆယ်နှင့် စီးမြင်းတစ်ကောင်ပေးသည်။ ကိစ္စရှိ လျှင် ကျန်းမာရေးဝန်ကြီးကို အခါမရွေး လာတွေ့ခွင့်ပေးသည်။ နာဂတောင် တန်း ဖွံ့ဖြိုးရေးအိပ်မက် သူမက်သည်။ သူ့စိတ်ကူးနှင့်သူ ညောင်ရမ်းအင်းစီမံ ကိန်းဆိုတာကြီး ရေးတင်သည်။ လည်ပင်းကြီးရောဂါ အမြစ်ပြတ်ရေး အိုင်အို ဒင်းဆား စီမံချက်ထည့်ရေးဖို့ သူမမေ့။ ရွာတွေဝင်ရင်း ခရီးသွားဟန်လွှဲ သန်း ခေါင်စာရင်း ပြုစုပေးလိုက်သေးသည်။ တောင်ပေါ်ရွာတစ်ရွာမှာ လည်ပင်းကြီး အပါအဝင် ရောဂါပေါင်းစုံ ခွဲစိတ်ကုသနေတုန်း တစ်နေ့ ကျန်းမာရေးဝန်ကြီး ရဟတ်ယာဉ်တစ်စင်းနှင့် ပေါက်ချလာသည်။ နာဂတွေလို စားနေသောက်နေရုံမျှ မက နာဂတွေလို ဝတ်စားဆင်ယင်ထားသော လံကွတ်တီဝတ်ဆရာဝန်ကို ဝန်ကြီး တွေ့သွားသည်။ ဝန်ကြီးက အမြင်မတော်ဘူးထင်တယ်ပြောတော့ သူက

“ကျွန်တော် သူတို့ဘဝမြှင့်တင်ချင်လို့ သူတို့နဲ့တစ်သားတည်းဖြစ်အောင် ကြိုးစားနေတာပါ” ဟု ဖြေသည်။ ဝန်ကြီးက ဘောလုံးကွင်းအတွင်း စုထား သော နာဂလူထုကို စကားပြောဖို့ ကြိုးစားသည်။ မအောင်မြင်။ နာဂတွေက ဝန်ကြီးဘက် မျက်နှာမမူဘဲ လံကွတ်တီဝတ် နတ်ဆရာဘက်ပဲ မျက်နှာမူနေကြ တာ။ နောက်ဆုံး နတ်ဆရာကိုယ်တိုင် ဝန်ကြီးရှိရာဘက် သွားထိုင်တော့ခါမှ ကိစ္စပြီးတော့သည်တဲ့။

သွားရင်းလာရင်း မှတ်မှတ်သားသားလုပ်တတ်သည့် ဝါသနာကြောင့် အိန္ဒိယ မြန်မာ နယ်နိမိတ်မှတ်တိုင်တွေကို တစ်ဖက်မှ ခိုးခိုးရွှေ့နေတာ သူ သွား တွေ့သည်။ ဒီအကြောင်း “အိန္ဒိယသို့ တံခါး ၁၃ ပေါက်” ဆိုသည့် စာတမ်း ရေးတင်သည်။ နိုင်ငံတော်အစိုးရက သူ့စာတမ်းကို အမှုမဲ့မထား။ ဒီလိုနှင့် “အောင်နိမိတ်” စစ်ဆင်ရေးဆိုတာ ပေါ်လာသည်။ သူ ဝါသနာပါရာတွေ လုပ် နေရင်းက နယ်အုပ်ချုပ်ရေးအကြီးအကဲနှင့် မကြာခဏ ပွတ်တိုက်မှုတွေ ဖြစ် သည်။ ဟိုတစ်ယောက်က ဝစ္စနှစ်လုံးပေါက်ပေါ် သေးသေးတင်ချင်သူ။ ဒီလို ကြားထဲကပဲ မြန်မာနှင့် အိန္ဒိယအစိုးရ ပူးပေါင်းပြီး ဖိုဇိုသူပုန် နှိမ်နင်းဖို့အရေးမှာ

သူ ပါဝင်ရသေးသည်။ အိန္ဒိယဆက်သွယ်ရေးတပ်က အရာရှိတစ်ဦး မြန်မာနယ်စပ်လာမည်။ သူနှင့်တွေ့ပြီး ညှိနှိုင်းစရာတွေ ရှိသည်။ သွားတွေ့မည့် မြန်မာအဖွဲ့ထဲမှာ သူလည်းပါသည်။ ဆရာဝန်အဖြစ် သွားရတာမဟုတ်။ တပ်မတော်အရာရှိအဖြစ် သွားရတာ။ ဘဝက စုံမှစုံ။

ဆေးရုံမှာ သူနာပြုဆရာမက မလုံလောက်။ ဒါကို သူ ကြိုးစားဖြေရှင်းသည်။ ပညာအသင့်အတင့်တတ်ပြီး သူနာပြုချင်စိတ်ရှိသူတွေကို သူကိုယ်တိုင်သင်ကြားလေ့ကျင့်ပေးသည်။ ဒီလို ဝေးလံခက်ခဲသော ဒေသမှာ ဒီလိုဌာနေလူငယ်လေးတွေကို လေ့ကျင့်သင်ကြားပေးတာ အကောင်းဆုံး လက်တွေ့အကျဆုံးဆိုတာ သူ သဘောပေါက်သွားသည်။ ဒီကလေးတွေကို ဝန်ကြီးဌာနက အကူသူနာပြုအဖြစ် ခန့်အပ်ပေးသည်။ သူ့ကို အားကျပြီး သူ့ခြေရာကို ကြိုးစားနင်းမည့်လူငယ်ဆရာဝန်တွေ နာဂတောင်တန်းရောက်လာသည်။ စေလိုရာစေ ဆရာဝန်တွေ။ လူငယ်သူရဲကောင်းတွေ။ ဒီထဲက တစ်ဦးက ရန်ကုန်ကို ကိစ္စတစ်ခုနှင့်ရောက်နေခိုက် သူ တည်းခိုသည့် လမ်းမတော် အဆောင်နားမှာ ညအချိန် ဓားထိုးခံရသည်။ အရေးပေါ် ခွဲစိတ်ခံရပြီး ပြန်ကောင်းလာသည်။ သို့သော်အမေရိကန်ရောက် ညီငယ်က သူ့အစ်ကိုကို စိတ်မချတော့။ ဟိုကိုလိုက်ခဲ့ဖို့အကြိမ်ကြိမ် လှမ်းခေါ်သည်။ ဒီလိုနှင့် အနီးသူရဲကောင်း ဆရာဝန်လေး ကနေဒါနိုင်ငံရောက်သွားသည်။ နိုင်ငံရပ်ခြားရောက် တပည့်က သူ့ကို လှမ်းခေါ်သည်။ ဟိုမှာ ခွဲစိတ်ပါရဂူဘွဲ့ လာယူဖို့။ သူ ဘာလုပ်ရပါ့။ သူ နာဂတောင်တန်းမှာပဲဆက်နေဖို့ ဆုံးဖြတ်သည်။ သူ တောင်တန်းပျော် ဖြစ်နေပြီ။

မုံရွာ အရန်သားဖွား သင်တန်းကျောင်းဆင်း ဆရာမတွေထဲက ဆရာမရှစ်ယောက်ကို နာဂတောင်တန်းမှာ တာဝန်ထမ်းဆောင်ဖို့ သူ တောင်းဆိုတာရုံးချုပ်က ခွင့်ပြုသည်။ တောင်ပေါ်မှာ ဆောင်ရန်ရှောင်ရန်တွေ ဒီဆရာမတွေကိုသူ သင်ပေးသည်။ သူတို့လေးတွေ တောင်ပေါ်မှာ အမှုထမ်းချင်အောင် စည်းရုံးသည်။ ဆရာမလေးတွေ တောင်ပေါ်အရောက် သွားကြသည်။ တစ်ယောက်မှမအောင်မြင်။ နာဂအမျိုးသမီးတွေရဲ့ ကလေးမီးဖွားပေးဖို့ နေနေသာသာ သူတို့ကိုယ်ဝန်တောင် စမ်းကြည့်ခွင့် မရ။ အလားတူပါပဲ တောင်ပေါ်မှာ စာသင်ကျောင်းတွေ ဖွင့်ဖို့ ကြိုးစားတာ၊ နာဂတွေ နေထိုင်ဖို့ သွပ်မိုးအိမ်တွေ ဆောက်ပေးတာ၊ ပိုက်ဆံသုံးတတ်ဖို့ သင်ပေးတာ ဘာတစ်ခုမှ အောင်မြင်မှု မရ။ သူတို့ဒေသ၊ သူတို့စရိုက်၊ သူတို့ ဓလေ့တွေ မကျွမ်းဘဲ ဇွတ်အတင်း အကူအညီပေးလျှင်ဘယ်တော့မှ မအောင်မြင်ဘူး ဆိုတဲ့ ပုံသက်သေတွေပါပဲ။ သွပ်မိုးအိမ်နှင့် မနေတတ်တဲ့၊ ပိုက်ဆံကိုင် မသုံးတတ်တဲ့၊ စာပေမတတ်တဲ့ နာဂတိုင်းရင်းသားတွေဟာ

အသိဉာဏ်နည်းသူတွေ ဖြစ်မှာပါဟု စာဖတ်သူ ဆုံးဖြတ်ခဲ့ပါက သွက်သွက်ခါအောင် မှားသွားမည်။ ဆရာသန်းလှိုင်က သူ့အတွေ့အကြုံ တစ်ခုကို ပြောပြသည်။ တောင်ပေါ် ရွာတစ်ရွာမှာ ကာလဝမ်းရောဂါဖြစ်ချိန် သူ ရောက်သွားသည်။ သူ့ပါလာသမျှ ဆေးတွေ ကုန်ပြီ။ ဝမ်းရောဂါက မရပ်သေး။ သူကြီးက ရွာကို Quarantine လုပ်ပစ်သည်။ ရွာထဲက မည်သူမျှ အပြင်မထွက်ရ။ ရွာထဲ အပြင်လူ လုံးဝ မဝင်ရ။ ဒီလိုနှင့် ဝမ်းရောဂါ တန့်သွားသည်။ ကဲ... ဘယ်လောက် လက်တွေ့ကျပြီး ဘယ်လောက် ပညာပါတဲ့ ဆုံးဖြတ်ချက်လဲ။ နာဂတွေကို သူ လက်ဖျားခါသွားသည်။

လက်တွေ့သမား၊ သိပ္ပံသမား ဖြစ်သော်လည်း ထူးကဲဖြစ်စဉ်တွေနှင့် ကြုံရသည့်အခါ ဒီဖြစ်စဉ်တွေကို သူ ဘယ်လိုမှ မရှင်းပြနိုင်။ သို့သော် အခြားသူတွေလို သူက ခြေစုံကန် မငြင်း။ သူ့ဖခင် အသည်းအသန်ဖြစ်တုန်းက တစ်ခါ သူ ကြုံခဲ့ပြီးပြီ။ အလုပ်သင်ဆရာဝန် ဘဝမှာ အလားတူအဖြစ်မျိုး သူ ကြုံရပြန်သည်။ သူကတော့ ခေတ်မီဆေးသိပ္ပံ၏ ဟိုဘက်မှာ တစ်ခုခု ရှိသေးတာကို လက်ခံသည်။ သွားရင်းလာရင်း ဟုမ္မလင်း၊ ဗန်းမော်၊ ဗန်းမောက်၊ ဥရချောင်း တစ်လျှောက် ကြီးစိုးနေသူ ဗကပ နာမည်ကြီး ဗိုလ်ကျားနှင့် သူ ဆုံသည်။ အများပြည်သူကို ကူညီချင်တာ၊ ကိုယ်ကျိုးစွန့်တာ၊ ဒီလို လားရာတူသည့် လူတွေဆိုတော့ သူတို့ချင်း ဘာပြဿနာမှ မဖြစ်ခဲ့။

သူ့ကို နယ်စွန်ပယ်ဖျား ပို့ခဲ့သူဟု သူ ယူဆသည့် ပုဂ္ဂိုလ်ကို တစ်နေ့နေ့မှာ ဒီနယ်စွန်ပယ်ဖျား ခင်ဗျား လာရစေ့မည်ဟု သူ ကြိမ်းပခဲ့သည်။ သူ ဆုတောင်းပြည့်သည်။ သူ့ဘဝဖြစ်စဉ်အကြောင်း သူ ပြောပြတာတွေထဲ တစ်ခု ထူးခြားတာက သူ့ကို နှိပ်စက်ကလူပြုသူတွေအကြောင်းပြောရာမှာ မြိန်ရေရှက်ရေ ရှိသလောက် သူ့ကို လက်ထပ်သင်ကြားပေးသည့် ဆရာဆရာမတွေအကြောင်း ပြောရာမှာတော့ သူ အာသိပ်မသွက်လှခြင်းပါပဲ။ ခန္ဓာဗေဒဌာနက ဆရာ ဦးသိန်းအောင်၊ ဆရာ ဦးတုတ်ကြီး၊ ဆရာ စကြာဘသန်း။ မှူခင်းဆရာဝန်ကြီး ဦးမောင်မောင်တိတ်။ ခွဲစိတ်ပါရဂူ ဆရာကြီး ဒေါက်တာ ဦးဘသန်း။ သူတို့လောက်ပဲ သူ စာဖွဲ့တာ တွေ့ရသည်။

တောင်ပေါ်က နာဂတွေကြားမှာ သူက နတ်ဆေးဆရာကြီး၊ မြန်မာပြည်တစ်ဝန်းမှာ သူက နာဂသိန်းလှိုင် ဖြစ်နေပြီ။ ခန္တီးမှာတော့ အာဏာပိုင် အဖွဲ့အစည်းက လူတချို့နှင့် သူနှင့် တစ်ဂိုန်းဂိုန်း။ ရန်သူကို ရင်ဆိုင်ဖို့ သူ လက်နက်စုသည်။ သူ့လက်နက်က အဆဲညွန့်ပေါင်းကျမ်း။ ဟိုဘက်ကလည်း သူတို့လက်နက်နှင့် သူတို့။

"ဒေါက်တာ သိန်းလှိုင်ကို ကုန်သွယ်ရေး၊ သမဝါယမဆိုင်တို့မှာ ဘာပစ္စည်းမှ ရောင်းချခြင်း မပြုရ ဆိုတဲ့ အမိန့်စာ ဖြစ်နေတယ်။" (စာ ၅၄၄)

သူ့ပြန်လက်သီးက လှသည်။ ဗိုလ်မှူးစိန်မှန်၏ နာမည်ကျော် ဘဏ္ဍာရေး ရှင်းတမ်းကို သတိရစရာ။

"ငါ့အမိန့်နှင့် ငါ ဝယ်သည်။

နင့်အမေ ဖေးစေ့ ခြောက်လုံး

ပုံ နာဂသိန်းလှိုင်" (စာ ၅၄၅)

တိုက်ပွဲက တစ်စတစ်စ ပြင်းထန်လာသည်။ နောက်ဆုံး မန္တလေး နန်းတွင်း စစ်ခုံရုံးမှာ ရင်ဆိုင်ဖြေရှင်းရသည်အထိ တိုက်ပွဲအရှိန် မြင့်လာသည်။ အုပ်ချုပ်ရေး ပိုင်းက တာဝန်ရှိသူတွေနှင့် ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး အဆင်ပြေပြေနေဖို့၊ အသိပေးသင့်တာတွေ အသိပေးဖို့ ခုံရုံးက သူ့ကို မှာကြားရင်း အမှုက လွှတ်လိုက် သည်။ ဒီလိုနှင့် ခန္တီးမှာ ခြောက်နှစ်ကျော် တောရိပ်တောင်ရိပ် ခိုရာကနေ ပဲခူးတိုင်း ဖြူးမြို့သို့ ပြောင်းရွှေ့ဖို့ အမိန့်စာ ရောက်လာသည်။

"နောက်ရောက်လာမယ့် ဆရာဝန်က ကျွန်တော့် ဆွေမျိုးတွေအပေါ် ဘယ်လို သဘောထားမလဲ။ ဘယ်လို ဆက်ဆံမှာလဲ။ ဘယ်လို ကုသမလဲ။ တွေးနေလိုက်တာ အသက်ရှူဖို့တောင် မေ့နေသလိုပဲ။" (စာ ၅၅၉)

ခန္တီးကို သူ လာတော့ ဒေါသတဟုန်းဟုန်း။ မာနတလူလူ။ ခန္တီးက ပြန်တော့ သူ့မှာ မျက်ရည်စက်လက်။ နာဂနတ် မျက်ရည်ကျတာ ခန္တီးလူထု မြင်ဖူးသွားသည်။

တွေးစရာတွေ။

သူ့ဘဝဇာတ်ကြောင်းက တွေးစရာ အလွန်ကောင်းသည်။ ဘဝဆိုတော့ အလင်းရောင် အမှောင်ရောင် ပါသပေါ့။ သူ့ဘဝ မှန်ကူကွက်တွေထဲ တချို့နေရာ တွေက နီရဲ။ တချို့နေရာတွေက ပြာမှိုင်း။ တချို့နေရာတွေက စိမ်းရောင်စို။ တချို့နေရာတွေက ဆွတ်ဆွတ်ဖြူ။

"မေမေ ဈေးထဲမှာ ဘဝတွေ ရှိတယ်။ အဲဒီဘဝတွေကို မသိရင် ထွန်းကား တဲ့ ဆရာဝန် မဖြစ်နိုင်ဘူးတဲ့။ ဈေးထဲမှာ ကျွမ်းကျင်တဲ့ ခွဲစိတ်သမားတွေ ရှိတယ်။ ကျွန်တော်က ခွဲစိတ်ဆရာဝန် ဖြစ်ချင်တာ အမေ။ ဘဝတွေ သိအောင် ဈေးကို လိုက်ချင်တာ" (စာ ၅၉- ၆၀)

"ခွဲစိတ်ဆရာဝန် ဖြစ်ချင်လိုက်ပုံကတော့ ခွေးကို ဗိုက်ခွဲပြီး ခွေးကလေးတွေ မွေးပေးဖူးတယ်။ နွားတွေရော၊ ဝက်တွေရော ကျွန်တော် စမ်းသပ်ခွဲပြီး မွေးပေးဖူး တယ်။ ဆေးရုံမှာလည်း ရင်ခွဲရုံသွားပြီး လူသေတွေကို ပို့စ်မော်တင် လုပ်တယ်။

မနက်အစောကြီး သွားခွဲရင်ခွဲ၊ မခွဲရင် ညနေစောင်း သွားခွဲတယ်။ ရင်ခွဲရုံစောင့်တဲ့ ဂျိမ်းစ်ကို လက်ဖက်ရည်ဖိုးပေးပြီး ခွဲနေတာလေ။ သိချင်တတ်ချင်တာကိုး။ ကြိုးစားတော့တာပေါ့။ လူဆိုတာ တော်မှ တတ်တာ မဟုတ်ဘူး။ ကြိုးစားရင်လည်း တတ်တာပါပဲ။" (စာ ၆၀-၆၁)

"အနောက်တိုင်းက ဆရာဝန်တွေ သူတို့ တွေ့ရှိချက်တွေကို ရေးသားပြုစုခဲ့တဲ့ ဆေးကျမ်းတွေကို မြန်မာနိုင်ငံမှာ သင်ရိုးလက်စွဲ လုပ်ကြရတယ်။ တစ်ခု စဉ်းစားကြဖို့ ကောင်းတာတော့ အနောက်တိုင်းသားတွေနဲ့ ကျွန်တော်တို့ မြန်မာလူမျိုးတွေနဲ့ ရာသီဥတု၊ နေထိုင်စားသောက်ကြပုံ၊ ဓလေ့စရိုက်၊ အရပ်အမောင်း စတာတွေ ဘာတစ်ခုမှ မတူကြဘူး။ ဒီတော့ ကာလံဒေသံပေါ် မူတည်ပြီး ကိုယ့်အရပ် ကိုယ့်အခြေအနေနဲ့ ကိုယ့်အတွေ့အကြုံနဲ့ ပေါင်းစပ်ပြီး သင်ကြားတဲ့ သင်ရိုးဆိုရင် ပိုကောင်းမယ်။ ကိုယ့်လူမျိုးက ရေးထားတဲ့ ဆေးကျမ်းမျိုး ဖြစ်သင့်တယ်။" (စာ ၆၄)

"ကျွန်တော် ညနေစောင်းရင် ကထိကတွေဆီ သွားတယ်။ မနက်ဖြန် ကျောင်းမှာ ဘာအကြောင်းအရာ၊ ဘယ်အခန်းသင်မှာလဲ ဆရာ။ ဆရာ သင်ပေးမယ့် သင်ခန်းစာလေး ကျွန်တော့် ပေးထားပါ။ အတိုချုပ်လေးဖြစ်ဖြစ်၊ အကြမ်းဖျင်းလေး ဖြစ်ဖြစ် ပေးပါ ဆရာ။ ကြိုတင်ပြီး သွားမေးတယ်။ အဲဒီက ရလာတာနဲ့ ပင်ရင်းပြဋ္ဌာန်း စာအုပ်ကြီးထဲမှာ ပါတာတွေကို အပင်ပန်းခံပြီး လက်နှိပ်စက်နဲ့ ရိုက်တယ်။ ပြီးတော့ စာကူးစက်နဲ့ လှည့်ပြီး အတန်းတူ ကျောင်းသားတွေကို ဝေတယ်။ ဝေထားတဲ့အထဲမှာ မပါလို့ အသစ်ဖြည့်ချင်စွက်ချင်ရင် ဖြည့်စွက်လို့ ရအောင် နံဘေးမှာလည်း နေရာချန်တယ်။ ကွက်လပ်စက္ကူလွတ်မှာလည်း ရေးလို့ ရအောင် စီစဉ်ထားတယ်။ တစ်ညလုံး အပင်ပန်းခံပြီး လုပ်ထားရတာ။ ကျွန်တော် လည်း စာတွေ ဖတ်ပြီး၊ မှတ်ပြီးသား ဖြစ်ကရော။ မနက်စောစော ထပြီး ကျောင်းချိန်မီအောင် သွား၊ ဒီစာရွက်တွေ ဝေရတာ အိပ်ရေးတောင် မဝတာ များတယ်။" (စာ ၇၁)

"တယ်တယ် သူများခွံ့ကျွေးတိုင်း စားတာ မကောင်းပါဘူး။ တစ်ခါ စားမိလို့ စားတတ်သွားရင် နောက်ထပ် အခွံ့ခံချင်နေဦးမှာ" (စာ ၇၆)

"Try not to know the law.

Try how and where to find it."

"ဥပဒေကို သိဖို့ မကြိုးစားပါနဲ့

ဥပဒေကို ဘယ်လိုနဲ့ ဘယ်နေရာမှာ ရှာတွေ့မလဲ ဆိုတာကို ကြိုးစားပါတဲ့။" (စာ ၈၃)

ဒီနေရာမှာ law ကို ဥပဒေဟု ပြန်ဆိုထားတာ အဆီအငေါ် တည့်သည် မထင်မိ။ တရား သို့မဟုတ် ဓမ္မ သို့မဟုတ် စည်းမျဉ်းသဘောတရားဟု ပြန်သင့်သည် ထင်သည်။

"စိတ်၏ သောက၊ ကိုယ်ရဲ့ ဝေဒနာတွေ မလျော့လျော့ဘဲ ခံစားလိုက်ရတဲ့ လူတွေအတွက် နားနေ သက်သာရာကို Hospital လို့ ခေါ်တာ"။ (စာ ၁၅၂)

"ကျွန်တော် ကြာသပတေး ဒါမှမဟုတ် သောကြာနေ့ဆိုရင် ပြင်ပမှာ ကိုယ်ပိုင်ဆေးခန်း ဖွင့်ထားကြတဲ့ ဆရာဝန်ကြီးတွေကို မြိတ်ဆေးရုံကို ပင့်တယ်။ ပင့်ပြီး လူနာတွေအကြောင်း ဆေးပညာရပ်ဆိုင်ရာ တိုင်ပင်နှီးနှောမှုတွေ လုပ်တယ်။ ကုသဖို့ ခက်ခဲတဲ့ လူနာတွေ၊ ပျောက်ကင်းဖို့ ရက်ရှည်နေတဲ့ လူနာတွေကို ဆေးရုံက ဆရာဝန်တွေနဲ့ ပြင်ပက ဆရာဝန်ကြီးတွေ နှီးနှောပြီး အဖြေရှာကြတာပါ။" (စာ ၁၈၄)

"မန္တလေးဆိုတာ မြိတ်နဲ့ မအကွာရာ ကြာသပတေးနံချင်း တူပေမယ့် ကျန်တာ ဘာမှ မတူဘူး။ တခြားစီပဲ။ လူတွေလည်း စရိုက်တွေ၊ ပြောဆိုပုံတွေ မတူကြဘူး။ မြိတ်သူမြိတ်သားက အသံ မြိတ်သံ ဝဲတယ်။ ပွင့်လင်းတယ်။ မြို့ကြီးမို့ မန္တလေးမှာ ပညာသည်ကြီးတွေ ရှိတယ်။ သိပ်သတိထားရတယ်။" (စာ ၂၀၂)

"ဒီခန္တီးမှာ ပိန်းပိတ်အောင် မမှောင်ဘူး။ ကျန်းမာရေး အလင်းတစ်စ ထွန်းညှိနိုင်ပြီဆိုတာ တော်လှန်ရေးအစိုးရ သိစေချင်တယ်။ ခင်ဗျားတို့အတွက်ဗျ။

မြေပြန့်ကနေလာခဲ့တဲ့ ဆရာဝန်။ ဆရာဝန်ဖြစ်ပြီး ဘာမှ မကုရ မခွဲရရင် ဆရာဝန်ဘဝ ဘာလုပ်ဖို့လဲ။" (စာ ၂၅၅)

"ဆရာဝန်ဆိုတာ လူနာအပေါ်မှာ မေတ္တာစေတနာ ထားရတယ်။ ပိုက်ဆံချည်း ကြည့်သူလည်း ရှိမှာပေါ့။ လူကို လူလို မြင်ရမယ်။ တချို့လည်း လူကို လူလို မမြင်ကြဘူး။ အတန်းအစား ခွဲခြားမဆက်ဆံရဘူး။ သူက အာဏာပါဝါ ရှိတယ်။ ပျောက်အောင် ကုပေးလိုက်မယ်။ ဂရုစိုက်လိုက်မယ်။ သူကတော့ ကျောမွဲ။ ဆင်းရဲတဲ့သူ။ ဒင်းထိုက်နဲ့ဒင်းကံ။ သတ္တဝါတစ်ခု ကံတစ်ခု ဒီလို စိတ်မျိုး မမွေးရဘူး" (စာ ၂၆၈)

"ကျွန်တော်ကလည်း ကျွန်တော့်ကို နတ်တင်တဲ့သဘောနဲ့ ပေးတဲ့ အသားတွေ သူတို့ကို ပြန်ဝေပေးကျွေးတော့ ကျွန်တော့် စေတနာ မေတ္တာကို သူတို့ နားလည်ကြတယ်။ ဆေးတစ်ခါမှ မထိုးဖူးဘူး။ မစားဖူးဘူး။ ပြီးတော့ သက်သာ ပျောက်ကင်းတယ်။ အနှစ်နှစ်အလလက ခံစားနေရတာတော့ သက်သာ ပျောက်ကင်း

တယ်။ သူများတန်းတူ လူတန်းစေ့အောင် ကုသပေးတယ် ဆိုတော့ ဒါဟာ လူ မဟုတ်ဘူး။ နတ်ဆရာပဲ ဖြစ်ရမှာပေါ့။ ကျွန်တော် ဘာမှ ထူးပြီး အခွင့်ခံစားတာ မဟုတ်ဘူး။ သူတို့လိုနေ၊ သူတို့လိုစား၊ သူတို့လိုသောက်၊ ရတဲ့အသား ခွဲတမ်း မျှတ ကျွေး။ အညီအမျှ တန်းတူ ဆိုတော့ ဒီလိုလူမှ မခင်ရင် မချစ်ရင် မလေးစား ရင် ဘယ်သူ့သွားချစ်ခင် လေးစားမလဲ။ ဒါပေမဲ့ စိတ်ထဲမှာတော့ နတ်လို့ပဲ အောက်မေ့ကြတာပေါ့။" (စာ ၂၉၉)

"တွေ့လား ပခုံးနှစ်ဘက်နဲ့ ရင်ဘတ်ပေါ်က တံဆိပ်တွေ။

ဒါတွေက အလကား ကောက်ရထားတာ မဟုတ်ဘူး။ တိုင်းပြည်အတွက် အသက်ပေးလို့ ရထားတာတွေ။ ထိုက်တန်လို့ နိုင်ငံတော် အစိုးရက ချီးမြှင့် ထားတာ။ စစ်သား စစ်သားစကားပဲ ပြောတတ်တယ်။" (စာ ၃၂၆)

"ကျွန်တော်က နာဂတွေနဲ့ တစ်သားတည်းကျချင်တဲ့လူ ဆိုတော့ သူတို့ ပါးစပ်နဲ့ ကိုက်ဆွဲစားရင် ကျွန်တော်လည်း သူတို့လို ကိုက်ဆွဲစားတယ်လေ။ ပါးတွေ၊ နှာခေါင်းတွေ ပေရေနေအောင်ကို စားပစ်လိုက်တာ။ ပျော်စရာလည်း ကောင်းတယ်"။ (စာ ၃၆၁)

"ကျွန်တော်က ကျွန်တော့်မိတ်ဆွေ နာဂတွေရဲ့ထုံး နှလုံးမူပြီး လျှောက် နေတာ။ သူတို့က ပြေးဟယ်၊ လွှားဟယ် အရှိန်လျှော့ဟယ်၊ တိုးဟယ် မလုပ် ဘူး။ ပုံမှန်ခြေလှမ်းနဲ့ သွားတာ။ ရှေ့ကသွားသူရဲ့ ဖနောင့်နား နင်းလုမတတ် ခြေလှမ်းမှန်မှန်နဲ့ သွားကြတာ"။ (စာ ၃၆၂– ၃၆၃)

"ဘုရားသခင်က ဖန်ဆင်းလိုက်ကတည်းက လူဆိုတာ အရှုံးအနှမ်း မဟုတ်ရင် ဦးနှောက်တွေက အတူတူလောက်ပါပဲ"။ (စာ ၃၈၀)

"ဘဝတွေကို မစာနာရင် သာသနာပြုပုဂ္ဂိုလ်တို့ရဲ့ စိတ်ဓာတ်မျိုး မရနိုင် ဘူး။ ဘဝမြင့်ရင် အများထုနဲ့ ကင်းကွာပြီး ဆေးစွမ်းမထက်ဘဲ နေကြတော့မှာ"။ (စာ ၃၈၈)

"ငါ့ရဲ့ ခြေရာကို နင်းသူဟာ တပည့်ကောင်းပဲ။ ဒါပေမဲ့ ငါ့ထက်ပိုပြီး ကြိုးစားလို့ ငါ့ကို ကျော်သွားရင်တော့ ငါ့ဆရာပဲ"။ (စာ ၃၈၈)

"ကျောက်ဆေးထိုးပြီး ထပြန်လို့ရတာ မဟုတ်ဘူး။ သူတို့ ကျောက်ဆေး ထိုးပြီး ရင်းတဲ့ သုံးလေးရက် သူတို့နဲ့အတူ နေပေးရသေးတာ။ ဒါမှလည်း သူတို့က သဘောကျတာ။ သူတို့ကို ပစ်စလက်ခတ် လုပ်မသွားဘူး။ အနာရင်း တဲ့အခါ အားကိုးစရာ ငါတို့ဆရာ ရှိတယ်ဟေ့လို့ သူတို့စိတ်ထဲ အောက်မေ့ပြီး အားရှိကြတယ် ထင်ပါရဲ့"။ (စာ ၃၉၁)

"သူ့ကို ထရော်လီပေါ် မြန်မြန်တင်ဖို့ ပြောပြီး ခွဲစိတ်ဖို့ ကြိုးစားကြတယ်။

တကယ်တော့ ကာယကံရှင်က သဘောမတူရင် ဒီလို ခွဲလားစိတ်လား မလုပ်ရဘူး။ သူက အသက်မပြည့်သေးလို့ ငယ်သေးရင်လည်း မိဘအုပ်ထိန်းသူ ကြည်ဖြူမှ ခွဲရမှာ"။ (စာ ၄၂၁)

"ကျွန်တော် တောင်ပေါ်တက်တာ ဆေးကုတာအပြင် သူတို့ရဲ့ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုတွေကို သိချင်လို့ တက်နေတာလည်း ပါတယ်။ ဒါမှ ကျွန်တော်သူတို့နဲ့ တစ်သားတည်းကျပြီး ကုသရေးရော၊ ကာကွယ်ရေးရော လုပ်နိုင်မှာလေ။ သူတို့မှာ ချစ်စရာဓလေ့တွေ ရှိတယ်။ အံ့သြစရာ ယဉ်ကျေးမှုတွေလည်း ရှိတယ်။ ပြီးတော့ နားလည်ဖို့ခက်တဲ့ ထုံးတမ်းအစဉ်အလာတွေလည်း ရှိတယ်"။ (စာ ၄၂၉)

"သူတို့ စည်း ရှိတယ်။ သူများနွား သူများကျွဲ မဆွဲဘူး။ ဘယ်တော့မှ မမှားဘူး။ မှားဆွဲရင်လည်း လက်မခံဘူး။ တပ်မတော်က လူတွေနဲ့ ခဏခဏ ပြဿနာတက်တယ်လေ"။ (စာ ၄၃၀)

"နာဂတိုင်းရင်းသားတွေ သားသမီး မွေးခဲ့ရင် နို့တိုက်တယ်။ ရေမတိုက်ဘူး။ နို့မတိုက်အားရင် ခေါင်ရည်တိုက်တယ်။ ရေက ရှားတယ်။ ရှိတဲ့ရေကို ခေါင်ရည်ဖောက်ရာမှာ သုံးတာ။ ကလေးငယ် ပိစိကွေးကတည်းက ခေါင်သောက်ခဲ့ကြတာ။ သူတို့ခေါင်က အာဟာရ ဖြစ်တယ်လေ။

ကျွန်တော်တော့ ရောက်ခိုက် ငြင်းမနေဘူး။ အခါးလည်း သူ့သတ္တိနဲ့သူ။ သူ့အရသာနဲ့သူ။ နာဂကို ရောက်တော့ နာဂလို ကျင့်ရတာပဲ"။ (စာ ၄၃၂)

"တိုင်းပြည်နဲ့ လူမျိုးအပေါ် ရက်ရက်စက်စက် ပက်ပက်စက်စက် လုပ်ထားကြသူတွေကို တစ်ခါတလေ ပက်ပက်စက်စက်ပဲ လက်စားချေပစ်ချင်စိတ် ပေါ်မိတယ်"။ (စာ ၄၃၄)

"ကျွန်တော် စိတ်ဓာတ်မကောင်းဘူး။ အဲဒီပုဂ္ဂိုလ်ကို ဝက်တွေ ဘယ်လို မွေးရတယ် ဆိုတာ မပြောဘူး။ ဘာလို့ မပြောတာလဲလို့ မေးစရာ ရှိတယ်။ ဘာလို့ ဝက်မွေးနည်း မပြောတာလဲ ဆိုတော့ အင်း... မပြောချင်လို့ကို မပြောတာ"။ (စာ ၄၄၄)

"အဲဒီတုန်းကတော့ ဆရာကြီးကွယ်ရာမှာ ခေါ်ဆူရင် ကောင်းမှာ၊ အများရှေ့မှာ ဆူတာ မကောင်းပါဘူးလို့ ထင်မိတာ။ နောက်တော့ လူကြီးတစ်ယောက်ဟာ သူ မကြိုက်တာ နောက်ထပ် သူများတွေ မလုပ်မိအောင် တစ်ယောက်ချင်း ခေါ်ဆူမယ့်အစား အများရှေ့မှာ အခုလို ဆူတာ လုပ်ရမယ့် အလုပ်လို့ သဘောပေါက်တယ်"။ (စာ ၄၆၇– ၄၆၈)

"ခရစ်ယာန် ဘာသာဝင် ကျန်းမာရေးဝန်ထမ်း နာဂတောင်တန်းမှာ လုံးဝ

မရှိရ အမိန့် ထွက်လာတယ်”။ (စာ ၄၈၄)

“သာသနာပြုတွေက ကြင်နာစိတ်၊ ကရုဏာစိတ်ကို ရင်မှာပိုက်ပြီး စိတ်ရှည် လက်ရှည် ချဉ်းကပ်ကြတာ။ နေကောင်းတယ်နော်၊ မင်္ဂလာပါ၊ ဂွတ်မောနင်း ပြောတာ ဆိုတာကအစ မျက်နှာချိုချို ပြုံးပြုံးရွှင်ရွှင် ပြောဆိုဆက်ဆံကြတာ။ ကလေးတွေ တွေ့ရင် သကြားလုံးတွေ ပေးတယ်။ လူကြီးသူမတွေကို တွယ်ချိတ်လေးတွေ၊ အပ်နဲ့အပ်ချည်လုံး လက်ဆောင်ပေးတာ။ အချိန်ရရင် သူတို့ တောင်ယာလိုက်ပြီး အလုပ်လုပ်ကြသေးတယ်”။ (စာ ၄၈၅)

“မုန့်ပဲသွားရည်စာ ပေးတယ်။ သီချင်းဆိုကြတယ်။ မီးပုံပွဲ ကျင်းပပြီး စုပေါင်းကကြတယ်။ အတူတူ စားတယ်။ ဟင်းနည်းရင် အနစ်နာခံပြီး လျှော့စားတယ်။ အဲဒီအခါ သူတို့နဲ့ ထိတွေ့ကြရသူတွေက ကြည်နူးစိတ် ပေါ်လာတယ်။ ငါတို့ အားကိုးရမယ့် လူတစ်ယောက်တော့ ရောက်လာပြီလို့ ထင်လာတယ်”။ (စာ ၄၈၆)

“ဗိုလ်မှူးကြီး လုဟန်က ကျွန်တော် တောင်ပေါ်မှာ ခွဲစိတ်နေတယ် ကြားလို့ ခွဲစိတ်တဲ့အရပ်ကို လာပြီး လေထီးနဲ့ ဆေးပစ္စည်းတွေ ချပေးဖူးတယ်။ မြန်မာဆေးလောကသမိုင်းမှာ ဒီအဖြစ်အပျက်မျိုး များများစားစား မရှိနိုင်ဘူး။” (စာ ၄၈၈)

“ဒီဒေသဟာ ကျွန်တော် ရောက်ပြီးမှ တစ်စတစ်စနဲ့ တဖြည်းဖြည်းချင်း ဖွံ့ဖြိုးစပြုလာတယ်လို့ ကျွန်တော်က ပြောရင် ကိုယ်ရည်သွေးရာ ရောက်တယ်လို့ မလိုသူတွေက ပြောကြ၊ ဝေဖန်ကြ၊ နှာခေါင်းရှုံ့ကြမှာပဲ”။ (စာ ၅၀၄–၅၀၅)

## ဝတ္ထုဟန် အတ္ထုပတ္တိ၏ တာဝန်

ဆရာညီပုလေး၏ စာအုပ်က အတ္ထုပ္ပတ္တိ မဟုတ်။ ဝတ္ထုဟန် အတ္ထုပ္ပတ္တိ။ အတ္ထုပ္ပတ္တိ မဟုတ်လေတော့ စာရေးဆရာအဖို့ အတ္ထုပ္ပတ္တိလောက် တာဝန်မကြီးဟု ပြောလိုက ပြောနိုင်သည်။ အတ္ထုပ္ပတ္တိ ရေးရသလို အချက်အလက် မှန်ဖို့ အသေးစိတ် လိုက်စရာ မလိုတော့။ အတ္ထုပ္ပတ္တိ ဆရာကတော့ သုတေသီ တစ်ပိုင်းပါပဲ။ အချက်အလက် မှန်ကန်ဖို့၊ တိကျဖို့။ အဆိုအမိန့်တွေ ကွဲလွဲနေရင် ဘယ်အဆိုအမိန့်က မှန်သလဲ၊ ဘယ်လောက် မှန်သလဲ အထောက်အထားတွေ ရှာဖို့၊ ဖွေဖို့၊ စိစစ်ဖို့။ အတ္ထုပ္ပတ္တိရှင် ပြောသမျှ ပုံလို့ မယုံလိုက်ဘဲ သူနှင့် ခေတ်ပြိုင်တွေ ပြောတာ၊ ဝေဖန်တာ၊ သုံးသပ်တာတွေ နားထောင်ဖို့၊ မှတ်သားဖို့၊ ဆွေးနွေးဖို့၊ ညှိနှိုင်းဖို့။ အထောက်အထားတွေ စုံနိုင်သရွေ့ စုံအောင် စုဖို့။ တစ်ကြိမ် ပုံနှိပ်ထုတ်ဝေလိုက်ခါမျှနှင့် သူ့လုပ်ငန်းက ပြီးစီးအဆုံးသတ်သွားတာ မဟုတ်သေး။

နောင် ဒီ့ထက် ခိုင်လုံသော အထောက်အထားတွေရခဲ့လျှင် သူ့စာအုပ်ကို ထပ်ဖြည့်ရဦးမည်။ လိုအပ်ရင် ရလာသည့် အထောက်အထားတွေပေါ် မူတည်ပြီး ကောက်ချက်အသစ်တွေ ဆွဲရဦးမည်။

ဝတ္ထုပြာန် အတ္ထုပတ္တိကတော့ ရလာသည့် အချက်အလက်တွေကို စာရေးဆရာ၏ စိတ်ကူးနှင့် အတတ်ပညာနှင့် ပေါင်းစပ်စရနယ်ပြီး ခြယ်မှုန်းဖို့က အဓိက ဖြစ်ပါလိမ့်မည်။ အချက်အလက် ဘယ်လောက် ရာခိုင်နှုန်းလဲ၊ စိတ်ကူးက ဘယ်လောက် ရာခိုင်နှုန်းလဲ ဆိုတာကတော့ စာရေးဆရာ၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်ဖြစ်သွားပြီ။ ဆရာညီပုလေး၏ ဝတ္ထုထဲက အချို့သော အဖြစ်အပျက်တွေ၊ ကောက်ချက်တွေက အငြင်းပွားစရာ။ သို့သော်လည်း ဝတ္ထုအမည်ခံထားသမို့ ဒီလို အချက်အလက် တိကျတာ၊ မတိကျတာ၊ မှန်တာ၊ မှားတာတွေကို စာဖတ်သူက ဘယ်လို သဘောထားရမလဲ။ ပြန်လှန်ဆွေးနွေးခွင့်၊ ငြင်းခုံခွင့်၊ ပြင်ဆင်ခွင့် ရှိပါသလား။ ဒီပြဿနာကို ကျွန်တော် မရှင်းတတ်။ ဒီနေရာမှာ စဉ်းစားစရာတစ်ခု ကျွန်တော် တင်ပြချင်ပါသည်။ အငြင်းပွားစရာ ဖြစ်ရပ်တွေကို ရေးသည့်အခါ တစ်ဖက် ကာယကံရှင်၏ နာမည်တွေ၊ နေရပ်တွေ၊ ရာထူးတွေကို ဖျောက်ထားရင် ကောင်းလေမလား။ ကာယကံရှင် မရှိတော့သည့်တိုင် သူ့ အဆွယ်အပွားတွေ၊ အမျိုးအဆွေတွေ ကျန်ရစ်ခဲ့လေတော့ သူတို့တစ်တွေ ဖတ်ရတဲ့အခါ နှလုံးစိတ်ဝမ်း မချမ်းမမြေ့ ဖြစ်သွားလေမလား။ အကယ်၍ နာမည်နေရပ် ရာထူးတွေ ထည့်ချင်သပဆိုလျှင်လည်း ပြဿနာ၏ "တရားခံ" ဟု ယူဆခံထားရသူဘက်က အမြင်သဘောထား ဖြေရှင်းချက်တွေကို စာရေးဆရာက တရားသူကြီးသဖွယ် နားထောင်ပြီး မျှမျှတတ ထည့်သွင်းရေးသားဖို့ လိုမလား။ အားလုံး ဝိုင်းစဉ်းစားကြဖို့ပါပဲ။

ကျွန်တော့် နောက်ဆုံး မှတ်ချက်ကတော့ ဆရာညီပုလေး လက်ရာ၊ ဆရာ ဒေါက်တာ ဦးသိန်းလှိုင် ဘဝ ပြည့်ပြည့်ဝဝ ဖတ်ရှုခွင့်ရတာ ကျွန်တော် ကျေနပ်ဝမ်းမြောက်မိပါသည်။ ဝတ္ထုရှည်ဖတ်ဖို့ စိတ်အားလူအား အတော်လျော့ပါးသွားပြီဟု မိမိကိုယ်မိမိ သုံးသပ်ထားချက်ကို ညီပုလေးက ချေဖျက်လိုက်ပါသည်။ ကာယကံရှင်ကပဲ အပြောကောင်းလွန်းလို့ပေလား၊ စာရေးဆရာကပဲ အရေးကောင်းလွန်းလို့ပေလား မသိ။ တချို့နေရာတွေမှာ ပျားရည်က ချိုလွန်းပြီး တချို့နေရာတွေမှာ ဓားက ထက်လွန်းသည်ဟုတော့ ထင်မြင်မိပါကြောင်း။

**ဒေါက်တာအောင်ကြီး**

၂၈-၂-၁၆

# ဒေါက်တာမင်းကျော်သက်၏ အမှာစာ

**ဆရာညီပုလေးရဲ့ ‘ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြပျားရည်စက်’ ကို ခံစားကြည့်ခြင်း**

ဒီစာအုပ်က ဆရာညီပုလေးရဲ့ ဝတ္ထုဟန်အတ္ထုပ္ပတ္တိဒုတိယမြောက်အုပ်ပါ။ ပထမအုပ် “မြေးသူကြီး”ကိုတော့ စာဖတ်သူအတော်များများက အသိအမှတ်ပြုပြီးပါပြီ။ ကျွန်တော်ကတော့ “မြေးသူကြီး”ကတစ်ဆင့် ဆရာညီပုလေး မှတ်တိုင်တစ်ခု စိုက်ထူသွားနိုင်ခဲ့တယ်လို့ မှတ်ယူချင်ပါတယ်။

“ထက်မြက်တဲ့ဓားသွား”ကတော့ အောင်လံထူသွားပြီလို့တောင် ပြောရမှာပါ။ စာအုပ်ဝေဖန်ရေးဆိုတဲ့စကားကို ကျွန်တော် မသုံးချင်ပါဘူး။ ကမ္ဘာကျော်စာရေးဆရာကြီး ဆမ္မားဆက်မွန်ပြောဖူးတာကို သတိရလို့ပါ။ ဆရာကြီးက သူဝတ္ထုဖတ်တဲ့အခါ ဝေဖန်ရေးသဘောအမြင်နဲ့ မဖတ်ဘူးတဲ့။ လူတွေဝတ္ထုဖတ်ကြတာက ပျော်ရွှင်သာယာမှု (Pleasure) လိုချင်လို့ ဖတ်တာဖြစ်တယ်။ ဝတ္ထုတွေဆီက ညွှန်ကြားချက်တွေ၊ နီတိတွေ၊ သင်ခန်းစာတွေကို ရှာချင်လို့ မဟုတ်ဘူးလို့ ဆိုပါတယ်။

ဒါပေမဲ့လည်း ဆရာညီပုလေးရဲ့စာအုပ်ကိုတော့ နည်းနည်းခွဲခြမ်းစိတ်ဖြာကြည့်ပါရစေ။ ဒါမှသာ စာအုပ်အကြောင်း ချရေးပြလို့ဖြစ်မှာပါ။ ဦးဆုံးပြောရရင် စာအုပ်နာမည်ပေးပုံကိုက ခပ်ဆန်းဆန်းဖြစ်နေတယ်။ လျှို့ဝှက်မှုတစ်စုံတစ်ရာ ပါနေသယောင် ခံစားရတယ်။

ဓားတွေအမျိုးမျိုးရှိတာကို ကျွန်တော်တို့ သိကြတယ်။ အမျိုးအစား

အလိုက် အသုံးဝင်အသုံးကျမှုကလည်း ကွဲသွားတယ်။ ကျောက်ခေတ်လူတွေ အဦးဆုံးစထွင်တဲ့ ကိရိယာတန်ဆာပလာက "ဓား"ပါပဲ။ ကျောက်ခေတ်ဆိုတော့ ကျောက်ဓားပေါ့။

လူသားတွေ စတီထွင်တဲ့ဓားဟာ မူလက အသုံးချဖို့ သက်သက်ပဲဖြစ်ပါတယ်။ နောက်တော့ ဓားက သတ်ဖြတ်၊ တိုက်ခိုက်၊ အနိုင်ယူဖို့ဖြစ်လာတယ်။ လူ့ယဉ်ကျေးမှုတိုးတက်လာခြင်းရဲ့ အနုတ်လက္ခဏာဖြစ်ပါလိမ့်မယ်။ ပဒေသရာဇ်ခေတ်မှာ ဓားကိုခေါ်တဲ့"သန်လျက်"က သက်ဦးဆံပိုင်အာဏာတည်ရာ သင်္ကေတဖြစ်သွားတာကို သတိပြုမိကြမှာပါ။

လူတွေကို အကျိုးပြုတဲ့ ဓားရဲ့အသုံးတစ်ခုက ခွဲစိတ်ကုသခြင်းဖြစ်ပါတယ်။ ဆရာညီပုလေးက ထက်မြက်တဲ့ဓားသွားပေါ်မှာ ချိုမြမြပျားရည်စက်ရှိတယ်ဆိုတော့ ဓားကိုင်တဲ့ခွဲစိတ်ကုဆရာဝန်တစ်ယောက်အကြောင်း ပြောတော့မယ်လို့ နိဒါန်းချီလိုက်တာပါပဲ။

ခွဲစိတ်ကုဆရာဝန်ကြီး နာဂသိန်းလှိုင်ရဲ့ သာသနာပြုမစ်ရှင် ဘော်ဒါကျောင်းသားအရွယ်ကစပြီး နာဂဆရာဝန်အဖြစ် အသိအမှတ်ပြုခံရတဲ့ကာလအတွင်းက အချိုးအကွေ့၊ အလှည့်အပြောင်း၊ အနိမ့်အမြင့်၊ အဆင်းအတက်ဘဝတွေရဲ့အကြောင်း စာပန်းချီခြယ်သချက်တို့ကို ဖတ်ရပါလိမ့်မယ်။

ဒီဘဝဖြစ်စဉ်တွေကို ဖတ်ကြည့်လိုက်ရင် လူတစ်ဦးရဲ့ဘဝကို သူ့မိသားစုရဲ့ပတ်ဝန်းကျင် သူနေထိုင်ကြီးပြင်းရာ ခေတ်ကာလနဲ့ ယဉ်ကျေးမှုအခြေအနေတွေက လွှမ်းမိုးတယ်ဆိုတဲ့ သာဓကတွေကို တွေ့မြင်ရမှာပါ။

ဒီစာအုပ်ထဲက အသက်ဝင်ဆုံးနဲ့ စိတ်ထိခိုက်အခံစားရဆုံးအပိုင်းတွေက အုပ်ချုပ်ရေးနဲ့ ဌာနဆိုင်ရာထိပ်ပိုင်းရောက်နေတဲ့ ပုဂ္ဂိုလ်တွေ (ဒီပုဂ္ဂိုလ်တွေ တချို့က ပညာအရ၊ ဝါအရ နေရာရထားတဲ့သူတွေ၊ ဒီနေရာမှာ ဝါကြီးပညာကြီးတဲ့သူတွေဆီက တရားမျှတစွာ အုပ်ချုပ်မှုကို အမြဲတမ်းမမျှော်လင့်နိုင်တဲ့အကြောင်း ကျွန်တော်တို့အားလုံး သိပြီးပါ)၊ တချို့ကတော့ ခေတ်ပြောင်းလို့ဖြစ်လာတဲ့ မိုးကျရွှေကိုယ်တွေ (စိုင်ကော်လို့ ချုံပေါ်ရောက်တယ်လို့ ပြောနိုင်ပါမယ်) ဒီလိုလူတွေရဲ့ သေးသိမ်ညံ့ဖျင်းမှု၊ မောက်မာဖိနှိပ်မှု၊ မနာလိုငြူစူမှုမောဟတွေကို တုံ့ပြန်သွားတဲ့ ဆရာဝန်ကြီး ဒေါက်တာသိန်းလှိုင် (အဲ့ဒီအချိန်က လူငယ်ဆရာဝန်ပါ)ရဲ့ အပြုအမူလုပ်ဆောင်ချက်တွေပဲ ဖြစ်ပါတယ်။

ဆရာကြီးရွှေဥဒေါင်းကတော့ မတရားမှုကို တုံ့ပြန်ချင်တဲ့ စိတ်တွေပေါ်လာတာကို "ဆူး"တွေပေါက်လာတယ်လို့ ခိုင်းနှိုင်းသွားတာ ဖတ်ဖူးပါတယ်။

ဆရာဝန်ကြီးနာဂသိန်းလှိုင်က စိတ်ဓာတ်မကျဆင်းဘဲ ဇွဲသတ္တိအပြည့်နဲ့

အာဏာရှိသူတွေကို ဥပေက္ခာပြုပြီး အကူအညီလိုအပ်နေတဲ့လူအများအပေါ် ကရုဏာစိတ်၊ စာနာစိတ်၊ နားလည်စိတ်တွေနဲ့ သူ့လုပ်ငန်းတွေကို အကောင်အထည်ဖော်သွားခဲ့ပါတယ်။

အဲဒီအချိန်က နာဂတောင်တန်းဟာ တစ်နေရာမှတစ်နေရာ ကူးသန်းသွားလာရတာအင်မတန်မှ ခက်ခဲတယ်။ ရာသီဥတုဒဏ်ခံနိုင်တဲ့ အဝတ်အထည်၊ ကြာရှည်ခံရိက္ခာ၊ တောစီးဖိနပ်ကအစ အဆင့်မီ တူတူတန်တန် ဘာမျှမရှိဘဲ ရက်ရှည်လပေါက် တစ်ရွာဝင်တစ်ရွာထွက် ဆေးကုသနိုင်တဲ့ ဖွဲသတ္တိဟာ တော်ရုံစေတနာမေတ္တာနဲ့တော့ မဖြစ်နိုင်လောက်ပါဘူး။

ခွဲစိတ်ကုသလို့ လူနာအသက်ဆုံးရှုံးခဲ့မယ်ဆိုရင် သူ့ခေါင်းကို ဒဏ်ယူပါလို့ "ခေါင်းအပေါင်" ထားရတာတောင် ရှိခဲ့တယ်တဲ့။ ဒီလောက်အထိ အန္တရာယ်နဲ့ကုသရေးကို လုပ်ခဲ့ရတာ ဖြစ်ပါတယ်။

ဆရာဦးသိန်းလှိုင်အကြောင်းကို နာဂနတ်ဆရာဝန်ဘွဲ့တပ်ပြီး ပထမဦးဆုံးမှတ်တမ်းတင်သွားတဲ့ ပုဂ္ဂိုလ်က ဆရာညီပုလေးရဲ့ဖခင် ဦးလေးလှ(လူထုဦးလှ) ပါ။ ဦးလေးလှရဲ့ "နာဂတောင်တန်းတစေ့တစောင်း"စာအုပ် (ဦးလေးလှကိုယ်တိုင်ရေးအမှာစာ, ရက်စွဲ ၂၃-၇-၁၉၆၇)ကြောင့် ဖတ်ရှုမိကြတဲ့လူတော်တော်များများက ဆရာဒေါက်တာသိန်းလှိုင်ကို သိလာကြတယ်။

ဦးလေးလှရဲ့စာအုပ်ထဲမှာပါတဲ့ နာဂဆရာဝန်အကြောင်းက စာမြည်းသဘောလောက်ပဲဖြစ်နေတာမို့ ဆရာဝန်ကြီးရဲ့ဘဝဇာတ်ကြောင်း အပြည့်အစုံရေးမယ့် လူစွမ်းကောင်းစာရေးဆရာကို မျှော်နေခဲ့တာ ကြာပါပြီ။

ဦးလေးလှက "ကျွန်တော်စာအုပ်တွဲများ"နဲ့အတူ ထင်ရှားခဲ့တဲ့ စာရေးဆရာ၊ သတင်းစာဆရာကြီးပါ။ "ကျွန်တော်အတ္ထုပ္ပတ္တိ"များဟာ သတင်းရေးသားပုံမျိုးဖြစ်ပြီး ဖတ်ရှုရတာ ပေါ့ပေါ့ပါးပါးနဲ့ ဗဟုသုတလည်း ရပါတယ်။ ဒါကြောင့် ကျွန်တော်က ဆရာညီပုလေးကို ဦးလေးလှရဲ့ ကျွန်တော်စာအုပ်တွဲတွေလိုမျိုး ဆက်ရေးဖို့ တိုက်တွန်းခဲ့ဖူးပါတယ်။

အခု ဆရာညီပုလေးရေးထုတ်လိုက်တဲ့ ဝတ္ထုပုံစံအတ္ထုပ္ပတ္တိနှစ်အုပ်ဟာ ဖခင်လူထုဦးလှရဲ့ ကျွန်တော်စီးရီးများအဆက်ပဲလို့ ပြောရင်လည်း မမှားနိုင်ပါ။ ဆရာညီပုလေးရဲ့စာတွေက ရသပိုင်းမှာ "အား"ပိုတယ်လို့တောင် ထင်မိပါတယ်။

ထက်မြက်တဲ့ဓားသွားဝတ္ထုကို ဖန်တီးဖို့ ဆရာညီပုလေးမှာ အခက်အခဲတွေ အများကြီးရှိခဲ့တယ်ဆိုတာကို သိပါတယ်။ စိတ်ကူးဝတ္ထုသက်သက်မဟုတ်တဲ့အတွက် သက်ရှိဇာတ်ကောင်တစ်ဦးရဲ့ဘဝကို စာရေးဆရာလိုသလို သရုပ်ဖော်ဖို့မဖြစ်နိုင်တာ ထင်ရှားပါတယ်။ ဒါ့ကြောင့်လည်း လက်ဖက်ကောင်းစား

လိုရင် ပလောင်တောင်တက်နေးရမယ်ဆိုတဲ့ စကားပါ "ပလောင်"က အတော့်ကို တောင်တက်နေးခဲ့တာပါ။

အမေမာ(လူထုဒေါ်အမာ) သက်ရှိထင်ရှားရှိစဉ်က စတင်ကြိုးပမ်းခဲ့တာ ဒီဇင်ဘာ ၂၀၁၅ ကျမှ ဓာတ်သိမ်းပိုင်း ထုတ်နိုင်တာဖြစ်ပါတယ်။ ဧပြီ ၇၊ ၂၀၀၈ မှာ အမေမာကွယ်လွန်ခဲ့တာဖြစ်လို့ ယနေ့အချိန်မှာ အမေမာ ကွယ်လွန်တာကပဲ (၇) နှစ်ပြည့်ခါနီးနေပါပြီ။ ဦးလေးလှနဲ့ အမေမာသာ ရှိနေဦးမယ်ဆိုရင် ဘယ်လောက်များ ဝမ်းသာကြမည်လဲလို့ တွေးနေမိပါတယ်။

ကျောင်းသားအရွယ်ကစပြီး ကနေ့အထိ ကြည်ညိုလေးစားအားကျနေတဲ့ ကမ္ဘာကျော်ဆရာဝန်ကြီး (၃) ဦးရှိပါတယ်။ ပထမပုဂ္ဂိုလ်က မြန်မာနိုင်ငံမြောက်ပိုင်း ရှမ်းပြည်နယ်၊ နမ်းခမ်းမြို့မှာ ဆေးရုံကြီးတည်ထောင် အလုပ်လုပ်သွားပြီး နမ်းခမ်းမြို့မှာပဲ ခေါင်းချသွားတဲ့ အမေရိကန်သာသနာပြုဆရာဝန်ကြီး ဂေါ်ဒွန်ဆီးကရေ့ (Gordon S.Seagrave)ဖြစ်ပါတယ်။ သူကွယ်လွန်တဲ့နှစ်ကို အတိအကျမသိပါ။ သူ့ကို လေးစားတဲ့အနေနဲ့ သူကွယ်လွန်ပြီးမှ ဆေးရုံကို ပြည်သူပိုင်သိမ်းခဲ့တာဖြစ်လို့ ၁၉၆၅ ခုနှစ်နောက်ပိုင်းမှ ကွယ်လွန်တာဖြစ်နိုင်ပါတယ်။ ကျွန်တော် အမှတ်မှားရင် ခွင့်လွှတ်ပါ။

ဒုတိယတစ်ဦးကတော့ အမေရိကန်ရေတပ်ဆရာဝန်ဟောင်း (Thomas A.Dooley) ဒေါက်တာတွမ်ဒူးလေးပါ။ ဗီယက်နမ်နဲ့ လောနိုင်ငံမြောက်ပိုင်းမှာ ဆေးရုံငယ်များတည်ထောင်ပြီး ဆေးကုသပေးသွားခဲ့သူဖြစ်ပါတယ်။ (18 JAN.1961) အသက် (၃၄) နှစ်အရွယ်မှာ ကင်ဆာရောဂါနဲ့ အမေရိကန်မှာ ကွယ်လွန်ပါတယ်။ တွမ်ဒူးလေးဖောင်ဒေးရှင်းများအမည်နဲ့ သူ့အလုပ်ကို ဆက်လုပ်နေသူများ ရှိတယ်လို့ သိရပါတယ်။

တတိယပုဂ္ဂိုလ်ကတော့ တရုတ်ပြည်တော်လှန်ရေးကာလမှာ ပိုင်ချူအင်အမည်နဲ့ ကျော်ကြားခဲ့တဲ့ ကနေဒါနိုင်ငံသား ရင်ခေါင်းခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာ နော်မန်ဗက်သွန်း ဖြစ်ပါတယ်။ ဒဏ်ရာရစစ်သားတစ်ယောက်ကို ခွဲစိတ်ရင်း ခွဲစိတ်ဓားရှရာကတစ်ဆင့် အနာပိုးဝင် သွေးဆိပ်တက်ရောဂါနဲ့ စစ်အတွင်း အသက် (၄၉) နှစ်အရွယ်မှာ ကွယ်လွန်ပါတယ်။

သူ့အကြောင်းကို ဥက္ကဋ္ဌမော်က အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ မော်စီတုံးလက်ရွေးစင်အတွဲ (၂) မှာ (IN Memory of Norman Bethune) ခေါင်းစဉ်တပ်ပြီး (20 Dec 1939) နေ့စွဲနဲ့ ချီးကျူးဂုဏ်ပြုရေးသားခဲ့ပါတယ်။ အရှေ့ရှန်စီနယ် တောင်ကြားတစ်ခုမှာ ဒေါက်တာဗက်သွန်းကိုယ်တစ်ပိုင်းရုပ်တုနဲ့ အမှတ်တရ အထိမ်းအမှတ် ကျောက်ဂူကို ယနေ့တရုတ်ပြည်မကြီးမှာ တွေ့နိုင်ပါတယ်။

ဒီပုဂ္ဂိုလ်တွေအကြောင်းက အင်္ဂလိပ်ဘာသာနဲ့ရေးပြီး အတ္ထုပ္ပတ္တိတွေရှိတယ်။ ဒေါက်တာဆီးဂရေ့ဆိုရင် ကိုယ်တိုင်စာအုပ်တွေရေးသွားတယ်။ သူ့ရဲ့ (BURMA SURGEON) စာအုပ်က လူသိများပါတယ်။ ဒေါက်တာတွမ်ဒူးလေးလည်း ကိုယ်တိုင်ရေးစာအုပ်တွေရှိတယ်။ ဆရာဝန်ကြီး ဒေါက်တာနော်မန်ဗက်သွန်းအကြောင်းကိုတော့ (၁၉၆၅) ခုနှစ်မှာ ဆရာကျော်အောင်က နှလုံးလှဆရာဝန်အမည်နဲ့ ဘာသာပြန်ထုတ်ဝေတာကို ဖတ်ဖူးပါတယ်။ မူရင်းအင်္ဂလိပ်ဘာသာစာအုပ်ကို ကနေ့ထိ မတွေ့ဖူးပါ။ ထူးခြားပြောင်မြောက်စွာဘာသာပြန်သွားတဲ့ ဆရာ(ဦး)ကျော်အောင်ကို ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံက ဆရာဝန်ကြီး ဒေါက်တာနာဂသိန်းလှိုင်အကြောင်းကို ယခုဆရာညီပုလေးက မှတ်တမ်းဝတ္ထုရေးလိုက်ပြီဖြစ်လို့ ကမ္ဘာကသိရအောင် အင်္ဂလိပ်ဘာသာပြန်ဖို့ပဲ လိုပါတော့တယ်။ ဆရာကြီးမိသားစုနဲ့ဆရာညီပုလေးတို့က အင်္ဂလိပ်လို ထုတ်ဝေဖြစ်အောင် စတင်ကြိုးစားနေပြီလို့ သိရတဲ့အတွက် အမြန်ဆုံးပြီးမြောက်စေဖို့ တိုက်တွန်းအပ်ပါတယ်။

"အများအတွက် ကိုယ်ကျိုးစွန့်နိုင်သော မြန်မာဆရာဝန်ကောင်းများ ပေါ်ထွက်လာနိုင်ပါစေ"

မင်းကျော်သက်

2:15 PM

(12-2-2016)

နှင်းသောက်မြိုင်

ပြင်ဦးလွင်မြို့

## ပထမတွဲထုတ်ဝေစဉ်က ဆရာဇော်မောင်၏အမှာစာ

ကိုညီပုလေးက သူ့စာအုပ်ကို အဖုံးရေးဆွဲပေးဖို့ပြောပြီး ဒီဝတ္ထုစာအုပ်ရဲ့ စာမူကို ပေးဖတ်ပါတယ်။ စာအုပ်ကို တစ်ထိုင်တည်း ဖတ်ဖြစ်သွားတယ်။ မနေနိုင်ဘူး။ သူ့ဆီ ဖုန်းလှမ်းဆက်ပြီး "ဘိုညို ... ဝတ္ထုက တော်တော်ထူးခြားတယ်၊ အရေးအသားကလည်း အရင်ဝတ္ထုတွေနဲ့ ကွဲပြီးသွက်နေတယ်"လို့ ပြောလိုက်တော့ သူက ကိုဇော်မောင် ခင်ဗျားပြောတာကို ကျေနပ်တယ်လို့ ပြန်ပြောတယ်။ ဆရာမြသန်းတင့် ဘာသာပြန်တဲ့ လေလွင့်သူဝတ္ထုထဲက ဟိုလ်ဒင်ကောဖီးက သူစာတစ်ပုဒ်ဖတ်ပြီး ကြိုက်ပြီဆို အဲဒီစာရေးဆရာဆီ ချက်ချင်းဖုန်းဆက်ချင်သတဲ့။ အဲဒီလို သူ ဆက်ချင်တဲ့စာရေးဆရာကလည်း တစ်ယောက်နှစ်ယောက်လောက်ပဲ ရှိတာပါတဲ့။ ဒီလို ဆက်လိုက်မိတော့ အဲဒီဇာတ်လိုက် ဟိုလ်ဒင်ကောဖီးကို သတိရမိပြီး ပြုံးမိတယ်။ ဒီစာအုပ်က ရှေးက လူငယ်တစ်ယောက် ရဲ့ ယုံကြည်ရာကို တစိုက်မတ်မတ်လုပ်ဆောင်တတ်တာဟာ အံ့သြချီးကျူးစရာ အားကျစရာကောင်းလှတယ်။ ဝတ္ထုထဲက ဇာတ်ကောင်၊ ဇာတ်ကောင်ရဲ့အဖေ၊ မိသားစု၊ ဇာတ်ကောင်ကျင်လည်ခဲ့ရတဲ့ ဆေးရုံ၊ ပတ်သက်ခဲ့ရတဲ့ လူမှုအသိုက်အဝန်းစတာတွေဟာ အဲဒီခေတ်ကို ထင်ဟပ်နေတာ အမှန်ပဲ။ ကျွန်တော့်အထင် ဒီစာအုပ်မှာ စာရေးဆရာဟာ သူ့ဝတ္ထုထဲက ဇာတ်ကောင်တွေနဲ့ အတော်လမိုင်းကပ်တာပါပဲ။

ဖတ်ကြည့်ပါဦး။

ဇော်မောင်

## တတိယတွဲ ဇာတ်သိမ်းထုတ်ဝေခဲ့စဉ်က စီစဉ်သူ၏ အမှာစာ

**'အနီးရေစက် အဝေးရေစက်တွေနဲ့ စာပေဇာတ်ခုံမှာ ဆုံခဲ့ရတဲ့ ကိုကိုးကျွန်းရဲဘော်များနှင့် Media Ribbon'**

ကျောင်းသားဘဝကတည်းက စာအုပ်ထုတ်ဝေသူ ဖြစ်ချင်သော ရောဂါသည် Treasure Land မဂ္ဂဇင်းတိုက်တွင် အလုပ်ဝင်သော ၂၀၁၃ ခုနှစ်မှာ အထွတ်အထိပ်ရောက်သွားပါတော့သည်။ ပထမဆုံးစီစဉ်ပေးရသည့် စာအုပ်က ကိုကိုးကျွန်းပြန် ဆရာထက်မြက်၏ ကိုကိုးကျွန်းအကျဉ်းသားဘဝ ဖြတ်သန်းမှုများကို ခြယ်မှုန်းထားသည့် "အမှောင်ထုကို ဖြတ်သန်းခြင်း" ထိုစာအုပ်ကိုတော့ Treasure Land စာစဉ်အဖြစ် စီစဉ်ပေးခဲ့ရခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်မှာတော့ အကြောင်းမညီညွတ်စွာဖြင့် ချွတ်ခြုံကျနေသော ထုတ်ဝေရေးလောက၊ စီးဆင်းပုံစနစ်မကျသည့် ဖြန့်ချိရေးလိုင်းများအောက်တွင် Treasure Land မဂ္ဂဇင်းလည်း ရပ်နားသွားပြန်သည်။ ကိုယ့်မှာတော့ စာအုပ်ထုတ်ချင်သည့် စိတ်က ရပ်လို့မရ။ ဆရာထက်မြက်၏ ဂျာနယ်ပေါင်းစုံ၌ ပြန့်ကျဲအောင်ရေးထားသည့် ဆောင်းပါးများကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးကြမည့်လူငယ်များအတွက် ရည်ရွယ်ပြီး "ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတမဖြစ်ချင်သူများနှင့် ဒေါ်အောင်ဆန်းစုကြည်သာလျှင် အဘယ်ကြောင့်" ဆိုသည့် ဆောင်းပါးပေါင်းချုပ် စာအုပ်ကို စီစဉ်ထုတ်ဝေဖြစ်သည်။ ထိုကာလအတွင်း Treasure Land မဂ္ဂဇင်းကို လစဉ်မပြတ် ဖတ်ရှုအားပေးကြသူများက လစဉ် အခန်းဆက်ဖော်ပြခဲ့သည့် ဆရာညီပုလေး၏ "ထက်မြက်တဲ့ ဓား

သွားပေါ်က ချိုမြမြပျားရည်စက်” အခန်းဆက်ဝတ္ထုရှည်ကို ဆတ်တင့်ငှံနှင့် ရပ်တန့်လို့မရဖြစ်နေကြောင်း ဖုန်းဖြင့်တစ်မျိုး၊ လူကိုယ်တိုင်တစ်မည် ဆက်သွယ်လို့ တွန်းအားပေးကြပြန်သည်။ စာအုပ်ထုတ်ချင်သည့်ပိုးတို့ ထလို့မဆုံး၊ ရှလို့မဆုံး။ အနီဆရာ ညီပုလေးဆိုသည်မှာလည်း ကိုကိုးကျွန်းရောက် ရဲဘော်ဖိုးသံချောင်း၏ ညီဖြစ်နေပြန်သည်။ ဆရာညီပုလေးကို ပြောလိုက်တော့ ကိုယ့်လူလုပ်ချင်လုပ်လေတဲ့။

တစ်ခွန်းမှ တကယ့်တစ်ခွန်းတည်း။ စာမူခ ညီအစ်ကိုချင်း ပြောစရာမလိုပါ၊ ကိုယ့်မှာသာ တိုင်ပတ်ပြီ။ ပိုက်ဆံက မရှိ။ လာလေ့ ငါ့အစ်ကိုကြီး။ မြစ်ကြီးနား ပြည်သူ့ဆေးရုံမှာ တာဝန်ကျနေသည့် အစ်ကိုအကြီးဆုံး ဒေါက်တာနေဝင်းကို အပူတိုက်ရသည်။ “ငါ့အစ်ကို မင်းလို ဆရာဝန်ကြီးတစ်ယောက်အကြောင်းဟာ၊ ဒေါက်တာသိန်းလှိုင်အကြောင်းဟာလို့ ပြောလိုက်တာနဲ့ (သူလည်း Treasure Land မဂ္ဂဇင်းမှာ ပါကတည်းက ဖတ်ပြီး ဆတ်တင့်ငှံဖြစ်နေသူ၊ ကိုယ်ဆေးထိုးစရာမလိုဘဲ သူ့ဘာသာ ဆေးမိနေသူဖြစ်သည်) “အေး ငါသိပါတယ်ဟ၊ ငါ ပိုက်ဆံထုတ်ပေးမယ်၊ အမြတ်မပေးရင်နေ အရင်းတော့ ပြန်ပေးတဲ့” (အဲ့လို ယုံတာ)။ ပထမဦးဆုံးမဂ္ဂဇင်းတွင် ဖော်ပြပြီးသမျှ ပထမတွဲအဖြစ် ထုတ်လိုက်သည်။ ထိုကာလအတွင်း ဒုတိယပိုင်း(ဓာတ်သိမ်း) ကို ဆရာညီပုလေး ဆက်ရေးပေါ့။ ဆရာကလည်း ရေးပါသည်။ ဘယ်လောက်တောင်ရေးသလဲဆို ဒုတိယအုပ်နှင့် ဓာတ်မသိမ်းနိုင်အောင်ကို ရေးပါသည်။ ခက်ပြီ။ ပထမပိုင်း နောက်ဆုံးစာမျက်နှာမှာ ဒုတိယပိုင်း ဓာတ်သိမ်း မျှော်ပါဟု ခပ်တည်တည်ရေးထည့်မိလိုက်သောကြောင့် ဖြစ်သည်။ မတတ်နိုင်။ ဘဝက ပေးလာသည့် မျက်နှာပေးလေးအတိုင်း စပ်ဖြဲဖြဲလေးသာ ပြောသမျှ၊ ဆဲသမျှ ရင်နှင့်အမျှ တုံ့ပြန်လိုက်သည်။

ဒီကြားထဲ လူထုတိုက်ကို အဝင်အထွက် ခပ်စိပ်စိပ်လုပ်လိုက်မိတော့ လူထုတိုက်ရဲ့ ဘာသာပြန်အယ်ဒီတာ ဆရာညီစေမင်းက သူ၏ စာမူတစ်ပုဒ် ထုတ်ရန် အသင့်ရှိကြောင်း၊ မင်းလုပ်ချင်ရင် ယူသွားဟု ပြောလာပြန်သည်။ ငါကွ လာစမ်း နောက်တစ်အုပ်။ “ခေတ်နှစ်ခေတ် ထောင်နှစ်ထောင်”ဆိုသည့် ဆရာ၏ ထောင်တွင်းဖြတ်သန်းမှုကို တို့တို့ထိထိ ရေးထားသည့်စာအုပ်။ ထိုဆရာညီစေမင်း ဆိုသည်မှာလည်း ကိုကိုးကျွန်း ဖျက်သိမ်းရေး အစာငတ်ခံ တိုက်ပွဲတွင် အသက်ပေးကျဆုံးသွားရသည့် ရဲဘော်လေးမောင်(မြင်းခြံ)၏ ညီအရင်းဖြစ်နေပြန်သည်။ မရည်ရွယ်ဘဲ၊ မရွေးချယ်ပါဘဲ ကိုကိုးကျွန်းရောက် ရဲဘော်သုံးယောက်နှင့် တိုက်ရိုက်တစ်မျိုး သွယ်ဝိုက်တစ်ဖုံ လုပ်ဖြစ်လိုက်သည့်

Media Ribbon Publishing House ၏ စာအုပ်သုံးအုပ်။ ယခု တတိယပိုင်း (ဇာတ်သိမ်း) စီစဉ် ထုတ်ဝေလိုက်ပါပြီ။

အထက်ဖော်ပြပါ စာအုပ်သုံးအုပ်ကို အရင်းအနှီးပြုပြီး စာအုပ်ထုတ်ဝေသော လောကကိုလည်း တီးခေါက်မိပါပြီ။ ဖြန့်ချိရေးကိုလည်း နားလည်သင့်သလောက် နားလည်သွားပါသည်။ စာအုပ်အရောင်းဆိုင်များအကြောင်းကိုလည်း သဘောပေါက်နားလည်စွာနဲ့ပဲ ပထမတွဲစာအုပ်ဖိုးများ အကြေမရနိုင်သေးခင် တတိယတွဲ (ဇာတ်သိမ်း)ကို ထုတ်ဝေလိုက်ပါသည်။ Media Ribbon Publishing House လို ကိုယ်ကြိုက်သည့် စာအုပ်တွေ့လိုက် ထထုတ်လိုက်သည် ရေရှည်ရပ်တည်လို့ မဖြစ်နိုင်ပါ။ တစ်လ သုံးအုပ် လေးအုပ် အနည်းဆုံး ထုတ်ဝေနိုင်မှသာ ငွေလည်ပတ်နိုင်မည် ဖြစ်ပါသည်။ ထိုသို့ မထုတ်နိုင်ဘဲ ရေရှည် ရပ်တည်ချင်သည်ဆိုလျှင်တော့ တစ်နည်းပဲရှိပါသည်။ ဘယ်လောက်ကြိုက်ကြိုက် တစ်အုပ်မှမထုတ်ဘဲ Media Ribbon Publishing House အမည်နှင့် လိပ်စာကတ်ကလေးများ ရိုက်ပြီး အသိမိတ်ဆွေများ တွေ့ဆုံကြသည့်အခါ ပေးသည့်နည်းသာ ဖြစ်ပါကြောင်းနှင့် မင်းစာအုပ်ကလည်း ဒုတိယပိုင်းသာဆုံးသွားတယ် ဒေါက်တာသိန်းလှိုင်ခမျာ နာဂတောင်ပေါ်ကကို မဆင်းရသေးဘူးဆိုသည့် မိတ်ဆွေများလည်း အဆုံးမှာတော့ ဆရာကြီးလည်း တောင်ပေါ်ကနေဆင်းလာရပြီဖြစ်ပါကြောင်း၊ စ–ဆုံး ပေါင်းချုပ်ကိုလည်း မကြာမီ ဖြန့်ချိပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလျက်။

**စီစဉ်သူ**

**စန်းယု (09-420084736)**

**Media Ribbon**

**Publishing House**

## စာရေးသူ၏ အမှာစာ

အမေက အသက်အရွယ်ကြီးလာတဲ့အခါ နွေရာသီမှာ အပူရှောင်ရင်း ပြင်ဦးလွင်က စိမ်းလန်းအေးခြမ်မှာ သွားနေတယ်။ စိပ်ပုတီးတစ်ကုံး၊ ရေဒီယို တစ်လုံးနဲ့ပေါ့။ ဒါပေမဲ့ စိပ်ပုတီးလည်း ဖြောင့်ဖြောင့်မစိပ်ရ၊ ရေဒီယိုလည်း မှန်မှန် နားမထောင်ရဘူး။ အမေ့ဆီက ဧည့်သည်၊ စောင်သည်တွေက လာကြ တယ်လေ။ ပြင်ဦးလွင်ကို သကြိန်မတိုင်ခင် မတ်လကုန်က တက်သွားတာ သီတင်းကျွတ်မှ ပြန်လာတယ်။ အမေ့အနားမှာ ကျွန်တော်တို့ မောင်နှမတစ်တွေ နဲ့ ဇနီးသည် ဝင်းဝင်းတို့ တစ်လှည့်စီ အဖော်လုပ်ကြတယ်။ စောင့်ရှောက်ကြ တယ်။

ပြင်ဦးလွင်က ကိုမင်းရာ၊ မင်းကျော်သက်၊ မြို့သာမရာထို၊ နွယ်စိမ်းဝေ၊ မေမြို့ချစ်ဆွေ၊ မောင်ကြည်သော်(ကောလင်း)စတဲ့ စာပေမိတ်ဆွေတွေ လာတတ် ကြသလို ရေချမ်းအိုးမှာနေတဲ့ ကိုမြတ်ညွန့်လည်း လာတတ်တယ်။ ရန်ကုန်က ဘကြီးမိုးတို့၊ ဒေါ်ကလျာတို့၊ မိချမ်းဝေ၊ သန်းမြင့်အောင်တို့၊ ဆရာလူထုစိန်ဝင်း တို့ လာတတ်တယ်။ ပြင်ဦးလွင်က ပြည်သူ့ရဲဘော်၊ ကျွန်းပြန် ဗိုလ်မျိုးထွန်းလည်း လာလည်တတ်တယ်။

အမေ့ဆီ လာလည်ကြတဲ့ ဧည့်သည်တွေထဲက အမေရဲ့မောင် ဦးလေး မောင်လေးရဲ့ မိတ်ဆွေ ဦးစောမောင်ကို တွေ့တဲ့အခါ သူ့ဘဝဇာတ်ကြောင်းတွေ က စိတ်ဝင်စားဖို့ကောင်းတာနဲ့ စာအုပ်တစ်အုပ် ရေးဖြစ်တယ်။ 'မြေးသူကြီး' တဲ့။ စိတ်ကူးချိုချိုစာအုပ်တိုက်က ထုတ်ဝေခဲ့တယ်။ ဒီစာအုပ်ထုတ်ဝေတော့

စိတ်ကူးချိုချိုမိသားစုက ရွှေဂုံတိုင်က အဓိပတိစားသောက်ဆိုင်မှာ စာအုပ်မိတ်ဆက်ပွဲလုပ်တယ်။ ကျွန်တော် အမှတ်မမှားရင် စိတ်ကူးချိုချိုအနုပညာရဲ့ ပထမဆုံးအကြိမ် ကျင်းပတဲ့ စာအုပ်မိတ်ဆက်ပွဲပါပဲ။

မြေးသူကြီးစာအုပ်ဟာ ကျွန်တော့်စာအုပ်တွေထဲမှာ ထူးခြားတဲ့စာအုပ်ပါပဲ။ ဝတ္ထုပုဟန်အတ္ထုပ္ပတ္တိလို့ အကဲဖြတ်သူတွေက ဆိုကြတယ်။ စာပေစိစစ်ရေးက တချို့စာမျက်နှာတွေ ပယ်ဖြုတ်ဖို့ စိစစ်ခံရတာလည်း ပါတယ်။ အခုစာပေစိစစ်ရေးမရှိတော့ချိန်မှာ အဲဒီဖြုတ်ပယ်တွေကို ပြန်ဖြည့်ပြီး အပြည့်အစုံထုတ်ဝေဖို့ အကြံပေးသူတွေက ပေးကြတဲ့စာအုပ်လေ။ မြေးသူကြီး ဒီစာအုပ်ကြောင့် အသက်ပိုရှည်ရှည်နေရတယ်လို့ သူ့ဆွေမျိုးမြေးများဆီက ပြန်ကြားရတယ်။

ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြ ပျားရည်စက်ကို ကျွန်တော် စိတ်ဝင်စားမိတာ၊ ဆရာမင်းကျော်သက်နဲ့အတူ ဒေါက်တာသိန်းလှိုင်က အမေ့ဆီလာလည်လို့ပါပဲ။ ဆရာမင်းကျော်သက်ဆိုတာ ပြင်ဦးလွင်က သုတေသီဆောင်းပါးရှင်ဖြစ်သလို အမေ ပြင်ဦးလွင်ရှိခိုက် အမေ့ကျန်းမာရေးကို အနီးကပ် စောင့်ရှောက်သူတစ်ဦးလည်းဖြစ်တဲ့ ဒေါက်တာကျော်ကျော်မင်းပါ။ ဒါ ဒေါက်တာနှစ်ယောက် အိမ်ချင်းလည်း နီးကြတယ်။ ဒီစာအုပ်ဖြစ်ဖို့ အမေ့ကို ကျေးဇူးတင်ရမယ်လို့ ပြောရင် အဓိကကျတဲ့ ဒေါက်တာသိန်းလှိုင်နဲ့ ဒေါက်တာကျော်ကျော်မင်းတို့ကိုလည်း တန်းတူထားရပါလိမ့်မယ်။

လွန်ခဲ့တဲ့ ဆယ့်တစ်နှစ်ကျော် ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၄ ရက် အမေရိကန်ပြည်ထောင်စု လွတ်လပ်ရေးနေ့ကစပြီး ဒေါက်တာသိန်းလှိုင်ပြောပြချက် ဘဝဇာတ်လမ်းတွေကို အသံဖမ်းပါတယ်။ ဆရာနဲ့ ကျွန်တော် တစ်နေ့ကို နည်းနည်းစီ ပြောကြဖို့ စီစဉ်ထားပေမဲ့ ပြောလက်စ စကားတွေက လက်စမသတ်နိုင်လို့ တစ်နေ့တာအတွက် မနည်းစကားလက်စ ဖြတ်ရတာများတယ်။ စီခြောက်ဆယ်အခွေသုံးဆယ်တိတိ ပြောခဲ့၊ အသံဖမ်းခဲ့ကြတယ်။

ဒီစာအုပ်ဟာ ကက်ဆက်ထဲက ဆရာ့ရဲ့ပြောပြချက်တွေကို ပြန်ရေးတာပါ။ ကျွန်တော်နဲ့တွေ့ချိန်မှာ ဆရာသိန်းလှိုင်ဟာ ဇရာကို ချင်းနင်းစပြုနေပါပြီ။ သွားတွေကျိုးနေပါပြီ။ ပြီးတော့ ဆရာဟာ တရုတ်သွေးနှောသူဖြစ်ပါတယ်။ ဒီတော့ ဆရာ့စကားကို အာရုံအတော်စိုက်ရပါတယ်။ ငယ်စဉ်က အင်္ဂလိပ်သာသနာပြုကျောင်းမှာနေခဲ့ပြီး ဆေးတက္ကသိုလ်မှာ ဆေးပညာ၊ ခွဲစိတ်ပညာတွေကို အင်္ဂလိပ်ဘာသာနဲ့ သင်ကြားခဲ့သူပီပီ ဆရာစကားပြောရင် အင်္ဂလိပ်လိုပါထည့်ပြောလေ့ရှိပါတယ်။ ကက်ဆက်ကိုအားကိုးပြီး ခေါင်းညိတ်ခဲ့၊ ဟုတ်ကဲ့

လိုက်ခဲ့ပေမဲ့ နောက် ဆယ်နှစ်လောက်ကြာတဲ့အခါ ပြန်ရေးတော့ အခက်အခဲတွေ တွေ့ရပြန်ရော။ ဆေးပညာနဲ့ ကျွန်တော်နဲ့ ဝေးလေတော့ ပိုဆိုးတော့တာပေါ့။

ကျွန်တော်တို့ စကားဝိုင်းမှာ ဆရာသိန်းလှိုင် မွေးထားတဲ့ အယ်လ်ဇေးရှင်း ခွေးကြီးရဲ့အသံနဲ့ ငှန်းတွေရဲ့အသံတွေလည်း ပါပါတယ်။ သူတို့ဝင်ပြောကြတာတွေတော့ ဆရာသိန်းလှိုင် ဘဝဇာတ်လမ်းနဲ့မပတ်သက်လို့ ထည့်မရေးလိုက်ဘူး။ ဆရာနဲ့ ကျွန်တော် ပြောလက်စ စကားမပြတ်လို့ သူချစ်ရတဲ့ မြေးကလေး ကျောင်းကြိုချိန်တန်ရင် ကျောင်းကြိုသွားရင်းလည်း စကားတွေ ပြောပါတယ်။ သူ့မြေးကလေးကို ဘယ်လောက်ချစ်သလဲဆိုရင် ကျောင်းကြိုချိန်ဘယ်တော့မှ ဘိုးအေက နောက်မကျစေရဘူး။ မြေးကလေးက ဘိုးအေရဲ့ ကားကို ရှာဖွေမနေရအောင် ဆရာရပ်နေကျနေရာမှာပဲ ကားကိုရပ်တယ်။ သူ့ကားနေရာမှာ မသိလို့ သူများ ကားလာရပ်ရင် ဆရာက အဲဒီကားကို အဖယ်ခိုင်းတယ်။

စကားတွေပြောကြရင်း ခံစားချက်မြင့်တဲ့အခါ ဆရာသိန်းလှိုင် အကျင့်အတိုင်း အဆဲအဆိုတွေပါတယ်။ အထူးသဖြင့် အုပ်စိုးသူ လူတန်းစားနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေမှာ ဆရာ ပျစ်ပျစ်နှစ်နှစ်ပြောလေ့ရှိတာကို ကျွန်တော် အတုံးလိုက် အတစ်လိုက် မရေးတတ်လို့ ဖတ်ရတဲ့အရသာ ပေါ့ပြက်ပြက်နိုင်ကောင်းနိုင်ပါလိမ့်မယ်။ ဒါ ကျွန်တော့်ရဲ့ အားနည်းချက်ပါ။

ပြီးတော့ ဆရာသိန်းလှိုင် စကားပြောတဲ့အခါ လေသံအနိမ့်အမြင့် အတိုးအကျယ်တွေက ပြောနေတဲ့ အကြောင်းအရာပေါ်မှာမူတည်ပြီး အပြောင်းအလဲတွေရှိတယ်။ ခံစားမှုအရ တိုးတိုးပြောတာတွေဟာ နားထောင်နေစဉ်မှာ ဆရာ့ရဲ့ အကြောင်းအရာပေါ်မှာ စီးမျောသွားလို့ ကက်ဆက်ကို ရှေ့တိုးဖို့၊ ဆရာ့အနားရွှေ့ဖို့တွေ မလုပ်မိလိုက်ပါဘူး။ ဒါကြောင့် တချို့အရေးပါတဲ့ စကားလုံးတွေအသံဖမ်းစက်ထဲ မဝင်ဘူး။ ဒါလည်း ကျွန်တော့် အားနည်းချက်ပါပဲ။

ဆရာက စကားပြောရင်း အရွယ်ပမာဏတွေ၊ အတိုအရှည်တွေ၊ အကွာအဝေးတွေကို လက်ဟန်နဲ့ ပမာဏတိုင်းပြ၊ ညွှန်ပြတတ်တယ်။ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကတော့ ဆရာပြတဲ့ အရွယ်ပမာဏတွေကို မှတ်မိပေမဲ့ နှစ်တွေကြာတဲ့အခါ အဲဒီပမာဏအတိုင်းအတာတွေကို မမှတ်မိတော့ဘူး။

'ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြပျားရည်စက်' ကို စံတော်ဝင်ဦးသန်းနိုင် နဲ့ ဆရာထက်နိုင်(တလုပ်မြို့) တို့ ဦးစီးထုတ်ဝေခဲ့ကြတဲ့ Treasure Land ရတနာမြေမဂ္ဂဇင်းမှာ လစဉ်အတွဲ(၁)၊ အမှတ်(၆) ကနေ အတွဲ(၂)၊

အမှတ်(၉) မဂ္ဂဇင်း ရပ်တန့်သွားတဲ့အထိ အခန်းဆက်ဖော်ပြခဲ့တယ်။ ပြီးတော့မှ **Media Ribbon** ကိုစန်းယုက လုံးချင်းစာအုပ်တွေ ထုတ်ဝေတာပါ။ ပထမတွဲ ထုတ်ဝေတဲ့အခါ ကျွန်တော်က ပန်းချီဆရာ ကိုဇော်မောင်နဲ့ စာအုပ်မျက်နှာဖုံး အပ်ချင်ကြောင်းပြောမိတယ်။ မီဒီယာဖဲကြိုး ကိုစန်းယုကလည်း ကျွန်တော့်အလို ကို လိုက်တယ်။ ကိုစန်းယုနဲ့ ရင်းနှီးတော့ ကျွန်တော် သူ့ကိုစတယ်၊ နောက်တယ်။ ကျွန်တော့်ကိုယ်ပိုင် အစအနောက်တော့မဟုတ်ဘူး။ ဆရာမကြီး ခင်နှင်းယုရဲ့ အသော့အထေ့ပါ။ စာရေးဆရာ နေဝင်းမြင့်ကို ဆရာမကြီးခင်နှင်းယုက စဖူး သတဲ့။ "ဟဲ့ နေဝင်းမြင့် နင့်နာမည်က သုံးပုံနှစ်ပုံ မကောင်းဘူး" တဲ့။

အခုလည်း ကျွန်တော်က ဒီပုံပြင်လေး ကိုစန်းယုကို ပြန်ပြောပြရင်း ဆရာမကြီးသာ သက်ရှိထင်ရှားရှိနေဦးမယ်ဆိုရင် ကိုစန်းယုနာမည်ကို ဘယ်လို မှတ်ချက်ချမယ်မသိဘူး။ ကိုစန်းယုကတော့ ကျွန်တော် အဲဒီလိုစတဲ့အခါ သူ့ ထုံးစံအတိုင်း ရယ်ဖြဲဖြဲပဲလုပ်နေတယ်။

ပန်းချီဆရာ၊ ကာတွန်းဆရာ ဇော်မောင်ကို ဘာလို့ အမှာစာရေးခိုင်း သလဲလို့ မေးကြသူတွေရှိတယ်။ လိုရင်းကတော့ သူ့ကို သဘောကျလို့ပါပဲ။ ကိုဇော်မောင် ဒီလိုအကြောင်းအရာမျိုး ကြိုက်တတ်မှန်းသိလို့ သူ့ကို စာအုပ် မျက်နှာဖုံးလည်းရေး၊ အမှာလည်း ရေးပေးဖို့ ပြောခဲ့တယ်။ သူကလည်း လိုလို ချင်ချင်ပဲ စာအုပ်ကို ဖတ်တယ်။ ပြီးတော့ မျက်နှာဖုံးရေး၊ အမှာရေးပေးတယ်။

ဆရာသိန်းလှိုင်နဲ့ စကားစမြည်တွေပြောရင်း ဘဝမှတ်တမ်းတွေ မှတ် တမ်းတင်ကြတာ ကက်ဆက်အခွေပေါင်းသုံးဆယ်ရှိရာမှ ခွေအမှတ်တစ်ကနေ နှစ်ဆယ့်လေးအပြီးမှာ အတွဲသုံးတွဲ ရေးသားနိုင်ခဲ့တယ်။ နောက်ကျတဲ့အခွေ တွေက ဆရာသိန်းလှိုင်ရဲ့ ဖြူး၊ နမ့်ခမ်း၊ မန္တလေးမြို့တွေမှာ အမှုထမ်းခဲ့စဉ်က အတွေ့အကြုံတွေပဲဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဆရာသိန်းလှိုင်ရဲ့ ငယ် ဘဝနဲ့ နာဂတောင်တန်းမှာ ကျင်လည်ခဲ့ပုံတွေကိုပဲ ရေးပြီး ဓာတ်သိမ်းထားလိုက် တယ်။ စာဖတ်သူတွေ ကျေနပ်နှစ်သက်နိုင်ကြပါစေ။

ဒီစာအုပ် ရေးဖြစ်အောင် တိုက်တွန်းကြတဲ့ ရတနာမြေမဂ္ဂဇင်းက စံတော် ဝင် ဦးသန်းနိုင်၊ ဆရာထက်နိုင်(တလုပ်မြို့)၊ မီဒီယာဖဲကြိုး ကိုစန်းယုနဲ့ မျက်နှာ ဖုံးပန်းချီဆရာ ကိုဇော်မောင်၊ ကိုမှတ်သုန်တို့ကို ကျေးဇူးတင်ရမှာဖြစ်သလို စာဖတ်ပရိသတ်ရဲ့ ကျေးဇူးတရားတွေကိုလည်း အောက်မေ့သတိရလျက်။

**ညီပုလေး**

## ဇာတိပဝတ္တိ

အဘိုးက ဦးတန်ပွ၊ အဘွားက ဒေါ်ကြင်လေးတဲ့။ အဘိုးနဲ့အဘွားက သားသမီးငါးယောက်၊ သမီးမိန်းကလေးက သုံးယောက်ပါတယ်။ အစ်ကိုဖြစ်သူ သားယောကျ်ားလေးဆုံးသွားတော့… ကျွန်တော်အဖေတစ်ယောက်ပဲ သားယောကျ်ားလေးကျန်တယ်။ ကျွန်တော်တို့လူမျိုးက သားယောကျ်ားလေးကို အရေးတယူရှိတာ၊ တန်ဖိုးထားတာ၊ အများသိကြပြီးသားပါ။

တယ်တယ်က ခုနစ်တန်းပါ။ စကောလားရှစ် ရခဲ့ဖူးတယ်။ ဒါပေမဲ့ လက်ကျန်တစ်ဦးတည်းသောသားကို ကျောင်းထွက်ခိုင်းပြီး စီးပွားရေးနယ်ထဲမှာ ကုန်သည်အလုပ် လုပ်ခိုင်းတယ်။ တယ်တယ်က ပညာတော်တဲ့ကျောင်းသား စာဆက်သင်ချင်တယ်။ ဒါပေမဲ့ သူ့ တယ်တယ်အလိုကျ တရုတ်ကုန်သည်လေး ဘဝနဲ့ပဲ နေရရှာတယ်။ အဘိုးတွေက "တန်"အမျိုးတွေပါ။ သထုံက ကျင့်တန် တရုတ်ဘုံကျောင်းအဖွဲ့တွေလေ။ တယ်တယ်က ပညာဆက်သင်ပြီး ပညာတတ် တစ်ယောက်ဖြစ်ချင်ပေမဲ့ အဘိုးရဲ့ဩဇာကို မကျော်လွှားနိုင်ဘူး။ တစ်ခါတလေ ငယ်ငယ်က သူ့အကြောင်းတွေ ပြန်ပြောတဲ့အခါ အဘိုးကို နာကြည်းတဲ့ အကြောင်း အရိပ်အမြွက်လောက်တော့ ပါလာလေ့ရှိတယ်။

အဘိုးဆီကပါလာတဲ့ လယ်ဧကတစ်ထောင်ကျော်ရှိတယ်။ အဖေက ကျွန်တော်တို့ ညီအစ်ကိုကိုးယောက်ကို တစ်ယောက် ဧကတစ်ရာစီ ခွဲပေးတယ်။ ကျွန်တော်တို့ညီအစ်ကိုတစ်တွေရဲ့လယ်တွေ အခုထိ သထုံနယ်ထဲမှာ ရှိသေး

တယ်။ မိတ်ဆွေကရင်လူမျိုးတွေ လုပ်ကိုင်စားသောက်ဖို့ ပေးထားတယ်။

အဘိုးက ဘာအလုပ်မှမလုပ်ဘူး။ တစ်ခုပဲ လုပ်တယ်။ အဲဒီအလုပ်က ဘိန်းရှူတာပါ။ ဘိန်းကို လိုင်စင်ခံပြီးရှူသွားတာပါ။ အဘိုးက အလုပ်သာ ဘာမှမလုပ်တာ နေတာထိုင်တာ "ကျုံးပျော်" တွေနဲ့နေတာ။ ကျုံးပျော်ဆိုတာ အခြံအရံတွေကို ဆိုလိုပါတယ်။ သီချင်းဆိုတဲ့လူ၊ နှိပ်နယ်ပေးတဲ့လူ၊ ယပ်ခပ် ပေးကြရတဲ့လူမျိုးတွေပေါ့။ အိမ်ကြီးရက္ခိုင်မှာ အခြံအရံတွေနဲ့ ဓိမ်ကျကျနေတတ်တဲ့ ပုဂ္ဂိုလ်ကြီးပါ။

အဲဒီခေတ်က သထုံမှာ ဦးတန်ပွဆိုရင် သူဌေးလို့တစ်မြို့လုံးက အသိ အမှတ်ပြုထားကြတယ်။ အဲဒီခေတ်ဆိုတာပြောရင် ကျွန်တော့်မွေးသက္ကရာဇ်ပါ ထည့်ပြောမှပြည့်စုံမယ်။ ကျွန်တော့်ကို ၁၉၃၃ ခု နိုဝင်ဘာ ၇ ရက်နေ့မှာ မွေး တယ်။ သောကြာသားပေါ့။ သောကြာသားဆိုတော့ သောကြာနေ့ဖွားတို့ရဲ့ဓလေ့ စရိုက်တွေ ကျွန်တော့်မှာ အပြည့်ပေါ့။ အထူးသဖြင့် စကားတွေအများကြီး ပြောတာလေ။ သူငယ်ချင်းတွေကြားမှာ အလောင်းအစားဖြစ်ခဲ့ကြဖူးတယ်။ ဒီကောင်အိပ်ရာထဲမှာတောင် အိပ်ရင်းယောင်မယ့်အကောင် မှန်၊ မမှန် လောင်း ကြတာလေ။

အဘိုးက တရုတ်သူဌေးပီပီ သူသေရင်ထည့်ပြီးမြှုပ်ဖို့ ခေါင်းကြီးတစ်လုံး ကြိုတင်ပြီးလုပ်ထားတယ်။ အနက်ရောင်ခေါင်းကြီး။ ကျွန်းပင်ကြီးကို ထွင်ထား တဲ့ကျွန်းခေါင်းကြီးပေါ့။ အဘိုးက ဆေးအနက်တွေသုတ်၊ ရွှေတွေလည်းချထား တဲ့ သူ့ခေါင်းကြီးထဲဝင်ပြီး နေ့လယ်နေ့ခင်းအိပ်လေ့ရှိတယ်။ အသက်ကြီးတော့ ဘိန်းရှူပြီး ဘိန်းမှိန်းမှိန်းတာထင်ပါရဲ့။ ဆန်ပြုတ်လေးသောက်ပြီး ခဏနေရင် ဝင်မှိန်းတော့တာပဲ။

တစ်ခါတလေ "အန်းကူလာ၊ ငါ့အပေါ်မှာ ခဏလာအိပ်လို့" ကျွန်တော့် ကိုပါခေါ်ပြီး အိပ်တတ်လို့ ကျွန်တော်လည်း ဝင်အိပ်တာပဲ။ အမြဲမြင်တွေ့နေကြ ဆိုတော့ ခေါင်းနက်ကြီးထဲဝင်အိပ်ရတာ မကြောက်ပေါင်။ အဘိုးဆီက တစ်ခါ တစ်ရံဟောက်သံထွက်လာတတ်တယ်။ တစ်ခါတစ်လေလည်း အိပ်ပျော်ပုံမရပါ ဘူး။ မှေးနေ၊ မှိန်းနေ၊ ဓိမ်ယူနေတာ ထင်ပါရဲ့။ ကျွန်တော်က အဘိုးအိပ်နေ လောက်ပြီထင်တဲ့အချိန် ခေါင်းနက်ကြီးထဲက သူ့ကိုအနှောင့်အယှက်မဖြစ်အောင် တိတ်တိတ်လေးပြန်ထွက်ပြီး ကစားတော့တာပေါ့။

ကျွန်တော်တို့ကလေးတွေက သူ့ကို "အန်းကုံး" လို့ နှုတ်ဆက်ရင် "ဟ အန်းကူ လာ လာ ရော့ ပိုက်ဆံ" ဆိုပြီး မုန့်ဖိုးပေးလေ့ရှိတယ်။ ပိုက်ဆံတစ်ပြား ပေးတာ။ ဂျော့ဘုရင်ခေါင်းပါတဲ့ပိုက်ဆံပေါ့။ ၁၉၁၁ ခုဆိုတဲ့ သက္ကရာဇ်ပါတယ်။

အင်္ဂလိပ်ခေတ်မှာ အဘိုးဦးတန်ပွက သူသေရင်မြှုပ်ရအောင် ကိုယ်ပိုင် သင်္ချိုင်းတစ်ခု ကြိုတင်ပြီး လုပ်ထားနှင့်တယ်။ သထုံမြသပိတ်တောင်ဘုရား အနားမှာ။ ပေတစ်ရာပတ်လည်လောက် ကျယ်တယ်။ အဘိုးက ဂျပန်ခေတ်မှာ ကွယ်လွန်အနိစ္စရောက်ရှာတယ်။ သူ့သင်္ချိုင်းကလည်း အဖျက်ခံရတော့မလို့။ ကံကောင်းလို့။ သူ့မြေးတွေဖြစ်ကြတဲ့ ကျွန်တော်တို့ကြောင့် အဘိုးဦးတန်ပွရဲ့ သင်္ချိုင်း မင်းဘေးက လွတ်သွားတာ၊ အခုထက်ထိ အဘိုးသင်္ချိုင်း ရှိလေသေး သလားမသိဘူး။

ဦးနေဝင်းလက်ထက်မှာ မဟာဝိဇယစေတီတည်ပါရော့လား။ ဘုရား ကုန်းမြေမှာ မြေတွေပြိုတယ်တဲ့။ ပြိုတာမှ ခဏခဏကိုပြိုနေတာ။ ဒါနဲ့ သူ အားကိုးတဲ့ပုဂ္ဂိုလ်တွေကို တိုင်ပင်စစ်ဆေးကြည့်တော့ "ဝမရှိဘဲ ဝိမရှိနိုင်ဘူး" လို့ အဟောရှိသတဲ့။ သူတို့အဟောအတိုင်း ဝဘုရားကို စစ်ဗိုလ်တွေလိုက်ရှာ ကြတာ အနံ့ပဲ။ နောက်တော့ သထုံမြသပိတ်တောင်ပေါ်မှာ ဝဘုရားရှိတယ်လို့ သိသွားကြပြီး မြသပိတ်တောင်ကို ရောက်လာကြတယ်။ ဘုရားက ဉာဏ်တော် သိပ်မမြင့်ဘူး။ ချုံတွေ၊ ပိတ်နွယ်တွေတက်ဖုံးနေပြီ။ အဲဒါတွေကို အပြောင်ရှင်း ကြရတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဒီဝဘုရားကို လာဖူး တော့ ဘုရားရဲ့တစ်ဖက်တောင်ကြောမှာ သင်္ချိုင်းတစ်ခု သူတွေ့သွားတယ်။ ကြွေခုံ၊ ကြွေစားပွဲ၊ ကျောက်ပြားစီရေကန်နဲ့ ဘာနဲ့အကျအနလေ။

"ဟော့ကောင်တွေ ဟိုဘက်ကဟာ ဘာတုန်းကွ ရှင်းကြစမ်း" ဆိုတော့ ရဲဘော်လေးတွေက ရှင်းကြရတာပေါ့။ အဲဒီတော့မှ ရပ်လုံးပေါ်လာပြီး တရုတ် သင်္ချိုင်းတစ်ခုပါဥက္ကဋ္ဌကြီးလို့ ဖြစ်ရတာ။ ဒီတောင်ပေါ် ဒီတရုတ်က ဘာကြောင့် သင်္ချိုင်းတက်လုပ်ရတာတုံး။ ကျက်သရေမဲ့တယ်၊ ဖျက်ကွာဖြစ်ကရော။

အဲဒီတော့ ဦးဖိုးသီးက မဖျက်ပါနဲ့ဦး၊ ဒီသင်္ချိုင်းရှင်သမိုင်းရှင်းပြပါရ စေဦးလို့ ပြောတယ်။ ဦးဖိုးသီးဆိုတာ ပို့ဆောင်ဆက်သွယ်ရေးမှာ တာဝန်ယူ သွားတဲ့ ဗိုလ်ချုပ်ခင်အုန်းရဲ့ဖခင်ပါ။

ဦးဖိုးသီးက သူ့သထုံမြို့မှာ အစိုးရတာဝန်ထမ်းဆောင်စဉ်က ဦးတန်ပွ ခေါ်ကြင်လေးတို့ အင်္ဂလိပ်အစိုးရဆီမှာ ဒီမြေကွက်လေးကို ဝယ်ယူထားပါတယ်။ သူတို့သေရင် မြှုပ်ဖို့လို့ လျှောက်ထားတဲ့မြေပါ။ လယ်မြေတွေ အများကြီးပိုင်ပြီး အင်္ဂလိပ်အစိုးရကိုလည်း အခွန်မှန်မှန်ဆောင်ကြတဲ့ မိသားစုဖြစ်ပါတယ်။ အခု သူတို့ရဲ့မြေးကိုးယောက်ရှိပါသေးတယ်။ တစ်ယောက်မှ အဖိတ်အစင်မရှိသေးတဲ့ အပြင် အဲဒီကိုးယောက်စလုံးက ယောကျ်ားသားတွေချည်းဖြစ်ပြီး ကိုးယောက် စလုံး အစိုးရအမှုထမ်းအရာထမ်းတွေချည်း ဖြစ်တဲ့အကြောင်း ဥက္ကဋ္ဌကြီးကို

တင်ပြတယ်။

ဦးနေဝင်းက ခဏလေးစဉ်းစားပြီး အေးထားလိုက်တော့ကွာလို့ အမိန့်ရှိခဲ့တာ။ အခုထက်ထိရှိသေးတယ်။ တရုတ်ထုံးစံနဲ့အညီ ဟိုတုန်းကတော့ နှစ်စဉ်လိုလိုသွားကန်တော့ဖြစ်သေးတယ်။ နောင်တော့ မရောက်ဖြစ်တော့ဘူး။ ဦးဖိုးသီးကျေးဇူးကြောင့် ကျွန်တော့်အဘိုးရဲ့သင်္ချိုင်းရာဇဝင်တော်ဝါက လွတ်ခဲ့ရတယ်။

သထုံဘူတာရုံကနေ မြသပိတ်တောင်လမ်းကို ချဲ့တော့ ခေတ်နဲ့အညီသုသာန်တွေရွှေ့ရတယ်။ အဲဒီလို ရွှေ့ကြရာမှာ အဖေနဲ့အမေတို့ရဲ့သင်္ချိုင်းဂူ၊ အဘွားရဲ့သင်္ချိုင်းဂူတွေပါရွှေ့ဖို့ ဖြစ်လာပါလေရော။ သထုံကျင့်တန်ဘုံကျောင်းက ကျွန်တော်တို့ညီအစ်ကိုတစ်တွေကို လှမ်းပြီးအကြောင်းကြတယ်။ ဒီညီအစ်ကိုတွေကလည်း အစိုးရဝန်ထမ်းတွေ မြန်မာနိုင်ငံအနှံ့ ဟိုမြို့ရောက်ဒီပြည်နယ်ရောက်ရောက်နေကြတာ။ ဒါနဲ့ ဘုံအသင်းလူကြီးတွေကပဲ ဦးစီးပြီး တယ်တယ်တို့တစ်တွေရဲ့အရိုးတွေကို အရိုးအိုးတွေပြုလုပ်ပြီး ထိန်းသိမ်းပေးရတယ်။

ညီအစ်ကိုတွေထဲက မွေးချင်းနံပါတ် (၇) က စက်အောင်လှိုင်တဲ့။ သူကဆရာဝန်ဖြစ်ချင်တဲ့သူ။ ကျွန်တော်က ကုန်သည်လုပ်ချင်တဲ့သူ။ ကျွန်တော် လေးတန်းကျောင်းသားလောက်ကတည်းက ဈေးသည်တစ်ယောက်လို လူလည်ကျတတ်နေပြီ။ အလေးခိုးတာတွေ ဘာတွေနားလည်တတ်ကျွမ်းနေပြီ။

ဆရာဝန်ဖြစ်ချင်တဲ့ စက်အောင်လှိုင်က ရေဒီယိုလောဂျစ်ဖြစ်သွားတယ်။ အင်္ဂလန်အထိ ဘွဲ့သွားယူခဲ့တာ။ အခု လောလောဆယ် တာဝန်ထမ်းနေကြတဲ့ရေဒီယိုလော်ဂျစ်တော်တော်များများ သူနဲ့ ဆရာတပည့်တော်စပ်ကြတယ်။

သထုံက မိဘများရဲ့အုတ်ဂူနေရာ ရွှေ့ဖို့ကိစ္စအဲဒီအမှတ် (၇) ညီတော်မောင် ရေဒီယိုလောဂျစ်ကို လွှတ်လိုက်ကြတယ်။ သူကသပ်သပ်ရပ်ရပ်နဲ့ ကျကျနနဆောင်ရွက်တတ်တဲ့သူ။ ကျန်ညီအစ်ကိုအားလုံးက ယုံကြည်စိတ်ချစွာ တာဝန်ပေးလိုက်ကြတာလေ။ အမေ့ဂူအသစ်သူလုပ်ပြီး အမေ့ဂူ၊ အဘွားဂူတွေ သူကောင်းကောင်းမွန်မွန်လုပ်ခဲ့တယ်။ အဖေတို့ရဲ့ဂူတွေကို အဖောက်ခံရတဲ့အကြောင်း သတင်းစာထဲမှာ ရေးနေကြတဲ့ ဝေါဟာရနဲ့ပြောရရင် မသမာသူတွေရဲ့လက်ချက်ခံလိုက်ရတာပေါ့။ သင်္ချိုင်းအသစ်မှာ အဖေတို့ဂူတွေ သုံးကြိမ်သုံးခါပြန်ပြင်ခဲ့ရတယ်။ ဂူဖောက်တဲ့လူတွေက ချမ်းသာကုံလုံတဲ့သူတွေရဲ့ဂူမှန်းသိကြတယ်ထင်ပါရဲ့။ ငွေဒင်္ဂါးပြားတွေနဲ့ တခြားအဖိုးတန်တွေ သူတို့ရသွားကြသတဲ့။

* * *

## ကြက်ချေးတန်း အေဘီစီဒီ

တယ်တယ်မှာ ပညာရေးနဲ့ပတ်သက်ပြီး ခံစားချက်တွေရှိတယ်။ သူ့ခမျာ စာတော်ပါလျက်နဲ့ ပညာကို ဆုံးခန်းတိုင် မသင်ခဲ့ရဘူး။ သူက ပညာကို လက်ကုန်နှိုက်ချင်တာလေ။

ကျွန်တော့်အသက်လေးနှစ်မှာ အဖေက မော်လမြိုင်မြို့က စိန့်ဂျိုးဇက် ကွန်ဗင့်ကျောင်းကိုပို့တယ်။ ၁၉၃၇–၃၈ လောက်ဆီကပေါ့။ အဲဒီတုန်းက သူငယ်တန်း KINDERARTEN ကေအေ (KA)၊ ကေဘီ (KB)၊ ကေစီ (KC) ဆိုပြီး သူငယ်တန်းမှာ သုံးနှစ်ရှိတဲ့ကျောင်း။ ကျောင်းအပ်တော့ အဖေက ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်စလုံးရဲ့နာမည်တွေမှာ မောင်တစ်လုံးစီ ထပ်တိုးပြီး မောင်မောင်ဘယ်သူ မောင်မောင်ဘယ်ဝါရယ်လို့ နာမည်တွေ တင်တင်စီးစီး မှည့်ပေးခဲ့တယ်။ ကျွန်တော့်ကတော့ ကျွန်တော့်ဘာသာ မောင်တစ်လုံးဖြုတ်ပစ်လိုက်တယ်လေ။

မော်လမြိုင်စိန့်ဂျိုးဇက်ကွန်ဗင့်မှာ ကျောင်းအိပ်ကျောင်းစား ဘော်ဒါနေကြရတာ။ ကျောင်းလခတစ်လကို ရူပီးတစ်ရာပေးရတယ်။ မော်လမြိုင်ကျောင်းမှာ အဲဒီခေတ်က တယ်လူဖေကြီး၊ တီဘကက်ထရီအုံးတင်နဲ့ ကက်နက်ယူးတို့လို လူသိများ နာမည်ကျော်တွေရှိတဲ့ခေတ်ပေါ့။

ကျောင်းလခ ဘော်ဒါက တစ်ယောက်ကို ရူပီးတစ်ရာသာပေးရတာ။ ကျောင်းအုပ်ဘုန်းတော်ကြီးက မိဘမဲ့ ORPHANAGE ကျောင်းသားတွေ ထားတဲ့အဆင့်အတန်းမှာ ကျွန်တော်တို့ညီအစ်ကိုသုံးယောက်ကို ထားတယ်။ ဒီလိုထားတာကို အဖေက စိတ်ဆိုးတာပေါ့။ သူများတန်းတူ ပိုက်ဆံပေးနိုင်တယ်။ ဒီလိုတော့ အဆင့်မခွဲပါနဲ့ ပြောတာပဲ။

တယ်လူဖေကြီးတို့ ကက်နက်ယူးတို့ကြတော့ ကိုယ့်စားပွဲနဲ့ကိုယ် သီးသန့်နေထိုင်စားသောက်ရတာ သူတို့က ရာဘာသူဌေး၊ ဟိုင်းသူဌေးရဲ့သားတွေ ဟုတ်လား။ ကွန်ဗင့်ကျောင်းက ဘုန်းတော်ကြီးက ဒါစည်းကမ်းပဲ၊ စည်းကမ်းလိုက်နာနိုင်ရင် ကျောင်းမှာထားခဲ့ပဲ။

အဖေကဒေါပွပြီး ကျွန်တော်တို့ကို စောင့်ရှောက်နိုင်ဖို့ နာနီသုံးယောက် တစ်လတစ်ဆယ် ရူပီးငွေနဲ့ငှားထားခဲ့တယ်။ မင်းတို့ဟိုင်းတွေ၊ ရာဘာတွေနဲ့ ချမ်းသာချင် ချမ်းသာကြ။ ဒါပေမဲ့ ငါလည်း ငါတို့အလျောက် တတ်နိုင်ပါတယ် ဆိုတဲ့ အချိုးမျိုး ချိုးတော့တာ။ တယ်လူတို့ကက်နက်တို့မှာ နာနီမရှိကြဘူး။ သူတို့အသက်တွေက ကျွန်တော်တို့ထက်ကြီးကြပါတယ်။

ကျွန်တော့်ကို ထိန်းတဲ့နာနီကြီးခမျာ တော်ရှာပါတယ်။ ကျွန်တော့်ရဲ့ ချေးဝတ်၊ သေးဝတ်ကအစ လျှော်ပေးထိန်းကျောင်းစောင့်ရှောက်ပေးခဲ့တာ။ တစ်ဦးနဲ့တစ်ဦး သံယောဇဉ်တွေဖြစ်ကြလို့။ ကုလားမကြီးတွေက တရုတ်ကလေးတွေကို ကိုယ့်တူကိုယ်သားလို စောင့်ရှောက်ခဲ့ကြတာလေ။ ခရစ်ယာန် သာသနာပြုကျောင်းမှာ နေကြရတာဆိုတော့ ဘို့နာမည်လည်း မှည့်ခေါ်ကျသေးတယ်။ စိန့်ဂျိုးဇက်ကွန်းဗင့်မှာ "အက်ဒဝပ်သွန် မဆင်ဟုတ်ဝမ်"။ EDWAED THOMSON HOKE WAN တဲ့။

အစ်ကို့နာမည်က ဂျယ်ရယ်သွန်မဆင်ဟုတ်ဝမ်၊ ညီလေးက ဂျေဲသွန် မဆင်ဟုတ်ဝမ်တဲ့။ ကျောင်းပိတ်ရက်တောင် တစ်နှစ်တစ်ခါက် အိမ်မပြန်ရဘူး။ ဟောရီမေရီနဲ့ပဲ နေသွားကြရတာ။ တစ်ခါတလေ မုဒုံ၊ တစ်ခါတစ်ရံ ကျိုက္ခမီကို အလည်အပတ်သွားရတယ်။ ရေကူးသင်ပေးတယ်။ အိမ်ကို ပြန်လွှတ်လိုက်ရင် စရိုက်ပျက်လာမှာ စည်းကမ်းပျက်လာကြမှာ စိုးထင်ပါရဲ့။

ကျွန်တော်တို့ညီအစ်ကိုတစ်တွေကို အဖေက ကျောင်းမှာ ဘာမှမပူမပင်ရအောင် ထားပေးတယ်။ ညီအစ်ကိုတစ်တွေ စာကိုကြိုးစားကြတယ်။ စာလိုက်နာတဲ့ကျောင်းသား၊ စည်းကမ်းလိုက်နာတဲ့ကျောင်းသားတွေ ဖြစ်ခဲ့ကြတယ်။ တယ်တယ်က သူ့နည်းသူ့ဟန်နဲ့ သူ့သားတွေအကြောင်း စုံစမ်းနားစွင့်နေတယ်။ ဒါတွေ အဲဒီတုန်းက မသိကြဘူး။ နောက်မှ သိကြပြီး အဖေအမေရဲ့ကျေးဇူးကို အောက်မေ့သတိရကျေးဇူးတင်ကြရတာ။

* * *

## အိမ်အပြန်

၁၉၄၁ ခု ကမ္ဘာ့အနောက်ခြမ်းမှာ စစ်ကြီးဖြစ်တော့မယ်ဆိုတာ တယ်တယ်က ကြိုတင်ခန့်မှန်းမိတယ်။ ရေဒီယိုတစ်လုံးကို ကလိနေတဲ့သူလေ။ အနောက်ဘက်မှာတော့ နိုင်ငံရေးအခြေအနေက စစ်ပွဲကြီးတွေဆီ ဦးတည်နေပြီ။ အခြေအနေမကောင်းဘူးလို့ သူခန့်မှန်းပြီး အမေနဲ့သူတိုင်ပင်တယ်။ မော်လမြိုင်မှာ ကျောင်းတက်နေကြတဲ့သူ့သား လူမမယ်သုံးယောက်ကို ကျောင်းကနေ အိမ်ပြန်ခေါ်ချင်တယ်။ အမေက အဖေရဲ့အမြင်ကျယ်မှု၊ ဗဟုသုတရှိမှုကို သိတဲ့သူ။ ပြီးတော့ သူ့သားသုံးယောက်ကိုလည်း လွမ်းလှပြီလေ။

အဖေက ပြန်ခေါ်ချင်တယ်ဆိုတော့ အဖေ့စကားမှ ဆုံးသေးရဲ့လား

မသိဘူး။ အမေက မြန်မြန်ခေါ်ချေပါ ကိုဟုတ်ဝမ်ရယ်ဖြစ်တော့တာပေါ့။ အဖေ မော်လမြိုင်ညရထားနဲ့ လိုက်လာတယ်။

ဘုန်းတော်ကြီး ဒေးလ်ဖင်းကတော့ ကျောင်းစာသင်ချိန်တွေ မပြီးဆုံးသေးခင်မှာ ကျောင်းကထွက်ဖို့လာခေါ်တာကို သဘောမတူဘူး။ ပြီးတော့ ဖာသာ ဒေးလ်ဖင်းက ကမ္ဘာစစ်မဖြစ်နိုင်လောက်ဘူးလို့ ထင်တဲ့သူ။ စိတ်မပူပါနဲ့ ဒုန့်ဝါရီ ဒုန့်ဝါရီ Don't worry, Don't worry လို့ ဘယ်လိုပဲပြောပြော အဖေကတော့ ကျွန်တော်တို့တစ်တွေကို ကျောင်းက မရမကထုတ်လာခဲ့တယ်။ ပြီးတော့ ရရာရထားနဲ့ ပြန်ခဲ့ကြတယ်။ နေ့ရထားရတယ်လို့ မှတ်မိနေတယ်။ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်ကို သထုံက သူတို့ဖခင်လာပြီး ကျောင်းထုတ်သွားကဲ့ကိစ္စဟာ မော်လမြိုင်ပညာရေးလောကမှာ အနည်းနဲ့အများ ဂယက်ထသွားတယ်။ အကြားအမြင်များတဲ့မိဘတွေ မော်လမြိုင်ကို ရောက်လာကြတယ်။ ညီအစ်ကိုသုံးယောက် သထုံမြို့က ဒေါ်ဖွားသင်ကျောင်းမှာ ကျောင်းဆက်တက်ရတယ်။ အစ်ကိုက ပထမတန်းတက်ခွင့်ရတယ်။

* * *

## အဖေ့စရိုက်နဲ့ စိတ်ဓာတ်

ကျွန်တော်တို့ညီအစ်ကိုတစ်တွေဟာ စနစ်ဇယားကြီးတဲ့မိသားစုထဲမှာ ကြီးပြင်းခဲ့ရတယ်။ ဘုရားသုံးဆူမှာ ကွယ်လွန်သွားရှာတဲ့ ဦးသွင်ဆိုတာ အဖေတို့မိတ်ဆွေပါ။ ဦးသွင်ရဲ့သားကိုခွေးတို့ ပြီးတော့ကိုခွေးရဲ့မိတ်ဆွေရှေ့နေကိုအုန်းမောင်တို့နဲ့လည်း ခင်မင်ရင်းနှီးကြတယ်။ ရှေ့နေကိုအုန်းမောင်က ကျွန်တော်တို့မိသားစုရှေ့နေပါ။ သူ့ကို လစာပုံမှန်ပေးပြီး နှစ်နဲ့ချီပြီး အလုပ်လုပ်ခဲ့ကြ၊ လက်တွဲခဲ့ကြတာပါ။

ကော်မရှင်နာ ဦးခင်မောင်၊ ဒီစီဘတ္တလက်နဲ့ ဒေါက်တာနတ္တရာဂျင်တို့ ဆိုတာ အဖေ့မိတ်ဆွေအရင်းတွေပဲ။ တနင်္ဂနွေနေ့ဆိုရင် ဒီပုဂ္ဂိုလ်တွေ အဖေနဲ့ အတူလာနေကြပြီး အဖေကျွေးတာ မွေးတာတွေစားကြ၊ ရယ်ကြမောကြ၊ ပြောကြဆိုကြ၊ ဆွေးနွေးကြပေါ့။

အဖေ့ဆီမှာ "အပဲ့ကွန်းနား" တစ်ယောက်ရှိတယ်။ တရုတ်ပြည်ကနေ တကူးတကခေါ်ထားတာ။ အပဲ့ကွန်းနားကို အဖေက ဈေးဖိုးပေး။ ဈေးအဝယ်ခိုင်းပြီး အစားအသောက် သူပဲ တာဝန်ယူရတာ။ မိသားစုတစ်စုလုံးရဲ့ အိမ်မှာ အမေ့

အပြင် မိန်းမဆိုလို့ အသက်အတော်ကြီးတဲ့ ဒေါ်ဘိန်ဆိုတဲ့ အမျိုးသမီးကြီးတစ်ယောက်ပဲရှိတယ်။ မွန်အမျိုးသမီးကြီး။ ရုပ်ရည်ရော၊ ဥပဓိရောကောင်းခဲ့ပုံရတယ်။

အိမ်မှာ ဘယ်မိန်းကလေးမှ မရှိဘူး။ သားကိုးယောက်နဲ့ မိန်းကလေးတွေနဲ့ နီးစပ်ကုန်မှာစိုးလို့ထင်ပါရဲ့။ ကျွန်တော်တို့ပေါက်စနလေးတွေကတည်းက အောက်အော့ဖ်ဘောင်းလုပ်ထားတာ။ အမေက ယောကျ်ားလေးချည်း ကိုးယောက်မွေးတဲ့အခါ အမေရဲ့အစ်မကလည်း သမီးမိန်းကလေးချည်း ခြောက်ယောက်မွေးထားပြန်ရော။ အဖေက အမေ့ဘက်က တူမတွေတောင် အိမ်လာလည်တာ မကြိုက်ဘူး။ မိန်းကလေးသံကြားရင် မိန်းကလေးလာပြီဆိုရင် ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ အိပ်ခန်းထဲ၊ ရေချိုးခန်းထဲ၊ ရေအိမ်ထဲဝင်ပုန်းကြရတာ။ မေမေက ကျွန်တော်တို့ညီအစ်ကို သုံးယောက်ကို ကြက်သားအုပ်မကြီးက ကြက်သားပေါက်လေးတွေ ရင်အုပ်မကွာ အုပ်ထားသလို ထားခဲ့တယ်။

အမေက သူ့အရွယ်ရောက်ကတည်းက ကွယ်လွန်ခဲ့တဲ့အထိ ဆံထုံးနဲ့ ဘီးဆံပတ်ကြီးနဲ့နေတာ။ သထုံဓမ္မမေဒနီကျောင်းမှာ အလှူအတန်းရှိတယ်၊ စာပြန်ပွဲရှိတယ်ဆိုရင် အသံချဲ့စက်ကနေ "ဘုရားအစ်မ၊ ရဟန်းအစ်မ၊ ကျောင်းအစ်မ၊ သားကိုးယောက်တို့မိခင် ဒေါ်ကြင်သုန်တရားနာကြွပါခင်ဗျာလို့" ဖိတ်ကြားလေ့ရှိတယ်။ သထုံစာပြန်ပွဲကို ဝန်ကြီးချုပ်ဦးနုလည်း လာတတ်တယ်။ သူက နိုင်ငံရေးသမားဆိုတော့ မြို့မိမြို့ဖတွေကို ရောက်တုန်းရောက်ခိုက် စည်းရုံးတာမျိုးဖြစ်မှာပေါ့။

ဖေဖေက အိမ်ကိုဧည့်သည်လာရင် ဘာကိစ္စလဲ ဆီးမေးတတ်တယ်။ မျက်နှာထားဆိုးကြီးနဲ့ မဟုတ်သလိုလို လိုက်လံပျူငှာမှုလည်း သိပ်မရှိဘူး။ "အလည်တာပါ" "အလည်လာတာဆိုရင် ဒီမှာထိုင်" "ကျွန်တော်တို့လုပ်ငန်းကိုင်ငန်းကိစ္စလေး" လုပ်ငန်းကိစ္စဆိုရင် ဟိုကိုသွား ရှေ့နေဦးအုန်းမောင်ရှိတယ်။ "ငွေရေးကြေးရေး" "ငွေကြေးကိစ္စဆိုရင် ဟိုမှာ ငါ့နှမ ဒေါ်စိန်ရင်တို့ ဒေါ်ငြိမ်းတို့ရှိတယ် သူတို့ဆီသွား" အဲဒီလို စီမံခန့်ခွဲနေတာ။

တယ်တယ်မှာ သေနတ် ၂ လက်ရှိတယ်။ အဲသေနတ်တွေနဲ့ လက်တည့်လျှောက်စမ်းတတ်တယ်။ ခြံထဲမှာ အုန်းပင်တွေက အများကြီး။ အုန်းပင်ထက်က အုန်းသီးတွေဟာ အဖေ့သေနတ်လက်တည့်စမ်းစရာ ပစ်မှတ်တွေပေါ့။ လက်လည်းတည့်တယ်။ တယ်တယ့်သေနတ်က ဒိန်းဆိုတဲ့ အသံကြားရင် မကြာဘူး၊ ဘုတ်ဆိုတဲ့အုန်းသီးကြွေကျသံကြားလေ့ရှိတယ်။

အဖေက တိရစ္ဆာန်မွေးတာ ဝါသနာပါတယ်။ နွားတွေမွေးတယ်။ နွားကောင်းနွားလှတွေအဓိကထားမွေးတာ။ ထိုင်းနိုင်ငံဘက်အထိကူးပြီး နွားသွား

ဝယ်ရတယ်။ သထုံမြို့မှာ အဖေ့လိုပဲ နွားမွေးတဲ့သူ နောက်တစ်ယောက်ရှိသေးတယ်။ ဦးကော်တရာတဲ့။ ဦးကော်တရာဆီ နောက်ဆုံးရောက်လာတဲ့ နွားမကြီးက ဘယ်လောက်ကြီးတာ၊ ဘယ်လောက်ချောတာဆိုရင် အဖေ့စိတ်ထဲမှာ ကသိကအောက်ဖြစ်တယ်။ ဒီလိုပဲ ကြားထဲကနေ အဖေနဲ့ ဦးကော်တရာကြား ဟိုဘက်ဒီဘက် စကားပို့စကားသယ် လုပ်ကြတဲ့သူတွေရှိတယ်။ ဘယ်လိုစိတ်နဲ့မှ မဟုတ်ပါဘူး။ ပိုက်ဆံတတ်နိုင်တဲ့သူ နှစ်ယောက်ကြား စကားပို့ရင်းစား၊ စကားသယ်ရင်းစား မခံချင်စိတ်ကို ဆွကြ၊ အပျော်အပျက်လည်း ဖြစ်ချင်ဖြစ်မှာပေ့ါ။

နှစ်ယောက်ယှဉ်ရင် တယ်တယ်က ပိုပြီးအကဲဆတ်တယ်။ ရင်းတိုက်သားနဲ့ တစ်ယောက်စီ လှည်းတစ်စီးလုပ်ခိုင်းတယ်။ နွားတစ်ကောင်တည်း ကတဲ့လှည်း။ ပြီးတဲ့အခါ ဦးကော်တရာ အိမ်ရှေ့ဖြတ်ပြီး သူ့လှည်း၊ သူ့နွားလှကြောင်း၊ သန်ကြောင်းကြွားတာ။ ချူသံတလွင်လွင်နဲ့။ အဲဒီအိမ်ရှေ့ရောက်ရင် နွားငေါက်သံခပ်ကျယ်ကျယ်၊ တက်ခေါက်သံ ခပ်ပြင်းပြင်းအလုပ်ခိုင်းတာ။ တမင်ကို အလုပ်ခိုင်းတာ။ မခံချင်အောင်စတာ။

ဦးကော်တရာကလည်း အားကျဘယ်ခံမလဲ။ သူလည်း ရင်းတိုက်သားတစ်ယောက်စီးလှည်း လိုက်လုပ်တာပေ့ါ။ သူ့နွားက ပိုချောတယ်ထင်တာကိုး။ ရေနံ့ချေးကို ဝအောင်သုတ်ထားတာ။ သိပ်လှတာပေ့ါ။ မော်တော်ကားပြိုင်ကားတွေ ပြိုင်ကြသလိုမျိုး။

အဖေက အရင်သွားပြီး စိန်ခေါ်တာ "ကော်ကရာ မင်းလှည်းနဲ့ငါ့လှည်းပြိုင်မောင်းမလား" ဦးကော်တရာကလည်း ဘယ်နေလိမ့်မလဲ။ "ပြိုင်မယ်ကွ" တဲ့။ စိတ်ထဲမှာ လုပ်လိုက်လေ ကြာသလားလို့ဆိုတာမျိုး ခံစားနေပါလိမ့်မယ်။ နွားအကိုင်ကောင်းတဲ့ လယ်သမားတစ်ယောက်စီ နွားလှည်းပေါ်တင်ပြီး မြို့အပြင်ထွက်ပြိုင်နေကြတာ။

လောင်းကြေးမပါပါဘူး။ အပျော်သက်သက်ပါ။ ဒါပေမဲ့ ဂုဏ်တွေ၊ သိက္ခာတွေ၊ မာနတွေလောင်းကြေးတင်တဲ့ပွဲ။ တိုးတိုးတိတ်တိတ်ကျိတ်ပြိုင်တယ်ဆိုပေမဲ့ သူ့အသိုင်းအဝိုင်း ကိုယ့်အသိုင်းအဝိုင်း သူ့အမျိုး ကိုယ့်အဆွေကနေ တဖြည်းဖြည်းနွားသတင်း လူချင်းဆောင်လိုက်တာ၊ လော်စပီတာနဲ့ ဟစ်ထားသလား ထင်ရတယ်။ မြို့စွန်က ကွင်းပြင်မှာ ပွဲကြည့်ပရိသတ်တွေ မနည်းဘူး။

တယ်တယ် ရှုံးသွားတယ်။ သူ့တပည့်တွေကို မအေနှမနဲ့ဆဲ၊ ခွေးနဲ့နှိုင်းတယ်။ ဟော့ကောင်တွေ ငါသောက်ရှက်ကွဲပြီ။ ဒီမအေနွား မစွံဘူး။ စောက်သုံးမကျဘူး။ မျက်နှာနီကြီးနဲ့အော်တယ်။ ဒီတင်မပြီးသေးဘူး အဖေ မကျေနပ်သေးဘူး။ သွား၊ ဒီထက်ကောင်းတဲ့ နွားရှာချေလို့ ခိုင်းတတ်တယ်။ သူ့လက်စွဲ

တော် တပည့်ကျော်တွေကလည်း ကရင်ပြည်နယ်၊ တနင်္သာရီသာမက ထိုင်းဘက်အထိ သွားဝယ်ကြတာ။

ကျွန်တော်တို့အိမ်အနောက်ဘက်မှာ နွားခြံကြီးရှိတယ်။ တယ်တယ့်ဆီရောက်တဲ့နွားတွေ ကုသိုလ်ကံကောင်းကြတယ်။ နွားပေမဲ့ ပင်ပင်ပန်းပန်း အခိုင်းမခံရဘူး။ အကောင်ရေက များတာကိုး။ အလှည့်ကျရှန်းကြသွားကြရုံပဲ။ ပြီးတော့ အစာရေစာလည်း ဝအောင်ကျွေးတယ်။ နွားတွေက အချောအသန့်တွေချည်းပဲ။

ခွေးတွေကလည်း မွေးထားလိုက်သေးတယ်။ နွားပြိုင်ပွဲရှုံးတော့ ခွေးပြိုင်မယ်လုပ်ပြန်ရော။ ဦးကော်တရာက အဖေ့စိတ်ဓာတ်သိတော့ ပြိုင်မယ်ကွာ စိန်လိုက်ပဲ။ ခွေးပြိုင်မယ်ဆိုတဲ့သတင်းကလည်း ဘယ်လိုပေါက်ကြားသွားတယ်လို့ မသိဘူး။ ပရိသတ်က ရှိနေတာပဲ။ တကယ်တမ်းပြိုင်ကြတော့ ခွေးတွေက ဗမာမျိုး အရပ်ထဲ မြို့ထဲတွေ့နေကျ ခွေးမျိုးတွေဥစ္စာ။

သေသေချာချာ လေ့ကျင့်ထားတာမှ မဟုတ်ဘဲ။ ဘယ်ဟုတ်တိ ပတ်တိ ပြေးတတ်ပါ့မလဲ။ သူ့ဆရာကရှေ့ကနေ ဘယ်လိုခေါ်ခေါ် ဘယ်လောက်မှုတ်မှုတ်၊ ကိုယ့်ခြံနဲ့ဝန်းနဲ့မှ အဆင်ပြေပေမဲ့ ပရိသတ်တွေရှေ့၊ အနားမှာပြိုင်ဘက်ခွေးကလည်း ရှိနေတော့ ခွေးက အူကြောင်ကြား ဖြစ်နေတော့တာ။ လမ်းမှာတင် ပစ်ဆောင့်ကြောင့်ထိုင်ချပြီး နားရွက်တို့လည်ကုပ်တို့ အယားဖျောက်ချင်ဖျောက်နေကြတာ။ ပထမပွဲက ပျော်ဖို့၊ ရယ်ဖို့သက်သက်ဖြစ်သွားတယ်။ နောက်တော့ အဖေက သူ့ခွေးကို သေသေချာချာပြေးတတ်အောင် လေ့ကျင့်တယ်။ တော်တော့ကို ပြေးနိုင်ပြီး ခြေလှမ်းကျယ်တဲ့ခွေးတစ်ကောင် သူ့စိတ်တိုင်းကျ လေ့ကျင့်ပေးတယ်။ နောက်ပွဲတွေ စိန်ခေါ်တော့ ဦးကော်တရာက မပြိုင်တော့ဘူး။ ပြိုင်ရင် သူရှုံးမှာသေချာတယ်။ "ကြံကြံဖန်ဖန် သူဌေးတန်ဟုတ်ဝမ်"

အဖေက ဒီစီတို့ကော်မရှင်နာတို့ကို တနင်္ဂနွေနေ့ဖိတ်ပြီး ကျွေးမွေးတတ်တယ်။ တစ်ခုတော့ တနင်္ဂနွေနေ့ကတော့ ကော်မရှင်နာရယ်၊ ဒီစီရယ်၊ ဆရာဝန်ကြီးရယ်အပြင် ဆွေမျိုးတွေရော၊ သူ့တပည့်တွေပါ ကျွေးမွေးပြီး သူ့ခွေးကို ရွှေတံဆိပ်ဆုချတယ်။ ခွေးရဲ့လည်ပင်းမှာ ဖဲပြားအနီလေးနဲ့ ရွှေဒင်္ဂါးပြားဆွဲပေးလိုက်တာ၊ ဦးကော်တရာကို မရည်ရွယ်ပေမဲ့ ဒီအကြောင်း ဦးကော်တရာရဲ့နားရောက်မှာ သေချာတယ်။ သူဌေးဦးကော်တရာလည်း ရောက်လာတော့ အဖေက ထမင်းစားခေါ်တယ်။

ဦးကော်တရာက လက်ခါပြပြီး ပါးစပ်ကနေ မစားတော့ပါဘူးကွာ၊ ကျေးဇူးပါပဲလို့ ပြောတယ်။ အဖေ့ပါးစပ်က စကားတစ်ခွန်း ဘာရယ်မဟုတ်ဘဲ

လွတ်ခနဲ ထွက်သွားတယ်။ "စကားသည်ဓား" တဲ့။ သိပ်ကြောက်ဖို့ကောင်းတယ်။

"မင်းလည်း ချမ်းသာတာပဲ၊ တစ်ခါတလေ ဒီလိုလည်း ကျွေးဦးမှာပေါ့၊ ငါ တနင်္ဂနွေအတိုင်း ကျွေးမွေးနေတာ မင်းမတွေ့ဘူးလား" လို့ ပါးစပ်က ထွက်သွားရော။ ဦးကော်တရာက ငါလည်းချမ်းသာပါတယ်ကွလို့ အသံမာမာကြီး ပြန်ပြောလိုက်ပုံနဲ့ မျက်နှာထားကြီး ချက်ချင်းဆိုးသွားသတဲ့။ အဖေ့စကားက သူ့မာနကို တိုက်ရိုက်ထိခိုက်သွားတယ်လေ။

"ဩော် ဒီလိုဆို မင်းငါ့ထက်ချမ်းသာတယ်ပေါ့" "ချမ်းသာတယ်လေ" "ဟားဟား... ငါ့ထက်ချမ်းသာတဲ့လူနဲ့မှ လာတွေ့နေရပါလား" ပေါ့ပေါ့ပါးပါး အပြောင်အပြက်ပြောနေရာက အဖေ့စိတ်ထဲမှာ တစ်ချက်မျက်သွားပြီး၊ မျက်နှာကြီးနီလာတယ်။

အနားမှာရှိတဲ့ တပည့်တစ်ယောက်ကို အဖေက အသံမာမာနဲ့ "ဟေ့ကောင် ရှေ့နေကိုအုန်းမောင် သွားခေါ်ချေ" လို့ အော်လိုက်ရော။ ခါတိုင်း ရှေ့နေဦးအုန်းမောင်လို့ခေါ်လေ့ရှိတာ၊ ဒေါသစိတ်၊ မာန်မာနစိတ်နဲ့ဆိုတော့ ကိုအုန်းမောင်တွေ ဘာတွေဖြစ်ကုန်ရော။

ရှေ့နေကလည်း အဖေက ခဏချက်ချင်းလိုက်ခဲ့ဆိုလို့ လုပ်လက်စ အလုပ်တွေအသာချပြီး ချက်ချင်းကောက်ခါငင်ခါလိုက်လာတယ်။ လာခေါ်တဲ့ လူငယ်လေးကို ဘာလို့အခေါ်လွှတ်တာလဲဆိုတာကို မေးတော့ လူငယ်လေးကလည်း ရေလည်အောင် မပြောတတ်ဘူးလေ။

အိမ်ရောက်တော့ အဖေကအဖြစ်အပျက်အကုန်ပြောပြီး ဦးကော်တရာကို အသရေပျက်မှုနဲ့ စွဲရမယ်တဲ့။ ဦးအုန်းမောင်က မိတ်ဆွေအရင်းချင်းတရား တပေါင်မဖြစ်ကြပါနဲ့ အပျော်အပြက် ပြောကြဆိုကြရင်း အခန့်မသင့်ဖြစ်သွားတာပါ။ စိတ်အေးအေးထားပြီး ခွင့်လွှတ်လိုက်ပါလို့ ဖျောင်းဖျောင်းဖျဖျပြောတော့ အဖေက ခင်ဗျားမစွဲရင် ကျုပ်စွဲမယ်ဖြစ်ကရော။ ဒီအမှုကျုပ်ကိုယ်တိုင် လျှောက်လဲမယ်။ သွားရုံးကို ဦးတိုက်လျှောက်မယ်။ နာရီကို တစ်ချက်ကြည့်ပြီး ဟ "မှီသေးတယ်ရုံးမဆင်းသေးဘူး"

ဦးအုန်းမောင်တစ်ချက်စဉ်းစားပြီး ခေါင်းကုတ်နေမိတယ်။ ပြီးမှအဖေ့စိတ်ဓာတ်ကိုသိလို့ ရုံးကိုသွားပြီး ဦးတိုက်လျှောက်ရတယ်။ ရုံးက ရက်တစ်ပတ်လောက်ခွာပြီး တနင်္လာတစ်နေ့ကို ချိန်းလိုက်တယ်။

ရုံးကအမှုကို လက်ခံပြီးနောက် တနင်္လာကို ချိန်းတယ်ဆိုရင်ပဲ အမေ့ကို အဖေက "ကြင်သုန် ငါ့ကိုပိုက်ဆံအကြွေစေ့ အမျိုးစုံအောင်စုပေးစမ်း။ မူးစေ့ မတ်စေ့ ကျပ်စေ့စုံပါစေ။ ပြီးတော့ ရွှေဒင်္ဂါးပြားတွေလည်း ပါစေချင်တယ်။

သူ့အမျိုးနဲ့သူ အိတ်တစ်အိတ်စီထည့်ထား”
အမေက အဖေဘာဖြစ်လို့ သူ့ကို ဒီလိုပိုက်ဆံတွေ အစုခိုင်းတယ်ဆိုတာ မသိပေမဲ့ အဖေခိုင်းတော့ ခိုင်းတဲ့အတိုင်းလုပ်ပေးရှာတယ်။ နောက်ပြီးတော့ တစ်ခုခိုင်းသေးတယ်။ အဲဒါကတော့ ခေါက်ဆွဲကြော်ရောင်းတဲ့အနန်ကို သွား အခေါ်ခိုင်းသေးတယ်။ အနန်ကလည်း အဖေခေါ်တယ်ဆိုတော့ လိုက်လာတယ်။ ကျွန်တော်တို့ မိသားစုရဲ့ဖောက်သည် အနန်က အဖေ့အမှာစကားကြားတော့ ဝမ်းသာတဲ့ သူ့မျက်နှာကြီးဟာန်မလုပ်နိုင်ဘူး။
“လာမယ့် တနင်္လာနေ့ကြရင် တရားရုံးကိုလာခဲ့။ ခေါက်ဆွဲကြော်စရာ တွေယူခဲ့၊ ရုံးကိုလာသမျှလူတွေ ငါ့စတုဒိသာ ခေါက်ဆွဲကြော်ကျွေးမယ်၊ မမေ့ နဲ့နော်” တဲ့။
တနင်္လာနေ့ကြတော့ ရုံးသွားကြမယ်ဆိုတော့ ဘယ်သူမှမလိုက်ချင်ကြ ဘူး။ ကျွန်တော်တို့ကို ရေမိုးချိုး အဝတ်အစားလဲခိုင်းပြီး အန်းကူလာ ကားပေါ် တက်လို့ ပြောတယ်။ မလိုက်ချင်ကြသူတွေကလည်း အဖေ့ကြောက်ကြတော့ လိုက်လာကြတယ်။ ကျွန်တော်ကလည်း ရုံးမှာ စားရသောက်မှာသိနေတော့ ပျော်နေတာပေါ့။ ရုံးနားရောက်တော့ လူတွေစုစု စုစုနဲ့ အဝေးကမြင်နေရပြီ၊ စိတ်ဝင်စားကြတယ်မဟုတ်လား။ သထုံမြို့မျက်နှာဖုံးနှစ်ယောက် အချင်းဖြစ်တဲ့ အမှုလေ။ ပြီးတော့ တရားရုံးလာနားထောင်ကြတဲ့ပရိသတ်ကို ခေါက်ဆွဲ တစ်ယောက်မကျန်ကျွေးပြီး စတုဒိသာလုပ်နေတော့ စည်တော့တာပေါ့။ တချို့က အိမ်ကိုပြန်ပြီး အိမ်မှာကျန်ခဲ့တဲ့ မိသားစုခေါ်သူခေါ်၊ အိမ်နားနီးချင်း လက်တို့ သူတို့ကြနဲ့၊ ပွဲခင်းလေးတစ်ခုပါပဲ။
အဖေက ဝီရိယကောင်းကောင်းနဲ့အချိန် အတိအကျရောက်ပေမဲ့ ဦးကော်တရာရောက်မလာဘူး။ ဒါနဲ့သွားခေါ်ကြရတယ်။ ဦးဟုတ်ဝမ်က အခေါ် လွှတ်တယ်ဆိုတော့ ခင်မင်နေတဲ့လူချင်းမို့ ဦးကော်တရာတင်မကဘူး။ မိသားစုပါ အားလုံးလိုက်လာကြတယ်။ သူတို့မိသားစုတွေကိုလည်း ခေါက်ဆွဲကြော် ကျွေး တာပဲ။
ရှေ့ဖတ်စာရေးက အမှုစွဲရတဲ့ အကြောင်းစွဲချက်ဖတ်တော့ တစ်ရုံးလုံး ငြိမ်လို့။ စိတ်ဝင်စားစရာကောင်းနေတာကိုး။ ရှေ့နေဦးအုန်းမောင်ရှိတယ်။ သူက ဘာမှမပြောဘူးထိုင်ပြီး နားထောင်နေတာပဲ။ အဖေက သူ့အမှု သူကိုယ်တိုင် လိုက်တဲ့သဘော။
သတင်းစာထဲလည်းမပါ၊ တယ်လီဖုန်းတွေကလည်း အခုခေတ်လို အများကြီးရှိတာမဟုတ်ဘူး။ အသံချဲ့စက်နဲ့လိုက်ပြီး ဗျို့ဟစ်ထားသလိုပဲ။ သထုံ

မြို့ပရိသတ်က အဖေ့ကို နွားပြိုင်ပွဲ၊ ခွေးပြိုင်ပွဲတောင် အတော်စည်တာဆိုတော့ အခုလည်း ရုံးမှာလူတွေအများကြီး ခေါက်ဆွဲကြော်ကျွေးရတဲ့အနန်က သဘောတွေကျနေတာပေါ့။

ဦးကော်တရာဟာ ကုန်ခြောက်ရောင်းတဲ့သူဌေးတစ်ယောက်ပါ။ မိသားစုချင်းလည်း တော်တော်ကိုခင်ကြတာ။ ရုံးတော်မှာ အဖေက သူ့ဘာဖြစ်လို့ ဦးကော်တရာကို အသရေဖျက်မှုနဲ့ တရားစွဲတယ်ဆိုတာ စီကာပတ်ကုံးလျှောက်လဲတယ်။ အဖေလျှောက်လဲနေတုန်းမှာ ဦးကော်တရာကလည်း၊ ဟာ… မဟုတ်ပါဘူးကွာ။ ဟင်… မင်းကလည်းကွာ။ ဟုတ်သေးပါဘူးကွာ၊ တရားစွဲလောက်လို့လားကွာနဲ့ ဖြတ်ဖြတ်ပြောနေတာ။ တရားခွင်နဲ့တောင်မတူဘူး၊ လက်ဖက်ရည်ဆိုင်တို့ ဧည့်ခံပွဲတို့မှာ သူငယ်ချင်းနှစ်ယောက် အလွတ်သဘောပြောနေကြသလိုပဲ။

အဖေက ဟုတ်တယ်၊ မဟုတ်ဘူးတွေ ငါ့ကို မပြောရဘူး၊ တရားသူကြီးမင်းကို မင်းဘာသာလျှောက်လဲရမှာတဲ့။ ကဲ… ဒီစီတို့ ကော်မရှင်နာတို့ရှေ့မှာမင်း ငါ့ထက် ချမ်းသာတယ်လို့ ပြောတာဟုတ်လား၊ အဖေက လုပ်ချလိုက်ရော "ဟာကွာ မင်းက နောက်သလို ပြောင်သလိုပြောတာပါ"

"မဟုတ်ဘူး ငါ့ကိုမပြောနဲ့ တရားသူကြီးကို လျှောက်လဲ"

ရှေ့ဖတ်စာရေးတွေ တရားသူကြီးတွေ စွဲချက်တွေ တရားရေးဘက်က ပုဂ္ဂိုလ်တွေ မရွှင်ပျကြပေမဲ့ ပရိသတ်ကတော့ သဘောတွေကျနေကြတာပေါ့။

လျှောက်လဲတာတွေ ပြီးလို့ထုချေတာတွေပါ ပြီးတဲ့အခါ တရားသူကြီးက ပြုံးပြီး စဉ်းစားနေတယ်။

ဦးကော်တရာက သူ့အကုန်မှားကြောင်းဝန်ခံသတဲ့။ အမှုက ဒါမှ မြန်မြန်ပြီးမှာကိုး။ အပြစ်ပေးမှာသာ ပေးပါတရားသူကြီးလို့ဖြစ်ကရော။ ဦးကော်တရာကပေးတဲ့ အပြစ်ကို ခံယူပါမယ်ဆိုတာကို အဖေက မကျေနပ်သေးဘူး။ အတွန့်တက်တယ်။

တရားသူကြီးမင်းခင်ဗျာ၊ သူ့ကျွန်တော်ထက်ချမ်းသာရင် သူ့ကိုသက်သေအပြခိုင်းပါ။ ကျွန်တော်ကတော့ ကျွန်တော့်ချမ်းသာမှုကို သက်သေပြနိုင်ပါတယ်တဲ့။

တရားသူကြီးက "ဘယ်လိုသက်သေပြမလဲ" လို့မေးတော့ အပေါင်ဆိုင်တစ်ဆိုင်ပိုင်ပါတယ်၊ ပြီးတော့ ဆက်ပြောသေးတယ်။ "မင်း ၁၁ ဆက်မြောက်ကျော့ဘုရင်ခေါင်းဒင်္ဂါးရုံးတော်မှာတင်ပြကွာ" "မင်းကလည်းကွာ အခုတော့ ဘယ်ပြနိုင်မှာလဲ"

ဦးကော်တရာက ဂျော့ဘုရင်ခေါင်းဒင်္ဂါးတစ်ပြားနဲ့ တစ်ဖိုးကျတဲ့ ဒီပြင် ငွေစက္ကူတွေ ထုတ်ပြပါလေရော။

"ဟာ မင်းဟာကလည်းကွာ။ ငါ့ထက်ချမ်းသာတယ်လည်းဆိုသေး ငွေဒင်္ဂါးတစ်ကျပ်၊ ရွှေဒင်္ဂါးတစ်ကျပ် တင်ပြပါလား။ ဟာ ရှုပ်ပါတယ်ကွာ ဂျော့ဘုရင်ခေါင်းတစ်ပဲတန်ပဲပြပါလား"

ဦးကော်တရာမှာ ဘယ်လိုလုပ်ပြီး အကြွေပါပါ့မလဲ၊ ဦးကော်တရာ ပြုံးပြီး ခေါင်းယမ်းနေရတယ်။

"မင်းကြည့်ထား၊ တန်ဟုတ်ဝမ် ဘယ်လောက်ချမ်းသာသလဲဆိုတာ ပြမယ်"ဆိုပြီး အိမ်ကအသင့်ထုတ်လာတဲ့ ဂျော့ဘုရင်ဒင်္ဂါးအမျိုးမျိုးကို အိတ်တွေထဲက ထုတ်ပြတယ်။ အဖေက ဘဏ်မှာ အပ်ထားတဲ့ ငွေစာရင်းနဲ့ သူနှစ်စဉ်အမြတ်ခွန်ဘယ်လောက်ဆောင်ရတယ်ဆိုတာ စာရွက်စာတမ်းနဲ့ပြတာလေ။

အမေ့မျက်လုံးမှာ မျက်ရည်စတွေနဲ့ ဦးကော်တရာဇနီးလည်း မျက်စိပျက်မျက်နှာပျက်နေတော့တာပေါ့။ ကျွန်တော်က ပိုဆိုးတယ်။ ဦးကော်တရာက ကျွန်တော့်ကို သိပ်ချစ်တဲ့ မွေးစားအဖေလေ။ သူ့အိမ်မှာ လာနေဖို့ကို ခဏခဏခေါ်နေတာ။ ငယ်သေးပေမဲ့ ဒီလိုကြီးလုပ်နေတာတော့ ခံစားတတ်တယ်။ အမေနှစ်ယောက်ရဲ့မျက်နှာကို ကျွန်တော်အကဲခတ်မိတာလည်းပါတယ်။ အဖေကတော့မရပ်ဘူး ဆက်သေးတယ်။

"ချမ်းသာတဲ့လူဆိုတာ ဒီလိုပြည့်စုံရတယ်။ ကဲမင်းတောင်းချင်တဲ့ ဒင်္ဂါးအမျိုးအစားတောင်း၊ ရုံးတော်ရှေ့မှာ ငါထုတ်ပြမယ်။"

"ရွှေဒင်္ဂါးရော၊ ငွေဒင်္ဂါးရော၊ ကြိုက်ရာကို တောင်းလိုက်" အဲဒီလိုပြောပြီး သူ့စကားကို ခဏရပ်ပြီး အဖေက အရသာခံနေလိုက်သေးတယ်။ စက္ကန့်သုံးဆယ်လောက်ကြာမယ်ထင်တယ်။ ပရိသတ်ကပြုံးပြီး ငြိမ်နားထောင်နေကြတယ်။ တချို့ကလည်း ဦးကော်တရာကို သနားတဲ့အကြည့်နဲ့ ကြည့်နေကြတယ်။ "တရားရုံးကတော့ တန်ဟုတ်ဝမ်၊ ပိုချမ်းသာတယ်လို့ ဆုံးဖြတ်မှာပဲ။ ဒါပေမဲ့ ဒီလိုဆုံးဖြတ်ရုံနဲ့မပြီးသေးဘူး။ အများပြည်သူက ငါတို့နှစ်ယောက် ဘယ်သူ ပိုချမ်းသာသလဲ ဆုံးဖြတ်မှ ပိုပြီးမှန်လိမ့်မယ်။"

အဖေက သူကျွေးတဲ့ခေါက်ဆွဲကြော်တွေစားထားတဲ့ ပရိသတ်ဘက်လှည့်ပြီး "ကဲလူကြီးမင်းများ ကျေးဇူးပြုပြီး ဆုံးဖြတ်ပေးစေလိုပါတယ်။ ဦးကော်တရာနဲ့ တန်ဟုတ်ဝမ် ဘယ်သူပိုပြီးချမ်းသာသလဲထိအောင် ဆုံးအောင် မမေးလိုက်ရဘူး။ လူတွေက ဝိုင်းပြီး "တန်ဟုတ်ဝမ်" "တန်ဟုတ်ဝမ်" လို့ဝိုင်းပြီး အော်ကြတယ်။ သထုံမြို့မှာတော့ အဲဒီခေတ်အဲဒီအခါက ပြောစမှတ်ပြုကြတဲ့ စကား

နှစ်အတော် ကြာတွင်နေလေနဲ့။

"ဟုတ်ဝမ်ကွာ လုပ်လိုက်ရင် ကြဲကြဲဖန်ဖန်ချည်းပဲ" တဲ့။ အမှုပြီးသွားတော့လည်း စိတ်ထဲဘယ်လိုမှမနေသလို ဦးကော်တရာကလည်း ဘယ်လိုအညှိုး၊ ဘယ်လိုအတေး၊ ဘာအာဃာတမှ မထားဘူး၊ ချီးကျူးဖို့ကောင်းတယ်။ တော်ရုံတန်ရုံလူဆိုရင် လူများရှေ့မှာ အရှက်ခွဲသလိုကိစ္စမျိုး ဘယ်ခွင့်လွှတ်၊ ကျေးအေးလိမ့်မလဲ၊ အေးနေနှင့်ဦးပေါ့ ဟုတ်ဝမ်ရာ။ တစ်ကွေ့ကွေ့တွေ့ကြတာပေါ့။ အလှည့်ကျ မနွဲ့စတမ်း တန်ဟုတ်ဝမ်ရေ ဒီလိုနေကြမှာ၊ ဦးကော်တစ်ရာက တန်ဟုတ်ဝမ် စိတ်ဓာတ်ကိုသိပြီး သဘောထားကြီးပေလို့၊ ပိုပြီးချီးကျူးအသိအမှတ်ပြုဖို့ ကောင်းတာက ဦးကော်တရာရဲ့ဇနီးနဲ့ သူ့မိသားစုဝင်တွေပဲ။ ကိုယ့်လင့်ကိုယ့်အဖေ၊ ကိုယ့်အဘရုံးတော်မှာ ဒီလိုဖြစ်ခဲ့တာ သူတို့ကလည်း တန်ဟုတ်ဝမ်အပေါ် နားလည်ကြတာ ချီးကျူးဖို့ကောင်းတယ်။

* * *

## ဟုတ်ဝမ် အပေါင်ဆိုင်

ကျွန်တော်တို့မျိုးရိုးတွေဟာ အပေါင်ဆိုင်ဖွင့်ကြတဲ့ မျိုးရိုးမဟုတ်ဘူး။ ကွမ်တုန်တရုတ်လူမျိုးတွေပဲ ဒီအလုပ်လုပ်စားကြတာများတယ်။ အဖေ့မှာ ဒီစိတ်ကူးရှိလေတော့ သူ့မိတ်ဆွေများနဲ့ တိုင်ပင်တယ်။ တရုတ်အသိုင်းအဝိုင်းကရော သူငယ်ချင်းအပေါင်းအသင်းတွေကပါ ဒီအလုပ်ကို မလုပ်စေချင်ဘူး။ ဒါပေမဲ့ ဘယ်သူတားတား၊ တားလို့မရဘူး၊ အဖေက အလုပ်အမျိုးစုံအောင် လုပ်ဖူးချင်တာတဲ့။ ဒါနဲ့ ဂါတ်တဲဘေးမှာ အပေါင်ဆိုင်သွားဖွင့်တယ်။ "ဟုတ်ဝမ် အပေါင်ဆိုင်" လို့ ဆိုင်းဘုတ်တပ်တယ်။ သူ့ရဲ့လက်ရင်းတပည့် လိုင်ဂျူကို အပေါင်ဆိုင် မန်နေဂျာတာဝန်ခံခန့်တယ်။

ကျွန်တော်ငယ်သေးပေမဲ့ အဖေခိုင်းတော့ ကူညီလုပ်ကိုင်ပေးရတယ်။ မော်လမြိုင်က ဘဏ်မန်နေဂျာဆီကို အဖေက စာရေးပေးလိုက်တယ်။ တနင်္ဂနွေသွား၊ တနင်္လာ ဘဏ်ဖွင့်တော့ မန်နေဂျာနဲ့ တွေ့ပြီး ပြန်လာခဲ့တာပဲ။ စာထဲမှာလည်း အဖေက ပြည့်ပြည့်စုံစုံရေးပေးလိုက်တယ်။ ရွှေတွေ ဘဏ်မှာ သွားပေါင်ရတာ ပြီးတော့ ဘဏ်က ပိုက်ဆံထုတ်ရမှာ။ ဟုတ်ဝမ်အပေါင်ဆိုင်ကို လာပေါင်ထားတဲ့ရွှေတွေကို မော်လမြိုင် ယူနီယံဘဏ်မှာ သွားပေါင်လိုက်တာပါ။ ဘဏ်မန်နေဂျာက ရာဖြတ်အရာရှိဆီ အသွားခိုင်းပြီး တန်ဖိုးသင့်ပေးလိုက်တဲ့ငွေကို

ပိုက်ပြန်ခဲ့တာပဲ။ အရွယ်ငယ်သေးပေမဲ့ အကြောက်အလန့်မရှိသလို အမှားအယွင်းလည်း မရှိခဲ့ဘူး။

ဒါပေမဲ့ တစ်နေ့ကြတော့ ပြဿနာတစ်ခုတက်ပါလေရော။ အမျိုးသမီးတစ်ယောက်က သူပေါင်ထားတဲ့ ရွှေတွေကို နှစ်ရက်ပဲထားပြီး ချက်ချင်းလာရွေးပါလေရော။ မန်နေဂျာလိုင်ဂျူ ခေါင်းနပန်းကြီးသွားတယ်။ ငယ်ထိပ်မြွေပေါက်သလို ဖြစ်သွားတယ်။ မနေ့ကမှ ဒီသူဌေးနဲ့ ရွှေတွေ မော်လမြိုင်ယူနီယံဘဏ်သွားပေါင်ခဲ့တာ။ လိုင်ဂျူခမျာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ ဟုတ်ဝမ်ဆီပြေးလာပါလေရော။ သူ့ကို ချေချေငံငံပြောပြကွာ ဒီကိစ္စဘာမှခက်တာ မဟုတ်ဘူး။

“အစ်မကြီး... အစ်မကြီးရဲ့ပစ္စည်းကို လကုန်မှာယူလိုက်ပါ။ ကျွန်တော်တို့အတိုးတစ်ပြားမှ မယူပါဘူး၊ ခင်ဗျားငွေလိုရင်ထပ်ယူပါလို့ ကျွန်တော့်ဆရာကမှာပါတယ်။ ဆရာတန်ဟုတ်ဝမ်က ကိုယ့်လူအချင်းချင်းမို့ အတိုးတစ်ပြားမှ မယူတာပါ” တန်ဟုတ်ဝမ်က အဲဒီလိုပြောတယ်လို့ လိုင်ဂျူကို သင်ပေးလိုက်တယ်။

အမျိုးသမီးကြီးကလည်း ကျေနပ်ပြီး “ဩော် ဦးတန်ဟုတ်ဝမ်က အဲဒီလိုပြောသလား ကောင်းပါပြီ ဒါဆိုရင် လကုန်မှာပဲ ပစ္စည်းလာယူပါ့မယ်” ဖြစ်သွားရော။

အဖေ နောက်တစ်ခွန်းမှာလိုက်သေးတယ်။ အဲဒီတစ်ခွန်းကလည်း စီးပွားရှာရာမှာ ဒီလိုအပြောအဆိုမျိုး လိုအပ်တယ်။ ကိုယ်ကနောက်မှဖွင့်တဲ့အပေါင်ဆိုင်၊ ပြီးတော့ အပေါင်ဆိုင်မျိုးရိုးမဟုတ်ပေမယ့် ကိုယ့်ဆီမှာ အမြဲလာချင်အောင် လိုင်ဂျူကိုသင်လိုက်တယ်။

“နောင်လည်း ဒီဆိုင်ကိုပဲ ကြွခဲ့ပါ။ ဘာပစ္စည်းမှမပါလည်း ဆောင်ရွက်ပေးပါမယ်။ ကိုယ့်လူအချင်းချင်း မိတ်ကောင်းဆွေကောင်းလို့ အောက်မေ့ပါ အစ်မကြီး...”

အမျိုးသမီးပြန်သွားတော့ တန်ဟုတ်ဝမ်က ကျွန်တော့်ကို မီရာကားမီရာရထားနဲ့ ခရီးအထွက်ခိုင်းတယ်။ မော်လမြိုင် ယူနီယံဘဏ်ကို အမြန်ပြေးခဲ့ရတယ်။ ဟိုအမျိုးသမီးရဲ့ရွှေတွေကို ပြန်ရွေးခဲ့ရတယ်။ မော်လမြိုင် ယူနီယံရဲ့ဘဏ်မန်နေဂျာက ဒီလိုလုပ်တဲ့အတွက် ဘာမှမပြောဘူး။ သူတို့ရစရာရှိတာ ရလိုက်ပြီလေ။

* * *

## ကံဆိုးတဲ့နှစ်ကာလများ

ဥစ္စာဆိုတာရှာလို့ လွယ်ပေမဲ့ ဆုံးရှုံးစရာရှိတော့ အလွယ်ကလေး။ ဂျပန်တွေ မြန်မာမြေပေါ်ရောက်လာတော့ နယ်ချဲ့မိစ္ဆာတွေကို မောင်းထုတ်မယ့်သူတော့လာပြီဆိုပြီး လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြတယ်။ နောက်တော့ ဖက်ဆစ်က ဇာတိရုပ်ပေါ်လာတယ်။ ဂျပန်ဘီလူးအစွယ်ပြူးလာတယ်။

ဂျပန်ဝင်စမှာပဲ အိန္ဒိယပြည်က ပို့လိုက်တဲ့ ပတေးပဒုမ္မာပိတ်အုပ်တွေ၊ တိုးဘရက်ကိုးအထည်အလိပ်တွေ ရောက်ချလာရော။ ဘေထုပ် အထုပ်တစ်ရာရောက်လာတာ။ ဟုတ်ဝမ်က သူ့မိတ်ဆွေဒီစီတို့ကို အကူအညီတောင်းတယ်။ ကော်မရှင်နာကိုလည်း ပြောထားပြီးပြီ။ မကူညီလို့မရဘူး၊ ဒီပစ္စည်းတွေသယ်ဖို့ လှည်းအစီး (၁၀၀) လိုတာ ဒီစီတို့ ဝိုင်းကြဝန်းကြပေလို့။ လှည်းငါးစီးကို လက်နက်ကိုင် ရဲနှစ်ယောက်ပေးရသေးတယ်။ ခေတ်ကပျက်စပြုနေတော့ အစောင့်အရှောက်လည်းပါမှ။ တောကြောင်တွေရန်ကလည်း ရှိတယ်လေ။ ဘေထုပ်တွေက စည်ပတ်သံပြားနဲ့ အကျအနထုပ်ပိုးထားတာ။

လှည်းတွေပေါ် ဘေထုပ်ကြီးတွေ တင်ပြီးယင်းတိုက်ရွာကိုပို့ရတယ်။

ဂျပန်က သထုံမှာ တပ်ရှိတော့ အင်္ဂလိပ်လေတပ်က ကျွဲညီနောင်ကို လွှတ်လိုက်တယ်။ သထုံမြို့ကို အင်္ဂလိပ်ကြဲတဲ့ ပထမဆုံးဗုံးက ကျွန်တော့် အဘိုးနဲ့ အဘွားတို့ပိုင်တဲ့ အိမ်ပေါ်တည့်တည့်ကျတယ်။ ဂဝံကျောက်တွေနဲ့ ဆယ်လေးလက်မထုရှိတဲ့ နှစ်ထပ်အဆောက်အဦ ကျွဲညီနောင်လက်ချက်နဲ့ တစ်ခါတည်း ပွင့်ထွက်သွားတယ်။ ရစရာမရှိအောင်ဘဲ။ ဦးတန်ပွ ဒေါ်ကြင်လေးတို့အိမ်တော့ ဗုံးဒဏ်မိသွားပြီဆိုတဲ့ သတင်းက ကြံပုပ်ရွာအထိ လိုက်လာတယ်။

ဒီသတင်းဆိုးလည်းကြားရော တန်ဟုတ်ဝမ်က နွားလှည်းအမြန်ရှာပြီး သထုံသွားမယ်လုပ်ရော။ အမေတို့ ဆွေမျိုးမိတ်ဆွေတွေ ဦးစောဘသိန်းတို့က ဝိုင်းတားကြလို့ မနက်နေထွက်တော့မှ သွားရတယ်။ နွားလှည်းကို သူ့တပည့် တန်ဘီကို အမောင်းခိုင်းတယ်။ ဒီကုလားလေးက နွားလှည်းအမောင်းတော်သလို ယုံကြည်စိတ်ချရတယ်။ တန်ဘီပြန်ပြောပြတာတော့ သူ့လှည်းကိုမြန်မြန်မောင်းတာကိုပဲ မင်းတို့ဟုတ်ဝမ်က နှေးတယ်လို့ထင်သတဲ့။

ကြံပုပ်နဲ့ သထုံငါးမိုင်လောက် ဝေးတာဘာမှမကြာလိုက်ဘူး။ ဒါပေမဲ့ သထုံမြို့ထဲဝင်လာတော့ လှည်းကိုအမြန်မမောင်းရတော့ဘူး။ ပုံမှန်ပဲ အမောင်းခိုင်းသတဲ့။

အဖေက ကမ္ဘာစစ်ကြီးဖြစ်တော့မယ်ဆိုတာ ကြိုတင်တွက်ဆထားပြီး

သား။ ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်း၊ စစ်အပြင်အဆင်ကို နားစွင့်နေတဲ့သူ။ ဒါကြောင့် သူပိုင်ဆိုင်တဲ့ ပိုက်ဆံတွေ ဘဏ်ကနေကြိုပြီး ထုတ်ထားနှင့်တယ်။ ငွေစက္ကူအနေနဲ့မဟုတ်ဘူး။ ငွေဒင်္ဂါးအနေနဲ့ ထုတ်တာ။ ပြီးတော့ အဲဒီဒင်္ဂါးပြား တွေကို ကင်းဗတ်စတွေနဲ့ချုပ်ထားတဲ့ အိတ်တွေနဲ့သွပ်ထားတာ။ အဲဒီငွေဒင်္ဂါး တွေကို ဘဏ်ကနေ အိမ်သယ်တာလည်း တစ်နေ့နည်းနည်းစီ ဣန္ဒြေမပျက် သယ်နေတာ။ အဲဒီပိုက်ဆံတွေကို အိမ်ဝင်းထဲကရေတွင်းကြီးထဲအသာချထား တယ်။ ပြီးတော့မှ ရေတွင်းအပေါ်က ပျဉ်တို ပျဉ်စတွေ ဖြုတ်စဖြင်းတောင်းတွေ အသာတင်ထားတယ်။

သထုံက အိမ်ပျက်ကြီးကို တွေ့တဲ့အခါ အဖေတော်တော်စိတ်ဓာတ်ကျ သွားသတဲ့။ တန်ဘီနဲ့ ဆရာတပည့်နှစ်ယောက်အိမ်ပျက်ကြီးကိုလာပြီး ဟိုဟာရှေ့၊ ဒီဟာသယ်၊ ရေတွင်းပေါ်က အစုတ်အပြတ်တွေကိုရှင်း။ လူသူလေးပါးရှင်းအခါ ငွေဒင်္ဂါးထုတ်အချို့ကိုယူပြီး ရွာပြန်ကြတယ်။ ရေတွင်းကြီးကိုတော့ အထဲမှာ ဘာမှမရှိလေဟန် သစ်တိုပျဉ်စတွေနဲ့ တော်သလို လျော်သလိုလုပ်ပစ်ခဲ့တာ။ ငွေဒင်္ဂါးတွေ အကုန်လည်း မသယ်ရဲဘူး။

တစ်နေ့တော့ အဖေတို့နှစ်ယောက် ဒီလိုပဲလာလာပြီး ဟိုရွှေ့ဒီရွှေ့လုပ်နေ ကြတာကို လူတစ်ယောက်က သတိထားမိပါလေရော။ ဒီတရုတ်သူဌေး ကျည် ဆန်မကြောက် ဗုံးမကြောက် ခဏခဏလာပြီး လှန်လှောနေတာ တစ်ခုခုတော့ တစ်ခုခုပဲ။ သင်္ကာ မကင်းဖြစ်တာနဲ့။

"ဦးလေးတန်ဟုတ်ဝမ် ဘာတွေလုပ်နေတာလဲ" လို့မေးတော့ အဖေက ပထမတော့ လန့်ဖျပ်သွားတယ်။ ဟိုလူကခြေသံမကြားရအောင် ဖွဖွနင်းပြီးလာ ဆိုသကိုး။ နောက်မှ လန့်သွားတာကို လူမသိအောင် ဖုံးလိုက်ဖိလိုက်ပြီး၊ ငါ့ကိုတွေ့သွားတာ ဘယ်သူလဲလို့ တစ်ချက်လှမ်းကြည့်ရင်း "ဘာမှမဟုတ်ပါ ဘူးကွာ စစ်ကြီးပြီးရင်း အိမ်လေးပြန်ဆောက်ဖို့ အခုကတည်းက ကြိုရှင်းနေ တာပါ"လို့ ဖြေသတဲ့။

ရွာကနေလှည်းနဲ့တကူးတကလာ။ ပျဉ်တိုပျဉ်စတွေ ရေတွင်းထဲနေ့တိုင်း ပစ်ချ ညနေစောင်းတော့ ကျန်ကောင်းကျန်ရာ စားပွဲလေးကုလားထိုင်လေးတင် ပြီး ပြန်သွားလုပ်နေတာ။

တစ်ချက်ကြည့်ပြီး ဟိုလူကသူနဲ့မဆိုင်သလိုလို၊ စိတ်မဝင်စားသလိုလိုနဲ့ လှည့်ပြန်သွားတယ်။

စစ်မီးကြီးတောက်လောင်နေချိန် ဗုံးသံတွေ သေနတ်သံတွေ အရှိန်တဝုန်း ဝုန်း တဒိုင်းဒိုင်းကြားမှာ တန်ဟုတ်ဝမ်ဆိုတဲ့ သူဌေး သူ့အိမ်မှာ ခဏခဏလာတာ

အလကားအပျင်းပြေလာနေတာ မဟုတ်ဘူးဆိုတာ ဟိုလူကတွက်မိတယ်။ ဟိုလူမှမဟုတ်ဘူး။ ဘယ်သူမဆို တွက်မိတွေးမိမှာပဲ။

အဲဒီလူကအဖေတို့ပြန်သွားတဲ့အခါ ရေတွင်းထဲဆင်းပြီး ငွေဒင်္ဂါးတွေသယ်သွားတော့တာပေါ့။ ဒီလူသာ လူလိမ္မာလူကောင်းဆိုရင် အဲဒီငွေတွေကို ရင်းနှီးလုပ်ကိုင် စားသောက်မှာပဲ။ ဒါပေမဲ့ မူးပေနေတဲ့လူတဲ့။ ဘာအစွမ်းအစမှ မရှိတဲ့လူတဲ့။ ရပ်ထဲရွာထဲမှာလည်း ဟုတ်ဝမ်တို့ ကြင်သုန်တို့ငွေတွေ အလကားထိုင်ဖြုန်းနေတဲ့ကောင်၊ အချောင်နိုက်ထားတဲ့ငွေတွေ အလကားဖြစ်ကုန်ပြီ ဒီလိုပြောကြသတဲ့။

* * *

## ဟုတ်ဝမ်ဒဏ်ရာ

နေ့တိုင်းလိုလိုပါပဲ။ နေ့ခင်းသထုံသွားလိုက်၊ ညနေစောင်းတော့ ကြံပြကို ပြန်လာလိုက်နဲ့၊ ကြာတော့ နွားတွေပင်ပန်းလာရော။ အဖေတို့သာ ကိုယ့်လောဘဇောနဲ့မပင်ပန်းတာ။ ပင်ပန်းပါလျက်နဲ့ စိတ်ကဆောင်လို့ ပင်ပန်းမှန်းမသိတာ။ နွားတွေ ပန်းတဲ့အခါ တပည့်ကျော် တန်ဘီနဲ့ဆက်သွားနေသေးတာလေ။ နွားနှစ်ကောင်ရဲ့နေရာမှာ ဆရာတပည့်နှစ်ယောက် နေရာယူလိုက်ကြတယ်။ လှည်းတော့ မဟုတ်တော့ဘူး။ ချယ်ဂါရီ အငယ်စား လက်တွန်းလှည်းနဲ့ပေါ့။

နွားနဲ့မဟုတ်လေတော့ ခါတိုင်းထက်စောပြီး အိပ်ရာကထကြရတယ်။ ညနေလည်း ခါတိုင်းထက် ပိုပြီးစောပြန်ကြရတယ်။ တစ်ညနေတော့ ကံမကောင်းအကြောင်းမသင့်ချင်တော့ ကြံပြရောက်ခါနီးမှောင်စပျိုး ညီအစ်ကို မသိတသိအချိန်မှာ ချယ်ဂါရီက လှည်းလမ်းနက်နက် ချိုင့်ထဲကျပြီးမှောက်ပါလေရော။ တန်ဘီလည်း ထိန်းတော့ ထိန်းတာပဲ။ ခါတိုင်းလည်း ဒီလမ်းသွားနေကျပဲ။ ဒါပေမဲ့ ပင်ပန်းနေကြတဲ့အချိန်နဲ့အလစ်အငိုက်ဖြစ်သွားချိန်ဆိုတော့ တန်ဘီကလည်း ဘာမှ မတတ်နိုင်ဘူး။ ထိန်းမပေး၊ မတ်မပေးနိုင်တာ။ တကယ်ဖြစ်ကြတော့ အဖေ့ခြေထောက်ကို တစ်ချက်ထိသွားတယ်။ အသားပွံ့သွားတာ။ နည်းနည်းနောနော မဟုတ်ဘူး။

အမေကလည်း အဲဒီအချိန်မှာ ကိုယ်လေးလက်ဝန်နဲ့ မပေါ့မပါးကြီး။ ဦးစောဘသိန်းတို့ခြံဝရောက်ကတည်းက "ကြင်သုန်ရေ ဟော့ ကြင်သုန်" လို့ အော်ခေါ်တယ်။ အမေက အဖေ့အသံမှန်းတော့သိတယ်။ ဒါပေမဲ့ ခေါ်တဲ့အသံ

ကြီးကို မကြိုက်ဘူး။ အချိန်ကလည်း နွားရိုင်းသွင်းချိန်လိုဟာမျိုး အမှတ်တမဲ့နဲ့ ပြန်ပြီး အော်ထူးလိုက်မလို့ လုပ်ပြီးမှ သတိရပြီး မနည်းချုပ်တည်းလိုက်ရတယ် တဲ့။ အိမ်အောက်ရောက်တော့ "ကြင်သုန်ရေ လာဦးဟ၊ ငါခြေထောက်ခိုက်မိ လာတယ်" လို့ ပြောလို့ ဆင်းကြည့်လိုက်တော့ အဖေ့မှာ ချွေးတွေသံတွေနဲ့တဲ့။ ဒဏ်ရာက ဘယ်နေမှန်းမသိသေးဘူး အဖေ့ကြည့်တာနဲ့ကိုပဲ ဒဏ်ရာက မသေး မှန်းသိသာနေတယ်။ အဖေ့ နှုတ်ခမ်းတွေက သွေးဆုတ်ပြီး ဖြူဖပ်ဖြူရော် ဖြစ်ပြီး တော့ ဆံပင်တွေက ပွသရောင်းပြီး မျက်လုံးတွေက ပြူးကျယ်ကျယ်နဲ့တဲ့။ အမေ တို့က အနာကို ရေနွေးနဲ့ ဘာနဲ့ဆေးကြောသန့်စင်ပေးကြတယ်။ ဒီလောက် ကြီးတဲ့အနာ အသားတစ်ပဲ့သွားတဲ့ဒဏ်ရာ၊ ဆေးဟယ်ကြောဟယ် လုပ်နေတာ အဖေကတစ်ချက်မတွန့်ဘူး ဆေးကြောသန့်စင်ပြီးတော့ ဆေးထည့်ပေးကြတယ်။ တကယ်တော့ ဒီအချိန် ဘယ်သူမှ မီးမထွန်းကြဘူး၊ ရန်သူ့လေယာဉ်ပျံကြောက် ရသေးတယ်။ ဒါပေမဲ့ သထုံက သူဌေးတန်ဟုတ်ဝမ် ဒဏ်ရာရလာတာဆိုတော့ မီးခွက်နှစ်ခွက်တော့ ထွန်းကြရတယ်။ ဒါပေမဲ့ မီးရောင်အပြင်မထွက်အောင် ပိတ်ဟယ်ကာဟယ် လုပ်ကြရတာပေါ့။

အဖေ့အနာက ပျောက်ချိန်တန်လို့... မပျောက်တဲ့အပြင် ရောင်ကိုင်းနေ လိုက်တာ မြင်ရသူအပေါင်း စိတ်မချမ်းသာစရာကြီး။ သူ့တပည့်တန်ဘီက မနက် တစ်ခေါက် ညနေတစ်ခေါက် လာလာပြီး သူ့ဆရာရဲ့ကျန်းမာရေးလာစောင့် ရှောက်တယ်။ သူ့ဆရာသက်သာရင် သထုံသွားရအောင်လည်းပါတယ်။ အဖေ ကတန်ဘီလာရင် "တန်ဘီရေ ဒီနေ့တော့ ငါတို့မသွားကြဦးစို့နဲ့" လို့ပြောတယ်။ သက်သာရင်တော့ ထသွားကြမယ်ပေ့ဆိုတဲ့အပြောမျိုး။

အဲဒီခေတ်က စီဗဲလ်ဆာဂျင် ဦးထွန်းအောင်ဆိုတာ အင်္ဂလန်ပြန်ဆရာဝန် ပေါ့။ ဘကြီးတစ်ဝမ်းကွဲတော်စပ်တယ်။ ဦးထွန်းအောင်က ဦးနုခေတ်မှာ နာမည် ကြီးပုဂ္ဂိုလ်တစ်ယောက်ပေါ့။ အမေရဲ့အစ်ကိုတစ်ဝမ်းတည်းကွဲသေးတာ။ မော်လမြိုင်မှာ ဆရာဝန်ကြီးအဖြစ် အမှုထမ်းနေတုန်းမှာ လူဆိုးက လူမမာယောင် ဆောင်ပြီး သူ့ကိုဓားပြတိုက်သွားတယ်။ ဟိုးဟိုးကိုကျော်ရော။

အင်္ဂလိပ်စာ ပါမောက္ခအဖြစ်နဲ့ အနားယူသွားတဲ့ လီလီယံထွန်းကျော် ရဲ့ဖခင်ဆရာဝန်ဦးထွန်းကျော်လည်း အဖေ့ကိုကုသတယ်။

ဦးနုခေတ်ကထောင်ထဲမှာ အရိုက်ခံသွားရတဲ့ ဒေါက်တာစောဟိန်ရယ်၊ ဒီဆရာကြီးသုံးယောက်အဖေ့အနာကိုလာကြည့်ပြီး ကုပေးကြတယ်။ ဘယ်ဆရာ ဝန်ကြွလာပါစေ၊ အပေက ခြေကြွခ ငွေဒင်္ဂါးတစ်ပြားကန်တော့တယ်။ သူတို့က တောင်းတာမဟုတ်ဘူး။ အမေက ပေးတာ ဆရာဝန် အလွန်ရှားတဲ့ခေတ်မှာ

ဆရာဝန်သုံးယောက်က ကြပ်မတ်ကုသခံရတယ်ဆိုတာ တော်ရုံကံကောင်းတာ မဟုတ်ဘူး။ ပြီးတော့ လူနာကလည်း ကြုံပါ့ရှာမှာ။

တစ်နေ့တော့ အဖေဒဏ်ရာအခြေအနေက တစ်နေ့တစ်ခြား ဆိုးဝါးလာတော့ ဆရာဝန်သုံးယောက် ခေါင်းချင်းဆိုင်ကြတယ်။ ပြီးတော့ အမေ့ဆီက ခွင့်ပြုချက်ယူကြတယ်။ အဖေ့ဒဏ်ရာကြီးကို သူတို့ ကြိုးစားပြီး ခွဲစိတ်ကြမယ်တဲ့။ ကိုယ်လေးလက်ဝန်ကြီးနဲ့ အမေက မျက်လုံးလေးပုတ်ခတ် ပုတ်ခတ်နဲ့ ခေတ္တခဏစဉ်းစားပြီး နောက်ဆုံးကောက်ရိုးတစ်မျှင်အနေနဲ့ သဘောတူလိုက်တယ်။

ဘုန်းကြီးနှစ်ပါးအိမ်ပေါ်သို့ကြွလာပြီး အဖေ့ကို တရားရေအေးကိုက်ကျွေးတယ်။ တရားပါနာပြီးတော့မှ ဘုန်းကြီးတွေက အဖေ့လက်နှစ်ဖက်ကို တစ်ဖက်တစ်ချက်က ချုပ်ကိုင်ထားကြတယ်။ ဒေါက်တာစောဟိန်က ခြေရင်းကနေ ခြေထောက်ကိုထိန်းထားတယ်။

ဒေါက်တာထွန်းကျော်နဲ့ ဒေါက်တာထွန်းအောင်က ထွန်းနှစ်ထွန်းပေါင်းပြီး အဖေ့အနာကိုခွဲကြတယ်။ "အန်းကူမင်းက အီသာပုလင်းကိုင်ထားပြီး မင်းတယ်တယ်နှာခေါင်းနားမှာ တေ့ထား။ မခွာနဲ့၊ ငါတို့ကခွာဆိုမှခွာ" တဲ့။ အဖေ့ကိုလည်း ပြင်းပြင်းရှူ ခပ်ပြင်းပြင်းရှူလို့ တဖွဖွပြောကြတာ။ တော်တော်ကြာတော့ အဖေလည်း မေ့သွားရော။

အဲဒီလိုလည်းမေ့သွားရော အနာကို ဘလိတ်ဓားနဲ့ခွဲတော့တာ ပြည်တွေ သွေးပုပ်တွေ အများကြီးထွက်ကျလာတယ်။ ပြီးတော့ ယူဇော့လို့ထင်တာပဲ။ ယူဇောလည်းဟုတ်ချင်မှ ဟုတ်မှာပါ။ အနာထဲကို ပိတ်စတွေ့ထည့်တယ်။ ဆေးပိတ်စတွေဖြစ်မှာပေါ့။

နောက်နေ့ကျအနာကို ဖန်ရည်ဆေး၊ ဆေးထိုး၊ ပုံမှန်လာပြီး ကုနေကြတာပဲ။ ဒါပေမဲ့ ဘာမှမထူးခြားဘူး။ ကြိုးစားပမ်းစားကုကြပေမဲ့ တိုးတက်မှု မရှိတော့ ဆရာဝန်တွေလည်း အလာကျဲသွားပြီး ငွေဒင်္ဂါးပြားပေးတာတောင် ကြွမလာကြတော့ဘူး။

ဦးစောဘသိန်းက စာတတ်ပေတတ်ပုဂ္ဂိုလ်၊ ရွာမျက်နှာဖုံးလိုပုဂ္ဂိုလ်ဆိုတော့ ဂျပန်ဆေးတပ်ဖွဲ့ဝင်တွေကိုခေါ်ပြီး အဖေ့ကိုအကုခိုင်းတယ်။ ဂျပန်တွေကလည်း ပိတ်စအဝါတွေ သူတို့ပါတဲ့ ဆေးဝါးကောင်းတွေနဲ့ကုကြတာပဲ။ မပျောက်ကင်းမသက်သာတဲ့အပြင် အဖေဟာ တစ်နေ့တခြား ပိန်ပိန်လာတယ်။ အစာလည်း ကောင်းကောင်းမဝင်တော့ဘူး။ တဖြည်းဖြည်းလုံးပါးပါးနေပြီ။ ရွာထဲက လူတွေက အမေကပဲ မီးအရင်ဖွားမလား အဖေကပဲအရင် အနိစ္စရောက်မှာ

လေလားပူပင်နေကြတယ်။

အဖေက ဆင်နှစ်ကောင် တံဆိပ်ဆေးပြင်းလိပ်ကို ကြိုက်တယ်။ ဒီပြင် တံဆိပ်ဆိုဖြစ်နိုင်ရင် မသောက်ဘူး။ ဂျပန်ခေတ်မှာ သူအကြိုက်ဆုံး ဆင်နှစ်ကောင်တံဆိပ်ရဖို့ သိပ်တော့မလွယ်ဘူး။ ဒါပေမဲ့ သူ့တပည့်တွေကရအောင် ရှာပေးကြတယ်။ ကျွန်တော်က အစာသိပ်မဝင်တော့တဲ့အဖေ့ကို သူ့အကြိုက် ဆင်နှစ်ကောင်ကို မီးစွဲအောင် မီးညှိပေးရတယ်။ ယမ်းမီးခြစ်နဲ့ ခြစ်ပြီး မီးစွဲညီ အောင် လှည့်ပတ်မီးညှိပေးရတာပေါ့။ ဆေးပြင်းလိပ်ကို နာနာဖွာ၊ မီးစွဲပြီးဆိုတော့ မှ တန်ဟုတ်ဝမ်ရဲ့ လက်ထဲထည့်ပေးလိုက်တာ။ အဖေက ဖွာကြည့်ပြီး "အန်းကူ မီးလည်းပါဘူးကွာ" လို့ ပြောတတ်တယ်။

ကျွန်တော်က နောက်ထပ်တစ်ခါ မီးထပ်ညှိမီးစွဲပြီဆိုတော့ တန်ဟုတ်ဝမ် လက်ကမ်းလိုက်တာပဲ။ စက္ကန့်ပိုင်းပဲ ကြာတော့မှာပေါ့။ ဒါပေမဲ့ မီးစွဲနေတဲ့ ဆေးပြင်းလိပ်က ဟုတ်ဝမ်းတစ်ခါဖွာလိုက် တစ်ခါငြိမ်းလိုက်ဖြစ်နေတယ်။ "အန်းကူ မင့်ဥစ္စာဘယ်လိုလဲ" တဲ့။ ဒီလိုနဲ့အဖေ့နားမှာ ယမ်းမီးခြစ်ဆံပေါင်းတွေ သာ ဖွေးနေရော၊ ဆေးပြင်းလိပ်ကို မသောက်ရဘူး။

ကျွန်တော် ဆေးလိပ်မီးညှစ်တဲ့အလုပ် မလုပ်တတ်စရာ ဘာအကြောင်းမှ မရှိဘူး။ မီးခြစ်ဆံနဲ့ယမ်းကဒ်ကို ပွတ်ခြစ်ရတာမပြောနဲ့၊ ပွတ်ဆံလေးထဲမှာ ဝါဂွမ်း ဖတ်လေးထည့်ပြီး ပွတ်ရင်မီးတောက်တယ်။ အဲဒီလို ဂွမ်းစလေးကနေလည်း ဆေးလိပ်ကို မီးစွဲအောင်ညှိနိုင်တယ်။ ဘယ်လောက်အထိ ကျွမ်းကျင်သလဲဆိုရင် အဖေအပါအဝင် လူကြီးသူမတွေရဲ့ ဆေးလိပ်တွေ၊ ဆေးပြင်းလိပ်တွေ မီးခဏ ခဏညှိပေးရလွန်းလို့ ဦးလေးတွေဒေါ်လေးတွေက အန်းကူတော့ ငယ်ငယ်ရွယ် ရယ်နဲ့ ဆေးလိပ်သောက်တတ်၊ ဆေးလိပ်စွဲတော့မှာထင်ပါရဲ့လို့ ပူပန်ရလောက် အောင်ကို ကျွမ်းကျင်တာလေ။ ဒါပေမဲ့ ကျွန်တော့်လက်ထဲ မီးစွဲပေမဲ့ တန်ဟုတ်ဝမ် လက်ထဲရောက်ရင် မီးက သေသွားရော။ အဖေ့ခမျာမှာလည်း သူသိပ်သောက် ချင်တဲ့ ဆေးပြင်းလိပ်လက်ထဲရှိပါလျက်နဲ့ မသောက်ရတဲ့ အခြေအနေ။ အစား အသောက်က ဘာမှစားနိုင်တော့တာမဟုတ်ဘူး

ဂျပန်ဆေးတပ်က ဦးစောဘသိန်းကို ပြောတယ်။ ယိုးဒယားကိုသွားပါ။ အဲဒီမှာ ပင်နယ်စလင်ဆိုတဲ့ အစွမ်းထက်တဲ့ ဆေးတစ်မျိုးပေါ်နေပြီ။ သိပ်စွမ်း တယ်။ သွားဝယ်ချေလို့ပြောတော့ သူ့သူငယ်ချင်းကို ချစ်တဲ့စိတ်နဲ့ ခေတ်ပျက် နေချိန်မှာ တစ်ဖက်နိုင်ငံကိုကူးတယ်။ ယိုးဒယားကို ဆင်နဲ့သွားကြရတာ။ အသွားအပြန် ၁၄ ရက်ကြာတယ်။ ပင်နယ်စလင်ထိုးဆေး ဆယ်လုံးဝယ်ပြန်လာ တယ်။ ဆေးတစ်လုံးကို ၄၂ ရူပီးပေးခဲ့ရသတဲ့။ အဲဒီဆေးလည်းရရော ဂျပန်တွေ

က မနက်ဆေးတစ်လုံး ညဆေးတစ်လုံး ထိုးပေးတော့တာပဲ။ ဒါလည်း အဖေ့ခမျာ မသက်သာရှာဘူး။ ဂျပန်ဆရာဝန်စိတ်လျှော့ပြီး လက်မှိုင်ချသွားပြီ။

ဦးစောဘသိန်းမှ မဟုတ်ဘူး။ လူတိုင်းကပဲ အဖေ့အခြေအနေကို ကြည့်ပြီး အားမရကြဘူး။ စိုးရိမ်စရာကောင်းနေပြီ။ သူငယ်ချင်းအပေါ် သံယောဇဉ်ကြီးတဲ့ ပုဂ္ဂိုလ်မျိုး ဦးစောဘသိန်းတစ်ယောက်ပဲ ရှိမယ်ထင်တယ်။ အမေ့ကိုလာပြီး တိုင်ပင်ပြော ပြောသွားတယ်။ သူ့သူငယ်ချင်းကိုကြည့်ရတာ အားရစရာကို မရှိဘူး၊ တစ်နေ့တခြား ပိန်ချုံးလာနေပြီ။ ဆေးကောင်းဆေးစွမ်းဆိုလို့ ယိုးဒယားအထိသွားဝယ်ပြီး ကုကြတာလည်း ဘာမှမထူးခြားဘူး။ လူနာကိုပြုကြရတဲ့သူတွေလည်း ပင်ပန်းလှပြီး။ သူဒီပြင်တစ်နည်းနည်းနဲ့ စမ်းသပ်ကုသကြည့်ချင်တယ်တဲ့။ တစ်ခုခုတော့ တစ်ခုခုပဲလို့ချည်း ပြောနေကြတယ်လေ။

အဲဒီအချိန် အမေ့ခမျာ ဘာမှလုပ်နိုင်တာမှ မဟုတ်ဘဲ။ အဖေ့သူငယ်ချင်း ဦးစောဘသိန်းရဲ့အကြံပေးချက်ကို လက်ခံရုံကလွဲပြီး ဘာမှပြောစရာမရှိဘူး။

* * *

## ဆရာ ရှာပုံတော်

ဦးစောဘသိန်းခမျာ သူ့သူငယ်ချင်းဝေဒနာအတွက် သူ့မိတ်ဆွေတွေရှိရာ ရွာတွေကို လိုက်ပြီး ကုသနိုင်မယ့် ဆရာလိုက်ရှာတယ်။ အနာကုတဲ့ ဆရာကလည်း ရှားတယ်။ လူဆရာလည်းရှာမတွေ့ဘူး။ ဘုန်းကြီးဆရာလည်း ရှာမတွေ့ဘူး။ ဒီရွာကနေ ဟိုရွာ၊ ဟိုရွာကနေ ဟိုးဟိုရွာ၊ ခနောင်ဆိပ်၊ လက်ပန်ကုန်း၊ သိမ်ခုနှစ် ရွာတွေ နှံ့နေပြီ။ အဖေ့ကို သူပြောခဲ့တဲ့ သူငယ်ချင်းမင်းအတွက် ငါဆရာသွားရှာမယ်။ စိတ်အေးချမ်းသာနေခဲ့၊ စိတ်ဓာတ်မကျနဲ့ သူငယ်ချင်း။ မင်းအသက်ချမ်းသာရစေရမယ် စကားကိုဖြင့် ကြားယောင်ရင်း သူကိုယ်တိုင်တော့ စိတ်ဓာတ်ကျစပြုနေပြီ။

ဒီလိုအနာမျိုးဆိုရင် ဟိုဘက်ရွာက ဘုန်းကြီးကုတာတော်တယ်ဆိုရင် ဟိုဘက်ရွာရောက်အောင်သွားတာပဲ။ အဲဒီရွာရောက်တော့ ဘုန်းကြီးက ဘယ်ရွာကြွသွားပြီဆိုရင်လိုက်။ ဦးစောဘသိန်းအတွက် မျှော်လင့်ချက်တွေက ပေါ်လာလိုက်မှိန်သွားလိုက်၊ ပျောက်သွားလိုက်၊ ပေါ်လာလိုက်။

သဖန်ပင်ကုန်းကနေ သာလာပေါကိုအကူးမှာ သစ်ကြီးဝါးကြီးတွေချည်း သန်သန်စွမ်းစွမ်းပေါက်ရောက်ပြီးလို့ အရိပ်အေးမြတဲ့ သစ်ပင်ရိပ်ကောင်းကောင်း

မှာ ဘုန်းတော်ကြီးတစ်ပါတည်း သီတင်းသုံးနေတာ မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်။

သူက ဘုန်းကြီးကို တွေ့တာ မဟုတ်ဘူး။ ဘုန်းကြီးက သူ့ကိုတွေ့တာ။ ဘုန်းကြီးက တင်ပျဉ်ခွေထိုင်နေရာက လှမ်းပြီး လက်ခုပ်တီးလိုက်တာ။ ဦးစောဘသိန်း ရုတ်တရက်ဆိုတော့ ကြက်သီးထသွားတာပေါ့။

"ဟေ့ဒကာ ဘုန်းကြီးကိုလိုက်ရှာနေတာဟုတ်လား"

ဘုန်းကြီးက သန့်သန့်ရှင်းရှင်းနဲ့ ကြည်ညိုစရာမကောင်းဘူး။ ပေပေရေရေ မည်းမည်းကြုတ်ကြုတ်နဲ့။ လာဒီကိုလာတဲ့။

ကြက်သီးတွေ ရုတ်တရက်ထသွားတဲ့ ဦးစောဘသိန်းဟာ ဘုန်းကြီးကို အကဲခတ်ရင်း တရွေ့ရွေ့ရှေ့ကိုတိုးလာတယ်။

"မင်းဘုန်းကြီးလိုက်ရှာနေတာမဟုတ်လား"

"မှန်လှပါဘုရား" လို့သာလျှောက်ရတာ ဘုန်းကြီးအနီးကပ်ဖူးတွေ့ရတော့ ခုနကထတဲ့ ကြက်သီးက နောက်တစ်ကြိမ်ထပ်ကို ထတယ်။

တစ်ခုခုဘော့ တစ်ခုခုထူးပြီးလို့ သူ့စိတ်က အလိုလိုသိသတဲ့။

"ဘယ်ရွာကလဲဒကာ"

"ကြံ့ပါရွာကပါဘုရား"

"အေး"

"အရှင်ဘုရားကြွနိုင်ရင် တပည့်တော့်ကြံ့ပါကို ပင့်ချင်လို့ပါ"

"အေး" တိုတိုတုတ်တုတ်ပဲ ပြန်မိန့်တယ်။

"တပည့်တော်နဲ့အတူ၊ လိုက်ခဲ့ရင် မြန်မြန်ရောက်ပြီး လမ်းမမှားတော့ဘူးပေါ့ဘုရား" လို့ ဝပ်ချရင်းလျှောက်တော့....

"ဟေ့... အေးငါ့ဘာသာလာမယ် သွားနှင့်" လို့ မိန့်တယ်တဲ့။

ဦးစောဘသိန်းလည်း နောက်ထပ်တစ်ခါဝပ်ချပြီး ပျော်ကာပြန်လာခဲ့တယ်။ ကြင်သုန်တော့ ဒီသတင်းကြားရင် ပျော်မှာပဲ၊ ငါ့သူငယ်ချင်းရဲ့ကံမြင့်လာပြီ ထင်ပါရဲ့လို့တွေးပြီး ကြံ့ပါကို အမြန်ပြန်လာခဲ့တယ်။ ရွာရောက်တော့ အဖေက နားထောင်နေလိုက်တာ မျက်တောင်မခတ်ဘူး။ နောက်တော့ အမေကို သွားပြောတယ်။ ကျွန်တော်က အဖေ့ကို သူပြောတာတွေ စိတ်ဝင်စားလို့ နောက်က တစ်ကောက်ကောက်လိုက်ပြီး နားထောင်နေတာလေ။

"ကြင်သုန်ရေ ငါဆရာတွေလိုက်ရှာတာ ရွာတကာနှံ့ခဲ့တယ်၊ ဘယ်ရွာမှ မတွေ့ခဲ့ဘူး။ အခုလည်း ငါကတွေ့တာ မဟုတ်ဘူး၊ ဘုန်းကြီးက လှမ်းခေါ်တာ။ လူဆရာမဟုတ်ဘူး ကြင်သုန်ရဲ့ သူ့ကိုတွေ့တော့ ဖူးရတော့ ငါ့ဖြင့် အံ့ဩ

တာအပြင် ဝမ်းသာတာပါပိုတယ်”လို့ ပြောပြတယ်။

ဦးစောဘသိန်းက သူ့အတွေ့အကြုံတွေကို သူ့ညီစောပန်းအောင်ကိုလည်း ပြော အဖေ့ကိုလည်းလာပြီး ခြေဆုပ်လက်နယ်လုပ်နေကြတဲ့ ကရင်အမျိုးသားတွေကိုလည်း ပြောပြနဲ့။ ပျော်နေတာဆိုတော့ မောရပန်းရမှန်း မသိနိုင်အောင်ပဲ။

* * *

## မည်းမည်းကြုတ်ကြုတ်နဲ့

၄ ရက်လောက်နေမှမှာ ဘုန်းကြီး ကြွလာတယ်။ အိမ်ကိုလာတာ ဟုတ်ဘူး။ အဖေ့ခြေထောက်ခိုက်မိတဲ့ ကြုံပါရွာအဝင်နားဆီက သချိုင်းဇရပ်မှာ တစ်ပါးတည်း သီတင်းသုံးနေတာ။ တစ်ပါးတည်းတရားမှတ်ရင်း သီတင်းသုံးနေတဲ့ ဘုန်းကြီးညိုညိုညစ်ညစ်ကြီးကို ဂျပန်စစ်သားတွေ တွေ့တဲ့အခါ ရူးရားတွေရော နန်ဒက်ရှကာတွေရော ဖြစ်ကုန်ရော။ ဒါလည်း ဘုန်းကြီးက ချထားတဲ့ မျက်လွှာတောင် ပင့်မကြည့်ဘူးတဲ့။

ဘုန်းကြီးက သည်းခံပြီးနေတယ်။ ဘာမှပြန်မပြောသလို၊ ဘာမှလည်း ပြန်မလုပ်တော့ ဂျပန်တွေ ဘာလုပ်ရမှန်းမသိဘူး။ ခပ်လှမ်းလှမ်းကို အသာပြန်ဆုတ်ကြပြီး ဘုန်းကြီးကို လှမ်းကြည့်နေကြတယ်။ အသံတိတ်စောင့်ကြည့်နေတာ။ ဘုန်းကြီးက သူ့တရားနဲ့သူ၊ သူ့အာရုံနဲ့သူ၊ ငြိမ်လို့။ နောက်တော့ ဂျပန်တွေလည်း ဘာလုပ်ရမှန်းမသိတာနဲ့ ဦးစောဘသိန်းကို လာပြောကြတာ။

ဦးစောဘသိန်းသည် အကျိုးအကြောင်းသိရအောင် လိုက်သွားတော့ တောထဲမှာ သူ့ကိုလှမ်းခေါ်တဲ့ ဘုန်းကြီးဖြစ်နေတယ်။ ဘွဲ့တော်လည်း မသိဘူး။ အနားကပ်သွားပြီး ဦးသုံးကြိမ်အရင်ချလိုက်တယ်။ ရွာထဲကို ကြွပါဘုရားလို့ ပင့်တော့ ဘာမှပြန်မပြောဘူး။ လက်ပဲကာပြတယ်။ ဘယ်လိုမှ ပင့်မရဘူး။

ညြော် မနက်ကြရင်တော့ ဆွမ်းပို့ရင်း ထပ်ပင့်ကြည့်ပါဦးမယ်ဆိုပြီး ဦးစောဘသိန်းတို့ ပြန်ချလာကြတယ်။ မနက်ရောက်တော့ ဆွမ်းသွားပို့ပြီးပင့်တယ်။ ဘုန်းကြီးက တရားမှတ်မြဲမှတ်နေတာပဲ။ ပင့်လို့မရဘူး။ အဖေ့အခြေအနေကလည်း တစ်နေ့တခြား ဆုတ်ယုတ်လာနေပြီ။ တော်တော်ကို ပိန်ကျသွားပြီ။

ဦးစောဘသိန်းက မနက်ကပို့တဲ့ဆွမ်းချိုင့်ကို ညနေကျတော့ ပြန်ယူတယ်။ ဆွမ်းချိုင့်ပြန်ယူရင်း ညနေကျတော့ တစ်ခါပင့်တာပဲ။ ဘုန်းကြီးက

ဘာမှမပြောဘူး၊ လက်ပဲကာပြနေတယ်။ စိတ်ထဲမှာ ငါ့ပင့်ခဲ့တဲ့ ဘုန်းကြီးပါပဲ၊ ဘုန်းကြီးချင်းတော့ မမှားတန်ရာဘူးလို့ အောက်မေ့မိသတဲ့။ ဒါနဲ့ ပြန်လာခဲ့တယ်။

အဖေကညောင်းလို့ ဟိုဘက်စောင်းချင်ဆိုရင် ကျွန်တော်နဲ့ သူ့တပည့်ကရင်တွေကဝိုင်းပြီး ဖေးဖေးမမ လှည့်ပေးစောင်းပေးရတယ်။ ခဏနေလို့စောင်းပေးတဲ့ဘက်ကပူလာပြီး ညောင်းပြန်ရင် ဒီဘက်ကို ပြန်ပြီး ဝိုင်းမကာ ရွှေ့ကြ၊ စောင်းပေးကြရတယ်။ လူက စန့်စန့်ကြီး။ ဘာမှမစားနိုင်တာကြာတော့ လူက ယှဲ့ယှဲ့ပဲ ကျန်တော့တယ်။ ဆေးပြင်းလိပ်တစ်မျိုးပဲ ခဏခဏတောင်းတယ်။ တောင်းပေမဲ့ ဆေးပြင်းလိပ် မီးညှိပေးလိုက်လို့ အဖေ့လက်ရောက်ရင် ဖွာနေတုန်းတန်းလန်းကြီး မီးကသေပြန်ရော။

တစ်ညနေမှာ အဖေ့ခြေထောက်တွေ အထက်ကို မြောက်သွားပြီး ပြန်ကျတာ ဘုန်းခနဲနေတာပဲ။ အနားမှာရှိတဲ့လူတွေအားလုံး လန့်သွားကြတယ်။ ခဏနေတော့ ဘုန်းခနဲမြည်ပြန်ရော။

ခြေထောက်နဲ့ခုတင်ကြမ်းနဲ့ ရိုက်သံက အဖေ့လက်ရှိဗလနဲ့တော့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ တဘုန်းဘုန်းနဲ့ တပည့်ကရင်တစ်ယောက်က ပြေးလာပြီးပြောတော့ အိမ်ရှေ့ထွက်ကြည့်တဲ့အခါ ခြံဝင်းဝမှာ ဘုန်းကြီးရောက်နေတာကိုး။ ကျွန်တော်တို့အားလုံး အိမ်ပေါ်အဖေ့နားရောက်တော့ ဘုန်းကြီးကြွလာတာ ဘယ်သူမှမသိကြဘူး။

အဖေ့ကိုသနားပြီး ကျွန်တော်တို့က ခြေထောက်တွေ ဝိုင်းချုပ်ထားကြ၊ ဖိထားကြတာ၊ ဒါလည်း မရဘူး။ ယောကျ်ားကြီးသုံးယောက်အားကို အဖေက မမှုဘူး၊ ဘယ်ကအားတွေနဲ့ ဘယ်လိုရုန်းတယ်မသိဘူး။ ဘုန်းခနဲ ဘုန်းခနဲနေတာပဲ။ အားလုံးဂရုစိုက်ပြီး အားထည့်ချုပ်ကြတော့ ခြေထောက်မကြွရတော့ ခန္ဓာကိုယ်ကြီးကြွလာပြီး ဘုန်းခနဲပစ်ကျသွားတယ်။ အဖေ့မှာ ချွေးစေးတွေနဲ့ မျက်လုံးတွေကလည်း ပြူးနေလိုက်တာ။

အဲဒီအချိန်မှာ ခြံဝင်းဝက အော်ပြောတဲ့အသံတစ်သံကြားလိုက်ရတယ်။ ဘုန်းကြီးရဲ့အသံလေ။ အိမ်ပေါ်က လူတွေကြားအောင် အော်ပြောသွားတာ။

"ဟေ့ ငါမနိုင်ဘူး။ ပြန်ပြီ" တဲ့။

ဦးစောဘသိန်းလည်း အိမ်ပေါ်က ချက်ချင်းပြေးဆင်းပြီး ဘုန်းကြီးနောက်လိုက်တာပဲ။ ရွာခံပုဂ္ဂိုလ်က ဘုန်းကြီးကိုရှာတာ မတွေ့လိုက်မမီလိုက်ဘူး။ ဘယ်လမ်းကနေ ဘယ်ကြွသွားတယ် မသိဘူး။ နောက်ဆုံးသူသိတင်းသုံးနေတဲ့ ရွာထိပ်က သင်္ချိုင်းဇရပ်မှာ သွားတွေ့တယ်။

ဘုန်းကြီးလည်း ကြွသွားရော တယ်တယ်လည်း ဘုန်းခနဲ၊ ဘုန်းခနဲ မလုပ်တော့ဘူး။ အားလုံးက အဖေ့ကိုယ်စား မောပန်းနေကြတယ်။ သူ့တပည့်တွေက ဆရာ… ဆရာ… မနာဘူးလား၊ ဦးဟုတ်ဝမ် မနာဘူးလားလို့ မေးကြတော့ အသံယဲ့ယဲ့လေးနဲ့ ပြန်ဖြေတယ်။

“ငါဘာဖြစ်လို့လဲ” တဲ့။

ဦးစောဘသိန်းခမျာ ဆွမ်းနေ့တိုင်းပို့၊ ဘုန်းကြီးကို နေ့တိုင်းပင့်တာပဲ။ ကြွမလာဘူး။ သုံးရက်လောက်နေမှ ကြွလာတယ်။ မနက်ခင်းကြီး၊ ခြံဝမှာ တင်ရပ်မနေဘဲ အိမ်ပေါ်ထိ ကြွလာတယ်။ အိမ်ရှေ့တံခါးမကြီးရှေ့မှာ လက်ပိုက်ပြီး ပိတ်ထားတဲ့ တံခါးမကြီးကို စူးစိုက်ပြီး ကြည့်နေတယ်။

အခန်းထဲက လူတွေက ဘုန်းကြီးကြွလာတာ မသိကြဘူး။ အဖေက ဟိုတစ်နေ့ ညနေကလို ခြေထောက်တွေ အထက်မြောက်သွားပြီး ဘုန်းခနဲ… ဘုန်းခနဲ ပွဲကြမ်းနေပြီ။

“ဟေ့ တံခါးဖွင့်ကြစမ်း” တဲ့။

ဦးစောဘသိန်းက ပြတင်းကနေ အသာချောင်းကြည့်တော့ ဘုန်းကြီး ဖြစ်နေတယ်။

“ဦးပဉ္စင်းဘုရား၊ အိမ်နောက်ဖေးပေါက်ကကြွတော်မူပါဘုရား၊ နှစ်သစ်ကူး မင်္ဂလာပြီးတော့မှ အိမ်ရှေ့က တက်ရမှာပါဘုရား” လို့လျှောက်တော့

“ဟေ့၊ မလိုဘူး၊ ဒီလှေကားကပဲ တက်ရမှာ၊ ခုချက်ချင်းဖွင့်” တဲ့။

ဒါနဲ့ရုတ်တရက် ကောက်ခါငင်ခါ စီစဉ်ရတယ်။ ဦးစောဘသိန်းအိမ်မှာ သူများထက်စောပြီး နှစ်သစ်မင်္ဂလာစတိအဖြစ် ကျင်းပရတယ်။ သူ့တပည့်တွေက သိမ်းထားတဲ့ မောင်းတွေ စည်တွေ ဗုံတွေထုတ်ပြီး လူမမာ တန်ဟုတ်ဝမ် အတွက် သီးသန့်နှစ်သစ်ကူးမင်္ဂလာ ကျင်းပကြတယ်။

“နှစ်သစ်ကူးမင်္ဂလာအခါကျရောက်ပြီလို့” အော်ပြီးတီးကြထုကြရင်း အော်ဟာစ်ကြရတော့ ပတ်ဝန်းကျင်က ခွေးတွေကလည်း ဟောင်၊ အူတဲ့အကောင် ကအူ၊ တစ်ရွာလုံး ဆူညံပွက်လောရိုက်သွားတယ်။

ပြီးမှ အိမ်ရှေ့တံခါးမကြီး ဖွင့်ပေးလိုက်တာ၊ အဲဒီလို ခွေးတွေဟောင်ကြ၊ အူကြ၊ မောင်းတွေတီးစည်တွေ ထိုးကြချိန်မှာ အဖေကလည်း ခြေထောက်ကြွတဲ့ ကြွတဲ့ပြီး တဘုန်းဘုန်းလုပ်နေပြီ။

ဦးဇင်းက တစ်ခန်းလုံးကို တစ်ချက်အကဲခတ်လိုက်တယ်။ တပည့်တွေက လက်တွေကသာ အဖေ့ကို ဖိထားးချုပ်ထားကြတာ မျက်လုံးတွေက ဘုန်းကြီး ဆီ ရောက်နေကြတယ်။ တယ်တယ်ကတော့ တဘုန်းဘုန်းနဲ့ စည်းချက်ကျကျ

ရှန်းထရိုက်ချနေတယ်။

ဦးဇင်းက ဘုရားစင်ရှိရာ တည့်တည့်သွားပြီး ဦးသုံးကြိမ်ချ၊ ဘုရားရှိခိုးနေတယ်။ အတော်ကြာအောင် ရှိခိုးပြီးမှ ဦးစောဘသိန်းကို စွယ်တော်ညွှန့်သုံးညွှန့်၊ သပြေကိုးညွှန့်၊ ဩဇာခြောက်ညွှန့်၊ မြေစာ ဆယ့်တစ်ပင် ရှာပေးရမယ်တဲ့။ ဦးစောဘသိန်းရဲ့တပည့်တွေ သွားရှာလိုက်ကြတာ ဘာမှမကြာဘူး၊ အညွှန့်တွေ ကိုယ်စီနဲ့ ပြန်ရောက်လာကြတယ်။

အဲဒီအညွှန့်တွေကို အိမ်ရှေ့ကပြင်မှာ ရေစင်စင်ဆေး၊ ဆေးပြီးသားရေကို အိမ်ရဲ့အရှေ့၊ အနောက်၊ တောင် မြောက်လှည့်ပတ် အဖျန်းခိုင်းတယ်။ ဂူးလာတဲ့ ရေဆေးပြီးသား အညွှန့်တွေနဲ့ ဘုရားပန်းအိုးထိုးပြီး ဘုရားထပ်ရှိခိုးတယ်။ ပြီးတော့ ဘုန်းကြီးက အဖေရှိရာကို လာတယ်။ အဖေကို ခြေဆုံးခေါင်းဆုံးကြည့်၊ အံတစ်ချက်ကျိတ်ပြီး ခေါင်းကိုသုံးလေးချက် ညိတ်လိုက်သေးတယ်။

သင်္ကန်းအောက်မှာ ဝှက်ပြီး ခါးမှာပတ်လာတဲ့ ငါးလိပ်ကျောက်မြီးကို ထုတ်တဲ့အခါ ဦးဇင်းက အဖေ့ကို မျက်လုံးပြူးကြီးနဲ့ကြည့်လိုက်တာ၊ အဲဒီအချိန် အဖေက ခပ်ပြုံးပြုံးလေး ပြုံးပြတယ်။

ခုနက တဘုန်းဘုန်းနဲ့ မြောက်မြောက်ကြွနေတဲ့ ခြေထောက်တွေကို ငါးလိပ်ကျောက်မြီးနဲ့အားကုန်လွှဲပြီး ရိုက်ပါလေရော။

ကျွန်တော်ဖြင့် တစ်ချက်ရိုက်ပြီးတော့ မကြည့်ဝံ့လို့ မျက်နှာကို တစ်ဖက်လွှဲနေရတယ်။ ငါးလိပ်ကျောက်မြီးရဲ့လေထဲမှာ ဖြတ်သန်းနေတဲ့ရွှီးဆိုတဲ့ အသံကိုကြားလိုက်တာနဲ့ ကျွန်တော့်တစ်ကိုယ်လုံး တွန့်ခနဲနေအောင် ခံစားမိတယ်။ ကျွန်တော်မပြောနဲ့တော့ ဒီအခန်းထဲမှာရှိရှိသမျှ လူအားလုံး အဲဒီလိုသာရိုက်ရင် တစ်ချက်ဆို တစ်ချက်အော်မိမှာပဲ။ ဒါပေမဲ့ အဖေ့ဆီက ညည်းသံတစ်ချက် မထွက်ဘူး။

ကြာတော့ ကျွန်တော့်လည်း မခံနိုင်တော့ဘူး။ ဘုန်းကြီးကို ပြေးဖက်ထားချင်တာ၊ အဖေ့ကိုထပ်မရိုက်အောင်လို့။ ကျွန်တော့်အကြံကို အနားမှာရှိတဲ့ စောထူးက သိတယ်ထင်ပါရဲ့။ ကျွန်တော့်လက်ကိုဆွဲထားတယ်။ ဒီတော့ ကျွန်တော်လည်း ဘာမှမလုပ်နိုင်တော့ ငိုချပစ်လိုက်ရော။

ခြေထောက်ရိုက်တော့ အပေါ်ပိုင်းကကြွလာ၊ အပေါ်ပိုင်းကြွလာတော့ ဘုန်းကြီးက အပေါ်ပိုင်းကိုချတော့တာ။ အဲဒီတော့ အောက်ပိုင်းကပြန်ကြွနဲ့။ အပေါ်နဲ့အောက် တစ်လှည့်စီကြွလာတာ၊ ဘုန်းကြီးကလည်း တရွှမ်းရွှမ်းနဲ့ တစ်လှည့်စီရိုက်နေတော့တာ။

စောထူးက စိတ်ထဲကနေလိုက်ပြီး ရေကြည့်နေတာ နှစ်ဆယ့်ခုနစ်ချက်

ပြည့်တော့ ဦးဇင်းက

"အေး... ဒါပဲပြန်ပြီဟေ့" လို့ တစ်ခွန်းပြောပြီး ပြန်ကြွသွားရော။ ပြန်တာ ချွေးတွေသံတွေရွှဲပြီး ပြန်ကြွသွားတာ။

အဖေ့ခမျာ ဘာအရှိုးဘာအရာမှ မထင်ဘူး။ ဘယ်နှယ့်မှလည်း ခံစားရ ပုံမပေါ်ဘူး။ နေမြဲပဲ။ ကျွန်တော်တို့သာ လူပင်ပန်း၊ စိတ်ပင်ပန်းဖြစ်ပြီး ကျန်ခဲ့ တာ။ စိတ်ပင်ပန်းတာက ပိုပါတယ်။

* * *

## တန်ဟုတ်ဝမ်ရဲ့ အသုဘ

နောက်တစ်နေ့ကြတော့ ဦးစောဘသိန်းရဲ့မိသားစုက ဆွမ်းချိုင့်ပို့မလို့ စီစဉ်တုန်း ရှိသေးတယ်။ ဘုန်းကြီးက အစောကြီးကြွလာတယ်။ ဘုရားစင်ရှေ့ အရင်သွားကန်တော့တယ်။ အညွန့်တွေ အခက်တွေ မရှာခိုင်းတော့ဘူး။ အဖေ့ ဆီ လျှောက်လာပြီး တစ်ချက်ကြည့်တယ်။ ပြီးတော့ ဘုရားစင်ရှေ့တစ်ခေါက် ပြန်သွားပြီး ရှိခိုးပြန်တယ်။ သောက်ရေကပ်ထားတာယူပြီး ဦးဇင်းက သူ့ခန္ဓာကိုယ် ကို လက်နဲ့နည်းနည်းစီတောက်လိုက် ဖျန်းလိုက်တယ်။ စတိသဘောလောက်ပါ။ အဖေ့ကိုယ်ပေါ်တော့ နဖူးကနေ ခြေဖျားအထိ ခပ်များများ တောက်လိုက်ဖျန်း လိုက်လုပ်တယ်။

ဒီနေ့တော့ ဦးဇင်းကလည်း အဖေ့ကို ပြူးပြီးမကြည့်သလို အဖေကလည်း ပြုံးတုံ့တုံ့မလုပ်ဘူး။ ဘာခံစားချက်မှမရှိသလိုပဲ။ နောက်တော့ လက်စွဲတော် ငါးလိပ်ကျောက်မြီးနဲ့ ဆော်တော့တာပဲ။ မနေ့က အဖေ့က ဘာအရှိုးဘာအရာ မှ မထင်ခဲ့တော့ ဒီနေ့တော့ ကျွန်တော်လည်း တစ်ဖက်ကို မျက်နှာမလွှဲတော့ ဘူး။ ရုပ်ရှင်တို့၊ ပြဇာတ်တို့ထဲမှာလို ဟန်လိုလုပ်သရုပ်ဆောင်နေတာမဟုတ်တာ တော့ သေချာတယ်။ အားကုန်လွှဲချလိုက်တာ၊ ကျွန်တော်ရော စောထူးရော မှတ်ထားတာအတူပဲ။ နှစ်ဆယ့်ခုနစ်ချက်တိတိ။ ပြီးတော့ ဘုန်းကြီးရွာထိပ်က သင်္ချိုင်းဇရပ်ဆီပြန်ကြွသွားရော။ ဆွမ်းချိုင့်ကနောက်ကမှ လိုက်ပို့ရတာ ရွာထဲက ကရင်အမျိုးသားရွယ်တူတွေရော ကြီးသူတွေက သနားကြလို့

"ဟုတ်ဝမ်... ဟုတ်ဝမ်... ဟဲ့ ဟုတ်ဝမ် ဘယ်နှယ့်နေလဲ၊ မနာဘူးလား" မေးကြရှာတယ်။ အဖေက သိပုံတောင်မရဘူး။

"ဟင် ဘာဖြစ်လို့လဲ" လို့ ပြန်မေးတယ်။

တတိယနေ့လည်း ဒုတိယနေ့လို့ပဲ ခပ်စောစောကြွလာတယ်။ ကျွန်တော် မှတ်မိတယ်။ အရင်နေ့တွေက ဝတ်ရုံခဲ့တဲ့သင်္ကန်းပဲ။

ဒီတစ်စုံပဲရှိသလားမသိဘူး။ ထူးတာတော့ လက်နှစ်ဖက်စလုံးရဲ့ လက်ကောက်ဝတ်တွေမှာ ပရိတ်ကြိုးတွေ ဆင်လာတယ်။ အချက်ပေါင်း ဆယ့်ရှစ်ချက်ရိုက်ပြီးတော့ ဦးစောဘသိန်းကို လှမ်းမေးတယ်။

"ဟော့ဒကာ ဒီကောင့်နာမည်ဘာလဲကွ"

လို့မေးတော့ ဦးစောဘသိန်းက

"တန်ဟုတ်ဝမ်" လို့ပြောတယ်။ ဘုန်းကြီးက

"ဟေ တန်ဟုတ်ဝမ်သေပြီကွ"

လို့ပြောလိုက်တယ်။ ဘုန်းကြီးက အဲဒီလိုလည်းမိန့်ရော ကျွန်တော် တယ်တယ်ကို ဖက်ပြီး ငိုတော့တာပဲ။

"တယ်တယ်မသေရဘူး၊ တယ်တယ်မသေရဘူး။ မသေဘူးဟုတ်လား တယ်တယ်"

အဖေက မသေပေမဲ့ မျောနေပြီ။ မျက်လုံးတော့ ဖွင့်နိုင်ပိတ်နိုင်သေးတယ်။ မျက်လုံးမှေးပြီး နားနေလိုက် ခဏခဏပြန်ဖွင့်ကြည့်လိုက်၊ ခဏပိတ်လိုက်ပြန်ဖွင့်လိုက်နဲ့။ မှေးပြီး မှိန်းနေတာများပါတယ်။ ကျွန်တော်တို့ ဝမ်းနည်းပြီး ငိုနေကြချိန်မှာ ဦးစောဘသိန်းက သူ့တပည့်တွေကို သူ့ခြံထဲက ငှက်ပျောပင်တစ်ပင်သွား အခုတ်ခိုင်းတယ်။ ဖထီးတွေက ကျွန်တော့်ကို အန်းကူ… အန်းကူလို့ တအားငိုနေတာကို ချော့ကြတယ်။

ငှက်ပျောတစ်ပင်ခုတ်လာတာ ဘာမှမကြာဘူး ငှက်ပျော်စေးတွေ စိုလို့ရွှဲလို့။ အဖေ့နံဘေးချလိုက်တော့ ငှက်ပျောပင်က အဖေ့အရပ်အမောင်းထက် တစ်မိုက်လက်လေးသစ်လောက်တိုနေလို့ နောက်တစ်ပင်ထပ်ခုတ်ခိုင်းတယ်။ နောက်တစ်ပင်ကျတော့ မဆိုစလောက်လေးရှည်နေတာ ဓားမနဲ့ ပိုင်းလိုက်တာ ကွက်တိပဲ။ ငှက်ပျောပင်ကို ပိုင်းတဲ့ဓားက တော်တော်ထက်တဲ့ဓား၊ ဒါပေမဲ့ ငှက်ပျောပင်ကို အဖေ့အရပ်နဲ့တိုင်းပြီး ခုတ်လိုက်တာ အားသိပ်မစိုက်ရပါဘဲနဲ့၊ အိမ်ကတစ်ချက် သိမ့်ခနဲလှုပ်သွားတယ်။

အဲဒီလို သိမ့်ခနဲတစ်ချက်တည်း လှုပ်ပြီးရော ဦးဇင်းက ဘာမပြောညာမပြောနဲ့ ချာခနဲလှည့်ပြန်သွားတယ်။ ငှက်ပျောတုံးကို အဖေ့အင်္ကျီပုဆိုးတွေနဲ့ ပတ်ကြစည်းကြလုပ်နေကြတာမို့ ဘုန်းကြီးပြန်ကြွသွားတာကို ဘယ်သူမှ သတိမထားမိလိုက်ကြဘူး။

"ကဲ ကဲ တန်ဟုတ်ဝမ်ရဲ့ မသာချမယ်ဟေ့ ပြင်ကြဆင်ကြ" လို့ ဦးစော

ဘသိန်းက ပြောတော့ မောင်းတွေစည်တွေ တီးကြထိုးကြပြန်ရော။ မနက်ခင်းကြီး မသာချတဲ့အချိန်မှာ မဟုတ်တာ၊ ခွေးတွေ အူကြ၊ ဟောင်ကြပြန်ရော။ ကြားကြား သမျှ ရွာသူရွာသားတွေလာကြ။ ဓူးစမ်းကြ၊ ဂျပန်တွေပါ သေနတ်တွေနဲ့ရောက် လာကြတယ်။ ထမ်းလာတဲ့ အသုဘက လူမဟုတ်ဘူး။ အဝတ်အစားတွေ ပတ်ထား စည်းထားတဲ့ ငှက်ပျောတုံးကြီးဆိုတော့ ဂျပန်တွေ နားမလည်ကြဘူး။ ဘာလုပ် တာလဲ။ ဒါဘာလဲလို့မေးကြသတဲ့။ အဖေ့ကိုယ်တိုင်း ငှက်ပျောမသာကို သင်္ချိုင်း သွားသင်္ဂြိုဟ်ကြချိန်မှာ အိမ်ကြီးပေါ်မှာ အဖေရယ်၊ ကျွန်တော်ရယ်၊ ဒေါ်ဒေါ် ရယ်ပဲ ကျန်ရစ်ခဲ့ကြတယ်။ ဒေါ်ဒေါ်ဆိုတာ ဦးလေး စောဘသိန်းရဲ့ဇနီးလေ။

* * *

## ကျော်ညွန့်တဲ့ တစ်ညွန့်တည်း ရှိတယ်

တန်ဟုတ်ဝမ်ကို သင်္ချိုင်းသွားပြီး မြေမြုပ်ကြတဲ့သူတွေမှ ရွာထဲပြန် မရောက်ကြသေးဘူး။ အဖေ သူ့ဘာသာထပြီး ထိုင်တယ်။

"အန်းကူငါ့သားလာကွာ၊ အဖေ ဗိုက်ဆာတယ်" တဲ့။ ကျွန်တော် ကိုယ့် အဖေ့နား ရတ်တရက်မကပ်ရဲဘူး။ မဝံ့မရဲနဲ့ ခမ်းလှမ်းလှမ်းကနေ သေချာအောင် ထပ်မေးမိတယ်။ ကိုယ့်နားကိုယ်မယုံသလိုပဲ။

"ဘာပြောတာတုံး တယ်တယ်"

"တယ်တယ် ဗိုက်ဆာလို့"

အဖေ့ပါးစပ်က ဒီလိုတစ်ခါမှ မတောင်းဖူးဘူး။

"ဟုတ်ကဲ့" လို့ တစ်ခွန်းပြောပြီး ဒေါ်ဒေါ်ရှိရာ မီးဖိုခန်းဆီပြေးတော့ တာပဲ။

"ဒေါ်ဒေါ်..."

"ဘာလဲဟဲ့ မထိတ်သာမလန့်သာ"

"တယ်တယ်က ထမင်းဆာတယ်လို့ ပြောတယ်"

ဒေါ်ဒေါ်က မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး

"သွားမဟုတ်တရုတ်တွေ၊ နင့်တယ်တယ်က သေပဲသေခါနီးနေပြီ အခိပ္ပာယ်မရှိတာတွေ လာမပြောနဲ့"

လို့ ကျွန်တော့်ကို မယုံမကြည့်နဲ့ ပြောနေတယ်။

"မဟုတ်ဘူး၊ ဒေါ်ဒေါ်လာကြည့်လှည့်"

ဒေါ်ဒေါ်က ထဘီတစ်ချက်ပြင်ဝတ်ပြီး ကျွန်တော့်လက်ကိုဆွဲပြီးလိုက်လာတယ်။ အဖေ့လည်း တွေ့ရော

"တန်ဟုတ်ဝမ် ဘာဖြစ်နေတာလဲ"

လို့မေးတော့ အဖေက ထိုင်လျက် အညောင်းဆန့်ရင်း

"ငါ့ကိုဒီအတိုင်း ပစ်ထားကြတော့မှာလား။ ထမင်းလည်း မကျွေးကြဘူး၊ ဘာစားစရာရှိလဲ၊ ဗိုက်သိပ်ဆာတာပဲ" တဲ့။

ဒေါ်ဒေါ်က အဖြစ်မှန်အတိုင်း

"ဟယ် မဟုတ်တာ၊ နေ့တိုင်း အနပ်တိုင်း ကျွေးနေတာပဲ၊ ကျွေးလို့မှ မရတာ"

လို့ပြောပါလေရော။

"ဒါဆိုရင် အခု ဘာစားစရာရှိလဲ"

"ခဏစောင့်ဦး ရှိတယ်" ဆိုပြီး ဒေါ်ဒေါ်က မီးဖိုဘက်ထွက်သွားတယ်။

စစ်ဖြစ်နေတဲ့အချိန်ကြီး နောက်ပြီး ချက်ချိန်ပြုတ်ချိန်မှ မဟုတ်တာ၊ ဘာအသား ဘာငါးနဲ့ စိုစိုဖပ်ဖပ်ရှိပါ့မလဲ။ ဒေါ်ဒေါ်က အိမ်ရှိတဲ့ ကြက်ဥလို၊ ပဲလိုလွယ်တာလေးကို ကောက်ခါင်ခါစီစဉ်ပေးလိုက်တယ်။ တယ်တယ်ကလည်း နာလန်ထတစ်ယောက်နဲ့မတူဘူး၊ မောပန်းပြန်လာတဲ့အလုပ်ကြမ်းသမားတစ်ယောက်လိုပဲ။ မြိန်ရေရှက်ရေ အားရပါးရစားတော့တာ။

ဆယ့်ငါးမိနစ်လောက်နေတော့ ဦးလေးစောဘသိန်းနဲ့အဖွဲ့ ပြန်ရောက်လာကြတယ်။ အဲဒီအချိန်မှာ အဖေက ထမင်းလုံးစီရင်း ဆေးပြင်းလိပ်ခဲနေချိန်ပေါ့။ အားလုံးက ဝမ်းပန်းတသာနဲ့လာပြီး မေးကြမြန်းကြတယ်။ အဖေကတော့ ဆေးပြင်းလိပ်အသောက်မပျက်ဘူး။ ဆေးပြင်းလိပ်တရဲရဲနဲ့ ဇိမ်ယူနေပြီ။

"ဟ ဟုတ်ဝမ်၊ သူငယ်ချင်းထတောင် ထိုင်နေပြီ၊ ဝမ်းသာတယ်၊ သူငယ်ချင်းရာ"

ဦးလေးဦးစောဘသိန်းက ပြောတော့ တယ်တယ်က

"ငါဘာဖြစ်လို့လဲကွ"

အားလုံးက ဝမ်းလည်းသာကြ၊ အံ့လည်း အံ့အားသင့်နေကြချိန် ဦးလေးဦးစောဘသိန်းကျွန်တော့်ကို လက်ကုပ်ခေါ်ပြီး

"သွားမင့်အမေကို ဒီအကြောင်းပြောချေ"

လို့ လွှတ်လိုက်တယ်။ ကျွန်တော်က ထမင်းစားနေကတည်းက သွားမလို့ပါ။ ဒေါ်ဒေါ်က သူတစ်ယောက်တည်း မနေရဲဘူးဆိုလို့ ထမင်းကျွေးတဲ့ ဒေါ်ဒေါ်အဖော်ရအောင် ကျွန်တော်စောင့်ပေးနေတာ။

အိမ်အောက်မှာ မြေစိုက်တဲလေးတစ်လုံးနဲ့ သီးသန့်နေတဲ့ အမေ့ကို ပြေးပြောရတယ်။ အမေက ကျွန်တော့် ဒုံးစိုင်းပြေးလာတာကို တအံ့တဩဖြစ်နေတယ်။

"တယ်တယ် နေကောင်းသွားပြီ မေမေ၊ အခုထိုင်ပြီး ထမင်းတွေ စားပြီး သွားပြီ"

"ဟုတ်ရဲ့လား သားရဲ့"

"ဆေးလိပ်တောင် သောက်နေပြီ။ သူ့ဘာသာ မီးညှိတာ"

"ဘယ်သူကုတာလဲ၊ ဟိုဘုန်းကြီးလား"

"ဟုတ်တယ် အမေ"

အမေက အဖေနေတဲ့အိမ်မြင့်ကြီးဆီတစ်ချက် မော့ကြည့်ရင်း နားစွင့်သလို လုပ်ရင်း

"အန်းကူလာ၊ အမေ့နားလာ။ ဟိုဝါးလှေကားကို မငြီးရွှေ့၊ မြောက်ဘက်အစွန်ဆုံးက စပါးကျီထဲကိုဝင် အန်းကူ"

ကျွန်တော်က အမေ ပြောတာနားထောင်ရင်း ဝါးလှေကားကြီးရောစပါးကျီကိုရော ကြည့်နေမိတယ်။

"ဘယ်သူမှ မမြင်စေ၊ မသိစေနဲ့ အန်းကူ။ အဲဒီကျီရဲ့ အနောက်မြောက်ထောင့်မှာ အမေတို့ဝှက်ထားတဲ့ အထုပ်တွေရှိတယ်။ စပါးတွေအသာဖယ်ပြီး အထုပ်တစ်ထုပ်ယူခဲ့၊ ပြီးတော့ လက်ရာမပျက် ပြန်ဖုံးခဲ့နော်သား။ ဘယ်သူမှ မမြင်အောင်လုပ်နော်"တဲ့။

အမေမှာတဲ့အတိုင်း အထုပ်တစ်ထုပ် ဆွဲထုပ်ပြီး စပါးတွေကို ခြေရာလက်ရာမပျက် ပြန်ဖုံးခဲ့တယ်။ စပါးကျီထဲကနေ အထုပ်ဆွဲပြီး မထွက်ခင် ပျဉ်ချပ်တွေကြားကနေ အပြင်ကို အသာချောင်းကြည့်လိုက်တယ်။ အထူးသဖြင့် အိမ်ကြီးအပေါ်ကိုပေါ့။ ဘယ်သူမှာ မတွေ့တော့မှာ အသာထွက်ခဲ့ပြီး အမေ့ဆီ အရင်သွားပေးလိုက်တယ်။ ပြီးမှ ဝါးလှေကားအလေးကြီးကို သူ့နေရာသူနေသားတကျ ပြန်ထားလိုက်တယ်။ ကျီထဲ မဝင်ခင်က ဒီဝါးလှေကားကြီးဒီလောက်လေးမယ်မထင်ဘူး။ ပြန်ပြီး သူ့နေရာသူပြန်ထားတော့မှ အတော်လေးမှန်း သိတော့တယ်။

အမေက ကျွန်တော်ယူလာတဲ့အထုပ်က ရွှေဒင်္ဂါးထုပ်လား၊ ငွေဒင်္ဂါးထုပ်လား ဖွင့်မကြည့်တော့ဘူး။

"အန်းကူ ဒီအထုပ်ကို ဘုန်းကြီးလှူနော် ငါ့သား" တဲ့။

အမေ့ကြည့်ရတာ အခုလို လှူရတာကို ပီတိဖြစ်နေပျော်နေပုံရတယ်။

ကျွန်တော်လည်း အမေ့ရဲ့တဲအပြင် ထွက်လိုက်ရော ဘုန်းကြီးက အိမ်ကြီးပေါ်ကို ကြွသွားတာ လှမ်းမြင်လိုက်လို့ ကျွန်တော်လည်း နောက်က အထုပ်ဆွဲလိုက်သွားတယ်။

အိမ်ပေါ်ရောက်တော့ ဦးပဥ္စင်းကြီးက မထိုင်ဘူး၊ လမ်းခေါက်တုန့်ခေါက်ပြန်လျှောက်ရင်း အဖေ့အခြေအနေကို အကဲခတ်နေတယ်။ ကျွန်တော်က ဘုန်းကြီးကို ထိုင်ရှိခိုးရင်း အမေမှာလိုက်တဲ့အတိုင်း လက်ထဲက အထုပ်ကို ကပ်လှူလိုက် တယ်။

"ဘာတွေလဲကွ"

"မေမေက ဘုန်းဘုန်းကို အလှူခိုင်းလိုက်လို့"

"အိတ်ကိုဖွင့်လိုက်စမ်း"

ပတ္တူအိတ်ကို ကျွန်တော် မဖွင့်တတ်ဘူး၊ ချိတ်နဲ့ ဘာနဲ့အကျအန စည်းပြီး ကြိုးက သေသေချာချာချည်ထားတာ။ ဦးစောဘသိန်းကပေး၊ ပေးဆိုပြီး ယူပြီး ဖွင့်လိုက်တာ။

"ဟာ ငွေထုပ်ကြီးဘုရား၊ ရွှေဒင်္ဂါးတွေလည်းပါတယ်"

ဘုန်းကြီးက လှမ်းယူပြီး ကြိုးကိုပြန်ချည်တယ်။ ကျွန်တော့်ဘက်လှည့်ပြီး

"ရော့ကလေး မင်းယူလိုက်၊ မင်းယူလာတဲ့အထုပ် မင့်ကို ငါပြန်ပေးမယ်"

အဲဒီတုန်းက ကလေးဆိုတော့ ဘယ်လောက် အဖိုးတန်မှန်းလည်းမသိ။ ပျော်နေတော့တာပေါ့။ အဲဒါတွေကို ဦးစောဘသိန်းက ထိန်းသိမ်းပေးထားတယ်။

"ကောင်းသွားပါပြီ၊ ငါပြန်မယ်။ တန်ဟုတ်ဝမ် သေပြီနော်၊ ကျော်ညွန့်တဲ့ တစ်ညွန့်တည်းရှိတယ်" လို့ အဖေ့နာမည်အသစ်ပါ မိန့်တော်မူပြီး ကြွသွားတယ်။ ပြန်အကြွတံခါးဝရောက်မှ "ဟေ့ကျော်ညွန့်၊ ငါပြန်လာမှာနော်။ လာတုန်းက ငါ့စာရိတ်နဲ့ငါလာတာ ပြန်တော့ ငါ့စာရိတ်နဲ့ငါပြန်တယ်" လို့ လှေကားထိပ်ကနေ အသံကျယ်ကျယ်နဲ့ လှမ်းပြောတယ်။ ကျန်တဲ့လူတွေက ဘုန်းကြီးကို အားလုံးရှိခိုးဦးချကြပေမဲ့ အဖေကတော့ သူနဲ့မဆိုင်သလိုပဲ။ ခပ်တည်တည်နဲ့ ထိုင်နေတယ်။

လှေကားထိပ်ရောက်တော့မှ ကျွန်တော့်ကို လက်ယပ်ခေါ်ပြီး ပါးစပ်ကလည်း

"လာဦး" လို့ခေါ်တယ်။ ကျွန်တော့်စိတ်ထဲမှာ ဘုန်းကြီးကို ကြောက်စိတ်မရှိတော့ဘူး။ ခပ်သွက်သွက်လျှောက်သွားလိုက်တယ်။ ကျွန်တော့်ကျောကိုပွတ်ပေးရင်း

"မင်းကြီးလာရင် ဘာလုပ်မှာလဲ" လို့ မေးတယ်။

"ကုန်သည်လုပ်မှာဘုရား၊ အခု ဘဲဥတွေ၊ ဆေးလိပ်တွေရောင်းနေတယ်" လို့ ပြန်ဖြေတော့ ဘုန်းကြီးက ကျွန်တော့်အဖြေကို သိပ်ကြိုက်ပုံမပေါ်ဘူး။ ဘာမှ ဆက်မပြောဘဲ မျက်မှောင်တစ်ချက်ကြုတ်သွားတယ်။ ခဏစဉ်းစားပြီး "ဟင်း" ဆိုတဲ့ သက်ပြင်းချသံနဲ့အတူ တစ်ဆက်တည်းပဲ

"ကုန်သည်လုပ်လည်းဖြစ်မှာပါ။ ငါမတည်ငွေ ပေးပြီးပြီပဲ" တဲ့။

ဦးပဥ္စင်းက ကြွတော့မလို လုပ်ပြီးမှ ကျွန်တော့်ခေါင်းကိုပွတ်ပြီး လေသံနှိမ့်ပြီး ပြောတယ်။

"ဟော့ကောင် ပယောဂဆိုတာ မီးကိုပြောတယ်ဆိုတာ မင်းလက်တွေ့သိလိုက်ပြီ မဟုတ်လား။ မှတ်ထား" တဲ့။

ဂျပန်ခေတ်၊ ရှားပါးတဲ့ခေတ်၊ စိုးတထိတ်ထိတ်နဲ့ ကြောက်လန့်နေရတဲ့ အချိန်မှာ အဖေ့ခမျာ မတော်တဆ ထိခိုက်အနာတရဖြစ်ရာကနေ၊ အိပ်ရာထဲ ဗုန်းဗုန်းလဲခဲ့ရတယ်။ ဦးလေး ဦးစောဘသိန်းတို့ မိသားစုက ကျွန်တော်တို့ကို အများကြီး ကူညီခဲ့ကြတယ်။ သူတို့ကျေးဇူးတွေ ဆပ်မကုန်ဘူး။ ဘုန်းကြီးကြွလာပေလို့ ကျွန်တော့်ဖခင် တန်ဟုတ်ဝမ်တစ်ဖြစ်လည်း ဦးကျော်ညွန့်အသက်ရှင် သေတွင်းက ထွက်နိုင်ခဲ့တာ။ ဂျပန့်ခေတ်မှာ ကြုံရဆုံရတာတွေက အမျိုးမျိုးလေ။ ဒါပေမဲ့ ဒီအတွေ့အကြုံကတော့ စိတ်ထဲမှာစွဲနေအောင် မှတ်မိနေတယ်။

* * *

## စိန့်ပက်ထရစ်ကျောင်းသား

၁၉၄၆ ခုနှစ် ညီအစ်ကိုတစ်တွေ ကျောင်းပြန်နေကြတယ်။ ဒီတစ်ခါတော့ မော်လမြိုင် စိန့်ပက်ထရစ်သာသနာပြုကျောင်းမှာ နေကြတာ။ အစ်ကိုကြီးက ငါးတန်း၊ ကျွန်တော်က သုံးတန်း၊ ညီလေးဂျော့က နှစ်တန်းမှာ ပညာသင်ရတယ်။ နောက်တော့ မကြာဘူး အစ်ကိုကြီးက ငါးတန်းကနေ ခြောက်တန်း၊ ကျွန်တော်က သုံးတန်းကနေ ငါးတန်း၊ ဂျော့က နှစ်တန်းကနေ လေးတန်းတက်ပြီး ပညာသင်ရတယ်။

ကိုယ်မင်းသားလုပ်တဲ့အခါကြမှ သီချင်းဆန်းပေါ်တယ်ဆိုသလိုပဲ။ ခါတိုင်း လေးတန်းမှာ အစိုးရစစ်စာမေးပွဲကျင်းပနေကြ။ ကျွန်တော် ငါးတန်းတက်ရတဲ့ နှစ်ကျတော့ အစိုးရစစ်စာမေးပွဲက ငါးတန်းမှာစစ်မယ်ဖြစ်ကရော။ အစိုးရ

စစ်မကလို့ ဘာကြီးလာစစ်စစ်ဖြေနိုင်ပါတယ်။ ဘာခက်တာမှတ်လို့။

ကျွန်တော်ငါးတန်းကနေ ခြောက်တန်းတက်ရတဲ့နှစ်မှာ ညီဖြစ်တဲ့ ကျော့က လေးတန်းကနေ ခြောက်တန်းရောက်လာတယ်။ သူက ခြောက်တန်းပြီးတော့ ခုနစ်တန်းမတက်ရဘဲ ရှစ်တန်းတက်၊ ရှစ်တန်းကနေ ဆယ်တန်းတက်ခွင့်ရတဲ့ သူ၊ စာအင်မတန်တော်တယ်။ ဒီလိုတစ်နှစ်နှစ်တန်းခုန်တော့ ကျွန်တော့်ကို ကျော်တက်သွားတာပေါ့။

စိန့်ပက်ထရစ်မှာ ကျွန်တော် မော်နီတာလုပ်ရတယ်။ အတန်းတူသူငယ်ချင်းတွေကို ဆရာနဲ့အတူ တချို့ကျောင်းသားတွေ အမြင်ကတ်တယ်၊ မုန်းတယ်။ အတန်းထဲမှာ အဲဒီလို မော်နီတာ သတ်သတ်ရှိတယ်။

ကျွန်တော်က စိန့်ပက်ထရစ်ကျောင်းပိုင် ကျောင်းသားသုံးပစ္စည်းတွေ ရောင်းရတဲ့ ဆိုင်တစ်ဆိုင်ရှိတယ်။ ပြဌာန်းစာအုပ်တွေ၊ ခဲတံတွေ၊ ဖောင်တိန်တွေ၊ ဗလာစာအုပ်၊ မင်အိုး၊ ကွန်ပါဘူး၊ လေ့ဂရစ်သမ်၊ ခဲဖျက်၊ ပေတံစတဲ့ စာအုပ်နဲ့ စာရေးကိရိယာအကုန်အစုံရနိုင်တယ်။ အဲဒီဆိုင်ကို ဆရာသာဂေးလ်ဘတ်က အုပ်ချုပ်တာ။ ကျွန်တော်က အဲဒီဘုန်းကြီးရဲ့လက်ထောက်၊ သူ့ကို ကူညီပြီး ရောင်းပေးရတာ။

ညစာကျက်ပြီးရင် ဆရာသာက ကျွန်တော့်ကိုခေါ်ပြီး စာအုပ်ဆိုင်က ရောင်းကြေးတွေ ရေတွက်ကြ၊ စာရင်းပြုကြရတယ်။ ပိုက်ဆံလည်း သူ့အစည်းနဲ့သူ။ အဲဒီပိုက်ဆံတွေကို မနက်ကြတော့ ဒေါက်တာ စွန်ဒရွန်းရဲ့အိမ်ကို သွားပို့ရတယ်။ သူက ကျောင်းရဲ့အုပ်ထိန်းသူ Patron ပါ။ ဒေါက်တာ စွန်ဒရွန်းကလည်း စိန့်ပက်ထရစ်ကျောင်းပိုင်ငွေတွေကို မြို့ထဲက ဘဏ်မှာ ငွေစာရင်းသတ်သတ်ဖွင့်ထားတယ်။

ကျွန်တော့်ကို ဘုန်းတော်ကြီးတွေက ခိုင်းလို့ကျောင်းမှာ ခေတ်ပုံရိုက်ရတယ်။ ဖလင်ဆေးရတယ်။ ပုံကူးရတယ်။ ကျောင်းကပွဲတွေ ကျောင်းအားကစားပွဲတွေဆိုရင် ကျွန်တော်အလုပ်သိပ်များတယ်။ ဒါကြောင့် ပညာရေးမှာတော့ ညီတော်မောင်ကျော့ကို မမီဘူး။ စိန့်ပက်ထရစ်ကျောင်းမှာ ပညာရေး၊ သူငယ်ချင်းကောင်းတွေရော ဒီပြင်ကျောင်းသားတွေ မရနိုင်တဲ့ အတွေ့အကြုံတွေရောရခဲ့တယ်။ အသက်ကြီးလာတော့ ငယ်ဘဝကတချို့အဖြစ်အပျက်တွေက စိတ်ကူးထဲဝင်ရောက်လာတယ်။

* * *

## ကရင်တော်လှန်ရေး

အဖေတို့ပိုင်တဲ့ လယ်ဧကတစ်ထောင်ကျော်ကို ထွန်ကြယက်ကြစိုက်ပျိုးကြတာ အများစုက ကရင်အမျိုးသားတွေပါပဲ။ ဒီတော့ ကျွန်တော်တို့မိသားစုနဲ့ ကရင်အမျိုးသားတွေနဲ့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ကျေးဇူးရှိကြတယ်။ အဖေက လယ်ပိုင်၊ သူဌေး။ သူတို့က လယ်သမား၊ ကောက်စိုက်ကြ၊ စပါးရိတ်ကြရတဲ့သူတွေ၊ သူတို့အပေါ်မှာ အဖေ့ရဲ့သြဇာအထိုက်အလျောက်ရှိတယ်။ သူတို့က အဖေပြောတာဆိုတာ ဆုံးမတာ နားထောင်ကြတယ်။ လိုက်နာကြတယ်။

ဒါပေမဲ့ ကရင်လူမျိုးတွေမှာ အစိုးရအပေါ် ခံစားချက်တွေ၊ နာကြည်းချက်တွေများလာတော့ သူတို့လက်နက်ကိုင် သူပုန်ထကြတော့ အဖေက တားသေးတယ်။ သူတားရင်ရမယ်ထင်နေတာ။ သူ့လက်ရင်းတပည့်ကျော် စောသန်းဖေကပါလက်နက်ကိုင်စွဲတော့ အဖေက ဆဲပါလေရော။

"အောင်မယ်၊ သန်းဖေ၊ လာစမ်း၊ နင်က သူပုန်ဟုတ်လား၊ ငါ့ခြံထဲ သရက်သီးခူး၊ အုန်းသီးခူး၊ လယ်ပဲ စိုက်တတ်တဲ့နင်က သူပုန်လုပ်မလို့ ဟုတ်လား၊ ငါ့ပိတ်ပက်ထိုးပစ်ပြန်ရော့မယ်" လို့ အော်ခဲ့ပြောခဲ့တာ။ ဘယ်လောက်အထိပြောသလဲဆိုရင်

"ငါ့နွားတွေ ကျောင်းနေတဲ့ နင်တို့က တိုင်းပြည်အုပ်ချုပ်မလို့ ဟုတ်လား"

ဒါပေမဲ့ သူတို့ဘက်က ကြည့်တော့လည်း သူတို့တစ်မျိုးသားလုံးအရေးဖြစ်နေပြန်တယ်။ အဖေ့တပည့်တွေက ရိုးရှာကြတယ်။

"ကျွန်တော်တို့က တိုင်းပြည်အုပ်ချုပ်ကြမှာ မဟုတ်ပါဘူးဆရာရယ်၊ ကျွန်တော်တို့ ခေါင်းဆောင် စောအုန်းဖေတို့ အုပ်ချုပ်ကြမှာပါ" တဲ့။

အဲဒီလို ရိုးရိုးသားသားပြောပြန်တော့လည်း သူ့တပည့်တွေအပေါ် သံယောဇဉ်က မပြတ်နိုင်ဘူး။ ပြတ်ဖို့လည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး မဟုတ်လား။

"အေး... မင်းတို့အမျိုးသားရေး၊ မင်းတို့ကောင်းစားဖို့ တန်းတူအခွင့်အရေးရဖို့ တိုက်ပွဲဝင်ကြရတာဆိုရင်ဖြင့် တပည့်တို့ ပါဝင်ရမှာပေါ့။ သန်းဖေ လိုတာရှိရင် ငါ့လာပြောကြားလား။ ငါက ကူညီရမှာပေါ့၊ ထောက်ပံ့ရမှာပေါ့"

အဖေက ပါးစပ်ကလည်း အဲဒီလိုပြောသလို လက်ကလည်းပါတယ်။ လစဉ် သူတို့ကို ငွေငါးထောင် ထောက်ပံ့တယ်။ အဲဒီခေတ်က ငါးထောင်က အများကြီးသုံးလို့ရတယ်။ လစဉ်အပြင် ဒီပြင်ကြားဖြတ်လိုအပ်တာရှိရင် အဖေက

ပေးနေတာပဲ။ သူတို့တပည့်တွေလည်း အပေါ်ပိုင်း ပုနီဖောင်းနဲ့ ဘာနဲ့အကျအန ပဲ။ ခြေထောက်မှာတော့ ခုံဖိနပ်နဲ့။

တစ်နေ့တော့ ကုလားသူဌေး အာဂျန်ဆင်းရဲ့စက်လှေကြီး လေပြင်းမိပြီး ချောင်းထဲ လမ်းမှားရောက်လာတယ်။ မုန်တိုင်းအငယ်စားလောက်ရှိတယ်ထင်ပါ ရဲ့။ အုန်းပင်က အုန်းလက်တွေပြုတ်ကျ၊ ကွမ်းပင်တွေ လဲကြပြိုကြ၊ ခေါင်မိုးလန် သူလန်နဲ့ပေါ့။ ပြန်ထွက်လို့မရတဲ့ စက်လှေကြီးနဲ့ပါလာတာတွေ ကရင်တွေဆီ ပါသွားတယ်။ စက်လှေက အိန္ဒိယစက်ဘီးတွေ အများကြီးတင်လာတဲ့လှေကြီး။ ကရင်ရဲဘော်တွေ စက်ဘီးကိုယ်စီနဲ့ စက်ဘီးတပ်မတော်ဖြစ်သွားရော။ ရိုင်ဖယ်ကို ပခုံးမှာ စလွယ်သိုင်းပြီး စက်ဘီးတွေ စီးကြတော့တာ။ စက်ဘီးမစီးတတ်တဲ့ ရဲဘော်တွေက သူတို့အိမ်ကို စက်ဘီးတွန်းသွားကြရော။ သူတို့ရဲ့သထုံဌာနချုပ်က အဝေးကြီးမဟုတ်ဘူး။ တယ်တယ့်အိမ်က သူတို့ရဲ့ဟက်ကွာတာဌာနချုပ်ပဲ။ သူတို့က အဲဒီလို သဘောထားကြတာ။

သထုံမြို့ကို ကရင်က ဘယ်နေ့ဘယ်ရက်က စီးမယ် တန်ဟုတ်ဝမ်ရေ လို့ သတင်းလာပေးရင် တယ်တယ်က

"ဟာ မင်းတို့သထုံမြို့တော့ မလုပ်ကြပါနဲ့ကွာ"

ဒီလိုပြောလိုက်ရင် သူတို့ရဲ့အကြီးအကဲတွေက ဒီပြင်မြို့တွေ ငါတို့ရထား ပြီးပြီ သထုံမရသေးဘူး။ ဒီတစ်ခါတော့ တရုတ်တန်ဟုတ်ဝမ်နား သတင်းမ ရောက်စေနဲ့။ သထုံကိုစီးမယ်ကွာဆိုပြီး သထုံကို ဝင်စီးကြတာ၊ ရသွားကြရော။ ဒါပေမဲ့ တန်ဟုတ်ဝမ်မိသားစု စပါးတစ်စေ့မလျော့ဘူး၊ မုန့်တစ်ပေါက်မစွန်းဘူး။

သထုံကို သူတို့အလွယ်တကူရကြတာတော့ မဟုတ်ဘူး။ သတင်းတွေ ခဏခဏထွက်လို့ လုံခြုံရေးဘက်က ကြိုတင်ပြင်ဆင်ထားတယ်။ ရဲစခန်းက ခုခံတယ်၊ ပြန်ပစ်တယ်။ သေနတ်သံတွေညံလို့။

ဗိုလ်ချုပ်အောင်ကြီး စစ်ဦးစီးချုပ် လုပ်နေတဲ့ကာလတွေလို့ မှတ်မိတယ်။ မှားရင်လည်း မှားလိမ့်မယ်။ ဗိုလ်ချုပ်ရဲ့ပထမအိမ်ထောင် ဒေါ်ကြူကြူနဲ့ ကျွန်တော်တို့မိသားစုနဲ့ ခင်မင်ကြတယ်။ သထုံမြို့ကို ကရင်မဝင်နိုင်အောင် သံဆူးကြိုးကာပေးပါဆိုလို့ တပ်ရင်းငါးကို အဲဒီဆန်စက်မှာ လာပြီး တပ်စွဲခိုင်း ထားရတယ်။ ဒီတပ်အတွက် ရိက္ခာ တယ်တယ်ကပေးတယ်။ တစ်ဖက်က ကရင် အမျိုးသားတွေကလည်း ကိုယ့်လူတွေ၊ ကိုယ့်တပည့်သားမြေးတွေလေ။

သထုံရဲစခန်းက ဘယ်လိုပဲ ခုခံပေမဲ့ အင်အားချင်းမမျှဘူး။ ရဲစခန်း ကျတော့ ဌာနအုပ်ကို ဖမ်းမယ်သတ်မယ်လုပ်တော့ ဌာနအုပ် ဦးစိုးလှိုင်က အဖေ့ ဆီပြေးလာတယ်။ ဒါနဲ့အိမ်အပေါ်ထပ်က မျက်နှာကြက်မှ သူ့ကို ဝှက်ပေးထား

ရတယ်။ ပြေးလာခါစက ကြောက်လန့်တဲ့စိတ်နဲ့ အသက်လုပြီး ပြေးလာတာ၊ မသေတော့ဘူး၊ စိတ်ချရပြီဆိုတော့ ဦးစိုးလှိုင်က အောက်ဆင်းချင်တယ်တဲ့။ ဟုတ်မှာပေါ့၊ မျက်နှာကြက်ပေါ်မှာ နာရီပေါင်းများစွာ ဘယ်သူနေချင်မလဲ။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ ဒါပေမဲ့ တယ်တယ်က ဟ မဆင်းနဲ့ဦး၊ အကုန်လုံး ဒုက္ခများကုန်မယ်၊ နေမြဲနေပါဆိုပြီး ဦးစိုးလှိုင်ကို ကယ်လည်း ကယ်တင်သလို နည်းနည်းလည်း နှိပ်စက်ခဲ့တယ်။ ဌာနအုပ်စားဖို့ ရိက္ခာတော့ ကြိုးလေးနဲ့ဆွဲခြင်း လေးနဲ့ အတင်အချလုပ်ပြီး ပို့ပေးရတာလေ။

နောက်တော့ အဲဒီဌာနအုပ် ဦးနုလက်ထက်မှာ ရဲမင်းကြီးဖြစ်သွားတယ်။ ရဲမင်းဖြစ်သွားပေမဲ့ ဒီပုဂ္ဂိုလ်က သူ့ဘဝကိုတော့မမေ့ဘူး၊ တယ်တယ်တို့ကျေးဇူး သူ့အပေါ်မှာ ရှိတယ်လို့ ခံယူတဲ့လူ။

* * *

## ဗိုလ်လက်တို

ကျိုက်ထိုမှာ အဖေ့ရဲ့ဆန်စက်နှစ်လုံးရှိတယ်။ အိုဝမ်းဆိုတာ တစ်စက် အိုတူးဆိုတာတစ်စက်။ အိုဝမ်းက ရဲမင်းကြီး ဦးကျော်မြင့်ဆီက ဝယ်တာ။ တန် တစ်ရာကျတဲ့စက်။ အိုတူးက မြို့လယ်ကောင်ကစက်။ ဒီဆန်စက်နှစ်စက်စလုံး ပြုတ်ဆန်တွေ ပြုတ်နိုင်တဲ့ စက်တွေချည်းပဲ။ ကျွန်တော်တို့မိသားစုအတွက် အလွန်အရေးပါပြီး အသုံးဝင်တဲ့ စက်တွေလေ။ ကျိုက်ထိုက အိုဝမ်းနဲ့အိုတူး အတွက် စက်တစ်လုံးကို ကျပ်ငါးထောင်နဲ့ ငွေတစ်သောင်း၊ သထုံက အပေါင် ဆိုင်အပါအဝင်အတွက် ငွေငါးထောင် အဖေက ကရင်တွေကိုပေးတယ်။ ကြာ လာတော့ ဒါဟာ သူတို့ရသင့်ရထိုက်တဲ့ငွေလို့ ကရင်တွေက ထင်လာကြတယ်။

ကျွန်တော်တို့ သထုံကနေ ဘယ်သွားချင်သလဲ၊ မော်လမြိုင်သွားမလား ဘာမှပြဿနာမရှာကြဘူး။ ခွင့်ပြုထားတယ်။ တယ်တယ်က သူတို့ရဲ့အုပ်ထိန်း သူလိုလို၊ တော်လှန်ရေးရန်ပုံငွေ ထောက်ပံ့နေသူလိုလို ဖြစ်နေတော့တာကိုး။

ကရင်တပ်က ဗိုလ်လက်တိုဆိုတဲ့ ပုဂ္ဂိုလ်က ရွှဲဆရာ။ ရွှဲကစားရွှဲခတ်သိပ် တော်တယ်။ သူ့ခမျာ လက်ကလေးတစ်ဖက် တိုနေတာကလွဲလို့ လူကမင်းသား ရုပ်၊ လူ့ဖြောင့်။ သူ့ဖခင်ဦးစံရွှေကလည်း ဥပဓိရုပ်ကောင်းကောင်း။ ရွှဲဆရာဗိုလ် လက်တိုက သူကိုယ်တိုင် ရွှဲခတ်ကစားတဲ့အပြင် ကျွန်တော်တို့ကိုပါ ရွှဲခတ်ပညာ သင်ပေးတယ်။ အဲဒါတန်ဟုတ်ဝမ်သား၊ တန်ဟုတ်ဝမ်မျက်နှာနဲ့ သင်ပေးတာ

မဟုတ်ဘူး။ ရွှဲပညာစိတ်ဝင်စားကြတဲ့ကလေး၊ လူငယ်ဘယ်သူ့ကိုမဆို သင်ပေးတာ။

ဇင်းကျိုက်မှာ ဘုရားပွဲကျင်းပတော့ ဇာတ်ထည့်ကြတယ်။ ပွဲခင်းဆိုတာ လူမျိုးပေါင်းစုံလာကြတာပေါ့။ ပွဲခင်းမှာ ဘာပြဿနာမှမဖြစ်ရအောင် ဗိုလ်လက်တို့နဲ့အဖွဲ့ရောက်လာကြတယ်။ ပွဲကနေတုန်း တီးမှုတ်ကခုန်နေတုန်း ရောက်လာကြတာ။ သူကြီးကို ခေါ်ပြီး စင်ပေါ်မှာ မွန်ဘာသာနဲ့ စကားအပြောခိုင်းတယ်။ သူကြီးကလည်း ပွဲရှိန်တက်နေတာတွေ ဘာတွေဘယ်သိမလဲ။ ဗိုလ်လက်တိုက စင်ပေါ်တက် ဒါတွေပြောဆိုတော့ မွန်ဘာသာနဲ့ ပြောရဆိုရတာပေါ့။

"ဓားနဲ့ပတ်သက်ရင် မောင်းချဓားလည်း မကိုင်ရ"

ပရိသတ်က ခေါင်းညိတ်သူညိတ်ကြ၊ အံ့သြသူအံ့သြကြဖြစ်နေကြတယ်။

"တုတ်နဲ့ပတ်သက်ရင် ခဲတံလေးလည်း မကိုင်ရ"

ပရိသတ်က ထူးဆန်းတဲ့အမိန့်ကြော်ငြာစာကို ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေကြရတယ်။

"ချွန်တာနဲ့ပတ်သက်ရင် ချိတ်ဆူးလေးလည်း မကိုင်ရ"

သူကြီးက သူ့ပရိသတ်ကို တစ်ချက်အကဲခတ်လိုက်ပြီး ဆက်ပြောတယ်။

"မှတ်ထားကြ၊ ကြားတယ်နော်၊ ကိုင်း... ဆိုင်းတီး"

သူကြီးလည်း ကားလိပ်နောက် ဝင်ရော ဆိုင်းတွေ တဂျိမ်းဂျိမ်းပြန်တီးပြီး ကကြ၊ သီချင်းဆိုကြ၊ သီချင်းတစ်ပုဒ်ဆိုပြီးတော့ ဗိုလ်လက်တိုက ပွဲကို ခေတ္တ အရပ်ခိုင်းပြီး သူကြီးကို စင်ပေါ်အတက်ခိုင်းပြန်ရော။ စင်ပေါ်ရောက်ရင်...

"ဓားနဲ့ပတ်သက်ရင် မောင်းချဓားလည်း မကိုင်ရ"

"တုတ်နဲ့ပတ်သက်ရင် ခဲတံလေးလည်း မကိုင်ရ"

"ချွန်တာနဲ့ပတ်သက်ရင် ချိတ်ဆူးလေးလည်း မကိုင်ရ"

"မှတ်ထားကြ၊ ကြားတယ်နော်၊ ကဲ... ဆက်က"

ဒီလိုနဲ့ ကလိုက်ကြ၊ ဆိုလိုက်ကြ၊ သူကြီးက စင်ပေါ်တက်ပြီး ဓားနဲ့ပတ်သက်ရင် ပြောလိုက်ရနဲ့ မိုးလင်းသွားတယ်။

* * *

## ဓားစာခံ သုံးဦး

တယ်တယ်ဆီက သတင်းတစ်ခုရတယ်။ သူကျိုက်ထိုစက်ထဲမှာ ရောက်နေတယ်။ နေမကောင်းဘူး။ ကရင်ကို ပေးစရာပိုက်ဆံတစ်သောင်းခွဲ သူ့မှာ

မရှိဘူး။ ရန်ကုန်ကိုပို့ထားတဲ့ ပြုတ်ဆန်ဖိုးတွေ မရသေးခင် အိမ်က ပိုက်ဆံ ခေတ္တယူပြီး ကျိုက်ထိုလာခဲ့တဲ့။

တယ်တယ်မှာတဲ့အတိုင်း ပိုက်ဆံတစ်သောင်းခွဲယူပြီး ကျိုက်ထိုလာခဲ့ တယ်။ စက်ကတော့ လည်နေတာပဲ။ အဖေက အခန်းသုံးခန်းရှိတဲ့အနက် နားငြီးသက်သာတဲ့ အလယ်ခန်းမှာ အိပ်နေရှာတယ်။ နားငြီးသက်သာတယ်ဆိုရုံ ပါပဲ။ စက်လည်သံ တဂျုန်းဂျုန်းကိုတော့ကြားနေရတာပဲ။ အဖက အိပ်နေတာနဲ့ မနိုးတော့ဘဲ သူနံ့ဘေးမှာ ပိုက်ဆံတွေထားခဲ့တယ်။ တခြားအခန်းတွေမှာ အဖေ့ ဖိုမင်တွေ၊ အလုပ်သမားတွေရှိနေကြတယ်။ ပြုတ်ဆန်ခွဲတာကို လာကြီးကြပ်ပေး ရတဲ့ ကိုမောင်မောင်ဆိုတဲ့ ဂျေအီးအိုလည်း ရှိတယ်။

ဆန်စက်ဘေးမှာ ချောင်းရှိတယ်။ အဲဒီချောင်းထဲမှာ ဆန်စက်ကို စပါး လာသွင်းကြတဲ့ လှေတွေ၊ သမ္ဗာန်တွေ ဆိုက်ထားကြတယ်။ ည ၇ နာရီလောက် ကြတော့ အဲဒီချောင်းရိုးကနေ ကရင်တွေတက်လာကြတယ်။ ဆန်စက်တံခါးက အကြီးကြီး။ လူလေးငါးယောက်တွန်းဖွင့်တွန်းပိတ်ရတဲ့ ဧရာမတံခါးကြီး။ အဲဒီ တံခါးကြီးကို သူတို့ အတင်းတွန်းဖွင့်ပြီး ဝင်ကြတော့ သူတို့ဖွင့်နေကျမှ မဟုတ် ဘဲ ပင်ပင်ပန်းပန်း ဖွင့်ရတာပေါ့။

သူတို့လည်းဝင်လာရော အဖေ မွေးထားတဲ့ ခွေးတွေက ဟောင်ကြ၊ လိုက်ကြတာပေါ့။ ကရင်တွေကလည်း ခွေးကို ပါးစပ်ကနေ မောင်းထုတ် ခြောက် ထုတ်ကြတာ မဟုတ်ဘူး။ သေနတ်နဲ့ပစ်တာ။

"ဟ ခွေးဘာလို့ပစ်တာလဲကွ"

"ခွေးမပြောနဲ့ လူတောင် ပစ်တာကွ"

ကျွန်တော့်ကို တွေ့တော့ သူတို့ချင်း လက်ညှိုးထိုးပြီး ကရင်လိုပြောကြ တယ်။ အဖေ့တပည့် ဦးဘရွှေက ပုဆိုးကို တိုတိုပြင်ဝတ်ပြီး

"ဟော့ကောင်တွေ မိုက်ရိုင်းလှချည့်လားကွ"

လို့ပြောပြီး အနားမှာရှိတဲ့ ပေါက်ပြားကောက်အဆွဲမှာ ကရင်က ဓားနဲ့ ခုတ်လို့ ပခုံးမှာ ဓားတစ်ချက်ထိသွားတယ်။

ဦးဘရွှေရဲ့သားက သူ့အဖေထိတော့ ဒေါသဖြစ်ပြီး ကရင်ကိုရိုက်တာ ကရင်က ဓားနဲ့ခုတ်တော့ ဒီလူငယ်လေးဓားတစ်ချက်ထိသွားတယ်။ လက်ကလေး တွေပြတ်ကုန်တယ်။

ကျွန်တော်နဲ့ ဂျေအီးအို ကိုမောင်မောင်နဲ့ စကားပြောနေကြတုန်းမှ မင်းလိုက်ခဲ့လို့ ဆိုပြီးခေါ်တယ်။ ကိုမောင်မောင်ကို ဘယ်သူလဲလို့ မေးတော့ အစိုးရဆန်ကြိတ်တာကို လာစစ်ဆေးတဲ့ အရာရှိလေးပါဆိုတာနဲ့ ကိုမောင်မောင်

ကိုလည်း ခေါ်တယ်။ ပြီးတော့ စစချင်းခုခံတဲ့ ဒရဝမ် ဦးဘရွှေကိုလည်း ခေါ်တယ်။ သုံးယောက်သား လက်ပြန်ကြိုးကိုယ်စီနဲ့၊ သူတို့လာကြတုန်းက ချောင်းရိုးကနေ လာကြပေမဲ့ ပြန်ဆုတ်တော့ မြို့ထဲက ပြန်ဆုတ်သွားကြတယ်။ ရုပ်ရှင်ရုံရှေ့က ဖြတ်သွားကြတော့ ရုံရှေ့က ဈေးသည်တွေက နှုတ်ဆက်ကြတယ်။

"ဟော့ အန်းကူ ဘယ်တုန်းက ပြန်ရောက်သလဲ"

"အန်းကူ၊ ဒါက ဘယ်ကိုတုံး"

"ကျောင်းပိတ်ပြီလားသား" ဟိုအသိက နှုတ်ဆက် ဒီမိတ်ဆွေက မေးကြပေါ့။

"ကျောင်းက ပြန်လာတာ မမေးနဲ့တွေ့လား" လို့ တုပ်ထားတဲ့ လက်ပြန်ကြိုးကို မြင်အောင် နောက်ဘက်လှည့်ပြလိုက်ရတယ်။ လက်နက်ကိုင်ထားတဲ့ ကရင်ရဲဘော်တွေက ရှေ့က ကျွန်တော်တို့သုံးယောက်အလယ်က နောက်မှာလည်း ကရင်ဘာသာနဲ့စကားတွေ ပြောရင်း သေနတ်တွေ ထမ်းလိုက်လာကြတာ။

တစ်ညလုံးလောက်နီးနီး လျှောက်ရတာ။ လက်ပြန်ကြိုးတုပ်ထားတော့ အလဲလဲအပြိုပြိုဖြစ်တော့မလို။ ကိုယ်သွားနေကျလမ်းမှ မဟုတ်တာ။ ပြီးတော့ လရောင်က ဝိုးတိုးဝါးတားရယ်။ သူတို့တပ်စွဲထားတဲ့ရသေ့တောင်ရောက်တော့ ဗိုလ်မှူးစောထီးဖလဲနဲ့ ဗိုလ်မှူးစောစံရွှေတို့က စောင့်နေကြပြီ။

ဦးဘရွှေရဲ့ပခုံးက ဓားဒဏ်ရာကို ဆေးအရင်ထည့်ပေးတယ်။ သူတို့ချင်းကရင်ဘာသာစကားနဲ့ ပြောကြရင်း

"ဘယ်မှာလဲ သူဌေး" လို့မေးတော့ ကျွန်တော့်ကို ပခုံးစွန်းက ဆွဲခေါ်သွားပြီး

"ဒါသူဌေး" ပဲလို့ ဖြေတယ်။

ဗိုလ်မှူးစောထီးဖလဲက အကုန်လုံး တန်းစီခိုင်းပြီး ဆဲလိုက်ဆိုလိုက်ကြိမ်းမောင်းလိုက်တာ လက်သီးတရွယ်ရွယ်၊ လက်ဝါးတပြင်ပြင်နဲ့ အခုပဲ ထထိုးထရိုက်တော့မလိုလို။

ကျွန်တော်တို့ သုံးယောက်ကို သစ်ပင်ကြီးတစ်ပင်မှာ တွဲပြီး ကြိုးနဲ့ချည်ထားတယ်။ ကျွန်းပင်ကြီးထင်တာပဲ။ ပင်စည်ကြီးဖြောင့်လို့။ ခြင်တွေ တဝီဝီအသံပေးပြီး ကိုက်လိုက်ကြတာ။ ကိုက်လို့နာတာ ယားတာက တစ်မျိုး၊ ခြင်တွေရဲ့အတောင်ပံခတ်သံ တဝီဝီက နားကြားပြင်းကပ်စရာကောင်းတယ်။ တစ်ညလုံးဒီလိုသာဆိုရင် ဒုက္ခပဲ။ အဖေက နေလို့သိပ်ကောင်းတာမဟုတ်ဘူး။ ဆန်စက်

ထဲမှာ ကျန်ခဲ့ကြတဲ့ အလုပ်သမားတွေလည်း စိတ်ပူနေကြမှာပဲ။

အရာရှိတွေက ကျွန်တော်တို့ကို စောင့်ဖို့ ရဲဘော်နှစ်ယောက် ကင်းချထားခဲ့တယ်။ ပြီးတော့ သူတို့ ကျိုက်ထီးရိုးဘက် ထွက်သွားကြတယ်။ တစ်ယောက် ကဒိုက်တယ်။ စောင့်တဲ့ တစ်ယောက်က မီးလေးဖိုပြီး စောင့်နေတာလေ။ ငိုက်တဲ့ရဲဘော်ကနောက်တော့ ခွေခွေလေး အိပ်ပျော်သွားရော။ နှစ်ယောက်စောင့်တာ တစ်ယောက်ကအိပ်တော့ ကျန်တဲ့တစ်ယောက်ပါ အိပ်ချင်စိတ်ကူးစက်လာတယ်။

"ဖထီး"

"ဘာလဲကွ"

"ကျွန်တော် ဗိုက်နာတယ်"

လို့ ပြောတော့

"ငါ့မှာ ဆေးမရှိဘူး" တဲ့။

"ဟို... ချေးပါချင်တာဗျ"

"ချေးပါချင်ရင် ပါချလိုက်ပေါ့"

"မလုပ်ပါနဲ့ ဒီအတိုင်းတော့ ဘယ်ဖြစ်မလဲ။ အားလုံးပေရေနံစော်ကုန်မှာ။ ကြိုးခဏဖြေပေးပါ"

"မင်းထွက်ပြေးသွားရင် ဘယ်လိုလုပ်မလဲ"

"ဟာ အဝေးကြီးလေ၊ ညကြီးဘယ်လိုပြေးမလဲ၊ လမ်းမှမသိတာ"

"ဖြေမပေးဘူး"

"လုပ်ပါ ဗိုက်နာလှပြီ ဖြေပေးပါ"

"မပေးဘူး"

သူလည်း ကောင်းကောင်းမငိုက်ရတာတော့ ဖြေပေးပြီး မီးပုံနားတင်ပါရမယ်တဲ့။

"မဖြစ်ဘူး အားလုံး နံကုန်လိမ့်မယ် အောက်နည်းနည်း ဆင်းပါမှဖြစ်မယ်"

"မလုပ်နဲ့၊ ငါတို့ အသတ်ခံရလိမ့်မယ်"

သူအနားကပ်လာတော့ ကျွန်တော် ဟိုနားရွှေ့ထိုင် ဒီနားရွှေ့ထိုင်လုပ်နေတာ၊ သူကလည်း မျက်ခြည်အပြတ်မခံဘူး။ ခဏနေတော့ သစ်ပင်ကြီးဆီသွားပြီး ကြိုးတွေကိုယ့်ဘာသာကို လက်ကို ရစ်လိုက်သိုင်းလိုက်တယ်။ အစောင့်ရဲဘော်က ခေါင်းရေသောက်ထားတော့ ဒယီးဒယိုင်နဲ့။ အနားရောက်လာတော့ ဆီးပြီး ပြောလိုက်တယ်။

"ဟာ... ကြိုးကို ဘယ်နှခါချည်နေတာလဲ။ ချည်ပြီးသားလေ" ဆိုပြီး

မီးပုံနားပြန်သွားပြီး ပြန်ငိုက်နေတယ်။

ကင်းမချိန်းလဲခင် လုပ်စရာရှိတာလုပ်မှပဲလို့ တွေးထားတဲ့အတိုင်း သူ့ဆီက တစ်ချက်တစ်ချက် ဟောက်သံထွက်လာချိန်မှာ ဦးဘရွှေနဲ့ ကိုမောင်မောင်တို့ကြိုးတွေပါ ဖြေပေးလိုက်ပြီး ကျွန်တော်တို့ ထွက်ပြေးခဲ့ကြတယ်။ ခြေသံလုံရမယ်။ ဘာသံမှမထွက်စေရဘူးဆိုတာ ဘယ်သူမ သင်စရာမလိုဘူး။ ဒါကို သစ်ကိုင်းခြောက်တက်နင်းမိပြီး အသံကျယ်ကျယ်မြည်သွားသေးတယ်။ နောက်လှည့်မကြည့်နိုင်ဘူး။ တစ်ချိုးတည်း ပြေးခဲ့ကြတယ်။

ဦးဘရွှေက ဝတုတ်တုတ်ကြီး။ ဒါပေမဲ့ သူက ရှေ့က ကိုမောင်မောင်က မျက်မှန်တပ်ရတဲ့သူ။ သူက ဦးဘရွှေပြေးတဲ့နောက်လိုက်တာပဲ။ တောက်လျှောက်ပြေးခဲ့ကြတာ အနီးစခန်းရောက်မှ အမောဖြေရတယ်။ဟောဟဲကိုလိုက်လို့။ ခြေထောက်တွေလည်း ခြစ်ရာပွန်းရာတွေနဲ့ပဲ၊ သွေးစို့တဲ့လူက စို့လို့။ အမောလည်း ကောင်းကောင်းဖြေချိန်မရပါဘူး။ ဘူတာရောက်တော့ ရထားစောင့်နေကြတဲ့ ခရီးသည်တွေ အများကြီး။ အဲဒီခရီးသည်တွေထဲမှာ အသိတွေမိတ်ဆွေတွေပါတော့ အန်းကူ ပြန်လာပြီ၊ အန်းကူ... အန်းကူနဲ့ ဆီးပြီးပွေ့ကြဖက်ကြတာ၊ မနည်းတိမ်းရှောင် တောင်းပန်ပြီး ဆန်စက်ရောက်အောင် သုတ်ခြေတင်ကြတယ်။ မြင်းလှည်းသမားတွေက အန်းကူလာ ငါတို့ လိုက်ပို့မယ်ဆိုတာလည်း မြင်းလှည်းမစီးဘူး။ ပြေးလက်စနဲ့ ပြေးခဲ့ကြတာ။

စက်ထဲရောက်တော့ အလုပ်သမားတွေ ခားတွေ လုံတွေတဝင်းဝင်းနဲ့။ ကင်းစောင့်ကြ၊ ကာကွယ်ဖို့ပြင်ဆင်နေကြတာ။

"တယ်တယ်ရော"

"ကျွန်တော့် တယ်တယ်ရော"

ဆိုတော့ မဖြေနိုင်ကြဘူး။ တစ်ယောက်ကပဲ ငါလည်း လိုက်ရှာနေတာ မတွေ့ဘူးတဲ့။

"ဟာ ဘာလို့ရှာမတွေ့ရမှာလဲ"

ကျွန်တော်စက်ထဲလိုက်ရှာတော့ ပိုက်ဆံထုပ်ကလည်း ဒီအတိုင်းပဲ။ ထားတဲ့နေရာမှာ နေမြဲပဲ။ အနှံ့လိုက်ရှာတော့ ရေတွေ လှောင်ထားတဲ့ ရာဝင်စဉ့်အိုးကြီးတွေထဲက တစ်အိုးမှာ ရေတွေလျှံကျထားတဲ့ လက္ခဏာတွေ့တော့မှ အတွေးတစ်ခု တွေးမိတယ်။ ဒီလို ရာဝင်အိုးကြီးတစ်အိုးထဲ ဝင်ပုန်းနေတာ ဖြစ်လိမ့်မယ်ဆိုပြီး အိုးတွေထဲ လိုက်ကြည့်တာလည်း မတွေ့ဘူး။

အတွေးတစ်ခုရပြီး အနားမှာရှိတဲ့ ဖွဲပြာပုံကြီးနားမှာ သွားရှာတယ်။ တယ်... တယ်တယ်နဲ့အော်ခေါ်တော့ ဘာမှမထူးဘူး။ ခဏနေမှ တယ်တယ်

က ဖွဲပြာပုံကြီးထဲက အသာထွက်လာခဲ့တယ်။ ဖွဲပြာထဲမှာ ဝင်ပုန်းနေတာဆိုတော့ တစ်ကိုယ်လုံး မည်းသည်းညစ်ပစ်နေတာ။ အန်းကူပြန်ရောက်ပြီလားတဲ့။ ဟုတ်တယ် တယ်တယ်လို့ပြောပြီး သားအဖနှစ်ယောက်ဖက်ပြီး ငိုလိုက်ရတာ။ တော်တော်ကြာတယ်။

ဆန်စက်ထဲရှိတဲ့လူတွေအားလုံးကို ဆူတယ်။ အော်တယ်။ တကယ်တော့ အဖေ မကျေနပ်လို့ မဟုတ်ဘူး။ ထွက်ပေါက်ရှာတာ။ မနက်မိုးလင်းတော့ သူမွေးထားတဲ့ခွေးတွေကို အမဲသားဟင်းနဲ့ ကျကျနန ကျွေးတယ်။ ဒီကောင်တွေ ဟောင်ဖော် ဟိန်းဖော်ရတယ်။ ကိုက်ဟဲ့ဆိုရင် ကိုက်မယ့်အကောင်တွေလို့ ပြောပြီး သူ့ခွေးတွေကို သဘောကျနေတယ်။ တပည့်တစ်ယောက်ကို ပိုက်ဆံအပို့လွှတ်လိုက်တယ်။ ဒါပေမဲ့ အဖေ့စိတ်မှာ အနာတရတစ်ခုခု ဖြစ်သွားတယ်လို့ ထင်တယ်။ သိပ်မပြောတော့ဘူး။ တစ်ခုခုကို တွေးတောစဉ်းစားနေသလိုပဲ။ စကားသိသိသာသာ စကားနည်းသွားတယ်။

* * *

## ရွှေမိုး၊ ငွေမိုးရွာတာ

တစ်ညနေမှာ ကရင်လက်နက်ကိုင်တစ်စု မြင်းကိုယ်စီနဲ့ရောက်လာကြတယ်။ (၉) ယောက် (၁၀) ယောက်လောက်ရှိမယ်။ ဂါတ်တဲရှေ့မှာ ဝိုင်းလိုက်ကြတယ်။ ဂါတ်တဲကို သူတို့က လှမ်းပြောတယ်။ မင်းတို့ဂါတ်တဲကို ပစ်ဖို့လာတာ မဟုတ်ဘူး။ ဟုတ်ဝမ်အပေါင်ဆိုင်ကို လာစီးတာ။ ဒီအပေါင်ဆိုင်မှာ ဆင်းရဲသားရဲ့ပစ္စည်းတွေရှိတယ်ဆိုပြီး အပေါင်ဆိုင်ကို ဖောက်ကြတာ။

ဆိုင်ထဲမှာ ထရက်ရှာရီဘောက်စ်လို့ခေါ်တဲ့ ဧရာမမီးခံသေတ္တာကြီးရှိတယ်။ တယ်တယ် မော်လမြိုင်ဘဏ်တစ်ခုကနေ လေလံပစ်တာကို ဆွဲထားတာ။ နည်းတဲ့အထုကြီးမဟုတ်ဘူး။ ထရက်ရှာရီဘောက်စ်ကြီးကို သေနတ်တွေနဲ့ပစ်တာ ဘယ်နှယ့်မှမနေဘူး။ နောက်တော့သော့ကို ဖျက်ကြတော့မှ ပွင့်သွားတာ။ ဒါကို သူတို့တော်တော်ကြာအောင် ဖွင့်ကြရတယ်။

အထဲမှာရှိတဲ့ ရွှေထုတ်တွေယူတယ်။ သူတို့စိတ်ဝင်စားတဲ့နောက်တစ်ခုက အဝတ်အစားတွေ စိတ်ဝင်စားတာ။ အားရအောင်ယူပြီး မြင်းတွေနဲ့ ပြန်ထွက်သွားကြရော။ အေးအေးဆေးဆေးပြန်ထွက်သွားတာပဲ။ တကယ်တော့ ဘဏ်ဖောက်တဲ့အဖွဲ့က တစ်ဖွဲ့၊ ကျန်တဲ့ကရင်တွေက ဂါတ်တဲကို ချိန်ထားတာ အများ

ကြီး။ ဂါတ်ကလည်း ဒီလိုဝိုင်းထားမှန်းသိတယ်။

သူတို့သယ်တာ မနိုင်မနင်းဆိုတော့ လမ်းတစ်လျှောက် ဟိုကျဒီကျတွေ ရှိတယ်လေ။ ကောက်တွေ့ကြတဲ့သူတွေက တရုတ်စာတွေပါတယ်။ ဘာတွေမှန်း မသိဘူးဆိုပြီး ဖွင့်ကြည့်ကြတော့ အဖိုးတန်ပစ္စည်းတွေ ဖြစ်နေရော။ တချို့လည်း ဒါအဖေ့ပစ္စည်းမှန်းသိလို့ ပြန်လာပေးကြတယ်။ တချို့လည်း မပေးကြဘူး။ မပေးပေမဲ့ ကိုဘယ်ဝါတော့ ဘာရတယ်။ ဒေါ်ဟိုဒင်းတော့ ဘာရသွားတာ ပြန်ကြားရတယ်။ အဖေ့ကို ပြန်လာပေးတဲ့သူကို အဖေက ပစ္စည်းတန်ရာတန် ကြေးပေးတော့ ဝမ်းသာကြ၊ ကျေနပ်ကြတာပေါ့။ ကျွန်တော်တောင် ဘာများ တွေ့ဦးမလဲ ထွက်ရှာသေးတယ်။ ဒါပေမဲ့ သိပ်ကိုနောက်ကျသွားပြီလေ။

"လူ့ဘဝဆိုတာ ဆင်းရဲရာကနေ ချမ်းသာသွားနိုင်တယ်။ ချမ်းသာရာက နေ ဆင်းရဲသွားနိုင်တယ်။ ဘာမှအစိုးမရဘူး။ နာမည်တစ်လုံးကို မရှိရာက ရှိအောင်လုပ်ရတယ်။ နာမည်တစ်လုံးရလာရင် အဲဒီနာမည်ကို မညှိုးနွမ်းစေရဘူး" တဲ့။

"ကဲ၊ ကြင်သုန်မိန်းမရေ၊ ငါ့ကိုပိုက်ဆံပေး၊ ပိုက်ဆံမရှိရင် ရှိတာရောင်း ပေး၊ ငါ့အပေါင်မိတ်ဆွေတွေ စိတ်မဆင်းရဲစေရဘူး။ နာမည်တော့ အပျက်မခံဘူး ကြင်သုန်ရေ" ဆိုပြီး တစ်ယောက်မကျန်ပြန်လျော်တာ။ အဲဒီလိုလျော်တာကို ဟုတ်ဝမ် ရွှေမိုးငွေမိုးရွာတယ်လို့ သထုံနယ်ကလူတွေ ပြောစမှတ်ပြုကြတယ်။

ဟုတ်ဝမ်အပေါင်ဆိုင်က ဖွင့်ချင်လို့ဖွင့်တာမဟုတ်ဘူး။ ကျွန်တော့်ကို မွေးစားပုဂ္ဂိုလ်တစ်ယောက်ရှိတယ်။ မွေးစားအဖေပေါ့။ ဒီပုဂ္ဂိုလ်မှာ အစွမ်းအစ နည်းလွန်းလို့ တယ်တယ်က "ငအ" လို့ခေါ်တယ်။ ငအရဲ့အပေါင်ဆိုင်လုပ်ငန်း အလုပ်မဖြစ်တော့ အဖေ့ဆီမှာ ခဏခဏညည်းတတ်တယ်။ ညည်းဖန်များတော့ အဖေက အပေါင်ဆိုင်လုပ်ငန်းအကြောင်း သူ့ဘာသာလေ့လာစူးစမ်းတယ်။

တစ်နေ့ကြတော့ "မင်းတစ်သက်လုံးလုပ်လာတာ အလုပ်ဖြစ်ထွန်းအောင် မင်းမလုပ်နိုင်ရင် မင်းရပ်လိုက်တော့၊ ငါဖြစ်အောင် လုပ်ပြမယ်ဆိုပြီး မခံချင်လို့ နမူနာလုပ်ပြချင်လို့ ထလုပ်တာ။ သူ့လက်ရင်းတပည့်ကျော်လိုင်ဂျူကလည်း ယုံကြည်ရ၊ မျက်နှာလွှဲရတာလည်း တစ်ကြောင်းပေါ့။

အဖေရဲ့အပေါင်ဆိုင်မှာ ပစ္စည်းတစ်ခုလာပေါင်ရင် အပေါင်ဆုံးသွားတယ် လို့ ရှိခဲတယ်။ ဆုံးခဲတယ်။ လုံးဝလာမရွေးနိုင်တော့မှ အပေါင်ဆုံးတာ။ အဖေ က ပစ္စည်းရှင်ကို ပြန်ပေးချင်စိတ် အပြည့်ရှိတယ်။ လာမရွေးတဲ့သူအတွက် အဖေ့မှာ စိတ်မကောင်းဖြစ်ရတာ ခဏခဏပဲ။

* * *

## ပညာရေးလမ်းခွဲများ

၁၉၅၂ ခုနှစ်မှာ ညီအစ်ကို သုံးယောက်စလုံး ဆယ်တန်းစာမေးပွဲဖြေဆိုကြတယ်။ ကျွန်တော်တို့ရဲ့ရှေ့အတန်းက ကိုမြဦးတို့၊ ရေနံကိုချစ်ခင်တို့၊ ဆရာဦးအောင်ချိန်ဆီမှာ ကျူရှင်တက်ကြတာ။ ရှစ်ယောက်တက်ကြတာ ရှစ်ယောက်စလုံး Outstanding Result အထူးအောင်အောင်သွားကြတယ်။ ဆရာဦးအောင်ချိန်က B.Sc Honours ရထားတဲ့ပုဂ္ဂိုလ် ရူပဗေဒနဲ့ ဓာတုဗေဒသင်ပေးတယ်။ ကျူရှင်လခ တစ်လ တစ်ဆယ်ပေးရတယ်။ ငွေတစ်ဆယ်တန်ဖိုးမသေးဘူး။

ကျွန်တော်တို့ညီအစ်ကိုတွေလည်း သူတို့လိုအောင်ချင်၊ သူတို့လို ဆရာဦးအောင်ချိန်ရဲ့ကျူရှင်တက်ချင်တော့ ဘရာသာကိုပြောရ၊ ခွင့်တောင်းရတယ်။ ဘရာသာတွေက ကျောင်းအိပ်ကျောင်းစားတွေ အပြင်ထွက်ပြီး ကျူရှင်ယူခွင့်မပြုနိုင်ဘူး။ ဒါကျောင်းရဲ့စည်းကမ်းပဲ။

စိန့်ပက်ထရစ်ကျောင်းမှာ မနက်စောစော စာကျက်ချိန် တစ်နာရီ၊ ညပိုင်း တစ်နာရီစာကျက်ရတယ်။ အဲဒီသတ်မှတ်ထားတဲ့ စာကျက်ချိန်မှာ စာတွေကို ရအောင်ကျက် ဒီပြင်အချိန်မှာ စာကျက်တာမျိုး မကြိုက်ဘူး။ ကစားချိန်၊ အားကစားလုပ်ချိန်က အားကစားလုပ်ကြ၊ ကစားကြ။ ကစားရမယ့်အချိန်မှာ စာကျက်ရင် ကြိမ်လုံးနဲ့ဆော်တယ်။

ဘရာသာမတ်စ်နဲ့ခင်တော့ သူ့ကိုပဲ နားပူနားဆာလုပ်ရတာပေါ့။ သူ နားလည်အောင် ရှင်းပြရတာပေါ့။ အဲဒီတော့မှ သူက ခွင့်ပြုလိုက်တယ်။ ဒီညီအစ်ကိုတွေ ကျောင်းပြင်ထွက်ပြီး စာကို အသေအချာလုပ်မယ်ဆိုတာ ယုံကြည်တာရယ်။ ကျောင်းမှာ စာလိုက်နိုင်တာလည်းပါမယ်ထင်တယ်။ ဒါနဲ့ ကျွန်တော် တို့ ညီအစ်ကိုသုံးယောက် အင်မတန်စည်းကမ်းကြီးပါတယ်ဆိုတဲ့ မော်လမြိုင် စိန့်ပက်ထရစ်ကျောင်းရဲ့အပြင်ဘက်ကိုထွက်ပြီး ကျူရှင်ယူခွင့်ရတဲ့ ဘော်ဒါကျောင်းသားတွေ ဖြစ်လာကြတယ်။

ကျွန်တော်တို့တစ်တွေဟာ ဆရာဦးအောင်ချိန်ရဲ့ သိပ္ပံဒုတိယသင်တန်းသားတွေလေ။ Second Science Batch တဲ့။ အရင်က မြန်မာပြည်မှာ သိပ္ပံပညာလိုက်စားသူနည်းသေးတယ်။ ဟာဗေးသမိုင်းနဲ့ ပထဝီဝင်သင်ကြ၊ ဖြေကြတာများတယ်။ ကျွန်တော်တို့ရူပဗေဒ၊ ဓာတုဗေဒနဲ့ မက္ကင်းနစ်ပညာဘာသာတွဲတွေနဲ့ ဖြေကြတယ်။ ကျွန်တော့်အစ်ကိုရော ညီရော ဒီဘာသာတွဲတွေ တွဲကြတယ်။ ကျွန်တော်တို့ ဒုတိယဆင့်နဲ့ အောင်ကြတယ်လေ။

ဆရာဦးအောင်ချိန်ရဲ့မှတ်စုတွေကို စိန့်ပက်ထရစ်က ဘရာသာအာဘင်

က ယူပြီး ဖတ်ကြည့်လေ့လာကြည့်တယ်။ နောက်တော့ စိန့်ပက်ထရစ်မှာလည်း ရူပဗေဒ၊ ဓာတုဗေဒ သင်ကြားနိုင်သွားပြီ။

* * *

## အဖေ့ရဲ့မေတ္တာ

စာမေးပွဲဖြေပြီးတော့ မော်လမြိုင်ကနေ သထုံကို ညီအစ်ကိုတစ်တွေ ပြန်ကြတယ်။ အဖေက ကျွန်တော့်ကို "အက်ဒီ ဘယ်လိုလဲကွ" လို့ ဆီးမေးတယ်။ ကျွန်တော်ကလည်း လမ်းမနှစ်ချောင်းကို ထောင်ပြပြီး။ "အဖေ ဘာမှမပူနဲ့ နှစ်ချင်းပေါက် အောင်ကိုအောင်မှာ" လို့ပြောလိုက်တော့" ဟုတ်ပြီး ဒီလိုဆိုရင် လကုန်တော့ ရန်ကုန်သွားကြမယ်" တဲ့။

"ဘာလုပ်ဖို့လဲ အဖေ"ဆိုတော့...

"ကျောင်းသွားအပ်ကြမယ်လေ"တဲ့။ အဖေက သူ့သားတွေကို ပညာတတ်တွေ သိပ်ဖြစ်စေချင်တာ။ သူ့လို ပညာတစ်ပိုင်းတစ်စ ဖားမဟုတ် ငါးမဟုတ် ဖြစ်မှာ စိုးရိမ်နေတယ်။

အဖေက ရန်ကုန်ရောက်တော့

စကော့ဈေးကို ခေါ်သွားတယ်။ ညီအစ်ကို သုံးယောက်ကို ဘောင်းဘီတွေ ချုပ်ပေးတယ်။ အရှည်တွေ မဟုတ်ဘူး။ ဘောင်းဘီအတိုတွေ၊ စကော့ကင်ခြေအိပ်ရှည်တွေ ဝယ်ပေး၊ ရှူးဖိနပ်တွေဝယ်ပေးပြီး ဆင်တယ်။ ပြီးတော့ ရန်ကုန်တက္ကသိုလ်ထဲ ခေါ်သွားပါလေရော။ လည်စည်းကိုယ်စီနဲ့ ရှူးဖိနပ်အသစ် ဘောင်းဘီကျပ်ချွတ်နဲ့။ မော်ကွန်းထိန်းဦးယုခင်ဆီခေါ်သွားတယ်လေ။ သူ့လက်ထောက် ဦးလှအောင်နဲ့ အရင်တွေ့ပြီးမှ ဝင်ခွင့်တောင်းပြီး ဦးယုခင်နဲ့ တွေ့ကြရတာ။

ဦးယုခင်က ဆီးပြီးတော့ "ကျွန်တော် ဘာလုပ်ပေးရမလဲ" လို့ မေးတယ်။ အဖေက "ဒါကျွန်တော့်သားသုံးယောက်ပဲ။ သူတို့ကို တက္ကသိုလ်ဝင်ခွင့်ရဖို့ လျှောက်တာပါ။ သူတို့မက်ထရစ်စာမေးပွဲဖြေထားကြတယ်။ ကျွန်တော်သားတွေအောင်ကြမှာ အသေအချာပဲ"

ဦးယုခင် တော်တော်အံ့အားသင့်သွားတယ်။ ကျွန်တော်တို့ကို တစ်လှည့် အဖေ့ကိုတစ်လှည့်ကြည့်ရင်း

"ဘယ်နှစ်က ဖြေထားကြတာလဲ"

အဖေက မဆိုင်းမတွပြန်ပြောတယ်။

“ဒီနှစ်ဖြေထားတာ”

ဦးယုခင် သူ့အဆုတ်ထဲလေတွေရှူပြီး သက်ပြင်းကြီးတစ်ချက်ချတယ်။ သူ့မှာ တပ်ဆင်ထားတဲ့ ရွှေကိုင်းမျက်မှန်ကို အပေါ်တစ်ချက်ပင့်ပြီး အဖြေလွှာတွေ တောင်စုံအောင် ပြန်မလာကြသေးဘူးလို့ ပြောပေမဲ့ အဖေကတော့ သူ့သားသုံးယောက်အတွက် လျှောက်လွှာလိုချင်နေပြီ။

ဖခင်တစ်ယောက်ရဲ့သားတွေအပေါ်မှာ ထားတဲ့မေတ္တာနဲ့ စေတနာရယ်၊ သားသုံးယောက်ရဲ့ တက်ကြွနေကြပုံကို ဦးယုခင်သဘောကျသွားတယ် ထင်ပါရဲ့ တစ်ချက်ပြုံးတယ်။ ပြီးတော့ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်ကို တစ်ယောက်စီ အောင်မှာ သေချာရဲ့လားလို့ မေးတယ်။ ကျွန်တော်တို့ကလည်း ရင်ဘတ်တွေကော့ပြီးသေချာတယ်။ ဂုဏ်ထူးတွေတောင် ပါချင်ပါဦးမှာလို့ ဖြေကြတယ်။ ဒီတော့

“ဟော့… ဟော့ ကိုလှအောင်ကိုခေါ်စမ်း၊ ငါ့လုပ်သက်မှာ ဒါမျိုးတစ်ခါမှ မကြုံဖူးဘူး။ အဖြေလွှာတွေတောင် စုံအောင်ပြန်မရောက်သေးဘူး။ ဒီမှာ တက္ကသိုလ်ဝင်ခွင့်က လျှောက်နေကြပြီ” တဲ့။

ဦးယုခင်က မက်ထရစ်စာမေးပွဲဆိုတာ နတ်ကြီးတယ်။ ကျမယ်ထင်ပေမဲ့ အောင်ရင်အောင်တတ်ကြောင်း၊ အောင်မယ်ထင်ပေမဲ့ အခန့်မသင့်ရင် ကျတတ်ကြောင်း၊ စာမေးပွဲလာ့ခ် Exam Luck ဆိုတာ ရှိကြောင်းတွေ ပြောတော့ ကျွန်တော်တို့က ငြင်းကြတယ်။ မဟုတ်ဘူး၊ ကျွန်တော်တို့ အောင်ကိုအောင်ကြမှာလို့ အပြောမှာ အဖေကလည်း သူတို့ကိုယုံတယ်၊ အောင်မှာတဲ့။

မော်ကွန်းထိန်း ဦးယုခင်နဲ့ လက်ထောက် မော်ကွန်းထိန်း ဦးလှအောင်တို့ ဒီကိစ္စရတ်တရက်ကြီးဆိုတော့ ဘာလုပ်ရမှန်းမသိဘူး။ နောက်မှ သူတို့နှစ်ယောက်တိုင်ပင်ကြပြီး အဖေရော ကျွန်တော်တို့ပါ စိတ်ကျေနပ်အောင် ရွှေဘိုဆောင်မှာ ခေတ္တနေနေကြချေလို့ စီစဉ်ပေးလိုက်တယ်။

ရွှေဘိုဆောင်တက္ကသိုလ်ကျောင်းသားတွေ လွတ်လွတ်လပ်လပ် နေထိုင်ကြပုံတွေကိုကြည့်ပြီး အဖေအတွေးတစ်ခုရသွားတယ်ထင်ပါရဲ့။ အဲဒီအတွေးကတော့ ငါ့သားတွေလည်း ဒီအဆောင်မှာနေရင် အပေါင်းအသင်းတွေ စုံတော့မှာ။ အကြောင်းမသင့်ရင် ပျက်စီးသွားနိုင်တယ်ဆိုတဲ့ အတွေးပဲ။ ဒါနဲ့အဖေက သူ့သားသုံးယောက်ကို မြို့ထဲပြန်ခေါ်ခဲ့တယ်။ အဆောင်မှာ မထားချင်ဘူး။

ဦးဝိစာရလမ်း ခြံအမှတ် ၂၉၇ ကို အဖေသဘောကျတယ်။ ခြံထဲမှာ တိုက်တစ်လုံးဆောက်နေတာ မပြီးသေးဘူး။ မင်းတို့ကို ဒီအိမ်မှာထားရရင်

ကောင်းမယ်ထင်တယ်။ ဒီအိမ်ဝယ်ပေးမယ်လို့ ပြောတယ်။ စုံစမ်းကြည့်တော့ ဒီတိုက်ရဲ့ပိုင်ရှင်က လသာလမ်းမှာနေတာတဲ့။ လူဖြူဖြူပုပုတစ်ယောက်ကရောင်းမှာ မဟုတ်ဘူး။ ပိုင်ရှင်က အေးအေးဆေးဆေးအနားယူချင်လို့ ဒီအဆောက်အဦဆောက်နေတာ။ ကျွန်တော်က ဒီအဆောက်အဦရဲ့ကန်ထရိုက်တာပါလို့ ပြောတော့။ ငါ့ကိုသာ လိပ်စာပေးလိုက်ပါကွာ ငါစုံစမ်းကြည့်ပါဦးမယ်တဲ့။ ကန်ထရိုက်တာက လိပ်စာပေးပြီးတော့ ရောင်းမယ်မထင်ဘူးနော်လို့ ထပ်ပြောပေမဲ့ အဖေက လိပ်စာအတိုင်းသွားမယ်တဲ့။ ပထမရန်ကုန်အမတ် မွန်သန်းဆီသွားတယ်။ မွန်သန်းကိုတွေတော့ “အမတ်ကြီး ကျွန်တော့်သား သုံးယောက်ရန်ကုန်မှာတက္ကသိုလ်တက်ကြတုန်း နေရအောင် ဦးဝိစာရလမ်း ခြံအမှတ် ၂၉၇ ကိုဝယ်ချင်လို့ပါ။ ကျွန်တော်တို့လည်း ရန်ကုန်ရောက်ခိုက်နေလို့ရတာပေါ့။ သားတွေအဆောင်မှာရော၊ အိမ်မှာရော နေလို့ရအောင် ကူညီပါဦး” လို့ ပြောတယ်။

တကယ်ဆိုရင် သူတို့ချင်းတွေ့ကြတဲ့အခါ မာကြောင်း၊ သာကြောင်းတွေအရင်ပြောဖို့ ကောင်းတယ်လေ။ ဒါပေမဲ့ အဖေ့စိတ်ကို မွန်သန်းကလည်း သိနေတယ်။ နောက်မှ မာကြောင်းသာကြောင်း သားသမီးအကြောင်းတွေ ပြောကြတယ်။

မွန်သန်းကလည်း အဖေခေါ်ရာ လသာလမ်းကို လိုက်လာတယ်။ ခြံပိုင်ရှင်ကို ဘယ်သူတွေပါ ဘယ်ဝါတွေပါလို့ မိတ်ဆက်ပြီး ဦးဝိစာရလမ်းက ခြံအကြောင်းပြောကြတော့တာပဲ။ ပိုင်ရှင်ကို အဖေက အင်္ဂလိပ်လိုပြောလိုက် တရုတ်လိုပြောလိုက် ရန်ကုန်အမတ်မွန်သန်းကလည်း သထုံက လူကြီးလူကောင်းမိသားစုတွေဖြစ်ကြောင်း၊ ဖြစ်နိုင်ရင် ရောင်းစေချင်ကြောင်း၊ ကလေးတွေနဲ့ ပညာရေးတွေပါထည့်ပြီး ပြောတော့တာ။ ကျွန်တော်အိမ်က ဆောက်လက်စအပြီးမသတ်ရသေးပါဘူးဆိုတာကို အဖေက သူလက်စသတ်ပါ့မယ်ဆိုပြီး စကားတွေ အထပ်ထပ်ပြောတော့ ပိုင်ရှင်လည်း စိတ်မရှည်တော့ဘူးထင်ပါရဲ့ နောက်ဆုံး ကျပ်တစ်သောင်းငါးထောင်နဲ့ ဈေးတည့်ကြတယ်။

* * *

## ကျွန်တော်တက္ကသိုလ်ကျောင်းသား

တက္ကသိုလ်စတက်ချင်း စီးပွားရေးဘာသာတွဲ ကျွန်တော်ယူတယ်။ ကျွန်တော်တို့ခေတ်က စီးပွားရေးဘာသာတွဲယူတဲ့ ကျောင်းသားကျောင်းသူတွေ

က ဂျပ်ဆင်ကောလိပ်မှစပြီး တက်ရတယ်။ ၁၉၅၂ ခုနှစ်က မတ်ထရစ်စာမေးပွဲ ဖြေဆိုသူပေါင်း ၁၅၉၅၀ ရှိတယ်။ စစ်ပြီးခေတ်မှာ မတ်ထရစ်စာမေးပွဲဖြေဆိုသူ အများဆုံးလို့ သတင်းစာတွေထဲမှာ ရေးကြတယ်။ ၈၅၀ ပဲ ဆယ်တန်းအောင် တယ်။ စီးပွားရေးလိုင်းယူသူ ပထမနှစ်မှာ ၁၄ ယောက်ရှိတယ်။ အီကိုဘာသာ ရပ်ဆိုင်ရာစာအုပ်တွေ ဝယ်ဖတ်တယ်။

ကျွန်တော့်အခန်းဘေးမှာ ကိုထွန်းလင်းတို့၊ ကိုစိန်ဝင်းတို့နေကြတယ်။ ကိုစိန်ဝင်းက နောက်တော့သစ်တောမင်းကြီး ဖြစ်သွားရော။ စီးပွားရေးကို ရက်သတ္တ ၃ ပတ်လောက်တက်ပြီးတဲ့အခါ သိပ္ပံလိုက်စားကြတဲ့ သူငယ်ချင်းတွေ ရောက်လာကြပြီး စက္ကူစွန်တွေမြားတွေနဲ့ လာပစ်ကြ စက္ကူလုံးနဲ့ထုကြစကြ၊ သူတို့သိပ္ပံကျောင်းကိုလာလည်ဖို့ ခေါ်တယ်။ အဲဒီလိုနဲ့ သိပ္ပံကိုစိတ်ဝင်စားသွား တယ်။ သူငယ်ချင်းတွေ မင်တာလည်းပါတာပေါ့။

ဒါနဲ့ မော်ကွန်းထိန်း ဦးယုခင်ကို အကျိုးအကြောင်းသွားပြောတယ်။ ကျွန်တော် သိပ္ပံဘာသာနဲ့အောင်ခဲ့တာမို့ သိပ္ပံလိုင်းလိုက်ပါရစေ။ သူငယ်ချင်း တွေလည်း သိပ္ပံဘာသာတွဲယူတယ်။ ကျွန်တော်လိုင်းပြောင်းချင်တယ်ဆိုတော့ သူက သဘောမတူဘူး။ စီးပွားရေးပညာရှင်ဆိုတာ ပန်ကာအောက်မှာ ဖိမ်နဲ့နေရ မှာ ဘာသာမပြောင်းပါနဲ့ သိပ္ပံယူတဲ့သူက များပါတယ်။ ကျောင်းကပြီးရင် စီးပွားရှာ အစားရခက်လိမ့်မယ်တဲ့။

အောင်စာရင်းမထွက်ခင်ကတည်းက ကျောင်းအပ်ထားတဲ့ ညီအစ်ကို သုံးယောက်ထဲက တစ်ယောက်ဆိုတော့ ဦးယုခင်က မှတ်မိနေတာလေ။ ကျွန်တော်က ဇွတ်ပေကပ်ပြောနေတော့ အေးဒါဆိုရင်လည်း မတတ်နိုင်ဘူး၊ မင့်သဘောပဲ ပြောင်းချင်ရင် ပြောင်းလို့ ခွင့်ပေးလိုက်တယ်။

စာရင်းထွက်လာတော့ သိပ္ပံဘာသာတွဲတွေထဲမှာ ကျွန်တော့်နာမည်နဲ့ ခုံနံပါတ်က နောက်ဆုံးပိတ်ကနေ ထွက်လာတယ်။ သတ္တဗေဒ၊ ရက္ခဗေဒတွဲ ဘာသာရပ်တွေကို သူငယ်ချင်းတွေနဲ့အတူ လိုက်တက်တာ ပထမနှစ်အောင် တယ်။

အောင်စာရင်းထွက်တော့ အဖေက စီးပွားရေးဘက်မှာ အောင်စာရင်း နားထောင်ကြည့်တာ ဟာ... အက်ဒဝပ်ကျတယ်။ ကြင်သုန် မင်းသားကျတယ်။ ပထမနှစ် စာမေးပွဲကျတယ်ဖြစ်ကုန်ရော။

"အန်းကူလာစမ်း၊ စီးပွားရေးကို မင်းဇောက်ချလုပ်မယ်ဆို ဘယ်လိုဖြစ် တာလဲ။ ရေဒီယိုက ကြေညာတဲ့အထဲမှာ မင်းနာမည်မပါဘူး"

"မဟုတ်ပါဘူးအဖေ အောင်စာရင်းကမပြီးသေးပါဘူး၊ ဆက်ပြီး နား

ထောင်ပါဦး”

“စီးပွားရေးပထမနှစ်က ကြေညာပြီးသွားပြီ၊ မင်းနာမည်မပါဘူး”

“မပြီးသေးပါဘူး အဖေရာ လာပါလိမ့်မယ်”

နောက်နေ့ကျတော့ သိပ္ပံဘာသာတွဲအောင်စာရင်းမှာ အက်ဒဝပ်ဟုတ်ဝမ် ဆိုပြီး ပါလာတယ်။ ကျွန်တော်က စာမေးပွဲအောင်လို့ ဝမ်းသာပေမဲ့ အဖေကတော့ ဝမ်းသာပုံမရဘူး။

“ဘယ်လိုဖြစ်တာလဲ အန်းကူ၊ အဖေ့ အသံက နည်းနည်းဟာနေတယ်”

“သူငယ်ချင်းတွေခေါ်တာနဲ့ အဖော်ကောင်းလို့ လိုင်းပြောင်းလိုက်တာပါ”

“ကြင်သုန်ရေလာဦး၊ လာဦးဟ ဘယ်လိုလုပ်တာလဲ အန်းကူရာ၊ ငါတို့စီးပွားရေးတွေအတွက် မင်းကိုအားကိုးအားထားနေတာ အခုတော့သွားပါပြီကွာ၊ ကြင်သုန်ရေ ငါတို့စီးပွားရေးတော့ ရေရှည်မမျှော်လင့်နဲ့တော့” တွေဖြစ်ကုန်ကြရော။ အဖေရော အမေပါ ကျွန်တော့်ကြောင့် စိတ်ဓာတ်တော်တော်ကျသွားကြပုံရတယ်။ အမေ့ထက် အဖေက ပိုတယ်။

* * *

## ဘဝတစ်ဆစ်ချိုးဖို့ လမ်းခွဲ

ဥပစာအပိုင်း (ခ)၊ နောက်နှစ်မှာ အောင်တယ်။ အဲဒီနှစ်အောင်စာရင်းမှာ အောက်ပါကျောင်းသူကျောင်းသားသည် ဆေးသိပ္ပံသို့တက်ရောက်သင်ကြားလိုပါက သင်ကြားရန် အရည်အချင်းပြည့်မီသည်တဲ့။ အင်ဂျင်နီယာလိုင်းဘက်တက်ရောက်နိုင်သူတွေအတွက်လည်း ဒီလိုစာရင်းတစ်ခု ထုတ်ပြန်ပြီး ကပ်ထားတယ်။

ကျိုက်ထိုက စပါးစက်ကို လိုင်ဂျူဦးစီးပစေ၊ အပေါင်ဆိုင်နဲ့ ဆန်စက်ကို ငါ့နမစိန်ကြည် ကြီးကြပ်လိမ့်မယ်။ ဒါကျွန်တော်ဆေးတက္ကသိုလ်တက်မယ်လို့ ဆုံးဖြတ်လိုက်တော့ အဖေက အမေ့ကိုခေါ်ပြီးပြောတဲ့စကားတွေပဲ။ သူမျှော်လင့်သလို ဘာမှဖြစ်မလာနိုင်တော့ဘူးလို့ အဖေ စွဲစွဲမြဲမြဲ ယုံကြည်သွားပြီ ထင်ပါရဲ့။

“အန်းကူ၊ ငါ့သား ဆရာဝန်လုပ်ဖို့ စိတ်ပိုင်းဖြတ်လိုက်ပြီလား”

“ဟုတ်တယ် အဖေ”

“သေချာတယ်နော် အန်းကူ”

"ဟုတ်ကဲ့ သေချာပါတယ်"

"အေး ဒါဆို ငါနဲ့လိုက်ခဲ့ ကားပေါ်တက်"

အဖေ ကျွန်တော့်ကိုဘယ်ခေါ်သွားမှာလဲ ဝတ်စားထားပုံကြည့်ရတာ ပွဲလမ်းတစ်ခုခု အခမ်းအနားတစ်ခုခု သွားမယ့်ဝတ်ပုံစားပုံပဲ။ ဒါမှမဟုတ် ဆန်း ကဖေးကိုခေါ်သွားပြီး တစ်ခုခုစားမှာလေလား။ မိတ်ဆွေ ဆရာဝန်ကြီးတစ်ယောက်ယောက်ဆီခေါ်သွားပြီး ဆရာဝန်လောကဆေးပညာအကြောင်း အပြောခိုင်းပြီး ဆရာဝန်မလုပ်ချင်အောင် ဆေးလောကထဲမဝင်ချင်အောင် ခေါ်သွားမှာလေလား။ အမေ့ကို လှမ်းအကဲခတ်တော့ အမေက သူ့ရှည်လျားတဲ့ဆံပင်ကြီးကို ဆင်စွယ်ဘီးနဲ့ ကျကျနနဖြီးနေတယ်။

ဒါပေမဲ့ ကျွန်တော်တို့နဲ့ လိုက်မယ့်ပုံမပေါ်ဘူး။

ကားပေါ်ရောက်တော့ အဖေ့မျက်နှာကို မသိမသာလှမ်းအကဲခတ်နေမိတယ်။ အဖေ ကျွန်တော့်ကိုဘယ်ကိုခေါ်သွားနေတာလဲ။ ကားကတော့ မြို့ထဲဘက်ကို ဦးတည်မောင်းနေတာပဲ။ အဖေ့မျက်နှာက ဘာလုပ်မယ်ဆိုတာ အခန့်မှန်းရခက်တယ်။ ကျွန်တော်လည်း ကားပေါ် အသာထိုင်လိုက်ပြီး လမ်းနံဘေးက အဆောက်အဦတွေငေး၊ ကားသွားရာ ဦးတည်ရာကိုငေးပြီးတော့ သတိရတဲ့အခါ အဖေ့ကို လှမ်းကြည့်အကဲခတ်လိုက်နဲ့ လုပ်နေမိတယ်။ အဖေ့ကို ဘယ်လိုမှ အကဲခတ်လို့ မရဘူး။

နောက်ဆုံးတော့ ကျွန်တော်တို့ သားအဖကို တင်ဆောင်လာတဲ့ ကားလေးက ခြံဝင်းကျယ်ကြီးတစ်ခုရဲ့ သပ်ရပ်သားနားတဲ့ အိမ်ကြီးတစ်လုံးရှေ့မှာ ရပ်လိုက်တယ်။ လုလင်လေးတစ်ယောက်က ကျွန်တော်တို့ကားတံခါးကို ဆီးကြိုဖွင့်ပေးပြီး အိမ်ကြီးရဲ့အပေါ်ထပ်ကို ခေါ်သွားတယ်။ အိမ်ကြီးရှင်က အဖေ့ကို ဝမ်းသာအားရနှုတ်ဆက်တယ်။ အဖေက ကျွန်တော့်ကို သူ့မိတ်ဆွေနဲ့မိတ်ဆက်ပေးတဲ့အခါ အင်္ဂလိပ်ဘာသာစကားနဲ့ မိတ်ဆက်ပေးတယ်။ အဲဒီပုဂ္ဂိုလ်က မစ္စတာဂျင်ဟောင်းတဲ့။

"မစ္စတာဂျင်ဟောင်း ဟောဒါ ကျွန်တော့်သား အက်ဒဝမ်ဟုတ်ဝမ်တဲ့"

မစ္စတာဂျင်ဟောင်းက ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပြီး လူကြီးတစ်ယောက်လို ဆက်ဆံတယ်။

"ကျွန်တော့်သားက ဆေးသိပ္ပံတက်မလို့၊ ကျောင်းတက်ရင်းစီးရအောင် သင့်တော်တဲ့ကားအသစ် တစ်စင်းလောက်ရောင်းပါ"

"ကားအသစ် ဟုတ်လား"

မစ္စတာ ဂျင်ဟောင်း သိပ်အံ့သြသွားတယ်။ မစ္စတာ ဂျင်ဟောင်းတင်မက

ပါဘူး။ ကျွန်တော်လည်း အံ့သြတာပါပဲ။

"ဟုတ်တယ်"လို့ အဖေက ပါးစပ်ကလည်းဖြေတယ်။ ခေါင်းကလည်း တစ်ချက်ညိတ်ပြလိုက်တယ်။ အဖေက စကားပြောရင်း လက်ပိုက်ထားတယ်။ သူ လက်ပိုက်ထားပုံက သူလုပ်နေတဲ့အလုပ်ကို ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ်ကြီး လုပ်နေတာကို သက်သေပြနေသလိုပဲ။

မစ္စတာဂျင်ပေါင်းက ကျွန်တော့်ဆီကို သူ့လက်ကို နောက်တစ်ခါထပ် ကမ်းပေးရင်း

"အို ကံကောင်းလိုက်တဲ့သားပါလား၊ အက်ဒဝပ် ယူအာ၊ ဗဲရီးလပ်ကီး" လို့ မြန်မာအင်္ဂလိပ်နှစ်ဘာသာနဲ့ပြောပြီး ကျွန်တော့်လက်ကို ဖျစ်ညှစ်ထားတယ်။ သူညှစ်ထားပုံက မြဲမြဲလိုက်ပုံက ကျွန်တော့်ကို ပြောနေတဲ့ စကားတွေဟာ စီးပွားရေးအရပြောနေတာ မဟုတ်ကြောင်း၊ သူ့ဖျစ်ညှစ်နှုတ်ဆက်မှုက ပြဆိုနေတယ်။ ပြီးတော့ တစ်ဆက်တည်းပြောလိုက်တယ်။

"ငါ့အဖေက ငါ့ကိုကားအသစ်မပြောနဲ့ ကားအဟောင်းတောင်မှ ဝယ် မပေးဖူးဘူး"

ကျွန်တော့်ကို လက်ဆွဲထားရာက မလွှတ်ဘဲ သူ့ခြံနောက်ထဲက မော်တော်ကားတွေထားရာကို ခေါ်သွားတယ်။ အဖေက ကျွန်တော်တို့နောက်က လိုက်လာတယ်။ အဖေ့ရဲ့လှေကားအဆင်းနင်းတဲ့ ခြေနင်းသံက အလာတုန်းကထက်ပိုပြီး အသံကျယ်နေသလိုပဲ။ ကျွန်တော့်ရဲ့ကျန်တဲ့လက်တစ်ဖက်လည်း အေးစက်နေတော့တာပေါ့။

အော်စတင်အေဆဲဗင်းတီးဆိုတဲ့ အနက်ရောင်ကားကလေးကို ဖုံးထားတဲ့ တာလပတ်ကို လှပ်ပြတယ်။ သန့်စင်သုတ်သင်ထားလိုက်တာ ပြောင်လို့၊ လိုချင်စရာကောင်းအောင် သန့်စင်ထားတယ်။ တပည့်နှစ်ယောက် ဘက်ထရီအိုး တစ်လုံးယူလာပြီး ကောက်တပ်လိုက်တယ်။ ကားသော့ဖွင့်ပြီး စက်နှိုးလိုက်တော့ "ဒေါက်… ဝိုး" တစ်ချက်တည်းနဲ့ စက်နိုးတော့တာပဲ။

မစ္စတာဂျင်ပေါင်းက အဖေ့ကို တစ်ချက်လှမ်းကြည့်တယ်။ ဘယ်နှယ့်လဲ ကြိုက်ရဲ့မဟုတ်လားဆိုတဲ့အကြည့်။ အဖေကလည်း သူ့လက်ဖဝါးကိုလှန်ပြီး ကျွန်တော့်ဘက်ကို ထိုးပြတယ်။ ကျွန်တော့်သား သဘောပါပဲဆိုတဲ့သဘော။

"အက်ဒဝပ်၊ ဘယ့်နှယ်လဲ ဒီကား ကြိုက်သလား"

ကျွန်တော် စက်ကိုဒေါက်ဝိုးလို့ မနှိုးခင် ကားကိုမြင်ကတည်းက သဘောကျနေတာ။ မစ္စတာဂျင်ပေါင်းကို ကြိုက်တယ်လို့ အဖြေပေးပြီး အဖေ့ကို လှမ်းကြည့်လိုက်တော့ အဖေပြုံးနေတဲ့အပြုံး ဒီတစ်ခါပဲ မြင်ဖူးတယ်။ သူလုပ်ချင်တာ

လုပ်ခွင့်ရလို့ ပြီးတဲ့အပြီးမှာ သူ့သားရဲ့ပညာရေးကို သူဘယ်လောက် အားပေးတယ်ဆိုတာ ပြသတဲ့အပြုံးလည်းပါတယ်။ မစ္စတာဂျင်ပောင်းတို့ အသိုင်းအဝိုင်းမှာ သထုံကဆန်စက်သူဌေးမစ္စတာဟုတ်ဝမ် သူ့သားဆေးသိပ္ပံတက်ဖို့ အောင်စတင်အေဆဲဗင်းတီးတစ်စင်း လာဝယ်တယ်။ ဒီလိုဖခင်မျိုးတော့ ရှားတယ်ဆိုတာမျိုးတွေ ပြောကြလိမ့်မယ်။

ဆီးလ်တံဆိပ်တွေ၊ ရော်ဘာတွေ ခွာလိုက်တော့ ကားအနက်လေးကပိုပြီးတစ်သွေးတစ်မွေးဖြစ်လာပါလေရော။ ကျွန်တော်ကားအတွက် ချေရတဲ့ ငွေပမာဏက ဘုံဘေဆရာတော်စီးတဲ့ကားထက် ပိုပေးရတယ်လို့ မှင်္ဂထားမိတယ်။ ၁၉၅၄ ခုနှစ်ဆီက ဆေးသိပ္ပံကျောင်းဝင်းထဲမှာ ရပ်ထားတဲ့ကားအနက်လေးကဘယ်ဆရာရဲ့ကားမှမဟုတ်ဘူး။ သထုံကနေ ရန်ကုန်ကို ဆေးကျောင်းလာတက်တဲ့ ဆေးကျောင်းသား အက်ဒဝပ်ဟုတ်ဝမ်ရဲ့ကားပဲ။ ဘယ်ကျောင်းသားမှ အဲဒီအချိန်က ဆေးသိပ္ပံကို ကားနဲ့ကျောင်းတက်တဲ့သူမရှိဘူး။

ကျွန်တော်တို့နှစ်က ဆေးသိပ္ပံကို တက်ကြတာ ဗမာထဲကနည်းတယ်။ တရုတ်ကလေးတွေ၊ တရုတ်ကပြားကလေးတွေ များကြတယ်။ ဒေါက်တာညွန့်တင်၊ ဒေါက်တာစိန်ဝင်းဖြစ်မယ့် ကိုစိန်ဝင်းတို့လောက်ပဲရှိတယ်။ တချို့ကျောင်းသားတွေက စတိုင်ပင်ရကြတယ်။ ကျွန်တော့်က ဆေးသိပ္ပံကို ဒုတိယအဆင့်နဲ့ဝင်ရတာ။

တစ်မနက်မှာ ကျွန်တော်တို့ကျောင်းသူကျောင်းသားသစ်လွင်တွေကို ပါမောက္ခဦးဘသန်းက တွေ့မယ်ဆိုလို့ အားလုံးတန်းစီပြီး စောင့်နေကြရတယ်။ မကြာဘူး ဆရာကြီး ဦးဘသန်းရောက်လာတယ်။ ကျောင်းသူကျောင်းသားတစ်ယောက်ချင်းစီ သူက မိတ်ဆက်တယ်။ နာမည်မေးတယ်။ မိဘတွေအကြောင်း မေးတာပါ။

"ဟေ့ကောင် မင့်နာမည်က"

"အက်ဒဝပ်ဟုတ်ဝမ်ပါ"

"မင်းအဖေအမေက ဘာလုပ်သလဲ"

"ကုန်သည်လုပ်ပါတယ်"

"ဘာကုန်သည်လဲကွ"

"ပြုတ်ဆန်တွေ နိုင်ငံခြားပို့ပါတယ်။ ပတေး၊ ပဒုမ္မာနဲ့ တိုဘရက်ကိုးလုံးချည်တွေ အောက်မြန်မာပြည်ဖြန့်ပါတယ်။ လယ်ဧကတစ်ထောင်ပိုင်ဆိုင်တယ်။ ကျွန်တော်တို့ညီအစ်ကိုကိုးယောက် တစ်ယောက် ဧကတစ်ရာစီခွဲပေးထားတယ်။ အပေါင်ဆိုင်တစ်ဆိုင်နဲ့ ဆန်စက်နှစ်လုံးရှိပါတယ်"

ကျွန်တော်ဖြေနေတုန်းမှာ ပရော်ဖက်ဆာ ဦးဘသန်းရော ကျောင်းသားတွေရော ကျွန်တော့်ကို စိတ်ဝင်စားကြည့်နေ၊ နားထောင်နေကြတယ်။ ကျွန်တော့်စကားမှ မဆုံးသေးဘူး ဆရာကြီးက

"ဟော့ ကုန်သည်သားသမီး ကုန်သည်လုပ်ရမှာပေါ့ကွ"

ကျွန်တော် ဆရာကြီး ဦးဘသန်းရဲ့စကားကြားတော့ နည်းနည်းတွေဝေသွားတယ်။ နားထဲမှာ ဒီစကားပဲ့တင်ထပ်သွားသလိုပဲ"

"ဟောဟိုကားအနက်က ဘယ်သူ့ကားလဲ"

"ကျွန်တော့်ကားပါ ဆရာကြီး"

"မင့်အဖေကား မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ကျွန်တော့်အတွက် ဝယ်ပေးထားတာပါ"

"ကုန်သည်သားသမီး ကုန်သည်လုပ်ရတယ်ကွ၊ မင်းတို့ဘာလို့ ဆေးကျောင်းလာတတ်ကြတာလဲ၊ ဆရာဝန်သားသမီး ဆရာဝန်ဖြစ်ရမှာ မင်းတို့နားမလည်ကြဘူးလား"

ပရော်ဖက်ဆာ ဦးဘသန်းက ဒီပြင်ကျောင်းသားတွေကို ဆက်ပြီး မိတ်ဆက်တယ်။

"ဟိုအကောင် နာမည်က ဘယ်သူကွ"

"အယ်ဘတ်လီပါ"

"သိမ်ကြီးဈေးမှာ ရွှေဆိုင်ရှိတယ်။ နေတာ ကမ္ဘာအေးမှာနေပါတယ်"

"ကုန်သည်သားသမီးကုန်သည်လုပ်ရတယ်ကွ၊ နောက်တစ်ယောက်"

"ဝေါလတာစိန်တန်"

ဝေါလတာရဲ့မိဘများက ကြက်တံဆိပ်ကော်ဖီ မြန်မာတစ်ပြည်လုံးဖြန့်ကြတာ၊ ပါမောက္ခဦးဘသန်းရဲ့ ကုန်သည်သားသမီး ကုန်သည်လုပ်ရမယ်ဆိုတဲ့ အယူအဆ ကျွန်တော်တို့ ဆေးကျောင်းသားတွေအကြားမှာ အငြင်းအခုံတွေဖြစ်စေတယ်။ ပရော်ဖက်ဆာကြီးစကားမှန်တယ်။ မဟုတ်ဘူး မှားတယ်။ သူ့အမြင် ကိုယ့်အမြင်တွေရှိလာကြတယ်။

ဆရာကြီးရဲ့စကားလုံးတွေက ကျွန်တော့်ရင်ဘတ်ထဲမှာ အတော်နေရာယူတယ်။ အချိန်ရှိသရွေ့၊ သတိရတိုင်း သူ့ပြောစကားတွေကို ပြန်စဉ်းစားနေမိတယ်။ ကုန်သည့်သားသမီးကုန်သည်ဖြစ်ရမယ်။

ဆရာဝန့်သားသမီး ဆရာဝန်ဖြစ်ရမယ်။ အင်း... ဒီအတိုင်းသာဆိုရင် ဓားပြသားသမီးက ဓားပြတွေ သူခိုးတွေဖြစ်လာကြ၊ ဖာခေါင်းတွေ၊ ဖာသည်တွေ ဖြစ်လာကြရမလိုပါလား။ ဒါတော့ မဖြစ်သင့်ဘူး။

ဖြစ်ထိုက်သလား ဟော့ကောင်စဉ်းစား။ အက်ဒဝပ်စဉ်းစားစမ်း ဒါလက်မခံနိုင်ဘူးကွာ။ သူ့ဘာသာ ပါမောက္ခမကလို့ ဘာကြီးဖြစ်နေပစေ လက်မခံနိုင်ဘူး။ ကိုယ့်ဘာသာတစ်ယောက်တည်း စဉ်းစားရတာ အားမရတော့ ကိုယ့်အထက် စီနီယာကျောင်းသားတွေ၊ ဆရာပေါက်စတွေကို လိုက်မေးပြီး သူတို့ဆီက အသံနားစွင့်မိတယ်။

"အစ်ကို၊ ပါမောက္ခ ဦးဘသန်းက ကျွန်တော်တို့နဲ့ တွေ့တဲ့မနက်က ကုန်သည်သားသမီးကုန်သည်ဖြစ်ရမယ်။ ဆရာဝန်သားသမီး ဆရာဝန်ဖြစ်ရမယ်လို့ ပြောတယ်။ ဒါဆိုရင် ဓားပြသားသမီး၊ ဖာသည်မ သားသမီးတွေ..."

ကျွန်တော့်စကားမှ မဆုံးသေးဘူး။

"ဟာ ဒီတရုတ်ရူးပြီထင်တယ်"

"ဆေးကျောင်းမှာ တစ်နှစ်တစ်ယောက် ရူးနေကျ ဒီနှစ် ဒီကောင်ဈေးဦးဖောက်လိုက်တာ"

"ဒီ‌ကောင်တရုတ် ဘာတွေ လျှောက်မေးနေတာလဲ"

ကျောင်းသားကြီးတွေရော၊ ဆရာပေါက်စတွေကရော ပယ်ပယ်နယ်နယ်ဆဲလွှတ်လိုက်ကြတာ။ ကိုယ့်ထက်ငယ်တဲ့ ကျောင်းသားလို့ သူတို့စိတ်ထဲမှာ အသိအမှတ်ပြုပေမဲ့ ကျွန်တော့်မေးခွန်းက သူတို့အတွက် စိတ်ဝင်စားစရာမဟုတ်သလို၊ ဘာမှ အရေးကြီးပုံမရဘူး။ ဒါပေမဲ့ ကျွန်တော် ဆရာကြီးဦးဘသန်းကို ကျေးဇူးတင်မိတယ်။ ဆရာကြီးရဲ့စကားကြောင့် ကျွန်တော့်ဘဝမှာ အထောက်အကူတွေ ခွန်အားတွေ၊ ကြိုးစားချင်စိတ်တွေပေါ်ခဲ့တယ်။ သတိရတိုင်းဆရာကြီးကျေးဇူးတွေကို အောက်မေ့မိတယ်။

* * *

## စာကြည့်တိုက်နဲ့ဆေးရုံသို့

အများရဲ့ အငြိုအငြင်ခံရပြီး အူကြောင်ကြောင်ကောင်လေးလို့ အထင်ခံရတဲ့ ကျွန်တော်ဟာ ကျောင်းသားတွေနဲ့အတူနေလိုစိတ်တော့ နည်းနည်းလျော့သွားတာ ဝန်ခံရမယ်။ ပရော်ဖက်ဆာ ဦးဘသန်းရဲ့စကားကျောင်းသားတွေ၊ ဆရာတွေအကြားမှာ ရှာမရရင် စာကြည့်တိုက်ထဲမှာတော့ ရှိလိမ့်မယ်။ ဒီလိုတွေးမိတယ်။ ဒါနဲ့စာကြည့်တိုက်ထဲရောက်သွားတယ်။ ကောင်းမယ်ထင်တာ၊ သင့်မယ်ထင်တာတွေ ယူဖတ်တယ်။

တစ်နေ့တော့ "ကိုရွှေအုပ်ရေ ဟိုအပေါ်က စာအုပ်ကြီး ဖတ်ချင်တယ်ဗျာ" လို့ ပြောတော့ ကိုရွှေအုပ်က

"ဘယ်စာအုပ်လဲ"

"ဟိုးအပေါ်ဆုံးက အနီရောင်ကြီးလေ"

"ဟာ မင်းဟာကလည်း အထူကြီးကွာ" လို့ ပြောရင်းလှေကားနဲ့တက်ယူပေးတယ်။ ပြီးတော့ ဆက်ပြောသေးတယ်။

"အင်္ဂလိပ်ခေတ်ကတည်းက ဒီမှာအလုပ်လုပ်ခဲ့တာ တံမြက်စည်းလှည်း၊ သန့်ရှင်းရေးလုပ်တာ၊ နောက်တော့ စာရေးလေး၊ ဆရာလေးတို့ခေတ်မှာ လက်ထောက်စာကြည့်တိုက်မှူးဘဝရောက်နေပြီ။ မစ္စတာမော်တင်ရဲ့ ဒီစာအုပ်ကြီးယူဖတ်၊ ငှားဖတ်တဲ့သူတစ်ယောက်မှ မကြုံဖူးဘူး"

ဆရာဝန်တို့၏ဘဝရက်စွဲများလို့ ဘာသာပြန်ရမယ်ထင်တယ်။ Biographies of All The Doctor ဆိုတဲ့ အထူကြီး ကျွန်တော့်ရှေ့ကို ရောက်လာတယ်။ ချလိုက်ကတည်းက စလှန်ပြီး စာမြည်းရယ်လို့ဖတ်လိုက်တာ တော်တော်ကောင်းတဲ့ စာအုပ်ကြီးကိုး။

ဆရာဝန်ကြီးတွေ သမားတော်ကြီးတွေက သူတို့ဘဝ သူတို့အတွေ့အကြုံတွေကို ရေးထားကြတယ်လေ။ စာအုပ်စာပေလူ့မိတ်ဆွေ မပြောကြသေးပေမဲ့ ကျွန်တော့်ကို ဆရာဝန်ကောင်းတစ်ယာက်ဖြစ်လာဖို့၊ ဝီရိယရှိဖို့ စာကြည့်တိုက်က စာအုပ်တွေက လမ်းညွှန်၊ သွန်သင်ပါတော့တယ်။ စာကြည့်တိုက်ဆိုတာ အသိအမြင်အတွေးအခေါ် ဘဏ္ဍာတိုက်ကြီးတစ်ခုပါပဲ။

ဒီစာအုပ်ကြီးဖတ်ရင်း တစ်နေရာမှာ စာပိုဒ်တစ်ပိုဒ်ကို သွားတယ်။

"လူသားတွေဟာ အသားအရောင် ကွဲပြားချင် ကွဲပြားကြမယ်။ အသက်အရွယ်တွေ မတူချင်မတူကြဘူး။ ဒါပေမဲ့ အတူတူပဲ။ ကုလားသေကုလားမောအိပ်ပျော်နေကြချိန်မှာ ပိုပြီး ထင်ရှားပါတယ်တဲ့။"

အဲဒီစာပိုဒ်ဖတ်ပြီး ဆေးရုံထဲရောက်တဲ့အခါ လူနာတွေ၊ လူနာစောင့်တွေကို သတိထားလေ့လာမိတယ်။ သူတို့အိပ်ချိန်တွေ ကျွန်တော် မအိပ်ဘူး။ ဝဒ်တစ်ခုပြီး တစ်ခုကူးပြီး လေ့လာတယ်။ ဟိုစာပိုဒ်တွေ့ဆေးရုံထဲမှာလေ့လာ၊ ဟိုဒီလိုရေးမှတ်ထား၊ ဝဒ်တွေထဲမှာ လှည့်ပတ်ပြီး တိုက်ဆိုင်သလားကြည့်ရင်း၊ ဆေးရုံထဲမှာ ကျွန်တော့်အချိန်တွေ မြှုပ်နှံခဲ့မှုဝေခဲ့တယ်။ စိန်တော့ မခေါ်ချင်ဘူး။ ဒါပေမဲ့ စိန်ခေါ်ခဲ့တယ်။ ဆေးသိပ္ပံကျောင်းသားတစ်ယောက် ဆေးရုံထဲမှာ ကျင်လည်ကျက်ကား လေ့လာသင်ယူခဲ့သူအချိန်တွေ ပေးခဲ့သူ၊ ကျွန်တော့်ထက် အနေ

များတဲ့သူတစ်ယောက်မှာ မရှိနိုင်ဘူး။

ကျွန်တော့်ကို လူနာတွေ သူနာပြုတွေက ခိုင်းရင်ဖင်ပေါ့တယ်။ ဟိုလူနာ ဒီဟာလေးလုပ်ပေးပါဦး။ ဒီလူနာက ဒါလေးကူပါဦးဆိုရင် အယုတ်အလတ် အမြတ်မရွေးဘူး။ ကူညီခဲ့တယ်။ ဆရာဝန်မဖြစ်သေးပေမဲ့ ဆေးရုံကနေ အတွေ့ အကြုံအတော်ရနေပြီ။ စာကြည့်တိုက်ထဲက စာအုပ်တွေကလည်း သင်ကြားလမ်း ညွှန်တာလည်း ပါတယ်။

ဆေးရုံထဲမှာ အနေကြာ ဝဒ်တကာကို လှည့်ရင်းစာတွေဖတ်ရင်းနဲ့ ကိုယ့် ကိုယ်ကိုယ် မေးခွန်းထုတ်ကြည့်တယ်။ ငါဘာဖြစ်ချင်တာလဲ။ သားဖွားနဲ့ မီးယပ် ဆရာဝန်လား၊ ဆေးပညာဘက်ကလား၊ အရေပြားသမားလား၊ ဦးနှောက်နဲ့ အာရုံ ကြောလား၊ ကျွန်တော် သိတယ်။ ကျွန်တော်ဖြစ်ချင်တာက ခွဲစိတ်ဆရာဝန်ဖြစ် ချင်နေတာ။ ကောင်းပြီဟေ့၊ ခွဲစိတ်ဆရာဝန်ဖြစ်အောင် ကြိုးစားမယ်ဟေ့။

စာအုပ်တစ်အုပ်ထဲမှာ နာမည်ကျော် ခွဲစိတ်ဆရာဝန်ကြီးတစ်ဦးက ခွဲစိတ် ဆရာဝန်ကောင်းတစ်ယောက်ဖြစ်လိုပါသလား။ သင်ခွဲစိတ်ဆရာဝန်ကောင်းတစ် ယောက်ဖြစ်လိုပါလျှင် ဈေးသို့သွားပါလို့ ရေးထားတာ ဖတ်လိုက်မိတယ်။ သူက ဆက်ရေးသေးတယ်။ ခွဲစိတ်သမားတို့မည်သည် သူ၏လက်တွင် ကိုင်တွယ် ထားသောဓားကို ကျွမ်းကျင်စွာ ကိုင်တွယ်တတ်သူဖြစ်သည်တဲ့။ ကျွန်တော်က အဲဒီလို စာပိုဒ်တွေကို တစ်ခေါက်တည်းနဲ့ စွဲမှတ်ထားမိတယ်။

In order to reveal, in order to repair, In order to Heal, In order to mend, In order ot prolong his life.

"ခွဲစိတ်ဆရာဝန်ဆိုတာ ထက်မြက်တဲ့ဓားကို ကိုင်စွဲပြီး အနာအဆာ အပျက်အစီးတွေကို ဖယ်ရှားကုသပေးသူတစ်ယောက်ပဲလို့ ဆိုလိုတယ်"

အမေ ဈေးသွားတော့ ကျွန်တော်အမေနဲ့ ဈေးကိုလိုက်ခဲ့မယ်လို့ပြောတော့ အမေ့ရဲ့မျက်ခုံးတွေအပေါ်မြင့်တက်သွားတယ်။

"မလိုက်ပါနဲ့သားရယ်။ ဈေးက ဘာလိုချင်လို့လဲ"

"ဈေးထဲမှာ ခွဲစိတ်ဆရာဝန်တွေ အများကြီးရှိတယ်တဲ့"

"အန်းကူကလည်း မဟုတ်တာ ပြောနေတယ်။ အမေဈေးကို နေ့တိုင်း သွားနေတာ တစ်ယောက်မှမတွေ့ပါဘူး"

"မဟုတ်ပါဘူး မေမေ စာအုပ်ထဲမှာ သေသေချာချာရေးထားတာ"

"မင့်စာအုပ်က မှားနေတာပဲဖြစ်မယ်၊ စားချင်တာရှိရင် မေမေဝယ်ခဲ့မယ် အန်းကူ လိုက်စရာမလိုဘူး"

"မေမေဈေးထဲမှာ ဘဝတွေရှိတယ်။ အဲဒီဘဝတွေကို မသိရင် ထွန်းကား

တဲ့ ဆရာဝန်မဖြစ်နိုင်ဘူးတဲ့။ ဈေးထဲမှာ ကျွမ်းကျင်တဲ့ ခွဲစိတ်သမားတွေရှိတယ်။ ကျွန်တော်က ခွဲစိတ်ဆရာဝန်ဖြစ်ချင်တာအမေ၊ ဘဝတွေသိအောင် ဈေးကိုလိုက်ချင်တာ"လို့...

ကျွန်တော်ရှင်းပြတာကို အမေသဘောပေါက်လို့လား။ ပြောမရဆိုမရတဲ့ အန်းကူလို့ပဲ အောက်မေ့သလားတော့ မသိဘူး အမေနဲ့ ဈေးကိုလိုက်ခဲ့တယ်။ ဈေးထဲလည်းရောက်ရော ဟိုဈေးသည် ဒီဈေးသည်တွေက ဟိုက ဒေါ်ကြင်သုန် ဒီကဒေါ်ဒေါ်ကြင်၊ ဟိုးနားကအန်တီကြင်၊ ဒီနားက မမသုန်နဲ့ဖြစ်ကြရော။ သူတို့ခမျာ ရောင်းချင်ရှာလွန်းလို့ အမေ့ကို နှုတ်ဆက်ကြ၊ ဖော်ရွေကြ၊ မျက်နှာလုပ်ကြတာ။

"ဟဲ့ မိုးခိုသားပြစမ်း ကောင်းသလား"

"ကောင်းတယ် မမကြင်"

"ကောင်းရင် တစ်ပိဿာခုတ်အချိန်ပြည့်ပေး"

"ပြည့်တယ် မမကြင် စိတ်ချ" ဆိုရင် အသားခုတ်တဲ့သူက ဒုတ်... ဒုတ်... ဆိုပြီး ခုတ်ထစ်ပေးလိုက်တာ။ ပြီးတော့ ချိန်ခွင်ထဲ ကောက်ထည့်ပြီး အလေးတင်ချိန်ပေးတယ်။ ကျွန်တော်ကတော့ စားရမယ့် မိုးခိုသားထက်လက်ထဲက ထက်မြက်တဲ့ ဓားကြီးကို စိတ်ဝင်စားမိတယ်။ တစ်ချက်ခုတ်တာ တိခနဲပြတ်တဲ့ဓား။ ကျွန်တော့်ရဲ့နှုတ်ခမ်းပေါ်က အပြုံးကိုမြင်တော့ အသားခုတ်တဲ့သူက ရောယောင်ပြီး လိုက်ပြုံးနေတယ်။

ကြက်သားဆိုင်ရောက်တော့လည်း ကြက်သားသည်က စလုတ်ထုတ်ရင်ကိုခွဲပြီး ကလီစာတွေထုတ်၊ လည်ချောင်းသတ်သတ်၊ ရင်အုပ်ကသတ်သတ်၊ ပေါင်ကသတ်သတ်၊ ခြေထောက်ကသတ်သတ် ခုတ်ထစ်ပေးလိုက်တာ ဘာမှမကြာဘူး။ ထက်မြက်တဲ့ ဓားတစ်ချောင်း၊ ကျွမ်းကျင်တဲ့လက်နဲ့ သူတို့ရဲ့ ဝမ်းရေးနဲ့ ဆက်စပ်လှုပ်ရှားပုံတွေကို သေသေချာချာမြင်ခဲ့ရတယ်။

သူတို့ဓားတွေ သူတို့လက်တွေက ခုတ်လိုက်ရင် တစ်ချက်ပဲ ကွက်တိ၊ ဒါဈေးထဲက ခွဲစိတ်ဆာဂျင်တွေပဲ၊ ကျွန်တော့်ရဲ့မြင်ဆရာတွေပေါ့။

* * *

## လက်တွေ့ကျကျ

ခွဲစိတ်ဆရာဝန်ဖြစ်ချင်လိုက်ပုံကတော့ ခွေးကိုဗိုက်ခွဲပြီး ခွေးကလေးတွေမွေးပေးဖူးတယ်။ နွားတွေရော၊ ဝက်တွေရော ကျွန်တော်စမ်းသပ်ခွဲပြီး မွေးပေး

ဖူးတယ်။ ဆေးရုံမှာလည်း ရင်ခွဲရုံသွားပြီး သူသေတွေကို ပို့စ်မော်တင်လုပ်တယ်။ မနက်အစောကြီးသွားခွဲရင်ခွဲမခွဲရင် ညနေစောင်းသွားခဲ့တယ်။ ရင်ခွဲရုံစောင့်တဲ့ ဂျိမ်းစ်ကို လက်ဖက်ရည်ဖိုးပေးပြီး ခွဲနေတာလေ။ သိချင်တတ်ချင်တာကိုး။ ကြိုးစားတော့တာပေါ့။ ဆရာဝန်ဖြစ်လို့ ဆေးရုံမှာ တာဝန်ကျပြန်တော့လည်း ဆေးရုံအုပ်တာဝန်နဲ့လည်း ခွဲနေတာပဲ။ ဆေးရုံမှာ လူသေအလောင်းကောင်တွေ ဘယ်သူမှမခွဲရ။ ဒီဆေးရုံမှာ ငါဆေးရုံအုပ်၊ ငါအကြီးဆုံး ငါခွဲမယ်။ မင်းတို့တစ်တွေ ညစ်ပတ်ပေရေကုန်လိမ့်မယ်။ မခွဲကြနဲ့၊ ငါပဲ ခွဲမယ်။ အမှန်တော့ ရင်ဘတ်တွေ ဗိုက်တွေဖွင့်ကြည့်ချင်တာ၊ ကလိချင်တာ၊ ရင်ခွဲတာကို လက်မခံတဲ့ ဘာသာခြားတွေနဲ့ မကြာခဏပြဿနာတတ်တယ်။ သူတို့ကိုတော့ ရောဂါရှာတာလို့ အကြောင်းပြရတယ်လေ။ အခွဲအစိတ်ကျင့်နေတာပါ။

လူဆိုတာ တော်မှတတ်တာမဟုတ်ဘူး။ ကြိုးစားရင်လည်း တတ်တာပါပဲ။ ကျွန်တော့်လုပ်ဆောင်နေမှုတွေကို တချို့လူတွေက အကောင်းမမြင်ကြဘူး။ ဒီကောင်အရူးပါ။ ငပေါပဲကွယ်ရာမှာ ဒီလိုသွားပုပ်လေလွင့်ပြောတာတွေ ပြန်ကြားရတယ်။ ဘယ်မှုလိမ့်မလဲ။ အေး... တစ်နေ့တော့ မင်းတို့ပြောပြောနေတဲ့ ငပေါ။ အရူး၊ အူကြောင်ကြောင်ကောင်အကြောင်း သိစေရမယ်။ ဒီလိုစိတ်မျိုးနဲ့ ကြိုးစားခဲ့တယ်။

တစ်နေ့တော့ ညချမ်းဆိုတာဘာလဲ၊ နေ့ခင်းဆိုတာဘာလဲ။ **What is Night, What is Day?** ဆိုတာကို စဉ်းစားကြည့်နေမိတယ်။ အိပ်တဲ့အချိန်ဟာ ညလား။ အိပ်တယ်၊ အိပ်ပျော်တယ်ဆိုတာ ဘာလဲ။ စူးစမ်းမိပြန်ရော။ အဘိဓာန်တွေကိုလှန်ကွာ။ စွယ်စုံကျမ်းတွေ ကျမ်းတွေ ရှာဖတ်ကွာ။ ကိုယ့်ကိုယ်ကိုယ် မောင်းနေတာ။

စိတ်ပိုင်းဆိုင်ရာအနားယူခြင်း၊ ရုပ်ရောစိတ်ရောအနားယူခြင်း၊ မကျေနပ်သေးဘူး။ ကျွန်တော်ဆက်ပြီးရှာဖွေတယ်။ အိပ်ခြင်းမှာ အချိန်ဆိုတာ ရှိတယ်။ နေ့လယ်နေ့ခင်း အလုပ်လုပ်ကြရတဲ့သူတွေက ညမှာ အိပ်ကြတယ်။ ညမှာ အလုပ်လုပ်ကြတဲ့သူတွေက နေ့မှာအိပ်ကြတယ်။ ဒါဆိုရင် အိပ်ခြင်းဟာ သူ့ဘဝရဲ့ လှုပ်ရှားရန်းကန်ရမှု၊ သူ့ဘဝပေါ်မှာ တည်မှီနေပါရောလား။

နေ့နဲ့ညအကြောင်း ဖတ်မှတ်လေ့လာရာက အိပ်စက်ခြင်း၊ အိပ်ပျော်ခြင်းတွေပါ လေ့လာမိသွားတယ်။ မရှင်းတာတွေ၊ နားမလည်သေးတာတွေ သူငယ်ချင်းတွေနဲ့သွားဆွေးနွေးတဲ့အခါ ဆေးကျောင်းစာကျက်နေကြတဲ့ သူငယ်ချင်းတွေဆိုတော့ မအေနမနဲ့ကိုင်တုပ်ကြရော သွား တရုတ်အရူး။ တော်ရာမှာ သွားကြောင်ချေစမ်းလို့ ဆိုသူဆိုတယ်။ မအေ... စာမေးပွဲမေးမယ့်စာကျတော့ မဖတ်

ဘူး။ နမ... ဘာတွေ လျှောက်ဖတ်မှန်းမသိဘူး။ ခွေး... သူ့ဘာသာဖတ်ပြီး အေးအေးမနေဘူး... စသဖြင့်ပေါ့လေ။

ကျောင်းသားဘဝက ဖတ်ခဲ့တာတွေ မှတ်ခဲ့တာတွေ အခုထက်ထိ မှတ်မိနေတယ်။ အခုချိန်မှာ အိပ်စက်ခြင်းနဲ့ပတ်သက်ပြီးပြောကြစို့ဆိုရင် တော်ရုံလူတော့ ကျွန်တော်ယှဉ်ပြီး ပြောနိုင်တယ်။ မနက် ၁ နာရီနဲ့ ၅ နာရီအတွင်း၊ ၃၊ ၄ နာရီလောက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ရလို့ရှိရင် လူတစ်ယောက်အဖို့ အိပ်ရေးဝတယ်။ အိပ်စက်ခြင်းစတာတွေဖတ်ပြီး မအိပ်ဘဲနေရင်ရော ကျွန်တော် ဘာဖြစ်မလဲ။ သိချင်တယ်။ ဒါကြောင့် လက်တွေ့စမ်းကြည့်တယ်။ မိုးလင်းက မိုးချုပ်မအိပ်ဘဲနေတယ်။ အိပ်ရင်လည်း မှေးတယ်ဆိုရုံလေး၊ ကုလားထိုင်ပေါ်ထိုင်ရင်း တစ်မှေး၊ မှေးရုံမှေးတာ။ ဆေးရုံထဲမှာ ခုံတန်းလျားပေါ် ခေတ္တခဏလှဲရုံလေးလှဲလိုက်တာ။ စမ်းသပ်ကြည့်တာ။ တစ်မနက်ခင်း၊ ခပ်စောစောမနက် ၅ နာရီလောက်၊ တချို့လူတွေ အိပ်ရာက နိုးခါစ၊ တချို့မျက်နှာသစ်သွားတိုက်နေကြတဲ့အချိန် သူတို့ကိုကြည့်ပြီး ဟအောင်ပြီ... အောင်ပြီဟလို့ ထအော်လိုက်တာနံဘေးကလူတွေအကုန်လုံး လန့်ဖျပ်ကုန်ကြတယ်။ တချို့ကလည်း တရုတ်ဆရာလေး ဘာဖြစ်တာလဲ။ ဆရာလေး စိတ်ဖောက်သွားပြီထင်တယ်နဲ့ ဖြစ်ကုန်ကြရော။

လူဆိုတာ လူပါပဲ။ အကုန်အတူတူပဲ။ မနက်ရောက်မှ ရုပ်သွင်တွေပြောင်းကုန်ကြတာ။ ဆရာဝန်တစ်ယောက် ဆေးကုသရာမှာ၊ ခွဲစိတ်ရာမှာ ပိုင်နိုင်ကျွမ်းကျင်တယ်ဆိုတာ စာတတ်လို့ တစ်ခုတည်းကြောင့် မဟုတ်ဘူး။

By knowing the books only and if you go with books you will be a small sailor within as small cande sailing alone in a uncertain sea လို့ ရှေးဆရာဝန်ကြီးတွေ ရေးသားခဲ့ကြတယ်။

စာကိုချည်းပိုင်နိုင်တဲ့ ဆရာဝန်ဟာ ကျယ်ပြောတဲ့ ပင်လယ်ပြင်မှာ ကမ်းမမြင် လမ်းမမြင်အောင် လှေငယ်လေးတစ်စင်းကို တစ်ကိုယ်တည်း လှော်ခတ်နေတဲ့လှေထိုးသားလို ဖြစ်နေလိမ့်မယ်တဲ့... ဒီစာပိုဒ်ကိုဖတ်ပြီး ကျွန်တော်ဆင်ခြင်တယ်။ ဆေးပညာတတ်ချင်ရင် ဖတ်ရုံမှတ်ရုံနဲ့ မပြီးဘူး။ ခွဲစိတ်တာတတ်ချင်ရင် လက်တွေ့လေ့ကျင့်ရတယ်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေဆီက နည်းနာယူရမယ်။ ဒီလိုတွေးမိပြီး ဆရာဝန်အတတ်တတ်ရအောင် လူနာတွေအကြားနေရမယ်ဆိုတဲ့ အသိတရားရလာခဲ့တယ်။ ဒါကြောင့် ကျွန်တော်လူနာတွေကို အချိန်အများကြီးပေးဆပ်ပြီး ပြုစုနေနိုင်ခဲ့တယ်။ လူနာတွေက ရောဂါမျိုးစုံနဲ့ ကိုယ့်ကိုယ်လာသင်ကြားပေးနေတာ။ အတွေ့အကြုံများလာတော့ ရောက်

လာတဲ့ လူနာရဲ့လက္ခဏာတွေ စေ့စေ့ငုကြည့်ရုံနဲ့ ကိုယ့်မှန်းဆချက်နဲ့တယ်ပြီး မလွဲလှဘူး။ ဆရာကြီးတွေ သမားတော်ကြီးတွေရဲ့ အကဲဖြတ်ချက်နဲ့ ကိုယ့်မှန်းချက်နဲ့ ထပ်တူကျတဲ့အခါ သိပ်ပြီးပျော်စရာကောင်းတယ်။ ပီတိဖြစ်မိတယ်။ တစ်ခါတလေ ကြက်သီးများတောင် တဖျင်းဖျင်းထမိတယ်။ အဲဒီလောက်ပီတိဖြစ်ရတာ။ အဲဒီလိုကြုံရရင် ဒီလူမမာတော့ ငါကုရင်ပျောက်တော့မှာပဲလို့ ယုံမိတယ်။

တစ်ခါတော့ သူငယ်ချင်းဆရာဝန်တွေ ဝိုင်းအုံပြီး လူနာတစ်ယောက်ကို စမ်းသပ်နေကြတယ်။ ကျွန်တော်လည်း ဒါမျိုးဆိုရင် စိတ်ဝင်စားတယ်။

"သူငယ်ချင်းတို့ဘာလုပ်နေကြတာလဲ"

"ဦးလှစိန်ရဲ့သား အူအတက်ခွဲကြမလို့"

"ဟုတ်လား သူငယ်ချင်းတို့ခဏပေးကြပါဦး ကိုယ်စမ်းကြည့်ချင်လို့"

စမ်းသပ်ပြီး အနားမှာရှိတဲ့ ဦးလှစိန်ကိုခေါ်ပြီးပြောလိုက်တယ်။

"ဦးလှစိန်ရဲ့သား အစာအိမ်ပေါက်သွားပြီ"

ဦးလှစိန်လည်း အံ့အားသင့်သွားတယ်။ အနားမှာရှိတဲ့ သူငယ်ချင်းတွေက သိပ်ပြီးမကြည်လင်ကြဘူး။ သူတို့စမ်းသပ်ကြည့်ထားတာ အူအတတ်၊ ခွဲမယ်၊ စိတ်မယ်ဆိုရင် အူကိုခွဲကြမှာ။ သူနာပြုဆရာမကြီးကိုလည်း အစာအိမ်ခွဲဖို့ အဆင်သင့်လုပ်လို့ ကျွန်တော်ပြောလိုက်တယ်။ သူငယ်ချင်းတွေခမျာ ဝိရောဓိတွေဖြစ်လို့။ အူအတတ်ပဲ အရင်ခွဲရမလား၊ အစာအိမ်ပဲ အရင်ခွဲရမလား။ ဒွိဟတွေဖြစ်ကြ၊ သံသယစိတ်တွေဖြစ်ကြပေါ့။ တချို့ကတော့ မင်းပြောတဲ့အတိုင်း ဟုတ်ရင်ဟုတ်ပေါ့ကွာဆိုတဲ့ မျက်နှာပေးနဲ့။ သူငယ်ချင်းတွေရော ဦးလှစိန်ပါ ခွဲစိတ်ခန်းထဲခေါ်သွားတယ်။ ကြည့်ကြပါဆိုပြီး ခွဲပြလိုက်တယ်။ အဲဒီအခါ သူငယ်ချင်းတွေက

"ဒါလေးတွေက ဘာလေးတွေလဲ" လို့ မေးတယ်။

"အဲဒါစားထားတဲ့ ထမင်းလုံးတွေပေါ့"

"ဟာ ထမင်းစေ့ ထမင်းလုံးတွေက ဘာလို့ဒီနေရာရောက်နေတာလဲ"

ကျွန်တော်က အပြင်ကိုထွက်နေတဲ့ ထမင်းလုံးတွေဖယ်ပြီး ဦးလှစိန်ပါမြင်အောင်ပြလိုက်တယ်။

"အဲဒါဘာလဲကွ"

"အပေါက်မင်းတို့ထင်တဲ့ အူအတက်မဟုတ်ဘူး။ အစာအိမ်ပေါက်တာ"

အဲဒီလိုလက်တွေ့ပြတော့မှ ခုနက မင်းပြောတဲ့အတိုင်းဟုတ်ရင်ဟုတ်ပေါ့ကွာဆိုတဲ့ မျက်နှာတွေ ပြုံးကြ၊ ရယ်ကြတော့တယ်။ ဦးလှစိန်လည်း ဘဝင်ကျသွား

တယ်။

ဆေးသိပ္ပံမှာ သင်ကြားနေတဲ့ ရောဂါဝေဒနာတို့ရဲ့လက္ခဏာများဆိုတာ လူနာတွေ ဖြစ်ပျက်ခံစားနေရတာတွေကို ထင်ဟပ်တဲ့ကျမ်းတွေပဲ။ လူနာတွေက ဆရာ။ ဆရာဝန်က လူနာတွေဆီက သင်ခဲ့ရတာ။ လူနာက သူခံစားနေရတာတွေကို လာပြော၊ အဲဒီပြောပြချက်တွေကို မှတ်တမ်းယူပြီးတော့ ကုသပေးတဲ့အလုပ် လုပ်ရတာ။

လူနာက မနက်က ဒီနေရာက နာတယ်။ အော့တယ်၊ အန်တယ်၊ လူနာက ထပ်ပြောတယ်။ ဘယ်နေရာက နာသေးတယ်။ သူပြောတာတွေကို အကုန်လုံးမှတ်ထားရတယ်။ Early Morning Pain, When Arising From Bed တဲ့။ ဒီနေရာမှာ ပြဿနာနည်းနည်းတော့ရှိတယ်။ Morning မနက်ဆိုတဲ့ အင်္ဂလိပ်စာလုံး ဆရာဝန်တွေကို မေးကြည့်ပါ။ What is morning လို့မေးရင် မနက်အိပ်ရာထလို့ ဖြေမယ့်သူများမယ်။ ဆေးပညာမှာတော့ အဲဒီလို မယူဆဘူးတဲ့။ ညသန်းခေါင်ကျော်လို့ တစ်မိနစ်စွန်းရင် မနက်ပဲ။ အိပ်ရာထမှာနာရင် အူအတတ်လို့ အသေမှတ်ထားကြတာ၊ အဲဒီမှာ ဒုက္ခလုလုတွေ့ကြတော့တာ။

အနောက်တိုင်းက ဆရာဝန်တွေ သူတို့တွေ့ရှိချက်တွေကို ရေးသားပြုစုခဲ့တဲ့ ဆေးကျမ်းတွေကို မြန်မာနိုင်ငံမှာ သင်ရိုးလက်စွဲလုပ်ကြရတယ်။ တစ်ခုစဉ်းစားကြဖို့ကောင်းတာတော့ အနောက်တိုင်းသားတွေနဲ့ ကျွန်တော်တို့မြန်မာလူမျိုးတွေနဲ့ ရာသီဥတု၊ နေထိုင်စားသောက်ကြပုံ၊ ဓလေ့စရိုက်၊ အရပ်အမောင်းစတာတွေ၊ ဘာတစ်ခုမှမတူကြဘူး။ ဒီတော့ ကာလံ ဒေသံပေါ်မူတည်ပြီး ကိုယ့်အရပ်ကို ကိုယ့်အခြေအနေနဲ့ ကိုယ့်အတွေ့အကြုံနဲ့ပေါင်းစပ်ပြီး သင်ကြားတဲ့ သင်ရိုးဆိုရင် ပိုကောင်းမယ်။ ကိုယ့်လူမျိုးက ရေးသားတဲ့ ဆေးကျမ်းမျိုးဖြစ်သင့်တယ်။

* * *

## သမဂ္ဂတံခါးပေါက်

ရန်ကုန်တက္ကသိုလ် ရွှေဘိုဆောင်မှာ နေကြတဲ့ ခင်မောင်အုံးတို့၊ လှဝင်းတို့၊ စိုးသိန်းတို့၊ ကိုအောင်ကျော်တို့နဲ့ ခင်ပါတယ်။ ခင်မင်ရတဲ့အထဲမှာ နိုင်ငံကျော် မောင်ဂျိုယုလည်းပါတယ်။ သူတို့က ကျောင်းတက်ရင်း ကျောင်းသားတွေအတွက် တိုက်ပွဲဝင်ကြတဲ့ ကျောင်းသားတွေပါ။ ကျောင်းသားခေါင်းဆောင်၊

ကျောင်းသားသမဂ္ဂအဖွဲ့ဝင်တွေလေ။

“ဟေ့ကောင် အက်ဒဝပ်”

“ဘာတုံးဗျ”

“မင့်လက်က လက်ပတ်နာရီချွတ်ကွာ”

“ဟာ ဘာလုပ်ဖို့လဲဗျ”

“အဲဒီနာရီပေါင်မလို့ပေါ့ကွ”

“ပေါင်လို့မဖြစ်ပါဘူး၊ နာရီမရှိလို့ မဖြစ်ဘူး”

“ခက်တာပဲကွာ၊ ငါတို့မှာ ဘိုင်ကျနေပြီ”

“သွားကြဲစမ်း ဖန်စမ်းပါဦး”

တစ်ယောက်နဲ့တစ်ယောက် ဒီလိုခင်ကြတာ။ ကျွန်တော့်နာရီပေါင်စရာ မလိုဘူး။ ခဏနေတော့ သူတို့အခန်းတံခါးသွားခေါက်လိုက်တယ်။

ဒေါက်... ဒေါက်... ဒေါက်....

“ဟေ့ ဘယ်ကောင်လဲကွ”

“ကျွန်တော်ပါ။ အက်ဒဝပ်လေ”

“ဘာကိစ္စ...”

“အစ်ကိုတို့ ဘိုင်ကျနေတယ်ဆို”

တံခါးရွက်ဖြုန်းဆိုဖွင့်ပြီး ဦးချစ်လက်ဖက်ရည်ဆိုင် သွားကြတော့တာပဲ။ ဦးချစ်ဆိုင်မှာ ဝေသာလီပြည်ဘီလူးဝင်သလိုစားကြတာ။ တဝတပြစားပြီးတော့ ကုန်ကျငွေအားလုံး ကျွန်တော်ရှင်းတော့ ဝင်လာခါစက မျက်စိမျက်နှာ ခပ်တည်တည်နေတဲ့ ငွေကိုင်သူက မျက်နှာဝင်းလက်သွားတယ်။

“ဒီလူတွေ ပိုက်ဆံမရှိလို့ ဆိုင်ကို မလာတာကြာလှပြီ” တဲ့။

ဒီပုဂ္ဂိုလ်တွေက ရွှေဘိုဆောင်မှာပဲ အစည်းအဝေးလုပ်လေ့ရှိတယ်။ ကျွန်တော်လည်း ခင်မင်နေတော့ ကျောင်းချင်းမတူပေမဲ့ ဒါကျောင်းသားအရေး ဆွေးနွေးကြတာပဲလို့ အောက်မေ့ပြီး ဝင်နားထောင်လေ့ရှိတယ်။ နားထောင်ဖန်များတော့ တိုင်းရေးပြည်ရေး၊ ကျောင်းသားအရေးတွေကို ရိပ်စားမိလာတယ်။ စိတ်ဝင်စားလာတယ်။ ဟုတ်တယ်၊ ဒီလိုဖြစ်သင့်တယ်။ ဒါအစိုးရက မတရား လုပ်တာ၊ ဒီလိုဆိုရင် ကျောင်းသားတွေရဲ့ အနာဂတ်ဘယ်လိုဖြစ်ကုန်မလဲ။ ဉာဏ်မီသလောက် လိုက်စဉ်းစားတယ်။ နိုင်ငံရေးဝေါဟာရတွေနဲ့ တဖြည်းဖြည်း ယဉ်ပါးလာတယ်။

မော်လမြိုင် စိန့်ပက်ထရစ် ကျောင်းသားဘဝက စဉ်းစားတွေးခေါ်ပုံမျိုး တွေ မဟုတ်တော့ဘူး။ အသိအမြင်တွေ ပြောင်းလဲတိုးတက်လာတာတော့ အမှန်

ပဲ။ ဒီမိတ်ဆွေအပေါင်းအသင်းတွေနဲ့ တွဲဖန်များတော့ အောက်တိုဘာကျောင်းသားဆန္ဒပြပွဲတစ်ခုနဲ့ ကြုံရတယ်။ ဘယ်နေလိမ့်မလဲ။ ကျွန်တော်လည်း ဝင်နွဲတာပေါ့။ ရှေ့တန်းက တက်တက်ကြွကြွပါခဲ့တယ်။

* * *

## ဦးပါစီတို့ကိုပြတဲ့ ဆန္ဒပြပွဲ

ရဲကဖမ်းတယ်။ လှည်းတန်းဂါတ်ထဲမှာ ကျွန်တော့်ကို ဖမ်းထားတယ်။ ကျွန်တော်က ရဲမင်းကြီး ဦးကျော်မြင့်ကို ခေါ်ပေးဖို့ပြောတော့ ဖုန်းဆက်ခေါ်ပေးတယ်။ မကြာဘူး ရဲမင်းကြီး ရောက်လာတယ်။ ကျွန်တော့်ကို တွေ့တဲ့အခါ "မင်းအယ်ဒီမဟုတ်လား" လို့မေးတယ်။ "ဟုတ်ပါတယ်" လို့ ပြောလိုက်တယ်။ "ဟေ့ သူ့ကို လွှတ်လိုက်၊ ဒါမိကောင်းဖခင်သား" လို့ ပြောလိုက်ရုံနဲ့ လွှတ်ပေးလိုက်တယ်။

"လာ ငါ့ကားပေါ်တက်" တဲ့။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ ကျွန်တော့် ဖေဖေက ရဲမင်းကြီးရဲ့ဆန်စက်ကို ဝယ်ထားတာလေ။

ဆေးကျောင်းမှာ ပညာသင်ကြားနေတဲ့ ၁၉၅၅၊ ၅၆၊ ၅၇ ခုနှစ်တွေမှာ ကျောင်းသားသပိတ်၊ ကျောင်းသားဆန္ဒပြပွဲတွေ မကြာခဏပေါ်ခဲ့တယ်။ ကျောင်းသားတစ်ဦး၊ ဒီမိုကရက်တစ်ကျောင်းသားအဖွဲ့ နှစ်ဖွဲ့အားပြိုင်မှုတွေ ရှိကြတယ်။

ကျွန်တော်တို့လည်း ဖတ်စရာ ကျက်စရာမှတ်စရာတွေ အများကြီးထဲကပဲ၊ ကျောင်းသားတွေရဲ့ အရေးဆိုရင် မနေသာဘူး။ ကိုသက်ထားဝေ (နောင်မှာ ပလတ်စတစ်ခွဲစိတ်ပညာရှင်)၊ ကိုမြ (ဒေါက်တာကိုမြ၊ မအူပင်မှာ ကွယ်လွန်သူ)၊ ကျော်နွယ်ဦး၊ မခင်အုန်းယဉ်တို့နဲ့ပေါင်းမိ၊ စုစည်းမိကြတယ်။ ကျွန်တော်တို့ရဲ့ ဆေးကျောင်းသမဂ္ဂပေါ့။ ကျောင်းသားတပ်ဦးနဲ့လည်း ကျွန်တော်တို့ မပတ်သက်သလို၊ ဒီမိုကရက်တစ်ကျောင်းသားတွေနဲ့လည်း ကျွန်တော်တို့ မပတ်သက်ကြဘူး၊ သီးခြားလွတ်လပ်တဲ့ အဖွဲ့အစည်းတစ်ခုလေ။ ဒီအဖွဲ့အစည်းဖြစ်ပေါ်လာဖို့ ကိုသက်ထားဝေနေတဲ့ တိုက်ခန်းမှာ အစည်းအဝေးလုပ်ကြ၊ ဆွေးနွေးကြတယ်။ ကြားနေတဲ့ ကျောင်းသားအဖွဲ့အစည်းတစ်ခုကို ၁၉၅၇ ခုနှစ်မှာ စဖွဲ့ခဲ့ကြတယ်။ ဒီလိုဖွဲ့နိုင်ဖို့ ဆွေးနွေးကြ၊ ငြင်းခုံကြ၊ ညှိနှိုင်းကြရတာတွေ အများကြီး။

ဆေးကျောင်း၊ ကျောင်းသားသမဂ္ဂရွေးကောက်ပွဲကလည်း တရွေ့ရွေ့နဲ့

နီးလာပြီ။ အဆောင်မှာ အစည်းအဝေးမလုပ်ဘူး။ အစ်ကိုသက်ထားဝေနေတဲ့ တိုက်ခန်းမှာ အစည်းအဝေးလုပ်ကြတယ်။ သူနေတာက အစိုးရပိုင်တိုက်ခန်း၊ ဒါပေမဲ့ အဲဒီခေတ်က ပြဿနာမရှိဘူး။ ကျွန်တော်တို့အစိုးရကို ပုန်ကန်ဖို့၊ သူပုန်ထဖို့ စည်းဝေးကြတာ မဟုတ်ဘူး။ ကျောင်းသားအရေးအတွက် တိုင်ပင်ကြတာ၊ ငြင်းခုံကြတာ၊ ညှိနှိုင်းကြတာ။ အခုလို သီးခြားသမဂ္ဂထောင်တာကို ကိုခင်မောင်အုန်းတို့၊ ဦးလှဝင်းတို့အဲ့အားသင့်သွားကြတယ်။ သူတို့နဲ့တွေ့ကြတဲ့အခါ ဘာပဋိသန္ဓာရစကားမှ ခံမနေဘဲ မေးခွန်းတွေ မေးတယ်။ ပထမဆုံးမေးခွန်းကမှာ "ဟေ့ ကောင်... မင်းဘယ်လိုလုပ်လိုက်တာလဲ"

"ကျွန်တော် အစ်ကိုတို့ကို လေးစားပါတယ်။ ကျွန်တော်တို့နဲ့ အစ်ကိုတို့နဲ့ ရည်ရွယ်ချက်ရော ပန်းတိုင်ပါတူကြပါတယ်။ လူသာ မတူတာပါအစ်ကို၊ မူတွေက တူပါတယ်" ဒီလိုပြောပြရတယ်။

သိပ်မကြာဘူး၊ နိုင်ငံတကာကျောင်းသား အဖွဲ့အစည်းတွေက ကျွန်တော်တို့ဆေးကျောင်းသမဂ္ဂကို အဆက်အသွယ်တွေ လှမ်းလုပ်ကြတယ်။ ဆေးကျောင်းသား ကျောင်းသားသမဂ္ဂမှာ ကျွန်တော်ဝင်ပြီး အရွေးခံတယ်။ ၈၅ ရာခိုင်နှုန်းမဲရတယ်။ ဆေးကောလိပ်ကျောင်းသားသမဂ္ဂရဲ့ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရတယ်။

ရွေးကောက်ပွဲနိုင်၊ ဥက္ကဋ္ဌဖြစ်လာတော့ သမဂ္ဂဥက္ကဋ္ဌတစ်ယောက်အနေနဲ့ မိန့်ခွန်းပြောရမယ်တဲ့။ "ဟ မပြောလို့မရဘူးလား"၊ "မရဘူး၊ ပြောရမယ်၊ ဒါထုံးစံပဲ" တဲ့။ ဗုဒ္ဓကယ်ပါ။ ဒုက္ခ။

ကျွန်တော် ပရိသတ်ရှေ့မှာ စကားမပြောတတ်ဘူး။ မပြောဖူးဘူး။ ခွတော့ကျနေပြီ။ စဉ်းစားပေါ့ကောင်၊ စဉ်းစား၊ မင်းဘာပြောမလဲ၊ ဘယ်လိုပြောမလဲ၊ မင်းလူညံ့တစ်ယောက်မဟုတ်ဘူးနော်။ မပြောရင် မရဘူး။ ဒါအစဉ်အလာတဲ့စဉ်းစား... ကျွန်တော်ကိုယ့်ကိုယ်ကိုယ် အားပေးရင်း၊ အားမွေးရင်း စဉ်းစားနေမိတယ်။

ငါဘာလုပ်မှာလဲ။ ဥက္ကဋ္ဌဘာလို့ဖြစ်တာလဲ။ ငါ့ကိုယုံကြည်လို့ မဲဆန္ဒရှင်တွေကြောင့် ဒါဆိုရင် ဥက္ကဋ္ဌအပေါ်မှာ ဆေးကောလိပ်ကျောင်းသူကျောင်းသားတွေရဲ့ ကျေးဇူးရှိတယ်။

မင်းဘယ်လိုမျက်နှာထား၊ ဘယ်လိုဟန်ပန်နဲ့ ပြောမှာလဲ။ ကျွန်တော် ဥက္ကဋ္ဌတစ်ယောက်ရဲ့တည်ငြိမ်တဲ့ အပြုအမူ၊ ဥက္ကဋ္ဌဂုဏ်နဲ့ ညီတဲ့ကိုယ်ကျင့်အမူအရာနဲ့ပြပဲ ပြောရမှာ ဟန်ပန်လုပ်စရာလည်း မလိုသလို၊ လုပ်လည်း မလုပ်တတ်ဘူး။

တကယ်ပြောကြမယ်ဟေ့ဆိုတော့လည်း သူ့ဘာသာအဆင်ပြေသွားတာပါပဲ။ ဆေးကျောင်းသူကျောင်းသားတွေရဲ့ အခွင့်အရေးတွေ ဆောင်ရွက်ပေးဖို့ သမဂ္ဂပေါ်ပေါက်လာပုံနဲ့ မဲဆန္ဒရှင်များကို ကျေးဇူးတင်ကြောင်းနဲ့ ဒီကျေးဇူးတရားကို အလေးထားဆောင်ရွက်သွားမယ့်အကြောင်း ခပ်တိုတိုပဲ ပြောလိုက်တယ်။ ကျွန်တော့်မှာ ဟိတ်ဟန်တွေနဲ့ ချဲ့ကားမပြောတတ်၊ မပြောချင်တာလည်း တစ်ကြောင်းပါ။

ကျွန်တော့်မိန့်ခွန်းစပြောပုံနဲ့ပတ်သက်ပြီး ကြေးမုံသတင်းထောက်က သူ့အထက်က အယ်ဒီတာကို ဘာတွေလျှောက်လုပ်သွားမှန်းမသိဘူး။ သူတို့ထင်သလို ရဲရဲတောက်၊ အာပေါင်နီမိန့်ခွန်းမဟုတ်ဘူးဆိုတာမျိုးတွေ ပြန်ပြောထင်ပါရဲ့။ ကြေးမုံအယ်ဒီတာ ဦးလှကြည်က ကျွန်တော့်ကို သူ့ဆီလာခဲ့ဦးလို့ ခေါ်တယ်။ ခေါ်တော့လည်း သွားရတာပေါ့။ အယ်ဒီတာ ဦးလှကြည်က အမေရဲ့မောင်တစ်ဝမ်းကွဲတော်စပ်တယ်လေ။ ဦးလေးတစ်ဝမ်းကွဲပေါ့။

ဦးလေးအိမ်ရောက်တော့ ကျွန်တော်စကားပြောတာ သိပ်ဟန်မကျဘူးဆိုပြီး သူ့အိမ်မှာရှိတဲ့ ကိုယ်လုံးပေါ်မှန်ကြီးရှေ့ခေါ်သွားတယ်။ ရှေးမှန်ကြီး၊ ဘယ်လ်ဂျီယန်မှန်ကြီး ထင်ပါရဲ့။ တော်တော်ကောင်းတဲ့ မှန်ကြီး။ မှန်ကြီးရှေ့ရောက်တော့ "ဟိုကိုကြည့်၊ အောက်ကို ငုံ့မကြည့်နဲ့။ ကိုယ့်မျက်နှာကိုယ်ကြည့်" တဲ့။

"အခု ဘာလုပ်နေတာလဲ ဦးလေး"

"မင်းကို ကျောင်းသားသမဂ္ဂဥက္ကဋ္ဌတစ်ယောက်အနေနဲ့ စကားပြောတဲ့အခါ တူတူတန်တန်ဖြစ်အောင် လေ့ကျင့်ပေးမလို့"

ကျွန်တော် တော်တော်စိတ်ပျက်သွားတယ်။ သူမိန့်ခွန်းတွေ ရေးပေးဦးမယ်တဲ့။ အဲဒါကို ပိုစိတ်ပျက်မိတယ်။ ဦးလေးကတော့ စေတနာနဲ့ ပြောတာပါပဲ။ ဒါပေမဲ့ ကျွန်တော်ကလည်း အဲဒီပုံစံခွက်ဆန်တဲ့အလုပ်တွေ မလုပ်ချင်ဘူး။ ဦးလေး ရေးပေးမယ့်မိန့်ခွန်းကို မပြောချင်ဘူး။

"ဒီလောက်ထိအောင် မလိုဘူးထင်တယ် ဦးလေး"

"လိုတယ် ဟကောင်ရ၊ ဒါကြောင့် လေ့ကျင့်ထားစေချင်တာ"

ဒီနေရာ၊ ဒီကိစ္စမှာ တူဝရီးသဘောထားကွဲကြတယ်။ ဆွေမျိုးမပြတ်အောင်မနည်းဘရိတ်အုပ်ထားလိုက်တယ်။ တကယ်တော့ ဦးလေးဦးလှကြည်ရဲ့စေတနာပါ။ ကျွန်တော့်ကို ကောင်းမွန်စေချင်လို့၊ မြင့်စေချင်လို့ မြှင့်တင်တာပါ။ ဒါပေမဲ့ အသက်ကငယ်သေးတော့ မသိဘူး။ တက်ကြွနေတော့ ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံးနဲ့ ဖြစ်နေတာပေါ့။ နောင်လူကြီးဖြစ်လာတော့မှ အပွဲပွဲနွှဲရတော့မှ ဦးလေးရဲ့

စေတနာကို နားလည်မိတယ်။

* * *

## ဘသန်း ဓွဲဘသန်း

ပါမောက္ခ ဒေါက်တာဘသန်းရဲ့မော်တော်ကားမှာ ဓားပုံလေးတစ်ပုံနဲ့ "ဓွဲ" ဆိုတဲ့ စာလုံးလေးရေးထားတာ မြင်ဖူးတွေ့ဖူးကြပြီး မှတ်မိသူတွေလည်း မှတ်မိကြလိမ့်မယ်။ ဓွဲဆိုတဲ့ စာလုံးဟာ ဆရာကြီးဦးဘသန်းရဲ့အသည်းစွဲ ဘလုံး၊ သူဦးထိပ်ထားတဲ့ဆောင်ပုဒ်လို့ ပြောရလိမ့်မယ်။

၁၉၅၈ ခုနှစ်မှာ ပါမောက္ခဦးဘသန်း အသက် ၆၀ ပြည့်မယ်။ ဆရာကြီး ပင်စင်ယူရတော့မယ်။ ကျောင်းမှာ ပါမောက္ခစုစုပေါင်းမှ လေးယောက်တည်း ရှိတယ်။ ဆရာကြီးပင်စင်ယူရင် တစ်ယောက်လျော့သွားမှာ ပြီးတော့ ကျန်းကျန်း မာမာကြီးရှိသေးတာ။ ပင်စင်ယူဖို့ မသင့်တော်ဘူးလို့ ယူဆကြတာကြောင့် သူငယ်ချင်းတစ်စု တိုင်ပင်ကြတယ်။ တစ်ခုခုတော့ လုပ်ကြမှ ငါတို့ဖြစ်လိမ့် မယ်။ တောင်းဆိုမှုတစ်ခုလုပ်ကြမယ်ကွာ။ အဲဒီတောင်းဆိုမှုမှာ ကိုမြက ဥက္ကဋ္ဌ ကျွန်တော့်က တွဲဘက်အတွင်းရေးမှူးလေ။

ဒေါက်တာ ဘမော်ဆီ အရင်ဆုံးသွားကြတယ်။ သူက ကျွန်တော်တို့ရဲ့ ပက်ထရွန် Patron အုပ်ထိန်းသူပါ။

အနားမှာ ဗိုလ်ရန်နိုင်လည်း ရှိနေတယ်။ ဆေးသိပ္ပံကျောင်းသားတွေဆို တော့ တွေ့ဆုံခွင့်ရတယ်။ သူ့သားသမီးတွေလို့ အောက်မေ့တာကိုး။

"ကိုင်း ဆိုကြစမ်းပါဦး မောင်ရင်တို့ ဘာကိစ္စလဲ"

"အန်ကယ်နဲ့ တိုင်ပင်စရာလေးတစ်ခုရှိလို့ပါခင်ဗျာ"

"ဘာအကြောင်းအရာပါလိမ့်"

"ပရော်ဖက်ဆာ ဦးဘသန်းပင်စင်ယူရတော့မှာ"

"အေး အဲဒါဘာဖြစ်သလဲ"

"ပါမောက္ခ ဦးကြည်ပေါကတောင်မှ ဖဲရားဝဲလ်နှုတ်ဆက်ပွဲကျင်းပဖို့ ပြင် ဆင်နေပြီ"

"အန်ကယ်လည်း ကြားမိတယ်"

"ကျွန်တော်တို့က ပရောဖက်ဆာဘသန်းကို ပင်စင်မယူစေချင်ဘူး။ ဒါကြောင့် တောင်းဆိုမှုတစ်ခုခု လုပ်မယ်လို့"

"ဘယ်လိုကွ" လို့ အသံကျယ်ကျယ်ပြောရင်း သူ့မျက်နှာကြီး ကျွန်တော်တို့ဘက် တိုးလာတယ်" မျက်မှောင်ကြီးကြုတ်လို့။ သွားတွေလည်း ဓေ့ထားမှာ သေချာတယ်။

"သူ့ကို ပင်စင်မပေးဖို့"

"ဟာ အက်ဒဝပ် ဝန်ထမ်းဆိုတာ ပင်စင်သက်ပြည့်ရင် ပင်စင်ယူရတယ်ကွ" ခဏစဉ်းစားပြီးမှ ဒေါက်တာဘမော်က

"မင်းတို့ဥစ္စာက မဟုတ်သေးဘူးကွာ" တဲ့။ ထပ်စဉ်းစားပြီး။

"အရမ်းကာရောတွေ စွတ်မလုပ်ကြနဲ့ဦး" ပြီးတော့ ဆက်ပြောလိုက်သေးတယ်။

"ခေါင်းအေးအေးထားပြီး စဉ်းစားကြနော်"

ကျွန်တော်တို့ကို သူတစ်ခုခု ပြောချင်ပုံရတယ်။ သူစဉ်းစားနေတယ်။ အဝေးကို ငေးကြည့်ရင်းစဉ်းစားနေတာ။ ကျွန်တော်ကတော့ ရောယောင်ပြီး သူငေးရာကို လိုက်ကြည့်မိတယ်။ ကိုမြက ဒေါက်တာဘမော်ရဲ့ ဧည့်ခန်းနဲ့ ချိတ်ဆွဲထားတဲ့ပန်းချီကားတွေ လျှောက်ငေးနေတုန်း...

"မင်းတို့ဖွဲဘသန်းက ခေသူမဟုတ်ဘူးကွ။ အင်္ဂလိပ်ခေတ်တုန်းက မစ္စတာမောရစ်ဆန်တို့ရုံးမှာ စားထိုးမှုတစ်ခုဖြစ်တယ်။ အဲဒီစားဒဏ်ရာနဲ့ပုဂ္ဂိုလ်ကို ဒေါက်တာဘသန်းခွဲစိတ်လိုက်တော့ ဟိုလူသေပါလေရော။ ဒီတော့ ကာယကံရှင်ဘက်က မကျေနပ်မှုတွေဖြစ်ပြီး တရားစွဲပါလေရော။ အဲဒီအမှုမှာ ငါကရှေ့နေလေ။ ဒေါက်တာဘသန်းကို တရားသူကြီးမေးခွန်း တစ်ခွန်းမေးတယ်။

"စားဒဏ်ရာရှင်ကို မခွဲစိတ်ခဲ့ရင် လူနာအသက် ဒီလောက်မြန်မြန်ထွက်မှာလား"

တရားသူကြီးကလည်း သူ့အလုပ်သူလုပ်တာပဲ။ ဒါပေမဲ့ သူ့မေးခွန်းက ဖွဲဘသန်း ရဲ့ပညာကို ထိပါးသလိုဖြစ်နေတော့ ဖွဲဘသန်းက ပြန်လျှောက်ထားပုံက သတ္တိအပြည့်၊ ယုံကြည်မှုအပြည့်ပဲ။ ရင်ကော့၊ လက်မထောင်ပြီး ပြန်လျှောက်ထားတာ။

"ငါ့စားသာ ဒီလူနာပေါ်မှာ မတင်ခဲ့ရင် ဒီလူနာသေသွားတာကြာပြီ။ ငါ့စားတင်လိုက်လို့ သေသွားတာမဟုတ်ဘူး" လို့ ထွက်ဆိုပြီး ရုံးတော်ပေါ်က နေ ဘောက်ဆတ်ဘောက်ဆတ်နဲ့ ဆင်းချသွားလိုက်တာ နောက်ကို လှည့်ကိုမကြည့်ဘူး အင်္ဂလိပ်တွေရုံးကြီးပေါ်မှာ ငုတ်တုတ်မေ့ကျန်ရစ်တာ"

ဒေါက်တာဘမော်ကလည်း ဆရာဦးဘသန်းကို သဘောကျတာတွေ ရှိထင်ပါရဲ့။ သူက အကြံတစ်ခုပေးတယ်လေ။

"ပင်စင်သွားပေမဲ့ EMERITUS PROFESSOR ခန့်ဖို့ကောင်းတယ်။ ဆေးတက္ကသိုလ်မှာ ပါမောက္ခနည်းနေလို့ ဒီတာဝန်ပေးသင့်ပါတယ်လို့ လူကြီးတွေဆီ စာရေးတင်" လို့ အကြံပေးတယ်။ ပြီးတော့ မစ္စတာရေကွယ်ဆီမှာ အဲဒီစာတင်ခဲ့။ ပြီးတော့ ဆက်လုပ်စရာတွေ သူစိတ်လက်ရှည်ရှည်ပြောပြ တယ်။ ဥက္ကဋ္ဌကိုမြက လက်မှတ်ထိုးပြီး ဒေါက်တာဘမော်ပြောတဲ့အတိုင်း တင်လိုက်တယ်။ ကျွန်တော်တို့ဝိုင်းပြီး တောင်းဆိုကြမယ်ဆိုတဲ့ အသံတွေလည်း ညံနေတာ အုပ်စိုးသူတွေ သိကြတယ်ထင်ပါရဲ့။ ပရော်ဖက်ဆာဦးဘသန်းကို ဆက်ပြီးတာဝန်ပေးတယ်။

ကျွန်တော် ညနေစောင်းရင် ကထိကတွေဆီသွားတယ်။ မနက်ဖြန်ကျောင်းမှာ ဘာအကြောင်းအရာ၊ ဘယ်အခန်းသင်မှာလဲဆရာ။ ဆရာ သင်ပေးမယ့် သင်ခန်းစာလေး ကျွန်တော့်ပေးထားပါ။ အတိုချုပ်လေးဖြစ်ဖြစ်၊ အကြမ်းဖျင်းလေးဖြစ်ဖြစ် ပေးပါဆရာ၊ ကြိုတင်ပြီး သွားမေးတယ်။ အဲဒီကရလာတာနဲ့ ပင်ရင်းပြဋ္ဌာန်းစာအုပ်ကြီးထဲမှာ ပါတာတွေကို အပင်ပန်းခံပြီး လက်နှိပ်စက်နဲ့ ရိုက်တယ်။ ပြီးတော့ စာကူးစက်နဲ့ လှည့်ပြီး အတန်းတူကျောင်းသားတွေကို ဝေတယ်။ ဝေထားတဲ့အထဲမှာ မပါလို့ အသစ်ဖြည့်ချင်စွက်ချင်ရင် ဖြည့်စွက်လို့ရအောင် နံဘေးမှာလည်း နေရာချန်တယ်။ ကွက်လပ်စက္ကူလွတ်မှာလည်း ရေးလို့ရအောင် စီစဉ်ထားတယ်။ တစ်ညလုံး အပင်ပန်းခံပြီး လုပ်ထားရတာ။ ကျွန်တော်လည်း စာတွေဖတ်ပြီး မှတ်ပြီးသားဖြစ်ကရော။ မနက်စောစောထပြီး ကျောင်းချိန်မီအောင်သွား၊ ဒီစာရွက်တွေဝေရတာ။ အိပ်ရေးတောင် မဝတာများတယ်။

ဆေးကျောင်းမှာ စာမေးပွဲသုံးခါကျရင် သရီးအက်ဖ်ထိပြီး ကျောင်းထွက်ရတယ်။ ဒီစနစ်ကြောင့် သူငယ်ချင်းတချို့လုံးပါးပါးပြီး ဟိုဘက်ကျောင်းကို သရီးအက်ဖ်နဲ့ပြောင်းကြရပြီ။ တကယ်တော့ သူတို့ဆွဲဆောင်လို့ သူတို့စည်းရုံးလို့ ကျွန်တော်ဆေးတက္ကသိုလ်လာတက်တာ။ အဲဒီသူတို့အထဲက တချို့သရီးအက်ဖ် ထိကုန်တယ်။ ဆေးတက္ကသိုလ်ဆိုတာ ကျက်စရာ၊ ဖတ်စရာရော လက်တွေ့ပညာပါသင်ရတဲ့ တက္ကသိုလ်။ ဒီတော့ သုံးခါကျထွက်စနစ် ပယ်ဖျက်ပေးဖို့ သုံးခါကျမဟုတ်ဘဲ ခြောက်ခါကျစနစ်ပြင်ပေးဖို့ ဝိုင်းတောင်းဆိုကြတယ်။ အစိုးရက ကျောင်းသားတွေအလိုကျ ပြောင်းပေးလိုက်တယ်။

ဒေါက်တာတင်သန်းမြင့် (အမေရိကန်မှာ ကွယ်လွန်) တို့ဆိုရင် သုံးခါကျကြောင့် ဆေးတက္ကသိုလ်ကထွက်လိုက်ရပြီးသား။ ကျောင်းသူကျောင်းသားတွေဝိုင်းပြီး တောင်းဆိုကြလို့ ဆေးတက္ကသိုလ်ပြန်တက်ခွင့်ရပြီး ဆရာဝန်တစ်

ယောက်ဖြစ်လာတာ။ ပါမောက္ခချုပ် ဒေါက်တာထင်အောင်နဲ့ ဒီကိစ္စဆွေးနွေးကြတာ။ အေးအေးချမ်းချမ်းပါပဲ။ ဆရာကြီးက ခွင့်ပြုခဲ့တယ်။

* * *

## ဝန်ကြီးချုပ်ဦးနုနဲ့ ဦးဟုတ်ဝမ်

မေမေက သူ့ရဲ့ရှည်လျားတဲ့ ဆံပင်တွေ၊ သန့်စွမ်းနက်မှောင်လို့ သိပ်ဂုဏ်ယူတယ်။ ပွဲလမ်းဆိုရင် ဘီးဆံပတ်ကြီး ပတ်လေ့ရှိတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကြည်ညိုသူလည်း ဖြစ်တယ်။ ဖေဖေက မေ့မေ့လောက်တော့ မကြည်ညိုဘူး။ ဖေဖေက စီးပွားရေးဘက် အားသန်တယ်။ ဒါပေမဲ့ ဘာသာသာသနာတော့ မပစ်ပယ်ဘူး။

သထုံဓမ္မမေဒနီကျောင်းမှာ အလှူအတန်းတွေ၊ စာပြန်ပွဲတွေဆိုရင် အမေက ကုသိုလ်ယူတယ်။ ကျောင်းရဲ့ဝေယျာဝစ္စတွေ သူနဲ့မကင်းဘူး။ အလှူအတန်းရက်ရောတယ်။

သထုံမြို့စာပြန်ပွဲတွေမှာ အသံချဲ့စက်က ထွက်ပေါ်လေ့ရှိတဲ့ အသံတစ်သံရှိတယ်။ "ဘုရားအမ၊ ကျောင်းအမ၊ ရဟန်းအမသားကိုးယောက်တို့ မိခင် ဒေါ်ကြင်သုန် တရားနာဖို့ကြွပါ"

ဒါအမေ့ကို ဗန်းတင်စန်းတင်တာ မဟုတ်ဘူး။ အဲဒီအချိန်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက အမေ့ကို အဲဒီလို ကင်ပွန်းတပ်လေ့ရှိလို့ နိဗ္ဗာန်ဆော်က ဦးနုကင်ပွန်းတပ်တဲ့အတိုင်း အော်ရတာ။ ဦးဟုတ်ဝမ်၊ ဒေါ်ကြင်သုန်တို့နဲ့ ဝန်ကြီးချုပ်ဦးနုနဲ့ ဘယ်လောက်ခင်မင်ရင်းနှီးကြတယ်ဆိုတာ နိဗ္ဗာန်ဆော်ရဲ့အသံမှာ ကြားရုံနဲ့သိနိုင်တယ်။

ဝန်ကြီးချုပ်ဦးနုက သထုံမြို့က စာပြန်ပွဲကို လာလေ့ရှိတယ်။ ဘာသာရေးအရလည်း ဟုတ်တယ်။ စည်းရုံးရေးအရလည်း ပါတယ်။ နဝတလက်ထက်မှာ သထုံမြို့ရဲ့လမ်းတချို့ကို မြို့နယ်စည်ပင်က ချဲ့တယ်။ အဲဒီအခါ မေမေတို့လှူဒါန်းထားတဲ့ ဘုန်းကြီးကျောင်း ကျောက်နံရံကြီးကို ဖျက်ပေးရတယ်။ ပြင်ချိန်တန်ပေမဲ့ ဆရာတော်က မကျေနပ်ရမယ့်သူကို မကျေနပ်လို့ နံရံကြီးကို မပြင်ဘဲပစ်ထားတယ်။ အာဏာပိုင်တွေက ကျောက်နံရံကြီးအစား နံရံတစ်ခုလုပ်ပေးမယ်။ အလှူငွေကောက်ပေးရမလားလို့လျှောက်တော့ ဆရာတော်က မလိုဘူး။ သူ့ဒကာဒါယိကာမရဲ့သားတွေ သက်ရှိထင်ရှားကြသေးတယ်။ သူတို့ပြင်မှ

ငါလက်ခံမယ်၊ သူတို့ကို ဦးစားပေးရမှာလို့ မိန့်တော်မူတယ်။

ကျွန်တော်က အဲဒီအချိန်မှာ မီးရထားဌာနမှာ ဆရာဝန်တာဝန်ယူနေချိန်ပေါ့။ ကျွန်တော့်မှာ စီးပွားရှာစားသူလည်းမဟုတ်။ ဝန်ထမ်းလစာလေး နှစ်ပဲခြောက်ပြားရတာ။ ဒီတံတိုင်းကို ပြင်ချင်လျက်နဲ့ မပြင်နိုင်ဘူး။ နောက်တော့မုခ်အဝင်ရဲ့တောင်ဘက်နှစ်ခန်း၊ မြောက်ဘက်နှစ်ခန်းလောက်ပဲ တတ်နိုင်တာဆိုတော့ ဆွေမျိုးလိုလည်းဖြစ်နေပြန်တော့ အမှန်အတိုင်းလျှောက်လိုက်တယ်။ ဒီတော့ ကျန်တဲ့ အခန်းတွေ ဒိပြင်ကုသိုလ်ရှင်တွေရကြတာ။

ဒါအမေတို့အဖေတို့ကုသိုလ်တွေကို သားတွေလက်ထက်မှာမီအောင်မလိုက်နိုင်တဲ့အကြောင်း ပြောလိုရင်းပါ။ ကာလလွဲချော်ပြီး ကျော်လွှားရေးတာကိုခွင့်လွှတ်ကြစေလိုပါတယ်။

ဝန်ကြီးချုပ်ဦးနုက ၁၉၅၇ ခုနှစ်မှာ ကျွန်တော့်ကိုခေါ်တွေ့တယ်။ ဝန်ကြီးချုပ်ရဲ့အိမ်တော်မှာ ခေါ်တွေ့တာပါ။ ကျွန်တော့်နာမည်က ဒက်ဒဝပ်တင်မကဘူးသိန်းလှိုင်ဖြစ်နေပြီ။

"လာကွာ မောင်သိန်းလှိုင် စောင့်နေရတာကြာပြီလား"

"ဟုတ်ကဲ့၊ မကြာသေးပါဘူး"

ဝန်ကြီးချုပ်က မအားဘူးထင်ပါရဲ့။ ပဋ္ဌိသန္ဓာရစကားတွေလည်း ပြောနေရမယ့်သူလည်း မဟုတ်ဘူး။ မိဘချင်းလည်း ရင်းနှီးလေတော့ ရောက်ရောက်ချင်းဆောက်နဲ့ထွင်းတယ်။

"မောင်သိန်းလှိုင်၊ ငါမင့်အကြောင်းတွေ ကြားနေရတယ်"

"ဟုတ်ကဲ့ခင်ဗျ၊ အမိန့်ရှိပါ"

"ဆေးတက္ကသိုလ်မှာ မင်းစည်းရုံးရေးသိပ်ကောင်းတာလည်း ငါသိတယ်"

"ဟုတ်... ဟုတ်... ဟုတ်"

"မင်းနိုင်ငံရေး မလုပ်ပါနဲ့လား။ စာပဲ ဖိဖိစီးစီး ကြိုးစား"

"ဘာ... ဘာပြုလို့လဲ ခင်ဗျာ"

"မင်း နိုင်ငံရေးမလုပ်ရင် မင့်အဖေကို ဖွဲနုဆီစက်လိုင်စင်ချပေးမယ်"

ကျွန်တော် တော်တော်လေးအံ့သြသွားတယ်။ ဗမာပြည်မှာ အဲဒီအချိန်ကဖွဲနုဆီစက်ဆိုတာ တစ်လုံးမှ မရှိသေးဘူး။ ဝန်ကြီးချုပ်စကားလုံးဆုံးတာနဲ့ကျွန်တော်ဖေဖေ့မျက်နှာကို အာရုံထဲမှာ ပြေးမြင်မိတယ်။

ကျွန်တော် နိုင်ငံရေးလုပ်နေတာ မဟုတ်ပါဘူး။ ကျောင်းသားအများပညာကောင်းကောင်းမွန်မွန် သင်ကြားနိုင်ဖို့ အလုပ်လုပ်နေတာပါ။ ယုံကြည်ချက်၊ဆောင်ရွက်တွေကို ဘာနဲ့အလဲအလှယ်မလုပ်နိုင်ပါဘူးလို့ ပြောခဲ့တယ်။

ဝန်ကြီးချုပ်ဦးနုက လူကြီးပီသတယ်။ ဘာမှပြန်မပြောဘူး။ ပြုံးကြည့်နေပြီး ခဏနေတော့ "မောင်သိန်းလှိုင်ပြန်တော့ စာကြိုးစားနော်" လို့ ပြောတယ်။ ကျွန်တော် ဝန်ကြီးချုပ်ကို နှုတ်ဆက်ခဲ့သလား။ နှုတ်မဆက်ခဲ့ဘူးလား။ မမှတ်မိတော့ဘူး။ နှုတ်မဆက်ခဲ့ဘူးထင်တယ်။ ခေါင်းငိုက်စိုက်ချမပြန်ခဲ့ဘူး။ ခေါင်းမော့ပြန်ခဲ့တယ်။

ကျွန်တော်တွေးထင်တဲ့အတိုင်းပဲ ဝန်ကြီးချုပ်ရဲ့ ကျားရွှေ့ကွက်က စင်တာကကျားကို အရင်ရွှေ့တာပါပဲ။

အဖေ့ဆီလာတယ်။

"ဦးဟုတ်ဝမ်ရဲ့သား မောင်သိန်းလှိုင် ဆေးတက္ကသိုလ်မှာ နိုင်ငံရေးတွေလုပ်နေတာ သိလား"

အဖေက

"ဟင့်အင်း မသိပါဘူး"

"နိုင်ငံရေးမလုပ်စေချင်ဘူး ဦးဟုတ်ဝမ်"

"ဟုတ်ကဲ့ ဝန်ကြီးချုပ်"

"နိုင်ငံရေးဆိုတာ အင်မတန် ရှုပ်တာနော်၊ ဦးဟုတ်ဝမ် သိပါတယ်"

အဖေက ဟုတ်ကဲ့ပဲ လိုက်မှာပါ။

"မောင်သိန်းလှိုင်အနေအထိုင် လိမ္မာရင် ကျွန်တော်က ဦးဟုတ်ဝမ်တို့ကို ဖွဲ့နှဆီစက်တစ်လုံး ချပေးမယ်လို့"

"မောင်သိန်းလှိုင်တော့ ဘယ်သူတွေနဲ့ပေါင်းသင်းမိလို့ ဒီလိုဖြစ်သွားရတယ်မသိဘူး။ ခက်တာပဲ"

"အရင်က ဒီကောင်စီးပွားရေးဝါသနာပါတယ်၊ ဖွဲ့နှဆီစက်သာ လိုင်စင်ကျရင် သူ့ဦးစီးခိုင်းမှာ" တွေတင်ရပ်ရင် ကောင်းတယ်။ ဒါပေမဲ့ အဖေက ဖွဲ့နှဆီစက်ရချင်ဇောနဲ့ "ကျွန်တော်မောင်သိန်းလှိုင်ကို နားချပေးမယ်" ဖြစ်ကရော။

ခါတိုင်းတော့ ကျွန်တော်ကျောင်းကပြန်လာရင် အရင်ဆုံးတွေ့ရလေ့ရှိသူ၊ ဆီးကြိုတတ်သူက မေမေပါ။ ဒီနေ့တော့ ဘယ်သူမှ ဆီးမကြိုကြဘူး။ အိမ်ကြီးတစ်အိမ်လုံးတိတ်လို့ဆိတ်လို့။ ကျွန်တော့်စိတ်ထဲမှာ ဒီတိတ်ဆိတ်မှုကြီးကို မနှစ်သက်ဘူး။ မှန်တိုင်းလာခါနီး ငြိမ်သက်နေတာနဲ့ ခပ်ဆင်ဆင်တူတယ်။

တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်တာကတော့ ကော်ဖီပန်းကန်တစ်လုံးကို အောက်ခံပန်းကန်ပြားပေါ် ချလိုက်တဲ့အသံပဲ။ အသံကအကျယ်ကြီးမဟုတ်ဘူး။ ပုံမှန်ကြားနေကြအသံ။ အသံတမင်မြည်အောင် ဆောင့်ချတာမျိုးမဟုတ်ဘူး။

ပန်းကန်လုံးနဲ့ ပန်းကန်ပြားနဲ့ ထိသံကြားလိုက်လို့ လှည့်ကြည့်လိုက်တော့ တယ်တယ်ဖြစ်နေတယ်။

တယ်တယ်က ပြုံးလည်းမပြုံးဘူး၊ မှိုင်လည်း မှိုင်မနေဘူး။ ခပ်တည်တည်ပဲ။ ကျွန်တော် ပြုံးပြလိုက်တယ်။ ကျွန်တော့်အပြုံးက အသက်သိပ်မပါဘူး။ အိမ်မှာကူဖော်လောင်ဖက်ချာတိတ်က ဒီနေ့အိမ်ကို ဝန်ကြီးချုပ်ဦးနုလာသွားတယ်လို့ ပြောစကားကြောင့် ကျွန်တော့်အပြုံးက အသက်မပါတာပါ။

အဖေက ကျွန်တော့်ကို သူတတ်စွမ်းသလောက်ကြိုးစားပြီး နိုင်ငံရေးမလုပ်ဖို့၊ ပညာရေးဖြင့် ပညာရေး၊ စီးပွားရေးဖြင့် စီးပွားရေးတစ်ခုခုဖြစ်မြောက်အောင်လုပ်ဖို့ ဖျောင်းဖျပြောဆိုနေတာပါ။ ဦးနုလာသွားတဲ့အကြောင်း တစ်ခွန်းမှ မပြောဘူး။

"ကျွန်တော်နိုင်ငံရေးကို ဘာမှနားမလည်ဘူး တယ်တယ်"

အဖေ့မျက်နှာ တစ်ချက်လှမ်းအကဲခတ်လိုက်တယ်။ အဖေ့မျက်နှာက အကဲခတ်ရခက်တယ်။ လေးနက်မှုတော့ရှိနေတယ်။ ဒါပေမဲ့ ကျွန်တော်ပြောတာကို ယုံကြည်ပုံမရဘူး။

"နားမလည်လို့လေ့လာရုံပဲ ရှိသေးတယ်"

တယ်တယ်ဆီက လည်ချောင်းရှင်းသံကြားလိုက်ရတယ်။ အကျယ်ကြီးမဟုတ်ဘူး။ တမင်တကာလုပ်ပြီးရှင်းတဲ့ လည်ချောင်းရှင်းသံလည်း မဟုတ်ဘူး။ တစ်ခုခုပြောချင်နေပုံရတယ်။

"ကျွန်တော်ကမှ ပြည့်စုံတဲ့မိသားစုက ဆင်းသက်လာလို့ ကျောင်းတက်ရတာ မကြောင့်မကြမတောင့်မတရပေမဲ့ မပြည့်စုံတဲ့ မိဘက ပေါက်ဖွားတဲ့ ကျောင်းသားတွေက အများဖြစ်နေတယ်။ အဲဒီကျောင်းသူကျောင်းသားတွေ အရေးကို ဘယ်သူမှ စိတ်မဝင်စားကြဘူးထင်တယ်"

အဖေ တံတွေးတစ်ချက် မျိုချလိုက်တယ်။

"လက်ရှိအစိုးရကို ပုန်ကန်တာတို့ တော်လှန်တာတို့လုပ်နေတာ မဟုတ်ပါဘူးဖေဖေ"

စိတ်လှုပ်ရှားမိတော့ ဖေဖေတွေရော၊ တယ်တယ်တွေရော ရောကုန်တယ်။

"မနက်က အိမ်ကို ဧည့်သည်လာတယ်။ လာတဲ့ဧည့်သည်က မိတ်ဆွေဟောင်းကြီး ဦးနုပဲ။ သူက ဝန်ကြီးချုပ်၊ အက်ဒဝပ် မင်းသိပါတယ်"

"ဟုတ်ကဲ့ ဖေဖေ သိပါတယ်"

"ဝန်ကြီးချုပ်က မင်းနိုင်ငံရေးလုပ်နေတယ်တဲ့၊ မင်းနိုင်ငံရေးမလုပ်ရင် ငါတို့ကို ဖွဲ့နဲ့ဆီစက်လိုင်စင်ချပေးမယ်တဲ့"

[Type here]

အဖေ့အသံက တက်ကြွသံပေါက်လာတယ်။

"ကိုင်း ဘယ်နှယ့်လုပ်ကြမလဲ အက်ဒီ"

အက်ဒဝပ်ခေါ်ရာက အက်ဒီဖြစ်သွားကတည်းက အဖေ ဝန်ကြီးချုပ်ဦးနု ရဲ့မက်လုံးကို လိုချင်နေမှန်းသိသာတယ်။ ကျွန်တော်လည်း စကားလုံးတွေ စိတ်ကူးနဲ့ရွေးတာပဲ။ ဒါပေမဲ့ ကျွန်တော့်စကားလုံးတွေက အဖေ့စိတ်ကို ထိခိုက်စေမှာလည်း စိုးရိမ်မိတယ်။

"တယ်တယ်ရယ် ကျွန်တော်တို့ စားရမဲ့၊ သောက်ရမဲ့ အခြေအနေ ရောက်နေကြပြီလား။ ဒီလိုအခြေအနေဆိုးမျိုး မဟုတ်သေးပါဘူးနော်"

တယ်တယ့်ကို တစ်ချက်လှမ်းအကဲခတ်လိုက်တယ်။

တယ်တယ့် ကျွန်တော့်စကားကို အာရုံစိုက်နားထောင်နေမှန်းသိသာတယ်။

"ဝန်ကြီးချုပ်ကို ကျွန်တော့်လုပ်ဆောင်ချက်တွေနဲ့ ဘာနဲ့မှအလဲအလှယ် မလုပ်နိုင်ဘူးလို့ ပြောခဲ့ပြီးပြီးထင်တယ်"

အဖေက ဟိုဘယ်ကို မျက်နှာလွှဲသွားတယ်။ ခုနက လမ်းလျှောက် နားထောင်နေရာက ရပ်ပြီး နားထောင်နေတယ်။

"တယ်တယ် သူများခွဲ့ကျွေးတိုင်းစားတာမကောင်းပါဘူး။ တစ်ခါစားမိလို့ စားတတ်သွားရင် နောက်ထပ်အခွဲ့ခံချင်နေဦးမှာ"

ကျွန်တော့်စကားလည်း ဆုံးရော အလွန်အံ့အားသင့်တဲ့မျက်နှာကြီးနဲ့ ကျွန်တော့်ဘက်ချာခနဲ လှည့်လာတယ်။ အံ့အားသင့်တဲ့မျက်နှာက နီရဲမသွားဘဲ ဝမ်းသာရိပ်၊ ပြုံးရိပ်သမ်းနေတယ်။ တယ်တယ် ပြုံးတုံ့တုံ့နဲ့ ခေါင်းညိတ်နေတယ်။

"ဟုတ်တယ် အက်ဒီ၊ မင်းပြောတာမှန်တယ်" လို့ပြောပြီး ကျွန်တော့်ဆီကို သူ့ညာဘက်လက်ဖဝါးလှမ်းကမ်းတယ်။ ပြီးတော့ ဟုတ်ဝမ်သားအဖ လက်ဆွဲနှုတ်ဆက်ကြတယ်။

စကားစစ်ပွဲ အကြိတ်အနယ်ပဲ နွဲကြရလိမ့်မယ်ထင်တာ။ အဖေ့ဆီက ဘယ်လိုတိုက်ကွက်နဲ့ စစ်ဆင်လာမလဲ ရင်တဖိုဖိုနဲ့ စောင့်မျှော်မိတာ။

"ကြင်သုန်ရေဟေ့… ကြင်သုန်လာဦးဟေ့"

အမေ့ဆီက ထူးသံနဲ့အတူ အမေလည်း မရှေးမနှောင်းရောက်လာတယ်။

"မင့်သားကို ငါမနိုင်တော့ဘူး။ လက်လျှော့လိုက်ပြီ၊ ဒီအကောင် နိုင်ငံရေး လုပ်ရင်လည်း အောင်မြင်မှာ။ ဖွဲ့နဆီစက်တော့ မမျှော်နဲ့တော့ဟေ့" တဲ့။

အစက အမေကလည်း အန်းကူအမေတို့ ဗမာပြည်ရဲ့ပထမဆုံးဖွဲ့နဆီစက် ထောင်ကြရအောင်နော်ဆိုတာမျိုး ပြင်ဆင်ထားပါလိမ့်မယ်။ ဒုတိယတိုက်ကွက်

အဖြစ် အဲဒီဖွဲ့နဲ့ဆီစက်ကို ငါ့သားက ဦးစီးရမှာဆိုတာမျိုးလည်း နောက်ဆက်တွဲ တိုက်ကွက်လာနိုင်သေးတယ်။ ခုတော့ အဖေနဲ့အမေတို့ လက်လျှော့သွားကြပြီ။ နှစ်ယောက်စလုံးဘယ်သူမှ ဝမ်းနည်းရိပ် မပြကြဘူး။ ကျွန်တော့်ကွယ်ရာမှာတော့ ဖြင့် မပြောနိုင်ဘူး။ ကွယ်ရာမှာလည်း ဝမ်းမနည်းကြလောက်ဘူး။

* * *

## နောက်ထပ် ကျားရွှေ့ကွက်

ဝန်ကြီးချုပ်ဦးနုက သူနဲ့မကင်းတဲ့ ကျောင်းသားအဖွဲ့အစည်းထဲကိုဝင်ဖို့ စည်းရုံးပြန်ရော။ မိတ္တဗလဋ္ဌိကာစာအုပ်ကို ဘာသာပြန်ခဲ့တဲ့ ဆရာကြီးဒီတစ်ခါ လည်း မအောင်မြင်ပြန်ဘူး။ မအောင်မြင်ပေမဲ့ တစ်နည်းထပ်ကြိုးစားသေးတယ်။ အဲဒါကတော့ တရုတ်ပြည်ကို သွားကြမယ့် လူငယ်အဖွဲ့ထဲလိုက်သွား ဖို့ ကျွန်တော့်ကို ထည့်လိုက်တာပါပဲ။ မြန်မာလူငယ်တွေ တရုတ်ပြည်ကိုသွားပြီး လေ့လာကြမယ့် လေ့လာရေးခရီး။

စေတနာသန့်သန့်နဲ့ မေတ္တာရှေ့ထားပြီး ဒီအဖွဲ့ကို ထည့်လိုက်တာတော့ မဟုတ်မှန်းနောက်တော့ သိလာရတယ်။ ဝန်ကြီးချုပ်က အာဏာရနေတဲ့ သူတို့ အဖွဲ့အတွက် အသုံးချလိုက်တာလေ။ ဝန်ကြီးချုပ်နေတဲ့အိမ်နဲ့ ကျွန်တော်တို့နေ ကြတာ အိမ်ချင်းလည်း သိပ်မှမဝေးကြတာ။ ဒီတော့ အိမ်ကိုလာပြီးပြောတယ်။

စိတ်ဝင်စားဖို့တော့ အကောင်းသား ဦးနုတို့အရေးခိုင်းတဲ့ အစီရင်ခံစာ တွေက…

၁။ ဗမာပြည်သည် ကွန်မြူနစ်နိုင်ငံ ဖြစ်သွားနိုင်ခြေရှိသလား။

၂။ ဗမာပြည်မှာနေကြသော ကွန်မြူနစ်များသည် စစ်မှန်သော ကွန်မြူနစ် များဖြစ်ကြပါသလော။

၃။ တရုတ်ပြည်မကြီးသည် ကွန်မြူနစ်နိုင်ငံဖြစ်သင့်သလား။

အဲဒီအချက်သုံးချက်ကို တရုတ်ပြည်က လေ့လာရေးခရီးအပြန်မှာ စာ တမ်း ပြုစုပြီးတင်ရမယ်တဲ့။

ဝန်ကြီးချုပ်ခင်ဗျား ကျွန်တော်ဟာ မြန်မာစာကို တော်တည့်မှန်ကန်အောင် ရေးသားတတ်သူမဟုတ်ပါဘူးဆိုတော့ ရှည်ရှည်ဝေးဝေးတွေ မရေးပါနဲ့ လိုရင်း ကို ခပ်တိုတိုရေးပေးရင်လည်း ဖြစ်တယ်တဲ့။

ကျွန်တော်က မြန်မာစာသာမက ဒီပြင်ဘာသာတွေမှာလည်း အမှန်

တကယ်အားနည်းသူဖြစ်ကြောင်းပါ ဖြည့်စွက်ပြောရသေးတယ်။ တော်တော်ကြာ မြန်မာလိုမရေးတတ်ရင် အင်္ဂလိပ်ရေးလို့ လာမှာလည်း စိုးတယ်။

ဒီအဖွဲ့ကို မြန်မာစာပါမောက္ခဦးလှရွှေ ခေါင်းဆောင်ရတယ်။ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုးကားလမ်းအတိုင်း တရုတ်ပြည်ကို သွားကြရတာ။ ကုန်းလမ်းခရီး၊ လေကြောင်းခရီးစဉ် မဟုတ်ဘူး။ အဲဒီတုန်းက မန်စီလမ်းကဖောက်နေတုန်းပဲ။ မပြီးသေးဘူး။ တင်းနစ်မှာ နာမည်ကျော်ခဲ့တဲ့ ဂျိုးဘမောင်၊ တက္ကသိုလ်ဘောလုံးအသင်းနည်းပြ၊ ဆရာငြိမ်းနဲ့ လက်ရွေးစင်ဘောလုံးသမား ကောလိပ်ဂျင်နေဝင်း၊ ဒီမိုကရက်တစ်ကျောင်းသားအဖွဲ့က ဝေလင်း၊ ကျောင်းသားတပ်ဦးက ကိုခင်မောင်အုန်းတို့ပါကြတယ်။ အဖွဲ့ဝင်တွေထဲမှာ ကျွန်တော်က အသက်ငယ်ဆုံး အဖွဲ့ဝင်ပေါ့။ ဝါအနုဆုံး။

တရုတ်ပြည်ရောက်တော့ ကြိုဆိုဧည့်ခံကြတဲ့ပုဂ္ဂိုလ်တွေက ဘယ်လိုစကားပြန်မျိုးလိုချင်သလဲလို့ မေးတော့ ကျွန်တော်က အင်္ဂလိပ်စကားပြောစကားပြန်လိုချင်တယ်လို့ ဖြေလိုက်တယ်။။

အဖွဲ့ဝင်အများစုက မြန်မာစကားပြောလိုချင်ကြတာ။ ကျွန်တော့်အဖြေကို သိပ်ဘဝင်မကျကြဘူး။ အဖွဲ့ဝင်တွေ မကျေနပ်မှန်းသိလို့ ဘာလို့အင်္ဂလိပ်စကားပြန်လိုချင်တယ်ဆိုတာကို သူတို့သဘောပေါက်အောင် ရှင်းပြနေတယ်။ ဒီတော့မှ ကျေလည်ကြတယ်။

စကားပြန်တဲ့ ပုဂ္ဂိုလ်နာမည်က “ဝေါဆူးရှင်” တဲ့။ အရပ်ကပုပု လူကကွတကွတနဲ့။ သူပြောတဲ့ အင်္ဂလိပ်စကား သိပ်မညံ့ဘူး။ သူခေါ်ရာ သူဦးဆောင်ရာနောက် လိုက်ကြရတာ။ တရုတ်တွေ ရေးဆွဲထားတဲ့ အစီအစဉ်က နားချိန်မရှိလောက် အောင်ကျပ်နေတယ်။ ပြချင် ရောက်စေချင်တဲ့နေရာတွေက များနေသကိုး။

ဒါကြောင့် အိမ်ရာက အစောကြီးထကြရတယ်။ မနက်စောစော တစ်ဝကျွေးတယ်။ စားလို့ကောင်းတယ်။ တစ်နေ့တစ်မျိုး မရိုးရအောင်စီစဉ်တယ်။ ဗမာပြည်မှာ စားကြတဲ့ တရုတ်စားအရသာတွေနဲ့ မတူဘူး။ ပေါ့ပေါ့။ ဆိမ့်ဆိမ့်အရသာတွေ။

ဦးရွှေမရက အမေရိကန်ပြည်ထောင်စုက မဟာသိပ္ပံဘွဲ့ယူပြီးပြန်လာခဲ့တာလေ။ ဒါကြောင့် သူမှာ ကင်မရာတစ်လုံးပါလာတယ်။ ဖလင်အလိပ်တွေ သူမယူခဲ့ဘူး။ မှတ်တမ်းတွေအများကြီးတင်နိုင်အောင် ဖလင်ကို အခွေလိုက်ကြီး ယူလာတာ။ အလင်းလုံတဲ့ အိတ်မည်းကြီးထဲမှာ ဖလင်ဘူးထဲဖလင်တွေထည့်ပြီး အသစ်အဟောင်းလဲလှယ်ရတာ။ ဦးရွှေမရက သူ့ကင်နွန်ကင်မရာကို ကျွန်တော့်ပေးထားတယ်။ မော်လမြိုင် စိန့်ပက်ထရစ်မှာကတည်း

က ကင်မရာနဲ့ရင်းနှီးခဲ့လေတော့ ဦးရွှေမရရဲ့ ကင်နွန်နဲ့ ကျွန်တော်နဲ့ သိပ်မစိမ်းဘူး။

"ညီလေး၊ အားမနာနဲ့ရိုက်၊ စိတ်ကြိုက်ရိုက်၊ ဖလင်တွေ အခွေလိုက်ပါတယ်" တဲ့။ ဦးရွှေမရ ကျွန်တော့်ကို အားကိုးပြီး မျက်နှာလွှဲထားတာ တခြားမဟုတ်ဘူး။ တရုတ်အစိုးရက ဓာတ်ပုံမရိုက်ရလို့ ကန့်သတ်တားမြစ်တဲ့နေရာတွေမှာ အာဏာပိုင်တွေ စကားပြန်တွေ မသိအောင်၊ မရိပ်မိအောင် ဓာတ်ပုံခိုးရိုက်ဖို့ ကျွန်တော့်ကို သူအားကိုးတာ။ ဒီလို ဓာတ်ပုံခိုးရိုက်နေတာကို ကျန်အဖွဲ့ဝင်တွေကလည်း မတားမြစ်ကြပါဘူး။ သူတို့ကတောင် ဟိုဟာလေး ရိုက်ပါလား။ ဒီဟာလေးဖြင့် ရိုက်ထားဖို့ကောင်းတယ်နဲ့ အကြံပေးကြ၊ ကူညီစိတ်ကူးပေးကြတယ်။ လေ့လာရေးအဖွဲ့ရဲ့အမှတ်တရဓာတ်ပုံတွေ၊ မှတ်တမ်းဓာတ်ပုံတွေ ကျွန်တော်ရိုက်ပေးရတယ်။ ဒါကြောင့် မှတ်တမ်းဓာတ်ပုံတော်တော် များများမှာ ကျွန်တော့်ဓာတ်ပုံမပါဘူး။

ဝမ်တိန်မှာကတည်းက တရုတ်အာဏာပိုင်တွေက မြန်မာလေ့လာရေးအဖွဲ့ကိုဆောင်ရန် ရှောင်ရန်တွေ ကြိုတင်ပြောထားတယ်။

အဲဒီအထဲမှာ အရေးကြီးတာ လေးခုရှိတယ်။

တံတားတွေကို ဓာတ်ပုံမရိုက်ရဘူး။

စစ်တပ်နဲ့စစ်သားတွေကိုဓာတ်ပုံရိုက်ခွင့်မရှိဘူး။

လုပ်အားပေးသူတွေကိုလည်း ဓာတ်ပုံမရိုက်ရဘူး။

ဌာနချုပ်ဆိုတာတွေကို ဓာတ်ပုံရိုက်ခွင့်မရှိဘူးတဲ့။

ခရီးတွေ အများကြီး လပေါင်းများစွာ သွားခဲ့ရတယ်။ မော်တော်ကားကို မုန်းလောက်အောင် စီးကြရတာ။ သီချင်းတွေဆိုတဲ့အခါ ဆိုကြ။ လေ့လာစရာတွေ နေရာတွေကြတော့ ဆင်းပြီးလေ့လာကြ၊ စကားပြန်နဲ့စကားတွေ ပြောနေကြတုန်းမှာ သူတို့အလစ်ကားရဲ့ နောက်ပိုင်းကနေ ဓာတ်ပုံလှမ်းရိုက်လိုက်၊ ရှားပါးတဲ့ ဓာတ်ပုံ၊ အဖိုးတန်မှတ်တမ်းဓာတ်ပုံ၊ ကမ္ဘာပေါ်မှာ ဘယ်စာနယ်ဇင်းသမားဆီမှာမှ မရှိမယ့်ဓာတ်ပုံမျိုး ကျွန်တော်ခိုးရိုက်ပေးလိုက်၊ ကိုယ့်ပီတိနဲ့ကိုယ် ပျော်ရွှင်ကြည်နူးလိုက်နဲ့၊ ပင်ပန်းလို့ ပင်ပန်းရမှန်းတောင်မှ မသိဘူး။

ကျွန်တော်တို့ဆန္ဒစောသွားကြတယ်။ ကိုယ်ကြိုးစားပြီး ခိုးရိုက်ထားတဲ့ ဖလင်ပုံရိပ်ကို သိပ်မြင်ချင်စိတ်ပေါ်မိတယ်။ ဒါကြောင့် ဖလင်ဆေးဖို့ အပ်လိုက်ကြတယ်။ ဖလင်ဆေးပြီးလို့ ပြန်လာတဲ့အခါရလာတဲ့ ဖလင်ခွေထဲမှာ တရားမဝင်ခိုးရိုက်ထားတဲ့ အကွက်ကောင်းတွေဟာ ပုံမပေါ်ကြဘူး။ လူကြီးမင်းရဲ့ ဖလင်အိတ်စပိရှာက ဘာဖြစ်နေလို့ညာဖြစ်နေလို့လို့ အကြောင်းပြပြီး အရေး

ကြီးတဲ့ပုံတွေပျက်ကုန်ကြတယ်။ ဝမ်းနည်းကြေကွဲစရာပဲ။

* * *

## ဖြေဆိုခဲ့ဖူးတဲ့ စာမေးပွဲအဆန်း

မြန်မာပြည်နဲ့နယ်စပ်ချင်းထိစပ်နေတဲ့ ယူနန်ပြည်နယ်က ဆေးကောလိပ်ကို လေ့လာကြဖို့ သူတို့အစီအစဉ်ထည့်ဆွဲထားကြတယ်။ ကံကောင်းတာလား၊ ကံဆိုးတာလား မသိဘူး။ အဲဒီဆေးကောလိပ်မှာ ကျင်းပနေတဲ့ စာမေးပွဲတစ်ခုနဲ့ သွားကြုံရတယ်။ သူတို့ရဲ့ စာမေးပွဲပုံစံက ကျွန်တော်တို့အဖို့ တကယ့်ကို အထူးအဆန်းကြီး။ စာမေးပွဲဖြေကြတဲ့ ဆေးကျောင်းသူဆေးကျောင်းသားတွေရဲ့ရှေ့မှာ ဆေးစာအုပ်တွေရှေ့ချပြီး ဖြေနေကြတာ။ တချို့က ကူးတောင်မှ ကူးနေကြသေးတယ်။ ပြောင်ကျကျပဲ။

ကျွန်တော်ကလည်း လူတစ်မျိုး။ စိတ်ထဲမှာ အူးယားသလိုလိုဖြစ်ပြီး သိချင်စိတ်မမျိုသိပ်နိုင်ဘဲ စကားပြန်ကိုမေးမိတယ်။ ကျွန်တော့်အယူအဆကို တင်ပြတဲ့သဘောလည်းပါတယ်။

"ဒီလိုစာအုပ်တွေဖွင့်ပြီးရှေ့မှာချထားတဲ့ အဖြေလွှာရှင်ရဲ့အောင်မြင်မှုဟာ တတ်မြောက်သူတစ်ယောက်လို့ သတ်မှတ်လို့မသင့်ဘူးထင်တယ်"

"ကျောင်းအုပ်ကြီးနဲ့ ပါမောက္ခတွေရဲ့ ခွင့်ပြုချက်နဲ့ ကိုးကားခွင့်ပေးတဲ့ စာမေးပွဲပါ" လို့ ပြန်ဖြေတယ်။

"ဩော်ဒီလိုလား ကျွန်တော်တို့ တိုင်းပြည်မှာတော့ ဒီလိုဖြေဆိုခွင့်မရှိဘူး။ စည်းကမ်းသိပ်တင်းကျပ်တယ်။ စာရွက်အပိုင်းအစလေးတောင် ကိုးကားကူးယူခွင့်မရှိဘူး။"

စကားပြန်နဲ့ဆရာတချို့က ဂရုစိုက်နားထောင်နေကြတယ်။ "မြန်မာပြည်သာဒီလိုသာဖြေခွင့်ရရင် ကျောင်းသားတွေ အကုန်စာမေးပွဲအောင်ကြမှာပဲ"

ယူနန်ဆေးကောလိပ်ရဲ့တာဝန်ရှိသူတစ်ယောက်က ကျွန်တော့်ကို

"စမ်းပြီး ဖြေကြည့်စေချင်တယ်" တဲ့

"ကောင်းသားပဲ ဖြေမယ်လေ"

ကျွန်တော်တို့ရဲ့အဖွဲ့ခေါင်းဆောင် ဆရာကြီးဦးလှရွှေရဲ့မျက်နှာတစ်မျိုးဖြစ်သွားတယ်။ ပြီးတော့ လူကြီးပီပီ သတိပေးတယ်။

"မောင်သိန်းလှိုင်ကြည့်လည်း လုပ်ဦးနော်"

"ရပါတယ်ဆရာ၊ ဒါပြည်နယ်တစ်ခုရဲ့ဆေးကောလိပ်ပဲဆရာရဲ့"

ကျွန်တော်က ဖြေမယ်။ အခုဖြေမယ်ဆိုတော့ ဆေးကျောင်းအုပ်ချုပ်သူတွေ အံ့သြသွားကြတယ်။

ပါမောက္ခဆရာမကြီးကို သွားခေါ်လာပြီး ကျွန်တော့်အကြောင်းပြောပြတယ်။ ဒီအမျိုးသမီးကြီးက ပါမောက္ခလည်း ဟုတ်သလို ကျောင်းအုပ်ဒင်းန် DEAN လည်း ဟုတ်တယ်။ ဟိုခေတ်ကတည်းက လန်ဒန်ကနေ MRCP ဘွဲ့ရထားတာတဲ့။ ဆရာမကြီးက အင်္ဂလိပ်ဘာသာစကားပြောတတ်ပေမဲ့ အင်္ဂလိပ်လိုတစ်ခွန်းမှ မပြောဘူး။ တရုတ်လိုပဲ ပြောတယ်။ စကားပြန်က သူ့ကို တရုတ်လို့ပြန်ပြောပေးရတယ်။

ခဏနေတော့ ကျွန်တော်ဖြေဆိုဖို့ အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့မေးခွန်းတစ်စုံလာပေးတယ်။ ပြီးတော့ ကျွန်တော့်ကို စာကြည့်တိုက်ရှိရာကို ခေါ်သွားကြတယ်။ သွားခါနီးဆရာဦးလှရွှေနဲ့အတူ အဖွဲ့ဝင်တွေကို လှည့်ကြည့်မိတယ်။ သူတို့အားလုံး ဒီလူငယ်ဟန်ကျပန်ကျမှဖြစ်ပါ့မလား။ ကိုယ့်လူ ဟုတ်မှလဲလုပ်နော်လို့ ပါးစပ်တွေက မပြောကြပေမဲ့ မျက်လုံးမျက်ခုံးတွေက ပြောနေကြသလိုပဲ။

စာကြည့်တိုက်က အခန်းကျယ်ကြီးလေ။ အင်္ဂလိပ်ဘာသာနဲ့ပုံနှိပ်ထားတဲ့ ဆေးပညာဆိုင်ရာ စာအုပ်တွေက ပြည်နယ်တစ်ခုရဲ့ ဆေးကောလိပ်နဲ့တောင် မလိုက်ဖက်သလိုပဲ။ အင်္ဂလိပ်ဘာသာအခန်းက လူအသုံးနည်းတယ်ထင်ပါရဲ့။ ဖုန်တချို့ရှိတယ်။ လေမှုတ်စက်တွေရောက်လာပြီ တဝေါဝေါတဂူးဂူးနဲ့ မှုတ်ပစ်၊ စုပ်ပစ်လိုက်တာ တစ်ခဏနဲ့ ဖုန်တွေ ပြောင်တလင်းခါသွားပါလေရော။ ဒီလိုသန့်ရှင်းပြီဆိုမှ ဖြေဖို့စာရွက်အလွတ်တွေနဲ့အတူ စားပွဲတင်နာရီတစ်လုံး လက်ထဲထည့်ပြီး စာမေးပွဲဖြေပွဲ စတင်ပါတော့တယ်။

သူတို့မေးခွန်းကို ဖတ်ကြည့်တော့ အခက်စားထဲက မဟုတ်ဘူး။

ပထမဆုံး ကျွန်တော်ပိုင်နိုင်တဲ့တစ်ပုဒ်ကို စတင်ဖြေတယ်။ ဒေါက်... ဒေါက်... ဒေါက်နဲ့ ချရေးလိုက်တာ သိပ်မကြာဘူး။ ဒုတိယတစ်ပုဒ်လည်း ကျွန်တော်အကျွံလက်ခေါက်ပြီး ချရေးလိုက်တာ ရှောရှောရှူရှူပြီးသွားတာပါပဲ။ ဖြေရင်း ဖြေရင်းနဲ့ မွေးဖွားနှုန်း၊ သေနှုန်းတွေနဲ့ဆိုင်တဲ့ စာရင်းပညာမေးခွန်းတွေရောက်တော့ ရာသီဥတုအေးစိမ့်စိမ့်ပေမဲ့ ကျွန်တော့်နဖူးမှာ ချွေးစို့စပြုလာပြီ။ ကျွန်တော်မဖြေတတ် မရေးတတ်ဖြစ်နေပြီ။ အဲဒီအချိန်မှာ မြည်နေတဲ့စားပွဲတင်နာရီရဲ့ တစ်စက္ကန့်ချင်းရွေ့သံက ကျွန်တော့်ကို လှောင်ပြောင်နေသလိုပဲ။ နံရံစာအုပ်စင်တွေမှာ ကိုးကားလို့ရမယ့်စာအုပ်တွေလိုက်ရှာတယ်။

စာရင်းအင်းဆိုင်ရာတွေပါမယ်ထင်တဲ့ စာအုပ်တစ်အုပ်ယူပြီး လှန်တော့

မဟုတ်ပြန်ဘူး။ ဒါနဲ့ နောက်ထပ်ပါလောက်မယ့် စာအုပ်တွေလျှောက်ရှာကြည့်တယ်။ စာအုပ်တွေက ထောင်ထားတာမို့ စာအုပ်အနှောင့်တွေဖတ်ရတာ ဇက်ကိုစောင်းနေပြီ။ စာရင်းအင်းပါမယ်ထင်လို့ ဖွင့်ကြည့်။ ဟင့်အင်းချည်းပဲ။

နောက်တော့ ခပ်လှမ်းလှမ်းမှာ ထောင်ထားတဲ့လှေကားယူပြီး စာအုပ်စင်အထက်ပိုင်းကစာအုပ်တွေ လိုက်ရှာတယ်။ လှေလာရေးခရီးစဉ်မို့ ဘောင်းဘီရှည်ဝတ်ထားလို့သာပေါ့။ ပုဆိုးသာဝတ်လာခဲ့ရင် ခါးတောင်းကျိုက်ရမယ့်အခြေအနေ။

ပြည်သူ့ကျန်းမာရေးဆိုင်ရာ စာအုပ်တွေ လျှောက်လှန်တော့လည်း မတွေ့ဘူး။ နှုတ်ခမ်းအထက်က ပါးစပ်ဖျားရောက်လာတယ်။ ကျွန်တော့်ဖြေပုံဖြေနည်း၊ ကျွန်တော့်လုပ်ရပ်ကို သူတို့ကြည့်နေကြတယ်။ ခဏနေတော့ နာရီစေ့သွားလို့ ခေါင်းလောင်းမြည်သံပေါ်လာတယ်။ နားကြားပြင်းကပ်စရာ အသံဆိုးကြီးပေါ့။ ကျွန်တော့်နှစ်ပုဒ်တည်းသော အဖြေစာရွက်ကိုလာသိမ်းသွားတယ်။ ဒီစာကြည့်တိုက်ထဲတင်အဖြေလွှာကို စစ်ရင် မလေးနက်မှာစိုးလို့ထင်ပါရဲ့ ပါမောက္ခဆရာမကြီးဆီပို့လိုက်ကြတယ်။

မကြာပါဘူး။ အဖြေထွက်လာတယ်။ ကျွန်တော်နှစ်မှတ်ပဲရတယ်။ စာမေးပွဲမအောင်ဘူး။ ဒါပေမဲ့ ဖြေခဲ့တဲ့ နှစ်ပုဒ်ကတော့ အကုန်မှန်လို့ အမှတ်ပြည့်ရတယ်။ မရှေးမနှောင်းပဲ သူတို့ကျောင်းတံဆိပ်ပါတဲ့ စာရွက်တစ်ရွက်ထပ်ပေးတယ်။

ဒီကျောင်းသားရဲ့အရည်အချင်းက ယူနန်ပြည်နယ်ဆေးကောလိပ်ကို တက်ရောက်ပညာသင်ကြားလိုပါက အရည်အချင်းပြည့်မီတဲ့အတွက် ဆေးကောလိပ်မှာ ပညာသင်ယူခွင့်ပြုတယ်ဆိုတဲ့ ပညာတော်သင်ခွင့်လက်မှတ်ချီးမြှင့်လိုက်တယ်။

ကျွန်တော်ထင်တာကတော့ သူတို့ကျွန်တော့်ရဲ့သတ္တိကို သဘောကျလို့အခုလို ပညာတော်သင်ခွင့်လက်မှတ် ပေးတာထင်တာပဲ။

အဖွဲ့ခေါင်းဆောင်ဆရာကြီးဦးလှရွှေကို ကျွန်တော်ရခဲ့တဲ့ ပညာတော်သင်လက်မှတ်ကိုပြရင်း..။

"ဆရာက စိတ်ပူနေတာ၊ ဒီမှာတွေ့လား၊ ဆရာ့တပည့်မညံ့ပါဘူး"

"မောင်သိန်းလှိုင်၊ ဆရာနားမလည်လို့၊ မင်းစာမေးပွဲအောင်ရောအောင်ခဲ့လား"

"မအောင်ခဲ့ဘူးဆရာ၊ ကျတယ်"

ပညာတော်သင်ခွင့်လက်မှတ်ကို ကျွန်တော့်ပြန်ပေးရင်း ဆရာဦးလှရွှေက ဒီလိုမှတ်ချက်ချတယ်။

"မင်းဥစ္စာကကွာ၊ ဟိုက နှစ်နိုင်ငံချစ်ကြည်ရေးရှေးရှုပြီး သံခင်းတမန်ခင်း အရ အားနာပါးနာပေးလိုက်ထင်ပါရဲ့ကွာ" တဲ့။

ကျွန်တော့်ကို ဖဲကြိုးချီထားတဲ့ စာအိတ်ကောင်းလေးတစ်အိတ်လည်း သီးသန့်ပေးလိုက်သေးတယ်။

"ဝမ်းသာပါတယ်၊ ကျေးဇူးတင်ပါတယ်၊ ဟိုတယ်ကြတော့ ဖွင့်ကြည့်ပါ့မယ်" လို့ပြောတော့ ဆရာမကြီးက

"ဖွင့်ပါ၊ အခုပဲဖွင့်ကြည့်လိုက်ပါ" ဆိုလို့ဖွင့်လိုက်တော့ သူ့လက်ရေးနဲ့ ရေးပေးလိုက်တဲ့ စာကြောင်းနှစ်ကြောင်းတွေ့ရတယ်။

Try not to know the law.

Try how and where to find it.

"ဥပဒေကို သိဖို့မကြိုးစားပါနဲ့"

"ဥပဒေကို ဘယ်လိုနဲ့ ဘယ်နေရာမှာရှာတွေ့မလဲဆိုတာကို ကြိုးစားပါ တဲ့"

တရုတ်ပြည်လေ့လာရေးခရီးမှာ ဟိုတယ်တွေချည်းတည်းခဲ့ကြတာ မဟုတ်ဘူး။ သူတို့စီစဉ်တဲ့နေရာတွေကနေ အိမ်ရှင်တွေမသိအောင် တစ်ယောက်ကို တစ်ယောက်ထမ်း၊ နံရံပေါ်တက်၊ နံရံပေါ်ကနေ နောက်တစ်ယောက်ကို ပုဆိုးကွင်းဆွဲပြီး အောက်ချပေး။ ဒီနည်းနဲ့စကားပြန်တွေမပါဘဲ တရုတ်ပြည်သူတွေရဲ့ဘဝကို လေ့လာကြသေးတယ်။ ကလေးတစ်ယောက်လည်း ဗမာပြည်ကို လိုက်ချင်တယ်ဆိုလို့ ခေါ်လာခဲ့ကြတာ။ ဝမ်တိန်မှာ ဆက်ခေါ်သွားလို့မရတာနဲ့ ထားခဲ့ရတယ်။ အချင်းချင်းပြောကြ နောက်ကြတာတော့ ကလေးကို ခိုးလာတာလို့ ပြောကြဆိုကြတယ်။

ရပ်ရှင်မင်းသားကို ကိုထွန်းဝေက အမျိုးတွေအတွက် လက်ဆောင်အဖြစ် ပါးလိုက်တဲ့ ဝက်ဆီခြောက်ပုံးလည်း ဂရုစိုက်ပြီး သယ်သွားကြတာ၊ ဟိုရောက်တော့ သူပြောလိုက်တဲ့ အသံလွှင့်ဌာနသွားရှာတာမတွေ့ခဲ့ဘူး။ စုံစမ်းလို့လည်း မရဘူး။ သူပါးတဲ့ လက်ဆောင်ထဲမှာ ဝက်ဆီတင်မကဘူး။ ဝမ်းဘဲတံဆိပ် ဖိနပ်တွေလည်းပါတယ်။ နောက်ဆုံးတော့ ကံတရားစီရင်တဲ့အတိုင်းပဲ သူရေးပေးလိုက်တဲ့ လိပ်စာအတိုင်း ကာယကံရှင်တွေဆီ "ကျေးဇူးပြုပြီးပို့ပေးပါ" လုပ်ခဲ့ရတယ်။ ပြန်လာတော့ ကိုထွန်းဝေကို အကြောင်းစုံပြန်ရှင်းပြရတယ်။

ကျွန်တော်တို့ဆီ ဆိုင်းဘုတ်တွေ အစိမ်းရောင်တွေပေါ်မှာ အဖြူရောင်စာလုံးတွေနဲ့ဖြစ်နေရတာ၊ အမှိုက်သိမ်းတဲ့ကားတွေလာရင် ခေါင်းလောင်းတီးပြီး နှိုးဆော်ကြတာ၊ ဒါတွေဟာ တရုတ်ပြည်က အတုယူထားတာ။

မြန်မာပြည်ပြန်ရောက်တော့ ပရော်ဖက်ဆာဦးဘသန်းကို တရုတ်ပြည်က ဆေးကောလိပ်ရဲ့စာမေးပွဲမှာ စာအုပ်ကိုးကားပြီး စာမေးပွဲဖြေကြရတဲ့အကြောင်း ပြောပြတော့ ဆရာကြီးက ရှုံးစိုက်ပြီး နားထောင်တယ်။ သူမန္တလေးဆေးတက္က သိုလ်မှာ ပါမောက္ခချုပ်တာဝန်ယူစဉ်မှာ ဒီလိုစာမေးပွဲစနစ် တစ်နှစ်စမ်းသပ်ကြည့် တယ်။

ခွဲစိတ်ပါမောက္ခ ဆရာဦးအောင်ညွှန့်နဲ့ ဒီကိစ္စအကြိတ်အနယ် ငြင်းခုံ ဆွေးနွေးကြတာပေါ့။ အမှတ်ပေးစနစ်က ငါးမှတ်ရမှ အောင်မယ်။ ဒသမဂဏန်း တွေနဲ့ အမှတ်ပေးကြရမှာကို ဒီကဆရာတွေ မရင်းနှီးကြ၊ နားမလည်ကြ၊ အမှတ် မပေးတတ်ကြဘူး။ ဒီပွဲအတွေ့အကြုံကို တင်သန်းမြင့် (အမေရိကန်မှာ ကွယ် လွန်) တို့ရလိုက်ဖူးတယ်။ တကယ်လို့သာ အောင်မြင်ခဲ့ရင် ဒီနေ့ဆေးတက္ကသိုလ် စာမေးပွဲတွေဟာ တစ်မျိုးတစ်ဖုံဖြစ်လိမ့်မယ်။

* * *

## ခွေးဖြစ်ဖူးပုံ

ဆေးတက္ကသိုလ်က စာမေးပွဲအောင်ဆရာဝန်ဖြစ်ကြတာ ကျွန်တော်တို့ နဲ့အတူ (၁၈၅) ယောက်ရှိတယ်။ အဲဒီ (၁၈၅) ယောက်သော ဆရာဝန်တွေကို နိုင်ငံတော်အစိုးရက ဘယ်လိုများသဘောထားတယ်မသိဘူး။ တချို့ကို ဆရာဝန် လစာပေးတယ်။ ၂၀ဝိ/ ရတယ်။ Token of Appreciation အနေနဲ့ပေးတာ။ လစာရင်းမဟုတ်ဘူး။ ရန်ကုန်ဆေးရုံကြီးရဲ့ ဘဏ္ဍာငွေထဲက ပိုက်ဆံတချို့က ဘိုးနပ်စ် Bonus သဘောမျိုးပေးတာ။ ကျွန်တော်လည်း အဲဒီ (၂၀၅) ကျပ် ခံစားခွင့်ရတယ်။ ကိုတိတ်ဝမ်လည်း ရတယ်။ စာမေးပွဲအောင်ဖို့အပင်ပန်းခံပြီး စာကြိုးစားခဲ့ကြတာချင်းအတူတူ တချို့လူရကြပြီး တချို့လူမရတာမျိုးကတော့ မဖြစ်သင့်မဖြစ်ထိုက်တာ အမှန်ပဲ။

အဲဒီလို မညီမမျှတွေဖြစ်ပြီး အချင်းချင်းစိတ်ဝမ်းတွေကွဲကြမလိုလို ဖြစ်လာ ချိန်မှာ မကျေနပ်သံတွေ ညံလာတယ်။

"ဟေ့ကောင် အက်ဒဝပ်"

"ခင်ဗျာ"

"မင်းက သူဌေးသား၊ ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်တဲ့ကောင်"

"ဟုတ်ပါတယ်"

"မင်းကြတော့ ထောက်ပံ့ကြေးပိုက်ဆံရတယ်၊ ငါတို့ကြ မရဘူး"

"အဲဒီတော့"

"ငါတို့ဘယ်လုပ်မရမလဲ"

"ကိုယ့်ဘဝကိုယ်လှမ်းကြပေါ့သူငယ်ချင်းတို့ရာ"

သူတို့မျက်နှာတွေ မည်းသွားကြတယ်။ ကျွန်တော်က ဆက်ပြီး

"ကိုယ့်ပခုံးပေါ်ကျတဲ့ဝန်ချင်း ကိုယ့်ဘာသာထမ်းကြကွာ၊ မင်းတို့ ဟိုးတုန်းက တစ်ခါမဲထည့်ဖူးတာနဲ့ အခုထက်ထိမင်းတို့အတွက် လုပ်ပေးနေရမှာလား။

ဒီလိုပြောတာလည်းမရဘူး အက်ဒဝပ်သိန်းလှိုင် မင်းကြံစမ်း။ ကူညီဦးဟော့ကောင့်ချည်းပဲ။ အခုထက်ထိ မင်းတို့အတွက် လုပ်ပေးနေရမှာလား။

ကဲကွာ၊ ငါတို့တစ်တွေ အားလုံးပါဝင်ဆွေးနွေးကြမယ်၊ အလုပ်သင်ဆရာဝန်တွေအားလုံးကို စုကြပေါ့လို့ ဖြစ်ကြရော။ လူတွေစုံကြတဲ့အခါ Young Doctors Association ဆိုတာ ဗမာပြည်လုံးဆိုင်ရာ ဆရာဝန်ငယ်များအသင်းရယ်လို့ ဖွဲ့ကြတယ်။ အသင်းတံဆိပ်မှာ မြွေနှစ်ကောင်ပါတဲ့ တံဆိပ်နဲ့။ အဲဒီအသင်းအစည်းအဝေးမှာ ကျွန်တော်အဆိုတစ်ခုတင်တယ်။ အခုလစာရမယ့် ဆရာဝန်ငယ် (၈၅) ယောက်ရဲ့လစာတွေကို ကျွန်တော်တစ်ယောက်တည်း တာဝန်ခံထုတ်ယူမယ်။ ပြီးရင် စာမေးပွဲအောင်ဖော်အောင်ဘက် (၁၈၅) ယောက်ကို အညီအမျှခွဲဝေယူကြမယ်။ ဘယ်လိုသဘောရကြသလဲ။

သူငယ်ချင်းတွေက ဒီအဆိုကို လက်မခံကြဘူး။ ကွန်မြူနစ်စနစ်အလိုမရှိဘူးလို့ အော်တာခံခဲ့ရတယ်။

ဝိုင်ဒီအေဖွဲ့တော့ ဥက္ကဋ္ဌလုပ်ချင်တဲ့သူ မရှိဘူး။ သိန်းလှိုင် မင်းပဲ ဥက္ကဋ္ဌလုပ်လိုက်တဲ့။ နောက်ဆုံးတော့ ဒီအက်စ်အိုက ခင်မောင်ကြွယ်ကို ဥက္ကဋ္ဌလုပ်ဖို့ အဆိုပြုပါတယ်လို့ အဆိုတင်သွင်းရာကနေ ဒေါက်တာဝင်းရွှင်က ပြန်ကြားရေး၊ ဒေါက်တာဆတ်ထွားက ဘဏ္ဍာရေး၊ ဒေါက်တာခင်မောင်ကြွယ်က ဥက္ကဋ္ဌ၊ သိန်းလှိုင် ကျွန်တော်က အတွင်းရေးမှူးပါဝင်တဲ့ ဆရာဝန် (၇) ဦးပါအဖွဲ့ဖွဲ့လိုက်ကြတယ်။

ကန့်ကွက်မယ့်သူမရှိရင် ဒီအဖွဲ့အတည်ပြုမယ်။ ဒီလိုနဲ့ကန့်ကွက်မယ့်သူမရှိအတည်ဖြစ်သွားတယ်။ ကဲသဘောတူလိုက်ပြီ။ အဖွဲ့ဝင် (၇) ယောက်က ဘဏ္ဍာရေးမှူးကို ပိုက်ဆံ (၅) ကျပ်စီပေးကြ၊ အသင်းတံဆိပ်တုံးလုပ်ရမယ်၊ စာရွက်စာတမ်းဖိုး ကုန်စရာ၊ ဖယောင်းစက္ကူငွေဝယ်ဖို့ ရှိတယ်လို့ ကျွန်တော်က တင်ပြတော့ ကျန်တဲ့ခြောက်ယောက်တိုင်ပင်ထားကြသလိုပဲ။

"မင်းပဲစိုက်ထားလိုက်" တဲ့။ အဲဒီလိုရဲဘော်ရဲဘက်တွေပါ။ ဒီကိစ္စအတွက်

ကျွန်တော်တို့ဝန်ကြီးချုပ်ဦးနုကို သွားပြီး ဆွေးနွေးသင့်တယ်လို့ ကျွန်တော်က တင်ပြတော့ အားလုံးက သဘောတူကြတယ်။

ဝန်ကြီးချုပ်ကို သွားတွေ့ကြတယ်။ ဝင်ဒါမီယာဂိတ်မှာ တာဝန်ကျတဲ့ ရဲတစ်ယောက်ကို "ကျွန်တော်ဒေါက်တာသိန်းလှိုင်ပါ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ဆရာဝန်ငယ်များအသင်းရဲ့ အတွင်းရေးမှူးပါ။ ဝန်ကြီးချုပ်ဦးနုနဲ့ ခဏတွေ့ချင်ပါတယ်"

တာဝန်ကျရဲက "ဟုတ်ကဲ့၊ ခဏစောင့်ပါ" လို့ပြောပြီး ကင်းရုံထဲကနေ တယ်လီဖုန်းလှည့်သံ တစ်ဂီးဂီးတစ်ဂစ်ဂစ်တွေ ထွက်လာတယ်။

"ဝန်ကြီးချုပ်၊ ဗမာနိုင်ငံလုံးဆိုင်ရာ ဆရာဝန်ငယ်များအသင်းက အတွင်းရေးမှူးဒေါက်တာသိန်းလှိုင်က ခေတ္တတွေ့ပါရစေလို့ လာပြောနေတယ်" သူ့အသံကို အတိုင်းသားကြားနေရတယ်။ ကျွန်တော်ပြောတဲ့အတိုင်း ပြောနေတယ်။ တစ်ဖက်က ဘယ်သူနားထောင်သလဲ မသိဘူး။ ဘာပြန်ပြောသလဲ မကြားရဘူး။ ဒါပေမဲ့ တံခါးဖွင့်ပေးလိုက်လို့ ပြောတယ်ထင်ပါရဲ့။ ကားကလေးမောင်းပြီး ဝင်သွားလိုက်တယ်။

ဝန်ကြီးချုပ်က အိမ်မှာနေတာကိုပဲ ဝတ်ပုံစားပုံက ဖြူဖြူစင်စင် သန့်သန့်ပြန့်ပြန့်ကျွန်တော်လာလို့ ခုလို ကောက်ကာငင်ကာ အဝတ်အစားသပ်သပ်ရပ်ရပ်ဝတ်လိုက်တာ မဟုတ်တာသေချာတယ်။ ၁၉၆၀ ခုဆီကဆိုတော့ ပထစခေတ်ပေါ့။

"ဝန်ကြီးချုပ် ကျွန်တော်တစ်ခု တင်ပြပါရစေ"

"ဆိုပါဦး ဘာကိစ္စများလဲ"

"ကျွန်တော်အလုပ်သင်ဆရာဝန် ဖြစ်နေပါပြီခင်ဗျာ"

"အေးကောင်းတာပေါ့၊ မင့်မိဘတွေရော နေကောင်းကြရဲ့လား"

"ဟုတ်ကဲ့ နေကောင်းကြပါတယ်၊ ဒီလိုပါ အလုပ်သင်ဆရာဝန် (၁၈၅) ယောက်မှာ (၈၅) ယောက်ပဲ ပိုက်ဆံရကြတယ်။ ကျန်တဲ့ ဆရာဝန်အယောက် (၁၀၀) က ပိုက်ဆံမရကြဘူး။ အဲဒီအယောက် (၁၀၀) လစာရဖို့ ဝန်ကြီးချုပ်ကို လာပြောတာပါ။

"ဩော်..."

"ကျွန်တော်တို့ကို သူတို့လစာရရှိရေးအတွက် တောင်းဆိုတိုက်ပွဲဝင်ပေးဖို့ ဝိုင်းပြောနေကြလို့ ဝန်ကြီးချုပ်ကို ကြိုတင်ပြီး ချဉ်းကပ်ကြည့်တာပါ"

မိတ္တိဗလဋ္ဌီကာကို ဘာသာပြန်ခဲ့တဲ့သူလေ၊ ဝန်ကြီးချုပ်က သိပ်ပရိယာယ်ကြွယ်တယ်။

"မောင်သိန်းလှိုင်မင်းကို တရုတ်ပြည်လေ့လာခရီးစဉ်ထည့်လိုက်တာ မှတ်မိတယ်နော်" တဲ့။ သူ့ရဲ့စကားက အဓိပ္ပာယ်တွေအများကြီး၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်တဲ့ဓားလား မသိဘူး။ စကားသည် ဓားတဲ့။

"အခုဟာက ဖဆပလအစိုးရမဟုတ်ဘူး မောင်သိန်းလှိုင်၊ ဗိုလ်နဲ့ သခင်တို့ ပေါင်းစုတဲ့ ပထစအစိုးရလေ"

"ဟုတ်ကဲ့ခင်ဗျာ"

"မင်းတို့ငြိမ်ငြိမ်လေးနေကြဦး၊ ငါတို့ လွှတ်တော်မခေါ်ရသေးဘူး"

ဦးနုက သူ့စကားကို ခေတ္တရပ်လိုက်လို့ သူ့မျက်နှာကိုမော့ကြည့်လိုက်တော့ ဘယ်တုန်းကတည်းက ကျွန်တော့်ကို ကြည့်နေမှန်းမသိတဲ့ သူ့မျက်လုံးနဲ့ ပက်ပင်းဆုံမိတယ်။ စိတ်ထဲမှာလည်း အမျိုးအမည်မဖော်ပြတတ်တဲ့ ခံစားမှုတစ်ခုဖြစ်သွားတယ်။ ခေတ္တတော့ မှင်တက်မိသွားတယ်။

"မင်းတို့ဘာမှမလုပ်နဲ့ဦးနော်၊ ငြိမ်ငြိမ်လေးနေကြဦး။ ဝန်ကြီးချုပ်ဒီစကားချည်း ထပ်ကာထပ်ကာပြောနေတာ ကြားနေပေမဲ့ ရဲဘော်ဆရာဝန်တွေရဲ့မျက်နှာတွေ ပြေးမြင်မိတယ်။ ကျွန်တော်ခေါင်းလည်း မညိတ်။ ဟုတ်ကဲ့လို့လည်း တစ်ခွန်းမှမပြောဘဲ ပေထိုင်နေတယ်။ ဝန်ကြီးချုပ်ကဖြစ်နေတဲ့ ကျွန်တော့်စိတ်အခြေအနေကို ထွင်းဖောက်သိနေလေရော့သလား။

"ငါမောင်သိန်းလှိုင်ကို လေးစားတယ်။ မင်းက ပြောပြီးရင်ဖြစ်အောင်လုပ်တတ်တဲ့လူမျိုး"

သူ့စကားလည်းဆုံးရော ကျွန်တော်ကြိုတင်စဉ်းစားထားတွေရော မစဉ်းစားတာတွေပါ ဝန်ကြီးချုပ်ကို ပြောလိုက်တယ်။

"ဝန်ကြီးချုပ် ကျွန်တော်ပြောပြမယ် တဆိတ်လောက် သည်းခံနားထောင်ပါ။ နားထောင်ပြီး ကျွန်တော်ပြောပြတာတွေဖြစ်နိုင်၏။ မဖြစ်နိုင်၏ ပြောရုံပါပဲ"

"ကဲပြောကွာ"

"နံပတ်တစ်။ လစာ (၂၀၅) ကျပ်နဲ့ ဆရာနဲ့ဆရာဝန်သစ် (၁၈၅) ယောက်နဲ့ မြှောက်လို့ရတဲ့ ရလဒ်က တိုင်းပြည်တစ်ပြည်အနေနဲ့ ဘာမှမပြောပလောက်ပါဘူး။ ကျွန်တော်တို့တိုင်းပြည် ဒီလောက်တောင်ဆင်းရဲကျပ်တည်းတဲ့အခြေအနေကို မရောက်သေးပါဘူး။ ဒီတော့ ကျန်တဲ့ဆရာဝန်သစ်လွှင်အယောက် (၁၀၀) ကို လစာပေးလိုက်ပါ"

"ငါဝန်ကြီးချုပ်ပေမဲ့ ဒီကိစ္စက ဝန်ကြီးချုပ်တစ်ယောက်တည်း ဆုံးဖြတ်ပေးပိုင်ခွင့်မရှိဘူး မောင်သိန်းလှိုင်။ ဒါမျိုးကြတော့ လွှတ်တော်ကိုတင်ပြရတာ။ လွှတ်တော်က ဆုံးဖြတ်အတည်ပြုပြီးမှဖြစ်တာမျိုး။ ကဲ လွှတ်တော်တင်ရမယ့်ကိစ္စ

ငါစီစဉ်တင်ပေးမယ်”

“ဟာ ဝန်ကြီးချုပ်ရဲ့လွှတ်တော်က အဝေးကြီးလိုသေးတယ်။ ဟိုမှာ ဆရာဝန်သစ်လွင်အယောက် (၁၀၀) အရေးက ကျပ်နေပြီ။ ဒါမှမဟုတ်ရင်”

အဲဒီဒါမှမဟုတ်ရင် ဆိုတာဘာမှန်းမသိသေးပေမဲ့ ကျွန်တော်ပြောမယ့် ဒါမှမဟုတ်ရင်ရဲ့နောက်ဆက်တွဲကို ဝန်ကြီးချုပ် စိတ်ဝင်စားမှန်း အကဲခတ်မိတယ်။

“နံပါတ်နှစ်၊ ဆရာဝန်တွေသင်ရတဲ့ သင်ရိုးညွှန်းတမ်းကို ပြင်လိုက်ပါ”

“လုပ်ပြန်ပြီးမင်းဟာက “ကျွန်တော်စကားမှမဆုံးသေးဘူး။ သူမျှော်လင့်မထားတာ ဖြစ်နေလေတော့ လုပ်ပြန်ပြီက ဆက်တိုက်ပါလာတယ်။

“ဆေးကျောင်းကို ခုနစ်နှစ်အစား ရှစ်နှစ်ပြင်လိုက်။ ခုနစ်နှစ်ကစာ ရှစ်နှစ်မြောက်က ကိုယ်တွေ့ပြီးတော့မှ ဘွဲ့တစ်ခါတည်းပေးလိုက်။ မိဘတွေလည်း ဒါဆို ဘာမှပြောလို့မရတော့ဘူး။

“ဟေ့ မောင်သိန်းလှိုင်၊ ဒါဟာလည်း ပညာရေးပေါ်လစီကွ၊ ငါ့သဘော တစ်ခုတည်း ဘယ်ရမှာလဲ လွှတ်တော်တင်ပြရမှာ”

“ဝန်ကြီးချုပ်ကို အားကိုးလို့ လာပြီးပြောပါတယ်၊ တစ်ခါလာလည်း လွှတ်တော်တင်ရမှာချည်းပဲ နောက်တစ်ခုက”

“များလှချည့်လား၊ ဘာနောက်တစ်ခုလဲ”

ကျွန်တော်နဲ့ ဝန်ကြီးချုပ်ဦးနုနဲ့ပြောသမျှစကားတွေကို သူ့ရဲ့ကိုယ်ရေး အရာရှိကိုအုန်းကလိုက်ပြီး ရေးနေမှတ်နေတယ်။ လက်ရေးတိုနဲ့ရေးတာလို့ ထင်တာပဲ။ အတိုချုပ်ရေးပြီး။ ပြီးမှ အချောပြန်ရေးသလား မသိဘူး။ သူ့ပီအေ ကိုအုန်းက ခြေထောက်တစ်ဖက် မသန်ရှာဘူး။

“နောက်တစ်ခုကတော့ ထောင်ကြီးရှေ့က တန်းလျားတွေမှာ နေကြတဲ့ ဆေးကျောင်းသားတွေအတွက် အဆောင်သစ်ဆောက်လုပ်ပေးပြီး၊ အဲဒီတန်း လျားဟောင်းမှာ အလုပ်သင်ဆရာဝန်တွေနေနိုင်ဖို့ စီစဉ်ပေးစေလိုတာပါ”

တစ်ခန်းလုံးကို တိတ်ဆိတ်နေတာကြောင့် ကျွန်တော့်စကားသံက နည်း နည်းကျယ်နေသလိုပဲ။ ဒါမှမဟုတ် စိတ်ကိုက ပြောချင်ဇောကြီးပြီး ကျယ်သွား တာလည်းဖြစ်နိုင်တယ်။

"Mess And Lodging လိုဟာမျိုး၊ မနက်အိပ်ရာထ လက်ဖက်ရည် တစ်ခွက် မုန့်တစ်ခု၊ နေ့လယ်ထမင်းတစ်နပ်နဲ့ ဟင်းတစ်မျိုး၊ ညနေ (၃) နာရီမှာ ကော်ဖီနဲ့မုန့်၊ ညနေကြတော့ ညစာတစ်နပ်ကျွေးရင်ကောင်းမယ်၊ အိုကေ သွား မယ်”

"မင်းကသာ အိုကေနေတာ မောင်သိန်းလှိုင်၊ ငါပြောပြီးပါပြီကော၊ ငါ တစ်ယောက်တည်းလုပ်လို့မရဘူး။ လေးလ၊ လေးလတည်း သည်းခံစောင့်ပေး ပါ"

"ဝန်ကြီးချုပ်ကစောင့်ပါဆိုတယ်။ အခြေအနေက စောင့်လို့မရဘူး။ ဘယ် နှယ့်လုပ်ကြမလဲ"

ဝန်ကြီးချုပ်က စဉ်းစားပြီးပြန်ပြောတယ်။

"ဒါဆိုရင် ဝန်ကြီးဦးဘစောဆီသွားလိုက်ကွာ" တဲ့။

ဒါနဲ့ဝန်ကြီးချုပ်ကို နှုတ်ဆက်ပြီး နှစ်အိမ်ကျော်မှာနေတဲ့ ဝန်ကြီးဦးဘစော ဆီသွားလိုက်တယ်။ ဝန်ကြီးချုပ်က ဖုန်းဆက်ပြောထားတော့ ဝင်ခွင့်တော့ရပါ ရဲ့ ဒါပေမဲ့ ဆီးပြီးပြောတဲ့စကားက

"ဟေ့ ရုံးအလုပ် အိမ်မလာနဲ့ကွ"

တဲ့ ပြောတာတောင် မဟုတ်ပါဘူး။ အော်လိုက်တာပါ။

"ဝန်ကြီးရယ် လူကိုလူလိုမြင်ပါခင်ဗျာ၊ ခွေးလိုမမြင်ပါနဲ့ ကျွန်တော် ဆရာဝန်တစ်ယောက်ပါ"

"မလိုဘူးကွာ၊ ထွက်သွား" တဲ့။

ဝန်ကြီးနဲ့ ဝန်ကြီးချုပ် ပါးနပ်ပြီး ညဏ်ကြီးကြပုံချင်း ကွာကြတယ်။

* * *

## ခန္ဓာကိုယ်တစ်ခုလုံး ချုံးချုံးကျ

ရင်ထဲမှာ တော်တော်ကို ခံစားလိုက်ရတယ်။ ဦးဘစောက ကျွန်တော်တို့ ကိစ္စ ဘယ်လောက်အရေးကြီးမှန်း မခန့်မှန်းတတ်တာလား။ ကိုယ်ချင်းမစာနာ တတ်တာလား။ စိတ်ထိခိုက်ခဲ့တာတော့ အမှန်ပဲ။ ခန္ဓာကိုယ်တစ်ခုလုံး ချုံးချုံး ကျသွားပြီး အင်အားတွေ မရှိတော့သလို ဖြစ်ခဲ့ရတယ်။ ကျွန်တော့်ကို စောင့် မျှော်နေတဲ့ သူငယ်ချင်းတွေဆီပြန်လာခဲ့တယ်။ သူတို့ကို ဟန်ဆောင်ပြီး ပြုံးပြ ပေမဲ့ ကျွန်တော့်အပြုံးက အသက်မပါတာလား၊ ကျွန်တော့်အပြုံးရဲ့နောက် ကွယ်က ခံစားချက်ကို သူတို့ တွေ့ရှိသွားကြတာလား မသိ၊ ဘယ်သူကမှ သိန်းလှိုင်၊ ဘယ်လိုလဲလို့၊ အက်ဒဝပ်အိုကေတယ် ဟုတ်လားလို့ ဆီးမမေးကြ ဘူး။ ကျွန်တော့်ကို ရုပ်ရှင်ဇာတ်ကားတစ်ခုရဲ့ ဇာတ်ထွက်က ဇာတ်ဝင်ခန်းတစ်ခု လို အာရုံစိုက်ကြည့်နေကြတယ်။

"သူငယ်ချင်းတို့ မင်းတို့ ငါတို့အားလုံးအတွက် သွားပြောတာလေ၊ ငါ့ကို ခွေးတစ်ကောင်မောင်းထုတ်သလို မောင်းထုတ်လိုက်တယ်" အစချီပြီး ကျွန်တော့်ရဲ့ဝန်နှစ်ပါးနဲ့ တွေ့ခဲ့ပုံကို အကုန်စုံအောင်ပြောပြမိတယ်

"မထူးပါဘူးကွာ၊ ငါအရင်ပြောခဲ့သလို (၈၅) ယောက်ရတဲ့ (၂၀၅) ကျပ်ကို (၁၈၅) ယောက် မျှဝေစားကြတာပေါ့"

သူတို့အားလုံးကနိုး၊ မလုပ်နဲ့၊ လက်မခံနိုင်ဘူးချည်း အဖြေပေးကြတယ်။ မနက်ကျအစည်းအဝေးထပ်ခေါ်မယ်ကွာတဲ့။ လူစုံတက်စုံတက်စေချင်လို့ စုစည်းကြတာ ကျွန်တော်တို့တော်တော် စည်းစည်းလုံးလုံးရှိကြတာ တွေ့ခဲ့တယ်။

အဲဒီအစည်းအဝေးက သတင်းစာရှင်းလင်းပွဲတစ်ခုကျင်းပပြီး တိုင်းပြည်ကို အလုပ်သင်ဆရာဝန်တွေရဲ့ အခြေအနေအသိပေးဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ သတင်းစာဆရာအသင်းက မြို့တော်ခမ်းမနားလေးတင်ရှိတာ။ "ဟေ့သူငယ်ချင်း ဆတ်ထွားလာကွာ၊ သက်ထားဝေလိုက်ခဲ့ ခင်မောင်ကြွယ်ရော သွားကြရအောင်"

"ဘယ်လဲကွ"

"ဘာလုပ်ဖို့"

"သတင်းစာရှင်းလင်းပွဲလုပ်ဖို့လေ"

"ဟင့်အင်း"

"ငါမလိုက်ဘူး"

"နိုး မလိုက်တော့ဘူး"

"ဘာမလိုက်လို့ဘယ်ဖြစ်မလဲ၊ ဘ၀တူတွေအတွက်လေ"

သူတို့တစ်ချက်တွေဝေပြီး တိတ်သွားကြတယ်။

"နောက် ညီငယ်၊ နှမငယ်ဆရာဝန်တွေအတွက်လေ"

သူတို့အေးတိအေးစက် အင်းမလုပ်သလို အဲလည်းမလုပ်ကြဘူး။ သူငယ်ချင်းတွေ ပေါင်းသင်းလာတာကြာလှပြီ။ ဒီလောက်ဆိုရင် စောဖေတို့က နောကျေပြီးသား။ သူတို့ကို စည်းရုံးလို့မရလို့ ပထမတစ်ခေါက်တစ်ယောက်တည်းပဲ သွားလိုက်တယ်။

သတင်းထောက်အသင်းမှာ ဂါးဒီးယန်း ဦးစိန်ဝင်းတို့၊ ဦးလောရဲ့တို့၊ ဦးလှကြည်တို့အပြင် ဒီပြင်သတင်းသမားတွေလည်း ရှိကြတယ်။

"ကျွန်တော်ဗမာနိုင်ငံလုံးဆိုင်ရာ ဆရာဝန်ငယ်များအသင်းက အတွင်းရေးမှူး ဒေါက်တာသိန်းလှိုင်ပါ"

"ညီလေး ဘာလုပ်ချင်လို့လဲ"

"သတင်းစာရှင်းလင်းပွဲလေးတစ်ခု လုပ်ချင်လို့ပါ"

ဒီအသံလည်းကြားရော ခပ်လှမ်းလှမ်းမှာ သတင်းစာဖတ်နေကြသူတွေပါ ကျွန်တော့်ဘက် လှည့်ကြည့်ငဲ့ကြည့်လာကြတယ်။

"ဘာသတင်းစာရှင်းလင်းပွဲလည်း ဒေါက်တာလေးရဲ့"

သူတို့ကြည့်ရတာ သတင်းကောင်း မိုးခေါင်နေကြတယ်ထင်ပါရဲ့။

"အလုပ်သင်ဆရာဝန် (၁၀၀) လစာမရတဲ့ကိစ္စပါ"

"ခုနက သတင်းစာကိုင်ထားကြသူတွေ သတင်းစာတွေချကြ၊ သူတို့ချင်း မျက်ရိပ်မျက်ကဲ ပြကုန်ကြတယ်"

"ကောင်းပြီ မနက်ဖြန်နေ့လယ် ဒီရုံးခန်းကိုလာခဲ့ကွာ" လို့ ချိန်းလိုက်ကြတယ်။

ဆရာဝန်ငယ်များအသင်းက အမှုဆောင်တွေ ရသလောက်စုပေါင်းတော့ တော်တော်များများစုစည်းလို့ရတယ်။ မော်တော်ကားပေါ်မှာ ကျွန်တော်တို့တိုက်ပွဲဆင်နွှဲရတော့မယ့် စစ်သားတွေရဲ့စိတ်ဓာတ်မျိုးတွေနဲ့မို့ အချင်းချင်းနောက်ကြပြောင်ကြတာမျိုးမရှိကြဘူး။ စိတ်လှုပ်ရှားနေကြတာလည်းဖြစ်နိုင်တယ်။ သတင်းစာဆရာအသင်းတိုက်မှာ စာနယ်ဇင်းဆရာတွေက ရောက်ရှိနေကြပြီ။ ကျွန်တော်တို့မှာ အတွေ့အကြုံမရှိတော့ နောက်နားရော အလယ်ရော၊ ဟိုဒီတစ်ကွဲတစ်ပြားစီကြုံရာ ဝင်ထိုင်ကြတယ်။ မဟုတ်ဘူး ရှင်းလင်းပြောပြမယ့် သူတွေက ဒီရှေ့မှာ လာထိုင်ရတယ်ဆိုတာကို သူထိုင်မင်းထိုင်တွေ ဖြစ်နေကြသေးတယ်။

* * *

## အတွေ့အကြုံသစ်

ကျွန်တော်တို့အလုပ်သင်ဆရာဝန်လေးတွေရဲ့ဘဝဟာ ဆရာဝန်ဖြစ်ဖို့ ခုနစ်နှစ်ကြာပညာသင်ကြရတယ်။ စာမေးပွဲတွေက စာတွေ့ရောလက်တွေ့ပါ ဖြေကြရတယ်။ အလွန်ပင်ပန်းခက်ခဲတဲ့ပညာရပ်တွေကို ဖြတ်ကျော်ရပါတယ်။ ဆယ်တန်းအောင်မြင်လို့ အလုပ်ဝင်တဲ့သူတွေ၊ ဘီအေ၊ အီအက်စ်စီဘွဲ့ရလို့ လုပ်ငန်းခွင်ဝင်ရင် လစာချက်ချင်းရကြပါတယ်။

ဒီနှစ်စာမေးပွဲအောင်ကြလို့ ဆရာဝန်ဖြစ်ကြသူ (၁၈၅) ယောက်မှာ (၈၅) ယောက်ပဲ လစာရတယ်။ ဆရာဝန်အယောက် (၁၀၀) လစာမရကြဘူး။ ဆရာဝန်တွေခမျာ ခုနစ်နှစ်ကြာအောင် ကျောင်းတက်ခဲ့ကြရပေမဲ့ ဘဝအာမခံချက် အလွန်နည်းနေကြတယ်။

ရန်ကုန်ဆေးရုံကြီးအပါအဝင် ဆေးရုံတွေမှာ အလုပ်သင်ဆရာဝန်၊ ဆရာဝန်ငယ်တွေဟာ အရေးပါကြတယ်။

ဒီလိုရှင်းပြတာကို သတင်းသမားတွေ စိတ်ဝင်တစားနားထောင်ကြတယ်။ သရက်တောကျောင်းတိုက်မှာ ဟိုက ဒီကလာပြီး လှူတဲ့တန်းတဲ့ ဆွမ်းကျွေးတရားနာက ပိုလျှံတဲ့ ဆွမ်းကျန်ဟင်းကျန်တွေကို ကပ်ရပ်စားသောက်ကြရတဲ့ အကြောင်းတွေပါထည့်ပြောပြီး စာနယ်ဇင်းဆရာသမားများကတစ်ဆင့် တိုင်းပြည်ကို တင်ပြပေးဖို့ ရှင်းလင်းခဲ့ကြတယ်။ ထက်မြက်တဲ့ ကလောင်သွားနဲ့ ဖြစ်သင့်ဖြစ်ထိုက်ရသင့်ရထိုက်တာတွေ ရေးသားပေးကြဖို့ပါ လေးလေးစားစား ပြောပြကြတယ်။ သတင်းသမားတွေကလည်း ထင်မြင်ချက်တွေပေး၊ သိလိုတာတွေ မေးကြတယ်။

"အေး မင်းတို့က ငါတို့ကိုထက်မြက်တဲ့ ကလောင်ဘာသာနဲ့ မြှောက်ပေး၊ ငါတို့ကိုလည်း အထက်က ထောင်းချင်နေတာ"

"ကဲမေးပါရစေဦး၊ ဒါမောင်ရင်တို့နောက်ဆုံးအနေနဲ့ သတိပေးထားသလား လစာမရရင် ဘာလုပ်ကြမှာလဲ"

"(၇) ရက်အတွင်း အကြောင်းပြန်ရမယ်"

"(၇) ရက်က မနည်းဘူးလား"

"သူတို့က စည်းဝေးကြ စဉ်းစားကြရဦးမှာ"

"ဘယ်နည်းမလဲ၊ (၇) ရက်တောင် များလှပြီ"

"မရရင်..."

"သပိတ်မှောက်မယ်" ကင်မရာတွေနဲ့ ဓာတ်ပုံတွေရိုက်ကြတယ်။

ကျွန်တော်တို့တစ်သိုက် ခံစားမှုအပြည့်နဲ့ ယုံကြည်မှုလုံလောက်စွာနဲ့ မေးသမျှရဲရဲဝံ့ဝံ့ဖြေခဲ့ကြတယ်။

နောက်တစ်နေ့ မနက်ထွက်တဲ့သတင်းစာတွေမှာ အလုပ်သင်ဆရာဝန်တွေနဲ့ လစာပြဿနာသတင်းတွေချည်း မျက်နှာဖုံးမှာ နေရာယူထားကြတယ်။ တချို့သတင်းစာက ရန်ကုန်ဆေးရုံကြီးရဲ့ဓာတ်ပုံဖော်ပြတယ်။ ဆေးရုံကြီးမှာ လူစည်ကားချိန်ရိုက်ထားတဲ့ ဓာတ်ပုံဆိုတော့ သတင်းစာဖတ်ပရိသတ်ရဲ့အာရုံကို ဖမ်းစားနိုင်တာပေါ့။ ဒီဂယက်တော်တော်ထသွားတယ်။ ကျွန်တော်တို့ မျှော်မှန်းထားတာထက် ပိုကြီးသွားတယ်။ ပထစအစိုးရ ဘာလုပ်မလဲ။ ကျွန်တော်တို့ ကရော ဘာတွေလုပ်ကြမလဲ။

ကျွန်တော်တို့စိတ်ကူးထဲမှာ၊ ခေါင်းထဲမှာ အသိဉာဏ်ထဲမှာ (၇) ရက်... (၇) ရက်... (၇) ရက်ပြည့်လို့ အကြောင်းမပြန်ရင် ဘာတွေနဲ့ဘယ်လိုတိုက်ပွဲ

ဝင်မလဲ။ ဒါကိုပဲ စဉ်းစားနေမိကြတယ်။ အရေးပေါ်အစည်းအဝေးတစ်ခုခေါ်ပြီး ဆွေးနွေးကြတဲ့အခါ သပိတ်မှောက်ကြဖို့တော့ ယေဘုယျသဘောတူကြတယ်။ အများစုကတော့ မင်းကအတွင်းရေးမှူးပဲ၊ မင်းက ဦးဆောင်ကွာ မင်းပဲ ကြည့်လုပ်ကွာနဲ့ နောက်ဆုံး သိန်းလှိုင်ခေါင်းပေါ်ပဲ ရောက်တော့တာ။

ကျွန်တော်လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး။ ဒီမိုကရက်တစ်တွေ၊ တိုးတက်အဖွဲ့က ကိုအောင်ထွန်းထွန်းတို့၊ ကိုကျော်ကြီးတို့ကို အစ်ကိုနေရာ၊ ဆရာနေရာထားပြီး ဒီသပိတ်နဲ့ပတ်သက်ပြီး တိုင်ပင်ကြည့်တော့ သူတို့သဘောထားက ပြတ်သားတယ်။

"တို့အဖွဲ့က ဒီကိစ္စမှာ မင်းတို့နဲ့မပူးပေါင်းနိုင်ဘူး"

"ဗုဒ္ဓေါ... နိုင်ငံရေးဆိုတာ ကိုယ့်လမ်းစဉ်နဲ့ကိုယ်ဆိုပေမဲ့ ရည်ရွယ်ချက်တူရင် ပူးပေါင်းတိုက်ပွဲဝင်ကြရတာ မဟုတ်လား၊ ဆရာဝန် (၁၀၀) ရဲ့အရေးလေ အစ်ကိုတို့ရ"

ကျွန်တော်သူတို့ကို စည်းရုံးကြည့်တာ မအောင်မြင်ဘူး။ ဒီပြင်ကျောင်းသားအဖွဲ့အစည်းတွေချဉ်းကပ်တော့လည်း မင်းတို့ဘာသာတိုက်ကြဆိုတဲ့ သဘောကို စကားလုံးတွေ သကြားသုတ်ပြီး ပြောကြတာပဲ။ ဘယ်ကျောင်းသားအဖွဲ့အစည်းတွေနဲ့မှ ညှိနှိုင်းလို့မရ။ အစည်းအဝေးခေါ်မရ၊ အတော့်ကို စိတ်ဆင်းရဲပြီး ဘာလုပ်ရမှန်း မသိ၊ ရာဇသံပေးထားတဲ့ (၇) ရက်ကလည်း ရတ်တရက် ချက်ချင်း ဆိုင်းမဆင့်ဗုံးမဆင့်ပြည့်တော့မလိုလို။

မနက်ဖြန်လို (၇) ရက်ပြည့်မယ့်ဆိုတော့ ဒီနေ့လိုမှာ ဒီအက်စ်အိုက ကျောင်းသားခေါင်းဆောင် (တောင်ကြီးမှာ AS လုပ်ခဲ့ဖူးသူ၊ လက်ရှိလည်း တောင်ကြီးမြို့မှာနေသူ) က

"ဟေ့ကောင်သိန်းလှိုင် မနက်ဖြန် မင်းတို့ရာဇသံပေးထားတဲ့ (၇) ရက်ပြည့်ပြီ။ ဒီညမှ အစိုးရက အကြောင်းမပြန်ရင် သပိတ်မှောက်ရမှာနော်"

"ဟုတ်တယ်၊ ဘယ်သူနဲ့မှ ညှိနှိုင်းလို့မရဘူး။ အဖွဲ့အစည်းရန်ပုံငွေလည်း မရှိဘူး"

"ဟေ့ကောင် ဒီပုံစံနဲ့ဆိုရင် ဒေါက်တာသိန်းလှိုင်တော့ ဘဝပျက်ပြီဟေ့... ဟားဟား.... တဲ့"

သူက ရယ်မောနေတယ်။ ခံပြင်းစိတ်လည်း ထမိတယ်။ သိန်းလှိုင်အကြောင်းတော့ ပြရတော့မှာပဲလို့ ကြိမ်းမောင်းနေမိတယ်။

"ဘာဖြစ်လို့ ကျွန်တော့် ဘဝပျက်ရမှာလဲ"

ကျွန်တော်မျက်နှာနီရဲနေမှာ သေချာတယ်။ မဦးမချွတ်ပြောရက်တယ်။

"မင်းသပိတ်သံပေးထားပြီး သပိတ်မမှောက်ဖြစ်ရင် သတင်းစာတွေက မင်းတို့ကို ခွေးရေးနည်းမျိုး ဝိုင်းရေးကြမှာ၊ မင်းတို့အပတ်စဉ်က ဆရာဝန်တွေရဲ့ဂုဏ်သိက္ခာတွေ အကုန်လုံးမြောင်းထဲရောက်သွားမှာပေါ့"

ကြဲစမ်းအက်ဒဝပ်ကြဲစမ်း၊ သိန်းလှိုင် မင်းဉာဏ်ဒါအကုန်ပဲလား၊ မင်းဉာဏ်ကောင်းတယ်ဆို ဟော့ကောင်အက်ဒဝပ်၊ ဟော့သိန်းလှိုင် ကျွန်တော့်တစ်ကိုယ်လုံး ထူပူနေတယ်။ ခေါင်းဆောင်မယ့်သူက ရှေ့ကသွားပါလျက်နဲ့ နောက်လိုက်ဆိုသူတွေက ပါမလာတော့ ဘယ်လိုတိုက်ပွဲဝင်ကြမလဲ။ ပထစအစိုးရနဲ့ သိန်းလှိုင်တစ်ယောက်တည်းနဲ့ တိုက်ရမှာလား။ နားထဲမှာလည်း ဗမာနိုင်ငံလုံးဆိုင်ရာဆရာဝန်ငယ်များအသင်း ခွေးလုံးလုံးဖြစ်ပြီဆိုတဲ့ စကားသံတွေ ဆူညံနေ၊ လှုံ့ထွက်နေတယ်။ ဖြစ်မြောက်အောင်ကြိုးစားရမှာပဲ။

အခု ဒေလီမှာရှိနေတဲ့ အောင်မြတ်က မေးဖော်ရတယ်။

"ဟော့ ချာတိတ် မနက်ဖြန်တို့လာဖို့ လိုသေးလား"

"အစ်ကိုတို့ လာဖို့လိုသလား မလိုဘူးလားတော့ မသိဘူး။ သေချာတာတော့ ကျွန်တော်တစ်ယောက်ကတော့ တိုက်ကိုရတော့မှာ" သတင်းစာတိုက်တွေကလည်း သတင်းထူးရင် ဖုန်းဆက်။ သူတို့လည်း သူတို့နည်း သူတို့ဟန်နဲ့ သတင်းလိုက်နေတယ်တဲ့။

* * *

## ကျွန်တော်ရဲ့ ဗျူဟာ

ကျွန်တော့်ဆရာကို သွားမေးတယ်။ ဆရာက ကျွန်တော့်ကို နားမလည်တဲ့အကြည့်၊ သနားတဲ့အကြည့်တွေမှာ ဒေါသပါတဲ့အကြည့်နဲ့ စူးစူးကြီးကြည့်နေတယ်။

"ဆရာသပိတ်မှောက်တယ်ဆိုတာ ဘာလဲ"

"ခွေးမသား၊ ဥက္ကဌအတွင်းရေးမှူးတွေလုပ်ခဲ့ပြီးတော့ အခုသပိတ်မှောက်တယ်ဆိုတာ ဘာလဲလာမေးနေရသလား"

"ကျွန်တော် ယေဘုယျပဲ သိတာမို့ပါဆရာ"

ဆရာက မဖြေဘူး၊ မင်းအထက်က လူတွေမေးချေတဲ့။ ဒါနဲ့ ကိုယ့်ထက်စီနီယာကျတဲ့ လက်ထောက်ဆရာဝန်တွေကို မေးပြန်တော့လည်း

"မင်းက နိုင်ငံရေးတစ်လျှောက်လုံး လုပ်လာတာ၊ ငါတို့က နိုင်ငံရေး

သမားလည်း မဟုတ်ဘူး၊ စိတ်လည်း မဝင်စားဘူး” တဲ့။

“နိုင်ငံရေးသမားမဟုတ်ဘဲ အစ်ကိုတို့သိသလောက် သပိတ်မှောက်တယ်ဆိုတာ ဘာလဲပြောပြပါ”

“အင်း... ဟိုကွာ... သပိတ်မှောက်တယ်ဆိုတာ အလုပ်ကနေ ခွင့်မတိုင်ဘဲ ထွက်ခွာကြတာပေါ့ကွာ”

“ဟင့်အင်း အဲဒီလောက်မကဘူးထင်တယ်”

“ဟော့ကောင် စာကြည့်တိုက်ထဲမှာ ရှာပြီးဖတ်ချေ”

ကျွန်တော်စာကြည့်တိုက်ကို ရောက်ဖူးခဲ့ပြီးသား။ ရှာလည်း ဖတ်ခဲ့ပြီးသားပါ။

“နိုင်ငံတော်ထံမှသော်လည်းကောင်း၊ လုပ်ငန်းရှင်ထံမှသော်လည်းကောင်း ရသင့်ရထိုက်တာကို တောင်းဆိုသော်လည်း မရရှိ မကျေနပ်၍ လုပ်ငန်းခွင်မှ ထွက်ခွာသွားသည်” တဲ့။ ဘယ်စာအုပ် ဘယ်အဘိဓာန်လှန်လှန် ဒါမျိုး ဆင်တူရိုးမှားချည်းပဲ။

သူတို့ဖွင့်ဆိုချက်ထဲမှာ အချိန်နဲ့ပတ်သက်ပြီး ကန့်သတ်ချက်မပါဘူး။ သပိတ်တိုက်ပွဲကတော့ တရွေ့ရွေ့နီးလာနေပြီ။ စိန်ခေါ်မှုတွေ အားလုံးကိုရင်ဆိုင်ရတော့မယ်။ ဘဝတူဆရာဝန်သစ်လွင်တွေရဲ့ ရှေ့ရေးအတွက် ကျွန်တော် သပိတ်တိုက်ပွဲစရတော့မယ်။

ဆေးရုံလှေကားနားက အစောင့်ကို လှမ်းခေါ်လိုက်တယ်။

“ပီရူး... အောင်းလ်”

ပီးရူးက “ဆပ်” လို့ပြောရင်း အနားရောက်လာတယ်။

“ရှေ့ပိုက်ဆံ၊ နန်းသီတာက မန္တလေးဘီယာ စထရောင်းအေးလ် တစ်သေတ္တာဝယ်ခဲ့ပြီးတော့ မင့်ညီစွပ်ပရားကို ငါ့ဆီလွှတ်လိုက်”

ပီရူးက ဆလံပေးထွက်သွားပြီးမကြာဘူး။ သူ့ညီစွပ်ပရားရောက်လာတယ်။ စွပ်ပရားကိုလည်း ပိုက်ဆံပေးပြီး ခရုခေါက်ဆွဲ (၁၀) ထုပ်အဝယ်လွှတ်လိုက်တယ်။

ဝဒ်ထဲက တယ်လီဖုန်းမှာရှိတဲ့ ဆရာမကြီးနဲ့ သူနာပြုတွေကို “မာမီတို့လာသမျှတယ်လီဖုန်းခေါ်ဆိုမှုတွေကို ဘယ်သူမှမပြောကြနဲ့ ကျွန်တော်တစ်ယောက်တည်းဖြေမယ်”

ကျွန်တော်တို့ဆရာဝန်အယောက် (၁၀၀) အတွက် တိုက်ပွဲဝင်ဖို့ ဝန်ကြီးချုပ်နဲ့ဝန်ကြီးတွေ တွေ့အပြီးမှာ နိုင်ငံတော်အစိုးရက ကျွန်တော်တို့ကို အလုပ်သင် ဆရာဝန်တာဝန်ထမ်းဆောင်ပြီးကြောင်း အသိအမှတ်ပြုလက်မှတ်တွေထုတ်

ပေးတယ်။ ကျွန်တော်တို့ခေတ်က အဲဒီလက်မှတ်ရရင် အင်္ဂလိပ်အုပ်ချုပ်တဲ့ တိုင်းပြည် ဘယ်တိုင်းပြည်သွားပြီး အမှုထမ်းမလဲ၊ ရတယ်။ MBBS ကို သူတို့ အသိအမှတ်ပြုကြတယ်။ ကိုယ်ဖြေချင်တဲ့ ဆေးပညာဘွဲ့လွန်ကို ကိုယ့်ဘာသာ ဖြေလို့ရတဲ့ လက်မှတ်တန်ဖိုးရှိတယ်။ ဒီလက်မှတ်မရှိရင် ဖြေလို့မရဘူး။ အလုပ် လည်းမရဘူး။

ဒီဘွဲ့လက်မှတ်ကို အစိုးရက ကျွန်တော်တို့ကို ချစ်ခင်လွန်းလို့၊ ကြင်နာ သနားလွန်းလို့ထုတ်ပေးတာမဟုတ်ဘူး။ ကျွန်တော်တို့သပိတ်... သပိတ်... နဲ့ သပိတ်အသံကြားလို့ သပိတ်ကို အင်အားချည့်နဲ့အောင် သပိတ်မဖြစ်ဖို့အတွက် လက်နက်အဖြစ် ထုတ်ပေးတာ။ အဲဒါမြန်မာ့ညဏ်ပဲ။ အချင်းချင်းကြားမှာ ငါတော့ နိုင်ငံခြားသွားပြီး FRCS စာမေးပွဲဝင်ဖြေမှာ၊ MRCP ဝင်ဖြေမှာ၊ မင်းတို့ဘာသာ တိုက်ပွဲဝင်ရစ်ကြ၊ ဒီလို စိတ်မျိုးမွေးမိရင် ကျွန်တော်ခွေးလုံးလုံးဖြစ် ပြီပေါ့။ ကျွန်တော်ဘာဘွဲ့ကြီးယူခဲ့ပါစေ ဆရာဝန်အပေါင်းရဲ့တံတွေးခွက်မှာ ပက်လက်ရောမှောက်လျက်ရော မျောဖို့ပဲရှိတော့တယ်။ ကျွန်တော့်မိဘကလည်း အဲဒီလိုပညာသင်သွားမယ်ဆိုရင် ပညာသင်စရိတ်ထုတ်ပေးမှာလည်း အသေ အချာပဲ။

* * *

## သပိတ်တိုက်ပွဲ

ကျွန်တော်ဆေးရုံအုပ်ကြီးဆီ သွားတယ်။ အဲဒီတုန်းက အမ်အက်စ်က ဦးအေးမောင်။

"ဆရာ... သပိတ်မှောက်မယ်... ရော့... ဆရာတို့လက်မှတ်"

ကျွန်တော်သင်တန်းတက်စရာ သုံးလကျန်သေးတယ်။ သူတို့ထုတ်ပေး တဲ့လက်မှတ်မယူဘူး။ ပြန်အပ်လိုက်တယ်။ ဦးအေးမောင်က

"မင်းလုပ်ရပ်က အမိန့်မနာခံတာပဲ"

"ကျွန်တော် ဝမ်းနည်းပါတယ်။ ဒါတစ်နိုင်ငံလုံးရဲ့အရေးပါ။ နိုင်ငံရေး မှာ အထက်မိန့်နာခံတာတွေမရှိဘူး၊ အောက်က လူကအထက်က လူကြီးတွေကို တိုက်တာပဲ"

"အေးပါကွာ မင်းပြောချင်ရာပြောပေါ့၊ ငါ့တာဝန်က အဖြစ်အပျက် အားလုံးမင်းပေပ်သမျှ အားလုံးအထက်ကို အစီရင်ခံဖို့ပဲ"

"အစီရင်ခံလိုက်ပါဆရာ၊ ဒီလက်မှတ်ကို ကျွန်တော်လက်မခံဘူး၊ သပိတ်မှောက်ပါတယ်"

ည (၇) နာရီထိုးတော့ ဘာလုပ်ရမှန်းမသိဘူး။ အက်မ်အက်စ်ကိုတော့ သပိတ်သံပေး၊ သပိတ်ကြေညာခဲ့ပြီ။ ကြံ့စမ်းသိန်းလှိုင်၊ မင့်ဉာဏ်တွေ ထုတ်စမ်း သိန်းလှိုင်။ အရေးက တကယ့်အရေးနော်။ မင်းနောက်ဆုတ်လို့မရဘူး။ ဘွဲ့ ခတ်လို့ မရခဲ့ပွဲ၊ ကြံ့စမ်း သိန်းလှိုင်...

အဲဒီရက် ကာလ်တန်ရုပ်ရှင်ရုံမှာ ရုံတင်ပြသနေတဲ့ ရုပ်ရှင်ကား သိပ်ကောင်းတယ်။ ကျွန်တော် ကြည့်ချင်တဲ့ကား။ အဲဒီရုပ်ရှင်ကားကို ဖျတ်ခနဲ သတိရလိုက်မိတယ်။ ကာလ်တန်ရုံမန်နေဂျာဆီ ဖုန်းကောက်ဆက်လိုက်တယ်။ တစ်ဖက်က ဖုန်းဖြေတဲ့သူကို မန်နေဂျာနဲ့ တွေ့ချင်ကြောင်းပြောတော့ မန်နေဂျာ ကို ခေါ်ပေးတယ်။

"ဒီည ကိုးနာရီခွဲပွဲ ဒီစီဒရက်စ်ဆာကယ်က ရုပ်ရှင်လက်မှတ် (၂၈) စောင် ဝယ်ချင်တယ်ရမလား။ ကြိုတင်ဘွတ်ကင်လုပ်ဘာပါ"

"အခုအမိန့်ရှိနေတာ ဘယ်သူပါလဲ ခင်ဗျာ"

"ဒေါက်တာသိန်းလှိုင်ပါ။ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာဝန်ငယ်များ အသင်းရဲ့ အတွင်းရေးမှူးပါ"

"ကောင်းပါပြီ၊ ရနိုင်ပါတယ်ဆရာ" တဲ့။

"(၂၈) စောင်ချန်ထားပါ။ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေ လာကြပါလိမ့်မယ်။ ပိုက်ဆံပါတစ်ပါတည်း ပေးလိုက်ပါ့မယ်" ကာလ်တန်ရုံမှာ ညကိုးနာရီ ခွဲပွဲရုပ်ရှင်လက်မှတ် ကြိုတင်ဝယ်လိုက်တယ်။

ဆေးရုံကြီးအောက်ထပ်မှာ ရန်ကုန်တက္ကသိုလ်ကနေ ဆေးရုံလာတက်နေကြတဲ့ ကျောင်းသားတွေရှိတယ်။ စာမေးပွဲဖြေခါနီးလို့ နေမကောင်းလို့ ဆေးရုံ လာတက်နေကြတဲ့သူတွေ။ သူတို့ကို သွားပြီးစည်းရုံးရတယ်။ ညှိနှိုင်းပြီး အကူ အညီတောင်းရတယ်။

"အစ်ကိုတို့၊ ဒီညအရေးကြီးတဲ့အလုပ်တစ်ခုလုပ်စရာရှိတယ်"

"ဘာအရေးကြီးတာလဲ"

"ဘယ်လောက်အရေးကြီးတာလဲ"

သူတို့က စိတ်ဝင်တစားဝိုင်းမေးကြတယ်။ ကျွန်တော်ကလည်း ဆရာဝန် ငယ်တွေရှိတဲ့အနက်က လူနည်းစု (၈၅) ယောက်ပဲ လစာရပြီး အများစုဖြစ်တဲ့ အယောက် (၁၀၀) လစာမရတဲ့အကြောင်းကစပြီး ဝန်ကြီးချုပ်နဲ့သွား ဆွေးနွေး တဲ့အကြောင်းပါထည့်ပြီး သူတို့ကိုပြောပြောဆိုဆိုနဲ့ စည်းရုံးသိမ်းသွင်းရတယ်။

သူတို့က နားလည်သဘောပေါက်လွယ်တဲ့ ပုဂ္ဂိုလ်ချည်းပဲ။ အူတူတူ၊ အတတ တစ်ယောက်မှမပါဘူး။ အများစုက တက္ကသိုလ်က စာမေးပွဲတွေ မြန်မြန် အောင်မှာစိုးလို့ကျောင်းမှာ ကြာကြာနေရအောင် စာမေးပွဲနီးရင် ဆေးရုံလာတတ် ကြသူတွေ။ ဦးနုအစိုးရအကြောင်း စောဖေတို့က နောကျေပြီးသားဆိုတဲ့ ကျောင်း သားကြီးတွေလည်းပါတယ်။

ကျွန်တော်တို့တစ်တွေ သပိတ်မှောက်မယ်၊ သပိတ်ပိုစတာတွေ ရေးပေး ကြပါ။ သပိတ်မှာ ပူးပေါင်းလိုက ပူးပေါင်းပါဝင်နိုင်ပါတယ်။

"ဟေ့ ဆရာ၊ အလကား မရဘူးနော်၊ နတ်တင်ရမယ်"

"ဘယ်လို နတ်တင်ရမှာလဲ"

"ဟား ဟား ဆရာလေး သိပါတယ်"

သူတို့ကြိုက်တတ်တာ ဝယ်တိုက်ရမယ်လို့ ဆိုလိုပုံရတယ်။ လိုအပ်တဲ့ စက္ကူတွေ၊ ပိုစတာရေးတဲ့ဆေးတွေ၊ စုတ်တံတွေ ဝယ်ခိုင်းလိုက်တယ်။

"ဟေ့ ပီရူးကော်ထုပ်တွေလည်း မမေ့ခဲ့နဲ့"

"ဆရာဝန်ငယ်များလစာရရှိရေး တို့အရေး"

"ဆရာဝန်ငယ်တွေ မထိနဲ့ မီးပွင့်သွားမယ်"

"လစာငွေတွေ ချက်ချင်းပေး"

ကျောင်းသားလက်ရေး စာလုံးစောင်းစောင်းတွေ သူတို့မို့ ရေးတတ်ပလေ။ လက်ဝဲစာလုံးလို့လည်း တချို့က ကင်ပွန်းတပ်ကြတယ်။ တိုက်ပွဲဝင်တဲ့နေရာမှာ သိပ်ခွန်အားဖြစ်တဲ့ လက်ရေး။ တစ်ဖက်က ဒီလိုလက်ရေးမျိုးကို အလွန်မုန်းတာ ပေါ့။ အလွန်ကြောက်တာပေါ့။ အုပ်စိုးသူမှာ လက်ဝဲကြောက်တဲ့ ဝေဒနာရှိတယ် မဟုတ်လား။

ပိုစတာတွေ သွားယူတော့ ကျွန်တော့်မျက်နှာဝင်းထိန်သွားတာကို သူတို့ သတိထားမိသွားကြတယ်။ ကျွန်တော်ကလည်း ဟန်မဆောင်တတ်ဘဲကိုး။

"ဆရာလေး၊ အလကား မတ်တင်းတော့မရဘူး"

"ဒါဖြင့် ဘာပေးရမလဲ"

"ကတိတစ်ခုပေးရမယ်"

"ဘယ်လိုကတိလဲ"

"တက္ကသိုလ်စာမေးပွဲမပြီးမချင်း ဟောဒီဆေးရုံက မဆင်းရအောင် လုပ် ပေးရမယ်"

"ရပါတယ်၊ လုပ်ပေးမှာပေါ့"

"ဆရာလေး၊ လုပ်ပေးနိုင်လို့လား"

သူတို့မျက်နှာထားတွေတည်တည်နဲ့ မေးနေကြတော့ ကျွန်တော်လည်း မျက်နှာထားတည်တည်ပဲ ပြန်ဖြေခဲ့တယ်။

"ကျွန်တော်က မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာဝန်ငယ်များအသင်းရဲ့ အတွင်းရေးမှူးပါ။ ဒီသပိတ်ရဲ့ခေါင်းဆောင်"

သူတို့လည်း ပြုံးပျော်သွားပြီး လက်ခုပ်သြဘာတွေ ချီးမြှင့်လိုက်ကြတယ်။ ကျွန်တော်တို့သပိတ်အတွက် အရေးကြီးတဲ့ ပိုစတာတွေ ပွေ့ပိုက်ပြီး ခြေလှမ်းကြဲကြဲနဲ့ ပြန်လာခဲ့တယ်။

လူငယ်ဆရာဝန်တွေအတွက် ဒီပိုစတာတွေဟာ အကျိုးဆောင်နိုင်ကြပါစေ၊ သပိတ်တိုက်ပွဲအတွက် ဒီပိုစတာတွေဟာ လက်နက်ကောင်းတွေ ဖြစ်ကြပါစေ။ ဒီပိုစတာတွေကြောင့် တိုက်ပွဲဝင်ဆရာဝန်လူငယ်တွေ စိတ်ခွန်အားတွေ ပြည့်လျှမ်းလာကြပါစေ။ ဟောဒီပိုစတာတွေကို မြင်ကြသူမှန်သမျှ အမှန်တရားကို မြတ်နိုးလာတတ်ကြပါစေ။

* * *

## ခြေဆင်း

ရန်ကုန်ဆေးရုံကြီးမှာရှိတဲ့ ဝဒ်အသီးသီးကို ဖုန်းတွေဆက်လိုက်တယ်။ ဒီနေ့ ကျွန်တော့်ရဲ့မွေးနေ့ဖြစ်ပါတယ်။ ဆရာဝန်များကို ကျွန်တော့်မွေးနေ့ အထိမ်းအမှတ် ညေ့ခံကျွေးမွေးချင်ပါတယ်။ အားလုံးကြွခဲ့ကြပါ။

သူတို့အားလုံးပျော်ပျော်ပါးပါး ရောက်လာကြတယ်။

ဒေါက်တာသိန်းလှိုင်ဟက်ပီးဘတ်ဒေး၊ အက်ဒဝပ်ဟက်ပီးဘတ်ဒေး၊ သူတို့ကို ခရုခေါက်ဆွဲကျွေးတယ်။ ဘီယာသောက်ချင်သူကို ပီရူးဝယ်လာတဲ့ စထရောင်းအေးလ်တွေ တိုက်တယ်။ သီချင်းတွေဆိုကြတာ သံပြိုင်၊ လက်ခုပ်လက်ဝါးတီးပြီး စည်းလိုက်သူလိုက်၊ အခိုက်အတန့်ပျော်နေကြတယ်။

ညကိုးနာရီ မတ်တင်းလောက်ရောက်တော့ ကာလ်တန်ရုံက ရုပ်ရှင်ပါပြဦးမှာ လက်မှတ်တွေဝယ်ထားပြီးပြီ၊ အားလုံးကားပေါ်ကြွပါခင်ဗျာဆိုတော့ သူတို့ပျော်ပျော်ရွှင်ရွှင်ပဲ တက်သွားကြတယ်။

သူနာပြုကား သုံးစင်းပေါ် ကျပ်ညှပ်တင်လွှတ်လိုက်တယ်။

နဂါးဒေါ်ဦးလှူထားတဲ့ ကားတောင်ပါသေးတယ်။ တချို့လည်း ခြေကျင်လျှောက်မယ်ကွာတဲ့။ ကားဆရာတွေကိုလည်း မုန့်ဖိုးနည်းနည်းစီပေးလိုက်တယ်။

ရုပ်ရှင်လက်မှတ်ဖိုးလည်း ပေးလိုက်တယ်။
ခဏနေတော့ ကာလ်တန်ရုံမန်နေဂျာဆီလှမ်း ဖုန်းဆက်လိုက်တယ်။
"ကျွန်တော့်မိတ်ဆွေ ဆရာဝန်တွေရောက်ကြပြီလား"
"ရောက်ကြပါပြီဆရာ"
"အားလုံးနေရာရကြတယ်နော်"
"တစ်စုတစ်ဝေးတည်း ရပါတယ်။ ရှေ့နောက်ကပ်လျက်ပါပဲ"
"ရုပ်ရှင်ဘယ်နှနာရီစပြမှာလဲ"
"ကိုးနာရီခွဲတိတိပါ"
"ရုပ်ရှင်စပြပြီဆိုရင် ကျေးဇူးပြုပြီး ကျွန်တော့်ဆီ ဖုန်းတစ်ချက်လှမ်းခေါ်ပေးပါ"
"ဟုတ်ကဲ့ ဟုတ်ကဲ့" တဲ့။
ခဏနေတော့ သူတို့ကိုလိုက်ပို့တဲ့ကားတွေ ပြန်ရောက်လာကြတယ်။ ကွမ်းယာကြိုက်တဲ့သူက ကွမ်းယာမြုံလို့။ မကြာပါဘူး။ ကာလ်တန်ရုပ်ရှင်ရုံ မန်နေဂျာဆီက တယ်လီဖုန်းမြည်ပါလေရော။ လက်ပတ်နာရီလှန်ကြည့်လိုက်တော့ နာရီလက်တံအတိုက ကိုးဂဏန်းနဲ့ ဆယ်ဂဏန်းရဲ့အလယ်မှာ လက်တံအရှည်က ခြောက်ဂဏန်းပေါ်မှာကွက်တိ။
"မာမီ"
ဝဒ်ထဲက ဆရာမကြီးကို အသံပြုလိုက်တယ်။
"ဟော"
"ဝန်ကြီးဦးဘစောဆီ ဖုန်းဆက်ပါ အခုဆက်လိုက်"
ဆရာမကြီးက ဖုန်းဆက်နေတုန်း၊ တက္ကသိုလ်ကကျောင်းသားတွေကို ပိုစတာနဲ့ ကော်ထုတ်တွေပေးပြီး တိုက်ပွဲစပြီလို့ ကြေညာလိုက်တယ်။ သူတို့က လည်း လူမြင်သူမြင်ရှိမယ့် နေရာတွေကိုချည်းရွေးပြီး ပိုစတာကပ်ပိန်းစတယ်။ ပိုစတာတွေမြင်ရတာ အားရစရာပဲ။
အဲဒီခေတ်က လော်စပီကာနဲ့ စကားပြောခွက်ငှားတာ သုံးကျပ်ပဲပေးရတယ်။ ဟွန်းနှစ်လုံးနဲ့ မိုက္ကရိုဖုန်းတစ်လုံး ရောက်လာတယ်။ ကြွေးကြော်သံတိုင်ကြမယ်။ မာမီက မောင်သိန်းလှိုင်၊ တယ်လီဖုန်းလိုင်းဝင်သွားပြီလို့ လှမ်းအော်တယ်။ မာမီလည်း ကျွန်တော်တို့သပိတ်ကို စိတ်လှုပ်ရှားတယ်ထင်ပါရဲ့။ သူ့အသံက နည်းနည်းကျယ်ပြီး မာမီ့မျက်နှာက တက်ကြွရွှင်လန်းနေတယ်။
"ဝန်ကြီးဦးဘစောရှိပါသလား"
တစ်ဖက်က အမျိုးသမီးတစ်ဦးရဲ့ ရခိုင်သံဝဲတဲ့ ဟလိုသံကိုကြားလိုက်ရ

မြန်မာစကားပြောခွက်ကို ဒီအမျိုးသမီးကြီးက မပိတ်ဘဲ လှမ်းပြောနေတော့တယ်။ စကားပြောခွက်ကို ဒီအမျိုးသမီးကြီးက မပိတ်ဘဲ လှမ်းပြောနေတော့
တယ်။ စကားသံတွေ အတိုင်းသားကြားနေရတယ်။

"ဒေါက်တာသိန်းလှိုင်လို့ ပြောတယ်။ ရန်ကုန်ဆေးရုံကြီးက ဆက်နေတာတဲ့"

ကျွန်တော့်စိတ်တွေ နည်းနည်းတော့ လှုပ်ရှားတာအမှန်ပဲ။

"မရှိဘူးလို့ ပြောလိုက်ကွာ" တဲ့ တစ်ဖက်က ဖြေသံကို နားထောင်ရင်း ဝန်ကြီးဦးဘစောရဲ့စိတ်ဆိုးနေတဲ့မျက်နှာ၊ အလိုမကျတဲ့ ပုံပန်းကိုမြင်ယောင်မိတယ်။ ကြည့်ရတာ ပါးစပ်ကမရှိဘူးလို့ ပြောလိုက်ကွာလို့ ပြောနေတုန်းမှာ လက်တစ်ဖက်က လက်ခါပြပြီး ကျန်တဲ့လက်တစ်ဖက်က လက်သီးဆုပ်ထား လိမ့်မယ်။ သူ့စကားလည်းဆုံးရော အံသွားတွေကို စေ့နေအောင် ကြိတ်ထားလိမ့်မယ်။

"မရှိဘူးဆိုရင်လည်း ရပါတယ်ခင်ဗျာ၊ ဝန်ကြီးပြန်လာရင်တော့ ပြောပြလိုက်ပါ။ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာဝန်ငယ်များအဖွဲ့က သပိတ်တိုက်ပွဲ စတင်ဆင်နွှဲပါပြီ"

အမျိုးသမီးက အနားမှာရှိတဲ့ ဝန်ကြီးကို လေသံတိမ်တိမ်နဲ့ ချက်ချင်းသတင်းပို့တယ်။

"ဆရာဝန်ငယ်တွေ သပိတ်မှောက်ပြီလို့ ပြောနေတယ်"

ဝန်ကြီးဦးဘစောကလည်း လေသံတိုးတိုးနဲ့ ပြောသံပါကြားလိုက်ရတယ်။

"တယ်လီဖုန်း ခုချက်ချင်းချလိုက်"

မကြာပါဘူး။ တယ်လီဖုန်းဝင်လာပါလေရော။ ဆေးရုံအုပ်ကြီးရဲ့ရုံးခန်းကိုဝင်လာတာ ကျွန်တော် သိတယ်။ ဒီအခန်းထဲက ဖုန်းမနေးမကြာ မြည်ကိုမြည်ရမယ်လေ။

"ကျွန်တော် အမ်အက်စ်ပါ"

"ဟုတ်ကဲ့ ဘာမှမပူပါနဲ့။ ဘာမှမဖြစ်ပါဘူးဝန်ကြီး" တဲ့။

ဦးအေးမောင်ကတော့ အားလုံးကောင်းပါသည်ခင်ဗျားလုပ်နေတယ်။ ဝန်ကြီးဆီက ဖုန်းဝင်ပြီး မကြာလိုက်ဘူး။ ညွှန်ကြားရေးမှူး ဦးလတ်ကလည်း ဖုန်းလှမ်းဆက်ပြီး စုံစမ်းတယ်။ ခဏနေတော့ ဆေးရုံဝင်းထဲကို မော်တော်ဆိုင်ကယ် အင်ဂျင်ပါဝါကြီးတစ်စင်းဝင်လာတယ်။ အိတ်ဇောသံတွေဟိန်းလို့။ ယာဉ်ထိန်းရဲတွေ စီးလေ့ရှိတဲ့ ရှေ့တော်ပြေးမော်တော်ဆိုင်ကယ်မျိုးကြီး။ ဆိုင်ကယ်ပေးမှာ ကားရားခွထိုင်သူတွေက ဝန်ကြီးချုပ်ဦးနုရဲ့သား မောင်အောင်စီးလာတာ။

"ဆရာဝန်တွေ သပိတ်မှောက်ကြတယ်ဆိုတာ ဟုတ်သလား"

မောင်အောင်က မေးလို့သာ မေးနေတာ သပိတ်တိုက်ပွဲ ပိုစတာတွေက သူ့ကို ဆီးကြိုနေတယ်။ တစ်ခုစီ၊ ပိုစတာတစ်ခုစီ သူသေသေချာချာဖတ်ကြည့်တယ်။ သူကျေနပ်ဟန်မတူဘူး။ ဆိုင်ကယ်ပေါ်က ဆင်းပြီး ဆေးရုံပေါ်တက်ကြည့်တယ်။ ခြေလှမ်းသွက်သွက်နဲ့ တက်ချသွားတော့ အပေါ်မှာ ဆရာဝန်တစ်ယောက်မှမရှိဘူး"

"အဖေ့ကို ဘယ်လိုပြောရမလဲ"

"မင်းတွေ့တဲ့အတိုင်း ပြောလိုက်လေ"

သူတစ်ချက် တွေသွားတယ်။ အကြံထုတ်နေတာလည်းဖြစ်နိုင်သလို စကားလုံးရွေးနေတာလည်း ဖြစ်နိုင်တယ်။ ဝန်ကြီးကလည်း သပိတ်မမှောက်ပါဘူး၊ ညွှန်ကြားရေးမှူးကလည်း နိုးလို့ပြောပေမဲ့လက်တွေ့မှာတော့ ဆရာဝန်တစ်ယောက်မှမရှိဘဲ ပိုစတာတွေပဲ ရှိနေတယ်။ ဝန်ကြီးချုပ် အပါအဝင် လူကြီးတွေ အိပ်မပျော်တဲ့ညတစ်ညကို ခံစားလိုက်ရပြီ။

* * *

## ဆရာဝန်သပိတ်ကိုဖြိုခွဲတဲ့ အစိုးရ

နိုင်ငံမှာ အုပ်ချုပ်နေတဲ့ လူကြီးတွေက သူတို့အိပ်မပျော်တာကို အိပ်ဆေးသောက်မအိပ်ကြဘူး။ အိပ်ဆေးသောက်ရင်လည်း အိပ်မပျော်တဲ့အတူတူ ဝန်ကြီးဦးဘစောရယ်၊ ညွှန်ကြားရေးမှူး ဦးလတ်ရယ်ရောက်လာကြတယ်။ သူတို့လာကြတဲ့အခါ အသံချဲ့စက်ကနေ ကြွေးကြော်သံတွေ၊ တောင်းဆိုသံတွေ မြိုင်မြိုင်ဆိုင်ဆိုင်ကြီးက ဆီးကြိုလိုက်တယ်။ အောက်ထပ်မှာ ဆေးရုံတက်နေကြတဲ့ ရန်ကုန်တက္ကသိုလ်က နောင်တော်တွေ၊ ညီတော်တွေရဲ့ကျေးဇူးပါပဲ။

လူကြီးတွေခမျာ ပိုစတာတွေကို ရဲရဲမကြည့်ဝံ့ဘူး။ မျက်နှာတွေပျက်လို့။

သပိတ် သပိတ်

မှောက် မှောက်

ဆရာဝန်ငယ်များလစာရရှိရေး

တို့အရေး... တို့အရေး...

လမ်းသွားလမ်းလာတွေရပ်ပြီး စူးစမ်းကြတယ်။ ပရိသတ်တွေ တဖြည်းဖြည်းတိုးလာနေပြီ။

"ခေါင်းဆောင် ဘယ်သူလဲကွ"

ဝန်ကြီးရဲ့မေးခွန်းမှာ ဒေါသက အထင်းသားကြီး။ ကျွန်တော်တစ်ယောက်တည်းရှိတာ။ ကျွန်တော်ထွက်တွေ့လိုက်တယ်။ ဝန်ကြီးရဲ့မျက်လုံးတွေက မီးလျှံတွေ ထွက်တော့မလိုလိုပဲ။

"မင်းသပိတ်မှောက်တာ ဒီအချိန်ကြီးမှောက်ရသလားကွ"

"သပိတ်ကို ဘယ်အချိန်မှောက်ရမယ်၊ ဘယ်အချိန်မှာ မမှောက်ရဘူးလို့ ကန့်သတ်သတ်မှတ်တာ မရှိပါဘူးဝန်ကြီး၊ ကျွန်တော် လူကြီးသူမတွေဆီမှာလည်း မေးကြည့်ပါတယ်။ စာအုပ်တွေလည်း လှန်လှောဖတ်ထားပါတယ်။ ဟိုအခန်းထဲမှာ အဲဒီစာအုပ်တွေရှိတယ်။ ဝန်ကြီးမယုံရင် ဖတ်ကြည့်လို့ရပါတယ်။ နေ့ရယ်၊ ညရယ် သတ်မှတ်ချက် သပိတ်မှာ မရှိပါဘူး။

ကျွန်တော့်ဖြေကြားချက်ကို ဝန်ကြီးဦးဘစောက မကျေလည်တာတော့ အမှန်ပဲ။

ကျွန်တော်တို့ရဲ့ကြွေးကြော်သံတွေ ဝန်ကြီးတွေနဲ့အဖွဲ့အတွက်တော့ နားထဲကို သံရည်ပူတွေ လောင်းထည့်သလို ဖြစ်သွားတယ်ထင်ပါရဲ့။ သူတို့မျက်စိထဲမှာ ပိုစတာတွေကလည်း မီးလိုပူပြင်းကြတယ်ထင်တယ်။ ဝန်ကြီး၊ ညွှန်ကြားရေးမှူးနဲ့အဖွဲ့ ချာခနဲလှည့်ပြန်သွားကြတယ်။

နောက်နေ့ မနက်ကြတော့ ဆရာဝန်တွေက အလုပ်ဆင်းဖို့ လာကုန်ကြရော၊ ကျွန်တော်တို့ သပိတ်ကော်မတီက အလုပ်ဆင်းဖို့လာကြတဲ့ ဆရာဝန်တွေကို မေတ္တာရပ်ပြီး သပိတ်တားကြရတယ်။

"အစ်ကိုတော်အစ်မတော်တို့နဲ့ ကျွန်တော်တို့က တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြတဲ့ ဆွေမျိုးတွေဖြစ်ကြပါတယ်။ ညီငယ် နှမငယ်တို့ ဘဝရှေ့ရေးဖြောင့်ဖြူးသာယာဖို့ အစ်ကိုတော်အစ်မတော်တို့ရဲ့အကူအညီအများကြီးလိုအပ်ပါတယ်။ ကျေးဇူးပြု၍ လုပ်ငန်းခွင်ကို မဝင်ကြပါနဲ့။ သပိတ်မှာ ပါဝင်ပူးပေါင်းကြပါခင်ဗျာ"

အဲဒီလိုသပိတ်တားတော့ သူတို့ပြန်သွားကြတယ်။ သပိတ်တားရတာ လူကနည်းတော့ ဆီးသွားချင်တာတောင် အောင့်ထားရတယ်။ ဆရာဝန်ကြီးတွေ အစ်ကိုတော်တွေလုပ်ငန်းခွင်ပြန်ဝင်မှာစိုးလို့၊ မတတ်သာတဲ့အဆုံး ဝင်းတံခါးနားမှာပဲ ရှူးတွေ ပန်းပစ်လိုက်ရတယ်။ ပင်တော့ ပင်ပန်းတယ်။ ဒီလိုနဲ့ ပထမတစ်ရက်မှာ အောင်မြင်ခဲ့တယ်။

နောက်တစ်နေ့ထုတ်သတင်းစာထဲမှာ မန္တလေးမြို့ဆရာဝန်တွေလည်း ရန်ကုန်မှာ ဆရာဝန်တွေရဲ့ သပိတ်တိုက်ပွဲကို ထောက်ခံတဲ့အကြောင်း တခမ်းတနားရေးသားကြတယ်။ ဝမ်းသာပြီး ခွန်အားတွေပြည့်သွားသလို ခံစားလိုက်ရ

တယ်။ မန္တလေးက ဆရာဝန်တွေကို လေးစားမိတယ်။ သူတို့ကို ကျွန်တော်တို့က လှမ်းစည်းရုံးဖို့မပြောနဲ့၊ အသိတောင်မပေးဖြစ်ဘူး။ ဒီကြားထဲက သူတို့က ကျွန်တော်တို့ကို ရဲဘော်ရဲဘက်တွေလို အသိအမှတ်ပြုပြီး သပိတ်ကို လှမ်းထောက်ခံလိုက်တာ နည်းတဲ့စေတနာမေတ္တာလား။ သူတို့ရဲ့ရဲဘော်ရဲဘက်စိတ်၊ စာနာစိတ်ကို မလေးစားဘဲ မနေနိုင်ဘူး။ တကယ်တော့ မန္တလေးက ဆရာဝန်တွေ လှမ်းပြီး အကြောင်းမကြားအားတာမဟုတ်ဘူး။ အကြောင်းကြား၊ စည်းရုံးရကောင်းမှန်းမသိတာ။

နောက်တစ်နေ့ကြတော့ ဆရာဝန်တွေက အလုပ်ဆင်းရအောင် လာကြပြန်ရော။ ဒီတစ်ခါတော့ ကျွန်တော်တို့တင်မကဘူး။ အနားမှာလာပြီး ကြည့်ရှုစောင့်ရှောက်အားပေးနေကြတဲ့ ရန်ကုန်လူထုပရိသတ်ကပါ အလုပ်မဆင်းဖို့ သပိတ်မှာ ဝင်တားကြတယ်။ ဒီမြင်ကွင်းမြင်တော့ ပိုပြီးအားရှိတာပေါ့။ တချို့ဆရာဝန်တွေကို မေတ္တာရပ်ခံပြီး တားမြစ်လို့ရပေမဲ့ တချို့ကြတော့ မရလို့ ငေါက်တန် ငေါက်ရတယ်။ စိတ်မကောင်းပါဘူး။ မငေါက်ငန်းချင်ပါဘူး။ ဒါပေမဲ့ သူတို့က လူကြီးလူကောင်းလို မေတ္တာရပ်ခံတာကို နားမလည်ကြတော့ ဒီလိုမငေါက်ချင်ဘဲ ငေါက်ရတော့တာပါ။

လူမှုဖူလုံရေးတို့၊ မိခင်နဲ့ကလေးတို့က ဆရာဝန်တစ်ချို့က ခိုးကြောင်ခိုးဝှက် အလုပ်ဆင်းကြတယ်။ ဆေးရုံကြီးထဲသူတို့ကို အစားထိုးပေးတာ။ မဂို (၄) လမ်းက အိန္ဒိယနွယ်ဖွား ဆရာဝန်တချို့လည်း အလုပ်ကိုလာလုပ်ကြတယ်။ ဘယ်လိုမှတားမရဘူး။

* * *

## သပိတ်တိုးချဲ့မယ်

ကျွန်တော်တို့ရဲ့သပိတ်အရှိန်မြင့်သထက် မြင့်အောင်လုပ်ဖော်ကိုင်ဖက် သူနာပြုဆရာမတွေကို စည်းရုံးကြတယ်။ ကျွန်တော်တို့ဟာ လူသားတွေရဲ့ ကျန်းမာရေးအတွက် အလုပ်လုပ်နေကြသူတွေဖြစ်တယ်။ ကျန်းမာရေးဆိုတာ လူတစ်ယောက်အတွက် အရေးကြီးလှတယ်။ ဆရာဝန်ဆိုတာ ဒင်္ဂါးပြားရဲ့ခေါင်းဆိုရင် သူနာပြုတွေဟာပန်းပဲ။ သူနာပြုတွေဟာ လူနာတွေအတွက် မိခင်ဆိုရင် ဆရာဝန်တွေဟာဖခင်ပဲ။ မောင်နှမတွေဆိုရင်လည်း မမှားဘူး။ ဒါကြောင့်မို့ ဆရာဝန်ငယ်တွေရဲ့အရေး ဒီသပိတ်မှာ ဆရာမတို့လက်တွဲပူးပေါင်းပါဝင်ကြဖို့

ပူးပေါင်းပါဝင်ကြဖို့ မေတ္တာရပ်ခံပါတယ်။ သပိတ်မှောက်မယ်ဆိုရင် သင့်တယ်။ ပူးပေါင်းပါဝင်ကြဖို့ ပန်ကြားကြတယ်။ အောက်ကိုဆင်းခဲ့ကြဖို့ ပန်ကြားကြတယ်။

ဆရာမများသမဂ္ဂက သဘောတူတယ်။ သပိတ်မှာ ပူးပေါင်းပါဝင်မယ်လို့ ကြေညာပြီး အောက်ကိုဆင်းလာကြတယ်။ လူနာတွေကို ပစ်ထားခဲ့သလို ဖြစ်ကြမှာစိုးလို့ ကျွန်တော်တို့က ထမီအပြာဝတ်တစ်ယောက်နဲ့ အနီဝတ်တစ်ယောက်နဲ့ စစ္စတာကြီးတစ်ယောက်တော့ ရုံထဲမှာ အစောင့်သဘောနေကြပါဦးလို့ တောင်းပန်ရတယ်။

နောက်တော့ ယောကျ်ားသူနာပြုတွေရော ဆေးရုံအလုပ်သမားတွေပါ သပိတ်ထဲပါဝင်လာကြတယ်။ ဆရာမတွေ၊ လုပ်သားတွေပါ လူစုံပါလာမယ့် အသားထဲက လောက်ထွက်တာမျိုးကြုံရတယ်။ အောင်ဆန်းကျန်းမာရေးဌာနလို နေရာကနေ ဗွေဖောက်ပြီးအလုပ်ဆင်းတဲ့ ဆရာဝန်က ရှိလိုက်သေးတယ်။

သပိတ်အရှိန် အထွတ်အထိပ်ရောက်ချိန်မှာ အစိုးရက သူတို့ထုံးစံအတိုင်း သပိတ်ကိုဖြိုခွဲပါလေရော။ အင်အားသုံးပြီး လက်နက်ကိုင်တွေနဲ့ ဖြိုခွဲပစ်တာမျိုး မဟုတ်ဘူး။ သူတို့ယုတ်မာကောက်ကျစ်ကြပုံက တစ်မျိုး။

ဆေးရုံက ကြော်ငြာသင်ပုန်းမှာ ကြော်ငြာစာလာကပ်တယ်။ သဘောကတော့ အခုချက်ချင်းလုပ်ငန်းခွင်ပြန်ဝင်ကြမယ့် ဆရာဝန်တွေကို လစာ (၃၅၀–၂၅–၇၀၀) စကေးနဲ့ လက်ထောက်ဆရာဝန် အလုပ်ခန့်အပ်မယ်တဲ့။ ဆရာဝန်တွေမှာလည်း သူများနည်းတူ အသည်းအူ၊ နှလုံးနဲ့အစာအိမ်ရှိလေတော့ အစိုးရက အစာအိမ်ကို ချိန်ပြီးပစ်လိုက်တယ်။ လက်တည့်တယ်လို့ပြောရမလား။ လက်ဖြောင့်ပါပေတယ်လို့ ချီးကျူးရလေမလား။

တချို့ဆရာဝန်တွေက အလုပ်ပြန်ဝင်ချင်ကြတယ်။ ဘယ်လိုမှတားမရဘူး။ ဘယ်လိုစည်းရုံးလို့မှမရဘူး။ အဲဒီအချိန်ကစပြီး ဆရာဝန်ဆိုတဲ့ လူတန်းစားကို စိတ်လည်း အကြီးအကျယ်နာသွားခဲ့တယ်။ အထင်အမြင်လည်း အလွန်သေးသွားခဲ့တယ်။ ဩော်… ဆရာဝန်ဆိုတာ စာတွေပဲကျက်မှတ်တတ်တာ၊ ခွေးလောက်မှ အသိဉာဏ်မရှိကြပါလား။ အစာကျွေးလို့ရှိရင် စားကောင်းသလားမစားကောင်းသလော ဝေဖန်ခွဲခြားနိုင်ခြင်းမရှိကြပါလား။ အချင်းချင်းလုယက်စားသောက်ဖို့ ဝန်မလေးကြသူတွေပါလား။ မအေ… ဆရာဝန်ဆိုပြီး ကျွန်တော့်အိမ်ကို ဆရာဝန်တွေတစ်ယောက်မှ ဝင်ခွင့်မပေးတော့ဘူး” ကျွန်တော့်အိမ်မှာရှိတဲ့ အစောင့်ခမျာ ဧည့်သည်လာရင် မေးရမြန်းရတယ်။ ခွေးနဲ့လူဆိုရင် ဝင်လို့ရတယ်။ သူခွင့်ပေးတယ်။ ဆရာဝန်ဆိုရင် ဟင့်အင်း… နိုး… ပဲ။ ကျွန်တော် သူတို့ကို အဲဒီလောက်စိတ်နာခဲ့တာ။ သူတို့ကိုပြန်ပြီး လက်ခံခဲ့တာ ကျွန်တော်အသက်

(၆၀) ကျော်မှ ပြန်လက်ခံခဲ့တာ။

ဆရာဝန်တွေ ရုံးကိုသွားကြတယ်။ လက်မှတ်ထိုးခဲ့ကြတယ်။ ဆေးကျောင်းသားကိုရန်ရှင်း (အခုအမေရိကန်မှာ နေထိုင်နေတဲ့ ဒေါက်တာရန်ရှင်း) က

"ဖိုးသိန်းလှိုင်၊ မင်းအော်မနေနဲ့၊ မင်းအကောင်တွေ အကုန်လုံးသွားပြီး လက်မှတ်ထိုးနေပြီ"

"ဘာ... ဘာဖြစ်လို့လဲ"

"ဒီမှာဖတ်ကြည့်လေကွာ၊ ငါသင်ပုန်းကခွာလာခဲ့တာ"

ကျွန်တော်ဖတ်ကြည့်ပြီး မျက်ရည်တွေလည်ကုန်တယ်။ စိတ်မကောင်းတာနဲ့ ဝမ်းနည်းတာ ရောယှက်ခံစားမိတာ။ ရှက်တာပါပိုသေးတယ်။ အလွန်ရှက်ဖို့ကောင်းတဲ့ကိစ္စပဲ။

"ဟာ... မဖြစ်နိုင်တဲ့ကိစ္စပဲ၊ အလုပ်သင်ဆရာဝန်တာဝန် (၁၂) လပြည့်မှ ဆရာဝန်လုပ်လို့ရတာ၊ ဒီကောင်တွေကို ဒီလောက်မှ ဦးနှောက်မရှိဘူးလား"

အဲဒီခေတ်က ဆရာဝန်ခန့်ထားမယ်ဆိုရင် ဝန်ထမ်းရေးဌာန PUBLIC SERVICE က ခန့်ထားရတယ်။ ဒါရိုက်တာက ခန့်ခွင့်မရှိဘူး။ ဒီတော့ လက်မှတ်ထိုးနေကြတဲ့၊ လက်မှတ်ထိုးဖို့ လာနေကြတဲ့ ဆရာဝန်တွေသွားပြီး ရှင်းပြပြီးတားတယ်။

"သူငယ်ချင်းတို့ ဆရာဝန်အလုပ်ခန့်တာ ပြည်သူ့ဝန်ထမ်းရေးရာဌာနက ခေါ်တဲ့စာဟုတ်ရဲ့လား။ ငါတို့ကို ဝန်ကြီးကတောင် အလုပ်ခန့်ခွင့်မရှိဘူး။ မင်းတို့ ဒီလောက်လေးမှမသိကြဘူးလား။ မင်းတို့အတွက် ငါတို့ဒီလောက်တိုက်ပွဲဝင်ပေးနေတာ၊ ငါတို့နဲ့တိုင်ပင်ကြပါဦးတော့ကွာ"

သပိတ်အရှိန်အဟုန်က ဘယ်လောက်အထိ မြင့်မားသလဲဆိုရင် ဒေါက်တာ အယ်လင်ချွန်းဆိုတဲ့ ပုဂ္ဂိုလ်သပိတ်တားနေကြတဲ့ကြားက ဟိုကျော်ဝင်ဒီကျော်ဝင် အလုပ်ဆင်းတော့ မခံမရပ်နိုင်တဲ့ ဆေးကျောင်းသားတွေက အလုပ်ဆင်းတဲ့ဆရာဝန်ဟူသမျှ ဝင်သာရိုက်ကြကွာတွေဖြစ်ပြီး တကယ်ဝင်ရိုက်တော့ ဒေါက်တာအယ်လင်ချွန်း ခြေထောက်ကျိုးသွားတယ်။

ဒီဆရာဝန်က ကျွန်တော့်ကို ဘယ်ကျေနပ်မလဲ။ ကျွန်တော်ရိုက်တာ မဟုတ်ဘူး။ ဆေးကျောင်းသားတွေက ရိုက်တာလေ၊ ဒါပေမဲ့ ဒီဆရာဝန်က ကျွန်တော်နောက်ကွယ်ကနေ မြှောက်ပင့်ပေးတယ်လို့ အောက်မေ့နေတာ။ ဆရာဝန်တချို့ကို ဆေးကျောင်းသားတွေ ရိုက်ထုတ်ခြောက်လှန့်ခဲ့ရတယ်။

* * *

# ဆွေးနွေးပွဲ

တတိယနေ့မနက်မှာ ဝန်ကြီးအဖွဲ့က ကျွန်တော်တို့ကို ဆွေးနွေးချင်တယ်လို့ ကမ်းလှမ်းတယ်။ သူတို့မှာလည်း မဆွေးနွေးလို့ကိုမရတဲ့ အကျပ်အတည်းနဲ့ ကြုံနေရပြီလေ။ မျက်စိကုဆရာဝန်ကြီး ဦးကိုကြီးဆီ ဖုန်းဝင်လာတာပါ။

"မောင်သိန်းလှိုင် အော်ဟစ်မနေနဲ့ ဆွေးနွေးမယ်တဲ့"

"ဘာလို့လဲ ဆရာ"

"ဝန်ကြီးအဖွဲ့က မင်းနဲ့ ဆွေးနွေးမယ်တဲ့"

"အဲဒီတော့"

"မင်း အတွင်းဝန်များရုံးကို သွားရလိမ့်မယ်"

"ဘယ်သူက ပြောသလဲဆရာ"

"အခုပဲ အတွင်းဝန်များရုံးက တယ်လီဖုန်းလာတယ်"

စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားတယ်။ ဟုတ်ရောဟုတ်ရဲ့လား။ ဒီအကွက်က ဘာအကွက်လဲ။ နောက်ဆက်တွဲ ဘာတွေဖြစ်လာလေမလဲ။

"ကျွန်တော် အဲဒီဖုန်းနဲ့ အတွင်းဝန်များရုံးကို ဖုန်းပြန်ဆက်ပါရစေဆရာ ကျွန်တော်အနားမှာနေပေးပါ"

ကျွန်တော် မွှန်မွှန်ရည်ပြောပေမဲ့ ဆရာဦးကိုကြီးက ကျွန်တော့်အပြောကို မကြိုက်ဘူး။ သူ့ကို ကျွန်တော်မယုံသလို ဖြစ်သွားတယ်ထင်ပါရဲ့။ ဒါမှမဟုတ် ဆရာအဓိပ္ပာယ်အကောက် လွဲလေသလားမသိ။

"ဟေ့ကောင်၊ မင်းငါ့ကို ဘာကောင်အောက်မေ့လို့လဲ"

ဆရာ့လေသံပြင်းပြီး မျက်နာတွေရဲတွက်လာတယ်။ ကျွန်တော့်ကို စိုက်ကြည့်နေတဲ့အကြည့်က မေ့ရက်စရာမရှိဘူး။

"မဟုတ်ပါဘူးဆရာရယ်၊ ဆရာဟာ ပါမောက္ခဖြစ်သလို ကျွန်တော်ဟာ ဒီသပိတ်ရဲ့ခေါင်းဆောင်တစ်ယောက်ပါ"

ကျွန်တော်ချိုသာတဲ့အသုံးအနှုန်းနဲ့ ပြေပြေလည်လည်ဖြည့်ပြောလိုက်မိတယ်။ ဆရာဦးကိုကြီး တအောင့်စဉ်းစားပြီးမှ သူ့တယ်လီဖုန်း ကျွန်တော့်ကို အသုံးပြုခွင့်ပေးတယ်။ ကျွန်တော်ဝန်ကြီးဆီကို တိုက်ရိုက်ဆက်လိုက်တယ်။ သူ့ကိုယ်ရေးအရာရှိက ဒေါက်တာသိန်းလှိုင်ဆိုတာနဲ့ ဝန်ကြီးနဲ့ပြောခွင့်ရတာပဲ။ သိပ်ပြီးတော့ ဖွဲ့ဖွဲ့နွဲ့နွဲ့မပြောဖြစ်ပါဘူး။ လိုရင်းပဲ ပြောလိုက်တယ်။

"ဖမ်းချုပ်ခြင်း၊ မတော်မတရားနှိပ်စက်ခြင်းကို လုံးဝလက်မခံပါ။ လူကိုလူလိုမြင်ပြီး ဆရာဝန်ကို ဆရာဝန်လို တွေ့ဆုံမယ်ဆိုရင် အခုလာခဲ့မယ်"

ကျွန်တော် ပြောချင်တာပြောပြီးတော့ ကျွန်တော့်ဘက်က တယ်လီဖုန်းကို အသာအယာချလိုက်တယ်။ ဒါပေမဲ့ တစ်ဖက်ကတော့ တယ်လီဖုန်းကို သာသာယာယာမချဘူး။ ကျွန်တော်ပြောသမျှကို ဆရာဦးကိုကြီး အကုန်ကြားတယ်။ သူ့အနားမှာရှိနေတယ်လေ။

"ဆရာ အကုန်ကြားလိုက်တာပဲ။ ဆရာကျွန်တော့်အတွက် အာမခံပါ။ ကျွန်တော့်အတွက် ဆရာသက်သေပါပဲ"

"ဟေ့ကောင် မင်းငါ့ကို ဒီလိုချည်နှောင်လို့ရမလားကွ"

"ဆရာကမှ ကျွန်တော့်ကိုအာမမခံရင် ကျွန်တော်လည်း အတွင်းဝန်များရုံးကိုမသွားနိုင်ဘူး"

ဆရာဦးကိုကြီးက သိပ်ပြီးလုပ်တတ်ကိုင်တတ်ရှိပြီး လူရည်သိပ်လည်တယ်။ ကျန်းမာရေးဝန်ကြီးဆီ တယ်လီဖုန်းချက်ချင်းဆက်တယ်။ လက်တစ်ဖက်က တယ်လီဖုန်းကိုင်ထားပြီး လက်တစ်ဖက်က လက်ကိုင်ပဝါနဲ့ ချွေးစတွေကို လိုက်တို့နေတယ်။

"ဝန်ကြီးခင်ဗျား... ဒေါက်တာသိန်းလှိုင်က ဖမ်းတာဆီးတာမတရားသဖြင့် နှိပ်စက်တာတွေ မလုပ်ပါဘူးလို့ ကျွန်တော်က အာမခံရမယ်လို့ ပြောနေပါတယ်"

ဟိုဘက်က ပြန်ပြောသံကို ကျွန်တော် မကြားရဘူး။ တယ်လီဖုန်းကိုချပြီး ကျွန်တော့်ကို မပြုံးချင်ပြုံးချင်နဲ့ မချိသွားဖြဲပြုံးပြတယ်။

"လာ သွားကြမယ်"

"ဆရာကိုယ်တိုင်ကြားတယ်နော်၊ ဆရာသက်သေနော်"

"အေးပါကွာ"

သပိတ်မှောက်ကော်မတီတွေ လိုက်ရှာရတယ်။ ခင်မောင်ကျော်ကို အတော်ရှာယူရတယ်။ ဝင်းရွှင်လိုက်ရှာလို့မတွေ့ဘူး။ ဆတ်ထွားလည်းရှာလို့မတွေ့ဘူး။ တော်တော်ရှာမှ သုံးလေးယောက်ရတယ်။

"မင်းတို့ကောင်တွေ သိပ်ရက်စက်တယ်ကွာ၊ အနားတောင်မှ ဘယ်သူမှ မလာကြဘူး။ ငါ့တစ်ယောက်တည်း ပစ်ထားကြတာ"

သူတို့ကိုကရုဏာဒေါသနဲ့ဆဲမိတယ်။ လာသွားကြမယ် ကားပေါ်တက်ကြဆိုတော့ ကားပေါ်မှာ သက်ထားဝေပါရောက်နေတယ်။

"ကိုသက်ထားဝေ ခင်ဗျား သပိတ်တုန်းက မမြင်မိပါဘူး။အခု ဝန်ကြီးနဲ့တွေ့မယ်ဆိုတော့မှ ကားပေါ်ရောက်နေတယ်"

"ဟေ့ကောင် ဒါလည်းတိုက်ပွဲပဲ၊ တိုက်ပွဲက မပြီးသေးဘူးကွ"

ဆရာဦးကိုကြီးက

"ဒါမင့်လူတွေလား"

စိတ်ထဲမှာ ခံပြင်းလို့အရွဲ့တိုက်ပြီးဖြေလိုက်တယ်။

"တစ်ယောက်မှ မဟုတ်ဘူး"

သူငယ်ချင်းတွေက ကျွန်တော့်ဖြေပုံဖြေလက်ကို သဘောကျပြီး ပြုံးကြရယ်ကြတယ်။ ကားပေါ်မှာ တစ်ယောက်ပခုံးတစ်ယောက်ဖက်ပြီး အတွင်းဝန်များရုံးကို လိုက်လာခဲ့ကြတယ်။

ဒီသပိတ်အကြောင်း စာနယ်ဇင်းဆရာတွေက တဖွဲ့တနွဲ့ရေးကြတယ်။ ကမ္ဘာ့ဆေးလောက သပိတ်တွေထဲမှာ ပြင်သစ်ပြည်မှာဖြစ်ခဲ့တဲ့ သပိတ်ပြီးရင် မြန်မာပြည်က ဒီသပိတ်ဟာ ဒုတိယပဲတဲ့။ ပြင်သစ်ပြည်က သပိတ်ကတော့ ဆေးရုံလောကကို စီမံခန့်ခွဲကြတဲ့ ပုဂ္ဂိုလ်တွေပဲ မှောက်တာ။ ဗမာပြည်က သပိတ်ကတော့ ဆရာဝန်တွေရော၊ သူနာပြုတွေရော အလုပ်သမားတွေပါ ပါဝင်ကြလို့ တစ်မူထူးခြားပြီး ပေါက်ကွဲအားပြင်းထန်သတဲ့။ သတင်းစာဆရာတွေရဲ့ ကူညီဖေးမတာကြောင့် ထင်ပါရဲ့။ အစိုးရအဖွဲ့က ကျွန်တော်တို့ကို အတွင်းဝန်များရုံးကိုလာခဲ့ဖို့ ကမ်းလှမ်းတယ်။ တကယ်တော့ သပိတ်ဂယက်က သူတို့မျှော်လင့်ထားတာထက်ကြီးလို့ မကမ်းလှမ်းရင်မဖြစ်တော့လို့ ကမ်းလှမ်းတာလေ။ သူတို့မချစ်သော်လည်း အောင့်ကာနမ်းရမယ့်အဖြစ်။ မကြိုက်တာမှ တော်တော်ကို မကြိုက်ပေမဲ့ ပင့်သက်ရှူလိမ့်မယ်။ နှုတ်ခမ်းမွေးကြမ်းကြမ်းကြီးနဲ့ နမ်းမှာလေလား။ လည်စေ့ညှစ်ပြီး ပင့်သက်ရှူမှာလေလား။

* * *

## မတာရားလုပ်ကြခြင်း

အတွင်းဝန်များရုံးမှာ ဝန်ကြီးဦးဘစော၊ ဒါရိုက်တာ ဦးဖိုးလတ်နဲ့ တခြားအရာရှိတွေ အင်္ဂလိပ်အက္ခရာယူပုံသဏ္ဍာန်စားပွဲကြီးနဲ့ အသင့်ထိုင်နေကြတယ်။ လူလတ်ပိုင်းတစ်ယောက်က ကျွန်တော်ကို နေရာချထားပေးတယ်။ ကိတ်မုန့်နဲ့ လက်ဖက်ရည်တွေလည်း ချထားတယ်။ ကိတ်မုန့်တွေကောက်ဝါးပစ်ပြီး လက်ဖက်ရည်ကောက်အကိုင်မှာ...

"နေပါဦး... နေပါဦး... မင်းတို့က ဆရာဝန်တွေဆို"

ဦးဘစောက လှမ်းဟန့်တယ်။

"ဗိုက်ဝအောင် မစားရတာ သုံးရက်ရှိနေပြီ"

"စားပါ မပြောဘဲနဲ့ ရောက်တာနဲ့ ကောက်စားတာတော့ မဖြစ်သင့်၊ မလုပ်သင့်ဘူးထင်တယ်"

အားလုံးက ကျွန်တော်ဘာပြန်ပြောမလဲ၊ နားစွင့်နေကြတယ်။ ဦးဘစောက ကျွန်တော်တို့ရဲ့နာမ်ကို အရင်ဦးအောင် နှိမ်လိုက်တာပဲ။

"ဝန်ကြီးခင်ဗျား... ဒီမှာတည်ခင်းထားတာဟာ ဖိတ်ကြားထားတဲ့ သူတွေအတွက်ပဲ မဟုတ်ဘူးလား။ စားပွဲပေါ်တင်ထားတာ တွေ့လို့ပါ။ ဒါဘုရားဆွမ်းတော်တင်ထားတာတော့ မဖြစ်နိုင်ဘူး။ ခွေးကျွေးတယ်ဆိုရင် အောက်မှာချကျွေးမှာပါပဲ။ လူကို ကျွေးဖို့ထားတော့ လူကစားတာ ဘာပြဿနာရှိလို့လဲ။ စားပါသောက်ပါလို့ ပြောဖို့လိုလို့လား။ ရိုးရိုးလေးတွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်"

ပြောပြီးတော့ မုန့်တစ်ခု ပလုတ်ပလောင်းကောက်ဝါးပြလိုက်တယ်။ သူသိသွားပြီ။ ကျွန်တော့်နားရွက်ကို တံတွေးဆွတ်ချင်တာ ဆွတ်လို့မရမှန်းသိတော့ လျှောချသွားတယ်။

"ကဲ... ပြောရင်းနဲ့စားကွာ၊ စားရင်းနဲ့ အလုပ်တွေလုပ်ကြမယ်၊ အလုပ်ကလည်း အရေးကြီးတဲ့အလုပ်"

ဒီပြင်သူငယ်ချင်းတွေလည်း ဝိုင်းပြီး စားကြသောက်ကြတယ်။

"မင်းတို့လိုချင်တာ ငါတို့ပေးမယ်ဟုတ်ပြီလား"

"ကျေးဇူးတင်ပါတယ် ဝန်ကြီး"

"ဒါပေမဲ့ ဒီစာရွက်ပေါ်မှာ လက်မှတ်ထိုး"

"ဟာ ကျွန်တော်တို့ တောင်းဆိုတာတွေရတယ်ဆိုရင် လက်မှတ်ထိုးမှာပေါ့"

ဝန်ကြီးရဲ့ ကိုယ်ရေးအရာရှိက ကမ်းပေးတဲ့စာရွက်တစ်ရွက်ပေါ်မှာ ကျွန်တော့်အိတ်ထဲက ဖောင်တိန်ထုတ်ပြီး သိန်းလှိုင်လို့ထိုးမြဲလက်မှတ် ထိုးလိုက်တယ်။

သူငယ်ချင်း ကိုခင်မောင်ရွှေက ဒီနေရာမှာ သိပ်ပြီးသတိရှိတယ်။ သူ့ကို ကျေးဇူးတင်ဖို့ကောင်းတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ကိုခင်မောင်ရွှေဆိုတာ သာခင့်သားမက်ပေါ့။ သူက ကျွန်တော့်ပေါင်ကို လက်နဲ့အသာကုပ်ပြီး

"သူငယ်ချင်း လက်မှတ်အရမ်းမထိုးနဲ့လေ၊ ဖတ်ကြည့်ဦး"

"ဟာ ဖတ်မနေတော့ပါဘူး၊ တို့လိုချင်တာရပြီပဲ"

"ဟာ မဟုတ်ဘူး။ ဒါအရေးကြီးတဲ့ကိစ္စတွေလေ၊ ဖတ်ကြည့်ပြီးမှ လက်မှတ်ထိုးပေးရတယ်"

အဲဒီခေတ်က သတင်းစာတွေကို ပြန်လှန်ဖတ်ကြည့်ရင် မဟုတ်မမှန်

မတရားတဲ့ သတင်းမှားတစ်ပုဒ်ကို စာဖတ်သူတွေ တွေ့ကြရလိမ့်မယ်။ "ပြည်သူ့လူထုအား ဝန်ချတောင်းပန်ခြင်း" ဆိုတဲ့ စာပိုဒ်အောက်မှာ ပုံ သိန်းလှိုင်ဆိုတဲ့ လက်မှတ်ထိုးနဲ့သတင်းပေါ့။

ဗမာပြည်ကွန်မြူနစ်ပါတီက လမ်းညွှန်မှုပေး၍ စေခိုင်းသည်များကို မသိနားမလည်စွာ ဆောင်ရွက်ခဲ့မိသည်မှာ ကျွန်တော်၏မှားယွင်းသော လုပ်ဆောင်ချက်များသာဖြစ်ပါသည်။ ဘာညာသာရကာတွေ၊ သပိတ်မှောက်စဉ်ကာလများတွင် လူငါးဦးကွယ်လွန်အနိစ္စရောက်ရခြင်းအပေါ်တွင် ကျွန်တော်၏မိုက်မဲသော ဖြစ်မှုများကြောင့်သာဖြစ်ပါသည်။ ဘာညာသာရတာတွေ။

နောက်နောင်တွင် ယခုကဲ့သို့ မှားယွင်းမှုများမဖြစ်စေရအောင် ကတိခံဝန်ရေးထိုးပါသည်၊ ဘယ်နှယ့်ညာနှယ့်တွေ...

တကယ်တော့ ကွန်မြူနစ်တွေနဲ့ ဒီသပိတ်နဲ့ဘာမှမဆိုင်ဘူး။ ကွန်မြူနစ်က သူ့ဘာသာပဲရှုးရှိုးမှာနေတာ။ ကျွန်တော်တို့နဲ့ အဝေးကြီး။

ရန်ကုန်ဆေးရုံကြီးဆိုတာ တစ်ပြည်လုံးက ရောဂါသည်းကြတဲ့ ဝေဒနာရှင်တွေရဲ့ အားကိုးရာပဲ။ သုံးရက်အတွင်းမှာ ငါးယောက်ကွယ်လွန်ရတာ သပိတ်ကြောင့်ဆိုတာ နည်းတောင်နည်းသေးတယ်။ ကျန်ခဲ့တဲ့ ဆရာမတွေ အပြုအစုကောင်းလို့ မသေသင့်တာ မသေပါဘူး။

အစိုးရရဲ့လုပ်ရပ်က တော်တော်ပြင်းတာပဲ။ အရင်က ဒီလိုဖြေရှင်းနည်းမျိုး ဘယ်နှခါဖြေရှင်းခဲ့ပြီလဲ။ သူတို့ရေးထားတဲ့ စာပိုဒ်ငါးပိုဒ်၊ တစ်ပိုဒ်မှာ လက်ခံနိုင်စရာ မရှိဘူး။ စကားလုံးတိုင်း ဝါကျတိုင်း မဟုတ်တန်းတရားတွေချည်းပဲ။

အနားမှာရှိကြတဲ့ သူငယ်ချင်းတွေကို ဝန်ကြီးလက်မှတ်အထိုးခိုင်းတဲ့ စာရွက်လက်ဆင့်ကမ်းလိုက်တယ်။ သူတို့စုပြုံတိုးငေ့ဖတ်ကြည့်ကြပြီး ဒေါသဖြစ်ကြ၊ မကျေမနပ်တွေဖြစ်ကြတယ်။ ဒီသူငယ်ချင်းတွေလည်း ဘယ်သူမှ ဗမာကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ်မရှိကြဘူး။ ဒီအတွက် အချင်းချင်းကြားမှာ ယုံမှားသံသယကင်းကြတယ်။

တစ်ခန်းလုံး တိတ်ဆိတ်နေတယ်။ လူကြီးတွေရော၊ လူငယ်တွေရော ကျွန်တော် ဘာဆက်လုပ်မလဲ စောင့်ကြည့်ကြ၊ နားစွင့်နေကြတယ်။ တကယ်တော့ အတူပါလာတဲ့ သူငယ်ချင်းတွေနဲ့ တိုင်ပင်ဖို့ကောင်းတယ်။ ဒါပေမဲ့ ကျွန်တော်မတိုင်ပင်မိဘူး။ စိတ်ထဲမှာ အတော်ခံပြင်းနေတယ်။ တော်တော်ရက်စက်တဲ့ လူတွေပါလား။

"ဝန်ကြီး၊ ကျွန်တော့်မိဘတွေက ကုန်သည်မျိုးရိုးတွေပါ။ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ကျွန်တော်နဲ့ ဘယ်လိုမှမပတ်သက်ပါဘူး"

ပြောရင်းဆိုရင်း စိတ်ကမထိန်းနိုင်တော့ဘူး။ လက်မှတ်ထိုးမိတဲ့ စာရွက်ကို ဖြင်းဖြင်းမြည်အောင် ဆုတ်ဖြဲလိုက်မိတယ်။ စက္ကူအကောင်းစားရဲ့ ဆုတ်ဖြဲသံက တိတ်ဆိတ်နေတဲ့ ရုံးခန်းရဲ့အပြင်ဘက်တောင် ဖိတ်လျှံကျကုန်တယ်ထင်ရတယ်။

ဝန်ကြီးရဲ့မျက်နှာက ရဲခနဲတစ်ချက်ဖြစ်သွားတယ်။

"ဟ မင်းက လက်မှတ်မထိုးဘူးပေါ့ဟုတ်လား၊ မင်းလက်မှတ်မထိုးရင် ငါတို့လည်း မပေးဘူးပေါ့"

"မပေးရင် ကျွန်တော်တို့ဆက်ပြီး သပိတ်မှောက်ရမှာပဲ"

"လက်မှတ်မထိုးရင် ငါတို့ကမပေးဘူး"

"ကျွန်တော်တို့ကလည်း မရမချင်း သပိတ်တိုက်ပွဲဆက်နွှဲမှာပဲ"

"လက်မှတ်ထိုးပေးပြီးရင် ဒီစာရွက်က ဘာလုပ်မှာလဲ"

"ညမြန်မာ့အသံကနေ သတင်းကြေညာတော့၊ အထူးသတင်းအဖြစ်နဲ့ ကြေညာမယ်"

"ဒါဆို ဘာလက်မှတ် ဘာစာရွက်မှ မလိုပါဘူး။ ညကြရင် မြန်မာ့အသံကို သွားပြီး ပြည်သူလူထုကို အမှန်အတိုင်းဖွင့်ဟလိုက်မယ်လေ"

"အံမာ ငါဝန်ကြီးတောင်မှ ပြောခွင့်မရှိဘူး၊ အသံလွှင့်တဲ့သူက သူ့အလုပ်သူလုပ်လိမ့်မယ်။ မင်းပါလို့မရဘူး"

ဝန်ကြီးရဲ့လေသံက ပြန်ပြီးခက်ထန်လာတယ်။

"ကျွန်တော်ကတော့ မပြောရဘူး၊ အသံလွှင့်တဲ့သူပဲ ပြောရမယ်ဆိုတာ ဘာမှအဓိပ္ပာယ်မရှိဘူး။ အစိုးရက ခွင့်ပြုရင် ကျွန်တော့်မှာလည်း တင်ပြခွင့် ပြောခွင့်ရှိရမယ်"

"မင်းစကားမရှည်နဲ့၊ လက်မှတ်ထိုးရင်ထိုး၊ မထိုးရင်ပြန်တော့"

ကျွန်တော်စဉ်းစားတယ်။ စဉ်းစားပါတယ်။ အထပ်ထပ်အပြန်ပြန် အလှန်လှန်စဉ်းစားတယ်။ သူတို့စွပ်စွဲသလို ကျွန်တော်နဲ့ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ကင်းရှင်းကြောင်းအတူ လိုက်လာကြသူတွေ အားလုံးသိကြတယ်။ ကျွန်တော်နဲ့ တစ်နှစ်တည်းအောင်ကြ၊ ဆရာဝန်ဘွဲ့ရကြသူတွေအတွက်ရော အလုပ်သင် ဆရာဝန်လစာရကြမှာလား။ မဟုတ်ဘဲနဲ့ လက်မှတ်ထိုးပေးလိုက်ရမလား။ မဟုတ်တာတော့ ဝန်မခံနိုင်ဘူး။

"ကျွန်တော် လက်မှတ်ထိုးရင် ရာသက်ပန်ပေးမှာလား"

ကျွန်တော့်အသံ လိုအပ်တာထက် နည်းနည်းကျယ်သွားတယ်။ ဝန်ကြီးဆီက စကားပြန်မရသေးခင်မှာပဲ

"ရာသက်ပန်ဆိုတာ အခုချိန်ကစပြီး ကမ္ဘာတည်သရွေ့ ဆေးပညာရပ်

စာမေးပွဲတွေ အောင်မြင်ပြီးကြလို့ မြန်မာပြည်မှာ ပေါ်ထွက်လာကြမယ့် အလုပ်သင်ဆရာဝန်တွေဖြစ်ကြပြီဆိုရင် အလုပ်သင်ဆရာဝန်လစာပေးရမယ်”

ဝန်ကြီးက သူ့စကားကို လေးနက်အောင်လို့လား။ ဒါမှမဟုတ် ကျွန်တော့်စကားရဲ့အားနည်းချက်၊ အားသာချက်ကို ရှာဖွေနေတာလား မသိ။ သူစဉ်းစားပြီးတော့မှ ဝန်ကြီးရဲ့စကားသံထွက်ပေါ်လာတယ်။

“ပေးမှာပေါ့ကွ၊ နောင်တက်မယ့် အစိုးရတော့မသိဘူး။ ငါတို့အစိုးရကတော့ ပေးမယ်”

ကျွန်တော်ဘာမှမပြောဘဲ ခေါင်းတစ်ချက် ညိတ်လိုက်တယ်။ ဝန်ကြီးရဲ့ကိုယ်ရေးအရာရှိက စာရွက်တစ်ရွက်ယူလာတယ်။ ဒီစာရွက်ပေါ်မှာ စာစီထားတာလည်း ခုနက ဆုတ်ဖြဲပစ်လိုက်တဲ့ စာရွက်ပေါ်မှာ ရေးသားထားတာနဲ့ သည်၏မလွဲတစ်ထေရာတည်းပဲ။

ဒီဝန်ကြီးကိုတော့ ထရိုက်ပစ်လိုက်မှရမယ့်ဝန်ကြီးပဲ လက်မှတ်ထိုးပေးလိုက်တာပဲ အေးတယ်။ ကျွန်တော့် ဖောင်တိန်အဖုံးကို ချွတ်ပြီး လက်မှတ်ထိုးမယ် အလုပ်မှာ အနားမှာရှိတဲ့ ကိုခင်မောင်ရွှေကတားတယ်။

“မောင်သိန်းလှိုင်၊ မင့်လက်မှတ်ထိုးလိုက်ရင်တော့ မင်းဘဝပျက်ပြီ”

သူ့စကားသံမကြားခင်ကတည်းက ကျွန်တော့်အတွေးထဲမှာ ထိုးမယ်၊ မထိုးဘူး (လက်မှတ်ထိုးမယ်၊ လက်မှတ်မထိုးဘူး) လွန်ဆွဲနေတာ အကြီးအကျယ်ပဲ။

“ကျွန်တော့်ဘဝပျက်ချင်လည်း ပျက်ပါစေတော့ နောင်လာနောက်သားအများအတွက် ကျွန်တော့်ဘဝစတေးလိုက်ပါမယ်”

ကဲ ကျွန်တော် လက်မှတ်ထိုးမယ်။ ဒါပေမဲ့ ကနေ့ကစပြီး အလုပ်သင်ဆရာဝန်များကို လစာရာသက်ပန်ပေးပါမယ်ဆိုတဲ့ စာကြောင်းတစ်ကြောင်းတော့ ပါမှဖြစ်မယ်”

“ဟဲ့အထက်အရာရှိက အောက်ပါငယ်သားများကို ကတိသစ္စာအနေနဲ့ ဘာစာရွက်စာကြောင်းမှ ရေးပေးစရာမလိုဘူးကွ။ အောက်က ငယ်သားတွေက အထက်က လူကိုကတိသစ္စာအနေနဲ့ လက်မှတ်ထိုးပေးရတာကွ၊ နားလည်လား”

ကျွန်တော်လက်မှတ်ထိုးအပြီးမှာ ပထမဆုံးအစော်ကားခံရတာပဲ။

“သြော် ဗြုရိုကရေစီယန္တရားနဲ့ ဗြုရိုကရက် ဗြုရိုကရက်”

“ဘာဗြုရိုကရက်လဲကွ”

* * *

# ရလဒ်

ကျွန်တော်လက်မှတ်ထိုးပေးလိုက်တော့ ညနေထုတ်သတင်းစာတွေရဲ့ မျက်နှာဖုံးမှာ စာလုံးမည်းကြီးတွေနဲ့ သတင်းဖော်ပြကြပါလေရော။

တယ်တယ်နဲ့မေမေတို့ ငိုလိုက်ကြတာ ဘာပြောကောင်းမတုံး။ သတင်းစာကြီးလက်နဲ့ ဆုပ်ဆုပ်ပြီး ချုံးပွဲချငိုလိုက်ကြတာ။

"အောင်မယ်လေး ကွန်မြူနစ်တဲ့တော်"

"ကျုပ်တို့သားက ကွန်မြူနစ်တဲ့"

အမေ့ကို နားလည်အောင် ချော့မော့ပြောဖို့ စကားက များများစားစား မရှိဘူး။

"မေမေ ကျွန်တော် ကွန်မြူနစ်မဟုတ်ပါဘူး။ ဆန်စက်နဲ့ အပေါင်ဆိုင်နဲ့ပိုင်တဲ့သူလေ။ မော်တော်ကားကိုယ်တိုင်မောင်းပြီး ကျောင်းတက်နေတဲ့ အမေ့သားက ဘယ်လိုလုပ် ကွန်မြူနစ်ဖြစ်နိုင်ပါ့မလဲ။ အစိုးရက မတရားသဖြင့် ဗွတ်အတင်း ဆိုင်းဘုတ်ကပ်လိုက်တာပါ။ နောက်ထပ်သပိတ်တွေ မမှောက်အောင် ကွန်မြူနစ်နဲ့လှည့်တိုက်တဲ့ လှည့်ကွက်ပါမေမေရ"

ကျွန်တော်ရှင်းပြပေမဲ့ မေမေ့မှာ သားစကားကို ယုံကြည်ပေမဲ့ အစိုးရရဲ့ လုပ်ရပ်ကို ရင်နင့်လို့မဆုံးဘူး။ တယ်တယ်ကတော့ တောက်တခေါက်ခေါက်နဲ့ မကျေမချမ်းနိုင်ဘူး။

အခုရန်ကုန်ဆေးရုံကြီးမှာ အုပ်ချုပ်ရေးဘက်က လူကြီးဦးတိတ်ဝမ်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရှိတယ်။ ရန်ကုန်ဆေးရုံကြီးကို အလုပ်သင်အဖြစ် အလုပ်ဆင်းကြမယ့် ဆရာဝန်သစ်လွင်လေးတွေကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောရတယ်။

"သားတို့သမီးတို့ ထိုင်စောင့်နေကြတဲ့ ခန်းမအဝင်ဝလည်းရောက်ရော ဦးရဲ့စိတ်မှာ တစ်မျိုးကြီးခံစားလိုက်ရတယ်။ သားတို့သမီးတို့၊ မောင်တို့မယ်တို့ ဦးဟာ ဆေးရုံအုပ်ချုပ်ရေးမှူး တိတ်ဝမ်ပါ။ မင်းတို့ကိုကြိုဆိုနှုတ်ခွန်းဆက်စကား၊ ကောင်းကောင်းမွန်မွန်ပြောချင်လို့ အိမ်ကနေ အသေအချာ ပြင်ဆင်ရေးသားလာခဲ့တယ်။ ဟောဒီမှာ စာရွက်တွေတွေ့ကြလား။

ဒါပေမဲ့ ဒီအခန်းထဲကို ဝင်လိုက်တဲ့အချိန်ကစပြီး စိတ်ထဲမှပြောရမယ့် စကားတွေ ပြောင်းသွားခဲ့တယ်။ အခုမင်းတို့တစ်တွေ ထိုင်နေကြတဲ့ ခုံတန်းလျား တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်.... အဲဒီခုနစ်တန်းမှာ ဒုတိယမြောက် နေရာမှာ ဆရာထိုင်ခဲ့ဖူးတယ်။ ၁၉၆၀ ခုနှစ်ဆီကပေါ့။

အဲဒီအချိန် အခုဆရာရပ်နေတဲ့နေရာမှာ ဆရာတို့ရဲ့ခေါင်းဆောင်တစ်ယောက်မတ်တတ်ရပ်နေခဲ့တယ်။ သူရဲ့စွမ်းစွမ်းတမံလုပ်ရပ်တွေကို အောက်မေ့သတိရပြီး သူ့ကိုဂုဏ်ပြုတဲ့အနေနဲ့ ဒီဇာတ်လမ်းကို ဆရာပြန်ပြီး ပြောပြမယ်နော်။ ပြီးတော့မှ မိန့်ခွန်းကို ဖတ်ပြမယ်။ ဟုတ်ပြီးလား။

မောင်တို့အမိတို့ လကုန်ရက်ကိုရောက်တဲ့အခါ ဆရာက မောင်တို့အမိတို့ကို အလုပ်သင်ဆရာဝန်လစာပေးရမယ်။ မောင်တို့ အမိတို့ လစာရကြမယ်။ ၁၉၆၀ ခုနစ်ဆီကတော့ မောင်တို့မယ်တို့လို အလုပ်သင်ဆရာဝန်လေးတွေဟာ လစာတစ်ပြားတစ်ကျပ်မှ မရခဲ့ကြဘူး။ မောင်တို့လိုပဲ ဆရာအဲဒီထိုင်ခုံမှာ ထိုင်နေခဲ့ဖူးတယ်။ လစာမရတဲ့ အလုပ်သင်ဆရာဝန်လေးတစ်ယောက် အဖြစ်နဲ့ပေါ့။ မင်းတို့နဲ့မကွာခြားဘူးလားဟင်။

မောင်တို့မယ်တို့လကုန်လို့ အလုပ်သင်ဆရာဝန်လစာရတဲ့အခါ ပထမဆုံးစားတဲ့ ထမင်းလုတ်မျိုမချခင်မှာ ကျေးဇူးပြုပြီး ကျွန်တော်တို့ရဲ့ခေါင်းဆောင်ကို သတိရလိုက်ကြစမ်းပါ။ ထမင်းလုတ်ရဲ့ကျေးဇူးရှင်ဟာ ၁၉၆၀ ခုနစ်ဆီက တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေတဲ့သူတွေ မဟုတ်ဘူး။ အခုဟောဒီမှာ ထိုင်နေတဲ့ ပါမောက္ခချုပ်နဲ့ ပါမောက္ခတွေဌာနမှူးတွေလည်း မဟုတ်ကြဘူး။ ဟိုဘက်မှာ ထိုင်နေကြတဲ့ အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်တွေလည်း မဟုတ်ကြဘူး။ လူငယ်ဆရာဝန်တွေ၊ ဘဝတူတွေ၊ နောင်လာနောက်သားအလုပ်သင်ဆရာဝန်မျိုးဆက်တွေအတွက် ဘဝနဲ့ရင်းပြီး အနစ်နာခံသွားတဲ့ ငါတို့ခေါင်းဆောင်တစ်ယောက်ရှိတယ်။

အဲဒီလူက ဘဝကို အဖျက်ဆီးခံရပေမဲ့ အရှုံးမပေးဘဲ ကြံ့ကြံ့ခိုင်ရပ်တည်သွားခဲ့တယ်။ သူအခု ဆရာရပ်နေတဲ့နေရာမှာ မတ်တတ်ရပ်သွားခဲ့တယ်။ သူ့ငယ်နာမည်က အက်ဒဝပ်ဟုတ်ဝမ်တဲ့။ ဆရာဝန်လောကမှာတော့ ဒေါက်တာသိန်းလှိုင်လို့ခေါ်တယ်။ နာဂသိန်းလှိုင်လို့ လူသိများပြီး အခုပြင်ဦးလွင်မြို့မှာ ရှိနေတယ်။

မောင်တို့မယ်တို့ရဲ့လစာထုတ်ပြီး ပထမဆုံးစားတဲ့ထမင်းလုတ်ကို လက်ကဆုပ်ပြီး ငါတို့ကျေးဇူးရှင်က ဒေါက်တာသိန်းလှိုင်ပါလားလို့ ဆရာက သတိရစေချင်တယ်။ ဆရာလည်း သူ့ကို အမြဲတမ်းတော့ သတိမရပါဘူး။ ဟောဒီအခန်းထဲဝင်လာတာနဲ့၊ ဆရာဝန်သစ်လွင်တွေကို တွေ့တာနဲ့ ဒေါက်တာသိန်းလှိုင်ကို သတိရသွားပြီး ဒီစကားပြောမိတာပါ။ အလုပ်သင်ဆရာဝန်တွေ အခုလို လစာရရှိဖို့ သူတိုက်ပွဲဝင်ပေးခဲ့တယ်။

ညကြတော့ ရန်ကုန်ဆေးရုံမှာ တာဝန်ထမ်းနေတဲ့ ကျွန်တော့်သမီးဆီက

တယ်လီဖုန်းလာပါလေရော။

"ဖေဖေ… ဒေါက်တာ တိတ်ဝမ်ကိုသိလား"

"သိတာပေါ့သမီးရဲ့၊ သူဘာဖြစ်လို့လဲ"

သမီးက ဒေါက်တာတိတ်ဝမ်ပြောတာတွေ အကုန်နီးပါးပြန်ပြောပြတယ်။ သမီးရဲ့တယ်လီဖုန်းက အသံထဲမှာ ဝမ်းသာနေကြောင်း ထင်ရှားသလို၊ ဂုဏ်ယူနေမှန်းသိသာတယ်။ ဒီအဖြစ်အပျက်ဒီအကြောင်းအရာကို သမီးတို့ကို ပြောမပြရကောင်းလား အပြစ်တင်နေလိုက်သေးတယ်။ ကျွန်တော် ပြုံးပဲပြုံးနေမိတယ်။ ထပ်ပြီးပြုံးမိတာကတော့ အဲဒီနေ့က ဒေါက်တာတိတ်ဝမ်ခမျာ သူ့အိမ်ကနေ အသေအချာပြင်ဆင်ရေးသားလာတဲ့ မိန့်ခွန်းလေးတောင် ဖတ်ပြမနေတော့ဘူးတဲ့။

* * *

## ဘဝရဲ့တစ်ချိုးတစ်ကွေ့

ဆေးရုံကြီးတစ်ရုံလုံး သပိတ်လှန်လိုက်ပြီဆိုပေမဲ့ ဆရာဝန်တွေ အကုန်လာကြသေးတာမဟုတ်ဘူး။ (၁၈) ယောက်လောက်ပဲ ရုံးတက်တယ်။ သပိတ်လှန်ပြီးပြီ။ ရုံးပြန်တက်ကြဖို့ ဆေးရုံပြန်လာကြဖို့ ကျွန်တော်ပဲ ဆက်သွယ်ရ၊ တစ်အိမ်တက်ဆင်းလိုက်ခေါ်ပေးရတယ်။ ကမ္ဘာအေးဘက်လည်းရောက်သလို၊ တရုတ်တန်းဘက်က ဆရာဝန်တွေကိုလည်း လိုက်ခေါ်ပေးရတယ်။ ကိုယ့်ကားနဲ့ကိုယ်၊ ကိုယ့်ဓာတ်ဆီ ကိုယ်ထည့်ပြီး လိုက်ခေါ်ပေးတာ။ ခင်မင်တဲ့ သူငယ်ချင်းတွေက စကြနောက်ကြတယ်။

"သိန်းလှိုင် ဘယ်လိုလဲကွ၊ အလုပ်မဆင်းနဲ့ အလုပ်မဆင်းကြပါနဲ့ဆိုတော့လည်းမင်း၊ အခုတော့လည်း အလုပ်ဆင်းကြပါ၊ အလုပ်ဆင်းကြပါဆိုတော့လည်းမင်းပဲ" တဲ့။ သပိတ်လှန်လိုက်တာ သူတို့သိပါလျက် စကြနောက်ကြတာပါ။

လကုန်တော့ အလုပ်သင်ဆရာဝန်တွေ (၂၀၅) ကျပ်စီလစာရကြတယ်။ ကျွန်တော်လစာအပြည့်ရတယ်။ ဒါပေမဲ့ သူငယ်ချင်းတွေရော ကျွန်တော့်ကိုပါ လစာ အပြည့်မပေးပါနဲ့။ (၅) ရက်အလုပ်ပျက်တဲ့သူကို (၅) ရက်စာ ပိုက်ဆံဖြတ်လိုက်ပါ။ (၉) ရက်ပျက်ကွက်ရင် (၉) ရက်တွက်ဖြတ်ပြီး လစာပေးပါလို့ ရုံးကိုသွားပြောတယ်။ သူငယ်ချင်းတွေက ကျွန်တော်အဲဒီလိုပြောလို့ စိတ်ဆိုးကြ၊

ဆဲကြတယ်။ ကဲ့ရဲ့ကြတယ်။ ဟော့ကောင် အက်ဒဝပ်မင်းအိတ်ထဲက ပေးရတာ လည်း မဟုတ်ဘဲနဲ့ သိန်းလှိုင် ဒါမင့်အလုပ်မဟုတ်ဘူးလို့ ဆိုသူကဆိုကြတယ်။ မင်းတော်တော်ခွကျတဲ့ အကောင်ပဲတဲ့။

ဒါပြည်သူ့ဘဏ္ဍာငွေတွေလေ၊ အလွဲသုံးစားမလုပ်ကောင်းဘူး။ လွယ် လွယ်ကူကူစားလို့ရလို့ စားရင်နဲ့ ဆရာဝန်တွေ တိရစ* * *ာန်စိတ်ပေါက်ကုန်လိမ့်မယ်။ ငါက ခွကျတာမဟုတ်ဘူး။ အမှန်အတိုင်းဖြစ်စေချင်လို့၊ အချောင်ရလိုစိတ်တွေ မွေးကြမှာစိုးလို့။ ကျွန်တော့်အယူအဆ၊ ကျွန်တော်အပြောကို လက်ခံသူနည်း တယ်။ ဒီကောင် ဘကြီးနွား အလကားကျောင်းတဲ့အကောင်တဲ့။

နောက်တစ်နေ့ကြတော့ ဆရာဝန်တွေ ဝဒ်တစ်ခုကနေ တစ်ဝဒ်ကို ချိန်း ဖို့ပြောင်းဖို့ ရက်ရောက်ကရော။ ကျွန်တော်တို့ အလုပ်သင်ဆရာဝန်ပြီးဆုံးဖို့ လက်တွေ့ဆင်းကြရတဲ့နောက်ဆုံး (၃) လမှာ ကျွန်တော်က ခွဲစိတ်ရုံတွေမှာ တာဝန်ယူဖို့ပဲ ကျန်တော့တယ်။ ပြီးရင် အလုပ်သင်ဆရာဝန်ပြီးဆုံးပြီ။ ကျန်တဲ့ ဝဒ်တွေမှာ တာဝန်ထမ်းဆောင်ခဲ့ပြီးပြီ။ အိမ်ကနေ ဆေးရုံကို သပ်သပ်ရပ်ရပ် ဝတ်စားလို့ ဆေးရုံကိုထွက်လာခဲ့တယ်။ ဘိုဆံတောက်ကို ဆီမွှေးထည့်ပြီး ကျကျ နန ဖြီးခဲ့တာပေါ့။ ဘောင်းဘီကလည်း မီးပူကျ။

တာဝန်ကျမယ့်ဆရာကြီး ဦးကြည်ပေါ်ရဲ့ဝဒ်မှာ ကပ်ထားတဲ့ ဆရာဝန် စာရင်းမှာ ကျွန်တော်နာမည့်မပါဘူး။ ဩော်... ဝဒ်မှားချတာထင်ပါရဲ့။ ဆရာ ဦးကျော်မောင်ဝဒ်မှာကပ်တဲ့ စာရင်းဖတ်ကြည့်ပြန်တော့လည်း ကျွန်တော့်နာမည် မပါဘူး။ ချွေးနည်းနည်းစို့လာတယ်။ ဆရာဦးခင်မောင်လတ်ဝဒ်ကို သွားပြန် ရော။ အဲဒီမှာ သိန်းလှိုင်ဆိုတဲ့နာမည်မပြောနဲ့။ တီဆိုတဲ့အက္ခရာနဲ့စတဲ့သူတစ် ယောက်မှမပါဘူး။ ဒီဝဒ်သုံးဝဒ်တစ်ခုခုမှာ ကျွန်တော့်နာမည်ပါကိုပါရမယ်။ ကျွန်တော်ခွဲစိတ်ရုံတွေမှာ သုံးလတာဝန်ယူဖို့ပဲ ကျန်တော့တဲ့သူလေ။

ဆရာကြီးဦးကြည်ပေါ်နဲ့ တက်တွေ့တယ်။

"ဆရာဒဝ်မှာ ကျွန်တော့်နာမည်မပါဘူးဆရာ"

"ဟေ... ဒါဆိုရင် ဦးကျော်မောင်ဝဒ်"

အဲဒီမှလည်း မပါဘူးဆရာ၊ ဆရာ ဦးခင်မောင်လတ်ဝဒ်မှာလည်း ကျွန်တော့်နာမည်မပါဘူးဆရာ"

ကျွန်တော်ခံစားမှုပြင်းပြင်းခံစားနေပေမဲ့ အသာတကြည်ပဲပြောနေမိ တယ်။

"ဘယ့်နှယ်လုပ်မလဲဆရာ၊ ကျွန်တော့်သင်တန်းကာလ သုံးလကျန်သေး

တယ်။ ကျွန်တော် ဆရာဝန်မဖြစ်ရတော့ဘူးလား၊ ဆရာတို့ ဝိုင်းပြောပေးဦးမှ ပေါ့"

"ဒါ ဆရာနဲ့မဆိုင်ဘူး၊ အမ်အက်စ် ဆေးရုံအုပ်ကြီးနဲ့ပဲဆိုင်တယ်၊ ဆရာတို့ကတော့ ဆရာတို့ဆီမှာပါတဲ့စာရင်းအတိုင်း လက်ခံရမှာ"

ဆရာဦးကြည်ပေါ်ဆီက စကားပြန်ရတဲ့အခါ တော်တော်ကို စိတ်ပျက်ဝမ်းနည်းမိတယ်။ ဆရာဝန်အိမ်ထောင်စုစာရင်းထဲကနေ သိန်းလှိုင်ဆိုတဲ့ လူတစ်ယောက်ကတော့ ပယ်ဖျက်ခံလိုက်ရပြီ။ ကလောင်နဲ့ဘဝပျက်အောင်လုပ်လိုက်ကြ၊ ဖျက်လိုက်ကြတာ။ ကျွန်တော့်ကို ဘယ်သူငယ်ချင်းကမှ စာနာနားလည်မှု မပေးနိုင်ကြဘူး။ ဘာဖြစ်နေတာလဲလို့ မေးဖော်တောင်မရကြဘူး။ ကျွန်တော့်ကိစ္စ သူတို့နဲ့ လုံးဝမဆိုင်သလိုပဲ။

ခုနစ်ရက်လုံးလုံး ဆေးရုံသွားပြီး ဆင်ဝင်အောက်မှာ ကျွန်တော်သွားထိုင်စောင့်နေတယ်။ ဘာမှမထူးခြားဘူး။ အကြံပေးတဲ့သူငယ်ချင်းတစ်ချို့တော့ ရှိတယ်။ "အက်ဒဝပ်၊ ခင်ဗျားနိုင်ငံခြားသွားလေ၊ ပိုက်ဆံတတ်နိုင်သားနဲ့၊ ဟိုမှာ အလုပ်လုပ်ရင်း ဘွဲ့လွန်တစ်ခုထပ်ယူလိုက်လေ" တဲ့။

တစ်မနက်မှာ မန္တလေးကပထမအသုတ်ကနေ အောင်လာခဲ့တဲ့ ရီတာရှုဘင်ဆိုတဲ့ ဆရာဝန်နဲ့ကံအားလျော်စွာ တွေ့တယ်။ အခုရောဂါဗေဒဌာနမှာ ဆရာလုပ်နေတဲ့သူ။ ပိန်ပိန်သွယ်သွယ်လေး။ သူနဲ့တွေ့တာဟာ ဘာမှမဆန်းပေမဲ့ ရီတာရှုဘင်ဟာ ကျွန်တော့်အပေါ် စိတ်ကောင်း စေတနာကောင်းရှိတဲ့သူဆိုတာ သိလိုက်ရပြီ။

"အက်ဒီ စိတ်ဓာတ်မကျနဲ့"

အကျိုးသင့်အကြောင်းသင့် ပြောဆိုကြပြီးချိန်မှာ ရီတာရှုဘင်ဆီက ပထမဆုံးပြောလိုက်တဲ့ နှစ်သိမ့်အားပေးစကားပဲ။ ဒီစကားပြောပြီး သူတစ်အောင့်စဉ်းစားနေတယ်။ ပြီးတော့မှ လက်ဖျစ်တစ်ချက်တီးပြီး

"မင်းမှာ ကားပါတယ်ဟုတ်လား"

"ပါတယ်"

"ဘယ်မှာလဲ"

"ဟိုသစ်ပင်ရိပ်မှာ"

"လာ... ကားပေါ်တက်မောင်းကွာ"

"ဘာလုပ်ဖို့လဲ ရှုဘင်"

"ငါမောင်းဆိုတဲ့ဆီကိုသာ မောင်းကွ"

သူပြောတဲ့အတိုင်း တည့်တည့်၊ ဟိုလမ်းကျရင် ညာကွေ့၊ တည့်တည့်

သွား၊ ဘယ်ကွေ့တည့်တည့်သွားရင်းနဲ့ ယူဘီအက်စ် UNION OF BURMA SHIPPING AGENT ဆိုတဲ့နေရာရောက်ရော။ အခုကြယ်ငါးပွင့်ရုံးလုပ်ထားတဲ့နေရာပေါ့။ ရှုဘင်ရဲ့အစ်မတစ်ယောက်က ယူဘီအက်စ်မှာ ဌာနခွဲအရာရှိထင်ပါရဲ့။

သူ့အစ်မကို တွေ့တွေ့ချင်းဆောက်နဲ့ထွင်းဆိုသလို ခြေဆင်းတွေ အခင်းအကျင်းတွေမပါဘဲ။

"ရိုစီ ဟောဒီအက်ဒီဟာ ငါ့သူငယ်ချင်းပဲ၊ သနားဖို့ကောင်းတယ်။ ငါတို့အတွက် ရှေ့ကနေတိုက်ပေးခဲ့တဲ့သူ။ အခုသူ့ခမျာ အလုပ်သင် ဆရာဝန်စာရင်းကနေ ကန်အထုတ်ခံရတယ်။ ဖြစ်နိုင်ရင် အက်ဒီကို သင်္ဘောဆရာဝန်တစ်နေရာ ရှာပေးပါလား။

"ရှုဘင်မပြောပါနဲ့၊ ရိုစီဒုက္ခမရှာပါနဲ့၊ နေပါစေ"

ကျွန်တော်တားပေမဲ့ မရဘူး။ ရှုဘင်က သူ့အထက်လူကြီးတွေကို တင်ပြလိုက်တယ်။ နောက်တစ်ရက်ကျတော့... ကျွန်တော့်ကို လူတွေ့တောင် ခေါ်မတွေ့ဘူး။ အလုပ်ခန့်လိုက်တယ်။ လစာ (၆၀၀–၄၀–၈၀၀) စား သင်္ဘောဆရာဝန် တန်းခန့်လိုက်တယ်။

သူငယ်ချင်းတွေအတွက် (၂၀၅) ကျပ်ရအောင် ဘ၀တစ်ခုရင်းပြီး တိုက်ခဲ့တယ်။ ကျွန်တော့်ကိုလည်း စာရင်းမပယ်ဖျက်ခဲ့ဘူးဆိုရင် (၂၀၅) ကျပ်စားပဲ ဆက်ဖြစ်နေမှာ အခုတော့ ကံကြမ္မာက (၆၀၀–၄၀–၈၀၀) စားဖြစ်ဖို့ ဖန်လာခဲ့ပြီ။

* * *

## သင်္ဘောဆရာဝန်ဘ၀

အိမ်ပြန်ရောက်ရောက်ချင်း အဖေနဲ့အမေကို ဝမ်းသာစရာသတင်း အရင်ဆုံး ပြောမိတယ်။ မိဘနှစ်ပါးရဲ့မျက်နှာတွေ ဝင်းပသွားကြတယ်။ အမေက သင်္ဘောဆရာဝန်ဆိုတော့ နည်းနည်းတော့စိတ်ပူတာ အမှန်ပဲ။ အဲဒီအကြောင်း စကားစပြီးမှ ဒိုင်ပြင်စကားကို လွှဲလိုက်တယ်။

"ငါ့သား ကြိုးစားနော်၊ မင်းကို သမ္မာဒေဝတွေ စောင့်ရှောက်လိမ့်မယ်"

ယူဘီအက်စ် ချယ်ယာမင်က ဦးမောင်မောင်တဲ့။ ဒါရိုက်တာက ဦးကျော်စိန်တဲ့၊ ဝန်ကြီးဌာနကို သူတို့အကြောင်းကြားလိုက်တယ်။ ထုံးစံရှိလို့ ဝတ္တရားနဲ့အညီ လုပ်အကြောင်းကြားကြတာပါ။ ကျွန်တော့်ရှေ့တင် တယ်လီဖုန်း

ကို ကောက်လှည့်လိုက်တာပါပဲ။

"ဒေါက်တာသိန်းလှိုင်ကို (၆၀၀–၈၀၀) စကေးနဲ့ ယူဘီအက်စ်မှာ သဘော်ဆရာဝန်ခန့်လိုက်တဲ့အကြောင်း လှမ်းပြီး အကြောင်းကြားတာပါ"

"ဟာ အဲဒီကောင် မခန့်နဲ့၊ မီးခဲ၊ နိုင်ငံရေးသမား၊ သပိတ်ခေါင်းဆောင်လည်းဟုတ်တယ်၊ ခင်ဗျားတို့တစ်ဌာနလုံးပြဿနာတွေ အကုန်ရှုပ်ကုန်လိမ့်မယ်"

ဟိုဘက်က ဒါရိုက်တာနဲ့ အော်ကြီးဟစ်ကျယ်ပြောလိုက်တဲ့ စကားလုံးတွေ ဦးကျော်စိန်ရဲ့ နားရွက်နဲ့ တယ်လီဖုန်းနားထောင်ခွက်ကြားကနေပြီး လွင့်ထွက်လျှံကျပြီး ကျွန်တော်ပါ ကြားလိုက်ရတယ်။ တစ်ဖက်က အော်လို့ နားရွက်နဲ့ နားထောင်ခွက်နဲ့ နည်းနည်း ခွာလိုက်တာလား၊ ကျွန်တော်ကြားရအောင်တမင်ဟလိုက်တာတော့ ဟုတ်မယ် မထင်ဘူး။ တယ်လီဖုန်းကို ချပြီးတဲ့အခါ ဒါရိုက်တာ ဦးကျော်စိန်ရဲ့မျက်နှာက တစ်ဖက်ဒါရိုက်တာရဲ့ ပြောစကားအပေါ်မှာ ဘာခံစားမှုမှ ဖြစ်ပုံမပေါ်ဘူး။

"ကျွန်တော်တို့ဌာနမှာ ဗမာဆရာဝန်တစ်ယောက်မှမရှိဘူး၊ အိန္ဒိယဆရာဝန် နှစ်ယောက်ပဲရှိနေတုန်း ဒေါက်တာသိန်းလှိုင်က အလုပ်လာလျှောက်တော့ခန့်လိုက်တာပါ၊ ကျွန်တော်တို့က ဘုတ် ကော်ပိုရေးရှင်းတစ်ခုဖြစ်ပါတယ်။ ဝန်ကြီးဌာနက ကျွန်တော်တို့အလုပ်ကို စွက်ဖက်လို့မရပါဘူး"

ဦးကျော်စိန်က စိတ်အေးလက်အေး သာသာချိုချိုပြောတဲ့ စကားကြားပြီး ပီတိဖြစ်မိတယ်။

သင်္ဘောဆိပ်ကမ်းကခွာတော့ ရန်ကုန်ဆိပ်ကနေဖူးမြော်ရတဲ့ ရွှေတိဂုံစေတီတော်ဟာ ကြည်ညိုသပ္ပာယ်လို့ မဆုံးဘူး။ နေရောင်ထဲမှာ ရွှေရည်အိနေတာ ကျက်သရေရှိလှတယ်။ သင်္ဘောက တရွေ့ရွေ့သွားနေသလို ကျွန်တော့်အတွေးတွေကလည်း တရွေ့ရွေ့သွားနေတယ်။ သင်္ဘောက ရှေ့ကို ခရီးဆက်နေပေမဲ့ ကျွန်တော့်အတွေးက နောက်ကို ရွေ့နေတယ်။ ငယ်ငယ်က သထုံကိုဘုံဘေဆရာတော် ကြွလာတဲ့အကြောင်း ဘာမှမတိုက်ဆိုင်ဘဲ တွေးမိတယ်။ ရတနာသုံးပါးနဲ့ဆက်နွယ်ပြီး တွေးမိတာထင်ပါရဲ့။

ဘုံဘေဆရာတော် သထုံကိုကြွလာတော့ သထုံကဆရာတော်ကြီးတွေ၊ မြို့မိမြို့ဖတွေ၊ ဒီစီဘတ်တလက်၊ ဦးစောဘသိန်း၊ ဦးဖိုးသီးတို့နဲ့ တိုင်ပင်ပြီး တရားပွဲတွေ ညတိုင်း ကျင်းပကြတယ်။ ရွှေစာရံ ဓမ္မာရုံကြီးမှာကျင်းပကြတာ။ ဘုံဘေဆရာတော်ကြီးက စက်နဲ့လူ၊ လူနဲ့စက် နှိုင်းယှဉ်ပြီး တရားဟောတယ်။ ပရိသတ်က သိပ်သဘောကျကြတယ်။ ပါဠိလည်း သိပ်မပါဘဲကိုး။

ဆရာတော်ဘုရား ဗုဒ္ဓဂါယာမှာ တရားကျင့်နေစဉ်မှာ အိပ်မက်ထူးတစ်ခု

မြင်မက်ခဲ့သတဲ့။ ဗမာပြည်မှာ ဆဋ္ဌသင်္ဂါယနာတင်ရမယ့်အချိန် ရောက်ပြီလို့ အိပ်မက် မြင်မက်သတဲ့။ နတ်မြတ်နတ်ကောင်းတွေက နှိုးဆော်တာလို့ ယုံကြည်မှု ရှိသကိုး။ ဘယ်နေရာမှာ ကျင်းပသင့်သလဲဆိုတော့ သုဝဏ္ဏဘုမ္မိနယ်မြေမှာ ကျင်းပရမယ်ဆိုတဲ့အတိတ်ကြောင့် သူသထုံကိုကြွလာတာလို့ မိန့်တော်မူတယ်။ ဆရာတော်မိန့်ကြားတဲ့စကားကို သူ့တပည့်ဒါယကာ၊ ဒါယိယာမတွေက သိပ် သဘောကျကြတယ်။

သထုံမြသပိတ်တော်ခြေရင်းမှာ မဏ္ဍပ်ကြီးတွေထိုးကြ၊ စုပေါင်းပြီး လုပ်အား ငွေအား ထည့်လှူကြ၊ ကော်မတီတွေ ဖွဲ့ကြ၊ ဗမာပြည်အရပ်ရပ်က စာတတ်ပေတတ် ဆရာတော်တွေကို ဖိတ်ကြားကြတယ်။ မီးရထားနဲ့ရော သင်္ဘောတွေနဲ့ပါ ဆရာတော်တွေ ကြွလာကြတယ်။ သထုံတစ်နယ်လုံး စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် တက်ညီလက်ညီ ဆောင်ရွက်စီမံခန့်ခွဲနေကြချိန်မှာ ဒီသတင်းကို သတင်းစာတွေထဲမှာ စာလုံးအမည်းကြီးတွေနဲ့ ဖော်ပြကြတယ်။

သတင်းစာထဲလည်း ဖော်ပြလိုက်ရော ဝန်ကြီးချုပ်ဦးနုက ဘယ်သူတွေ ဦးဆောင်လုပ်နေတာလဲ၊ ဘာကြောင့်လုပ်တာလဲ၊ ရည်ရွယ်ချက်ကဘာလဲ၊ အခု ချက်ချင်း စုံစမ်းတင်ပြပြီးရင် အရေးယူသင့်ရင် အရေးယူပါလို့ ညွှန်ကြားလို့ ဆိုင်ရာပုဂ္ဂိုလ်တွေ လာစုံစမ်းကြတယ်။ တစ်ဆက်တည်းပဲ ဒီဆဋ္ဌသင်္ဂါယနာတင်မယ့်ကိစ္စကို ရပ်ဆိုင်းထားပါလို့လည်း ညွှန်ကြားချက် ကပ်လျက်ပါလာတယ်။ ဆရာတော်ကြီးတွေရော၊ မြို့မျက်နှာဖုံးတွေပါ အားလုံး ခဲ့အားသင့်ပြီး ဘရိတ်အုပ်လိုက်ကြတယ်။

ဦးနုကိုယ်တိုင် သထုံကို အမြန်ရောက်လာတယ်။ ဆရာတော်ကြီးတွေကို လာလျှောက်တယ်။ သင်္ဂါယနာတင်တယ်ဆိုတာ မင်းက ဦးဆောင်ကျင်းပမှ သင့်လျော်ပါတယ်ဘုရား။ မင်းအစိုးရရှိပါလျက်နဲ့ သံဃာတစ်စု၊ လူတစ်သိုက်က စုပြီး ကျင်းပတယ်ဆိုတာ မသင့်တော်မလျောက်ပတ်ပါဘူး။ ရန်ကုန်မြို့တော်မှာ ခမ်းခမ်းနားနား တင့်တင့်တယ်တယ် ကြီးကြီးကျယ်ကျယ် ကျင်းပသင့်ပါတယ်။ ကျင်းပလိုပါတယ်ဘုရား။ သူ ဦးစီးမယ့် သင်္ဂါယနာတင်ပွဲကို လုပ်ခွင့်ပြုဖို့နဲ့ လုပ်လက်စကို ဆက်မလုပ်ကြဖို့ မေတ္တာရပ်သွားတယ်။

ရန်ကုန်မြို့တော်မှာ သင်္ဂါယနာတင်ပွဲကြီး ကျင်းပတော့ ကျွန်တော်တို့ မိသားစု ရန်ကုန်ကို ပြောင်းခဲ့ကြပြီ။ ညောင်ရမ်းဆရာတော်ဘုရားကြီး မင်္ဂလာဒုံ လေဆိပ်ကို ဆိုက်ရောက်တော့...

"ဟော့ ငါ့ကို ဟုတ်ဝမ်နဲ့ကြင်သုန်တို့အိမ် ပို့စမ်း"လို့ မိန့်တော်မူသတဲ့။ ဆရာတော်ကြီးက ကမ္ဘာအေးတန်းမသွားဘဲ၊ ဦးဝိစာရလမ်းက အိမ်ကို လိုက်လာ

တယ်။

အဖေနဲ့အမေတို့မှာ မွေးစားသားတစ်ယောက်ရှိတယ်။ သူက မန္တလေးသကျသီဟ စာမေးပွဲဖြေဆိုအောင်မြင်ထားတယ်။ ဦးလက္ခဏာဘိဝံသကို ခြိမ့်ခြိမ့်သဲသဲ ပူဇော်ပွဲ လုပ်ကြဖို့ မန္တလေးတက်ကြတာလည်း မှတ်မိနေတယ်။ မန္တလေးက ဖုန်အလွန်ထူ၊ ခြင်အလွန်ကိုက်တဲ့အရပ်ပဲ

ကျွန်တော်တို့ရဲ့ အစ်ကိုတော်တဲ့ သံဃာပေါ့။ မေမေက သူ့သားကို ပိဋကတ်သုံးပုံ အာဂုံဆောင်စေချင်လို့ စီစဉ်တဲ့အခါ သူ့ရဲ့ဆရာတော် ဦးဃောသိတရာမထားဝယ်မြို့ကနေ လှမ်းပြီး တားမြစ်တယ်။ အဲဒီတော့ ဦးလက္ခဏာဘိဝံသလည်း ကမ္ဘာအေးမှာစာပြ၊ စာတည်းအဖြစ် တာဝန်ယူပြီး သီတင်းပြောင်းသုံးရတော့တယ်။။

ပင်လယ်ပြင်ကို ဖြတ်တိုက်တဲ့လေဟာ တဖြူးဖြူးပဲ။ ကြည့်လေရာမှာ ကမ်းမမြင် လမ်းမမြင် ရေပြင်ကျယ်ကြီး။ ဒီသင်္ဘောတွေက စင်ကာပူကိုသွားတဲ့အခါ သွားသလို၊ စစ်တကောင်းကိုသွားတဲ့အခါ သွားရတယ်တဲ့။ စစ်တကောင်းဆိုတာနဲ့ အိန္ဒိယကို သွားခဲ့တဲ့ ခရီးစဉ်သွားသတိရမိတယ်။

* * *

## အိန္ဒိယ ခရီးသည်

ကျွန်တော် ဆေးကျောင်းတက်နေတုန်းမှာ တယ်တယ်က အိန္ဒိယကို ဗဟုသုတဖြစ်အောင်၊ ရောက်ဖူးအောင် သွားလည်ချေတဲ့။ ၁၉၅၄–၅၅ ခုနှစ်ဆီက အဖေ့မိတ်ဆွေကော်မရှင်နာ ဦးခင်မောင်ရင်က တယ်တယ့်ကို

"ဟုတ်ဝမ် မင့်သားတွေကြည့်ရတာ ရိုးတိုးအတတွေ ထင်ပါရဲ့ကွာ၊ မင်းမှာလည်း ပိုက်ဆံချမ်းသာလျက်သားနဲ့၊ ဒီကောင်တွေ နိုင်ငံခြားပို့စမ်းကွာ"တဲ့။

ကော်မရှင်နာ ဦးကျော်ရင်က ပက်လက်ကုလားထိုင်မှာထိုင်လျက် မုန့်တွေစား ကော်ဖီတွေသောက်ရင်း ကျွန်တော့်ကို လှမ်းခေါ်တယ်။

"ဟေ့ အန်းကူ၊ ဖောင်တိန်တစ်ချောင်း၊ ဗလာစာအုပ်တစ်အုပ် ယူခဲ့ကွာ"

မုန့်စားလိုက် ကော်ဖီသောက်လိုက် စာအုပ်ထဲမှာ အိန္ဒိယပြည်အကြောင်းချရေးလိုက်၊ ကော်ဖီသောက်လိုက်၊ ပုံကြမ်းတွေရေးပြလိုက်၊ မုန့်စားရင် အိန္ဒိယပြည်အကြောင်း ရှင်းလင်းပြောပြလိုက်နဲ့ အိန္ဒိယတခွင် ပြပြကိုစင်ရော။

"မင်းတို့ အင်္ဂလိပ်စားတတ်သားပဲ၊ ကမ္ဘာကိုပတ်ရမှာကွ၊ ပတ်လို့ရတယ်"

အဖေက အိုင်စီအက်စ်ရဲ့စကားကို နားဝင်သွားထင်ပါရဲ့။ တယ်တယ်က ပတ်စပို့အလုပ်ခိုင်းတယ်။ ဟိုခေတ်က ပတ်စပို့လုပ်တာ ဘာမှမခက်ဘူး။ လွယ်လွယ်လေး၊ နိုင်ငံခြားရေး ဝန်ကြီးရုံးကို လျှောက်လွှာသွားတင်လိုက်၊ မကြာခင်မှာ အမြတ်ခွန်အရာရှိက အိမ်ကိုလိုက်လေရော။

"အက်ဒဝပ် ဟုတ်ဝမ် ရှိပါသလား"

"ရှိပါတယ်"

"ကျွန်တော် အမြတ်ခွန်ဌာနက အရာရှိပါ"

"ဟုတ်ကဲ့ အထဲကိုကြွပါ"

"အဖေ အမေကော ရှိပါသလား"

"ဟုတ်ကဲ့ ရှိပါတယ်၊ ဒါ ဖခင်ပါပဲ"

"ဦးတန်ဟုတ်ဝမ်ပါ"

"ဦးတန်ဟုတ်ဝမ် လုပ်ကိုင်ရင်းနှီးတဲ့လုပ်ငန်းမှာ အမြတ်ခွန်ဆောင်ထားတာများ ရှိပါသလား"

"ဟုတ်ကဲ့"

"ရှိရင် အဲဒီအခွန်ဆောင်ထားတဲ့ ပြေစာတွေကြည့်ပါရစေ"

တယ်တယ်က အမြတ်ခွန်ဆောင်ထားတဲ့ပြေစာဖိုင်ကို အရာရှိလက်ထဲထည့်လိုက်တယ်။

"ဟာ အခွန်တွေ မှန်မှန်ဆောင်ထားတာ မနည်းမနောပါလား၊ ဩော် ဒါက နိုင်ငံခြားနဲ့ ကုန်သွယ်ထားတဲ့ပြေစာပဲ"

အမြတ်ခွန်အရာရှိက သူသိချင်တဲ့ မေးခွန်းတချို့မေးပြီး ပြန်သွားတယ်။

နောက်တစ်နေ့ကြတော့ ဘီအက်စ်အိုင်က ရဲဝန်ထမ်းတစ်ယောက် လာတယ်။ ဘာအမှုအခင်း ဖြစ်ခဲ့ဖူးသလဲ။ တရားစွဲထားတဲ့ကိစ္စမျိုးရှိသလား၊ ဘယ်ရုံးမှာ ဘာမှုအစွဲခံထားရသလဲ။ ဒီလိုမေးခွန်းတွေ ထုံးစံရှိတဲ့အတိုင်း မေးတာပါပဲ။ ကျွန်တော်က ဘာမှုဘာအခင်းမှ မရှိတဲ့လူ။ အဲဒီလိုမေးမြန်းပြီးပြန်သွားတာပါပဲ။ နိုင်ငံခြားရေးရုံးကို လိပ်မူပြီး လျှောက်လွှာကို စာတိုက်ကနေ ထည့်လိုက်တာ၊ ဦးဝိစာရလမ်းက အိမ်က ဗဟန်းရဲဌာန အပိုင်ဆိုတော့ ဗဟန်းဌာနအုပ်လည်း လိုက်လာပြီး မေးမြန်းမှတ်သားသွားတာပဲ။

ရုံးဖွင့်ရက်တစ်ရက်မှာ နိုင်ငံခြားရေးဌာနတံဆိပ်နဲ့ စာအိတ်တစ်အိတ် စာတိုက်ကနေ ရောက်လာတယ်။ စာထဲမှာ အက်ဒဝပ်ဟုတ်ဝမ်ခေါ် မောင်သိန်းလှိုင် နိုင်ငံခြားရေးဝန်ကြီးရုံးကို ကြွခဲ့ပါတဲ့။ သူတို့ရုံးက ပဲခူးကလပ်ရှေ့တင်ရှိတာ။ ရုံးထဲရောက်တဲ့အခါ အရာရှိတစ်ယောက်က ကျွန်တော့်လိုချာတိတ်တစ်

ယောက်ကို မွန်မွန်ရည်ရည် ဆက်ဆံတယ်။

"အိန္ဒိယကို တစ်ခေါက်တည်းသွားမှာလား၊ နှစ်စဉ် သွားသွားနေမှာလား၊ ဒါမှမဟုတ် တစ်နှစ်အတွင်းမှာ ခဏခဏ သွားချည်ပြန်လှည့်လုပ်မှာလား"လို့ မေးတယ်။

"အန်ကယ် ကျွန်တော်ကတော့ သွားကိုမသွားချင်ဘူး၊ လူကြီးမိဘတွေက အကြားအမြင် ဗဟုသုတများအောင်လို့ တွန်းလွှတ်လို့ သွားရမှာ"ဆိုတော့ အရာရှိက

"ဟောဗျာ"လို့ ပြောပြီး ပြုံးတယ်။ သူက ဆက်ပြီးရှင်းပြတယ်။

အမြဲတမ်းသွားမယ်ဆိုရင် ငါးနှစ်ပတ်စပို့ဆိုတာရှိတယ်။ အခေါက်ခေါက် အခါခါ သွားတဲ့သူအတွက် တူအင်ဖိုပတ်စပို့ရယ်၊ တစ်နှစ်ပတ်စပို့ရယ်လို့ သုံးမျိုးရှိတဲ့အကြောင်း အရာရှိက ရှင်းပြတယ်။

"အန်ကယ် ကျွန်တော်ကတော့ နှစ်တိုင်း သွားရလိမ့်ထင်တယ်၊ ၅ နှစ်သက်တမ်းရှိတဲ့ ပတ်စပို့လုပ်ရင်ရမလား"

"ခင်ဗျားရဲ့လျှောက်လွှာနဲ့ အထောက်အထားတွေက ခိုင်လုံနေတာပဲ၊ ရပါတယ်"

လူခေါ်ခေါင်းလောင်းလေးကို တင်ခနဲ တစ်ချက်နှိပ်လိုက်တော့ ရုံးလုလင်လေးတစ်ယောက် အခန်းထဲကို ရိုရိုကျိုးကျိုး ဝင်လာတယ်။ အဲဒီ ရုံးလုလင်လေးရဲ့နာမည်ကို ခေါ်ပြီး...

"ဟေ့ မောင်ဘယ်သူရေ ဒက်ဒဝပ်ပဟုတ်ဝမ်အတွက် ၅ နှစ်သက်တမ်း ပတ်စ်ပို့တစ်ခု လုပ်ပေးလိုက်၊ ရော့ ဒီဖိုင်တွဲယူသွား"လို့ ပြောလိုက်တယ်။

၁၅ မိနစ်မကြာဘူး၊ ကျွန်တော့် ပတ်စပို့ကို မြင်နေရပြီ။ အောက်ထပ်ဆင်းပြီး ငွေစာရင်းဌာနမှာ ငွေ ၁၂ ကျပ်သွင်းလိုက်ပါတဲ့။ အဲဒါ ၅ နှစ်စာအတွက် သွင်းရတဲ့ ၁၂ ကျပ်။ ဘာလာဘ်ပေးလာဘ်ယူ အန်ဒါတေဘယ်ဆိုတာတွေ မရှိဘူး။ ငွေလည်း သွင်းပြီးရော ကိုယ့်ပတ်စပို့ ကိုယ့်အိတ်ကပ်ထဲထည့် ပြန်ခဲ့ရုံပဲ။

အိန္ဒိယ သံရုံးသွားပြီး လျှောက်လွှာတင်တော့လည်း သူတို့နိုင်ငံလာလည်မယ့် ဧည့်သည်ချာတိတ်ကို ပျူပျူငှာငှာ နွေးနွေးထွေးထွေး ကြိုဆိုဆက်ဆံကြတယ်။ ဟောဒါ တပ်ဂျ်မဟာကိုသွားတဲ့ လမ်းညွှန်လွှာ၊ ဒါက အိန္ဒိယရဲ့အရေးကြီးတဲ့ တံခါးဝဘုံဘေကို သွားတဲ့လမ်းညွှန်လွှာ၊ ဒီနီပြာပြာညိုတိုတိုလေးက ဗုဒ္ဓဂါယာကိုသွားဖို့ လမ်းညွှန်လွှာတဲ့ စုံလို့ပဲ။ သူတို့နိုင်ငံကို လည်ချင်ပတ်ချင်အောင် ဆွဲဆောင်နေကြတာ။

"အိန္ဒိယကို ဘယ်နှလကြာ ခရီးသွားမှာလဲ" သံရုံး တတိယအတွင်းဝန်လား၊ ဒုတိယအတွင်းဝန်လား မသိဘူး မေးတယ်။

"တစ်လလောက်ပါပဲ"

"ဟာ တစ်လလောက်ဆိုရင် နည်းတာပေါ့၊ အိန္ဒိယပြည်က အကျယ်ကြီး လည်စရာပတ်စရာတွေ အများကြီးလေ၊ သုံးလလောက်တော့ လည်ပတ်စေချင်တယ်"

"ကျွန်တော် ဆေးကျောင်းတက်နေတဲ့ ကျောင်းသားတစ်ယောက်ပါ၊ လည်ဖို့ပတ်ဖို့ သိပ်အချိန်မပေးနိုင်ဘူး"

"ဒီလိုပြောကြတာပဲ၊ ဟိုရောက်မှ လျှောက်လည်ရင်းစိတ်ပါလာပြီး သက်တမ်းထပ်တိုးနေရဦးမယ်၊ ဟိုမှာ အလုပ်တွေ ပိုနေလိမ့်မယ်၊ သုံးလသက်တမ်း ဗီဇာထုတ်ပေးလိုက်မယ်"တဲ့။

ကျွန်တော်တို့လို ခရီးသွားတွေက သူတို့နိုင်ငံအတွက် နိုင်ငံခြားငွေတွေ ဖြည့်တင်းပေးမယ့်သူတွေဆိုတော့ ပျူငှာဖော်ရွေတော့တာပေါ့။

ပါကစ္စတန်သံရုံးသွားတော့လည်း လိုက်လှဲဖော်ရွေတာပဲ။ သီဟိုဠ်သံရုံး ရောက်တော့လည်း နွေးနွေးထွေးထွေး ဆီးကြိုဆက်ဆံလိုက်ကြတာပဲ။ အဲဒီသံရုံးတွေကလည်း သုံးလဗီဇာတွေ ပေးလိုက်တယ်။ ဟိုတုန်းက ရိုးကုမ္ပဏီနားမှာ နိုင်ငံခြားလေကြောင်းကုမ္ပဏီ လက်မှတ်အရောင်းဌာနတွေ ရှိတယ်။ အရှေ့သွားမှာလား၊ အနောက်သွားမှာလား။ ဘယ် လေကြောင်းလိုင်းပဲစီးကြပါစေ လက်မှတ်ဖိုးကျသင့်ငွေကို မြန်မာငွေနဲ့ ပေးချေလို့ရတယ်။

ပြည်ထောင်စုဘဏ်ကိုသွားပြီး နိုင်ငံခြားငွေ သွားလဲလိုက်တယ်။ ပြည်ထောင်စုဘဏ်မှာ အကြီးဆုံးပုဂ္ဂိုလ်က ဦးကိုလေးတဲ့။ ကျွန်တော် ဦးတန်ဟုတ်ဝမ်ရဲ့သား အက်ဒဝပ်ဟုတ်ဝမ်ပါ။ နိုင်ငံခြားငွေ လဲချင်လို့ပါ။ ဒီလောက်ပြောရင် သူတို့သဘောပေါက်တယ်။ ဘာမှ မခက်ခဲဘူး။

"ချာတိတ် မင်းရဲ့ငွေစာရင်း ငါတို့ဘဏ်မှာရှိတယ်၊ မင်း ဘယ်လောက်ယူသွားချင်သလဲ၊ ပြီးတော့ မင်းဘယ်လို ယူသွားချင်သလဲ၊ ချက်လက်မှတ်နဲ့ ယူချင်သလား"

"အဲဒါတော့ ကျွန်တော် မပြောတတ်ဘူး"

"ပိုပိုမိုမိုသာ ယူသွားပါကွာ၊ မင်းတို့ သူဌေးသားတွေပဲ၊ အိန္ဒိယငွေ ရူပီး ၂၀၀၀ နဲ့ သီဟိုဠ်ငွေ ရူပီး ၂၀၀၀ စီလဲယူသွား၊ ဒီလောက်ဆိုရင် တစ်လ နှစ်လ သုံးစမ်းပါလေ့"

ကျွန်တော့်လက်ထဲကို လမ်းမှာ သုံးစရာ ငွေစက္ကူနည်းနည်း ပေးလိုက်

ပြီး ချက်တစ်စောင်ပေးလိုက်တယ်။ "အိန္ဒိယမှာ စတိတ်ဘဏ်ဘဏ်ရှိတဲ့နေရာ ဘယ်နေရာမဆို မင်းထုတ်ယူလို့ရတယ်။ အဲဒီဘဏ်က ငါတို့နဲ့ အဆက်အသွယ်ရှိတဲ့ဘဏ်"တဲ့။

စတိတ်ဘဏ်အော့ဖ် အင်ဒီယား

**State Bank Of India**

* * *

## မနေမနား ခရီးသွား

အိုင်စီအက်စ် ဦးခင်မောင်ရင်က ပထမဆုံးလေယာဥ်နားမယ့် စစ်တွေလေဆိပ်ကနေ အိန္ဒိယရောက်ရင် ဆောင်ရန်ရှောင်ရန်တွေ အကုန်ပြောလိုက်တယ်။ ကိုယ့်လက်မှာ ပတ်ထားတဲ့လက်ပတ်နာရီက အချိန်ရွှေ့ဖို့အထိပါတယ်။ သိပ်သေချာစေ့စပ်တဲ့ ပုဂ္ဂိုလ်။ သူကမှာလိုက်တာ လေဆိပ်ဆင်းပြီးရင် ကာလကတ္တားလေဆိပ်နားက ဘုန်းကြီးကျောင်းမှာ တည်းခိုချင်ရင် တည်းလို့ရတယ်။ ဒီကျောင်းမှာ ဗမာပြည်က ဘုရားဖူးရအောင် လာကြတဲ့ပလောင်တွေ၊ ပအိုဝ်တွေ၊ ရှမ်းတွေလည်း တည်းလေ့ရှိတယ်။

စာတတ်ပေတတ် ပုဂ္ဂိုလ်တွေလည်း ပါတယ်။ ဒီဧည့်သည်တွေ တစ်ယောက်ချင်းစီက အိန္ဒိယငွေ ၅၀၀ စီ ဘုန်းကြီးယူပြီး သိမ်းထားပြီး ဘုရားဖူးရအောင် စီစဥ်ပေးတယ်။

ကျွန်တော် သူတို့အဖွဲ့နဲ့ လိုက်မသွားဘူး။ တစ်ကိုယ်တော် ခရီးသွားပုံပဲ၊ မြန်မာအဖွဲ့နဲ့က ကာလကတ္တားမှာ သွားဆုံကြတာ။ တယ်တယ်က ဟာဗဒါဘူတာရုံကနေ ကိုယ်ပိုင်ရထားတွဲနဲ့စီးပြီး ခရီးနှင်ဖို့ မှာလိုက်တယ်။ ဟာဗဒါကနေ လက်ခနောင်း၊ လက်ခနောင်းကနေ မဒရပ်အထိ မိုင်တစ်ထောင်လောက်ခရီးဝေးကို ရထားစီးသွားရမှာ။ မဒရပ်ရောက်ရင် မရပ်ရသေးဘူး။ ဘုံဘေအထိ ခရီးဆက်ရမယ်။ ရထားတွဲပေါ်မှာ "အက်ဒဝပ်ဟုတ်ဝမ်"လို့ စာရေးထားတဲ့ တွဲကြီးတစ်တွဲပေါ် တစ်ယောက်တည်း စီးပြီးလိုက်လာခဲ့တယ်။

ရထားပြတင်းကနေ အိန္ဒိယလူမျိုးတွေရဲ့ နေရထိုင်ရပုံတွေငေး၊ ကျေးလက်က လူတွေရဲ့ လူနေမှုတွေ၊ နွားတွေ၊ ခွေးလေ ခွေးလွင့်တွေ၊ တောင်းရမ်းစားသူတွေ၊ ကျပ်ညပ်နေတဲ့ ရထားစီးခရီးသည်တွေ၊ တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် ငေးရင်းကြည့်ရင်း လိုက်လာခဲ့တယ်။ တစ်ရက်နားတဲ့နေ့ဆိုရင် ဟိုတက်

တက်ပြီး ထမင်းစားတယ်။ ကျွန်တော်စီးနင်းလာတဲ့ ကိုယ်ပိုင်ရထားတွဲက ဗမာပြည်မှာ မီးရထားဆရာဝန်တစ်ယောက် စီးနင်းခွင့်ရတဲ့ ရထားတွဲထက် အပုံကြီးသာတယ်။

အဲဒီလို ခြိမ်ကျကျ စမတ်ကျကျ ခရီးသွားရင်း သုံးခဲ့ဖြုန်းခဲ့တာကိုပဲ ပါသွားတဲ့ ရူပီးနှစ်ထောင်က မကုန်ခဲ့ဘူး။ ပြန်ခါနီးမှာ ညီအစ်ကိုတစ်တွေအတွက် ပတ်ကားဖစ် ဖတီဝမ်းဖောင်တိန်တွေ လက်ဆောင်ပေးရအောင် ဝယ်ခဲ့သေးတယ်။ ကျွန်တော့်ကို တယ်တယ့်မိတ်ဆွေ သာသနာရေးဝန်ကြီး ဦးဝင်းက အိန္ဒိယသို့ ဘုရားဖူးခရီးသည်လို့ ထောက်ခံစာရေးပေးလိုက်လို့ အိန္ဒိယ မီးရထားဌာနက သူများတွေကို တစ်မိုင် ငါးမူးနှုန်း ကောက်ခံနေတာ၊ ကျွန်တော့်ကြတော့ ဦးဝင်းရဲ့ကျေးဇူးကြောင့် တစ်မိုင် တစ်မတ်နှုန်းပဲ ယူတယ်။

ကော်မရှင်နာ ဦးခင်မောင်ရင်က မှာလိုက်တယ်။ ဂရိတ်အီးစတင်းဟိုတယ်မှာတည်းဖြစ်အောင် တည်းတဲ့။ ဒါပေမဲ့ တစ်ညပဲ အတည်းခိုင်းတယ်။ အဲဒီဟိုတယ်က ဂရိတ်ဆိုတဲ့အတိုင်း ဈေးသိပ်ကြီးတဲ့ ဟိုတယ်ကြီး။ နိုင်ငံခြားက သမ္မတကြီးတွေ၊ ဝန်ကြီးချုပ်တွေ၊ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်တွေ တည်းခိုနေကြတဲ့ ဟိုတယ်ကြီး။ ပိုက်ဆံချမ်းသာတဲ့ ပုဂ္ဂိုလ်တွေ အဲဒီဟိုတယ်ကြီးရဲ့ အပေါ်ဆုံးသုံးထပ်ကို နှစ်လုံးပေါက်ငှားပြီး နေထိုင်လုပ်ကိုင် စီးပွားရှာကြသတဲ့။ ကျွန်တော်တည်းတဲ့အခန်းက အစားအသောက်မပါဘဲ တစ်နေ့ကို ၄၂ ရူပီး ပေးရတယ်။ ဒါအောက်ထပ်မို့ ဒီလောက်ပဲ ပေးရတာ။

ဘူတာရုံနားမှာ လူတွေသောင်းချီပြီး သွားလာလှုပ်ရှားနေကြတယ်။ ၁၉၅၆ လောက်က လက်ခနောင်းမြို့က မြေအောက်ရထားလမ်းက ရထား ၁၈ စီး သွားလို့ရတဲ့ သံလမ်း ၁၈ လိုင်းရှိတယ်။ အဲဒီမှာ ကမ္ဘာအေးက ဦးလှဝင်းနဲ့ မမျှော်လင့်ဘဲ တွေ့ကြတယ်။ သူ့မှာ ငွေအသုံးပြတ်နေပြီ၊ ချာလည်ချာလည်နဲ့ ဒုက္ခဖြစ်နေတဲ့အချိန်။ ကျွန်တော့်ကို သူက မြန်မာပြည်ကလားလို့ လာပြီး နှုတ်ဆက်တယ်။ သူ အကူအညီတောင်းလို့ ပိုက်ဆံနည်းနည်း ကူညီခဲ့တယ်။ နောက်တစ်ခု သူမေတ္တာရပ်ခံတာတစ်ခုတော့ မကူညီနိုင်ခဲ့ဘူး။ ဦးလှဝင်းက ကိုယ်ပိုင်ရထားတွဲကြီးအပေါ်မှာ ကျွန်တော်တစ်ယောက်တည်းမို့ အဲဒီတွဲပေါ်မှာ သူပါလိုက်ခဲ့ချင်တာတဲ့။ နိုးနိုး လိုက်လို့မရဘူး။ ချာတိတ်ရာ လက်မှတ်ပေါ်မှာ ဝမ်းလို့ရေးထားတာကို တူးလို့အသာလေး ပြင်လိုက်ရုံပဲဥစ္စာတဲ့။ ဟာ ဒီလိုလုပ်လို့မရဘူးလေ ဦးလှဝင်း။ ဒါပေမဲ့ သူ့ကို တတ်စွမ်းသလောက် ကူညီခဲ့ပါသေးတယ်။

ဘုံဘေရောက်တော့ ဘုံဘေမှာ ရထားဌာနက အပိုင်းငါးပိုင်းရှိနေတယ်။ အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းနဲ့ ဗဟိုမီးရထားဌာနဆိုပြီး

ဌာန ၅ ဌာန ရှိတယ်။

ကျွန်တော် ဘုံဘေမှာ လျှောက်လေ့လာတဲ့အခါ သူတို့က ကျွန်တော့်တွဲ ဆိုင်းဖြုတ်ထားတယ်။ ကျွန်တော်လိုက်ချင်တဲ့ ရက်ကြတော့ ချိတ်မပေးနိုင်ဘူးတဲ့။ ပြဿနာပဲ။ အင်္ဂလိပ်ကုမ္ပဏီတွေရဲ့ ရထားတွဲတွေ ချိတ်ပေးနေရလို့ပါတဲ့။ ဒီကိစ္စ အောက်ခြေမှာ ဖြေရှင်းတာမရဘူး။ နောက်သူတို့ထက် ကြီးတဲ့မြင့်တဲ့ အရာရှိကို ပြောတော့လည်း နီးတဲ့။ ဒါနဲ့ ဗဟိုမီးရထားဌာနရဲ့ အမှုဆောင်အရာရှိချုပ် ရှိရာ ခြောက်ထပ်ကို တက်ရတော့တာပေါ့။

သူ့ရုံးခန်းက ကျွန်းသားတွေခင်းပြီး တိုက်ချွတ်ပွတ်သပ်ထားလိုက်ကာ ဖိတ်ဖိတ်တောက်နေတာပဲ။ ရောမ စားပွဲကြီးမှာ စမတ်ကျကျ ထိုင်နေတဲ့ ပန်ချာပီကြီးတစ်ယောက် ကျွန်တော်ကြုံတွေ့နေရတဲ့ အခက်အခဲကို မတင်ပြခင် ကိုယ့်ကိုယ်ကိုယ် အရင်မိတ်ဆက်တယ်။ ကျွန်တော့်ပြဿနာကို သူစိတ်ဝင်တစား နားထောင်တယ်။ လက်ဆောင်ပေးစရာဆိုလို့ ဆေးပြင်းလိပ်တော့ပါလာတယ်။ ပန်ချာပီ လူမျိုးတွေက ဆေးပြင်းလိပ် သိပ်မသောက်ကြပါဘူး။ ဒါပေမဲ့ ကျွန်တော်ပေးတဲ့ လက်ဆောင်ကို လက်ခံတယ်။ မြန်မာဆေးပြင်းလိပ်က နာမည်ကျော်ကြား လူကြိုက်များတယ် မဟုတ်လား။ ဒီလိုနဲ့ သူနဲ့ ခင်မင်သွားတယ်။

နောက်တစ်ကြိမ် အိန္ဒိယကို သွားတော့ အမေရယ်၊ ဆမားဒူးဝါးဆင်ဝါး နောင်ရဲ့ ယောက္ခမရယ်၊ အလည်ခေါ်ပြီး သွားကြသေးတယ်။ ဒီတစ်ခေါက် အိန္ဒိယနဲ့သီဟိုဠ်ပဲ ရောက်ခဲ့တယ်။ ပါကစ္စတန်ကို မရောက်ခဲ့ဘူး။ ရောက်တုန်း ရောက်ခိုက် အချိန်ရတာနဲ့ ဗဟိုမီးရထားဌာနရဲ့ အမှုဆောင်အရာရှိချုပ် ပန်ချာပီကြီးကို ဝင်နှုတ်ဆက်တယ်။

ဧည့်ခံကြိုဆိုတဲ့နေရာက ဝန်ထမ်းတွေက မစ္စတာဆင်းကို တွေ့လို့မရပါဘူး။ ဆောရီးလို့ လုပ်နေကြပါလေရော။ သူအလုပ်များတာ ကျွန်တော် သိတယ်။ ကျွန်တော် ဗမာပြည်ကလာတာ။ သူ့ဖို့ လက်ဆောင်တကူးတက ယူလာတယ်။ အဲဒါ ပေးမလို့။ မရဘူး။ မတွေ့ရဘူး။ သူအဲဒီမှာ မရှိဘူးလို့ချည်း ပြောနေကြတယ်။ ကျွန်တော် ဗွတ်ပေကတ်ပြီး ဟိုလိုလှည့်ပြီးတွေ့ချင်တယ်၊ ဒီလိုလှည့်ပြီး တွေ့ပါရစေ နားပူတော့ အမှုဆောင်အရာရှိချုပ်ဆီ ဖုန်းလှမ်းဆက်တယ်။

"ဗမာပြည်က လူကြီးလူကောင်းတစ်ယောက်လာပါတယ်၊ အမှုဆောင် အရာရှိချုပ်နဲ့ တွေ့ပါရစေလို့ ခွင့်တောင်းနေတယ်"

ခြောက်ထပ်က ခွင့်ပြုလိုက်ပါလို့ ဝင်ခွင့်ပြုတော့ ဝမ်းသာအားရနဲ့ ခြောက်ထပ်တက်လာခဲ့တယ်။ ကျွန်တော် သူ့အခန်းကို ကောင်းကောင်းမှတ်မိတယ်လေ။ တံခါးကို နှစ်ချက်သုံးချက် အသာခေါက်ပြီး တံခါးလက်ကိုင်ဘုလှည့်ပြီး ဝင်သွား

တော့ စားပွဲနောက်က အမှုဆောင်အရာရှိချုပ်က ကျွန်တော့်မိတ်ဆွေ ပန်ချာပီ မဟုတ်ဘူး။ ဟင်ဒီတစ်ယောက်ဖြစ်နေတယ်။

"ဆောရီးဗျာ ကျွန်တော် ဗဟိုမီးရထားဌာနရဲ့ အမှုဆောင်အရာရှိချုပ်နဲ့ တွေ့ရအောင် အဝေးကြီးကနေလာခဲ့တာပါ"

"ခင်ဗျား သူနဲ့ သိသလား"

"သိပြီလားဗျာ၊ ရင်းရင်းနှီးနှီးသိတာလေ"

"ဩော်..."

"ဟောဒီမှာ သူ့အတွက် ဆေးပြင်းလိပ်တောင်ပါခဲ့သေးတယ်၊ သူဖို့ တကူး တက ယူလာတဲ့လက်ဆောင်ပေါ့"

"ခင်ဗျား သူနဲ့ တကယ်ပဲတွေ့ချင်တာလား"

"တွေ့ချင်တာပေါ့"

"ခင်ဗျားရဲ့နောက်မှာ သူရှိတယ်"လို့ ပြောတာနဲ့ လှည့်ကြည့်လိုက်တော့ လူနဲ့ရွယ်တူလောက်ရှိတဲ့ ဓာတ်ပုံကြီး။ မစ္စတာဆင်းမှ မစ္စတာဆင်းပဲ။ ဓာတ်ပုံ ကို တွေ့တော့ လန့်ဖျပ်သွားတယ်။ ဓာတ်ပုံထဲမှာ လည်ပင်းကို ကြိုးတစ်ချောင်း စွပ်ပြီး လေထဲမှာ တွဲလွဲကြီး သေနေရှာတယ်။ လျှာကြီးက တစ်လစ်ကြီး၊ ဓာတ်ပုံ ပေါင်ရဲ့ အောက်မှာ အခုလို စာရေးထားတယ်။

"အပြစ်မဲ့တဲ့ ခရီးသည်တွေ သေဆုံးရမှုမှာ ကျွန်တော်တာဝန်အရှိဆုံးပဲ၊ သူတို့ကွယ်လွန်ဆုံးရှုံးရမှုကို ပေးဆပ်ဖို့ ကျွန်တော် သူတို့နောက်ကို လိုက်သွား ပြီ"တဲ့။

* * *

## ဂင်္ဂါမြစ်ကမ်း

ဗာရာဏသီကမ်းခြေမှာ ဆာရီတွေ ရောင်းကြဝယ်ကြတယ်။ သိပ်လှပြီး အရောင်အသွေးတွေ အစုံပဲ။ ဗာရာဏသီ ဂင်္ဂါမြစ်ရေချိုးပွဲဆိုတာ အိန္ဒိယလူမျိုး တွေရဲ့ အထင်ကရပွဲတော်ကြီး။ အိန္ဒိယပြည် အရပ်ရပ်က လူဦးရေအများကြီး လာပြီး ဂင်္ဂါမြစ်ရေချိုးကြတယ်။ ဟိန္ဒူတွေရဲ့ပွဲတော်ပဲ။ သိပ်စည်တဲ့ပွဲကြီး။

အက်ဗရာဗစ်ချ်ဆိုတဲ့ ဟိုတယ်မှာ တည်းခိုတယ်။ တစ်နေ့ကို ဆယ့်ငါး ရူပီး ပေးရမယ်တဲ့။ ကျွန်တော့်နံဘေးက အခန်းမှာ အမေရိကန်လူမျိုး လူငယ် တစ်ယောက်လည်း လာတည်းနေတယ်။ သူနဲ့ ကျွန်တော် မိတ်ဆွေဖွဲ့ကြရင်း

ခင်မင်ရင်းနှီးသွားကြတယ်။

ဂင်္ဂါမြစ်ကမ်းနံဘေးမှာ ကျွန်တော်တို့ လမ်းလျှောက်နေကြချိန်မှာ လှည့်လည်ပွဲက မစသေးဘူး။ ရောက်မလာကြသေးဘူး။ သဲသောင်ပြင်မှာ ဆာဒူးတွေ အများကြီးပဲ။ ထွေးလုံးကပ်ကျပ်ခဲနေတဲ့ ဆံပင်ရှည်ကြီးတွေ၊ ပိန်လှီပြီး အရိုးပေါ် အရေတင်လောက်ပဲရှိတဲ့ ဆာဒူးလည်းပါရဲ့။ အသားအရေက မည်းမည်းကြုတ်ကြုတ် ဆာဒူးတွေလည်းရှိတယ်။ အရွယ်စုံ၊ ပုံသဏ္ဌာန်အစုံပဲ။

ဘယ်ဘက်လက်မက ညာလက်ဖဝါးကို ထောက်ထားတာ၊ ဘယ်ဘက်လက်မရဲ့လက်သည်းက ညာဘက်လက်ဖမိုးရဲ့ဟိုဘက်ကို လေးလက်မလောက် ဖောက်ထွက်နေတာမျိုးရော။ "ရေးကပ် ရေးရှူပီး ရေးကင်ရေးရှူပီး"ဆိုပြီး အော်နေတာ။ ပုလင်းကွဲတွေ တစ်ခွက်တစ်ကျပ်၊ တစ်ခွက်တစ်ကျပ်လို့ အော်ရောင်းနေတာ။ အဲဒီပုလင်းကွဲတွေကို အနားမှာရှိတဲ့ ဆာဒူးကို သွားပေးရင် စားပစ်လိုက်တာ။ ဖိနပ်ရိုက်တဲ့သံမှိုတွေကို ပရုတ်ဆီပုလင်းခွံနဲ့ ခြင်ပြီးရောင်းသူက ရောင်းတယ်။ အဲဒီ သံမှိုတွေကို ဝယ်ပြီး ဆာဒူးပေးလိုက်ရင် ဂျွမ်းဂျွမ်းမြည်အောင် ဝါးစားပစ်လိုက်တာပဲ။ သစ်သားတန်းမှာ ဓားတွေတန်းစီပြီး စိုက်ထားလိုက်တာ နေရောင်ထဲမှာ တဖွေးဖွေးနဲ့။ အဲဒီ သစ်သားတန်းပေါ် ငှက်ပျောသီးပစ်တင်လိုက်ရင် ထက်ခြမ်းပြတ်သွားတယ်။

ခဏနေတော့ လူအုပ်ကြီး ချီလာပါလေရော။ ပါးစပ်ကလည်း ဆာဒူးဘိုင်... ဆာဒူးဘိုင်နဲ့ သံပြိုင်ဟစ်ကြွေးလာကြတယ်။ လူအုပ်ရှေ့မှာ ဆာဒူးတွေက အရွယ်အမျိုးမျိုး၊ အနိမ့်အမြင့်၊ အကုန်းအကိုင်း အစုံပဲ။

တစ်နေရာလည်းရောက်ရော ခုနက နေရောင်မှာ ဖွေးလက်နေတဲ့ ဓားတွေပေါ် ဆာဒူးတစ်ယောက်ပြေးတက်ပြီး ပြန်ဆင်းသွားတာ တစ်ချက်မပြတ်ဘူး၊ သွေးတစ်စက် မထွက်ဘူး။

ဆာဒူးတစ်ယောက်ကိုတော့ သဲသောင်ပြင်မှာ တူးထားတဲ့ လူတစ်ကိုယ်စာ မတ်တတ်ရပ်တွင်းထဲထည့်ပြီး အပေါ်ကနေ သဲတွေဖို့ပစ်ခဲ့ကြတယ်။ ဆာဒူးကလည်း ဒီတိုင်းမတ်တတ်ကြီးငြိမ်နေတာ။ နောက်နေ့မှာ လာဖော်ကြမှာတဲ့။ ဂင်္ဂါမြစ်ရေအတိုင်း မကူးမခတ်ဘဲ ငြိမ်ပြီး စုန်ဆင်းသွားတဲ့ ဆာဒူးက ခဏခဏ မကူးမခတ်ဘဲ ပက်လက်ကြီး ဆန်တက်လာတယ်။ အံ့ဖွယ်ချည်းပဲ။

တဲလေး တစ်လုံးမှာ ဆာဒူး အဘိုးကြီးတစ်ယောက်ရှိတယ်။ သူ့ခမျာ အသက်အတော်ကြီးနေရှာပါပြီ။ မည်းသည်းပိန်လှီနေတာပဲ။ ကျွန်တော်နဲ့ အမေရိကန်သူငယ်ချင်း နှစ်ယောက်သား သူ့ကို ကိုင်တွယ်ကြည့်ကြ၊ အသက်ဘယ်လောက်ရှိပြီလဲတွေ မေးကြရင်း ဘာတွေစားသလဲ ကျွန်တော်တို့ သိချင်ကြတာ

လေ။ ဆာဒူးက မပြောပါဘူး။ သူ့အာရုံနဲ့သူ၊ နံဘေးမှာရှိတဲ့ ကုလားတစ်ယောက်ကို မေးရတာ။ မေးနေရင်းမှာပဲ ဆာဒူးကြီးက ထိုင်လျက်ကနေ မျက်လွှာချသွားတယ်။ ကြည့်ရင်းမှာတင် သူ့အသက်မရှိတော့ဘူး။ သေသွားပြီ။

ဟာ ဒုက္ခပဲ။ ငါတို့များ အမှုပတ်လေမလား။ ဒီတဲထဲ ဝင်မိတာတော့ မှားပါပြီ၊ အကုသိုလ်ဝင်တာပဲ။ အမေရိကန်လူငယ်က အံ့သြရာကနေ မျက်စိမျက်နှာ ပျက်လာတယ်။ ကျွန်တော်လည်း ဆာဒူးကြီးရဲ့ လက်ကောက်ဝတ်ကို စမ်း၊ နှလုံးကိုနားနဲ့ ကပ်ပြီးနားထောင်၊ ဝွမ်းစ မရှိလေတော့ လက်ညှိုးကို ကိုယ့်ပါးစပ်ထဲ ထိုးထည့်၊ တံတွေးစိုလာတော့ နှာခေါင်းဝတေ့ကြည့်။ ဘာမှမကြားရ၊ ဘာခံစားမှုမှမရဘူး။ တကယ်ကို သေသွားရှာပြီ။ စိတ်က နဂိုကတည်းက ထပြေးချင်နေတာ၊ အမေရိကန်နဲ့ တစ်ယောက်နဲ့တစ်ယောက် မေးဆတ်ပြောကြပြီး ထလစ်တော့မယ် အလုပ်မှာ နံဘေးက ကုလားကြီးက မပြန်ကြပါနဲ့ ခဏနေရင် ပြန်ရှင်လာမှာပါတဲ့။ ကျွန်တော့်ကို ဒီလိုပြောရုံနဲ့ ယုံရမှာလား။ မကြာဘူး။ အဘိုးကြီး ပြန်ရှင်လာတယ်။ စမ်းသပ်ကြည့်တော့ အဟုတ်ကို ပြန်ရှင်လာတာ။ ကျွန်တော့် အထင်တော့ ဖီဆီအိုလိုဂျီ Physiology ကို ဆပ်နော်မယ် Sub Normal ဖြစ်အောင် စိတ်နဲ့ထိန်းသွားတယ် ထင်တာပဲ။

ပွဲခင်းထဲမှာ လူတွေက တဖြည်းဖြည်း များလာပြီ။ ကျွန်တော်တို့နှစ်ယောက် လမ်းလျှောက်ပြီး ဟိုကြည့် ဒီကြည့် လျှောက်ကြည့်နေကြတုန်း ဆာဒူးတစ်ယောက်က လက်ခုပ်တီးပြီး ပေးနီပေါလ်လိစ် ပေးနိပေါလ်လိစ်လို့ လှမ်းခေါ်တယ်။ ကျွန်တော့်ကိုခေါ်နေမှန်း မသိသေးဘူး။ နံဘေးပတ်ဝန်းကို ကြည့်တော့ နီပေါလူမျိုးနဲ့တူတာဆိုလို့ ကျွန်တော်ပဲရှိတာ၊ ကျွန်တော် ဝတ်စားထားပုံက နီပေါလူမျိုးနဲ့လည်း တူနေတာကိုး။

ကဲပါ ငါ့ကိုခေါ်တာပါပဲ။ ဆာဒူး ဘာပြော ဘာပြချင်လို့လဲ မသိဘူး။ လေးစားသမှုနဲ့ သူ့ဆီသွားကြတော့ ဆာဒူးက ကုလားစကားနဲ့ ပြောတယ်။ ကျွန်တော်တို့ နားမလည်တဲ့အခါ နံဘေးက လူတစ်ယောက်က အင်္ဂလိပ်လို့ ဘာသာပြန်ပေးတယ်။

"မင်းအိတ်ထဲက ပိုက်ဆံ ၂၀၀ နဲ့ စာရေးတဲ့ဟာ သုံးခု မရှိတော့ဘူး၊ ပြန်ကြည့်ချေ"တဲ့။

ကျွန်တော် သီဟိုဠ်က ဝယ်လာခဲ့တဲ့ ဟတ်ကားဖောင်တိန် သုံးချောင်းကို အင်္ကျီရင်ဘတ်မှာ တွယ်ထားပြီး အဲဒီအင်္ကျီထဲမှာ ရူပီး ၂၀၀ လည်းထည့်ထားတာ အမှန်ပဲ။ ဟိုတယ်မှာ ခုတင်ပေါ်တင်ထားခဲ့တာ၊ ဒီဆာဒူးက ဘယ်လိုသိနေရတာလဲ။ ပြီးတော့ အဲဒါတွေ ပျောက်သွားပြီတဲ့။ အခိုးခံရတာလား။ ဟိုတယ်က

လျှော်ဖွပ်တဲ့သူပဲ မှားပြီး လျှော်ပစ်လိုက်တာလား။

အိန္ဒိယရောက်လို့ လက်ထဲပါလာတဲ့ ပိုက်ဆံကုန်တော့ ပြည်ထောင်စုဘဏ်က မှာလိုက်တဲ့အတိုင်း စတိတ်ဘင့် အော့ဖ်အင်ဒီယားဘဏ်မှာ ပိုက်ဆံသွားထုတ်တယ်။ ထုတ်လို့မရဘူး။ ဟာ ပြဿနာပဲ။ ထုတ်ယူသူရဲ့ လက်မှတ်နေရာမှာ လက်မှတ်ထိုးရတော့ ကျွန်တော့်လက်မှတ်ကို ကက်ပီတယ် စာလုံးအကြီးတွေနဲ့ ထိုးပေးလိုက်တာမရဘူး။ ဒါနဲ့ နောက်တစ်ခါပြန်ပြင်ထိုးတာလည်းမရဘူး။ လက်မှတ်ချင်းမတူဘူးချည်းပဲ။ အကြိမ်ကြိမ်အခါခါ ထိုးတာလည်းမတူဘူး။ လက်ရေးပါရဂူတွေခေါ်ပြီး သူတို့ရှေ့မှာ ထိုးပေးရတဲ့အထိ ဖြစ်ကုန်ရော၊ နောက်ဆုံးအကြောင်း တစ်ချက်ချက် ညီညွတ်သွားပါလိမ့်။ ခိုင်လုံသွားပါလိမ့်မယ်။ အဲဒီတော့မှ ငွေတွေထုတ်လို့ရတယ်။

ကျွန်တော်မန္တလေးမှာ မီးရထား ဆရာဝန်ကြီးဖြစ်တော့လည်း အထက်ဗမာပြည်မှာရှိကြတဲ့ ဝန်ထမ်းတွေရဲ့လစာတွေရော၊ ကိုယ့်လစာရော ဘဏ်မှာထုတ်ဖို့ လက်မှတ်ထိုးတဲ့အခါ အလားတူပြဿနာမျိုးနဲ့ ကြုံရတယ်။ ကျွန်တော့်လက်မှတ်က တစ်ခါနဲ့တစ်ခါ မတူဘူး။ ဘဏ်က ခဏ ခဏ ခေါ်ပြီး လက်မှတ်ပြန်ပြန်ထိုးပေးရတယ်။

နောက်တော့ ဘဏ်အရာရှိက ကျွန်တော့်ကိုယ်စား ငွေစာရင်းအရာရှိတစ်ယောက်ကို လစာငွေတွေ ထုတ်ယူတဲ့ကိစ္စလွှဲထားပါလားတဲ့။ ဒါမှ အဆင်ပြေမယ်တဲ့။ ဘယ်မြို့ရောက်ရောက် ကြုံတွေ့ရတဲ့ ပြဿနာက ဘဏ်မှာ လက်မှတ်ထိုးရင် တစ်ခါနဲ့တစ်ခါ မတူတဲ့ပြဿနာပဲ။ ကျွန်တော်ကလည်း လက်မှတ်ကိုနှစ်မျိုး ထိုးတတ်တယ်။ အင်္ဂလိပ်လို ထိုးတဲ့အခါထိုး မြန်မာလို ထိုးတဲ့အခါထိုး၊ အဲဒီမှာ ပိုရှုပ်ကုန်တာ၊ ပြီးတော့ လက်မှတ်က တစ်ခါနဲ့တစ်ခါ မတူဘူး။ မတူလို့ ဘဏ်အရာရှိကို အရင်လက်မှတ်ဟောင်းပြပါဆိုတော့ မပြနိုင်ဘူးတဲ့။ မပြနိုင်ရင် ကျွန်တော်လည်း မထိုးနိုင်ဘူးတွေ ဖြစ်ကုန်ကရော။ အရင်ဆက်ဆံဖူးတဲ့ ငွေစာရင်းဘဏ်က အရာရှိဝင်ပြီး ထောက်ခံပြောပေးရတယ်။ ကျွန်တော့်အားနည်းချက်က လက်ရေးတင်ဆိုးတာ မမှန်တာ မဟုတ်ဘူး။ စာလုံးပေါင်းသတ်ပုံလည်း အမှားတွေ ရေးတတ်ပေါင်းတတ်တယ်။ လက်မှတ်တစ်ချက်ရဲ့အရေးပါပုံတွေ သိကြသူတွေ စာရင်းထဲမှာ ကျွန်တော့်နာမည် ထည့်ဖြစ်အောင်ထည့်ထားကြပါ။ ဗမာပြည်လုံးဆိုင်ရာ ဆရာဝန်များ သတ်ပုံပြိုင်ပွဲကျင်းပရာအမှားဆုံးစာရင်းမှာ ကျွန်တော် ရွှေတံဆိပ် သေချာတယ်။

* * *

## ကံကြမ္မာကို ယုံလိုက်ရတော့မလား

သင်္ဘောပေါ်မှာ လှိုင်းမူးမှာစိုးရိမ်ကြတဲ့အထိမှာ အဖေရော အမေပါ ပါကြတယ်။ သူတို့က လှိုင်းမူးခဲ့ကြဖူးတာကိုး။ ကျွန်တော်ကတော့ ဘာဖြစ်လို့လဲ မသိဘူး။ လှိုင်းမူးလိမ့်မယ် ထင်ထားတာ။ ထင်သလိုဖြစ်မလာဘူး။ သင်္ဘောပေါ် ပထမဆုံးတက်တဲ့ လူသစ်တစ်ယောက် ဘယ်လိုမှ ဘာမှမဖြစ်တာကို လုပ်ဖော်ကိုင်ဖက်တွေက အံ့သြနေကြတယ်။ ဒီပုံစံအတိုင်းဆိုရင် ဒီဆရာဝန်အရက်ကို တော်တော်သောက်နိုင်မယ့် ဆရာဝန်လို့ သူတို့ကောက်ချက်ဆွဲကြတယ်။

သင်္ဘောဆရာဝန်ဘဝရဲ့အစဟာ အောင်ဇေယျတို့၊ အောင်တေဇတို့မှာ စခဲ့တယ်။ ကမ်းရိုးတန်းတွေလည်း သွားရသလို စင်ကာပူတို့၊ စစ်တကောင်းတို့၊ ဘရူနိုင်းတို့ကိုလည်း သွားတယ်။ ဂျပန်စစ်လျော်ကြေးနဲ့ ဝယ်ထားတဲ့ သင်္ဘောတွေလေ။ အဲဒီခေတ်က ဒီလိုပင်လယ်ပြင်သွား သင်္ဘောတစ်စင်းကို ငွေ ၁၄ သိန်းပေးဝယ်ရတယ်။ သူ့ခေတ် သူ့ငွေတန်ဖိုးနဲ့ ထိုက်တန်တဲ့ သင်္ဘောတွေပါပဲ။

သင်္ဘောပေါ် ခရီးသည် ၂၀၀ တင်လို့ရတယ်။ လိုအပ်ရင် ခွဲစိတ်ဖို့ခွဲစိတ်ခန်းလည်း ပါတယ်။ စင်ကာပူရောက်ခိုက် ကမ်းပေါ်တက်ပြီး ဆေးကုလိုက်သေးတယ်။ ရက်သတ္တနှစ်ပတ်လောက်နားနေတုန်း ဆေးကုတာပါ။ သူတို့နိုင်ငံက ကျွန်တော်တို့ အမ်ဘီဘီအက်စ်ကို လိုလိုလားလားလက်ခံပြီး ကုသခွင့်ပေးတာ။ စင်ကာပူမှာ နာမည်တစ်လုံးနဲ့နေတဲ့ ဒေါက်တာလျှောင်းရဲ့ လက်ထောက်ဆရာဝန်လေ။ သူ့ရဲ့လက်ထောက်ဆိုတော့ ပညာလည်းတိုး ငွေလည်းရခဲ့တယ်။ အတွေ့အကြုံတွေ ရစေချင်လို့ ဒေါက်တာလျှောင်းက ခေါ်လို့ စင်ဂပူရောက်ခိုက် သူ့ဆီဝင်ပြီး ကူညီလုပ်ကိုင်ပေးတာ။

အောင်ဇေယျ သင်္ဘောပေါ်မှာ တာဝန်ယူနေတဲ့ ဆရာဝန်က ဒေါက်တာ ချာကရာပါသီးတဲ့။ သူ့မှာ သူ့ဇာတိ အိန္ဒိယကို မပြန်ရင် မဖြစ်တဲ့ ကိစ္စပေါ်နေတယ်။ သူ့ဖခင်ကြီး ဒေလီမြို့မှာ လည်ချောင်းခွဲစိတ်ဖို့ အရေးကြုံနေရတယ်။ သူ ဒေလီကို ခေတ္တပြန်ဖို့ သင်္ဘောအေးဂျင့်ဆီ လျှောက်လွှာတင်တော့ သင်္ဘောအာဏာပိုင်ရဲ့စည်းမျဉ်းက ခရီးသည် ၂၀၀ ပါတဲ့သင်္ဘောမှာ သင်္ဘောဆရာဝန်မပါရင် ကမ်းက ထွက်ခွာခွင့် မပေးဘူး။

ကျွန်တော်ကလည်း စင်ကာပူအပြန် မော်လမြိုင်ရောက်နေတာ။ ကျွန်တော့်အောင်တေဇသင်္ဘော မော်လမြိုင်ကနေ နောက်တစ်နေ့ ရေးမြို့သွားပြီးရင် ရန်ကုန်ရောက်မှာ။ ရန်ကုန်ကို အမြန်ရောက်ချင်နေတဲ့ ဒေါက်တာ ချာကရာပါသီး အကျိုးအကြောင်း လာရှင်းပြတယ်။ သူ့ဖခင်ရဲ့ ကျန်းမာရေးအခြေအနေကြောင့် သူသွား

ရမယ့် ခရီးစဉ်ကိုချုံ့ပြီး ဒေလီကို အမြန်ရောက်ချင်ကြောင်း လာပြောတာပါ။ သူ့အေးဂျင့်ဆီကို ကျွန်တော်နဲ့ သင်္ဘောချင်းလဲဖို့ အကူညီတောင်းထားကြောင်း လာပြောတယ်။ ဒေါက်တာချာကရာပါသီးရဲ့ အောင်ဇေယျက စင်ကာပူသွားမှာလေ။

သင်္ဘောပေါ်မှာပဲ ကျွန်တော်နဲ့ဆိုင်တဲ့ ကြေးနန်းတစ်စောင် ဝင်လာတယ်။ ကျွန်တော့်ကို အောင်ဇေယျသို့ ပြောင်းရွှေ့တာဝန်ထမ်းစေပြီး ဆိပ်ကမ်းမှာ ကိုယ့်ပစ္စည်းကိုယ်ယူပြီး သင်္ဘောချင်းလဲကြတယ်။ ကျွန်တော်က အောင်ဇေယျနဲ့ စင်ကာပူ၊ ဘန်ကောက်ဆက်ရမယ်။ ဒေါက်တာ ချာကရာပါသီးကတော့ မော်လမြိုင်ကနေ ရေးမြို့ကို ဆက်ပြီးရင် ရန်ကုန်ကိုပြန်မယ်။

အောင်ဇေယျသင်္ဘောပေါ်မှာ ကျွန်တော်နဲ့ ရင်းနှီးကျွမ်းဝင်နေတဲ့ သောက်ဖော်စားဖက် ဂျပန်အင်ဂျင်နီယာက "အော်တူးကတ်စံ"တဲ့။ ရန်ကုန်အိမ်ကိုလည်း ဒီဂျပန် ဝင်ထွက်စားသောက်နေကျ ဂျပန်။

* * *

## ဦးဝိစာရလမ်းက

သူမော်လမြိုင်မြို့ထဲက လည်ပတ်ပြီးပြန်လာတော့၊ ကျွန်တော့် အခန်းဆိုပြီး ဝင်သွားတော့ ဒေါက်တာချာကရာပါသီးကို ပက်ပင်းတွေ့တော့တာ။ သူလည်း အံ့အားသင့်ပြီး သိန်းလှိုင်ရော၊ သိန်းလှိုင်ရောလို့ မေးတော့တာပဲ။ အောင်ဇေယျကို ပြောင်းရွှေ့အမှုထမ်းရတယ်လည်း ကြားရော မော်တော်ဘုတ်ချပြီး ကျွန်တော့် ကိုလာခေါ်တယ်။

အင်ဂျင်နီယာ အော်တူးကတ်စံက "မင်းဘာလို့ သင်္ဘောချင်းချိန်းလိုက်တာလဲကွာ"လို့ သံယောဇဉ်နဲ့မေးရှာတယ်။ ကျွန်တော်ကလည်း မိဘရှိသူဖြစ်ပြီး ကိုယ်ချင်းစာနာစိတ်နဲ့ လဲပေးလိုက်တာ ဖြစ်တဲ့အကြောင်း ပြောပြလိုက်တော့ သူက...

"ငါတို့ သူငယ်ချင်းနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှ ပြန်ဆုံကြမယ်မသိနိုင်ဘူး၊ လာကွာ မော်လမြိုင်မြို့ထဲသွားပြီး ဝီစကီနည်းနည်း သောက်ရအောင်"တဲ့။

ကျွန်တော်ကခေါ်ရင် အော်တူးကတ်စံ ဘယ်တော့မှ ငြင်းလေ့မရှိသလို၊ သူခေါ်ရင် ကျွန်တော်ကလည်း လာသွားစို့ သူငယ်ချင်း၊ အခုလား ဆိုတဲ့ ဆက်

ကျွန်တော်တို့နှစ်ယောက် မော်တော်ဘုတ်တစ်စင်းနဲ့ မော်လမြိုင်ကမ်း ဆံရေးမျိုး၊ ကျွန်တော်တို့နှစ်ယောက် ... ဆိုင်ရှင်တရုတ်က ထူးပြီးမှာ ကို ကပ်ခဲ့ကြတယ်။ သောက်နေကျ ဆိုင်ဆိုတော့ ဆိုင်ရှင်တရုတ်က ထူးပြီးမှာ နေစရာမလိုဘူး။ ဝီစကီပုလင်း၊ ဆိုဒါ၊ ရေခဲလာချတာပဲ။ အမြည်းတော့ အော် တူးကတ်စံ စိတ်ကြိုက်မှာတယ်။ သိပ်များများစားစား မမှာကြပါဘူး။ အမြည်း စားချင်လို့ လာကြတာမှ မဟုတ်ဘဲ။ တစ်ခွက်လောက်လည်းဝင်ရော အင်ဂျင်နီယာ က ဒေါက်တာချာကရာပါသီး အိန္ဒိယကပြန်လာရင် အောင်တေဇသဘော်ကို ပြန်ပြောင်းခဲ့ဖို့ ပြောတော့၊ ကျွန်တော် စိတ်မကောင်းဖြစ်ပြီး ခေါင်းညိတ်မိတယ်။ ဒီအင်ဂျင်နီယာနဲ့ ကျွန်တော့်ရဲ့ ခင်မင်မှုတွေ ပြန်မြင်ယောင်တယ်။

* * *

## လူပေလူတေ သင်္ဘောအရာရှိတွေ

ကျွန်တော်တို့ စင်ကာပူရောက်လို့ လစာထုတ်ရင် စင်ကာပူဒေါ်လာရတယ်။ အိန္ဒိယရောက်ခိုက် လစာထုတ်ချင်ရင် ရူပီးငွေစာရတယ်။ အော်တူးကတ်စံက လည်း ကျွန်တော့်လိုပဲ။ ငသုံး၊ ငဖြုန်း၊ ကိုယ့်မှာ သုံးစရာပိုက်ဆံပြတ်နေရင် ရုံးချုပ်မှာ ၆ လစာကြိုထုတ်ပြီးသုံးကြတဲ့ နှစ်ယောက်။ သူက ဂျပန်သူဌေးသား အင်ဂျင်နီယာ။ တစ်မိပေါက် တစ်ယောက်ထွန်းဆိုတဲ့သားမျိုး။ မိဘက ကမ်းပေါ်ကုန်းပေါ်မှာနေရင် ထိန်းမနိုင်လွန်းလို့ ပင်လယ်ပြင် လွှတ်လိုက်ရတယ် ဆိုတဲ့ သားမျိုး။ နှစ်ဖက်ဆွေမျိုးမိဘတွေ ဆလံပေးရတဲ့သား။ မအော်တူးကတ်စံ ရဲ့လည်ပင်းမှာ ဆွဲထားတဲ့ လော့ကက်သီးလေးတစ်ခုရှိတယ်။ အဲဒီလော့ကက်သီး ထဲမှာ သူ့အဖေနဲ့ အမေရဲ့ ဓာတ်ပုံလေး ထည့်ထားတယ်။ ပေပေတေတေ နေပေမဲ့ အဖေအမေကိုတော့ ချစ်တတ်ပေသကိုးလို့ တွေးမိတယ်။ ကျွန်တော်တောင် သူ့လို ဆွဲထားချင်စိတ် တစ်ခါတလေ ပေါ်မိတယ်။ အော်တူးကတ်စံ အရင်က ရေနံသင်္ဘောတွေပေါ်မှာ လိုက်ခဲ့ဖူးတယ်။ နောက်မှ ဗမာပြည်ပြောင်းလာတာ။ သူ့ကိုယ်သူ ပေတေတဲ့နေရာ၊ သုံးတဲ့ဖြုန်းတဲ့ နေရာမှာ နှစ်ယောက်မရှိဘူးထင်နေ တဲ့ဂျပန်။ ကျွန်တော်နဲ့တွေ့တော့ သူဖြုံသွားတယ်၊ အားလည်းရှိသွားတယ်။ ချိတ်၊ ချိတ်ချင်း ချိတ်မိသွားတယ်။ ငါးထန်းရွက်နှစ်ကောင်ဖြစ်သွားကြပါလေ ရော။

စင်ကာပူရောက်လို့ လည်ချင်ပတ်ချင်ရင် အဖေတို့မိတ်ဆွေ ကျားသူဌေး အော်ဘွန်ဟောဆီ ဖုန်းဆက်ရင် မာစီးဒီး ရောက်လာတော့တာ။ ကျားဘမ်းပရုတ်

ဆီ ကျားသူငွေး အော်ဘွန်ပော မိသားစုနဲ့ ကျွန်တော်တို့နဲ့ ဟိုရေးကတည်းက ခင်ကြတာကိုး။ ကျားသူငွေးရဲ့ မာစီးဒီးနဲ့ ကျွန်တော်တို့နှစ်ယောက် လျှောက်လည်ကြတာပဲ။ စင်ကာပူမှာ ဟက်ပီးဝေါလ်၊ နယူးဝါးလ်၊ ဂရိတ်ကယ်ဗယ်ရီ ဆိုတဲ့ နေရာတွေဟာ လူတွေ ပျော်ရအောင် ဖန်တီးထားတဲ့ ပျော်စရာနေရာတွေ ပေါ့။ လူတွေရဲ့အိတ်ထဲက ပိုက်ဆံကို တရားသဖြင့် နည်းအမျိုးမျိုးနဲ့ ဆွဲဆောင် ယူနေတဲ့ နေရာတွေ။ စင်ကာပူမှာ ဒီလိုနေရာတွေ အများကြီး။

ကျွန်တော်တို့ အဲဒီလို ပျော်မယ် ပါးမယ်ဆိုရင် ယူနီဖောင်းမဝတ်ကြဘူး။ ယူနီဖောင်းနဲ့ ဝင်ခွင့်လည်းမရှိဘူး။ ယူနီဖောင်းဝတ်လာရင် ဆိပ်ကမ်းမှာ ကလေး လူကြီးအားလုံးက ဖော်ဖော်ရွေရွေ နှုတ်ဆက်ကြ၊ ဆက်ဆံကြတယ်။ ဟိုက ဝွတ်မောနင်း ဒီက ပောင်းဒူးယူဒူးနဲ့ နှုတ်ဆက်ကြလေ့ရှိတယ်။ သင်္ဘောသား၊ သင်္ဘောအရာရှိကို စင်ကာပူတွေ မစော်ကားကြဘူး။ လက်ဖျားနဲ့ မထိဘူး။ မျက်နှာချိုသွေးကြတယ်။ ဘာလို့လဲဆိုတော့ စင်ကာပူက ပင်လယ်ကူးသင်္ဘော တွေအပေါ် အများကြီး တည်မှီနေကြရတယ်လေ။

ကျွန်တော်တို့ ကုန်းပေါ်တက်ရင် ဆေးပြင်းလိပ် သုံးလိပ်ယူခွင့်ရှိတယ်။ တစ်လိပ်ကိုသောက် နှစ်လိပ်ကို သိမ်းထား။ မြန်မာဆေးပြင်းလိပ်က ပျို့တိုင်း ကြိုက်တဲ့ နှင်းဆီခိုင်လိုပဲ မျက်နှာပွင့်တယ်။ သူ့နေရာနဲ့သူ ပေါက်ရောက်တယ်။ ပေးလို့ ကမ်းလို့လှတယ်။ ဒါပေမဲ့ လောဘတက်ပြီး ဆေးပြင်းလိပ် သုံးလိပ်ထက် ပိုပြီး ယူဆောင်ခွင့်မရှိဘူး။ အရေးယူတယ်။

အော်တူးကတ်စံနဲ့နှစ်ယောက် ဂရိတ်ကယ်ဗာရီသွားပြီး မိန်းမတွေနဲ့ တွဲကကြမယ်လို့။ အကသင်ကြတယ်။ အကသင်တာတင် ဒေါ်လာ ၅၀ စီပေးရ တယ်။ ဒေါ်လာ ၅၀ ဘယ်မှုမလဲ။ ဗမာသူဌေးသားနဲ့ ဂျပန်သူဌေးသားတွေပဲ။ ကောင်မလေးတွေနဲ့ တွဲကတတ်ဖို့ အရေးကြီးတယ်။ သီချင်းဖွင့်ပြီး လက်ဘယ် လို ကိုင်၊ ခါးဘယ်ကဲ့သို့ဖက်၊ ခြေထောက်ဒီလိုလှမ်းဆိုပြီး သင်ပေးတာ။ အက သင်တဲ့ ဆရာမက ကိုယ်လုံးတောင့်တောင့်၊ ရုပ်ချောချော၊ ထောင်ထောင်မောင်း မောင်း။ သူ့ကို မြင်ပြီး သူနဲ့ တွဲသင်ရရင် တန်တယ်။ စိတ်လှုပ်ရှားစရာကောင်း တဲ့ ဆရာမပုံစံအပြည့်။ ဒါပေမဲ့ မိနစ်ပိုင်းပဲ၊ နောက်တော့ သူ့ခြံပေါက်တပည့် မလေးသွေနဲ့ တွဲသင်ရတာ။ ဆရာမက အနားကနေ ကြည့်သင်ပေး ပြင်ပေးတာ။ ဒီဆရာမက ဒီအလုပ်ပဲ လုပ်စားတာတဲ့။ ကျွန်တော်တို့လို ငမိုက်သားတွေက အများသားကလား။

အသင်အပြကလည်း ကောင်း၊ ကျွန်တော်တို့ကလည်း တတ်ချင်တော့ တစ်နာရီလောက်နဲ့ တတ်လာခဲ့ကြတယ်။ ဟုတ်လေသလားတော့ မသိဘူး။

ကျွန်တော်တို့လို အကအတတ်မြန်တဲ့သူ မတွေ့ဖူးဘူးတဲ့။ မြန်မြန်တတ်သွားလေ၊ သူတို့ အပင်ပန်းသက်သာလေဆိုတဲ့ အလုပ်မျိုး မဟုတ်လား။

ကပွဲရုံရောက်တော့ ကပွဲခန်းမကြီးတွေမှာ ဒွိယံ၊ ဒွိယံ တွဲကနေလိုက်ကြတာ။ အားကျစရာကြီး။ တချို့အတွဲတွေက ကိုယ့်ကိုယ်ပိုင် အတွဲတွေ။ ဇနီးမောင်နှံတွေ။ တချို့အတွဲတွေက ချစ်သူရည်းစားတွေ၊ ဒီမှာ ချိန်းဆိုပြီး ကကြတာ။ ကြင်ကြင်နာနာ ကြည်ကြည်နူးနူးတွေ၊ အားမကျဘဲ ခံနိုင်ရိုးလား။ စိတ်ထဲမှာ ရိုးတိုးရွတ ဖြစ်လာတာပေါ့။ ဒီလို အရသာမျိုး ခံစားချင်နေကြတာလေ။ စိတ်ကို ပိုပြီး ရိုးတိုးရွတ ဖြစ်စေတာတော့ တီးဝိုင်းက တေးသွားကို ခပ်သွက်သွက်လေး ပြောင်းလဲတဲ့အခါ စည်းချက်နဲ့အတူလှုပ်ကြ၊ ကကြ ယမ်းကြရတာလေ။

ကပွဲရုံက လာကဖို့ ဖိတ်ပါလေရော။ တစ်နာရီကို ၁၃ ဒေါ်လာ ပေးရမယ်တဲ့။ ကချင်လို့မှ ဒေါ်လာ ၅၀ စီပေးပြီး သင်ထားကြတာ။ လာမေးတော့ အိုကေ ကမယ်ပေါ့။ ဂျပန်အင်ဂျင်နီယာကိုတော့ မေးစရာမလိုဘူး။ သူ့မျက်နှာကြီး ကြည့်တာနဲ့ကိုပဲ ကချင်နေတယ်ဆိုတာ အသိသာကြီး။ မှာစားထားတဲ့စားစရာတွေ ခေတ္တဘေးဖယ်ထားပြီး ဝင်ကကြရော။ ကချေသည်မလေးတွေကလည်း ကချင်အောင်ဆွဲဆောင်တတ်တယ်။ ကျွန်တော်တို့မှာစားတာတွေလည်း သူတို့နှိုက်စားကြတယ်။ သူတို့အတွက် သူတို့စားသောက်သမျှ ကျွန်တော်တို့က ဒကာခံရတာ။ အရွယ်ကောင်းတွေ မဟုတ်လား၊ ကလိုက်ကြတာ မနက်မိုးကို လင်းရော။

မိုးလင်းလို့ ကုန်ကျငွေရှင်းတော့ ဒေါ်လာ ၇၀၀၀ တဲ့။ ကျွန်တော်တို့နှစ်ယောက်ပေါင်းတဲ့ ပိုက်ဆံ ဘယ်လိုလုပ်ပြီး ၇၀၀၀ ပါမလဲ။ ဒီတော့ ကပွဲရုံပိုင်ရှင်ကို သင်္ဘောအင်ဂျင်နီယာနဲ့ သင်္ဘောဆရာဝန်ဘယ်သူတွေပါ။ အောင်တေဇ သင်္ဘောကပါ။ အခု ဒီရွှေ့ဒီမျှ ယူထားပါ။ ပိုက်ဆံပြန်ယူချေဦးမယ်ဆိုပြီး ငွေ ၁၀၀၀ ကျော်ပေးခဲ့ပြီး ပိုက်ဆံအရှာထွက်ခဲ့ကြတယ်။

* * *

## မာလီသစ်နှစ်ဦး

လမ်းမှာတွေ့တဲ့ တက္ကစီတစ်စင်းငှားပြီး နီချီမင်ကုမ္ပဏီကိုမောင်းလို့ ပြောလိုက်တယ်။ ကုမ္ပဏီကို ရောက်အောင် အတော်သွားရတာကလား။ တက္ကစီခရှင်းစရာမရှိလို့ ခေတ္တအစောင့်ခိုင်းထားရတယ်။ ဧည့်ကြိုတွေကို ကုမ္ပဏီရဲ့မန်နေဂျင်းဒါရိုက်တာနဲ့တွေ့ချင်တယ်လို့ အော်တူးကတ်စ်က ပြောလိုက်တယ်။ ဒီဂျပန်

သူငယ်ချင်းဦးဝိစာရအိမ်မှာ ဝင်ထွက်စားသောက်နေပေမဲ့ သူ့အကြောင်း မစပ်စုမိဘူး။

အနောက်တိုင်းဝတ်စုံကို သပ်သပ်ရပ်ရပ်ဝတ်ထားတဲ့ မန်နေဂျင်းဒါရိုက်တာ ထွက်လာတယ်။ ဆံပင်ကို နောက်လှန်ပြီး ပိနေအောင် ဖြီးထားတဲ့သူ။ မန်နေဂျင်းဒါရိုက်တာကို အော်တူးကတ်စံက စင်ကာပူဒေါ်လာ ၇၀၀၀ လိုချင်တဲ့အကြောင်း မပြောခင် သူ့ကိုသူ မိတ်ဆက်တယ်။ ပြီးမှ ဒေါ်လာ ၇၀၀၀ လိုချင်တဲ့အကြောင်း ပြောတော့ မန်နေဂျင်းဒါရိုက်တာက သူ့ကို သိမှမသိဘဲ တူးတူးခါးခါး ငြင်းတာပေါ့။ လိုချင်တဲ့ငွေကလည်း နည်းမှ မနည်းဘဲကိုး။

နောက်တော့မှ သူ့လည်ပင်းမှာ ဆွဲထားတဲ့ ဆွဲကြိုးကို ဖြတ်ပြီး ဆွဲကြိုးနဲ့ တွဲထားတဲ့လော့ကတ်သီးကို ဖွင့်ပြတယ်။ အဲဒီလော့ကတ်သီးထဲမှာ အော်တူးကတ်စံရဲ့ အဖေနဲ့အမေဓာတ်ပုံပါတာကိုကို ပြတယ်။ အဲဒီဓာတ်ပုံကိုလည်းမြင်ရော မန်နေဂျင်းဒါရိုက်တာရဲ့မျက်နှာက ရုတ်ခြည်းဝင်းထိန်သွားပြီး စကားသံတွေ ဆူဆူညံညံ ထွက်လာပါလေရော။

မီးခံသေတ္တာကိုဖွင့်ရင်း ဒေါ်လာ ၇၀၀၀ တော်ပြီလားလို့ မေးတယ်။ အော်တူးကတ်စံက တစ်သောင်းယူပြီး ပြန်ချလာတယ်။ လက်မှတ်တောင် တစ်ချက်မှ ထိုးစရာမလိုဘူး။ ကပ္ပဲရုံကို သွားပြီး ကျန်တဲ့အကြွေး ငါးထောင်ကျော် ဆပ်ပစ်လိုက်တယ်။

ကျွန်တော် ဒေါက်တာလျောင်းဆီမှာဝင်ပြီး အလုပ်လုပ်ရင်း အပိုဝင်ငွေရအောင်၊ အတွေ့အကြုံရအောင် လုပ်နေတုန်း တစ်ညနေ အော်တူးကတ်စံ ဆေးခန်းကို ပေါက်ချလာတယ်။

အော်တူးကတ်စံက သူ့နောက်လိုက်ခဲ့ဆိုတာနဲ့ လိုက်သွားလိုက်တာ ကမ်းနားနဲ့ သိပ်မဝေးတဲ့နေရာမှာရှိတဲ့ ခြံဝန်းကျယ်ကြီးတစ်ခြံကို ရောက်သွားကြတယ်။ ဆယ်ဇကေလောက်များရှိလေမလား မသိဘူး။ ခြံရဲ့အလယ်မှာ ခမ်းနားတဲ့ အဆောက်အအုံကြီးတစ်လုံး ရှိတယ်။ ခြံထဲမှာ စာထိုင်ဖတ်နေတဲ့ ဘိုမကြီးတစ်ယောက် တွန်းလှည်းတစ်ခုပေါ်မှာ တွေ့ရတယ်။

ဂျပန်က ဘိုမကြီးဆီသွားပြီး ကျွန်တော်တို့ကို တစ်ခုခုခိုင်းပါလို့ အလုပ်သွားတောင်းတယ်။ တွန်းလှည်းပေါ်မှာ ဇိမ်ခံရင်းစာဖတ်နေတဲ့ ဘိုမကြီးက မျက်မှန်အသာ မကြည့်ပြီး သူ့ခြံထဲက သစ်ရွက်ကြွေတွေ အကောက်ခိုင်းတယ်။ သူ့တပည့်တစ်ယောက်က ကျွန်တော်တို့ကို သံချွန်စူးတပ်ထားတဲ့ တုတ်တစ်ချောင်းနဲ့ အိတ်တစ်လုံးစီပေးတယ်။

သစ်ရွက်ခြောက်တွေ လျှောက်ကောက်၊ အိတ်ထဲထည့်၊ အိတ်ပြည့်သွား

ရင် မီးရှို့မယ့် သံဖိုကြီးထဲ သွားထည့်ရတယ်။ ဒီ့ပြင် ကုလားအလုပ်သမားတွေ လည်း ရေလောင်းသူလောင်း၊ မြေဆွသူဆွ၊ သစ်ပင်ဖြတ်တဲ့ ကတ်ကြေးနဲ့ ခြံ စည်းရိုး ညှိသူညှိ။ ဘိုမကြီးက စာဖတ်ရာကနေ ကျွန်တော်တို့ အလုပ်ကို ဖိဖိ စီးစီး လုပ်ရဲ့လားလို့ တစ်ချက်တစ်ချက် လှမ်း အကဲခတ်တယ်။ သစ်ရွက်ကြွေ တဲ့ ရာသီဆိုတော့ ရှေ့ကကောက် နောက်ကကြွေ၊ ထပ်ကောက်၊ ထပ်ကြွေ၊ ခြံဝင်းကလည်း ကျယ်ဆိုတော့ ဒီအလုပ်က သိပ်မချောင်လှဘူး။

ခဏနေတော့ ကျွန်တော်က မြက်ခင်းပြင်ကို ရေဖျန်းရပြီး အော်တူးကတ် စံက ကြာကန်နံဘေးက ရေညှိတွေ ခြစ်ရတိုက်ရတယ်။ သူ့အလုပ်သမားတွေ နားတော့ ကျွန်တော်တို့လည်း နားရတယ်။ သူ့ ကုလား အလုပ်သမားတွေနည်း တူ ပေါင်မုန့်သုံးချပ်၊ ဆလတ်၊ ကြက်ဥပြုတ်၊ ခရမ်းချဉ်သီးနဲ့ နေ့လယ်စာ ဝေးကြရတာလေ။ နေ့လယ်စာ စားပြီး ခဏနားပြီးတော့ ရေမိုးချိုး၊ လုပ်အားခ ထုတ်ပြီး ပြန်လာခဲ့ကြတယ်။

နောက်တစ်နေ့ကျတော့ သူက

"အယ်ဒီ၊ မင်း မီးပူကျ ယူနီဖောင်းကို ကော့နေအောင် ဝတ်ခဲ့ကွာ"တဲ့။

အံ့အားသင့်နေတဲ့ ကျွန်တော်က

"ဘာလုပ်ဖို့တုံး ကိုရွှေဂျပန်ရ"

"မေးမနေနဲ့ကွာ၊ ဝတ်မှာသာ ဝတ်ခဲ့စမ်းပါ"

သူရဲ့ယူနီဖောင်းကလည်း ကော့နေတာပဲ။ ကော်လာတွေ လက်ဖတ် (သတ်)တွေ ကြွေရောင်တောက်လို့။ နှစ်ယောက်ထွက်လာကြတာ သူက ရှေ့က တစ်လှမ်းသာသာ ဦးဆောင်တယ်။ အော်တူးကတ်စံက မနေ့က မာလီလုပ်ခဲ့ကြ တဲ့ ဘိုမကြီးခြံကို ချီတက်နေတာကိုး။ ခြံဝက ဒလဝမ်ကို မင်းတို့သူဌေးမကြီးနဲ့ တွေ့ချင်တယ်လို့ပြောတော့ ခဏစောင့်ပါဆိုပြီး ခွင့်သွားတောင်းတယ်။ သဘော်ာ အင်ဂျင်နီယာနဲ့ သဘော်ာဆရာဝန်တို့က တွေ့ချင်လို့ပါလို့ သွားပြောရတာကိုး။

ဘိုမကြီးက သူ့ဧည့်ခန်းကျယ်ကြီးထဲ ခေါ်အသွင်းခိုင်းလိုက်တယ်။ စာ အုပ်တွေ၊ ဓာတ်ပုံတွေ၊ အမှတ်တရပစ္စည်းတွေနဲ့ အလှဆင်ထားတဲ့ သပ်ရပ်တဲ့ ဧည့်ခန်းတစ်ခုပဲ။ သူ့ရဲ့ကြွယ်ဝမှု၊ ပညာလိုက်စားမှုကို ဒီဧည့်ခန်းက လှစ်ဟပြနေ သလိုပဲ။

ဘိုမကြီးက ကျွန်တော်တို့ကို တစ်ခါမှ မတွေ့ဘူးတဲ့ဧည့်စိမ်းတွေကို မျက်မှောင်ကြုတ်ကြည့်နေတယ်။

"ကျွန်တော်တို့ကို မှတ်မိလား"

ဘိုမကြီးက ဇဝေဇဝါဖြစ်နေပုံပဲ။ ပြီးတော့ ခေါင်းယမ်းရင်း "မမှတ်မိဘူး"

လို့ ဖြေတယ်။

"မနေ့က နေ့လယ်စာ တစ်နပ်အတွက် မာလီ လာလုပ်ကြတဲ့သူတွေလေ"

"ဟယ် လူရှုပ်တွေပဲ၊ ဘာလို့ ဒီလိုလုပ်ရတာလဲ"

ကျွန်တော်တို့ ပခုံးထက်က အဆင့်အတန်းပြတဲ့ သင်္ကေတတွေကြည့်ပြီး သူ့မှာ ခေတ္တတော့ အနေရအထိုင်ရ ခက်သွားတယ်။ နောက်တော့လည်း ခင်မင်သွားပြီး အစားကောင်းအသောက်ကောင်းတွေ ချကျွေးပါလေရော။

"ဒီလို မလုပ်ကောင်းဘူး၊ မင်းတို့ကို သာမန်လူတွေမှတ်လို့ သစ်ရွက်အကောက်ခိုင်းတာပါ"

ဒီစကားမျိုး၊ သုံးလေးကြိမ်ထက်မနည်း ပြောလွှတ်လိုက်တယ်။

* * *

## မမေ့နိုင်တဲ့ ဇွန် ၆ ရက် အတွေ့အကြုံ

အဲဒီနေ့က စားသောက်ဆိုင်ရှင်က ဘယ်လို စေတနာပေါက်တယ်မသိဘူး။ ဘဲကင်တစ်ခြမ်း၊ လက်ဆောင်ချပေးတယ်။ ကျွန်တော်တို့နှစ်ယောက် နှစ်ပက်စီလောက်ချအပြီးမှာ ဘဲကင် လာချတော့ အက်ဒဝပ်ရေ၊ အော်တူးကတ်စံရေ ဘယ်နှယ့်လဲ သူငယ်ချင်းဆိုတဲ့ မျက်စပစ်နည်းမျိုးပစ်ပြီး နောက်ထပ် တစ်ပက်စီလောက် ထပ်ချသေးတယ်။ အဲဒီမှာ မူးမူးနဲ့ ကျွန်တော့်ပါးစပ်က အာချောင်မိတယ်။

"အောင်ဇေယျာနဲ့ အောင်တေဇသင်္ဘောညီအစ်ကို မော်လမြိုင်မှာ လာဆုံနေကြတယ်။ ဒီလိုဆုံစည်းခဲတယ်။ မနက်ဖြန်ဆိုရင် အောင်ဇေယျာက စင်ကာပူဘက်ထွက်ပြီး အောင်တေဇက ရေးမြို့ဘက်သွားမှာ သူငယ်ချင်း"

"အေးကွာ မင်းပြောမှ သတိထားမိတယ် ဒီလို ဆုံစည်းခဲ့တယ်ကွ"

"ဆုံတုန်းဆုံခိုက် Farewell To Deal ဆိုပြီး ညီအစ်ကို သင်္ဘောတွေ တစ်စင်းနဲ့တစ်စင်း ဂုဏ်ပြုနှုတ်ဆက်ပွဲလုပ်ရအောင်"

"အေး၊ ကောင်းသားပဲ အက်ဒဝပ်၊ မင်းစိတ်ကူးကောင်းတယ်" လို့ အော်တူးကတ်စံက ဘဲကင်မြို့ရင်း ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်တယ်။ ပြီးတော့ ဖန်ခွက်နှစ်ခွက်ကိုင်ပြပြီး သူက ကျွန်တော့် စိတ်ကူးကောင်းအတွက် ဂုဏ်ပြုတယ်။ အဲဒီမှာ လက်လွှန်ပြီး သူ့ဖန်ခွက် နှုတ်ခမ်းနည်းနည်းပဲ့သွားတယ်။ စားပွဲထိုးကလေးကို ခေါ်ပြီး ဖန်ခွက်အသစ် အလဲခိုင်းရတယ်။

သင်္ဘောပေါ်ကို ပြန်ရောက်တော့ အော်တူးကတ်စံကပဲ သင်္ဘောနှစ်စင်းလုံးက ကပ္ပတိန်တွေကို ဒီအကြံပေးပြီး မနက်ဖြန်ညနေ သင်္ဘောနှစ်စင်းထွက်ကြလို့ ခွဲခွာခါနီးရင် ဒီလို Farewell လုပ်ပြီး သင်္ဘောချင်း ဂုဏ်ပြုနှုတ်ဆက်ကြမယ်လို့ ပြင်ဆင်ကြတယ်။

နေ့လယ် နှစ်နာရီလောက်ကတည်းက ပြင်ဆင်ကြရတယ်။ အောင်တေဇနဲ့ အောင်ဇေယျတို့ အလံတွေ တင်ကြ၊ အလံတွေ လွှင့်ကြနဲ့ အလုပ်တွေ များနေကြပုံကို မော်လမြိုင်မြို့လူထုက ဘယ်ကနေ ဘယ်လိုသတင်းကြားကြတယ် မသိဘူး။ လူသတင်း လူချင်းဆောင်လိုက်ကြတာ။ ကမ်းနားမှာ ပရိသတ်တွေ တဖြည်းဖြည်းများလာကြတယ်။ သူတို့ မမြင်ဘူး မကြုံဘူးကြဖူးလေ။

ညနေ သုံးနာရီထိုးတော့ လေကလေးက တဖြူးဖြူးနဲ့ ရာသီဥတု သာသာယာယာရှိတယ်။ တင်ထားတဲ့အလံတွေကလည်း လေထဲမှ တဖျပ်ဖျပ်နဲ့။ ကြိုးတွေနဲ့ သီထားတဲ့ ရောင်စုံအလံငယ်တွေကလည်း လေတိုက်တိုင်း လွင့်လို့ စွင့်လို့။ သင်္ဘောတွေရဲ့ ဘေးတစ်ချက်စီမှာလည်း စက္ကူရောင်စုံအလိပ်တွေ ဖြည်ချထားလိုက်တာ သင်္ဘောညီအစ်ကို လှချင်းတိုင်းလှ၊ ခမ်းနားချင်တိုင်း ခမ်းနားနေတယ်။

ခရီးသည်တွေကို လိုက်ပို့ကြသူတွေနဲ့ ပရိသတ်က တဖြည်းဖြည်း ပိုစည်လာနေပြီ။ သင်္ဘောသားတွေရော၊ အရာရှိတွေပါ ဖြူစင်ကော့လန်နေတဲ့ ယူနီဖောင်းတွေ ထုတ်ဝတ်ကြ၊ ပိကက်ဦးထုပ်တွေ ဆောင်းကြရတယ်။

သင်္ဘောလက်ရန်းမှာ ရာထူးအဆင့်အလိုက် အနိမ့်အမြင့် တန်းစီပြီးချိန်မှာ နာရီကြည့်တော့ သုံးနာရီတိတိ၊ အောင်တေဇ သင်္ဘောကပ္ပတိန်က အင်္ဂလိပ်ဘာသာနဲ့ အမိန့်ပေးတယ်။

"သင်္ဘောစီးခရီးသည်များနဲ့ မော်လမြိုင်မြို့ လူထုအားလုံးကို အလေးပြု"

သင်္ဘောနှစ်စင်းက သင်္ဘောဝန်ထမ်းတွေ ပြိုင်တူ အလေးပြုကြတယ်။ ဒီမြင်ကွင်းကို အောက်က ပရိသတ်တော့ ဘယ်လိုခံစားတယ်မသိဘူး။ ကျွန်တော်တော့ စိတ်ထဲမှာ သိမ့်ခနဲ ဖြစ်သွားတယ်။ ပီတိလို့ထင်တာပဲ။ ကင်ပွန်းမတပ်တတ်ဘူး။ ဝမ်းသာသလိုလို၊ ကျေနပ်သလိုလို၊ ကျက်သရေရှိတာလည်းပါတယ်။

"အောင်ဇေယျ သင်္ဘောအရာရှိနဲ့တကွ သင်္ဘောပါခရီးသည်များ ဝန်ထမ်းများကို အလေးပြု"တဲ့။

ကျွန်တော်တို့ သတိဆွဲပြီး အလေးပြုခံနေတုန်းမှာ အော်တူးကတ်စံတို့ ဒေါက်တာချာကရာပါသီးတို့ သင်္ဘောတစ်စီးလုံး အလေးပြုနေကြတယ်။ သူတို့ နေမြဲဖြစ်သွားချိန်မှာ ကျွန်တော် အခု စင်ကာပူကို လိုက်ရမယ့် အောင်ဇေယျ

သဘော်ာကပ္ပတိန်ရဲ့ အသံသြသြကြီး ထွက်လာတယ်။

"အောင်တေဇ သဘော်ာအရာရှိနဲ့တကွ သဘော်ာပေါ်လိုက်ပါ စီးနင်းကြတဲ့ ခရီးသည်များ ဝန်ထမ်းများကို အလေးပြု"

ကျွန်တော်တို့ တစ်စင်းကိုတစ်စင်း လေးလေးစားစား အလေးပြုလိုက်ကြတယ်။ နားကြောစိမ့်လောက်အောင် အသံသြဇာကြီးတဲ့ အမိန့်ပေးသံကို ကျွန်တော်တို့ နာခံကြတာအပြင် တစ်ဖက်က လုပ်ဖော်ကိုင်ဖက်တွေ၊ ခရီးသည်တွေကို ဂုဏ်ပြုလိုက်ကြတာပဲ ဖြစ်တယ်။

ကမ်းပေါ်က ပရိသတ်တွေလည်း ကျွန်တော်တို့ အပြန်အလှန် ဂုဏ်ပြုကြ၊ နှုတ်ဆက်ကြတာကိုကြည့်ပြီး လက်ခုပ်တွေတီးကြ၊ လက်ခေါက်တွေ မှုတ်ကြနဲ့ပေါ့။ ကြုံတုန်းဆုံတုန်းသတိရလို့ အကြံပေးလိုက်မိတာ တင်ဆက်မှုအနုပညာပွဲတစ်ခုလိုပဲ မမျှော်လင့်ဘဲဖြစ်သွားတယ်။ "အိုးလိုင်ဇိုင်း"ဆိုတဲ့ သီချင်းတေးသွားပေါ်လာတော့ အလံတွေ တဖြည်းဖြည်းချင်းလျှောချကြတယ်။ ခုနက ဝမ်းသာကြည်နူးပြီး ပီတိဖြစ်နေတဲ့ခံစားမှုက "အိုးလိုင်ဇိုင်း"တွေးသွားသံနဲ့ အလံတွေလျှောချတာ မြင်ရတော့ ဝမ်းနည်းစိတ်က မဖိတ်ခေါ်ဘဲ ရောက်လာတယ်။

အရာရှိတွေရော၊ သဘော်ာတွေပါ သဘော်ာတစ်စင်းနဲ့တစ်စင်းနဲ့ လက်ပြဝှေ့ယမ်းနှုတ်ဆက်နေကြတယ်။ တချို့ခရီးသည်တွေလည်း ရောယောင်နှုတ်ဆက်ကြတယ်။ ကမ်းပေါ်က ပရိသတ်ကလည်း လက်တွေ ဝှေ့ယမ်းနေကြတယ်။

အဲဒီညနေက နေဝင်ချိန်ဟာ လှပသင့်သလောက်မလှဘူး။ ဘာဖြစ်လို့ဒီလို ဖြစ်နေရတာလဲ။ အမှတ်တမဲ့ ပါပဲ။ ည ၇ နာရီလောက်အထိ အော်တူးကတ်စ်နဲ့ ကျွန်တော်နဲ့ ရယ်စရာတွေ သောစရာတွေ ဝါယာလက်နဲ့ ပြောဆိုနောက်ပြောင်နေကြသေးတယ်။

"အက်ဒဝပ် စင်ကာပူရောက်ရင် ငါ့ ကောင်မတွေဆီ သွားမလည်နဲ့နော်" ဆိုတာမျိုးတွေ ပြောကြတာလေ။ ဘရိမီတာ ပြဒါးချိန်ဖိအားလျော့လာနေတယ်လို့ ကပ္ပတိန်ဆီ အစီရင်ခံတာ ကြားလိုက်ရတယ်။ ရေဒီယိုစက်ထဲမှာ အက်စ်အိုအက်စ်၊ အက်စ်အိုအက်စ်... ဆိုတဲ့ အသံတွေ ထွက်နေတယ်။ လတ္တီတွဒ်ဘယ်လောက်နဲ့ လောင်ဂျီတွဒ် ဘယ်ရွေ့မှာ လေမုန်တိုင်းတစ်ခု ဝင်ရောက်နေသတဲ့။ တစ်နာရီ မိုင် ၆၀ နှုန်းတိုက်နေတဲ့ လေမုန်တိုင်းတဲ့။ ဝါယာလက်ရေဒီယိုပြောကြားချက်ကို အောင်ဇေယျသဘော်ာ ကပ္ပတိန်နဲ့ အရာရှိတွေ ဝိုင်းဝန်းတွက်ချက်တိုင်းထွာ ကြည့်နေတဲ့အခါ လေမုန်တိုင်းက ကျွန်တော်တို့ သဘော်ာဆီဦးတည်လာနေတာပါလား။

ကပ္ပတိန်က သဘော်ာတစ်စင်းလုံး အရေးပေါ်တပ်လှန့်ထားတယ်။

အသက်ကယ်အင်္ကျီတွေဝတ်ထားကြဖို့ ခရီးသည်တွေပါ ညွှန်ကြားတယ်။ စိတ်သိပ်မလှုပ်ရှားကြဘဲ၊ တည်တည်ငြိမ်ငြိမ် လိုက်ပါကြဖို့လည်း နှိုးဆော်နေတယ်။ လေမတိုက်သေးပေမဲ့ သူ့ရဲ့လေမုန်တိုင်းရဲ့ အရိပ်အယောင်လို့ ဆိုရလေမလား။ လေမတိုက်သေးပေမဲ့ သူ့ရဲ့ ရှေ့ပြေး လှိုင်းလုံးတွေက ရောက်နှင့်နေပြီ။ ကပ္ပတိန်ရဲ့ လမ်းညွှန်မှုကို သင်္ဘောတစ်စင်းလုံး နာခံလိုက်နာရတယ်။ သူဟာ ဒီအချိန်မှာ အောင်ဇေယျသင်္ဘောရဲ့အရှင်သခင်ပဲ။ သူထိုင်ဆိုရင် ထိုင်ကြ၊ သူထဆိုရင် ထကြရမှာ။ ဘုရားရှိခိုးတဲ့ ခရီးသည်က ရှိခိုးကြ။ အများစုကတော့ မျက်စိမျက်နှာ မကောင်းကြဘူး။ စိုးရိမ်ထိတ်လန့်မှုတွေ သူတို့မျက်မှာမှာ တွေ့ရှိရတယ်။

ကျွန်တော်တို့ အောင်ဇေယျကပ္ပတိန်က သူ့သင်္ဘောကို မုန်တိုင်းလာရာဘက်သို့ ဦးတည်ခိုင်းတဲ့ အမိန့်ပေးသံ ကြားလိုက်ရတယ်။ ကျွန်တော်ကတော့ကပ္ပတိန်ကို ယုံတယ်။ သူ့မှာ အတွေ့အကြုံရှိတယ်။ သင်္ဘောဆလင်ကလည်း ကပ္ပတိန်အမိန့်ပေးတဲ့အတိုင်း မုန်တိုင်းဆီ တည့်တည့်ဦးတည်မောင်းဖို့ ကွေ့နေပြီ။ လှိုင်းတွေ လေတွေနဲ့ မိနစ်ပိုင်းအတွင်းကြုံရတော့တာပဲ။

အောင်တေဇသင်္ဘောကိုလည်း ကျွန်တော်တို့လိုပဲ မုန်တိုင်းကို ဦးတည်ဖို့ဝါယာလက်နဲ့ လှမ်းပြောနေတယ်။ ဒုတိယအကြိမ် လှမ်းပြောသံလည်းကြားလိုက်ရတယ်။ အောင်တေဇက ကျွန်တော်တို့လို မလိုက်ဘဲ မုန်တိုင်းခေါ်ရာကို အလိုက်သင့် အလျားသင့် ပါသွားနေတယ် ထင်ပါရဲ့။ ကျွန်တော်တို့ သင်္ဘောက ခရီးသည်တွေအားလုံး သင်္ဘောရဲ့အလယ်မှာ စုထားရတယ်။ ဟိုဘက် ဒီဘက်မပြေးကြနဲ့။ ပြေးရင် အကုန်လုံး ဒုက္ခရောက်ကုန်လိမ့်မတဲ့။

ည ၇ နာရီခွဲလောက်ကြတော့ နောင်တော် အောင်တေဇသင်္ဘော လဲသွားပြီလို့ သတင်းဝင်လာတယ်။ မော်လမြိုင်နဲ့မိုင် ၈၀ အကွာ၊ ရေးမြစ်ဝရဲ့အနောက်မြောက် ၁၇ မိုင်အကွာ၊ ကမ်းနဲ့ ၁၂ မိုင်လောက်ဝေးတဲ့ နေရာမှာနစ်သွားတာ။ ကုလားကောက်ကျွန်းနဲ့ သိပ်မဝေးတဲ့နေရာမှာ။ ကုန်ချိန် ၄၀၀ နဲ့ခရီးသည် ၈၅ ယောက်တင်ဆောင်ခဲ့တယ်လို့ သတင်းစာတွေမှာပါတယ်။ စင်ကာပူကို မသွားသေးဘဲ ရန်ကုန်ကို ပြန်ခဲ့ဖို့ ကြေးနန်းဝင်လို့ ရန်ကုန်ကိုပြန်ခဲ့ကြတယ်။ စွန့်စားခန်းကြီးနဲ့ ကြုံတွေ့ခဲ့ရလို့ သင်္ဘောတစ်စင်းလုံး ခြေကုန်လက်ပန်းကျနေကြပြီ။ တစ်ညလုံး တထိတ်ထိတ်နဲ့ နေခဲ့ကြရတာ၊ မနက်မိုးလင်းတော့ မန်းကီးပွိုင့်ကို ချောချောမောမော ရောက်ကြတယ်။ ပင်လယ်ပြင်က အခုတော့ သူမဟုတ်သလိုပဲ။

ဆွေမျိုးမိတ်သင်္ဂဟတွေ အားလုံးလိုလို အက်ဒဝပ်ခေါ် သိန်းလှိုင်တစ်ယောက်တော့ အောင်တေဇနဲ့အတူ စုံးစုံးမြုပ်သွားပြီလို့ ထင်ကြတယ်။ အိမ်ကို

သတင်းမေးလာကြသူတွေ၊ တယ်လီဖုန်းဆက်သူတွေနဲ့ မပြတ်ဘူး။ ကျွန်တော့်ကို ချစ်ခင်လို့ မေးကြသူတွေရှိသလို၊ တကယ်သေဆုံးတာလား သိချင်လို့ မေးသူတွေလည်း ပါမှာပေါ့။ မလိုမုန်းထားသူတွေရှိနိုင်တဲ့ လောကမဟုတ်လား။

ခရီးသည်တွေအားလုံး သင်္ဘောပေါ်က ဆင်းကြတော့ ဆိပ်ကမ်းမှာ ကြိုဆိုသူတွေနဲ့ ပြည့်နှက်နေတယ်။ သတင်းမေးကြသံတွေ၊ ပြုံးပျော်တဲ့ မျက်နှာတွေ မြင်တွေ့နေရတယ်။ သူတို့အားလုံး ဆင်းသွားကြပြီးမှ ကျွန်တော်တို့လည်း စိတ်မကောင်းခြင်းကြီးစွာနဲ့ ဆင်းလာခဲ့တယ်။ ကျွန်တော်တို့ အသက်ရှင်ကျန်ရစ်ပေမဲ့ အနိစ္စရောက်သူတွေက ရောက်သွားကြရှာပြီ။

ကျွန်တော် ဦးဝိစာရလမ်းက အိမ်ကို ပြန်ရောက်လို့ ဘာမှမကြာသေးဘူး။ ဆေးလောက၊ ဆရာဝန်လောကမှာ အရေးပါတဲ့ပုဂ္ဂိုလ်ကြီးတစ်ယောက်အိမ်ကို ရောက်ချလာတယ်။ ကျွန်တော့်ကိုလည်း တွေ့လိုက်ရော တစ္ဆေတစ်ကောင်ကို တွေ့လိုက်သလိုပဲ။ သူ့မျက်နှာဖြစ်သွားပုံက အခုတွေး အခုဒေါသဖြစ်သေးတယ်။

"ဟား ဟား မောင်သိန်းလှိုင် မင်း သေသွားပြီလို့ကြားတာ၊ မင်း မသေဘူးနော်၊ မင်း မသေဘူး၊ ဆရာ ဝမ်းသာပါတယ်ကွာ၊ ဆေးရုံသွားပြီး ပြောလိုက်ဦးမယ်"

ဆိုပြီး ပြန်ချသွားပါလေရော။ အဲဒါ ဆေးရုံက အာဏာပိုင်တွေကို ဒီပုဂ္ဂိုလ်ပြေးပြီး သံတော်ဦးတင်ရမှာ။ သိန်းလှိုင်မသေတာ ပထမံအတတ်တတ်သလိုလိုဖြစ်ကုန်ကြတယ်ထင်ပါရဲ့။ သူတို့အုပ်စိုးသူလောကအတွက် သိန်းလှိုင်ဟာ သူပုန်တစ်ယောက်လို့များ ယူဆနေကြရော့သလား။

အောင်တေဇ နစ်တဲ့အတွက် ဂျပန်ဆီက လျော်ကြေး တောင်းတယ်။ အဲဒီအခါ ဒီသင်္ဘောဟာ အဆင့်အတန်းမီ၊ ပေမီဒေါက်မီ သင်္ဘောဖြစ်တယ်။ သင်္ဘောရဲ့ချွတ်ယွင်းချက် မဟုတ်ဘူး။ ဂျပန်တွေက သူတို့ သင်္ဘောတွေရဲ့ စွမ်းဆောင်ရည်ကို ပြဖို့ ညီနောင်သင်္ဘောတစ်စင်းဖြစ်တဲ့ အောင်ဇေယျအပေါ်မှာ ဒတ်ချ်လူမျိုး ကပ္ပတိန်တစ်ယောက်တင်ပြီး စွမ်းရည်ပြစေတယ်။

ခရီးသည်နစ်ရာထိ ပြည့်အောင်စုံစမ်းရေးကော်မရှင်က လူတွေရော၊ သင်္ဘောအေးဂျင့်က ပုဂ္ဂိုလ်တွေပါ စမ်းသပ်တဲ့ ခရီးစဉ်ကို ဖိတ်ခေါ်ပြီး လူအပြည့်နဲ့ စမ်းပြတာ။

ဒတ်ချ်ကပ္ပတိန်က လက်ထဲမှာ လက်ကိုင်ဟွန်းတစ်လုံးကိုင်ထားပြီး သူက တစ် နှစ် သုံးလို့ရေတယ်။ သုံးရောက်ရင် ခရီးသည်အားလုံး ဘယ်လက်ရန်းကို ပြေးကိုင်ရတယ်။ နောက် တစ် နှစ် သုံးဆိုရင် ခရီးသည်တွေ ညာလက်ရန်းဆီ ပြေးရတယ်။ သင်္ဘောက စောင်းသွားတယ်။ ၁၅ ဒီဂရီလောက်တောင် စောင်း

တယ်ထင်တာပဲ။ အသည်းအေးစရာ ရင်ထိတ်စရာ။ ဒါပေမဲ့ သင်္ဘောက မှောက်မသွားဘူး။ မလဲဘူး။ ဒတ်ချ်လူမျိုး ကပ္ပတိန်က ပင်လယ်ပြင်သွား သင်္ဘောတစ်စင်းအဖြစ် ပြည့်စုံကုံလုံကြောင်း ထောက်ခံလိုက်တယ်။ ဒီအတွက် ဂျပန်ကုမ္ပဏီက အောင်တေဇအတွက် လျော်ကြေးမပေးဘူး။ ဗမာအစိုးရလျော်ကြေးတစ်ပြားမှ မရဘူး။

* * *

## အမှတ်တမဲ့ကျေးဇူးရှင်

သင်္ဘောစီးခရီးသည်တွေကြားမှာ သူနာပြုဆရာမကြီး တစ်ယောက်နဲ့ မမျှော်လင့်ဘဲ ဆုံရတယ်။ ကျွန်တော့်ရဲ့ ကျေးဇူးရှင်တွေထဲက တစ်ယောက်ပေါ့။ သူကလည်း ကျွန်တော့်ကျေးဇူး သူ့အပေါ်ရှိသတဲ့လေ။ တစ်ယောက်ကျေးဇူး တစ်ယောက်ဆီမှာ ရှိကြသူတွေပေါ့။ အသားဖြူဖြူ မျက်နှာက ဆယ်ပြားစေ့လို မေးရိုးကြီးကြီး။ ထောင်ထောင်မောင်းမောင်း ဂိုက်ဆိုက်ကျကျ ဆရာမကြီးတစ်ယောက်ပေါ့။ ကရင်လူမျိုးလို့ထင်တယ်။ သူက ကျွန်တော့်ကို တွေ့တွေ့ချင်း မှတ်မိတယ်။ နှုတ်ဆက်တယ်။ နှုတ်ဆက်ပုံကလည်း

"ဆရာ အက်ဒဝပ်မဟုတ်လား။ ဘယ့်နှယ့်လဲ ကျေးဇူးရှင်၊ နေကောင်းရဲ့လား"တဲ့။

ပထမတော့ ကျွန်တော် သူ့ကို ရုတ်တရက် မမှတ်မိဘူး။ ဒါပေမဲ့ သူ့အသံ၊ သူ့မေးရိုး၊ သူ့အရပ်အမောင်းက တစ်ခါတွေ့ရင် မှတ်မိတဲ့ အရည်အချင်းတွေလေ၊ မှတ်မိတာပေါ့။ အပြန်အလှန် တစ်ဦးပေါ်တစ်ဦး ကျေးဇူးရှိကြပုံကို တွေးပြီး ပြုံးမိတယ်။

ကျောင်းသားဘဝမှာ သားဖွားမီးယပ်သင်တန်း နှစ်လကြာ တက်ခဲ့ရတယ်။ ဆေးတက္ကသိုလ်အပိုင်းတစ် ကျောင်းသားမှန်ရင် ကျောင်းသားတစ်ယောက်ကို ကလေးအယောက် ၂၁ ယောက် မွေးဖွားရမယ်။ မွေးနေတာကိုကြည့်ရင်လည်းရသလို ကိုယ်တိုင် မွေးပေးရင်တော့ ပိုတတ်ကျွမ်းတာပေါ့။

အခြေခံ သူနာပြုသင်တန်းဆင်းပြီး နယ်မှာ ၃၊၄ နှစ်အမှုထမ်းကြ၊ ပြီးတော့ ရာထူးတိုးဖို့ သားဖွားဆရာမ လက်မှတ်ရကြဖို့ ရန်ကုန်ကိုပြန်လာကြပြီး သားဖွားသင်တန်းဆင်းလက်မှတ်အတွက် သားဖွားသင်တန်းတက်ကြတဲ့ သူနာပြုတွေကလည်း အယောက် ၂၀ ရှိတယ်။ သားဖွားပညာချည်းသက်သက် လာ

သင်နေကြတဲ့ ကျောင်းသူအယောက် ၃၀ လောက်နဲ့ဆိုတော့ ဆရာမတွေချည်း အယောက် ၅၀ လောက်ဖြစ်နေပြီး ဆေးကျောင်းသားတွေကလည်း အယောက် ၂၀ လောက်ရှိသေးတယ်။

သားဖွားဆရာမတွေ သင်တန်းကာလ ၆ လမှာ တစ်ယောက်ကို ကလေး အယောက် ၆၀ စီ လက်တွေ့မွေးပေးတဲ့ အတွေ့အကြုံရှိရမယ်တဲ့။ အဲဒီတော့ ဆေးကျောင်းသားများ လက်တွေ့ကလေးမွေးဖို့ အခွင့်အလမ်းက တော်တော်လေး နည်းတယ်။ အဲဒီခေတ်က ကိုယ်ဝန်ဆောင်မိခင်ကလည်း ဒီနေ့ခေတ်လောက် မများဘူးလို့ ထင်တယ်။ ဆေးကျောင်းသားတွေခမျာ လက်တွေ့မွေးကြဖို့ အခွင့်အလမ်းကနည်းကြရှာတယ်။ လက်တွေ့ထက် မျက်တွေ့နဲ့ပဲ နှစ်ပါးသွားကြရတယ်။ သင်တန်းမှာ နှစ်လပြည့်အခါ အရည်အချင်း ပြည့်မီပြီဆိုပြီး နောက်ရုံတစ်ရုံကို ပြောင်းကြရရော။ နောက်ထပ် ဆေးကျောင်းသားတွေ ရောက်လာပြန်ရော။

ကျွန်တော်ကတော့ နောက်ရုံတစ်ရုံကို ပြောင်းဖို့ ငြင်းဆန်တယ်။

“ဟာ မပြောင်းဘူး၊ ကျွန်တော် တစ်ယောက်မှ မမွေးရသေးဘူး” ဆရာမကြီးတွေက ကျွန်တော့်ကို ထူးဆန်းတဲ့ သတ္တဝါတစ်ကောင်လို ဝိုင်းကြည့်ကြပြီး

“မင်းနှယ်ကွယ်၊ ကြံကြံဖန်ဖန်၊ သူများတွေလည်း အောင်လက်မှတ် ဒီလိုပဲ ယူသွားကြတဲ့ဥစ္စာ”

“မဟုတ်ဘူး ဆရာမ၊ ကျွန်တော်က လက်တွေ့မွေးဖူးချင်တာ”

ဒီပြင် ကျောင်းသားတွေ နောက်တစ်ရုံကို ပြောင်းသွားကြပေမဲ့ ကျွန်တော် နေရစ်ခဲ့တယ်။ အဲဒီမှာ မေဖောဆိုတဲ့ မျက်နှာဆယ်ပြားစေ့ မေးရိုးနဲ့ ဆရာမက နင်ဒီလောက်တောင် ကလေးမွေးချင်ရင် သန့်ရှင်းရေးအရင်ဆုံးလုပ်။ ဒါ အခြေခံပဲတဲ့။ ဘယ်တတ်နိုင်မလဲ။ သူ့ကျောင်းနေ သူ့စာ အံရမှာပေါ့။

အဲဒါနဲ့ ဆဲဗင်းအိုကလော့ဆိုတဲ့ ဓားတွေ သွားဝယ်ရတယ်။ ဆပ်ပြာလည်း ပါတယ်။ ဘရပ်ရှ်တစ်ခုလည်း ဝယ်တယ်။ မေဖောကပဲ စီစဉ်ပေးတာ။ ခပ်ဝဝ မိခင်လောင်းတစ်ယောက်ကို သန့်ရှင်းရေး ကျွန်တော့်အလုပ်ခိုင်းတယ်။ ကျွန်တော် လုပ်ပေးတယ်။ မလုပ်ခင်မှာ အင်ထရိုနည်းနည်းတော့ ဝင်ရတာပေါ့။ “ကျွန်တော် ဆရာဝန်လောင်းပါ၊ အစ်မကို သန့်ရှင်းရေး လုပ်ပေးပါရစေ”ပေါ့။ အဲဒီ ခပ်ဝဝ မိခင်လောင်းခမျာ မျက်နှာရဲခနဲ ဖြစ်သွားပြီး ဟိုဘက်ကို မျက်နှာချက်ချင်းလွှဲသွားတယ်။ ဆရာမတွေကတော့ ပြုံးစိစိလုပ်နေကြတယ်။ လိုင်တူ မတူဘဲကိုး။ တော်တော်လေး စည်းရုံးလိုက်တော့လည်း ရှေ့မျက်နှာ နောက်ထားလို့ အဆင်ပြေသွားတာပါပဲ။

“ဟောတော်” “ဟယ်တော်” တွေအော်ပြီး
မျက်နှာ ပိုဘက်လွှဲတာထက် မဖြစ်ဘူးထင်တယ်နော်တွေ ပြောသူကပြော အမျိုး ပေါင်နှစ်လုံး ပြန်စေ့သူကစေ့၊ မျိုးကြုံရတယ်။

ကျွန်တော် ဆရာဝန်လောင်းပါ။ အမိတို့ကမှာ ရှက်ရမှာလား၊ ကျွန်တော် က ရှက်ရမှာလား။ ရှက်စရာ ဘာမှမလိုဘူး။ ဒါပိုးမွှားကင်းစင်ဖို့ သန့်ရှင်းရတာ။ ပိုးမွှားကင်းစင်မှ ဖြစ်မယ့်ကိစ္စ၊ ရှက်စရာမလိုဘူးနော်၊ မျက်နှာပိုဘက်လှည့်နေ၊ လမ်းမှာ တစ်ယောက်နဲ့တစ်ယောက်တွေ့ကြရင် မခေါ်ကြေး၊ နှုတ်မဆက်ကြ ကြေး။ မသိချင်ဟန်ဆောင်ကြေး ဒီလိုရယ်ရယ်မောမောစကားရော ဖောသောနဲ့ လိုရာပန်းတိုင် အရောက်ချီတက်ရတာပဲ။

တစ်ခါတလေအခန်းက ခပ်မှောင်မှောင် မီးရောင်က မလုံမလောက်နဲ့ အဲဒီအချိန်မှာ မအမီနာတို့၊ ဇာရာဘီတို့နဲ့ ဆုံရကြုံရရင် သိပ်သတိထားရတယ်။ အားလုံးမှောင်မည်းနေတာ မဟုတ်လား။ ကျွန်တော် ဂိုးဖမ်းချင်လွန်းလို့ မွေးပေး ချင်လွန်းလို့ တစ္ဆေခြောက်တယ်လို့ နာမည်ကြီးတဲ့အထပ်မှာ သွားနေရတယ်။ ကျွန်တော် အဆောင်ပြန်နေတုန်း မွေးလူနာလာလို့ မမွေးလိုက်ရမှာစိုးလို့လေ။ သားဖွားဆောင်အထက်အထပ်ဟာ တစ္ဆေခြောက်တယ်လို့ နာမည်ကြီးတဲ့ အထပ် ပေါ့။ တစ္ဆေနဲ့ တွေ့ချင်တာလည်းပါတယ်။

အဲဒီလို သန့်ရှင်းရေးကိစ္စ ဆောင်ရွက်တုန်း ပါမောက္ခဒေါ်ယဉ်မေနဲ့ ပက်ပင်းကြီး တိုးကြပါလေရော။ ကျွန်တော်ဖြင့် ရုတ်တရက် လန့်ဖျပ်သွားလိုက် တယ်။ ဟိုအစ်မ ဓားထိမသွားတာ ကံကောင်း။ ဆရာမကြီး ဒေါ်ယဉ်မေက လူနာကို မွေးခန်းထဲခေါ်သွားဖို့ပြောပြီး ကျွန်တော့်ကို ခေါ်မေးပါလေရော။ မျက်နှာ ထား တည်တည်နဲ့မေးနေတယ်။

“ငါ့သား မင့်ကို ဒီအလုပ် ဘယ်သူ အလုပ်ခိုင်းသလဲ”

ပါမောက္ခက ဒီလိုမေးနေမှတော့ နံဘေးက ဆရာမကြီးငယ်တွေခမျာ သေးဖျန်းဖျန်း ထွက်ကျတော့မလောက်ဖြစ်ကုန်ကြသည်။ မျက်နှာတွေ သွေး ဆုတ်ပြီး ဖြူဖွေးသွားကြတယ်။ သူတို့အားလုံးရဲ့မျက်လုံးတွေက ကျွန်တော့်ဆီ ရောက်လာကြပြီး နားတွေလည်း ကျွန်တော့်အဖြေကို စွင့်နေကြတယ်။ ကျွန်တော် ဘာပြောမလဲ။ အပ်ကျသံကြားရမတတ် တိတ်လို့ ဆိတ်လို့။ ဆရာမတွေရဲ့မျက်နှာ ကို ကျွန်တော် တစ်ချက်လှမ်းကြည့်ပြီး ဖြေလိုက်တယ်။

“ကျွန်တော့်ဘာသာ လုပ်တာပါ”

သူတို့ဆီက ဟင်းချသံမှ မဆုံးသေးဘူး၊ ပါမောက္ခက ဆက်မေးတယ်။

“ဘာလို့ ဒီလိုလုပ်ရတာလဲ ငါ့သား”

"ကျွန်တော် အလုပ်တစ်ခုကို ကကြီးကနေ အ အထိ သိထားတတ်ထားချင်လို့ပါ ခင်ဗျာ"

ဒီတစ်ခါတော့ ပါမောက္ခနဲ့ ကျွန်တော်နဲ့ မျက်လုံးချင်း စီးချင်းထိုးနေကြပြီ။

"မင်းဘာဖြစ်လို့ မီးဖွားချင်ရတာလဲ"

ကျွန်တော့်အဖြေကိုကြားတော့ ပါမောက္ခဒေါ်ယဉ်မေ စိတ်လက်မကြည်မသာဖြစ်သွားတာ အမှန်ပဲ။

"လူ့လောကကို ဝင်ရောက်လာသူဟာ ကျွန်တော့်လက်ကြား ဝင်ရောက်လာသူဖြစ်ပြီး ဒီလူ့လောကကနေ ထွက်ခွာသွားသူဟာလည်း ကျွန်တော့်လက်ကြားထဲကပဲ ထွက်ခွာသွားသူဖြစ်စေချင်တယ် ဆရာမကြီး"

ဒီလိုအဖြေမျိုး ကြိုက်မှာ မဟုတ်သလို မျှော်လင့်ထားမှာလည်း မဟုတ်ဘူး။

"မင်း နောက်နှစ်ဆိုရင် ဆရာဝန်ဖြစ်ပြီလေ၊ ဘာဖြစ်လို့ ဒီလောက်တောင် အားထုတ်နေရတာလဲ"

"သန့်ရှင်းရေးလုပ်တာလည်း မီးဖွားတဲ့ကိစ္စရဲ့အခြေခံပဲ၊ တံမြက်စည်း မလှည်းဖူးသူက သန့်ရှင်းရေးသမားကို မခိုင်းတတ်ဘူး"

ပါမောက္ခရဲ့မျက်နှာကို မကြည့်ဘဲ သူ့အသံကိုကြားရုံနဲ့ မကျေနပ်ဘူးဆိုတာ သိသာတယ်။

"မင်း ငါ့ရုံးကို လိုက်ခဲ့"တဲ့။

သားတွေ ဘာတွေခေါ်မနေတော့ဘူး။ ရုံးခန်းကို သူ့နောက်ကနေ ခပ်ကုပ်ကုပ်လေး လိုက်လာခဲ့ရတယ်။ သူ့ရုံးခန်းထဲမှာလည်း ကျွန်တော့်သဘောထား ကျွန်တော့်အဖြေ မပြောင်းဘူး။

"အားလုံး ကျွန်တော့်သဘောနဲ့ ကျွန်တော် လုပ်နေတာပါ မာမီ"

ကျွန်တော့်အဖြေက သူနာပြုဆရာမတွေအတွက် ဘာမှမဖြစ်စေရဘူး။ ဒီသတ္တဝါလေးကခေါင်းခံတတ်တဲ့ သတ္တဝါလေး၊ ငါတို့ကို ဒုက္ခမပေးဘူးဟဲ့လို့ ဖြစ်သွားတယ်။

ဒေါ်ယဉ်မေက သူနာပြုဆရာမတွေထက် လှည့်ပြန်ပါလေရော။

"နင်တို့ ဒီလောက်တောင် တတ်ချင်တဲ့ ကျောင်းသားတစ်ယောက်ကို ဒီလို ရိုတ်နေပြုနေတာ တားရကောင်းမှန်း မသိဘူးလား" အေးဆေးတည်ငြိမ်လှတဲ့ ပါမောက္ခတစ်ယောက် ဒေါသထွက်တဲ့အခါ အတော်လန့်စရာ ကောင်းတာပါလား။

"မဟုတ်ပါဘူး မာမီ၊ ကျွန်တော်ကိုယ်တိုင်က တတ်ချင်လို့လေ့လာသင်ယူနေတာပါ"

မွေးလူနာကုလားမကြီးက ဗိုက်နာနေတဲ့ကြားက ကျွန်တော့်ကို ခပ်ယဲ့ယဲ့ ပြုံးပြတယ်။ ကွမ်းသွေးတွေ ပေရေနေတဲ့ သွားညိုညိုတွေကို မြင်ရတယ် ဆိုရုံလေး ပြုံးတဲ့အပြုံး။

"ဒီကောင်လေး ဒီလောက်တတ်ချင်တာ နင်တို့တတ်အောင် သင်ပေးလိုက်ကြ၊ မွေးတာ ဖွားတာတတ်အောင် သင်ပေးလိုက်ကြ"

ဆရာမကြီးက ဆူဆူငေါက်ငေါက်နဲ့ မှာကြားသွားလေရဲ့။ ပါမောက္ခနဲ့ ပက်ပင်းတိုးတာ ဒုက္ခတွေတော့များကုန်ပြီလို့ အစက ထင်ခဲ့မိတာ။ တကယ်ဇာကယ်စင် လွဲပါရောလား။ ပါမောက္ခဒေါ်ယဉ်မေကြောင့် ကျွန်တော့်မှာ ထီပေါက်သလိုပဲ။ ကျွန်တော်နဲ့ အတန်းတူတွေထဲမှာ ကျွန်တော့်လောက် ကလေးမွေးဖွားဖူးတဲ့သူ တစ်ယောက်မှ မရှိဘူး။

အဲဒီလို မွေးပေးရင်းနဲ့ မိဘမေတ္တာဆိုတာကို သွားတွေ့တယ်။ တစ်နေ့တော့ အိမ်မှာ သားအမိသားအဖတစ်တွေ စကားပြောကြရင်းနဲ့ မိဘမေတ္တာအကြောင်း ရောက်သွားတယ်။

မေမေက မိဘမေတ္တာကြီးမားကြောင့် ပြောဆိုနေတုန်းမှာပဲ ကျွန်တော်က ကြားဖြတ်ပြီး ကျွန်တော့် အယူအဆကို ပြောလိုက်မိတယ်။

"မိဘမေတ္တာတို့ မိဘကျေးဇူးတို့ဆိုတာ မရှိသလောက်ပါပဲ မေမေရာ"

"အောင်မယ်လေးတော်၊ ကိုဟုတ်ဝမ်၊ လာပါဦးတော်၊ အန်းကူပြောတာတွေ ကြားလိုက်ရဲ့လား"

အဖေကလည်း မျက်လုံးကြီး ပြူးပြီး ကျွန်တော့်ဘက် လှည့်ကြည့်တယ်။ ကျန်တဲ့မိသားစုဝင်တွေလည်း ကျွန်တော် ဘာပြောမလဲ နားစွင့်နေကြတယ်။

"ကျွန်တော် သိထား၊ နားလည်ထားတဲ့ မိဘကျေးဇူး ပြောပြမယ်မေမေ၊ မေမေနဲ့ တယ်တယ်တို့သာ အိမ်ထောင်မကျကြရင် ကျွန်တော်ရယ်လို့ ဖြစ်လာမှာမဟုတ်ဘူး၊ ကျွန်တော်ဖြစ်လာအောင် မေမေတို့ အိမ်ထောင်ပြုကြတာ မဟုတ်ဘူးလား၊ ကဲ ကျွန်တော်ပြောတာ ဟုတ်သလား၊ မဟုတ်ဘူးလား"

အမေက "အောင်မယ်တော်"လို့ အသံကျယ်ကြီးနဲ့ အော်ညည်းပါလေရော။

"မိခင်ကျေးဇူးရှိပါတယ်။ ကျွန်တော် ဒပ်ဖရင်မှာ ကလေးတွေ မွေးပေးရင်း အများကြီး မွေးပေးခဲ့တော့ မိခင်ကျေးဇူးဆိုတာကို လှလှပပ တွေ့ခဲ့တယ်။"

"ဘယ်လို လှလှလှပပလဲ၊ ဘာလဲ"

“မေမေကိုယ်လေးလက်ဝန်ကြီးနဲ့ ဗိုက်နာတဲ့အခါ ကျွန်တော့်ကို အပြင် ရောက်အောင် ညှစ်ထုတ်တယ် မဟုတ်လား၊ ညှစ်တယ်ဆိုရင် အဲဒီကျေးဇူးတစ်ခု ပဲ ကျွန်တော်မြင်တယ်” လို့လည်း ပြောလိုက်ရော မေမေက ချက်ချင်းပဲ “အောင်မယ်လေး” လို့ ထအော်ပါလေရော။

“ဗိုက် ဘာဖြစ်လို့နာရသလဲ၊ ကလေးမွေးတဲ့အခါ ဘယ်လိုခံစားကြသလဲ၊ ကျွန်တော် လေ့လာတယ်၊ ကျမ်းတွေ စာအုပ်တွေ ဖတ်ခဲ့တယ်။ ကိုယ်ဝန်ဆောင် မိခင်တစ်ယောက်ရဲ့ သားအိမ်မျက်နှာပြင် တစ်စတုရန်းလက်မမှာ ၂၇.၅ ပေါင် ဖိအားရှိသတဲ့။ မိခင်တစ်ယောက်ရဲ့ သားအိမ်တစ်ခုလုံးရဲ့ မျက်နှာပြင်ဧရိယာနဲ့ ဖိအားနဲ့ မြှောက်ရင် မိခင်တစ်ယောက်ရဲ့ကလေးအပေါ်မှာ ထားရှိတဲ့ စေတနာ မေတ္တာ၊ ကျေးဇူး၊ တစ်နည်းအားဖြင့် အာဝေဏိက ဒုက္ခဘယ်လောက်ကြီးတယ် ဆိုတာ ကျွန်တော်တွေးဆနိုင်ပါတယ်။ သားအိမ်မျက်နှာပြင် ဧရိယာနဲ့ သူ့အပေါ် ကျရောက်တဲ့ဖိအားနဲ့ မြှောက်လို့ရတဲ့ဖိအားကို ဟိုက်ဒရောလစ်စက်တစ်ခုမှာ အသုံးပြုခဲ့ရင် မောရစ်မိုင်နာဆိုတဲ့ မော်တော်ကားတစ်စင်း မြေပြင်ကနေ တစ်ပေ အမြင့်ကို မြှင့်တင်နိုင်စွမ်းသလောက် အားရှိသတဲ့ မေမေ”

မေမေ့ခမျာ ကျွန်တော့်စကားတွေကို နားထောင်နေရင်း တော်တော်ကို ဝမ်းနည်းပက်လက်ဖြစ်နေပုံပဲ။ သူမျှော်လင့်ထားတဲ့ မိခင်မေတ္တာတို့ကျေးဇူးတို့ တစ်ခွန်းမှမပါဘဲကိုး။ အဖေကတော့ ခေါင်းသာ တွင်တွင်ယမ်းနေတော့တာပဲ။

“မိခင်တွေ သားသမီး မမွေးနိုင်တဲ့အခါ ယောနိအဝကို လိုအပ်ရင် ခွဲပေး ဖြတ်ပေးရတယ်။ အဲဒီအခါ မိခင်တွေက မနာကျင်ကြဘူး။ ဖြတ်ပေးချဲ့ပေးတဲ့ နေရာကို ပြန်ချုပ်ရင်တော့ နာကျင်ကြတယ်။ အဲဒါ ဘာဖြစ်တာလဲ။ ကျွန်တော် စဉ်းစားကြည့်တယ်။ ဗိုက် ဘာလို့နာတာလဲ။ လျှောက်လေ့လာကြည့်တယ်။ အယူအဆလေးမျိုးတွေ့တယ်။

“ပညာရှင် တစ်ယောက်ကတော့ သားအိမ်ဆိုတာ ပူစီဖောင်းလိုပဲ။ Distensible Theory တဲ့။ သားအိမ်ဟာ ပူစီဖောင်းလိုပဲ လေမှုတ်သွင်း ဖန်များ ရင် မခံနိုင်တော့တဲ့အခါ ပေါက်ကွဲသွားတယ်။ သားအိမ်က ထိုနည်းတူစွာပဲ သူမခံနိုင်တော့တဲ့ အခြေအနေမှာ ပေါက်သွားတယ်တဲ့။

“ဒီအယူအဆကို နောက်ပညာရှင်တစ်ယောက်က စောဒကတက်တယ်။ ဒါဖြင့်ရင် အမြွှာပူးကြတော့ ဘယ်လိုလုပ်ကြမလဲ။ ၆ လနဲ့မွေးတဲ့ သူကိုရော။ ဒီစောဒကကြောင့် ပူစီဖောင်းသီအိုရီ ပျက်ပြယ်သွားတယ်။

“နောက်တစ်ယောက်က အချင်းမှာ အသက်ရှိတယ်။ အချင်းက ကလေး ကို အသိဉာဏ်ပေးတယ်လို့ ယူဆသတဲ့။ ကိုယ်ဝန်ဆောင်မိခင်နဲ့ ဝမ်းကြာတိုက်

ထဲက ကလေးတွေနဲ့ပတ်သက်တဲ့ စိတ်ဝင်စားစရာ အယူအဆတွေက အများသား။"

* * *

## ဆရာဝန်နဲ့ ဆေးရုံ

ဆရာဝန်မှန်ရင် လက်ကိုင်ထားရမယ့် ဆောင်ရန်အချက် ငါးချက်ရှိတယ်။

ပထမဆောင်ရန်က ကာကွယ်ပေလော့ ငါ့သား။ မိမိကိုယ်ကိုလည်း ကာကွယ်။ သူတစ်ပါးကိုလည်း ကာကွယ်ပါတဲ့။ ဒုတိယဆောင်ရန်က ပညာကိုလည်း ရအောင်ယူ။ မိမိတတ်တဲ့ပညာကိုလည်း မျှဝေပေးပါတဲ့။ ကိုယ့်ကို အားကိုးအားထားပြုသူတွေ ကိုယ့်တပည့်တွေကို ပညာမျှဝေပါ။ ကိုယ့်ကို ပညာပေးနေတဲ့ လူနာတွေဆီက ပညာရအောင်ယူပြီး၊ လူနာတွေကိုလည်း ဆေးပညာသုတတွေ ပြန်ဖြန့်ပါတဲ့။

တတိယအချက်က သင့်ဆီကို ရောက်လာကြသူတွေဟာ စိတ်၏သောက၊ ကိုယ်ကာယ၏ဒုက္ခမပါသောသူ ရောက်လိမ့်မည်မဟုတ်။ စိတ်၏သောက၊ ကိုယ်ကာယ၏ဒုက္ခတွေကို ကိုယ်တတ်စွမ်းသရွေ့ လျော့နည်းသက်သာ ပျောက်ကင်းအောင် ပြုလုပ်ပေးပါ။

စတုတ္ထအချက်က ရှာလျှင် တွေ့မယ်၊ တွေ့၍မကုန်၊ ရှာ၍မခန်းသော ပညာတွေကို ဆက်လက်ရှာဖွေဆည်းပူးပါတဲ့။

ပဉ္စမအချက်ကတော့ သင့်ထံရောဂါဝေဒနာအတွက် ချဉ်းကပ်လာသော သူများသည် ဘုရားရှင်ရဲ့သားတော်များဖြစ်သကဲ့သို့ သူတို့ကို ပြန်လည် ထူထောင်ပေးရမယ်ဆိုတဲ့ အချက်ပဲ။

ပြန်လည်ထူထောင်ပေးခြင်းကို ကျွန်တော် ကျမ်းတွေထဲမှာ လိုက်ရှာတယ်။ Rehabilitate ဆိုင်ရာတွေကို လိုက်ဖတ်တယ်။ Rehabilitate ဆိုတာ လျော့နည်းတာကိုဖြည့်စွက်ပေးခြင်းမဟုတ် ပျက်စီးတာကို ပြန်လည်ပြုပြင်ပေးခြင်း မဟုတ်။ ထပ်ပြီးတော့ မလျော့နည်းအောင်၊ နောက်ထပ် မပျက်စီးအောင် တားဆီးကာကွယ်ပညာပေးတာကို Rehabilitate လို့ခေါ်သတဲ့။

ဆိုက်ကားသမားတစ်ယောက် သူ့လုပ်ငန်းခွင်မှာ ထိခိုက်မိတယ်ဆိုပါတော့။ သူ့ထိခိုက်မှုကို ပျောက်ကင်းအောင် ကုသပေးမယ်။ သူ့ကို ဆိုက်ကား

ပြန်နှင်းနိုင်အောင် ထူထောင်ပေးမယ်။ နောင် ဒီလို အန္တရာယ်မျိုး မကြုံရအောင်၊ ဒီလို ထိခိုက်မှုမျိုးမဖြစ်အောင် ထိန်းသိမ်းဖို့ အကြံပေးမယ်၊ သူ့အရင်ဘဝကို ပြုစုပျိုးထောင်ပေးတာမျိုးတဲ့။

ဆရာဝန်တွေ သမားတော်တွေ ဒီဆောင်ရန် ငါးချက်ကို လက်ကိုင်ထားရမယ်တဲ့။ ဒါတွေကို ဆောင်ထားရင် ဓာတ်ကြီးလေးပါးကိုနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ပြီ။ ဓာတ်ကြီးလေးပါးနိုင်ရင် မတွေ့မမြင်ရတဲ့ သူတော်စင်၊ နတ်ကောင်းနတ်မြတ်တွေကို သင် ပိုင်ပြီ။ လိမ္မာပါးနပ်တဲ့သားတစ်ယောက်ကို မိဘတွေက ချစ်ခင်ကြသလို ခံစားရလိမ့်မယ်။ ဓာတ်ကြီးလေးပါးကိုနိုင်တဲ့ သင့်ကို သူတော်စင်တွေ နတ်ကောင်းနတ်မြတ်တွေ စောင့်ရှောက်ကြလိမ့်မယ်တဲ့။

ကျမ်းကို ပိုင်အောင်ကိုင်ရင် ဓာတ်ကို နိုင်လိမ့်မယ်။ ဓာတ်ကိုနိုင်ရင်တော့ နတ်ကို ပိုင်ပြီလို့ သဘောပိုက်ကြတဲ့။ စဉ်းစားကြည့်ရင် အဓိပ္ပာယ် သိပ်လေးနက်တယ်။

ဆေးရုံ Hospital ဆိုတာ Hospitality ဆိုတဲ့ စကားလုံးကနေ ဆင်းသက်လာသတဲ့။ ပြီးတော့မှ Hospitality ဆိုတာ လူသားအချင်းချင်း ဧည့်ဝတ်ကျေတယ်ဆိုတဲ့သဘော။ Hostel က ပညာဗဟုသုတ ရှာယူရာမှာ နေထိုင်တည်းခိုတဲ့နေရာတဲ့။ စီးပွားရှာသူတွေ၊ ဒို့ပြင် ကိစ္စအထွေထွေနဲ့ လူးလာဆန်ခတ်သွားလာနေကြတဲ့သူတွေ နားခိုတဲ့နေရာကို Hostel တဲ့။

စိတ်၏ သောက၊ ကိုယ့်ရဲ့ဝေဒနာတွေ မမျှော်လင့်ဘဲ ခံစားလိုက်ရတဲ့ လူတွေအတွက် နားနေသက်သာရာကို Hospital လို့ခေါ်တာ။ လူသားတွေဟာ ဟိုတစ်ချိန်တုန်းက ကိုယ့်အုပ်စုနဲ့ကိုယ် နေထိုင်လေ့ရှိကြတယ်။ တစ်နေ့မှာ ချိန်းဆိုမထားကြဘဲနဲ့ ခရီးသွားနေကြတဲ့အုပ်စုနှစ်စု လမ်းမှာ ဆုံကြတယ်။ ကိုယ့်အုပ်စုနဲ့ကိုယ် သစ်ရိပ်ဝါးရိပ်မှာ နားခိုကြရင်း၊ သူ့အုပ်စုထဲမှာလည်း နာမကျန်းသူတွေပါ။ ကိုယ့်အုပ်စုထဲမှာလည်း နေမကောင်းသူ၊ ပင်ပန်းနွမ်းနယ်သူတွေ ပါလာကြတယ်။ ကမ္ဘာဦးတုန်းကဆိုတော့ ကိုယ့်အရပ် ကိုယ့်ဒေသကို ဒီနာမကျန်းသူတွေ ပြန်ခေါ်သွားဖို့ မလွယ်ကူလှဘူး။ ဒီတော့ အရိပ်ကောင်းတဲ့ သစ်ပင်ဝါးပင် အောက်မှာပဲ အမိုးကလေး အကာကလေးလုပ်ပြီး ထားခဲ့ကြရတယ်။ ကိုယ့်ဆွေမျိုး သူ့ဆွေမျိုး ဒီလို မလွှဲမရှောင်သာ ထားပစ်ခဲ့ရတာ စိတ်ထဲမှာတော့ ဘယ်ကောင်းကြမလဲ။

ကျန်ရစ်ခဲ့တဲ့ ဂိလာနတွေခမျာမှာလဲ သဘာဝဘေးဒဏ်ကြောင့် သေသူသေ၊ တိရစ္ဆာန်အရိုင်းအစိုင်းတွေ တိုက်ခိုက်ခံရလို့ ဆုံးသူဆုံးကြရတယ်။ ဒီလိုအုပ်စုလိုက်၊ အုပ်စုဖွဲ့ပြီး သွားကြလာကြရင်း ထားရစ်ခဲ့၊ ဆုံးရစ်ခဲ့တဲ့ ဆွေမျိုးတွေရဲ့

ကောင်းသတင်း၊ တော်သတင်းကို ပြန်ပြီး အောက်မေ့သတိရကြတယ်။ သူ့မိသားစု၊ ကိုယ့်မိသားစု ဒီလိုထားပစ်ရဖန်များတော့ သံယောဇဉ်ကြီးသူတွေ၊ သနားစိတ်ရှိသူတွေ၊ ကြင်နာတတ်သူတွေက ကိုယ်သံယောဇဉ်ရှိသူတွေ၊ ကိုယ့်အပေါ်ကောင်းခဲ့ကြသူတွေ ပြန်ပြီး နေကောင်းသက်သာလေဦးမလားလို့ ထင်မှတ်ကြတယ်။ နောက်ဆုံးထွက်သက်ကို ကိုယ့်လက်ပေါ်မှာပဲ ထွက်စေချင်ကြတယ်။ ဒီလို သစ်ရိပ်ဝါးရိပ် အစွန်အဖျားဒေသ၊ နယ်စပ်ဒေသတွေမှာ ဆေးရုံတွေဖြစ်လာမယ့် လူနာစုတဲတွေ စပြီး သန္ဓေတည်တယ်။ အုပ်စုနှစ်စုရဲ့နယ်စပ်မှာ သူ့ဘက် ကိုယ့်ဘက်က နေမကောင်းသူတွေကို ပြုစုကြတဲ့ တဲကလေးတွေက အစပြုတာပဲ။

ဘာသာတရားပေါ်လာတော့ ဘာသာရေး ကိုင်းရှိုင်းသူတွေက ရပ်ထဲရွာထဲမှာ ဘာသာတူတွေ အတူစုဝေးပြီး ဝတ်ပြုဆုတောင်းရာက ဘုရားရှိခိုးကျောင်းတည်ဆောက်လာကြတယ်။ ဘာသာရေးခေါင်းဆောင်တွေ၊ သာသနာပြု ဘုန်းကြီးတွေက တရားရေအေးတိုက်ကျွေးကြတယ်။ တရားဟောကြတယ်။

နေထိုင်မကောင်းကြတဲ့သူတွေ၊ ဝေဒနာတွေကို သည်းသည်းထန်ထန်ခံစားနေကြရသူတွေဟာ သူတို့ရဲ့နောက်ဆုံးအချိန်တွေကို ဘုရားသခင်နဲ့နီးနီးမှာပဲ ကုန်လွန်ချင်ကြတယ်။ ဘုရားသခင်ကို အားကိုးစိတ်နဲ့လေ။ နောက်ဆုံးအချိန်အထိ အသက်ရှင်လိုရှင်ငြား ဘုရားကို ဆည်းကပ်ကိုးကွယ်ချင်ကြတယ်။ ဝေးလံတဲ့ ဒေသကနေ ဘုရားရှိခိုးကျောင်းရှိရာ ရွာအစွန်အဖျားဆီ ဝေဒနာတွေခံစားနေကြရင်း တရွေ့ရွေ့ရောက်အောင် ကြိုးစားလာ ခဲ့ကြတယ်။ ဘုရားရှိခိုးကျောင်းတွေဆိုတာ တစ်ချိန်တုန်းက တသီးတခြား ရွာနဲ့ ခပ်လှမ်းလှမ်း၊ ရွာအစွန်ဒေသမှာ ရှိကြတာများတယ်။

ဒီလိုနဲ့ ဘုရားရှိခိုးကျောင်းရှိရာ လူမျိုးစုံ၊ ရောဂါစုံ၊ ဝေဒနာစုံ၊ ဒုက္ခသည်စုံ မတိုင်ပင်ထားကြဘဲ စုဝေးမိလျက်သားဖြစ်နေတယ်။ နေမကောင်းတဲ့သူက သက်သာပျောက်ကင်းခဲ့ရင် ဘုရားသခင်ကျေးဇူးတော်ကြောင့် အခုလို သက်သာပျောက်ကင်းတယ်လို့ ခံယူကြတယ်။ ကွယ်လွန်သွားကြသူတွေကလည်း ဘုရားသခင်ရဲ့စောင့်ရှောက်မှုအောက်မှာ ကွယ်လွန်ရှာတယ်ဆိုပြီး ပီတိစိတ်နဲ့ ကွယ်လွန်ကြတယ်။ ကျေနပ်ဖြေသိမ့်ကြတယ်။

ဘုရားရှိခိုးကျောင်းက ဘာသာရေးအလုပ်၊ တရားဓမ္မအလုပ်နဲ့အတူ ဆေးရုံရဲ့အလုပ်တွေပါ တွဲဖက်လုပ်ပေးနေရတယ်။ သာသနာပြု ပုဂ္ဂိုလ်တွေ၊ စာနာစိတ် ကရုဏာစိတ်ရှိသူတွေ၊ ကြင်နာစိတ်ရှိသူတွေ ဝိုင်းကြ၊ ဝန်းကြ၊ ပြုစုကုသကြရင်း၊ ဘုရားရှိခိုးကျောင်းဟာ ငါတို့ရဲ့အားထားရာ၊ ဆရာဘုန်းကြီးဟာ ငါတို့အားကိုးစရာလို့ အောက်မေ့လာကြတယ်။ ဘုရားရှိခိုးကျောင်းက ခေါင်းလောင်း

သံက သာယာနာပျော်စရာ ဖြစ်လာတယ်။ နေကြရတာချင်းအတူတူ အားကိုး အားထားရာနဲ့ နီးနီးမှာ သွားနေကြမယ်ဆိုပြီး လူတွေက တဖြည်းဖြည်းချင်း ရွှေ့သွားလိုက်ကြတာ၊ ရွာပြင် နယ်စပ်က ဘုရားရှိခိုးကျောင်းဟာ ရွာထဲကို ရောက်မှန်းမသိ ရောက်လာတယ်။

သာယာတဲ့၊ တိတ်ဆိတ်တဲ့ စိတ်နှလုံး ကြည်နူးစရာကောင်းတဲ့ဘုရားရှိခိုးကျောင်းထဲမှာ၊ အော်ဟစ်ညည်းညူသူတွေ၊ ဝေဒနာခံစားရလို့ ငိုကြွေးနေသူတွေ၊ မသပ်မရပ်ဝတ်စားဆင်ယင်ထား သူတွေနဲ့အတူတူ ရောနှောတွေ့ဆုံကြရတာ ရေရှည်မှာတော့ မတင့်တယ်သလို၊ ဒီလိုမဖြစ်သင့်ဘူးလို့ သိလာကြတယ်။

မဖြစ်သင့်ကြရင် ဘယ်လိုလုပ်ကြမလဲ၊ ဘာလုပ်ကြမလဲ ဝိုင်းဝန်းစဉ်းစားကြတဲ့အခါ Asylum ဆိုတဲ့ အားကိုးမဲ့သူတွေ အားကိုးစရာ အဆောက်အဦလေး ဆောက်ကြတော့တယ်။ အဲဒီ Asylum ဆိုတာ ဆေးရုံ Hospital ရဲ့အခြေခံအစပါပဲ။ ဘုရားရှိခိုးကျောင်းနဲ့ ဝေးရာအရပ်မှာ ကရုဏာစိတ်၊ စာနာစိတ်၊ ပရဟိတစိတ်ရှိသူတွေနဲ့ တည်ထောင်ထားတဲ့ဆေးရုံကို လူတွေက အားကိုးပြီး ပြောင်းပြောင်းလာလိုက်ကြတာ၊ ဆေးရုံဟာလည်း ရွာထဲမြို့ထဲရောက်မှန်းမသိ ရောက်လာတော့တာပါပဲ။

ဟိုးတုန်းက ဆရာဝန်ဆိုတာ မရှိသေးဘူး။ မပေါ်သေးဘူး။ လူတွေမှာ ခံစားနေရတဲ့ ဝေဒနာ၊ ရောဂါတွေကို ဝါသနာတူသူ၊ စိတ်ဝင်စားသူတွေ စူးစမ်းကြ၊ လေ့လာကြတယ်။ လူတစ်ယောက်သေသွားရင်၊ ဒီလူဘာလို့သေတာလဲ။ သူမသေခင်မှာ ဘယ်လိုဝေဒနာခံစားပြီး သေသွားတာလဲ။ ဘယ်နေရာက အောင့်တယ်၊ ဘယ်နေရာကနေ နာတယ်လို့ ပြောသွားသလဲ။ လေ့လာကြရာမှာ တချို့က တစ်ကိုယ်တော်၊ တချို့က စုပေါင်းပြီး ဝါသနာတူတွေ လေ့လာကြတယ်။ မှတ်တမ်းတွေ ရေးကြတယ်။ နောင်တော့ ဒီမှတ်တမ်းတွေဟာ ဆေးကျမ်းတွေအတွက် ရှေးဦးမှတ်တမ်းတွေဖြစ်တယ်။

ဒီလို လေ့လာမှတ်သားကြရင်း ဆရာဝန်တို့ သူနာပြုဆရာမတို့ ပေါ်ပေါက်လာကြတယ်။ လူတစ်ယောက်သေဆုံးတဲ့အခါ ဘာရောဂါနဲ့သေဆုံးလဲ သိချင်တော့ သေသူရဲ့ဝမ်းဗိုက်ကို ခွဲကြည့် ဖွင့်ကြည့်ကြတယ်။ ဪဒါကြီးကို အသည်းလို့ မှတ်တမ်းတွေမှာ ရေးထားသကိုး။ ဒီပုဂ္ဂိုလ်အသည်းကြီးက ညိုနေရှာသကိုး။ အသည်းခြောက်တယ်ဆိုတာ ဒါမျိုးပါလား။ အသည်းခြောက်တဲ့ပုဂ္ဂိုလ်က ဟိုနေရာက အောင့်တယ်၊ ဒီနေရာက နာတယ်လို့ ပြောသွားပါလား။

ဆရာဝန်ဆိုတာ လူမမာတွေ လူသေတွေဆီက တပည့်ခံသင်ယူခဲ့ရတာလေ။ လူနာတွေက ဆရာဝန်တွေရဲ့ ပါရမီဖြည့်ဘက်ပဲ။ ဆရာဝန်ဆိုတာ

စာတွေချည်း သိမ်းကျုံး ရွတ်အံကျက်မှတ်ရုံနဲ့ ဆရာဝန်ကောင်း၊ တော်တဲ့ဆရာဝန် မဖြစ်နိုင်ဘူး။ လက်တွေ့နဲ့ စာတွေ့ပေါင်းစပ်နိုင်မှ တော်တဲ့ဆရာဝန်ဖြစ်နိုင်တယ်။ လူနာတွေအများကြီးနဲ့ ထိတွေ့ဆက်ဆံပြီး အတွေ့အကြုံများစွာနဲ့ ကုသအောင်မြင်မှ ဆရာဝန်ကောင်းဖြစ်လာမှာ။

တချို့ဆရာဝန်တွေကျတော့ အုပ်ချုပ်ရေးပိုင်းမှာ တာဝန်ယူရတတ်တယ်။ ဆေးရုံတစ်ရုံ၊ ရုံးတစ်ရုံး အုပ်ချုပ်ရတယ်ဆိုတာ ပေါ့ပါးတဲ့တာဝန်တွေတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ စေတနာပါရင်၊ အလုပ်ကို စိတ်ဝင်စားရင်၊ စီမံခန့်ခွဲတတ်ရင် အုပ်ချုပ်တဲ့အလုပ်လည်း လုပ်လို့ရတယ်။ ဆေးရုံတစ်ရုံမှာ အုပ်ချုပ်မယ့်သူက R သုံးလုံးတော့ ကျွမ်းထားဖို့လိုတယ်။

ပထမ R တစ်လုံးက Reorganize ပါ။ ကိုယ့်ရှေ့က ရှေ့ပုဂ္ဂိုလ်တွေ လုပ်ဆောင်သွားတဲ့ လုပ်ဆောင်ချက်တွေ သူတို့ရဲ့မလုပ်တတ် မကိုင်တတ်မှု၊ စေတနာနည်းမှု၊ မကျွမ်းကျင်မှု၊ စိတ်မဝင်စားမှု တစ်ခုခုကြောင့် မှားတာ ယွင်းတာ ရှိရင် ရှိခဲ့လိမ့်မယ်။ အဲဒီအမှားအယွင်းတွေကို ဝေဖန်တာတွေ ရှုတ်ချတာတွေ မလုပ်ဘဲပြုပြင်မယ်၊ စည်းရုံးလုပ်ဆောင်မယ်၊ အမှန်ကို နည်းမှန်လမ်းမှန်နဲ့ ချဉ်းကပ်သွားရင် အောင်မြင်မယ်။ ပညာရှိပီပီ အမြော်အမြင်ကြီးကြီးနဲ့ လုပ်ဆောင်တာမို့ ဆေးရုံလုပ်ငန်း အောင်မြင်လိမ့်မယ်။

ဒုတိယ R တစ်လုံးက Reconstruct တဲ့။ ကိုယ့်ရှေ့က ဆရာသမားတွေ လုပ်ဆောင်ချက်တွေထဲက ယိုယွင်းတာတွေ၊ မှားယွင်းတာတွေကို ကိုယ့်လက်ထက်မှာ ဆေးရုံအကျိုးစီးပွားအတွက် ပြုပြင်ဖို့လိုအပ်တာတွေကို ပြုပြင်ရမယ်။ မပြင်ချင်ကြသူတွေ၊ ပြင်ဖို့ဝန်လေးကြသူတွေမှာတော့ ဆင်ခြေတွေ အမျိုးမျိုးရှိကြလိမ့်မယ်။ ငွေကြေး မပြည့်စုံဘူး။ အချိန်မရဘူး။ နောက်လာတဲ့ လူပြင်လိမ့်မယ်ဆိုတာမျိုးတွေလေ။ တချို့က ရှေ့က လူတောင်မှပြင်မသွားတာ၊ ငါက အနေသာကြီး၊ ဘာလို့ပြင်ရမှာလဲ ဆိုတာမျိုးလည်း ရှိသေးတယ်။ အဲဒီလို ထမင်းရည်ပူ လျှာလွှဲ၊ နေသာသပ လေညာက လုပ်နေကြရင် ဆေးရုံတစ်ရုံဟာ တမြည့်မြည့်နဲ့ ဆွေးမြည့်ပျက်စီးသွားမှာပဲ။ မပျက်စီး မယိုယွင်းရအောင် ထိန်းသိမ်းရမယ့်တာဝန် ဆေးရုံအုပ်ချုပ်သူမှာ ရှိတယ်။

တန်ခိုးကြီး ဘုရားတွေကို ပြန်ပြီးပြင်ရင် သမိုင်းအထောက်အထားတွေ ပျောက်ကုန်တယ်။ ထပ်ပြီးတိုးပြီး မပျက်အောင် ထိန်းသိမ်းရမယ်လို့ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းပြောဖူးတယ်။ အလွန်တန်ဖိုးရှိတဲ့စကား၊ ကိုယ့်အလုပ်ကိုယ် ချစ်တဲ့ဆရာဝန်တိုင်း မှတ်သားလိုက်နာသင့်တယ်။

Rationalization ဆိုတာ နောက်ဆုံး R ပဲ။ ဆေးရုံမှာရှိတဲ့ ဆရာဝန်တွေ

မှာ သမားရိုးကျကုထုံးတွေ ရှိကြတယ်။ အရိုးစွဲနေကြတဲ့ ကုထုံးတွေပေါ့။ ဘတ်စ် ပရီ၊ အေပီစီ၊ ကလိုရိုကွင်းဆိုတဲ့ ဆေးတွေ ထည်လဲသုံးပြီး ကုသခဲ့ကြတယ်။ လူနာနဲ့ဆေး အံ့ဝင်ခွင်ကျဖြစ်ပေမဲ့ ကိုယ့်ပညာ၊ ကိုယ့်အတွေ့အကြုံ၊ ကိုယ့်ကုထုံး နဲ့ ပြုပြင်ကုသသင့်ရင် ကုသရမယ်။ လူနာခများ အမြန်ဆုံးအချိန်တိုအတွင်း ပျောက်ကင်းဖို့ ဉာဏ်သုံးရလိမ့်မယ်။ ကျွန်တော့်အတွေ့အကြုံအရတော့ အဲဒီ အာရ်သုံးလုံး မပိုင်နိုင်ရင် မပျက်စီးသင့်ဘဲ ပျက်စီး၊ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးကြရ တယ်။ အရင်းခံကတော့ စေတနာပါပဲ။

လူနာတွေနဲ့ လက်ပွန်းတတီး အနေကြာလာတော့ တော်ရုံအနာရောဂါကို လက်နဲ့ မစမ်းသပ်ဘဲတောင် သိနိုင်တဲ့ အရည်အချင်းတွေရှိလာတယ်။ ဟိုလူမမာ ရဲ့ကျောကို လှန်ကြည့်လိုက်ကွာ၊ ကျောမှာ အနာရှိလိမ့်မယ်။ တကယ်လည်း သူ့ကျောမှာ အိပ်ရာပူအနာကြီး ဖြစ်နေတယ်။

တချို့ မီးဖွားလို့မရတဲ့ မွေးလူနာကို မီးမဖွားနိုင်ရင် ကျွန်တော်ကသိတယ်။ ဗိုက်ကိုဖွင့်လိုက်ကွာ။ အထဲမှာ သားအိမ်ကွဲနေလိမ့်မယ်၊ ကလေးလည်း အသက် ရှင်မှာ မဟုတ်ဘူး။ ဒီလိုပြောတဲ့အခါ တချို့က မယုံကြဘူး။ မဦးမချွတ်၊ ဒီဆရာ ဝန်က ပြောထွက်တယ်။ ဒီဆရာဝန်က ဘာမို့လို့လဲ။ ဗိုက်ခွဲကြည့်အခါ ကျွန်တော် ပြောတာ မမှားဘူး။ တချို့ကိစ္စတွေ ကျွန်တော်ထိတာ၊ ကြည့်တာနဲ့သိတယ်။ အဲဒါ လူနာတွေရဲ့ လက်ပွန်းတတီးနေခဲ့လို့ပဲ။ ဒီလူနာ ဖျားနေတာ၊ မှန်းစမ်း၊ အောင်မယ် ၁၀၅ တောင် ဖျားနေပါလား။ ပါးစပ်ထဲကို ပြဒါးတိုင် ထည့်တိုင်း လိုက်တော့ အဖြေက ၁၀၅ တဲ့။ ကွက်တိပဲ။

ဆရာဝန်လောကမှာ လုပ်ဖော်ကိုင်ဖက်ချင်း ဂုဏ်ပြုသင့်တဲ့ ပုဂ္ဂိုလ်ကို ဂုဏ်ပြုလိုက်ကြပါ။ ကျွန်တော်ကတော့ ဒီဆရာဝန်၊ ဒီပုဂ္ဂိုလ် ဂုဏ်ပြုသင့် ဂုဏ်ပြု ထိုက်တဲ့ လုပ်ဆောင်ချက်အရည်အချင်းရှိရင် ဂုဏ်ပြုတယ်။

ဂုဏ်မပြုချင်ဘူးဆိုရင်လည်း ဂုဏ်မပြုပါနဲ့။ လူ့အခွင့်အရေး အပြည့်ရှိ တာပဲ။ ဂုဏ်မပြုရင်လည်း ဝမ်းသာလိုက်ပါ။ မုဒိတာ ဖြစ်လိုက်ပါ။ ထပ်တူထပ်မျှ ဝမ်းမသာနိုင်ဘူးကွာဆိုရင်လည်း ဘယ်သူကမှ အပြစ်တင်ကြမှာ မဟုတ်ပါဘူး။ ကိုယ်စောင့်နတ်သိပြီး သူ့ဘာသာမှတ်တမ်းတင်ထားပါလိမ့်မယ်။ ဒါပေမဲ့ ကွယ် ရာမှာ အေးထိုင်ဘုပြော၊ စကားတင်းဆို၊ အပုပ်ချတာတွေ မလုပ်ကြစေချင်ဘူး။ ဆရာဝန်တွေ ပညာတော်ကြ၊ တတ်ကြ၊ ထူးချွန်ကြပေမဲ့ စိတ်သဘောထားကြီး၊ နှလုံးသားဖြူစင်လန်းဆန်းသူတွေ များပြားစေချင်လို့ ဒီလိုပြောတာပါ။

* * *

## ပင်လယ်ပျော် ဆရာဝန်

ကျွန်တော်နဲ့ ပင်လယ်ဆားငန်ရေ ဘယ်ဘဝက ရေးရေစက်လည်း မဆိုနိုင်ဘူး။ သဘော်ာပေါ်က ဆရာဝန်ဘဝကို စွန့်ပြီး ၁၉၆၂ ခုနှစ်မှာ အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြန်တော့လည်း ပင်လယ်ထဲကလာတဲ့အကောင် ပင်လယ်ထဲ ပြန်ရောက်သွားတယ်။ ပထမဆုံး တာဝန်ထမ်းဆောင်ရမယ့်မြို့က "မြိတ်"မြို့တဲ့။ ကျွန်တော်ဝမ်းသာတယ်။ မြိတ်ကို ကျွန်တော်စိတ်ဝင်စားတယ်။ မောရစ်ကောလစ်ရေးတဲ့ စန္ဒမာလာဝတ္ထုကို ဖတ်ပြီးကတည်းက မြိတ်မြို့ကို ရောက်ဖူးချင်နေတာ။

မြိတ်ဆေးရုံမှာ ကျွန်တော်က အသက်အငယ်ဆုံးနဲ့ ဆရာဝန် ၀ါ အနုဆုံးပဲ။ လူပျိုလူလွတ်ဆိုတော့ ဆေးရုံထဲက အခန်းလေးတစ်ခန်းမှာပဲ နေလိုက်တယ်။ ခွဲစိတ်ခန်းနဲ့ ဘာမှမဝေးဘူး။ ခွဲစိတ်အခန်းဝပဲ ဆိုကြပါစို့။

မြိတ်မြို့မှာနေရင် ကျွန်တော့်ဘဝအတွက် အမှတ်တရဖြစ်စေတဲ့ အဖြစ်အပျက်တွေ ကြုံရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး။ လုပ်သက်နုတဲ့ ဆရာဝန်ကို အိုပီဒီမှာ တာဝန်ချထားတယ်။ အိုပီဒီထဲကို ဂျပန်လူမျိုးလေးယောက်ဝင်လာတယ်။ သူတို့အထဲက တစ်ယောက် အသားခပ်ညိုညို ဂင်တိုတို၊ ကိုယ်လုံးကိုယ်ထည် ခပ်တောင့်တောင့်။ နှုတ်ခမ်းမွေး ထူထူနဲ့။ သူက မြိတ်မှာရှိတဲ့ ဂျပန်ပုလဲကုမ္ပဏီဖြစ်တဲ့ တောင်ပင်လယ်ပုလဲကုမ္ပဏီရဲ့ ကြီးကြပ်ရေးမှူး မစ္စတာ အိုဂူးမားတဲ့။ မြိတ်မြို့အခြေစိုက်ပြီး ပုလဲကုမ္ပဏီ နှစ်ခုရှိတယ်။ မြန်မာပိုင် ဦးပု ပုလဲလုပ်ငန်းနဲ့ ဂျပန်ပိုင်တောင်ပင်လယ် ပုလဲလုပ်ငန်း South Sea Pearl က King Island မှာ ရှိတယ်။

မစ္စတာအိုဂူးမားက သူ့လူသုံးယောက်ကို လက်ညှိုးညွှန်ရင်း ဒီလူသုံးယောက်ဟာ ပုလဲငုပ်သမားတွေတဲ့။ ဂျပန်ပြည်ကနေ အူအတက်ကို ထုတ်ပစ်ခဲ့ရမှာ ထုတ်မပစ်ခဲ့မိကြဘူး။ အဲဒါ မြိတ်ဆေးရုံမှာ အူအတက်ကို ဖြတ်ထုတ်ချင်သတဲ့။

သူတို့ ပုလဲငုပ်နေချိန်မှာ ကေဆွန် Caisson Disease ဝေဒနာရောဂါပေါ်မှာ စိုးရိမ်တယ်။ ဒီဝေဒနာက ဗိုက်နာတဲ့ဝေဒနာခံစားရတာ။ အဲဒါရပ်ဝေးမှာ၊ ရေအောက်မှာ ခံစားရလို့ရှိရင် အူအတက်နဲ့ ခွဲခြားလို့ရအောင်၊ အူအတက်ကို ကြိုတင်ဖြတ်ထားချင်သတဲ့။ စိတ်ဝင်စားဖို့ကောင်းတယ်။ အူအတက်ဖြတ်တာကို ပဲ သူတို့က ကန့်သတ်ချက်တွေနဲ့။ ကျွန်တော်ကလည်း ဒါမျိုး စိတ်ဝင်စားတဲ့ လူ။ တွေ့ကြပြီလေ။

အူအတက်ဖြတ်ဖို့ ခွဲတဲ့အခါ ချက်ရဲ့အောက်ဘက်ဖြစ်ရမယ်၊ ဘောင်းဘီတို ဝတ်ထားတဲ့အခါ အမာရွတ်မပေါ်ရဘူး။ ပြီးတော့ ခွဲတာကလည်း အလျားတစ်လက်မထက် မပိုစေရဘူးတဲ့။ ခွဲတဲ့အရာကလည်း ကန့်လန့်ပဲ ဖြစ်ရမယ်ဆိုပဲ။ ခွဲရိုးခွဲစဉ် အရာမျိုးမဖြစ်စေရဘူးတဲ့။

မစ္စတာ အိုဂူးမားလိုအင်က ဆေးရုံရဲ့စီအက်စ်နဲ့တွေ့မှ ပြီးမယ့်ကိစ္စမို့ စီအက်စ်နဲ့ တွေ့ပေးရတယ်။ စီအက်စ်ကြီးကလည်း သူတို့ကိစ္စအလေးထားပြီး နားထောင်ပေးတယ်။ နားထောင်ပေးတာမှ စီအက်စ်ကြီးတစ်ယောက်တည်း မဟုတ်ဘူး။ ဒီပြင် ဆရာဝန်တွေဖြစ်ကြတဲ့ ဒေါက်တာစံတင်တို့၊ ဒေါက်တာဝီလီအောင်မြင့်တို့၊ ဒေါက်တာသိန်းထွန်းကျော်တို့ပါ အနားခေါ်ပြီး နားထောင်ကြတာ။ အဖြေကတော့ နီးကပဲ။ ဒါမဖြစ်နိုင်ဘူး။ ထုံးစံမှ မဟုတ်တာ။ အပေါ်ထပ်မှာ ပြောနေဆိုနေကြတာကို နားထောင်ပြီး ဆင်းလာတဲ့ ကွန်ပေါင်ဒါကိုနကို ကျွန်တော်က ဆူဆူညံညံ အသံတွေက ဘာတွေပြောနေကြတာလဲလို့ မေးတော့ ကိုနက အကုန်ပြန်ပြောပြတယ်။ စီအက်စ်ကြီးကတော့ မြိတ်မှာတော့ မဖြစ်နိုင်ဘူး။ ဒီလိုမှ ခွဲလိုစိတ်လိုရင် ရန်ကုန်ကို သွားကြပါလို့ ဖြစ်ကရော။

ကျွန်တော်ကလည်း ဘာရယ်မဟုတ်ပါဘူး။ ဒီဂျပန်တွေ စိတ်ကူးကထူးထူးဆန်းဆန်းတွေပါလား။ ဘယ်လိုဂျပန်တွေလဲဆိုတာ သိချင်လို့ အပေါ်ထပ်တက်သွားတာ။ စီအက်စ်ကြီးက လာလာ ဝင်နားထောင်လှည့်လို့ ခေါ်တယ်။

"ဟောဒီ မစ္စတာအိုဂူးမားဆိုတဲ့ ဂျပန်က သူ့လူသုံးယောက်ကို အူအတက်ဖြတ်ချင်တာတဲ့ကွာ" အစချီပြီး ဂျပန်တွေဖြစ်ချင်တာတွေပြောပြီး "မဖြစ်နိုင်ပါဘူးကွာ"ဆိုပြီး ရယ်နေတယ်။ စီအက်စ်ကြီးရဲ့အရယ်အမောက ကျွန်တော့်စကားကြောင့် လမ်းတစ်ဝက်တင် ရပ်သွားတယ်။

"ဆရာရယ် ကျွန်တော်တို့ အကုန်လုံး သိက္ခာကျပါတယ်။ ရန်ကုန်ကို မလွှတ်လိုက်ပါနဲ့"

အခန်းထဲမှာရှိကြတဲ့ ဆရာဝန်တွေ အားလုံးရဲ့မျက်လုံးတွေက ကျွန်တော့်ဘက် လှည့်ကြည့်ကြတယ်။

"ဒီမှာလည်း ဖြစ်နိုင်ပါတယ်ဆရာ၊ ရန်ကုန်အထိ သွားစရာမလိုပါဘူး"

ကျွန်တော် ဆက်ပြောလိုက်တဲ့စကားကြောင့် သူတို့မျက်လုံးတွေ နားတွေကြီးသွားကြတယ်။

ဒေါက်တာဝီလီအောင်မြင့်က

"ဟေ့ကောင် မင်းဘာလုပ်တတ်လို့၊ ဘာလုပ်ဖူးလို့လဲ၊ လူကြီးတွေ စကားအကောင်းပြောနေတာ ဝင်မရှုပ်နဲ့"

"မဟုတ်ဘူးဆရာ၊ ဒါလေးမှ လုပ်မပေးနိုင်ရင် မြိတ်ဆေးရုံတစ်ခုလုံး သိက္ခာကျမှာ စိုးရိမ်လို့ပါ"

"မင်းကွာ ချာတိတ်က ချာတိတ်လို မနေဘူး"

"ဒီခွဲစိတ်မှုက လွယ်လွယ်လေးပဲဥစ္စာ ဒီမှာတင်ခွဲလိုက်စမ်းပါ"

"အဲဒီအချိန်မှာ စီအက်စ်ကြီး ပီအာရ်ဘာဝါးအသံကြီးက ဟိန်းထွက်လာတယ်။"

"မင်း ခွဲပေးနိုင်မလား"

တစ်ခန်းလုံးကို တိတ်သွားလိုက်တာ အံ့သြစရာပဲ၊ ဒီ့ပြင်ဆရာဝန်တွေ မျက်လုံးတွေက အဓိပ္ပာယ်တွေ အများကြီး ထွက်နေတယ်။

"ဆရာကြီးကသာ ခွင့်ပြုရင် ကျွန်တော်ခွဲပါမယ်"

အောင်မယ် ချာတိတ်က လာလာချေသေးဆိုတဲ့ အကြည့်တွေကို ကျွန်တော် ရင်ဆိုင်နေရချိန်မှာ ဆရာပီအာရ်ဘာဝါးက တစ်ခွန်းပဲပြောတဲ့ စကားက

"သေချာရဲ့လား"

ကျွန်တော်က ဆရာကြီးရဲ့စကားလုံးဆုံးရော ခပ်မြန်မြန်ပဲ ပြန်ဖြေလိုက်တယ်။

"သိပ်သေချာတာပေါ့"

* * *

## မိတ်ဆွေ အသစ်များ

ဆရာဝန်တွေ ပြက္ခဒိန်တစ်ခုယူပြီး တိုင်ပင်လိုက်ကြတာ လာမယ့် အင်္ဂါနေ့ ခွဲမယ်လို့ ချိန်းဆိုလိုက်ကြတယ်။ ကျွန်တော့်မှာ ဂျပန်တွေရဲ့ ချီးကျူးတဲ့အကြည့် လေးစားခင်မင်တဲ့ အကြည့်တွေရလိုက်ပေမဲ့ ဒီ့ပြင်ဆရာတွေရဲ့ အမြင်မကြည်လင်မှုတွေပါ ဆက်တိုက်ရလိုက်တယ်။

ခွဲဖို့ချိန်းဆိုထားတဲ့ အင်္ဂါနေ့မှာ ချာရတီဆိုတဲ့ ထဘီအပြာဝတ် သူနာပြုဆရာမရယ်၊ သူ့ခင်ပွန်း သက်ဖူးရယ်၊ ခွဲခန်းသန့်ရှင်းရေးတွေလုပ်ရတဲ့ ဦးလှမောင် (ယခုကော့သောင်း)ရယ်၊ ခွဲခန်းကို ပြင်ဆင်ကြတယ်။ ကျွန်တော့်လူတွေ ပြင်ဆင်နေတုန်းမှာ ချိန်းဆိုထားတဲ့ ဂျပန်တွေ ရောက်လာကြပြီ။ သူတို့ သိပ်ကြာကြာ မစောင့်လိုက်ရဘူး။ သူတို့ကို ခွဲခန်းထဲသွင်းလိုက်တယ်။ စီအက်စ်ပီအာရ်ဘာဝါး

လည်း ဝင်ပြီးလိုက်လာတယ်။

"ကျေးဇူးပြုပြီး မစ္စတာအိုဂူးမားပါ အထဲကြွပါ"လို့ ခေါ်လိုက်တယ်။ စီအက်စ်ကြီးက ဘာလုပ်ရအောင်လဲဆိုတဲ့ အကြည့်နဲ့ ကြည့်နေတယ်။

ကျွန်တော်က ပေကြိုးတစ်ခုအဆင်သင့်လုပ်ထားပြီး အခွဲခံမယ့် ဂျပန်ပုလဲငုပ်သမားရဲ့ဝမ်းဗိုက်မှာ တစ်လက်မအမှတ် မှတ်သားပေးဖို့ မစ္စတာအိုဂူးမားကို မှတ်သားခိုင်းတော့ သူက မှတ်ပေးတယ်။ တစ်လက်မ အတိအကျပဲ။ ကန့်လန့်အနေအထား ချက်ရဲ့အောက်ဖြစ်ရမယ်။ ဟုတ်ပြီ။ မစ္စတာ အိုဂူမားလှမ်းကြည့်လိုက်တော့ သူသဘောတူတဲ့အနေနဲ့ ခေါင်းညိတ်ပြတယ်။

ကျွန်တော် သူ သတ်မှတ်ပေးတဲ့ အရာအတိုင်း တစ်လက်မ အတိအကျခွဲလိုက်တာပါပဲ။ ဒါအပေါ်ယံ ဗိုက်သားအရေပြားကို တစ်လက်မခွဲလိုက်တာဖြစ်ခနဲပဲ။ အထဲမှာတော့ တစ်လက်မ ဘယ်ကမလဲ။ ဘွဲ့ထူးမလိုပါဘူး။ ခွဲစိတ်သူရဲ့ လက်နဲ့ သူ့ရဲ့ခွဲစိတ်မှု အနုပညာ၊ ခွဲစိတ်မှု အတတ်ပညာ ပေါင်းစပ်လိုက်တာပါ။ It is the art of the hand. ကျွမ်းကျင်ရာ လိမ္မာရာပေါ့။

စာတွေထဲမှာ ဖတ်ဖူးထားတာကတော့ "ခန္ဓာကိုယ်တစ်ခုမှာ ခွဲစိတ်ဖို့အလွယ်ကူဆုံးဟာ ဘယ်အပိုင်းပါလဲ"တဲ့ သူ့အဖြေက ရိုးရိုးလေးပဲ။

"ဘာရောဂါဝေဒနာမှမရှိတဲ့ အင်္ဂါအစိတ်အပိုင်းတစ်ခုကို ဖြတ်တောက်ခွဲစိတ်ရတာ အလွယ်ကူဆုံးပဲ"တဲ့။

ပိုးဝင်ဝေဒနာ၊ ပြည်တည်ရောဂါ၊ ရိနေဆွေးနေတယ်ဆိုရင် ခွဲရတာမလွယ်ဘူး မဟုတ်လား။

စီအက်စ်ကြီးနဲ့ မစ္စတာ အိုဂူးမင်းတို့ရှေ့မှာတင် သူတို့တောင်းဆိုချက်နဲ့အညီ ခွဲစိတ်ပြီး အူအတက်တွေ ဖြတ်ပေးလိုက်တယ်။

အိုး... ဘဲရီးဂွတ်... ဘဲရီးဂွတ်...တွေ သိုင်းကျူး... သိုင်းကျူးတွေ အထပ်ထပ်နဲ့ပေါ့။ ကျွန်တော်ခွဲစိတ်တာ အောင်မြင်ကြောင်း သက်သေထူဖို့ မစ္စတာအိုဂူးမားက ပုလဲငုပ်သမားနှစ်ယောက် ထပ်ခေါ်လာသေးတယ်။ ဒီနှစ်ယောက်လည်း သူတို့စည်းကမ်းနဲ့အညီ ခွဲစိတ်ပေးလိုက်တယ်။ အောင်မြင်တာပဲ။ အဲဒီခွဲစိတ်မှုကြောင့် စီအက်စ်က ကျွန်တော့်အပေါ် အထင်အမြင်လေးရှိလာတယ်ထင်ပါရဲ့။ ခွဲစိတ်ရုံကြီးကြပ်ရေး တာဝန်ပေးလာတယ်။

**Incharge of the Surgical Ward** တဲ့။ ဒေါက်တာ ဝီလီအောင်မြင့်နဲ့နေရာချင်းလဲရတာ။ ပြီးတော့ RMO လို့ခေါ်တဲ့ Residential Medical Officer ဆိုကဲ့ ရာထူးလည်း လက်ခံရတာ။ အသက်က အငယ်ဆုံး၊ တာဝန်နှစ်ခုတစ်ပြိုင်တည်း ခန့်ထားခံရတာ။ ရာထူးလက်ကိုင်နှစ်ခုနဲ့ ချာတိတ်ကိုမှ မမုန်း

ကြဘူးဆိုရင် ဘယ်သူ့ကိုသွားပြီး မုန်းကြမလဲ။

စီအက်စ်ပီအာရ်ဘာဝါးက သူများမလုပ်နိုင်ဘူးဆိုတာကို လုပ်ပြလို့ ချီးမြှောက်တာ၊ ဒီလုပ်ရပ်က လူကြီးပီသမှုပဲတဲ့၊ ဂုဏ်ပြုမှုပဲတဲ့၊ အကောင်းမြင်သူတချို့တော့ရှိပါရဲ့။ အဲဒါကတော့ မြိတ်မြို့သူမြို့သားတွေပဲ။

မြိတ်မြို့ဟာ မီး ခဏခဏ လောင်တတ်တဲ့မြို့မို့ သူ့မှာ ထူးခြားချက်တွေရှိတယ်။ အဲဒီအထဲက တစ်ခုက ရပ်ကွက်အလိုက် မီးသတ်အဖွဲ့တွေရှိတာပဲ။ ကျွန်တော်က အဲဒီရပ်ကွက် မီးသတ်အဖွဲ့တွေနဲ့ ခင်မင်ရင်းနှီးတယ်။ သူတို့ကို ကျွန်တော် သွေးပေါင်ချိန်ပေးတာလိုမျိုးကအစ သူတို့ရဲ့ ကျန်းမာရေးကို ကျွန်တော် ကြည့်ရှုပေးတယ်။ အတူစား အတူသွားတယ်။ သူတို့နဲ့ တစ်သားတည်းနေတော့ ကျွန်တော်ဟာ သူတို့ရဲ့သူငယ်ချင်းဆိုလည်း ဟုတ်၊ ရဲဘော်ဆိုရင်လည်း ဟုတ်တယ်။ သူတို့ရဲ့မိတ်ဆွေကောင်းဆိုရင်လည်း ဟုတ်သလို၊ သူတို့ရဲ့မိသားစုဆရာဝန်တစ်ယောက်ဆိုရင်လည်း ဟုတ်ပြန်ရော။ ကျန်းမာရေးဗဟုသုတတွေမျှဝေပေးနေလေတော့ တစ်နေ့တခြား ခင်မင်ရင်းနှီးလာပြီး သူတို့ ခံစားနေရတဲ့ အူကျတာမျိုးကအစ ကျွန်တော့်ကို ဖွင့်ဟတိုင်ပင်ကြဖို့ ဝန်မလေးတော့ဘူး။ ကာယကံရှင်သဘောတူရင် သူတို့ကို ဗုဒ္ဓဟူးနေ့ ချိန်းလိုက်တယ်။ ဆေးရုံ အိုပီဒီကို လာပြလှည့်၊ ပြီးရင် ခွဲဖို့စီစဉ်ပေးမယ်။

အဲဒီအချိန်တုန်းက မြိတ်မြို့ဆေးရုံမှာ ခွဲစိတ်ခန်းရှိပြီး ခွဲစိတ်ရမယ့် လူနာက နည်းနေတယ်လေ။ ဆရာဝန်ရှိရာကို လူမမာ မလာတော့ လူမမာရှိရာကို ဆရာဝန်က သွားရတာ။ ရပ်ကွက်တွေဆင်းပြီး ဆေးကုသလိုပဲ။ မီးသတ်ရုံးကို အဘိုးအို၊အဘွားအိုတွေ လာပြကြတယ်။ ဘယ်ဆရာဝန်မှ ဒီလိုမလုပ်ခဲ့လေတော့ မြိတ်မြို့မှာ ကျွန်တော်မိတ်ဆွေတွေ များတော့တာပေါ့။ လမ်းမှာ ကျွန်တော့်ကို တွေ့ရင် နှုတ်ဆက်တဲ့သူ၊ မုန့်ကျွေးမယ့်သူ၊ လက်ဖက်ရည်တိုက်မယ့်သူတွေ အများကြီး။ သူတို့အားလုံးကို ကျွန်တော်ဘယ်မှတ်မိပါ့မလဲ။ ခပ်ဝါးဝါး ရောယောင်နှုတ်ဆက်ရတာပေါ့။ ထူးခြားတဲ့ ဝေဒနာရှင်တွေကိုတော့ ကျွန်တော် မှတ်မိတယ်။

မြိတ်မြို့မှာ ဒီလိုကျင်လည်နေစဉ်မှာ ကျွန်တော် လက်ထပ်ရမယ့် "အုန်းအုန်း"နဲ့ စေ့စပ်ကြောင်းလမ်းလိုက်ကြတယ်။ သိပ်အကျယ်မချဲ့ကြပါဘူး။ ခပ်ရိုးရိုး စေ့စပ်လိုက်ကြတာပါ။ မြန်မာ့ထုံးတမ်းအစဉ်အလာအတိုင်း လုပ်လိုက်ကြတာပါပဲ။ ကျွန်တော်ရဲ့မင်္ဂလာဆောင်ကို ကျွန်တော့်မိတ်ဆွေတွေက သူတို့ကို ဖိတ်ကြားဖို့ ပြောနေကြတယ်။ တကယ်တမ်း သူတို့ပါ ဖိတ်မယ်ဆိုရင် ဖိတ်စာဘယ်လောက်မလဲ။ အသံချဲ့စက်နဲ့ မြို့လည်ပြီး ဗျိုးဟစ်ရမယ်လေ။ သူတို့ရဲ့

ခင်မင်မှုကို ဒီမိတ်ဆွေသစ်တွေက ပြချင်တာ။ ဒါကြောင့် တချို့မိတ်ဆွေတွေကို တော့ ကြိုတင်ပြီး တောင်းပန်ထားရတယ်။ ကျွန်တော် အိမ်ထောင်ပြုတော့မှာ ကို သူတို့ ဝမ်းသာကြတယ်။ ပြီးတော့ လက်ထပ်မယ့် အုန်းအုန်းကိုလည်း သူတို့ တွေ့ဖူးချင် မြင်ဖူးချင်ကြတယ်။ ရုပ်ရည်က ဘယ်လိုလဲ။ ချောသလား။ ရုပ်ရှင်မင်းသမီး ဘယ်သူနဲ့တူမှာလဲ။ ဥစ္စာပေါ၊ ရုပ်ချော၊ မနောလှသူလား။ ဒီ အကြောင်းတွေ အုန်းအုန်းကို ပြောပြတော့ အုန်းအုန်းခမျာ မျက်နှာမှာ သွေးရောင် လွှမ်းပြီး ရှက်နေရှာတယ်။

* * *

## တောင်ပင်လယ် ပုလဲကုမ္ပဏီမိသားစု

ပုလဲငုပ်သမားတွေကို သူတို့ ကုမ္ပဏီ စိတ်တိုင်းကျခွဲစိတ်ပေးလိုက်တာ ကနေ ဒီပုလဲကုမ္ပဏီနဲ့ ကျွန်တော်ပိုပြီး ရင်းနှီးခင်မင်သွားကြတယ်။ အိုဂူးမားနဲ့ တာဝန်ပေးချက်နဲ့ တနာကာဆိုတဲ့ ချာတိတ်တစ်ယောက် မနက်စာ ထမင်းနဲ့ နေ့လယ်စာ ထမင်းလာပြီးပို့တယ်။ သူတို့စားတဲ့ ထမင်းဟင်းပါပဲ။ ဂျပန်နံ့သင်း တဲ့ ထမင်းနဲ့ ဟင်းတွေ ဆေးရုံကို လာပို့တယ်။ နေ့တိုင်း ပို့တာနော်။ ကျွန်တော် နဲ့ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းလေးတွေက ဂျပန်ဟင်းထမင်းကို စိတ်ဝင်စားကြ တယ်။ ကျွန်တော် မကုန်ဘူး။ သူတို့ကို နည်းနည်းမျှကျွေးနိုင်တယ်။ မျှကျွေး တော့ သူတို့ သဘောကျကြတယ်။

မစ္စတာ အိုဂူးမားက ကြာလာတော့ ထမင်းပို့ရတာ အချိန်ကုန် လူပန်းပါ တယ်။ သူတို့ဆီ လာနေလှည့်ပါတော့လို့ ခေါ်တယ်။ ကျန်းမာရေးနဲ့ပတ်သက် ပြီး အကြောင်းကြီးငယ်ရှိရင် သူတို့ အားကိုးရတာပေါ့ ဆရာ လာနေလှည့်ပါတဲ့။

သူတို့က မြိတ်ဘောလုံးကွင်းကြီးရဲ့ အရှေ့ဘက် ခြံကျယ်ကြီးတစ်ခြံ ရှိ တယ်။ အဲဒီ ခြံကျယ်ကြီးက ဒေါက်တာဖိုးတုတ် (နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်ကြီး) ပိုင်တာ။ ဒေါက်တာ ဖိုးတုတ်တို့ရဲ့ခြံထဲက နှစ်ထပ်အိမ်ကြီးမှာ ပေါ့။ စုစုပေါင်း ဂျပန် ၃၆ ယောက်နဲ့ ကျွန်တော်တစ်ယောက်နေကြတယ်။ တောင်ပင်လယ် ပုလဲကုမ္ပဏီရဲ့ ရန်ကုန်ရုံးချုပ်က မီးရထားရုံးကြီး အပေါ်ထပ် တစ်ထပ်လုံး ငှားပြီး ရုံးချုပ်လုပ်ထားတာ။ ထမင်းချက်ကျွေးတာတော့ အိန္ဒိယ နွယ်ဖွား ကုလားကြီးတစ်ယောက်ကို ငှားထားတယ်။ ကုလားကြီးက ဟင်းချက်

ကောင်းတယ်။ ဂျပန်ဟင်းလျာ၊ အိန္ဒိယဟင်း၊ မြန်မာဟင်း အကုန်ချက်တတ်တယ်။

ကြာလာတော့ ကျွန်တော်လည်း သူတို့နဲ့ မိသားစုဝင်လို ဖြစ်လာတယ်။ သူတို့ရဲ့ ကျန်းမာရေး ကျွန်တော်က ကူညီစောင့်ရှောက်ဖော်ရတဲ့အတွက် သူတို့ သိပ်ကျေးဇူးတင်ကြတယ်။ တစ်ကြမ်းတည်းအိပ်ကြ တစ်ခန်းတည်း၊ တစ်စားပွဲတည်း၊ စားကြပေမဲ့ သူတို့ ကျွန်တော့်ကို လေးလေးစားစားပဲ ဆက်ဆံကြတယ်။ သူတို့ကို ကုသစောင့်ရှောက်ရတာ ရောဂါကြီးကြီးမားမား မရှိပါဘူး။ နှာစေး ချောင်းဆိုး၊ အအေးပတ်၊ လည်ချောင်းနာ၊ အာဂန္တုဝေဒနာတွေ များပါတယ်။ ဒါပေမဲ့ ကျွန်တော်ပေးတဲ့ဆေးနဲ့ သူတို့နဲ့ တည့်တယ်။ ဆေးလိုက်တဲ့ ဆရာဝန် ချာတိတ်ပေါ့။ သူတို့ တိုင်းပြည်ထုတ်ဆေးတွေနဲ့ ဘီပီအိုင်နဲ့ ရောသုံးတာပါပဲ။ ဘီပီအိုင်က ဆေးတွေက အဲဒီတုန်းက အတော်ဆေးစွမ်းထက်တယ်လေ။

ခင်မင်မှုက တစ်ပိုင်း၊ အလုပ်သဘောက တစ်ပိုင်း၊ ပုလဲကုမ္ပဏီက စည်းနဲ့ကမ်းနဲ့ ကုမ္ပဏီ၊ ခင်မင်မှုကတော့ ကြာလေခင်မင်လေပဲ။ ဆေးရုံကို သူတို့ ကုမ္ပဏီကားနဲ့ အကြိုအပို့လုပ်တယ်။ ဒါပေမဲ့ ကိုယ့်အလုပ်ကိုယ် လုပ်ကြတာပဲ။ ကျွန်တော့်အလုပ် သူတို့ မစပ်စုကြသလို သူတို့အလုပ်လည်း ဘာမှမပြောဘူး။ သူတို့ချင်းလည်း စည်းကမ်းရှိတယ်။ အုပ်ချုပ်ရေးအပိုင်းက သတ်သတ်။ အရာရှိတွေက သတ်သတ်။ ပုလဲငုပ်သူတွေက သတ်သတ်၊ ကိုယ့်စည်းနဲ့ကိုယ် နေကြတာ။ စကားမရှုပ်ကြဘူး။ မစပ်စုကြဘူး။

သူ့ဝန်ထမ်းတွေ၊ အရာရှိတွေ အပျင်းပြေ၊ အညောင်းပြေ၊ အပန်းပြေဖို့ ဘိလိယက်ခုံကြီး တစ်ခုံရှိတယ်။ သက္ကလတ်အစိမ်းရင့်ရောင်ကြီး ခင်းထားတယ်။ အပေါ်မှာ နှိမ့်လို့ မြှင့်လို့ရတဲ့ မီးအုပ်ဆောင်းကြီးနဲ့ မဟော်ဂနီရောင်တောက်နေတဲ့ ပွတ်လုံး အကောင်းစားတွေနဲ့ ဘိလိယက်ခုံကြီး။ သူ့မြင်တာနဲ့ကို ကစားချင်စိတ်ပေါ်၊ ကင်နွန်တွေ၊ ပေါ့(တ်)တွေ ထိုးပစ်လိုက်ချင်စရာခုံကြီး။

မစ္စတာအိုဂူးမားက ရက်စွဲတွေကပ်ထားတဲ့ ပုလဲအိတ်တွေကို စားပွဲတစ်ဖက်ခြမ်းမှာ ပုံချထားတယ်။ ပတ္တူစအိတ်တွေ၊ အရွယ်တူတွေပေါ့။ တစ်အိတ်စီချိပ်စည်းထားတာ။ ပြီးတော့မှ သူ့မှတ်တမ်းထဲကအတိုင်း မှန်မမှန်စစ်ပြီး ပုလဲတွေကို တစ်အိတ်ချင်း ဘိလိယက်ခုံကြီးပေါ် သွန်ချပြီး အစိမ်းရင့်နောက်ခံပေါ်မှာ ငွေရောင်အဖြူရောင် ပုလဲရောင်တောက်နေတဲ့ ပုလဲလုံးတွေနဲ့ ကြည့်ရတာ ဖိတ်ဖိတ်လက်နေတယ်။ ဒါတောင် အပေါ်က မီးအုပ်ဆောင်းကြီး ထွန်းထားတာ မဟုတ်သေးဘူး။ တောင်ဘက်နဲ့ မြောက်ဘက်က ဝင်လာတဲ့ အလင်းရောင်နဲ့ တင် ဖွေးဖွေးဥနေကြတာ။ ပုလဲတွေက ကြီးတာတွေရော၊ အရွယ် လတ်လတ်

တွေရော၊ နည်းနည်းယောင်ယောင် သေးတာတွေရော အရွယ်စုံပဲ။ မစ္စတာ အိုဂူးမား နှင့် ကျွန်တော်နဲ့ စကားတွေပြောနေကြရင်းနဲ့ သူ အဲဒီပုလဲတွေကို ဘီလီယက် ထိုးတဲ့ ကျူတံနဲ့ လျှောက်လိုမ့်နေတာ။ သဘော်လိုင်းမှာ အတူတာဝန်ထမ်းခဲ့ကြ တဲ့ အော်တူးကတ်စံအကြောင်းကတော့ မပါမဖြစ်ပါတယ်။ သူတို့ အမျိုးသား ချင်းအကြောင်း သူတို့ စိတ်ဝင်တစားနားထောင်တယ်။ ကျွန်တော်နဲ့သာ စကား တပြောပြောနဲ့ စကားတွေ ပြောလိုက်၊ ရယ်လိုက်၊ မောလိုက်လုပ်နေတာ၊ သူ့ မျက်လုံးတွေက ပုလဲတွေကိုရော သက္ကလတ်ခင်း ဘီလီယက်ခုံကြီးကိုရော တစ် ချက်လုမ်းမကြည့်ဘူး ကျူတံနဲ့ပုလဲတွေကို မျက်နှာလွှဲပြီး ပွတ်သပ်နေတာ။ တစ်အောင့်ကြာတော့ သူဟိုဘက်လျှောက်လိုမ့် ဒီဘက်လျှောက်လိုမ့်လုပ်နေတဲ့ ပုလဲတွေက အံ့သြစရာ။ အရွယ်ကြီးတွေက တစ်စု၊ ရွယ်ရွယ်လတ်လတ်တွေက သီးသန့်၊ ငယ်ငယ်ရွယ်ရွယ်တွေက တစ်အုပ်စု၊ သူ့အရွယ်တူချင်း အုပ်စုလိုက် လေး ဖြစ်ကုန်ကြရော။ အံ့သြစရာပဲ။ အဖြူရောင် ပုလဲရောင်ဝတ်ထားတဲ့ ကျောင်း သူကျောင်းသားတွေ ကြီးစဉ်ငယ်လိုက် တန်းစီပြီး ရပ်နေတာနဲ့ တူသေးတော့ တယ်။ ဟန်ကျလိုက်တာ။

မစ္စတာအိုဂူးမားကို ဒီကိစ္စ အံ့သြမိတယ်လို့ ချီးကျူးတော့ သူ သမ္မာအရ ဒီလိုလုပ်နိုင်တာ ဘာမှမဆန်းဘူးတဲ့။ ပုလဲ ဒီလိုရွယ်စဉ်ကြီးသေး သန့်ပြီးပြီ၊ အရည်အသွေးပါ သန့်ပြီးပြီဆိုတော့ ကတ္တီပါအိတ်သုံးလုံးထဲ အရွယ်အလိုက်ခွဲ ပြီး မြိတ်ကနေ ရန်ကုန်သို့ လေယာဉ်ပျံနဲ့ပို့တယ်။ လမ်းမှာ ဆင်းတဲ့လေယာဉ် မျိုးကို အတတ်နိုင်ဆုံးရှောင်တယ်။ မြိတ်မြို့ထဲမှာလည်း ဒီပုလဲတွေ သယ်သွား တဲ့ရုံးကားက ဘယ်နေရာမှ ရပ်ခွင့်မရှိဘူး။ လေယာဉ်ကွင်း တောက်လျှောက် မောင်းရတယ်။ လမ်းမှာရပ်ပြီး အပေါ့စွန့်ခွင့်တောင် မရှိဘူး။ စည်းကမ်းလုပ်ထား တယ်။ ဒီပုလဲတွေ ရန်ကုန်ရောက်တဲ့အခါ အကောက်ခွန်ဌာနမှာ သွားရောက် တင်ပြရတယ်။ အကောက်ခွန်ဌာနက ခွင့်ပြုချက်ယူပြီးမှာ ဂျပန်ပြည်က သူတို့ ပုလဲရုံးချုပ်ကို ပို့ရတယ်။

* * *

## ပုလဲလုပ်ငန်းခွင် စည်းကမ်း

တောင်ပင်လယ်ပုလဲလုပ်ငန်းတွေ အမှုထမ်းကြသူတွေကို စိတ်ထဲမှာ မြင် ယောင်ကြည့်ရင် ရွှေတွဲလွဲ၊ ငွေတွဲလွဲ၊ လက်ဝတ်ရတနာတွေမှာ ပုလဲတွေ စီခြယ်

လို့၊ ဒီလိုထင်စရာကြီး။ ဒါပေမဲ့ အဲဒီလိုထင်ရင် လွဲလိမ့်မယ်။ လွဲတာမှ အကြီးကြီးလွဲမှာပါ။ တောင်ပင်လယ်ပုလဲကုမ္ပဏီရဲ့ အမှုထမ်း၊ အရာထမ်းနဲ့ ပညာရှင်တွေတစ်ယောက်မှ ရွှေငွေတွဲလွဲ၊ ပုလဲတွေ စီခြယ်တယ်လို့ မရှိကြဘူး။ ဟိုးထိပ်ဆုံးကနေ အောက်ခြေအထိ ပုလဲ မဝတ်ကြဘူး။ လုပ်သားတွေ ပုလဲငုပ်သူတွေ ပုလဲတစ်လုံး သိုလိုက်မဟဲ့၊ ဝှက်လိုက်မဟဲ့၊ လစ်လိုက်မဟဲ့၊ တွမ်လိုက်မယ်ဟဲ့လို့ မရှိကြဘူး။ သူတို့အားလုံး သူတို့အလုပ်ကို ရိုသေကြတယ်။ စည်းရှိကြတယ်။ ကမ်းရှိကြတယ်။ မတော်လောဘစိတ် မမွေးကြဘူး။

ပြီးတော့ ပုလဲမွေးမယ့် မုတ်ကောင်ထဲမှ ပုလဲသန္ဓေတည်ဖို့ အရင်အနေနဲ့ ထည့်တဲ့သဲတွေကလည်း တွေ့ကရာရစ်သောင်းက သဲထည့်တာမဟုတ်ဘူး။ အမေရိကန်နိုင်ငံက မစ္စစ္စပီမြစ်ထဲက သဲကို မှာယူပြီးထည့်သတဲ့။ အဲဒီမစ္စစ္စပီသဲတွေ အိတ်နဲ့သိုလှောင်ထားတာလည်း တွေ့ဖူးတယ်။ အဲဒီသဲတွေကို ပုလဲမွေးတဲ့ဘုရင်ကျွန်းကို သယ်သွားရတယ်။

ဘုရင်ကျွန်းမှာ မစ္စတာဝါစာဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးရှိတယ်။ သူက အဓိကကျတဲ့ပုဂ္ဂိုလ်၊ သူကပုလဲပညာရှင်၊ သူကပုလဲဆိုင်ရာ ကျွမ်းကျင်သူ၊ လုပ်ဖော်ကိုင်ဖက်တွေ တက်ညီလက်ညီ မိသားစုစိတ်နဲ့ အလုပ်လုပ်ကြလို့ ပုလဲတွေထွက်ရှိတယ်ဆိုပေမဲ့ ဒီပုဂ္ဂိုလ်က ပုလဲမွေးမြူရေးမှာတော့ ကျွမ်းကျင်သူ၊ ပုလဲဆရာကြီးလေ။ ပုလဲ ပါရဂူပေါ့။

သူ့လက်ထဲမှာ လက်ကိုင် အသံချဲ့စက်တစ်လုံးရှိမယ်။ ကမ်းစပ်ကနေ အဲဒီလက်ကိုင်အသံချဲ့စက်နဲ့ လှမ်းအော်၊ အမိန့်ပေးမယ်။

"ဖိုက်တူ အလေဗင်း"ဆိုရင် ပုလဲငုပ်သူတွေက သူ့အမိန့်အတိုင်း တောင်းအမှတ် ၅ ကို တောင်းအမှတ် ၁၁ နေရာကို ရွှေ့ကြတယ်။ နောက်တစ်ခါ သူက အော်ပြန်ရော။

"အလေဗင်းတူ ဆဲဗင်း"ဆိုရင်ခုနက တောင်းအမှတ် ၁၁ ကို တောင်းအမှတ် ၇ နေရာ ရွှေ့ပေးနေရာချထားပေးရတယ်။ ဘယ်သူမှ ဘာမှပြန်ပြောခွင့်မရှိဘူး။ သူ့စကားတစ်ခွန်းပဲ။ သူပြောတဲ့အတိုင်း ခြင်းတွေကို ဟိုနေရာကနေ ဒီနေရာရွှေ့လိုက်ကြရတယ်။ ဘယ်သူမှ မသိနားမလည်နိုင်တဲ့ပညာရပ်ပဲ။ စာရင်းစာအုပ်တစ်အုပ်ကို ချိုင်းကြားညှပ်၊ ဘယ်လက်က ထီးကြားကြီးတစ်လက် ခေါင်းပေါ်မိုးပြီး ညာဘက်က လက်ကိုင်ဟွန်းနဲ့ အော်ဟစ်အမိန့်ပေးလေ့ရှိတယ်။ ရာသီဥတုကိုကြည့်ပြီး တွက်တယ်တဲ့။ ရက်စွဲကိုကြည့်ပြီး နေရာရွှေ့သတဲ့။ သူ့ပညာနဲ့ သူ့အမှတ်သညာ သူ့လုပ်ရပ်ဟာ တစ်ခါမှ မှားယွင်းတာ ချွတ်ချော်တာ မဖြစ်ဘူးတဲ့ အမှတ်သညာ သူ့လုပ်ရပ်ဟာ တစ်ခါမှ မှားယွင်းတာ ချွတ်ချော်တာ မဖြစ်ဘူးတဲ့ မစ္စတာဝါစာ။ လစာအများကြီးပေးပြီး ခေါ်ရတဲ့ပုလဲပညာရှင်။ သူလည်းပဲ

ဂျပန်နိုင်ငံဟာ ကျွန်းတွေအများကြီးနဲ့ ဖွဲ့စည်းထား
ပုလဲတစ်ကုံး ကိုယ်ပိုင်မရှိဘူး။ ဂျပန်နိုင်ငံပဲ။ ကမ္ဘာမှာ ဂျပန်ပုလဲဆိုတာ နာမည်တစ်လုံးနဲ့
တဲ့ ပင်လယ်သမုဒ္ဒရာထဲက နိုင်ငံပဲ။ ကမ္ဘာမှာ ဂျပန်ပုလဲဆိုတာ နာမည်တစ်လုံးနဲ့
တဲ့ ပင်လယ်သမုဒ္ဒရာထဲက ပုလဲတွေထက် တောင်ပင်လယ်ပုလဲကုမ္ပဏီက ထွက်
နေတာ။ ဂျပန်ကထွက်တဲ့ ပုလဲတွေထက် တောင်ပင်လယ်ပုလဲကုမ္ပဏီက ထွက်
နေတာ။ ဂျပန်ကထွက်တဲ့ ပုလဲတွေထက် ဈေးကောင်းရတယ်။ အရည်အသွေးကောင်းတယ်။ လှလည်း
တဲ့ပုလဲက ပိုပြီးဈေးကောင်းရတယ်။ အရည်အသွေးကောင်းတယ်။ လှလည်း
ပိုလှတယ်။ ရတနာကုန်သည် ပုလဲကျွမ်းကျင်သူတွေက ပုလဲလုံးကိုကြည့်ပြီး
ဒါတောင်ပင်လယ်ကုမ္ပဏီက ပုလဲ ဟုတ်တယ်၊ မဟုတ်ဘူးခွဲခြားနိုင်သတဲ့။
တောင်ပင်လယ်ကုမ္ပဏီရဲ့ ပုလဲအရည်သွေးဟာ စံတစ်ခုရှိတဲ့ ပုလဲတွေပဲ။

ပုလဲကုမ္ပဏီက ဂျပန်ကုမ္ပဏီ။ နေကြထိုင်ကြတာ အဆောက်အဦတစ်ခု
တည်း။ ကျွန်းမှာလည်း တစ်ကျွန်းတည်း အတူနေကြထိုင်ကြပေမဲ့ အချင်းချင်း
ဆက်ဆံကြရာမှာတော့ အင်္ဂလိပ်လူမျိုးတွေရဲ့ ဆက်ဆံပုံနဲ့ ဆင်ဆင်တူတယ်။
ဘူရာထူးအလိုက် လေးလေးစားစား ဆက်ဆံကြသလို သူ့အဆင့်အလိုက် လုပ်
ပိုင်ခွင့်တွေ ခံစားခွင့်တွေရှိကြတယ်။ ကိုယ့်စည်းကိုယ့်ကမ်းနဲ့အညီ နေထိုင်ကြ
တယ်။ နေတော့ အတူတူ၊ စားတော့လည်း အတူတူ။ ဒါပေမဲ့ ပညာအရည်အချင်း၊
ရာထူးအရည်အချင်းပေါ်လိုက်ပြီး လေးစားမှု၊ အပြန်အလှန်ချစ်ခင်လေးစားမှုတွေ
နဲ့ နေကြတဲ့သူတွေ။

ဒုတိယကမ္ဘာစစ်တုန်းက ဂျပန်တွေ မြန်မာပြည်ကိုဝင်ခဲ့၊ ရိုက်ခဲ့၊ နှိပ်စက်
ခဲ့တာတွေ မြန်မာပြည်သူတွေမှာ ခံစားချက်ရှိမှန်း သူတို့ သိကြတယ်။ မြန်မာတွေ
မှာ ရိုးသားတဲ့စိတ်၊ ဖော်ရွေတဲ့စိတ်၊ ကြင်နာစာနာတဲ့ စိတ်ရှိမှန်းလည်း သူတို့
သိကြတယ်။

ဒါကြောင့် မြိတ်နဲ့ မြိတ်ဝန်းကျင်ကလူတွေနဲ့ ဘာပြဿနာမှ မရှိအောင်
သူတို့ကို သွန်သင်မှာကြားထားတယ်ထင်ပါရဲ့။ ဘာပြဿနာမှ ကြီးကြီးကျယ်
ကျယ် ဖြစ်တယ်လို့ မကြားဖူး၊ မကြုံဖူးဘူး။

တောင်ပင်လယ်ပုလဲကုမ္ပဏီက အမှုထမ်းနေကြတဲ့သူတွေ သူတို့ရဲ့မိသားစု
ဘယ်သူမှ ခေါ်မလာကြဘူး။ တစ်ခါတလေ လာလည်ကြတဲ့ မိသားစုတွေတော့
ရှိတယ်။ ဒါပေမဲ့ အလွန်ရှားတယ်။ ကုမ္ပဏီအမှုထမ်းတွေအတွက် ရိက္ခာအစုံနဲ့
ဒီမှာတင်ဝယ်လို့ရတာတော့ မြိတ်ဈေးထဲကပဲ ဝယ်တယ်။ ရိက္ခာခြောက် ဂျပန်
ပစ္စည်းတွေလည်း အပြည့်အစုံရှိတယ်။ အသင့်စားသုံးရန် အထုပ်တွေ တံဆိပ်
ရောင်စုံ လိုချင်စရာ၊ စားချင်စရာဖြစ်အောင် ဆွဲဆောင်နိုင်တဲ့စားစရာတွေ။ အဲဒီ
အချိန် ကျွန်တော်တို့ဆီမှာ ရယ်ဒီမိတ် စားစရာတွေရယ်လို့ သိပ်ပေါပေါများများ
မရှိသေးဘူး။ ရှိတာတွေကလည်း ဆွဲဆောင်မှု မရှိလှဘူး။
တောင်ပင်လယ် ပုလဲကုမ္ပဏီဝန်ထမ်းတွေ သူ့အဆိုင်းနဲ့သူ အလုပ်ခွင်ဝင်

သူဝင်ကြ၊ စားစရာတွေ စားချိန်မှာစားကြ။ နားချိန်ကြတော့ နားကြ။ ဖဲရိုက်သူ ရိုက်၊ ဘိလိယက်ထိုးသူထိုး။ ကျွန်တော်အနားရချိန်နဲ့ သူတို့ အနားယူချိန်တိုက် ဆိုင်ရင် ကျွန်တော့်ကို သူတို့နဲ့အတူ လာကစားဖို့ ခေါ်သူခေါ်တယ်။ စကားတွေ လာပြောပြီး ခင်မင်ရင်းနှီးမှုတွေ တိုးလာကြတယ်။

ကျွန်တော့်အလုပ်က သူတို့ဖျားရင်၊ နာရင် ကုသပေးအကြံပေး စမ်းသပ် ပေးရုံလောက်ပါပဲ။ အိတ်စိုက် ကုသပေးရတာ မဟုတ်ဘူး။ သူတို့ဆေး သူတို့ ပစ္စည်း သူတို့အပ်တွေ ကျွန်တော်က လူစိုက် ပညာစိုက်ရုံပဲ။

တောင်ပင်လယ် ပုလဲကုမ္ပဏီမှာ ကျွန်တော်တို့ထက် သမ္မာကြီးတဲ့ ဆရာ ဝန်ကြီးတစ်ယောက်ရှိတယ်။ သူက စိတ်ရောဂါကုတဲ့ ပါရဂူပညာရှင်ကြီး။ မြိတ် မြို့မှာ အနေနည်းတယ်။ လုပ်ငန်းခွင့်ဖြစ်တဲ့ ပုလဲလုပ်သားတွေ အနေများတဲ့ ဘုရင့်ကျွန်းမှာ အနေများတယ်။ ပုလဲငုပ်ကြသူတွေ မိဝေးဖဝေး ချစ်သူနဲ့ဓွဓွာ မိသားစုနဲ့ တစ်မြေစီနေကြရတဲ့အခါ စိတ်ဓာတ်တွေ ပွန်းပဲ့အနာတရ ဖြစ်တတ် တယ်လေ။ ဒါတွေက ကြာလာတဲ့အခါ အနည်ကျလာပြီး အစိုင်အခဲဖြစ်သွား တတ်တယ်။ ဒီကိစ္စ၊ ဒီပြဿနာကို ကုသဖို့၊ ဆွေးနွေးဖို့၊ အားပေးဖို့၊ နှစ်သိမ့်ဖို့ ဒီဂျပန်ဆရာဝန်ကြီးက တာဝန်ယူရတယ်။ ပုလဲငုပ်တယ်၊ ရေထဲကနေ ကမ်းပေါ် တက်တယ်။ နောက်တစ်နေ့လည်း ပုလဲငုပ်တယ်၊ ရေထဲကနေ ကမ်းပေါ်တက် တယ်။ နောက်တစ်ခါလည်း ဒီလိုပဲ၊ နောက်တစ်ကြိမ်လည်း အလားတူပဲ။ လူ စင်စစ်ကနေ သံပတ်ရုပ်၊ စက်ရုပ်တွေလို ဖြစ်နေကြရတယ်။ ငြီးငွေ့စရာကောင်း လွန်းတဲ့ လူ့ဘဝ၊ လူသားအဖြစ်ကနေ တစ်ဆင့်လျော့ နေထိုင်ရှင်သန်သလို ဖြစ်နေကြရတဲ့ လူသားတွေ။

ချစ်ခြင်းတို့ မေတ္တာတို့ အိမ်ထောင့်အရသာတွေနဲ့ ဝေးနေကြရတဲ့ ဘဝတွေ။

ဒီလုပ်သား၊ ဒီလူတွေအတွက် ဂျပန်စိတ်ပညာရှင် ပါရဂူကြီးဟာ တော် တော့်ကို အရေးပါတဲ့ပုဂ္ဂိုလ်ကြီး။ သူ့မှာ သူ့လူတွေအတွက် ကုထုံးတွေ၊ နည်းနာ နိသျှတွေအမျိုးမျိုးရှိတယ်။ ဘယ်လို ထွက်ပေါက်ပေးရမယ်။ ဒီလူကို ဘယ်လို နှစ်သိမ့်ဆွေးနွေးရမယ်၊ ဒီလူကို ဘာတွေဖြည့်ဆည်းပေးရမယ် သူကောင်းကောင်း သိတယ်။ သူဟာ သူ့ကိုယ်သူ ငါဟာ ပါရဂူပဲ ဆရာဝန်ကြီးပဲရယ်လို့ ဘဝင်ကြီး နဲ့ မာနကြီးနဲ့ မနေဘူး။ သူ့အလုပ်က အဲဒီလို အိုင်တင်ကြီးတစ်ခွဲသားနဲ့လည်း နေလို့မရဘူး။ ကြက်ကောင်း ကြိုးမကွာဆိုသလို သူ့အလုပ်အဆင်ပြေစေဖို့ သူ့လူတွေနဲ့ ဘယ်လိုဆက်ဆံနေထိုင်ပြောဆိုရမယ်ဆိုတာ သူကောင်းကောင်းသိ တယ်။ သူ့လူတွေနဲ့သူဟာ မကင်းမကွာ မဝေးလွန်း မနီးလွန်း နေထိုင်တဲ့ဆရာ ဝန်။ ပုလဲငုပ်သူတွေအပါအဝင် ကျွန်းပေါ်မှာရှိကြတဲ့ သူ့လူတွေက သူ့ကိုချစ်ကြ

ရှိသေကြ အားကိုးကြ ယုံစားကြတယ်။ ဘုရင်ကျွန်းမှာ နောက်ထပ်အရေးကြီး ပုဂ္ဂိုလ်တစ်ယောက်ရှိသေးတယ်။ သူ့ကို Pearl Surgeon (ပါးလ်ဆာဂျင်) လို့ခေါ်တယ်။ ပုလဲကျွမ်းကျင်သူပေါ့။ သူတို့ ကျွန်တော့်ကို စီးပွားရေးအရ လျှို့ဝှက်ရမှာမို့ ဘုရင့်ကျွန်းကို အလည်အပတ် မခေါ်ဘူး။ ကျွန်တော် ပုလဲကျွန်း ဘုရင့်ကျွန်း တစ်ခေါက်မှ မရောက်ဖူးဘူး။ လုပ်ဖော်ကိုင်ဖက်တွေ၊ အတူနေသူတွေ၊ မစ္စတာ အိုဂူးမား ပြေပြေသလောက်သိရလို့ ခုလို ပြောပြနိုင်တာ။ သူတို့နဲ့ကျွန်တော်နဲ့ ဆွေလိုမျိုးလို ညီအစ်ကိုတမျှ ခင်မင်ရင်းနှီးကြတာပဲ။ ဒါပေမဲ့ လုပ်ငန်းခွင်ဖြစ်တဲ့ ဘုရင့်ကျွန်းကိုတော့ တစ်ခါမှ အလည်မခေါ်သလို မဖိတ်ကြဘူး။

ပါးလ်ဆာဂျင်ကြီးက ဘုရင့်ကျွန်းတစ်ခုလုံးကို ထုံးလိုချေ ရေလိုနှောက် အကုန်လုံး နှံ့နှံ့စပ်စပ်သိတယ်။ ဆောင်ရန်လည်း သိတယ်။ ရှောင်ရန်လည်း သိတယ်။ ပါးလ်ဆာဂျင်ကြီးက ဘယ်အပိုင်းမှာ မုတ်ကောင်တွေချရမယ် သူသိတယ်။ သူဆုံးဖြတ်တဲ့နေရာမှာ သူရွေးချယ်တဲ့နေရာမှာ မုတ်ကောင်တွေ ချကြရတယ်။ ယောက်သွားထဲ မစ္စစ္စပီ သဲတွေ ဘယ်အချိန်ထည့်ရမလဲ သူဆုံးဖြတ်တယ်။ အရေးကြီးတဲ့ လူနာရှိရင်တော့ ဘုရင့်ကျွန်းကနေ မြိတ်ကျွန်းကို သယ်လာတယ်။ ဂျပန်ပါရဂူကြီးက သူ့ခန့်မှန်းတဲ့ရောဂါဝေဒနာကို စာရေးပြီး ဆေးတချို့ပေးလိုက်တယ်။ ကျွန်တော့်ကို လှမ်းတိုင်ပင်တဲ့သဘောပါပဲ။ ကျွန်တော်က ထပ်မံစစ်ဆေးပြီး ကုသပေးရုံပါပဲ။ ဂျပန်ပါရဂူမှန်းခြေနဲ့ ကျွန်တော်နဲ့ ကွဲလွဲတာ မရှိသလောက်ပဲ။ သူပေးလိုက်တဲ့ဆေးတွေကလည်း တချို့ဆေးဆိုရင် မိုးရေနဲ့ တောင် ဖျော်စပ်နေဖို့မလိုဘူး။ အသင့်စုပ်ယူပြီး ထိုးပေးလိုက်ရုံပဲ။

* * *

## တောင်ပင်လယ် ပုလဲအနုကြမ်း

ကျွန်တော်ဟာ တရုတ်ကပြားတစ်ယောက်ပါ။ တောင်ပင်လယ် ပုလဲကုမ္ပဏီရဲ့အိမ်မှာ နေတယ်။ သူတို့စားသလို စားတယ်။ သူတို့ကားနဲ့ ရုံးတက်တယ်။ ဂျပန်စကားလည်း နည်းနည်းပါးပါး ပြောတတ်နေတော့ မသိသူတွေ သူစိမ်းတွေက ကျွန်တော့်ကို ဂျပန်လူမျိုးလို့ ထင်ကြတယ်။ ဘောင်းဘီမဝတ်ဘဲ ပုဆိုးခါးစည်းထားလည်း ဒီဂျပန်ပုဆိုးလည်း ဝတ်တတ်တာသကိုး ဒီလိုထင်ကြတာ။ သူတို့ မိသားစုဝင်တစ်ယောက်လိုဖြစ်နေတဲ့ ကျွန်တော့်ကို သူတို့ ခင်မင်လေးစားကြတယ်။

ဗိုလ်ချုပ်နေဝင်းအုပ်ချုပ်နေတဲ့အချိန်မှာ ပစ္စည်းတွေ ရှားပါးတာကို မှတ်မိကြလိမ့်မယ်။ ဂျပန်အရာရှိတစ်ယောက်ရဲ့လက်မှာ ပတ်ထားတဲ့ နာရီတစ်လုံးလှပပြီး ဆွဲဆောင်မှုရှိတာနဲ့ ဘာတံဆိပ် ဘာအမျိုးအစားလဲ သိချင်လို့ ခွင့်တောင်းပြီး ယူကြည့်မိတယ်။ ဆီကို နာရီ။ နေ့စွဲ၊ ရက်စွဲတွေပါတယ်။ လှတပတလေး။ နောက်ခုနစ်ရက် တစ်ပတ်ကြာတော့ ဂျပန်ပြည်ကနေ လက်ပတ်နာရီအသစ်ကျပ်ချွတ်တစ်လုံး ရောက်လာပါလေရော။ မြိတ်ရောက်လို့မှ ဘာမှမကြာဘူး။ ကျွန်တော့်ဆီ အဲဒီဘူးကလေး ရောက်လာပါလေရော။

"ဒါ ဘာလဲဟေ့"

"လက်ပတ်နာရီပါ"

"ဘာလုပ်ဖို့လဲ"

"ဆရာဝန် ဟိုတစ်နေ့က လက်ပတ်နာရီယူပြီး ကြည့်တယ်လေ"

"အေး ကြည့်တယ်"

"ဒါကြောင့် ပေးတာ"

ကျွန်တော့် တစ်ကိုယ်လုံး ရှိန်းတိန်းတိန်းဖြစ်သွားတယ်။

"ဘယ်လောက်ပေးရမလဲ"

လာပေးတဲ့ လူငယ်က ပြုံးပြီးပြောတယ်။ သူပြုံးတဲ့ အပြုံးက ရိုးရိုးသားသားနဲ့ နှစ်လိုဖွယ်အပြုံး။

"ဘယ်လောက်မှ မပေးရဘူး။ ဆရာ့ကို ကျွန်တော်တို့ ကုမ္ပဏီက လက်ဆောင်ပေးတာ"

"ဩော်... ဟုတ်လား၊ အေး... ကျေးဇူးတင်ပါတယ်"

ညနေစောင်းတော့ ဒီကိစ္စ မစ္စတာအိုဂူးမားကို ပြောရတယ်။ အိုဂူးမားကြီးကလည်း ပြုံးနေတာပဲ။ သူ့အပြုံးက လူငယ်လေးပြုံးပြတဲ့ အပြုံးအတိုင်းပါပဲ။ ဒီကိစ္စ သူတို့အတွက် ဘာမှအပန်းကြီးပုံ မပေါ်ဘူး။ ကျွန်တော်ကလည်း အတော်ခွကျတဲ့အကောင်ပဲ။ သူတို့ဖွင့်နေတဲ့ ထရန်စစ္စတာ ရေဒီယိုလက်ကိုင်အရွယ်လေးတစ်လုံး။ အဲဒီအချိန်တုန်းက ထရန်စစ္စတာ ရေဒီယိုက ရှာသေးတယ်။ ကျွန်တော်မြန်မာ့အသံ အင်္ဂလိပ်ပိုင်း အစီအစဉ်က သီချင်းတွေနဲ့ သတင်းတွေကို နားထောင်ချင်တော့ ရေဒီယိုပိုင်ရှင်ဆီက ညပိုင်းကြရင် ငှားငှားပြီး ညပိုင်းနားထောင်လေ့ရှိတယ်။

အဲဒီလို ငှားပြီးနားထောင်တဲ့အခါ ဘုရင့်ကျွန်းက ဆရာဝန်ကြီးနဲ့ ပါးလ်ဆာဂျင်ဆီ ဘယ်လိုနားပေါက်သတင်းရောက်သွားတယ် မသိဘူး။ မစ္စတာအိုဂူးမား တစ်ညကြတော့ ကျွန်တော် ရေဒီယိုနားထောင်နေတာ လာကြည့်တယ်။

"သိန်းလှိုင်စံ ဘာသတင်းထူးလဲ"

"ဗိုလ်ချုပ်နေဝင်းက အလုပ်သမားနေ့ ခြိမ့်ခြိမ့်သဲ ကျင်းပမယ်တဲ့"

"ပြီးတော့ရော"

"အခါမဟုတ် မိုးရွာနိုင်သတဲ့၊ ရွာရန် ရာနှုန်း ၈၁ တဲ့၊ ငါတို့ တနသ်ာရီပါ ပါတယ်"

"အေး ကောင်းတယ် သိန်းလှိုင်စံ"

ဒီလောက်ပြောပြီး ပြန်လှည့်သွားတာ ကျွန်တော်လည်း ရေဒီယိုဆက်ပြီး နားထောင်နေလိုက်တယ်။ အင်္ဂလိပ်ပိုင်း အစီအစဉ်ပြီးတော့ ရေဒီယိုပိုင်ရှင်လက် ပြန်အပ်လိုက်တယ်။

အိုဂူးမားနဲ့ စကားပြောပြီးလို့ ရက်နှစ်ပတ်လောက်ကြာတော့ အရင်တစ်ခါလက်ပတ်နာရီအဖြစ်မျိုး ကြုံပြန်ရော။ ကျွန်တော့်အတွက် လက်ဆောင်တဲ့။ ဒါပေမဲ့ မစ္စတာအိုဂူးမားက စကားတစ်ခွန်း ပြောလိုက်တယ်။ ရေဒီယိုသတင်းထဲမှာ ထူးခြားတဲ့ မိုးလေဝသသတင်းလာရင် သူ့ကိုပြောပါ။ အဲဒီသတင်းနားထောင်ဖို့သက်သက် ဒီရေဒီယိုလက်ဆောင်ပေးတာ မဟုတ်ဘူးနော် သိန်းလှိုင်စံကြိုက်တဲ့ အစီအစဉ်တွေလည်း နားထောင်လို့ ဟာသနှောပြီး ပြောလိုက်သေးတယ်။

မိုးလေဝသသတင်းဟာ ပုလဲလုပ်ငန်းအတွက် သိပ်ပြီး အဓိပ္ပာယ်ရှိတယ်ဆိုတာ ကျွန်တော် ကောင်းကောင်းသိတယ်။ ရေဒီယိုနားထောင်ရမှ မဟုတ်ဘူး၊ ဟိုအရင်ကတည်းက မိုးလေဝသ အထူးသတင်းကြေညာချက်တွေ ဘယ်ကနေကြားကြား သူတို့ကို ပြောနေကျ။ တောင်ပင်လယ်ပုလဲကုမ္ပဏီတို့များ လုပ်တတ်ကိုင်တတ် သိပ်ရှိတယ်။ လက်ဆောင်ပေးတာပဲ။ ရေဒီယိုပေးတယ်ဆိုရင် ရေဒီယိုပဲဖြစ်ရမှာပေါ့။ ရေဒီယိုမှာ အတူပါတဲ့ နားကြပ်လေးပေးတာမျိုးကို မဆိုလိုပါဘူး။ ရေဒီယိုမှာ အသုံးပြုမယ့် မိန်းကလေး လက်ညှိုးလောက် ဓာတ်ခဲတွေက တစ်ဘူးပါ ထည့်ပေးလိုက်သေးတယ်။

သူတို့ပေးတဲ့လက်ဆောင်က အင်မတန်သန့်ရှင်းတဲ့ လက်ဆောင်ပါပဲ။ အကျိုးလိုလို့ ညောင်ရေလောင်းတာမျိုး လုံးဝမဟုတ်ဘူး။ စေတနာသန့်သန့်နဲ့ပေးကြတာ။ ငါတို့ကို အုပ်ချုပ်ရေးအပိုင်းက လူတွေက လက်ဆောင်အမျိုးမျိုးကို ခဏခဏ တောင်းကြတယ်ကွာ။ မင်းတစ်ယောက်မတောင်းတဲ့လူကို ပေးရတဲ့ လက်ဆောင်က ပိုအဖိုးထိုက်ပါတယ်ကွာတဲ့။ မစ္စတာ အိုဂူးမားရဲ့စကားက ရိုးရိုးလေးနဲ့ဆန်းနေတယ်။ ကျွန်တော့်ဘဝမှာ သူ့စကားကို ခဏခဏ ပြန်ကြားယောင်မိတယ်။

ပုလဲဆရာဝန်က မုတ်ကောင်ထဲကို သဲမှုန့်ထည့်တဲ့လုပ်ငန်းပဲ လုပ်တယ်။

ဒါ သူ့ပညာ၊ သူ့ကျွမ်းကျင်မှုပဲ။ မစ္စတာဝါစာကြီးကလည်း သူ့ပြက္ခဒိန် သူ့မှတ်တမ်း သူ့ဇယားနဲ့ သူလေ။ သတ်မှတ်ရက်ရောက်ရင် ဒီရေပေါ်ကြည့်ပြီး ဟိုခြင်းကို ဟိုးကိုရွှေ့၊ ဒီခြင်းကို ဒီဘက်နားရွှေ့၊ လော်စပီကာတစ်ခုနဲ့ အရွှေ့ခိုင်းတော့တာပဲ။ လူချင်းခင်လို့ မစ္စတာဝါစာ အဲဒီခြင်း အမှတ်လေးက ဘာလိုတောင်ဘက်အစွန်းဆုံးရွှေ့ပြီး ခြင်း အမှတ်ကိုးကိုတော့ ကမ်းနဲ့နီးရာကို ဘာဖြစ်လို့ရွှေ့တာတုံးဆိုတာမျိုး သွားမေးရင် နိုး... နိုး... ဆောရီးပါပဲ။ လူချင်းခင်တာတစ်ကဏ္ဍပဲ။ သူ့တို့ လျှို့ဝှက်ချက် မပြောနိုင်ဘူး။ ဘယ်လို အစ်အောက်မေးမေးမေးလို့မရဘူး။

ပုလဲဆရာဝန်ကလည်း ကျွန်တော်ခွဲစိတ်ဆရာဝန်မှန်း သူသိတာပေါ့။ ဘယ်ကမှတ်၊ ဘယ်ယောက်သွားမှာ၊ သဲကို ဘယ်အချိန် ဘယ်နေရာထည့်ရမယ်၊ ဘယ်လောက်ထည့်ရသလဲမေးဖူးတယ်။ ပြုံးပြီး နိုး... နိုး... လို့ပြောရင်း လက်ခါပြတယ်။ ပြောရိုး ထုံးစံမရှိဘူးတဲ့။

သူ့ဇနီးသည် ဂျပန်ပြည်ကနေ ခေတ္တ အလည်လာတယ်။ သွယ်သွယ်ငယ်ငယ် ချောချောလေးပါ။ အဲဒီလိုလာတဲ့အခါ ကျွန်တော်သာဆိုရင် အပြန်မှာ အမှတ်တရအဖြစ် ဒါမှမဟုတ် ချစ်သူကို အလွမ်းဖြေဖို့ ပုလဲတွေလက်ဆောင်ပေးလိုက်မှာပဲ။ ဒါပေမဲ့ ဒီပုလဲ ဆရာဝန်ကတော့ လာတုန်းက လက်ချည်းလာတဲ့မိန်းမ ပြန်တဲ့အခါမှာလည်း လက်ချည်း ပြန်လွှတ်လိုက်တာပဲ။ သူ့ခများ အဝေးကြီးကနေ လာရရှာတာ။ အမျိုးသမီးဘာဝ ပုလဲဝတ်ချင်ရှာမှာပဲ။ ဒီလိုစိတ်ကူးမျိုး ဒီမောင်တွေမှာ မရှိဘူး။ ဒီလိုပေးရိုး ထုံးစံလည်း မရှိဘူးတဲ့။

ပုလဲငုပ်သူတွေ၊ ပညာရှင်တွေ၊ ဆရာဝန် ရှိရှိသမျှ အမှုထမ်း အရာထမ်းတွေ ပုလဲကို မျက်စောင်းတောင် ထိုးမကြည့်ကြဘူး။ ခိုးဖို့ဆိုတာ အဝေးကြီး။ ခိုးဖို့ဝှက်ဖို့ မဆိုထားနဲ့ စိတ်ကူးနဲ့တောင် မပြစ်မှားကြဘူး။

အဲဒီနေ့က အချိန်အခါမဟုတ်ဘဲ လေပြင်းကျတယ်။ မိုးတွေလည်း သည်းတယ်။ တစ်နေရာရာမှာ မုန်တိုင်းရှိတယ် ထင်ပါရဲ့။ အုပ်ချုပ်ရေးမှူး တာနာကားက ဘုရင့်ကျွန်းကနေ မိုးထဲလေထဲပြန်ချလာပြီး မျက်စိမျက်နှာတွေ ပျက်နေတယ်။ ဧည့်ခန်းထဲက ဘိလိယက်ခုံကြီးမှာ လူကြီးတွေစုပြီး စကားပြောပြီး စကားဝိုင်းထဲပါသမျှလူတွေလည်း မျက်နှာတွေရဲလို့၊ ခေါက်တုံ့ခေါက်ပြန် ခြေလှမ်းကြဲကြီးနဲ့ လမ်းလျှောက်သူကလျှောက်၊ မှန်ပြတင်းအပြင်ဘက်ကို ငေးသူကငေး၊ အံကျိတ်သူကျိတ်၊ တောက်ခေါက်သူ တောက်ခေါက်လို့။

ကျွန်တော့်ကို လူရင်းလို့သဘောထားမှန်း အဲဒီအခါမှ သိလိုက်တယ်။ သူတို့စုဝေးပြီး ကျွန်တော့်ကို ဖွင့်ပြောဖို့ ဆုံးဖြတ်တယ် ထင်ပါရဲ့။

"ဒုက္ခတော့ မုန်တိုင်းနှင့်အတူပါလာပြီ"

"ဘာဒုက္ခလဲ"

"နိုးဝွတ်… နိုးဝွတ်"တဲ့။

နောက်ဆုံးတော့ မစ္စတာ အိုဂူးမားရော၊ မစ္စတာ တာနာကားကရော နောက်ဆုံးဝင်လာတဲ့ သတင်းဆိုးကို ကျွန်တော့်ကို ဖွင့်ပြောလိုက်ကြတယ်။ တစ်ယောက်တစ်လှည့်စီပြောကြတာ။ စီကာပတ်ကုံးတော့ ဘယ်ဟုတ်မလဲ။ ခံစားချက်တွေ၊ မီးတောက်မီးလျှံတွေ ပြင်းနေလေတော့ သူတို့ပြောတာတွေက တောင်ရောက်မြောက်ရောက်ပဲ။ ဒါပေမဲ့ ကျွန်တော် သိလိုက်ပြီ၊ တောင်ပင်လယ် ပုလဲကုမ္ပဏီ ချုံခို အတိုက်အခိုက်ခံလိုက်ရပြီ။

* * *

## ချာတိတ်

ကျွန်တော် ပင်လယ်ကူးသင်္ဘောပေါ်မှာ အမှုထမ်းနေတုန်းက ရခိုင်ရေတပ်စခန်းမှာ တာဝန်အကြီးဆုံးပုဂ္ဂိုလ်က ဗိုလ်ချုပ်သောင်းတင်ပါ။ ရခိုင်မြို့ပွိုင့်ရေတပ်စခန်း တာဝန်ခံပုဂ္ဂိုလ်လေ။ သူက ပျော်ပျော်ပါးပါးနေတတ်တယ်။ ကျွန်တော်က သူ့ထက် အသက်ငယ်လေတော့ ကျွန်တော့်ကို ချာတိတ် ခေါ်လေ့ရှိတယ်။

မြိတ်မြို့ကို သူရောက်တဲ့အခါ ကျွန်တော်ရှိမှန်းသိတော့ အခေါ်လွှတ်တယ်။

"ဟေ့ ဒီမြို့မှာ ငါ့ချာတိတ်ရှိတယ်ကွ၊ သွားရှာပြီး ခေါ်ခဲ့ကြ"

သူ့အမိန့်အတိုင်းအရာရှိတွေ လျှောက်မေးမြန်းပြီး ကျွန်တော့်ဆီရောက်လာကြတယ်။

"ကွန်မန်ဒါ ဗိုလ်ချုပ်သောင်းတင်က အခေါ်လွှတ်လိုက်လို့"

ကျွန်တော့်နားက ဒီစကားကို မယုံဘူး။ ကျွန်တော့်ပါးစပ်က လွှတ်ခနဲထွက်သွားတယ်။

"လုပ်မနေပါနဲ့၊ ဒီလိုကွန်မန်ဒါ မပြောနဲ့ မပြုတ်ရင်တောင် ကံကောင်း"

လာခေါ်ကြတဲ့အရာရှိတွေ ကျွန်တော့်စကားကြားတော့ မျက်နှာပျက်သွားကြတယ်။

"မဟုတ်ပါဘူး၊ ဆရာ့ကို အရမ်းခင်တယ်လို့ ပြောနေတာပါ"

"မဖြစ်နိုင်ပါဘူးကွာ၊ ရခိုင်ဗြုဲးပွဲင့်စခန်းမှာပါ"

"မဟုတ်ဘူးဆရာ၊ အခုရာထူးတွေ တက်သွားပြီ"

ကျွန်တော် ဗိုလ်ချုပ်သောင်းတင် သဘော်ာပေါ်လိုက်ခဲ့ဖူးတယ်။ သဘော်ာပေါ်အပျော်လိုက်တာပါ။ ပွဲကိုင်ဖူးချင်တာနဲ့ စမ်းကိုင်ကြည့်တာ။ တစ်ခါတော့ ပင်လယ်ပြင်ခပ်လှမ်းလှမ်းမှာ မသင်္ကာစရာ သဘော်ာတွေ့တယ်။ ငရုတ်လှေလား၊ ဆန်လှေလား မသိဘူး။ ကျွန်တော့်ကို ပွဲအကိုင်ခိုင်းပြီး အဲဒီယာဉ်ဆီကို အမြန်မောင်းခိုင်းတာ။ ကျွန်တော်ကလည်း ဒီလိုစွန့်စားရတာပျော်တယ်။ သူကတော့ မှန်ဘီလူးတစ်လက်နဲ့ တရားခံကို သဲသဲမဲမဲ ချောင်းတော့တာ။ ခဏနေတော့ ကျွန်တော့်ဆီ အသံမြဲကြီးနဲ့ လှမ်းအော်တယ်။

"ဟေ့ကောင် ချာတိတ် ပြန်လှည့်ပြန်လှည့် ငရုတ်လှေ မဟုတ်ဘူး၊ လေယာဉ်တင်သဘော်ာ"တဲ့။

သူနဲ့တွေ့တွေ့ချင်း ပြုံးပြုံးရွှင်ရွှင်နဲ့ ဆီးပြီးကြိုတယ်။

"ချာတိတ် မင်းငါ့ကို အလေးပြုလိုက်စမ်း"

"အောင်မာ ဘာလို့ပြုရမှာလဲ၊ ကျွန်တော် သဘော်ာဆရာဝန်မှ မဟုတ်တာ"

ကျွန်တော်က သဘော်ာအရာရှိ ယူနီဖောင်းဝတ်မထားတော့ သူ့ကို ခွတိုက်လို့ရတယ်လေ။ ဟိုးတုန်းက ရေတပ်နဲ့ကုန်သွယ်ရေကြောင်းက ရာထူးအဆင့်လိုက် အလေးပြုကြရတယ်။

ကျွန်တော်ပြန်ပြောတာကို သူက တဟားဟား ရယ်ပြီး

"မင်းဆီက ရစရာအကြွေး ၆၀ ရှိတယ်ကွ"

"ဘာအကြွေးလဲ"

ကျွန်တော်တို့နှစ်ယောက် ဆက်ဆံရေးကို သူ့အရာရှိတွေ အံ့သြနေကြတယ်။

"မင်း စင်ကာပူသွားနေတုန်းက ရခိုင်သူတွေနဲ့ ငါ့ရဲဘော်တွေနဲ့ ပေးစားထားတာ ခြောက်စုံတွဲရှိတယ်။ အဲဒါအတွက် လက်ဖွဲ့ငွေလေကွာ"

ဧည့်ခန်းထဲရောက်တော့ သူ့အရာရှိတွေ လိုက်မလာကြတော့ဘူး။ ကျွန်တော်တို့ချည်းရှိချိန်မှာ ဗိုလ်ချုပ်နေဝင်းက သူ့ကို ရာထူးတွေ အမြန်ကျော်လွှား ခန့်တဲ့အကြောင်း ပြောပြတယ်။

အခု ငါရေတပ်ကာကွယ်ရေး ဦးစီးချုပ်ဖြစ်နေပြီတဲ့။ ငါက ပျော်ပျော်ပါးပါးနေတတ်တာနဲ့ အခုလို ဣန္ဒြေသိက္ခာနဲ့ မျက်နှာကြော့ရှုံ့ထားရတာ မကိုက်ပါဘူးကွာလို့ ဆက်ပြောတယ်။ ဘယ်သူမှ အနားမှာမရှိပေမဲ့ သူက ခပ်တိုးတိုး လေသံအုပ်အုပ်နဲ့ပြောနေတာ။

"အခု ဒီကို ခင်ဗျားဘာလာလုပ်တာလဲ"
"ငါ ဘုရင့်ကျွန်းက ပုလဲလုပ်ငန်းကို လာသိမ်းတာ"
"ဗျာ ဘယ်ပုလဲလုပ်ငန်းလဲ"
ကျွန်တော့်အသံက လိုတာထက် နည်းနည်းကျယ်သွားတယ်။
"ဂျပန်တွေ လာလုပ်နေကြတဲ့ ပုလဲလုပ်ငန်းပေါ့"
"ဟာ ဒါတော့ မကောင်းပါဘူး"
"ဘာလို့ မလုပ်ရမလဲ"
သူ့စကားကို ရပ်ထားပြီး ကျွန်တော့်ကို စိုက်ကြည့်နေတယ်။
"မလုပ်ပါနဲ့ဗျာ"
"ဘာကြောင့်တုံး၊ ငါ့မှာ အမိန့်ပါတယ်။"
"အင်း ဘယ်လိုပြောရမှန်းတောင် မသိပါဘူး"
ကျွန်တော်စကားလုံးတွေ စဉ်းစားရင်း
"မလုပ်ကောင်းဘူးလို့ပဲ ပြောတတ်တယ်"
"မဟုတ်ဘူးကွ၊ အထက်ကပေးတဲ့အမိန့်"
"ဘယ်လိုလုပ်မလဲ၊ ဘာအကြောင်းပြချက်နဲ့ သိမ်းမလဲ"

သူက မဖြေပေမဲ့ နောက်တော့ မစ္စာအိုဂူးမားတို့၊ မစ္စတာတာနာကားတို့ ပြောတဲ့ နိုးဂွတ်... နိုးဂွတ်...နဲ့ သူရဲ့နောက်ဆက်စကားလုံးတွေကြောင့် ရေလည်သွားတယ်။

ဩော် အထက်ကအမိန့်ပါလာတယ်တဲ့လား။ ရှောင်တခင်ဝင်စစ်ပြီး ရန်သူ့စခန်းကို ဝင်စီးတာနဲ့ ဆင်ဆင်တူနေတယ်။ ဂျပန်ပုလဲကုမ္ပဏီရဲ့ မော်တော်ဘုတ်ပေါ်ကို ရေတပ်ကရဲဘော်တွေ ရုတ်တရက်တက်လာပြီး သူတို့ဂုဏ်ယူလာကိုယ်နဲ့ မသင့်မြတ်တဲ့အိမ်ကို ဘိန်းပစ်ဖမ်းကြသလိုပဲ။ ဂျပန်မော်တော်ရဲ့အကြိုအကြား လျှောက်ချထားလိုက်ကြတာ။

ဂျပန်ပုလဲကုမ္ပဏီက ဥပဒေနဲ့အညီ မလုပ်ကိုင်ဘူးလို့ စွပ်စွဲတယ်။ ဒီလုပ်ဇာတ်ကို ကျွန်တော် ကောင်းကောင်းသိတယ်။ ဂျပန်တွေနဲ့အတူ နေလာကြာခဲ့တာ၊ သူတို့အကြောင်း၊ သူတို့လုပ်ရပ်၊ သူတို့ဂုဏ်သိက္ခာ၊ ကျွန်တော် နောကျေအောင်သိတယ်။ ဒါကြောင့်မို့ နိုးဂွတ်... နောက်ကွယ်မှာ ဒါမတရားအလုပ်ခံရတာလို့ ပြောကြတာ။ ဒါဆိုရင် အမှုကအမှုပဲ။ ဥပဒေကြောင်းက ဥပဒေကြောင်းပဲ။ စာချုပ်ထားတာ မပြည့်သေးဘူး၊ ဆက်လုပ်တယ်။ အလုပ်ဆက်လုပ်ရင် ဥပဒေကြောင်းအရ ဖြေရှင်းကြမယ်။ ဒါပေမဲ့ ဗိုလ်ချုပ်နေဝင်းက လက်မခံဘူး။

လောဘက ကျောမ တက်နေပြီ။ ကိုယ့်လူမျိုးသိက္ခာတွေ၊ ဂုဏ်တွေ၊

စာရိတ္တတွေ ထည့်မစဉ်းစားတော့ဘူး။ လူကြီးလူကောင်းမဆန်စွာ ဓားပြဆန်ဆန် ညစ်လိုက်ပြီ။ အဲဒီရက်တွေက ကျွန်တော့်စိတ်ကူးထဲမှာ တောင်ပင်လယ်ပုလဲ ကုမ္ပဏီ အကြောင်းချည်း နေရာယူနေတယ်။ ညတိုင်ကြတော့လည်း တော်တော်နဲ့ အိပ်မပျော်ဘူး။ ဂျပန်တွေနေရာကို ကိုယ်ချင်းစာကြည့်မိတယ်။ သူတို့ အတော် ခံစားကြရမှာပဲ။ သူတို့မခံချို၊ မခံသာဖြစ်နေကြမှာပဲ။ မတရားလုပ်မှုနဲ့အတူ သူတို့ ကုမ္ပဏီနဲ့ ဂျပန်လူမျိုးတို့ရဲ့ ဂုဏ်သိက္ခာကိုပါ ထိပါးစော်ကားလွှတ်လိုက်ကြတာ လေ။

မစ္စတာအိုဂူးမားက ကျွန်တော့်ကို တစ်ယောက်တည်း သီးသန့်ခေါ်တွေ့ တယ်။ နံဘေးမှာ ဘယ်သူမှမရှိဘူး။

* * *

## ဝမ်းနည်းစရာအဖြစ်

အခန်းကို ကန့်လန့်မချ၊ မင်းတုပ်မထိုးပါဘူး။ တံခါးစေ့ရုံစေ့ထားတာ။ ကျွန်တော်တို့နှစ်ယောက်ရဲ့ဖိနပ်နှစ်ရန် အခန်းပြင်ဘက်မှာ ချွတ်ထားကတည်းက ကျန်တဲ့ဂျပန်တွေကလည်း ဒီအခန်းထဲမှာ ကျွန်တော်တို့နှစ်ယောက် ရှိနေမှန်းသိ တယ်။ တစ်ယောက်က သူတို့အရာရှိ၊ တစ်ယောက်က သူတို့ရဲ့မိတ်ဆွေ မြန်မာ ဆရာဝန်။

"ငါတို့ကိုတော့ မောင်းထုတ်နေပြီ"

"အဲဒီတော့..."

"ငါတို့ပြန်ရတော့မယ်"

"ဟုတ်လား..."

သူ့မျက်နှာထား မှုန်ကုပ်နေရာကနေ နည်းနည်းပြေလျော့သွားပြီး ကျွန်တော် မမျှော်လင့်တဲ့ စကားတစ်ခွန်းထွက်လာတယ်။

"မင်း ငါတို့တိုင်းပြည်လိုက်ခဲ့ပါလား"

ကျွန်တော်အံ့ဩတာရော၊ ဝမ်းသာတာရော၊ ဝမ်းနည်းတာရော ရှေ့ဆင့် နောက်ဆင့် ခံစားလိုက်ရပြီး သံယောဇဉ်ကြိုးတုတ်တုတ်တစ်ချောင်းကို ဖြုတ်ခနဲ လှမ်းတွေ့လိုက်ပါတယ်။ ကျွန်တော်ရုတ်တရက် ဘာပြောရမှန်းမသိဘူး။ ဒီလို ဖြစ်ခဲ့ကြလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မထားခဲ့ကြဘဲကိုး။ ဘယ်သူကရော ထင်ထားပါ့မလဲ။

"မင်းကို ငါတို့ခေါ်ချင်တယ်၊ ဟိုမှာ အလုပ်လိုက်လုပ်ပါ"

ကျွန်တော် ဘာကြောင့်မှန်းမသိဘူး၊ တွေးတွေးဆဆ လုပ်နေပြီး

"စဉ်းစားပါဦးမယ်"လို့ ပြောလိုက်တယ်။

ကျွန်တော့်ဘဝအတွက် အချိုးအကွေ့တစ်ခုပဲ။

မစ္စတာအိုဂူးမားက သူ့ပြောလက်စ စကားခဏရပ်ပြီး လေတိုက်ရာ ယိမ်းနွဲ့နေတဲ့ အုန်းလက်တွေကို ငေးနေတယ်။ လေထဲမှာ ပင်လယ်ဆားငွေ့တွေပါတာပေါ့။

"အေး စဉ်းစားကွာ၊ လိုက်ချင်ရင် ငါတို့ခေါ်သွားမယ်"

လေပြင်းတစ်ချက်က ဆောင့်တိုက်သည်။ အိမ်တောင်မှ လှုပ်ယမ်းသွားသလိုပဲ။

"မလိုက်သေးရင်လည်း ငါတို့ ပိုင်တဲ့ ဆေးပစ္စည်းတွေ မင်းကိုပေးခဲ့မယ် သိန်းလှိုင်စံ"

သူတို့ပေးခဲ့မယ့် ဆေးတွေနဲ့ ကျွန်တော် မြိတ်က လူမမာတွေကို ကုသမယ်ဆိုတာ သိသလို၊ ဒီဆေးတွေနဲ့ ကိုယ်ကျိုးမရှာဘူးဆိုတာလည်း သူတို့သိတယ်။

ခဏနေတော့ တံခါးလှုပ်သံကြားရတယ်။ ခြေသံဖွဖွနင်းပြီး ဝင်လာသူကတော့ မစ္စတာတာနာကားပဲ။ သူတို့ချင်း ဂျပန်လိုပြောနေကြပေမဲ့ ကျွန်တော့်အထင်တော့...

"ဘယ့်နယ်လဲ သိန်းလှိုင်စံ ဒေါက်တာ လိုက်မှာမဟုတ်လား"

"သူက စဉ်းစားဦးမယ်လို့ ပြောနေတယ်"

"ဟုတ်မှာပေါ့၊ အိမ်ထောင်ကျခါစ သူဘယ်လိုက်ချင်မလဲ"

ဒါမျိုးတွေ ပြောတယ်ထင်ပါရဲ့။ မစ္စတာတာနာကားပြောတဲ့ နောက်တစ်ခွန်းက မော်တော်ကားတွေနဲ့ပတ်သက်တယ် ထင်ပါရဲ့။ အိုဂူးမားကြီးက ရုံးမှာသုံးနေတဲ့ မော်တော်ကားနှစ်စင်း ပြန်မသယ်ဘူး။ ကျွန်တော့်ကို ပေးခဲ့မယ်တဲ့။

ဒီအစီအစဉ်ကလည်း သူတို့က စေတနာအပြည့်နဲ့ ပေးခဲ့ပေမဲ့ ဗိုလ်ချုပ်သောင်းတင်က ငါတို့မှာ အမိန့်ပါတယ်။ အကုန်သိမ်းရမယ်တဲ့။ ဒါနဲ့ကျွန်တော် ဆေးလေးတစ်ဘူးတောင် မယူလိုက်၊ မရလိုက်ဘူး။ ကျွန်တော်လည်း အဲဒီတော့မှ ဗိုလ်ချုပ်နေဝင်းရဲ့သဘောထား အစစ်အမှန်ကို တွေ့လိုက်ရတော့တာပါပဲ။

တာနာကားက ကျွန်တော့်ကို အကူအညီတစ်ခု တောင်းတယ်။ အဲဒီအကူအညီက တခြားဟုတ်ပါရိုးလား။ အသနားခံစာ တစ်စောင်ရေးပေးဖို့ပါပဲ။ သူတို့အင်္ဂလိပ်ဘာသာနဲ့ ဒီစာကို စနစ်တကျရေးပြီး တင်ချင်ကြတာ။ ဒီလို အသနားခံစာတင်လို့လည်း ပုလဲလုပ်ငန်းတွေ ပြန်ရလိမ့်မယ်လို့ သိပ်ပြီး မမျှော်

လင့်ကြပါဘူး။ ဒါပေမဲ့ နောက်ဆုံးကောက်ရိုးမျှင် တစ်မျှင်အနေနဲ့စမ်းကြည့်၊ ဆွဲကြည့်ချင်တာပါ။ သူတို့ဘက်က ရေဆုံးမြေဆုံး ကမ်းကုန်အောင်ကြိုးပမ်းခဲ့ကြတယ်ဆိုတာမျိုးထင်ပါရဲ့။

မစ္စတာ တာနာကားတို့ရေးစေချင်တဲ့ အသနားခံစာကို ရေးတော့မှ ပဲဖြစ်ကြောင်းကုန်စင် အသေးစိတ်သိရတော့တာပဲ။ ဒီကိစ္စဟာ အစီအစဉ်ရှိရှိ လုပ်ကြံအားထုတ်သွားကြတဲ့ အမှုဖြစ်တယ်။ ရေတပ်ရဲဘော်သုံးယောက်က သေနတ်တွေ ဘယ်လိုလွယ်ထား၊ ဘယ်လိုကိုင်ထားကြပြီးမှ ဘယ်သူ ဘယ်လက်နဲ့ ပုလဲထုတ်ကို ဘယ်နေရာမှာ ဘယ်လို ချတယ်။ ဒါကို မော်တော်ဘုတ်ဆလင်နဲ့ ဘယ်သူတွေက တွေ့လိုက်တယ် စသည့်ဖြင့် ပြည့်ပြည့်စုံစုံ ရေးပေးလိုက်တယ်။ မတရားသဖြင့် အလုပ်ခံရတာ ထင်ရှားအောင် ရေးပေးလိုက်တာပဲ။

ကျွန်တော့်အရေးအဖွဲ့က ဘယ်လောက်ပဲ ကောင်းမွန်ပါစေ၊ အဖြစ်သနစ်ကလည်း ဘယ်လောက်ကြီးပဲ မှန်ကန်ပါစေ။ နှစ်နိုင်ငံသဘောတူညီချက်တွေ၊ နားလည်မှုတွေ ဘေးချိတ် မြန်မာပြည်က ထွက်ပေတော့တဲ့။

တောင်ပင်လယ်ပုလဲကုမ္ပဏီက အသနားခံစာတစ်စောင်အပြင် စာချုပ်သက်တမ်းကုန်ဆုံးတဲ့အထိ ဆက်လက်လုပ်ကိုင်ခွင့်ပေးဖို့လည်း လျှောက်လွှာ၊ ပန်ကြားလွှာတစ်စောင် အရေးခိုင်းသေးတယ်။ ဒါလည်း မအောင်မြင်ဘူး။

* * *

## နောက်ဆက်တွဲ

"ဒေါက်တာသိန်းလှိုင်စံ"

"ဗျာ"

"မင်းကို ငါတို့လစာတွေပေးခဲ့တယ်နော်"

"ပေးပါတယ်"

"ဒါပေမဲ့ မင်းတစ်ပြားတစ်ချပ်မှ မယူခဲ့ဘူး"

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

ဘိလိယက်ခုံနားမှာ ဂျပန်အလုပ်သမားတွေရော၊ ပညာရှင်တွေရော ရှိနေချိန်မှာ မစ္စတာအိုဂူးမားက ပြောနေတာ။

"ကောင်းပြီ၊ မင်းကိုဂျပန်ပြည်လိုက်ခဲ့ဖို့ ငါတို့ခေါ်တယ်နော်"

"ခေါ်ပါတယ်"

"မင်းက..."

"စဉ်းစားပါရစေဦး"

"ဒီတော့ မင်းမှာ ပိုက်ဆံအသုံးလိုခဲ့ရင်..."

"ဒီ ... အနားမှာရှိတဲ့ မစ္စတာအိုဂူးမားက သူ့စကားကို ခေတ္တရပ်ထားချိန်မှာ အနားမှာရှိတဲ့ ဂျပန်တွေအကုန်လုံး ရပ်သေးပြဇာတ်ကနေကြသလို နေရာတင်ရပ်ပြီး အိုဂူးမားရဲ့ ဆက်မယ့်စကားကို နားစွင့်နေကြတယ်။

"တောင်ပင်လယ်ပုလဲကုမ္ပဏီမှာ အချိန်မရွေးတောင်းယူနိုင်တယ်" မစ္စတာအိုဂူးမားရဲ့စကားအဆုံးမှာ ဂျပန်အားလုံး ဟေးခနဲ ဝိုင်းအော်ပြီး လက်ခုပ်တွေတီး၊ ဩဘာတွေပေးနေကြတာအကြာကြီး။ ကျွန်တော့်ရင်ထဲမှာ တော်တော်ကို ခံစားလိုက်ရတယ်။ လှိုက်ခနဲနေတာပဲ။

လက်ခုပ်တွေတီး၊ ဩဘာတွေသာ ပေးနေကြတာ ဂျပန်အားလုံးရဲ့ မျက်လုံးတွေက မျက်ရည်တွေလဲ့လို့။ ကျွန်တော်လည်း သူတို့နဲ့ လူမျိုးသာခြားတာ၊ သူတို့အသံ၊ သူတို့မျက်နှာ၊ သူတို့မျက်ရည်တွေကြည့်ပြီး ကျွန်တော်လည်း မျက်ရည်ဝဲမိတယ်။ အဲဒီခံစားချက်က ဝမ်းနည်းတာလည်းပါတယ်။ ဂုဏ်ယူတာလည်းပါသလို ဝမ်းသာတာလည်းပါတယ်။

ကျွန်တော်ဟာ မြိတ်ကနေပြီး မြို့ပေါင်းများစွာကို ပြောင်းရွှေ့အမှုထမ်းတဲ့အခါ ငွေကြေးကိစ္စအမြဲတမ်းတော့ ဘယ်အဆင်ပြေပါ့မလဲ။ ဆင်းရဲကျပ်တည်းတာမျိုးလည်း ကြုံတာပေါ့။ မစ္စတာအိုဂူးမား မှာသွားတဲ့စကား ပြန်ကြားယောင်မိပေမဲ့ သူတို့ပြောတဲ့ တောင်ပင်လယ်ပုလဲကုမ္ပဏီကို တစ်ခါမှ လှမ်းပြီး အကူအညီ မတောင်းဖူးဘူး။

တစ်ခါတော့ ကျွန်တော်စိတ်ကူးယဉ်ဖူးတယ်။ လူသားတွေကို ခွဲစိတ်ရတာ၊ ဖြတ်တာတောက်တာတွေ တော်တော်လုပ်လာရလေတော့ ငါပုလဲမွေးတဲ့ Pearl Surgeon တစ်ယောက်ဖြစ်ရရင် ကောင်းမှာပဲ။ ပင်လယ်ကမ်းစပ်မှာ လေကောင်းလေသန့်ရှူရင်း ပုလဲမွေးတဲ့ဆရာဝန်ဘဝကို စိတ်ဝင်စားမိတယ်။

စိတ်ကူးတွေဟာ တကယ်ဖြစ်လာဖို့တော့ ဘယ်လွယ်ပါ့မလဲ။ သူတို့က ပြောတဲ့စကားက ရိုးရိုးရှင်းရှင်းလေးနဲ့ စိတ်ဝင်စားဖို့ကောင်းတယ်။

ဒေါက်တာသိန်းလှိုင်စံ Pearl Surgeon ဖြစ်ချင်သလား။ စဉ်းစားဦးနော်၊ တကယ်ဖြစ်ချင်ရင် ပုလဲမိသားစုဝင် တစ်ယောက်ယောက်ကို ဒေါက်တာ ထိမ်းမြားလက်ထပ်ယူမယ်ဆိုရင် ပုလဲဆရာဝန်ဘဝကို ရမှာပဲ။ ဒါကလည်း သူတို့ ဆွေမျိုးအချာ ယုံကြည်စိတ်ချရတော့မှ ဒီလိုတာဝန်ပေးမှာပါ။ ပုလဲမိသားစုဝင်တွေက

ပေါက်ဖွားလာတဲ့သူတွေပဲ ပုလဲပညာရှင်၊ ပုလဲဆရာဝန်ဖြစ်ခွင့်ရှိတာ ဒေါက်တာ။

သူ့စကားကြားတော့ နည်းနည်းတော့ အံ့ဩမိတယ်။ ဒီပုဂ္ဂိုလ်က ဆက်ပြောသေးတယ်။

"ငါက ဒီတောင်ပင်လယ်ပုလဲကုမ္ပဏီရဲ့ မန်နေဂျာတစ်ယောက်ပဲ။ ဒါပေမဲ့ ပုလဲဆရာဝန်ရဲ့အလုပ်ကို ငါဘာမှမသိဘူး၊ သိခွင့်လည်းမရှိဘူး၊ ဒါ ဂျပန်ပုလဲမိသားစုရဲ့ဓလေ့ပဲ၊ ထုံးစံပဲ။

ကျွန်တော်ခေါင်းတညိတ်ညိတ်လုပ်ရင်း စဉ်းစားနေတုန်းမှာပဲ စကားကိုဆက်တယ်။

"ဒေါက်တာသိန်းလှိုင်စံက ပုလဲတစ်လုံးလောက် ကျွန်တော့်ကိုလက်ဆောင်ပေးပါဗျာလို့ မေတ္တာရပ်ရင်…"

ကျွန်တော် အသက်ရှူမိသလား၊ မမှတ်မိဘူး၊ သူဆက်မယ့်စကားကို နားစိုက်နေမိတယ်။

"မင်းကိုပုလဲပေးချင်တယ်၊ ပေးပိုင်ခွင့်လည်းရှိတယ်၊ ငါတို့ ကိုယ်ကျိုးအတွက် မသုံးရင်ပြီးတာပဲ၊ ဂျပန်မှာရှိတဲ့ ပုလဲကုမ္ပဏီရုံးချုပ်ကို လှမ်းအစီရင်ခံလိုက်ရုံပဲ"

သူ့စကားက သူတို့လုပ်ဟန် လုပ်နည်းကို သိရလို့ စိတ်ဝင်စားမိတာ။ တကယ်တော့ အဲဒီအချိန်က ကျွန်တော် ပုလဲလိုချင်စိတ်မရှိဘူးလေ။

ဂျပန်ကုမ္ပဏီက ဗမာပြည်မှာ ဘာလို့ဒီလောက်တောင် ပုလဲမွေးချင်နေရတာလဲ။ သူတို့လုပ်ဟန်တွေက စနစ်ကျလွန်းတော့ စကားတွေ ဆက်ပြောဖြစ်ကြတယ်။

သူတို့မှာ မိသားစုနဲ့ခွဲခွာပြီး ပင်လယ်ကမ်းခြေမှာ လာနေကြရတဲ့ ပုလဲလုပ်သားတွေ စိတ်ဓာတ်မကျဖို့၊ စိတ်ရောဂါမခံစားရဖို့ စိတ်ရောဂါကု ဆရာဝန်ပါလာတယ်။ ပုလဲငုပ်ကြသူတွေအပါအဝင် နေမကောင်းတဲ့သူတွေကို သူခံစားပေး၊ နားလည်မှုပေးရတယ်။ သူတို့နဲ့ စကားတွေ အပြန်အလှန်ပြောပြီး ဖြေသိမ့်ပေးရတယ်။ ခံစားနေရတဲ့ စိတ်ဒုက္ခတွေ သောကတွေကို ပြေငြိမ်းအောင် သူစီစဉ်တယ်။

ပုလဲဆရာဝန်ကတော့ ပုလဲထွက်ရှိရေး၊ ပုလဲအလုံးကြီးရေး၊ ပုလဲအလုံးလှပြီး အရည်အသွေးကောင်းမွန်ရေးကိစ္စပဲ ဆောင်ရွက်တယ်။ ပုလဲတွေကို မြိတ်ကနေ ရန်ကုန် ပို့သူပို့၊ စာရင်းဇယားနဲ့အမျိုးအစားခွဲပို့။ ရန်ကုန်ရုံးက စိစစ်ပြီး အကောက်ခွန်ဆောင် ဂျပန်ပို့။ ဂျပန်မှာ ရာဖြတ်အဖွဲ့က တန်ဖိုးသင့်ပေး။ သူ့လုပ်ငန်းနဲ့သူ၊ သူ့စည်းနဲ့သူ လုပ်ကြတဲ့လုပ်ငန်း။ မစပ်စုကြဘူး။ ပါးစပ်မဖွာ

ကြဘူး။ ရောင်းသူကရောင်း၊ ထုတ်လုပ်သူက ထုတ်လုပ်၊ မွေးမြူသူကမွေးမြူ။ ကိုယ့်အခန်း ကဏ္ဍအလိုက်၊ အလုပ်လုပ်ကြသူတွေ။

"မြန်မာပြည်လောက် ပုလဲမွေးလို့ကောင်းတဲ့အရပ်ဒေသ မတွေ့ဘူးဖူး၊ မကြုံဖူးသေးဘူး"

မစ္စတာ အိုဂူးမား မျက်လွှာချပြီး လွမ်းလွမ်းဆွေးဆွေး ပြောနေတယ်။

"မလေးရှားလည်း မကြိုက်ဘူး၊ အင်ဒိုနီးရှားလည်း ပုလဲအတွက် ဒီလောက် မလှဘူး၊ မကောင်းဘူး"

သူ့စကားသူ ချင့်ချိန်စဉ်းစားပြီးမှ ဆက်တယ်။

"ဟာဝိုင်ယီလည်း သိပ်မဟုတ်လှဘူး။ ကာလီဖိုးနီးယားလည်း စိတ်တိုင်း မကျလှဘူး။ ကျွန်တော့် အတွေ့အကြုံအရ မြိတ်နားက ပေဟာဒီ ဘုရင့်ကျွန်းပဲ အကောင်းဆုံး"

မစ္စတာ အိုဂူးမား စကားပြောရပ်သွားတယ်။ သူ့မှာ ပြောချင်စရာတွေ အများကြီးရှိနေပုံပဲ။ ကျွန်တော့်မျက်နှာကို တစ်ချက်လှမ်းကြည့်တယ်။ ပြီးတော့ ပခုံးတွန့်ပြီး ဆက်ပြောပြတယ်။

"ဒါကြောင့်မို့ ငါတို့ ဒီကမခွာချင်တာ။ မင်းလည်း ငါတို့အတွက် တတ်စွမ်းသမျှ ကူညီရေးသားပေးတာပဲ"

ကျွန်တော် ရောယောင်ပြီး ခေါင်းတစ်ချက်ညိတ်လိုက်တယ်။

"ငါသိတယ် သိန်းလှိုင်စံ၊ ရမယ်မထင်ဘူး၊ ရဖို့လည်းမမြင်ဘူး။ မင်းတို့ ဘုရင် ဒီနေရာကို သိပ်မက်မောနေပြီ" ဘာလို့မှန်းမသိဘူး။ ကျွန်တော် မစ္စတာ အိုဂူးမားရဲ့မျက်နှာကို မကြည့်ရက်၊ မကြည့်ချင်ဘူး။ သူနဲ့ မျက်လုံးချင်းမဆုံမိအောင် မျက်နှာလွှဲနေလိုက်တယ်။ သူ့ကို မကြည့်မိအောင်လည်း ကြိုးစားနေရတယ်။

"ကောင်းပြီလေ၊ တစ်နေ့နေ့ အကြောင်းသင့်ရင် ပြန်ဆုံကြသေးတာပေါ့"

သူ ကျွန်တော့်ကို ဆာရိုနာရားလို့ နှုတ်ဆက်မသွားဘူး။ ဖြစ်နိုင်ခြေအလွန် နည်းတဲ့ကိစ္စတစ်ခုကို မျှော်ကိုးပြီး ဆာရိုနာရားလို့ နှုတ်မဆက်တာ ထင်ပါရဲ့။

* * *

## မြိတ်မြို့ကို ကယ်တင်ဖူးတယ်

မစ္စတာအိုဂူးမားတို့ မစ္စတာတာနာကားတို့ အားလုံး တန်းစီကြပြီး ကျွန်တော့်ကို သူတို့တစ်ယောက်ချင်း လက်ဆွဲနှုတ်ဆက်ကြတယ်။ ကျွန်တော် ခွဲစိတ်

ပေးခဲ့ရတဲ့ လူငယ်တွေလည်းပါတယ်။ ကျွန်တော် ဆေးကုပေးရသူတွေကတော့ လက်ကို နာနာ ဖျစ်ကြညှစ်ကြတယ်။ အဲဒီလို တန်းစီပြီး လက်ဆွဲနှုတ်ဆက်ကြတော့ ရင်ထဲမှာ ဝမ်းနည်းစိတ်ဖြစ်ပေါ်မိတယ်။

အဲဒီအချိန်မှာ တောင်ပင်လယ်ပုလဲကုမ္ပဏီက မြိတ်လူထုရဲ့အသက်ပေါင်းများစွာကို ကယ်တင်ခဲ့ဖူးတာကို ချက်ချင်း အမှတ်ရမိတယ်။

တစ်နေ့ နေ့လယ်ပိုင်း ကျွန်တော့်မိတ်ဆွေတွေဆီ အလည်အပတ်သွားတော့ နာရီတွေ၊ ဓာတ်ဘူးတွေ၊ လက်ဖက်ခြောက်တွေရောင်းတဲ့ မိတ်ဆွေ ဦးကြန်ဟုန်ဆိုတဲ့ ပုဂ္ဂိုလ်က နေ့လယ်စာခေါ်ကျွေးတယ်။ ဆိုင်ထမင်း၊ ဆိုင်ဟင်း မဟုတ်ပါဘူး။ သူတို့မိသားစုစားဖို့ ချက်ထားတဲ့ထမင်းဟင်းတွေပါပဲ။ ကျွန်တော့်ကို ခင်မင်နေကြတာနဲ့ ကြုံတုန်း ထမင်းဖွတ်အတင်းကျွေးတာပါ။ သူတို့ တစ်မျိုးလုံး ကျွန်တော် ဆေးကုပေးဖူးတယ်။ တရုတ်ကပြားတွေလေ။

ထမင်းစားနေတုန်းမှာ သူတို့အိမ်ရဲ့အတွင်းဘက်နားဆီက ဗြူးဗြူးဗြဲဗြဲ အသံကြားနေရလို့ ဦးလေးကြန်ဟုန်ကို ဘာသံတွေလဲ ဘာဖြစ်နေတာလဲလို့ မေးတော့ သူက

"သြော် တောဘက်ကလာတဲ့ မိန်းကလေးတစ်ယောက် မြိတ်ကိုလာလည်တာ ဝမ်းလျှောနေတာပါ"တဲ့။ ဘာမှ မထူးဆန်းသလို သူကဖြေတယ်။

"ဗျာ ဝမ်းလျှောနေတာ ဟုတ်လား၊ ထမင်းမစားတော့ပါဘူး နေပစေတော့"

ကျွန်တော်ထမင်းစားပွဲကြီးပစ်ပြီး တောကလာတယ်ဆိုတဲ့အမျိုးသမီးလေးသွားကြည့်တာ လားလား ထမင်းရည်လို ဝမ်းတွေသွားနေတာပါလား။

"ပုလင်းလွတ်တစ်လုံးလောက်ပေးကြ"လို့ လှမ်းတောင်းပြီး လူနာကလေးမရဲ့ နောက်ဖေးအရည်ကျဲတွေ ထည့်ပြီး ဆေးရုံတောက်လျှောက်ခေါ်လာခဲ့ရတယ်။ သူ့ကို တစ်ယောက်တည်း သီးသန့်ခွဲပြီးထားရတယ်။ ဘယ်သူ့မှလည်း ဒီအခန်းထဲ အဝင်မခံတော့ဘူး။ လက်အိတ်စွပ်၊ ကိုယ့်ကိုယ်ကိုယ် အတတ်နိုင်ဆုံး ကာကွယ်ပြီး ကြိုးစားကုပေးနေတယ်။ ဒရစ်ပ်တွေ ချိတ်ထားရတယ်။ ဦးကြန်ဟုန်တို့ကိုလည်း အခုခံစားနေရတာ ဝမ်းရောဂါဆိုတဲ့အကြောင်း လှမ်းအကြောင်းကြားရတယ်။

ဆရာဝန်ကြီး ပီအာရ်ဘားဝါးကိုလည်း ဒီလူနာအကြောင်း အစီရင်ခံပြီး မြို့လယ်ကောင်မှာ ဖြစ်နေတာ ဆရာလို့ ပြောတော့ သူက မယုံကြည်တဲ့မျက်နှာနဲ့

"မင်းနှယ်ကွာ၊ ကြဲကြဲဖန်ဖန်တွေ လာပြောနေတယ်"တဲ့။

"တကယ်ပြောတာဆရာ၊ လူနာကို လာကြည့်လှည့်ဦး"လို့ ခေါ်ရတယ်။ ဆေးက ပြည့်ပြည့်စုံစုံရှိတာ မဟုတ်ဘူး။ ကြံဖန်ပြီး ကုသနေရတာ။ ဟိုရပ်ကွက်

ထဲက လူတွေ ဒီပြင်မြို့ကို ခရီးမထွက်ကြဖို့၊ ဝမ်းသွားရင် ဆေးရုံကိုလာကြဖို့ စည်းရုံးပြောဆိုရတယ်။ မြိတ်ကိုလည်း အခြားမြို့က ရွာက ဧည့်သည်တွေ အဝင်မခံဖို့ ပိတ်ရတားရတယ်။

မင်းနှယ်ကွာ ကြဲကြဲဖန်ဖန်လို့ပြောတဲ့ ဆရာကြီးအပါဝင် ဒီပြင်ဆရာဝန်တွေ တော်တော်ကို အလုပ်များကုန်ကြတယ်။ ရန်ကုန်ကို ကြေးနန်းနဲ့ သတင်းပို့ရတယ်။ မြိတ်မှာ ကာလဝမ်းရောဂါတွေ ဖြစ်နေတယ်။ မြိတ်ကလာတဲ့ ခရီးသည်တွေကို စစ်ဆေးပါ။ မော်လမြိုင်ကိုလည်း မြိတ်ကလာတဲ့ ခရီးသည်နဲ့ စက်လှေတွေကိုစစ်ဖို့ ကြေးနန်းတွေပို့ရတယ်။ ဝမ်းရောဂါကာကွယ်ဆေးတွေ လှမ်းတောင်းရတယ်။ ရန်ကုန်မှာ မရှိဘူးတဲ့။ ကျွန်တော် အိမ်ကို မပြန်တော့ဘူး။ ဆေးရုံမှာတင် အိပ်ပြီး ကုသပေးနေတယ်။ ဂျူတီချိန်ရယ်လို့ မရှိတော့ဘူး။ မြိတ် ဝမ်းရောဂါ သတင်းဟာ အုပ်ထားဆိုင်းထားလို့ မဖြစ်ဘူး။ လူထုကို အမှန်အတိုင်း အသိပေးဖို့လိုသလို ပညာလည်းပေးဖို့လိုတယ်။ တောမီးလို ပျံ့နှံ့တဲ့ ဒီသတင်းဟာ တောင်ပင်လယ်ပုလဲလုပ်ငန်းက ဂျပန်တွေဆီကိုလည်း ရောက်လာတာပဲ။

သူတို့ ဒီရောဂါအကြောင်း ဗဟုသုတရှိကြတယ်။ ကြောက်လည်း ကြောက်ကြတယ်။ ကာကွယ်ဆေးမရှိဘူးဆိုတာသိတော့ သူတို့နည်းသူတို့ဟန်နဲ့ ရုံးချုပ်ကို လှမ်းသတင်းပို့တယ်။ ဂျပန်ပြည်ကနေ ဝမ်းရောဂါ ကာကွယ်ဆေးတွေ လေယာဉ်နဲ့ ရန်ကုန်ကတစ်ဆင့်ရောက်လာတယ်။ ဆေးရုံမှာ ပြည့်ကျပ်နေတဲ့ လူမမာတွေမြင်တော့ သူတို့ပိုပြီး ကရုဏာသက်ကြတာပေါ့။ လူအသေအပျောက် အပျက်အစီးလည်း ရှိကြတယ်။

တောင်ပင်လယ်ပုလဲကုမ္ပဏီက ဆေးတွေနဲ့မြို့လူထုကို ကာကွယ်ဆေးထိုးပေးခဲ့ရတယ်။ မြိတ်လူထုရဲ့အသက်ကို သူတို့ကယ်တင်ခဲ့ဖူးတယ်။ ကျွန်တော် ဒီအဖြစ်အပျက်ကို မမေ့ဘူး။ မြိတ်မြို့အကြောင်း ပြန်စဉ်းစားရင် ဒီအကြောင်း လည်း ပါဖြစ်အောင်ပါတယ်။ ကျွန်တော့်လို ဆရာဝန်ချာတိတ်တစ်ယောက်က အန္တရာယ်ကျရောက်တော့မယ့် ကူးစက်ရောဂါဆိုးကြီးကို တတ်စွမ်းသမျှ ကာကွယ် တာကို တချို့ဆရာဝန်ကြီးတွေက မရောင်ရာဆီလူးတယ်လို့ အစက သူတို့ထင် ကြတယ်။ ဒီလောက်မဟုတ်သေးပါဘူး ထင်ကြတယ်။ ဝမ်းရောဂါဆိုတာ တောမီး လိုပဲ အကူးအစက်မြန်တာ သူတို့မသိရှာသလား။ ကျွန်တော်ကပဲ မြို့လူထု ချောက်ချားအောင် လုပ်နေသလိုလို။ ကျွန်တော့်စေတနာကို ဆရာဝန်ကြီးတချို့ နားမလည်ကြဘူး။ နောက်တော့ သူတို့ပါ အားလုံးပါဝင်ကြရတယ်။ ဆေးမှူး တွေ၊ သူနာပြုတွေပါမကျန် အားလုံးပါဝင်ကြရတယ်။

* * *

# ရှူးရှူးနှမ်းနှမ်း စိတ်ကူးကောင်း

မြိတ်မြို့ကို ကျွန်တော် ကယ်တင်ခဲ့ဖူးတဲ့အကြောင်း ပြောပြီးပြီ။ မြိတ်မှာ ကျွန်တော့်ဇနီး အုန်းအုန်းနဲ့ အိမ်ထောင်ကျတယ်။ မြိတ်မြို့မှာ စုတ်ဝင်ခဲ့ပေမဲ့ လာဘ်မဝင်ခဲ့ဘူး။ မြိတ်ဆေးရုံရောက်လို့ ပထမလ၊ ဒုတိယလ၊ တတိယလ သုံးလတိတိ လစာမရဘူး။ မြန်မာပြည်ဆရာဝန်သမိုင်းမှာ ကျွန်တော့်လို ကြုံတွေ့ခဲ့ရတာ ဘယ်နှယောက်ရှိသလဲ မသိဘူး။

မြိတ်မြို့ဆေးရုံဟာ အရင်ကနဲ့မတူ လူနာတွေ အတက်အဆင်း လုပ်လာကြတယ်။ ဆေးရုံကို အားကိုးလာကြတယ်။ ဒီလို သတင်းမွှေးတဲ့အခါ ညွှန်ကြားရေးမှူး ဒေါက်တာဦးတင်ရီ မြိတ်ကိုလာလည်တယ်။ အဲဒီအခါ လစာတစ်ပြားမှ မရတာ သုံးလရှိနေပြီဖြစ်ကြောင်း ဦးတင်ရီကို တင်ပြတယ်။

ဟာ ဟုတ်ရဲ့လား၊ ဘယ်လိုဖြစ်တာလဲ။ အင်္ဂလိပ်ရုံးက ပေးစလစ်ထုတ်ပေးမှ ဒေါက်တာသိန်းလှိုင်ကို လခပေးလို့ရမှာတဲ့။ ကျွန်တော့် လစာစာရင်းက သုံးလ ကျော်လို့ လေးလရှိနေပြီး မရောက်သေးဘူးတဲ့။ ဒေါက်တာ ဝီလီအောင်မြင့်က တနင်္သာရီကို ပြောင်းမိန့်ကျနေပေမဲ့ မပြောင်းသေးလို့ ကျွန်တော့်လစာစာရင်း မပါသေးတာတွေ ဖြစ်ကုန်ကြရော။

ဒါ အရေးယူလို့ရတယ်။ ပြောင်းရမယ့်လူက ၇ ရက်အတွင်းပြောင်းရမှာ ဥပဒေရှိတယ်။ ဘယ်လိုဖြစ်နေတာလဲ။ ဆေးရုံအုပ်ကိုလည်း ဆူတာပေါ့။ ဘဏ္ဍာရေးဝန်ကြီးအထိ အကြောင်းကြားပြီး အဆင့်ဆင့်လုပ်ယူရမယ့် ကိစ္စဖြစ်နေလို့ ဒေါက်တာဦးတင်ရီက ကျွန်တော့်ကို မေတ္တာရပ်တယ်။ ပြီးခဲ့တဲ့ သုံးလစာကို မေတ္တာနဲ့ တာဝန်ထမ်းပေးပါတဲ့။ ကျွန်တော်က ပိုက်ဆံမက်တဲ့ သူမဟုတ်မှန်း သူသိပုံရတယ်။ ကျွန်တော် ကျေနပ်လက်ခံတော့ ကျွန်တော့်ကို ကျေးဇူးတင်စကားပြောတယ်။ ဒေါက်တာ ဝီလီအောင်မြင့် ပြောင်းသွားပြီးမှပဲ ကျွန်တော် လစာရတော့တယ်။

ကျွန်တော် မြိတ်မှာ အမှုထမ်းနေတုန်းက သင်တန်းသား ဆယ်ယောက် လက်ခံပြီး သင်ပေးနေတဲ့ သားဖွားသင်တန်းတစ်ခုရှိတယ်။ ဟိုစပ်စပ် ဒီစပ်စပ် ဝါသနာပါသူဆိုတော့ အဲဒီသင်တန်းဆောင်ထဲဝင်ပြီး နားထောင်ကြည့်တယ်။ သိပ်ပြီး စိတ်တိုင်းမကျလှဘူး။ ဒီသင်တန်းမှာ ကျွန်တော်ပါဝင်ပြီး သင်ကြားခွင့်ပေးဖို့ တောင်းခံပြီး ဝင်သင်ခဲ့ဖူးတယ်။

ဒီကနေ့ ခေတ်စားနေတဲ့ သဘာဝအတိုင်း မမွေးဘဲ ဗိုက်ခွဲပြီးကလေး မီးဖွားကြတယ်ဆိုတာ တကယ်တော့ သားဖွားနဲ့ မီးယပ်ပါရဂူကြီးတွေ စခဲ့တာ

လူပုတုက္ကတ အမျိုးသမီးလေး မဟုတ်ဘူး။ နူးဖားဆိုတဲ့ နွားနို့ညှစ်ရောင်းစားရတဲ့ ကလေး၊ မွေးရိုးမွေးစဉ်အတိုင်း မီးဖွားလို့ က စခဲ့တာ။ သူက ပုတုတုကလေး။ သူ့ဗိုက်ထဲက ကလေးကိုလည်း မရတဲ့အခါ ဘယ်သူမှ လုပ်မပေးနိုင်ကြဘူး။ မိခင်စိတ်၊ မိခင်သံယောဇဉ်နဲ့ သူ့ကလေးကို အလွန်ကြည့်ချင်မြင်ချင် ရှာတာကိုး။ သူခမျာ အဲဒီခွဲတဲ့ဓားဒဏ်ရာကြီး မြင်ချင်လွန်းလို့ သူ့ဗိုက်ကို ခွဲမွေးပစ်လိုက်တာ။ နဲ့ သုံးလေးလ အလူးအလဲ ခံစားသွားရရှာပြီး ကွယ်လွန်ရရှာတယ်။

နူးဖားရဲ့တောင်းဆိုချက်အရ နူးဖားရဲ့ခင်ပွန်းသည်က ခွဲပေးလိုက်ရတယ်လို့ မှတ်တမ်းရှိတယ်။ ဘယ်ဆရာဝန်၊ ဘယ်လက်သည်မှ မပါဘူးတဲ့။

မြိတ်သူမြိတ်သားတွေက မနက်ဝေလီဝေလင်းဆိုရင် ပင်လယ်ပြင် ထွက်ကြရသူများတယ်။ ဒါကြောင့် မြိတ်ဆေးရုံရဲ့အိုပီဒီဖွင့်ချိန်ကို ကျွန်တော်မနက် ၅ နာရီလို့ ပြင်လိုက်တယ်။ သူတို့ သိပ်သဘောကျကြတယ်။ သူတို့ လုပ်ငန်းခွင် မဝင်ခင် သူတို့ အနာရောဂါဝေဒနာကို ကုသပေးမယ့် ဆေးရုံပြင်ပလူနာဌာနက ဖွင့်နေပြီလေ။ အိုပီဒီမှာ တာဝန်ယူမယ့်ဆေးစပ်ဆရာတွေ သူနာပြုတွေ ဘယ်လာနိုင်မလဲ။ ကိစ္စမရှိဘူး။ သူတို့ ပုံမှန်လာနေကျ အချိန်ကြမှလာကြ။ ကျွန်တော်ကတော့ မနက်အစောကြီးထပြီး အိုပီဒီမှာ ထိုင်တယ်။ ကွန်ပေါင်ဒါဦးနုကိုလည်း ခင်ဗျားမလာနဲ့။ ဆေးစာရင်းဇယားညနေကတည်းက လုပ်ပြီးထားခဲ့။ ကျွန်တော် မနက်အစောကျ သုံးစွဲတဲ့ဆေးစာရင်းနဲ့ လက်ကျန် ခင်ဗျား ဆေးရုံလာတော့ ကျွန်တော် အပ်မယ်။

ကျွန်တော် ခွဲစိတ်ခန်းမှာ အချိန်ပိုရချင်တာလည်းပါတယ်။ တံငါတွေလည်း အဆင်ပြေသွားကြတယ်။ ခွဲပြီးတဲ့လူနာတွေလည်း ကြည့်ချိန်ပိုရလာတယ်။ တချို့ဆရာဝန်တွေက ကျွန်တော် ဒီလိုမနက် ၅ နာရီ ထပြီး အိုပီဒီဖွင့်တာကို ဒီကောင် အရူးထနေတာတဲ့။ ကျွန်တော် အရူးထတာ မြိတ်လူထု ဆေးရုံကို ပိုပြီး အားကိုးလာတာတော့ အမှန်ပဲ။

ကျွန်တော် ကြားသပတေး ဒါမှမဟုတ် သောကြာနေ့ဆိုရင် ပြင်ပမှာ ကိုယ်ပိုင်ဆေးခန်းဖွင့်ထားကြတဲ့ ဆရာဝန်ကြီးတွေကို မြိတ်ဆေးရုံကို ပင့်တယ်။ ပင့်ပြီး လူနာတွေအကြောင်း ဆေးပညာရပ်ဆိုင်ရာ တိုင်ပင်နှီးနှောမှု လုပ်တယ်။ ကုသဖို့ခက်ခဲတဲ့ လူနာတွေ၊ ပျောက်ကင်းဖို့ ရက်ရှည်နေတဲ့ လူနာတွေကို ဆေးရုံက ဆရာဝန်တွေနဲ့ပြင်ပက ဆရာဝန်ကြီးတွေ နှီးနှောပြီး အဖြေရှာကြတာပါ။ လူနာရှင်တွေက အဲဒီလိုတိုင်ပင်နှီးနှောကြတဲ့ အစီအစဉ်ကို စိတ်ဝင်စားကြတယ်။ တချို့က လက်ဖက်ရည်၊ ကော်ဖီ သူတို့ ဒကာခံကြတယ်။ ဆရာဝန်တွေလည်း တစ်ခါတလေ ပိုက်ဆံထုတ်ကြပါတယ်။

တချို့ဆရာဝန်ကြီးတွေရဲ့ထင်မြင်ချက်နဲ့ ကျွန်တော်တို့ အယူအဆနဲ့ တူညီတာလည်း ရှိသလို မတူညီတာတွေလည်းရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လူနာတွေအတွက်တော့ အကျိုးရှိတာအမှန်ပဲ။ ကျွန်တော်တို့လည်း အတွေ့အကြုံရတယ်။ ကျွန်တော်တို့လည်း အတွေ့အကြုံရတယ်။ ကျွန်တော်ရှုးရှုးနှမ်းနှမ်းနဲ့ စိတ်ကူးတည့်ရာ စွတ်ရွတ်လုပ်လိုက်တာလေ။

မြိတ်မြို့လူထုနဲ့ ကျွန်တော်နဲ့ တစ်နေ့တခြား ပိုပြီး ရင်းနှီးကျွမ်းဝင်လာနေပြီ။ ကျွန်တော်က ဆေးရုံမှာ အနေများတာကိုး။ သူတို့လာရင် ကျွန်တော်က အမြဲမြဲလိုလိုရှိနေတာ။ ဆေးရုံမှာ မနေချင်လို့ အရပ်ထဲလျှောက်လည်ပြန်တော့လည်း သူတို့ကျန်းမာရေးကိစ္စ ဆေးရုံကို အကုန်လုံးချိန်းဆိုလိုက်တာ။ ဘယ်နေ့တက်ခွဲသင့်ရင် ဘယ်နေ့ခွဲပေးမယ်။ ဒါတော့ ဆရာဝန်ကြီးနဲ့ပြရင် ပိုကောင်းမယ်၊ ဆေးရုံကိုကြွခဲ့ပါ။ ဆရာဝန်ကြီးဆီ ကျွန်တော်လိုက်ပို့ပေးတယ်။ ပြီးတော် ဆရာဝန်ကြီး ဘယ်ဆေးနဲ့ ဘယ်လိုကုသလဲ ကျွန်တော်သင်ယူတယ်။

* * *

## စိန်ခေါ်မှု တစ်ရပ်

ကိုသိန်းလှိုင် အိမ်ထောင်လည်း ကျနေပြီ။ ခင်ဗျားကို မြိတ်သားလို့ ကျွန်တော်တို့က သတ်မှတ်ထားတာ။ ဒီမြို့မှာရှိတဲ့ ဆရာဝန်တွေအကုန်လုံး ကိုယ်ပိုင်ဆေးခန်း ကိုယ်စီနဲ့။ ကိုသိန်းလှိုင်လည်း ဆေးခန်းဖွင့်ပါ။ ခင်ဗျားသုံးလဖွင့်ပြီးရင် ဂျစ်ကားတစ်စင်းတော့ ဝယ်နိုင်ပြီ။ ဆေးခန်းဖွင့်ပါလား။ ဆရာဝန်အချင်းချင်းက ပြောကြတယ်။ ကျွန်တော်နဲ့ ဆေးရုံမှာ အတူလုပ်ကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေက တိုက်တွန်းသလို ပြင်ပက ဆရာဝန်တွေကလည်း ပြောကြတယ်။ သူတို့ ဘယ်လိုစေတနာနဲ့ ပြောကြတယ်ဆိုတာ သူတို့ကိုယ်စောင့်နတ်ပဲ သိလိမ့်မယ်။ သဘောရိုးနဲ့ပြောတဲ့သူလည်း ပါပါလိမ့်မယ်။

အမှတ်စဉ်ထိုးပြီး ပြောရရင် နံပါတ်တစ် ကျွန်တော်အပြင်မှာ ဆေးခန်းဖွင့်ဖို့ ဝါသနာမပါဘူး။ နံပါတ်နှစ် ကျွန်တော်အပြင်ဆေးခန်းမှာ ဆေးမကုတတ်ဘူး။ အထူးသဖြင့် ကျွန်တော် လူနာနဲ့အလိုက်အထိုက် စကားမပြောတတ်ဘူး။ ကျွန်တော်စကားပြောရင် ဟန်လုပ်တာတို့၊ သွယ်ဝိုက်ပြောတာတို့ သိပ်မကျွမ်းကျင်ဘူး။ တုတ်ထိုးအိုးပေါက် ပြောတတ်တဲ့အကျင့်က ရှိနေတယ်။ ကျွန်တော့်ပါးစပ်နဲ့ ကျွန်တော့်အကျင့်နဲ့ အပြင်မှာ ဂျီပီလုပ်ရမှာ မဖြစ်နိုင်ဘူး။ နံပါတ်သုံး

ကတော့ ဆေးရုံအလုပ်ပျက်ကွက်တာမျိုး အဖြစ်မခံနိုင်ဘူး။ ကျွန်တော်က ဖျား တာနာတာ သိပ်ကုတတ်တာမဟုတ်ဘူး။ Physician သမားတော် မဟုတ်ဘူး။ ထက်မြက်တဲ့ဓားကိုကိုင်ပြီး ခွဲစိတ်ချင်တဲ့ ဆရာဝန်။ အဲဒီလိုကြပြန်တော့လည်း ကျွန်တော့်စိတ်ကို မခံချိမခံသာဖြစ်အောင် ဆွတဲ့စကားနဲ့ ကျွန်တော့်ဆီ လူကြုံပါး ကြတယ်။ ကိုသိန်းလှိုင် ဆရာဝန် "ဓ" မရှိပါဘူး။ ဆေးရုံမှာပဲ ဆေးလိုက်တာ။ အပြင်ဆေးခန်း ထိုင်မကုတတ်ပါဘူး။ အပြင်ဆေးခန်းထိုင်တယ်ဆိုတာ ဆရာ ဝန်တိုင်း ထိုင်လို့ရတာမှတ်လို့ ဘာညာသာရကာပေါ့။

ကျွန်တော်ဆိုတဲ့ အကောင်ကလည်း အဲဒီလိုများ ပြောကြပြီဆိုရင် နဂါး မှန်းသိအောင် အမောက်ထောင်ပြချင်စိတ် ဖုံးဖိလို့မရဘူး။ သူတို့မှာလည်း နှုတ် ခမ်းနှစ်ခုလှုပ်ပြီး စကားပြောကြတာ၊ ငါလည်း အထက်နှုတ်ခမ်း အောက်နှုတ်ခမ်း လှုပ်ပြီး ပြောကြဆိုကြတာ။ သူတို့ ဖြစ်ရင် ငါကရော ဘာလို့မဖြစ်ရမှာလဲ။

ကျွန်တော်ကလည်း စကားသံ ပြန်ထုတ်ရတယ်။ ကျွန်တော်သာ အပြင် ဆေးခန်းထိုင်ကုရင် ကျန်တဲ့ဆရာဝန်တွေ အကုန်ဒုက္ခရောက်ကုန်လိမ့်မယ်။ ဟ လုပ်စမ်းပါဦး ဘယ်လို ဘယ်လို၊ ဒုက္ခရောက်ကုန်လိမ့်မယ် ဟုတ်လား။ ပြော စမ်းပါဦး ဘာတွေဖြစ်ကုန်ရော။

ကျွန်တော့် ဆေးခန်းမှာ လူနာတွေ စုပြုံပြီး ဆရာတို့ဆီမှာ လူနာ မရှိဘဲ ဖြစ်ကုန်မှာလေ။ အဲဒီတော့မှ ကျွန်တော့်ကို မဆဲကြနဲ့၊ အတင်းမချကြနဲ့။

သူတို့က ကျွန်တော့်ထက်အရင် ဆေးခန်းဖွင့်နှင့်ကြတဲ့ သမ္ဘာရင့် ဆရာဝန် ကြီးတွေ၊ ကျွန်တော့်ပြောစကား ဘယ်လက်ခံမလဲ၊ ဘယ်ယုံကြမလဲ။ ကျွန်တော့် အစ်ကိုတွေ ကိုယ်တိုင်က ဟေ့ကောင်သိန်းလှိုင်၊ မင်း ဟိုဥစ္စာသိပ်ကျယ်မနေနဲ့။ အပြင်ဆေးခန်းမှာ ကုတယ်ဆိုတာ လွယ်တယ်မှတ်လို့လား။ ကုကြည့်ဦး၊ အပြော မကြီးနဲ့တဲ့။

ကောင်းပြီ၊ သိန်းလှိုင်အကြောင်းတော့ ပြရသေးတာပေါ့ဆိုတဲ့ စိတ်မွေး ပြီး ဆေးခန်းဖွင့်ဖို့ နေရာရှာတယ်။ ဆေးရုံကနေ အဆင်းလမ်းနံဘေးမှာ ကုန်စုံ ဆိုင်လေးတစ်ဆိုင်ရှိတယ်။ ဆိုင်လေးက ယိုင်နဲ့နဲ့၊ ယိုင်တိုင်တိုင် နှစ်ထပ် သူ့နေရာလေး ကျွန်တော်ကြိုက်တယ်။ ဘာလို့လဲဆိုတော့ ဆေးရုံပြေးဖို့ နီးနီး ရမှာ၊ ဘယ်သူမှ စိတ်ဝင်စားမှာ မဟုတ်ဘူး။ ကျွန်တော် ဆေးခန်းလေး ဖွင့်ချင် လေး။ သူများဆိုရင် ဒီလိုအဆောက်အအုံ ရွံ့တဲ့တဲ့၊ အပေါ်ထပ်တက်ပြီး ဆေးကု လို့ပါ။ ငှားပါဗျာဆိုတော့ ပိုင်ရှင်က ကျွန်တော့်အကြောင်းသိနေ ကြားဖူးထားလေ တော့ ငှားမယ် တစ်လ တစ်ရာကျပ်ပေးပါတဲ့။

ဒါနဲ့ အဲဒီ ကုန်စုံဆိုင်အပေါ်ထပ်မှာ ဆေးခန်းဖွင့်ဖြစ်တယ်။ ဆိုင်းဘုတ်ရေးတဲ့ ပန်းချီဆရာဆီမှာ ဆိုင်းဘုတ်သွားအပ်ရတယ်။ ကျွန်တော့်နာမည်၊ ဘွဲ့ရေးလိုက်တယ်။ ဆေးခန်းဖွင့်ချိန် မနက် ၅ နာရီမှ ၇ နာရီထိ။ ညနေ ၇ နာရီမှ မနက်ထိလို့ ရေးထားတယ်။

ကျွန်တော်အစ်ကိုကြီးအရွယ် ဆရာဝန်တွေက ကျွန်တော့်ဆေးခန်းဖွင့်ချိန်ဖတ်ကြည့်ပြီး သဘောမပေါက်ကြဘူး။ အစ်ကို သေသေချာချာဖတ်ပြီး စဉ်းစားကြည့်ပါ။ မြန်မာလိုရေးထားတာပါအစ်ကို။

ကျွန်တော့်စိတ်ကူးက ကျွန်တော့်အချိန်တွေ အကုန်လုံး မြိတ်ဆေးရုံမှာပေးထားတဲ့အစီအစဉ်ပါ။ ဆေးရုံမှာ မရှိချိန် ဆေးရုံနဲ့ အနီးဆုံးဆေးခန်းမှာ ရှိနေမယ့် အစီအစဉ်ပါ။ အပြင်ဆေးခန်းကြောင့် ဆေးရုံတာဝန်တွေ မလစ်ဟင်းစေရဘူး။ ပုံမှန်အတိုင်း အိုပီဒီလည်း အစောကြီးဖွင့်တာပဲ။ သင်တန်းတွေလည်းမပျက်စေရဘူး။ ခွဲစရာရှိရင်ခွဲ၊ ရောင်းလှည့်စရာရှိလှည့် ဒီလိုလုပ်နေတာ။

ကျွန်တော်က ဆေးခန်းသာဖွင့်ထားတာ ပိုက်ဆံအိတ်က ပြားချပ်ချပ်ရယ်။ အတွေ့အကြုံကလည်းနတ္ထိ။ ဆေးကလည်းမရှိ။ ပြီးတော့ ဘယ်ရောဂါ ဘယ်လောက်ယူကြတယ်၊ ယူရမလဲ ကျွန်တော်မသိဘူး။ နောက်ဆုံး ကျွန်တော့်ထုံးစံအတိုင်း ရူးနှမ်းနှမ်း အလုပ်လုပ်တော့တာပဲ။

စက္ကူဂျပ်ဖာတစ်လုံး ချထားတယ်။ ဆေးကုပေးမယ်။ ပိုက်ဆံပါရင် သဒ္ဓါသလောက်ထည့်ခဲ့ကြ။ မပါရင် တစ်ပြားမှ မထည့်ကြနဲ့။ ဓာတ်စာ၊ ဆေးဖိုးမတတ်နိုင်ရင် အဲဒီဂျပ်ဖာထဲက ယူသုံး။ ဇနီးသည်က ဆေးခန်းလိုက်လာပြီးကူညီလုပ်ကိုင် ပေးရှာတယ်။ ဒါပေမဲ့ သူက တော်တယ်။ ပါရမီ ဖြည့်ဖော်ရတယ်။ ကျွန်တော် ဆေးကုခ ယူပုံယူနည်းကို တစ်ခွန်းမှ ဝင်မပြောဘူး။

ဆေးတွေကြတော့ ဘယ်လိုလုပ်သလဲဆိုရင် မားဂွီးဒရပ်ဟောက်စ် **Mergui Drug House** ဆိုတဲ့ မြိတ်မြို့ရဲ့ တစ်ဆိုင်တည်းသော ဆေးဆိုင်ပိုင်ရှင် ကိုတင်မောင်ကို အကူအညီတောင်းရတယ်။ ကိုတင်မောင်လည်း အိန္ဒိယလူမျိုးပဲ။ ကျွန်တော်နဲ့ သိပ်ခင်တယ်။

"ကိုတင်မောင် ရောင်းလို့ကောင်းတယ် ဟုတ်လား"

"ရောင်းရပါတယ်ဆရာ"

"ကျွန်တော် အကူအညီတစ်ခုလောက် တောင်းချင်တယ်ဗျာ"

"ပြောပါဆရာ၊ ဘာကူညီရမလဲ"

"ကျွန်တော့်ကို ဆေးခန်းမဖွင့်နိုင်တဲ့ ဆရာဝန်လို့ ထိထိခိုက်ခိုက်တွေ ပြောနေကြတယ် အဲဒါ"

“ဟာ ဆရာ… ဆေးခန်းဖွင့်သင့်တာ ကြာပြီ ဖွင့်လေ”

“ဖွင့်ရင် ကိုတင်မောင့် အကူအညီ လိုတယ်”

“ကူညီမှာပေါ့ ဆရာကလည်း”

“ဆေးခန်းဖွင့်စမှာ အသုံးတည့်တဲ့ ဆေး၊ အသုံးများတဲ့ဆေးတွေရချင်တယ်၊ အကုန်လုံးတော့ မဟုတ်ဘူး၊ နည်းနည်းစီပေါ့”

“ရပါတယ် ဆရာ”

“အဲဒီဆေးတွေ ဂျပ်သေတ္တာထဲထည့်ပြီးထား ကျွန်တော်လာယူမယ်၊ ပိုက်ဆံတော့ မရှင်းနိုင်သေးဘူး၊ ကိုတင်မောင် စာရင်းမှတ်ထားရမှာ”

“ဖြစ်ပါတယ်ဆရာ”

“ကျွန်တော့်ဆီလာလို့ ဆေးလိုရင်လည်း ကျွန်တော်က စာရေးပြီး ကိုတင်မောင့်ဆိုင် လွှတ်လိုက်မယ်”

“ရပါတယ် လွှတ်လိုက်ပါဆရာ”

“အဲဒီလူနာဆီက ပိုက်ဆံမယူလိုက်နဲ့နော်၊ စာရင်းထဲ ထည့်မှတ်ရမှာပဲ”

“မှတ်ထားပါ့မယ်”

“လကုန်တဲ့အခါ ကိုတင်မောင့်စာရင်းတွေ ကျွန်တော်ရှင်းပေးမယ် ဟုတ်ပြီနော်”

“ဟုတ်ပါပြီ”

“အကုန်ရှင်းနိုင်ရင်လည်း အကုန်ရှင်းပေးလိုက်မယ်၊ ပိုက်ဆံ အကုန်မရှင်းနိုင်လည်း အကြွေးပေါ့ဗျာ”

“မိတ်ဆွေရင်းတွေပဲ ကူညီရမှာပေါ့ ဆရာ”

ကုသိုလ်ကံကောင်းတယ်။ ကိုတင်မောင်က မညည်းမညူ ကူညီရှာတယ်။ မားဂွီးဟောက်စ်က အကြွေးယူလို့ ဆေးကို ဈေးမြှင့်မယူဘူး။ ဒီလို ချစ်စရာကောင်းတဲ့ မိသားစု။ ကျွန်တော့်ဆေးခန်းလူစည်တာနဲ့အမျှ သူ့ဆေးတွေလည်း ရောင်းနေရပေသကိုး။ ကိုတင်မောင့် ကံနဲ့ ကျွန်တော့်ကံနဲ့ စပ်ကြတယ်ထင်ပါရဲ့။

မြိတ်လူထုကလည်း ဂျပ်သေတ္တာချထားပြီး သဒ္ဒါကြေးယူတဲ့ ဆေးခန်းမျိုး မကြုံဘူးလေတော့ ကျွန်တော့်ဆေးခန်းလာတဲ့ပရိသတ်များပါတယ်။ ဆေးဖိုးမပေးနိုင်ရင်သာရှိမယ်၊ ဓာတ်စာဖိုး နှိုက်ယူသွားတဲ့လူတော့ ရှိမယ်မထင်ဘူး။ ဇနီးသည် အုန်းအုန်းကိုမေးကြည့်တော့ သူလည်း ဂရုစိုက် ကြည့်မနေအားတော့ မသိဘူးလေ။

မားဂွီး ကိုတင်မောင်ရဲ့ဆေးဖိုး တစ်လမှ အကြွေးမတင်ဘူး။ ဆေးခန်း

ငှားခလည်း ပုံမှန်ပေးနိုင်တယ်။ ကျွန်တော့်ဆေးခန်းအမှီပြုပြီး သူ့ကုန်စုံဆိုင်က ပစ္စည်းလေးတွေ လူနာရှင်ကဝယ်၊ လူနာလိုက်ပို့တဲ့သူက ဝယ်နဲ့။ ဆိုင်ကလေး ပိုရောင်းရရှာတယ်။ နှစ်ဦးနှစ်ဖက် ကံစပ်၊ ဟန်ကျလို့။

* * *

## မှူခင်း ဆရာဝန်

ကျွန်တော် ရန်ကုန်ဆေးရုံမှာရော မြိတ်ဆေးရုံမှာပါ။ ရင်ခွဲရုံထဲမှာ အချိန်ပေးလေ့ရှိတယ်။ လူသေအလောင်းတွေကို ခွဲစိတ်ကြည့်တာလေ။ လေ့လာတာ။ လူအရှင် ခွဲရတာမခက်ဘူး။ လူအသေကိုခွဲရ ဖွင့်ရတာ ခက်တယ်။ ကျွန်တော်နဲ့ ခေတ်ပြိုင်ဆရာဝန် လုပ်ဖော်ကိုင်ဖက်တွေထဲမှာ ကျွန်တော့်လောက် လူသေတွေ ခွဲဖူးထားတဲ့သူ တစ်ယောက်မှ ရှိမယ်မထင်ဘူး။

ပင်လယ်ပြင်မှာ မုန်တိုင်းရှိရင် မြိတ်မှာ မိုးရွာတာ သေချာသလောက်ပဲ။ မုန်တိုင်းမရှိလည်း ရွာတဲ့အရပ်ပဲ။ ဆေးရုံအုပ်ကြီးက သူ့ရုံးခန်းကို ဆရာဝန်တွေ အကုန်လုံး ချက်ချင်းလာခဲ့ရမယ်တဲ့။ အရေးပေါ်လူနာကို ပြုစုနေရင်တော့ ခြွင်းချက်ပေးတယ်။

ဒီလိုခေါ်လေ့ခေါ်ထမရှိဘူး။ အကြောင်းထူးတစ်ခုခုတော့ ရှိလိမ့်မယ်။ တခြားဆရာဝန်တွေ ဘာတွေ တွေးနေကြတယ်မသိဘူး။ ကျွန်တော်ကတော့ မိုးထဲရေထဲမှာ အခုလိုမခေါ်စဘူး အခေါ်ထူးတာကို စိတ်ဝင်စားတာတော့ အမှန်ပဲ။

မိုးတွေ သည်းသည်းရွာနေလို့ မှန်ပြတင်းတွေ ပိတ်ထားရတာကြောင့် ဆေးရုံအုပ်ကြီးရဲ့ ရုံးခန်းဟာ ပေါင်းအိုးတစ်လုံးနဲ့တူနေတယ်။ လူစုံတော့ ဆရာကြီး စကားစတယ်။ သူကြိုတင်ပြင်ဆင်ပြီး စကားလုံးတွေ ရွေးပြောနေမှန်းသိသာတယ်။ မြိတ်ကနေ စက်လှေနဲ့ နှစ်နာရီကျော်ကျော်လောက်သွားရမယ့် ကျွန်းတစ်ကျွန်းမှာ လူသတ်မှုဖြစ်တယ်။ အသတ်ခံရတာက မြန်မာ။ သတ်သွားသူက ထိုင်းက။ မြန်မာတွေ မကျေမနပ်ဖြစ်နေကြတယ်။ နှစ်နိုင်ငံပဋိပက္ခဖြစ်တာမျိုး ပြဿနာ မကြီးထွားဖို့ကလည်း အရေးကြီးတယ်။ မကျေနပ်လို့ သူတစ်ပြန်ကိုယ်တစ်ပြန် သတ်ကြရင်လည်း နှစ်နိုင်ငံဆက်ဆံရေးက ပျက်ပြားတော့မှာ။

ဒီလူသတ်မှုမှာ မှုခင်းဆိုင်ရာ ဆရာဝန်တစ်ယောက်လွှတ်ပြီး စစ်ဆေးပေးရလိမ့်မယ်။ ဆေးရုံအုပ်ကြီး ပီအာရ်ဘားဝါးရဲ့စကားတွေမှာ ဒီကိစ္စ အရေးကြီးကြောင်း ပြောတာ သုံးကြိမ်ထက်မနည်းဘူး။ ဆရာကြီးကသာ အရေးကြီးနေတာ

စိတ်မဝင်စားကြဘူး။ ကျွန်တော် အကဲ
ဆရာဝန်တွေ တစ်ယောက်မှ ဒီကိစ္စကို စိတ်မဝင်စားကြဘူး။ ကျွန်တော် အကဲခတ်မိတာ ဘယ်ဆရာဝန်မှ မသွားချင်ကြမှန်းသိလို့ ကျွန်တော်က သွားမယ်ပြောတော့ ခုနက အုံ့မှိုင်းနေကြတဲ့ မျက်နှာတွေ ဝင်းပသွားကြတယ်။ ဆရာကြီး ပီအာရ်ဘားဝါးက ဟုတ်မှလည်းလုပ်ပါ ကိုယ့်လူရာဆိုတဲ့ အကြည့်နဲ့ကြည့်ရင်း ဒီတာဝန်ပေးသင့် မပေးသင့် အချိန်အတော်ကြာ စဉ်းစားနေတယ်။ ပြီးမှ ပါးစပ်က မနေနိုင်မထိုင်နိုင် ထွက်လာတယ်။

"မင်း ဖြစ်ပါ့မလား"

"ဟာ ဆရာကြီး၊ ဘာလို့ မဖြစ်ရမှာလဲ"

"မင့် ဆေးအစီရင်ခံစာက အရေးကြီးတယ်နော်၊ သာမန်အမှုကိစ္စ မဟုတ်ဘူး"

"ကျွန်တော် အစွမ်းကုန်ဆောင်ရွက်ပါမယ်"

"ငါ စိတ်ချနေမယ်နော်"

"ဟုတ်ကဲ့ပါ၊ ဘယ်တော့သွားရမလဲ ခင်ဗျာ"

"ဖြစ်နိုင်ရင်တော့ အခုပဲ သွားစေချင်တာပဲ"

ကျွန်တော်လည်း အမြန်ပဲ သွားချင်တယ်။ ဟိုမှာ ရေခဲတိုက်ရှိမှာ မဟုတ်ဘူး။ ပြီးတော့ ပြဿနာကြီးထွားမှုက အချိန်နဲ့အမျှ ဖြစ်နိုင်တဲ့ ကိစ္စဟုတ်လား။ အိမ်ကို အမြန်ပြန်ဖို့ ကျွန်တော့်တာဝန်တွေ ဝီလီကို လွှဲရတယ်။ ပစ္စည်းတွေ အမြန်ကောက်ထည့်၊ မော်တော်ဆိုင်ကို ဓာတ်ခွဲခန်းက လူတစ်ယောက်ကို လှေတစ်စင်း စီစဉ်ခိုင်းလိုက်ရတယ်။ ဒီပြင်ဆရာဝန်တွေ ဒီကျွန်းကို မသွားချင်တဲ့ အရေးကြီး အကြောင်းတစ်ခုရှိတယ်။ အဲဒါကတော့ ဒီကျွန်းဟာ အညိုရောင်ဒေသ ဖြစ်လို့ပဲ။ အညိုမှ တော်တော်ရင့်တဲ့ အညို။

မိုးထဲလေထဲမှာ လှေသမားက ကြိုးစားပြီး ထိန်းပေးမောင်းပေးရှာတယ်။ မိုးတွေက ဒီနေ့တော့ တိတ်ပါတော့မလားလို့ အောက်မေ့စရာလေ။ သူများဆိုရင်တော့ ဘုရားတ၊ ဘုရားစာတွေ ရွတ်ဆိုရင်းလိုက်လာမှာ။ ကျွန်တော်ကတော့ ကျွန်းလေးကို ဘယ်နေရာမှာ ဘွားခနဲတွေ့ရလေမလဲ စိတ်စောနေမိတယ်။ မော်တော်ဆရာ၊ သူ့လက်ထောက်နဲ့ ကျွန်တော်ပါ သုံးယောက်တည်းပါတဲ့ စက်လှေဟာ ဘာကုန်မှ မပါလေတော့ ပေါ့ပါးလွန်းနေတယ်။ ပင်လယ်ထဲမျောပါနေတဲ့ သစ်ရွက်လေး တစ်ရွက်လိုပဲ။ မုန်တိုင်းမရှိပေမဲ့ လှိုင်းက မငြိမ်ဘူး။ မိုးကတော့ ရေတွေအိုးထဲက သွန်ချနေသလိုပဲ။

သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တွေက မျက်စိစုံမှိတ်မနေကြဘူး။ မိုးကို တဖြည်းဖြည်းစဲပေးလိုက်တယ်ဆိုရင်ပဲ ပတ်ဝန်းကျင် မြင်ကွင်းက လင်းလင်း

ချင်းချင်း ဖြစ်လာတယ်။ ကျွန်းရဲ့ပုံပန်းက မိုးစဲတာနဲ့အမျှ ရုပ်လုံးပေါ်လာတယ်။ သက်ရှာဝကို လှမ်းမြင်နေရပြီ။ သက်ရှာဝကျွန်းပေါ်ရောက်တော့ ရွာလူကြီးကို အရင်ရှာပြီး မှူခင်းအတွက် လာတဲ့ဆရာဝန်ဖြစ်ကြောင်း ပြောပြရတယ်။ အလောင်းထားတဲ့ ဇရပ်တစ်ခုဆီ ခေါ်သွားတယ်။ ဒါပေမဲ့ အလောင်းကို အဝေးကပဲ လှမ်းကြည့်ရမြင်ရတယ်။ အနားကပ်ခွင့် မရဘူး။ အဲဒီရွာက အစိုးရအာဏာစက် မသက်ရောက်နိုင်တဲ့ အရပ်ဖြစ်နေတယ်။ ရွာသူကြီးက ဆိုင်ရာကို သွားပြီး ခွင့်တောင်းတယ်။ ခွင့်မပေးနိုင်ဘူးတဲ့။ အစိုးရဝန်ထမ်းလာတာ သူတို့မကြိုက်ဘူး။ တာဝန်ရှိတဲ့သူနဲ့ တွေ့ချင်တယ်။ အလောင်းကို မစစ်ဆေးရလို့ မဖြစ်ဘူး။ ဒါပေမဲ့ ပြန်ရတဲ့ စကားကတော့ ခွင့်မပြုနိုင်ဘူး။ ဒီကိစ္စ သူတို့လည်း စုံစမ်းနေသတဲ့။ အမှုမှန်ပေါ်အောင် သူတို့လည်း ဖော်ထုတ်မယ်တဲ့။

ကွယ်လွန်သူနဲ့ အခုရွာမှာမရှိ ပင်လယ်ပြင်ထွက်သွားတဲ့ ထိုင်းနဲ့ မကွယ်လွန်ခင်မှာ အတူသောက်ခဲ့စားခဲ့ကြတယ်။ အရက်နည်းနည်းမူးတဲ့အခါ စကားအချေအတင် များခဲ့ကြတယ်။ အခုတော့ ကွယ်လွန်သွားပြီ။ ကျန်းမာရေးကောင်းတဲ့ လူတစ်ယောက် အခုလို ရုတ်တရက်ကွယ်လွန်တာဟာ သဘာဝရိုး မဖြစ်နိုင်ဘူး။

သူတို့စကားများ၊ အချင်းများ လုလုဖြစ်ခဲ့တဲ့ ထိုင်းလူမျိုးသတ်တာ လုပ်ကြံတာပဲ ဖြစ်လိမ့်မယ်။ အခုတရားခံဆိုသူက ရွာမှာမရှိလေတော့ သံသယတွေ ပိုကြီးကုန်တယ်။ ပြီးတော့ လူမျိုးခြားလည်းဖြစ်နေပြန်တယ်။ လျော်ကြေးလိုချင်ကြတယ်။

ကျွန်းကို အုပ်စိုးနေသူတဲ့၊ သူနဲ့တိုက်ရိုက်စကားပြောခွင့်မရတော့ ရွာသူကြီးခမျာ ကျွန်တော်နဲ့ တာဝန်ရှိသူကြားမှာ လွန်းထိုးနေရတယ်။ နောက်ဆုံးတော့ ကျွန်တော်လည်း ကြံရာမရတော့ ရှုးရှူးနှမ်းနှမ်းတွေ လုပ်ရတော့တာပေါ့။

"ကိုင်း ပစ်ချင် ပစ်သတ်လိုက်၊ ဒီအလောင်းကို မစစ်ရရင် ဒီကျွန်းပေါ်မှာ ပဲနေတော့မယ် မပြန်ဘူး၊ ဆေးအစီရင်ခံစာ အရေးကြီးတယ်၊ ဘယ်လိုကြောင့် သေတယ်ဆိုတာသိရရင် နှစ်ဦးနှစ်ဖက်စလုံးအတွက် ကောင်းမယ်၊ ဒါ ကျွန်တော့်ရဲ့နောက်ဆုံး သဘောထားပဲ၊ သွားပြောချေ"လို့ သူကြီးကို အပြောလွှတ်ရတယ်။

သူကြီးခမျာ ခေါင်းလေးတညိတ်ညိတ်နဲ့ နားထောင်ပြီး ဆိုင်ရာကို ပြောဖို့ ထွက်သွားတယ်။ ဒါပေမဲ့ ပြန်ရောက်ချိန်မှာ မရောက်ဘူး။ ဒီတစ်ခါ တော်တော်ကြာသွားတယ်။ လာမယ်လာတော့ သူ့မျက်နှာဟာ ပြုံးလို့ရွှင်လို့။ ပြီးတော့ သူကြီးတစ်ယောက်တည်း ပြန်လာတာမဟုတ်ဘူး။ လူသုံးယောက်ပါလာတယ်။ ပလတ်စတစ်ဆွဲခြင်း ဆွဲသူဆွဲ ဓာတ်ဘူးကိုင်သူ ကိုင်နဲ့၊ လက်ချည်းလည်း လူ

ပိုတစ်ယောက်ပါလာသေးတယ်။

"ခွင့်ပြုလိုက်ပြီ ဆရာရေ...၊ ဆရာ့တွေ့ရှိချက်ကို ကျွန်တော်တို့လည်း ပြောပြဦးနော်"

"အေး ကောင်းတာပေါ့၊ ဒါတွေက ဘာတွေလဲ"

"ဆရာစားဖို့ နေ့လယ်စာပါ"

"ဟာ... ဒါဆိုရင် လေ့သမားနှစ်ယောက် သွားခေါ်ချေကြဦး၊ သူတို့ပါ ကျွေးမှ"

"သူတို့အတွက် သတ်သတ် အပို့လွှတ်လိုက်တယ်ဆရာ"

ပင်လယ်ငါးနဲ့ ငါးပိရည်ဖျော်နဲ့၊ အတို့အမြှုပ်နဲ့ ချဉ်ရည်ဟင်းနဲ့။ နေ့လယ်စာက ဖွယ်ဖွယ်ရာရာပါပဲ။ ဒါပေမဲ့ အလုပ်ကို စိတ်အာရုံရောက်နေတော့ ထမင်းတစ်ချိုင့် ဘယ်လို ဘယ်လိုကုန်သွားတယ် မသိဘူး။ ငရုတ်သီးကလည်း စပ်လိုက်သမှ အလွန်ပဲ။ ရေနွေးတစ်ခွက်သောက်ပြီး အလောင်းထားရာကို ကျွန်တော်တို့ထွက်ခဲ့ကြတယ်။ ရွာသူကြီးက ကျွန်တော်နဲ့အတူ လိုက်လာသူတွေနဲ့ မိတ်ဆက်မပေးဘူး။ ကျွန်တော်ကလည်း သူတို့ ဘယ်သူဘယ်ဝါတွေဆိုတာ သိဖို့ မလိုဘူး။ ကျွန်တော့်ဗီဇစိတ်ကနေ သူတို့ဘယ်သူဘယ်ဝါတွေဆိုတာ သိနေသလိုပဲ။ အလောင်းကို သေသေချာချာ စစ်ဆေးတယ်။ ပြင်ပဒဏ်ရာရှိသလား။ ဦးခေါင်းကနေ ခြေဖျားအထိ သေသေချာချာကြည့်တယ်။ ဆေးထိုးလိုက်တာမျိုးရှိသလား။ အပ်ရာရှိသလား။ ရိုက်ထားနှက်ထားတဲ့ ဒဏ်ရာဒဏ်ရာချက်တွေ ရှိသလား။ ကျွန်တော် အချိန်ယူပြီး ကြည့်တယ်။ သံသယဖြစ်စရာ ဘာဒဏ်ရာမှ မတွေ့ဘူး။ ဒါနဲ့ ဗိုက်ကို ဖွင့်ကြည့်တယ်။ အစာအိမ်နဲ့ အူတွေ ပုံမှန် အနေအထားပါပဲ။

စစ်ဆေးသင့်တာတွေကို တစ်ခုစီ တစ်ဆင့်စီ စစ်ဆေးပြီးတဲ့အခါမှာ ကျွန်တော်အဖြေမှန်သိခဲ့ပြီ။ ဒါနဲ့ပဲ ရွာသူကြီးကို ခေါ်ပြီးရှင်းပြရတယ်။ ဒီလူဟာ သူများ ပယောဂ၊ သူများ လက်ချက်နဲ့သေတာ၊ လူသတ်ခံရတာ လုပ်ကြံခံရတာ မဟုတ်ဘူး။ သူ့ဘာသာ သေရိုးသေစဉ်သေတာ။ အရက်မူးလွန်ပြီး သွေး ရုတ်တရက်တိုးတာ၊ ဦးနှောက်သွေးကြော ပြတ်ပြီး ဆုံးတာ။ ကျွန်တော် လက်တွေ့ ရှင်းပြလိုက်တယ်။

ရွာလူကြီးရော ရွာလူကြီးနဲ့အတူ ပါသူတွေပါ ကျွန်တော်ခွဲရင်း စိတ်ရင်း ရှင်းပြ၊ ရှင်းပြသွားတာနဲ့ သူတို့လည်း နားလည်သဘောပေါက်ကြပါတယ်။

ကျွန်တော့်ရဲ့ အစီရင်ခံစာကို ကျွန်တော်အတတ်နိုင်ဆုံး ပြည့်စုံအောင် ကြိုးစားပြီးရေးပေးလိုက်တယ်။ ဒီအမှုနောက်တော့ မြို့တော်ခရိုင် တရားရုံးရောက်

သည်။ ထိုင်းလူမျိုးကိုလည်း တရားခံအဖြစ်နဲ့ စွဲချက်တင်ထားတယ်။

မှုခင်းဆရာဝန်ရဲ့အစီရင်ခံစာမှာ အရပ်အမောင်း ငါးပေခုနစ်လက်မ၊ ဝဲလက်ဖျံတွင် ကြယ်ပုံဓားစိုက်ဆေးမင်ကြောင်၊ ညာလက်ဖျံတွင် အသည်းဓားစိုက် "ကြည်"ဆိုတဲ့ စာလုံးရေးထိုးထားစသဖြင့် အလောင်းကို အခင်းဖြစ်ပွားပြီး ဘယ်နှနာရီအကြာ၊ တွေ့ရတဲ့ ပြင်ပလက္ခဏာ၊ အတွင်းလက္ခဏာ အခြေအနေတွေပါ ရေးပေးလိုက်တယ်။

ကာယကံရှင်ဟာ သူတစ်ပါးရဲ့ မလိုတမာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ကြိုတင်ကြံစည်လုပ်ကြံခံရခြင်း လက္ခဏာတစ်ခုမှ မတွေ့ရကြောင်း စတာတွေ စုံစုံလင်လင် ရေးလိုက်တယ်။

ရုံးတော်မှာ စက်ရှင်တရားသူကြီး ဦးကျော်ထူးက ကျွန်တော့်ဆေးအစီရင်ခံစာဖတ်ပြီးတဲ့အခါ အမှုကြားနာမှုကို ခေတ္တခဏရပ်စဲခိုင်းလိုက်ပြီး ကျွန်တော့်ကို စစ်ဆေးတယ်။ အစီရင်ခံစာမှာ ကျွန်တော့်နာမည်၊ ရာထူးနဲ့ လက်မှတ်ပါပေမဲ့ စက်ရှင်တရားသူကြီးက ကျွန်တော့်နာမည်ကို ထပ်မေးတယ်။ ကျွန်တော်လည်း မှန်မှန်ကန်ကန်ပဲ ဖြေလိုက်တယ်။ ဒေါက်တာသိန်းလှိုင်ပါ။ ကျွန်တော့်လုပ်သက် မေးတဲ့အခါ ၆ လလို့ဖြေတော့ သူမျက်လုံးပြူးသွားတယ်။ ကျေနပ်လောက်သည်အထိ အမေးအဖြေလုပ်နေချိန်မှာ တစ်ရုံးလုံး နားစိုက်ထောင်နေလိုက်ကြတာ အပ်ကျသံ ကြားရမလောက်ပဲ။

စက်ရှင်တရားသူကြီး ဦးကျော်ထူးက သူ့လုပ်သက်ပြည့်ပင်စင်ယူဖို့ ခြောက်လပဲ လိုတော့တယ်။ သူ့လုပ်သက်တစ်လျှောက်လုံးမှာ ဒီလောက်ပြည့်စုံကောင်းမွန်တဲ့ မှုခင်းဆရာဝန်ရဲ့ ဆေးအစီရင်ခံစာမျိုး တစ်ခါမှမကြုံဘူး၊ မဖတ်ဖူးခဲ့ဘူး။ ဒီတော့ အခုအမှုကို စိတ်ဝင်တစားလာရောက် လေ့လာနားထောင်ကြတဲ့ မြို့မိမြို့ဖနဲ့ နှစ်ဖက် အကျိုးဆောင်များကို သူတစ်ခုမေတ္တာရပ်ချင်ပါတယ်။ အမှုမှန်ပေါ်ထွက်ဖို့အတွက် ကြိုးစားထားတဲ့ ဒေါက်တာသိန်းလှိုင်ကို ဂုဏ်ပြုရန်အတွက် ပရိသတ်အားလုံး မတ်တတ်ရပ်ပြီး ငြိမ်သက်စွာ ဦးညွှတ်ဖို့ အချိန်တစ်မိနစ်ပေးပါမယ်တဲ့။ တရားလို ဘက်ကရော တရားခံဘက်ကရော၊ မြို့မိမြို့ဖတွေရော ရုံးဝန်ထမ်းတွေရော အကုန်လုံး မတ်တတ်ရပ် အရိုအသေပေးပြီး ဂုဏ်ပြုကြတယ်။

ကျွန်တော်ဖြင့် ကြက်သီးမွေးညင်းတွေ ထလာမိတယ်။ ဒါ ဒုတိယအကြိမ်ထတဲ့ ကြက်သီးပါ။ ပထမအကြိမ်က ကျွန်းပေါ်မှာ အရပ်ဝတ် ဝတ်ထားတဲ့ လူတစ်ယောက်က ကျွန်တော့် ခွဲစိတ်ပုံ၊ လေ့လာပုံတွေကို စောင့်ကြည့်ပြီး ကျေနပ်အားရလို့ ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်တုန်းက ဒီလိုပဲ ကြက်သီးမွေးညင်း

ထခဲ့ဖူးတယ်။

ကျွန်တော်နဲ့အတူ တွဲဖက်တာဝန်ထမ်းခဲ့ကြတဲ့ မြိတ်မြို့ဆေးရုံက ဆရာဝန်တွေဟာ ရဲအရေးပိုင်တဲ့ အမှုအခင်းတွေကို မကိုင်တွယ်ချင်ကြဘူး။ ဒါလည်း သဘာဝကျတဲ့ ကိစ္စတစ်ခုပါပဲ။ ဘယ်သူကရော အလောင်းတွေ၊ ရုံးတွေ၊ ဂါတ်တွေ၊ ရဲတွေနဲ့ ပတ်သက်ချင်ပါ့မလဲ။

ဆေးရုံအုပ်ကြီးက ကျွန်တော့်ကို ရဲအရေးပိုင်တဲ့အမှုတစ်ခု နောက်လေးလ လောက်ကြာတဲ့အခါ အပ်ပြန်ရော၊ မုဒိမ်းမှုပါ။ ကျွဲကူးဆိုတဲ့အရပ်မှာ ဖြစ်တယ်။ ကျွန်တော် အခင်းဖြစ်တဲ့နေရာကို စက်ဘီးနဲ့သွားတယ်။ လှေပေါ်ကို စက်ဘီး တင်ပြီး ဟိုဘက်ကမ်းရောက်တော့ စက်ဘီးနဲ့ပဲ ဆက်သွားတာပါ။

မထွေးပုံဆိုတဲ့ မိန်းကလေး။ မြိတ်က တရုတ်မိသားစုတစ်ခုမှာ ထမင်းချက်၊ အဝတ်လျှော်၊ တံမြက်လှည်း အလုပ်သွားလုပ်တယ်။ ကလေးမလေးက နှာတံပေါ်ပေါ် အသားဖြူဖြူမျက်လုံးက ဝိုင်းစက်စက်လေး။ အထူးခြားဆုံးက တော့ နက်မှောင်နေတဲ့ သူ့ဆံကေသာအုံက သန့်စွမ်းလွန်းတာပါပဲ။ ခါးလောက်ရှည်တဲ့ ဆံပင်ဟာ သူ့ကျက်သရေကို ဆောင်တယ်။

ခပ်တိုတို အကျဉ်းချုံ့ပြောရရင် အိမ်ရှင်ရဲ့သား တရုတ်ကလေးနဲ့ လူငယ်ဘာဝ ချစ်ကြိုက်ကြ၊ ငြိစွန်းကြ၊ လွန်ကျူးမိကြတယ်။ မထိန်းနိုင် မသိမ်းနိုင်တွေဖြစ်တော့ မထွေးပုံလေးကို ရွာပြန်ပို့လိုက်တာ။ ရွာကိုပြန်ရောက်တဲ့အခါ လူတိုင်းက ထွေးပုံပြန်ရောက်ချက်ကို စိတ်ဝင်စားကြတယ်။ နောက်တော့ မထွေးပုံမိဘတွေက အဖြစ်မှန်ကို သိပြီး မုဒိမ်းမှုနဲ့ စွဲတော့တာပါ။

ကျွန်တော်ရောက်သွားချိန်မှာ မိဘတွေရဲ့စွပ်စွဲချက်၊ ရဲမှတ်တမ်းတွေဖတ်ပြီး ဒီအမှုက မုဒိမ်းမှု မမြောက်ဘူးလို့ ကျွန်တော်တွေးမိတယ်။ သူ့မိဘတွေကို ခွင့်တောင်းတယ်။ ခင်ဗျားတို့ ခွင့်ပြုမယ်ဆိုရင် မထွေးပုံနဲ့ ကျွန်တော် ခင်ဗျားတို့ ရှေ့တင် စကားနည်းနည်း ပြောချင်တယ်။ သူတို့ကလည်း မှုခင်းဆရာဝန်ဆိုတော့ ခွင့်ပြုပါတယ်ပေါ့။ ဒါပေမဲ့ သူ့မိဘတွေ မကြားနိုင်လောက်တဲ့အကွာအဝေးမှာ၊ မကြားနိုင်လောတဲ့ လေသံနဲ့ မေးမြန်းပြောဆိုကြတာပါ။ ဆွေးနွေးတယ်ဆိုရင် ပိုမှန်မယ်။

"မထွေးပုံ ဆရာ့ကို မှန်မှန်ပြောမှ ဒီအမှု အမှန်အတိုင်းဖြစ်မှာ"

"ဟုတ်ကဲ့ပါ ဆရာ"

"ငါကတော့ မုဒိမ်းမှုလို့ မယူဆဘူး၊ အလိုတူတယ်လို့ ထင်တာပဲ"

မထွေးပုံ မျက်နှာလေး ရဲခနဲ ဖြစ်သွားတာ သနားစရာ။ ဒါပေမဲ့ အမှန်အတိုင်းဖြစ်ဖို့က ကျွန်တော့်တာဝန် မဟုတ်လား။

“ကျွန်မတို့ချင်း ချစ်ကြိုက်နေကြတာ ကြာပြီဆရာ”

“အဲဒီတော့”

“ကျွန်မမှာ မပေါ့မပါးဖြစ်လာတော့ သူ့မိဘတွေက သူတို့သားနဲ့ ရတဲ့ ကလေးမဟုတ်ဘူး၊ လူမျိုးခြားမို့ သဘောမတူနိုင်ဘူးတွေ ဖြစ်ကြရောဆရာ”

“ငါထင်ပါတယ်၊ ငါမေးမယ် ထွေးပုံ မှန်မှန်ဖြေနော်”

“ဟုတ်ကဲ့ပါ ဆရာ”

“နင် သူ့ကို ချစ်သလား”

ကလေးမလေး ချက်ချင်းမပြောဘူး။ ရှက်သွေးဖြန်းပြီး ဟိုဘက်လှည့်သွားတယ်၊ တစ်အောင့်ကြာ စဉ်းစားပြီးမှ အဖြေပေးတယ်။ သူ့မိဘမောင်ဖွားတွေက လည်း စကားတစ်ခွန်းမှကြားရလေစ နားစွင့်နေကြတယ်။

“ချစ်တယ်ဆရာ”

“အခုလို ဟိုးဟိုးကျော် ဖြစ်ကြရတော့လည်း...”

“ချစ်သေးတာပဲ ဆရာ”

“ကောင်လေးကရော ဘယ်လိုထင်သလဲ”

“ကျွန်မယုံတယ် သူ့အကြောင်းသိတယ်၊ သူလည်း ကျွန်မကိုချစ်နေဦးမှာပဲ”

“ဘယ်လို သက်သေပြမလဲ”

“သူ အဆင်ပြေတဲ့တစ်နေ့ လာခိုးမှာတဲ့ဆရာ”

“သေချာတယ်နော်”

“ဟုတ်ကဲ့ပါ ဆရာ”

“ငါ သူနဲ့စကားပြောခွင့်ရချင်တယ်၊ သူ့သဘော ငါသိချင်တယ်၊ သူ့ပါးစပ်ကပြောမှ ယုံမှာ”

ကလေးမလေးက တစ်အောင့် စဉ်းစားပြီးမှ

“ကျွန်မ ဘယ်လိုမှ အကြံမပေးတတ်ဘူးဆရာ”

ကျွန်တော်တို့နှစ်ယောက် စကားပြောအပြီးမှာ သူ့မိဘတွေကိုလည်း အကျိုးအကြောင်း အဆိုးအကောင်းတွေ ပြောပြလိုက်တယ်။ အတိုချုပ်ကတော့ သူတို့သမီးကို အစော်ကားခံရတယ်၊ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းစေချင်တယ်တဲ့။

မြိတ်မြို့ကို ပြန်လာတဲ့အခါ ဘယ်လိုလုပ်ရမလဲ၊ စက်ဘီးနင်းရင်းစဉ်းစားလာခဲ့တယ်။ ကောင်လေးနဲ့တွေ့ကြဖို့ အရေးကရှိသေးတယ်။ မှုခင်းဆရာဝန်တော်တော်ခေါင်းစားမိတယ်။ ဒီအမှုက ဖင်လှန်ကြည့်စရာမလိုတဲ့ အမှုမျိုးလေ။

ကောင်လေးကို ဖြတ်မြို့အချုပ်ခန်းမှာ သွားတွေ့လိုက်တယ်။ ကျွန်တော် မသွားချင်ဘူး။ ဒါပေမဲ့ မသွားရင် မဖြစ်ဘူး။ တရားခံခများ နစ်နာမယ်။ တရားလိုကလည်း မြန်မာအမျိုးသမီးလေး။ အရိုးခံတော့သူလေး။ သားသမီးချင်းစာနာစိတ်နဲ့ မသွားအပ်တဲ့အရပ်မှာ ကောင်လေးကို သွားတွေ့လိုက်တာပါ။

ကျွန်တော့်ကို မြင်တော့ သူ့မျက်နှာ ဝင်းပသွားတယ်။

"နေကောင်းရဲ့လား"

"ကောင်းပါတယ် ဆရာ"

"ငါ ဘယ်သူလဲဆိုတာ သိလို့လား"

"သိပါတယ်ဆရာ"

"ဆရာဝန်တစ်ယောက်ပဲ၊ ဒါပေမဲ့ မှူခင်းဆရာဝန်နော်"

"ဟုတ်ကဲ့ပါဆရာ"

"တစ်နေ့တုန်းက ကျွဲကူးရွာ သွားပြီး မင့်ကောင်မလေးနဲ့ တွေ့ခဲ့တယ်"

"ဟုတ်လား ဆရာ၊ သူနေကောင်းရဲ့လား"

"ကောင်းပါတယ်ကွာ၊ ဆရာလာတာ မင်းရဲ့သဘောထားကို သိချင်လို့ပဲ"

ကောင်လေး အဝေးကို မျက်လုံးလွှဲရင်း ထိထိခိုက်ခိုက် ပြန်ဖြေတာ။

"ကျွန်တော်လည်း သူ့ကိုချစ်တယ်ဆရာ၊ လက်ထပ်ယူမလို့ဘဲ၊ မိဘအသိုင်းအဝိုင်းက လက်မခံဘူး"

"ငါကတော့ အမှုမှန်ကို ဖော်ထုတ်ရမယ့် ဝတ္တရားရှိသလို၊ ဘယ်သူ့ဘယ်သူမှ မနစ်နာစေချင်ဘူး၊ မင်းတို့ချင်း တကယ်ချစ်ရင် ပေါင်းရမှာပေါ့"

"ဘုရားပေးပေး ကျမ်းပေးပေးပါ ဆရာရယ်၊ ကျွန်တော် သူ့ကို သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းလက်ထပ်မှာပါ"

"မင်း မိဘကမှ သဘောမတူတာ"

"ကျွန်တော့်မှာ စုဆောင်းထားတာလေးတွေ ရှိတယ်ဆရာ၊ ကျွန်တော့် အစွမ်းအစနဲ့ တစ်အိုးတစ်အိမ် ထူထောင်နိုင်တယ်ဆရာ"

"သေချာရဲ့လား၊ ကတိပေးသလား"

ကျွန်တော့်မျက်လုံးနဲ့ ကောင်လေးမျက်လုံး စိတ်စွမ်းအားချင်းပြိုင်ကြတယ်။ တရုတ်ကလေး မျက်လွှာချသွားတယ်။

"ကတိပေးတယ် ဆရာ"

"အေး ကြိုက်ပြီ ငါ့တူ"

"မိန်းကလေးဘက်က အများကြီးနစ်နာပါတယ်။ မင်းတို့ သားသမီးချင်း စာနာကြ၊ နမချင်းစာနာကြ၊ နမချင်းစာနာကြကွာ။ သူ့အရှက်နဲ့သိက္ခာကို ပြန်

ဆယ်ဖို့ မင်းနဲ့ မင်းတို့မိသားစုမှာ တာဝန်ရှိတယ်။ မိဘတွေကို နားလည်သဘော ပေါက်အောင်ပြော၊ ဆရာသွားပြောပေးဖို့ လိုရင်ဆရာသွားပြောပေးမယ်"

"ကျွန်တော် ဒီအထဲ ရောက်နေချိန်မှာ အိမ်က သဘောထား ပျော့လာ တယ်ဆရာ၊ ကျွန်တော်ပြောရင် ရရင်ရမှာပါ။ မရရင်တော့ ဆရာ့ကို အကူအညီ တောင်းရမှာပဲ"

"မိဘနှစ်ပါးမှာ ဘယ်သူက ပိုပြီး သဘောမတူတာလဲ"

"အဖေပါ"

"ကောင်းပြီလေ၊ လိုအပ်ရင်ပြော။ ငါဆေးရုံမှာရှိမယ်၊ အချိန်မရွေး လာ တွေ့လို့ရတယ်။"

"တကယ်လို့ ပြစ်မှုထင်ရှားတယ်လို့ တရားရုံးက ဆုံးဖြတ်လိုက်ရင်ရော ဆရာ"

"တရားကို နတ်စောင့်ပါလိမ့်မယ်"

"အဲဒီနတ်က ဆရာပဲဖြစ်မှာပါ"

"မင်း အဲဒီအပြောတွေနဲ့ ထွေးပုံကို ချစ်ရေးဆိုခဲ့တာလား"

တရုတ်ကလေးရဲ့မျက်နှာ ညှိုးငယ်တဲ့အပြုံးလေးဟာ ရုတ်တရက် ဖူး ပွင့်သွားတယ်။ အဲဒီအပြုံးကို ကျွန်တော် အခံစားနိုင်ဆုံးလူတစ်ယောက်ပေါ့။

* * *

## လူစည်တဲ့ တရားခွင်

တရားသူကြီးက တရားလိုတွေရော တရားလိုပြသက်သေတွေရော စစ် ပြီးပြီ။ တရားခံကိုလည်း စစ်တယ်။ တရားခံဘက်က ပြတဲ့သက်သေတွေလည်း စစ်ပြီးပြီ။ မိုးတွေမရွာဘဲနေသာတဲ့နေ့တစ်နေ့မှာ မှုခင်းဆရာဝန်ကို စစ်တယ်။ ကျွန်တော့်ရဲ့ ဆေးစစ်ချက် အစီရင်ခံစာကို တင်သွင်းတယ်။ စက်ရှင်တရားသူ ကြီးက သေသေချာချာ ဖတ်တယ်။ ပြီးတော့ သူသိလိုတဲ့ မေးခွန်းတချို့မေးတယ်။

ကျွန်တော်နဲ့ မထွေးပုံ တွေ့ကြ၊ ပြောကြဆိုကြပုံထဲက အရေးကြီးတဲ့ နေရာတချို့၊ ပရိသတ်ကြားရအောင် မေးတာပါ။ ဒါပေမဲ့ ကာယကံရှင်တွေ အရှက်မရစေချင်လို့ အတတ်ပညာပါပါမေးသလို ကျွန်တော်ကလည်း သူတို့ နှစ်ဦးနှစ်ဖက် ဂုဏ်သိက္ခာကိုငဲ့ပြီး လိမ္မာပါးနပ်စွာဖြေတော့ ရုံးမှာလာကြည့်သူတွေ အားရကျေနပ်ကြတယ်။ ဒီလိုအမှုမျိုး လူစိတ်ဝင်စားကြလေတော့ တရားခွင်မှာ

လူစည်နေတယ်။

တရားသူကြီးက မေးစရာတွေကုန်တော့ ကျွန်တော့်မှာ အသင့်ယူဆောင်လာတဲ့ အပ်နဲ့အပ်ချည်ကို ထုတ်ပြီး မထွေးပုံကို အပ်နဖားထဲ အပ်ချည်ထိုးအထည့်ခိုင်းတယ်။ စစချင်းတော့ စိတ်လှုပ်ရှားနေလေတော့ အပ်နဖားထဲ အပ်ချည်က တော်တော်နဲ့မဝင်ဘူး။ တရားခွင်တစ်ခုလုံး တိတ်လို့။ ဒီမြင်ကွင်းကို ဂရုစိုက်ကြည့်နေကြတယ်။ စက္ကန့်လေးဆယ်လောက်ကြာ ထင်ပါရဲ့။ အပ်ချည်နဲ့အပ် တွဲလျက်ဖြစ်သွားတယ်။

နောက်တစ်ခါ ဂုနီအိတ်ချုပ်တဲ့ အပ်နဲ့ ဂုန်ချည်ကြိုးနဲ့ထုတ်လိုက်ပြီး အထိုးခိုင်းတယ်။ မထွေးပုံက ဂုန်ချည်ကြိုးကိုကိုင်ပြီး ကျွန်တော့်လက်ထဲက ဂုန်နီအိတ်ချုပ်တဲ့ အပ်နဖားထဲကို ထိုးထည့်ရမှာ၊ ဒီတစ်ခါတော့ တစ်ရုံးလုံး ဝါးခနဲပွဲကျကြတယ်။ မထွေးပုံကထိုးလိုက် ကျွန်တော်က အပ်ကို ငြိမ်ငြိမ်မထားဘဲ ဘယ်ရှောင်ညာတိမ်းလိုက်။ နောက်တစ်ခါ မထွေးပုံက ထိုးဖို့ကြိုးစားလိုက်။ ကျွန်တော်က အပ်နဖားအပေါ်မြှင့်လိုက် အောက်လျှော့လိုက် ကစားနေလိုက်တာလေ။

ကျွန်တော့် ဆေးအစီရင်ခံစာနဲ့ ကျွန်တော့် ပါဖောမင့်က အမှုစီရင်ဖို့ တော်တော်ခိုင်လုံသွားတယ်။ တရားခံ အဲဒီအမှုက ကွင်းလုံးကျွတ်လွတ်တယ်။ တရားစီရင်ပြီးတော့ ကျွန်တော်မထွေးပုံကို ခေါ်ပြီး စကားတစ်ခွန်းပြောလိုက်တယ်။ သူလည်း ကျွန်တော်ပြောတာကို ယုံတယ်။ ရှက်တဲ့ မျက်နှာနဲ့ပေမဲ့ ခေါင်းတညိတ်ညိတ် လုပ်ရှာတယ်။

ညနေကြတော့ တရားခံ တရုတ်လေး ကျွန်တော့်ကို ငါးသေတ္တာတွေ၊ မုန့်သေတ္တာတွေနဲ့ လာကန်တော့တယ်။ ကျွန်တော့်ကို ဒီလိုကန်တော့ မခံနိုင်ဘူး။ မင်းမိဘတွေပါခေါ်ချေ။ သူတို့ကို အကန်တော့ခိုင်းမလို့ မဟုတ်ပါဘူး။ ငါစကားနည်းနည်းပြောစရာရှိတယ်။ အချိန်မရှိဘူး။ ငါ့မှာ အလုပ်တွေနဲ့။ အခုခေါ်ချေလို့ ပြောလွှတ်လိုက်တယ်။

သူ့မိဘတွေက သိပ်ပြီးတော့ အသက်မကြီးကြသေးပါဘူး။ မျက်နှာတွေကလည်း ခက်ထန်ထန်တွေ မဟုတ်ကြပါဘူး။ သူတို့မိသားစုကို နေရာထိုင်ခင်းပေးပြီး လူမှုရေးအရ ထိမ်းမြားလက်ထပ်သင့်အကြောင်း အကြောင်းအကျိုးတွေ ရှင်းပြ၊ နားချရတာလေ။ သူတို့လည်း ငြိမ်ပြီး နားထောင်နေကြတယ်။ နောက်တော့ ခေါင်းညိတ်ကြတယ်။ နောက်ပိုင်းတော့ ဟုတ်ကဲ့ပါဆရာလို့ နှုတ်က ထုတ်ပြောလာကြတယ်။

ကျွန်တော်ပြောတဲ့စကားတွေထဲမှာ ဘယ်သူ့ဘက်မှ မလိုက်ဘဲပြောနေမှန်း သူတို့ သိတယ်။ သားသမီးချင်းစာနာဖို့ အဓိကထားပြောတာ။ ဆင်းရဲနိမ့်ပါးသူ

တွေမို့ မြေနိမ့်ရာ လှံစိုက် မလုပ်ကြဖို့လည်းပါသလို လက်ထပ်ယူလိုက်ရင် အမျိုးဂုဏ် ဆွေဂုဏ် မျိုးဂုဏ်လည်း ဆည်ယူရာရောက်ကြောင်း ဖျောင်းဖျရတာ လေ။

တစ်ခါမှ ဒီလောက် လေရှည်ရှည်၊ စိတ်ရှည်ရှည်၊ ဖွဲ့ဖွဲ့နွဲ့နွဲ့ မပြောဖူးဘူး။ သူတို့နဲ့စကားတွေပြောနေချိန်မှာ မထွေးပုံနဲ့ သူ့မိဘမောင်ဖွား မျက်နှာလေးတွေ မြင်ယောင်နေတယ်။

လောကမှာ ခက်ခဲတဲ့အလုပ်လုပ်ရတာ စိတ်လှုပ်ရှားဖို့ကောင်းတယ်ဟုတ်လား။ ခက်ခဲတဲ့အလုပ်မှာ ကိုယ်စည်းရုံးသိမ်းသွင်းလို့ ကိုယ့်စကားအောင်ရင် ပျော်စရာ ဘယ်လောက်ကောင်းတယ်ဆိုတာ ကိုယ်တွေ့ကြုံဖူးသူ့ကိုင်း သိတယ်။ ဒီလိုပြောလို့ဆိုလို့ အောင်မှာမှန်းသိရင် မထွေးပုံတို့ မိသားစု ပြေးခေါ်ချင်စိတ် ပေါက်မိတယ်။ သူတို့မဖြစ်သင့်တာ မဖြစ်ဖို့။ မလုပ်သင့်တာ မလုပ်ဖို့ အကြိမ်ကြိမ်မှာလိုက်တယ်လေ။

မတတ်နိုင်တော့ဘူး။ ဒီဇာတ်လမ်းပြီးအောင် ဆက်ကရတော့တာပဲ။ လူကြီးစုံရာနဲ့ တင့်တောင်းတင့်တယ် တောင်းရမ်းကြဖို့ ကျွန်တော့်တို့ရှေ့မှာ ပြက္ခဒိန်ချပြီး ရက်ကောင်းရက်ရာဇာ ရွေးကြတယ်။ ဒါကိုပဲ ဖအေလုပ်သူက ဝါတွင်းကာလကြီးမို့ ဘာညာလုပ်ချင်နေသေးတယ်။ မင်္ဂလာဆောင်ကြတာမှ မဟုတ်တာ။ စေ့စပ်ကြောင်းလမ်းတာ၊ ဝါတွင်းလည်း လုပ်ကောင်းတယ်။ အဲဒီနေ့၊ ဟိုရက် နှစ်ရက် ခင်ဗျားတို့ ကြိုက်ရာရွေးကြ၊ ကျွန်တော်ပါလိုက်ခဲ့မယ်။ အတည်အပိုင်ကို ဇွတ်ချုပ်လိုက်ရတယ်။

သတို့သားလောင်းနဲ့ သူ့မိသားစု ကြည်ကြည်လင်လင်နဲ့ ပြန်သွားကြတယ်။ နောက်တစ်နေ့မနက်အစော မိတ်ဆွေတစ်ယောက်ကို ထွေးပုံတို့နေကြတဲ့ ကျွဲကူးရွာကို သတင်းကောင်းအပြောလွှတ်လိုက်ပြီး၊ မိသားစုဝင်တစ်ယောက်ယောက် ကျွန်တော့်ကို လာတွေ့ဖို့ အခေါ်လွှတ်ရတယ်။ မိတ်ဆွေကိုကြည်လင်ကလည်း သတင်းကောင်း၊ မင်္ဂလာသတင်း ပြောရမှာဆိုတော့ ခပ်သွက်သွက်ပဲ ချီတက်သွားတယ်။

ဝတ္ထုဇာတ်လမ်းတွေ ရုပ်ရှင်တွေထဲမှာတော့ မိတ်ဆွေကိုကြည်လင် ကျွဲကူးကို ရောက်တဲ့အခါ မထွေးပုံတို့အိမ်က တံခါးပိတ်လျက်သားကြီး တွေ့လိုက်ရတယ်။ နံဘေးအိမ်တွေရော အနီးအနားအိမ်တွေကပါ ဘယ်ကိုသွားကြမှန်းမသိဘူး။ တစ်ခါမှ ဒီလိုတစ်အိမ်လုံး တံခါးပိတ်ပြီး မသွားဖူးဘူး။ မနေ့က မြိတ်က ပြန်လာကြပြီး တစ်မိသားစုလုံး မှိုင်တွေငေးနေကြတာ တွေ့တယ်။ မျက်နှာတွေလည်း မသာမယာနဲ့။ ဘာမှ မေးလို့မရဘူးဆိုတာမျိုးတွေ ရေးကြဖွဲ့ကြ သရုပ်

ဆောင်ကြမှာပဲ။

မထွေးပုံတို့ မိသားစု ကျွန်တော့်ကို ယုံကြည်အားကိုးကြတယ်။ ကျွန်တော် မထွေးပုံတို့ မိသားစု ကျွန်တော့်ကို ယုံကြည်အားကိုးကြတယ်။ ကျွန်တော် အမှုမှန်ကို ဖော်ထုတ်မယ်ဆိုတာလည်း သူတို့သိ အမှုမှန်ဖော်ထုတ်ရမယ့်လူမို့ အမှုမှန်ကို ဖော်ထုတ်မယ်ဆိုတာလည်း သူတို့သိကြတယ်။ ကျွန်တော် တရုတ်ကပြားပေမဲ့ တရုတ်လူမျိုးတွေ အနိုင်ရစေရမယ်ဆိုတဲ့ လူမျိုးစွဲနဲ့ မလုပ်ဘူးဆိုတာလည်း သူတို့ ယုံလောက်အောင်ပြောထားတယ်။

လူငယ်ချင်း တကယ်မေတ္တာသက်ဝင်ရင် ပေါင်းဖက်ရစေ့မယ်။ ဘာမှ စိတ်ခတ်မကျနဲ့၊ ဆရာတတ်စွမ်းသမျှ ကူညီမယ်။ တကယ်တော့ သူတို့ခမျာ တောသူတောင်သားအရိုးခံတွေ။ ဘယ်သူကမြတ်လို့ ဘယ်သူကရှုံးတယ်။ ယောက်ျားလေးရှင်က အသာစီးရလို့ မိန်းကလေးရှင် နစ်နာတယ်လို့ မဖြစ်စေချင်ဘူး။ မဖြစ်စေရဘူး။ မြိတ်မြို့သူမြို့သားတွေအပေါ် ကျွန်တော်ထားတဲ့ စေတနာ ရောင်ပြန်ဟပ်တာပဲထင်ပါရဲ့။ ယောက်ျားလေးရှင်တွေက ကျွန်တော့် သိမ်းသွင်းတာ နားထောင်ကြတယ်။ ဘယ်လောက်ပီတိဖြစ်စရာကောင်းသလဲ။

အဲဒီညနေက ကျွန်တော့်မှာ ဝမ်းသာကြည်နူးလိုက်တာ။ ပီတိတွေဝေလို့။ ဒီလိုညနေခင်းမှာ ပျော်ရွှင်ကြည်နူးစိတ်ကို အားဖြည့်ဖို့ ကျွန်တော် ဝီစကီနည်းနည်းသောက်ချင်စိတ်ပေါ်မိတယ်။ များများမဟုတ်ပါဘူး။ သတို့သားအတွက် တစ်ပက်၊ မထွေးပုံအတွက် တစ်ပက်။ စုစုပေါင်း နှစ်ပက်။ အမြည်းတော့ ထွေထွေထူးထူး လုပ်မနေပါဘူး။ ကျွန်တော်ကြိုက်တဲ့ စီးကရက်နဲ့ မြည်းလိုက်တာပါပဲ။ ကျွန်တော့် စိတ်အထင်တော့ စိတ်ညစ်လို့ အရက်ကိုသောက်ရင် ဆိုးကျိုးဖြစ်ဖို့ ဘေးဖြစ်ဖို့ များတယ်။ ပျော်ရွှင်လို့ ကြည်နူးလို့ သောက်ရင်ကောင်းကျိုးဖြစ်တယ်၊ ဆေးဖြစ်တယ် ထင်တာပဲ။

ပင်လယ်ပြင်ကိုငေး၊ အရက်တကျိုက်ကျိုက်၊ သူတို့မင်္ဂလာဆောင်မှာ ဘာလက်ဖွဲ့ရင်ကောင်းမလဲ။ သူတို့ဘဝသူတို့ ရှန်းကန်ကြရမှာလား။ မိဘတွေ လုပ်ငန်းကို ဦးစီးကြရမှာလား။ မင်္ဂလာဦး အသုံးတည့်တာ တစ်ခုခု လက်ဖွဲ့ချင်တယ်။ တကယ်တော့ ဘာမှလက်မဖွဲ့ရင်လည်း သူတို့ဇနီးမောင်နှံ ကျွန်တော့်ကို သတိရနေကြမှာပါ။ ကျွန်တော်ဟာ ခွဲစိတ်ဆရာဝန်တစ်ယောက်ဖြစ်သလို၊ မှုခင်းတဲ့ ဖူးစာရေးနတ်တစ်ဖြစ်လဲ နေပြီလေ။

ပင်လယ်ပြင်ကိုငေး၊ ပင်လယ်လေကိုရှူ၊ ဝီစကီအေးစိမ့်စိမ့်နဲ့ ဆက်ရက် မင်းစည်းစိမ်ခံစားနေမိတယ်။ သိပ်ပျော်ဖို့ကောင်းတဲ့၊ သိပ်ကြည်နူးသိပ်သာယာတဲ့၊ သိပ်လှပတဲ့ ချစ်စရာ မြိတ်ညနေချမ်းလေးပါလား။ သတို့သားနဲ့ သတို့သမီး

တို့အတွက် နှစ်ပက်ကနေ နှစ်ဖက်မိဘတွေအတွက်ပါ တစ်ပက်ထပ်တိုးလိုက်မိတယ်။

* * *

## ကြာသပတေးနံပါတဲ့ မြို့ကြီးသို့

နောက်တစ်နေ့မနက် ဆယ်နာရီလောက်မှာ မထွေးပုံနဲ့ သူ့အမေ ရောက်လာကြတယ်။ သူတို့ကို နေရာထိုင်ခင်းပေးတော့ တိုက်တိုက်ဆိုင်ဆိုင် ထွေးပုံအမေက မနေ့က တရုတ်မထိုင်တဲ့ ကုလားထိုင်မှာ ထိုင်ပြီး မထွေးပုံက သူ့ရည်းစားထိုင်တဲ့ ကုလားထိုင်မှာထိုင်လို့။ တစ်ယောက်တည်း ကျိတ်ပြုံးမိသေးတယ်။ ဒီမြင်ကွင်းကိုကြည့်ပြီး တိုက်ဆိုင်မှုကိုလည်း အံ့သြမိတယ်။ ဒီပြင်ထိုင်စရာ ထိုင်ခုံတွေအများကြီးရှိပါလျက်နဲ့။ ဒါလည်း သူတို့နှစ်ဦး ပေါင်းဖက်ရမယ့် ကံကောင်းခြင်း အတိတ်နိမိတ်ထင်ပါရဲ့လို့ အောက်မေ့မိတယ်။

ကျွဲကူးသူနှစ်ယောက်ကို မနေ့ညက လာကန်တော့ကြပုံကစပြီး နောက်ဆုံးစကားကောင်း၊ ကတိကောင်းတွေရလိုက်ပုံအထိ ခရေစေ့တွင်းကျပြောပြလိုက်တယ်။

သားအမိ နှစ်ယောက်စလုံး သူတို့နားသူ ဘို့ မယုံနိုင်အောင် ဖြစ်နေကြမှန်း ကျွန်တော်သိတယ်။ သူတို့အပြုံးက ကျွန်တော့်ရင်ထဲရောက်လာသလို သားအမိနှစ်ယောက်ရဲ့အပျော်က ကျွန်တော့်ကို ကူးစက်တယ်။ သူတို့ ဖွင့်မပြောပေမဲ့ သူတို့လူပုံလယ်မှ အရှက်ကို ကာကွယ်နိုင်တော့မယ်လို့ ခံစားမိပြီး ယုံကြည်မှုရှိလာကြထင်ပါရဲ့။ ထွေးပုံပါးနှစ်ဖက်မှာ နီရဲစပြုနေတယ်။

ပြန်ခါနီးတော့ ဆရာကတော်ပါ ကြွခဲ့ပါဦးဆိုလို့ အုန်းအုန်းကိုခေါ်ပြီး အုန်းအုန်းလာတော့ သားအမိနှစ်ယောက် ထိုင်ကန်တော့ကြလို့ ဆုမွန်ကောင်းတောင်းပေးလိုက်တယ်။ မင်္ဂလာပွဲအောင်မြင်စေကြောင်းနဲ့ သာယာတဲ့ အိမ်ထောင်ထူထောင်နိုင်ပါစေကြောင်းတွေလေ။ အုန်းက သူ့အထဲ အလွယ်ပါတဲ့ ငါးဆယ်တန်တစ်ရွက် လမ်းစရိတ်ပေးလိုက်သေးတယ်။ မယူပါရစေနဲ့ ငြင်းနေလို့ ဇွတ်အတင်းပေးလိုက်ရတယ်။

အဲဒီ ခရီးစရိတ် ငွေ ငါးဆယ်ဆိုတာ အဲဒီခေတ်ကတော့ အလွန်များပါတယ်။ ကျွဲကူးနဲ့ မြိတ်အသွားအပြန်မှ စရိတ်ကုန်ကျမှု လွန်ရောငါးကျပ်။ သားအမိနှစ်ယောက် တစ်ဆယ်ကုန်တော့မပေါ့။ ငါးဆယ်က အဖိုးတန်သေးတယ်။

အဲဒီငွေက သူတို့အတွက် မင်္ဂလာလက်ဖွဲ့ငွေဖြစ်သွားမှန်း နောက်မှသိရတယ်။ မထွေးပုံတို့ မင်္ဂလာပွဲ အောင်အောင်မြင်မြင်ရှိကြောင်း နောက်တော့ သိရတယ်။ ကျွန်တော့်ကို ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဘသန်းက လွမ်းခေါ် လို့ မန္တလေးကို ပြောင်းရတယ်။ ၁၉၆၄ ခုနှစ်ကပါ။ မန္တလေးပြည်သူ့ဆေးရုံကြီး မှာ အလုပ်ဝင်ရမယ်။ ဆေးရုံအုပ်ကို ကျွန်တော်သတင်းပို့ရတာ ထုံးစံပါ။

မန္တလေးဆိုတာ မြိတ်နဲ့ မအက္ခရာ ကြာသပတေးနံချင်းတူပေမဲ့ ကျန်တာ ဘာမှမတူပါဘူး။ ရာသီဥတုမတူဘူး။ တခြားစီပဲ။ လူတွေလည်း စရိုက်တွေ၊ ပြောဆိုပုံတွေ မတူကြဘူး။ မြိတ်သူမြိတ်သားကအသံ မြိတ်သံဝဲတယ်။ ပွင့်လင်း တယ်။ မြို့ကြီးမို့ မန္တလေးမှာ ပညာသည်ကြီးတွေရှိတယ်။ သိပ်သတိထားရတယ်။

ကျွန်တော်ရောက်ကြောင်း ဂျူတီရီပို့လုပ်တဲ့အချိန် ဆေးရုံအုပ်ကြီးက ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းပါလေရော။ သူ့ဘာသာ မိသားစုနဲ့ အဲဒါမှ မဟုတ် အထက်လူကြီးနဲ့ ဒါမှမဟုတ် လုပ်ဖော်ကိုင်ဖက် တစ်ဦးဦးနဲ့ အဆင် မပြေနေတာလား၊ ဘာလားမသိဘူး။ လူမှားငေါက်နေသလား ထင်ရတယ်။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ခါရှိသေးတယ်။

"မင်း အဘိုးကြီး(ဒေါက်တာ ဘသန်း)ကို ဘာတွေသွားပြီး ချွန်တွန်းလုပ် ထားသလဲ"

"မလုပ်ပါဘူးဆရာ၊ ကျွန်တော် အခုမှ ဂျူတီရီပို့လုပ်တာပါ"

"မင်းနောက်ကွယ်မှာ ပလာစတာ အကြီးကြီးရှိတယ်ဆိုတဲ့ အချိုးလာ မချိုးနဲ့နော်"

ဘာလဲ၊ ဒါဘာသဘောလဲ၊ ဘယ်သူ့ကို ပြောနေတာလဲ အမြန်စဉ်းစား ရင်း

"နောက်ကွယ်က ဘယ်သူမှ မရှိပါဘူး ဆရာ"

"တောက်" ဆေးရုံအုပ်ကြီးဆီက အသံကျယ်ကျယ်တောက်ခေါက်သံ ကြီး ထွက်လာပြီး စားပွဲပေါ်က လူခေါ်ခေါင်းလောင်းကို ဒေါသတကြီး နှိပ်ချ လိုက်တယ်။

"ချွမ်"

ငါတော့ ဒီကို ပြောင်းရတာမှားပြီထင်တယ်။ မန္တလေးဘီယာ၊ မန္တလေးရမ် နာမည်ကြီးပေမဲ့ သောက်ချင်စားချင်စိတ်ကို မရှိတော့ဘူး။ သူ့ရုံးလုလင်လေး ဝင်လာပြီး ဦးညွတ်အရိုအသေပေးပြီး မျက်နှာငုံ့ပြီး အမိန့်နာခံဖို့ စောင့်နေတယ်။

"သွား ဒေါက်တာ ဦးအောင်ညွှန့်ကို အရေးကြီးလို့ အခုလိုက်ခဲ့ပါ ခေါ်ချေ"

ကျွန်တော့်ကို ထိုင်ပါ တစ်ခွန်းမပြောလို့ ကျွန်တော်လည်း ယို့ယို့လေး

ရပ်နေရတယ်။ ဒါရောက်လာခါစ ဆရာဝန်သစ်တစ်ယောက်ရဲ့မာန်စွယ်တွေ ချိုးနေတာလေလားလို့ အောက်မေ့မိတယ်။ ဆရာကြီး ဦးအောင်ညွန့်ရဲ့ဝဒ်က ဘယ်နားမှာပါလိမ့်။ ဆေးရုံအုပ်ကြီးရဲ့ ရုံးခန်းနဲ့ ဘယ်လောက်တောင် ဝေးတာပါလိမ့်။ တစ်စက္ကန့်ဆိုတာ ဟောဒီလို ဗျူရိုကရက်ကြီးတစ်ယောက်ရှေ့မှာ အကြာကြီးပဲ။ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်မသွားအောင် မနည်းအားတင်းမိတယ်။

တံခါးဖွင့်သံနှင့်အတူ ဆေးရုံအုပ်ဆီက စကားစက်သေနတ်ပစ်သလို ဆက်တိုက်ထွက်လာတယ်။

“ဆရာကြီးထိုင်ပါခင်ဗျာ၊ ဒီအကောင်ကြောင့် အဘိုးကြီးက ကျွန်တော့်ကိုဆူတယ်။ မြိတ်ကပြောင်းလာတာ သိန်းလှိုင်တဲ့။ သူ့ကိုဝဒ်တစ်ခုခုမှာ တာဝန်ချရမှာ၊ အဲဒါဘယ်လိုလုပ်ကြမလဲ။ ကျွန်တော်လည်း စီမံဖို့ခက်တယ်၊ အဘိုးကြီးမရှိရင် ဆရာကြီးပဲ တာဝန်အရှိဆုံးဟုတ်လား”

ဦးအောင်ညွန့်က စောင်းနေတဲ့ သူ့ဇက်ကြီးကို ရသလောက်လှည့်ပြီး ကျွန်တော့်ကို ရှုတင်းတင်းကြည့်ရင်း

“ဟေ့ကောင် မင်း ဘာတွေခွဲခဲ့ဖူးသလဲ”

“ဟင့်အင်း ဘာတွေမှ မခွဲဖူးပါဘူး”

သူ့အမေးကို ဦးနှောက်နဲ့ နားထောင်ပြီး နှလုံးသားနဲ့ ပြန်ဖြေလိုက်တာ။

ဦးအောင်ညွန့်ရဲ့မေးခွန်းဟာ မင်း မလုပ်တတ်၊ မခွဲတတ်တာ ဘာတွေလဲကွလို့ မေးလိုက်သလိုပါပဲ။

“ဟာ ဒီလိုအရည်အချင်းနဲ့တော့ ဘယ်လိုလုပ်ကြမလဲ ကိုထွန်းမင်း၊ အရေးပေါ်ခွဲစိတ်ကြရမယ်ဆိုရင် ဒုက္ခပဲ”

သိပ်ကျေနပ်ပုံမရဘူး၊ ဆက်မေးသေးတယ်။

“နေပါဦးကွ ဘယ်ဝဒ်တွေ တာဝန်ယူခဲ့ဖူးလဲ”

“ဘယ်ဝဒ်မှ မယူဖူးပါဘူး”

ခေါင်းကို ချာခနဲလှည့်သွားပြီး ခေါင်းယမ်းရင်း

“ဟင် ဒီလိုဆိုရင် ဘယ်လိုလုပ်ကြမလဲ ကိုထွန်းမင်း”

“ကျွန်တော်လည်း မသိတော့ဘူး၊ အဘိုးကြီးကတော့ ခွဲစိတ်ဝဒ်ထားစေချင်နေတာ”

“ငါ့ ဝဒ်မှာနေ၊ အဘိုးကြီးကို ငါပြောမယ်၊ မင်း ဘောပဲခွဲ၊ ဘောခွဲတဲ့အလုပ်ကလွဲရင် ဘာမှဝင်မပါနဲ့ နားလည်လား”

ပါးစပ်ကနေ “ဟုတ်ကဲ့ဆရာ”လို့ ပြောပေမဲ့ စိတ်ထဲမှာ ကျိတ်ပြီးပြုံးမိတယ်။ သြော် မန္တလေးသမားတော်ကြီးတွေ။

"ကျန်တာ ဘာရောဂါပဲလာလာ၊ ငါ့ကို အကြောင်းကြားရမယ်နော်"

"ဟုတ်ကဲ့ ခင်ဗျာ"

"နေ့ရော ညပါ မှတ်ထားနော်"

"ဒီ အကြောင်းလေး စာရေးမှတ်တမ်းတင်ထားရင် ကောင်းမယ်ထင်တယ် ဆရာ"

"ဟေ့လူ ကိုထွန်းမင်း ဒီအကောင် ငရွှတ်ပဲ၊ ရွှတ်တွတ်တွတ်နဲ့"

"ဆရာက ညမှာလည်း ဘာမဆို ဆရာ့ကို ခေါ်ရမယ်ဆိုတော့"

"ကဲကွာ မင်းမနိုင်တာရှိရင် ငါ့ကိုခေါ်ကွာ"

"ကတိပေးပါတယ်ဆရာ၊ မနိုင်ရင် ခေါ်မှာပါ"

"ကျွန်တော် အလုပ်စဝင်တဲ့နေ့ကစပြီး ခွဲစိတ်လို့မနိုင်တဲ့ကိစ္စတွေပေါ်ရင် ဆရာ့ကိုခေါ်မယ်၊ နိုင်ရင်တော့ ကျွန်တော့်သမိုင်းမှာ ဘယ်သူ့ကိုမှ ခေါ်ရိုးထုံးစံ မရှိဘူး"

ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းမင်းရော ဆရာဦးအောင်ညွန့်ရော ကျွန်တော့်ပြောပုံဆိုပေါက် သဘောမကျမှန်း အကဲခတ်မိတယ်။ အံမာ ချာတိတ်က လာလာချေသေးဆိုတဲ့ မျက်နှာကိုယ်စီနဲ့။

"ကဲ ဒါဆိုရင် သူ့ကို အော်ဒါထုတ်ပေးလိုက်"

"ကျွန်တော် သွားလို့ရပါပြီလား ဆရာတို့"

ဆရာကြီးနှစ်ယောက် ဓာတ်တိုက်ထားကြသလိုပဲ ပြိုင်တူ ပြောလိုက်ကြတယ်။

"အေး"

အခန်းတံခါး ပြန်စေ့လို့မှ ခြေတစ်လှမ်း မကျော်သေးဘူး

"ကြောင်တောင်တောင် ခွကျတတ အကောင်နေမှာပါ"ဆိုတဲ့အသံ ကြားဖြစ်အောင် ကြားလိုက်ရသေးတယ်။

* * *

## ကြောင်တောင်တောင် ခွကျတတ အကောင်

ဒေါက်တာ ဉာဏ်ချစ်ရဲ့ညီ ကိုဉာဏ်မြင့်က ကျွန်တော်ထိုင်ရမယ့် အခန်းထဲက စားပွဲပေါ်ကို ခြေထောက်လှမ်းတင်ပြီး အခန်း၀ ကျောပေးထိုင်နေတယ်။ ကျွန်တော် တာ၀န်ကျတဲ့ခွဲစိတ်ရုံမှာ ဆရာ၀န်ဆင်း (နောင်ကေအင်ပယူမှာ စစ်ဗိုလ်

အရာရှိကြီး)က အဲဒီတုန်းက ဟောက်စ်ဆာဂျင်ပဲရှိသေးတယ်။ နားနှာခေါင်းလည်ချောင်း ဆရာဝန်ဖြစ်မယ့် ကိုတင်ညွန့်တို့ ကိုတင်မောင်ဦးတို့က ဟောက်စ်ဆာဂျင်တွေလေ။

"ခင်ဗျားတို့က ခွဲစိတ်ရုံမှာ တာဝန်ကျတဲ့ ဆရာဝန်တွေလား"

ကျွန်တော်က သူတို့ကို လေးစားသမှုနဲ့ ခင်ဗျားလို့ ခေါ်ဝေါ်သုံးနှုန်းပေမဲ့ ကိုဉာဏ်မြင့်က လည်ပြန်လှည့်ကြည့်ရင်း

"မင်း ဘယ်သူလဲ"လို့ ပြန်မေးတယ်။

ကျွန်တော် Chief Assistant To Professor (ပါမောက္ခရဲ့လက်ထောက်ချုပ်)ပဲလို့ ဖြေလိုက်တော့ ကိုဉာဏ်မြင့်စားပွဲပေါ်တင်ထားတဲ့ သူ့ခြေထောက်ကို ရုတ်ပစ်လိုက်တယ်။ ပြီးတော့ မဆိုင်းမငံ့ဘဲ

"FRCS ရလာတာလား"

လို့ အတွန့်တက်မေးခွန်း ဆက်လာတယ်။

"ဟာ ဒါတွေ မမေးနဲ့လေ၊ ဒီနေ့ကစပြီး ဒီလိုအမေးကို ရပ်တန်းကရပ်ကြပါ၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်အသည်းမှာ သေရာပါမယ့် ဒဏ်ရာရှိတယ်၊ ကျွန်တော့်ကို ခင်မင်ရင် ဒီအကြောင်း စကားမစကြပါနဲ့"

ဒီစကားကို ကြားတော့ သူတို့ စိတ်ထဲ တစ်ခုခုတော့ ခံစားသွားကြတယ်ထင်ပါရဲ့။ သူတို့မျက်နှာတွေကို အကဲခတ်ရခက်တယ်။ အောင်မယ် ကြီးကျယ်လိုက်တာကွာဆိုတာမျိုးလည်း ပါနိုင်သလို၊ ဘာတုံးဟ၊ ဆန်းဆန်းပြားပြား။ မကြားဖူးပေါင် ဆင်ကြီး ဂဠုန်ချီဆိုတာမျိုးတွေ နေမှာပေါ့။

"ခင်ဗျားတို့က ဟောက်စ်ဆာဂျင်တွေလား"

"ဟုတ်တယ်"

ဒီအခန်းမှာ ကျွန်တော်ထိုင်မှာ၊ ခင်ဗျားတို့ အကုန်ထွက်ပေးကြပါ။ ဝဒ်ထဲမှာရှိတဲ့ အလုပ်သမားတွေနဲ့ အခန်းသန့်ရှင်းရေးလုပ်တယ်။ ဗီရိုတွေ ရွှေ့သင့်တာရွှေ့တယ်။ ခုတင်အထားအသိုပြင်တယ်။ စားပွဲအလင်းရောင် ကောင်းတဲ့ဘက်တိုးတယ်၊ ဒီလို ရွှေ့တာပြောင်းတာကို တချို့က ယတြာချေတယ်လို့ ထင်ကြတယ်။ ချေတဲ့သူလည်းရှိချင်ရှိမှာပေါ့။ လူကြီးအသစ်ပြောင်းလာရင် ဒါမျိုးချည်းပဲလို့ ထင်ကြသူလည်း ရှိမယ်။ ကျွန်တော်ကတော့ သန့်ရှင်းချင်တာ၊ လင်းချင်းချင်တာ၊ လေဝင်လေထွက် ကောင်းချင်တာ။ ပြီးတော့ ဒီအခန်းထဲဝင်လာရင် အရင်လိုပါပဲကွာဆိုတဲ့ စိတ်ခံစားမှုမျိုး ရမသွားစေချင်တာလည်းပါတယ်။

အခန်းကို စိတ်တိုင်းကျပြင်ဆင်ပြီးတော့ ထဘီအစိမ်းဝတ် ဆရာမကြီးကို ဟောက်စ်ဆာဂျင်တွေ အစုခိုင်းလိုက်တယ်။ သူတို့ရောက်လာကြတဲ့အခါ

အမှာစကားနည်းနည်းပြောတယ်။ ကျွန်တော်ဖြစ်ချင်တာတွေ၊ သူတို့လိုက်နာဆောင်ရွက်ရမှာလေးတွေ သာသာချိုချို၊ သူတို့ နားထဲဝင်ပြီး မှတ်မိအောင်ပြောပြတယ်။ ပထမအစတော့ သူတို့အကြည့်တွေက "ဟ ဒီဆရာက ဘယ်လိုလဲဟ၊ ဘာဒီနိုင်းလဲ" ဒီလိုအကြည့်တွေနဲ့ကြည့်ရင်း နားထောင်နေကြတယ်။

ကျွန်တော် ဒီလိုပြောနေတာ ကျွန်တော့်အတွက်ပြောနေတာ မဟုတ်မှန်း တဖြည်းဖြည်း သူတို့သဘောပေါက်လာကြတယ်။ လူနာတွေအတွက် ပြောတာဖြစ်သလို၊ သူတို့အတွက်လည်း စေတနာပါကြောင်း သိနားလည်လာတဲ့အခါ သူတို့အကြည့်တွေ၊ နားစိုက်မှုတွေက ပြေလျော့လာကြတယ်။ သူတို့ နှုတ်ခမ်းမှာ အပြုံးလေး၊ အရယ်လေးတွေ တွေ့လာရတယ်။

ခုတင်အမှတ် ၁ ကနေ ဘယ်လောက်အထိ ဘယ်ဟောက်စ်တွေ တာဝန်ယူ၊ ဘယ်နံပါတ်ကနေဘယ်အထိ ဘယ်သူနဲ့ဘယ်သူ၊ အကုန်လုံးရေးပြီး မှတ်တမ်းတင်ရတယ်။

"မင်းတို့ကျောင်းသားဘဝတုန်းက ဝဒ်ထဲဆင်းရင် လေ့လာတွေ့ရှိချက်တွေ၊ စမ်းသပ်တွေ့ရှိချက် အပြည့်အစုံရေးသလို အခုလည်း ရေးထားရမယ်။ ကိုယ်ပေးထားတဲ့ကုထုံးနဲ့ ထူးခြားမှုတွေ တိုးတက်မှုတွေလည်း မှတ်တမ်းရေးရမယ်"

သူတို့မှာ လိုက်နာချင်တဲ့စိတ်ရှိကြောင်း သူတို့မျက်လုံးတွေက သက်သေခံနေကြတယ်။

"ဟုတ်ပြီနော်၊ မောင်ရင်တို့ဘက်က အခက်အခဲရှိရင် ဆရာ့ကို လာပြောကြ၊ ပွင့်ပွင့်လင်းလင်း ပြောလို့ရတယ်။ ဆရာ မင်းတို့ကို မဆူဘူး၊ မငေါက်ဘူး၊ တကယ်လို့ အော်ဖြစ်ခဲ့ဦးတော့ မုန်းလို့ မဟုတ်ဘူးနော်၊ စေတနာနဲ့ အားမလိုအားမရဖြစ်လို့ အော်မိတာပဲ ဖြစ်မယ်၊ ဟုတ်ပြီနော်"

ကျွန်တော်ဆေးတက္ကသိုလ်ကနေ ဆေးရုံကို လေ့လာကြတဲ့ကျောင်းသူကျောင်းသားတွေနဲ့လည်း ဆုံရကြုံရတယ်။ ရောက်ပြီးလို့ သိပ်မကြာဘူး၊ တစ်နေ့တော့ အရေးပေါ်လူနာတွေ ရောက်လာပါလေရော။ မြို့ထဲမှာ ဆောက်လက်စဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုက ငြမ်းပြုတ်ကျလို့ လူနာခုနစ်ယောက်ရောက်လာကြတယ်။

ခုနစ်ယောက်တစ်ပြိုင်နက် ရောက်လာတော့ ဝဒ်တစ်ခုလုံး ပျာယာခတ်အလုပ်တွေ များကုန်ကြတာပေါ့။ ဟောက်စ်တွေကို ခေါင်းအေးအေး သွေးအေးအေးနဲ့ စမ်းသပ်ကြပြီး တွေ့ရှိချက်တွေ ရေးမှတ်၊ ပြန်ပြောဖို့ မှာလိုက်တယ်။

"ဒီခုတင်ပေါ်က လူနာ ဘယ်သူစမ်းသပ်သလဲ"

"ကျွန်တော်ပါ ဆရာ"

"ကောင်းပြီ မောင်ရင့်တွေ့ရှိချက် ဆရာ့ကို ပြောပြ"

သူတို့ ကျွန်တော့်စကား နားထောင်ကြတယ်။ သူတို့စမ်းသပ်တွေ့ရှိချက်တွေ ကောင်းကြတယ်။

"ဒီခုတင်ကရော ဘယ်ဟောက်စ်လဲ"

"ကျွန်တော် ကြည့်နေစမ်းနေတာဆရာ၊ ဘာမှရှာမတွေ့ဘူး"

လူနာကတော့ မျက်နှာလေး တော်တော်မဲ့နေရှာတယ်။ ပါးစပ်ကလည်း စုတ်တသပ်သပ်နဲ့၊ တစ်ချက်တစ်ချက် ညည်းသံသဲ့သဲ့ ထွက်နေတယ်။

"မောင်ရင် သေချာစမ်းရဲ့လား"

နံဘေးက စူးစမ်းလိုစိတ်၊ ပညာလိုချင်စိတ်ရှိတဲ့ ဟောက်စ်ဆာဂျင်လေးတွေ ဒီခုတင်ဘက်ကို စုပြုံလာကြတယ်။

"ဘာမှ မတွေ့ဘူး၊ သွေးယိုတာ စိမ့်တာလည်း မမြင်ဘူး"

ကျွန်တော် လူနာကို လက်နဲ့တောင်မထိလိုက်မိဘူး၊ အနားမှာရှိတဲ့ သူနာပြုဆရာမတစ်ယောက်ကို...

"ခွဲစိတ်ခန်းကို အကြောင်းကြားလိုက် ဆရာမ၊ အရေးပေါ်ခွဲစိတ်စရာရှိတယ်"

"ဒီလူနာ အူနာပေါက်နေပြီ၊ အူမကြီးနဲ့ အူသိမ်ဆုံတဲ့နေရာကနေ ခြောက်လက်မလောက်အကွာလောက်မှာ အူပေါက်နေတာ"

"ငါ့ညီ အသက်မှန်မှန်ရှုစမ်း"

"ဆရာလက်နဲ့ မစမ်းဘဲနဲ့ ဘယ်လိုလုပ်ပြီး ဒီစကားပြောလိုက်တာလဲ"

ကျွန်တော့်ညာဘက်က ဟောက်စ်ဆာဂျင်တစ်ယောက်က မေးခွန်းမဝံ့မရဲနှင့် ထုတ်တယ်။ ကျန်တဲ့လူတွေဆီ မျက်စိရောက်သွားကြရာက ကျွန်တော့်ဆီ သူတို့မျက်လုံးတွေ ပြန်ရောက်လာကြတယ်။

သူတို့နားလည်လောက်တဲ့စကား ခပ်တိုတိုပဲ ပြောလိုက်တယ်။

**Try not to teach me**

**Try how to learn**

* * *

ခွဲစိတ်ခန်းက တစ်နေ့တာ ခွဲစိတ်ရမယ့် လူတွေခွဲစိတ်ပြီးလို့ ပိတ်တော့မယ်လို့ လုပ်နေချိန်ဆိုတော့ အရေးပေါ်လူနာကို တွန်းလှည်းပေါ်တင်ပြီး ခပ်သုတ်သုတ်တွန်းသွားရတယ်။ လမ်းတစ်လျှောက် ပလက်ဖောင်းဆက်ကြောင်းတွေက မကောင်းတော့ တွန်းလှည်းသံက ခပ်ကျယ်ကျယ် မြည်တယ်။ လူနာခမျာ မျက်စိစုံမှိတ်ထားရာက မျက်လုံးမှိတ်လျက် မျက်မှောင်ကြုတ်လိုက်လာရတယ်။

ခွဲစိတ်ခန်းနားရောက်တော့ မေ့ဆေးဆရာဝန်ကြီးနဲ့ ပက်ပင်းတိုးပါရောလား။

"ဘာလို့ လာကြတာလဲကွ"

"နောက်ရောက်လာတဲ့ဆရာဝန်က လူနာကို လက်နဲ့တောင် မစမ်းသပ်ဘဲနဲ့ ဒီလူနာ အူပေါက်သွားပြီ ခွဲခန်းချက်ချင်းပို့ ဆိုလို့"

"အံမယ် နန်းတွင်းဆရာတော်ကြီးဆိုတာ မကြားဖူးဘူးလား၊ ဒီဆေးရုံကြီးမှာ ငါက နန်းတွင်းသမားတော်ကြီးပဲ၊ သွား တွန်းလှည်း ပြန်တွန်းသွားကြ"

ဟောက်စ်ဆာဂျင်လေးတွေနဲ့ ဝဒ်ထဲက အလုပ်သမားတွေ လူနာတွန်းလှည်းကို ဝဒ်ဘက် ပြန်တွန်းလာကြတယ်။ ကျွန်တော့်ဘက်ကို ဦးတည်လာနေတဲ့ တွန်းလှည်းနဲ့ စင်္ကြံထိပ်မှာ တွေ့ပါလေရော။

"ဒါ ဘာလုပ်တာလဲကွ"

"မေ့ဆေးဆရာဝန်ကြီးက ဝဒ်ထဲ ပြန်အတွန်းခိုင်းလို့"

"ဒါဆိုရင် ခွဲစိတ်ခန်းကို ပြန်တွန်းကွာ"

ဒါနဲ့ တွန်းလှည်းပေါ်က လူမမာခမျာ မျက်လုံးလေး ပေကလပ် ပေကလပ်လုပ်ရင်း၊ မဲ့လိုက်ရှုံ့လိုက်ဖြစ်ရင်း ခွဲစိတ်ခန်းဘက် ပြန်အတွန်းခံရရှာတယ်။ ခွဲစိတ်ခန်းရောက်ခါနီးမှာ မေ့ဆေးဆရာဝန်ကြီးနဲ့ ပက်ပင်းတွေ့ပါလေရော။ ရုပ်ရှင်ဇာတ်ဝင်ခန်းဆိုရင်၊ ကင်မရာ အယူအဆကောင်းရင် ကောင်းသလို အလွန်ကြည့်လို့ကောင်းမယ့် ဇာတ်ဝင်ခန်းတစ်ခန်းရောက်ပြီ

"ဟေ့ မင်းက ဘယ်သူလဲ"

"ကျွန်တော် Chief Assistant Of Professor Ba Than ပါ"

"ငါက ဒီမှာ အကြီးဆုံးနန်းတွင်း ဆရာတော်ကြီးပဲကွ"

သူက ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး

"မင်းက လူနာကို လက်နဲ့လည်း မစမ်းဘဲ၊ နားကြပ်နဲ့လည်း တစ်ချက်

မထောက်ဘဲ ဘာကောင်မို့ အူပွင့်နေတာလို့ ပြောရတာလဲ"

"ဒါ ကျွန်တော်ရေးထားတဲ့ Diagnosis ပါ၊ လူနာကို လက်နဲ့မစမ်းဘဲ ရေးထားတယ်ဆိုတာလည်း အမှန်ပါပဲ"

မေ့ဆေးဆရာဝန်ကြီး စာရွက်ယူဖတ်နေတုန်းမှာပဲ ကျွန်တော် ဆက်ပြောလိုက်တယ်။

"ဒီလူနာကို ဆရာ့အနေနဲ့ မေ့ဆေး လုံးဝမပေးနိုင်ဘူးဆိုတဲ့ မှတ်ချက်တော့ ဒီစာရွက်ပေါ်မှာ ရေးပြီး လက်မှတ်ထိုးပေးပါ၊ ဒါဆိုရင် ကျွန်တော်ကိုယ်တိုင် ဝဒ်ထဲ ပြန်တွန်းသွားပါ့မယ်"

မေ့ဆေး ဆရာဝန်ကြီးရဲ့မျက်နှာ ချက်ချင်းရဲခနဲဖြစ်သွားပြီး။

"အောင်မယ် မင်းကငါ့ကို ချဲလင်းချ် လုပ်နေတာပေါ့လေ"

မေ့ဆေးဆရာဝန်ကြီးက သူ့ဂျူတီကုတ်လက်ကို ပင့်လိုက်ပြီး

"အေးကောင်းပြီ။ မင်းရေးထားသလို အူမကြီးနဲ့ အူသိမ်ဆုံတဲ့နေရာက ခြောက်လက်မအကွာမှာ အူပေါက်ရင် ပေါက်ပေါ့ကွာ။ ဗိုက်ကိုဖွင့်ကြည့်လို့ မင်းရေးထားသလို မဖြစ်လို့ကတော့ ဒီဆေးရုံကနေ မင်းပြေးဖို့သာပြင်ပေတော့၊ ဒီလိုကောင်မျိုး ငါမမြင်ချင်ဘူး"တဲ့။

* * *

## အတွေ့အကြုံအသစ်များနဲ့ မန္တလေး

ဆရာမတစ်ယောက်က ခွဲစိတ်ခန်းထဲမှာ ဝတ်ဖို့ ပိုးသတ်ထားတဲ့ ဝတ်စုံ အစိမ်းရောက်တစ်စုံ လာပေးတယ်။ ဝတ်စုံက သူများ ဝတ်ပြီးသားကြီး။

"ဟ... ဒါကြီး မဝတ်ချင်ဘူး၊ အသစ်တစ်စုံပေး"ဆိုတော့ ဆရာမလေးက ပြန်ဖြေတယ်။

"ဝတ်စုံအသစ် မရှိတော့ဘူးဆရာ၊ ခွဲခန်းက ပိတ်တော့မလို့၊ ဒါပဲ ရှိတယ် ဆရာ"တဲ့။

သူများဝတ်ပြီးသား ဝတ်စုံဝတ်ပြီး ခွဲစိတ်ခန်းထဲဝင်ရတဲ့ အတွေ့အကြုံက မန္တလေးပြည်သူ့ဆေးရုံမှာပဲ ကြုံခဲ့ဖူးတယ်။ အစကတော့ ကျွန်တော့်ကို သက်သက်မဲ့ ချိုးနှိမ့်ပြီး ဝတ်စုံဟောင်းပေးလိုက်တာလား၊ သံသယဖြစ်မိတယ်။ ဒီပြင်ဆရာဝန်တွေ၊ ဟောက်စ်တွေကိုလည်း ဝတ်စုံဟောင်းတွေ ဆင်မြန်းကြတာတွေ့တော့မှ ဖြစ်မှဖြစ်ရပလေလို့ ကောက်ချက်ချမိတယ်။

လူနာရဲ့ဗိုက်ကိုဖွင့်ပြီး အနားမှာရှိတဲ့ ဟောက်စ်ဆာဂျင်လေးတွေ ဆရာဝန် အငယ်လေးတွေကို သေသေချာချာပြတယ်။ ကျွန်တော် လူနာရဲ့ဗိုက်ပေါ် စား တင်လိုက်ချိန်ကစပြီး သူတို့ ရုပ်ရှင်ကားတစ်ကားရဲ့ ဇာတ်ထွက်တို့ ကြည့်ကြ သလို ဂရုစိုက်ပြီး ကြည့်နေကြတယ်။ ဗိုက်ကိုခွဲလိုက်ရင် ဘာတွေ့မှာပါလိမ့်။ ဘာကြုံရမှာပါလိမ့်။ သူတို့ မျက်လုံးတွေမှာ စိတ်ဝင်စားမှု တွေ့နေရတယ်။

"ကြည့်၊ ဟောဒါ အူမကြီး၊ ဒီမှာ အူသိမ်၊ ဒါ အူပွင့်တာ မဟုတ်လို့ ဘာဖြစ်တာလဲ"

လူငယ်တွေ ကျွန်တော့်ကိုလည်း လှမ်းကြည့်ကြ၊ သူတို့ချင်းလည်း အချင်း ချင်းကြည့်ကြ။ ခေါင်းညိတ်တဲ့သူညိတ်နဲ့။ အရောင်တောက်နေတဲ့ မျက်လုံးတွေ မြင်လိုက်ရတယ်။ ဗိုက်ပေါင်းများစွာ ဖွင့်ခဲ့ပိတ်ခဲ့ဖူးတဲ့ သိန်းလှိုင် ဒီတစ်ခါလည်း ငြိမ်းပေါ်က ပြုတ်ကျရှာတဲ့ လူငယ်အလုပ်သမားလေးရဲ့ဗိုက်ကို ပြန်ပိတ်ကာ သပ်သပ်ရပ်ရပ်နဲ့ သွက်သွက်လက်လက် ချုပ်ပေးလိုက်တယ်။

ဟောက်စ်ဆာဂျင်လေးတွေရဲ့မျက်လုံးက အံ့ဩမှုတွေဟာ သူတို့မှတ် ဉာဏ်ထဲကို အချက်အလက်အသစ်တွေ ပို့ပေးနေလိမ့်မယ်။ သူနာပြုဆရာမတွေ လည်း သူတို့ချင်း လက်တို့ ပြောစရာတွေ ရကုန်ကြရော။

နောက်နှစ်ရက်လောက်ကြာတော့ ဆရာကြီးဦးဘသန်း ရန်ကုန်ကနေ ရောက်လာပါလေရော။ ဝဒ်ထဲဝင်လာတော့ ကျွန်တော့်ကို မတွေ့ဘူး။ ကျွန်တော် က ကလေးဆေးရုံဘက်မှာ စာသွားသင်နေချိန်လေ။ ခွဲစိတ်ခန်းထဲကို ဒေါက်တာ ဘသန်းသွားတယ်။ ခွဲစိတ်ခန်းထဲမှာ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာဘစ်ဝဇ် ကစပြီး စကားစသတဲ့။

"ဆရာကြီးရဲ့ Chief Assistant က တော်ပါရဲ့"လို့ စကားကို အဆုံး မသတ်သေးဘဲ ရပ်ထားတယ်။ ဆရာကြီးဆီက ဘယ်လိုတော်တာလဲဆိုတဲ့ စကားမျိုးထွက်လာအောင် ချူထားတာလားတော့မသိဘူး။ အနားမှာရှိတဲ့ စစ္စတာ ပြန်ပြောလို့ သိရတာပါ။ ဆရာကြီး ဦးဘသန်းက ဘာတစ်ခွန်းမှ မဆက်တော့ ဒေါက်တာ ဘစ်ဝဇ်ကပဲ ဆက်သတဲ့။

"ဒါပေမဲ့ ဘုကျကျ၊ ဘောက်သမား ထင်ပါရဲ့"

"ဟုတ်လိမ့်မယ်ထင်တယ်"လို့ စကားထောက်လိုက်တော့ ဆက်သတဲ့။

"ပညာတော်ပေမဲ့ အဲဒီဘုကျကျ ဘောက်ကျတဲ့အကျင့်က တစ်နေ့သူ့ကို ဒုက္ခပေးလိမ့်မယ်"

ဆရာကြီး ဒေါက်တာဘသန်းက အဲဒီတော့မှ ဒေါက်တာဘစ်ဝဇ်ကို လှမ်း ကြည့်လိုက်သတဲ့။

"ဆရာ သူ့ကို နည်းနည်း ထိန်းပေးရင်ကောင်းမယ်၊ မထိန်းရင် တစ်ကြိမ်မဟုတ်တစ်ကြိမ်တော့ သူဒုက္ခရောက်လိမ့်မယ်"

ပါမောက္ခချုပ် ဆရာကြီး ဦးဘသန်းခွဲစိတ်ရုံကနေ ကျွန်တော် စာသင်နေတဲ့ကလေးရုံကို ရောက်လာတယ်။ ကျွန်တော့်ကို တွေ့တော့ ဆုံးမစကား ဆိုတယ်။ ဒီစကားမျိုး သူ့လေသံ သူ့ဌာန် သူ့မှာပဲ တွေ့နိုင်တယ်လေ။

"ဟေ့ကောင် သန်းလှိုင်၊ မင့်ကောင်းသတင်းကတော့ မွှေးပ၊ မမှားသောရှေ့နေ၊ မသေသောဆေးသမားဆိုတဲ့ စကားလည်း ရှိသေးတယ်၊ နေရာတကာ စောက်ရမ်းတွေ ဖွတ်တရွတ်မလုပ်နဲ့နော်"တဲ့။

ကျွန်တော် မအံ့ဩပါဘူး။ ဝမ်းသာတယ်။ ဒီလိုစကားမျိုး ဆရာကြီးဆီက ကြားချင်တာ။ ပြီးတော့ ဆက်ပြောသေးတယ်။ အဲဒီ ဆက်ပြောတဲ့စကားကြောင့် သူ့ကိုလေးစားနေမိတာ။

"ဆရာကြီးတို့တောင် မှားခဲ့တာတွေ ရှိတယ်၊ သတိထားဖို့ ပြောတာနော်"

ဒေါက်တာဘသန်းက ဘဝတစ်သက်စာ ဆုံးမသွားတယ်။ ကျွန်တော်တို့လို လူတွေကို ဆရာကြီးက စေတနာ၊ မေတ္တာထားတာတော့ ထင်ရှားပါတယ်။

ကျွန်တော်တို့ ဆရာဝန်တွေမှာ သွေးထွက်သံယို လူနာတစ်ယောက်ရောက်လာခဲ့ရင် သွေးထွက်သံယိုဖြစ်မှုကို အရင်ဆုံးဖြေရှင်းနိုင်ဖို့ စဉ်းစားရတယ်။ ဖျားတာနဲ့မတူဘူး၊ ကျိုးတာနဲ့ မတူဘူး။ စဉ်းစားဆုံးဖြတ်ရတာတွေ မတူကြဘူး။ ဘာမှမသိတာတွေ၊ မမြင်ရတာတွေက အန္တရာယ်များတယ်။ အတွင်းမှာ ဘယ်နေရာက ဘာပြဿနာလဲ၊ အဲဒါစူးစမ်းရတာ အရေးလည်းကြီး၊ ပညာလည်းပါတယ်။

ကျွန်တော့် အတွေ့အကြုံအရ လူနာကို အသက်ပြင်းပြင်းအရှူနိုင်းပြီး ဗိုက်ကိုဖောင်းလိုက် အလုပ်ခိုင်းတယ်။ သူက ပိန်လိုက်ဖောင်းလိုက် မလုပ်နိုင်ရင် အဲဒီဗိုက်ခွဲရဖို့သေချာနေပြီ။ အထူးဂရုစိုက်ရလိမ့်မယ်။ အသက်ရှူနှုန်းက သာမန်ပဲ၊ ပုံမှန်ပဲဆိုရင် တစ်မျိုး၊ သိပ်မောနေတဲ့လူမမာကတော့ အသက်ရှူနိုင်ဖို့ ဝမ်းဗိုက်ကပါ လှုပ်ရှားပြီး ကြိုးစားရှူကြရတယ်။

* * *

## ဂွတ်မောနင်း

ကျွန်တော့်အကျင့်က လည်ပင်းမှာ နားကြပ်ချိတ်ပြီး လူနာတွေကြား လူလုံးပြ လျှောက်သွားနေတာမျိုး လုပ်လေ့မရှိသလို၊ ဟောက်စ်လေးတွေ ဆရာဝန်

ငယ်လေးတွေကိုလည်း မလုပ်စေချင်ဘူး။ ဆရာဝန်ငယ်တွေကို သင်ပေးရတယ်။ တစ်နေ့ကို လူနာတွေဆီသွားပြီး သုံးလေးကြိမ် နှုတ်ဆက်ပါ။ မနက်ဆိုရင် ဗွတ်မောနင်း၊ နေ့လယ်ဆိုရင် ဗွတ်အားဖတားနွန်း၊ ညနေဆိုရင် ဗွတ်အီးဗနင်း၊ ညနှုတ်ဆက်ရင် ဗွတ်နိုက်လို့ပြော၊ နှုတ်ဆက်ပါ။

သူတို့က ကျွန်တော်သင်ကြားတာကို နားရွက်နဲ့ပဲ နားထောင်ကြတယ်။ ကျွန်တော်က နှလုံးသားနဲ့ နားထောင်ပြီး ဦးနှောက်ထဲမှာ မှတ်စေချင်တာ။ ဒါမှ နှလုံးသားမှာ စွဲနေမှာ။

ငါက ဆရာဝန်ပဲ။ တောသားလား၊ ပန်းရန်လား၊ လက်သမားလား၊ ဆိုက်ကားသမားလား မသိတဲ့လူနာကို ဗွတ်မောနင်းလို့ နှုတ်ဆက်ရမယ်၊ ဗွတ်အီးဗနင်းလို့ နှုတ်ဆက်ရမယ် ဟုတ်လား ဆရာ။

သူတို့ ပါးစပ်က ဖွင့်မပြောကြသော်လည်း ကျွန်တော်သိတာပေါ့။ လူနာနဲ့ သူတို့ ထိတွေ့ဆက်ဆံမှုများပြီး ကိုယ့်စောင့်ရှောက်မှု စေတနာပေါက်မြောက်အောင် ဒီလို အနှုတ်ဆက်ခိုင်းတာ။ နောက်တစ်ခုလည်း သင်သေးတယ်။ လူနာအသစ်ရောက်လာရင် ကိုယ့်ထက်ကြီးတဲ့ ဆရာသမားမကြည့်ရ မစမ်းသပ်ရသေးခင် ကိုယ်က အရင်ဦးအောင် ကြည့်ထား စမ်းသပ်ထားကြဖို့ပဲ။ ဒီသင်ကြားချက်ကိုတော့ တော်တော်များများက လုပ်ကြတယ်။ ဝီရိယနည်းသူက မလုပ်ဘူး။ လူနာတွေကို မိုဘိုင်းလ်ရောင်းပြီးသားဖြစ်အောင် သင်ကြားနေတာ။ သူတို့ နားမလည်ကြဘူး။

ငှက်ဖျားဖျားနေတဲ့ လူမမာကို ဥပမာပေးချင်တယ်။ ကိုယ်သွားပြီး စမ်းသပ်ကြည့်ချိန်မှာ မဖျားဘူး။ အကောင်းကြီး။ ဆရာဝန် မရှိချိန်ကြတော့ သူက ငှက်ဖျားဖျားပြီ။ ကိုယ်စမ်းသပ်ကြည့်ချိန်မှာ မဖျားလို့ ခင်ဗျား ကောင်းနေတာပဲ။ ဆေးရုံ ဆင်းလို့ရပြီ။ အိမ်ပြန်တော့လို့ အပြန်ခိုင်းလို့ ဘယ်ရမလဲ။ သူ့ကို နာရီမလပ် ဂရုစိုက်ရမယ်။ သူခိုးကို ၂၄ နာရီ ကင်းစောင့်မှ သူခိုးမိမှာလေ။

လူငယ်တွေကို လူနာနဲ့ မကင်းကွာအောင် ထိတွေ့မှု အမြဲရှိအောင် သင်ပေးတာ။ လူနာက သင်တာနော်။ လူမမာဆိုတာ ဘယ်နေ့ဘယ်အချိန် ရောဂါဖောက်လွဲဖောက်ပြန်ဖြစ်မလဲဆိုတာ ကြိုတင်မှန်းဆလို့မရဘူး။ လူနာနဲ့ကင်းကွာရင် သေမင်းက ရောဂါကို အနိုင်ယူသွားလိမ့်မယ်။ လူနာရဲ့ညဉ်ကို သိဖို့လိုသလို၊ ရောဂါရဲ့ညဉ်ကိုလည်း သိဖို့လိုတယ်။ လူနာရဲ့ဖြစ်စဉ်၊ သူ့လူမှုဘဝ၊ စီးပွားရေး၊ အိမ်ထောင်အခြေအနေတွေ သိထားလေကောင်းလေပဲ။ အဲဒါတွေက ပြဋ္ဌာန်းစာအုပ်တွေမှာ မပါဘူး။ ကိုယ်က ဉာဏ်ရှိသလို အသုံးချရမှာ။

တချို့လူနာတွေက ဆီးသွားတာ အိမ်သာအထိ မသွားချင်ကြဘူး။

အပေါ်ထပ်ကနေ လူအလစ်မှာ ပန်းချီတတ်တယ်။ ဒါကိုမြင်တယ်။ မြင်မှာပေါ့။ ကျွန်တော်က အငြိမ်မနေဘူး။ လျှောက်ရှောင်းနေလေ့ရှိတာကိုး။ အဲဒီအခါ ဟော့ ကောင် မင်းသေးပန်းချီတာ ငါမြင်တယ်။ ဒီလိုသွားမပြောဘူး။

"ငါတို့လည်း ငယ်ငယ်တုန်းက တစေ* * *ကြောက်တော့ ဒါမျိုးပန်းချီတာ တွေ လုပ်ခဲ့ဖူးတယ်။ လွယ်တာကိုး။ ဒါပေမဲ့ ကိုယ့်အိမ်မှာ ကိုယ်ပန်းချီတာ မကောင်းပေမဲ့ ပြဿနာမဟုတ်ဘူး။ မပန်းရင်တော့ အကောင်းဆုံးပေါ့။ အိမ်မှာ တော့ ဘယ်သူမှ အနှောင့်အယှက် မဖြစ်ဘူး။ ပြည်သူ့ဆေးရုံကြီးပေါ်ကနေ အောက်ကို သေးပန်းချီတာကတော့ လုပ်ဖို့ ကောင်းကိုမကောင်းဘူး။ အောက် ထပ်မှာ ဘဝတူ လူမမာတွေရှိကြတယ်။ လူနာစောင့်တွေရှိကြတယ်။ တာဝန်ကျ တဲ့ဆရာ ဆရာမတွေရှိကြတယ်။ မတော်လို့ သေးစက်စဉ်ရင် စိုကုန်ရင် ဘယ် ကောင်းမလဲ ဆင်ခြင်ရမှာပေါ့။ နောက်ကို ဒီလို ပေါက်မချနဲ့နော်"

စည်းရုံးရေးအသွင်နဲ့ ချိုချိုသာသာ ပြောရတာ။ စိတ်ထဲမှာတော့ လက်သီးနဲ့ ဆွဲထိုးပစ်ချင်စိတ် တစ်ခါတလေ ပေါ်မိတယ်။

မန္တလေးဆေးရုံကြီးမှာ စာသင်ရင်း ဆေးကု၊ ဆေးကုရင်း စာသင်ခဲ့တယ်။ ဆေးရုံမှာအိပ်၊ ဆေးရုံမှာစားတာ များတယ်။ ကျွန်တော်တို့နေခဲ့ရတဲ့ အဆောင်က နောင်တော့ စိတ်ရောဂါကု ဆေးရုံဖြစ်သွားရော။ ကျွန်တော့်ကို နားလည်မှုရှိရှိနဲ့ ကူညီတဲ့ ဆရာမက စစ္စတာအေးပဲ။

* * *

## လူကြီးတွေရဲ့သဘော

တချို့ဆရာဝန်ကြီးတွေက ကိုယ့်အောက်က ဆရာဝန်တွေ၊ ဆရာဝန်လေးတွေကို သူတို့နှစ်သက်သဘောကျစရာကောင်းသလား၊ ဖင်ပေါ့သလား၊ သူ့စကားနားထောင်သလား၊ စာဖတ်သလား အကဲခတ်လေ့ရှိတယ်။ Who You Are? What You Are? ဆိုတာတွေ မသိမသာ အကဲခတ်သူခတ်တယ်။ တချို့က သိသိသာသာ အကဲခတ်လေ့ရှိတယ်။

FRCS ဘွဲ့နဲ့ပတ်သက်ပြီး ခံစားချက်ရှိတယ်။ ကျွန်တော့်နာမည် ခွဲစိတ်ရုံမှာ တာဝန်ထမ်းဖို့မပါခဲ့ဘူး။ စာရင်းမပါခဲ့တော့ ကျွန်တော် တိုးတက်ဖို့ လမ်းစ မရှိတော့ဘူး။ ဘဝသေဖို့ပဲ။ ကျွန်တော် ဘယ်လောက်ကျိုးနွံပါစေ။ ကျွန်တော် ဘယ်လောက်ကြိုးစားပါစေ။ ဘယ်သူက ကျွန်တော့် ကြိုးစားမှု၊ ကျိုးနွံမှုတွေကို

သတိထားမိကြမလဲ။ ခွဲစိတ်ဆရာဝန်ကြီး တစ်ယောက်ယောက်ရဲ့ လက်အောက်မှာ ခွဲစိတ်ရုံတစ်ခုမှာ ကျွန်တော် ဟောက်စ် ဆင်းခဲ့ရရင်၊ ပညာသင်လေ့လာခွင့်ရခဲ့ရင် ဆရာသမားရဲ့မှတ်ချက်တစ်ခုခုတော့ ရမယ်လို့ ယုံကြည်ခဲ့တယ်။ အခုတော့ သွားပြီ၊ မရတော့ဘူး။

တပည့်တစ်ယောက်က စည်းကမ်းရှိတယ်။ လုပ်ပုံကိုင်ပုံ သပ်ရပ်တယ်။ ပစ္စည်းတစ်စုံကို ယူကိုင်ပြီးရင် နေရာတကျ ပြန်ထားတယ်။ ညီလေး ဟိုပလပ်ဆေးလိုက်ကွာ၊ ဒီဘရက်ကက်ဆေးလိုက်ကွာ၊ ဒီဘီယာဘောက်စ် ဆေးဟော့လို့ ခိုင်းပြီး စနစ်ကျရဲ့လား ကြည့်တတ်တယ်။ တပည့်ကောင်း ပီသသူကို ဘယ်ဆရာမှ ကျောမခိုင်းကြပါဘူး။ ကျွန်တော်တို့ခေတ်က ဖားတဲ့ယားတဲ့သူကို မရွေးဘူး။ မြင်ပြင်းကတတ်ကြတယ်။ တကယ်တော်တဲ့ တတ်တဲ့သူကို ရွေးချယ်ကြတယ်။ တံစိုးလက်ဆောင် အန်ဒါတေဘယ်ဆိုတာ အဝေးကြီး။

ကျွန်တော် အလုပ်ရဖို့ ပြဿနာတွေ ကြုံခဲ့ရတယ်။ ဦးလွန်းဘော် ကျေးဇူးရှိတယ်။ ကျွန်တော့်ကို သူက **Proper Channel** က ဘာလို့ မတင်တာလဲတဲ့။ ကျွန်တော်ကလည်း **Proper Channel** က မတင်လို့ ဘယ်က တင်ရမှာလဲ။ ဒီလိုဆိုရင် စာမေးပွဲဖြေဖို့ ခင်ဗျားဘာလို့ ဆင့်ခေါ်သလဲ။ ကျွန်တော့်မှာ ဘာအပြစ်မှမရှိဘူး။ စာမေးပွဲစစ်တဲ့သူက သူ့အလုပ် သူလုပ်စာတွေစစ်ရုံပဲ။ ကျွန်တော့်ကို ခေါ်တယ်။ ကျွန်တော်လာတယ်။ စာမေးပွဲကို ဖြေတယ်။ ဘယ်ဟာ အပြစ်လဲ။

သူ့စိတ်ထဲမှာ ကျွန်တော့်အပေါ် ခံစားမှုပြောင်းသွားတယ် ထင်တယ်။ **Very Promising Youth** ဒီကောင် အတော်ထက်မြက်တာပဲ။ ပြောရဲဆိုရဲရှိတာပဲ။ စည်းနဲ့ စနစ်နဲ့ ပြောတတ်တဲ့ ချာတိတ်ပဲလို့ စွဲမှတ်သွားထင်ပါရဲ့။

"အိုကေ ကောင်းပြီ၊ ဆရာမခန့်ချင်နေ၊ ကျွန်တော်ခန့်မယ်ဗျာ"

**I am the commisioner of the public service** ကျွန်တော့်မှာ ခန့်မှန်းပိုင်ခွင့်ရှိတယ်။ ဆရာ့ကို **Formally** ခေါ်တာ။

ဒီလိုပြောဆိုဆွေးနွေးလာပြီး ကျွန်တော့်ကို အလုပ်ခန့်ခဲ့ကြတာ။ သင်္ဘောဆရာဝန်မို့ ရေထဲကလာတဲ့ သတ္တဝါ ရေထဲ ပြန်ပို့ပစ်လိုက်တယ်။

**Go to Mergui** ဂိုးတူမားဗွီးတဲ့။ မြိတ်ကို အလုပ်ခန့်လိုက်တယ်။ သူတို့ကသာ ဂိုးတူမားဗွီးလိုက်တာ၊ ကျွန်တော့်ဘဝအတွက် သူတို့ လွှတ်လိုက်တဲ့ မားဗွီးကောင်းရာမွန်ရာ အရပ်ပါပဲ။

ပါမောက္ခတစ်ယောက်ရဲ့အမိန့်၊ စကားဟာ ဟိုတစ်ချိန်က အလွန်ဩဇာကြီးတယ်။ ဘယ်သူမှ ပါမောက္ခတစ်ယောက်ရဲ့ နှုတ်မိန့်ကို ချေဖျက်ခွင့် စောဒကတက်ခွင့် မရှိဘူး။

"ကိုလတ်ရေ၊ မောင်သိန်းလှိုင် တစ်ယောက်တော့ အလုပ်ကြိုးစားတယ်၊ ကျိုးနွံတယ်၊ တော်တယ်ကွာ၊ အလုပ်ခန့်ရင် ငါ့ဆီပို့လိုက်"

ဒီလို တစ်ခွန်းပြောလိုက်ရင် ဒါရိုက်တာက "ဟုတ်ကဲ့ ဆရာကြီး"လို့ လက်ကလေးနှစ်ဖက်နောက်ထားပြီး ဖြေရတာ။ ဒီလို လေးစားကြတာ။

"ဆရာ၊ ဆရာ့ဝဒ်ကို ကျွန်တော် ရောက်လာပါပြီ"လို့ သတင်းပို့တော့ တစ်ခွန်းပဲ ပြန်ပြောတယ်။

"ဂွတ်"တဲ့။

ဟုတ်လား။ အေး ကောင်းတယ်၊ မင်းကို ငါတောင်းထားတာတွေ မပြောဘူး။ "ဂွတ်"လို့ တစ်ခွန်းပဲ ပြောတယ်။ အဲဒီ တစ်ခွန်းတည်းသော ဂွတ်က နေစပြီး အောက်ခြေသိမ်း အလုပ်တွေ အကုန်ခိုင်းတော့တာပါပဲ။ တော်တော်လေး စမ်းခိုင်းကြည့်ပြီး လုပ်ရည်ကိုင်ရည် လက်စလက်နလေး သဘောကျတော့မှ ဆရာက စာသင်ရာကိုခေါ်သွားတယ်။ ဟိုရောက်တော့ သူစာသင်တာကို ကျောင်းသားတွေနဲ့အတူတူ ရောနှော နားထောင်မှတ်သား လေ့လာရတယ်။

တစ်နေ့ကြတော့ မောင်သိန်းလှိုင်ရေ။ ဒီနေ့တော့ ဆရာအပြင်သွားစရာ ကိစ္စလေးရှိလိုပါ။ မင်းစာဝင်ပြီး သင်ထားလိုက်ကွာလို့ လုပ်ကရော။ ဟောက်စ်ဆာဂျင်သာသာ အေအက်စ်ပေါက်စ၊ ဒုက္ခနဲ့ လှလှနဲ့ တွေ့ကြပြီ။ ချွေးတွေပြန်လို့။ ကျွန်တော် ဘယ်သင်နိုင်ပါ့မလဲ။ ငါးမိနစ်လောက်ပြောပြီး သင်စရာဘာမှမရှိ။ နတ္ထိ၊ ကုန်သွားပြီ။ ဒီတော့ နောက်ဆုံး ဘာမှမတတ်နိုင်ဘူး။ ကျောင်းသူကျောင်းသားတွေကို ကျောင်းဆင်းပေးလိုက်ရတယ်။

တစ်ခါ၊ နှစ်ခါ ဒီလိုကြုံလာတော့ ဟာ မဖြစ်ဘူး။ အရေးကြုံရင် သက်လုံကောင်းရမယ်။ ကျွန်တော်လည်း ကျောင်းစာတွေ ပြန်ဖတ်ရတော့တာပဲ။ ဆရာကြီးက ကျွန်တော့်ကို စာတွေ ပြန်ဖတ်ဖြစ်အောင် ထိန်းကျောင်းပေးသွားတာလေ။

ဆရာကြီး ဦးကြည်ပေါတို့လို ပုဂ္ဂိုလ်တွေက ဒီလို လေ့ကျင့်ပေးလေ့ ရှိတယ်။ ဆရာကောင်း သမားကောင်းနဲ့ နီးနီးကပ်ကပ်နေရတော့ တိုးတက်ထွန်းကားတော့တာပေါ့။ ကြာကြာနေခွင့်ရလေ ကောင်းလေပဲ။

နောက်တော့ ကိုလံဘို စီမံကိန်းတို့၊ အေးရှားဖောင်ဒေးရှင်းတို့၊ **WHO** တို့၊ မက်ဆေးဆေးတို့ မြန်မာပြည်ကို ပညာတော်သင်ဆုတွေပေးတယ်။ ပညာသင်ဆုတွေကို ပညာရေး၊ကျန်းမာရေးစသဖြင့် ခွဲယူရတယ်။ ကျန်းမာရေးအတွက် ပညာသင်ဆု သုံးဆုရရင် ခွဲစိတ်ပညာရယ်၊ သမားတော် **Physician** နဲ့ စာရင်းအင်းနဲ့ အုပ်ချုပ်မှုဘက်က တစ်ဆုရယ်လို့ ခွဲဝေယူရတယ်။

"ကိုလတ်ရေ ခွဲစိတ်ပညာအတွက် ပညာသင်ဆုရှိလား၊ မရှိဘူး ဆရာ"

"အေးဗျာ၊ ရှိတဲ့အခါ ကျွန်တော့်ပြောပါဦး"

"ပညာသင်ဆုချပေးရင် အကြောင်းကြားလိုက်ပါမယ့်ဆရာ"

ဆရာကြီးတွေမှာ ဘယ်သူကတော့ဖြင့် ဘယ်ဘာသာရပ်မှာ ထူးချွန်တယ်၊ ကြိုးစားတယ်၊ ဘယ်ဘွဲ့လွန်မျိုး တက်သင့်တယ်ဆိုတဲ့ စိတ်ကူးနဲ့ လျာထားတဲ့ တပည့်ကောင်းတွေ တပည့်ကျော်တွေ ရှိတတ်တယ်။

နှစ်နှစ်၊ သုံးနှစ် ဒါမှမဟုတ် လေးငါးနှစ်နေမှ ဆုက ပေါ်ချင်ပေါ်လာတာ။ အဲဒီလို ပေါ်တဲ့အခါ

"ခွဲစိတ်ပညာအတွက် ပညာသင်ဆု တစ်ဆုပေါ်တယ်ဆရာ"

"ဟုတ်လား၊ ဒါဆိုရင် မောင်သိန်းလှိုင်အတွက် စီစဉ်ပေးလိုက်ပါ"

တကယ်တော့ ကိုယ်က ဒီအစီအစဉ်ကို ကြိုလည်းသိတာ မဟုတ်ဘူး။ ကိုယ့်ဘာသာကိုယ်စာတွေ အများကြီး ဖတ်ထားလေ့လာထားရတာ။

ကိုလတ်ဆိုတဲ့ လူကိုလည်း မောင်သိန်းလှိုင်က မသိ၊ မောင်သိန်းလှိုင်ကိုလည်း ကိုလတ်က သိတာမဟုတ်ဘူး။ လူကြီးတွေက သွားဆိုတော့ ကျွန်တော်က စာတွေအတော်ဖတ်ပြီးမှတ်ပြီးနေပြီ။ ဖတ်စရာ သိပ်မများတော့ဘူး။ အဆင်သင့်ဖြစ်နေပြီ။

ပိုက်ဆံကို ကိုလံဘိုစီမံကိန်းကပေးတယ်။ စာမေးပွဲဖြေပြီး ပြန်လာတော့ ဆရာတွေက ကွန်ဂရက်ကျူလေးရှင်း လုပ်ကြတယ်။ မင်းသွားရင် ဝဒ်ထဲမှာ Third Assistant လုပ်ချေကွာ၊ ဆိုတော့ စာဝင်သင်လိုက်၊ ဆရာတွေ ခွဲတာ စိတ်တာ ကြည့်လိုက်၊ ကိုယ့်ထက်ကြီးတဲ့ ဆရာသမားတစ်ယောက် နေမကောင်းတဲ့အခါ မအားလပ်တဲ့အခါ မောင်သိန်းလှိုင်ရေ မင်း Second Assistant အလုပ်တွေ ဝင်လုပ်လိုက်ကွာဆိုရင် ဝင်လုပ်လိုက်ရတယ်။ ဒီလိုနဲ့ ဆရာကြီးတွေလက်အောက်မှာ အတွေ့အကြုံတွေ နှစ်တစ်နှစ်ယူပြီး စာတွေ့ရော ငါတွေ့ရော ကျွမ်းကျင်အောင် သင်ယူရတယ်။ ဆရာတွေ နယ်ကိုပြောင်းကြ ရွှေ့ကြတော့ ကိုယ့်ရဲ့လုပ်ငန်းနယ်ပယ်လည်း တဖြည်းဖြည်း ကျယ်လာတယ်။

ဆရာကြီး ဒေါက်တာဘသန်းက FRCS တွေ မန္တလေးအတွက် လိုချင်တော့ တောင်းတာပဲ။ ရန်ကုန်နဲ့ မန္တလေးဆိုရင် ဆရာဝန်ကြီးတွေက ရန်ကုန်မှာပဲ နေချင်ကြတယ်။ မင်းရုံးစိုက်တဲ့ မြို့တော်ဟုတ်လား။ မန္တလေးကို သွားချင်တဲ့သူမရှိဘူး။ ကျန်တဲ့သူတွေက ကျွန်တော်နဲ့သင့်တော်တယ်ဆိုပြီး ဆန္ဒဝိုင်းပေးကြတာနဲ့ မန္တလေးရောက်ခဲ့ရတာလေ။

မန္တလေးရောက်ရောက်ချင်း ဒေါက်တာဘသန်းနဲ့တွေ့တော့ ပထမဆုံးပြောတဲ့စကားက "ရန်ကုန်က ဆရာဝန်တွေက မင်းသိပ်တော်တယ်လို့ ပြောကြ

တယ်”တဲ့။

ကျွန်တော် ဘဝင်မြင့်ချင် သလိုလို၊ ဂုဏ်ယူချင်သလိုလို ဖြစ်သွားမှာ သူ့စကားကို ဆရာကြီးက ဆက်တယ်။

“FRCS ကို ငါ့ဆီက မမျှော်နဲ့နော်”တဲ့။

မမျှော်နဲ့နော်ဆိုတော့ လမ်းကဆုံးနေပြီ။ သူကမှ မပို့ရင် ဘယ်လိုလုပ်သွားရမလဲ။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်သွားရင်သွားပါမှပဲ။ ကျွန်တော့် ဟောက်စ်ဆာဂျင် လုပ်သက်ကာ ပေမမီဒေါက်မမီတာ သူသိထားတယ်။ ရန်ကုန်လူနာဆောင် သုံးနဲ့လေးပေါ်လာတော့မှ ဒေါက်တာ ဒေါ်ခင်တင့်က ခေါ်လို့ Internship အဖြစ်ဝင်ပြီး လုပ်ခဲ့ရတာ။

မန္တလေးဆေးရုံမှာ အလုပ်ကို ကြိုးစားလို့၊ အဖိတ်အစဉ်နည်းလို့ ကျွန်တော့်ကို လူပြောများတယ်။ ကျွန်တော့်သတင်းမွှေးလာမှ တချို့ဆရာကြီးတွေက တပည့်တော်ချင်ကြတာ၊ သိပ်ဝမ်းနည်းဖို့ကောင်းတယ်။ ဆရာဝန်ကြီး ဒေါက်တာ ဦးစံဘော်၊ ဒေါက်တာ ဒေါ်မြင့်မြင့်ခင်တို့ လင်မယားကလည်း အားပေးတယ်။ တစ်နေ့တော့ သူတို့ ဘောက်စ်ဝက်ဝွန်း မီးခိုးရင့်ရောင်လေး ကျွန်တော့်နံဘေးက လာထိုးရပ်ပြီး နှုတ်ဆက်ကြတယ်။

“မောင်သိန်းလှိုင် အခုမှ ဆင်းလာတာလား၊ ဒီနေ့ ဘယ်နယောက် ခွဲစိတ်ခဲ့ရသလဲ”တဲ့။ ကျွန်တော်က ပြန်စဉ်းစားပြီး ဖြေလိုက်တယ်။

“ ၁၈ ယောက်ပါဆရာ”ဆိုတော့ ဇနီးမောင်နှံ နှစ်ယောက်ဆီက သံပြိုင်မှတ်ချက်ချသံ ကြားလိုက်ရတယ်”

“မိုင်ဂေါ့ဒ်”တဲ့။

* * *

## ဒါးတည်

သူရဲကောင်းသုံးယောက် ဝတ္ထုထဲမှာ ပေါ်သိုး၊ အားသိုး၊ ရာမိနဲ့ ဒါးတည်ဆိုတဲ့ ဇာတ်ကောင်တွေပါတယ်။ လုပ်ဖော်ကိုင်ဖက်တွေက အပင်ပန်းခံပြီး ခွဲစိတ်ဓား လက်ကမချလို့ ကျွန်တော့်ကို “ဒါးတည်”လို့ ချစ်စနိုးခေါ်ကြတယ်။

ကျွန်တော်ကိုင်ရတဲ့ ဝဒ်မှာ လူနာတွေ များသထက်များလာတယ်။ ဟောက်စ်ဆာဂျင်က ၇ ယောက်ရှိတယ်။ အေအက်စ် တစ်ယောက်မှ မရှိဘူး။

ကေအင်ယူတပ်ထဲမှာ ဗိုလ်ချုပ်ဖြစ်သွားတဲ့ HN Singh တို့၊ နှလုံးခွဲစိတ်

ပါရဂူဖြစ်သွားတဲ့ ဒေါက်တာဘရီတို့၊ ဒေါက်တာ ဉာဏ်မြင့်တို့ ဒေါက်တာ တင်မောင်ဦးတို့ ကျွန်တော့် ဟောက်စ်ဆာဂျင်တွေပေါ့။ ဒေါက်တာ ဟန်စောက နိုပြင်ဝဒ်မှာ ဟောက်စ်ဆာဂျင်။ သူအားရင် ကျွန်တော့်ဝဒ်ကို လာတယ်။

ကျွန်တော့်ဘက်က လည်ပင်းကြီး ဝေဒနာ Goiter တွေ ခွဲစိတ်တာ သိုလေ့လာတယ်။ ဆရာဝန်ကြီး ဒေါက်တာအောင်ညွန့်ကလည်း ဂွိုက်တာတွေ ခွဲပါတယ်။ တစ်ခါတလေ သူခွဲရင်း သွေးတွေအရမ်းယိုတဲ့အခါ ဆရာကြီးက Go And Call Thein Hlaing လို့ အော်ပါလေရော။ သူ့လက်ထောက် ဦးမောင်က ကြိုးစားပြီး သွေးအထွက်နည်းအောင် သက်သာအောင်လုပ်တာ မရတော့ ထပ်အော်တယ်။ သူ့လက်ထောက်က ပြေးပြီး ကျွန်တော့်လာခေါ်တယ်။

"လူနာ ဘလိဒင် Bleeding ရလို့ အမြန်လိုက်ခဲ့ပါဆရာ"

ကျွန်တော့်ကို ဟောက်စ်ဆာဂျင်တွေ ဆရာမတွေက တားကြတယ်။

"ဆရာ မသွားနဲ့၊ ဆရာ့ကို နှိမ်ထားတာလေ၊ မသွားနဲ့ဆရာ"

"ဟာ မသွားလို့ ဘယ်ဖြစ်မလဲ၊ ဒီကိစ္စက လူ့အသက်ကွ၊ ဆရာကြီးရဲ့ဂုဏ်သိက္ခာက ရှိသေးတယ်"

သူတို့သဘောပေါက်အောင် ရှင်းပြပြီး ကျွန်တော်သုတ်ခြေတင်မိတယ်။ ဆရာကြီး ဦးအောင်ညွန့်အပေါ် ဘယ်လိုစိတ်မျိုးမှ မဖြစ်မိပါဘူး။ လူကြီးသူမနေရာမှာ ထားပါတယ်။ ဆရာကြီး တော်တာတွေ အများကြီးလေ။ ခွဲစိတ်ခန်းရောက်တော့ အသံတွေ ဆူညံနေပြီ။

"အဝတ်အစားအမြန်လဲကွာ မြန်မြန်လုပ်" လို့ဖြစ်ကရော။ သူ့လက်ထောက် ဦးမောင်က နေရာရှင်းပေးတယ်။ ကြည့်လိုက်တာနဲ့ ဘယ်လိုက ဘာတွေဖြစ်နေတယ်ဆိုတာ သိလိုက်ပြီးသား။ ဒါနဲ့ ဆရာက ဒီဟာက ဒီလို၊ ဒီမှာဒီလိုဆရာဆိုတော့ အေးကောင်းတယ်၊ မင်းတော်တယ် ဆက်လုပ်လိုက်ကွာတဲ့။

ဖာသားလဖုန်းကျောင်းနားမှာ ပန်းချီဆရာတစ်ယောက်ရှိတယ်။ ကျွန်တော်ကျွန်းပြားတစ်ပြား ဝယ်သွားပြီး အဲဒီကျွန်းပြားပေါ်မှာ စာလုံးတွေရေးပေးဖို့ အပ်တယ်။ သူ့ လက်ရေးလက်သားက သိပ်သပ်ရပ်တော့ ကျွန်တော် သဘောကျပြီးသူတောင်းတဲ့ လက်ခထက် ပိုပေးပြီး ဆေးရုံယူသွားတယ်။ ပြီးတော့ ခွဲစိတ်ခန်းအဝင်ဝမှာ ချိတ်တယ်။

အဲဒီကျွန်းပြားဆိုင်းဘုတ်ကို ဆရာဝန်တွေ တော်တော်များများ မကြိုက်ကြ၊မနှစ်မြို့ကြဘူး။ တီးတိုးတီးတိုး ပြောသူပြော၊ ကြွက်စီကြွက်စီလုပ်သူလုပ်ပေါ့။ ကျွန်တော် အရေးခိုင်းတဲ့ စာလုံးတွေက ရိုးရိုးလေး "Beneath Your Knife Lies Life" ဒါပဲ။

ဒါ အမှန်တရားပဲ ဟုတ်လား။ ဒီအမှန်တရားကို ပညာတွေတတ်ကြပါတယ်ဆိုတဲ့ ဆရာဝန်ကြီးငယ်တွေက ခါးသီးနေကြတယ်။ ဘာလို့ ခါးသီးနေကြတာလဲ။ ကျွန်တော့် အဆိုအမိန့် ကျွန်တော်ကိုယ်တိုင် တီထွင်ပြီးရေးတဲ့ စကားဆိုရင် ဘယ်လောက်များ ပြဿနာဖြစ်ကြမယ်မသိဘူး။ စာလုံးသေးသေးနဲ့ အောက်နားမှာ ဒီအဆိုအမိန့်ပိုင်ရှင် နာမည်ရေးထားမိလို့သာပေါ့။ ဒီစကားမိန့်ကြားသူက တခြားပုဂ္ဂိုလ်တော့ မဟုတ်ဘူး။ "ဗွဲဘသန်း"ဆိုတဲ့ ဆရာကြီး ဒေါက်တာဘသန်းပဲ။

မေ့ဆေးဆရာဝန်ကြီး ဒေါက်တာဘစ်ဝဇ်က ကျွန်တော့်ကို Table နှစ်ခုယှဥ်ပြီး ဟိုဘက် Table ရောခွဲခိုင်းလို့ ခွဲဖူးတယ်။ မေ့ဆေးပေးပြီး ဆရာကြီးဘစ်ဝဇ်က စောင့်ကြည့်နေတာ။ ကျွန်တော် လူနာနှစ်ယောက်စလုံးကို သပ်သပ်ရပ်ရပ်နဲ့ ခွဲနိုင်ခဲ့တယ်။ ကျွန်တော့်ကို ဆရာကြီး ကျောကုန်းပုတ်ပြီး ချီးကျူးတယ်။

ခွဲရစိတ်ရတဲ့အထဲမှာ ရဟန်းသံဃာတွေပါ ပါလေတော့ သံဃာဆောင်ကိုလည်း ဝင်ကြည့်ရတယ်။ မန္တလေးမှာ သံဃာတော်တွေရဲ့ ဩဇာကလည်းကြီးတယ်ဟုတ်လား။ စာတတ်ပေတတ် ထေရ်ကြီးဝါကြီးတွေ သီတင်းသုံးတဲ့မြို့။ စာလိုက်စာသင် သံဃာတွေအများကြီးရှိတဲ့ မန္တလေး။ ဒီတော့ ကျွန်တော်ကကျောင်းတိုက်အသီးသီးက ဆရာတော်တွေ တိုက်အုပ်ဘုန်းကြီးတွေနဲ့ ရင်းနှီးခင်မင်အောင် နေထိုင်တယ်။ လှူသင့်တာလှူ၊ ကပ်သင့်တာကပ်၊ ဆရာတော်တွေရဲ့အဆုံးအမကို ခံယူတယ်။

သူတို့ကလည်း ဇာတိရပ်ရွာက ဆွေထဲမျိုးထဲက၊ ရပ်ဆွေ ရပ်မျိုး တစ်ဦးတစ်ယောက်နေမကောင်းဘူးဆိုရင် သံဃာတစ်ပါးက ဦးဆောင်ပြီး ဆေးရုံကိုရောက်လာကြတယ်။ ပရိသတ်က တစ်ပြုံကြီး။ ဆွေတွေ မျိုးတွေ နေမှာပေါ့။ သောကရောက်နေကြတဲ့ မျက်နှာကိုယ်စီနဲ့။ ဆေးရုံရဲ့အရှိန်အဝါကိုလည်း ကြောက်ကြထင်ပါရဲ့။ တချို့က ဆေးရုံအဝင်ဝမှာ ဖိနပ်ချွတ်လား ချွတ်ရဲ့။ တချို့က ဖိနပ်ကို မပါကြဘူး။

ဆရာတော် သံဃာတော်တွေနဲ့ ကင်းကွာလို့မရဘူး။ ကျွန်တော်က ခွဲစိတ်ဆရာဝန်ဆိုတော့ တကယ်လို့ အရေးပေါ်သွေးလိုအပ်ရင် ဒီဆရာတော် သံဃာတော်တွေက အားကိုးရတာ ဟုတ်လား။ သွေးလိုအပ်လို့ အလှူခံရင် ဒီပုဂ္ဂိုလ်တွေပဲ လှူကြတယ်။

* * *

ဇန်နဝါရီ ၁၂ ရက်မှာ ကျွန်တော့်ဆီကို စာတစ်စောင် ရောက်လာတယ်။ ကျန်းမာရေးဌာနက ပို့လိုက်တဲ့စာပါ။ ရန်ကုန်ကို ဆင်းလာပြီး ညွှန်ကြားရေးမှူးနဲ့တွေ့လှည့်ပါတဲ့။ ဒီသတင်းဟာ ဘယ်လိုကနေ ဘယ်လို သိကုန်ကြတယ် မဆိုနိုင်ဘူး။ ကြားရတဲ့လူတိုင်းက ကျွန်တော်ကို ကွန်ဂရက်ကျူလေးရှင်းတဲ့။

ဆရာကြီး ဒေါက်တာဘသန်းကိုယ်တိုင်က မင်း FRCS တော့ မရနိုင်ဘူးနော်လို့ ပြောထားပြီးသား။ ကျွန်တော် ဒီဆင့်ခေါ်စာကို မခန့်မှန်းတတ်ဘူး။ ဒါဘာစာလဲ။ ကျွန်တော့်မှာတော့ လက်ဆွဲနှုတ်ဆက်ရလွန်းလို့ လက်မောင်းကို ညောင်းနေပြီ။

ညနေ ၆ နာရီထိုးတော့ ဘူတာရုံကို ဆင်းခဲ့တယ်။ ကျွန်တော်စီးရမယ့် ရထားတွဲထဲမှာ ဒေါက်တာဦးမြဝင်းပါလာလို့ ဆရာ့ကို သွားနှုတ်ဆက်လိုက်တယ်။ ခဏနေတော့ ဒေါက်တာဦးထွန်းမင်း လက်ဆွဲအိတ်ဆွဲလို့ ရောက်လာပါလေရော။ မကြာဘူး ဒေါက်တာ ဘနာဂျီတက်လာတယ်။ ရထားထွက်ဖို့ အကြိုခေါင်းလောင်းထိုးတော့ ဒေါက်တာဦးအောင်သန်းနဲ့ ဒေါက်တာညဏ်ဝင်းတို့ သုတ်သုတ်ပျာပျာနဲ့ ရောက်လာကြတယ်။ ကြံကြံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် ဆရာဝန်ကြီးတွေနဲ့ ရထားတစ်တွဲတည်း အတူတူ။ သူတို့လည်း ရန်ကုန်ကျန်းမာရေးရုံးချုပ်က ဆင့်ခေါ်လို့ သွားကြမှာ။ အကုန်လုံးဆရာကြီးတွေချည်းပဲ။ ကျွန်တော်တစ်ယောက်ပဲ လူငယ်ပါလာတာ။ သူတို့လည်း ညွှန်ကြားရေးမှူးနဲ့ တွေ့ကြရမှာတဲ့။ ဘာကိစ္စမှန်းမသိသေးဘူးတဲ့။

ကျွန်တော့်မှာ ပဟေဠိတစ်ပုဒ် ဆင့်စာရပြီးကတည်းက စဉ်းစားနေတာ အခုလို ဆရာကြီးတွေပါလာတော့ ပဟေဠိက အဖြေမရှိ ဖြစ်နေတော့တာပေါ့။ သူတို့စိတ်ထဲမှာတော့ ဒီချာတိတ်လုပ်သက်ဖြင့် ၂ နှစ်လောက်ရှိသေး၊ ငါတို့မှန်းထားတဲ့ တိုင်းကျန်းမာရေးမှူးရာထူးကိစ္စတော့ ဟုတ်မယ်မထင်ပါဘူးလို့ တွေးကောင်းတွေးနေကြလိမ့်မယ်။

သူတို့ကိုတော့ တိုင်းအဆင့်တွေ တာဝန်ပေးမလို့ ခေါ်ထားတာတဲ့။ ဒီကောင် နောက်ခံဘက်ဂရောင်း ဘာရှိလို့ပါလာလိမ့်လို့လည်း တွေးမယ်ဆိုရင် တွေးနိုင်သေးတယ်။ စိန်ကောင်းကျောက်ကောင်း အရောင်းအဝယ်ထဲ ဆေးရိုးသည်က ကန့်လန့် ဖြစ်နေကြပါလိမ့်မယ်။ သိပ်ပြီး သင်္ကာကင်းပုံမရဘူး။ ကျွန်တော်ကလည်း သူတို့ချင်း ကြားလောက်အောင် လေသံနှိမ့်ပြီး ခပ်အုပ်အုပ်ပြောကြရင် ကျွန်တော့်အကြောင်းများ ပြောကြလေသလားလို့ ခံစားမိတယ်။

နောက်တစ်နေ့မနက် ရုံးချုပ်ကိုသွားတော့ ဒီဆရာကြီးတွေက အရင် ရောက်နှင့်နေကြပြီ။ တိုက်ပုံနဲ့ပုဆိုး သစ်သစ်လွင်လွင်တွေ ကိုယ်စီနဲ့။ ညက သူတို့အိပ်မက်တွေ ကောင်းကြတယ်ထင်ပါရဲ့။ ပြုံးကြရယ်ကြနဲ့။ ရောက်နေကြ တာချင်းအတူတူ ညွှန်မှူးက ခေါ်မယ့်ခေါ်တော့ ကျွန်တော့်ကို အရင်ဆုံး ခေါ် တယ်။ ကျွန်တော်လည်း ဆရာကြီးတွေကို နှုတ်ဆက်ပြီး ညွှန်ကြားရေးမှူးရုံးခန်း ထဲဝင်လိုက်တယ်။ ဦးတင် နောက်က လိုက်ခဲ့ရတာ။ ညွှန်မှူးရုံးခန်းက သိပ်ပြီး ရှာဖွေမနေရပါဘူး။ ဦးတင်က

"ဒေါက်တာသိန်းလှိုင် အထဲကိုကြွပါ"တဲ့။ သူ့စကားသံဟာ အသက်မပါ သလို ခြောက်ကပ်ကပ်နိုင်လွန်းတော့ ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးကြီး ခံစား လိုက်ရတယ်။

ကျွန်တော် ဝင်သွားတော့ ဒါရိုက်တာ ဦးဖေကြင်က တစ်ချက်မော့ကြည့် ပြီး ခေါင်းညိတ်ပြတယ်။ ဦးတင်က ကျွန်တော့်ကို အထိုင်ခိုင်းပြီး သူက ပြန်ထွက် သွားတယ်။ ဦးဖေကြင်က ရောက်ရောက်ချင်း ဆောက်နဲ့ ထွင်းပါလေရော။

"မင်းကို ခေါ်တာ လူသတ်မှုနဲ့ခေါ်တာ"

ရုတ်တရက် ဘယ်လိုမှ မျှော်လင့်မထားတဲ့ စကားပဲ။ မန္တလေးဆေးရုံက ကျွန်တော့်ကို ကွန်ဂရက်ကျူလေးရှင်းလုပ်လိုက်ကြတဲ့ သမားတော်ကြီးတွေကို ပြေးမြင်မိတယ်။ သူ့ရုံးခန်းထဲက ခေတ္တ ထွက်ပြီး ရထားအတူစီးလာကြတဲ့ ဆရာကြီးတွေကို ဆရာကြီးတို့ ထင်သလို တိုင်းဦးစီးမှူးရာထူးခန့်ဖို့ မဟုတ်ဘူး လို့ ထွက်ပြောချင်တယ်။

"ကျွန်တော် လူနာတွေကို ခွဲစိတ် ကုသပေးနေတာပါ။ လူမသတ်ဖူးပါ ဘူး"

"မောင်သိန်းလှိုင် ဒီမှာကြည့်"

ကျွန်တော့်ကို စာရွက်တွေ ထုတ်ပြတယ်။ လူနာတစ်ယောက် ဆေးရုံလာ တက်တယ်။ ၇ ရက် ဆေးရုံမှာနေပြီးတော့ ကွယ်လွန်သွားတယ်။ သေတဲ့နောက် ခွဲစိတ်ကြည့်တော့ ဘရိန်းအက်ဆီးဒင့်"

"ဒီကိစ္စ ကျွန်တော်လုပ်ခဲ့တာ မဟုတ်ပါဘူး"

"ဘာလို့မဟုတ်ရမှာလဲ၊ ဒီမှာ ဆေးရုံတက်တဲ့နေ့စွဲ၊ ဒီမှာ ကွယ်လွန်တဲ့ နေ့စွဲ"

"ကျွန်တော် မန္တလေးဆေးရုံမှာ တာဝန်ထမ်းနေတာ ကိုးလကျော်ရှိနေပါ ပြီဆရာ" ဒီလူနာတက်ရောက် ကုသခံယူတာ၊ ရန်ကုန်ဆေးရုံကြီးက ဆရာဝန် ကြီး ဦးကြည်ပေါ်ဝဒ်မှာပါ။

"ကျွန်တော် အခု မန္တလေးဆေးရုံကနေ ဒီကိုလာတာပါ"

ကျွန်တော့်စကားလည်း ကြားကရော ဦးဖေကြင် ပါးစပ်က "ဟင်"ခနဲ ဖြစ်သွားတယ်။ အံ့ဩတဲ့မျက်နှာကြီးနဲ့။ ဦးဖေကြင်က မကျေနပ်သေးဘူး၊ စာရွက်တွေထဲက စာရွက်တစ်ရွက်ကို ကျွန်တော့်ကို ပြတယ်။ စာရွက်အစွန်းမှာ မင်နီနဲ့ အမှန်ခြစ် ခြစ်လို့။ အဲဒီစာရွက်မှာ ကျွန်တော့်လက်ရေး ကျွန်တော့် လက်မှတ်ထိုးပါတယ်။

"ဟုတ်တယ်၊ ဒါ ကျွန်တော်ရေးတာ"

ဦးဖေကြင် ကျွန်တော့်ကိုကြည့်တဲ့အကြည့်က ငါတို့က မပိုင်ရင် မလုပ်ဘူးကွ။ မဟုတ်တာမလုပ်ဘူးကွဆိုတဲ့ အကြည့်မျိုးလို့ ခံစားရတယ်။ သူ့ရဲ့အပြုံးမှာ ကဲ တွေ့ပြီလားဆိုတဲ့ အပြုံးမျိုးတွေ့လိုက်ရသလိုပဲ။

"ကျွန်တော့် တာဝန်ကျတာ ဝဒ်သရီးအင်ဖိုး ဒေါက်တာဒေါ်ခင်တင့် ဝဒ်မှာပါ။ ကျွန်တော်တို့ဝဒ်မှာ သေတာ မဟုတ်ဘူး။ ဆရာကြီး ဦးကြည်ပေါ်ဝဒ်မှာ သေတာပါ။ ဒီကိစ္စ ကျွန်တော် မန္တလေးမပြောင်းခင်ကတည်းက ဖြစ်တာပါ"

"အင်း၊ မင်းက မန္တလေးကို ဘယ်လိုရောက်သွားတာလဲ၊ ငါမသိဘဲနဲ့ မင်းဘာသာပြောင်းရွှေ့နေတာလား"

"ကျွန်တော့်ကို ဆရာ ဦးဘသန်းခေါ်လို့ သွားရတာပါဆရာ၊ ဒီရုံးမှာ အမိန့်စာရွက်ရှိပါတယ်"

ကျွန်တော် ပြောတာကိုမယုံဘူး။ သူ့ရှေ့က လူခေါ်ခေါင်းလောင်းကို တိန်ခနဲ အသံမြည်အောင် နှိပ်လိုက်တယ်။ တိန်မြည်သံကျယ်ကတည်းက ဦးဖေကြင်ရဲ့ဒေါသကို မှန်းဆလို့ ရနေပြီ။ သူ့လက်ထောက် တစ်ယောက်ကိုခေါ်ပြီး ရုံးအမိန့်စာ အရှာခိုင်းတယ်။ ကျွန်တော့်ကို ဘာမှမပြောသေးဘဲ ရုံးအမိန့်စာရွက် အလာ စောင့်နေရတယ်။ တစ်ခန်းလုံးက အပ်ကျသံကြားရမတတ် ငြိမ်ဆိတ်နေတယ်လေ။ အတော်ကြာတော့ ဟိုပုဂ္ဂိုလ်ပြန်ဝင်လာပြီး ရုံးအမိန့်စာ ကျွန်တော့် အတွက် ထုတ်ထားတာ မရှိဘူးတဲ့။

"ဟင်... မင်းက ငါမသိဘဲ မန္တလေးကို ပြောင်းသွားတာပေါ့လေ ဘာလဲ"

"ဆရာ ကျွန်တော့်ကို ဆရာကြီးဦးဘသန်းက ခေါ်လို့သွားရတာပါ။ အမိန့်စာရှိပါလိမ့်မယ် ဆရာ"

"ငါ့ရုံးမှာ မရှိဘူးကွ"

ဆရာဦးဖေကြင်မျက်နှာ ရဲလာနေပြီ။

"ရှိမှာပါဆရာ၊ ပြန်ကြည့်ကြပါဦး"

"ကျန်းမာရေးဝန်ကြီးဌာနမှာ မင်းပြောင်းရွှေ့မိန့်မရှိဘူးကွ" ပြီးတော့ ဆက်

ပြောသေးတယ်။

"မင်း တော်တော် လူလည်လုပ်တဲ့အကောင်"

"ဒါဆိုရင် ဆရာကြီးဦးဘသန်းက ဗိုလ်မှူးကြီးလှဟန်ကိုပြောပြီး ကျွန်တော့်ကို ခေါ်တာပဲဖြစ်မယ်"

သူ့တိုက်ပုံအိတ်ထဲက လက်ကိုင်ပဝါကို ထုတ်ပြီး နဖူးမှာစို့နေတဲ့ ချွေးစကို သုတ်တယ်။ လေသံနည်းနည်း ပျော့သွားပြီး

"မင်းဆိုတဲ့အကောင်၊ ငါမသိဘဲ သွားလိုက်တာ၊ ရုံးမှာ ငါတစ်ယောက်လုံးရှိနေတာ ဘာမှ အကြောင်းမကြားဘူး"

လေပြည်အေးလေး ဆက်တိုက်လာစေချင်ပေမဲ့ မုန်တိုင်းက မစဲသေးဘူး။

"အဲဒီလူနာ မင်း အသုံးမကျလို့ သေရတာ"

"ဆရာရယ် ကျွန်တော်ဟာ ရိုးရိုးသာမန်ဆရာဝန်ကလေး တစ်ယောက်ပါ ဆရာ"

ဦးဖေကြင်ရဲ့မျက်နှာရိပ်မျက်နှာကဲကို တစ်ချက်လှမ်းအကဲခတ်တော့ သုန်နေ မှုန်နေတုန်းပဲ။ ခေါင်းရှုပ်စိတ်ရှုပ်နေတဲ့ မျက်နှာနဲ့။

"ဆရာကြီး ဦးကြည်ပေါက လက်ထောက်ပါမောက္ခပါ။ ဆရာကြီးရဲ့ဝဒ်မှာ ၇ ရက်တက်သွားတဲ့လူနာပါ။ ခေါင်းကိုက်တဲ့ ဝေဒနာနဲ့ လာတယ်ဆရာ။ ဆရာကြီး ဦးကြည်ပေါရဲ့လက်အောက်မှာ အက်ဖ်အာစီအက်စ် ဒေါက်တာ မောင်မောင်စိန်ဆိုတာလည်း ရှိသေးတယ်ဆရာ၊ ပြီးတော့ ဒေါက်တာ ဆူးမားဆိုတဲ့ ဆရာဝန်ရှိတယ်ဆရာ"

ဆရာဦးဖေကြင် ကျွန်တော်လျှောက်လဲနေတာတွေကို နားထောင်နေပေမဲ့ နားဝင်ပုံတော့မရဘူး။ စိတ်လှုပ်ရှားနေတဲ့ပုံစံပဲ။

"အက်ဖ်အာစီအက်စ် သုံးယောက်ရှိတဲ့ ဝဒ်မှာ ၇ ရက်ထိ တက်ကုသမှု ခံယူပြီးမှ သေသွားတဲ့ လူနာပါ။ ကျွန်တော် တာဝန်ထမ်းနေတဲ့ ဒေါက်တာ ဒေါ်ခင့်တင့်ရဲ့ ဝဒ်သရီးနဲ့ဖိုးမှာ ခေါင်းကိုက်တယ်ဆိုပြီး လာတက်တုန်းက ဒီလူနာ မသေသေးဘူးဆရာ။ ဒီတော့ ကျွန်တော်နဲ့ မဆိုင်ဘူးဆရာ။ အဝေးကြီး..."

ကျွန်တော့်စကား မဆုံးသေးဘူး။

"ဆိုင်တယ်ကွ၊ ဒီကိစ္စ ဆရာဦးကြည်ပေါ ငါခေါ်မေးပြီးပြီ"

ကျွန်တော် သက်ပြင်းတစ်ချက် ရှိုက်လိုက်မိတယ်။

"ဒီကိစ္စ ဗဟိုလုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မတီက ချက်ချင်း အရေးယူရမယ်တဲ့ အမိန့်ထွက်ထားတာ၊ အခု ငါ အရေးယူရတော့မယ်"

သူ့စကားအဆုံးတော့ ကျွန်တော် ရှိုက်ထားတဲ့ သက်ပြင်းချလိုက်တယ်။

"ဆရာကြီးဦးကြည်ပေါ်မေးကြည့်တော့ ဒီလူနာခေါင်းကိုက်လို့လာ တက်တာ ဘာဒဏ်ရာမှမရှိဘူး။ သူ့ဝဒ်မှာ ၇ ရက်တက်သွားသတဲ့။ ခေါင်းကိုက်ဝေဒနာ မသက်သာတော့ ချူဂိုဆာဂျင်ဦးစိုးညွန့်ကို ခေါ်ပြတယ်လို့ ပြောတယ်။ ဦးစိုးညွန့်ကလည်း ဘာ Treatment မှ မပေးရသေးခင် သေသွားတာ။ Post Mortem လုပ်ကြည့်တော့ ဦးနှောက်ထဲမှာ ပြည်တွေရှိတယ်၊ ဦးစိုးညွန့်မေးတော့ ဒီလူနာရဲ့ ကိစ္စ သူနဲ့မဆိုင်ဘူးတဲ့။

"ငါလည်း သိတယ်၊ ဦးစိုးညွန့်ကလည်း ပြောတယ်။ ချူဂိုဆာဂျင်အနေနဲ့ ဦးနှောက်ထဲ ပြည်တွေ တည်နေတာကို ရှာရဖွေရ၊ ကုရသရတာ အခက်ဆုံးပဲ"

"ဒါဖြင့် ဘယ်သူ့မှာ အပြစ်ရှိလဲ။ ဟိုပဌမအစ အိုပီဒီမှာ ဒီလူနာရဲ့ ခေါင်းကိုစမ်းတဲ့ လူမှာ အပြစ်ရှိတယ်။ လက်မဆေးဘာမဆေး၊ မသန့်မရှင်းနဲ့ချုပ်လို့ ပိုးဝင်ပြီး ပြည်တည်တာ ဖြစ်နိုင်တယ်လို့ ကောက်ချက်ချကြတယ်။ ငါတွေးကြည့်တာတော့ လက်သည်က မင်းပဲ မောင်သိန်းလှိုင်"

ဆရာဦးဖေကြင်ရဲ့မျက်နှာမှာ ပင်ပန်းတဲ့ကြားက ပြုံးရိပ်သမ်းလာသလိုပဲ။

"ဝဒ်သုံးနဲ့လေးမှာ မင်းအင်ချတ်၊ ဒီမှာ လူနာတက်တဲ့ နေ့စွဲ၊ ဟုတ်တယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော့်ဝဒ်မှာ တက်တယ်ဆိုတာ အမှန်ပါပဲ"

ဆရာဦးဖေကြင် ပြုံးတာကို မြင်ဖူးပြီ။

"ကျွန်တော် ပြောပြမယ်ဆရာ ဒီကောင်လေးဟာ..."

သူ့မျက်နှာ ရုတ်တရက် တည်သွားတယ်။

"မုဆိုးမရဲ့သားပါဆရာ၊ ဉက္ကလာပမှာ ဖြစ်လာတာ၊ သူတို့အချင်းချင်း ရန်ဖြစ်ကြရာက တစ်ဖက်ဓားနဲ့ ခုတ်လိုက်တာ အရိုးကိုထိပြီး ပွဲသွားတယ်ဆရာ"

ဆရာ့မျက်နှာက အကဲခတ်ရ ခက်သွားပြီ။

"အပြင် ဆေးခန်းတစ်ခုမှာ ၇ ရက် ကုခဲ့ကြသေးတယ်။ အရိုးကြီးဟက်ပက်နဲ့ မပျောက်တော့မှ အရေးပေါ်ဌာနကို ခေါ်လာကြတာ၊ အရေးပေါ်ဌာနက အအေအက်စ်ဆရာ ဦးအောင်မြတ်က ဟေ့ မောင်သိန်းလှိုင် ဆေးရုံတင်ရမလား၊ မတင်ရဘူးလား။ မင်းလာကြည့်ပြီး ဆုံးဖြတ်စမ်းကွာတဲ့။ အဲဒီအချိန် လူနာနဲ့ မိခင်မုဆိုးမကြီးရဲ့မျက်နှာကို ဆရာမြင်ရင်လည်း နေနိုင်မှာမဟုတ်ဘူး။ သိပ်ကို အားကိုးအားထား လိုအပ်တဲ့မျက်နှာနဲ့ ကျွန်တော်တို့ကို ကြည့်နေရှာတယ်။

"သူ့ခမျာ ဖျားကလည်း ဖျားနေသေးတယ်။ လူနာမိသားစုကို ကြည့်ပြီး ကျွန်တော်သနားမိတယ်၊ ဦးခွံထိထားတဲ့နေရာကလည်း ဟောက်ပက်ကြီးပြီးတော့ သားနံ့ရည်တွေလည်း စိမ့်နေသေးတယ်။ ဉက္ကလာပကနေ လာကြရှာတယ်။

စာနာစိတ်၊ သနားစိတ် လူ့အသက်တစ်ချောင်း ကယ်ကောင်းပါတယ်ကွာလို့ ဆုံးဖြတ်ပြီး ကျွန်တော့်ဝဒ် သုံးနဲ့လေးကို အတင်ခိုင်းလိုက်တာ။ ရောက်ရောက်ချင်း ဒီလူနာကို ကျွန်တော်ကုသတယ်။ နောက်နေ့မနက် ဆျူရိုဆာဂျင်ဦးစိုးညွန့်ကို ခေါ်ပြတယ်ဆရာ။ ဦးစိုးညွန့်က လာကြည့်ပြီး သူ့ဝဒ်မှာ ခုတင်ဆယ်လုံးပဲရှိတယ်။ မောင်သိန်းလှိုင် မင်းဆီမှာပဲ လက်ခံထားလို့ ပြောတယ်ဆရာ။

“ဆျူရိုဆာဂျင်က ပုံမှန်လာလာကြည့်တယ်။ ကျွန်တော် လေးငါးရက် ဆက်ပြီး ကုပေးရတယ်။ ဦးစိုးညွန့် ညွှန်တဲ့အတိုင်း ကုသတာပါ။

“နောက်တစ်ခါ ဆရာဦးစိုးညွန့်လာတော့ ဒီလူနာဟာ ဦးနှောက်နဲ့ အာရုံကြောနဲ့ဆိုင်တဲ့လူနာမို့ ဆရာ့ဝဒ်မှာဆိုရင် ပိုကောင်းမယ်ဆရာလို့ ပြောတော့ ဟာ... ငါ့ဝဒ်မှာ ခုတင်က ဆယ်လုံးတည်းရှိတာ၊ မင်းကလုပ်ပြန်ပြီး...၊ မင်းဝဒ်လည်း လူနာလက်ခံတဲ့နေ့ဖြစ်နေတော့ ဒီလိုလုပ်ကွာ၊ အိုပီဒီမှာတင်ထား၊ ငါသွားသွားကြည့်ပေးမယ်တဲ့ဆရာ”

“အဲဒီလိုနဲ့ ဒီလူနာကို ဆင်းခွင့်ပေးလိုက်တယ် ဆရာ”

“မောင်သိန်းလှိုင် လူနာဆင်းခွင့်ပေးတဲ့ လက်မှတ်က မင်း လက်မှတ် မဟုတ်လား”

“ဟုတ်ပါတယ်၊ လူနာဆင်းခွင့်လက်မှတ်ကို ဘယ်ဆရာဝန်ကြီးမှ လက်မှတ်ထိုးလေ့မရှိပါဘူး။ ဆရာဝန်အငယ်တွေ၊ လက်ထောက်ဆရာဝန်တွေပဲ လက်မှတ်ထိုးကြရတာပါ ဆရာ။ ဒီအစဉ်အလာ ဟိုးတုန်းကလည်းက ရှိတဲ့ အစဉ်အလာပါ။ ဆရာမယုံရင် ဆေးရုံက ဆင်းခွင့်လက်မှတ်တွေ အားလုံးကို ယူပြီး စစ်ဆေးကြည့်ပါဆရာ။ တကယ်လို့ ဆေးရုံက ဆင်းခွင့်လက်မှတ်ကို ဆရာဝန်ကြီးတစ်ယောက်ကများ ထိုးထားတာတွေ့ရင် ကျွန်တော့်ကို အလုပ်က ဖြုတ်ပစ်လိုက်ပါဆရာ”

ကျွန်တော် ရှင်းပြတာကို ဆရာက လက်ခံနိုင်ပုံမပေါ်ဘူး။

“မင်းလက်မဆေး ဘာ မဆေးဘဲ ဒီလူနာကို ချုပ်ခဲ့တာ”

“ကျွန်တော် မချုပ်ဘူးဆရာ၊ အခင်းဖြစ်ပွားပြီးပြီးချင်း ဒီဆေးရုံကို ရောက်လာတာမဟုတ်ဘူး။ ဥက္ကလာပမှာ ချုပ်ခဲ့တာ။ ပြလန်ဟက်တက်ကြီးမို့ ကျွန်တော် ကုပေးတာ အနာကျက်သွားပြီး သက်သာသွားတယ်လေ။ ကျွန်တော်မချုပ်ဘူး၊ ဖြစ်ဖြစ်ချင်း ဒီဆေးရုံကို လာတာဆိုရင်လည်း အရေးပေါ်ဌာနက ဆရာဝန်ချုပ်ကြမှာပါ။ သူတို့ကို သနားလို့ အခြေအနေအရ ကျွန်တော် လက်ခံထားလိုက်တာပါ”

ဆရာဦးဖေကြင်ဆီက အသံမာကြီးနဲ့ စကားတစ်ခွန်းကြားလိုက်ရတော့

ကျွန်တော် အံ့သြသွားတယ်။

"ဘာပဲဖြစ်ဖြစ် သူ့ကို မင်းသတ်တာပဲကွ"

ကျွန်တော့်ကို မတရားစွပ်စွဲတယ်လို့ ခံစားလိုက်ရတယ်။ ဒီလို ကြုံလာရင် ခေါင်းငုံ့ခံလိုက်စမ်း သိန်းလှိုင်လို့ ကျွန်တော့်ကိုယ်စောင့်နတ်က မနှိုးဆော်ဘူး။

အိတ်ထောင်ထဲမှာ ပါလာတဲ့ ဆမကတ်ပြားနဲ့ အမျိုးသားမှတ်ပုံတင်ကတ်ပြားကို ထုတ်ပြီး ဆရာဦးဖေကြင်ရဲ့ စားပွဲပေါ်တင်လိုက်တယ်။ ကျွန်တော့်ရဲ့ လုပ်ရပ်ကိုမြင်တော့ ဆရာရဲ့အံ့သြ အလှည့်ကိုရောက်ပြီ။

"ကဲ ဒီလောက်တောင်ဖြစ်မှတော့ ဆရာလုပ်ချင်သလိုသာ လုပ်လိုက်ပေတော့"

ဆရာဦးဖေကြင်ရဲ့မျက်နှာကြီးက တည်သီးမှည့်ရောင်ဖြစ်သွားတယ်။

"စားစရာမရှိလို့ ဆရာဝန်ဝင်လုပ်နေတာ မဟုတ်ဘူးနော်၊ ဒီလောကက ထွက်သွားရင်လည်း ရှင်သန်နိုင်တယ်၊ အချိန်မရွေး ထွက်ပစ်လို့ရတယ်"

"ဟေ့ မင်းငါ့ကို ဒီလိုလုပ်ရသလား" သူ့အော်သံထဲမှာ ဒေါသသံအပြည့်ပါတယ်။

"ငါ့မှာ နှလုံးရောဂါရှိတယ်ကွ... တောက်"

ကျွန်တော့်စိတ် ကျွန်တော်ထိန်းနိုင်မယ်ထင်ခဲ့တာ၊ အဲဒါဟာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတာတစ်မျိုးပဲဆိုတာ နောင်မှသိတယ်။

"ဆရာ့မှာ နှလုံးရောဂါရှိတယ်ဆိုရင် ကျွန်တော်က ဘာလုပ်ပေးရမလဲ"

ဆရာဦးဖေကြင်ရဲ့ အသက်ရှူသံပြင်းပြင်းကို အတိုင်းသား ကြားနေရတယ်။

"ကျွန်တော် မိကောင်းဖခင်သားတစ်ယောက်ပါ။ ကျွန်တော်နဲ့ ဘယ်လိုမှ မပတ်သက်တဲ့အမှုကိစ္စမှာ ဆရာက ကျွန်တော့်ကို တစ်ဖက်သတ် စွပ်စွဲနေတယ်။ စွပ်စွဲတာကလည်း လူသတ်တယ်၊ လူသတ်တယ်နဲ့။ ဒီလိုလုပ်ကြည့်ပါဆရာ၊ တရားရုံးကနေ တရားစွဲကြည့်ပါလား ဆရာ"

ဆရာကြီးခမျာ စိတ်လှုပ်ရှားဒေါသဖြစ်ပြီး ဂနာမငြိမ် ဖြစ်နေရှာတယ်။ မတတ်နိုင်တော့ဘူး။ ကျွန်တော် ဒီအဖြစ်ကို ဘယ်လိုမှ မခံစားနိုင်တော့သလို ကိုယ့်ကိုယ်ကိုယ်လည်း ဘယ်လိုမှ မထိန်းချုပ်နိုင်တော့ဘူး၊ ဆက်ပြီးပေါက်ကွဲနေမိတယ်။

"ဝဒ်မှာ ၇ ရက်ထားပြီး ပျောက်အောင်မကုနိုင်သူကို အရေးမယူဘဲနဲ့ ဦးနှောက်နဲ့အာရုံကြောဝေဒနာရှင်ကို ကုသတဲ့ ဦးနှောက်နဲ့ အာရုံကြောဆရာဝန်

ကို ကျော်ပြီး တာဝန်ဝတ္တရားနဲ့ အငေးကြီးက ဝဒ်အင်ချတ်တစ်ယောက်ကို အရေး ယူတာ ဆရာလူကြီးပီသရဲ့လား၊ တရားမျှတမှုရော ရှိရဲ့လားဆရာ"

နောက်ဆုံးတော့ အဖြေထွက်လာတာပါပဲ။ တော်လှန်ရေးကောင်စီအစိုးရ ရဲ့ စရိုက်လက္ခဏာကို အထင်းသား တွေ့လိုက်ရတယ်။

"ဘယ်သူ့ကိုမှ အရေးယူလို့မရလို့ မင်းကို အရေးယူတာကွ"

ဩော် ဒါများဆရာရယ် စောစောကပြောလိုက်ပါတော့လို့ စိတ်ထဲတင် ပြောလိုက်မိတယ်။ တကယ်တော့ ဒီဆုံးသွားတဲ့လူနာ ဆေးရုံက ဆင်းခွင့်လက် မှတ်ထိုးပေးလိုက်တဲ့ လက်မှတ်ရှင် ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော်သိတာ ပေါ့။ ကောင်းကောင်းသိတာပေါ့။ ကျွန်တော်နဲ့ လက်ပွန်းတတီး လုပ်ကိုင်ဆောင် ရွက်ကုသပေးတဲ့ ကျွန်တော့်လက်အောက်က ဟောက်စ်ဆာဂျင်လေး။ အသား ဖြူဖြူ အရပ်ရှည်ရှည်လေး။ ဒီဟောက်စ်လေးရဲ့လက်မှတ်လေး သူ့လက်မှတ်က သူများနဲ့မတူ ထူးခြားတယ်။ ဆရာဦးဖေကြင်က ဒီလက်မှတ်ကြည့်ရုံနဲ့ သအက္ခရာ လည်း မပါသလို လအက္ခရာလည်း မပါဘူး။ တီစာလုံးလည်း မပါသလို အိတ်ချ်လို့ ထင်ယောင်မြင်မှားဖြစ်စရာလည်း မပါတဲ့လက်မှတ်ကို ကျွန်တော့် လက်မှတ်လို့ စွပ်စွဲနေတယ်။

မောင်သိန်းလှိုင် မင်း လက်မှတ်တစ်ချက်နှစ်ချက်လောက် ထိုးပြစမ်းကွာ လို့ ကျွန်တော်ဝင်လာချင်း အထိုးခိုင်းရင်လည်း ဖြစ်တယ်။ ကျွန်တော်ကလည်း မှန်မှန်ကန်ကန် ထိုးပေးမှာပဲ။ အခုအထိုးခိုင်းရင်လည်း တလွဲမထိုးဘူး။ ဒါပေမဲ့ ဒီလူနာဟာ ဆင်းဖို့သင့်ကြောင်း ကျွန်တော့်ခွင့်ပြုချက်နဲ့ဆင်းတာ၊ ဝဒ်သုံးနဲ့လေး မှာ တာဝန်ရှိတဲ့အထဲ ကျွန်တော်ပါတယ်။ ဒီလက်မှတ်အတွက် အရေးယူရင် ကျွန်တော့်ကို အရေးယူရမှာ၊ ဟောက်စ်လေးအပေါ်မှာ အေအက်စ်က ပုံမချကောင်း ဘူး။ တာဝန်မယူရဲတဲ့သူက တာဝန်ကြီးတွေ ယူထားကြရင် ဒီဆေးရုံကြီး ဘယ် လိုလုပ်ပြီး ကောင်းပါတော့မလဲ။ ကျွန်တော်တို့တိုင်းပြည်မှာ အဲဒီလိုတာဝန် မယူရဲတဲ့သူတွေ၊ နားမလည်ပါးမလည်သမားတွေ ဦးဆောင်လို့ ဖွပ်သည်ထက် ညစ်၊ ဆင်းရဲမွဲတေ စုတ်ပြတ်သွားခဲ့ရတာလေ။

ဆရာဦးဖေကြင် ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ သူများဆိုရင်တော့ မျက်လွှာလေးချ၊ ခေါင်းလေးငုံ့ရင်ငုံ့ ဒါမှမဟုတ် တစ်ဖက်လှည့်သွားတာတို့ မျက်လုံးချင်းလွှဲတာတို့ လုပ်ကြမှာပဲ။ ကျွန်တော်အဲဒီလို မလုပ်ခဲ့ဘူး။ ဆရာ့ကို ပြန်ပြီး သတ္တိရှိရှိစောင့်ကြည့်နေတယ်။ ဒီတော့ ဆရာက သူ့မျက်နှာတစ်ဖက်လွှဲ လိုက်ပြီး တိုက်ပုံအင်္ကျီအိတ်တွေ လက်နဲ့စမ်း၊ စားပွဲအံဆွဲတွေဖွင့် လုပ်နေတယ်။

သူရှာနေတဲ့ လက်ကိုင်ပဝါတွေ့တော့မှ နဖူးမှာစို့နေတဲ့ ချွေးတွေ သုတ်

နေတယ်။ ချွေးသာသုတ်တာ၊ ပန်ကာက သူ့ဘယ်ဘက်မှာ တဝီဝီနဲ့ အားကုန်လည်နေတာ။ ပြီးတော့... သူ့ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်တယ်ထင်ပါရဲ့။ စားပွဲပေါ်က လူခေါ်ခေါင်းလောင်းကို နှိပ်ရင်း ပါးစပ်ကလည်း မောင်းတင်လို့ ခေါ်လိုက်တယ်။

ဒေါသက မပြေသေးတော့ အခန်းပြင်မှာ စောင့်နေကြတဲ့ ဆရာဦးမြဝင်းတို့၊ ဦးထွန်းမင်းတို့၊ ဦးဉာဏ်ဝင်းတို့တစ်တွေတောင် ကြားလောက်တယ်။ သူ့မောင်တင်ကလည်း တံခါးဝနားတင်ကပ်ပြီး ထိုင်နေသလား အောက်မေ့ရတယ်။ အခန်းထဲကို ချက်ချင်းလှစ်ခနဲ ရောက်လာတယ်။

တစ်ဖက်မျက်နှာလွှဲနေတဲ့ ဆရာက ဦးတင် ဝင်လာတာကို မမြင်ဘူး။ သူ့တပည့်က ခဏစောင့်နေပေမဲ့ သူ့ဆရာ သူရောက်နေမှန်းသိအောင် "ဆရာ" လို့ အသံပြုလိုက်တယ်။

"သွား၊ မြန်မာပြည်မြေပုံ ယူချေ"

တပည့်ဖြစ်သူကလည်း လှစ်ခနဲ ထွက်သွားပြီး သင်ဖြူးတစ်ချပ်ရဲ့တစ်ဝက်လောက်ရှိတဲ့ မြေပုံအလိပ်ကြီး ယူချလာတယ်။ ဆရာ့စားပွဲပေါ်မှာ အကျအနဖြန့်ပေးနေတုန်းမှာပဲ အပြောင်းအရွှေ့တင်ထားတဲ့သူတွေ၊ ဘယ်သူတွေရှိကြလဲတဲ့။

ဇင်္ဂလိန်းခန္တီးမှာ တာဝန်ထမ်းဆောင်နေတဲ့ ဒေါက်တာပီအက်စ်ဆာကားကတော့ ပြောင်းချင်တယ်လို့ ရန်ကုန်ရောက်တိုင်း လာလာပြောတာ ဆရာသတိရမယ်ထင်ပါတယ်"

ဆရာဦးဖေကြင်ဆီက အာလုတ်သံကြီးနဲ့

"အေး ဒီကောင်ကို အဲဒီပို့လိုက်ကွာ"

ကျွန်တော့်ကို ရှေ့မှာထားပြီး အပြောင်းအရွှေ့အော်ဒါထုတ်နေတယ်။ စက္ကန့် သုံးဆယ်လောက်ကြာတော့ သူ့မေးစေ့ကို သူပွတ်ရင်း

"လုပ်သက် ၂ နှစ် ပယ်ဖျက်လိုက်ကွာ"

ကျွန်တော့်နား ကျွန်တော်မယုံဘူး။ ဇင်္ဂလိန်းခန္တီးပြောင်းရတာကို မအံ့သြပေမဲ့ လုပ်သက် ၂ နှစ် ပယ်ဖျက်လိုက်ဆိုတာကတော့ ကျွန်တော် မမျှော်လင့်တဲ့ စကားလုံးတွေပဲ။

ကျွန်တော်က လူရွတ်လူပေဆိုတော့ စိတ်ထဲကနေပဲ ပြောလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်ဆရာ၊ ကျွန်တော့်လုပ်သက်ကလည်း ၂ နှစ်ပဲရှိတာလို့။"

ဆရာဦးဖေကြင် စီရင်ချက်က မပြီးသေးဘူး။

"နှစ်တိုးလစာလည်း တစ်နှစ်ရပ်လိုက်"လို့ အဆစ်အပြင် အစွက်ကလေး

က ပါလိုက်သေးတယ်။

တရားရုံးမှာဆိုရင် တရားသူကြီးဦးဖေကြင်က သေဒဏ်တို့၊ ကြိုးဒဏ်တို့ များ ချလေမလားမသိဘူး။

ဦးတင်ကလည်း သူ့ဆရာရဲ့နှုတ်မိန့်ကို အမိန့်စာထုတ်ဖို့ အကုန်လိုက်ရေးနေသံ တခြစ်ခြစ်နဲ့ ကြားနေရတယ်။ ဘယ်လောက်တောင် ဖိရေးနေတယ်မသိဘူး။

* * *

## ဝန်ထမ်းလောကရဲ့ မာယာ

ကျွန်တော် မကောင်းပုံပါထည့်မှ ပြည့်စုံမယ်။ ဆရာဦးဖေကြင်က ကျွန်တော့်ကို နာဂဒေသ၊ စစ်ကိုင်းတိုင်းအစွန် မဖွံ့ဖြိုးတဲ့ (အဲဒီအချိန်က) ဇင်္ဂလိန်းခန္တီးကို ပို့တယ်ဆိုတော့ ကျွန်တော်က "ဆရာခင်ဗျား ဇင်္ဂလိန်းခန္တီးကိုသွားရင် ဘယ်ကနေ ဘာစီးပြီးသွားရသလဲ ဆရာ"လို့

မကြားဖူးလောက်အောင် မသွားတတ်လောက်အောင် ဝေးသီခေါင်တဲ့ အရပ်လို့ သဘောပေါက်စေတဲ့ မေးခွန်းမေးတော့ ဆရာက

"ငါ ဘယ်သိမလဲ"

တပည့်ကျော် မောင်တင်ကို အားကိုးခါမှ ပိုဆိုးသွားတယ်။

"မောင်တင် ဇင်္ဂလိန်းကို ဘယ်လိုသွားရသလဲ"

"ကျွန်တော်လည်း မသိဘူးဆရာ"

ကျွန်တော် မကောင်းပုံတွေ ဆက်ဦးမယ်။

"ဆရာရယ် ဗမာပြည်က ဆရာဝန်တွေအားလုံးကို ဆရာအုပ်ချုပ်နေသူပါ။ ကိုယ့်လက်အောက်က ကိုယ့်တပည့်တွေ တာဝန်ထမ်းဆောင်နေကြတဲ့အရပ်ကို ကိုယ့်လက်အောက်ဆေးရုံတစ်ရုံ ဘယ်နားရှိလို့ ဘယ်လိုသွားရမယ်ဆိုတာ မသိဘူးလို့ ပြောထွက်တာတော့ အံ့ဖွယ်ပါပဲ။

ဆရာတို့ကို ညွှန်ကြားထားတဲ့ဝတ္တရားတွေထဲမှာ ဘာတွေရေးထားသလဲဆိုတော့ မြို့နယ်ဆရာဝန်ကြီးတစ်ယောက်ဟာ တိုက်နယ်ဆေးရုံတစ်ရုံကို တစ်နှစ် (၄) ကြိမ်သွားရောက် စစ်ဆေးလေ့လာရမယ်တဲ့"။ တိုင်းအဆင့်ဆရာဝန်ကြီးတစ်ယောက်ဟာ ကိုယ့်တိုင်းအတွင်းရှိ မြို့နယ်ဆေးရုံတွေကို တစ်နှစ်တစ်ကြိမ် လေ့လာစစ်ဆေးရမယ်လို့ပါ ဆရာ။ ဆရာ့ဇင်္ဂလိန်းက အဲဒီစာရင်းထဲမှာ

ပါတယ်မဟုတ်လား။ ဆရာမသိရင် ဘယ်လိုသွားရမလဲ၊ ဆရာတစ်ခါမှ မရောက်ဖူးဘူးတင်တယ်"

လူငယ်တစ်ယောက်က ကိုယ့်အထက်က အရာရှိကို ဒီလိုမပြောသင့်မှန်း သိပေမဲ့ ကျွန်တော့်ဘရိတ်ပေါက်သွားတယ်။

"မင်းဟာမင်း စုံစမ်းသွားပေါ့ကွာ"

ဆရာက သူမသိတာကို မသိကြောင်း ပြုံးပြီးဝန်ခံလိုက်သလိုပဲ။ ပြုံးနေတယ်။

"ဖြစ်ပါတယ်ဆရာ၊ ဗမာပြည်က ကျဉ်းကျဉ်းလေးပါ၊ မေးဖန်များစကားရ၊ သွားဖန်များ ခရီးရောက်ဆိုတဲ့ ဗမာစကားပုံတွေရှိတာပဲ၊ ဆရာလမ်းမညွှန်နိုင်တာကိုပဲ ကျွန်တော် ဝမ်းနည်းမိတာပါ"

"မောင်သိန်းလှိုင်၊ အရမ်းစွတ်ရွတ်မပြောနဲ့ ဆရာ့မှာ နှလုံးရောဂါရှိတယ်"

နံ့ဘေးနားမှာရှိတဲ့ ဦးတင်လည်း ဘာလုပ်ရ၊ ဘာပြောရမှန်းမသိတော့ဘူး။ ကြက်သေသေနေတယ်။

"ဆရာလွှတ်တဲ့ ဇာဂ်လန်းခန္တီးကို အမြန်သွားပါမယ်"

"အေး ကောင်းပြီ"

"ဒါပေမဲ့ ကျွန်တော့်မှာ ခရီးစရိတ်မရှိဘူး။ ဒီအရွယ်ကျမှ မိဘဆီလည်း လက်ဝါးဖြန့်မတောင်းချင်ဘူး။ ဒါကြောင့် ခရီးစရိတ် ကြိုတင်ထုတ်ပေးစေလိုပါတယ်ဆရာ"

"ဘာဆိုင်လို့လဲကွ"

"ဒီလိုဆိုရင် ကျွန်တော်ဘယ်လိုလုပ်ရမလဲ"

"ခရီးစရိတ်ဆိုတာ မင်းရောက်တဲ့တာဝန်ထမ်းရမယ့် အရပ်မှာဂျူတီရီပို့ လုပ်ပြီး မင်းဘာသာ တောင်းခံယူရတာကွ"

"သိပါတယ်ဆရာ၊ ဒါပေမဲ့ ကျွန်တော့်မှာ စိုက်စရာကို ပိုက်ဆံမရှိဘူး ဆရာ"

"မင်းက ငါ့ဌာနအောက်က မဟုတ်သေးဘူး၊ မင်းအနေနဲ့ တောင်းပိုင်ခွင့် မရှိဘူး"

"ကျွန်တော် ဆရာ့ဌာနလက်အောက်က မဟုတ်ဘူးဆိုရင် ကျွန်တော့်ကို ဆရာက ဘာဖြစ်လို့ အခုလိုဆင့်ခေါ်ပြီး၊ လုပ်သက်ဖြတ်တာတို့ နှစ်တိုးရပ်ဆိုင်းတာတို့၊ နယ်စွန်နယ်ဖျားပို့တာတို့ လုပ်သလဲဆရာ"

"ငါက လုပ်ထုံးလုပ်နည်းအရ ပြောတာကွ"

"ဆရာပြောတာကို နားလည်ပါတယ်။ ဒါပေမဲ့ ခရီးစရိတ်မရရင်

ကျွန်တော်သွားဖို့ တကယ်ကို ခက်နေတယ်ဆရာ"

ဆရာဦးဖေကြင် ခေါင်းကို တစ်ချက်နှစ်ချက် အယားဖျောက်လိုက်ပြီး

"ဟော့ မောင်တင်"

"ဗျာ... ဆရာ"

"သူ့ကို ပိုက်ဆံ ၅၀၀ ထုတ်ပေးလိုက်၊ လက်မှတ်လည်း အထိုးခိုင်း"

"ဟုတ်ကဲ့ဆရာ"

"ကျေးဇူးပါဆရာ၊ ဆရာ ခဏလေးနော်"

စီးထားတဲ့ ဖိနပ်နှစ်ဖက်ကို ချွတ်ပြီးနောက်အဆုတ်မှာ

"မင်း ဘာလုပ်မလို့လဲ... ဟော့... ဟော့... မင်းငါ့ကို မကန်တော့နဲ့"

ကျွန်တော်က လက်အုပ်ချီထားရင်း ပြောလိုက်တယ်။

"ဆရာနဲ့ ကျွန်တော် အရင်က တစ်ခါမှမဆုံဖူး၊ မတွေ့ဖူးကြပါဘူး။ ကျွန်တော်မရောက်ဖူးတဲ့ ဝေးလံတဲ့ဒေသကို ဆရာအခုလို ပို့လိုက်တာ သိပ်ပြီး ကျေးဇူးတင်ပါတယ်ဆရာ၊ ဆရာ့ကျေးဇူး ကျွန်တော့်မှာရှိနေပြီဆရာ ဒါကြောင့် ကန်တော့ချင်တာပါဆရာ"

မလုပ်နဲ့ မလုပ်နဲ့ မကန်တော့ပါနဲ့ မောင်သိန်းလှိုင်။

ကျွန်တော် ပါးစပ်က ဘရိတ်ဘယ်လောက်တောင် ပေါက်သွားသလဲဆို ရင်

"ခရီးရောက်တဲ့နေကစပြီး သိန်းလှိုင်ဆိုတဲ့နာမည် မြန်မာပြည်မှာ နာမည် ကျော်ကြားစေရမယ်၊ ဒီလိုကျော်ကြားတဲ့အခါ ဆရာ့ကို ကျေးဇူးဆပ်ဦးမှာပါ"

ဆရာဦးဖေကြင် ကျွန်တော့်ကို စိတ်ဖောက်ပြန်သွားရှာပြီဆိုတဲ့ အကြည့်နဲ့ ကြည့်နေတယ်။

"ကျေးဇူးတင်ပါတယ်ဆရာ၊ ဆရာ့ကိုလည်း ဇင်္ဂလိန်းကိုရောက်အောင် ခေါ်ဦးမှာပါ ဆရာ"

ဦးတင်ဆီက ခရီးစရိတ် ၅၀၀ ကျပ် လက်မှတ်ထိုးပြီး ထုတ်ယူလာခဲ့ တယ်။ မန္တလေးကို ပြန်ချင်စိတ်က စောနေပြီ။ အခန်းအပြင်က စောင့်နေကြတဲ့ မန္တလေးက ဆရာဦးထွန်းမင်းတို့၊ ဆရာဦးမြဝင်းတို့ကို နှုတ်ဆက်ပြုံးပြပြီး မိဘ တွေဆီ ပြန်ခဲ့တယ်။ အခန်းအပြင် ဆရာတို့ကို ပြုံးတဲ့အပြုံးမှာ မချိသွားဖြဲတော့ မဟုတ်ဘူး၊ ကျွန်တော့်မှာ ခံစားချက် ပြင်းပြင်းရှိတယ်၊ ပြီးတော့ မခံချင်စိတ်ပေါ် ပြီး ကြိုးစားချင်စိတ်တွေ ပေါ်နေတယ်လေ။

အဖေတို့ အမေတို့ကိုတော့ ကျွန်တော် ခရီးကိုပြောင်းရမယ့်အကြောင်း ပြောပြလိုက်တယ်။ လုပ်သက် (၂) နှစ် အဖြတ်ခံရတာတွေ နှစ်တိုး... တစ်နှစ်

ရပ်စဲခံရတာတွေတော့ ပြောမပြဘူး။ မိဘများ စိတ်ဆင်းရဲရှာလိမ့်မယ်။ အမေက တော့ စိတ်ပူတာပေါ့။ ကျန်းမာအောင် နေဖို့ပြောတယ်။ ငှက်ဖျားဖြစ်တတ်တဲ့ အရပ်မှန်းလည်း အမေကသိတော့ မှာရှာတယ်။

မန္တလေးပြန်ခါနီး တယ်တယ်နဲ့အမေ့ကို ကန်တော့တော့ တယ်တယ်က ပါးစပ်ကနေ တတွတ်တွတ်နဲ့ ဆုတွေဘာတွေ မပေးစဖူးပေးနေတယ်။ အမေက တော့ ကလေးငယ်လေးတစ်ယောက်လိုပဲ ကျွန်တော့်ကို အမေ့ရင်ခွင်ထဲဆွဲသွင်း ပြီး နောက်စေ့ကဆံပင်တွေ ပွတ်ပေးလိုက်တယ်။

မန္တလေးကို ကျွန်တော်ပြန်ရောက်တော့ တစ်ဆေးရုံလုံး ကျွန်တော့်သတင်း သိနေသလို ခံစားရတယ်။ ဆရာဝန်ကြီးဦးစံဘော်၊ သမားတော်ကြီးဒေါက်တာ မိုဟန်း၊ သမားတော်ကြီးဒေါက်တာ မြင့်မြင့်ခင်၊ ဆရာကြီးဦးအောင်ညွန့်တို့လို ကျွန်တော်လေးစားရတဲ့ ပုဂ္ဂိုလ်တွေကိုတော့ ကျွန်တော့်အဖြစ်မှန်တွေ ပြောပြလိုက် တယ်။ ဆရာဝန်ကြီး ဦးစံဘော်ခမျာ ကျွန်တော့်ဖြစ်စဉ်တွေ နားထောင်ရင်း ခံတွင်းချဉ်လာတယ်ထင်ပါရဲ့၊ စီးကရက်မီးညှိသောက်တာ (၂) လိပ်ကုန်တယ်။

ကျွန်တော့်အတွက် သူတို့ စိတ်မကောင်းဖြစ်ရတယ်။ ဆောရီး ဖြစ်ကြ တယ်တဲ့။ မန္တလေးပြည်သူ့ဆေးရုံ ခွဲစိတ်လူနာအတွက် အားပျက်ဝမ်းနည်းစရာ အဖြစ်အပျက်ပဲလို့လည်း ပြောတယ်။ ဝဒ်ထဲက ဟောက်စ်ဆာဂျင်လေးတွေ ဦးစီးပြီး ကျွန်တော့်ကို နှုတ်ဆက်ပွဲလုပ်ပေးကြတယ်။ ဆေးတက္ကသိုလ်ရှေ့က အလံတိုင်နားမှာ ဒီနှုတ်ဆက်ပွဲကို ကျင်းပကြတာ။ လုပ်ဖော်ကိုင်ဖက်တွေ၊ ကိုယ့် ထက်ဝါရော သမ္မာရော ကြီးကြတဲ့ဆရာသမားတွေ တော်တော်များ တက်ရောက် ချီးမြှင့်ကြတယ်။ ဒီအတွက် ဂုဏ်ယူမိတယ်။ ကြိုးစားချင်စိတ်တွေလည်း တဖွားဖွား ပေါ်နေမိတယ်။ နှုတ်ဆက်ပွဲကို တက်ရောက်သူတိုင်းက လက်ဆွဲလာ နှုတ် ဆက်ကြတယ်။ ရင်းနှီးသူ၊ သံယောဇဉ်ရှိသူ၊ ခွဲကြရတာကို ဝမ်းနည်းသူတွေက လက်ကိုဆွဲနှုတ်ဆက်တဲ့အခါ မြဲမြဲဆုပ်ကိုင်နှုတ်ဆက်ကြပြီး တချို့ကစကားပြော ရင်း လက်ကို ခပ်ဖိဖိလေး ညှစ်ကြတယ်။ အဲဒီအထဲမှာ ဆရာကြီးဦးအောင်ညွန့်၊ ဆရာကြီးဦးစံဘော်တို့လည်း ပါတယ်။ ဆရာကြီး ဦးစံဘော်က သူသောက်တဲ့ စီးကရက် ကျွန်တော့်ကို မှုတ်ဝေတိုက်တာလည်း မှတ်မိတယ်။

လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတွေက ဒီနှုတ်ဆက်ပွဲ အထိမ်းအမှတ်အဖြစ်နဲ့ ခွဲစိတ်ပညာရပ်ဆိုင်ရာ ဆေးစာအုပ်တစ်အုပ် စုပေါင်းဝယ်ပြီး လက်ဆောင်ပေးကြ တယ်။ တကယ့်ကို အမှတ်တရဖြစ်စေတဲ့ နှုတ်ဆက်ပွဲပါပဲ။ စာအုပ်အထဲမှာ Fare Well To You လို့ ရေးထားပြီး သူတို့ရဲ့လက်မှတ်တွေအမှတ်တရ ထိုးပေး လိုက်ကြတယ်။ လက်မှတ်ထိုးရဲ့အောက်မှာ နာမည်ရင်းတွေလည်း ရေးပေးလိုက်

ကြသေးတယ်။ နာမည်ရင်းတွေကိုတော့ သိကြတဲ့အတိုင်း ဆရာဝန့်လက်ရေး ဆိုတော့ မနည်းဖတ်ယူရတယ်။

ဆရာဝန်ကြီးတစ်ယောက်က လူနာတစ်ယောက်ကို ဆေးညွှန်းရေးပေး လိုက်တာ လူနာက ရပ်ရှင်ရုံလက်မှတ်ပေါက်မှာ ပိုက်ဆံနဲ့မှားပြီး ဆရာဝန်ကြီး လက်မှတ်ပါတဲ့ ဆေးညွှန်းစာရွက်ပေးမိတော့ လက်မှတ်ရောင်းသူက ဒီစီတန်းက လက်မှတ် (၃) စောင် ထုတ်ပေးလိုက်သတဲ့။ နောက်မှ မှားပေးမိမှန်းသလို့ ပိုက်ဆံနဲ့ပြန်ဝယ်ရတာတဲ့။ ဘူတာရုံလက်မှတ်ပေါက်မှာ မှားပေးပြန်တော့လည်း အထူးအမြန် အထက်တန်း အိပ်စင်လက်မှတ်နှစ်စောင်ပေးသတဲ့။

အခုလည်း အဲဒီဆရာဝန်တွေရဲ့ လက်မှတ်ထိုးနဲ့ ဆေးစာအုပ်မြင်ရင် ဒီဟာသပုံပြင်လေးကို သတိရမိတယ်။ လက်ရေးဆိုးတဲ့ ဆရာဝန်တွေ စာရင်းပြုစု ရင် ကျွန်တော့် ပထမဆယ့်တစ်ယောက်ပါမှာ သေချာတယ်။ သူများထက်သာ တာကတော့ ကျွန်တော်က လက်ရေးတင်ဆိုးတာ မဟုတ်ဘူး။ သတ်ပုံစာလုံး ပေါင်းတွေလည်း မှားလိုက်သေးတယ်။

ကျွန်တော် ဇက်လိန်းခန္တီးကို ပြောင်းရမယ့်သတင်းဟာ မကြာဘူး၊ ခဏ တွင်းပျံ့နှံ့သွားတဲ့အခါ မန္တလေးဆေးရုံကြီးကို ပြောင်းချင်တဲ့သူတွေ အလျှိုအလျှို ပေါ်လာကြတယ်။

ဒေါက်တာဖိုးတုတ် မောင်ရင်က ဒေါက်တာဘသန်းတပည့်လူရင်းပါ၊ ဆရာကြီးကိုခေါ်ဖို့ ပြောပေးပါတဲ့။ စစ်ကိုင်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ဒေါက်တာဖိုးတုတ်ကလည်း ဒေါက်တာဘသန်းလက်အောက်မှာ အမှုထမ်းချင် သတဲ့။ ကျွန်တော့်မိတ်ဆွေတွေခမျာ၊ သူတို့ပညာနဲ့သူတို့ တော်ကြပေမဲ့ ကျွန်တော် ကဝင်ပြီး ထောက်ခံစာရေးပေးလို့ရတဲ့ ကိစ္စမဟုတ်ဘူး။ ဒေါက်တာအေးမောင် ကလည်း ကျွန်တော့်နေရာမှာ သူဝင်ပြီး အမှုထမ်းရရင် သိပ်ကောင်းမှာပဲတဲ့။ ကျွန်တော် ကူညီချင်ပေမဲ့ ဘာမှမတတ်နိုင်ဘူး။ ဆရာကြီးဒေါက်တာဘသန်း သူသဘောကျတဲ့သူကို သူ့ဘာသာ ခေါ်ယူရမှာလေ။

ဒေါက်တာဘသန်း ဆေးရုံကို လာတဲ့တစ်နေ့ ကျွန်တော့်ကို ဆေးရုံမှာ မတွေ့တာနဲ့

"မောင်သိန်းလှိုင်တစ်ယောက် မတွေ့ပါလား"လို့ မေးရောတဲ့ ကျန်ခဲ့တဲ့ ဆရာဝန်တွေက ကျွန်တော် ဇက်လန်းခန္တီးကို ရွှေ့ပြောင်းခံရတဲ့အကြောင်း၊ နှစ်တိုး တစ်နှစ်ရပ်စဲခံရကြောင်း၊ လုပ်သက် (၂) နှစ်လည်း အဖြတ်ခံရကြောင်း အစ အဆုံးပြောပြလိုက်ကြတယ်။ သူ့ဖယ်ဝဲလ် FAREWELL လုပ်တုန်းဆရာကြီး ရန်ကုန်သွားနေလို့ မသိလိုက်တာလို့လည်း ရှင်းပြကြတယ်။

ကျွန်တော့်အဖြစ်အပျက် အကြောင်းစုံသိတဲ့အခါ ဆရာဦးဘသန်း ရန်ကုန်ရောက်တဲ့အခါ ဆရာဦးဖေကြင်ကို သွားပြီး ချဲလင့်လုပ်သတဲ့။ ဦးဖေကြင် က

နိုး... နိုး... ဆရာရယ် အပြစ်နဲ့ အဝေးလွှင့်လိုက်တာမဟုတ်ပါဘူး။ ကောင်လေးကတော်လို့ နယ်စပ်ကလူတွေအကျိုးရှိအောင်ရယ်၊ ငယ်ရွယ်တုန်း အတွေ့အကြုံသစ်တွေ ရစေချင်လို့ပါ ဆရာရယ်ဆိုတာမျိုး၊ ပျားရည်တင်မက သကာပါရောပြီး ဝမ်းချတယ်လို့ ပြန်ကြားရတယ်။

ဆရာကြီးဦးဘသန်းက ဆရာဦးဖေကြင်ပြောလိုက်တာတွေကို ယုံကြည် တယ်ထင်ပါရဲ့။ တစ်နေ့တော့ ခန္တီးစာတိုက်ကတစ်ဆင့် စာတစ်စောင်ရောက်လာ တယ်။ မျှော်တဲ့စာက မိသားစုဝင်တွေဆီကစာ။ ရောက်လာတာက ဆရာကြီး ဦးဘသန်းဆီက စာဖြစ်နေတယ်။ စာရွက်တစ်ဖက်ထောင့်မှာ ဓားပုံနဲ့ဒွဲလို့ ပုံနှိပ် ထားသေးတယ်။ ဆရာကြီးရေးလိုက်တဲ့စာရဲ့ အနှစ်ချုပ်ကတော့ ကျွန်တော့်ကို ဂုဏ်ပြုပြီး ရေးလိုက်တဲ့သဘောပါပဲ"

I honoureal you လို့ အစချီပြီးရေးထားလိုက်တာ စာက အရှည်ကြီး။ ဒီလိုပုဂ္ဂိုလ်ဆီက ဒီလိုစာမျိုး ဒီလောက်ရှည်ရှည်ရဖူးလိမ့်မယ်လို့ ဘယ်တုံးကမှ မမျှော်လင့်ဖူးပါဘူး။ မောင်သိန်းလှိုင် လူနာကိုခွဲတဲ့အခါ Case ကို ရွေးပြီးခွဲပါ ဆိုတာမျိုးလည်း ပါသလို ဆရာဦးဖေကြင်ရဲ့ချွေးသိပ်တဲ့စကားတွေကို နားဝင် နေဟန်လည်းပါတယ်။ ဒါကျွန်တော့်အတွေးမျှသာ ဖြစ်ပါတယ်။ ဆရာကြီး ဖွဲဦးဘသန်းရဲ့ကျွန်တော့်လို ခွဲစိတ်ဆရာဝန်လေးအပေါ်မှာ ထားရှိတဲ့ စေတနာ မေတ္တာတရားတွေကို ထုနဲ့ထည်နဲ့ ဒီစာထဲမှာ အတိုင်းသားမြင်နေရတယ်။

ဆရာကြီးဦးဘသန်းရဲ့ စာဖတ်ပြီး ဆရာဝန်လောကအကြောင်း တစေ့ တစောင်းနားလည်ခံစားတတ်သွားပြီ။

* * *

## ဇင်လိန်းခန္တီးသို့

နာဂတောင်တန်းမှာ တာဝန်ထမ်းဖို့ မြစ်ကြီးနားကို အရင်သွားရတယ်။ အဲဒါ ၁၉၆၅ ခုနှစ် ဇန်နဝါရီလမှာ။ မြစ်ကြီးနားမှာ ရက်အတော်ကြာ သောင် တင်နေတယ်။ ခန္တီးမြို့ကို သွားရင် စီးရမယ့်လေယာဉ်က နေ့စဉ်နေ့တိုင်း ရှိတာ မဟုတ်ဘူး။ ကျွန်တော်ထင်တယ် တစ်ပတ်မှ နှစ်ရက်၊ သုံးရက်ထက် မပိုဘူး။

လေယာဉ်လာမယ့်နေ့ မြစ်ကြီးနားလေယာဉ်ကွင်းကို သွားစောင့်နေ။ ရာသီဥတု မကောင်းလို့ လေယာဉ် မဆင်းဘူးတဲ့။ မြစ်ကြီးနားကို ဆင်းပြန်တော့လည်း ခန္တီးဘက်မှာ ရာသီဥတုက မကောင်းဘူးဆိုပြီး လေယာဉ်က ခန္တီးမပျံဘူး။ အမ်အာရ်ပီအက်စ် နှစ်ထပ်ကွမ်းဒေါက်တာညွန့်တင်၊ ဒေါက်တာဒေါ်အေးကြည် တို့ရှိတဲ့ မြစ်ကြီးနားမှာ မနေချင်ဘဲ နေနေရတယ်။ ပျော်အောင်နေရတာ။ လေယာဉ်မဆင်းလို့နေရတာဆိုတော့ သောင်တင်တယ်လို့ ပြောရတာ မဟုတ် သေးဘူးထင်တယ်။

မြစ်ကြီးနားစစ်တပ်ထဲမှာ မျက်ပြူးသိန်းလွင်ဆိုတဲ့ ဗိုလ်မှူးရှိတယ်။ ကျွန်တော်တို့ထက် အသက်ရော ဝါရောကြီးတဲ့ပုဂ္ဂိုလ်ပါ။ ကျွန်တော့်ကို မောင်သိန်းလှိုင်တို့ ချာတိတ်တို့ ခေါ်လို့ရတဲ့အရွယ်တွေပါ။ ဒေါက်တာ တရုတ် အေးမောင်ဆိုတာလည်း ရှိတယ်။ ကျွန်တော် နာဂတောင်တန်းသွားမှာကို သူတို့က မသွားနဲ့ကွာ၊ ဟိုမှာ ဘာမှမရှိဘူး မင်းပျင်းနေမှာ။ မသွားဖို့ အတန် တန် တားတဲ့ကြားက ကျွန်တော်က မဟုတ်ဘူး၊ သွားမှာပဲ။ လေယာဉ် မြန်မြန် လာပါစေ၊ ရာသီဥတုကောင်းပါစေ ဆုတောင်းနေတာ။ နောက်ဆုံး တားလို့ မရမှန်း သူတို့ သိသွားကြတယ်။

တစ်နေ့တော့ ဗိုလ်မှူးမျက်ပြူးသိန်းလွင်ဆီက သတင်းတစ်ခုရတယ်။ မနက်ဖြန် လေယာဉ်ပျံတစ်စင်းလာမယ်။ မြစ်ကြီးနားကနေ ခန္တီးသွားမယ်။ ဒါပေမဲ့ လူကြီးပါလာမှာတဲ့။ ဘယ်လောက်အရေးကြီးတဲ့ ပုဂ္ဂိုလ်မှန်း မသိ ဘူး။ ဗွီအိုင်ပီ၊ ဗွီအိုင်ပီနဲ့ နားကြားပြင်းကတ်လောက်အောင် ပြောနေကြတာပဲ။ ဒီသတင်းရတော့ မြစ်ကြီးနား ယူဘီအေရုံးက ကိုမောင်မောင်ဆီ သွားတယ်။ မနက်ဖြန် လေယာဉ်လာမယ်ကြားတယ်။ ရန်ကုန်လေယာဉ်ရုံးကနေ ကြိုတင် လက်မှတ်ဘွတ်ကင်လုပ်ထားတဲ့သူပါ။ အလုပ်ဝင်ရမယ်။ ကျွန်တော်လာမှ ခန္တီးက ဆရာဝန်ပြောင်းရမှာ။ အကျိုးသင့်အကြောင်းသင့် ရှင်းပြတယ်။ ကိုမောင်မောင်က ဟာ… မဖြစ်နိုင်ဘူး၊ ဒါ ဗွီအိုင်ပီပလိန်း။ တောက်တီး တောက်တဲ့ဗျာတဲ့။ မြစ်ကြီးနားလေယာဉ်ကွင်းက ခန်းမကျယ်ကြီး၊ ဘာမှ အခန်းဖွဲ့ထားတာ မရှိဘူး။ ကျွန်တော်ကတော့ လေယာဉ်ဆိုက်လို့ အခြေအနေ ပေးရင် လိုက်ချင်တာပဲ သိတယ်။ ကွင်းထဲမှာ ဗိုလ်မှူးမျက်ပြူးသိန်းလွင်တို့၊ ဒေါက်တာအေးမောင်တို့၊ ညွန့်တင်တို့ ဒေါက်တာဗားမားတို့လည်း ရှိနေကြ တယ်။ မိတ်ဆွေသူငယ်ချင်းတွေ၊ စကြ၊ နောက်ကြ လုပ်ကြတုန်း လာမယ့် လာတော့ ဖော်ကာဖရင်းရှစ်လေယာဉ်ဖြစ်နေတယ်။ လူကြီးကြိုတဲ့အဖွဲ့မှာ ဦးဒိန်ရတန်တို့ ဆမ္မားဒူးဝါးဆင်ဝါးနောင်တို့၊ ဦးထွန်းရင်လောတို့လို ပုဂ္ဂိုလ်

တွေလည်း ရှိနေကြတော့ လေယာဉ်ပေါ်က ပုဂ္ဂိုလ်ရဲ့အလုံးအထည်နဲ့ အမြီးအတိုအရှည်ကို ခန့်မှန်းကြည့်မိတယ်။

လေယာဉ်ပေါ်က ပုဂ္ဂိုလ်တွေက ဆင်းလာတဲ့အခါ၊ မြစ်ကြီးနားက တာဝန်ရှိတဲ့သူတွေက ဆီးကြိုကြတယ်။ ပြီးတော့ မော်တော်ကားတွေပေါ် တက်သွားကြပြီး မြို့ထဲထွက်သွားကြရော။ တော်တော်ကြာတဲ့အထိ ပေါ်မလာကြတော့ ထမင်းစားချိန်တိုင်နေပြီ။ ဗွီအိုင်ပီတို့ရဲ့ နေ့လယ်စာကို မျက်လုံးထဲမြင်ယောင်တော့ ဗိုက်က ဆာလာတယ်။ လက်ဖက်ရည်လေး၊ လိမ္မော်သီးလေးနဲ့ နေ့လယ်စာကို ဖြစ်သလို တင်းတိမ်လိုက်ရတယ်။ လည်ပင်းကတော့ ညောင်ရေအိုးဖြစ်နေတာပေါ့။ လက်ဖက်ရည်ဖိုးကို တရုတ်ကိုအေးမောင်က ရှင်းလိုက်တယ်။ အတော်ကြာမှ ရှေ့ပြေးလင့်ရိုဗာကားဝင်လာပြီး အရေးကြီးပုဂ္ဂိုလ်တွေရဲ့ကားတွေ ဆက်တိုက်ဝင်လာတော့တယ်။ ကိုမောင်မောင်ကို လက်မှတ်သွားတောင်းတော့ သူက လက်မှတ်ရောင်းခွင့်မရှိဘူးလို့ ငြင်းနေ တယ်။ အဲဒီတုန်းက မြစ်ကြီးနားမှာ ဗိုလ်ချုပ်လား၊ ဗိုလ်မှူးလား မမှတ်မိဘူး။ နောက်တော့ ဆောက်လုပ်ရေးဝန်ကြီး ဦးထင်ကျော်ဖြစ်လာမယ့် ပုဂ္ဂိုလ်က တိုင်းမှူး။

လေယာဉ်ပေါ်ကို မူလဆင်းလာတဲ့အရေးကြီးပုဂ္ဂိုလ်တွေချည်း တက်သွားပြီး ဘယ်ခရီးသည်မှ တက်တာလည်း မတွေ့ရဘူး။ လေယာဉ်တံခါးပိတ်ခါစမှာ ကျွန်တော် ကိုယ့်သေတ္တာကိုယ်ဆွဲပြီး လေယာဉ်ဆီကို ခြေလှမ်းကျဲကျဲနဲ့ အမြန်လျှောက်သွားတယ်။ နံဘေးရှိတဲ့ အရာရှိကြီးငယ်တွေရော၊ လုံခြုံရေးယူသူတွေရော၊ ကြောင်ကြည့်နေကြတယ်။ ကျွန်တော် လှေကားမပါဘဲ ကွင်းပြင်ပေါ်ကနေပဲ လေယာဉ်တံခါးကို လက်သီးဆုပ်နဲ့ ဒုန်း... ဒုန်း... ဒုန်းနဲ့ ထုတယ်။

လေယာဉ်တံခါးပွင့်လာပြီး ဘာလုပ်တာလဲကွလို့ လူတစ်ယောက်က ထွက်ငေါက်တယ်။ "ကျွန်တော်ခန္တီးမှာ တာဝန်ကျတဲ့ ဆရာဝန်ပါ။ လေယာဉ်မဆင်းလို့ မြစ်ကြီးနားမှာ နေနေရတာ ရက်နှစ်ပတ်ကျော်နေပြီ။ ဒီလေယာဉ်ခန္တီးသွားမယ်ဆိုလို့ လိုက်ချင်လို့ပါ" သူ တစ်ချက်တွေသွားတယ်။

"လူက နည်းနည်းလေးပဲ၊ ဖြစ်နိုင်ရင် လိုက်ပါရစေ"

"နေဦး" ဆိုပြီး လူကြီးသွားပြောတယ် ထင်ပါရဲ့။

မကြာဘူး ပြန်လာပြီး လေယာဉ်ကွင်းက အမှုထမ်းတွေကို လှေကားယူခဲ့လို့ လှမ်းအချက်ပြလိုက်တာ။ ဒါနဲ့ လူကြီးလေယာဉ်နဲ့ ပါလာရော။ လှေကားထိပ်လည်းရောက်ရော ဗိုလ်မှူးမျက်ပြူးသိန်းလွင်တို့ တရုတ်ကိုအေးမောင်တို့ကို လှမ်းပြီး လက်ဝှေ့ပြရင်း၊ တာတာ့ ဘိုင့်ဘိုင် ချယ်ရီယို လုပ်ခဲ့တယ်။ အထဲရောက်တော့ အရေးကြီးပုဂ္ဂိုလ်ဆိုတဲ့လူက တခြားဟုတ်ပါရိုးလား။

ဗိုလ်မှူးကြီးသောင်းကြည် ဖြစ်နေတယ်။

ကျွန်တော်က သာမန်ဆရာဝန်လေးဆိုတော့ လေယာဉ်အမြီးဖျားမှာ ထိုင်လိုက်တဲ့အခါ အဲဒီနေရာက လေယာဉ်မယ်ထိုင်မယ့်နေရာဖြစ်နေလို့ ရှေ့နစ်ခုံလောက်ကျော်ပြီး သွားထိုင်ရတယ်။ လေယာဉ်လက်မှတ်မဝယ်ဘဲ စွတ်ရွတ်ပါလာတာတွေးကြည့်တော့ ကြက်သီးထစရာကြီး။ လုံခြုံရေးက ပစ်ရအခက်၊ မတော် လူမထိဘဲ လေယာဉ်ပျံထိသွားရင်လည်း ပြဿနာ။ ကျွန်တော်ကလည်း စိတ်က သိပ်ရှည်တာမဟုတ်ဘူး။ လုပ်ချင်ရင် စွတ်ရွတ်လုပ်တာလေ။

ခန္တီးရောက်တော့ လေယာဉ်ကွင်းမှာ ကြိုဆိုမယ့်သူတွေ အဆင်သင့်နေရာယူထားကြသဗျ။ ကျွန်တော်က နောက်ဆုံးနားထိုင်တာမို့ လေယာဉ်တံခါးပွင့်တော့ အရင်ဆင်းသွားတာပေါ့။ စော်ဘွားဆိုတဲ့သူလည်း ပါတယ်။ သူ့ကို စော်ဘွားမှန်းလည်း မသိပါဘူး။ နောက်မှ ဒီပုဂ္ဂိုလ် စော်ဘွားကိုးလို့ သိရတာ။ တပ်ထဲက ဗိုလ်မှူးအောင်ကျော်မြင့်တို့လည်း ပါတယ်။ ကျွန်တော် အရင်ဆင်းလာတော့ ကျွန်တော့်လက်ထဲက သေတ္တာလှမ်းယူသူနဲ့ လက်ဆွဲနှုတ်ဆက်သူနဲ့ ကွပါခင်ဗျား ကွပါတွေ ဖြစ်ကုန်ရော။

"ကျွန်တော့် ကြိုရမှာ မဟုတ်ဘူး။ ခင်ဗျားတို့ကြိုရမှာ နောက်မှာ နောက်မှာ လာလိမ့်မယ်"ဆိုတော့ ကြိုဆိုတဲ့လူကြီးတွေ ခွကျကုန်တာပေါ့။ နောက်တော့မှ ဗိုလ်မှူးကြီး သောင်းကြည်တို့ကို ကြိုဆိုကြပြီး ကားတွေနဲ့ ထွက်သွားကြတယ်။ စစ်တပ်ထဲသွားကြတယ်ထင်တာပဲ။ ရိပ်သာကောင်းကောင်းက အဲဒီမှာ ရှိတာကိုး။

ကျွန်တော်က ကြိုမယ့်သူမရှိဘူး။ မြို့ထဲသွားချင်တာ၊ ဘာမှလည်း ငှားစီးစရာမရှိဘူး။ မေးကြည့်တော့ မြို့ကို သုံးမိုင်နီးပါး လမ်းလျှောက်ရမှာတဲ့။ လမ်းလျှောက်ပြီး မသွားရင်လည်း ဘာမှ ရွေးစရာမရှိတော့ သေတ္တာတစ်ဖက်နဲ့ လျှောက်ခဲ့ရတာ။

* * *

## အပျောင်းနဲ့ အသစ်

နေ့လယ်စာက ဟုတ်တိပတ်တိ စားခဲ့ရတာမဟုတ်ဘူး။ လက်ဖက်ရည်တစ်ခွက်နဲ့ လိမ္မော်သီးက နံကြိုနံကြားတောင် နံ့မှာမဟုတ်။ သေတ္တာတစ်ဖက်က ဆွဲပြီး လျှောက်လာခဲ့ရတော့ တော်ရုံလူဆိုရင် ကိုယ့်လျှာကိုယ် တက်နင်း

မိမှာပဲ။ ကျွန်တော်က အသက်ငယ်သေးတော့ ဟောဟဲတော့ မလိုက်ဘူး။ ဒါပေမဲ့ ဗိုက်က ဆာလာတယ်။ ရေငတ်တယ်၊ ဗိုက်ထဲကလည်း အောင့်တောင့် တောင့်နဲ့။

ဆေးရုံအဝင်ဝမှာ လူတစ်ယောက် ထိုင်နေတယ်။ နောက်မှ ဒီမောင် ကွန်ပေါင်ဒါမှန်း သိတာ။ ချိုလှတဲ့၊ ဘင်္ဂါလီလူမျိုး။ အခုရွာသာကြီးမှာ ရှိနေတယ်။ ဗိုက်က အောင့်နေတော့ သူ့ကို

"ငါ့ကို လေဆေးတစ်ခွက်လောက်ပေးပါကွာ"

"ဘာဆေးလဲ လား တရုတ်လာမရှုပ်နဲ့၊ သွား"တဲ့။

ကျွန်တော့်ကို မကြည်မလင်တဲ့ အကြည့်နဲ့ ကြည့်ပြီး"ဒီမှာ ဗွီအိုင်ပီလာမှာမို့ စတင်းဘိုင်စောင့်နေတာ၊ နောက်မှလာယူ"တဲ့။

"ဗွီအိုင်ပီကတော့ တော့ရောက်နေပြီ၊ လေဆေးလေးတစ်ခွက်တည်းပါကွာ"

"ဟာ မပေးနိုင်ပါဘူးဆို ဘယ်နခါပြောရမလဲ ဒီလား တရုတ်"

အဲဒီအချိန် အပြင်မှာ စကားပြောသံတွေကြားတော့ ယောကျ်ား တစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက် ထွက်လာပြီး ကြည့်ကြတယ်။ သူတို့က လည်း မျက်နှာထားတွေ ခပ်တင်းတင်း၊ သူတို့ လူ ချိုလှဘက်က။

ဗွီအိုင်ပီလာမယ်ဆိုလို့ အလုပ်ရှုပ်၊ စိတ်ရှုပ်ရတဲ့အထဲ ဘယ်သူကလာပြီး လေဆေးတောင်းနေရတာလဲဆိုတဲ့အကြည့်တွေနဲ့။ ဖော်ရွေတာတွေ၊ ဆီးကြိုမှုတွေ သူတို့မှာ မတွေ့ရဘူး။

ဒီတစ်ခါ ချိုလှက ပါးစပ်ကတောင် ပြောမနေဘူး။ မပေးဘူးဆိုတဲ့ သဘော ခေါင်းရမ်းပြပြီး သွားကွာ၊ သွားဆိုတဲ့သဘော လက်ခါပြီး နှင်လွှတ်နေတယ်။ ဗိုက်ကလည်း ဆာ၊ ရေကလည်းငတ်၊ ဗိုက်ကလည်း တစ်ချက်တစ်ချက် အောင့်နေတော့ စိတ်က မထိန်းနိုင်တော့ဘူး။

ချိုလှ မှီထားတဲ့စားပွဲကို လက်ဝါးနဲ့ နှစ်ချက်ဖြန်း... ဖြန်းဆို ခပ်ပြင်းပြင်းပုတ်စပ်ပြီး ကုလားထိုင်အလွတ်တစ်လုံးကိုလည်း ခြေနဲ့ ဆောင့်ကန်လိုက်တာ ကုလားထိုင်က လွင့်သွားတယ်။

"ဟေ့ကောင်မင်းကို ငါက ဗိုက်တကယ်နာလို့ လေဆေးတစ်ခွက်တောင်းတာ မရဘူးလားကွ"

"ဘယ်လိုလုပ်ပေးလို့ ဖြစ်မလဲ ဗွီအိုင်ပီလာ..."

"ဟေ့ကောင် မင်းက ငါ့ကို ဘာကောင်အောက်မေ့နေလဲ... မင်းတို့ဆေးရုံကို အုပ်ချုပ်ဖို့လာတဲ့ ဆေးရုံအုပ်ကွ"

နောက်ထွက်လာကြတဲ့သူတွေက စာရေးကြီး ဦးဘလုံးရယ် ဆရာမ

နော်မူကြည်ရယ်၊ ကိုသိန်းမောင်ရယ် အံ့သြတာရော၊ လန့်တာရော ရောစွက်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိကြဘူး။

"ကိုင်း အားလုံး ဒီမှာ လာပြီး တန်းစီစမ်း"ဆိုတော့ လူခြောက်ယောက်လာပြီး တန်းစီတယ်။

"ဒါအကုန်ပဲလား"

"ဟုတ်ကဲ့ အကုန်ပါပဲ" ဖြေတဲ့သူက ဘိန်းစားအောင်သာဆိုတဲ့လူ။

"မင်းတို့ရဲ့ ဆရာဝန်ကြီး ဘယ်မှာလဲ"

"ခဏနေ လာမယ်ထင်တယ်။ မြို့ထဲအိမ်မှာ၊ ဗွီအိုင်ပီလာမှာမို့ သူလာကို လာမှာပါ"

"ဒါဆိုရင် ငါ့ကို သူ့ဆီလိုက်ပို့ကွာ"

"ဝေးတယ်ဆရာ၊ ပို့စရာလည်း ဘာမှမရှိဘူး၊ ခြေကျင်လိုက်ပို့မယ် ဆရာ"

"ဒါဆိုရင် ငါ့ကို လမ်းညွှန်လိုက်ကွာ ငါ့ဘာသာ လျှောက်သွားမယ်"

ကိုသိန်းမောင်က ဒီကနေ တည့်တည့်သွား၊ ငါးမိနစ်လောက်လျှောက်သွားရင် ဘယ်ဘက်မှာ အုန်းပင်တွေနဲ့... တစ်ထပ် ဘယ့်နှယ် ညာနှယ် ဆိုပြီး ညွှန်ပြလိုက်တယ်။

ကျွန်တော်ကလည်း ဆေးရုံဝင်းထဲက ထွက်လာခဲ့တာ လမ်းကုန်းကမူအတက်မှာ ဘောင်းဘီရှည်ဝတ်ထားတဲ့ အိန္ဒိယအနွယ်ဖွား လူတစ်ယောက်တွေ့တော့ ဒါ ဆေးရုံအုပ်ဒေါက်တာ ဆာကားနေမှာပဲဆိုပြီး အင်္ဂလိပ်ဘာသာနဲ့ နှုတ်ဆက်လိုက်တယ်။

"မင်္ဂလာနေ့လယ်ခင်းပါ၊ ဆရာဝန်မဟုတ်လား"

"ဟုတ်ပါတယ် ဒေါက်တာ ပီဆာကားဆိုတာ ငါပဲ"

"ဝမ်းသာတယ်ဆရာ၊ ကျွန်တော် ဒေါက်တာသိန်းလှိုင်ပါ၊ ဆရာနဲ့လူချင်းလဲရအောင် လာတာပါ"

"ဟုတ်လား၊ ဒုက္ခပါပဲ၊ နိုင်ငံတော်က ဘာလုပ်လွှတ်လိုက်ပြန်တာလဲ"

"ဘာဖြစ်လို့လဲ ဆရာ"

"ဒါ ခရိုင်အဆင့် ခရိုင်ဆရာဝန်အုပ်ချုပ်ရမယ့် ဆေးရုံကွ၊ ကျောင်းသားနဲ့မစင်သေးတဲ့ ဆရာဝန်ငယ်လေးနဲ့ ဘယ်သင့်တော်မလဲ"

"ဟုတ်လားဆရာ၊ ကျွန်တော်လည်း အထက်က အမိန့်ပေးလိုက် တာဝန်ချလိုက်လို့ပါဆရာ"

"မနေ့ကတင် မြို့ထဲက မိတ်ဆွေတွေကို အခုလာမယ့်ဆရာက ဆေးကျောင်းသားပဲ ရှိသေးတယ်လို့ ပြောမိသေးတယ်"

ဒေါက်တာ ပီဆာကား စကားကြားလိုက်တော့ ကျွန်တော် တော်တော် စိတ်ညစ်သွားတယ်။ ပို့လိုက်တဲ့ ကြေးနန်းစာထဲမှာ STUNT MEDIC လို့ ပါတာ။ အဲ အတိုကောက်ရေးလိုက်တာ၊ ကြေးနန်းနဲ့မို့။ STUNT MEDIC ဆိုတာ AS ကို ဌာနသုံး အတိုကောက်နဲ့ရေးတာ။ ဒါကို သူက မသိတော့ ဘာသာပြန်လွဲပြီး ကျောင်းသားဆေးမှူထမ်းလို့ အဓိပ္ပာယ်ကောက်နေတာ။ သွားပြီ၊ အလွဲကြီးလွဲနေပြီ။ မြို့လူထုက ကျွန်တော့်အပေါ် အထင်အမြင်ကောင်းစရာ မရှိတော့ဘူး။ ဒီကြားထဲက ကံဆိုးလို့ ခြေချော်လက်ချော်တစ်ခုခု ဖြစ်ရင် သွားပြီ၊ နာဂစ်ကထက်ပါဘိသနဲ့။ သူက STUNT MEDIC ကို STUDENT MEDIC လို့ ထင်ပြီး စော်ဘွားကြီးတို့ အပါအဝင် မြို့မိ မြို့ဖတွေကို ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်ကြ နောက်ရောက်မယ့်လူက ဆေးကျောင်းသားသာသာ။ ဒါမျိုးတွေ လျှောက်ပြောမိသတဲ့။

"ကျွန်တော် ဆရာ့အိမ်ကို သွားမလို့"

"ငါက ဆေးရုံကို သွားရမှာ၊ လူကြီးတွေ လာတော့မှာ"

ဆရာ ပီဆာကားက ဆေးရုံဘက် တစ်ချက်ကြည့်လိုက်ပြီး "မင်း ဆေးရုံကို ပြန်လိုက်ခဲ့၊ နောက်မှ အိမ်ကို သွားရအောင်"တဲ့။

ဒါနဲ့ ဆေးရုံကို ပြန်လိုက်သွားရတယ်။ ဆေးရုံရောက်တော့ လူနာတွေ သူ တစ်ပတ်လှည့်ကြည့်တယ်။ လူနာက စုစုပေါင်းမှ ခြောက်ယောက်တည်း ရှိနေတာ။

"ဆရာ ဒါလူနာ အကုန်ပဲလား"

"ဟုတ်တယ် မောင်သိန်းလှိုင်၊ မင်းကံကောင်းတဲ့အရပ်ကို ရောက်လာတာပါ။ အဖျားအနာ အလွန်နည်းတဲ့အရပ်ကွာ။ အလုပ်မရှိလို့ ပျင်းလာမှာ တောင် စိုးရတယ်။ ပြည်မကို ပြန်မပြေးနဲ့နော်"

"ဟာ ဆရာကလည်းဗျာ အခုမှရောက်တာ ဘာလို့ ပြန်ပြေးရမလဲ"

"ဘုရားသခင်က အစစကို ကြည့်ရှုစောင်မတော်မူတဲ့အရပ်ပါကွာ။ ဆေးရုံမှာလည်း လူနာက ခြောက်ယောက်တည်းပဲ ရှိတယ်"။

လူကြီးလာမယ် ဗိုအိုင်ပီလာမယ်ဆိုတာ ဒီတောသူ တောင်သားတွေလည်း သိတယ်ထင်ပါရဲ့။ သပ်သပ်ရပ်ရပ် ခင်းကျင်းပြင်ဆင်ထားကြတယ်။ လှည့်ပတ်ကြည့်ပြီး ဆက်လျှောက်လာရင် ရုံးစာရေးကြီးစားပွဲနားရောက်တော့ ကျွန်တော် လူမမာညည်းသံ သဲ့သဲ့ကြားလိုက်တယ်။

"ဆရာ ဒီအခန်းထဲက လူနာညည်းသံလိုလို ကြားတယ်ဆရာ"

"ဘာမှ မဟုတ်ပါဘူး၊ မစိုးရိမ်ပါနဲ့ အချိန်မစေ့သေးပါဘူး"လို့ ပြောရင်း

"ဟဲ့ နော်မူကြည် သေ့ဖွင့်လိုက်စမ်း"တဲ့။

သေ့ဖွင့်ပြီး တံခါးလှပ်လိုက်တော့ ပါးမှာ ပါးမည်းတွေထိုးထားတဲ့ နာဂအမျိုးသမီးတစ်ယောက်။ ကိုယ်လေးလက်ဝန်ကြီးနဲ့။ ကြမ်းပေါ်မှာ ဖျာလေးခင်းပြီး အိပ်ရင်း ညည်းနေရှာတယ်။

"ဆရာ သူ့ကို ဘာလို့ သေ့ခတ်ထားတာလဲ"

"သူ ဗမာစကားမတတ်ဘူး။ လူကြီးတွေလာလို့ မေးရင်ပြုရင် စကားပြောရမှာ ခက်နေလိမ့်မယ်"

ဆရာ ပီဆာကားက မေးတစ်ချက်ဆတ်ပြီး နေကောင်းတယ် ဟုတ်လားလို့ မေးတယ်။ ကိုယ်ဝန်ဆောင်ရဲ့အခြေအနေကို တစ်ခဏအကဲခတ်ပြီး "သိပ်လည်း ညည်းမနေနဲ့ ညည်းရင်လည်း တိုးတိုးသက်သာညည်း"လို့ နှစ်သိမ့်နေတယ်။ ပြီးမှ ကျွန်တော့်ဘက်လှည့်ပြီး

"ငါ သူ့ကို ဗိုက်ခွဲမွေးမလို့။ စာတွေကြိုဖတ်ထားတာ သုံးရက်ရှိနေပြီ"

ဆရာ ပီဆာကားရဲ့ အခြေအနေကြည့်ရတာ ဗွီအိုင်ပီကိစ္စပြီးလို့ ပြန်တော့မှ ဒီနာဂအမျိုးသမီးရဲ့ဗိုက်ကို ခွဲမယ်ထင်ပါရဲ့။

ကျွန်တော်ကလည်း ဒီပါးမည်းတွေထိုးထားပြီး အနားမှာ ဘယ်သူမှမရှိတဲ့ နာဂအမျိုးသမီးကိုကြည့်ရင်း ခုနက သူ့ရဲ့ညည်းသံသဲ့သဲ့နဲ့ ပေါင်းစပ်ပြီး ခပ်မြန်မြန် ခွဲချင်စိတ်က တဖွားဖွားပေါ်လာတာနဲ့။

"ဆရာ ဒီနေ့ပဲ ခွဲလိုက်ကြရအောင်"

"ဟာ မင်း ဘယ်ရမလဲ၊ ငါတောင် စာတွေသုံးရက်ဖတ်ထားတာ။"

တကယ့်လက်တွေ့ကျတော့ ဗွီအိုင်ပီက ဆေးရုံကို အဲဒီနေ့က မလာဘူး။ လူကြီးတွေ မလာတော့တာ သေချာတော့မှ ဆရာ ပီဆာကားရဲ့အိမ်ကို လမ်းလျှောက်ပြီး ပြန်ကြတယ်။ ညနေစောင်းနေပြီ။ ဗိုက်ထဲမှာလည်း သောက်ရေအိုးထဲက ရေတစ်ဝက်လောက် ရောက်နေပြီ။ ဆရာရဲ့ အိမ်ဝမှာ ဗိုက်ဆာနေတဲ့ ကျွန်တော့်ကို ဆီးကြိုတာကတော့ နောက်ဖေးမီးဖိုချောင်က ဆရာကတော် ကြော်နေတဲ့ ငါးကြော်နံ့ပါပဲ။

* * *

## ဆရာနဲ့ တပည့်

ကျွန်တော်တို့ ရောက်သွားချိန်မှာ ဆရာပီဆာကားရဲ့သားလေးက ဖျားနေတယ်။ ဆရာကတော်က ငါးကြော် ကြော်နေတယ်။ ဆရာက အိမ်ပေါ်က်

ကနေ ဦးထုပ်ကို ချွတ်ပြီး တိုင်မှာ လှမ်းချိတ်ရင်း ငါးကြော် ကြော်နေတဲ့ဆီ လှမ်းအသံပြုတယ်။

"ဒါလင်ရေ မင်္ဂလာသတင်းဟေ့"

ဆရာကတော်က လှည့်မကြည့်ဘူး။ လှည့်မကြည့်အားတာ ထင်ပါရဲ့။ "ဘာလဲ ဒါလင်"လို့ ပြန်ဖြေသံကြားရတယ်။

"မင်း ဒီညကစပြီ အထုပ်အပိုးတွေ စပြင်တော့ ပစ္စည်းတွေ စသိမ်းတော့"

"ဘာလို့လဲ"

"ငါ့နေရာ အစားဝင်မယ့် ဒေါက်တာသိန်းလှိုင် ရောက်လာပြီ"

"ဟုတ်လား၊ ဆာပြီလား ဒါလင်"

"ဆာပြီကွာ ထမင်းရူးတော့ နှစ်ယောက်စာရူးကွာ ဒေါက်တာ သိန်းလှိုင်ပါ စားမှာ"

မတော်တဆထင်ပါရဲ့ မီးဖိုထဲက ဂလုံးဂလွမ်းသံ ထွက်လာတယ်။ ဘာလွတ်ကျတယ်မသိပါဘူး။ ကျွန်တော့်အတွက်ပါ အရူးခိုင်းတာနဲ့ တစ်ခုခု လွတ်ကျသံက မတော်တဆပေမဲ့ တိုက်ဆိုင်လွန်းတော့ ကျွန်တော် အနေခက်တာပေါ့။

အဲဒီတုန်းကတော့ ကြိုတင်ပြောမထားဘဲ ဧည့်သည်တစ်ယောက်ကို ကိုယ့်ရှိတာ မျှကျွေးရတာ အိမ်ရှင်မမှာ ဘယ်လိုခံစားမှုမျိုး ဖြစ်တတ်တယ် တွေ ဘာတွေ နားမလည်ဘူး။ ကိုယ့်ဗိုက်ကိုယ်ပဲ ကြည့်တယ်။ ဗိုက်က အတော်ဆာနေသလို ငါးကြော်နံ့ မွှေးမွှေးလေးက တံတွေး ခဏခဏ မျိုချလောက်အောင် မြူဆွယ်နေတယ်လေ။

ပထမ ထမင်းနှစ်ပန်းကန်ပြားလာချတုန်းက ဆရာပီဆာကားက သူ့ဇနီးနဲ့ မိတ်ဆက်ပေးတယ်။

"ဒါလင် ဒါ ကိုပြောတဲ့ ဒေါက်တာသိန်းလှိုင်ပဲ"

"ဩော် အသက်ငယ်ငယ်ပဲရှိသေးတာကိုး"လို့ မှတ်ချက်ချပြီး အသက် မပါတဲ့အပြုံးနဲ့ ပြုံးပြတယ်။

ပြီးတော့ ပဲဟင်းချိုနှစ်ခွက် လာချတယ်။ ဆရာကတော့ ဇွန်းခက်ရင်း နှစ်စုံယူလာပြီး တစ်စုံ ကျွန်တော့်ပေးရင်း

"ဆာနေမှာပေါ့ စားကြစို့"တဲ့။

ကျွန်တော်က မြန်မာပြည် ဆရာဝန်လောကမှာ အလိုက်မသိတတ်မှု အမှတ်စဉ်ထိုးရင် တစ်ကနေ သုံးအတွင်း ရှေ့နားကပါတဲ့ သတ္တဝါဆိုတော့

ပါးစပ်က လွတ်ခနဲ ထွက်သွားတယ်။ ငါးကြော်နံ့ကလည်း တသင်းသင်း ဟုတ်လား။

"ဒါပဲလား ဆရာ"

"အေးကွာ မောင်သိန်းလှိုင်ရာ၊ ဒီအရပ်က အစစအရာရာရှားတယ်ကွ"

ထမင်းနှစ်လုတ်သုံးလုတ်လောက်စားပြီးမှ မီးဖိုကို လှမ်းအသံပြုပြန် တယ်။

"ငါးကြော်လေးတော့ လုပ်ပါဦး ဒါလင်ရယ်"

မီးဖိုထဲက ဘာစကားသံမှ မကြားရပေမဲ့ ထမင်းစားခန်း ကြမ်းပြင် တော့ အတော်အင်အားပြင်းထန်တဲ့ ငလျင်ချက်လို ခြေနင်းသံရဲ့ တုန်ခါမှုမျိုး သုံးလေးကြိမ် ခါသွားပြီး ငါးကြော်နှစ်တုံး ရောက်လာတယ်။ ဆရာက ကျွန်တော့်ကို တစ်တုံးအရင်ထည့်ပေးပြီး သူက တစ်တုံးနောက်မှ သူ့ပန်းကန် ထဲ ထည့်တယ်။

ကျွန်တော့် ပါးစပ် လျှာနဲ့ မေးရိုးတွေလည်း ခုနကထက်ပိုပြီး သွက် လက်တဲ့ လှုပ်ရှားမှုတွေ လုပ်လာတယ်။ စားလို့မြိန်လိုက်တဲ့ထမင်းတစ်နပ် မမေ့ရက်စရာ ဆရာကတော့ ငါးကြော်ကို ထမင်းနဲ့ချိန်ပြီး နည်းနည်းချင်း ဖဲ့ရွဲ့စားနေတုန်းမှာ ကျွန်တော့်ပန်းကန်ထဲမှာ နတ်သမီးတံဆိပ် မီးခြစ်ဖူး ထက်နည်းနည်းပိုကြီးတဲ့ ငါးကြော်က ပန်းကန်ပြားထဲက ထွက်ကျသွား သလိုပဲ။ မရှိတော့ဘူး။

ဒါကိုမြင်တဲ့ ဆရာဆာကားက ထမင်းစားနေရာက မီးဖိုထဲကို ထသွား တယ်။ ဆရာက ဆရာကတော်ကို ဘာတွေပြောလို့ ဆရာကတော်က ဒီလိုပြန် ပြောတာလဲ ခန့်မှန်းကြည့်ကြပါဦး။

"အမယ်လေး ဒါ ကျုပ်တို့မိသားစု (၇)ရက်စားရမှာလေ"

"သားငါး ဘယ်လောက်ရှားတယ်ဆိုတာ တော်သိသားနဲ့"

ခုနက ဒါလင်ကနေ "တော်"ဖြစ်လာနေပြီ။

"သူ ပြန်မပြေးမှ ကျွန်မတို့ပြန်ရမှာတော့ သိပါတယ်။ ဈေးတစ်တုံးယူ သွား၊ နောက်မရတော့ဘူးနော်။ သားကို ဆန်ပြုတ်လေးနဲ့ ငါးကြော်လေးနဲ့ ကျွေးရဦးမှာ"

ဆရာက ပန်းကန်ပြားသေးသေးသေးထဲမှ ငါးကြော်တစ်တုံးယူလာ ပြီး ကျွန်တော့်အနား ချတယ်။ ကျွန်တော်လည်း ဝမ်းသာသွားတာပေါ့။ လှမ်း ယူမယ်အလုပ်မှာ ဆရာပီဆာကားရဲ့လက်က ငါးကြော်ကို အရင်ဦးပြီး ခက်ရင်း နဲ့ထိုး။ ဇွန်းနဲ့တစ်ဝက်ဝက်ပြီး ကျွန်တော့်ပန်းကန်ထဲ ငါးကြော်တစ်ဝက်

လာထည့်တယ်။ ဆရာက တစ်ဝက် သူ့ခက်ရင်းမှာ ထိုးပြီး ယူသွားတယ်။

တကယ်လို့သာ ငါးကြော်နောက်တစ်တုံးလောက်စားရရင် ကျွန်တော် ထမင်းထပ်တောင်းမိမှာပဲ။ ဒါပေမဲ့ အခြေအနေကြည့်ရတာ ထမင်းလည်း ကျန်တော့ပုံမပေါ်ဘူး။ ရှေ့မှာချထားတဲ့ ပဲဟင်းကို တစ်ဇွန်းမကျန်သောက်ရင်း ညစာကို လက်စသတ်လိုက်တယ်။

နောက်တစ်နေ့တော့ ဆေးရုံကို ဗွီအိုင်ပီဆိုတဲ့လူကြီးတွေ လာကြတယ်။ ဆေးရုံက မနေ့က သန့်ရှင်းထားတာမို့ နောက်ထပ်ထူးပြီး သိပ်သန့်ရှင်းရေး လုပ်စရာမလိုတော့ဘူး။ အပေါ်ယံလောက်ပဲ ရုပ်ခါလေးလှည်းလိုက် ကျင်းလိုက်ကြတာပဲ။ လူနာက (၆)ယောက်ပဲ မလျော့ဘူး။ နာဂအမျိုးသမီးကိုတော့ နော်မူကြည်က လူကြီးတွေလာမှာ သိပ်ပြီး အသံထွက်ညည်းမနေနဲ့၊ ဆရာဝန်ကြီးက စိတ်ဆိုးရင် မွေးမပေးဘဲနေလိမ့်မယ်လို့ ပြောထားတယ်၊ ဟန့်ထားတယ်။

ဆေးရုံလှည့်ပတ်ကြည့်ရင်း ကျွန်တော့်ကို ဗိုလ်မှူးကြီးသောင်းကြည် တွေ့သွားတော့ အံ့ဩသွားတယ်။

“မောင်သိန်းလှိုင် မဟုတ်လား”

“ဟုတ်ပါတယ်”

‘မင်း ဘယ်လိုလုပ် ရောက်လာသလဲ”

“မနေ့က လေယာဉ်ပျံတံခါးကို ထုတာ ကျွန်တော်ပဲ၊ လေယာဉ်ပေါ်ပါတဲ့ အရေးကြီးပုဂ္ဂိုလ်ဆိုတာ ဦးလေးမှန်း မသိလို့”

“ဟေ ဟုတ်လား”၊

ကျွန်တော့်ကိုဖက်ကာ ခလက ဥက္ကဋ္ဌတို့၊ တပ်ရင်းမှူးတို့ဘက်လှည့်ပြီး

“ဒါ ကျုပ်တူအရင်းဗျ ခင်ဗျားတို့ ဂရုစိုက်လိုက်ကြ စောင့်ရှောက်လိုက်ကြဦး”လို့ အပ်ပြီး ဆက်ပြောတယ်။

“ဒီကောင်က ဘုကျတတဘောက်သမား”လို့ သူ့ဘာသာပြောရင်း ရယ်နေတယ်”

“ဒီကိုလာတာ အမေ့ကို ပြောပြီးလာတာလား”

“မဟုတ်ဘူး ဦးလေး အမေမသိဘူး အပြစ်နဲ့လာတာ”

“ငါထင်တဲ့အတိုင်းပဲ၊ တပ်ထဲမှာဆိုရင်တော့ မင်း သေနတ်အစောကြီး မှန်ရင်မှန်၊ မမှန်ရင် ဒီထက်အရင်ပြုတ်မှာ ဟား... ဟား”

ဆေးရုံတက်နေတဲ့ လူမမာတွေကို ဘာရောဂါလဲ၊ ဘယ်လောက်ကြာနေပြီလဲ၊ ဆရာဝန်က ဆေးပေးရဲ့လား။ သက်သာသွားမှာပါဆိုတာမျိုးတွေ ပြောပြီး ဆရာ ပီဆာကားကို ဘာပြောစရာရှိသလဲ၊ ဘာတင်ပြချင်သလဲလို့

မေးတယ်။ ဆရာက မရှိပါဘူး။ ဗိုလ်ကြီးညွှန်ကြားစရာရှိရင် ညွှန်ကြားပါ။ ဒီလိုပြောကြဆိုကြပြီး ပြန်သွားကြတာပဲ။ ဘိန်းစားအောင်သာကတော့ သူခံစားတာကို ခံစားမိသလို ပြောချလိုက်တယ်။

"ဗွီအိုင်ပီ ဗွီအိုင်ပီနဲ့ လာတော့လည်း ဘာမှမထူးပါဘူး ဒီလိုချည်းပဲ"

* * *

## ပါးမည်း အပြုံး

ဧည့်သည်လူကြီးလူကောင်းတွေ ပြန်သွားတော့ ဒေါက်တာ ပီဆာကား တော်တော်လေးပေ့ါပါးသွားတယ်ထင်ပါရဲ့။ မျက်နှာရွှင်လန်းပြီး သွက်လက်ဖျတ်လတ်နေတယ်။ အရေးကြီးပုဂ္ဂိုလ်တွေက ဆူတာဆဲတာမျိုးလည်း လုပ်မသွားသလို ဘာလုပ်ညာလုပ်ဆိုတာမျိုးလည်း ညွှန်ကြားသွားတာမရှိဘဲကိုး–

"ဒေါက်တာသိန်းလှိုင်ရေ ဒီနေ့ ဘာနေ့လဲ"

"တနင်္လာဆိုတော့ က၊ ခ၊ ဂ၊ ဃ၊ င ဟုတ်လား"

"ဟုတ်ပါတယ်"

"ငွေနံ့ပဲ"

"ဘာလို့လဲဆရာ"

"ဒီနေ့ နာဂအမျိုးသမီးကို မွေးပေးရအောင်လား"

"ကောင်းတာပေ့ါဆရာ"

ကျွန်တော့်ကောင်းတာပေ့ါဆရာ ဆိုတဲ့ စကားလည်း ဆုံးရော နော်မူကြည်တို့အပါအဝင် သူ့တပည့်တွေကို လုပ်စရာရှိတာတွေလုပ်ဖို့၊ သန့်ရှင်းစရာတွေသန့်ရှင်းပစ်ဖို့ ခိုင်းပြီးပြီ။

ကျွန်တော်တို့ အပေါ်ထပ်ကို တက်ခဲ့ကြတယ်။ ခွဲစိတ်ခန်းရယ်လို့ သီးသန့်ရှိတာ မဟုတ်ဘူး။ အပေါ်ထပ်က အခန်းတစ်ခန်းကို တံမြက်စည်းလှည်း၊ ကြမ်းတိုက်ပြီး၊ ကျပ်ခိုးပိုးမျှင်တွေ ချ၊ လှည်းကျင်းထားတဲ့အခန်း။ "ဒေါက်တာသိန်းလှိုင်ခွဲရင်း သင်ကြားပေးမယ်၊ ကြည့်ထားနော်။ ဗိုက်ကိုခွဲတာ ပညာပါတယ်"

ဆရာက ဒီစကားပြောတာ နှစ်ကြိမ်ရှိပြီ။ သူ့စိတ်နည်းနည်းလှုပ်ရှားတယ် ထင်ပါရဲ့။

သူ့တပည့်တွေက နာဂအမျိုးသမီးကို ထရော်လီပေါ်တင်တွန်းလာကြ

တယ်။ ခွဲစိတ်တဲ့ စားပွဲမရှိတော့ ထရော်လီပေါ်မှာတင် ခွဲရမှာ။ ကိုယ်ဝန်ဆောင် အမျိုးသမီးက ဘာ ဘာသာကိုးကွယ်တယ်မသိဘူး။ ပါးစပ်ကတော့ လှုပ်စိ လှုပ်စိနဲ့ တစ်ခုခုကို ရေရွတ်နေတယ်။

နော်မူကြည်ကို အဆင်သင့်ဖြစ်ပြီလားလို့ မေးတော့ အကုန်အဆင်သင့် ဖြစ်ပြီ ဆရာကြီးတဲ့။ ဒါဆိုရင် မေ့ဆေးပေးမယ်၊ မေးဆေးအုပ်လိုက်လို့ ခိုင်း တယ်။

"ငါ ခွဲပြမယ်နော်၊ ကြည့်ထား၊ ခွဲရင်းသင်သွားမှာ"

ပြောပြန်ပြီ နောက်တစ်ခါ။

နော်မူကြည်က မေ့ဆေးဆီသာအုပ်ဖို့ ယူလာတော့ ကျွန်တော့်က တားတယ်။

"မောင်သိန်းလှိုင် ဘာလို့တားတာလဲ၊ မေ့ဆေးအီသာအုပ်ပြီး ခွဲရမှာ"

"အီသာအုပ်ပြီးခွဲတာ မကောင်းဘူးဆရာ။ မေ့ဆေးဆိုတော့ ကလေး အတွက်လည်း အန္တရာယ်ရှိပါတယ်။ အီသာအကြာကြီးပေးပြန်တော့လည်း အဆိပ်အတောက်ဖြစ်စေပါတယ် ဆရာ။ မွေးလူနာက ထရော်လီပေါ်မှာ ဟိုရှန်း ဒီကန်နဲ့ ခွဲရတာ ပင်ပန်းတယ်ဆရာ"

"အဲဒီတော့..."

"ထုံဆေးပေးရအောင် ဆရာ" သူ တစ်ချက် တွေခနဲ ဖြစ်သွားတယ်။

"ခါးဆစ်ရိုးထဲ ထုံဆေးထိုးရအောင် ဆရာ"

"ဟာ မင်းကလည်း ရှေ့မှာ ကိုယ်ဝန်ကြီးနဲ့ ဘယ်လိုအကွေးခိုင်းမလဲ" ကျွန်တော်တို့အပြန်အလှန်ပြောဆိုနေကြတာကို နာဂအမျိုးသမီးက အကုန် ကြားနေရတာ၊ သူ့ခမျာ လက်ဖျားတွေ အေးစက်နေပြီး မျက်လုံးလေး ပုတ် ခတ်ပုတ်ခတ်နဲ့ နားစွင့်နေရှာတယ်။

"မင့်ဟာ မဟုတ်သေးပါဘူး မောင်သိန်းလှိုင်ရာ"

"ကွေးကွေးလေးနေမှ ထုံဆေးထိုးလို့ရတာ မဟုတ်ပါဘူး"

"ဘယ်လိုကွ"

"တည့်တည့်နေရင်လည်း ထိုးတတ်ရင် ထုံဆေးထိုးလို့ရပါတယ်"

ဆရာ့မျက်နှာကြီး ချက်ချင်းနီမြန်းသွားပြီး

"မင်းထိုးတတ်လို့လား၊ ထိုးတတ်ရင် ထိုးပြစမ်း"

"ရတယ်ဆရာ ဖြစ်တယ် ကျွန်တော် ထိုးမယ်"

ဒါတွေက ကျွန်တော်ကြုံဖူး ထိုးဖူးတဲ့အလုပ်၊ ပြောင်းဖူးပြုတ်အခွံနွှာ စားသလို အလွယ်လေး။ လက်တွေ့ထိုးပြလိုက်တယ်။

"... မင်းက ငါထင်သလို ဆေးကျောင်းသားလေးမဟုတ်ပါလား"

ကျွန်တော်တို့နဲ့ မလှမ်းမကမ်းမှာ သူသုံးရက်လေ့လာထားတယ်ဆိုတဲ့ ဆေးစာအုပ်အထူကြီး နှစ်အုပ် လှမ်းမြင်နေရတယ်။

တကယ်လည်း ခွဲခါနီးရော သူရွတ်နေကျ ဂါထာ နောက်တစ်ခေါက် ပြန်ရွတ်ပြန်ရော။

"ခွဲတော့မှာနော် မောင်သိန်းလှိုင်ကြည့်ထား၊ လက်တွေ့ခွဲပြရင်း သင်သွားမှာ။ ဖတ်ထားတာတွေ အကုန်မှတ်မိတယ်"

ခွဲလည်းခွဲလိုက်ရော ဗိုက်ထဲက အရည်တွေ ထွက်လာတယ်။

"ဟာ ဘာဖြစ်တာလဲ ဘာအရည်တွေလည်းကွ"

"ဆရာ ဒါ ဆီးတွေ သေးတွေပါ"

"သေးတွေ ဟုတ်လား"

ခန္တီးဇန်နဝါရီလ နေ့လယ်ခင်းမှာ ဆရာ့နဖူးမှာ ချွေးသီးတွေက ဆီးကင်းလောက်ရှိမယ်။

"ဒါတွေ ဘာလို့ ထွက်ရတာလဲကွ"

"ဆရာ့ဓားချက်က ဆီးအိမ်ကို ဖြတ်ချသွားလို့ပေါ့"

"ဟာ မဟုတ်သေးပါဘူး စာအုပ်ထဲမှာ ဒီလိုမရေးဘူး"

ကျွန်တော်က ပိုပြီး သေချာအောင် ဆီးကို ဂွမ်းစနဲ့တို့ပေးပြီး သူ့ကို ပေးတော့ သူ အနံ့ရသွားတယ်။

"ဟာ ဘုရားရေ၊ ခွီး... မှပဲ" ဆဲသံရော အာမေဍိတ်သံရော နှစ်မျိုးစလုံး ရောပွမ်းထွက်လာတယ်။

"ဟေ့ ဟန်ဆု ဟေ့ ဟန်ဆု ငါ့မိန်းမကို မြန်မြန်သွားခေါ်စမ်း" — တပည့်တစ်ယောက်ကို အခေါ်လွှတ်တယ်။

ရက်အတော်ကြာတဲ့ ဆီးကင်းတွေ ဆရာနဖူးမှာ တွေ့နေရပြီ။

"ဆရာ ဘာဖြစ်လို့ ဆရာကတော် အခေါ်လွှတ်တာလဲ"

"စာတွေဖတ်နေတုန်းက ဆီးအိမ်အကြောင်း နည်းနည်းဖတ်ထားရင် ကောင်းမလားဆိုတော့ သူက မဖတ်နဲ့လို့ ပြောထားတာ"

"ဟာ ဆရာက ဆရာဝန် စီဗယ်ဆာဂျင် CIVIL SURGEON လေ ဆရာကတော်နဲ့ မဆိုင်ဘူး"

ဆရာ့ကို ကျွန်တော်ကြည့်ပြီး စိတ်မကောင်းဖြစ်ရသလို နာဂအမျိုးသမီးကိုလည်း သနားမိတာနဲ့။

"ဒီမွေးလူနာ ကျွန်တော်မွေးလိုက်မယ် ဆရာ"

ဆရာက သိပ်ကို အလွန့်ကို အံ့ဩတဲ့မျက်နှာနဲ့ ကျွန်တော့်ကို လှမ်းကြည့်နေတယ်။ သူ့နားသူ မယုံနိုင်အောင်ဘဲ။ သူတင်လားဆိုတော့ မဟုတ်ဘူး။ နံဘေးမှာ ဝန်းရံနေကြတဲ့သူတွေကလည်း အံ့အားသင့်သွားကြတယ်။

"ဆီးအိတ်အပေါက်ကြီးနဲ့ကွာ၊ မင်းက ဘယ်လိုဆက်လုပ်မှာလဲ"

"ကျေးဇူးပြုပြီး ကျွန်တော် ဆက်ပြီး မွေးဖွားပေးလိုက်ပါရစေ ဆရာ"

သူ တစ်ချက် တွေခနဲ ဖြစ်သွားပြီး စဉ်းစားနေသေးတယ်။ ပြီးမှ ခေါင်းညိတ်ပြတယ်။ ပါးစပ်က ဘာမှမပြောဘူး။ လူနာရဲ့ ညာဘက်မှာနေတဲ့ ဆရာပီဆာကားကို ကျွန်တော်ရပ်နေတဲ့ လူနာရဲ့ဘယ်ဘက်ကို နေရာပြောင်းဖို့ ပြောတော့ အိုကေဆိုပြီးနေရာပြောင်းလိုက်ကြတယ်။ ခွဲစိတ်ဆရာဆိုတာ ညာဘက်ကနေကြ ရရိုး အစဉ်အလာရှိတယ်။

ကျွန်တော် ဆီးအိမ်ကို ဖယ်ချလိုက်တယ်။ ဗိုက်ကိုခွဲပြီး ကလေးကို ထုတ်ယူလိုက်တယ်။ ကလေးရဲ့အသက်က အရေးကြီးတယ် ဟုတ်လား။ ပြီးတော့ သားအိမ်ကို ပြန်ချုပ်နေတုန်းမှာ ဆရာက ဆီးအိမ်ကိစ္စ မမေ့ဖို့ ဝင်ပြောတယ်။ ကလေးက အရေးကြီးတယ် ဆရာ၊ ဒါကြောင့် ကလေးကိစ္စ အရင်လုပ်တာ ပြီးတော့ ဆီးအိမ်ကိစ္စ လုပ်မယ်ဆရာ။

ကျွန်တော် ကျကျနန သပ်သပ်ရပ်ရပ် ချုပ်ပြလုပ်ပြလိုက်တော့ အားလုံးက စကားတစ်ခွန်းမှမပြောဘဲ ငြိမ်ပြီး ကြည့်နေကြတယ်။ ကျောက်ဆစ်ရုပ်တုတွေအတိုင်းပဲ ပြီးမှ ကလေး ဆရာ့လက်ထဲအပ်လိုက်တော့ ဆရာ ကျွန်တော့်ကိုလက်ဆွဲနှုတ်ဆက်ရင်း

"ငါ မင်းကို ကျောင်းသားတစ်ယောက် ကျောင်းဆင်းခါစ ချာတိတ်တစ်ယောက်လို့ ထင်ခဲ့တာ ဘယ်ဟုတ်လို့လဲ တော်သကွာ"တဲ့ ပြီးတော့ သူ့တပည့်တွေ လုပ်ဖော်ကိုင်ဖက်တွေ ရှေ့မှာတင်ပဲ ကျွန်တော့်ကို သူ့ရင်ဘတ်နဲ့အပ် ဖက်ရင်း

"မြို့ထဲက လူတွေကိုလည်း မင်းဟာ ဆရာဝန်ပေါက်စလေးမဟုတ်ဘူးဆိုတာ ပြန်ပြင်ပြောရဦးမယ်"

ကျွန်တော်က ပီတိဖြစ်တာ ကျေနပ်နာ ဆရာ့စကားတွေကို မဟုတ်ဘူး။ ကလေးရဲ့မိခင်က သူ့ကလေးလေး တဝါးဝါး တအားအား ငိုသံကိုကြားရတဲ့အခါ ပါးမည်းတွေ ပြာမှောင်နေအောင် ထိုးထားတဲ့ကြားက သူ့စိုးရိမ်စိတ် တွေကို ကျော်လွှားပြီး ပြုံးတဲ့အပြုံး။ ဒီအပြုံးကိုကြည့်ပြီး ပီတိဖြစ်မိတာ။

ကျွန်တော်တို့နှစ်ယောက် ဆရာ့အိမ်ကို လမ်းလျှောက်ပြီး ပြန်လာခဲ့ကြတယ်။ ဒီတစ်ခါ ရွတ်တဲ့ဂါထာကတော့ မင်းကြည့်ထားနော် ငါလက်တွေ

ခွဲပြရင်း သင်သွားမှာ ဆိုတာမျိုး မဟုတ်တော့ဘူး။ မြို့ပတ်ပြီး ဒီဆရာဝန် အခွဲအစိတ်တော်ကြောင်း ပြောရဦးမှာ ဖြစ်သွားပြီ။ စကားတပြောပြော လျှောက်ခဲ့ကြတာ ခတ်တိုင် ငါးတိုင်ခြောက်တိုင်လောက်မှာ သူ့ဇနီးသည်က ဆီးအိမ်နဲ့ပတ်သက်ပြီး ဖတ်စရာမလိုဘူးဆိုလို့ ဒေါသဖြစ်ကြောင်းရယ်။ မြို့ပတ်ပြီး ဒီဆရာဝန် အခွဲအစိတ်တော်ကြောင်း ပြောရဦးမှာကွ ခဏခဏ ပြောရင်း လျှောက်လာခဲ့ကြတယ်။

အိမ်ကိုရောက်တော့ တံခါးဝကနေ ဆီးပြီး အော်ပြောတယ်။ လမ်းမှာ ပြောခဲ့တဲ့စကားတွေပါပဲ။ ဒါပေမဲ့ လေသံက တစ်မျိုးဖြစ်သွားပြီ။ နည်းနည်း ပျော့သွားပြီ။

"ဒါလင်ရေ ပြန်လာပြီဟေ့၊ မင်းက ဆီးအိမ်နဲ့ပတ်သက်ပြီး ဖတ်စရာ မလိုဘူးဆိုလို့ တကယ်ခွဲတော့ ဆီးအိတ်ထိပြီး ဆီးတွေထွက်ကျလာတာ မောင်သိန်းလှိုင်ကယ်ပေလို့၊ ဒီတစ်ခါ မိန်းမစကားနားထောင်တာ မှားပြီ၊ မောင်သိန်းလှိုင် တော်တယ်။ ငါထင်သလို မဟုတ်ဘူး"။

တံခါးဝကနေ စကားပြောရင်း ဆရာကတော်နားရောက်တော့ ငါးကြော် ကျန်သေးလားတဲ့။ ဆရာကတော်က 'ဘွင်းဘွင်းသမားဆိုတော့ မနေ့ က လက်ကျန်ပဲရှိတာ၊ ကလေးနှစ်ယောက်အတွက်လည်း ချန်ဦးတဲ့။

ဒါ မောင်သိန်းလှိုင်ကို ဂုဏ်ပြုထမင်းပွဲ စား ငါ့လူစားတဲ့။ ငါးကြော် တစ်ယောက်တစ်တုံး ချဉ်ပေါင်ရည်ဟင်း၊ သခွားသီးနဲ့ စားကြတယ်။ ငါး ကြော် ထပ်ယူလိုက်ဦးမယ်တဲ့။ ကျွန်တော်က ဆရာကတော်ပြောတာတွေ အကုန်ကြားရတော့ ပါးစပ်ကို ဘရိတ်ဆွဲထားလိုက်တယ်။ ထမင်းတစ်ပန်း ကန်၊ ငါးကြော်တစ်တုံးနဲ့ ချည်ရည်ပျစ်ပျစ်တစ်ခွက်စီစားကြတဲ့ ဂုဏ်ပြုထမင်း စားပွဲပေါ့။

* * *

## မဲဇာကို ကျော်ခိုင်းသွားသူ

ဒေါက်တာ ပီဆာကားဆီက အလုပ်တွေ တာဝန်တွေ လွှဲပြောင်းယူ ပြီးတော့ ကျွန်တော် ဆေးရုံကို လာရတာ တော်တော် စိတ်ဆင်းရဲတယ်။ ရှိနေတဲ့ဝန်ထမ်း ခြောက်ယောက်က အလုပ်ဆင်းအတက် စည်းကမ်းမရှိကြ ဘူး။ ကျွန်တော်က ဆေးရုံးကို စောစောဖွင့်ချင်တယ်။ အထူးသဖြင့် အိုပီဒီ

ဖွင့်ချင်တာ။ ဒါလည်း သူတို့ စောစောမလာကြဘူး။ အလုပ်ဆင်းချိန်လည်း နားလည်မှုဆန်ဆန် စောဆင်းချင်ရင် ဘာသာဆင်းသွားကြတာ။ ကျွန်တော်ကတော့ အလုပ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အလုပ်ချိန်မှာ လုပ်ငန်းခွင်ထဲမှာရှိရမယ်။ ကုန်ထုတ်လုပ်တဲ့အလုပ်ရုံ မဟုတ်ပေမဲ့ ဆေးရုံဆိုတော့ ပိုအရေးကြီးတယ်လို့ ယူဆတယ်။ နိုင်ငံတော်ရဲ့ လစာ စာရင်း ချမှတ်ထားတဲ့ စည်းကမ်းလိုက်နာကြရမှာပဲ။

ဝန်ထမ်းတွေကို မျက်နှာစုံညီခေါ်ပြီး သတိပေးရတယ်။ လုပ်ငန်းခွင်ကို အချိန်မှန်အတက်အဆင်းလုပ်ဖို့၊ လူနာတွေအပေါ်မှာ ကြင်ကြင်နာနာ ဆက်ဆံပြုစုဖို့၊ အခက်အခဲရှိရင် ပွင့်ပွင့်လင်းလင်းတင်ပြဖို့။ လုပ်ဖော်ကိုင်ဖက်ချင်း ရိုင်းပင်းကြဖို့တွေ သူတို့ကို ခေါ်ပြောတယ်။ ကျွန်တော် စကားပြောမတတ်ဘူး။ မလိမ္မာဘူး။ သွယ်ဝိုက်ပြီး ပရိယာယ်နဲ့ မပြောတတ်ဘူး။ ကျွန်တော် လူမမာတွေအပေါ် စေတနာထားပြီး ဒီလိုစကားပြောတာ သူတို့သိကြတယ်။ ကိုယ်တာဝန်ယူရတဲ့အလုပ်အပေါ်မှာ လေးစားတန်ဖိုးထားလို့ အခုလို စကားတွေပြောနေမှန်း သူတို့ သိကြတယ်။ ပြီးတော့ သူတို့နဲ့ဆိုင်တဲ့အမှုကိစ္စတွေကို ကျွန်တော် ကာကွယ်တန်တာ ကာကွယ်မှာ၊ စောင့်ရှောက်တန်တာ စောင့်ရှောက်မှာ၊ ကူညီတန်တာ ကူညီမှာ သူတို့သိသွားကြတယ်။ နေရာတကာ ဆရာတပည့်မဟုတ်ဘူးဟော့။ ရဲဘော်ရဲဘက်စိတ် ငါ့မှာ ထားတယ်။ နေရာတကာ အထက်အောက်မဟုတ်ဘူးကွ။ မိသားစု ဆွေမျိုးမောင်နှမစိတ် ရှိတယ်နော်။ အမြဲတမ်း ဝန်ထမ်းစိတ် လခစားစိတ် မဝင်ကြနဲ့။ တစ်ဦးမစွမ်းသာတာကို တစ်ဦးက ကူညီဆောင်ရွက်ရင် အခက်အခဲတွေ လျော့ပါးသွားမှာ။

ကျွန်တော့်စိတ်ထဲရှိတာတွေ၊ ကိုယ်စောင့်နတ်က ပြောခိုင်းတာတွေ ပြောလိုက်မိတယ်မှတ်တာပဲ။

ဆရာ ပီဆာကား အထုပ်အပိုးသိမ်းတာ နှစ်ရက်လောက်ပဲ ကြာလိမ့်မယ်။ ဆေးရုံက တပည့်တွေ ဝိုင်းကြ ဝန်းကြတယ်။ နေမကောင်းတဲ့ကလေးလည်း တော်တော်သက်သာသွားပြီ။

"မောင်သိန်းလှိုင် မင်း ဘာလို့ ဒီရောက်လာသလဲ"

ဆရာက သိပ်သိချင်တယ်။ ဒီလို ဝေးလံတဲ့အရပ်၊ အစားအသောက်ဆင်းရဲတဲ့အရပ်၊ ပိုက်ဆံရပေါက်ရလမ်းမရှိတဲ့အရပ်၊ ကလေးတွေ ပညာရေးအတွက် အားမကိုးလောက်တဲ့အရပ်ကို ဒီလိုဆရာဝန်ငယ်တစ်ယောက် ဘာလို့ရောက်လာရသလဲ။

သူသိချင်တော့ ခဏခဏမေးတယ်။ ဆရာ မမေးပါနဲ့။ အတိတ်က ဖြစ်ရပ်

တွေ စာမဖွံ့ချင်ဘူး။ သင်္ဘောကလည်း ဆိုက်ရမယ့်ရက်မှာ မဆိုက်ဘူး။ အထုပ်အပိုးတွေကလည်း ထုပ်ပိုးပြီး အဆင်သင့်။ ခဏနေတော့ အသုံးလိုတဲ့ ပစ္စည်းရှာတဲ့အခါ ဘယ်သေတ္တာ၊ ဘယ်နေရာထားမိမှန်း မမှတ်မိ။ ခန္တီးကနေ ပြောင်းရမှာမို့ မိသားစုက ဝမ်းသာ၊ လေယာဉ်မလာ၊ သင်္ဘောက နတ္ထိ။ သိန်းထီပေါက်ပြီး ထီလက်မှတ်အထားမှားသလို ဆရာတို့ခမျာ ခံစားနေကြရရှာတယ်။

တစ်နေ့တော့ သင်္ဘောလာပြီဆိုတဲ့သတင်း သင်္ဘောကိုယ်စားလှယ်ဆီက လာတော့ ဆိပ်ကမ်းဆင်းသွားကြတယ်။ ခန္တီးကနေ သူ ကျောက်ဖြူကို ပြောင်းရမှာတဲ့။

"ဆရာ ညွှန်ကြားရေးမှူးချုပ်ရုံးက ဦးတင်ကို သိတယ်ဟုတ်လား"

"သိတယ်၊ သူ့ပဲ အားကိုးရတာ"

"ဆရာ ခန္တီးမှာ ကြာနေပြီ ပြောင်းချင်တယ်လို့ ဦးတင်ကပြောလို့"

"ဟုတ်လား"

"ဆရာ ပြောင်းရရွှေ့ရအောင် ကျွန်တော်လာခဲ့တာပါ"

"ဟုတ်သလား၊ ကျေးဇူးတင်တယ်ကွာ၊ ဒီမှာ ကြာနေပြီ၊ ကလေးတွေ ပညာရေးကလည်း ရှိသေးတယ်"။

ဆရာပီဆာကားသင်္ဘောပေါ်ကို ဆေးရုံဝန်ထမ်းတွေပါ စုံစုံညီညီ သယ်ပိုးပြီး လိုက်ပို့ကြတယ်။ တကယ်တော့ သင်္ဘောစစ်စစ်မဟုတ်ဘူး။ သစ်တင်တဲ့ သင်္ဘောလို၊ ဆီတင်တဲ့ သင်္ဘောလို ပက်လက်ယာဉ်ကြီး။ ရှိတဲ့ နေရာ၊ ရှိတဲ့အရိပ်ခိုကပ်ပြီး စီးရမယ့်သင်္ဘော။ ဒါပေမဲ့ ဒီသင်္ဘောအပြင် ဒို့ပြင်ဘာမှ ရွေးစရာမရှိတော့ ဖြစ်သလို လိုက်သွားရှာကြတယ်။ ဆရာ့သင်္ဘော ထွက်မှာ ကျွန်တော်တို့ လက်ပြနှုတ်ဆက်ပြီး ပြန်ခဲ့ကြတယ်။

သူ သင်္ဘောပေါ်မတက်ခင်မှာ မှာစရာစကားအဖြစ်နဲ့ ပြောခဲ့တာလည်း အမြဲစွဲမှတ်ထားတယ်။

"မောင်သိန်းလှိုင် ဒီအရပ်က မဖွံ့ဖြိုး မတိုးတက်သေးတဲ့အရပ်ကွ။ ဒီမှာနေကြတဲ့လူတွေခမျာ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနိမ့်ကျရှာတယ်။ သူတို့ တိုးတက်ရာ တိုးတက်ကြောင်း မင်းစွမ်းသလောက် ကူညီမြှင့်တင်ပါကွာ၊ ထွက်မပြေးနဲ့နော်၊ မင်းငယ်သေးတယ်၊ လုပ်အားတွေရှိတယ်။ ထွက်မပြေးနဲ့နော်"။

ဒို့ပြင်လူသာဆိုရင် ဆရာ့စကား ဘယ်လိုတုံ့ပြန်မလဲ မသိဘူး။ ကျွန်တော်ကတော့ စိတ်ထဲရှိတဲ့အတိုင်းပဲ ပြန်ပြောလိုက်တယ်။

"မြို့ကြီး ပြပြီးကို ကျွန်တော် စိတ်ပျက်တယ်ဆရာ၊ မဖွံ့ဖြိုးသေးတဲ့

အရပ်က လူတွေကိုလည်း စာနာမိတယ်။ မပြေးဘူးဆရာ၊ စိတ်သာချ၊ မလာချင်ရင် ရန်ကုန်မှာကတည်းက ပြေးမှာပေါ့ ဆရာရယ်"

"ဟုတ်ပြီကွာ၊ မင်းပြောတာ မှန်တယ်၊ ဒီအရပ်ကလူတွေက တိုင်းရင်းသားတွေကွ၊ ရိုးသားကြတယ်ကွ၊ အစားဆင်းရဲတာလေး သည်းခံကွာ"

ဆရာက မှာရာရှိတာ မှာသွားတာ၊ တစ်ခါတလေ ဆေးရုံမှာ အလုပ်တွေလုပ်ရင်း၊ စာဖတ်ရင်း ဆရာ မှာတာတွေ ပြန်ကြားယောင်မိတယ်။

* * *

## လူနာတစ်ယောက် သုံးကျပ်

ရောက်ခါစမှာ အဆင်မပြေတာတွေ အများကြီး။ ဒီလို အဆင်မပြေတာတွေ ကြိုသိလို့ ဆရာပီဆာကာကြီးက မင်းထွက်မပြေးနဲ့နော်၊ ထွက်မပြေးနဲ့နော်လို့ အထပ်ထပ်မှာခဲ့လေသလား။

ဆေးရုံလာတယ်။ ကြည့်စရာလူနာက မရှိဘူး။ နှစ်ယောက်၊ သုံးယောက်၊ ငှက်ဖျားရောဂါ၊ အစာအိမ်ရောဂါ၊ ရေဖျဉ်း ဒါမျိုးတွေပဲ။ စာရေးသောက်ရေးကလည်း အဆင်မပြေ၊ ဓနီးသည် အုန်းအုန်းကလည်း လိုက်မလာနိုင်သေးဘူး။ ဒီတော့ ပြည်သူ့ဆိုင်က၊ သမဝါယမဆိုင်က နို့ဆီဘူးဝယ်ပြီး ရေနွေးနဲ့ ဖျော်သောက်၊ ငှက်ပျောသီးတို့၊ သဘော်သီးတို့ ဝယ်စား။ ဖြစ်သလို စားလိုက်တယ်။ ပြည်မမှာ နို့ဆီဘူးက ရှားပါးပစ္စည်း။ ဒီမှာ သိပ်မရှားဘူး။ ဒီလိုလုပ်နေတာကို တပည့် နာဂတိုင်းရင်းသားဟန်စုက

"ဆရာ ထမင်းမစားဘူးလား"

"မစားဘူးကွာ၊ ဒီလိုစားသောက်နေတော့လည်း အတူတူပါပဲ"

"ဟာ ကျွန်တော် ဘယ်လိုစားရမလဲ၊ ဆရာ့လို မစားနိုင်ဘူး"

"မင်းက ဘယ်လိုစားချင်တာလဲ ဟန်စု"

"ဆရာဝန် စားသလို စားချင်တာ"

"ငါလည်း ဆရာဝန်ပဲလေ ငါစားသလိုစားပေါ့ ဟိုမှာ ငှက်ပျောသီးသုံးလုံး၊ ဒီမှာ နို့ဆီ၊ မင့်ဘာသာ ကြိုက်သလို..."

"ဟာ ဒီလိုတော့ မစားနိုင်ဘူး"

တပည့်ဟန်စုက ကျွန်တော်စားသလို တကယ်ကို မစားနိုင်တာ။ ဒါပေမဲ့ သူက ငြိမ်ငြိမ်နှုတ်ပိတ်မနေဘူး။ ရပ်ထဲရွာထဲ မြို့ထဲလျှောက်ညည်း တယ်။

အခု နောက်ရောက်တဲ့ဆရာဝန်တော့ အားပြတ်ပြီး သေတော့မှာပဲ။ ဘယ်လိုဆရာဝန်လဲ မသိဘူး။ ထမင်းဟင်း မစားဘူး။ ကြံ့ရာ၊ ကြံ့သလို စားတဲ့ဆရာဝန်။ မကြာခင် ငတ်သေမှာ ကြည့်နေ။

ဒါမျိုးတွေ ပြောတဲ့အခါ ပြောသလို ကိုယ်ဝန်ဆောင်အမျိုးသမီးကို အောင်အောင်မြင်မြင် ခွဲပေးလိုက်တာလေးလည်း သူက ပြောတတ်တယ်။ စည်းကမ်းကြီးတဲ့ဆရာ၊ အလုပ်ချိန်တင်းကျပ်တဲ့ဆရာဆိုတာမျိုးတွေလည်း မပါဘဲ မနေဘူး ပါမှာ။

ဆရာဝန်လို မစားနိုင်ဘူးကွာ၊ ငါ့ကျွေးဦး၊ ဘာကျန်သေးလဲ၊ ထမင်းအိုးလှန်၊ ဟင်းအိုးလှန် လုပ်စားပါလိမ့်မယ်။ ဒီသတင်းကို တောင်သူလုပ်တဲ့ ဦးမှတ်တူးဆိုတဲ့လူက ကြားတော့ ပဲလေးတွေပြုတ်လာပို့လိုက်၊ ထမင်းလေးချက်ပြီး လာပို့လိုက် လုပ်ရှာတယ်။ သူက ဇစ်ပြန်တစ်ယောက်တောင် သူလုပ်နေရှာတယ်။ နေပါစေဆိုလို့လည်း မရဘူး။ သူ စိတ်ကူးပေါက်တဲ့နေ့ လာပို့တာ။ အကျိုးလိုလို့ ညောင်ရေးလောင်းတာ မဟုတ်ဘူး။ ကျွန်တော့်ဆီက သူ ဘာတစ်ခုမှ မတောင်းဘူး၊ မယူဖူးဘူး၊ သူ့ဘာသာ ပို့ချင်လို့ပို့တာ၊ ဒီလိုနဲ့ ခင်မင်နေတာ။ ဒီဆရာဝန် မပျော်လို့ ပြန်ပြေးရင် တစ်နယ်လုံး ဒုက္ခရောက် ရချည်ရဲ့ဆိုတာမျိုးလည်း ပါမှာပေါ့။ ဦးမှတ်တူးကနေတစ်ဆင့် မောင်ကြီးတို့ မောင်ငယ်တို့ဆိုတဲ့ ညီအစ်ကိုတွေနဲ့ပါ ခင်လာတယ်။ မိတ်ဆွေတိုးလာတယ်။

ဆေးရုံမှာ လူနာနည်းတာ စိတ်မကောင်းစရာလား။ လူတွေကျန်းမာနေတာ ကောင်းတာပေါ့။ ဒီလိုလည်း တွေးမိတယ်။ ဒါမှမဟုတ် ဆေးရုံဟာ အားကိုးစရာမကောင်းလို့ မလာကြတာလား။ အရင်ဆရာဝန်တွေ လက်ထက်၊ ဆက်ဆံရေးညံ့ခဲ့ကြလို့လား။ ဒါမှမဟုတ် ဆေးစွမ်းမထက်၊ ဆေးမလိုက်လို့ မလာကြတာလား။ ကျွန်တော့်မှာ တွေးစရာတွေ တစ်ပုံကြီး။ ကျန်းမာရေး အသိ၊ ဆေးပညာဗဟုသုတခေါင်းပါးကြလို့လည်း ဖြစ်နိုင်တယ်။

ဒီအရပ်မှာ လည်ပင်းကြီးတဲ့သူတွေ အရပ်ထဲ ဈေးထဲ၊ လေယာဉ်ကွင်း၊ သဘော်ဆိပ်မှာတွေ့နေရတာ၊ တော်တော်များတယ်။ နောက်ဆုံးတော့ ဆေးရုံက ဝန်ထမ်းတွေကို လူနာခေါ်ခဲ့ကြ။ လူနာတစ်ယောက်ရရင် မင်းတို့ကို သုံးကျပ်ပေးမယ်၊ ဦးမှတ်တူးကိုလည်းပြော၊ မောင်ကြီးမောင်ငယ်တို့ကိုလည်း သုံးကျပ်ပေးမယ်ပြောရတယ်။ ဒါလည်း လူနာက မလာဘူး။ လက်ဖက်ရူး သွားကြတယ် ဆရာ။ ဝါးခုတ်တက်နေကြတယ် ဆရာ။ အသီးလေး၊ အနံ့ လေးပေါ်ရင် လာမယ်တဲ့။

ခန္တီးကို ဇန်နဝါရီ ၁၈ မှာ ရောက်တာ လကုန်ခါနီးထိ ဘာမှ ဟုတ်တိ

ပတ်တိ မကုရဘူး။ စိတ်ပျက်စရာကြီး။ ဒါပေမဲ့ ကုသိုလ်ကံ အလှည့်အပြောင်းနဲ့ ကြုံရတတ်တယ်။ လကုန်ခါနီးတော့ အမျိုးသမီးတစ်ယောက် အိုပီဒီကို လာတယ်။ လက်ထဲမှာ ပုလင်းညိုလေးတစ်လုံးကိုင်လို့။ သူ လေနာထလို့ အစာကြေလေဆေး လာတောင်းတာ။ ကျွန်တော် ဒီအမျိုးသမီးကို စိတ်ဝင်စားမိတယ်။ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ အသားလတ်လတ်မို့ စိတ်ဝင်စားတာ မဟုတ်ဘူး။ သူ့မှာ လည်ပင်းကြီးနေလို့ စိတ်ဝင်စားတာ။ လေဆေးပေးခါနီးမှာ ကျွန်တော်က သူ့ကိုခေါ်ပြီး စကားပြောတယ်။ အိုပီဒီမှာ ကျွန်တော်ထိုင်နေတာလေ။

"ဒီကို ခဏလာပါဦး"

"ဟုတ်ကဲ့"

"နာမည် ဘယ်လိုခေါ်သလဲ"

"အေးရှင်"

"ဒေါ်အေးရှင် အသက်ဘယ်လောက်ရှိပြီလဲ"

"၄၃ နှစ်ပါ ဆရာ"

"အရင်ကလည်းလေ ဒီဆေးရုံမှာ လာယူဖူးသလား"

ဆရာမနော်မူကြည်က ဝင်ပြောတယ်။

"သူက ဖောက်သည်ဆရာ၊ တစ်လနှစ်ခါ သုံးခါတော့ လာနေကျ"

"ဒီလေဆေးသောက်ရင် သက်သာသလား ဒေါ်အေးရှင်"

"ဟုတ်ကဲ့ သက်သာပါတယ်"

"နောက်ကို လေဆေးလိုချင်ရင် ဆေးရုံ လာမယူနဲ့"

ဒေါ်အေးရှင် ကျွန်တော့်စကားကို နားမလည်နိုင်သလို မျက်မှောင် ကုပ်ပြီး စဉ်းစားနေတယ်။

"ကျွန်တော် အိမ်တိုင်ရာရောက် ပို့ပေးပါမယ်။ ခင်ဗျားလည်ပင်းကြီးကို ကျွန်တော် ခွဲပေးချင်တယ်။ လည်ပင်း ပုံမှန်အတိုင်း ပြန်ဖြစ်သွားမယ်လေ"

ကျွန်တော့်စကားကြားတော့ ဘာပြန်ပြောရမှန်း မသိဘူး။ စဉ်းစားနေတယ်။ စကားလုံးတွေ လိုက်ရှာနေတယ် ထင်ပါရဲ့။

"လည်ပင်းခွဲထားလို့ အလုပ်အကိုင်ပျက်ရင် စားဖို့သောက်ဖို့ ထောက်ပံ့ဦးမှာ၊ ကျွန်တော့်ပါရမီကို ဖြည့်ပါလား"

ဒေါ်အေးရှင်ခမျာ ခွဲပစ်လိုက်ရကောင်းနိုး၊ မလှချင်လည်း နေပါစေ တော့ ဒီလို ငယ်ရွယ်တဲ့ဆရာဝန်လေးရဲ့ အခွဲအစိတ်တော့ မခံဝံ့ဘူး။ ပြီးတော့ လက်မောင်းလည်းမဟုတ်၊ ပေါင်လည်းမဟုတ်၊ လည်ပင်းကိုခွဲမှာဆိုတော့ သူ

ချိုတုံ့ချတုံ့ စဉ်းစားနေတယ်။ အတော်ကြာစဉ်းစားပြီးမှ သူ့ဆီက စကားသံထွက်လာတယ်။

"မခွဲချင်ဘူး။ ကျွန်မကို လေဆေးလေးပဲ ပေးပါဆရာ"

ဆက်ပြောစရာစကားလုံးတွေ ရှာဖွေတဲ့အလုပ် လုပ်ရပြီ။ ကျွန်တော့်အလှည့်ရောက်လာပြီ။ အဲဒီအချိန်မှာ မီးလောင်ရာ လေပင့်ပါလေရော။ ဆိုတော့အနားမှာရှိတဲ့ ဒီဆေးရုံရဲ့တစ်ဦးတည်းသောဆရာမ နော်မူကြည်က ပါးမှာမျက်ရည်စီးကြောင်းဖြစ်ဖို့ မျက်ရည်တွေ တလိမ့်လိမ့်ကျပြီး တသိမ့် သိမ့်ရှိုက်ငိုပါလေရော။

"ဆရာမ၊ ဆရာမ ဘာလို့ငိုတာလဲ"

"ဆရာရယ် ဒီမှာ ခွဲစိတ်ခန်းမှ မရှိတာ ဘယ်လိုခွဲကြမှာလဲ ဆရာရယ်"

ကျွန်တော် မနေနိုင်တော့ဘူး။ စိတ်က မချုပ်တည်းနိုင်တော့ဘူး။ ဆရာမကို ထပြီး ဆဲမိတော့တာပဲ။

"ဩော်... ငါကဖြင့် ဒီမှာ စည်းရုံးရေးဆင်းနေတာ နင်က တစ်မျောင့်"

"အဲဒီသောက်ရည်တွေ မကျစေနဲ့ တိတ် မငိုနဲ့..."

ဒေါ်အေးရှင်ကိုလည်း

"သွား ဘာလေဆေးမှ မပေးနိုင်ဘူး၊ တိုင်ချင်ရာတိုင်ချေ၊ ကျွန်တော်က စေတနာနဲ့ ဒီလိုဝေးလံခေါင်ဖျားတဲ့ အရပ်ကလူတွေ သက်သာပျောက်ကင်းပါစေတော့ဆိုပြီး ခွဲပေးမယ်ပြောတာ။ ဒီခရိုင်းမှာ ပိန်းပိတ်အောင် မမှောင်ဘူး။ ကျန်းမာရေး အလင်းတစ်စထွန်းညှိနိုင်ပြီဆိုတာ တော်လှန်ရေးအစိုးရ သိစေချင်တာ။ ခင်ဗျားတို့အတွက်ဗျ။"

"သွား... ပြန်တော့ လေဆေးမပေးဘူး"

ဒေါသအလျောက် မပေါက်ကွဲသင့်တာ ပေါက်ကွဲပစ်လိုက်တယ်။

မြေပြန့်ကနေလာခဲ့တဲ့ ဆရာဝန်။ ဆရာဝန်ဖြစ်ပြီး ဘာမှ မကုရ မခွဲရရင် ဆရာဝန်ဘဝ ဘာလုပ်ဖို့လဲ။

နောက်တစ်နေ့မနက် ကိုးနာရီလောက်ရောက်တော့ အရပ်မြင့်မြင့်၊ အသားဖွေးဖွေး အင်္ကျီရပ်သန့်သန့်နဲ့ လူကြီးတစ်ယောက် ဆေးရုံရောက်လာတယ်။ ကျွန်တော်က ဆီးကြိုပြီး "ဝှတ်မောနင်း အန်ကယ်"

"မောင်းနင်း ဒေါက်တာ"

"ကြွပါ၊ ထိုင်ပါ အန်ကယ်"

"မထိုင်တော့ပါဘူး၊ မေးစရာလေးတစ်ခုရှိလို့ပါ"

"ရပါတယ် မေးပါခင်ဗျာ"

"မနေ့က ကျွန်တော့်တူမကို လည်ပင်းကြီးကို ခွဲပါရစေ၊ တစ်နေ့ သုံးကျပ်ပေးမယ် ခုနစ်ရက် နှစ်ဆယ့်တစ်ကျပ်ပေးပါမယ်၊ ကျွန်တော့်ကို ပါရမီ ဖြည့်ပါ၊ ဒီဟာလေးကို ခွဲပါရစေ။ ခန္တီးရဲ့ ကျန်းမာရေးရောင်ခြည်တော်လှန်ရေး ကောင်စီထံ ရောက်စေချင်လို့ဆိုတဲ့ အဓိပ္ပာယ်မျိုး ဒေါက်တာ ပြောလိုက် သလား"

"ပြောပါတယ် အန်ကယ်"

"အဲဒီ အဓိပ္ပာယ်လေး သိချင်လို့ ရှင်းပါဦး"တဲ့။

ကျွန်တော်ကလည်း မြန်မာလိုပြောလိုက်တာ။ ပါဠိပါဠ်သားလည်း ပါတာမဟုတ်ဘူး။ အဓိပ္ပာယ်က ရှင်းနေတဲ့ဥစ္စာ။ ဘာကို သိချင်တာလဲ။ သိပ်တော့ စိတ်ထဲမှာ ကြည်လင်လှတာမဟုတ်ဘူး။ မနေ့ကတော့ ဒေါသ အလျောက်ပြောမိ၊ ဆိုမိ လုပ်မိ ကိုင်မိတာတော့ ရှိတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ကိုယ်ပြောတဲ့စကားကိုယ် တာဝန်ယူရမယ်ဆိုတာ ဘဝကရော ဆရာတွေက ရော စာတွေ့လက်တွေ့ သင်ပေးလိုက်ပြီးသား။

ဩော်… ဒုက္ခပါပဲ။ အရေးထဲမှ အဓိပ္ပာယ်ဖွင့်ဆိုခိုင်းတဲ့ပုဂ္ဂိုလ်နဲ့ လာကြုံ နေရပြန်ပါပြီ။ ဒီစကားက ကျွန်တော့်စိတ်ထဲတင် ပြောတဲ့စကားတွေပါ။ အခုလာ တဲ့ပုဂ္ဂိုလ်က ဗိုလ်ချုပ်အောင်ဆန်း ဘိလပ်သွားတဲ့အခါ အိန္ဒိယက မစ္စတာ နေရူးက လန်ဒန်မှာ ချမ်းမှာစိုးလို့ လက်ဆောင်ပေးတဲ့ လောင်းကုတ်အင်္ကျီမျိုး ကြီး ဝတ်လာတာ။ ဥပဓိရုပ်ကလည်း ခံ့ခံ့ညားညားကြီး။ ဒီတော့ သူ့ကို နေရာ ထိုင်ခင်းပေးတယ်။

"ကျွန်တော် ဆရာဝန်အတတ်ကို သင်ခဲ့ရတဲ့ ပညာသင်နှစ်တွေက ဒီ့ပြင် အသက်မွေးဝမ်းကျောင်းပညာတွေ သင်ရတာထက် နှစ်တွေ ပိုများပါတယ် အန်ကယ်။ ဆရာဝန်တစ်ယောက်၊ သူတတ်တဲ့ပညာက ဆေးပညာ။ ဒီတော့ ဆေးကုချင်ပါတယ်။ ဒါပေမဲ့ အန်ကယ်တို့ မြို့ကိုရောက်တော့ လူနာမရှိဘူး။ ဘာအလုပ်မှ ဟုတ်တိပတ်တိ မလုပ်ရဘူး။ နိုင်ငံတော်ပေးတဲ့ လစာကို အလကားတော့ ထိုင်မစားချင်ဘူး အန်ကယ်"

ပုဂ္ဂိုလ်က ကျွန်တော်ပြောသမျှကို ဂရုတစိုက် တလေးတစား နားထောင် နေတယ်။ ဒီတော့လည်း ကျွန်တော် သူ့ကို တလေးတစား ပြောရတော့တာ ပေါ့။

"ထမင်းချက်ရောက်တဲ့သူ ဝယ်စားမယ့်သူမရှိရင် ဘဝပျက်သလိုမျိုး။ ကျွန်တော်သင်ခဲ့တဲ့ပညာ အသုံးမချရရင် အလကားဖြစ်ကုန်ပြီး ကျွန်တော် လည်း အညွန့်တုံးသွားမှာပေါ့၊ ဒါထက် အန်ကယ်က ဘာလုပ်ငန်းလုပ်ပါသလဲ။ ဘယ်လို အသက်မွေးပါသလဲ"

ဒီအခါ သူက ခုနက မျက်မှောင်ကုပ် နားထောင်နေရာက ပြုံးသွားပြီး "ကျုပ်ဘယ်သူဆိုတာ ဒေါက်တာ စကားဆုံးတော့ ပြောပြမယ်"တဲ့။

"ခန္တီးမှာ ကျွန်တော် ရောက်ကတည်းက ကြည့်နေတာ လည်ပင်းကြီး ရောဂါသည်တွေ အများကြီး။ သူတို့ကို ကုသပေးချင်လို့ ကမ်းလှမ်းတာ တစ်ယောက်မှ ခေါ်လို့မရဘူး အန်ကယ်။ နေ့တွက် တစ်နေ့သုံးကျပ်ပေးပါမယ်ဆိုတာတောင် တစ်ယောက်မှ မလာကြဘူး။ ဟောဒီတိုင်းပြည်မှာ ဘယ်ဆရာဝန်က လူနာကို ပိုက်ဆံပေးပြီး ကုသတယ်လို့ အန်ကယ်ကြားဖူးသလဲ"

အန်ကယ်က ခေါင်းတညိတ်ညိတ်လုပ်နေတယ်။ ပြောလက်စကို ခဏ ရပ်လိုက်ချိန်မှာ မထူးပါဘူးကွာ မောင်သိန်းလှိုင် မင်းပြောစရာရှိတာ ပြောပစ်လိုက်လို့ စိတ်ထဲမှာ ပေါ်လာတယ်။

"အန်ကယ် ဒီမြို့မှာ အနေကြာရင် မှတ်မိလိမ့်မယ်။ ဆရာဝန်ဦးချစ် တာဝန်ကျခဲ့ဖူးတယ်။ ပြီးတော့ နိုင်ငံခြားပြန်ဆရာဝန် ဒေါက်တာ ဦးသိန်းထွန်း အမှုထမ်းသွားတယ်။ ပြီးတော့ တစ်နေ့ကမှ ပြန်သွားတဲ့ ဒေါက်တာ ပီဆာကားတို့ တာဝန်ကျခဲ့တဲ့ မြို့။ ကျွန်တော်တို့နိုင်ငံဟာ ပြည်ထောင်စုနိုင်ငံ ဆိုပေမဲ့ တိုင်းပြည်အုပ်ချုပ်သူတွေက တိုင်းရင်းသားတွေကို အရေးမထား တန်ဖိုးမထားခဲ့ကြဘူး။ ခွဲခြားဆက်ဆံချင်ကြတယ်။ ဒီ့ပြင် ဌာနတွေမပြော လိုပေမဲ့ ကျန်းမာရေးဌာနကတော့ ဒီလိုဝေးလံသီခေါင်အရပ်တွေကို အထူး ဦးစားပေးပြီး ဖိဖိစီးစီး ဆောင်ရွက်ပေးရမှာ။ ပြည်ထောင်စုလို့ဆိုရင် တိုင်းရင်း သားတွေကို မမေ့သင့်ဘူး။ အန်ကယ်က ဘာတိုင်းရင်းသားလဲ..."

"ဒေါက်တာပြောစရာရှိတာ ဆက်ပြောပါ။ စကားဆုံးတော့ ကျွန်တော် ပြောပါမယ့်"

"ပြည်ထောင်စုနိုင်ငံဆိုရင် တိုင်းရင်းသားတွေနေထိုင်ကြတဲ့၊ လမ်းပန်း ဆက်သွယ်ရေးခက်တဲ့၊ စားရေးသောက်ရေးခက်ခဲတဲ့၊ ရာသီဥတုပြင်းထန်တဲ့၊ ဝေးလံသီခေါင်တဲ့ အရပ်တွေကို တာဝန်ချတဲ့အခါ ထူးချွန်တဲ့၊ ထက်မြက်တဲ့၊ စေတနာပါတဲ့၊ လုပ်ရည်ကိုင်ရည်ရှိတဲ့ ဝန်ထမ်းတွေ၊ အမှုထမ်းတွေကိုပဲ ပို့သင့်၊ ခန့်သင့်တယ်" အန်ကယ်ကတော့ ပြုံးစိစိနဲ့ ခေါင်းတညိတ်ညိတ်ပဲ လုပ်နေ တယ်။

"ဒီလိုအရပ်ကို ဝန်ထမ်းတွေ ဒဏ်ခတ်တဲ့အရပ်အဖြစ် မသတ်မှတ်သင့် ဘူး။ အပြစ်ရှိလို့ လွှင့်လိုက်တဲ့အရပ်တွေဆိုရင် တိုင်းရင်းသားတွေ နစ်နာ တာပေါ့။ ပြည်ထောင်စုစိတ်မရှိရာ ရောက်တာပေါ့။ အမြင်ကတ်ပုဒ်မနဲ့ ဂိုးတူ ဟဲလ်ဆိုရင် ဒီလိုအရပ်တွေပို့တာဟာ မကောင်းဘူး အန်ကယ်။ လူကြီးတွေရဲ့

မိုင်းဆက်ကို ပြင်ရမယ်။ သူတို့စိတ်ဓာတ်၊ အသိဉာဏ်တွေ ချွတ်ချော်နေတယ် ဟုတ်ရဲ့လား အန်ကယ်။ အသံချဲ့စက်နဲ့လည်ပြီး အော်လည်း လူနာ လာမှာ မဟုတ်ဘူး။ ပုံနှိပ်စက်မှာ စက်တင်ပုံနှိပ်ပြီး စာရွက်တွေ ဝေရင်၊ ပွတ်ချွန်းလိပ်ပြီး သောက်ပစ်ဖွာပစ်မယ်။ နောက်ဖေးကုန်းပစ်ရင်လည်း ကုန်းပစ်လိမ့်မယ်။ ဆေးရုံဆိုတာ လူနာကို မမျှော်ကောင်းတာ ကျွန်တော် သိတယ်။ ဒါပေမဲ့ ရောဂါသည်တွေ ဝေဒနာရှင်တွေကိုတော့ သက်သာပျောက်ကင်းအောင် ကုသပြုစုမယ့်တာဝန် ရှိတယ် အန်ကယ်”

“ဒါကြောင့် အန်ကယ့်တူမ ဒေါ်အေးရှင်ကို လေဆေးအိမ်တိုင်ရာရောက်လာပို့ပေးပါမယ်။ လည်ပင်းကြီးနေတာ ခွဲစိတ်ပေးပါရစေ၊ ပါရမီဖြည့်ပါလို့ ပြောလိုက်တာ။ ရွှေတွင်းမှာ ရွှေထွက်ရင် လူသတင်းလူချင်းဆောင်ပြီး ရွှေရှာသူတွေရောက်လာလိမ့်မယ်။ ကျောက်စိမ်းထွက်ရင်လည်း တူးမယ့်ဖော်မယ့်သူတွေ ရောက်လာကြသလို ဒီဆေးရုံဟာ ဒီပုတ်ထဲက ဒီပဲ မဟုတ်ဘူးဆိုတာ ပြချင်တယ် အန်ကယ်”

“ဒါနဲ့ တော်လှန်ရေးကောင်စီနဲ့ ဘယ်လိုဆက်စပ်မှာလဲ ဒေါက်တာ”

“ခန္တီးဆေးရုံဟာ ရောဂါတွေပျောက်ကင်းပြီး နာဂတိုင်းရင်းသားတွေ အားကိုးလောက်တဲ့ ဆေးရုံဖြစ်လာရင် လူသတင်း လူချင်းဆောင်ပြီး အထက်က ပုဂ္ဂိုလ်တွေ သိလာကြမှာလေ။ အဲဒီအခါ ခန္တီးဟာ လူကြီးတွေ စိတ်ဝင်စားတဲ့ မြို့တစ်မြို့ ဖြစ်လာမယ်။ အပြစ်ရှိတဲ့ ဝန်ထမ်းတွေပို့တဲ့ မြို့မဟုတ်တော့ဘူး။ စည်ပင်လာမယ်၊ ဖွံ့ဖြိုးလာမယ် ဒီလိုစေတနာနဲ့ ပြောတာပါ”

ကျွန်တော် စိတ်ထဲရှိတာတွေ အကုန်မပြောတတ်ဘူး။ အန်ကယ်ကို ပြောတတ်သလောက် ပြောလိုက်တယ်။

“အန်ကယ့်တူမကို အကူအညီတောင်းတာပါ။ ဒေါ်အေးရှင် မတော်တဆ ကျွန်တော့်ကြောင့် ကွယ်လွန်ခဲ့ရင် ကြိုးသာယူလာခဲ့။ ဒီလို အာမခံခဲ့တာပါ”

တကယ်တော့ ကျွန်တော် လူငယ်စိတ်နဲ့ ဒေါ်အေးရှင်ကို ဆဲလိုက်မိတယ်။ ဒီလိုရမ်းကားခဲ့လို့ တချို့က ကွယ်ရာမှာ “အရမ်းသိန်းလှိုင်”လို့ ကင်ပွန်းတပ်ကြတယ်။ ကျွန်တော် စကားပြောပြီးတော့မှ အန်ကယ်က သူဟာ ခန္တီးစော်ဘွားပါ။ မော်လိုက်အထက်တန်းကျောင်းက ဆယ်တန်းအောင်ပြီးသား။ ကျွန်တော် ပြောဆိုလွှတ်တာတွေ သူ့အတွက် ထူးဆန်းနေလို့ ရှင်းပြပါဦးလို့ ပြောတာတဲ့။ ကိုယ့်နဖူးကိုယ် လက်ဝါးနဲ့ ရိုက်မိတော့မလို့။

အမှန်တော့ သူ့တူမက သူ့ကို လေဆေးမပေးဘဲ “ဆဲလွှတ်”တဲ့ ဆရာဝန်ဆိုပြီး သူ့ဦးလေး စော်ဘွားကို တိုင်တာ။ ဒါပေမဲ့ စော်ဘွားက ရိုးရိုး နား

မထောင်ဘဲ နလုံးသားနဲ့ရော ဦးနှောက်နဲ့ပါ နားထောင်မိတယ်ထင်ပါရဲ့။ ရိုးရိုး လူပြိန်းနားနဲ့ နားထောင်ရင်း တရားစွဲတာတွေ၊ တိုင်တာတွေ၊ စားကြိမ်း ကြိမ်းတာတွေ ဖြစ်နိုင်တာပေါ့။

* * *

## အသက်ကို နှင်းပြီး

"အေးရှင်"တဲ့

စော်ဘွားကြီးရဲ့ အသံကျယ်ကြီး ထွက်လာတယ်။ အသံဆုံးတာနဲ့ မရှေးမနှောင်းပဲ။ ဒေါ်အေးရှင် အခန်းဝမှာ ပေါ်လာတယ်။ ကျွန်တော်နဲ့ အန်ကယ်နဲ့ စကားပြောကြတာတွေကို အခန်းပြင်က ဒေါ်အေးရှင်က အကုန်ကြားတယ်။ သူ့တူမပါလာတယ်လို့ အန်ကယ်က မပြောဘူး။ ဒေါ်အေးရှင်ကို ရုတ်တရက် မြင်လိုက်ရတော့ ကျွန်တော် အံ့သြသွားတယ်။ မနေ့က စိတ်မျိုးလည်းမဟုတ်တော့ မျက်နှာပူတာလည်း ပါတယ်။ စော်ဘွားက "မားလေ"တဲ့။ သူတို့တိုင်းရင်းသား ဘာသာစကားနဲ့ ခေါ်လိုက်တာ။ အမိပွာယ်က အထဲဝင်ခဲ့တို့၊ လာဟေ့တို့ ဖြစ်မှာပေါ့။ ကျွန်တော့်ကို တွေ့တော့ ဒေါ်အေးရှင်က ငိုတယ်။ သူ့ဦးလေးကို လေးဆေးမရတဲ့အပြင် အဆဲခံရတာ တိုင်မိတာ နောင်တရတယ် ထင်ပါရဲ့။ ငိုနေတယ်။ မျက်ရည်တွေနဲ့။

"ဒေါက်တာ... ခွဲ...တဲ့။

ဒေါ်အေးရှင်က သူ့ဦးလေးကို ကြောက်လို့သာ လိုက်လာရတာ ဒေါက်တာ ခွဲဆိုတော့ ရှိုက်သံထွက်လာတယ်။ ဒေါ်အေးရှင်ကသာ ဝမ်းနည်းတာရော၊ ကြောက်တာရော၊ ရောထွေးပြီး ငိုနေတာ။ ကျွန်တော် စော်ဘွားကြီးရဲ့ တုတ်နိုင်ပြီး သြဇာရှိတဲ့ "ဒေါက်တာ... ခွဲ..."ဆိုတဲ့စကား ကြားလိုက် ရတော့ ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း။ ထိုပေါက်တာထက် ဝမ်းသာသေးတယ်။

"နော်မူကြည်"

ကျွန်တော်ရဲ့ တစ်ဦးတည်းသော ဆရာမ။ အောင်လက်မှတ်တစ်စောင် ရထားတယ်။ ဒါပေမဲ့ သူ့ဘာသာ ထဘီအပြာရင့်ရောင် ဝတ်တယ်။ ခြေထောက်မှာ ခုံဖိနပ်စီးလို့။ သူကလည်း ဒေါ်အေးရှင်နဲ့အတူ တံခါးဝက အသာ ချောင်းနားထောင်နေတဲ့သူ။ ကျွန်တော့်ရဲ့ နော်မူကြည်ဆိုတဲ့အသံက လိုအပ်တာထက် နည်းနည်းပိုကျယ်သွားတယ်။ ဝမ်းသာသံတွေ စွက်နေတာလည်း

ငြင်းမရဘူး။

"လာဦး... ငါတို့ ခဏနေရင် ဒေါ်အေးရှင်ရဲ့ လည်ပင်းကို ခွဲကြမယ် သွားအသင့်ပြင်ချေ"

ကျွန်တော့်စကားလည်း ဆုံးရော သူက ကျွန်တော့်ကို တွေတွေကြီး ကြည့်ပြီး မျက်ရည်တွေကျလာတယ်။

"ဘာလို့ ဒီအရည်တွက ကျရပြန်တာလဲ၊ ငါ့ဆေးရုံမှာ ငိုတာ မျက်ရည်ကျတာ မမြင်ချင်ဘူး၊ ကျက်သရေမရှိဘူး၊ ဆိုချင်ဆို၊ ကချင်က၊ ပျော်တာပဲ မြင်ချင်တယ်။ အဲဒီမျက်ရည်တွေ အခုသုတ်"လို့ ခပ်ငေါက်ငေါက်လေးပြော တော့...။ ပါးပြင်ကို လက်ဖမိုးနဲ့ပွတ်ရင်း ပြန်ပြောတာက စော်ဘွားကြီးလည်း မကြားရအောင် အသံခပ်အုပ်အုပ်နဲ့

"ဆရာရယ် ခွဲခန်းမှ မရှိတာ ဘာကို သွားပြင်ရမှာလဲ"

ဘယ်ဘက်ပါးသုတ်တော့ ညာဘက်ပါးပြင်ပေါ် သူ့မျက်ရည်တွေက ကျ၊ တစ်ခါညာဘက်ပါးသုတ်ပြန်တော့ ဘက်ဘက်ပါးမှ မျက်ရည်တွေကကျ၊ ဘယ်လိုပဲ ခပ်တိုးတိုးပြောပေမဲ့ စော်ဘွားကြီးက ခပ်သဲ့သဲ့တော့ကြားတယ် ထင်ပါရဲ့။ ပြုံးစိစိလုပ်နေတယ်။

သိန်းလှိုင် မင်းတာဝန်ထမ်းနေတဲ့ ခန္တီးခရိုင်ဆေးရုံမှာ ခွဲစိတ်ခန်း မရှိဘူး။ ဟုတ်လား၊ ဒါ့ပြင် လူသေသွားရင်ထားတဲ့ အအေးခန်း၊ ရေခဲတိုက်ရော ရှိသားလို့ မေးရင် မရှိဘူးလို့ပဲ အမှန်အတိုင်းဖြေရုံပဲ။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေကြ သူတွေက What is the hospital? ဆေးရုံဆိုတာ ဘာလဲ ဆိုတာကို မသိကြဘူး။ အဲဒီ...လို ခက်တာ။

"အခန်းတစ်ခန်းရှိရင် ရတယ်ကွာ"

"အပေါ်မှာ အခန်းကျယ်တစ်ခန်းရှိတယ်။ ထင်းတွေ ထည့်ထားတယ် ဆရာ"

"သူ့နံဘေးက အခန်းကရော"

"နည်းနည်းကျဉ်းတယ် ဆရာ"

"ကျဉ်းရင် ကျဉ်းပါစေ၊ ရှင်းလိုက်စမ်း"

ငိုငိုရယ်ရယ်နဲ့ ထွက်သွားပြီး အခန်းရှင်းရတယ်။ အရေးပေါ်အစီအစဉ် မှ တကယ်ကို အားဂျင့် URGENT စီစဉ်နေရတယ်။ စော်ဘွားကြီးတို့ ဒေါ်အေးရှင်တို့ စိတ်ပြောင်းပြီး ပြန်ပြေးမှာစိုးလို့။ အိတ်ပေါက်နဲ့ ဖားကောက် ဖြစ်မှာစိုးတယ်။ တောသားမြို့တက်လာသလို၊ ပိုက်ဆံပါတဲ့အိတ်ထောင့် အပေါ်က တွယ်ချိတ်နဲ့ တွယ်ထားသလိုကို အပိုင်စီစဉ်နေရတာ။

ခွဲတဲ့ စားပွဲလည်းမရှိတဲ့ ဆေးရုံ၊ နာဂအမျိုးသမီးခွဲသလို လူနာ တစ်နေရာကနေ တစ်နေရာရွှေ့ရင် တင်တွန်းရတဲ့ ထရော်လီပေါ်တင်ခွဲရမှာ။ "စာရေးကြီး ဦးဘလုံးလား။ ခင်ဗျားအလုပ်က အဲဒီထရော်လီမရွှေ့အောင် လက်နဲ့ ကိုင်ထားရမှာ။ ဘီးတွေကို မရွှေ့နိုင်အောင် တစ်ခုခုနဲ့လည်း ခုထား ရမယ်။ ရွှေ့လို့မရဘူးနော်။ စာရေးကြီးနားလည်လား။ ထရော်လီက စားပွဲ တစ်လုံးလို ငြိမ်နေရမှာ"

"ဆေးစပ်ဆရာကွန်ပေါင်ဒါ ချိုလှ၊ မင်းက ထရော်လီဟိုဘက်ထိပ် ကနေ"

ဒေါ်အေးရှင် လှမ်းကြည့်တော့ ဇန်နဝါရီလကြီး၊ ချွေးတွေစို့လို့"

"ကဲ ဆရာဝန်နဲ့ လူနာဝတ်ဖို့ ပိုးသတ်ထားတဲ့ ခွဲစိတ်ခန်းဝင်ဝတ်စုံ ယူခဲ့"

"နော်မူကြည်က ဒေါ်အေးရှင် မမြင်အောင် သူ့ကိုယ်လုံးနဲ့ကွယ်ပြီ လက်ခါပြတယ်။ ဘယ်လိုကွယ်ကွယ် စော်ဘွားကြီးကတော့ မြင်တာပေါ့"။

"မရှိရင် နေပစေ ကဲ... ခါးဝတ်ခါးစားနဲ့ ခွဲမယ်ကွာ"

"ကဲကွာ... ငါ့လက် ဆေးမှ ဖြစ်မယ်၊ ဆပ်ပြာနဲ့ ရေယူခဲ့"ဆိုတော့

"ဆပ်ပြာက သွားဝယ်နေတယ် ဆရာ၊ ရေက မြစ်ထဲသွားခပ်ရမှာ"တဲ့။

ဆေးရုံက ကုန်းကလေးအပေါ်မှာ။ ကုန်းကနေ ဆင်းတော့ လမ်းရောက်၊ လမ်းကိုဖြတ်ပြီးရင် မြစ်ကမ်းပါးထိပ်ရောက်၊ မြစ်ကမ်းပါးကလည်း မတ်စောက်စောက်၊ ပြီးရင် ကျောက်စရစ်ခဲ ဇလုံးဇခုတွေဖြတ်ပြီး မြစ်လယ်ခေါင် ရေရှိတဲ့ နေရာကို ရေပုံးနဲ့ ထမ်းပိုးနဲ့ သွားထမ်းရဦးမှာ။

"အောင်သာ- ဘိန်းစား ဒီကောင် မလွှတ်နဲ့ ဒီကောင့်လွှတ်လိုက် တုန်ချို တုန်ချိုနဲ့ ရေသွားခပ်ရင် ဒီနေ့ ခွဲလိုက်ရမှာ မဟုတ်ဘူး။ ဟန်စု မင်းက သွက် လက်တယ် မင်းသွားခပ်ချေ"။

"အရက်ပျံ ရှိသလား"

"ရှိတယ် ဆရာ"

"အဆင်သင့်လုပ်ထား"

"ဒီပြင် ခွဲစိတ်တာနဲ့ ဆိုင်တာ ဘာရှိလဲ"

"ညှပ်တွေရှိတယ်၊ ကတ်ကြေးရှိတယ် ဆရာ၊ ဓားရှိတယ် ဆရာ"

"အပ်ချည်ရော"

"ရှိတယ် ဆရာ၊ အမည်းရောင်ပဲ ရှိတယ်"

"ရှိတာ ယူခဲ့"

ခွဲစိတ်ဖို့ ခပ်မြန်မြန် ပြင်ဆင်နေရတာ။ လူနာစိတ်မပြောင်းခင် ကိစ္စ

အထမြောက်ဖို့ လိုတယ်။ သူတို့မို့ မသိကြလို့ စိတ်မပြောင်းတာလည်း ဖြစ်နိုင်တယ်။ ကျွန်တော်သာဆိုရင် ထွက်ပြေးမိမှာပဲ။

ကဲ ဒေါ်အေးရှင် ထရော်လီပေါ်တက်ဆိုတော့ တက်ရှာတယ်။ သူ့ကို ဖုံးစရာ လွှားစရာ မရှိလို့ စားပွဲခင်းနဲ့ လွှားထား ဖုံးထားရတယ်။

နော်မူကြည် နင့်မှာ ထုံဆေးရှိသလား။

ရှိတယ် ဆရာ။

ကျွန်တော်က ရှိတယ်ဆိုတာ **Burocaine** လို့ ထင်တာပေါ့။ ကိုင်း ဒါဖြင့် ဝမ်းပါဆင့်(၁ ရာခိုင်နှုန်း) ဖျော်လိုက်လို့ ခိုင်းလိုက်တယ်။

ထဘီအနီဝတ် စားမေးပွဲအောင်ထားပြီး လုပ်သက် ၁၀ နှစ်လောက်ရှိတဲ့ ဆရာမ ဝမ်းပါဆင့် မဖျော်တတ်ဘူး။

"ကိုင်း... စော်ဘွားကြီးလည်း အထဲကို ကြွပါ"

"ဟာ နေပါစေ"

"ဝင်ကြည့်လို့ရပါတယ်"

"ဒေါ်အေးရှင် တွန်းလှည်းပေါ်တက်နော်။ ဘာမှ မကြောက်နဲ့ ခင်ဗျား ကျေးဇူး တစ်သက်မမေ့ဘူး။ ကျွန်တော့်ကျေးဇူးရှင်လည်း မမှားဘူး၊ ကျွန်တော့် အသက်ကို နှင်းပြီး ခွဲပေးမှာ၊ အပျိုတုန်းက လည်ပင်းပြန်ဖြစ်မှာနော်။

ဒေါ်အေးရှင်ကလည်း ဘုရားနဲ့ တရားနဲ့ ထင်ပါရဲ့။ ပါးစပ်က သူ ကိုးကွယ်ယုံကြည်ရာတစ်ခုခုဆိုမှာ ဆုတောင်းနေတယ်ထင်ပါရဲ့။ ဆုတောင်းရင်း တွန်းလှည်းပေါ် တက်အိပ်လိုက်တယ်။

ကျွန်တော်လည်း ထုံဆေးထိုးထည့်မယ်လုပ်ရော စော်ဘွားကြီးက မလှမ်းမကမ်းရောက်လာပြီး သူ့တူမ ခွဲစိတ်တာကို ဝင်ကြည့်တယ်။ ကျွန်တော် ကလည်း ဖိတ်ကြားထားတာကိုး။ ထုံဆေးထိုးရမယ့်နေရာ သုံးချက်ထိုးလိုက်တာ အောင်မလေး– မျက်လုံးကို ပြာပြာသွားတာပဲ။ ဘာလုပ်ရမှန်းမသိဘူး။ ဒေါ်အေးရှင် ရှော့ခ် ချက်ချင်းရသွားတာ။ ဟာ ဒုက္ခပဲ။ လူက ဖြူဖျော့ပြီး နှုတ်ခမ်းတွေပြာလာ၊ အေးစက်သွားတာ။ သောက်ကျိုးနည်းပြီ။ ဒေါ်အေးရှင် ပါးစပ်ဖြဲ။ တော်တော်နဲ့ ဖြဲမရဘူး။ သွားစေ့ထားတော့ ရင်ဘတ်ကိုတွန်း၊ မရဘူး။ ပါးစပ်ဟလို့ရတော့ လေတွေမှုတ်သွင်း၊ ရင်ဘတ်ဖိတွန်း၊ နိကာ ဒမိုက်ပေးစမ်း၊ ကိုဒမင်းပေးစမ်း။ ကိုဒမင်းကို နော်မူကြည်က မသိဘူး။ သူ သိတာ နိကာဒမိုက်။ မရှိဘူးချည်း ပြောနေတာ။ စော်ဘွားကြီးရှေ့ သိပ် ပျာယာခတ်လို့ မဖြစ်ဘူး။ ဟန်တစ်ခွဲသားကလည်း ထုတ်ရသေးတယ်။ ဟန်သာ ထုတ်နေတာ ပါးစပ်က ဆဲမိတယ်။

"နင့်မေကလွှား ကိုဒမင်းနဲ့ နီကာဒမိုက် အတူတူပဲဟ ထိုးစမ်း"

ဆယ်လူကော့တက် ရှိလား၊ မရှိဘူး။

ဟိုက်ဒရိုကော်တိစုံးရှိလား၊ မသိဘူး။

အဲဒီကျတော့ နောက်ထပ် အဆဲတွေ အဆိုတွေ ဖြန့်ဝေမိပြန်ရော။ စော်ဘွားကြီးကို မသိမသာခိုးကြည့်တော့ သူက အပြုံးမပျက်ဘူး။ သူက အပြုံးမပျက်လေ ကျွန်တော်က အနေရကျပ်လေ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကျေးဇူးရှင်ရဲ့အခြေအနေက မကောင်းဘူး။ အလားအလာ သိပ်မရှိဘူး။ ကျွန်တော် စိတ်ကို ပိုင်းဖြတ်လိုက်တယ်။ ဒေါ်အေးရှင် သေသွားရင်လည်း သေသွားပလေ့စေတော့။ ဒါပေမဲ့ သိန်းလှိုင်ခွဲလိုက်တယ်ဆိုတဲ့ ဂုဏ်ပုဒ်တစ်ခုတော့ ရချင်တယ်။ သူ့လည်ပင်းထဲကအလုံးကို ငါရအောင်ထုတ်မယ်ဆိုတဲ့ အတွေးပေါ်လာတယ်။ ကျွန်တော့်နှလုံးသားကလာတဲ့ ဆုံးဖြတ်ချက်က ဦးနှောက်ဆီ ချက်ချင်းရောက်တော့ ကျွန်တော့်လက်က ဒေါ်အေးရှင့်လည်ပင်းပေါ် ဓားရောက်သွားပြီး။ ဗျိုခနဲ တစ်ချက်ခွဲလိုက်တယ်။ ဖောက်... ဖောက်... ဖောက်နဲ့ ကျွန်တော် လုပ်စရာရှိတာတွေ ခပ်သွက်သွက်လုပ်တယ်။ တစ်ခုကံကောင်းတာက ရှော့ခ်ရနေတဲ့အမျိုးသမီးဆီက သွေးတွေ သိပ်များများဘယ်ထွက်မလဲ၊ သွေးဆုတ်နေတာလေ။ ဒါပေမဲ့ သွေးကြောတွေညှပ်နဲ့ လိုက်ဖိရညှပ်ရတယ်။ သန့်ရှင်းရေးလုပ်တဲ့ မညွှန့်ဆိုတဲ့ ကောင်မလေးတော့ ရင်ဘတ်ကိုပုံမှန်အတိုင်း စည်းချက်ကျကျ အတွန်းခိုင်းရတယ်။ မညွှန့်က ရင်ဘတ် တွန်းနေရင်းနဲ့ ကျွန်တော် လုပ်ပုံကိုင်ပုံတွေ ကြည့်နေတာပါ။ ဗျိုခနဲလည်း ခွဲလိုက်ရော မညွှန့်မျက်နှာ လွှဲသွားတယ်။ သူ မကြည့်ရဲဘူး။

လည်ပင်းထဲက အလုံးကြီးလည်း ထုတ်ပြီးရော စော်ဘွားကြီးကို အရင်ပြလိုက်တယ်။ သွေးသံရဲရဲနဲ့ပဲ ပြလိုက်တယ်။ ဒါပေမဲ့ အခြေအနေက တိုးတက်မလာဘူး။ အလုံးကြီးလည်းတွေ့ပြီးရော စော်ဘွားကြီးက

"ဟုတ်ကဲ့ ဆရာ ဝမ်းသာပါတယ်"

လို့ တစ်ခွန်းပြောပြီး ဆင်းသွားရော။ ဒရစ်ချိတ်ကွာ၊ ကာဒမိုက်ထည့်ကွာ ရှိတဲ့ပစ္စည်းနဲ့ အစွမ်းကုန်ပြုစုပြီး အသက်လုနေတာ။ ဒေါ်အေးရှင်ကောင်းတစ်လှည့်၊ မကောင်းတစ်လှည့်။ တစ်ခါတလေ မကောင်းတစ်လှည့်က အကြာကြီး။ ကဲ... ကဲ တွန်းလှည်းထုတ်ပြီး သံခုတင်ပေါ်ထင်။ ခုတင်ခြေထောက်မှာ ခြေရင်းပိုင်းကို သစ်သားတုံးခုပြီး မြှင့်စမ်းလို့ ခိုင်းရတယ်။ တပည့်တွေရှေ့မှာ သိက္ခာကျမှာစိုးလို့ သမ္ဗုဒ္ဓေဂါထာ စိတ်ထဲကနေရွတ်။ မရွတ်တာက ကြာပြီ။ ငယ်ငယ်တုန်းက မေမေတို့ရွတ်လို့ လိုက်ရွတ်ဖူးတာ။

နည်းနည်းမေ့တော့တော့၊ ရတဲ့အပိုဒ် ရတဲ့နေရာကနေ ဆက်ရွတ်။ နောက်တစ်ခေါက်ရွတ်တော့ ခုနက မေ့တော့တော့နေရာကို သတိရပေမဲ့ အရင်သတိရတဲ့နေရာက မေ့။

ဒရစ်ပိုက်က တန်းလန်းကြီး နားရွက်နားကပ်ပြီး သူ့နာမည်ခေါ်ကြည့်တယ်။

'ဒေါ်အေးရှင်... ဒေါ်အေးရှင်... ခွဲပြီးပြီ... ကောင်းသွားမှာနော်..."

ဟိုက လှုပ်ကို မလှုပ်ဘူး။ ကျွန်တော့်မှာ ဆီးသွားဖို့တောင် သတိ မရဘူး။ သတိရတဲ့အခါလည်း မပေါက်ဘူး။ အောင့်ထားတယ်။ လူနာကို မျက်ခြည်မပြတ် ကြည့်နေမိတယ်။ တော်တော်ကြာ ကျွန်တော်ဆီးသွားနေတုန်း တစ်ခုခုဖြစ်သွားမှာလေလား။

နေလုံးက သူ့အလုပ် သူလုပ်တယ်။ ဆောင်းတွင်လည်းဖြစ်ပြန်၊ ခန္တီးမြို့လည်းဖြစ်ပြန် နေဝင်စောတယ်။ ကျွန်တော့်စိတ်က ထင်နေတာလား။ ခါတိုင်းဒီအချိန် နေဝင်ပြီလား။ ကမ္ဘာဦးလူသားတွေ နေဝင်သွားမှာ ကြောက် ကြသလိုမျိုး ကျွန်တော်လည်း အဲဒီနေ့က နေဝင်မှာကို စိုးကြောက်နေမိတယ်။

ဒီအချိန် ဆရာမနော်မူကြည်က ကျွန်တော့်နေရာဝင်ပြီး ခံစားတယ်ထင်ပါရဲ့၊ စေတနာနဲ့ နေမှာပါ။

"ဆရာ့ကြည့်ရတာ ပင်ပန်းနေတယ်၊ အိမ်ပြန်နားလိုက်ပါလား"သူ့စေတနာကို ကျွန်တော် မခံစားနိုင်ဘူး။ လွတ်ခနဲ ထဆဲမိတယ်။

"နင့်မေကလိန်း ပြန်လို့မဖြစ်ဘူး။ ဒီမှာ အရေးကြီးနေတာ မသိဘူး လား။ အခုဖြစ်တာ နင့်ကြောင့်ဖြစ်တာ"

သူ ဆေးစပ်မှားတာလေ။ ခန္တီးဆေးရုံရဲ့ အခြေအနေက တော်တော်ဆိုးတယ်။ ဒေါ်အေးရှင်ကို ခြုံပေးစရာ စောင်မရှိဘူး။ သူ့အိမ်က လာစောင့်တဲ့ မိသားစုဝင်ကို စောင်တစ်ထည်လောက် ပြန်ယူချေလို့ ခိုင်းရတယ်။ ကျွန်တော် သိတယ်။ နော်မူကြည် အိမ်ပြန်ချင်နေတာ။ သူ့ကို ကျွန်တော် အိမ်ပြန်လွှတ်လိုက်တယ်။ နင် ပြန်ချေ။ အမြွာကလေးနှစ်ယောက် နင့်ကို မျှော်နေကြလိမ့်မယ်။ ငါ ဒီမှာ စောင့်အိပ်မှ ဖြစ်မယ်။

နော်မူကြည် ပြန်သွားပေမဲ့ ဘိန်းစားအောင်သာအိမ် သူဝင်ပြီး ပြောသွားတယ်ထင်ပါရဲ့။ အောင်သာက ကျွန်တော်စားဖို့ဆိုပြီး ထမင်းဆီဆမ်းနဲ့ လက်ဖက်နဲ့ အကြော်စုံလေးနဲ့ အထုပ်လေးတစ်ထုပ် လာပို့တယ်။ ကျွန်တော် ထမင်းထုပ်မြင်မှ ထမင်းဆာဖို့ သတိရတယ်။ ဟုတ်သားပဲ။ ကျွန်တော် ဘာမှ မစားမသောက်ဘဲ စီးကရက်ချည်းပဲ နင်းကန်ဖွာရှိုက်နေတာ စီးကရက် ဘယ်

နလိပ်ရှိနေမှန်း မသိဘူး။ လူနာစောင့်ကလေးကို ဒေါ်အေးရှင်နားထားပြီး သူတို့နဲ့ မလှမ်းမကမ်းမှာ ထမင်းထုပ်ဖြေစားလိုက်တယ်။ စားကောင်းလိုက်ပုံ တော့ ဆီပြန်ဟင်းနဲ့ စားရသလိုကို မြိန်တာ။ စားပြီးတော့ လူနာကို ကြည့် လိုက်။ ရတဲ့ ဘုရားစာတွေ ရွတ်လိုက်။ လမ်းလျှောက်လိုက် လာစောင့်တဲ့ ကောင်မလေး ကိုလည်း ဘုရားစာ ဘာရသလဲ၊ ရတဲ့ ဘုရားစာရွတ်လို့ ပြော၊ စီးကရက်ဖွာလိုက်၊ ဆရာဦးဖေကြင်မျက်နှာကိုလည်း တစ်ခါတလေ ပြေးမြင်လိုက်သေးတယ်။ နည်းနည်းအေးလာတော့ ဂျာကင်ကလေး ကောက်လျှိုမိ တယ်။ နာရီကြည့်လိုက်တော့ ည ၁၁ နာရီရှိနေပြီ။ တကယ်တော့ ၉ နာရီ လောက်ကတည်းက တော်တော်အေးလာတာ။ ဒါလည်း သတိမထားမိဘူး။

မနက် နှစ်နာရီထိုးတော့ အင်း... အင်း... ဆိုပြီး ညည်းသံ ဒေါ်အေးရှင် ဆီက ထွက်လာတာ။ အံ့ဩတာအပြင် ဝမ်းသာတာပါစွက်ပြီး ကိုယ့်နားကိုယ် မယုံဘူး။ အိပ်ချင်စိတ်တွေပြယ်ပြီး ဒေါ်အေးရှင်ဆီ ကပ်ပြီး အခြေအနေ အကဲ ခတ်ရတယ်။

"ဒေါ်အေးရှင်... ဒေါ်အေးရှင် ဘယ့်နှယ့်နေသလဲ"

အဖျားသွေးများ ရှိသလား၊ သူ့နဖူးကို လက်ဖဝါးနဲ့ရော လက်ဖမိုးနဲ့ပါ စမ်းကြည့်မိတယ်။

"သတိရပြီလား၊ ကောင်းသွားပြီ၊ ဝမ်းသာလိုက်တာ ဒေါ်အေးရှင်ရယ်"

သူ မျက်လုံးမဖွင့်နိုင်သေးဘူး၊ ကျွန်တော့်ပြောသံတွေကိုတော့ ကြား တယ်ထင်ပါရဲ့။

"အသက်ကို ပြင်းပြင်းရှူ၊ ရှူနော်"

မနက် ၆ နာရီလောက်မှ သူ သတိကောင်းကောင်းရတယ်။

ဒေါ်အေးရှင် ခင်ဗျားလက် ကျွန်တော့်ပေးဆိုပြီး သူ့လက်နဲ့ သူ့လည်ပင်း အသာလေးစမ်းသပ်ပွတ်ပေးလိုက်ရင်း

"တွေ့လား အလုံးကြီးမရှိတော့ဘူးနော်၊ နေလို့လည်း ကောင်းတယ် ဟုတ်လား။ တစ်ညလုံး ကျွန်တော်အနားမှာရှိတယ် အခုမိုးလင်းတော့မယ် ဘာမှ စိတ်မပူနဲ့နော်"

ဒါပေမဲ့ ငါသူ့ကို ခွဲစိတ်တုန်းက အမြန်လုပ်ရတာ၊ တချို့သွေးကြော တွေမှ သေသေချာချာချည်ဖြစ်ခဲ့ရဲ့လား။ မချည်ဖြစ်လို့ သွေးတွေ ပြန်ထွက် ရင်တော့ ဒုက္ခပဲ ဒီလိုတွေးမိသေးတယ်။ ဒေါ်အေးရှင်ကို ခွဲစိတ်လိုက်ပြီဆိုတဲ့ သတင်းက မနေ့ကတည်းက မြို့ပေါ်မှာ ပျံ့နှံ့နေပြီ။ သူ့ကို ထရော်လီပေါ် ကနေ သံခုတင်ပေါ်ရွှေ့ပြီးလို့ နေသားတကျလည်းဖြစ်ကရော ကွန်ပေါင်ဒါ

ချိုလှက လည်ပင်းထဲက ထွက်တဲ့ အလုံးကြီးယူပြီး မြို့လှည့်ကြွားတော့တာ။ သူခင်ရာမင်ရာအိမ်တွေ၊ သူ့ဆွေမျိုးတွေလည်းပါ၊ ဒေါ်အေးရှင်အသိုင်းအဝိုင်း ရောစုံလို့။ ကျွန်တော်လည်း ဘာမှ အပြောခိုင်းတာ မဟုတ်။ ဒီမှာ သမ္မာဒွေ ရွတ်ပြီး မနည်းဟန်လုပ်နေရတာ ချိုလှက မောင်းခတ်နေပြီ။

ရက်မကြာပါဘူး။ ၄ ရက်၊ ၅ ရက်လောက်နေတော့ ဒေါ်အေးရှင် ဆေးရုံက ဆင်းတယ်။ ကျွန်တော့်ကျေးဇူးရှင်ရဲ့ ဓာတ်ပုံ သုံးပုံရိုက်ထားလိုက်တယ်။ လည်ပင်းမခွဲခင်ကပုံ၊ ခွဲပြီးပုံနောက် ကျွန်တော်နဲ့ နှစ်ယောက်တွဲပုံ ရိုက်ထားလိုက်တယ်။ ကျေးဇူးရှင်လေ၊ မရိုက်လို့ မဖြစ်ဘူး။ ကျွန်တော့် ဆရာဝန်ဘဝမှာ ဒေါ်အေးရှင်ဟာ ဓာတ်လိုက်လည်း ဟုတ်တယ်။ ကျေးဇူးရှင် ဆိုရင်လည်း မမှားဘူး။ ဘဝတစ်လျှောက်လုံးအတွက် မှတ်တမ်းကမ္ဗည်းရေး ထိုးရမယ့် အမျိုးသမီး။

* * *

## မေ့းရာပါစိတ်ဓာတ်

လောကမှာ အပူနဲ့အအေး၊ အမှားနဲ့အမှန်၊ အမှောင်နဲ့အလင်း အဆိုးနဲ့ အကောင်းဆိုတာတွေ ဒွန်တွဲရှိသလို ကျွန်တော့်မှာလည်း လူသားထဲက လူသား တစ်ယောက်မို့လို့ မိုက်ခဲ့၊ ရမ်းခဲ့၊ သွမ်းခဲ့တာတွေ ရှိတယ်။ ဒါတော့ အမှန် အတိုင်း ဝန်ခံပါရစေ။

ဒေါ်အေးရှင်ကို ခွဲပြီးတော့၊ သူ့ကျန်းကျန်းမာမာနဲ့ ဈေးသွား၊ ဝါးဝယ်၊ အလှူမင်္ဂလာဆောင်တွေသွား၊ ဘုရားသွား ကျောင်းတက်လုပ်ရင်း သူ့နေ့စဉ် ဘဝ စက်ချုပ်ရင်း၊ ချိုလှ လော်စပီကာနဲ့ အော်တာထက် ဒိုးတူဒိုး ကြေညာ မောင်းခတ်တာလည်း ပါတယ်။

လည်ပင်းကြီးသမားတွေ ကျွန်တော့်ဆီ တဖွဲဖွဲရောက်လာကြတယ်။ ကျွန်တော်က တောင်းပန်ပြီးခေါ်တယ်။ နေ့တွက် သုံးကျပ်ပေးပါမယ်လို့ ပြောခေါ်တုန်းက မလာကြဘဲ၊ အခုမှ လာကြတော့ ကျွန်တော့်စိတ် အချဉ် ပေါက်တယ်။ မိုက်မိုက်ရိုင်းရိုင်းကို ဆက်ဆံလွှတ်လိုက်တာ။ ကိုယ်က အောက် အကျို့ကြီး ကျို့ခဲ့ရတာ၊ အခုမှ ဟိုက ဒီက ရောက်လာပြီး ခွဲပေးပါဆရာ၊ ခွဲပေးပါဆရာ လာလုပ်တာ။ ကျွန်တော် စားပွဲပေါ် ခြေနှစ်ဖက်တင်ပြီး လူနာ ဝင်လာတဲ့အခါ ခြေထောက်ကို ပြန်မရုတ်ဘဲ စကားပြောတယ်။ ပြောတဲ့

စကားက ခွဲမပေးဘူးကွာနဲ့ ခွဲမပေးနိုင်ဘူးကွာပဲ။ ကျွန်တော် ဆိုးခဲ့ ရမ်းခဲ့ တယ်။ ဘာမှအဆင့်မမီတဲ့ ရွာသာသာဆေးရုံကို အပို့ခံရတာလည်း ပါမယ်၊ နှစ်တိုးရပ်ဆိုင်းတာ အပါအဝင် အထွေထွေမကျေနပ်တာတွေ ပါမှာပဲ၊ အခုမှ ပြန်တွေးတောကြည့်မိတာ။

စိတ်အနယ်ထိုင်ဖို့ ငါးရက်လောက် သွေးအေးအေးနဲ့ ပြန်စဉ်းစားတော့ ငါ ဘာလုပ်ချင်တာလဲ။ လူတွေကို ဘာလို့ ခွဲစိတ်ချင်တာလဲ။ လူနာတွေနဲ့ ဒီဆေးရုံနဲ့ လူနာတွေနဲ့ ဒီဆရာဝန်နဲ့။ ဒီလိုလုပ်ရင် ပိုဝေးကုန်မှာပေါ့။ သူတို့ အားမကိုးရရင် ငါ့ဆီ ဘယ်လာတော့မလဲ။ အရင် အမှုထမ်းသွားတဲ့ ဆရာဝန် တွေနဲ့ ငါနဲ့ ဘာထူးတော့မှာလဲ။ ဂိုဏ်းတူညီအစ်ကို ဖြစ်သွားမှာပေါ့။ ခန္တီးမြို့ ကို ကျန်းမာရေးအလင်းရောင် ပေးချင်တာဆို...။

"နော်မူကြည် ခွဲခန်းအတွက် လိုအပ်တာတွေ စာရင်းပြုစု၊ အထက်ကို လှမ်းတောင်း၊ စာရေးပြီး လက်နှိပ်စက်ရိုက်ပြီးရင် ငါ့ပေး၊ ငါ လက်မှတ်ထိုး မယ်"

အမှားကနေ အမှန်ကို မနည်းရွေ့ယူရတယ်။ လူနာလာရင် လာခွဲမယ်။ ဘယ်တော့အားသလဲ၊ ဆေးရုံဘယ်တော့ တက်မလဲ။ အခု အားတာလား။ လာ အခုခွဲမယ်။ ကျွန်တော်က အဲဒီလိုမျိုးလုပ်တော့ နော်မူကြည်က တစ်ခါ သေဖူး ပျဉ်ဖိုးနားလည်ဆိုရမလား၊ ခဲမှန်ဖူးတဲ့စာသူငယ်လို့ ပြောရမလား၊ အခွဲခံရမယ့်သူက မကြောက်ဘူး၊ သူနာပြုဆရာမက ကြောက်နေပြီ။ သူ့ကိုလည်း သဘောပေါက်အောင် မကြောက်အောင် ရှင်းပြရတယ်။

"နော်မူကြည်၊ တစ်ခါ ခလုတ်တိုက်ဖူးရင် အဲဒီခလုတ်ကို နောက် ဘယ်တော့မှ မတိုက်တော့ဘူး။ လူကောင်းဆိုရင် ပြောတာနော်။ နင် အရူး လား အကောင်းလားဟင် "ပြုံးပြီး ပြန်ဖြေတယ်။

"အကောင်းပါဆရာ"

"အေး... ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှ အနာဂတ်ကို ကြိုမဖြေ နိုင်ဘူး။ ကိုယ့်ဘက်က မမှားစေနဲ့ မချို့ယွင်းစေနဲ့ အခု မေ့ဆေးတို့၊ ထုံဆေး တို့ နားလည်ပြီ ဟုတ်လား၊ ဘာမှ မကြောက်နဲ့ ဆရာတစ်ယောက်လုံးရှိတယ်။ နောက်ဆုံး သူ့ကံ ကိုယ့်ကံ ဆိုတာလည်း ရှိသေးတယ်။ လူဆိုတာ သေမျိုး ချည်းပဲ။ ကိုယ်က အဲဒီသေမျိုးဆိုတဲ့လူတွေကို အသက်ဆက်ရမှာ၊ အသက် ကယ်ရမှာ နော်မူကြည်"

ကျွန်တော့်စကား နားထောင်ရင်း သူ့မျက်နှာ သွေးရောင်ပြန်လွှမ်းလာ တယ်။ အရင်ကလို မျက်ရည်တော့ မကျတော့ဘူး။ ယုံကြည်မှုနည်းနည်းပြန်ရ

တယ်ထင်ပါရဲ့။"

ဒီလိုနဲ့ လူနာတွေကို ပြန်ခွဲဖြစ်တယ်။ လူနာကိုခွဲရင်းစိတ်ရင်း လူနာနဲ့ စကားပြောတဲ့အခါ ပြောတယ်။ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ပြောတဲ့အခါပြော၊ သူတို့လည်း အသိတိုး၊ နေတတ်ထိုင်တတ်အောင်၊ ကျွန်တော်လည်း အလုပ် ပင်ပန်းလို့ ပင်ပန်းမှန်း မသိဘူး။

"ဆရာဝန်ဆိုတာ သတ္တိရှိရတယ်။ စစ်မိုလ်စစ်သားမှ သတ္တိရှိတာ မဟုတ်ဘူး။ ငါတို့ဆရာဝန်တွေလည်း သတ္တိရှိတယ်။ တချို့ ဆုံးဖြတ်ချက်တွေ၊ တချို့ ကုသချက်တွေ၊ တချို့ ခွဲစိတ်ချက်တွေက သတ္တိနဲ့ယှဉ်ပြီး လုပ်ရတာတွေ၊ သူ့ရဲဘောကြောင်လို့ မရဘူး။ လူ့အသက်တစ်ချောင်းအတွက် တိုက်ပွဲဝင်နေရတာ"

ဒီလိုစကားမျိုးတွေ ပြောမိတယ်။ တစ်ခါတစ်ရံလည်း

"ဆရာဝန်ဆိုတာ လူနာအပေါ်မှာ မေတ္တာ စေတနာထားရတယ်။ ပိုက်ဆံချည်း ကြည့်သူလည်း ရှိမှာပေါ့။ လူကို လူလိုမြင်ရမယ်။ တချို့လည်း လူကို လူလိုမမြင်ကြဘူး။ အတန်းအစားခွဲခြား မဆက်ဆံရဘူး။ သူက ပါဝါအာဏာရှိတယ်၊ ပျောက်အောင် ကုပေးလိုက်မယ်၊ ဂရုစိုက်လိုက်မယ်၊ သူက တော့ ကျောမွဲ၊ ဆင်းရဲတဲ့သူ၊ ဒင်းထိုက်နဲ့ ဒင်းကံ၊ သတ္တဝါတစ်ခု ကံတစ်ခု ဒီလိုစိတ်မျိုး မမွေးရဘူး"

တကယ်တော့ ကျွန်တော်က ကျွန်တော်ယူဆတာတွေ၊ ခံယူတာတွေ၊ ထင်မြင်တာတွေကို စာရေးဆရာတစ်ယောက်လို ရေးသားပြီး အများဖတ်ရ အောင် ဖော်ပြနေရမှာ။ လက်တစ်ဖက်က ထက်မြက်တဲ့ဓားကိုင်ထားပြီး လက်တစ်ဖက်က ချွန်ထက်တဲ့ ကလောင်သွားဆုပ်ကိုင်ရမှာ။

"တချို့ကတော့ ပိုင်မှ သေချာမှ၊ ကုချင်ကြတာ။ သူတို့ကိုယ် သူတို့ ပါရဂူမို့။ သူတို့ကိုယ်သူတို့ သမားတော်ကြီးမို့၊ ရောဂါသည်းသည်းမသေချာ၊ မပိုင်နိုင်ရင် လက်ရှောင်တာမျိုး မလုပ်ကြဘူး။ ကိုယ့်အဖေ၊ အမေ ဆွေမျိုးသားချင်းလို မရအရ ကယ်တင်မယ်၊ ကုသမယ်ဆိုတဲ့ စိတ်ဓာတ်မျိုး အမြဲထားရတယ်"

ပထမအကြိမ်မှာ နော်မူကြည် မေ့ဆေးအပေးများလို့ မနည်းပြန်ပြီး လုခဲ့ရတာကလွဲလို့ နောက်လူနာတွေမှာ ပြဿနာကြီးကြီးမားမား မတွေ့ ရဘူး။ ကျွန်တော်တွေးထင်ထားတဲ့အတိုင်း ခွဲချင်တဲ့လူနာတွေက တဖြည်းဖြည်း များလာတယ်။ ခန္တီးမြို့ပေါ်ကတင် မကဘူး၊ ပတ်ဝန်းကျင်ကပါ လာကြတယ်။

ကျွန်တော့်ကုသိုလ်ကံက တစ်မျိုးဖန်လာတယ်။ လူနာများလာပြန်တော့

ဆေးရုံမှာ ဆေးက မရှိတော့ဘူး။ ဒီတော့ ဘာမှလုပ်လို့ မရဘူး။ ချင်းစိမ်းတို့ ရှားစောင်းလက်ပတ်တို့ ရောကြိတ်ပြီး ခွဲရတာမျိုးမှ မဟုတ်တာ။

စာရေးကြီးရော၊ နော်မူကြည်ရော၊ ကွန်ပေါင်ဒါချိုလှတို့ကို မေးကြည့်တော့ ပင်နစလင်ရှိလား၊ မရှိဘူး ဒေါက်တာ။ ဒရစ်ပုလင်းအချိုရည်၊ အငန်ရည်၊ မရှိဘူးဆရာ၊ ချုပ်စရာကြိုး ကုန်သွားပြီ ဆရာ။ ဟာ ဘာမေးမေး မရှိဘူးနဲ့ ကုန်နေပြီနဲ့ သက်တမ်းလွန်ချည်းပဲ။ ကျွန်တော် တော်တော်လေး စိတ်ပျက်မိတယ်။

ကုသိုလ်ကံက အမြဲတမ်း မြေမှာကပ်မနေဘူး။ ခန္တီးမြို့နယ်မှာ ပါတီယူနစ် စဖွဲ့တော့မယ်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီရဲ့ မြို့နယ်ပါတီယူနစ် စဖွဲ့ဖို့ ဗိုလ်ကြီးဘုန်းလှိုင်ဆိုတဲ့ ပုဂ္ဂိုလ်ရှေ့ပြေးရောက်လာတယ်။ ခလကဥက္ကဋ္ဌ ဗိုလ်မှူးသောင်းဖေ တာဝန်ယူထားတယ်။ ဒုတပ်ရင်းမှူးက ဝန်ကြီးတာဝန် ယူသွားတဲ့ ဗိုလ်မှူးအောင်ကျော်မြင့်၊ ကျန်းမာရေးမှူးက အဝိန်တဲ့။ ကျွန်တော် လုပ်ငန်းရပ်ထားရလို့ သူတို့ကို အကူအညီတောင်းတော့ တပ်ထဲကလည်း ဘာမှ မပေးနိုင်ဘူး။

ကျွန်တော် သင်ပုန်းတစ်ချပ်ရှာပြီး မြေဖြူနဲ့ စာရေးပြီး ဆေးရုံအဝင်ဝမှာ သွားထောင်တယ်။ ကိုယ်တိုင်ရေးတာ။

"ဆေးဝါးကုန်နေ၍ ဆေးရုံပိတ်ထားသည်"

အောက်က လက်မှတ်ပါထိုးလိုက်သေးတယ်။ ပုံ သိန်းလှိုင်၊ လူနာတွေ သိစေချင်တာ။ နို့မို့ရင် ကျွန်တော်က ကုသချင်၊ ခွဲစိတ်ချင်၊ သူတို့ကလည်း ဝေဒနာပျောက်ချင်၊ ဒီတော့ ကိုယ်က ဘာမှ မတတ်နိုင်တော့ ဒီနည်းပဲ စဉ်းစားလို့ရတာ။ ဒီနည်းဒီပုံ လုပ်လိုက်တယ်။

အဲဒီအချိန်မှာ ပါတီယူနစ်ဥက္ကဋ္ဌ ဗိုလ်ကြီး ဘုန်းလှိုင်က ဆရာရယ် ဒီလိုတော့ မလုပ်ပါနဲ့ မသင့်လျော်ပါဘူးလို့ လာဆွေးနွေးတယ်။ ကျွန်တော့် နေရာမှာ ဗိုလ်ကြီး နေကြည့်ပါ။ ဒီနည်းပဲ ရှိတော့တာ။ ဒီဆေးရုံက သောက်စရာရေတောင် မရှိတဲ့ ဆေးရုံလေးဆိုတော့။ ဗိုလ်ကြီးဘုန်းလှိုင်က သူ ရန်ကုန် ဆင်းပြီး ကြိုးစားကြည့်ပါမယ်တဲ့။ တကယ်တော့ ရန်ကုန်ကို အစည်းအဝေး တို့ အစီရင်ခံဖို့တို့ တစ်ခုခုသွားဖို့ ရှိပါလိမ့်မယ်။ အဲဒါကို ခန္တီးလူထုအားကိုး နေရတဲ့ ခန္တီးပြည်သူ့ဆေးရုံမှာ ဆေးလုံလောက်စွာ ရရှိရေးအတွက် ပါတီယူနစ် ဥက္ကဋ္ဌ ရန်ကုန်သွားပြီး တင်ပြသလို ဖြစ်နေတော့တာပေါ့။

ရန်ကုန်မှာ အဲဒီအချိန်က ဒေါက်တာဦးကိုကိုဆိုတာ ရှိတယ်။ လူတော်ပါ။ အခု အိန္ဒိယမှာ ရှိနေတယ်လို့ ကြားတယ်။ အိစ်အေးရှားနဲ့ ကိုယ်စားလှယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှာ အမှုထမ်းနေတဲ့ ပုဂ္ဂိုလ်။ ရန်ကုန်ကျန်းမာရေးဌာနမှာ ဗိုလ်ကြီးဘုန်းလှိုင်က သွားတွေ့တယ်။ တွေ့တဲ့အခါ လွဲချော်မှုကြီးတစ်ခု ဖြစ်ပါလေရော။ ကျွန်တော့်စကား မဟုတ်ဘူး။ ဗိုလ်ကြီးဘုန်းလှိုင်စကား။

"ဟာ ဒါလား၊ ခွဲမနေနဲ့ ဆေးမလိုဘူး၊ မဲနယ်ကို ရေဖျော်လိမ်းပေးရတယ် ဆရာတဲ့"

အိုင်အိုဒင်းဆား လိုအပ်ချက် စီမံချက်တွေနဲ့ နာမည်ရသူလေ။

ကျွန်တော် သိလိုက်ပြီ။ လွဲချော်မှုတော့ တစ်ခုခု အကြီးကြီးဖြစ်နေပြီ။ ဒေါက်တာ ဦးကိုကိုဟာ ဒီလောက်ညံ့တဲ့ပုဂ္ဂိုလ်တော့ မဟုတ်ဘူး။ တစ်ခုခုတော့ တစ်ခုခုမှားနေပြီ။ ဒါနဲ့ ကျွန်တော့်ပါးစပ်ကလည်း အပြောအဆို သိပ်ချောမွေ့တာ မဟုတ်ဘူး။

"ဗိုလ်ကြီးဘုန်းလှိုင် မဲနယ်ကို ရေဖျော်လိမ်းလို့သာ ပျောက်ရင် ကျွန်တော် မပင်ပန်းတော့ဘူး။ အစိုးရဂိုဒေါင်ထဲမှာ ရော်ဘင်မဲနယ် ဒီအရပ်အခေါ် စာကလေးတံဆိပ်မဲနယ်တွေ အများကြီးပဲ၊ ခန္တီးကလူတွေ မဲနယ် ဘာသုံးလို့ သုံးရမှန်းကို မသိလို့ မဝယ်ကြဘူး"။

"ဟုတ်တယ် ကျွန်တော် သိတယ်၊ ဒါကြောင့် ဝမ်းသာအားရနဲ့ ပြန်လာတာ"

"ဗိုလ်ကြီးက ဒေါက်တာဦးကိုကိုကို ဘယ်လိုပြောလိုက်တာလဲ"

"လည်ပင်းတွေ ရောင်နေကြတာလို့ ပြောလိုက်တာ"

"ဟုတ်ပြီ လည်ပင်းရောင်၊ ပါးချိတ်နာနဲ့ မှားကြတာဗျို့၊ ပါးချိတ် ရောင်လို့ လည်ပင်းရောင်တာ မဟုတ်ဘူး၊ လည်ပင်းကြီးရောဂါ ခေါ်တယ်။ အထဲမှာ အလုံးကြီးရှိတယ် ဗိုလ်ကြီး"

ခန္တီးမြို့နယ်ထဲကလူနာတွေအတွက် ဆေးမရှိလို့ ဆေးရုံပိတ်တဲ့သတင်းဟာ ဒီနေ့ခေတ်ကလို လူမှုစာမျက်နှာတွေ၊ မီဒီယာတွေ အားမကောင်းတဲ့ ခေတ်။ တစ်ပါတီအာဏာရှင်ခေတ်၊ အစိုးရသတင်းစာတွေပဲ ရှိတဲ့ခေတ်မှာ တောင်ကူညီမယ့်သူ ပေါ်လာတယ်။ စာနယ်ဇင်းတွေ မီဒီယာတွေက ရေးလို့ မဟုတ်ဘူး။ လူသတင်း လူချင်းဆောင်ပြီး စေတနာရှင်တွေဆီ ရောက်သွား တာ။

မြစ်ကြီးနားမြို့က ကချင်တိုင်းရင်းသားတွေ စုပေါင်းပြီး ခန္တီးဆေးရုံအတွက် ဆေးသေတ္တာတွေ ဆေးဘူးတွေ လှမ်းပြီး လှူလိုက်တယ်။ ကချင်ခရစ်ယာန်တွေရဲ့ ကုသိုလ်။ နည်းတယ် များတယ်။ မဟုတ်ဘူး။ တကယ်လိုအပ်ချိန်မှာ အခုလို လှူဒါန်းကြတဲ့ ကချင် ခရစ်ယာန်တွေရဲ့ ကုသိုလ်ကို ကျွန်တော်တို့ သာဓုခေါ်လို့မဆုံးဘူး။ ပြည်ထောင်စုစိတ်ဓာတ်တွေထဲမှာ ဒါလည်း

ပါတယ်ထင်တာပဲ။ ကျွန်တော် နိုင်ငံရေး နားမလည်ဘူး။ ဒါပေမဲ့ သူတို့ လှူတဲ့ဆေးတွေနဲ့ တိုင်းရင်းသားအစုံ၊ အယုတ်အလတ်အမြတ်မရွေး ကုသပေးလိုက်တာ၊ သူတို့ ကုသိုလ်တွေ အများကြီးရတာပေါ့။

"ဆေးရောက်ပြီ၊ ဆေးရုံပြန်ဖွင့်ပြီ"ဆိုတဲ့ ဆိုင်းဘုတ်တင်တယ်။ လူနာတွေကို ကုတယ်။ ဒါပေမဲ့ တစ်လလောက်ပဲ ခံတယ်။ ဆေးက ကုန်ပြီ။ ရန်ကုန်က ဘာမှမလာဘူး။ ဒီတော့ သင်ပုန်းကြီးပြန်ထောင်ပြီး အရင်အတိုင်း ပြန်ရေးရတယ်။ အောက်ကလည်း ပုံ သိန်းလှိုင်ပဲ။ အဲဒီလိုလုပ်တာကို အုပ်ချုပ်ရေးပိုင်းက "ဒေါက်တာသိန်းလှိုင်ကတော့ ခက်နေပြီ။ သူလုပ်ချင်ရာ လျှောက်လုပ်တာပဲ"လို့ ဘေးမှာ လျှောက်ပြောတယ်။ ကျွန်တော့်ကို လာမပြောဘူး။ လာပြောရင် ကျွန်တော်ကလည်း အဖြစ်သနစ်ကို အမှန်အတိုင်း ပြောမလို့ စောင့်နေတာ။ သူတို့လည်း သိတယ်။ ဒါပေမဲ့ စိတ်မဝင်စားတာလား၊ အုပ်ချုပ်ရေးပိုင်းက ငါတို့က မပူးပေါင်း တစ်ခုခုဆိုရင် တပ်ထဲသွားကုမယ်၊ ဒီလိုတွေးကြသလား မသိဘူး။

ဆေးရုံပိတ်ထားတာ ငါးရက်၊ ခြောက်ရက်ကြာတော့ မြစ်ကြီးနားကပဲ တရုတ်ဗုဒ္ဓဘာသာတွေက ဒီသတင်းကြားလို့ဆိုပြီး ဆေးတွေ လှမ်းလှူကြပြန်ရော။ ဝမ်းသာတာပေါ့။ သာဓုခေါ်တာပေါ့။ လာလှူတဲ့ အလှူရှင်တွေကို လည်း ဆေးရုံကို လိုက်ပြ၊ ခွဲစိတ်ထားတဲ့ဓာတ်ပုံတွေ၊ ကျေးဇူးတင်ကြောင်း၊ သာဓုခေါ်ကြောင်းတွေ မပြောတတ် ပြောတတ်နဲ့ ပြောရတယ်။ နောင်လည်း လှူချင်စိတ်ပေါ်စေချင်တယ်လေ။

"ဆေးရောက်ပြီ ဆေးရုံပြန်ဖွင့်ပြီ"

ထပ်ရေးရပြန်တာပေါ့။ ဆေးရရှိရေး ကျွန်တော် လုံ့လမစိုက်တာ မဟုတ်ဘူး။ စာတွေ အတန်တန်ရေးပြီး သက်ဆိုင်ရာ လူကြီးတွေဆီ ပို့တာပဲ။ မိတ္တူတွေလည်း ဆိုင်ရာပုဂ္ဂိုလ်ကြီးတွေဆီ ပို့တာပဲ။ ကြာတော့ မြန်မာနိုင်ငံတော် စာတိုက်ကိုတောင်မှ ယုံမှား သံသယဝင်လာတယ်။ တကယ်တော့ စာတိုက်က အလုပ်လုပ်ပါတယ်။ အထက်လူကြီးတွေက စိတ်မဝင်စားကြတာပါ။ ခန္တီး ဘယ်နားရှိမှန်းတောင် မသိကြသူတွေ ရှိတယ် ဟုတ်လား။ ဒေါက်တာ ချန်းနီး ယားတို့ခေတ်ပေါ့။ ကျွန်တော် စိတ်ဓာတ်တော်တော်ကျခဲ့တဲ့ကာလတွေပေါ့။

* * *

# သူကြီးအမိန့်

စစ်ကိုင်းတိုင်းရဲမင်းကြီး ဦးသိန်းဇော်က ခန္တီးမှာ ဒေါက်တာသိန်းလှိုင်ရောက်မှ ကျန်းမာရေးအခြေအနေ တိုးတက်လာတယ်။ ဆေးရုံဟာ ဆေးရုံနဲ့တူလာတယ်လို့ သူကြားတယ်။ ခန္တီးဘက်ကို လှည့်လည်စစ်ဆေးရင်းနဲ့ မြို့ခံသူ့လုပ်ဖော်ကိုင်ဖက်တွေကလည်း ဟုတ်တယ်။ ဒါပေမဲ့ ဒီဆရာဝန်ခမျာစိတ်သွားတိုင်း ကိုယ်မပါရှာဘူး။ ဆေးမလုံလောက်မှု ကြုံတွေ့နေရတယ်။ ဒီလိုတွေ ပြောကြမှာပေါ့။

ဒါနဲ့ ခန္တီးရောက်ခိုက် ဆေးရုံကို လာလေ့လာတယ်။ သူ့ကိုသူ မိတ်ဆက်တယ်။ စစ်ကိုင်းတိုင်းရဲမင်းကြီးပါ။ ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ ဒေါက်တာ ရောက်လာတာဟာ စစ်ကိုင်းတိုင်း ခန္တီးမြို့နယ်အတွက်တော့ အဖိုးမဖြတ်နိုင်တဲ့ ကျောက်မျက်တစ်လုံး ပွင့်တာပါပဲ။ ဟုတ်ကဲ့ ဝမ်းသာပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ဆေးမရှိဘူး။ ရှေ့ကို ခရီးသွားပေမဲ့ မရောက်ဘူး။ တစ်ခါတလေ နောက်တောင် ပြန်ဆုတ်သလိုပဲ။ ဆေးရုံပိတ်ထားရတဲ့ရက်တွေရှိတယ်။ ကျွန်တော် ပြောသင့်သလား၊ မပြောသင့်ဘူးလား သူနဲ့ဆိုင်သလားမဆိုင်ဘူးလား တွေးမနေနိုင်အားဘူး။ ကျွန်တော် လုပ်နိုင်တာ သက်ဆိုင်ရာကို စာရေးပြီး အစီရင်ခံမယ်။ လိုအပ်ရင် ကြေးနန်းရိုက်မယ်၊ အခွင့်သာရင်လာတဲ့လူကြီးကို အခြေအနေမှန် တင်ပြမယ်။ ဆောင်ရွက်တာ မဆောင်ရွက်တာတော့ သူတို့ကိစ္စပဲ။

ရဲမင်းကြီးက ဟိုးတောင်ပေါ်က နာဂရွာတွေ ဟတ္ထိတို့ ဘာတို့အထိတိုင်းခန်းလှည့်လည်ရင်းနဲ့ ကျန်းမာရေးပရိုမိုးရှင်းလုပ်ခဲ့တယ်။ နေကောင်းကြရဲ့လား တောင်ယာစပါး အထွက်ကောင်းရဲ့လား။ ကျန်းမာရေးနဲ့ပတ်သက်ရင်အခု ခန္တီးမြို့မှာ ရောက်နေတဲ့ ဒေါက်တာသိန်းလှိုင် သတင်းမွှေးတယ်။ ခင်ဗျားတို့ရွာမှာ လည်ပင်းကြီးတွေ ရှိနေတာပဲ။ သူ့ဆီ သွားကြပါလား။ ဆန်တို့ ဆားတို့ကုန်သွယ်ရေးမှာ သူ့ရွာအလိုက်ခွဲတမ်းရှိတယ်။ မှန်မှန်ရရဲ့လား။ ဒီလိုစကားမျိုးတွေ ပြောခဲ့သတဲ့။ ပြောတာ ရွာသားတွေရော သူကြီးတွေရောရှေ့မှာပြောခဲ့တာလေ။

အဲဒီအချိန်က တောင်ပေါ်က နာဂတချို့ ကျွန်တော့်ဆီ ရောက်လာကြတယ်။ ကျွန်တော်က ရဲမှူးကြီးရဲ့ စနက်မှန်း မသိဘူး။ ဟာ ဒုက္ခပါပဲကွာ။ အရေးပေါ်ကိစ္စအတွက် ချန်ထားတဲ့ ဆေးကလေးနည်းနည်းရှိတာ တောင်ပေါ်ကနေ သူတို့ တကူးတကလာပြန်တော့လည်း ခက်တော့တာပေါ့။ သူတို့ကို

တောင်ပေါ် ပြန်မောင်းတင်လို့ မဖြစ်ဘူး။ ငါ ဘယ်လိုလုပ်ရမလဲ။

ကျွန်တော် တော်တော်ကို အကြံအိုက်နေပြီ။ သူတို့နဲ့ စကားပြောကြည့်တော့မှ အဖြစ်မှန်သိရတာ။ စကားပြန်နဲ့ပြောရတာ။ ချိုလှတို့ ဟန်စုတို့က နာဂတိုင်းရင်းသားစကား တော်တော်နားလည်တယ်။ လိုင်းနောင်းနည်းနည်း၊ တန်ခွန်နည်းနည်းစီတော့ သူတို့သိတယ်။ မညွန့်က မီဇိုစကား ထမင်းစားရေသောက် ပြောနိုင်တယ်။

"ကျွန်တော်တို့ မလာချင်ဘူး ဆရာဝန်ကြီး"

"ခွဲလည်း မခွဲချင်ဘူး"

"ကြောက်တယ်၊ လည်ပင်းခွဲမှာဆို"

"လည်ပင်း ဓားနဲ့ခုတ်လို့ သွေးထွက်ပြီးသေတာ ကြုံဖူး တွေ့ဖူးတယ်"

"လည်ပင်းခွဲရင် သွေးတွေ အများကြီးထွက်မှာ"

သူတို့ မညာတတ်ဘူး။ ရိုးသားကြတယ်။ ကျွန်တော့်အတွက် ပဟေဠိတစ်ပုဒ် ဖြစ်နေတာပေါ့။

"ဒါဖြင့်ရင် မင်းတို့ ဘာလို့လာကြသလဲကွာ"

"ဟိုးတစ်နေ့က ရဲထဲက အကြီးဆုံးလူ လာတယ်။ သူကြီးကို ဆရာဝန်အကြောင်းပြောတယ်။ ဒါနဲ့ သူကြီးက လည်ပင်းကြီးနေတဲ့ လူတွေစုပြီး လည်ပင်းကြီး အရွယ်အစားသုံးမျိုးစုပြီး မင်းသွား… ဟိုလူသွား… ဒီလူသွား ဆိုပြီး ခိုင်းလိုက်တာ။ သူကြီးကြောက်လို့ လာတာပါတဲ့"

ကောင်းကြရော။ ရဲမင်းကြီး ဦးသိန်းဇော်ရေ၊ ကျေးဇူးတင်တယ်။ တကယ်တော့ ဆေးတွေရောက်အောင် အရင်ဆောင်ရွက်ရမှာ ပြီးမှ ပရိုမိုးရှင်းလုပ်ရမှာ။ သူ့ဟာက အစီအစဉ် နိဒါန်းနဲ့ နိဂုံးနဲ့ လွဲနေတာ။ နိဂုံးက ရှေ့ရောက်နေတာ။

ဒါနဲ့ မဖြစ်ဘူး ရှိတဲ့ဆေးနဲ့ ခွဲစိတ်ရမှာပဲ။ အရေးပေါ်သမားတော့ သူ့ကံတရားပေါ့။ ကဲ လာတစ်ယောက်ခွဲမယ်လည်း ဆိုရော။ မလာဘူး၊ ဟိုလူကို အရင်ခွဲ၊ ဟိုလူခေါ်ပြန်တော့လည်း ထရော်လီပေါ်မတက်ဘူး။ သူ့ကို အရင်ခွဲ။ လွှဲချနေကြတာ။ အပြစ်မဆိုသာဘူး။ သူတို့ကြောက်တာမှ တကယ်ကို ကြောက်တာ။ သူကြီးက မှာလိုက်တယ်တဲ့။ အဲဒီဆရာဝန်ဟာ နတ်လို့ နာမည်ကြီးတယ်။ မင်း သွားခွဲချေ။ တကယ်လို့ သက်သာပျောက်ကင်းခဲ့ရင်တော့ တကယ်နတ်ပဲ။ မသက်သာဘူး၊ မပျောက်ဘူးဆိုရင်တော့ သေချာပြီ။ ဒီဆရာဝန်ဟာ နတ်မဟုတ်ဘူး။ မင်းတို့ ငါတို့လို လူပဲတဲ့။ ဒါကြောင့်မို့ သူတို့ ကြောက်တာလည်း ဘာတတ်နိုင်မှာလဲ။

ဒီလိုနဲ့ ကျွန်တော် တရုတ်ကပြား၊ ဗုဒ္ဓဘာသာကိုးကွယ်တဲ့ အက်ဒဝပ် ဟုတ်ဝမ်ခေါ် ဒေါက်တာသိန်းလှိုင်ခေါ် အရမ်းသိန်းလှိုင်ဟာ လူသားစင်စစ် ကေန်ဖြစ်ပါလျက်ကနေ နတ်တစ်ပါးအဖြစ်သို့ ရောက်ရှိသွားပါတော့တယ်။

* * *

## ဖအေ အရင်း

ကျွန်တော့်ကို ဆေးပို့ပေးတယ်။ ဒါပေမဲ့ တစ်ခါရောက်မှ ခရိုင် ဆေးရုံ တစ်ရုံအတွက် ဂျပ်ဖာနဲ့ နှစ်ဖာရောက်တဲ့အခါရောက် သိပ်ကံကောင်းရင် သုံးဖာရောက်တယ်။ ဒါလည်း လစဉ်ပုံမှန်ရောက်တာ မဟုတ်ဘူး။ သွေးဆုံး တော့မယ့် မိန်းမရဲ့ ဓမ္မတာသွေးကမှ နည်းနည်းတွက်ချက် ချင့်ချိန်လို့ရဦး မယ်။ ကျန်းမာရေးဌာနကပို့တဲ့ ဆေးခွဲတမ်းက ရောက်တစ်လှည့် ပျောက်တစ် လှည့်။ ကျွန်တော့်မှာ ဆေးရှိရင် စိတ်ချမ်းသာပြီး နေသာထိုင်သာ ရှိသလို ဆေးမရှိတဲ့အခါ စိတ်ပင်ပန်း လူပင်ပန်းလှတယ်။ အရင်က တာဝန်ထမ်းခဲ့တဲ့ ဆရာဝန်တွေ ဘယ်လိုများ ခံစားကြရပါလိမ့်။ ငါလိုပဲလား။ ဒါတော့ သူတို့ ကိုယ်စောင့်နတ်ပဲ သိလိမ့်မယ်။

တစ်မနက်ခင်း နင်းတွေ မြူတွေက အုံ့ဆိုင်းလို့။ အဲဒီတုန်းက အအေး လှိုင်းဖြတ်တယ်တို့ ဘာတို့ ခေတ်စားသေးတာမဟုတ်ဘူး။ သူ့ဘာသာ ဖြတ် ချင်ရင်လည်း ဖြတ်မှာပါ။ ကျွန်တော်တို့ မသိကြတာလည်း ဖြစ်နိုင်တယ်။ နေမြင့်ရင် အအေးဓာတ် သက်သာရမှာ၊ မသက်သာလို့ ပြတင်းတံခါးတွေ ထိုင်ရာကထပြီး စေ့တော့ အံမယ် ကျွန်တော့်ဝန်ထမ်း ခြောက်ယောက် ဆေးရုံ ဝင်းထဲမှာ တကုန်း... ကုန်းနဲ့။ ကိုယ့်အလုပ်ကိုယ် မလုပ်ဘဲ ရုံးချိန်ကြီး ဘာ တွေလုပ်နေကြတာလဲ။ ကျွန်တော်ကြည့်တာ ကြာပြီ သဘောမပေါက်ဘူး။ ချမ်းလို့ အမှိုက်တွေကိုလိုက်ကောက်ပြီး အမှိုက်ပုံ မီးရှို့ပြီး မီးလှုံကြမလို့လား။ မဟုတ်လောက်ဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ၊ သိချင်တာနဲ့ မညွန့်ကို ခေါ်မေး ရတယ်။

"မညွန့် လာဦး"

အနားရောက်တော့ နှုတ်ခမ်းတစ်ဝိုက်က ချွေးစတွေ လက်ဖမိုးနဲ့ သုတ် နေတယ်။

"နင်တို့ ဘာတွေလုပ်နေကြတာလဲ"

"နလက ရုံးက လာပြောသွားတယ်။ ဗွီအိုင်ပီလာမှာမို့ ဆေးရုံဝင်း သန့်သန့်ရှင်းရှင်းလုပ်ထားဆိုလို့"

ကျွန်တော့်စိတ်ထဲမှာ တော်တော်ကို ခံစားရခက်သွားတယ်။ ဒီဆေးရုံမှာ ကျွန်တော် ဆေးရုံအုပ်။ နလကရုံးက ကျွန်တော့်ပြောဖို့ ကောင်းတယ်။ ကျွန်တော့်လူတွေကလည်း ဒီလိုကိစ္စမှ ကျွန်တော့်ကို အသိပေးဖို့၊ ကျွန်တော့်–တိုင်ပင်ဖို့ ကောင်းတယ်။

"မညွန့် လုပ်မနေနဲ့ အကုန်လုံး ဒီတိုင်းထားပစ်ခဲကြ။ ပြန်လာ"။

"ဟုတ်ကဲ့ ဆရာ"

"ဟုတ်ကဲ့ လုပ်မနေနဲ့ လုပ်လက်စတွေ ရပ်ပစ်ခဲ့၊ လက်ဆေးပြီး ကိုယ့်လုပ်ငန်းကိုယ် ပြန်ဝင်ကြ။ ငါက ပြောတယ်လို့ ပြောချေ သွား"

ကျွန်တော့် လုပ်ဖော်ကိုင်ဘက်တွေ အကုန်ပြန်လာပြီး ဆေးရုံထဲမှာပဲ ကိုယ့်အလုပ်ကိုယ်လုပ်ကြတယ်။ ကျွန်တော့်မှာ ဆေးက မလုံလောက်။ ခုတင်ကလည်း မပြည့်စုံ၊ ဝန်ထမ်းက စုစုပေါင်း ၆ ယောက်တည်း။ သောက်ရေ၊ သုံးရေက ခက်ခဲလိုက်သေး။ ပြဿနာပေါင်း သောင်းခြောက်ထောင်၊ လိုအပ်မှုပေါင်း သောင်းခုနစ်ထောင်နဲ့ ပင်ပန်းဆင်းရဲနေတာ။

အရင်တစ်ခါ ဗွီအိုင်ပီလာတုန်းက ဘိန်းစားအောင်သာပြောတဲ့ "ဗွီအိုင်ပီ... ဗွီအိုင်ပီနဲ့... လာတော့လည်း ဘာမှ မထူးပါဘူး ဒီလိုချည်းပဲ" ဆိုတဲ့စကား ပြန်ကြားယောင်တယ်။

လူနာတွေက ကြမ်းပေါ်အိပ်ကြရတဲ့ လူနာရှိတယ်။ ခုတင်မရှိ၊ စောင်မရှိ၊ မွေ့ရာမရှိ၊ အခင်းမရှိဘူး။ ကျွန်တော် ရတဲ့လစာက ၅၇၅ ကျပ် ရတယ်။ ကျွန်တော့်ဇနီးသည်နဲ့ ကလေးကို ၇၅/ ကျပ်နဲ့ လောက်အောင်သုံးပြီး ငွေ ၅၀၀/ ကျပ်ကို စော်ဘွားကြီး စောမြတ်သိန်းဆီ အပ်ထားလိုက်တယ်။ ငွေ ၅၀၀/ ဖိုး ကုန်သွယ်ရေးက ဆန်ဝယ်ပေးပါ။ ဆေးရုံလာတက်ကြတဲ့ လူနာတွေ ကျွန်တော် ဆန်ပေးတယ်။ ကိုယ့်ဘာသာ ချက်စားကြ။ တချို့ တတ်နိုင်တဲ့ လူနာ၊ အိမ်ကလာပို့တဲ့လူနာက ဆန်မယူဘူး။ တောင်ပေါ်ကလာကြတဲ့ နာဂတွေကတော့ ဆန်လိုတယ်။ ပြီးတော့ သူတို့ ထမင်း သိပ်စားနိုင်တယ်။

အဲဒီနေ့က လေယာဉ်ပျံသံ ကြားတယ်။ ဗွီအိုင်ပီ ပါလာပြီဆိုတဲ့ သတင်းလည်း အသေအချာကြားရော၊ သွားနိုင် လာနိုင် လှုပ်ရှားနိုင်တဲ့ နာဂတွေခေါ်ပြီး လှည်းကျင်းထားတဲ့အမှိုက်တွေ ပြန့်ကျဲကုန်အောင် ပြန်ဖွ၊ လူကြီးမြင်သာတဲ့နေရာ အမှိုက်တွေ ပြန်ပို့လုပ်ပစ်လိုက်တယ်။ ဒီလေယာဉ်နဲ့အတူ အနောက်မြောက်တိုင်းမှူးဗိုလ်မှူးကြီးစိန်မြပါတယ်။ တိုင်းမင်းကြီး ဦးကြည်

ပါတယ်။ ကျန်းမာရေးဘက်က တစ်ယောက်မှ မပါဘူး။ ဗိုလ်မှူးဗန်ကူးလ်လည်းပါတယ်။

ဒီအဖွဲ့က ဒီတစ်ခါ ဆေးရုံကို ဦးစားပေးကြည့်တယ်။ ရောက်ရောက်ချင်း ခလရ(၅၂)မှာ ခဏနားပြီး ဆေးရုံကို အရင်ဆုံးလာကြတာ။ လူကြီးက လူကြီးစကား ပြောတာပေါ့။

"ဟာ ဆေးရုံက နာမည်ကြီးသလောက် အမှိုက်သရိုက်တွေနဲ့ ရှုပ်လို့ ပွလို့ပါလား"

"တံမြက်စည်းလှည်းတဲ့ သန့်ရှင်းရေးလုပ်သား ခန့်မထားဘူးလား"

ကျွန်တော်ကလည်း အမှန်အတိုင်း ပြောချင်လို့ စောင့်နေတာလေ။

"ရှိတော့ ရှိတယ် ဗိုလ်မှူးကြီးတစ်ယောက်တည်းရှိတယ်"

"သူ နေမကောင်းဘူးလား၊ အလုပ်မဆင်းဘူးလား ဒီမှာ ပွလို့ထလို့"

"သူနေကောင်းပါတယ်၊ ဒါပေမဲ့ ဒီလို ရှုပ်ပွနေအောင် တမင်လုပ်ထားတာ"

တိုင်းမှူးနဲ့ တိုင်းမင်းကြီးသာမက နောက်လိုက်နောက်ပါတွေ ကိုယ်ရံတော်တွေ၊ အတွင်းရေးမှူးတွေ လုံခြုံရေးတွေ ကျွန်တော့်ကို ထူးဆန်းတဲ့ သတ္တဝါတစ်ကောင်လို ဝိုင်းကြည့်ကြတယ်။

တိုင်းမင်းကြီးက ဒီစကားကို မခံစားနိုင်ရှာဘူး။

"ဘာဖြစ်လို့လဲ"

"သားသမီးတွေက အဖေအရင်းရှိပါရက်နဲ့ ပထွေးလာမှ သန့်ရှင်းရေးလုပ်တာ သဘာဝမကျဘူး"

"ကျွန်တော် ဖအေအရင်းရှိနေတာ သန့်ရှင်းရေးမလုပ်ကြဘူး။ ဒီဆေးရုံတစ်ဝင်းလုံး ကျွန်တော့်သန့်ရှင်းရေးသမားတစ်ယောက်နဲ့ ရှင်းလို့ မနိုင်ဘူး။ သူ့ခမျာ ဆေးရုံးအတွင်းလည်း သန့်ရှင်းရသေးတာ၊ နလက က လူကြီးလာမယ်ဆိုတော့မှ သန့်ရှင်းအောင်လုပ်ဖို့ လာပြောတာ ကျွန်တော် ဒါမျိုး မလုပ်နိုင်ဘူး"

ဘယ်သူ့ဆီကမှန်း မသိလိုက်ဘူး။ အသံတစ်သံထွက်လာတယ်။

"ဒီဆရာဝန်က တစ်မျိုးပဲနော်"

လူကြီးတွေလည်း ဒီလိုစကားမျိုး ကြားရလိမ့်မယ်လို့ ဘယ်မျှော်လင့်ထားကြလိမ့်မလဲ။ ကြားလည်းတစ်ခါမှ ကြားဖူးကြမှာ မဟုတ်ဘူး။ ဒါပေမဲ့ လူကြီးတွေက လူကြီးပီသကြတယ်။ ကျွန်တော် ထော်လော်ကန့်လန့်ဆန်ဆန် လုပ်တာကိုလည်း အပြစ်မတင်ဘူး။ မဆဲကြ၊ မဆိုကြဘူး။ ဆရာ့ဘက်က

ဘာများ တင်ပြစရာရှိသေးလဲ။

ကျွန်တော် ဒီကိုရောက်တာ မကြာသေးပါဘူး။ ဒါပေမဲ့ ခန္တီးခရိုင်မှာ တွေ့ကြုံရတဲ့ လူနာတွေ ဝေဒနာရှင်တွေကို ပျောက်ကင်းသက်သာအောင် ကုသပေးချင်တဲ့ဆန္ဒ ရှိတယ်။ နာဂတွေအပေါ်မှာ စေတနာထားမိတယ်။ ကျွန်တော့်မှာ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူး။ ဆေးဝါးကိရိယာ မပြည့်စုံဘူး။ လူအင်အား မပြည့်စုံဘူးခင်ဗျာ။

တိုင်းမင်းကြီးက "ဆက်ပြောပါဦး၊ ဘာများပြောစရာကျန်သေးသလဲ တဲ့"။

"ဒီဆေးရုံက ခရိုင်အဆင့်ဆေးရုံပါ၊ တွေ့မြင်ကြတဲ့အတိုင်းပါပဲ။ ဆေးရုံ တစ်ခုတိုးတက်ဖို့ အင်္ဂလိပ်အက္ခရာ အိမ် Mငါးလုံး လိုအပ်တယ်လို့ ကျွန်တော် မှတ်ဖူးတာလေး မျှဝေချင်ပါတယ်။

ပထမ အမ်က မန်းနီး ပိုက်ဆံ၊ ခနေ၊ ဘတ်ဂျက်၊ ငွေပါ

ဒုတိယ အမ်က မက်တီရီးရယ်-ဆေးရုံမှာ တော့ဆေးဝါးပေါ့။

တတိယ အမ်က မက်သဒ်-နည်းဟန်ပါ။

စတုတ္ထ အမ်က မက်ရှင်း-ကိရိယာတန်ဆာပလာစက်ပစ္စည်းခတ်မှန် စသည်။

ပဥ္စမ အမ်က မင်း-လူအရင်းအမြစ်ပါ။ ဒါတွေ ဆေးရုံမှာ ရှိဖို့လိုပါ တယ်။

ကျွန်တော့်မှာ မန်းနီး ငွေမရှိဘူး။ မက်တီရီးရယ် ဆေးဝါး ပြတ်တစ် လှည့် မရှိတစ်လှည့်ပါ။ မက်သဒ်တော့ရှိတယ်။ ကျွန်တော့်နည်းကျွန်တော့် ဟန်နဲ့ ကျွန်တော် ကြိုးစားကြံဆတယ်။ မက်ရှင်းကလည်း အဝေးကြီး။ မင်းနဲ့ မက်သဒ်ပဲ ရှိတယ်။ ကျန်တာတွေ မရှိတာ၊ နည်းတာချည်းပါပဲ။ နောက်မှာ လိုက်ရေးမှတ်တဲ့ သူက မှတ်တယ်။ ကျွန်တော်ပြောတာ ဘိုလိုတွေလည်း ပါတော့ တလွဲတွေ ရေးသွားမှာလည်း စိုးတယ်။

ဗိုလ်အိုင်ပီအဖွဲ့ ပြန်ခါနီးမှာ ဆေးရုံအဝမှာ ပြောသွားကြတာ အနှစ်ချုပ်က တော့ ဆရာ၊ ဝေးလံတဲ့အရပ်မှာ တာဝန်ထမ်းတာ၊ အပင်ပန်းခံတာ ဂုဏ်ယူ တယ် ဆရာ၊ စိတ်ခတ်မကျပါနဲ့။ ကျွန်တော်တို့ တတ်နိုင်သလောက် ဆရာ့ ဆန္ဒ ဖြည့်ဆည်းပေးပါမယ်။

သူတို့တပ်ထဲက ရိပ်သာမှာတည်းကြတယ်။ ည အဲဒီမှာအိပ်ပြီး မနက် ကျတော့ တစ်ခါပြန်လာတယ်။ ကြိုတင်ပြောမထားဘူး။ ရုတ်တရက် ရောက် လာကြတာ။ ကျွန်တော်က နာဂအမျိုးသမီးကြီး အသက် ၅၀ လောက် တစ် ယောက်ကို ခွဲဖို့ ပြင်ဆင်နေတုန်း ရောက်လာကြတာ။ ရှာက လိုက်လာတဲ့

သူ့ခင်ပွန်း နာဂအဖိုးကြီးက ခေါင်ရည်အိုးကြီး တစ်အိုးပါလာလို့ ကျွန်တော့်ကိုလည်း တိုက်တယ်။

လူကြီးတွေလာတော့ ကျွန်တော့်လက်ထဲမှာ ခေါင်ရည်ခွက်ကြီးနဲ့ ပက်ပင်းတိုးနေရော။ သူ့ခေါင်ရည်က အတော်ကောင်းတော့ ကျွန်တော် ဒုတိယခွက် အကုန်ကျိုက်ချနေတုန်း တွေ့သွားကြတာ။ ဆရာမ နော်မူကြည်ကလည်း ခွဲဖို့ အဆင်သင့်ဖြစ်ပြီတဲ့။ ခင်ပွန်းသည်က အခွဲခံမယ့်ဇနီးသည်ကိုလည်း ခေါင်ရည်တွေတိုက်တော့ လူနာနှုတ်ခမ်းလည်း ခေါင်ရည်တွေနဲ့။

ဗိုလ်မှူးကြီး စိန်မြက

"ဘာလုပ်နေကြတာလဲ"

"ခေါင်သောက်နေကြတာ၊ ပြီးရင် ဒီအမျိုးသမီးခွဲမလို့"

နာဂအမျိုးသမီးကြီးက တိုင်းမှူးတို့ တိုင်းမင်းကြီးတို့လည်း သိပုံမရပါဘူး။ ပေါ့ပေါ့ပါးပါး အကြောက်အလန့်မရှိဘူး။ ကျွန်တော့်လည်း ယုံကြည်တယ်ထင်ပါရဲ့ ပြုံးပြုံးနဲ့ ကျွန်တော် ခေါင်ရည်သောက်ရင် မမူးဘူး။ ဝီစကီတော်တော်သောက်နိုင်တဲ့သူလေ။

"ကြုံကြိုက်တုန်း လည်ပင်းခွဲတာ ဝင်တာကြည့်သွားပါလား ဗိုလ်မှူးကြီးကြည့်လို့ရပါတယ်"

သူတို့က ခွဲစိတ်ခန်းဝင်တဲ့ ပိုးသတ်ထားတဲ့ အင်္ကျီတို့ ခေါင်းဆောင်တို့ ဝတ်ဆင်ပြီး ဖိနပ်လဲရမယ်မှတ်နေကြတာ၊ ကျွန်တော်က ခါးဝတ်ခါးစားနဲ့ပဲ ခွဲ၊ လက်အိတ်မပါ ဘာမပါနဲ့ ခွဲ။ လူနာကို စကားပြန်ကနေ စကားတွေပြော၊ လူနာကလည်း ထုံဆေးထိုးခိုက် ခဏနာတာ၊ ပုရွက်ဆိတ်ကိုက်သလောက် မှတ်ကိုက်သလောက်ပဲ အောက်မေ့ထင်ပါရဲ့ စကားတွေ ပြန်ပြောလို့။ ကျွန်တော် လူနာအမျိုးသမီးရဲ့ နာမည်မေးတယ်။ ဖြေတယ်။ အသက်မေးတော့ မသိဘူးတဲ့။ ရွာနာမည်မေးတော့ ဖြေတယ်။

"ဗိုလ်မှူးကြီး ဟောဒီ သွေးကြောတွေ့သလားခင်ဗျ"

"တွေ့တယ်"

"မတော်တဆ ထိမိရင် ပြတ်ပြီး သွေးတွေ ဒလဟောထွက်တာ၊ ဒီမှာ အစားထည့်စရာသွေးလည်းမရှိ၊ ဒရစ်လည်းမရှိဘူး၊ ဒါပေမဲ့ ရအောင်ခွဲ ရတာပဲ"

နောက်ထပ် စကားသံထွက်မလာဘူး။

သူတို့ ၁၀ မိနစ်လောက် ကြည့်ပြီး ကြိုးစားကြိုးစား ဆေးဝါးတွေ ဖြည့်တင်းပေးမယ်လို့ ပြောပြီး ပြန်သွားကြတယ်။ ကျွန်တော် အဲဒီနေ့က ခွဲစိတ်တာ အောင်မြင်ပါတယ်။ခွဲခန်းက ထွက်လာပြီး လက်ပါဆေးပြီးတော့

ခေါင်းရည်ထပ်သောက်ဖြစ်တယ်။ ပင်ပန်းကုန်ခန်းထားတဲ့ အင်အားတွေ ပြန်ဖြည့်ရတာ။

* * *

## ဖမ်းဆုပ်မိတဲ့အိပ်မက်

ဒီတစ်ခါလာကြတဲ့ ဗွီအိုင်ပီတွေကတော့ ဘိန်းစားအောင်သာ မှတ်ချက်ချသလိုပါပဲလို့ ထင်ရင် မှားလိမ့်မယ်။ သူတို့ ပြန်သွားပြီး မကြာဘူး။ ဆေးရုံနားမှာ ဆေးနဲ့ ဆေးပစ္စည်းဆိုင်တစ်ဆိုင်ဖွင့်ဖို့ ပြင်ဆင်တယ်။ ရက်သတ္တသုံးပတ်လောက်ကြာတော့ လေယာဉ်တစ်စင်းဆိုက်တယ်။ ဖော်ကာလေယာဉ်ပါ။ အဲဒီအခန်းထဲမှာ ဆေးနဲ့ ဆေးပစ္စည်းတွေ အများကြီးပါလာတယ်။ ဒါပေမဲ့ အခက်အခဲတစ်ခုရှိတယ်။ အဲဒီ ပို့လိုက်တဲ့ဆေးနဲ့ ဆေးပစ္စည်းတွေ လေယာဉ်ကွင်းကနေ ဆေးရုံရောက်ဖို့ သယ်စရာယာဉ်မရှိဘူး။ ခလရ (၅၂) မှာ ကားရှိတယ်။ ဓာတ်ဆီမရှိဘူး။ တပ်ရင်းမှူးသုံးဖို့ ကားလည်း ချွေတာ စီးနေရ တယ်။ ကုန်အဆင်းဖရီးရိုက် ကုန်းတက်မှ စက်နိုးဆီသုံးပြီး မောင်းရတယ်။ ရှိတဲ့နောက်ဒေါ့ဂျစ်တစ်စီးလည်း အရေးပေါ်မှ သုံးဖို့ ချန်ထားရတယ်။

တပ်ရင်းမှူးက လာပြီး ပြောပြတယ်။ ဒါ ဗိုလ်မှူးကြီး စိန်မြနဲ့ ဗိုလ်မှူးဗန်ကူးလ်တို့ပို့လိုက်တာတွေပါ။ သယ်စရာကားမရှိလို့ ရဲဘော်တွေ ထမ်းပြီး ပို့ပေးပါမယ်တဲ့။ ကျွန်တော်ဖြင့် ဝမ်းသာလို့ မဆုံးဘူး။ ဆေးသေတ္တာတွေ တဖွဲဖွဲဝင်လာတော့ မမျှော်ကောင်းတဲ့ လူနာ မျှော်မိတာပေါ့။ လူအလို နတ်မလိုက်နိုင်ဆိုတဲ့စကား သိပ်မှန်တယ်။ အရည်အတွက်တော့ များပါရဲ့၊ အသုံးတည့်တာ တစ်ဝက်လောက်၊ ကျန်တာက နည်းနည်း အသုံးတည့်တာတွေ။ ဖြစ်နိုင်ရင်တော့ ကျွန်တော်ကိုယ်တိုင် ဆေးဂိုဒေါင်ထဲဝင်ပြီး ဟောဒါ... ဟောဒါ... ဟောဒါတွေလို့ ရွေးပစ်လိုက်ချင်တာ။

တစ်ခါတလေ လောကမှာ အိပ်မက်မက်သလို ကြုံတွေ့ရတာမျိုး ရှိတယ်။ တစ်နေ့တော့ ကျွန်တော့်ဆရာမနဲ့ စကားစပ်မိကြတယ်။ သူက ဝမ်းဆွဲဆရာမ သူနာပြု ဆရာမ၊ ကလေးအမြွှာနှစ်ယောက်မွေးထားတာ၊ အဲဒီ ကလေးတွေ ဘယ်မှာမွေးသလဲလို့ စကားစပ်မိသွားတယ်။

"ကျွန်မ ဒီကလေးတွေ "မိုင်းဒေါင်း"မှာ သွားမွေးတာ"

ကျွန်တော် အံ့သြလို့ မဆုံးဘူး။ ခရိုင်ဆေးရုံမှာ အမှုထမ်းတဲ့ ဆရာမက

သူ့ကလေးကို တစ်ရပ်တစ်ရွာ သွားမွေးရတယ်လို့။ ကြားရသူအပေါင်း ကိုယ့်နား ကိုယ်တောင် ယုံမှာ မဟုတ်ဘူး။

"တကယ်..."

"တကယ်ပြောတာ ဆရာ ခရစ်ယာန်မိုင်းဒေါင်းမှာ"

"အဲဒါ ဘယ်နားမှာလဲ၊ ငါမသိဘူး"

"မိန်ဆွန်းအနားမှာ ကောင်းဟိန်နဲ့ မဝေးဘူးဆရာ"

"ဘာလို့ အဲဒီအထိ သွားမွေးတာလဲဟာ"

"မဟုတ်ဘူးဆရာ၊ ခရစ်ယာန်မိုင်းဒေါင်းမှာ ဆရာမတစ်ယောက်ရှိတယ်။ သူ့ခင်ပွန်းသည်ရော ဇနီးသည်ပါ အိုင်းရစ်လူမျိုးတွေ"

"ဟုတ်လား... သူတို့ဆေးရုံက ဘာနာမည်ကြီးတာတုန်း"

"ပစ္စည်းကိရိယာစုံတယ်လို့ သတင်းထွက်တာပဲ ဆရာ"

"ဟေ ဟုတ်လား..."

ကျွန်တော့်မှာ စားလည်း ဒီစိတ် သွားလည်း ခရစ်ယာန်မိုင်းဒေါင်း အိပ်ခါနီးတောင် မိုင်းဒေါင်း၊ အိုင်းရစ်လူမျိုးဆိုတာတွေ ထပ်နေတယ်။

လူနာပါးတဲ့ တစ်ရက်တော့ ချင်းတွင်းဆိပ်ကို ယူဘီတစ်စင်း စီစဉ်ခိုင်းလိုက်တယ်။ ယူဘီမော်တော်နဲ့ ခရစ်ယာန်မိုင်းဒေါင်းကိုသွားဖို့ ယူဘီဆလင်ချိန်းတဲ့ရက်က မဝေးဘူး၊ မနက်ဖြန်မနက် ၈ နာရီလောက်ဆိုရင် နှင်းကွဲလောက်ပါရဲ့။ နှင်းကွဲတဲ့အချိန် ထွက်ရအောင်။ ဆရာ အဆင်သင့်လုပ်ထား၊ သူတို့တပည့်တစ်ယောက် အခေါ်လွှတ်လိုက်မယ်လို့ အတူလိုက်မယ့် နယ်ပိုင်ကြီးက လာပြောတယ်။

မနက် ခုနစ်နာရီထိုးကတည်းက အဆင်သင့်စောင့်နေတာ၊ နယ်ပိုင်ကြီးပါ ဆေးရုံထဲလာထိုင်ပြီး စောင့်နေကြတာ။ ဖြစ်ချင်တော့ နှင်းက တော်တော်နဲ့ မကွဲဘူး။

နှင်းတွေ မြူတွေဆိုင်းနေလိုက်ပုံကဖြင့် ဒီနေ့ကွဲမှ ကွဲပါတော့မလား လို့ အောက်မေ့ရတယ်။ ကိုယ်မင်းသားလုပ်တဲ့နှစ်မှ သီချင်းအဆန်းက ပေါ်သလိုဆိုတဲ့စကား သွားအမှတ်ရတယ်။ ကျွန်တော်တို့ ခရီးသွားကြမယ်၊ လူနာပါးတဲ့ရက်ကို ရွေးပါမှ နှင်းတွေက ပိတ်လို့ ဆီးလို့။

သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက လက်ပိုက်ပြီး ဒီအတိုင်းကြည့်မနေကြပါဘူး။ ခရီးဒေသကို အထပ်ထပ် ပိတ်ဆီးထားတဲ့နှင်း ဝတ်ရုံတွေ တစ်လွှာပြီးတစ်လွှာ တဖြည်းဖြည်း ခွာချပေးလိုက်တာ ရှစ်နာရီခွဲလောက်နေတော့ ယူဘီက လူငယ်လေးတစ်ယောက် ကျွန်တော်တို့ကို လာခေါ်တယ်။

"လာ... ဆရာတို့၊ ဆလင်က သွားကြစို့တဲ့"

ဘာ အထုပ်အပိုးမှ ပါကြတာမှ မဟုတ်ဘဲ၊ နယ်ပိုင်ကြီးက ကချင်လွယ်အိတ်နီကလေး ပခုံးကောက်ချိန်ပြီး ယူဘီရှိရာကို လာခဲ့ကြတယ်။ ကျွန်တော်တို့ လာနေတာလည်းမြင်ရော ဆလင်က သူ့ယူဘီအဖြူလေးကို စက်နှိုးလိုက်ပြီး ကျွန်တော် စာမဖွဲ့တတ်လို့။ ကျောင်းတုန်းက သင်ခဲ့ရတဲ့ မြန်မာစာပေထဲက တောဖွဲ့၊ တောင်ဖွဲ့၊ ရဂုံဖွဲ့၊ မြိုင်ဖွဲ့တွေကို သတိရမိတယ်။ သစ်ပင်တွေ ဝါးပင်တွေနဲ့ စိမ်းညို့နေတဲ့ တောင်ကမ်းပါးရံနှစ်ဖက်ကြားမှာ ယူဘီလေးက ခုတ်မောင်းနေတာ အလွန်ကြည့်လို့ လှတာပေါ့။ မျောက်တွေ အုပ်နဲ့သင်းနဲ့ တွေ့လားတွေ့ရဲ့။ ဒေါင်းဖိုဒေါင်းမစုံတွဲလည်း တွေ့လား တွေ့ရဲ့။ ချင်းတွင်းမြစ်ရေပြင်ထက်ကို အမျိုးအမည်မသိ ငါးပျံလေးတွေက ထ... ထပြီး ပျံလား ပျံရဲ့။

အလုပ်ထဲမှာပဲ ရက်ရှည်နှစ်မြှုပ်ပြီး အရက်ပျံနဲ့ ကာဘော်လစ်နံ့၊ လူနာညည်းသံတွေကြားကနေ အခုလို မြစ်ပြင်ကို ဖြတ်တိုက်ပြီး လာတဲ့လေသန့်သန့်ကို ရှူရှိုက်ရတာ မျက်စိကလည်း သာယာလှပတဲ့ မြင်ကွင်း စိမ်းညို့ညို့တွေကို ကြည့်ရတာဟာ စာရေးတတ်ရင် စာဖွဲ့ချင်စရာပဲ။ ရှမ်းမိုင်းဒေါင်း ခရစ်ယာန်မိုင်းဒေါင်းရယ်လို့ ရွာနှစ်ရွာကပ်လျက် မကွာမဝေးရှိတာကို အလွယ်ခေါ်ကြလို့ ရှမ်းရယ် ခရစ်ယာန်ရယ်လို့ ဖြစ်နေတာပါ။

ဆလင်က ခရစ်ယာန်မိုင်းဒေါင်းမှာ ကပ်ပေးတော့ ဆိပ်က သာသာယာယာပဲ။ ရွာထဲဝင်လိုက်တော့လည်း ရွာက သပ်သပ်ရပ်ရပ်။ တိတ်တိတ်ဆိတ်ဆိတ်ရှိတယ်။ အသက် ရှစ်နှစ် ကိုးနှစ် ဆယ်နှစ်ကလေးတစ်သိုက် ကစားနေကြတယ်။ အပူအပင်မရှိ ကစားနေကြတဲ့ ကလေးတွေကိုကြည့်ပြီး အားကျမိတာလည်း ဝန်ခံရမှာပဲ။ ကလေးတစ်ယောက်ကို ဆေးခန်းဘယ်နားမှာလဲလို့ မေးတော့ ကလေးက သူလိုက်ပို့မယ်တဲ့လေ။ အိမ်တွေက ခြံဝင်းကျယ်အိမ်တွေ။ လမ်းအတိုင်း အရှေ့ဘက်ထဲသွားပြီး ညာဘက်တစ်ခါချိုးနောက်ခြံဝင်း သုံးလေးဝင်းကျော်ပြီး ဘယ်ဘက် တစ်ခါချိုးတော့ ဆေးခန်း ကို ရောက်တော့တာပဲ။

ဆေးခန်းမှာ မည်းမည်းတူးတူး အရောင်အဆင်းနဲ့ ဘောင်းဘီတိုဝတ်ထားတဲ့ လူတစ်ယောက် သူ့ သွားဖွေးဖွေးတွေပေါ်အောင် ပြုံးရင်း စောင့်ကြိုနေတယ်။ ရောက်မဆိုက်မှာပဲ

"ဗွဒ်မောနင်း"လို့ နှုတ်ဆက်ရင်း လက်ဆွဲနှုတ်ဆက်ရအောင် သူ့လက်ကို ကမ်းတယ်။ ကျွန်တော်လည်း သူ့လက်ကို ဆွဲနှုတ်ဆက်ရင်း မင်္ဂလာ

မနက်ခင်းပါလို့ နှုတ်ဆက်လိုက်တယ်။ ဒီလူ့ရဲ့ စကားပြောဟန်ကို ကြားလိုက် မြင်လိုက်တာနဲ့ ခေါင်ဆိုင်လူမျိုးမှန်း သိတယ်။ နယ်ပိုင်တွေကတော့ ဗွတ် မောနင်းလို့ နှုတ်ဆက်တယ်။

"ပလိစ် ဆစ်ဒေါင်း"

သူတတ်သရွေ့ အင်္ဂလိပ်စကားနဲ့ ကြိုးစားပြီး ပြောနေမှန်း သိတယ်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ကျွန်တော့်နာမည် ကျော်သိန်းပါ"

"မင်းတို့ ဆေးခန်းမှာ လူကြီး ဘယ်သူရှိသလဲ"

ကျွန်တော်ထက်လည်း ငယ်တယ်၊ သူဟာ ဆေးခန်းတာဝန်ခံ မဟုတ် လောက်ဘူးထင်လို့ မေးကြည့်တာ။

"ကျွန်တော် ဒီဆေးခန်းကိုစောင့်တဲ့အစောင့်ပါ။ ဆေးခန်းကတော့ ရွာက ဘုရားဟောဆရာက ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်"

"ဟုတ်လား မောင်ကျော်သိန်း၊ ဒါဖြင့် တရားဟောဆရာနဲ့ ငါတို့ တွေ့ချင်တယ်ကွာ"

"ကျွန်တော် သွားခေါ်ပေးမယ် ဆရာတို့ ဆေးခန်းက စောင့်နေကြဦး"လို့ ပြောပြီး တရားဟောဆရာကို သွားခေါ်တယ်။ တရားဟောဆရာက မောင် ကျော်သိန်းနဲ့ ပြောင်းပြန်။ ဖြူဖြူထောင်ထောင်မောင်းမောင်း။ အရပ် ငါးပေ ကိုးလက်မ အနည်းဆုံးမြင့်မယ်။ ကြည့်ရတာ ကျွန်တော်တို့ ဘယ်သူဘယ်ဝါ ရယ်လို့ သိလို့ လိုက်လာတာ ဟုတ်ပုံမရဘူး။ ခါးဝတ် ခါးစားနဲ့ လိုက်လာတာ။

"ဒါ တရားဟောဆရာ ဦးမြင့်ပဲ"

"တွေ့ရတာ ဝမ်းသာတယ်ဆရာ၊ ကျွန်တော် ဒေါက်တာသိန်းလှိုင်ပါ။ ခန္တီး ဆေးရုံအုပ်ပါ၊ ဒါ နယ်ပိုင်ကြီး ဦးမြင့်မောင်ပါ"။

တရားဟောဆရာက အသက်သုံးဆယ်စွန်းစွန်းလောက်ပဲ ရှိဦးမယ်။ အသက် သိပ်မကြီးသေးဘူး။ သူကလည်း လက်ဆွဲနှုတ်ဆက်ဖို့ သူ့ ညာလက် ကို ကမ်းတာပါပဲ။

"ကျွန်တော် ဘာများ ဆောင်ရွက်ပေးရမလဲ"

"ဒီဆေးခန်းကို ထူထောင်တဲ့ပုဂ္ဂိုလ်နဲ့ တွေ့ချင်တာပါ။ သူ့ရဲ့ သတင်း မွှေးလို့ မိတ်ဆွေဖြစ်ချင်တာပါ။

"ဟာ ဒါဆိုရင်တော့ ဝမ်းနည်းစရာ ပြောရတော့မှာပဲ။ ဆရာတို့၊ ဆရာမ တို့ မရှိတော့ဘူး။ ၁၉၆၄ ခုနှစ်ကတည်းက ပြည်နှင်ဒဏ်ပေးလို့ အိုင်ယာလန် ကို ပြန်သွားပါပြီ"

တရားဟောဆရာ ဦးမြင့်ရဲ့ စကားကြားတော့ အံ့သြတာအပြင် စိတ်ဝင်စားတာပါ ပေါင်းရတော့မယ်။ ဦးမြင့်က သူ့စကားကို ဆက်တယ်။

"သူတို့ ပြန်သွားကြတဲ့အခါ ဆေးခန်းကို ဒီအတိုင်းထားပစ်ခဲ့ကြရ တာ။ ဆရာမရဲ့ ခင်ပွန်းသည်က ကျွန်တော့်ဆရာပါပဲ။ သူလည်း နိုင်ငံခြားသားဓမ္မဆရာ"

"ကျွန်တော်တို့ ဝင်ကြည့် ဝင်လေ့လာလို့ ရမလား"လို့ နယ်ပိုင်ကြီးက မေးတော့ ဦးမြင့်က

"ရပါတယ်၊ ကြွကြပါ၊ အထဲကို ဖိနပ်စီးပြီးဝင်လို့ရပါတယ်"

တကယ်တော့ ဖိနပ်စီးပြီး ဝင်ရမှာတောင် အားနာစရာကောင်းလောက်အောင် သန့်ရှင်းတယ်။ သုတ်ထားတဲ့ဆေးရောင်တွေက အရောင်လွင့်ပြယ်နေကြပေမဲ့ သန့်ရှင်းတာ၊ သပ်ရပ်တာကတော့ နေချင့်စဖွယ် သီရိဂေဟာလေးတစ်ခုလိုပဲ။ အိုင်ယာလန်ပြည်ဖြစ် ခန်းဆီးတွေ လိုက်ကာတွေနဲ့။ ဆေးခန်းအပြင်အဆင်ကကိုပဲ ဝေဒနာတစ်ဝက် သက်သာလောက်တယ်။ ဆရာမရဲ့ဥပဓိက ဘယ်လိုရှိမှာလေလဲ။ သူ့ဘာသာ ချောချင်ချော၊ အကျဉ်းတန်ရင် လည်းအကျဉ်းတန်ပါစေ၊ သူ့စေတနာရယ်၊ အစွမ်းထက်တဲ့ဆေးရယ်က ရောဂါဝေဒနာတစ်ဝက်သက်သာစေရင် ဝေဒနာရှင် ခံစားသမျှ ပျောက်ကင်း ပြီပေါ့။

ကျွန်တော်တို့ လျှောက်ကြည့်ကြတဲ့အခါ နံရံမှာ ၁၉၆၄ ခုနှစ် သူတို့ပြန်သွားတဲ့လကို လှန်မပစ်ဘဲ ချိတ်ဆွဲထားတဲ့ ပြက္ခဒိန်အဟောင်းလေးတစ်ခုသွားမြင်တော့ ဦးမြင့်တို့ ကျော်သိန်းတို့ကို ချီးကျူးမိတယ်။ ပြက္ခဒိန်လေးခမျာလည်း ဟောင်းနွမ်းနေရှာပါပြီ။ ဒါပေမဲ့ သခင်ကို မျှော်နေရှာသလားအောက်မေ့ရတယ်။

"အေးဗျာ အခုလို အစစ နဂိုအတိုင်း ထိန်းသိမ်းထားကြတဲ့ ခင်ဗျားတို့တတွေကို ချီးကျူးတယ်ဗျာ"လို့ နယ်ပိုင်ကြီးက ထုတ်ပြောရတဲ့အထိပဲ။

"ကျွန်တော်တို့ တစ်ရွာလုံး ဒီတစ်ရွာလုံးတင် မကပါဘူး၊ ဟောဒီတစ်နယ်လုံး ဆရာနဲ့ ဆရာမတို့ တစ်နေ့နေ့ ပြန်လာလိမ့်မယ်လို့ မျှော်လင့်နေကြတာ ယုံကြည်နေကြတာ၊ ဒါတွေအားလုံးဟာ ဘုရားသခင်အလိုတော်အတိုင်းပဲ ဖြစ်ကြရတာလေ"

ကျွန်တော် မှားသလား၊ မှန်သလားတော့ မသိဘူးဗျာ။ ဘာသာရေးတွေ၊ နိုင်ငံရေးတွေလည်း နားမလည်ဘူး။ မိုင်းဒေါင်းဒေသကို ကျန်းမာရေးလာပြီး စောင့်ရှောက်ရင်း သာသနာပြုလုပ်ငန်းလုပ်ကြတာ အပြစ်တော့မဟုတ်ဘူးထင်တယ်။ ကျွန်တော် တွေးကြည့်မိတယ်။ ကာယကံရှင်တွေနှစ်ဦး

ဟောဒီဆေးခန်းလေးကို သံယောဇဉ်တွယ်မိကြမှာ သူတို့ တည်ထောင်ခဲ့တဲ့ ဆေးခန်းလေးက နော်မူကြည်ရဲ့ ရင်သွေးလေး အမှန်။ ဘန်ဂလိုနဲ့တွဲလျက် ဆေးခန်းလေးက ဘယ်နှဦးကို မွေးဖွားပေးသွားခဲ့ပြီလဲ။ ကျေးရွာ လူထုနဲ့ အပါအဝင် ကလေးမိခင် ဘယ်နှဦးကို မွေးဖွားပေးသွားခဲ့ပြီလဲ။ ကျေးရွာ လူထုနဲ့ သူတို့ရဲ့သံယောဇဉ်ကို ခန့်မှန်းကြည့်။ ခံစားကြည့်နေမိတယ်။ သက်သာပျောက်ကင်းသွားသူ ဘယ်လောက် ရှိသွားပြီလဲ။

"ကောင်းတယ်ဗျာ၊ သဘောကျတယ်"

မည်းမည်းပေပေရေရေ ကျော်သိန်းက ဒီဘန်ဂလိုကို စောင့်ရှောက်ထား လိုက်ကာမှ သူ့အိမ်သူ့ရာထက်တောင် သန့်ရှင်းသပ်ရပ်အောင် စောင့်ရှောက် သတဲ့။ ကျော်သိန်း ဘာဖြစ်လို့ ဒီလိုစောင့်ရှောက်နေရတာလဲ။ ကျွန်တော် မမေးခဲ့ရဘူး။ ဒါပေမဲ့ တစ်ဦးနဲ့တစ်ဦး ကျေးဇူးတွေ အပြန်အလှန်များ ရှိကြလေသလား။

ကျွန်တော် မကောင်းပုံ၊ မကောင်းနည်းကို ဝန်ခံရတော့မှာပဲ။ ဆေးခန်း နဲ့ ဘန်ဂလိုကို လျှောက်ကြည့်ရင်း တစ်နေရာမှာ ဗီရိုလေးထဲက ပစ္စည်းတွေ က ကျွန်တော့်ကို ပြုံးပြနေ၊ လက်ယပ်ခေါ်နေသလိုပဲ။ အဲဒီအချိန်မှာ ကျွန်တော့် မျက်လုံးတွေ ပြူးကျယ်သွားသလား၊ အရောင်တွေ လင်းလက်သွားမလား၊ တစ်ခုခုတော့ ဖြစ်သွားမယ်ထင်တယ်။ လား... လား... ဗီရိုထဲမှာ လက်နက် တွေ။ စစ်မြေပြင်သုံး၊ တိုက်ပွဲသုံးလက်နက်တွေ မဟုတ်ဘူး။ ခွဲစိတ်ခန်းသုံး လက်နက်တွေ၊ လူမျိုး တစ်ရာ့တစ်ပါး၊ ခုနစ်ရက်သားသမီးရဲ့ အနာရောဂါ တွေ ဖယ်ရှားတိုက်ခိုက်ရာမှာသုံးတဲ့ ကျန်းမာရေးတိုက်ပွဲဝင် လက်နက်တွေ လေ။ ခွဲစိတ်ခန်းသုံး ဓားတွေ၊ ကတ်ကြေးတွေ၊ ညှပ်တွေ... အို စုံလို့။ ခတ္တီးဆေးရုံ ထက်တောင် စုံလင်သေးတယ်။ ပြိုးပြိုးပြက်ပြက်တလက်လက်နဲ့။ တချို့သုံး တောင်မှ သုံးရသေးဟန် မတူဘူး။ တချို့က အလွန်ဆုံး သုံးထားမှ လေးငါး ခါထက် မပိုလောက်ဘူး။

ကျွန်တော် စဉ်းစားတယ်။ စကားလုံးလှလှ စီတယ်။ မျက်လုံးက သွားရည်ယိုနေပြီ။ မတတ်နိုင်ဘူး။ မအောင့်အီးနိုင်တော့ဘူး။

"ဒီပစ္စည်းတွေ ဘာလုပ်ထားတာလဲ"

"ကာယကံရှင်ရဲ့ ပစ္စည်းတွေ၊ သူ တန်ဖိုးထားတာတွေမို့ ထိန်းသိမ်း ထားတာပါ"

"ကျွန်တော် တစ်ခု အကြံပေးမယ်နော်။ ဒီမှာ ဆရာဝန်မရှိဘူး၊ ခွဲစိတ် ပစ္စည်းတွေရှိတယ်။ ဘာမှလည်း ဆရာတို့ အသုံးမပြုကြဘူး။ ဒီတော့ ဒီပစ္စည်း တွေ ကျွန်တော့် ငှားပါ၊ ကျွန်တော့်မှာ လူနာတွေရှိတယ်၊ ငှားပြီး အသုံးပြုခွင့်

ပေးပါ”

တရားဟောဆရာက မျက်နှာတစ်ချက် မပျက်ဘူး။ အပြုံးစွက်ပြီး လိမ္မာယဉ်ကျေးစွာ ပြောတယ်။

“မငှားနိုင်ဘူး၊ ကျွန်တော့်မှာ ငှားခွင့်မရှိဘူး။ ကျွန်တော်တို့ အလုပ်က ဒီအဆောက်အဦနဲ့ ဒီပစ္စည်းတွေ ထိန်းသိမ်းရမှာပါ”

အဲဒီအချိန်မှာ နယ်ပိုင်ကြီး ဦးမြင့်မောင်က

“မငှားနိုင်ရင်လည်း ရပါတယ်။ ကျွန်တော် သိမ်းယူသွားမှာပေါ့ သိမ်းလို့ရတယ်၊ ဟက်... ဟက်...”

နယ်ပိုင်ဆီက မမျှော်လင့်တဲ့စကား ထွက်လာတယ်။ ပြောပုံက အပြောင်အပြက်လေသံနဲ့ ရယ်သံစွက်လို့၊ ဒါပေမဲ့ မျက်နှာထားက ရုတ်တရက်တည်သွားတယ်။

သူ့ဘာသာ အပြောင်အပြက်ပဲပြောပြော အတည်ပဲပြောပြော ကျွန်တော်ကတော့

“နိုး... နိုး... ကျွန်တော် လက်မခံဘူး။ မသိမ်းရဘူး၊ ကျွန်တော်က ငှားတဲ့သဘော၊ မေတ္တာရပ်တာပါ”

တကယ်တော့ ဦးမြင့်ကိုဖြစ်စေ နယ်ပိုင်ကြီးကိုဖြစ်စေ မျက်နှာတစ်ခုခုကို ကြည့်ပြီး ကျွန်တော့်သဘောထား ပြောဖို့ကောင်းတာ။ ကျွန်တော် အားနာပြီး ကျော်သိန်းကိုပဲ ကြည့်ပြီးပြောလိုက်မိတယ်။ တရားဟောဆရာဦးမြင့် စိတ်ထဲမှာတော့ ဘယ်လိုခံစားသွားမယ်မသိဘူး။ ကျွန်တော်ကတော့ နယ်ပိုင်ကြီး အဲဒီလိုမပြောသင့်ဘူးလို့ ထင်တာပဲ။ ကြားထဲက ကျွန်တော်က မျက်နှာပူနေမိတယ်။

ဆရာဦးမြင့်က ကျော်သိန်းကို ရပ်ကွက်ဥက္ကဋ္ဌသူကြီးကို အခေါ်ခိုင်းလိုက်တာ မိနစ်ပိုင်းအတွင်း ပြန်လာတယ်။ သူကြီးက အသက်အရွယ် တော်တော်ကြီးနေပါပြီ။ အုန်းပင်ကြီးတစ်ပင်နားမှာ သူတို့သုံးယောက် တိုင်ပင်ကြတယ်။ ကျွန်တော်တို့နဲ့ သူကြီးနဲ့ ဘာလို့ မိတ်ဆက်မပေးတာလဲ မသိဘူး။ နယ်ပိုင်ရဲ့ ဩဇာကြောင့် သူကြီးနဲ့ မဆုံပေးတာလား။ သူတို့ဘာသာ လွတ်လွတ်လပ်လပ် တိုင်ပင်ကြပါစေ။ ကျွန်တော်က အခွင့်ထူးမခံချင်ဘူး၊ ပါဝါအာဏာကြောင့် ရခဲ့တာမျိုး မဖြစ်ချင်ဘူး။

သူကြီး ပြန်လှည့်ထွက်သွားတယ်။ ကျော်သိန်းနဲ့ ဆရာဦးမြင့်တို့ ကျွန်တော်တို့ဆီ ပြန်လာကြတယ်။ လမ်းတစ်လျှောက် စကားတွေ အပြန်အလှန် ပြောရင်း လျှောက်လာကြတယ်။ ဘာတွေပြောကြ ဆွေးနွေးကြတယ်တော့

မသိဘူး။ ကျော်သိန်းက

"ဆရာတို့ အလိုရှိတာ ယူသွားကြပါ"လို့ ပြောရင်း ဗီရိုသော့ ယူလာပြီး ဖွင့်ပေးတယ်။

"ကျွန်တော် ဒီအတိုင်းမယူပါဘူး။ စာရင်းဇယားနဲ့ လုပ်မှာ။ ကျွန်တော့်ဆီမှာ မရှိတာနဲ့ သိပ်အသုံးများတဲ့ ကိရိယာတချို့ပဲ ငှားသွားမှာပါ"။

လောဘကို မနည်းချိုးနှိမ်ထားရတယ်။ တကယ်တော့ အကုန်လုံးကို ယူလိုက်ချင်တာ။ ဒါပေမဲ့ လူကြီးလူကောင်းစိတ်မွေးပြီး တကယ်အသုံးတည့်မယ့်ကိရိယာတွေကိုပဲ ရွေးပြီး စာရင်းပြုစုလိုက်တယ်။ ကျွန်တော် နေ့စွဲတပ်တယ်။ နာမည်ရေးတယ်၊ လက်မှတ်ထိုးတယ်၊ နယ်ပိုင်ကြီးကတော့ ကျွန်တော် လုပ်ပုံ ကိုင်ပုံ စေ့စပ်သေချာရဲ့လားလို့ ကြည့်နေတယ်ထင်တာပဲ။ ကျွန်တော်ကလည်း ဂုဏ်သိက္ခာနဲ့ညီအောင် စနစ်တကျ စာရင်းဇယားပြုစုပြီး ပေးခဲ့တယ်။ ပြီးတော့မှ

"ဒီတရားဟောဆရာနဲ့ ဆရာမတို့ရဲ့ လိပ်စာများရှိရင် ရချင်တယ်"

နယ်ပိုင်ကြီးက အံ့အားသင့်တဲ့အကြည့်နဲ့ ကြည့်ရင်း

"ဘာလုပ်မလို့လဲ ဒေါက်တာ"

"ကျွန်တော် သူတို့ဆီ စာရေးအကြောင်းကြား အသိပေးဖို့ တာဝန်ရှိတယ်၊ စာရေးမယ်"

တရားဟောဆရာ ဦးမြင့် မှန်ဗီရိုတစ်လုံးကိုဖွင့်ပြီး စာအုပ်တွေကို လှျောက်ကြည့်ရင်း ခဏနေတော့ ဗလာစာအုပ်တစ်အုပ်ထုတ်လာပြီး စာအုပ်တစ်နေရာမှာရေးထားတဲ့ လိပ်စာတစ်ခုပြတယ်။ ကျွန်တော့်မှာ ရေးစရာရော စက္ကူရော ဘာမှမပါလို့ နယ်ပိုင်ကြီးဖောင်တိန်နဲ့ စက္ကူနဲ့ယူပြီး လိပ်စာကူးလိုက်တယ်။ ပြီးတော့ ကျေးဇူးတင်ကြောင်းပြောရတာပေါ့။ ကျော်သိန်းက ဦးမြင့်ထုတ်ပေးတဲ့စာအုပ်ကို နေသားတကျ သူ့နေရာနဲ့ ပြန်ထည့်ပြီး ဗီရိုကို ပြန်ပိတ်တယ်။

အပြန်ခရီးက ပျော်စရာပိုကောင်းတယ်မှတ်တာပဲ။ ဦးမြင့်တို့ ကျော်သိန်းတို့ တည်ခင်းတဲ့နေ့လယ်စာစားပြီး ဗိုက်က ခပ်တင်းတင်းနဲ့ ယူဘီပေါ်မှာ ရှုခင်းတွေ ဖိမ်နဲ့ကြည့်ရင်း လိုက်လာခဲ့တယ်။ နယ်ပိုင်ကြီးလာပါလျက် သူကြီးမိသားစုတည်ခင်းတဲ့ နေ့လယ်စာဟာ သူကြီးအိမ်ထမင်းဟင်းမို့ ဖွယ်ဖွယ်ရာရာရှိလှတယ်။ နယ်ပိုင့်မျက်နှာလည်းပါမှာပေါ့။ စိတ်ကူးထဲမှာတော့ တရားဟောဆရာနဲ့ ဆရာမဆီ စာရေးဖို့ စာလုံးတွေ စီကုံးနေမိတယ်။

ခန္တီးရောက်တော့ အိမ်ကို မပြန်သေးဘဲ ဆေးရုံကို ဝင်ပြီး လူနာအခြေ

အနေ ဝင်ကြည့်တယ်။ လူနာအသစ်မရှိပါဘူး။ လူနာအဟောင်းတွေကိုပဲ ဗွတ်အီးဗနင်း လိုက်လုပ်ရတာလေ။

အိမ်ပြန်ရောက်တော့ ရေမိုးချိုး ညစာစားပြီးတော့ စာရေးစားပွဲမှာ ထိုင်တယ်။ အိုင်ယာလန်ကို စာရေးဖို့ ကျွန်တော် ပြင်ဆင်တယ်။ ယူဘီပေါ်မှာ စာစီကုံးထားတာတွေ ပြန်စဉ်းစားပြီး ချရေးလိုက်တာပဲ။

အဓိကကတော့ သူတို့ရဲ့ဆေးခန်းလေးဟာ သပ်ရပ်လှပတဲ့အကြောင်း၊ ဒီလိုသပ်ရပ်လှပမှုဟာ လူနာကို ရောဂါဝေဒနာတစ်ဝက် သက်သာစေကြောင်း ပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်တာက ပထမစာကြောင်းမှာ ပါတယ်။ ဆေးခန်းက ငှားယူခဲ့တဲ့စာရင်းကိုလည်း တစ်လုံးတစ်ခုမလွဲစေရ ဘူး။ အတိအကျရေးလိုက်တယ်။ ခန္တီးဆေးရုံရဲ့ ဆေးသုံးပစ္စည်း အခြေအနေနဲ့ လူနာများပုံလည်း ထည့်ရေးလိုက်တယ်။ ကျွန်တော့်မှာ ဆရာဝန်ရှိတယ်။ လူနာတွေက အများကြီး။ ခွဲစိတ်ဆရာ လက်နက်မပြည့်မစုံဖြစ်နေလို့ အခုလို ငှားရမ်းသုံးစွဲရတာ ခွင့်ပြုစေချင်ပါတယ်။ ကာယကံရှင်တွေကို တိုက်ရိုက် ခွင့်မတောင်းဘဲ တရားဟောဆရာ ဦးမြင့်နဲ့ ဆေးခန်းကို စောင့်ရှောက်နေတဲ့ ကျော်သိန်းတို့ကိုပဲ ခွင့်တောင်းခဲ့တဲ့အတွက်လည်း တောင်းပန်ပါတယ်။ ဆရာတို့ ဆရာမတို့ရဲ့ မွန်မြတ်တဲ့စိတ်ဓာတ်ကို လေးစားစွာ ဂုဏ်ပြုအပ်ပါတယ်။ ဆရာတို့ ဆရာမတို့ရဲ့အလုပ်ကို ကျွန်တော် ဆက်လက်တာဝန်ထမ်းတယ်လို့ အောက်မေ့ပါ။ ဆေးဝါးများ အကူအညီပေးလိုလျှင်လည်း အိန္ဒိယနိုင်ငံမှ တစ်ဆင့်ပို့လို့ လှူလို့ရတဲ့အကြောင်းလည်း အောက်နားမှာ ပါတယ်။

ဒီစာကို ခန္တီးစာတိုက်ကနေ တံဆိပ်ခေါင်းအလုံအလောက်ကပ်ပြီး အိုင်ယာလန်နိုင်ငံအထိ ပို့လိုက်တာ။ ရောက်မယ်ထင်တဲ့တပည့်တွေလည်း ရှိတယ်။ မရောက်ဖို့များတယ်လို့ အတွေးရှိသူတွေလည်း ရှိတယ်။ အဲဒီစာ ရောက်သွားပါပြီတဲ့ ဆရာမောင်နဲ့က စာပြန်မယ်လို့ တွေးထင်သူလည်း ရှိတယ်။ ဟင့်အင်း အရေးလုပ်ပြီး စာပြန်နေပါဦးမယ်။ သူတို့ကို ပြည်နှင်ဒဏ် ပေးထားတဲ့နိုင်ငံကို အဖက်လုပ်ပြီး စာရေးနေပါဦးမယ်။ ဒီလိုစဉ်းစားသူလည်း ရှိတယ်။

ကျွန်တော်ရေးတဲ့စာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသဗျ။ စာလည်း ပြန်ရေးသဗျ။ ဒါပေမဲ့ သူတို့ရေးတဲ့စာ ကျွန်တော့်လက်ထဲ မရောက်ဘူး။

တစ်နေ့တော့ လူတစ်ယောက် မျက်နှာထားတင်းတင်းနဲ့ ရောက်လာတယ်။ ဝတ်စားထားတာတော့ သန့်သန့်ပြန့်ပြန့်ပါပဲ၊ ကျွန်တော့်ကို မေးစရာ ပြောစရာရှိလို့ပါလို့ ပြောပြီး သူသိချင်တာတွေ မေးတယ်။ ကျွန်တော့်အဖေ

နာမည်၊ အမေနာမည်။ ကျွန်တော့် မွေးနေ့ မွေးလနဲ့ ခုနှစ်။ ငယ်ငယ်က နေခဲ့တဲ့ ကျောင်း၊ ဆယ်တန်းအောင်တဲ့နှစ်၊ တက္ကသိုလ်အောင်ပြီး ဘွဲ့ရတဲ့နှစ်။ အလုပ်ဝင်တဲ့နေ့ကနေ ဒီပြောင်းလာတဲ့အထိ ဘဝဖြတ်သန်းမှုအကျဉ်း။ မိန်းမ နာမည်၊ မိန်းမဘက်က မိဘနှစ်ပါးရဲ့ ဇာတိနဲ့ နေရပ်လိပ်စာ၊ တပ်မတော် အမှုထမ်းထဲမှာ ဆွေမျိုးရှိသလား၊ ဘယ်မှာ ဘာအဆင့်နဲ့ တာဝန်ထမ်းနေ သလဲတွေရော။

ကျွန်တော် အကုန်ပြောတာပါ။ ကျွန်တော်က ရာထူးတက်စရာရှိလို့ ဒီလို စစ်စစ်ပေါက်ပေါက်မေးနေတာ ထင်လို့ စီးကရက်တောင် ထုတ်တည် ခင်းလိုက်သေးတယ်။ ဒါပေမဲ့ ဒီမောင့်လေသံက မာလှချေ။ မျက်နှာကြော ကလည်း တင်းလှချေလားလို့တော့ အောက်မေ့မိသေးတယ်။ သူ့ခမျာ မနက်စာ မစားရသေးလို့ စိတ်ပင်ပန်းလို့ ထင်ပါရဲ့။ ကိုယ့်လူလို့ ထင်တာကိုး။

"နိုင်ငံခြားမှာ အသိဆရာဝန်ရှိသလား"

"ဟင့်အင်း မရှိပါဘူး"

"မစ္စတာ... နဲ့ မစ္စစ်... တို့ကို သိလား"

အဲဒီမေးခွန်းမှာ ကျွန်တော် နည်းနည်းသဘောပေါက်သွားပြီ။ ရိပ်မိ ပြီ။

"မသိဘူး"

နောက်မေးခွန်းတွေ မေးတော့လည်း ကျွန်တော် ဘူးခံလက်စနဲ့ ဘူးခံ တော့တာပေါ့။ နောက်တော့ သူက ဖြေမေးလေး မေးတယ်။

"ခင်ဗျားက ဘာဖြစ်လို့ အိုင်ယာလန်ကို စာရေးတာလဲ။ ခင်ဗျား ရေးလိုက်တဲ့လိပ်စာရှင်က ကျွန်တော်တို့ မောင်းထုတ်ထားတဲ့ လင်မယား လေ"

"မရေးပါဘူး"

"ရေးပါတယ်၊ ဒီမှာ သူတို့ဆီက စာပြန်လာတယ်"

ဒီတော့မှ ကျွန်တော် ရှင်းပြလိုက်တယ်။ ကျွန်တော် ဗုဒ္ဓဘာသာပါ၊ ခုနက မေးတုန်းကလည်း ဗုဒ္ဓဘာသာလို့ ဖြေပြီးပါပြီ။ ကျွန်တော် သူတို့ ဘာသာကို သာသနာပြုနေတဲ့ သူလည်း မဟုတ်ဘူး။ ကျွန်တော့် လုပ်ရပ်တွေ မှာ နိုင်ငံရေးမပါဘူး။ ကျွန်တော် ကျန်းမာရေးဝန်ထမ်း၊ ကျန်းမာရေးလုပ်ငန်း လုပ်နေတာ၊ သူတို့ဆီက ငှားခဲ့တဲ့ပစ္စည်းတွေနဲ့ ဒီမှာ လာတဲ့ လူနာတွေကို ခွဲစိတ်ပေးနေတာ၊ နိုင်ငံတော်က ပစ္စည်းပို့တာ မဟုတ်ဘူး။ ကျွန်တော်နဲ့အတူ နယ်ပိုင်ပါတယ်။ သာသနာပြုသလား၊ နိုင်ငံရေးပြောသလား လုပ်သလား၊ နယ်ပိုင်ကို မေးလို့ရပါတယ်။ ဒီလိုစာရေး အကူအညီမကောင်းစေချင်ရင် နိုင်ငံတော်က ပို့ပါလား။

"မဟုတ်ပါဘူး၊ ကျွန်တော် ဝတ္တရားအရ မေးတာပါ။ ခင်ဗျား ဘာကြောင့် ဆက်သွယ်သလဲ၊ သိထားဖို့ပါ၊ ကျွန်တော်တို့လည်း အထက်က တာဝန်ပေးလို့လာတာပါ"

* * *

## အံ့မခန်း အပေါင်ပစ္စည်း

ခရစ်ယာန်မိုင်းဒေါင်းက ပစ္စည်းတွေနဲ့ ကျွန်တော် လူနာတော်တော်များများ ခွဲစိတ်သက်သာပျောက်ကင်းစေတယ်။ ရှမ်းမိုင်းဒေါင်းကရော မိုင်းဒေါင်းနှစ်ရွာစလုံးက ကျွန်တော့်ဆီကို လာကြတယ်။ သာသနာပြု ဇနီးမောင်နှံမှာ ဓွျန်ဆင်စက်တပ် စက်လှေမော်တော်ဘုတ်လေးတစ်စင်းရှိတယ်။ သူတို့ အဲဒီဓွျန်ဆင်ဘုတ်မှာ အဖြူရောင်လေးနဲ့ တရားဟော၊ သာသနာပြု၊ ဆေးကုလုပ်နေကြတာ။ မိုင်းဒေါင်းက မိတ်ဆွေတွေက နောက်တော့ အဲဒီဓွျန်ဆင်ဘုတ်လေးကို သူတို့ယူလာပြီး ကျွန်တော့်လက် အပ်တယ်။ ဆရာဝန်ကြီး ခရီးထွက်စရာရှိရင် သုံးပါတဲ့။

ကျွန်တော် မျှော်လင့်မထားပါဘူး။ ဝမ်းသာတယ်။ ဒါပေမဲ့ ကြာကြာဝမ်းမသာနိုင်ဘူး။ ကျွန်တော့်မှာ မော်တော်ဘုတ်ရှိပြီး ဓာတ်ဆီမရှိဘူး။ ဓာတ်ဆီက စစ်တပ်မှာတောင်မှ မူးရင် ရှူဖို့လောက်ရှိတာ။ ကျွန်တော် သိပ်ကို အရေးကြီးလို့ မစီးမဖြစ်မှ စီးတယ်။ ဒီအတိုင်းရပ်ထားရတာ များပါတယ်။ နောက်တော့ မိုင်းဒေါင်းသားတွေလက်ပဲ ပြန်အပ်လိုက်တယ်။ သူတို့က ပိုက်ဆံစုပြီး လိုအပ်တဲ့နေရာမှာ သွားချင်ရင် သွားလို့ရသေးတယ်။ ကျွန်တော်က ပိုက်ဆံမှမရှိတာ၊ ဓွျန်ဆင်ဘုတ်က ခရီးကမ်းက ခွာရတယ်လို့မှ မရှိဘဲ။

သူတို့ကို အတုယူဖို့ကောင်းတယ်။ ဟိုး မြန်မာပြည်မြောက်ဖျားပူတာအိုနယ်ထဲကနေ ကျွန်တော်တို့ ခန္တီးနယ်တစ်လျှောက် ပတ်ကွိုင်တောင်ကြောတစ်လျှောက် သာသနာပြုလာကြတာ။ ပတ်ကွိုင်တကြောမှာ ရွာဆယ်ရွာရှိရင် ခုနစ်ရွာက ခရစ်ယာန်တွေ၊ နန်းယွန်း၊ ပန်ဆောင်ဘက်က ခရစ်ယာန်များတယ်။ နာဂတောင်တန်းအလယ်ပိုင်းမှာပဲ ဘာသာမဲ့တွေ၊ နတ်ကိုးကွယ်တာတွေ ရှိနေတာ။ တောင်နဲ့မြောက်ကို သူတို့ သာသနာပြုက လက်လှမ်းမီတယ်။ လေရှီးတို့ ဆွမ်မရာတို့ ပန်ဆတ်တို့မှာ ဘုရားရှိခိုးကျောင်းနဲ့ ဟောလိမေရီတွေ ရွတ်ကြ ဆိုကြ ဘုရားရှိခိုးကြတာလေ။

အင်္ဂလိပ်အစိုးရက သူ့အမှုထမ်းနဲ့ စစ်တပ်အရာရှိအတွက် နာဂတောင်တန်း လေရှီးမှာ ခုတင် ၂ လုံး ဆေးရုံရှိတယ်။ ပေနှစ်ဆယ် ဆယ့်ငါးပေလောက် ကျယ်မယ်ထင်တယ်။ အကျအန ဆောက်ပေးထားတာ။ ဆွမ်မရာမှာ ဆေးရုံရှိတယ်။ အိန္ဒိယနဲ့ နီးနီးလေး။

စတုရန်းမိုင်ပေါင်း တစ်သောင်းနဲ့ သုံးထောင့်ငါးရာကို ကျွန်တော် အုပ်ချုပ်ရတယ်။ Unsurveyed area အန်ဆာဗေးဧရိယာလို့ ခေါ်တယ်။ ခန္တီး၊ အမ်ဆောင်၊ ဒုံဟီး၊ ထမံသီ၊ လေရှီး၊ ဆွမ်မရာ၊ ပန်ဆတ်နယ်တွေပဲ။ အင်္ဂလိပ်ခေတ်က တည်ခဲ့တဲ့ ဆေးရုံခွဲလေးတွေ။

အိန္ဒိယဆရာဝန်တွေ ငှားပြီး ကုသခဲ့ဖူးတယ်။ မန်းသခင်တို့ခေတ်အထိပဲ။ ဒီဘက်ခေတ်မှာ အဲဒီဆရာဝန်တွေ မငှား တော့ဘူး။ ဦးနုလက်ထက်အထိ ငှားခဲ့သေးတယ်။ ဒီဘက်ခေတ်မှာ ကွန် ပေါင်ဒါပဲ ရှိတော့တာ။ ခြောက်မြို့နယ်မှ သိန်းလှိုင်ဆိုတဲ့ ဆရာဝန်တစ်ယောက် တည်း သွားရေးလာရေးက ခက်ပါဘိနဲ့။

မြစ်ကြီးနားက ဦးဇော်ဂမ်နဲ့အဖွဲ့က ကျွန်တော့်ကို အများကြီးကူညီခဲ့တယ်။ လေယာဉ်ပျံနဲ့ ဆေးတွေတင်တယ်။ စားစရာတွေလည်း ပါတတ်တယ်။ ကျွန်တော့်ရဲ့ဘဝမှာ အမှတ်ရစရာတွေ အများကြီးထဲက တစ်ခုကတော့ တောင်တန်းတွေပေါ် ပထမဆုံးထွက်ခဲ့တဲ့ ခရီးစဉ်ပဲ။ ကျွန်တော့်ခရီးစဉ်ကို လိုက်မယ့်သူတစ်ယောက်မှ မရှိဘူး။ နောက်ဆုံး ကံကောင်းတာ တစ်ဦးသွားတွေ့တယ်။ ကျောက်ထိုးဆရာ သာလှုဆိုတဲ့လူကို ကျွန်တော် အဖော်ခေါ်သွားတယ်။ သူက ကျွန်တော့်ထက် အသက်ကြီးတယ်။ ခလေ ၅၂ တပ်ရင်းမှူးဆီက ကျောပိုးအိတ်နှစ်အိတ်ငှားပြီး ပစ္စည်းတွေထည့် ခရီးထွက်တော့တာပဲ။

တစ်နေ့ကို တစ်ရွာ။ တစ်ရွာမှာ တစ်စခန်းချ ဒီနည်းနဲ့ တရွေ့ရွေ့သွားကြတာပဲ။ လဟယ်အထိ သွားကြတာ။ လည်ပင်းကြီးတွေ့တဲ့ရွာမှာ ခွဲတော့တာပဲ။ သစ်ပင်ရိပ်အောက်၊ အိမ်တံစက်မြိတ်အောက်၊ တွေ့တဲ့နေရာမှာ ခွဲခဲ့တယ်။ လောက်ဆောက်ရွာက ခန္တီးနဲ့နီးတော့ ကျွန်တော့်သိတဲ့လူ ရှိတယ်။ သူတို့နည်းနည်းယဉ်ကျေးတယ်။ ဟတ္ထိဆိုတဲ့ရွာမှာ ဦးနုရဲ့ ပြည်တော်သာ စီမံကိန်းတုန်းက ဆောက်ပေးထားတဲ့ သွပ်မိုးအိမ် အလုံး ၂၀ လောက် ရှိတယ်။ ဒါပေမဲ့ နာဂတိုင်းရင်းသားတချို့က သွပ်မိုးအိမ်ကို မကြိုက်ဘူး။ နတ်ကိုက်တတ်တယ်လို့ အယူရှိကြတယ်။ ကျွန်တော် ခရီးသွားစဉ်မှာ သူတို့ နေထိုင်ပြုမူပုံတွေက သိပ်ဆန်းကြတယ်။

ဥပမာ–လူနှစ်ယောက် တစ်ဦးက တစ်ဦးကို ခေါင်းမှာတွယ်တဲ့သန်းရှာပေးတယ်။ သန်းတွေ့ရင် ရအောင်ဖမ်း၊ ဆံပင်ထဲက ဆွဲနုတ်ပြီး ကာယက်

ရှင်လက်ထဲကို ထည့်တာ။ ကာယကံရှင်က အဲဒီသန်းကို ပါးစပ်ထဲထည့်ပြီး သွားနဲ့ ဖိကိုက်ပစ်တယ်။ နောက်က သန်းရှာပေးတဲ့သူက သန်းကို တွေ့လို့ ဆွဲနုတ်ပြီး ရှေ့က ကာယကံရှင်ကို မပေးဘဲ သူစားပစ်လိုက်ရင် ရှေ့က သန်း အရှာခံနေသူက ထတဲ့ပြီး ခုနက သူ့ကို သန်းရှာပေးနေသူရဲ့ ခေါင်းက သန်း တစ်ကောင်ဖမ်းပြီး သူ့ပါးစပ်ထဲထည့်တာ။ အကြွေးမထားဘူး၊ လက်စားချေ တာမျိုး ဆန်ဆန်တွေ လုပ်ကြတယ်။

"နောက်ဆန်းနောက်ကုန်း"ဆိုတဲ့ အရပ်က ကျောက်တောင်ကြီးကို အမှီ ပြုနေတာ၊ ရေ သိပ်ရှားတယ်။ နတ်ကိုးကွယ်တဲ့ရွာ။ သူ့ကို မဖြတ်ဘဲ ခရီး ဆက်လို့ မရဘူး။ ရှေ့ခရီးဆက်ချင်ရင် သူ့ရွာထဲက ဖြတ်ကိုဖြတ်ရမှာ။ အဲဒီ ရွာမှာ လည်ပင်းကြီးတစ်လုံးသွားတွေ့တယ်။ ကျွန်တော်ခွဲပေးချင်တယ်။ သူတို့ကို ချဉ်းကပ်တော့ မခွဲဘူးတဲ့၊ လက်မခံဘူး။ တဲအလွတ်ကြီးတစ်တဲရှိတယ်။ ဘိုတဲလိုဟာမျိုး၊ အခန်းတွေဘာတွေဖွဲ့မထားပါဘူး။ အဲဒီညမှာ ညအိပ်ရ တယ်။ သူ့ကိုတွေ့ပါလျက်နဲ့ အမျိုးသားက အခွဲမခံတာ စိတ်ထဲမှာ မကျေ မနပ်ဖြစ်သလိုလို။ လူက အပင်ပန်းခံပြီး လာကြရတာ၊ အူယားသလိုလို။ မရတဲ့အဆုံး အန်မော်ကို ခရီးဆက်ကြရတယ်။ အန်မော်မှာ စစ်တပ်က ကင်း တစ်ဖွဲ့တပ်စွဲထားတယ်။ အန်မော်က ရွာကြီးဆိုတော့ ဒီ့ပြင်ရွာက နာဂတွေ ဝင်ထွက်သွားလာနေကြတဲ့ရွာ။

အန်မော်ရောက်တော့မှ ကျွန်တော့်အကြောင်း နောက်ဆန်းနောက်ကုန်း ရွာသားတွေ သိသွားကြတယ် ထင်ပါရဲ့။ ကျွန်တော် ကမ်းလှမ်းတုန်းက နီး... ဟင့်အင်းဆိုတဲ့ ပုဂ္ဂိုလ်ခွဲချင်တယ်ဆိုပြီး အန်မော်ကို လိုက်လာတယ်။ ဒါဆိုရင်လည်း ခွဲကြစို့။ ကြိမ်ဖျာမရှိဘူးလား။ ရှိရင် ခင်းကွာဆိုပြီး ကြိမ်ဖျာ ခင်းပြီး ခွဲတာ။ အကူတစ်ယောက်မှ မပါဘူး။ ကိုသာလူက ကျောက်ထိုးဆရာ၊ ဘာမှ မလုပ်တတ်ဘူး။ ဧည့်သည်တွေနဲ့ သွားစကားပြောနေတယ်။

ကျွန်တော် စခွဲလို့ သုံးမိနစ်လောက်ရှိသေးတယ်။ ကိုသာလူက မျက်စိ ပျက် မျက်နှာပျက်နဲ့ ကျွန်တော့်အနားလာပြီး ဆောင့်ကြောင့်ထိုင်တယ်။

"ဆရာ ဒါကြီးဆက်မခွဲဘဲနဲ့ ပြန်ပိတ်လို့ မရဘူးလား"

ကျွန်တော် တစ်ယောက်တည်း အကြိတ်အနယ်အားထုတ်နေချိန်မှာ ကိုသာလူက စကားဆန်းလာဆိုတယ်။

"ဘာ... ဘာဖြစ်တယ်"

"ဆရာ ဆက်မခွဲနဲ့ ပြန်ချုပ်လိုက်တော့"

"ဘာဖြစ်လို့လဲ ကိုသာလူ"

"သူတို့ချင်းပြောနေကြတာ သေသွားရင် ခေါင်းယူမယ်တဲ့"

"ခေါင်းတင်မကဘူး၊ သူတို့လူသူတို့ တစ်ကိုယ်လုံးယူသွားရမှာပေါ့"

"မဟုတ်ဘူး။ ဆရာ့ခေါင်းကို ယူမယ်လို့ ပြောတာ"

"ဟော..."

"ဒီမှာက သွေးတွေထွက်လို့ သွေးကြောတွေညှပ်နဲ့လိုက်ညှပ်နေရတာ၊ အေးရတဲ့ကြားထဲ မျက်နှာကို ချွေးစို့နေပြီ။ ကိုသာလူပြောတာ သံသယဖြစ်လို့ နာဂတွေလှမ်းပြီး မေးငေါ့ပြလိုက်တော့၊ သူတို့ ကျောဘက်က လက်ဝါးလောက်ရှိတဲ့ ဆောင်ဓားထုတ်ပြီး လည်ပင်းကို လှီးတဲ့ဟန် လုပ်ပြတယ်။

"ဟာ ကိုသာလူရာ ကျွန်တော်က ဘုရားမှမဟုတ်တာ၊ နည်းနည်းပါးပါး အတိမ်းအစောင်းတော့ ရှိချင်ရှိမှာပေါ့။ ဒါပေမဲ့ ကျွန်တော့်ခေါင်းကို အပေါင်လုပ်ပြီးခွဲရတာတော့ စိတ်မချမ်းသာဘူးဗျာ" ကိုသာလူကို မကြည့်အားပါဘူး၊ လုပ်စရာရှိတာ မြန်မြန်ထက်ထက်ပြီးစီးအောင် ကြိုးစားနေရတယ်လေ။

"ဖြစ်နိုင်ရင်တော့ ပြန်ချုပ်ပေးလိုက်တာ ကောင်းတယ် ဆရာ"

"ဘာဖြစ်လို့လဲ"

"ဆရာတပည့်နှစ်ယောက်လာတာလေ၊ ကျွန်တော်ပါ အဆစ်ပါချင်ပါနေမှာ၊ ပြောလို့ မရဘူးဆရာ"

"ဩော် ကိုသာလူရယ် ဒီလောက်တော့ ရက်စက်မယ်မထင်ပါဘူး ကိုသာလူ ဟုတ်ရဲ့လား ထပ်မေးစမ်းပါဦး"

ကျွန်တော့် အလုပ်ဆက်လုပ်ရင်းမေးတော့ ကိုသာလူ နောက်ဆန်းနောက်ကုန်းရွာသားတွေဆီ ထသွားတယ်။ ဘာမှဝေးတာမှ မဟုတ်ဘဲ။ ခြေလှမ်း လေးငါးလှမ်းအကွာကနေ ကြည့်နေကြတာလေ။ ကျွန်တော် နာဂ စကားမတတ်ပေမဲ့ အသံတွေက ကြားနေရတယ်။ ကိုသာလူက အနေကြာတော့ နည်းနည်းတတ်တယ်။

"ဟုတ်တယ်ဆရာ၊ သူတို့လူ လည်ပင်း ပုံမှန်ပြန်ဖြစ်ရင်တော့ ဆရာဟာ လူမဟုတ်ဘူး၊ နတ်ပဲ ဖြစ်ရမယ်တဲ့ ဒါပေမဲ့ သူတို့လူ ခြေချော်လက်ချော် တစ်ခုခုဖြစ်သွားရင်တော့ ဆရာ့ခေါင်းကို သူတို့ ယူသွားကြမှာတဲ့"။

"မတတ်နိုင်ဘူး ကိုသာလူ၊ ကျွန်တော်က စေတနာနဲ့ ခွဲပေးနေတာ"

"သူတို့က အဲဒီစေတနာတွေ ဝေဒနာတွေ နားမလည်ဘူးဆရာ"

"ကဲ မတတ်နိုင်ဘူးဗျာ၊ မြန်မာပြည်ဆေးလောကမှာ ဖြစ်ရပ်ဆန်း တစ်ခု မှတ်တမ်းဝင်တာပေါ့။ ခေါင်းကိုပေါင်ပြီး ခွဲတဲ့ဆရာဝန်ပဲပေါ့။ သူတို့ ခုတ်လိုက်လို့ သေသွားရင် ကျွန်တော့်ဘဝ ပြီးသွားပြီပေါ့။ ကိုသာလူ သူတို့

အမှုမပတ်အောင် ကြာသာ ပြောပေတော့”

ကျွန်တော် စကားတပြောပြောနဲ့ ခွဲနေစိတ်နေတဲ့ အနားကို သူတို့ တဖြည်းဖြည်းတိုးလာပြီး ကြည့်ကြတယ်။ ကိုသာလှကတော့ စိုးရွံ့တဲ့ အားငယ်တဲ့မျက်နှာလေးနဲ့။ နာဂအမျိုးသားတစ်ယောက်က သူ့ဘာသာလည်ချောင်း ရှင်းချင်လို့ ချောင်းဟန့်တာကိုပဲ ကိုသာလှခမျာ တွန့်ခနဲ ဖြစ်သွားလိုက်သေးတယ်။ ခဏနေတော့ သူ့မျက်လုံးမှာ မျက်ရည်တွေဝဲနေပြီ။

အလုံးကြီးထွက်လာတော့ သူတို့အထဲက လူကြီးလို့ထင်ရတဲ့ ပုဂ္ဂိုလ်က သေသေချာချာလာကြည့်ပြီး သူ့လူကို စကားတွေပြောတယ်။ ကျွန်တော့် အထင်တော့ မင်းကိုခွဲပြီးပြီ၊ အလုံးမှ အကြီးကြီး ထွက်သွားပြီ၊ ဘယ့်နှယ့် နေသလဲ၊ နာသလား၊ ဒါမျိုးတွေ မေးနေတာ နေမှာပေါ့။ ကျွန်တော်ကတော့ ခတ်ပုံမှတ်တမ်းတင်ထားလိုက်ပြီး အဲဒီအလုံးကြီးကို လွှင့်ပစ်မယ်လုပ်တော့ မပစ်ပါနဲ့ သူတို့ကို ပေးပါ။ ရွာကို ပြန်ယူသွားရမယ်။ ရွာက နတ်ဆရာကို ဒီအလုံးကြီး ပြရမယ်။ ဒါ ဘယ်ရွာက ပြုစားထားသလဲ ဖော်ထုတ်ရမယ်တဲ့။

ဒီတစ်ယောက်နဲ့တင် သူတို့ ကျွန်တော့်ကို နတ်တစ်ပါးလို့ ထင်ကြပြီး ပေါင်မှာထွက်နေတဲ့ အလုံးလာပြတယ်။ ခွဲထုတ်ချင်တယ်တဲ့။ ကျွန်တော် ခွဲပေးလိုက်တယ်။ အခွဲခံရတဲ့သူကို ဝိုင်းမေးကြတာပဲ။ ဆူလို့ ညံလို့။

တစ်နေ့လယ်တော့ ထူးထူးဆန်းဆန်း လူနာတစ်ယောက်လာပြတယ်။ ဗိုက်ပေါက်တဲ့လူနာ။ အူတွေထွက်ကျတာကို သူတို့ဘာသာ ပြန်ထည့်ကြပြီး ရှောက်ပင်က ဆူးနဲ့ ပေါက်တဲ့ဗိုက်ကို သပ်လျှိုသလို ရှောက်ဆူးတွေနဲ့ တွဲချုပ်ထားတဲ့လူနာ။ ဆူးအရင်းက ဖိနပ်ရိုက်တဲ့သံမှိုက နောက်ပိတ်မှိုပွင့်လေးလို ဖြစ်နေလေတော့ အဲဒီဆူးရင်းကို အားပြုပြီး ချုပ်ထားတာ။

“ဒါ ဘာဖြစ်လာတာလဲ”

“နွားဝှေ့လိုက်လို့ ဗိုက်ပေါက်သွားတာ ဆရာ”

ကိုသာလှက နာဂတွေပြောတာကို ဘာသာပြန်ပြောတော့ ကျွန်တော် တော်တော် အံ့ဩသွားတယ်။ ဒီလိုလုပ်နည်းလုပ်ဟန်မျိုးဟာ ကမ္ဘာဦးတုန်းက လူတွေ လုပ်ကြတဲ့ လုပ်နည်းလုပ်ဟန်ပဲ။

သူတို့စိတ်ကူးကို ချီးကျူးမိသလို အံ့လည်း အံ့ဩမိတယ်။ လူသားတွေရဲ့ စိတ်ကူးကို အံ့မခန်းဖြစ်မိတယ်။ စမ်းသပ်ပြီး ချောင်းဆိုးစမ်းပါဦးလို့ပြော၊ သူ ချောင်းဆိုးပြတယ်။ အဲဒီအခါ အူတွေက ဖောင်း၊ ဖောင်းလာတယ်။

ဒါနဲ့ ကျွန်တော် ပြန်ချုပ်ပေးရမလားလို့ ကိုသာလှကတစ်ဆင့် အမေး ခိုင်းတော့ ချုပ်ပေးပါဆရာတဲ့။ ကျွန်တော်ကလည်း သူတို့ သီလာကြတဲ့

ရောက်ဆူးတွေ တစ်ချောင်းချင်းပြန်ဖြုတ်ပြီး ကျကျနနချုပ်ပေးလိုက်တယ်။ ရောက်ဆူးတွေ တစ်ချောင်းချင်းဖြုတ်တာကို ဒီမောင်တစ်ချက်မတွန့်ဘူး မျက်နှာတစ်ချက်မရှုံ့ဘူး။ ကွပ်ပျစ်ပေါ်မတက်ခင် ခေါင်တစ်ခွက်စီသောက်ကြသေးတယ်။ ၇ ရက်ပြည့်တဲ့အခါ ချုပ်ရိုးဖြေရအောင် ခန္တီးလာခဲ့ဖို့ ချိန်းလိုက်တာ၊ ပေါ်မလာဘူး။ နောက်အတော်ကြာတော့ သူတို့ရွာကလူတွေလာလို့ မေးကြည့်တာ၊ ချုပ်ရိုးကို သူ့ဘာသာပဲ ဓားနဲ့ ဖြေလိုက်ပြီတဲ့။

ကျွန်တော် အကူကျတာတွေလည်း ခွဲပေးခဲ့တယ်။ သူတို့ခမျာ အထက်မှာဖောင်းရင်ဖောင်း၊ အထက်မှာ မဖောင်းရင် အောက်မှာ ဖောင်းကြတာများ တယ်။ ခရီးသာထွက်ခဲ့တာ၊ ပါတာက တက်ထရောဆိုက်လင်းပုလင်းတွေ ပါတယ်။ ၁၆ တောင့်ပါတဲ့ ဘီပီအိုင်ထုတ်တွေ၊ ဆေးထိုးအပ်တစ်စုံပါတယ်။ ထုံဆေးပါတယ်။ ဂွမ်းပတ်တီးလိပ်၊ ဘာမှမပါဘူး။ ပိတ်စတစ်စပါတယ်။ အဲဒါ ရေလျှော်ပြီး ထည့်လဲသုံးခဲ့တာ။ ပိုးသတ်ဖို့ဆိုတာ အဝေးကြီး၊ ခွဲစိတ်ပြီးရင် ဆေးစရာရေမရှိဘူး။ ရေရှားတယ်။ လက်မဆေးဘဲ ခွဲခဲ့စိတ်ခဲ့တာ။

သူတို့ကို ခန္တီးလာပြီး ချုပ်ရိုးဖြေဖို့ စည်းရုံးတာ မလာချင်ဘူး၊ ချုပ်ရိုးကိုယ့်ဘာသာဖြေကြမယ်တဲ့။ ဝါးကြောကိုသပ်ပြီး ချုပ်ရိုးဖြေမှာတဲ့။ ကျွန်တော့်ကို သူတို့ ရောက်ဆူးအပြင် နောက်တစ်နည်းနဲ့ ချုပ်လို့ရကြောင်း နမူနာတစ်ခုလုပ်ပြတယ်။

ဝါးလုံးကို ဓားနဲ့ ပထမစိတ်တယ်။ သူတို့လုပ်ချင်တဲ့အရွယ်စိတ်ပြီးမှ ဝါးကို ဓားနှောင့်နဲ့ ထုပြန်ရော။ အရမ်းကာရောထုတာ မဟုတ်ဘူး။ အတိုင်းအဆနဲ့ ထုတာ။ ပြီးမှ အမှုန်အမွှားတွေစင်အောင် ခွာပစ်ပြီး သွားနဲ့ကိုက်ပြီး ဖျင်တာ။ အဲဒီအခါ ချုပ်စရာအပ်ကလေး နောက် ဝါးမျှင်လေးက တန်းလန်းပါလာတယ်။ ဟုတ်ပေသားပဲ။ အပ်နဖားမပါတဲ့ အပ်နဲ့ကြိုးနဲ့ပါလား၊ ထိပ်ပိုင်းကို ချွန်တာတော့ သူတို့ ဆောင်ဓားကြီးနဲ့ ချွန်တာပဲ။

ညနေစောင်းတော့ သူတို့ရွာသူတို့ ပြန်ကြတဲ့အခါ ကိုယ့်လည်ပင်းကထွက်တဲ့အလုံးကိုကိုင်ပြီး ပြန်သွားကြတာပဲ။ သူတို့ ယုံကြည်တာ သူများပြုစားတယ်လို့ ယုံကြည်တာလေ။ လမ်းမှာ သီချင်းတကြော်ကြော်နဲ့ ပြန်ကြတာ။ သီချင်းက ချစ်ကြောင်းကြိုက်ကြောင်း မပါဘူး။ နှလုံးသားကလာတဲ့ခံစားချက်တေးပေမဲ့ ငါတို့ရွာကို ဟိုရွာ၊ ငါတို့ရွာကို ဒီရွာ ဘယ့်နှယ်လုပ်တာ ညာနှယ့်လုပ်တာ ငါတို့ မမေ့အပ်ဘူး။ ဒီလိုသီချင်းတွေဆိုကြတာ။ သားချော့တေးကလည်း ဒါပဲ။

* * *

# နာစာမှုဆေးလုံးကြီး

နောက်တစ်ရွာကို ကျွန်တော်တို့ ခရီးဆက်ကြတယ်။ ဒီရွာက ပိုခေါင်တယ်။ တောင်ထိပ်နားရောက်နေပြီ။ ရွှေ့ပြောင်းတောင်ယာလုပ်ကြတယ်ထင်ပါရဲ့။ တောင်ကမ်းပါးမှာ သစ်ပင်တွေရှင်းထားကြတယ်။ ကျွန်တော်တို့ ရွာထဲဝင်လာတော့ ခွေးတွေ ဆီးဟောင်ကြတယ်။ တချို့ခွေးတွေက အမြီးတိုတွေ။ ခွေးဟောင်သံကြားတော့ အိမ်ရှေ့ထွက်ကြည့်ကြတယ်။ အိမ်အောက်ကလူကလည်း ကျွန်တော်တို့ကြည့်ပြီး အိမ်ပေါ်တက်သွားကြတယ်။ ခဏနေတော့ အိမ်တံခါးတွေ အကုန်ပိတ်ထားကြတာ တွေ့လိုက်ရတယ်။

"ကိုသာလူ ဘာဖြစ်လို့ တံခါးတွေ ပိတ်ကြတာတုန်း"

ကိုသာလူ့မျက်နှာက ဆီးရွက်လောက်ပဲ ရှိတော့တယ်။ မျက်နှာငယ်လေးနဲ့။ ကျိုးကြည့်ကြောင်ကြည့် လုပ်နေတာ။

"သွားဗျာ၊ အနီးဆုံးအိမ်တံခါး သွားခေါက်ချေ"

"ဟာ... ကျွန်တော် မသွားရဲဘူး ဆရာ"

"ဘာဖြစ်လို့"

"လုံနဲ့ထိုးလွတ်လိုက်မှာ ဆရာ၊ အခုလိုအိမ်တွေ တံခါးပိတ်တာ အခြေအနေမလှဘူး၊ ကျွန်တော်တို့ကို မနှစ်သက်တဲ့သဘော၊ ရန်သူလို သဘောထားတဲ့အခြေအနေပဲ"

"ဟာ ဟုတ်သလား၊ ဒီလိုလား"

ကျွန်တော်တို့ဟာ သူတို့ရဲ့ ရန်သူမဟုတ်ဘူး၊ မိတ်ဆွေတွေပါ၊ ဒုက္ခပေးရအောင်လာတာမဟုတ်ဘူးဆိုတာ ဒီရွာသားတွေသိအောင် ဘယ်လိုလုပ်ရမလဲ ကျွန်တော် စဉ်းစားတယ်။ ရွာလယ်နားက သစ်ပင်ရိပ်တစ်ခုမှာ ကျွန်တော်တို့နှစ်ယောက် စတည်းချလိုက်ကြတယ်။ လေချွန်ရရင်ကောင်းမလား၊ သီချင်းလေးတပိုပိုနဲ့ဆိုရင် ရန်မမူဘူး၊ ရန်မူမယ့်သူတွေ မဟုတ်လောက်ဘူးလို့များ ခံစားနိုင်လေမလား။ ခံတွင်းချဉ်တဲ့အခါ စီးကရက်ထုတ်ဖွာရင်း သူတို့အရိပ်အကဲ လှမ်းအကဲခတ်တယ်။

ပထမဆုံး ခွေးတွေဟာ မဟောင်တော့ဘူး။ တဖြည်းဖြည်း အနားတိုးလာပြီး အနံ့ခံကြတယ်။ ကျွန်တော်တို့ ခွေးတွေကို မောင်းမထုတ်ကြဘူး။

"ကိုသာလူ ကျွန်တော်သတိထားမိတာကြာပြီ၊ တချို့ခွေးတွေက အမြီးတစ်ထွာလောက် ပြတ်တဲ့အကောင်နဲ့ တချို့ခွေးကျတော့ အမြီးငုတ်တုတ်နဲ့ အဲဒါဘာဖြစ်တာလဲ"ဆိုတော့ ကိုသာလူက ရယ်တယ်။

"သူတို့ စွပ်ပြုတ်လုပ်သောက်ထားတာ ဆရာတဲ့"။ သူက ခွေးမြီးစွပ်ပြုတ်ဆိုမှ ကျွန်တော့်ဗိုက်ဆာလာတယ်။ ဒါနဲ့ နို့ဆီဘူးတစ်လုံးထုတ်ပြီး အပေါက်ဖောက်ရတယ်။ နှစ်ပေါက်ဖောက်ပြီး ဆရာတစ်တပည့်နှစ်ယောက် တစ်ယောက်တစ်ပေါက်စီကနေ နို့ဆီစုပ်သောက်ကြတယ်။

"ကိုသာလူ ကျွန်တော်က ကုလားမခြင်းတောင်းဆွဲ တံဆိပ်အပေါက်က စုပ်မယ်။ ခင်ဗျားက နို့ဆီပါတဲ့ ပစ္စည်းတွေ ရိုက်ထားတဲ့ဘက် အပေါက်က စုပ်"

တစ်ယောက် သုံးကြိမ်စီလောက် နို့ဆီစုပ်လိုက် ရေသောက်လိုက်နဲ့ ဗိုက်ဖြည့်လိုက်ကြတယ်။ ညကျတော့လည်း မီးလေးဖိုပြီး အိပ်လိုက်တာပဲ။ သူတို့အတော်ကြာအောင် ကျွန်တော်တို့ကို အကဲခတ်နေကြတယ်။ နောက် တစ်နေ့နေလယ်လောက်မှာ အဘိုးကြီးတို့ အဘွားကြီးတို့ ထွက်လာကြတယ်။ ဒါပေမဲ့ ခပ်လှမ်းလှမ်းကနေ လာကြည့်တာ။

ကျွန်တော် သူတို့နဲ့ မိတ်ဆွေဖြစ်ချင်တယ်။ ဘာလုပ်ရင် ကောင်းမလဲ။ ကိုသာလူတတ်တဲ့စကားနဲ့ သူတို့နဲ့ စကားမတူတာထင်ရဲ့။ နောက်တော့ အကြံတစ်ခုရတယ်။ အဲဒါကတော့ ကျွန်တော်တို့ ကျောပိုးအိတ်ထဲမှာပါတဲ့ ပစ္စည်းတွေ တစ်ခုချင်းထုတ်ပြီး သူတို့ကို ချပြ၊ ဖြန့်ပြတဲ့နည်းပဲ။ ကျွန်တော်တို့ လူဆိုးတွေ၊ ရန်သူတွေ မဟုတ်ဘူး။ ဆရာဝန်ပါဆိုတာ သိအောင်လုပ်ရတာ။ ခွဲစိတ်တဲ့ဓားနဲ့ လည်ပင်းကို ခွဲတဲ့ဟန် လုပ်ပြတော့မှ သူတို့နားလည်သဘောပေါက်ကြတော့တယ်။

ဩော် ဒီပြင်ရွာက သူတို့အမျိုးတွေ၊ မိတ်ဆွေတွေ ပြောနေကြတဲ့ နတ်ဆိုတာ သူကိုး။ တစ်ယောက်စကား တစ်ယောက်ကြားပြီး သူတို့ အိမ်တံခါးတွေ ဖွင့်လာကြတယ်။ နောက်တော့ အူကျသူတွေ လည်ပင်းကြီးသူတွေ ရောက်လာကြတယ်။ ခွဲပေးလိုက်တယ်။ အဆင်ပြေတယ်။ အဲဒီအခါ ရွာမှာရှိတဲ့ နတ်ဆရာက ကျွန်တော်တို့ကို ဒီပြင်ရွာမသွားရသေးဘူးတဲ့။ ခွဲစိတ် ခံရတဲ့ လူနာတွေရဲ့ ကြွယ်ဝမှုနဲ့ ခွဲစိတ်တဲ့နေရာကိုလိုက်ပြီး သူက နတ် အတင်ခိုင်းတယ်။ အမျိုးသမီးဝေဒနာရှင်က ကြက်တစ်ကောင် နတ်ပူဇော်ခံရတယ်ဆိုရင် ရွာခံနတ်ဆရာက ကြက်ပေါင်တစ်ဖက် ယူတယ်။ ကာယကံရှင်နတ်တင်ဖို့ ရင်အုပ်တစ်ခြမ်း၊ ကျန်တဲ့ခေါင်းနဲ့ ရင်အုပ်နဲ့ ပေါင်တစ်ခြမ်းက ကျွန်တော့်ကို လာပေးရတာ။ ကျွန်တော့်ကို နတ်တစ်ပါးလို လာပြီး နတ်ရိုရိုသေသေတင်ကြတာ။

ဝက်ပေါ်ပြီး တင်တဲ့သူကလည်းရှိသေး၊ နွားနောက်ပေါ်ပြီး တင်ရင်

နတ်ဆရာနဲ့ ကျွန်တော်နဲ့ အချိုးချရတယ်။ ကျွန်တော့်အတွက်ရတဲ့ နတ်ပူဇော်တဲ့အသားတွေ၊ ရွာသူရွာသားတွေ အကုန်ပြန်ပေးပြီး အတူတူစားကြ၊ ခေါင်အတူတူသောက်ကြနဲ့ ချစ်ကြည်ရေးတည်ဆောက်ယူရတာပဲ။

နွားနောက်ဆိုပေမဲ့ တချို့က နွားနောက်စစ်စစ်၊ တချို့က ကပြားတွေ အိမ်မှာမွေးထားကြတာမှ မဟုတ်တာ။ တောထဲမှာ ကိုယ့်အမှတ်အသားနဲ့ ကိုယ်မှတ်ထားကြတဲ့ အကောင်တွေ၊ ဆားပုံပေးပြီး လာလာယက်ကြရတဲ့ အကောင်တွေ၊ တချို့လည်း နွားနောက်နဲ့ ကျွဲနဲ့ စပ်ကျ၊ တချို့လည်း နွားနောက်နဲ့ ပြောင်နဲ့ စပ်ကျ၊ တချို့လည်း နွားနဲ့စပ်ကျ၊ ဒါပေမဲ့ ပိုင်ရှင်က ကိုယ့်အကောင်ကိုယ်မှတ်မိကြတယ်။

ပေါ်ရမယ့်နွားနောက်ကို ယဇ်တိုင်မှာ သေသေချာချာ တုပ်နှောင်ထားတယ်။ သတ်တဲ့အခါ အသံမထွက်စေရဘူး။ အော်သံထွက်ရင် နတ်မကြိုက်ဘူး။ ပြီးတော့ ဝါးအချွန်နဲ့ထိုးကြတာ။ သိပ်ကျွမ်းကျင်တယ်။ နွားနောက်ဒါမှမဟုတ် ကျွဲဖြစ်ဖြစ် နွားဖြစ်ဖြစ်ပေါ်ပြီးပြီဆိုရင် ခေါင်းကို ယဇ်နတ်တိုင်မှာတင်ထားတယ်။ ကိုယ်ကို ထက်ခြမ်းခြမ်းတယ်။ ကျွန်တော်က နတ်ဆရာမို့တစ်ခြမ်းရတယ်။ ရွာခံနတ်ဆရာနဲ့ ကာယကံရှင်က တစ်ခြမ်းကို ယူကြရတယ်။

အဘိုးတွေ အဘွားတွေက ကျွန်တော်တို့ကို နားလည်သဘောပေါက်တော့ ပြောတဲ့စကားက

"နာစာ မူဆေးလုံဂီး"

နာစာဆိုတာ နတ်၊ မူဆေးဆိုတာ ဆေးကိုပြောတာ၊ လုံဂီးဆိုတာ လူကြီးလို့ ပြောတယ်။ နတ်ဆေးဆရာကြီးဆိုတဲ့ အဓိပ္ပာယ်။

"အိုး လူလိုးမြဲ လူလိုးမြဲ"

ကောင်းပြီ၊ ကောင်းပြီ၊ ဟုတ်ပြီ၊ ဟုတ်ပြီလို့ ပြောကြရင်း ရင်းနှီးလာကြတာ။ ကျွန်တော် သူတို့ကို အောက်ပြည်မှာလို လုံချည်၊ အင်္ကျီ ဘောင်းဘီတွေ ချွတ်ဟယ်၊ လှန်လှောရှာဟယ် လုပ်စရာမလိုဘူး။ ဖင်ကိုဖုံးတာလေး၊ လံကွတ်တီးလေးပဲ ဆင်ထားတာ၊ တချို့ ဘာမှတောင် ဖုံးမထားဘူး။ ငေါက်တောက်နဲ့ တွဲတောင်း။

အမျိုးသမီးတွေကလည်း ရင်ဘတ်က ဟောင်းလောင်း၊ အရှက်တော့လုံကြပါရဲ့။ သူတို့ရင်သားတွေ ဒီတိုင်းမြင်နေရတာ။ ဘက်နှစ်ဖက်မညီတာတွေ အကြိတ်တွေ၊ အလုံးတွေရှိနေတာ တွေ့တော့ ခွဲဖို့ စည်းရုံးရတယ်။

အမျိုးသားတွေ၊ အူကျတာကတော့ သူတို့လံကွတ်တီးနဲ့ မဆုံ့မပြဲတိုးထွက်နေကြတော့ အနားမှာရှိတဲ့ သူ့သူငယ်ချင်းကပွာယ်အိတ်ကို နမူနာ

ပြပြီး၊ ဒီဟာ မကောင်းဘူး၊ သူ့ဟာလို ပကတိအကောင်းဖြစ်ချင်းသလား၊ ခွဲပေးမယ် ဒီလို ဒီလို လက်ဟန် ခြေဟန်နဲ့ ပါးစပ်ကလည်း ပြော၊ ရှင်းပြရတယ်။

အောင်မြင်တယ်။ အမျိုးသမီးခွဲကြ စိတ်ကြခိုက် ခလရ ၅၂ က ဗိုလ်ကြီးတော်မလိုတို့ တပ်စိတ် တစ်စိတ် ကင်းလှည့်ခိုက်နဲ့ ကြုံတယ်။ ပရိသတ်စည်တော့တာပေါ့။ လွယ်လွယ်နဲ့ အခွဲခံတာတော့ မဟုတ်ဘူး။ သူ့ဘေးကမိန်းမဖော်တွေ ဝိုင်းပြောကြ တိုက်တွန်းကြတာလည်း ပါတာပေါ့။ စေတနာနဲ့ တိုက်တွန်းကြတာလည်း ဖြစ်သလို သူတို့ ကြည့်ချင် မြင်ဖူးချင်တာလည်း ပါမယ်။

ညီသွားအောင် ခွဲစိတ်ရင် ညီရင် တော်ပါရဲ့ မညီရင် ဘယ့်နှယ်လုပ်မလဲ။ သူတို့ ဒီလိုတွေးမှာ ဧကန်ပဲ။

"ခွဲစိတ်လို့ သေသွားရင် မင်းရဲ့ခေါင်းပေးမလား"

ဒီစကားဟာ ကိုသာလူထွင်ပြောတဲ့ စကားမဟုတ်ဘူး။ ကျွန်တော်သူတို့စကား နားမလည်ပေမဲ့ ဒီစကားအသွားအလာကိုတော့ သိတယ်။ ခပ်ပြုံးစေ့စေ့ နေတတ်သူက ဒီကိစ္စ ဒီစကားဆိုရင် မျက်နှာတည်တည်ကြီး။

အမျိုးသားကို ခွဲရင် သူ့အမျိုးသမီးက ဓားသွေးတယ်။ ကိုသာလူလှမ်းပြလို့ မြင်လိုက်ရတာ။ အမျိုးသမီးကို ခွဲရင် အမျိုးသားက ဓားသွေးရင်းကျွန်တော့်ဘက်ကို လှမ်းလှမ်းကြည့်တာ အကြည့်ချင်းတောင် ဆုံပြီး ရင်ခုန်မိတယ်။ ဖြက်က တုတ်တုတ်ခိုင်ခိုင် လူတစ်ယောက်ရဲ့ လက်ဖဝါးလောက်ရှိပြီး အရင်းကို တဖြည်းဖြည်း ရှူးသွယ်သွားတဲ့ နာဂဓား၊ သူတို့ဓားတွေကသူတို့ရဲ့ နောက်ပိုင်း ကျောနဲ့ တင်ပါးကြားမှာ သစ်သားဓား အိမ်နဲ့ အကျအနတွေ။

ယောက်ျားဖြစ်သူက သူ့ဇနီးသည် မခွဲခင်မှာ ခေါင်တိုက်တယ်။ ကျွန်တော့်ကိုလည်း ခေါင်တိုက်တယ်။ ခွဲနေတုန်းလည်း သူ့ဇနီးက အားပေးတဲ့အနေနဲ့ခေါင်တိုက်သေးတယ်။ အနာသက်သာဖို့ မဟုတ်ဘူး။ ဘာမှအားမငယ်နဲ့ မောင်မင်းအနားမှာ ခေါင်တစ်ကျည်တောက်နဲ့သွေးထားလို မြဲနေတဲ့ဓား တစ်လက်နဲ့ရှိနေတယ် အချစ်ဆိုတဲ့သဘော။ မူးစေချင်လို့ မဟုတ်ဘူး။ ဒီခေါင်ရည်ကသိပ်ပြီး အာဟာရဓာတ်နဲ့ ပြည့်စုံတဲ့ခေါင်။ မမူးဘူး။ လန်းဆန်း တက်ကြွပြီးခွန်အားတိုးတဲ့ခေါင်။ သူတို့ကိုယ်တုံးလုံးချည်းနေနိုင်တာ ဒီခေါင် တန်ခိုးခေါင်ရည်သတ္တိကြောင့်ပေါ့။ ဗိုလ်ချုပ်ဝင်းဂိတ်က နာဂခေါင်ရည်ဟာ သူသောက်ဖူးသမျှထဲမှာ အကောင်းဆုံးအာဟာရပြည့်ဝတဲ့ ဘီယာပါပဲဆိုပြီး

မှတ်ချက်ချခဲ့ဖူးတယ်။

ကျွန်တော်တို့ကို သူတို့ခေါင်းရည်တိုက်တာ ခင်မင်မှုနဲ့ လေးစားမှုကြောင့် တိုက်တာ၊ ခေါင်တစ်အိုးတန်ဖိုးက နည်းတာမဟုတ်ဘူး။ အစစရှားပါးတဲ့ ဒေသ။ တော်ရုံစေတနာ မေတ္တာနဲ့ ဘယ်သူ့ကိုမှ ခေါင်းရည်မတိုက်ဘူး။

ကျွန်တော်ကလည်း ကျွန်တော့်ကို နတ်တင်တဲ့သဘောနဲ့ ပေးတဲ့ အသားတွေ သူတို့ကို ပြန်ဝေပေးကျွေးတော့ ကျွန်တော့်စေတနာ မေတ္တာကို သူတို့ နားလည်ကြတယ်။ ဆေးတစ်ခါမှ မထိုးဖူးဘူး၊ မစားဖူးဘူး၊ မခွဲဖူး မစိတ်ဖူးဘူး။ ပြီးတော့ သက်သာပျောက်ကင်းတယ်။ အနှစ်နှစ်အလလက ခံစားနေရတာတွေ သက်သာပျောက်ကင်းတယ်၊ သူများတန်းတူလူတန်းစေ့ အောင် ကုသပေးတယ်ဆိုတော့ ဒါဟာ လူမဟုတ်ဘူး။ နတ်ဆရာပဲ ဖြစ်ရ မှာပေါ့။ ကျွန်တော်က ဘာမှထူးပြီး အခွင့်ခံစားတာမဟုတ်ဘူး။ သူတို့လိုနေ၊ သူတို့လိုစား၊ သူတို့လိုသောက်၊ ရတဲ့အသား ခွဲတမ်းမျှတကျွေး။ အညီအမျှ၊ တန်းတူဆိုတော့ ဒီလိုလူမှ မခင်ရင်၊ မချစ်ရင်၊ မလေးစားရင် ဘယ်သူ့ သွားချစ်ခင်လေးစားမလဲ။ ဒါပေမဲ့ စိတ်ထဲမှာတော့ နတ်လို့ပဲ အောက်မေ့ ကြတာပေါ့။

* * *

# မြန်မာ့နည်း မြန်မာ့ဟန်

ခန္တီးမှာ အာဏာပိုင်တွေရဲ့ အစီအစဉ်နဲ့ ဆေးနဲ့ ဆေးပစ္စည်းဆိုင် ရှိတယ်။ ပြည်သူ့ဆေးနဲ့ ဆေးပစ္စည်းဆိုင်တဲ့ နာဂတွေက ပိုက်ဆံလည်း သုံးစရာမရှိကြတာ မဟုတ်ဘူး။ ဆေးလည်း ဝယ်သောက်ရကောင်းသည် မသိ။ ဆေးဆိုင်ဝန်ထမ်း ဈေးဦးမပေါက်ဘူး။ ဆိုင် တံခါးဖွင့်၊ ဖုန်သုတ်၊ တံမြက် စည်းလှည်း၊ ဝတ္ထုဖတ်၊ ထမင်းစား၊ ဝတ္ထုဖတ်၊ တံခါးပိတ်၊ အိမ်ပြန်။ လကုန် တော့ လစာထုတ်။ အရောင်းဘောက်ချာက တစ်ခါတလေမှ လှန်ရတာ။ နောက်တော့ လူတွေက ဆေးအဝယ်လိုက်လာတယ်။ အရောင်းသွက်လာ တယ်။ မကြဲစဖူး သိမ်းကျုံးဝယ်တယ်။ ဆေးဆိုင်မန်နေဂျာက အံ့သြတော့ ကျွန်တော့် လာတိုင်ပင်တယ်။ ဆရာ ဘယ်လိုလုပ်ရမလဲ။ . . . ဆေးကုန်သွား ပြီ။ ရောင်းကောင်းတယ် ဆရာ။ ကျွန်တော်ကလည်း ဘယ်သိမလဲ။ ကောင်း တာပေါ့ လူတွေ ကျန်းမာရေး အသိရှိလာတဲ့သဘောပေါ့။ ငါတို့ဆရာဝန်တွေ

သက်သာတာပေါ့၊ မင်းလည်း အညောင်းမမိတော့ဘူးပေါ့။ မန်နေဂျာလေး က မဟုတ်သေးဘူး ဆရာ။ သူတို့က စားဖို့ သုံးဖို့ မဟုတ်ဘူး။ အမြတ်တင် ပြီး ပြန်ရောင်းဖို့။ ပြည်မမှာ ဒီဆေးတွေက ရှားတယ်။ ဝယ်မရဘူး။ ဒါ မှောင်ခို ဈေးကို ပို့ကြမှာလို့ ရှင်းပြတော့မှ ကျွန်တော်လည်း လူလည်ဆိုတော့ အဲဒီလို ပွင့်ပွင့်လင်းလင်းပြောမှ သိတော့တာ။

ကျွန်တော့်မှာလည်း ကျွန်တော့်ပြဿနာနဲ့ ခလက ဥက္ကဋ္ဌတို့ ပါတီယူနစ်တို့က ညွှန်ကြားချက် ထုတ်ထားတယ်။ မနက်ရုံးမတက်ခင် ဝန်ထမ်းတွေ တန်းစီပြီး သစ္စာအဓိဋ္ဌာန်ဆိုရမယ်တဲ့။ ရုံးတိုင်း ဌာနတိုင်းလုပ်ကြရတာ။ ကျွန်တော့်ဆေးရုံက ခြွင်းချက်ထဲ မပါဘူး။ စာရေးကြီးတို့ နော်မူကြည်တို့ စာရွက်ကြည့်ပြီး ဆိုနေရတာ။ ရင်ထဲက မပါဘဲ ဆိုနေကြရတာ။

ဆေးဆိုင်မန်နေဂျာက အခုလို မှောင်ခိုကို ဆေးတွေရောက်တာ မထိန်း ချုပ်နိုင်ဘူးလား။ ဘယ်လိုလုပ်မလဲ ဆရာ။ ပါတီနဲ့ ပတ်သက်သူတွေရော မထိန်းချုပ်နိုင်ဘူးလား။ ဘယ်လိုလုပ်မလဲ ဆရာ။ ပါတီနဲ့ ပတ်သက်သူတွေ ရော ကောင်စီအမျိုးတွေရော အရင်က တစ်ခါမှ မဝယ်ဖူးသူတွေ လာနေကြ ပြီ ဆရာတဲ့။ ဆေးဆိုင်က ဆေးရုံနားတင်ဆိုတော့ အရောင်းသွက်တဲ့ဆေး၊ "မှောင်ခိုပို့မယ်ဆေးလာဝယ်ရင် အဲဒီလူ ငါ့ဆီပို့လိုက်ကွာ။ ငါ့ဆီက ပြန်လာတဲ့ လူ ဆေးတစ်ဘူးပဲ ရောင်းနော် ခင်မောင်ညွှန့်"လို့ မှာလိုက်တယ်။

ခဏနေတော့ ပါတီယူနစ်ဥက္ကဋ္ဌရဲ့တူ ရောက်လာပါလေရော။ မန်နေဂျာ ခင်မောင်ညွှန့်က လွှတ်လိုက်တာတဲ့။

"မောင်ရင် ဘာကိစ္စလဲ"

"ကျွန်တော် . . . ဆေးဝယ်ချင်လို့ပါ ဆရာ"

"ကောင်းပြီ ဒါဖြင့်ရင် သစ္စာအဓိဋ္ဌာန်လေးချက်ဆို"

"သစ္စာအဓိဋ္ဌာန်လေးချက် ကျွန်တော် မရဘူးဆရာ"

"မင်း စာကော ဖတ်တတ်သလား"

"ဟုတ်ကဲ့ ဖတ်တတ်ပါတယ်"

"ဖတ်တတ်ရင် ဟိုနံရံမှာကပ်ထားတယ် အော်ပြီးဖတ်ပြ"

အဲဒီလိုပြောတော့ နံရံကို မျက်နှာမူပြီး ဖတ်တော့တာပေါ့။ အထစ် ထစ်အငေါ့ငေါ့နဲ့ပေါ့။ ပြီးတဲ့အခါ စာရေးကြီး ဦးဘလုံးဆီ အသွားခိုင်းလိုက် တော့ ဦးဘလုံးက သူ့လက်ဖျံမှာ ဆေးရုံတံဆိပ်တုံး ထုပေးလိုက်တယ်။

ဆေးဆိုင်က အဲဒီတံဆိပ်ထုရာပြရင် ဆေးတစ်ဘူးရောင်းတယ်။ ဆိုင်မှာ နှစ်ဘူးရောင်းပါလို့ ဈေးဆစ်တယ်။ မောင်ခင်မောင်ညွှန့်က မရောင်းဘူး။

ဆရာဝန်ကြီးဦးသိန်းလှိုင် ခွင့်ပြုချက်အရ တစ်ဘူးပဲတဲ့။

အမျိုးသမီးကြီးတစ်ယောက် ရောက်လာရော။ ထုံးစံအတိုင်း ဆေးလို ချင်လို့။ သူဝယ်မယ့်ဆေးက အမျိုးသား သက်ကြီးရွယ်အိုတွေ သုံးတာမျိုး။ ဒါနဲ့ သစ္စာအဓိဋ္ဌာန်အရွတ်ခိုင်းတော့ ပြဿနာတက်ရော။ သူ အလွတ်မရဘူး။ မသိဘူးတဲ့။ ဆရာကြီးရှေ့က ရွတ်ပြပါတဲ့။ ဒုက္ခ။ ကျွန်တော်လည်း မရဘူး။ အလွတ်မရရင် ဟိုနံရံမှာကြည့်ပြီး ဖတ်ချေ။ ဒီလိုထိန်းကြည့်ရတာပဲ၊ သစ္စာ အဓိဋ္ဌာန်လည်း ရွတ်ပြရသေးတယ်၊ တစ်ခါရွတ်မှ တစ်ဘူးဆိုတော့ နည်းနည်း တော့ ထိန်းရာရောက်တာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့လူမျိုး၊ ဒီလောက် စိတ်မဝင်စားစရာကောင်းတဲ့ သစ္စာအဓိဋ္ဌာန်ကို ဆေးမှောင်ခိုဖို့ ရွတ်ဖန်များ လာတော့ အလွတ်ရကြတယ်။

ဒီဆေးကို လေယာဉ်ဆိုက်ခိုက် လေယာဉ်မှူးတွေ လေယာဉ်မောင်တွေ လည်း လာဝယ်ကြတယ်။ ခင်မောင်ညွန့်က လေယာဉ်အမှုထမ်းလည်း ကန့်သတ်ဆေးဆိုရင် မရောင်းဘူး။ ကျွန်တော့်ဆီ လွှတ်တာပဲ။ ကျွန်တော်သိ တယ်။ ဒါပေမဲ့ ထုံးစံအတိုင်း အလွတ်ရွတ်ခိုင်းတော့ လေယာဉ်မှူးတွေက ရယ်ပြီး သူတို့လည်း မရဘူးတဲ့။ ဝယ်သွားကြပါ။ ခင်ဗျားတို့သိက္ခာနဲ့ ဆေး မှောင်ခို ပြန်မရောင်းဘူးဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ ပြည်မမှာ ရှားလို့ ဒီမှာ ဝယ်တယ်ဆိုတာလည်း နားလည်ပါတယ်။ သူတို့ကို တစ်ယောက်သုံးဘူးစီ ရောင်းပေးလိုက်တယ်။

ကျွန်တော် ဒီလိုလုပ်တာကို ပါတီယူနစ်နဲ့ နလကတို့က သိပ်မကြိုက် ကြဘူးလို့ ကြားဖူးတယ်။ မတတ်နိုင်ဘူး။ ကျွန်တော်ရော ခင်မောင်ညွန့်ပါ ဆေးမှောင်ခိုထုတ်ကြတာ မဟုတ်ဘူး။ တကယ်သောက်မယ့်သူလာဝယ်ရင် ရအောင် ကာကွယ်ကြတာလေ။ မကြိုက်လည်း မတတ်နိုင်ဘူး။ တကယ် ဆိုရင် သူတို့ကတောင် ကျွန်တော့် ကျေးဇူးတင်ရဦးမှာ။ သူတို့အတွက် ကျွန်တော်က ဝါဒဖြန့်ပေးသလို ဖြစ်တာ။ ဒါပေမဲ့ သူတို့စဉ်းစားတွေးခေါ် ပုံက တစ်မျိုး။ သူတို့ တန်ဖိုးထားတဲ့ လေးစားတဲ့ ပါတီအဓိဋ္ဌာန်တွေ မှောင်ခို လုပ်သူတွေရဲ့ ပါးစပ်ဖျားရောက်ပြီး စားဝတ်နေရေးခက်ခဲတိုင်း စိတ်မပါဘဲ ဆိုနေတဲ့ အဓိဋ္ဌာန်ဖြစ်နေပြီ ဘာညာ ဒီလိုကိုး . . .။

ဟုမ္မလင်းဘက်ကို ခရီးစဉ်တစ်ခုသွားရတယ်။ ချင်းတွင်းထဲ မြစ်ရေ ရှိတုန်း သွားလိုက်ကြတာ။ နယ်ဘက်ဆိုင်ရာ လူကြီးတွေလည်း ပါတယ်။ ကောင်းဟိန်ဆိုတဲ့ ရွာရောက်တော့ ဆရာလေးတစ်ယောက် စာသင်နေတာ တွေ့ကြတယ်။ သူ့ခမျာ တောင်ငူနားက သံတောင်ကနေ ဒီအရပ်အထိ

ကျောင်းဆရာဝါသနာပါလို့ ရှားပါးဝေးခေါင်တဲ့အရပ်လာပြီး ကလေးတွေကို ပညာသင်ပေးနေရှာတာ။ ပညာအုပ် ဦးမောင်မောင်လတ်လည်းပါတယ်။ ကလေးတွေ သင်နေတဲ့ ဆရာလေးက မြန်မာမဟုတ်ဘူး ဂေါ်ရခါးလေး။ မွန်မွန်ရည်ရည် သပ်သပ်ရပ်ရပ်နဲ့။

သူ့ စာသင်ခန်းကို ကျွန်တော်တို့ ခဏရပ်ပြီး ကြည့်ကြတော့ ဆရာလေးက အက္ခရာသင်္ချာသင်နေတာ။ ဥပမာဗျာ– ကအပေါင်း နှစ် ခ အပေါင်း လေး ဆလိမ်ညီမျှခြင်း ကိုးဖြစ်ခဲ့ရင် . . . ဒီလိုသင်နတာကိုး။ အဲဒါ နလက လူကြီးက စာသင်နေတဲ့ ဆရာလေးကို လှမ်းခေါ်လိုက်တယ်။ ခပ်ငေါက်ငေါက် ခေါ်တာ။ ဟိုဆရာလေးက ဒီလိုပုဂ္ဂိုလ်ခေါ်တော့ ရိ့ရိ့လေး လာရှာတယ်။ အနားရောက်တော့မှ ဆူပါလေရော။

"မင်း မြန်မာစာဆိုတဲ့ သင်ပုန်းကြီးသင်ချင်ရင်သင်၊ အခုလိုသင်္ချာနဲ့ သင်ပုန်းကြီးနဲ့ ရောနှောသင်တော့ ကလေးတွေ ဘယ်နားလည်မှာလဲ"တဲ့။

ပညာအုပ် ဦးအေးမောင်လတ်ဆိုတာ မျက်စိမျက်နှာတွေ ပျက်လို့။ ဒီပုဂ္ဂိုလ်က မော်တော်ပေါ်မှာကိုက အာမီရမ်ချလာတာ စောစောစီးစီး လေးပက်လောက်ရှိနေပြီ။

ကျွန်တော်ကတော့ ကောက်ချက်တစ်ချက်ပဲ ဆွဲလိုက်တယ်။ မြန်မာ့ဆိုရှယ်လစ်ဆိုတာကတော့ အလှမ်းမဝေးတော့ဘူးထင်တယ်လို့။ အဲဒီအချိန်မှာ ကျွန်တော် ပညာအုပ်ကို လက်ကုတ်မိတယ်။ မြန်မာ့သတ္တိကို မျက်ဝါးထင်ထင် တွေ့လိုက်ပြီ။ ပညာအုပ် အကျိုးသင့်အကြောင်းသင့် မပြောရဲဘူး။ ဘုရားရှေ့က ခြသေ့်ရုပ်လို ငြိမ်လို့ သူနဲ့ မဆိုင်သလိုပဲ။

မော်တော်ပေါ်အထိ နလကကြီးက တစ်ဖျစ်ဖျစ်တောက်တောက် ပြောတုန်း။

"တစ်သက်နဲ့တစ်ကိုယ် မြန်မာနဲ့ သင်္ချာရောပြီး သင်တာ ဒီတစ်ခါ တွေ့ဖူးတယ်။ တိုင်းပြည်ရဲ့ အနာဂတ်တော့ ရင်လေးပါတယ်"တဲ့။

ဒီပုဂ္ဂိုလ်ကြီး အထက်က ကြိုက်လို့လား အောက်က မကြိုက်လို့လား ငှက်ခါး ဘယ်နကောင်နားတယ်မသိဘူး။ ပြောင်းသွားရတယ်။ ငှက်ခါးနားတယ်ဆိုတာ ဟိုတစ်ခေတ်က နိုင်ငံတော်က စာတိုက်က စာပို့ရင် စာတစ်စောင်ကို တံဆိပ်ခေါင်း ဆယ့်ငါးပြားတန် ခေါင်းတစ်ခေါင်း ကပ်ပို့ရတယ်။ ဆယ့်ငါးပြားတန်ခေါင်းက ငှက်ခါးရုပ်လေးနဲ့ ဌာနတွေ၊ လူကြီးတွေဆီ ပစ်စာ၊ တိုင်စာ၊ ပို့ရင် အဲဒီဆယ့်ငါးပြားတန် ငှက်ခါးရုပ်နဲ့ ခေါင်းကပ်ပို့ရတာမို့။ ပြည်နယ်ကို ငှက်ခါးတစ်ကောင်၊ ခရိုင်ကို ငှက်ခါးတစ်ကောင်၊ ဗဟိုကို ငှက်ခါး ဘယ်နကောင် ဒီလိုပြောလေ့ရှိတယ်။

ကျွန်တော် နောက်ထပ် ပုဂ္ဂိုလ်တစ်ဦးနဲ့ ဆက်ဆံရပြန်ရာ။ ဌာနပေါင်းစုံ အစည်းအဝေး လူကြီးတွေ စုံစုံညီညီရှေ့မှာ ထိုင်နေအကောင်းသား။ သူက အေးအေးထိုင်မနေဘူး။

"အစည်းအဝေးတက်တဲ့အထဲမှာ ဒီမြို့က လျှပ်စစ်ဌာနမှူးပါသလား" လို့ မေးတော့ ဖြေရတော့တာပေါ့။

"ပါတယ်ခင်ဗျ"

"ကျွန်တော် လေ့လာကြည့်တာ ဒီမြို့မှာ လမ်းမီးဆိုလို့ (၆)လုံးပဲ ရှိတယ်။ ခလကဥက္ကဋ္ဌအိမ်က မှောင်လို့မည်းလို့ နာဂအိမ်လား အောက်မေ့ရ တယ်။ လုံခြုံရေးအရ ကျွန်တော့်အိမ်က မီးထိန်ထိန်လင်းဖို့ လိုတယ်၊ နားလည် လား။ လမ်းမီးတွေကလည်း မှောင်လို့။ ခင်ဗျား ရန်ကုန်ရောက်ဖူးသလား"

"ဟုတ်ကဲ့ ရောက်ဖူးပါတယ် ဗိုလ်ကြီး"

"ရန်ကုန်မှာ ဦးဝိစာရလမ်းတို့ ကမ္ဘာအေးဘုရားလမ်းတို့လို ဒီမှာလည်း လမ်းမီးတွေ ထိန်နေစေချင်တာ ကြားလား"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

"ရန်ကုန်ကို ဆင်းပြီး ဟာကြူလီမီးလုံးတွေ ဝယ်ချေ"တဲ့။

အစည်းအဝေးတက်ကြသူတွေ ပြုံးစေ့စေ့ဖြစ်ကုန်ကြရော။ သြော် သူ့ခမျာ ပြောချင်ဖောနဲ့ မာကျူရီနဲ့ ဟာကြူလီ မှားထင်ပါရဲ့ အောက်မေ့တာ။

"ဟာကြူလီဆိုတာ သိပ်အားသန်တာ၊ ဒါကြောင့် မီးလင်းကြစို့ဆိုရင် သူ့မမီဘူး"တဲ့။

နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ ဆိုတာလိုပဲ။ နောက်တစ် ယောက်ရောက်လာပြန်တော့ လစဉ်ပုံမှန်အစည်းအဝေးခေါ်မယ်တဲ့။ ကျွန်တော် ကတော့ လစဉ်ပုံမှန်အစည်းဝေးဆိုတာ အချိန်ကုန် ငွေကုန်တယ် ထင်တာပဲ။ သူ့ရည်ရွယ်ချက်က အကြီးကြီး။ အစည်းအဝေးတွေမှာ သူ့စကားပြောကျင့်ရ အောင်လို့တဲ့။ သူ့အထက်က ပုဂ္ဂိုလ်ကြီးတွေက မင်းအပြောအဆို မတတ်ဘူး။ သေသေချာချာတတ်အောင် လေ့ကျင့်ခဲ့လို့ မှာလိုက်လို့တဲ့။

သူက မှာလိုက်သေးတယ်။ အဲဒီအစည်းအဝေးတိုင်းမှာ ဌာနတိုင်းက ပလ္လင်ယူခဲ့ရမယ်တဲ့။ တကယ်တော့ သူပြောချင်တာက လုပ်ငန်းစဉ် အစီရင် ခံစာလိုဟာမျိုး ပြောချင်တာ။ ပြီးခဲ့တဲ့ လုပ်ငန်းအခြေအနေ၊ မျက်မှောက် ဘာတွေလုပ်နေကြတယ်။ ပြီးရင် ရှေ့မှာ ဘာလုပ်ကြမယ့် လုပ်ငန်းစဉ်တင် ပြကြတဲ့ အစီအစဉ် **Plan** ကို ပြောတာ။ ဒါပေမဲ့ ဥပဓိရုပ်နဲ့ လိုက်ဖက်စွာပဲ ခပ်ရဲရဲပြောချလိုက်တာ ခင်ဗျားတို့ ပလ္လင်ယူခဲ့ရမယ်တဲ့။ ဆောက်လုပ်ရေး ဌာနက

အင်ဂျင်နီယာက ခပ်ရွှတ်ရွှတ်ဆိုတော့ သူ ကွယ်ရာမှာပြောတယ်။ ပလ္လင်ကို ဘာသားနဲ့လုပ်ပြီး ယူခဲ့ရရင် ကောင်းမလဲ။ ကျွန်းက အဖိုးတန် တော့ ပိတောက်နဲ့များ လုပ်ခဲ့ရမလားတဲ့။

* * *

## ရေသာတစ်လှည့်

ကျွန်တော် ခန္တီးမှာ ခွဲစိတ်နေရာ လူသတင်း လူချင်းဆောင်ပြီး လူနာတွေတော်တော်များများ ရောက်လာကြတယ်။ လူနာတွေများတာဟာ တစ်မျိုးတော့ ကောင်းပါတယ်။ ဒါပေမယ့် တိုင်းပြည်ကို အုပ်ချုပ်နေကြတဲ့ လူကြီးတွေရဲ့နားကိုလည်း သတင်းတွေ ရောက်ဟန်တူပါရဲ့။ ခန္တီးကို ဗွီအိုင်ပီလာဦးမယ်။ ဆေးရုံကိုလည်း ကြည့်ဦးမယ်။ သန့်သန့်ရှင်းရှင်း ပြင်ဆင်ထားပါလို့ ညွှန်ကြားတာ ကြုံရပြန်ရော။

ဗိုလ်မှူးကြီးလှဟန် ပါလာတယ်။ သူက ပညာရေးတို့၊ ကျန်းမာရေးတို့ ကိုင်တွယ်သူပါ။ ဗိုလ်မှူးကြီးကျော်စိုး ပြည်ထဲရေးတာဝန်ခံရသူ။

နောက်က သူတို့ထက် ရာထူးငယ်တာတွေလည်း အများကြီးပါတယ်။ ဆေးရုံက အရင်လိုမဟုတ်ဘူး။ လူနာတွေ များနေ၊ ကျပ်နေတယ်။ ဆေးရုံ မှာ တက်နေကြတဲ့လူနာတွေကို ရင်းရင်းနှီးနှီးလိုက်လံပြီး နှုတ်ဆက်ရင်း အားပေး စကားပြောတယ်။

"ဒီကလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာဖြစ်လို့ ဆေးရုံတက်တာလဲ"

ဗိုလ်မှူးကြီးလှဟန်ရဲ့ အမေးကို ကလေးရဲ့မိခင်က ဖြေတယ်။

"ဗိုက်ထဲမှာ ဘေလုံးကြီးရှိနေလို့ လာခွဲကြတာပါ"

"အသက်က ဘယ်နနှစ်လဲ"

"၁၂ နှစ်ပါ ခင်ဗျာ"

"ဩော် . . . ဘယ်ကလာကြတာလဲ"

"ရွှေဘိုမြို့ကပါ ခင်ဗျာ"

"ဟ . . . ရွှေဘိုလည်း ဆေးရုံရှိသားနဲ့။ မန္တလေးနဲ့လည်း အနီးလေး၊ ဘာလို့ ဒီအထိ လာကြတာလဲ"

"ကျွန်တော်တို့သားလေး ဘေလုံးကြီးနဲ့ ဒုက္ခရောက်နေတာ ဒီဆရာဝန် နာမည်ကြီးတာနဲ့ ရွှေဘိုကနေ ဒီကို တက်လာကြတာပါ"

ဗိုလ်မှူးကြီးလှဟန်နဲ့ အဖွဲ့က ဆေးရုံမှာ အချိန်တော်တော်ကြာကြာအောင် လှည့်ပြီးကြည့်ကြတယ်။ လူနာတွေနဲ့ စကားပြောတဲ့အခါ ဘယ်ကလာသလဲဆိုတဲ့ မေးခွန်းမှာ လူနာတွေရဲ့အဖြေက သူ့ကို စိတ်ဝင်စားစေတယ်ထင်ပါရဲ့။ တစ်ယောက်မေးတော့ ထန်တလန်က၊ နောက်တစ်ယောက်က မုံရွာက၊ နောက်တစ်ဦးက တီးတိန်က၊ မြစ်ကြီးနားက၊ ကသာကနဲ့ ဖြစ်နေကြ ရော။ ဒီအထဲမှာ လူနာတစ်ယောက်က ခုတင်ခေါင်းရင်းကို နောက်မှီပြီး ထိုင် နေတယ်။ သူ့နဲ့ မလှမ်းမကမ်းမှာ သူ့ယူနီဖောင်းချိတ်ထားတာ တွေ့တော့ မေးပါလေရော။ ဘယ်သူလဲတဲ့။ ကျွန်တော်က ဝင်ဖြေရတယ်။ အရာရှိလေး က ခုတင်ပေါ်မှာပဲ ထိုင်နေတာ အလေးမပြုလိုက်ဘူး။

"တပ်မတော်အရာရှိပါ ဗိုလ်မှူးချစ်ကြည်ရဲ့ တပ်ရင်း ၂၁ ကပါ"

"ဘာ ဝေဒနာဖြစ်တာလဲ"

အရာရှိလေးက အဲဒီတော့မှ အလေးပြုပြီး ဖြေတော့တာ။

"ကျွန်တော့်အစာအိမ်မှာ အနာဖြစ်ပြီး . . ."

"တပ်မတော်သားဆိုတာ တပ်မတော်ဆေးရုံတွေ၊ မင်္ဂလာဒုံမှာရော၊ မေမြို့မှာရော ရှိတယ်လေ၊ မင်း တပ်ရင်းမှူးကို သတင်းမပို့ဘူးလား"

"မေမြို့ စစ်ဆေးရုံကို နောက်တန်းပြန်တိုင်း တက်နေကျပါ၊ ဒါပေမဲ့ မသက်သာတာနဲ့ ဆရာကြီးကို လာပြကြည့်တာပါ"

"ကျွန်တော် စမ်းသပ်ကြည့်တော့ သူ့အစာအိမ်က ပိတ်တော့မှာ၊ အနာရှိတာနဲ့ ခွဲကြဖို့ တိုင်ပင်ပြီး ခွဲတာပါ"

"အခု ဘယ်လိုနေသလဲ"

"သက်သာပါတယ်၊ အစာပျော့ပျော့လည်း စားနေပါပြီ။"

"အစာအိမ်လမ်းကြောင်းတော့ သုံးပုံတစ်ပုံ ဖြတ်လိုက်ရတယ်"

"တပ်မတော်သားတွေကို မောင်သိန်းလှိုင် ခွဲပိုင်ခွင့်ရှိသလား"

နောက်တစ်ယောက် ဝင်ထောက်သေးတယ်။

"မပြောကောင်း ပြောကောင်း တပ်မတော်သားတစ်ယောက် သေသွားမှ အရပ်ဘက်ဆရာဝန်က ခွဲခွင့်ရှိတာ ဟုတ်လား"

နောက်ကလိုက်လာကြတဲ့လူတွေက သူတို့လူကြီးရဲ့ မျက်နှာအရိပ်အကဲကြည့်ပြီးတော့ အဲဒီလို ဘုံဆွမ်းဝင်လောင်းကြသူလည်း ပါတယ်။

"အဲဒီလိုဆိုရင် သူက ကြည့်ရှုစစ်ဆေးပေးပါ၊ ကုသပေးပါလို့ ပြောတာကို ကျွန်တော်က ငြင်းထုတ်၊ မောင်းထုတ်ရမှာလား။ ဒီဗိုလ်ကြီး မေတ္တာရပ်လို့ လိုအပ်လို့ ခွဲပေးလိုက်တာ။ အစာအိမ်လမ်းကြောင်းက ပိတ်မတတ်

ဖြစ်နေပြီလေ”

ဗိုလ်ကြီးက ဟုတ်ပါတယ်လို့ ဝင်ပြောတယ်။ သူ မေတ္တာရပ်လို့ ဆရာဝန်က ခွဲပေးတာပါ။ သူ့မှာ နောက်တန်းပြန်ရင် အိမ်နဲ့ ဆေးရုံ၊ ဆေးရုံနဲ့ အိမ် လွန်းထိုးနေတာ။ အိမ်နေရတဲ့ရက်ထက် ဆေးရုံနေရတဲ့ရက်က ပိုများတယ် လို့ ဝင်ပြောတယ်။

ခုတင်မရှိလို့ ကြမ်းပေါ်မှာ လဲလျောင်းနေတဲ့ လူနာတွေလည်း သူတို့ မြင်သွားကြတယ်။ ကတိုက်ကရိုက်ကြည့်ရှုသွားကြတာ မဟုတ်ဘူး။ သူတို့ အလုပ်က ဒီတစ်မနက်လုံး ဆေးရုံကြည့်ဖို့ဆိုတဲ့ ရည်ရွယ်ချက် ပါပုံရတယ်။

သူတို့ ပြန်ခါနီးတော့ ဆေးရုံဝအထိ လိုက်ပို့တယ်။ ကားတွေပေါ် တက်ခါနီးမှာ

“ဦးထွန်းမင်း– သူ့ကို ကျွန်တော် ဒါရိုက်ကော်မရှင်ခန့်တယ်၊ အမိန့်စာ ထုတ်ပါ”လို့ ပြောပြီး ကျွန်တော့်ဘက် လှည့်လိုက်တယ်။

“ကျွန်ကရက်ကျူလေးရှင်း ဆက်ပြီး ကြိုးစားကွာ”လို့ ပြောပြီး ကားပေါ် တက်သွားကြတယ်။ ညစာစားဖို့ တပ်ထဲကိုလာခဲ့ရဦးမယ်တဲ့။

ကော်မရှင်ခန့်တယ်ဆိုတာ ကျွန်တော့်ကို အရေးယူထားတဲ့ နှစ်တိုး လျှော့တာတွေ အပါအဝင် ဒဏ်ချထားတာတွေ ပယ်ဖျက်ပြီး လစာရင်းနဲ့ နှစ်တိုးတွေ ပြန်ခံစားခွင့်ပေးတာ။ ညစာစားပွဲကို မသွားချင်ဘူး။ ဒါပေမဲ့ နားလည်မှုတွေလွဲမှာ ကျွန်တော် စိုးရိမ်တယ်။ လူမှုရေးဝတ္တရားတစ်ခုအနေနဲ့ သွားရတယ်။ အရက်နဲ့ ဧည့်ခံပေမဲ့ မသောက်ခဲ့ဘူး။ ဆေးရုံကော်မတီ လူကြီး ဦးသန်းနိုင်က ညစာစားပွဲမှာ ဗိုလ်မှူးကြီးကို တစ်ခုလောက်တင်ပြ ပါရစေလို့ ခွင့်တောင်းတော့ တင်ပြလို့ရပါတယ်တဲ့။

“ဒေါက်တာလေးက လခ ငါးရာနဲ့ ခုနစ်ဆယ့်ငါးကျပ်ပဲ ရပါတယ်။ ငွေငါးရာကို စော်ဘွားကြီး ဦးစောမြသိန်း အပ်တယ်။ ပြီးတော့ အဲဒီငါးရာ နဲ့ ဆန်ဝယ်တယ်။ ဆေးရုံလာတက်တဲ့လူနာတွေကို ဆန်ဝေငှတယ်။ လေးငါး ခြောက်လရှိနေပါပြီ ခင်ဗျာ။ ဒေါက်တာလေး မိသားစုက တစ်လ ခုနစ်ဆယ့် ငါးကျပ်နဲ့ ဖြစ်သလို စားသောက်နေပါတယ်။ ဆန်ပြုတ်ပြုတ်သောက်တဲ့ အနပ်တွေးလည်း ရှိပါတယ်။

“တကယ်လား”

“ဒေါက်တာသိန်းလှိုင် ခေါ်ချေစမ်း”တဲ့

ကျွန်တော်ရောက်သွားတော့ ဆေးရုံကော်မတီဝင် ဦးသန်းနိုင်ပြောတာ တွေ အမှန်တကယ်တွေလားလို့ သိချင်လို့ ခေါ်တွေ့တာပဲ။ ကျွန်တော် ကွယ်စရာ

ဖုက်စရာမှ မရှိတာ၊ အမှန်ပါပဲလို့ ပြောလိုက်တယ်။ တိုင်းက ကျန်းမာရေးနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေကို ခြောက်လစာ ပြန်ဆပ်ဖို့ ပြောတာ ကျွန်တော့်ရှေ့တင်ပါပဲ။ ကျွန်တော့်ကိုလည်း ဆေးရုံဆိုင်ရာကိစ္စတွေကို အထက်ကို တင်ပြရမှာ၊ ဒါမှ အထက်လူကြီးတွေက သိမှာလို့ပြောတဲ့အခါ စိတ်ထဲက ကြိတ်ရယ်မိတယ်။ ကျွန်တော် မတင်ပြဘဲ ရှိပါ့မလား။

"ဒေါက်တာသိန်းလှိုင် အခုကော ဘာတင်ပြစရာရှိသလဲ"

"ဗိုလ်မှူးကြီး ကျွန်တော် အသုံးပြုဖို့ လား ရရင်လိုချင်ပါတယ်"

"လား . . . ဘာလုပ်ဖို့လဲ"

"တောင်ပေါ်တက်တဲ့အခါ ဆေးပစ္စည်း၊ အသုံးအဆောင်သယ်ပိုးဖို့ပါ"

"လားတစ်ကောင် ငှားရင် ဘယ်လောက်ပေးရသလဲ"

"တစ်နေ့ လေးကျပ်ခွဲ ပေးရပါတယ် ဗိုလ်မှူးကြီး"

အဲဒီအချိန်မှာ စစ်တပ်မှာ လားတချို့ရှိတယ်။ အရပ်ဘက်မှာ ၁၀ ကောင်လောက်ရှိတယ်။

ကျွန်တော့်ကို လားအကောင်လေးဆယ်နဲ့ စီးမြင်းတစ်ကောင် ခွင့်ပြုတယ်လို့ လူကြီးမင်းပရိသတ်ရှေ့မှာ ခွင့်ပြုတယ်။ စီးမြင်းမလိုအပ်လို့ မယူပါရစေနဲ့ဆိုတာ မရဘူး။ လိုအပ်တဲ့အခါ စီးဖို့ စီးမြင်းတစ်စီးတဲ့။ ဒါနဲ့ လား ကန်ထရိုက်ဆီမှာ ကျွန်တော်ခရီးထွက်တဲ့အခါ သုံးဖို့ လားတွေ ငှားလို့ရခဲ့ တယ်။ အတော်အသုံးဝင်တဲ့ အကောင်တွေ၊ အရတော်တယ်လို့ ပြောရမှာပဲ။

မကြာဘူး ကျွန်တော့်ဆီ ကြေးနန်းတစ်စောင်ဝင်တယ်။ ထီးသုံးနန်းသုံး စကားနဲ့ ချဲ့ကားပြောရရင်တော့ စာချွန်တော်လို့ ပြောရလေမလား။ ကျန်းမာရေး ဝန်ကြီးကို လာတွေ့နိုင်တဲ့အခွင့်အရေး၊ တစ်နှစ်အနည်းဆုံး တစ်ကြိမ် လာတွေ့ ရမယ်။ လေယာဉ်စီးခွင့်ပါတယ်။ ရန်ကုန်ရောက်လို့ အကြောင်းကြားလိုက်ရင် ဗိုလ်မှူးကြီးလှဟန်ရဲ့ ရုံးက အက်ဒီအိုဗိုလ်မှူးဟန်ထွန်းက ကျွန်တော်တည်းတဲ့ဆီ ကားနဲ့ လာခေါ်တယ်။ အတွင်းဝန်များရုံးမှာ စိမ်းစိမ်းတွေအကြား တိုက်ပုံဝတ် တစ်ယောက် မှတ်မှတ်ထင်ထင် တွေ့ရတယ်။ အဲဒါကတော့ ပညာမင်းကြီး ဦးဖိုးထိုပဲ။ အတွင်းဝန်လောက် ပုဂ္ဂိုလ်လာရင်တောင် အဝင်ဂိတ်မှာ စစ်တာမေးတာ ရှိကောင်းရှိတယ်။ အောက်ထပ်မှာ ထိုင်စောင့်ရင် စောင့်ရမယ်။ ကျွန်တော် သွားခဲ့တဲ့အခေါက်တိုင်း တစ်ခါမှ စစ်ခြင်း မေးခြင်း မရှိဘူး။ ဗိုလ်မှူးဟန်ထွန်း ပါလို့ဖြစ်မှာပါ။ အပေါ်ထပ်တောက် လျှောက်တက် ရတယ်။ လက်ဖက်ရည် ကြိုက်သလား၊ ကော်ဖီကြိုက်သလား၊ ဖရကိတ်၊ ပလိန်းကိတ်နဲ့ ဧည့်ခံတယ်။ ရှားပါးတဲ့နေရာက လာတဲ့လူကို ဖွယ်ဖွယ်ရာရာ စားစရာ သောက်စရာတွေနဲ့

ကျွန်တော် အားရပါးရ တွယ်တာပဲ။ ဒီနေရာမှာ ရှက်စရာ၊ ဟန်လုပ်ညှော်ခံတာ။ ကျွန်တော် အားရပါးရ တွယ်တာပဲ။ ဒီနေရာမှာ ရှက်စရာ၊ ဟန်လုပ်စရာ၊ အားနာစရာမလိုဘူးလို့ ထင်လို့ ခေတ်လူငယ်တွေစကား ငှားသုံးရရင် ရေရေလည်လည်ဆွဲတာ။ နာဂတောင်တန်းမှာ အိပ်မက်ထဲတောင် အလည်မလာတဲ့ စားသောက်ဖွယ်တွေ တွယ်ရင်း ဘာတင်ပြစရာရှိလဲ၊ ဘာအခက်အခဲရှိလဲတွေ မေးကြဖြေကြတာ။

* * *

## ရေအဆုံး ကုန်းတစ်ဝက်နဲ့ စီမံကိန်း

နာဂတောင်တန်းဟာ သစ်ပင်သစ်တောတွေ ထူထပ်တဲ့ဒေသ ဖြစ်တယ်။ ကျားတွေ၊ ဝံတွေ၊ ဆင်တွေလည်း ကျက်စားကြတယ်။ အရိုင်းမြေပါ။ စိတ်ဝင်စားစရာကောင်းတာတော့ ပေလေးထောင်ကျော်မြင့်တဲ့ တောင်တွေအကြား မှာ ဘယ်လိုမှ ထင်ရက်စရာမရှိတဲ့ အင်းရေပြင်ကျယ်ကြီးရှိတယ်။ အံ့သြစရာပဲ၊ ပက်ကွိုင်တောင်ပေါ်မှာ မှတ်မှတ်ရရ၊ ၄၁၁၂ ပေ ပင်လယ်ရေပြင်အထက် ပန်ဆောင်ပတ်ရဲ့ဘေးမှာ ရှိတဲ့ အင်းကြီး။

ကျွန်တော် ဆေးအကုသွားရင်း တွေ့ခဲ့တာ၊ သိပ်သာယာတာ၊ အံ့သြစရာလည်းကောင်းတယ်။ နွေရာသီ အပန်းဖြေစခန်းလုပ်ဖို့ ကောင်းတဲ့နေရာ။ သစ်လုံးအိမ်တွေ မြေသားရွှံ့အိမ်တွေ သဘာဝပတ်ဝန်းကျင် မပျက်စီးစေဘဲ ထိန်းသိမ်းထားပြီး ခရီးသွားလုပ်ငန်းလုပ်ဖို့ ကောင်းတဲ့နေရာ။ ကျွန်တော်က ခွဲစိတ်တာ ဝါသနာပါတော့ လူတွေတင်မကဘူး။ လားတွေပါ ခွဲခဲ့ စိတ်ခဲ့ ပေးခဲ့ဖူးတယ်။ ပြောကြစို့ မရှိသေ့စကား လားထီးတွေကို ဇှေးသင်းတာ လုပ်ခဲ့ဖူးတယ်။ ကာယကံရှင်က အကူအညီတောင်းလို့၊ ကျွန်တော်ကလည်း လုပ်ရင် ဖြစ်မယ်လို့ ယုံကြည်လို့ လုပ်ပေးရင်း အတွေ့အကြုံသစ်တွေ ရတယ်။ လားပိုင်ရှင်တွေကတော့ ကျွန်တော့်ကို ကျေးဇူးတင်ကြတာပေါ့။

ပေလေးထောင်ကျော်မြင့်တဲ့ တောင်တန်းပေါ်က အင်းကြီးထဲမှာ ဒုတိယကမ္ဘာစစ်အတွင်းက စစ်လေယာဉ်တစ်စင်း ပျက်ကျထားတာရှိတယ်။ ပါးစပ်ရာဇဝင်ကတော့ ရုပ်ရှင်ကားထဲကအတိုင်းပဲ။ ဒီလေယာဉ်ကို ဂျပန်လေယာဉ်တွေက လိုက်ပြီး ပစ်ချတာ၊ လေယာဉ်က မီးခိုးတန်းကြီး တန်းလန်းနဲ့ အင်းထဲ ထိုးစိုက်ဆင်းခဲ့ရပြီး မြုပ်သွားတာ။ ဒီလေယာဉ်ဟာ လေထီးစစ်သားတွေ၊ ရိက္ခာတွေ၊ လစာပိုက်ဆံတွေ သယ်ဆောင်လာတဲ့လေယာဉ် မဟုတ်ဘူး။

အင်္ဂလိပ်အပြေးမှာ အလွန်ချမ်းသာတဲ့ စိန်ဘာဘူတစ်ယောက် သူပိုင်ဆိုင်သမျှ လေယာဉ်ပေါ်တင်ပြီး အင်္ဂလိပ်အရာရှိတွေနဲ့အတူ ထွက်ပြေးခဲ့တဲ့လေယာဉ် ပျံတဲ့။ စိန်တွေအများကြီးပါတဲ့ လေယာဉ်တဲ့။ ကျွန်တော့်အတွက်တော့ ဒဏ္ဍာရီ တစ်ပုဒ် ဇာတ်လမ်းပမာ နားဆင်စရာပါပဲ။

ဆေးကုရင်း တောင်ပေါ်တက်ရင်း၊ လည်ပင်းကြီးတွေ၊ အလုံးတွေ အကြိတ်တွေ ခွဲစိတ်ရင်း အိန္ဒိယနယ်စပ်နားရောက်တဲ့အခါ ကျွန်ကော် မိတ်ဆွေ သစ်တွေနဲ့ ဆုံရကြုံရ မိတ်ဆွေဖြစ်ရတယ်။ သူတို့က ကျွန်တော့်ကို အရေး ပေးကြတယ်။ ဂရုစိုက်ကြတယ်။ ခင်အောင် မင်အောင် ပေါင်းကြတယ်။ တကယ် လိုရင်းအချက်ကတော့ ဒီလူတွေဟာ လေယာဉ်ပျံဆယ်ယူရေးကို စိတ်ဝင်စားသူ တွေလေ။ စိန်ဘာဘူရဲ့ အဆက်အနွယ်တွေ။ ဆွေမကင်း မျိုးမကင်း တူသား နောင်မယ် တော်စပ်ကြတယ်။ သားကတော့ ဒေလီမှာရှိတယ်။ ကျွန်တော့်ကို စိန်ဘာဘူရဲ့ ဆွေမျိုးစာရင်းရွတ်ပြ ရေးပြရင်းနဲ့ ကျွန်တော်သာ အချိန်ရရင် သူတို့အစ်ကို သူတို့ဆရာနဲ့ စကားပြောစေချင်တယ်တဲ့။ သူတို့အတွက် "ပန်ဆောင်ပတ်"ဟာ ပုံပြင်လည်းမဟုတ်ဘူး။ ဒဏ္ဍာရီလည်း မဟုတ်ဘူး။ လေး လေးနက်နက်လာပြီး ဆွေးနွေးနေကြတာ။ ဘယ်လောက်ထိ လေးနက်သလဲ ဆိုရင် ပန်ဆောင်ပတ်ရွာရယ်၊ ပတ်ကွိုင်တောင်တွေရယ်၊ ပတ်ဝန်းကျင်က တလုံတခချောင်းတွေရယ်၊ မြေပုံရေးထားပြီး လာပြတယ်။ သတို့လေယာဉ်ကို ဆယ်ချင်ကြတယ်။ အင်းကြီးထိပ်မှာ မိသားစုကြီးကြီး တစ်စုနေလို့ရတဲ့ အိမ်ကြီး လောက်ကြီးတဲ့ အိမ်ကြီးတစ်လုံးစာ ကျောက်ဆိုင်ကြီးတစ်ခုနဲ့ ခပ်ရှယ်ရှယ် ကျောက်တုံးတွေရှိတယ်။ အဲဒီအိမ်ကြီးလောက်ရှိတဲ့ ကျောက်ဆိုင်ကြီးကို မိုင်းနဲ့ဖြိုခွဲလိုက်ရင် အင်းထဲက ရေတွေဟာ တလုံတခ ချောင်းထဲကို စီးသွားမယ်။ ဒါဆိုရင် လေယာဉ်ပျံ ဆယ်လို့ရပြီ။ ဆရာဝန်ပါ လိုက်ခဲ့။ စိန်တွေတွေ့ရင် ကျွန်တော့်ကို တစ်ဝက်ပေးမယ်။ ကျွန်တော်လက်ခံရင် ဒေလီက သူတို့အစ်ကို လှမ်းခေါ်မယ်။ ဆရာဝန်က အစိုးရဆီမှာ ဒီလုပ်ဆောင် ချက်ကို တရားဝင်အောင် တင်ပြပေးရမယ်။ ကျွန်တော့်ကို မင်းပေါက်စိုးပေါက် ဆရာဝန်၊ လားတွေတောင်း တာ အများကြီးခွင့်ပြုခံရတဲ့ ဆရာဝန်၊ လူကြီးက ပြန်တမ်းဝင် ဒါရိုက်ခန့်ခံရတာ တွေရော အိန္ဒိယနွယ်ဖွားတွေက သိနေကြတယ်။ မြေပြန့်နေတဲ့ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တွေက မသိကြဘူး။ ပြီးတော့ တချို့က နာဂစကား ကျွန်တော့် ထက်တတ်တဲ့ တစ်ဖက်နိုင်ငံသားတွေ။ မြေပုံတောင် ဆွဲထားနိုင်တဲ့လူတွေ၊ သူတို့စိတ်ကူးက ခပ်သေးသေး မဟုတ်ဘူး။ ကျွန်တော်နဲ့အတူ လိုက်လာတဲ့ နာဂတွေက ဖောက်သည်ချတာလည်း ဖြစ်နိုင်တယ်။

ကျွန်တော် ဒီကိစ္စကို အလေးအနက် စဉ်းစားတယ်။ ကျွန်တော်က စိန်ဘာဘူ(ယခု နာမည်မေ့) အကြောင်းကြားဖူးတယ်။ ကျွန်တော့်မေမေတို့ ခေတ်ကောင်း အခါကောင်းစဉ်က ဒီစိန်ဘာဘူဆီက ပစ္စည်းတချို့ ဝယ်ဖူး တယ် ထင်တယ်။ ဘာရယ်လို့ မမှတ်မိဘူး။ အမေတို့ မိန်းမချင်းစုမိလို့ စကား ပြောကြရင် ကျွန်တော် နာမည်မေ့နေတဲ့ စိန်ဘာဘူအကြောင်း ခဏခဏ ပါတတ် တယ်။ ပြီးတော့ သူ့ရဲ့စိန်ထည်တွေအကြောင်းလည်း ကြားဖူးတယ်။

ဒီကိစ္စ စိတ်ဝင်စားတယ်။ ဒါပေမဲ့ ကျွန်တော် စိတ်ဝင်စားတာက အိန္ဒိယဘက်က စိန်ဘာဘူရဲ့ တူသားတွေပြောတာ အကုန်လုံး စိတ်ဝင်စားတာ မဟုတ်ဘူး။ သူတို့က လေယာဉ်ပျက်ထဲက စိန်တစ်ဝက်တိတိ ကျွန်တော့်ကို ပေးမယ်။ စာချုပ် ချုပ်ကြမယ်။ မြန်မာပြည်က ရှေ့နေရှေ့ရပ်နဲ့ ချုပ်မလား။ အိန္ဒိယက ရှေ့နေရှေ့ရပ်နဲ့ ချုပ်မလား။ သူတို့ဘက်ကတော့ အစိုးရနဲ့ မပတ် သက်ချင်ဘူး။ နှစ်နိုင်ငံ ဘယ်အစိုးရနဲ့မှ မသတ်သက်ချင်ဘူး။ ကျွန်တော့် အစိုးရနဲ့ ကျွန်တော် သပ်သပ်ရှင်းကြ၊ ဝေစုခွဲကြ။ သူတို့ ဒီကိစ္စ ဘာမှ မဝေ ဖန်ဘူး။ ရေအဆုံး၊ ကုန်းတစ်ဝက်လို့ ဆိုရိုးရှိတာ ကျွန်တော်က ရေထဲက လေယာဉ်ပျက်ကို ကုန်းပေါ်တင်ပေးရမယ့်သဘော။

လေယာဉ်ပျံပျက်ရှိချင်ရှိမယ်၊ မရှိချင်မရှိဘူး၊ ဒါက တစ်ကိစ္စ။ လေယာဉ် ပျံရှိပါပြီတဲ့၊ စိန်ဘာဘူရဲ့ လေယာဉ် ဟုတ်တယ် မဟုတ်ဘူး။ ဘယ်သူ သေချာ ပြောနိုင်မလဲ။ သူတို့က သူတို့ဆွေမျိုး၊ သူတို့ပစ္စည်း၊ သံယောဇဉ်နဲ့ တမ်း တမ်းစွဲနေကြတာ။ သူတို့ဘက်ကနေ ကျွန်တော် စဉ်းစားကြည့်တယ်။ စိန်ဘာဘူ့ အမျိုးတွေ ကမ်းလှမ်းကြတာ မရိုင်းပါဘူး။ ကျောက်တုံးကြီးတွေ မိုင်းနဲ့ ခွဲတာ လေယာဉ်ပျက် ဖော်ဆောင်တာတွေ သူတို့အကုန်အကျခံမယ်။ ကျွန်တော်က တရားဝင်ခွင့်ပြုမိန့်ရအောင် လုပ်ပေးရုံပဲ"

ကျွန်တော်က လေယာဉ်ပျက်မရှိဘူး၊ တကယ်လို့ ရှိခဲ့ရင်လည်း စိန်ဘာဘူရဲ့ လေယာဉ်ပျံမဟုတ်ဘူးဆိုတဲ့ ဘက်ကနေ စဉ်းစားတယ်။ ကျောက်တုံးကြီးကို မိုင်းနဲ့ခွဲပြီး တလုံးတခေျာင်းထဲ အင်းထဲ ငှရေတွေ စီးစေ ပါပြီတဲ့။ နံပါတ်တစ်ကတော့ ပန်ဆောင်ပတ် ရေအခက်အခဲဖြစ်မယ်။ ရွာကို ရွှေ့တာတစ်နည်း၊ ဒါမှမဟုတ် ရေတွင်းတူးဖော်ပေးတာအပါအဝင် သူတို့ရဲ့ ရေအရင်းမြစ်ကိစ္စ ဖြေရှင်းမယ်ဆိုရင် ရှင်းလို့ရတယ်။ လောဘ သိပ်ကြီးတဲ့ သူတွေဆိုရင်တော့ ရွာအရွှေ့ခိုင်းမယ်။ ငြင်းဆန်ရင် ရွာလုံးကျွတ် ပစ်သတ် လိုက်မှာပေါ့။ အိမ်ခြေ ဆယ့်လေးငါးခြောက်အိမ်ရှိတာ။

အင်းထဲက ငါးအရင်းအမြစ်ရှိတော့မှာ မဟုတ်ဘူး။ တလုံးတခေျာင်း

ထဲပါကုန်မှာ။ ကျွန်တော်က အင်းပတ်လည်က တောင်တွေမှာ လေ့ကားထစ်တောင်ယာ ဖော်ဆောင်မယ်။ ရေပြင်ကျယ်နေရာကြီးက မိုးစပါး မိုးနှောင်းစပါး စိုက်လို့ရတဲ့ လယ်ပြင်ကြီးဖြစ်လာမယ်။ ဒီလိုဆိုရင် ကျွန်တော့်မိတ်ဆွေ နာဂ တိုင်းရင်းသားတွေ တစ်ကီလိုလို လေးရူပီးနဲ့ ဟိုဘက်နိုင်ငံက ဆန်ဝယ်မစားရတော့ဘူး။ ကျွန်တော် အောက်ခြေတင်လုပ်လို့ရနိုင်တဲ့ အခြေအနေတွေလည်း စဉ်းစားမိတယ်။ ခလရ ၅၂ လည်း ရင်းနှီးခင်မင်တာပဲ။ တပ်ရင်းမှူးနဲ့ ကျွန်တော်နဲ့ ရတဲ့စိန်တစ်ဝက်စီ ခွဲဝေယူကြရင်လည်း ဖြစ်တာပဲ။ ဒီစိန်တွေ ရရင် ကျွန်တော် အခုလိုတောင်ပေါ်မှာ အဆင်းရဲလာခံနေစရာ မလိုတော့ဘူး။ ကျွန်တော့် တစ်သက် တပ်ရင်းမှူးတစ်သက် ဘာပူစရာလိုတော့မလဲ။

တကယ်လို့ လေယာဉ်ပျံပျက်ဟာ စိန်ဘာဘူပါတဲ့လေယာဉ်ပျံပျက်၊ စိန်တွေလည်းပါတယ်ဆိုရင် ကျွန်တော် စဉ်းစားပုံက သူတို့ပေးတဲ့စိန်တစ်ဝက်ကို ကျွန်တော် တစ်ရတီ၊ တစ်လုံးမှ မယူဘူး။ အစိုးရလက် အပ်မယ်။ ဒါပေမဲ့ လက်လွှတ်စပယ်တော့ အပ်မှာမဟုတ်ဘူး။ ဒီစိန်တွေကို ထုခွဲပြီး နာဂ တိုင်းရင်းသားတွေ ဖွံ့ဖြိုးမှုမှာပဲ သုံးရမယ်။ ကျောင်းတွေ၊ ဆေးရုံတွေ၊ လမ်းပန်းဆက်သွယ်ရေးအစရှိတဲ့ တကယ်လိုအပ်တဲ့နေရာမှာပဲ သုံးရမယ်။ ဒီလို ကတိကဝတ်ပေးရမယ်။ လူအများရှေ့မှာ လက်မှတ်ထိုးရမယ်။ ကျွန်တဲ့ တိုင်းသူပြည်သားတွေလည်း အသိပေးရမယ်။ ဒီလိုစိတ်ကူးနဲ့ ညောင်ရမ်းအင်း စီမံကိန်းဆိုပြီး ရေးပြီး အစိုးရဆီ တင်တယ်။ ဒီလေယာဉ်အကြောင်း ထည့်မရေးဘူး။ နာဂတောင်တန်းဖွံ့ဖြိုးရေးအတွက် ရေးတဲ့စီမံကိန်းအဖြစ်နဲ့ တင်တာ။

တောင်ကမ်းပါးယံတွေမှာ လှေကားထစ်တောင်ယာ ဖြစ်လာမယ်။ စပါးစိုက်လို့ရမယ်။ ပတ်ကွိုင်တောင်တစ်ခြမ်းက လိမ္မော်ပင်တွေ စိုက်လို့ ဖြစ်ထွန်းမယ်။ သုံးပုံတစ်ပုံလောက်က လက်ဖက်စိုက်ခင်းနဲ့ ကော်ဖီပင်တွေ စိုက်ကြမယ်။ အင်းရေမရှိတော့တဲ့ မြေပြင်ကြီးမှာ စပါးအနည်းဆုံး နှစ်သီးလောက် စိုက်မယ်။ ဒီလိုစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရင် နာဂ တိုင်းရင်းသားတွေ အိန္ဒိယဘက်သွားပြီး အလုပ်လုပ်စရာမလိုတော့ဘူး။ ဆန်တစ်ကီလိုကို လေးရူပီးပေးဖို့ မလိုတော့ဘူး။ အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါ်ပေါက်လာမယ်။ အရောင်းအဝယ်ဈေးကွက်တွေချဲ့ထွင်ပြီး နာဂ တိုင်းရင်းသားတို့ရဲ့ လူနေမှုတွေ မြင့်တက်လာစေမယ်။ အဲဒီလိုဆိုရင် နောက်ဆက်တွဲအနေနဲ့ လမ်းပန်းဆက်သွယ်ရေးလည်း ဈေးကွက်နဲ့အတူ ယှဉ်တွဲဖြစ်ပေါ်လာမယ်။ ဒီလိုတွေရေးပြီး အစိုးရဆီ တင်လိုက်တယ်။

ကျွန်တော့်စီမံကိန်းက မင်းလုပ် အုပ်ချုပ်ကြတဲ့သူတွေဆီ ဒုတ်ဒုတ်

နယ်ခံပုဂ္ဂိုလ်တွေကလည်း စိတ်ဝင်စားတာပါတာပေါ့။ ထိရောက်သွားတယ်။ ဒီစီမံကိန်းအကြောင်း အသံလွှင့်သွားသတဲ့။ ကျွန်တော် မြန်မာ့အသံကနေ နားထောင်လိုက်ရသူတွေက လာပြောကြတယ်။ မင်း မကြားလိုက်ပေမဲ့ နားထောင်လိုက်ရသူတွေက လယ်ယာနဲ့ပတ်သက်ပြီး စီမံကိန်းဆိုင်ရာပညာရှင်တွေ လုပ်အုပ်ချုပ်သူတွေက လယ်ယာနဲ့ပတ်သက်ပြီး စီမံကိန်းဆိုင်ရာပညာရှင်တွေ ခန့်ချီးလွှတ်လိုက်တယ်။ စိုက်ပျိုးရေးဌာနတို့၊ ကြေးတိုင်တို့လည်း ပါတာပေါ့။ ဒါပေမဲ့ ပြဿနာက အဲဒီအင်းရှိတဲ့ ပန်ဆောင်ပတ်ကို သူတို့ မသွားနိုင် ကြဘူး။ လမ်းလျှောက်သွားရမှာ။ နှစ်ဆယ့်လေးရက် ခရီးသွားရမှာ။ ဒါတောင် နေ့တိုင်း လျှောက်မှ နှစ်ဆယ့်လေးရက်နဲ့ ရောက်မှာ။ လမ်းမှာ အကြောင်း မညီညွတ်ရင် ဒီထက်ကြာဦးမှာ။ ဒီလူအုပ်၊ ဒီခရီးနဲ့ ရိက္ခာပစ္စည်းတင်ဖို့ လားတွေ စီစဉ်ပြီးခါမှာ ရှေ့ဆက်လို့ မရဘူး။ တောင်အတက်အဆင်းကြောက် လို့ နည်းနည်း ပြေပြစ်တဲ့ရှင်ဘွေယန်ဘက်က လှည့်သွားလို့လည်း မရဘူး။ အဲဒီဘက်မှာ မအေးချမ်းဘူး။ လက်နက်ကိုင်တပ်ဖွဲ့တွေ ရှိတယ်။ အစိုးရနဲ့ အဆင်မပြေ တဲ့သူတွေ တပ်စွဲထားတယ်။ အဲဒီလိုနဲ့ ကျွန်တော့် ညောင်ရမ်းအင်း စီမံကိန်းက ရေစုန်ရောလေစုန်ရော မျောပါလေရော။

တိုင်းစလစ်ဖြစ်တယ်လို့ မပြောနဲ့။ ခေတ်တွေ ကျော်ပြီး ပြောလိုက်ဦး မယ်။ (၂၀...)ခုနှစ်တုန်းက ပြင်ဦးလွင်ကို လူနာလာပြရင်းနဲ့ လာကြတဲ့ အထဲမှာ တပ်မတော်အရာရှိတစ်ယောက် ပါလာတယ်။ လူနာကို လိုက်ပို့တဲ့ အထဲမှာ အဖော်ပါလာတာ။ လူနာကို ကြည့်ရှုစစ်ဆေးပေး၊ ခွဲစိတ်ဖို့ သူတို့ အားတဲ့ရက်တွေ ညှိနှိုင်းပြီး လူနာရှင်တွေကို လက်ခံစကားပြောတဲ့အခါ စကား စပ်ပြီး မေးကြည့်တာ

"...က ဘယ်ကလဲ"

"ဟို နာဂဒေသ နန်းယွန်းက . . . ရေးမှူးပါ"

"ဟုတ်လား နန်းယွန်းက ကျွန်တော့်နားရွက်ရာချည်းပဲ"

နောက်တစ်ခါဟုတ်လား ဟုတ်လားလို့ ဆက်ခါဆက်ခါမေးတဲ့သူက အဲဒီ ရာထူးအကြီးဆုံးပုဂ္ဂိုလ် ဖြစ်သွားတယ်။

"ဟုတ်လား ဆရာ"

"နန်းယွန်း ကျွန်တော်တည်ခဲ့တာ"

"ဟုတ်လား ဆရာ"

သူ့မှာ ဒီပြင်ဂြိုဟ်က ထူးဆန်းတဲ့သက်ရှိတစ်ခုခုတွေ့လိုက်ရတဲ့ပုံနဲ့"

"အိမ် ၁၈ လုံး၊ ရေနံပိုက်တွေနဲ့ ဆောက်ထားတာ ဘာသံတစ်ချက်မှ မပါဘူး။ ကြိမ်တွေနဲ့ ချီထားတာလေ"

အံ့သြပြီး အံ့အားသင့်သွားတယ်။ အဲဒီအချိန်မှာ... ရာထူးအကြီးဆုံးပုဂ္ဂိုလ်က သူနဲ့အတူပါတဲ့သူတွေ မကြားရအောင် အသံတိုးတိုးနဲ့ ကျွန်တော့်ကို ပြောတယ်။ ညောင်ရမ်းအင်းပန်ဆောင်ပတ်ထဲက လေယာဉ်ပျံပျက်အကြောင်း ပြောတယ်။ သူက ဟုတ်သလား၊ တကယ်ရှိသလား။ တိတိကျကျသိချင်တာ။ ကျွန်တော်လည်း စိန်ဘာဘူရဲ့တူသားတွေ ယူလာတဲ့ သတင်းစာဖြတ်ပိုင်းတွေ၊ မြေပုံတွေ၊ အိန္ဒိယသတင်းစာတွေထဲမှာပါတဲ့ သူတို့အမျိုးသားပိုင် စိန်တွေနဲ့ မြန်မာနယ်စပ်တစ်နေရာဆိုတဲ့ ဆောင်းပါးတွေအကြောင်း ပြန်ပြောပြရတယ်။ သူ ဟန်မလုပ်နိုင်တော့ဘူး။

"ဆရာ ကျွန်တော်နဲ့ လိုက်ခဲ့ပါ။ အစစအရာရာ ကျွန်တော် တာဝန်ယူပါတယ်။ လိုက်ခဲ့ပါနော် ဆရာ"

"ခင်ဗျား တကယ် စိတ်ဝင်စားသလား"

"ဟာ ဝင်စားတာပေါ့ ဆရာရယ်"

"တကယ်လုပ်မှာလား"

"ဟာ မေးနေစရာ လိုသေးလား ဆရာကလည်း"

"ဒီလိုဆိုရင် ခင်ဗျားနဲ့ ကျွန်တော် အနောက်မြောက်တိုင်း တိုင်းမှူးကို သွားတွေ့မယ်။ သူကလည်း ဒီကိစ္စဆိုရင် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို အစီရင်ခံမှာပဲ။ ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ တိုင်းမှူးတို့ကိုယ်တိုင် အရင်သွားကြည့်ပစေ။ သူတို့က ခေါင်းညိတ်ရင် အိန္ဒိယက ဆွေမျိုးကွေ ကျွန်တော့်တာဝန်ထား၊ နောက်ပြီး"

ကျွန်တော့်စကားမှ မဆုံးသေးဘူး အဲဒီနန်းယွန်းက . . . တာဝန်အကြီးဆုံးပုဂ္ဂိုလ်ပြောတဲ့စကားက ဘာလို့ထင်သလဲ။

"ဟာ ဆရာကလည်း ဘာလို့ လူကြီးတွေ အိန္ဒိယတွေ၊ ပါရမှာလဲ ကျွန်တော်နဲ့ဆရာ နှစ်ယောက်တည်း ခွဲယူရမှာလေ၊ အခု လေယာဉ်အတောင်ပံပေါ်နေပြီ"တဲ့

ညောင်ရမ်းအင်း စီမံကိန်းမှာ ကျွန်တော် လည်ပင်းကြီးရောဂါနဲ့ ပတ်သက်ပြီးလည်း ထည့်ပြီး တင်ပြလိုက်တယ်။ ကျွန်တော် လေ့လာတွေ့ရှိချက်တွေပါတဲ့ သုတေသနဆန်ဆန် လုပ်ဆောင်ချက်ပါ။ လည်ပင်းကြီးရောဂါတွေထပ်ပြီး မကြီးထွားလာဖို့ နောက်မျိုးဆက်တွေ မခံစားရအောင်လို့ တင်ပြတာ။ နို့မို့ရင် ဒီရောဂါက ကျွန်တော်သေပြီးတဲ့နောက် ကျွန်တော့် သားသမီး မျိုးဆက်ဆရာဝန်တွေအထိ လည်ပင်းကြီးတွေ ခွဲလို့ပြီးမှာ မဟုတ်ဘူး။ ဒါကြောင့်မို့ တိုင်းရင်းသားအရေးကို ရှေးရှုပြီး အိုင်အိုဒင်းဆား အခမဲ့ဝေသင့်တဲ့အကြောင်း

အိုင်အိုဒင်း ဝမ်းသရီးဝမ်းထည့်ပေးနိုင်ရင် သမနိရှည်ကြာနေတဲ့ တင်ပြတာပါ။ နာဂတွေရဲ့ လည်ပင်းကြီးရောဂါဓာတ်ထုပ်ကို ဓာတ်သိမ်းနိုင်ပါလိမ့်မယ်။

ကျွန်တော့်တင်ပြချက်တွေ လူကြီးသူမတွေဆီ ရောက်တယ်။ ရန်ကုန်ကနေ ဆရာဝန်တွေရောက်လာကြတယ်။ ဦးသိန်းကြွယ်တို့ ဒေါ်မေရီတို့ ဆရာအောင်သန်းဘတူတို့ ပါကြတယ်။ သူတို့ကို ဟတ္ထိရွာအထိ ခေါ်သွားတယ်။ အဲဒီမှာ ဆီးစစ်တယ်။ သူတို့သောက်ရတဲ့ရေကိုလည်း နမူနာယူတယ်။ သူတို့ လုပ်အားကောင်းကောင်းနဲ့ လုပ်ပြီး ပြန်သွားကြတယ်။ ကျွန်တော် လုပ်နိုင်တာကို ဓီးရိုး၊ ဝမ်း၊ တူး၊ သရီး၊ အေဆိုတဲ့ စမ်းစစ်ချက်နဲ့ သူတို့ကို အချက်အလက် စုပေးလိုက်တယ်။ ဓီးရိုးဆိုတာ ပို့ကြက်တာမရှိဘူးလို့ ဆိုလိုတာ။ ဝမ်းက သာမန်ကြည့်ရင် မတွေ့ရဘူး မော့တော့မှ တွေ့ရတာ ဝမ်း။ တူးက အနီးကပ်မှ တွေ့ရတာ၊ သရီးကတော့ ကာယကံရှင်လည်ပင်းကြီးနေတာကို အဝေးကြီးက တွေ့နိုင်တာ၊ နောက်ပြီး အေဆိုတာ ပြောင်ပြောင်အလုံးအလုံးတွေ အက်ဒီနိုးမားကို ဆိုလိုတာ။ မြေလွှာသုံးလွှာလည်း တူးပေးလိုက်တာ မှတ်မိတယ်။ နာဂတိုင်းရင်းသားတွေ သောက်သုံးရေ၊ ဆီးစစ်ချက်၊ သူတို့ထွန်ယက်ရတဲ့ မြေလွှာ၊ ကျွန်တော့်လေ့လာချက်တွေနဲ့ ပူးပေါင်းလုပ်ကြတာ။

တစ်ချက်ခုတ်နှစ်ချက်ပြတ်အနေနဲ့ ရွာတွေထဲကို ထဲထဲဝင်ရောက်လေတော့ သန်းခေါင်စာရင်းဌာနကို အကြောင်းကြရတယ်။ သူတို့ ၁၉၆၄ ခုနှစ်က ကောက်ခံခဲ့တာတွေဟာ အပေါ်ယံကျလွန်းတယ်။ မှားတာတွေရှိတယ်။ မတိကျဘူး။ ကျွန်တော်က ယူနီဖောင်းဝတ်မဟုတ်ဘူး။ ကျွန်တော်နဲ့ နာဂတွေနဲ့ ခင်မင်ရင်းနှီးမှုအတိုင်းအတာတွေရှိတယ်။ ကျွန်တော် သန်းခေါင်စာရင်း အသစ်၊ အမှန်ပြုစုခဲ့မယ်လို့ ခွင့်တောင်းပြီး ပြုစုပေးလိုက်တယ်။ ကျွန်တော် နာဂစကားအထိုက်အလျောက် နားလည်နေပြီ။ တစ်ခွန်းစ နှစ်ခွန်းစ ပြောနိုင်ပြီ။ သန်းခေါင်စာရင်း ကိုအင်ဝှက်တို့ သိမီလိုက်ပါတယ်။

၁၉၆၆ က စလိုက်တဲ့ အိုင်အိုဒိုက်ဆား စီမံချက်တွေ ၁၉၆၈ ခုကျတော့ ချင်းတောင်ဒေသအပါအဝင် အိုင်အိုဒင်းဆားကို အခမဲ့ဝေတယ်။

* * *

## လံကွတ်တီဝတ် နတ်ဆရာ

တောင်ပေါ်တက်ပြီး လည်ပင်းကြီးတွေ၊ အူကျတာတွေ လိုက်လုပ်ပေးနေတုန်း ရဟတ်ယာဉ်တစ်စင်း ဆင်းလာတယ်။ နယ်မြေလုံခြုံရေးအတွက်

စစ်ဆင်ရေးများလား၊ လက်နက်ကိုင်တိုက်ပွဲလည်း ဘာသံမှ မကြားပါဘူးလို့ အောက်မေ့နေတာ ဆင်းလာတဲ့ ပုဂ္ဂိုလ်က စစ်ဘက်က မဟုတ်ဘူး။ ကျန်းမာရေးနဲ့ ပညာရေးဝန်ကြီး ဗိုလ်မှူးကြီးလှဟန်ပဲ။

ကျွန်တော် ဘယ်မှာရှိတယ်ဆိုတာ ရဲတွေ၊ စစ်တပ်တွေဆီက မေးမြန်းပြီး လာတာဖြစ်မှာပေါ့။ ကြိုတင်မှ အကြောင်းမကြားတာ၊ ဘာမှကြိုဆိုတာတွေ ညှိခံတာတွေ ပြင်ဆင်တာတွေမရှိဘူး။ ကျွန်တော်က လည်ပင်းကြီးတစ်ခုခွဲတော့မလို့။ အန်ပေါ်မှာလာကြိုရတာ။ လူနာရဲ့အခြေအနေရော၊ ကျွန်တော် ဝတ်စားထားပုံရော၊ လုပ်နေကိုင်နေကြပုံရော သူ့စိတ်ထဲမှာ ဘဝင်မကျဘူး။ မနှစ်မြို့ဘူးဆိုတာ သူ့မျက်နှာမှာ အထင်းသားမြင်နေရတယ်။ ကျွန်တော်က ထွက်မကြိုလို့တော့ ဟုတ်ဟန်မတူဘူး။

လက်အိတ်မပါ ဘာမပါနဲ့၊ ခွဲစိတ်လောကကို ဖျက်ဆီးနေတဲ့ ဆရာဝန်ပဲ လူနာကလည်း ကြေးရှစ်သစ်၊ ညစ်တေလို့၊ မျက်နှာနဲ့ လည်ပင်းက အလုံးနဲ့ ဆတူလောက်ရှိတယ်။ သူ ဒါမျိုးတွေ တွေးရင်တွေးနေမှာပေါ့။

"ဒေါက်တာသိန်းလှိုင် သတိထားခွဲနော်"

ဒီတစ်ခွန်းပဲ ပြောတာ။ လူကြီးဆိုတော့ လူကြီးစကား လူကြီးလိုပြောသွားတယ်။ လည်ပင်းထဲက အလုံးထုတ်ပြီး ပြန်ချုပ်ခါနီးတော့ အန်ပေါ်ရွာဘက် လျှောက်စစ်ဆေးဖို့ ထွက်သွားကြတယ်။ နေ့လယ်ခင်းတော့ ဗိုလ်မှူးကြီးလှဟန်က မိန့်ခွန်းပြောဖို့ ဘောလုံးကွင်းထဲမှာ လူစုကြရတယ်။ ကျွန်တော်လည်း နားထောင်မလို့ သွားတယ်။ ပရိသတ်ရဲ့ရှေ့နားမှာ ကျွန်တော့်ကို မတွေ့တော့ ဘယ်သွားနေသလဲလို့ မေးတဲ့အခါ ကျွန်တော်က ပရိသတ်ရဲ့ အနောက်နားမှာ သူတို့နဲ့ အတူရောထိုင်ပြီး လူနာရှင်နဲ့အတူ ခေါင်းရည်စုပ်နေတာ။ လံကွတ်တီနဲ့ ဖင်ပြောင်နဲ့။ ကျွန်တော့်ကို ခေါ်တွေ့တော့ လံကွတ်တီနဲ့ ဆိုတော့

"ဒေါက်တာသိန်းလှိုင်ရာ ကိုယ့်ကိုယ်ကိုယ် ဆရာဝန်ဆိုတာ မမေ့ပစ်လိုက်နဲ့ဦး"

"ဟုတ်ကဲ့ပါ ဗိုလ်မှူးကြီး"။

"ငါတော့ အမြင်မတော်ဘူးထင်တာပဲ၊ ထူးခြားနေတယ်"။

"ကျွန်တော် သူတို့ဘဝ မြှင့်တင်ချင်လို့ တစ်သားတည်းဖြစ်အောင် ကြိုးစားနေတာပါ"

"ဩော်..."

ဒီတစ်ခွန်းပဲ။ ဆက်မပြောဘူး။ ပြောလို့လည်း ရမယ့်ဆရာဝန်လို့လည်း

မထင်တော့ဘူးထင်ပါရဲ့။ သူ မိန့်ခွန်းပြောဖို့ အဆင်သင့်ဖြစ်နေပြီ။ စကားပြန် လည်း ရောက်နေပြီ။ "ဘုံကရမ်"ဆိုတဲ့ ပုဂ္ဂိုလ်က စကားပြန်မှာ။ သူက လူကြီး တွေလာရင် သူ့ကိုလက်စွဲအဖြစ် သုံးတယ်။ မြန်မာစကားနားလည်ပြီး ဘာသာ ပြန်တော်တယ်။ သူတို့ အစဉ်အဆက် အင်္ဂလိပ်လက်ထက်ကတည်းက စကား ပြန် လုပ်ခဲ့ကြသတဲ့။

ဗိုလ်မှူးကြီးလှဟန်က စကားပြောဖို့ အဆင်သင့်ဖြစ်နေပြီ။ နာဂ အများစုကြီးက ဗိုလ်မှူးကြီးလှဟန်ဘက် မျက်နှာမမူကြဘဲ ကျွန်တော်ရှိရာ ဘက် မျက်နှာမူနေကြတယ်။ ဒါနဲ့ မဖြစ်ပါဘူးလေ။ နေမြင့်သွားပါလိမ့်မယ် ဆိုပြီး တောင်ဘက်ခြမ်းကနေ ပရိသတ်နဲ့ မြောက်ဘက်ခြမ်း ကျွန်တော်ပြောင်း ထိုင်ပြန်တော့လည်း သူတို့က ကျွန်တော့်ဘက်ပဲ မျက်နှာမူနေကြတယ်။ ဒါကို လူကြီးတွေက ရိပ်မိတယ်။ ဗိုလ်မှူးကြီးက သူ့ကိုယ်ရေးအရာရှိကို တစ်ခုခု ပြောလိုက်တယ်။ ဗိုလ်ကြီးက ကျွန်တော့်ကို ရှေ့ဆုံးမှာ လာထိုင်ပါလို့ ဗိုလ်မှူးကြီးပြောပါသတဲ့။ သူ့ ကိုယ်ရေးအရာရှိပြောတဲ့အတိုင်း ရှေးဆုံးနားမှာ သွားထိုင်တော့မှပဲ နာဂပရိသတ်လည်း ဗိုလ်မှူးကြီးလှဟန်ဘက် မျက်နှာမူ လျက်သား ဖြစ်သွားတော့တယ်။

နောက်မှ ကြားရတာတော့ အတူပါလာတဲ့ ဗိုလ်မှူးကြီးကျော်စိုးက ငါတို့ပြောနေလည်း လေကုန်ရုံရှိမှာပါကွာ၊ ငါတော့ ဘာမှမပြောတော့ဘူး။ ဒီနတ်ဆရာဝန်ကို ငါတို့ ဖြစ်ချင်ပြောချင်တာတွေမှာခဲ့ရင် ပြီးတာပဲလို့ ပြော သွားသတဲ့။

ဗိုလ်မှူးကြီးလှဟန်က အရင်တစ်ခေါက် သူလာတုန်းက လစာတိုးပေး ခဲ့တာတွေ ထုတ်နေရပြီလားလို့ မေးတော့ ကျွန်တော် အဲဒီလစာမခံစားရဘူး။ ခံလည်း မခံစားချင်၊ မယူချင်ဘူးလို့ ပြန်ဖြေလိုက်တယ်။ ကျွန်တော် ဖြေလိုက် တာ၊ သူမျှော်လင့်ထားတဲ့စကားမှ မဟုတ်ဘဲ။ ဘာလို့လဲ မေးတဲ့ မျက်နှာထား မှာ မဖုံးလိုက်မဖိလိုက်နိုင်ဘူး။ ကျွန်တော် ရာထူးငယ်ငယ်နဲ့ တာဝန်ကြီးကြီး တွေ လုပ်ပါ့မယ်။ တာဝန်ကြီးကြီး ယူထားပြီး တစ်ခုခု မတော်တဆ မှားယွင်း မိခဲ့ရင် မကောင်းဘူး။ ဒါ ကျွန်တော့်စိတ်ထဲရှိတာ အမှန်ပဲ။ အနိမ့်ကနေ အမြင့် တာဝန်တွေ ထမ်းတာ ဝန်ထမ်းလောကမှာ တာဝန်ကင်းတယ်။ ဗိုလ်မှူးကြီး လှဟန်ကိုတော့ ကျွန်တော် ရာထူးအတွက် အလုပ်လုပ်နေတာ မဟုတ်ဘူးလို့ မပြောလိုက်ပါဘူး။ ငွေတွေမက်တယ်ဆိုရင် ကျွန်တော် မြို့မှာတင် ဆေးကု ဆေးထိုး ငွေရှာစားမှာလေ။

ဗိုလ်မှူးကြီးလှဟန်က ရာထူးတို့မယ့် ငွေစာရင်းတာဝန်ခံတွေက ဒီကိစ္စ

မဖြစ်သင့်ဘူးလို့ ကန့်ကွက်ထားသတဲ့။ ကျွန်တော် လစာတိုးယူချင်လို့လည်း ထုတ်လို့မရဘူး။ ဒါကို ကျွန်တော် မသိဘူး။ လစာအချိန်တိုင် သွားထုတ်၊ ဘာလို့ မတိုးတာလဲ။ ဒါတွေလည်း မစုံစမ်းပါဘူး။ ကျွန်တော့်ကို ဒီလို လက်လွှတ်စလွယ် လစာတိုးပေးရင် ကျန်တဲ့ ဝန်ကြီးဌာနက အလုပ်ကြိုးစား တဲ့လူတွေကိုရော မပေးရတော့ဘူးလား။ ဒီအကြောင်းပြချက်နဲ့ ကန့်ကွက် ထားသတဲ့။ နောက်တစ်ခေါက် ရန်ကုန်လာရင် သူ့ကို လာတွေ့လှည့်၊ လက် မှတ်လာထိုးလှည့်။ ရာထူးတက်လစာ ခံစားစေရမယ်တဲ့။ အဲဒီမှာ ဆေးရုံမှူး ဆိုတဲ့ ရာထူး ၆၀၀–၄၀–၈၀၀ တစ်ခုပေါ်လာတယ်။

ရန်ကုန်အပါအဝင် နယ်မှာရှိတဲ့ ဆရာဝန်တွေလည်း ဒီရာထူးအတွက် ကြိုးစားကြတယ်။ သူတို့ကိုကျတော့ ဆေးရုံမှူးရာထူး တိုက်ရိုက်မခန့်ဘူး။ သင်တန်းလက်တွေ့ တစ်နှစ်ဆင်းရဦးမယ်တဲ့။ ကျွန်တော် တစ်ယောက်ပဲ ခြွင်းချက်နဲ့ ခွင့်ပြုတာ။ လုပ်ဖော်ကိုင်ဖက်တွေက သိန်းလှိုင် ဘာဖြစ်တယ် ဘာဖြစ်တယ် ဟိုနှယ့် ဒီနှယ့် ပြောကြတယ်လေ။

* * *

## ပဋိရူပဒေသသို့

ကျွန်တော် နယ်စပ်အစွန်အဖျားတွေ လျှောက်ပြီး ဆေးကုရင်းနဲ့ နိုင်ငံ အတွက် အကျိုးရှိရာရှိကြောင်းတွေ တင်ပြတာတို့ အစီအရင်ခံတာတို့ အခါ အားလျော်စွာ လုပ်ခဲ့တယ်။ အောင်နိမိတ် စစ်ဆင်ရေးဆိုတာ ကြားဖူးသူတွေ ရှိလိမ့်မယ်။ ဒီစစ်ဆင်ရေးနဲ့ ကျွန်တော်နဲ့ပတ်သက်တယ်။ အိန္ဒိယသို့ တံခါး ၁၃ ပေါက်ဆိုတဲ့ စာတမ်းတစ်စောင်ရေးပြီး နိုင်ငံတော်အကြီးအကဲတွေဆီ ပို့လိုက်တယ်။ ဘာလို့ ဒီလိုရေးတာလဲဆိုတော့ နှစ်နိုင်ငံသဘောတူညီပြီး စိုက်ထူထားတဲ့ နယ်ခြားမှတ်တိုင်တွေ သူတို့ဘက်က ကျွန်တော်တို့ မသိအောင် ခိုးခိုးပြီး ရွှေ့ထားတာတွေ့ရလို့ပဲ။ သူတို့ရဲ့ လက်နက်ကိုင်တွေ ရာနဲ့ချီ ထောင်နဲ့ချီပြီး တပ်စွဲထားတယ်။ အဲဒီအခါ ကျွန်တော်တို့ဘက် အေးဆေး တိတ်ဆိတ်နေတော့ သူတို့ အခုလို လူမသိ သူမသိရွှေ့ရင် ရမယ်လို့ စိတ်ကူး တယ် ထင်ပါရဲ့။ သူတို့ရွှေ့ထားကြတယ်။ ဝါးသုံးလေးငါးပြန်လောက် ရွှေ့ တာမဟုတ်ဘူး။ တောင်ကြီးတစ်တောင်လောက်ကို ရွှေ့တာ။ နယ်ခြားမှတ် တိုင်အသစ်နဲ့ အဟောင်းရွှေ့ထားရင် သိသာတယ်လေ။ ကျွန်တော်တို့ဘက်

ကြတာ။ သူတို့က ရွှေ့တော့ တာပေါ့ ခိုဖီလက်နက်ကိုင်က ဒီဘက်လာမှမလာကြတာ။ သူတို့က ရွှေ့တော့ တာပေါ် ခိုဖီလက်နက်ကိုင်တွေ ခြေကုပ်မယူနိုင်အောင် လာပြီး ကာကွယ်ရင်း ဒီမောင်တွေ ရွှေ့ကြပြုကြတာ။

ဟိုတုန်းက နယ်ခြားမှတ်တိုင်စိုက်ရင် အဲဒီတိုင်ရဲ့အခြေမှာ အထိမ်းအမှတ်ပစ္စည်း၊ အဖိုးတန်ပစ္စည်းတစ်ခုခုတော့ ထည့်ပြီးစိုက်လေ့ရှိတာကိုး။ သူတို့ ရွှေ့ထားတဲ့ ကျူးထားတဲ့မှတ်တိုင်အခြေမှာ ဘာမှမရှိဘူး။ ဒါကို ကျွန်တော် စာတမ်းရေးလို့ အောင်နိမိတ်စစ်ဆင်ရေးပေါ်တာပဲ။

အိန္ဒိယနိုင်ငံက စစ်ဘက်ရဲဘက်အရာရှိတွေကို ခြသေ့်တို့ ကျားတို့နဲ့ သင်္ကေတပြုပြီး ခေါ်ဝေါ်လေ့ရှိတယ်။ ကျွန်တော်နဲ့ သူတို့နဲ့ ခင်မင်သွားတာပါပဲ။ ကျွန်တော့်မှာပါတဲ့ လုံခြုံရေးရဲဘော်တွေနဲ့ ဘော်လီဘောကစားကြ။ ကျွန်တော်တို့ နို့ဆီနဲ့ သူတို့ အရက်၊ စီးကရက်တို့နဲ့ လဲလှယ်သောက်ကြ။ ဒီလိုနေကြတာ။ လေ့လာတွေ့ရှိချက်အရ ပိတ်ဆို့ပြီး မှတ်တိုင်တွေ မူလနေရာပြန်ရောက်ဖို့ နေရာ ဆယ့်သုံးနေရာတွေ့တာနဲ့ စာတမ်းတင်လိုက်တာ။

ဗိုလ်မှူးမောင်ရှိန်းကို ပါးစပ်ကလည်း ပြောပြတယ်။ မြေပုံမှာလည်း ထောက်ပြလိုက်တယ်။ ဗိုလ်မှူးကြီးခင်အုန်း ဦးစီးပြီးလုပ်တဲ့ အောင်နိမိတ်စစ်ဆင်ရေး။ အိန္ဒိယတပ်ဘက်နဲ့ ခင်မင်သိကျွမ်းတာက သပ်သပ်၊ ကိုယ်တိုင်းပြည်လုံခြုံမှုကိစ္စက သပ်သပ်ပဲ။ ကျွန်တော် လုပ်သင့်လုပ်ထိုက်တာတစ်ခုကို လုပ်ခဲ့တယ်လို့ ကိုယ့်ကိုယ်ကိုယ် မှတ်ယူတယ်။ ဒီလိုမှမဟုတ်ရင် တဖြည်းဖြည်း သူတို့ နယ်ချဲ့ရင်းနဲ့ နောင်တစ်ချိန်မှာ အကျယ်အကျယ် မငြိမ်းဖွယ်တွေ ဖြစ်လာနိုင်တယ်။ မျိုးချစ်စိတ်တွေ၊ ငါတို့မြေ တစ်လက်မမှ အကျူးကျော် မခံနိုင်ဘူးကွ မအော်ချင်ဘူး။ ဒါပေမဲ့ မလုပ်ကောင်းတာ လာလုပ်တာတော့ ဘယ်သူခံချင်မလဲ။

နာဂတောင်တန်းပေါ်မှာ မြို့လေးတွေ ရွာတွေထဲက လဟယ်မြို့ကို သံယောဇဉ်တွယ်မိတာတော့ အမှန်ပဲ။ ဒီပြင်မြို့တွေလိုပါပဲ။ လှပတယ်။ တိတ်ဆိတ်တယ်။ အေးမြတယ်။ တောင်ပေါ်လေအေးတွေ တိုက်တယ်။ မိုးများတယ်။ ဒါပေမဲ့ လဟယ်ဆိုတဲ့အသံကြားရင်၊ စာထဲမှာ ဖတ်ရရင် ကျွန်တော် အာရုံတွေ နိုးထလာမိတယ်။ လဟယ်မြို့မှာ ဆေးရုံတစ်ရုံဆောက်ခဲ့တာ အပါအဝင် လဟယ်နဲ့ ကျွမ်းဝင်ခဲ့တာတွေကြောင့် ထင်ပါရဲ့။

တကယ်တော့ လဟယ်ဟာ အရင်ကတည်းက မြို့တစ်မြို့ပါ။ အင်္ဂလိပ်ခေတ်၊ ဖဆပလခေတ်တို့မှာ ဆရာဝန် ရုံးစိုက်ခဲ့တဲ့တောင်တန်းပေါ်ကမြို့တစ်မြို့ပဲ။ ဒါပေမဲ့ ကျွန်တော် ခန့်ရောက်တဲ့ကာလတွေမှာ လဟယ်မြို့က အသက်ငင်နေရှာပြီ။ အုပ်ချုပ်သူတွေက လေယာဉ်ကွင်းရှိတဲ့ အန်ပေါမြို့ကို

ပိုပြီး စိတ်ဝင်စားကြတယ်။ အိန္ဒိယနွယ်ဖွားဆရာဝန် လူမှုရေးကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး အသက်နုတ်တာ ခံလိုက်ရတဲ့နောက် လဟယ်ဟာ မေးမိုန်စ ပြုလာတယ်လို့ ဆိုလေမလား။

အန်ပေါမြို့ဟာ အုပ်ချုပ်ရေးအပိုင်းက ရုံးတွေစိုက်ရဲ၊ စခန်း၊ စစ်တပ် တွေရှိပေမဲ့ မနေသင့်တဲ့မြို့။ အေးစရာရှိရင် အင်မတန်အေးပြီး ပူစရာရှိ မြင်းခြံ၊ မန္တလေး၊ စစ်ကိုင်းထက် မလျော့ဘူး။ တပ်မတော်သားတွေရော အရပ် ဘက်ဝန်ထမ်းတွေပါ ရောဂါဘယ ထူပြောတဲ့ အရပ်။ ငှက်ဖျား၊ ဘေလုံး၊ ဘယ်ရီရောဂါတွေဟာ ဌာနေပုဂ္ဂိုလ်တွေကို သိပ်နှိပ်စက်တယ်။ လူတောသား စကားနဲ့ ပြောရမယ်ဆိုရင် အန်ပေါမြို့ကို ဒီပြင်နေရာရွှေ့ရင် ရွှေ့၊ မရွှေ့ရင် အန်ပေါ် သုသာန်က မြို့ဘက်ကိုရွှေ့လာလိမ့်မယ်ဆိုတဲ့ အပြောမျိုး ပြောရ မလိုဘဲ။ နောက်ပြီးတော့ နာဂတိုင်းရင်းသားတွေက အန်ပေါမြို့မှာ လုံးဝ မနေချင်ဘူး။ သူတို့အတွက် အန်ပေါ်ဟာ မနေအပ်တဲ့အရပ်။ နတ်ပေါင်းစုံ မကြိုက်တဲ့ အရပ်လို့ အယူအဆကလည်း ရှိပေသကိုး။

အန်ပေါမြို့ကို လဟယ်မြို့ဆီ ရွှေ့ဖို့ ခန္တီးမှာရှိတဲ့ အကြီးအကဲတွေနဲ့ တိုင်ပင်ကြည့် ဆွေးနွေးကြည့်တယ်။ ဗိုလ်ကြီးမောင်ပေါ်က

"ဟာ ဆရာရယ် ဘယ်ရွှေ့လို့ရမလဲ"

"မရွှေ့လို့မဖြစ်ဘူး၊ ကျွန်တော် နိုင်ငံတော်အစိုးရကို တင်ပြကြည့်ချင် တယ်"

ဗိုလ်ကြီးအောင်ပေါ်က ရယ်ရှင်မင်းသားတစ်ယောက်လို ပခုံးနှစ်ဖက် စုံတွန့်ပြပြီး

"ဆရာကြိုးစားရင်လည်း ကြိုးစားကြည့်လေ"တဲ့။ သူ့ပါးစပ်က မထွက် ပေမဲ့ သူစကားသံ ရယ်လိုက်ပုံက ပုံမှန်မဟုတ်ဘူး။ အလကား အချိန်ကုန် အလုပ်ပျက်ခံလို့ ကြိုးစားကြည့်နေသေးတယ်လို့ ပြောချင်တာ မပြောဘဲ ရယ် လိုက်တဲ့ ရယ်နည်းမျိုး။

အလုပ်ပါးတဲ့ရက်မှာ ကျွန်တော် လေယာဉ်လက်မှတ်ဝယ်တယ်။ လက် မှတ်ရတယ်။ လေယာဉ်ဆင်းမယ် မဆင်းဘူး မသေချာဘူး။ လေယာဉ်လာရင် လိုက်ရမယ်။ မန္တလေး၊ မြစ်ကြီးနားဘက်က လာတဲ့လေယာဉ် မျှော်ရတာဟာ ကိုယ်မသွားချင်တဲ့ ခရီးစဉ်ဆိုရင် ဘယ်လိုမှ သိပ်မခံစားရပေမဲ့ ကိုယ်သွား ချင်တဲ့ခရီးအတွက်တော့ လေယာဉ်မဆိုက်တာဟာ အတော်ဝမ်းနည်းဖို့ ကောင်းတယ်။

နန်းတွင်းထဲက အနောက်မြောက် တိုင်းမှူးဗိုလ်မှူးကြီး စိန်မြ သွား

တွေ့တယ်။ ကျွန်တော့်ရှေ့မှာ ဧည့်သည်တချို့ ရှိနေကြတယ်။ လုပ်ငန်းရှင်တွေလား၊ မွန်ပြည်နယ်က မိတ်ဟောင်းတွေလား မသိ။ မွန်မွန်ရည်ရည် သပ်သပ်ရပ်ရပ်တွေ။ သူတို့ထွက်သွားမှ ကျွန်တော့်ကို ခေါ်တွေ့တယ်။

သူ့ရဲ့အချိန် ကိုယ့်ရဲ့အချိန်ငဲ့ပြီး မာကြောင်း သာကြောင်း စိတ်မပါ လက်မပါပြောပြီး လာရင်းကိစ္စကိုတော့ စိတ်ပါလက်ပါ ပြောချလိုက်တယ်။ ပထမအစတော့ အေးအေးသက်သာလေသံပါပဲ။ ဆန္ဒစွဲ၊ ဆန္ဒစောတာတွေ ခံစားလာတော့ အသံလိုအပ်တာထက် နည်းနည်းကျယ်သွားတယ်။ လိုရင်းအတိုချုပ်ကတော့ တိုင်းမှူးဗိုလ်မှူးကြီးစိန်မြ စကားသံနဲ့ ပြောရရင် အာလုပ်သံနဲ့

"ဆရာရယ် ကြည့်လည်း လုပ်ပါ။ မြို့တစ်မြို့ ရွှေ့တာ တိုင်းမှူးတစ်ယောက်ရဲ့ အမိန့်နဲ့ ရွှေ့လို့ရပါ့မလား"တဲ့။

တိုင်းမှူးအနေနဲ့ လုပ်ခွင့်မသာရင်လည်း ကျွန်တော်ကလာပြီး အသိပေးတယ်လို့သာ မှတ်ယူလိုက်ပါ။ အစီရင်ခံတဲ့ သဘောပေါ့။ ဒီလိုစကားလုံးတွေ ပြောခဲ့ပြီး ရန်ကုန်ဆင်းခဲ့တယ်။ မဆင်းခင်မှာ ဗိုလ်မှူးကြီးလှဟန်ကို တွေ့ခွင့်ရဖို့ ဗိုလ်မှူးဟန်ထွန်းဆီ ဖုန်းဆက်လိုက်တယ်။ ဗိုလ်မှူးဟန်ထွန်းက တယ်လီဖုန်းခဏကိုင်ထားပါဦးဆရာဆိုပြီး ဆယ့်ငါးစက္ကန့် နှစ်ဆယ်လောက်ကြတော့ ဘာကိစ္စလဲလို့ ဗိုလ်မှူးကြီးက မေးနေတယ်ဆရာတဲ့။ ကျွန်တော်ကလည်း တင်ပြစရာကိစ္စတစ်ခုရှိလို့ပါလို့ ပြန်ပြောလိုက်တယ်။ ဆယ်စက္ကန့်လောက်နေတော့ ဆင်းခဲ့ပါဆရာတဲ့လေ။

ရန်ကုန်ရောက်တော့ ခေတ္တတည်းခိုနေတဲ့ တယ်တယ်တို့ မေမေတို့အိမ်ကပဲ ဗိုလ်မှူးဟန်ထွန်းဆီ ဖုန်းဆက်လိုက်တယ်။ သူက ကျွန်တော့်ကို အချိန်တစ်ခု သတ်မှတ်ပေးလိုက်တယ်။ မနက်ဆယ်နာရီခွဲမှာ အဆင်သင့်လုပ်ထားပါတဲ့။ တကယ်လည်း ချိန်းဆိုထားတဲ့ အချိန်မှာ သူရောက်လာ တယ်။ ဝန်ကြီးများရုံးမှာ လူတွေ ရှုပ်မနေပါဘူး။ ကိုယ့်အလုပ်နဲ့ကိုယ်၊ ဧည့် သည်လည်း သိပ်မတွေ့မိဘူး။

"ဗိုလ်မှူးကြီး နေကောင်းတယ်နော်"

"ကောင်းတယ်၊ ကောင်းတယ် ဒီမှာထိုင်၊ အသားတွေ ညို့သွားသလားလို့"

"ဟုတ်တယ် ဗိုလ်မှူးကြီး ကျွန်တော် တောင်ပေါ်ကနေ ဆင်းလာတာ"

"သွား ကိုကျော်စိုးခေါ်ချေ။ ဒီမှာ ဒေါက်တာသိန်းလှိုင်ရောက်နေတယ်လို့ ပြော"

ဗိုလ်မှူးဟန်ထွန်း ထွက်သွားပြီး မကြာဘူး ဗိုလ်မှူးကြီးကျော်စိုးပါ ပါလာတယ်။ ကျွန်တော်တို့ သာကြောင်းမာကြောင်း လူနာတွေအကြောင်း ရာသီဥတုအကြောင်းတွေ ပြောနေတုန်း ဝင်လာတာပါ။

အန်ပေါမြို့ကို လဟယ်မြို့ဆီ ရွှေ့သင့်ကြောင်း ကျွန်တော် တင်ပြလိုက်တယ်။

"အန်ပေါမြို့ဟာ လေယာဉ်ကွင်းရှိတဲ့ မြို့ပါ။ ရေလည်းမရှားပါဘူး။ စစ်တပ်လည်း စွဲထားတယ်။ ဒါပေမဲ့ နာဂတိုင်းရင်းသားတွေကတော့ အန်ပေါမြို့ဟာ မနေသင့် မနေအပ်တဲ့ ပစ္စန္တရာဇ်အရပ်လို့ အောက်မေ့ကြတယ်။ ဘယ်နာဂမှာ မနေချင်ကြဘူး"။

ပုဂ္ဂိုလ်ကြီးနှစ်ယောက် အာရုံစိုက် နားထောင်နေကြတယ်။

"ဒေသခံလူထုတွေ၊ ဝန်ထမ်းတွေ၊ တပ်ထဲက ရဲဘော်လေးတွေ၊ အကြပ်နဲ့ အရာရှိပါမကျန် ကျန်းမာရေးထိခိုက်စေတဲ့ အရပ်ပါ။ ငှက်ဖျားကတော့ ထူးပြီး စာမဖွဲ့လိုပါဘူး။ ဘယ်ရီရောဂါ၊ ဘေလုံးထွက်ကြတာ၊ ရေဖျဉ်းစွဲတာ အဖြစ်များပြီး အသအပျောက်လည်းများပါတယ်"

ဗိုလ်မှူးကြီးနှစ်ယောက် ဘာမေးခွန်းများ မေးကြလေမလဲလို့ ကျွန်တော် စကားပြောတာကို စက္ကန့်ပိုင်းလောက် ရပ်လိုက်တယ်။ ဘာမေးခွန်းမှ ပေါ်ထွက်မလာတာနဲ့ စကားဆက်လိုက်တယ်။

အင်္ဂလိပ်ခေတ်ကတည်းက လဟယ်မြို့ရယ်လို့ တည်ရှိခဲ့ပုံ၊ ဖဆပလခေတ်က လဟယ်မြို့ အခြေအနေနဲ့ လဟယ်မြို့ သမိုင်းအကျဉ်းကို သိသလောက် တင်ပြတယ်။ တိုင်းရင်းသားအရေးရှုထောင့်၊ ကျန်းမာရေး ဝန်ထမ်းတစ်ယောက် အမြင်နဲ့ ပြန်လည်တည်ဆောက်သင့်တဲ့လဟယ်မြို့ရဲ့ ဒီဇိုင်းကိုပါ လူကြီးနှစ်ယောက်ရဲ့ စိတ်အာရုံမှာ မြင်သာအောင် ရှင်းပြရတယ်။

ကဲကွာ အန်ပေါမြို့ကို လဟယ်မြို့ ပြောင်းပါပြီတဲ့ အစချီပြီး ဗိုလ်မှူးကြီးနှစ်ယောက်က သူတို့သိချင်တာတွေ မေးကြပါလေရော။ ဘယ်လိုအကျိုးရလဒ်တွေဖြစ်ပေါ်လာမလဲ။ လောလောဆယ် ဘတ်ဂျက်မချပေးနိုင်ရင် ဘယ်လိုရွှေ့မလဲ။ ဒီလို မေးခွန်းတွေ သူတစ်ခွန်းကိုယ်တစ်ခွန်း မေးကြ ဖြေကြတယ်။

တကယ်တော့ ကျွန်တော် တင်ပြတဲ့အချက်အလက်တွေက ခိုင်လုံ တယ်။ ဆရာဝန်တစ်ယောက်က ဆတ်ဆော့ပြီး မြို့တစ်မြို့ကို ရွှေ့တာ မဟုတ်မှန်း သူတို့ နားလည်ကြတယ်။ ဒီမြို့ရွှေ့မှုအပေါ်မှာ ကျွန်တော် ဘာအမြတ်မှ မထုတ်မှန်းလည်း လူကြီးတွေ နားလည်ကြတယ်။

"ကဲ ကိုကျော်စိုး ခင်ဗျားသဘောထားပြောပါဦး"လို့ လှမ်းမေးသံကြား

လိုက်ရတယ်။

"ဒေါက်တာ သိန်းလှိုင်တင်ပြတာ အကြောင်းအကျိုး ဆီလျော်ပါတယ်။ ကိုလှဟန်က သဘောတူရင် ကျွန်တော် ကန့်ကွက်စရာမရှိပါဘူး"

ကျွန်တော်တွေးထင်တာ ခန္တီးကိုပြန်ရမယ်၊ ခန္တီးရောက်တော့မှ မြို့ရွှေ့ခွင့် မပြုဘူး၊ ပြုတယ်ဆိုတဲ့ အမိန့်လိုက်လာမယ်။ ဒီလိုထင်ထားတာ။ မဟုတ်ဘူး။ ရှေ့တင်ဆုံးဖြတ်လိုက်ကြတာ။ ကျွန်တော်က ခွင့်ပြုတယ်ဆိုရင် အမိန့်စာ ထုတပေးပါလို့ တောင်းတယ်။ အနောက်မြောက်တိုင်း တိုင်းမှူးကို ဒီအမိန့်စာရွက်ပြပြီး အကျိုးအကြောင်းပြော အသိပေးရဦးမှာ။ ဗိုလ်မှူးဟန်ထွန်းက ဒီကိစ္စ တာဝန်လွှဲလိုက်တယ်။

နမခတိုင်းမှူးကို ဝင်တွေ့ပြီး ခွင့်ပြုမိန့်ပါပြ၊ အကျိုးအကြောင်းပြောတဲ့အခါ အံ့အားသင့်သွားတယ်။ ရွှေ့နှင့်ဖို့နဲ့ လိုအပ်တာ တင်ပြဖို့ ပြောပြီးနောက်မှ သူလာကြည့်မယ်တဲ့။ မြို့လူထုက အခုလို မြို့ရွှေ့တာကို သိပ်သဘောကျတယ်။ မြို့အကွက်ရိုက်တာ ဌာနဆိုင်ရာတွေ နေရာချတာလည်း စနစ်ကျအောင် လုပ်ထားတာ။ အလွန်အေးပြီး ရောဂါထူရာအရပ်ကနေ ရွှေ့ကြရမှာလေ။ ရှစ်ရက်ခြေကျင်သွားရမယ့် ခန္တီးမြို့နဲ့ ရှစ်ရက်မလျှောက်ရတော့ဘူး။ ခြောက်ရက်ပဲလျှောက်ရတော့မယ်။

အသက်အရွယ်ရလာတော့ တစ်နေ့နေ့ကျရင် လဟယ်မြို့ကိုသွားလည်ဦးမယ်ဆိုတဲ့ စိတ်ကူးခဏခဏ ပေါ်မိတယ်။ ကိုယ် ပြုစု ပျိုးထောင်ထားတဲ့ ပန်းဥယျာဉ်တစ်ခုကို မာလီတစ်ယောက်က လွမ်းဆွတ်သလိုမျိုး ဖြစ်မှာပါ။ တချို့မိတ်ဆွေတွေလည်း သက်ရှိထင်ရှား ရှိချင်ရှိလိမ့်မယ်။ တချို့တွေလည်း မလွန်ဆန်နိုင်တဲ့ အနိစ္စတရားရဲ့ မိတ်ဖွဲ့တာကို လက်ခံသွားကြမှာပေါ့။

* * *

## လောကနတ်ရဲ့စည်းချက်

မြို့တစ်မြို့ ရွှေ့ရတယ်ဆိုတာ၊ ပင်ပန်းကြောင်း၊ မလွယ်ကူကြောင်း တကယ်လက်တွေ့လုပ်ကြည့်မှ သိတယ်။ ဒါပေမဲ့ မြို့နေလူတွေကိုယ်တိုင် က ရွှေ့ချင်နေတဲ့ ကိစ္စဆိုတော့ အဆင်းရဲကြီး၊ အပင်ပန်းကြီး မဟုတ်ပါဘူး။ လဟယ်မြို့ကို အခြေစိုက်တဲ့ လုပ်ငန်းလုပ်ရင်း ကျွန်တော် တောင်ပေါ်ရွာတွေ လှည့်လည်ကုသရင်းနဲ့ မိတ်ဆွေသစ်တွေနဲ့ ခင်မင်ရ ပေါင်းသင်းရတယ်။ နာဂ တိုင်းရင်းသားတွေ မိတ်ဆွေဖြစ်ရတာကို ထူးပြီး မပြောလိုပေမယ့် ဖိုးခိုတွေနဲ့ မိတ်ဆွေ

ဖြစ်ရတာကိုတော့ အထူးသတိရမိတယ်။

သူတို့ဟာ ကျွန်တော်တို့ တိုင်းရင်းသားတွေ မဟုတ်ကြဘူး။ သူတို့ ဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဖို့ အိန္ဒိယဆီမှာ တောင်းဆိုနေကြသူတွေ။ လွတ်တော်မှာလည်း တောင်းဆိုသလို တစ်ဖက်ကလည်း လက်နက်ကိုင်ပြီး ဇိုဒေသရရှိဖို့ တော်လှန်ရေးလုပ်နေကြသူတွေလေ။

တောင်ပေါ်ရွာတစ်ရွာ ဝင်မယ်အလုပ်မှာ ကျွန်တော့်မိတ်ဆွေ နာဂတစ်ယောက်က နတ်ဆရာ ရွာမှာ ဇိုဇိုတွေရှိတယ်လို့ သတင်းကြိုပေးတယ်။ ရှိလည်း ဘာဖြစ်လဲကွာ၊ ငါ သူတို့ရဲ့ ရန်သူမဟုတ်တာ၊ သူတို့ကို တိုက်ရခိုက်ရအောင်လာတာ မဟုတ်ဘူး။ ငါ ဆေးကုရအောင်လာတာ၊ သွားပြောချေ၊ ခန္တီးက ဆရာဝန်လာတယ်လို့။

ရဲဘော်လေးယောက်လောက်လည်း ပါလာလေတော့ ရဲဘော်လေးယောက်ကိုလည်း ရှင်းပြရတယ်။ ဒီဇိုဇိုတွေက တရုတ်ပြည်က စစ်ပညာသင်ပြီး အိန္ဒိယပြည်ထဲဝင်မှာ။ ခဏစခန်းချနေကြတာ။

ကျွန်တော့်ကို သူတို့ အရာရှိက လာပြီး အလေးပြုတယ်။ မိတ်ဆွေဖွဲ့တယ်။ သူတို့ ရိက္ခာနဲ့ ကျွန်တော်တို့ကို ညစာကျွေးတယ်။ သူတို့ သိချင်တဲ့ ဆေးပညာတွေ မေးတယ်။ ဆေးအဖွဲ့ပါတယ်။ တရုတ်ဆေးတွေချည်းပဲ။ အပ်စိုက်ကုသပေးနေတာကိုလည်း တွေ့ရတယ်။

သူတို့အရာရှိက ဘွဲ့ရပညာတတ် တစ်ယောက်ပဲ။ စကားတွေပြောဆိုကြည့်တော့ ယုံကြည်ချက်ပြင်းထန်တာ၊ ခိုင်မာတာ တွေ့ရတယ်။ သူ အပြောကောင်းလို့ အိန္ဒိယအစိုးရကို သူတို့ တော်လှန်တာ ကျွန်တော်တောင် ထောက်ခံချင်စိတ် ပေါ်မိတယ်။ သူတို့ ခရစ်ယာန်ဘာသာကိုးကွယ်ကြတယ်။ စားခါနီးသောက်ခါနီး ဘုရားသခင်ဆီမှာ ခွင့်ပန်ကြ၊ ကျေးဇူးတော်ကို အောက်မေ့ကြတယ်။

တရုတ်က လက်နက်တပ်ဆင်ပေးလိုက်တာ၊ ရဲဘော်တစ်ယောက် သေနတ်လေးငါးလက် တပ်ဆင်ပေးလိုက်တာ။ ထမင်းခြောက်၊ ဆန်လှော် လို စားစရာတွေ ပါတယ်။ စိန်ပြောင်းလို လက်နက်တွေလည်း ပါတယ်။ ကျွန်တော်တို့ပါတဲ့ စီးကရက် နို့ဆီဘူးတွေ သူတို့ကို ဝေမျှကျွေးတယ်။ နာဂ တိုင်းရင်းသားတွေကိုလည်း သူတို့ ရန်မမူတဲ့အပြင် မိတ်ဆွေဖွဲ့ကြတယ်။

ကျွန်တော် ဘာသာပြန်ပေးလို့ ရဲဘော်လေးတွေလည်း သူတို့ကို ကိုယ်ချင်းစာစိတ် ပေါ်ကြတယ်။ သူတို့အရာရှိက တရားအဟောကောင်း၊ စကားအပြောကောင်း။ ဒါလည်း ယုံကြည်ချက်ခိုင်မာတဲ့ အရာရှိ၊ သူတို့ အမျိုး

တကယ်ချစ်တဲ့ အရာရှိမို့ နေမှာပါ။

နောက်နေ့ သူတို့တပ်ရွှေ့တော့ ကျွန်တော်တို့ပါ လိုက်သွားကြတယ်။ ဒါမှ ကိုယ်မရောက်ဖူးသေးတဲ့ အရပ်တွေရောက်မှာ။ သူတို့ ထမံသီဘက်က နေ သူတို့ နယ်ထဲကို ဝင်ကြမှာ။ လေးငါးရက်ခရီးအတူတူသွား၊ ကျွန်တော် ဆေးကုတာ သူတို့ စောင့်ပေးကြ၊ ကြည့်ကြ၊ ရင်းနှီးသွားကြတာ။ ဒီလောက် ရင်းနှီးမယ် မထင်ရဘူး။ သူတို့ရဲဘော်တွေနဲ့ ကျွန်တော်တို့ တပ်က ရဲဘော် တွေနဲ့ ခွဲခွာခါနီး လက်ဆွဲနှုတ်ဆက်ကြ၊ ပစ္စည်းအသုံးအဆောင်တွေ ဖလှယ်ကြ ဒီလိုကိုခင်တာ။

အိန္ဒိယနယ်စပ်ဘက်အထိ ဆက်မလိုက်ဘဲ ပြန်ခဲ့ကြတယ်။ ကျွန်တော် တို့ ရောက်ပြီး နားလို့မှ သုံးလေးရက်ရှိသေးတယ်။ ခလကဥက္ကဋ္ဌ ဗိုလ်မှူး မောင်ရှိန်းက တစ်စခန်းထပါလေရော။ ငါ့တို့နယ်ထဲ ခိုးဝင်တာ၊ ကျူးကျော် တာ၊ အရှင်မထားဘူး၊ အပြတ်ချေမှုန်းမယ်။ နှစ်နိုင်ငံချစ်ကြည်ရေးကို ပျက် ပြားစေတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ကြိမ်းမောင်းသံတွေ ကြားဖူးကြမှာပါ။ သူတို့ လိုက်တိုက်ဖို့ စီစဉ်နေကြတယ်။ တပ်ရင်းတွေ စုနေ ကြတယ်။ ကျွန်တော် နည်းနည်းတော့ စိတ်ပူတယ်။ ဖီဇိုနဲ့ တပ်နဲ့ မတိုက်စေ ချင်ဘူး။ သူတို့ ကျူးကျော်ရအောင် လာကြတာ မဟုတ်ဘူး။ စစ်ပညာသင်ပြီး ပြန်ကြတာ။ ခန္တီးနား၊ ထမံသီနား သူတို့တပ်တွေ ဖြတ်သွားကြ၊ ချင်းတွင်း မြစ်ထဲ ရေချိုးကြ၊ ရေကူးကြ၊ ကျွန်တော်တို့တပ်က သိနေတာပဲ ဘာမှ မဖြစ် ခဲ့ဖူးဘူး။ အေးအေးဆေးဆေးပဲ။ အခုမှ လိုက်တိုက်မယ်ဆိုတော့ ကျွန်တော်က ဘယ်သူ့ဘယ်သူမှ မထိခိုက်စေချင်ဘူး။ ဖီဇိုတွေ အိန္ဒိယထဲရောက်ရင်လည်း ရောက်သွားလောက်ပြီ။ အိန္ဒိယတပ်က နယ်ခြားက စောင့်ကြပ်ပိတ်ဆို့နေရင် တော့ သူတို့ ပြန်လှည့်ပြီး ဒိပြင် ဝင်ပေါက်တစ်ခု ရှာပြီး ဝင်မှာပဲ။ အဲဒီလို ဆိုရင် သူတို့ ဟိုဘက် မရောက်သေးဘဲ ကျွန်တော့်ပိုင်နက်ထဲမှာ ရှိမှာပဲ။

ဒါဆိုရင်တော့ လဟယ်ကို လိုလိုမယ်မယ် တက်ဦးမှာပဲ။ ကျွန်တော် ဆေးရုံမှာ အလုပ်လုပ်နေပေမဲ့ စိတ်က ဖီဇိုရဲဘော်တွေဆီ ရောက်နေတယ်။ လဟယ်တက်ရင် ကောင်းမလား။ မတက်ဘဲ နေလိုက်ရမလား။ စိတ်က နှစ်ခွ ဒွိဟဖြစ်နေတယ်။ ဒါ စစ်ရေးလေ၊ ငါနဲ့မဆိုင်ဘူး၊ တက်မနေနဲ့ဆိုတဲ့ စိတ်က တစ်ဖက်။

တိုက်ပွဲဖြစ်တာ ဘယ်သူ့ဘက်မှ မကောင်းဘူး။ ဘယ်သူသေသေ ဘယ်သူဒဏ်ရာရရ၊ လူသားတွေဖြစ်တဲ့အတွက် ခံစားမှုတွေ၊ နာကြည်းမှုတွေ ဖြစ်ကြမှာပဲ။ နာဂလူမျိုးတွေ အထမ်းသမားဘဝ ရောက်ရဦးတော့မယ်။

သစ်ပင်တွေလဲပြို၊ ယမ်းခိုးငွေ့တွေဝေ၊ သစ်တောတွေ မီးလောင်၊ ရွာတွေပျက်စီး။ ကျွန်တော်တို့ဘက်က ဒဏ်ရာရရင် ကုသရဦးမယ်။ စစ်ဖြစ်တာ မကောင်းဘူး။ မင်း လဟာယ်ကိုသွား။

မသွားနဲ့ မင်းနဲ့ မဆိုင်ဘူးဆိုတဲ့ မာရ်နတ်နဲ့ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်စေချင်တဲ့ ကျွန်တော့် ကိုယ်စောင့်နတ်နဲ့ စစ်ခင်းကြတယ်။ ဇီဇိုတွေ ဝတ်ပြုဆုတောင်းကြတာတွေ၊ အင်္ဂလိပ်စကားကို လူကြီးလူကောင်းတစ်ယောက် စာတတ်ပေတတ်တစ်ယောက်လို ပြောသံတွေ ပြန်ကြားယောင်မိတယ်။ မွန်မွန်ရည်ရည်ရှိတဲ့ ဖီဇိုရှိသလို မိုက်တိမိုက်ကန်း ဖီဇိုလည်း ရှိမှာပဲ။ မင်းက မွန်ရည်တဲ့ ဖိဇိုတွေနဲ့ တွေ့လာတာကိုးကွ၊ မာရ်နတ်ရဲ့ လေသံလည်း ကြားမိရဲ့။ နောက်ဆုံး စစ်ဖြစ်တာ ဘယ်သူနဲ့ ဘယ်သူဖြစ်တာမှ မကောင်းဘူးဆိုတဲ့ ငြိမ်းအေးစွာ နေလိုစိတ် လူသားချင်းစာနာစိတ်က အနိုင်ရသွားတယ်။

ကျွန်တော် လဟာယ်ကိုတက်ခဲ့တယ်။ ဆောက်လက်စဆေးရုံကို ကြည့်ပြီး တောင်ပေါ်ရွာတွေကို ခရီးဆက်တယ်။ ကျွန်တော့်ကိုယ်စောင့်နတ်က နှိုးဆော်တာ အမှန်ပဲ။ ဖီဇိုတွေ အိန္ဒိယနယ်စပ်မှာ တပ်တွေအများကြီး ချထားလို့ ပြန်လာတာနဲ့ ကျွန်တော်က သူတို့ကို ထိုးစစ်လာတော့မယ့်အကြောင်း ပြောရတယ်။ တကယ်တော့ သူတို့လည်း မတိုက်ချင်ဘူး။ အတတ်နိုင်ဆုံး ရှောင်မယ် တိမ်းမယ်။ မလွှဲသာလို့ ထိပ်တိုက်တွေ့မှ ပစ်ခတ်မယ့်သဘောပဲ။ ကျွန်တော်တို့ တပ်တွေ တရကြမ်းလိုက်တာ မမီလိုက်ဘူး။ တိုက်ပွဲငယ်လေးတွေ ဖြစ်တယ်။ ဖီဇိုနှစ်ယောက် ကျခဲ့တယ်လို့ ကြားတယ်။ စစ်တပ်နဲ့ တိုက်ပွဲမှာ ကျတာမဟုတ်ဘူး။ နာဂရွာနှစ်ရွာနားက ဖြတ်အသွားမှာ နာဂက ခေါင်းဖြတ်လိုက်တာ။ ရန်သူထင်လို့။ ဒါပေမဲ့ သူတို့အရာရှိက နာဂရွာကို ဘယ့်နှယ်မှ မလုပ်ဘူး။ သေနတ်တစ်ချက် ပြန်မပစ်ဘူး။ သူတို့သာ ပစ်ရင် ရွာကို မီးရှို့လိုက်ရင် ရတာပေါ့။ မရှိဘူး။ နာဂက သူတို့ရန်သူ မဟုတ်ဘူး၊ ဆွေမျိုး။ မသိလို့၊ လူမှားတာ။ ဒီနာဂဒေသကို ငါတို့ အရင်ကလည်း ဖြတ်သန်းခဲ့ တယ်။ အခုလည်း ဖြတ်သန်းနေတာ။ နောင်လည်းပဲ ဖြတ်သန်းရဦးမှာ။ ဝက်တွေ၊ ကြက်တွေ၊ ကျွဲတွေတောင် လုယက်မစားဘူး။ တန်ရာတန်ကြေး ပေးဝယ်စား၊ ရွာကိုလည်း မျှတကျွေးတဲ့ ဖီဇိုတွေ။ ရွာတွေမှာ အင်္ဂလိပ်လို ရေးပြီး ထားခဲ့တဲ့ စာတွေ၊ စကားပြန်ကနေတစ်ဆင့် ဖီဇိုတွေဆီ အပို့ခိုင်းတဲ့ စာတွေကြောင့် တိုက်ပွဲတွေ ကြီးကြီးကျယ်ကျယ်မဖြစ်ကြဘူး၊ အကျအဆုံး အထိအခိုက်တွေလည်း နည်းတာ။ ကျွန်တော် အပင်ပန်းခံရကျိုးနပ်တယ်။

* * *

ခန္တီးမြို့ဟာ မဖွံ့ဖြိုးသေးတဲ့ မြို့ကလေး။ တိတ်ဆိတ်အေးချမ်းတယ်။ ဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်းဆိုတာတွေဟာ ဒေသတချို့နဲ့ မြန်မာပြည် အနှံ့က လာကြရတာ များတယ်။ ဒါပေမဲ့ ဝန်ထမ်းချင်း ချစ်ခင်လေးစားမှု ရှိကြတယ်။ ပြဿနာကြီးငယ်ရှိခဲတယ်။ ကိုယ့်အလုပ်ကိုယ်လုပ်ကြပြီး ဝန်ထမ်းချင်း ကူညီစရာရှိရင် ကူညီလိုက်ကြတာပဲ။

ခလကဥက္ကဋ္ဌ ဗိုလ်မှူးသောင်းဖေ ပြောင်းရတယ်။ ပြည်မြို့ကို ပြောင်းရွှေ့သွားတာ။ ခလရ ၅၂ တပ်ရင်းမှူးကနေ ပြောင်းသွားတာ၊ ဒုတပ်ရင်းမှူးက ဗိုလ်မှူးအောင်ကျော်တင့်။ စစ်ဘက်နယ်ဘက် အဆင်ပြေကြတယ်။ ဗိုလ်မှူး သောင်းဖေနေရာကို အရာရှိအသစ်ရောက်လာတယ်။ သူက ဗိုလ်မှူးသောင်းဖေ ထက် ရထူးတစ်ဆင့်ကြီးတယ်။ ဒုဗိုလ်မှူးကြီး မောင်ရှိန်းဆိုတာ ရောက်လာ တယ်။ သူက ခလက ဥက္ကဋ္ဌနေရာ ယူရတာ။

တစ်နေ့တော့ ခလကဥက္ကဋ္ဌက ဌာနဆိုင်ရာအားလုံးကို အစည်းအဝေး ခေါ်တယ်။ အစည်းအဝေးအဖွင့်အမှာစကားက

"ကျုပ်နာမည် မောင်ရှိန်းလို့ခေါ်တယ်
သဝေထိုးမရေးချသတ်မောင် မှတ်ထားကြနော်
ရကောက်ပာထိုးလုံးကြီးတင် နငယ်အသတ် ဝစ္စနှစ်လုံပေါင်းရှိန်း
အားလုံးကြားကြတယ်နော်။"

တက်လာကြတဲ့ နယ်ပိုင်တွေ မြို့ပိုင်တွေ ပညာအုပ်တွေ၊ ရဲမှူးတွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြတယ်။ သူ့အသံကြားပြီး သူ့စကား စလိုက်ကတည်းက အကုန်စိတ်ပျက်ကုန်ကြတဲ့ပုံပဲ။ ပြီးတော့ ဆက်ပြောပုံက

"ဒီခရိုင်မှာ ဘီအေတွေ ဘီအက်တွေ ဘွဲ့ရတွေပါချင်ပါမယ်။ ဘွဲ့တွေ လာမပြောနဲ့၊ ဟောဒီမှာတွေ့လား။ ဒီမြို့မှာ ဒုဗိုလ်မှူးကြီးတစ်ယောက်မှ မအုပ်ချုပ်ဖူးဘူး။ တွေ့လား ပခုံးနှစ်ဘက်နဲ့ ရင်ဘတ်ပေါ်က တံဆိပ်တွေ အစည်းအဝေးလာကြတဲ့ ပုဂ္ဂိုလ်တွေ မျက်စိပျက် မျက်နှာပျက်တွေ ဖြစ်ကုန်ကြ တာပေါ့။

"ဒါတွေက အလကားကောက်ရထားတာ မဟုတ်ဘူး။ တိုင်းပြည် အတွက် အသက်ပေးလို့ ရထားတာတွေ၊ ထိုက်တန်လို့ နိုင်ငံတော်အစိုးရက ချီးမြှင့်ထားတာ စစ်သား၊ စစ်သားစကားပဲ ပြောတတ်တယ်"

ဒုက္ခပဲ ကျွန်တော်တို့ကို ရေဘူးပေါက်တာ မလိုချင်ဘူးဆိုတဲ့ အချိုး

လာချိုးနေပြီ။ ပြောင်းသွားတဲ့ ဗိုလ်မှူးသောင်းဖေကို သာလွမ်းကြရတော့မှာ။ တပ်ထဲက ရဲဘော်လေးတွေ အကြပ်တွေ အရာခံတွေ ဘယ်လိုများ နေရှာကြမှာပါလိမ့်။ ဒီပုဂ္ဂိုလ်က ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းတာ။ တကယ်တော့ သူ့မှာ ခလကလို့ ခေါ်တဲ့ ခရိုင်လုံခြုံရေးနဲ့ အုပ်ချုပ်ရေးကော်မတီရဲ့ လုပ်ထုံးလုပ်နည်းတစ်လုံးမှ သိတာမဟုတ်ဘူး။ ဒီအတွေ့အကြုံမျိုးမရှိဘဲ ဗြုရိုကရက်စိတ်အပြည့်နဲ့ လာတဲ့လူ။ နယ်ပိုင်က နယ်ပိုင်အလုပ် သိတယ်။ မြို့ပိုင်က မြို့ပိုင်အလုပ် လုပ်တတ်တယ်။ တရားသူကြီးက တရားစီရင်ရေး နားလည်တယ်၊ ဒီပညာသင်ကြားလေ့လာခဲ့တာ။ ရဲက ရဲအတတ်တတ်တယ်။ ရဲ လက်စွဲဥပဒေနဲ့ လုပ်ထုံးသိတယ်။ ပညာရေးမှူး ပညာအုပ်ကလည်း သူ့လုပ်ငန်းအကြောင်း သူတို့အသိဆုံး။ ကျွန်တော်ထင်တယ်။ အစည်းအဝေးခန်းထဲမှာ ရှိကြတဲ့ လူတိုင်းရဲ့ ရင်ထဲမှာ ပြောစရာတွေကိုယ်စီ ရှိကြမှာပဲ။

တစ်နေ့ကျတော့ စစ်ကိုင်းတိုင်း ကုန်သွယ်ရေးကနေ ပို့တဲ့ ပစ္စည်းတွေထဲမှာ အကိုင်းတိပ်ရီကော်ဒါတစ်လုံး ပါလာတယ်။ ခန္တီးတစ်ခရိုင်လုံးမှ ရှားရှားပါးပါးတစ်လုံးတည်းသော အကိုင်းတိပ်ရီကော်ဒါ။ ဈေးကြီးတယ်။ တော်ရုံလူ မဝယ်နိုင်ဘူး။ ကျွန်တော် လက်ထောက်အဖြစ်နဲ့ ရောက်နေတဲ့ ဒေါက်တာအောင်သက်ကို အဲဒီ အကိုင်းတိပ်ရီကော်ဒါကြီးဝယ်ဖို့ ကျွန်တော်က တိုက်တွန်းတယ်။ ဒါကြီးကို ခလကဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီး မောင်ရှိန်းကလည်း သွားရည်ယိုနေတာ။ ကျွန်တော်တို့ဘက် ဘယ်သိမလဲ။ သူက လကုန်လို့ လစာထုတ်ပြီးရင် ဝယ်တော့မှာ။ ဒေါက်တာအောင်သက်ကို တိုက်တွန်းတော့ သူက အင်းမလုပ် အဲမလုပ်။ သူက ဖဲရိုက်တာ ဝါသနာပါတယ်။ ဖဲလာဘ်လည်း ရှိတယ်။ ခဏခဏတိုက်တွန်းတော့ နည်းနည်းစိတ်ပါလာတယ်။ မောင်အောင်သက် ဖဲသမားဘဝဆိုတာ နဲ့ဆရာရဲ့ ပါးလိုပဲ ပိန်လိုက်ဖောင်းလိုက်လို့ ငါကြားဖူးတယ်နော်။ မင်းပိုက်ဆံတတ်နိုင်ပါတယ်ကွာ။ အမျိုးကောင်းကြီးကွ၊ ငါကျောင်းသားဘဝတုန်းကတည်းက အိပ်မက်မက်ခဲ့တာကြီး။ ဖဲနိုင်တဲ့အခါ အဖတ်တင်အောင် အကိုင်းကြီးဝယ်လိုက်ကွာ။

သူ့ကို တိုက်တွန်းတာတော့ သုံးလေးကြိမ်ပဲ။ နောက်ဆုံးအကြိမ် တိုက်တွန်းတာ မနက်ပိုင်း။ နေ့လယ်ပိုင်းရောက်တော့ ဒေါက်တာအောင်သက် အကိုင်းကြီးဝယ်ချလာပြီး ဆေးရုံမှာ စမ်းဖွင့်လို့ ဆေးရုံဝန်ထမ်းတွေရော လူနာတွေရော လာနားထောင်ကြတယ်။ ဒေါက်တာအောင်သက်က ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက် ကျေးဇူးတင်စကားပြောတယ်။

"ဆရာ ဒီအကိုင်းကြီးဝယ်ဖို့ စတိုက်တွန်းတဲ့နေကစပြီး လာဘ်ကောင်း

တယ်ဆရာ၊ ဆရာ့ကို သိပ်ကျေးဇူးတင်တယ်။ ဆရာတိုက်တွန်းတဲ့နေ့ ဖဲနိုင်တယ်"

"ဟော… ဟုတ်လား… ငါက နာဂနတ်လေ"

အရယ်အရွှန်းလေးဖောက်လိုက်တော့

"နောက်တစ်ခါတိုက်တွန်း နောက်တစ်ခါနိုင်တာပဲ။ ဒါနဲ့ ဒီနေ့တော့ ဆရာ့စကား နားထောင်ပြီး ဝယ်လိုက်တာ"

သူက နေ့လယ်ပိုင်းဝယ်တာ။ ကုန်သွယ်ရေးကို ပြောခဲ့တာက ဆရာသိန်းလှိုင် အဝယ်ခိုင်းလို့ ဝယ်တာတဲ့။ ညနေ ဆိုင်မပိတ်ခင် ခလကဥက္ကဋ္ဌလာတော့ အကိုင်းတိပ်ရီကော်ဒါကြီးက မရှိတော့ဘူး။ အဲဒီအချိန်မှာ အဲဒီပုဂ္ဂိုလ်ကို မြင်စေချင်တယ်တဲ့။ ကုန်သွယ်ရေးက မန်နေဂျာက ပြန်ဖောက်သည်ချတာ။ ရုက်တာရော ဒေါသထွက်တာရော နှစ်ခုရောပွမ်းကြီး။ အသားမည်းတဲ့ကြားက မျက်နှာကြီးတစ်ခုလုံး အဆီတွေပြန်ပြီး သွေးရောင်လွှမ်းနေတာ။ ခလက ဥက္ကဋ္ဌကတော်က ဆိုင်ထဲက ချာခနဲ လှည့်အထွက် ဥက္ကဋ္ဌက ဆိုင်မန်နေဂျာကို မေးတယ်။ ဘယ်သူဝယ်တာတုန်းဆိုတော့ ဆိုင်ကလည်း ဆေးရုံအုပ်ကြီးဝယ်တာလို့ ဖြေလိုက်သတဲ့။ ဒီတစ်ခရိုင်လုံး လစာအများဆုံးက သူပဲလေ။ အကိုင်းလိုမင်းကြိုက်စိုးကြိုက် ကာလသားများနဲ့ လားလားမှ မထိုက်တဲ့ပစ္စည်းမျိုးမို့ သူ့ခြင်းထဲက ကြက်ပဲပေါ့။ အခုတော့ ဒီပုဂ္ဂိုလ်တွေးတွေးပြီး အတော်မချိတင်ကဲဖြစ်နေမှာ။ ဘယ်တတ်နိုင်မလဲ။ ကျွန်တော်က လည်းနယ်ပိုင် ဒါမှမဟုတ် ပညာအုပ် ဒါမှမဟုတ် ဒုရင်းမှူးက လိုချင်တယ် ဆိုရင် မောင်အောင်သက်ရေ မင်းတစ်ရက်နှစ်ရက်နားထောင်ပြီးရင် နယ်ပိုင် ကို အရင်းအတိုင်း ပြန်ရောင်းလိုက်ပါကွာလို့ တိုက်တွန်းမယ့်လူ။ ဒါပေမဲ့ဗျာ အခုပုဂ္ဂိုလ်က ဒီတစ်ခရိုင်လုံးမှာ ကျုပ်ရာထူးအကြီးဆုံး တာဝန်အကြီးဆုံး အားလုံးကျုပ်အမိန့် နာခံရမယ် ကျုပ်ခိုင်းတာလုပ်ရမယ်ဆိုတော့ . . . မောင်အောင်သက်ကို ဘာမှမပြောတော့ပါဘူး။

နောက်တစ်ခါခရိုင်ကုန်သွယ်ရေးကို ဆီကိုနာရီတစ်လုံးရောက်လာတယ်။ မော်လမြိုင်လမ်းမှောင်ခိုခရီးသည်ဆီက ဖမ်းမိတာတွေ ခွဲတမ်းချတာ ဖြစ်မှာပေါ့။ အဲဒီတုန်းက ဆီကိုနာရီဆိုတာ ပျို့တိုင်းကြိုက်တဲ့နှင်းဆီခိုင်ပဲ။ ဒီနာရီကို လိုချင်ကြသူများတယ်။ ဈေးကလည်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ခေတ်က ဈေး။ ဒါပေမို့ နာရီက တစ်လုံးတည်း။

ခရိုင်အဆင့် အစည်းအဝေးမှာ ဒီနာရီကိစ္စ ထည့်စဉ်းစားရတဲ့အဖြစ်။ ခလကဥက္ကဋ္ဌက ဘယ်သူ့ကို ရောင်းရင်ကောင်းမလဲ။ သွေးတိုးစမ်းတဲ့အနေနဲ့

မေးတာ။ ရဲဝန်ဦးပုက ခရိုင်ဝန်ကြီးပေးလိုက်ပါလို့ ဆွေးနွေးတော့ ခရိုင်ဝန်က ဟာ ကျွန်တော် ယူလို့မသင့်တော်ပါဘူး၊ ကျွန်တော့်မှာ နာရီတစ်လုံး ရှိနေပြီပဲ။ မယူကောင်းပါဘူးတဲ့။

ပညာအုပ်က ဆွေးနွေးသတဲ့။ ဝယ်နိုင်တယ် မဝယ်နိုင်ဘူးတော့ အသေချာ မပြောနိုင်ဘူး၊ ဒေါက်တာသိန်းလှိုင်ကို ဝယ်ခွင့်ပြုဖို့ ကောင်းပါတယ်နဲ့ ဖြစ်ကြရော။ အဲဒီအခါ ပညာအုပ်ရဲ့ စကားမှ မဆုံးသေးဘူး။

"ဒေါက်တာသိန်းလှိုင် ဟုတ်လား သူ့ကို ဘာလို့ရောင်းရမှာတုန်း"

အသံရော မျက်နှာထားကြီးရော ကြည့်ရကြားရပြီး အစည်းအဝေးထဲက ပုဂ္ဂိုလ်တွေ အံ့အားသင့်သွားကြတယ်။

"ဒီနာရီ ကျုပ်ယူမယ်ဗျာ" ဖြစ်ကရော။ ဖြစ်လို့သာဖြစ်တာ သူ့လက်မှာ ဆီကို နာရီတစ်လုံးက အရောင်တလက်လက်နဲ့။ ဒီအဖြစ်အပျက် ဒီစကားက ကျွန်တော့်ဆီ နောက်မှ ရောက်တာ။ တပ်မတော်အငြိမ်းစားအရာရှိ ခြံစိုက်စားနေတဲ့ ဗိုလ်ကြီးတင်ထွန်းနား ရောက်သွားရော။ ခလကဥက္ကဋ္ဌက သူ့ထက်ဂျူနီယာကျတယ်။ ဒီပုဂ္ဂိုလ်ထောင်လွှားတာ၊ မောက်မာတာ သူ့နားအကုန်ရောက်တာ၊ သူ့ကိုလည်း လူတွေက ခင်ကြတာကိုး။ နောက်တစ်နေ့ မနက်ကျတော့ အငြိမ်းစားဗိုလ်ကြီးတင်ထွန်းက ကျွန်တော့်ဆီရောက်လာပြီး အဖြစ်အပျက် အစုံအလင်လာပြောတယ်။ တစ်လုံးမှ အပိုမပါဘူး။ ကျွန်တော်လည်း ခရိုင်ဝန်ဆီက ကြားပြီးသား။

"ကိုသိန်းလှိုင် ကျွန်တော် အဲဒီနာရီ လိုချင်တယ်ဗျာ"

"ဟာ ဘယ်ရမလဲ ဒုဗိုလ်မှူးကြီးမောင်ရှိန်းက သူယူမယ်လို့ ပြောပြီးသားပဲ"

"ကျွန်တော်သိတယ်။ သူ့ဆီသွားပြီး တောင်းကြည့်ပြီးပြီ။ ခင်ဗျား ဘယ်သူလဲ၊ ဘာလုပ်တာတုန်း၊ ဒီနယ်မှာ သူအကြီးဆုံး၊ ဒီနာရီ သူပဲ ရသင့်တယ်လို့ မငေါက်ရုံတစ်မယ် ပြောလွှတ်လိုက်တယ်ဗျာ။ သူ့ဘာသာ ဘာပြောပြော၊ ဒီနာရီက ကိုသိန်းလှိုင်ပဲ ရသင့်တာ"

"ဗျာ ဘာလို့ ကျွန်တော့်မှာ နာရီရှိတယ် မပတ်တာ"

ဆီကိုနာရီဆိုတာ ကျွန်တော် ဂျပန်တွေနဲ့ ပုလဲကျွန်းမှာ တွဲပြီး အလုပ်လုပ်ကတည်းက ရဖူးတယ်၊ အမျိုးကောင်းတယ်၊ ကျွန်တော် ခရီးသွားမှ နာရီပတ်တာ၊ ဆေးရုံမှာ တိုင်ကပ်နာရီတွေ ရှိနေတယ်။

"မဟုတ်ဘူး၊ သူ့သဘောသိချင်တယ်၊ ကျွန်တော့်ကိုယ်စား သွားပြောကြည့်ဗျာ၊ ဒီနယ်မှာ အလုပ်အလုပ်ဆုံး၊ တာဝန်အကျေဆုံးက ဒေါက်တာပဲ ရှိတာ"

"မလုပ်ပါနဲ့ဗျာ သူလိုချင်နေတာ"

"သူ့လက်မှာ ဆီကိုတစ်လုံးရှိပြီးသားလေ၊ ကုန်သွယ်ရေးကို ဝင်တဲ့စာထဲမှာ ထိုက်တန်တဲ့သူကို ရောင်းရမှာတဲ့၊ ကျွန်တော့်ညီက ကုန်သွယ်ရေးမှာ လုပ်တာ၊ ညွှန်ကြားလွှာဖတ်ခဲ့ရတယ်၊ လုပ်ပါဗျာ ကူညီပါ"

"ဟာ ဒုက္ခပဲ၊ မပြောချင်ဘူး၊ ဒါပေမဲ့ ခင်ဗျားလိုချင်ရင် ပြောကြည့်မယ်၊ ရမယ် မရဘူးတော့ မသေချာဘူးနော်"

"ဒီမြို့မှာ ဒီဆီကိုနဲ့ အထိုက်အတန်ဆုံးက ကိုသိန်းလှိုင်ပဲ"

ဗိုလ်ကြီးဟောင်း တင်ထွန်းကို ခန္တီးမှာ ခင်မင်သူတွေများတယ်။ သူ့ခြံထွက်ပစ္စည်းတွေကို ဈေးသိပ်မတင်ဘူး၊ မိတ်ဆွေတွေကိုလည်း လက်ဆောင်ပေးတတ်၊ သာမှုနာမှုတွေမှာ ကူညီတတ်တယ်။

မြို့နယ်အစည်းအဝေးတစ်ခုမှာ ဆွေးနွေးကြ၊ တင်ပြကြတာ အကြာကြီး ဒုဗိုလ်မှူးကြီးမောင်းရှိန်းနဲ့ မဆုံချင်ကြပေမဲ့ မလွှဲသာမရှောင်သာလို့ လာကြတာ။ ဒါကို ဌာနနှစ်ခုလောက် ဟောက်လိုက်ဟိန်းလိုက် သေးတယ်။ အတော်ပျင်းစရာကောင်းတဲ့ အစည်းအဝေးတွေမှာ ဒီလို အငေါက်အငမ်းတွေက အပျင်းပြေစေတယ်ထင်တာပဲ။ ခံရတဲ့သူကတော့ ဘယ်ကျေနပ်မလဲ။ အစည်းအဝေးပြီးလို့ ဘာတင်ပြစရာရှိလဲလို့ မေးတင်တဲ့အခါ ကျွန်တော် တင်ပြစရာရှိတယ်ဆိုတော့ မျက်လုံးတွေအားလုံး ကျွန်တော့်ဆီ ရောက်လာတယ်။ ဟာ ဗိုက်ဆာပါတယ်ဆိုမှ ဆရာဝန်ကတစ်မျောင့်၊ အခန်းထဲက ထွက်ချင်လှပါပြီဆိုမှ ကိုသိန်းလှိုင်က လုပ်ပြီကွာ။ ဒီလိုအကြည့်မျိုးတွေလည်း ပါမှာပေါ့။

"အခုကျင်းပနေတဲ့ ခန္တီးမြို့အရေးနဲ့တော့ မပတ်သက်ပါဘူး၊ ကျွန်တော်ကိုယ်ရေးကိုယ်တာပါ"

"ဆက်တင်ပြပါ"

"ကုန်သွယ်ရေးမှာ ရောက်နေတဲ့ ဆီကိုနာရီလေး ကျွန်တော်များဝယ်ယူခွင့်ရမယ်ဆိုရင် ဝယ်ယူခွင့်ပြုပါ"

အိပ်ချင်ပြေသွားစေတဲ့ တောင်းဆိုမှုထင်ပါရဲ့။ ဒုတိယဗိုလ်မှူးကြီးကတော့ အိပ်ချင်ပြေတာထက် ဟိုဘက်နည်းနည်း လွန်သွားပုံပဲ။ မျက်နှာကြီးရဲခနဲဖြစ်လာတယ်။

"ဒီနာရီက ကျုပ်ယူမလို့ ဒီမြို့မှာ ကျုပ် တာဝန်အကြီးဆုံး ယူထားရတာ"

"မှန်ပါတယ်။ ဗိုလ်မှူးကြီး၊ ဒါပေမဲ့ ဒီမြို့နဲ့ သင့်တော်တဲ့သူ ထိုက်တန်တဲ့သူကို ရောင်းချဖို့ ညွှန်ကြားစာ ပါပါတယ်၊ မယုံရင်လည်း ကုန်သွယ်

ရေးတာဝန်ခံရှိပါတယ် မေးကြည့်ပါ"

အဲဒီအခါ အစည်းအဝေးခန်းထဲ အသံအုပ်အုပ်နဲ့ ဖြစ်လာပြီး မျက်လုံးတွေက ကုန်သွယ်ရေး မန်နေဂျာဆီ ရောက်ကုန်ရော။ တကယ်တော့ ဒီညွှန်ကြားလွှာပါတာလည်း ခလက ဥက္ကဋ္ဌ သိတယ်။ ဒါပေမဲ့ အရှက်ပြေ လှမ်းမေးတယ်။

"အဲဒီလို ညွှန်ကြားသလား"

"ဟုတ်ကဲ့ အဲဒီလို ညွှန်ကြားပါတယ် ဗိုလ်မှူးကြီး"

"ဒါကြောင့် ဒီနာရီ ဘယ်သူရသင့်သလဲ တစ်ခါတည်းဆုံးဖြတ်လိုက်ရင် ကောင်းမယ်ထင်ပါတယ်"

ခလကဥက္ကဋ္ဌ ရုပ်အတော်ပျက်နေပြီ။ မျက်လုံးက ဣန္ဒြေမရ ဖြစ်နေပြီ။ မဲခွဲတာတွေ ဆန္ဒယူတာတွေ လုပ်ချင်ပုံမရဘူး။

"ကဲ ဒါဆိုရင် ဒေါက်တာသိန်းလှိုင်ပဲ ယူလိုက်ပါ"လို့ ပြောဆိုပြီး အစည်းအဝေးခန်းမထဲက ခပ်သုတ်သုတ် ထွက်သွားတယ်။

တချို့ကလည်း ကျွန်တော် တမင်လုပ်မှန်း ရိပ်မိကြတယ်။ ဒါပေမဲ့ ကျွန်တော်ကလည်း ကျွန်တော်ပဲ၊ လူအများကြားအောင် ပြောဖြစ်အောင် ပြောလိုက်သေးတယ်။

"ဗိုလ်ကြီးတင်ထွန်းတွေ့ရင် ပြောလိုက်ကြပါဗျာ။ သူလိုချင်တဲ့ ဆီကိုနာရီရပြီလို့ ပြောလိုက်ကြပါ"

ဒီနာရီ ကျွန်တော်မယူဘူးဆိုတာလည်း ခလကဥက္ကဋ္ဌနား ပြန်ရောက်မှာ။ ပိုပြီး သေချာအောင် ပြောလိုက်တာလေ။

* * *

## သွေးမတိုးရောဂါ

တောင်ပေါ်တက်ပြီး ကျန်းမာရေးကိစ္စတွေ တစ်ရွာဝင်တစ်ရွာထွက်လိုက်ပြီး စောင့်ရှောက်နေတုန်းမှာ သတင်းဆိုးတစ်ပုဒ် ကြားရတယ်။ မီဇိုသူပုန်၊ နာဂသူပုန် အဖွဲ့တစ်ဖွဲ့ ဒီနယ်မှာ လှုပ်ရှားနေတယ်တဲ့။ နန်းယွန်းနယ် ဒုံဟီးနယ်မှာ နောင်ကရောင်၊ ဘိုးနော် ခပ်ပလန်တို့အဖွဲ့ ရောက်နေတယ်။ ကျွန်တော်သွားမယ့်ခရီးလမ်းကြောင်းပေါ်မှာ သူတို့ ရောက်နေကြတာ။ ကျွန်တော်နဲ့ ခင်တဲ့ နာဂတိုင်းရင်းသားတွေက ကျွန်တော်ရောက်တော့ ဆီးပြီးတိုင်ကြတယ်။ သူတို့ရဲ့ ရှိစုမဲ့စုစပါးတွေ ရိက္ခာတချို့ ဟိုက ဗိုလ်ကျပြီး ယူသွားကြတာကိုး။

ကျွန်တော့်လူတွေ ဆင်းရဲတာ ကျွန်တော်သိတာပေါ့။ မရှိဆင်းရဲတဲ့ ကိုယ့်လူမျိုးချင်းပေါ်မှာ လက်နက်ကိုင်ပြီး အနိုင့်အထက်လုပ်တာကို ကျွန်တော် မလိုလားဘူး။ သတ္တိရှိရင် အင်အားတောင့်အောင် စည်းရုံးပြီး ဘဏ်ဝင်စီး တာတို့ အစိုးရကုန်သွယ်ရေးဂိုဒေါင် ဝင်စီးတာတို့ လုပ်ကြလေ။

ကျွန်တော် စိတ်ကူးယဉ်မိတယ်။ ဒီသူပုန်ခေါင်းဆောင် ငါတွေ့အောင် ရှာမယ်။ ပြီးရင် ဆင်းရဲသားတွေအပေါ်မှာ အနိုင်အထက်မလုပ်ဖို့ တရားဟော မယ် ဆွေးနွေးမယ်။ ကျွန်တော့်ကို သူတို့က နာဂနတ်လို့ သတ်မှတ်တော့ နားထောင်လိမ့်မယ်ထင်တာကိုး။ လက်ခံလိမ့်မယ်ထင်တာကိုး။ ဆွေးနွေးလို့ လက်မခံရင် ဥပါယ်တံမျဉ်နဲ့ ရအောင်ဖမ်းမယ်။ မော်ဖိန်းထိုးပြီး မှိန်းနေတုန်း နာဂမိတ်ဆွေတွေနဲ့ ကြိုးတုပ်ဖမ်းမယ်၊ ဒီလိုစဉ်းစားမိတယ်။

သူတို့ ရှိတယ်ဆိုတဲ့ဆီ ကျွန်တော်လိုက်တာပဲ။ ကျွန်တော်ရောက်တဲ့ ရွာဆိုရင် သူတို့က ထွက်သွားနှင့်ကြပြီ။ လူသူလက်နက် အင်အားဘယ်လောက် လဲ။ တပ်ဖွဲ့စည်းပုံက မများဘူး။ လေးငါးယောက်ဖြန့်ပြီး ရွာတွေ လိုက် ရိက္ခာစုနေကြတာ။

ချောင်းနဲ့ သိပ်မဝေးတဲ့ ရွာလေးတစ်ရွာမှာ ပက်ပင်းသွားတိုးတယ်။ ကျွန်တော့်ကို သူတို့သိတယ်။ ဒီရွာမှာ ခေါင်းဆောင်ပြီး ရိက္ခာလာစုသူက အမျိုးသားမဟုတ်ဘူး။ အမျိုးသမီး။ ခါးမှာ ပစ္စတိုချိတ်လို့။

"လမုန်ဆန်"တဲ့။ ခပ်ပလန်ရဲ့ မိန်းမ။ ဖြစ်ချင်တော့ သူက ဒေါက်တာ ဆီးဂရေ့ဗ်ရဲ့ လက်ထွက်၊ ဆီးဂရေ့ဗ် သင်တန်းဆင်းထားတဲ့ သူနာပြုဆရာ။ ကျွန်တော်က သူ့ခင်ပွန်းသည်ခပ်ပလန်တို့ တခြားခေါင်းဆောင်တွေဖြစ်တဲ့ ဘိုးနော်တို့ နောင်ကရောင်တို့နဲ့ တွေ့ချင်တာ။ လမုန်ဆန်ဆိုတဲ့ အမျိုးသမီး ကလည်း သူနာပြုဆရာမ၊ ဆေးပညာ တီးမိခေါက်မိတော့ သူ့ကိုလည်း တချို့ နာဂတွေက ချစ်ခင်လေးစားကြတယ်။ သူ့အနားမှာ နာဂအမျိုးသမီးတွေက ဝန်းရံထားတယ်။ သူတရားအဟောကောင်းလို့ ထင်ပါရဲ့။ သူစုဆောင်းထား တဲ့ ရိက္ခာကြည်ကြည်ဖြူဖြူပေးကြတယ်။ နေဝင်းစန်းယု ဆန့်ကျင်ရေးဟော မယ်။ လွှဲချော်မှားယွင်းနေတာတွေ ထောက်ပြမယ်၊ ခံစားနေရတာတွေ ရှင်း လင်းမယ်။ ရိက္ခာကို အကုန်မယူဘဲ နည်းနည်းပဲ ယူမယ်။ ဆေးလည်း ကုပေး သေးတယ်။

ကျွန်တော် လမုန်ဆန်ကို မဖမ်းချင်ဘူး။ ဖမ်းလို့လည်း ရမှာမဟုတ်ဘူး။ သူ့ကို ထောက်ခံတဲ့သူက များနေတာ။ ဒါနဲ့ လမုန်ဆန်ကို အဆင်ပြေအောင် မိတ်ဖွဲ့ရတော့တာပေါ့။ ဒါမှလည်း နောင်ကရောင်တို့ ဘိုးနော်တို့ ခပ်ပလန်

တို့ အနားချဉ်းကပ်လို့ရမှာ။

"ဆရာမရယ် ဆရာမလုပ်ရပ်တွေက နာဂတွေလေးစားစေတဲ့ လုပ်ရပ်တွေပဲ။ ကျွန်တော်က သူတို့ အဖ၊ အကြိတ်၊ အလုံးတွေ လိုက်ပြီးခွဲစိတ်ပေးနေတာ၊ ဘယ်သူမှ ကူမယ့်သူ မပါဘူး၊ ဆရာမကူညီရင်တော့ အကောင်းဆုံးပေါ့၊ နာဂတိုင်းရင်းသားတွေရဲ့ ကျန်းမာရေးအတွက် အတူလက်တွဲလုပ်ရ အောင်"

ကျွန်တော်ကလည်း ကျွန်တော့်တွက်ကိန်းနဲ့ သူ့ကို စည်းရုံးတာ၊ သူကလည်း ဘယ်လိုတွက်ကိန်းရှိတယ်မသိ။ ကျွန်တော် ကမ်းလှမ်းတာကို လက်ခံတယ်။ ကျွန်တော့်အခြေအနေကို စောင့်ကြည့်တဲ့သဘောများလားမသိဘူး။ ဒီလိုနဲ့ သူတို့အဖွဲ့နဲ့ ပူးပေါင်းပြီး ရွာတွေ ပြောင်းရွှေ့ချီတက်ကြတဲ့အခါ နောက်တစ်ရွာမှာ ခပ်ပလန်တို့ ဘိုးနော်တို့ ဒါမှမဟုတ် နောင်ကရောင်တို့ ရှိရင် လမုန်ဆန်က မသွားဘူး။ ဆရာရယ် ဒီညဒီရွာမှာ တပ်စွဲမယ်တဲ့။ ကျွန်တော် နည်းနည်းတော့ သံသယဖြစ်မိတယ်။ ရက်တွေသာ ကြာညောင်း ခဲ့တာ။ ဒေါက်တာဘသန်းရဲ့တပည့် ဖွဲ့ဘသန်းရဲ့ တပည့် ဖွဲ့ရှိရှိနဲ့ လိုက်တာပဲ။ ဒေါက်တာဆီးဂရေ့ဗ်ရဲ့ တပည့် ဗျူဟာထဲက ထွက်လို့မရဘူး။ ကျွန်တော့် စိတ်ကူးအကောင်အထည် မဖော်နိုင်ဘူး။ ဆေးတွေကုန်တော့ ပြန်ခဲ့ရတယ်။ ဘိုးနော်တို့ ခပ်ပလန်တို့နဲ့ မဆုံခဲ့ရဘူး။

စစ်ဆင်ရေးတစ်ခုမှာ တပ်ရင်းမှူးလည်း ဟုတ်၊ ခလကဥက္ကဋ္ဌလည်း ဟုတ်ကဲ့ မိတ်ဆွေကြီး ဒုတိယဗိုလ်မှူးကြီးက စစ်ဆင်ရေးမှူးလုပ်ပြီး ထိုးစစ်ဆင်ဖို့ ကြုံလာတယ်။ ဒါပေမဲ့ ရင်းမှူးကြီးခမျာ ခန္တီးမြို့ကနေ ဆင်သေရွာ ရဲ့ ဟိုဘက်တောင် မရောက်ဖူးဘူး။ လောင်စွပ်ရွာဆိုတာ သူ့နယ်ကုန်ပဲ။ နယ်မြေမကျွမ်းကျင်တာတော့ အဲဒီအချိန်က ခန္တီးမှာ သိမီတဲ့လူတွေ ဘယ်သူ့မေးမေး ကျွန်တော်ပြောနည်းကား ပြောမှာပဲ။ ကျွန်တော် မီဇိုအကြောင်းလည်း သိတယ်။ တရုတ်ပြည်က စစ်ပညာသင် လက်နက်တွေ တော်တော်ပြည့်ပြည့်စုံစုံ ဆင်လွှတ်လိုက်တာ၊ တရုတ်စစ်နည်းပြ တောင်ပါလာတာ ကြုံဖူးတယ်။ ရင်းမှူး မီဇိုတွေကို သွားပြီး ထိမှာ တို့မှာကို ကျွန်တော် စိတ်ပူတယ်။

ကျွန်တော်တို့နိုင်ငံကို မကျူးကျော်ရင်၊ ဒီနိုင်ငံထဲမှာ တပ်မစွဲရင်၊ ဒါမှမဟုတ် ကျွန်တော်တို့ တိုင်းရင်းသားတွေအပေါ် အနိုင်မကျင့်၊ ပေါ်တာမဆွဲ၊ ရိက္ခာမလုရင် ဘာမှ သွားမလုပ်စေချင်ဘူး။ ဒါပေမဲ့ အိန္ဒိယနိုင်ငံက ဖိအားပေးတာလည်း ဖြစ်ချင်ဖြစ်မယ်။

မီဇိုကိုလည်း သွားမတိုက်ရင်ကောင်းမယ်။ သူတို့ တိုင်းရင်းသားအထမ်းသမားတွေကို ပေါ်တာဆွဲမယ်။ လုပ်အားပေးရမယ်။ မိုင်းကွင်းတွေ

နာဂတိုင်းရင်းသားတွေ မြေစာပင်ဖြစ်ရမယ့်ခံရမယ့် တိုက်ပွဲဖြတ်ရလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်တို့ မသိနိုင်တဲ့ ဖီဇိုလား။ မီဇိုလားတွေမဖြစ်စေချင်ဘူး။ ဒါကိုတော့ ရင်းမှူးကြီးတို့ ထိုးစစ်ဆင်ကြတော့မယ်။ ဒါကိုတာ လေယာဉ်တစ်ဖွဲ့ဖွဲ့ကိုတော့ ရင်းမှူးကြီးတို့ ထိုးစစ်ဆင်ကြတော့မယ်။ ဒါကိုတာ လေယာဉ်တစ်ဖွဲ့ဖွဲ့ကိုတော့ ရင်းမှူးကြီးတို့ ထိုးစစ်ဆင်ကြတော့မယ်။ ဒါကိုတာ လေယာဉ်တစ်ဖွဲ့ဖွဲ့ကိုတော့ ရင်းမှူးကြီးတို့ ထိုးစစ်ဆင်ကြတော့မယ်။ ဒါကိုတာ လေယာဉ်

တစ်ဖွဲ့ဖွဲ့ကိုတော့ ရင်းမှူးကြီးတို့ ထိုးစစ်ဆင်ကြတော့မယ်။

အမှန်ပဲ။ ရင်းမှူးကြီးမှာ သွေးတိုးနေတာ မဟုတ်ဘူး။ ၁၂၀ နဲ့ ၈၀။ သူ့ခန္ဓာကိုယ်နဲ့ဆိုရင် နည်းနည်းတောင် လျော့သေးတယ်။

"သွေးမတိုးဘူး၊ စိတ်ပါရင် နောက်ထပ်မိန်းမတွေ ယူလို့ရလောက် အောင်ကောင်းပါတယ်"

"ဟာ ဆရာက တယ် နောက်တာကိုး၊ နေမကောင်းဘူး၊ သွေးတွေတက်နေ တိုးနေတယ်လို့ ရေးပေးစမ်းပါ"

ကျွန်တော် သဘောပေါက်လိုက်ပြီ။ သူ ရှေ့တန်းကို စစ်ဆင်ရေးမသွားချင်ဘူး။ သူမသွားချင်တာက အရေးမကြီးဘူး ကျွန်တော့်မှာ အကျပ်အတည်းနဲ့ ကြုံရပြီ။

"ကျွန်တော်ရေးပေးတာက နောက် ဗိုလ်မှူးကြီးရဲ့ရာထူးတက်လမ်းအတွက် အနှောင့်အယှက်ပေးနေမှာ စိုးတယ်"

"ဟာ ဆရာရယ်ဒီလောက်မတွက်ပါနဲ့ အသာထားလိုက်စမ်းပါ အခုသာ သွေးတိုးနေတယ်လို့ ရေးပေးစမ်းပါ"

"ဗိုလ်မှူးကြီး ကျွန်တော် ဒီကိုရောက်ကတည်းက တပ်ရင်းမှူး ဒုတပ်ရင်းမှူးကစပြီး ခလရ ၅၂ က အကြပ်တွေရဲဘော်တွေ အများကြီး ကူညီခဲ့ဖူးတယ်။ ဒါမျိုးတော့ တစ်ခါမှ မကြုံဖူးဘူး"

သူ့မျက်နှာမှာ ကျွန်တော့်အပေါ် မကျေမနပ်ဖြစ်နေပုံက အထင်းသား ပေါ်လာတယ်။

"ရင်းမှူးကြီးက ရေးဆိုရင် ကျွန်တော် ရေးပေးမယ်၊ ကျွန်တော့် ဂုဏ်သိက္ခာနဲ့အညီ ရေးရလိမ့်မယ်။ ၁၂၀–၈၀ ပဲ။ ပိုလည်း မပိုနိုင်ဘူး၊ လျော့လည်း မလျော့နိုင်ဘူး"

သွေးပေါင်ချိန်ချင်တုန်းက ဝင်လာတော့ ဆရာခေါ်ပြီး ပြုံးဝင်လာသူက စိတ်ဆိုးမာန်ဆိုးနဲ့

ခင်ဗျားရေးမပေးတော့ ဘာဖြစ်ရဦးမှာလဲတဲ့။

ကျွန်တော် နားကြပ်တစ်ဖက် တရုတ်ပြည်လုပ် ဟီးရိုးဖောင်တိန် တစ်ဖက် ကိုင်လျက် ကျန်ရစ်တယ်။

သူ့အကြောင်းက တပ်ထဲက မိတ်ဆွေတွေက ပြန်ပြောလို့ ကြားဖူးတယ်။ ဒီစစ်ဆင်ရေးမှာ ဌာနချုပ်က ကြေးနန်းဝင်သတဲ့။ ရင်းမှူးစစ်ကြောင်း ဘယ်မှာရောက်။ ဆင်သေရောက်လို့ ကြေးနန်းအသွားအပြန်ရှိသတဲ့။ ဆင်သေ ဆိုတာ ခန္တီးမြို့နံဘေးက ချင်းတွင်းမြစ်တစ်ဖက်ကမ်းပဲ။ လှမ်းမြင်နေရတဲ့ နေရာမျိုး။

တစ်နေ့တော့ ဗိုလ်မှူးအောင်ကျော်မြင့် ရောက်လာတယ်။ ငှက်ဖျား

ဒဏ်ကြောင့် လူကလည်း ပိန်လို့ ချုံးလို့။ သူတစ်ယောက်တည်း မဟုတ်ဘူး။ ရဲဘော်တွေလည်းပါသလို အလောင်းတစ်လောင်းလည်း ပါတယ်။ ရှေ့တန်းမှာ ရဲဘော်တွေ အကြပ်တွေနဲ့ အတူအိပ်နေရင်း သေနတ်တစ်လက်က ကျည်ဆန်ထွက်သွားတာ အခုပါလာတဲ့အကြပ်ကို မှန်တာ သေရော။ ဒီအတွက် ဆေးစစ်ချက်ယူပြီး ဆေးအစီရင်ခံစာ ရေးပေးရမှာ။

ကျွန်တော် ဗိုလ်မှူးအောင်ကျော်မြင့်ကို ယုံတယ်။ သူ သဘောကောင်းတယ်။ ရဲဘော်တွေကရော တပ်မိသားစုဝင်တွေက သူ့ကို ချစ်ကြတယ်။ ဒါပေမဲ့ ဖြစ်စဉ်ကို သေသေချာချာမေးတယ်။ ဒိပြင် အတူပါသူတွေကိုလည်း မသိမသာရော သိသိသာသာရော မေးတယ်။ ကျည်ထွက်တဲ့သေနတ်နဲ့ သေတဲ့လူရဲ့ အကွာအဝေးတော့ ဒဏ်ရာကြည့်ပြီး မခန့်မှန်းတတ်ဘူး။ ဗိုလ်မှူးအောင်ကျော်မြင့် ပြောတဲ့အကွာအဝေးနဲ့ ကျန်တဲ့ရဲဘော်တွေပြောတဲ့ အကွာအဝေးက သိပ်မကွာလှဘူး။ သဘောကောင်းတဲ့ရဲဘော်ရဲဘက်စိတ်ရှိတဲ့ အကြပ်တဲ့။ ရန်ဖြစ်ထားတာ၊ သောက်စားတာလည်း မရှိဘူး။ ကံကြမ္မာ ငြိုပြာ်ဆိုးဝင်ချင်တော့ လူ့အသက်တစ်ချောင်း သေရတာပဲ။

ကျွန်တော်တွေ့ရှိချက် ရေးပေးရတယ်။ ဒါလည်း ဆရာဝန်တစ်ယောက်ရဲ့ဂုဏ်သိက္ခာနဲ့အညီ ရေးရတာ။ ဝဲဘက်ရင်အုံမှာ အချင်းတစ်လက်မခွဲခန့်ရှိ အပေါက်၊ အနောက်ကျောဘက် ဘယ်နှလက်မ ဒါမျိုးတွေ ရေးပေးရတာ၊ ကျွန်တော့်ဆီရောက်တော့ အခင်းဖြစ်ပြီ ဘယ်နှစ်နာရီခန့်ရှိပြီဆိုတာမျိုး။ စိတ်မချမ်းသာစရာပေမဲ့ ရေးစရာတော့ ရေးပေးရတာပဲ။ ရင်းမှူးကတစ်ဆင့် အထက်ကို အစီရင်ခံရမှာ ကျွန်တော့်ဘက်က ဟာကွက်မရှိအောင် ရေးပေးရတာ။ ဒါပေမဲ့ အလုပ်ရှုပ်ပုံက ကျွန်တော့်အစီရင်ခံစာက အင်္ဂလိပ်လို ရေးထားတော့ ဟိုဆရာက မဖတ်တတ်ဘူး။ သူ့ဆီရေးတာ မဟုတ်ဘူးလေ။ ဒါပေမဲ့ အဲဒါကို ဘာသာပြန်ပေးရဦးမယ်တဲ့။ ဖြစ်ပုံလေ။ ကျည်ဆန်အလိုလိုထွက်ပြီး လူသေစေတဲ့သေနတ်ကို အချုပ်ချုပ်ထားရတယ်။ သေနတ်မှာလည်း နတ်စီးတယ်လို့ ယုံကြည်သူတွေ တပ်ထဲမှာ ရှိတယ်။ ကျွန်တော်ကိုယ်တွေ့တော့ မကြုံဖူးဘူး။ ဒါပေမဲ့ တချို့ကိစ္စတွေက သိပ္ပံနည်းမကျဘဲ ယုံရအခက် မယုံရအခက်ဖြစ်တတ်တယ်။ အင်း၊ အိုင်၊ ခါးလှဲ့၊ လက်ဖွဲ့ ဆိုတာ မြန်မာရှင်ဘုရင်လက်ထက် စစ်သည်တွေအစ ဆရာစံ လယ်သမား တော်လှန်ရေးအလယ် ဒီနေ့ခေတ် တပ်မတော်အထိ သုံးကြတုန်း၊ ယုံကြည်ကြတုန်း။ အသက်ကိုရင်းကြရတာဆိုတော့ သူတို့ ယုံကြည်မှုကို အပြစ်မတင်ချင်ဘူး။

* * *

# သေနတ်သံ မကြားချင်သူ

ရင်းမှူး ပြဿနာတစ်ခုမှာ ဌာနဆိုင်ရာစစ်ဆေးမှုတစ်ခု ကြုံတယ်။ မန္တလေးနန်းတော်ထဲမှာ သူ့ကို စစ်တယ်။ ကျွန်တော် မန္တလေးရောက်မှန်း ကြားသိရတော့ ဒီအမှုကို သူသက်သာရာ သက်သာကြောင်း လာပြီး ထွက်ဆိုဖို့ သူ့မိဘ အသိုင်းအဝိုင်းက တစ်ဆင့် ချဉ်းကပ်တယ်။ ဒီလိုဆိုပြန်တော့ လည်း ကျွန်တော်နဲ့ သူ စီးပွားလုပ်ဖက်လည်းမဟုတ်၊ ရည်းစားလုဖက်လည်း မဟုတ် ကိုယ့်အသက်မွေးဝမ်းကျောင်းနဲ့ ကိုယ်နေကြသူတွေ၊ ဘာမှ ထွက်ဆို မပေးနိုင်စရာမရှိဘူး။

လာပြီး ချဉ်းကပ်ကြတဲ့ လူကြီးတွေ၊ ဆွေမျိုးတွေကိုကြည့်ပြီး သနားမိ တယ်။ စာနာမိတယ်။ ဒါဆရာပဲ။ ကိုယ့်အလှည့်ကြရင် ဒီလိုဌာနဆိုင်ရာ အစစ်ဆေးမခံရဖို့ ဂရုစိုက်ဆင်ခြင်ရမယ်။ ကျွန်တော့်မကောင်းတဲ့အကျင့်က အုပ်ချုပ်သူနဲ့ အဆင်ပြေအောင် ရေလိုက်ငါးလိုက် မနေတတ်မပြောတတ်ဘဲ ကျွန်တော်မှန်တယ်ထင်ရင် ဘယ်သူ့မှ ဂရုမစိုက်တတ်တဲ့ အကျင့်ရှိတယ်။ တစ်ခါတလေ ဒါဟာ အကျင့်ကောင်းပြင်စရာ မလိုဘူး။ ကိုယ်က မှန်နေ တာပဲ။ တစ်ခါတလေ ဒါဟာ လူအများနဲ့ လိုက်လျောညီထွေမရှိတဲ့ အကျင့် ဆိုးလို့ ထင်ပြန်ရော။ ဒါလည်း နောက်မှသတိထားမိတဲ့ အကျင့်ဆိုးလေ။

ကျွန်တော် သူ ချိန်းဆိုတဲ့ရုံးကို သွားဖို့ ဆုံးဖြတ်လိုက်တယ်။ သူလည်း လခစား၊ ကျွန်တော်လည်း လခစား။ သူ ကျွန်တော်တို့အပေါ် အပြောရိုင်းခဲ့ ဆက်ဆံတာ မောက်မာခဲ့တာတွေ စိတ်ထဲမှာ အစိုင်အခဲမဖြစ်ပါဘူး၊ ကျွန်တော် သိတာ မှန်မှန်ကန်ကန် ထွက်ဆိုပေးမယ်။ ကျွန်တော့်ထွက်ဆိုချက်ဟာ သူ့ အတွက် ပေါ့ပါးစေမလား။ မသေချာဘူး။ ကျွန်တော် သူ့ကို နစ်နာအောင် မတရားသဖြင့် ထွက်ဆိုဖို့ မရှိဘူး။

မနက်ဖြန်ဆို နန်းတွင်းသွားခါနီး ဒီကနေ့ပဲ မန္တလေးမှာ တရုတ်ဗမာ အရေးအခင်းစဖြစ်တယ်။ ကျွန်တော့်စိတ်တွေ လေးလံတယ်။ ညမှာ အိပ်လို့ မရဘူး။ ကျွန်တော်ဟာ တရုတ်ကပြားတစ်ယောက်။ ဘာဖြစ်လို့ တရုတ်တွေ ကို ရန်ရှာကြတာလဲ။ အိမ်တွေ ဆိုင်တွေ တိုက်ခိုက်တာ ရန်ကုန်က သတင်းဆိုး တွေ ကြားနေရာက မန္တလေးကို ကူးလာပြီ။

ချစ်လို့ မုန်းလို့ မဟုတ်ဘူး။ မန္တလေးမှာ ကျွန်တော် ပြန်လို့မရဘဲ ပိတ်မိနေနိုင်တယ်။ စိတ်ထဲမှာလည်း ကိုယ့်ကိုယ်ကိုယ် လုံခြုံတယ်လို့ မထင်ဘူး။ ဒါနဲ့ လုံခြုံစိတ်ချရတဲ့ ခန္တီးမြို့ကိုပဲ ပြန်တော့မယ်။ လေယာဉ်လက်မှတ် ရရင်

ပေါ့။ ခန္တီးဆင်းမယ့် လေယာဉ်ရှိရင် လိုက်မလို့ ချမ်းမြသာစည်လေယာဉ်ကွင်း ကို ဆင်းခဲ့တယ်။ ဘယ်သူ့ကံလည်းတော့ မသိဘူး။ ကျွန်တော် လေယာဉ် လက်မှတ်ရတယ်။ ဟိုပုဂ္ဂိုလ် ကျွန်တော် သက်သက်မဲ့လုပ်ချသွားတယ်လို့ ထင်ကောင်းထင်မှာပဲ။ ကိုယ်စောင့်နတ်သိတယ်။ ကျွန်တော် မစစ်ဖြစ်ရင် တောင် တိုင်းမှူးကို သွားပြောပေးစေချင်တာတဲ့။ ဘာမှလုပ်မပေးခဲ့ရဘူး။ ဒီပုဂ္ဂိုလ်ကို ခန္တီးကနေ ရွှေ့ပစ်လိုက်တယ်။ ကရင်ပြည်နယ်က တော်တော် လေး မအေးချမ်းတဲ့မြို့လေးတစ်မြို့ကို ရွှေ့ရတယ်။

ဖီဇိုကို စစ်ဆင်တဲ့အလုပ်ကို စစ်တပ်က ဆက်လုပ်နေတယ်။ ဗိုလ်မှူး ငွေဆန်းဆိုတဲ့ပုဂ္ဂိုလ် ခန္တီးကို ပြောင်းလာတယ်။ နိုင်ငံခြားက ဆင်းဟတ်စစ် တက္ကသိုလ်ဆင်းလို့ ကြားဖူးတယ်။ ဒုဗိုလ်မှူးကြီးလစာ စားနေပြီ။ ပခုံးပေါ် အပွင့်တော့ မတင်ရသေးဘူး။ နောက်မှ သိရတဲ့ အဖြစ်အပျက်တစ်ခု အရင် ကြိုပြီး ပြောထားရဦးမယ်။ သူ ခန္တီးကိုလာခါနီးမှာ ဗိုလ်မှူးကြီးစိန်မြက အမှာစကား ပြောလိုက်တယ်။ အဲဒီအမှာစကားက သူ့စိတ်ကို အနှောင့်အယှက် ဖြစ်နေဟန် တူတယ်။ သူရောက်ခါစမှာ ဒုတိယတပ်ရင်းမှူးကို ခေါ်မေးသတဲ့။

"ဒီမြို့မှာ ဒေါက်တာတစ်ယောက် နာမည်ကြီးတာ ဘယ်သူကွ"

"ဒေါက်တာသိန်းလှိုင်"

"သူက ဘာတုန်းကွ၊ ဘာလို့ နာမည်ကြီးတာလဲ"

"နာဂတွေက သူ့ကို နတ်လို့ ထင်နေကြတာ"

"အဲဒါ တိုင်းမှူးကလည်း ငါ့ကို မှာလိုက်တယ်၊ သူ့အလုပ် သူလုပ်ပစေ၊ ဘာမှ ဝင်မစွက်နဲ့၊ ကူစရာရှိရင်သာ ကူလိုက်တဲ့၊ အဲဒါ ဘာသဘောလဲ"

ဒီလို စကားအခံရှိတဲ့ပုဂ္ဂိုလ်။ ကျွန်တော် မမြင်ဖူး၊ မတွေ့ဖူးပါဘူး။ သူကလည်း ဌာနဆိုင်ရာတွေနဲ့ ပတ်သက်ချင်ပုံ မပေါ်ပါဘူး။ အသက်ငယ်ငယ် နဲ့ ရာထူးကြီးကြီး လုပ်ပိုင်ခွင့်ထည်ထည်ဆိုတော့ သူ့ဟန် သူ့သိက္ခာနဲ့ နေထင် ပါရဲ့။

သူက ဖီဇိုစစ်ဆင်ရေးကို ကိုင်တွယ်ဖို့ ကြံရွယ်နေတာ။ မုံရွာစစ်ကိုင်း တို့က တပ်တွေလည်း ဖြည့်ထားပြီး။ ဗိုလ်မှူးငွေဆန်းက အမြောက်တပ်က အရာရှိ။ တပ်ထဲက ခန်းမမှာ မြေပုံအကြီးကြီးချပြီး စစ်ဆင်ရေး ပုံတွေ စဉ်း စားနေချိန်။ ကျွန်တော်လည်း မြို့မှာ တပ်မတော်သားတွေ ခြေချင်းလိမ်နေ တာကို စစ်ကားတွေ ဟွန်းအကျယ်ကြီးတီးပြီး ဝုန်းဒိုင်းကြဲနေတာမြင်ရတော့ တစ်ခုခုတော့ တစ်ခုခုပဲလို့ တွေးမိတယ်။ မြို့က ပုံမှန်ဆိုရင် ငြိမ်သက်အေး ဆေးတဲ့ မြို့ကလေး တရုန်းရုန်းနဲ့ ဘာဖြစ်နေတာလဲပေါ့။

ဗိုလ်မှူးငွေဆန်းက ခန္တီးမြို့အပြင်ဘက်ကို မထွက်ဖူးသေးဘူး။ ဘယ်နယ်မှ မရောက်ဖူးသေးဘူး။ မြေပုံကြီး ကြည့်ပြီး စစ်ဆင်ရေးအမိန့်တွေ စက်နဲ့ ညွှန်ကြားနေတာ။ ဗိုဇိုတွေ အင်အား ရှစ်ရာကိုးရာ အဖွဲ့လိုက်ကြီး၊ ဒုံဟီးမြို့ နားရောက်မှ ပျောက်သွားတယ်။ ဆက်လိုက်ကြတာ ရှာမတွေ့ဘူးချည်း စက်ထဲကလာနေတယ်။

"ဒီမြို့မှာ ဒေသခံအသက်ကြီးကြီး ဟိုဒီအနှံ့သွားဖူးတာ ဘယ်သူရှိ သလဲ သွားခေါ်ချေ"တဲ့။

ဒါနဲ့ စော်ဘွားကြီး ဦးစောမြစိန်ကို သူ့ဗိုလ်မှူးတွေက သွားခေါ်ကြတယ်။ စော်ဘွားကြီးကလည်း တပ်ရင်းမှူးအသစ်က ခေါ်တယ်ဆိုတော့ အင်္ကျီအဝတ်စားလေး ခပ်သွက်သွက်လဲပြီး ထလိုက်လာတာပေါ့။

ဗိုလ်မှူးတွေက ဒါ စော်ဘွားကြီး ဦးစောမြစိန်ပါပဲ။ ဒီနယ်မှာ မွေး၊ ဒီနယ်မှာကြီးတာပါ။ စော်ဘွားကြီး ဒါ ကျွန်တော်တို့ တပ်ရင်းမှူးအသစ် ဒုတိယဗိုလ်မှူးကြီးငွေဆန်းပါ။ ဒီလိုပြောကြ ဆိုကြ မိတ်ဆက်ကြတာလေ။

သူက မြေပုံကြီးဖြန့်ခင်းထားတဲ့ အခန်းကျယ်ကြီးထဲကို ခေါ်သွားရင်း သူသိချင်တာတွေ မေးတယ်။ ပထဝီအနေအထား၊ ချောင်းတွေ မြောင်းတွေ တောတောင်တွေအကြောင်း၊ လူမျိုးစုံတွေအကြောင်း မေးတယ်။

စော်ဘွားကြီးကလည်း သူဟာ စော်ဘွားဆိုတာ မှန်ပါတယ်။ အင်္ဂလိပ်ခေတ် အရေးပိုင်မန်းသခင်တို့ ကော်မရှင်နာ မစ္စနာကဲရှေ့တို့ ခေတ်ကတည်းက စော်ဘွားပါ။ ဆော်လောင်ရွာအထိပဲ ရောက်ဖူးတယ်။ ပန်ဆောင်တောင် မရောက်ဖူးဘူး။ လဟယ်ဒေသတော့ တစ်နှစ်တစ်ခါဆိုသလို ရောက်ဖူးပါ တယ်။ ဗိုလ်မှူးကြီး အခုသိချင်တဲ့ ဒုံဟီးနယ်၊ နန်ယွန်း၊ ပန်ဆောင်နယ်တွေ ကိုတော့ ကျွမ်းကျင်တဲ့ လူတစ်ယောက် ရှိပါတယ်။ အဲဒါကတော့ ဒေါက်တာ သိန်းလှိုင်ပါပဲ။ ဟောဒီနယ်ထဲမှာ အဲဒီဒေါက်တာလောက် နှံ့စပ်တဲ့သူ မရှိပါဘူး ဗိုလ်မှူးကြီးလို့ ပြောတော့ ဟိုပုဂ္ဂိုလ်ခမျာ အောင့်သက်သက် ဖြစ်တာပေါ့။

ဒါနဲ့ စော်ဘွားကြီးပြန်ပို့ရင်းနဲ့ တပ်ရေးဗိုလ်ကြီးမြကြိုင်ကို အခေါ် လွှတ်လိုက်တယ်။ ဒီဗိုလ်ကြီးနဲ့ ကျွန်တော်နဲ့ ခင်မင်ကြပြီးသား။ တပ်ရင်းမှူး အသစ်ရောက်တယ်။ ဒေါက်တာနဲ့ တွေ့ချင်လို့။ လာခေါ်တာပါလို့ ပြောတော့ ကျွန်တော်က မလိုက်ပါရစေနဲ့၊ မပတ်သက်ချင်ဘူးလို့ ပြောလိုက်တယ်။ အဲဒီ အခါ ဗိုလ်ကြီးမြကြိုက်ခမျာ ရဲဘော်မြကြိုင်လို မျက်နှာလေး ဖြစ်သွားပြီး ကျွန်တော့်ကို ပိုပြီး သာသာချိုချိုစကားနဲ့ ခေါ်နေရှာတယ်။ ဘာကိစ္စ ခေါ်သတုန်း ဗျာလို့ မေးတော့ သူလည်း မသိပါဘူးတဲ့။ တကယ်တော့ သူသိမှာပါ။ ကျွန်တော်

မလိုက်မှာ စိုးရိမ်လို့ မသိဘူးလို့ ပြောတာလည်း ဖြစ်နိုင်တယ်။ တကယ် တော့ ကျွန်တော် မလိုက်ချင်ဘူး။ မပတ်သက်ချင်ဘူး။ ဗိုလ်ကြီးမြကြိုင် မျက်နှာ လေးက ဥသျှစ်သီးပေါက်စလောက် ကျန်တော့တာ။ ကျွန်တော် ကုတ်အင်္ကျီ ကောက်ဝတ်ပြီး လာ သွားကြစို့ဆိုတော့မှ သူ့မျက်နှာ ပုံမှန်ပြန် ဖြစ်သွားတော့ တယ်။

တပ်ရေးဗိုလ်ကြီးမြကြိုင်ကပဲ ဒါ တပ်ရင်းမှူးအသစ် ဒုတိယဗိုလ်မှူး ကြီး ငွေဆန်းပဲ၊ ဒါ ဒေါက်တာသိန်းလှိုင်ပါလို့ မိတ်ဆက်ပေးတယ်။

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"ဆိုပြီး သူလက်ကမ်းလိုက်လို့ လက်ဆွဲနှုတ်ဆက်တော့ ရုံးခန်းထဲက နွေးနွေးထွေးထွေးနေတဲ့ ပုဂ္ဂိုလ်ရဲ့ လက်က အေးစက်နေပြီး အပြင်ဘက်ကလာတဲ့ ကျွန်တော့်လက် နွေးနွေးကိုတော့ သူ ခံစားသလား မသိနိုင်ဘူး။

"ကျွန်တော်လည်း ဝမ်းသာပါတယ်၊ ဘာလုပ်ပေးရမလဲ"

"ကော်ဖီနဲ့ မုန့်နဲ့ ဧည့်ခံပါကွာ . . . ကျွန်တော် ဒီနယ်မြေအကြောင်း သိချင်လို့ပါ"ဆိုပြီး ကတ္တီပါစ အစိမ်းနဲ့ အုပ်ထားတဲ့ မြေပုံကြီးလှပ်ပြတယ်။

"နယ်မြေအကြောင်း . . . ကျွန်တော် ဘာပြောပြရမလဲ"

သူက ဘိလိယက်ထိုးတဲ့ ကျူတံတစ်ချောင်း ဘိလိယက်ခုံအနား အယူ ခိုင်းလိုက်ပြီး ညွှန်ပြပါလေရော။

"ဒီနယ်ဘက်မှာ ဖီဇိုတွေရောက်နေတယ်၊ ကျွန်တော်တို့ တပ်ရင်းသုံးရင်း နဲ့ ပိတ်ဆို့ထားတာ၊ အခုတစ်ယောက်မှ မတွေ့တော့ဘူး"

သူ့လက်ထဲက ကျူတံအဖျားက နယ်တစ်နယ်ဘက်မှာ ဝဲနေတယ်။ သူ့မြေပုံပေါ်မှာ ပုံနှိပ်ထားတဲ့ အင်္ဂလိပ်စာလုံးတွေအရတော့ အင်္ဂလိပ်စစ်သုံး မြေပုံကြီး ကျွန်တော်က မြေပုံဖတ်တတ်တာ မဟုတ်ဘူး။ **Unsurveyed Area** ကြီးလို့ ကျွန်တော်တို့ သတ်မှတ်ထားတဲ့အရပ်တွေအပေါ် သူ့ကျူတံ ထိပ်ဖျားက ခါရမ်းနေတယ်။

မြေပုံကို ကျွန်တော် တဖြည်းဖြည်းချင်း လှည့်ပတ်ကြည့်တာ တစ်ပတ် ရပြီ။ ဘာတွေမှန်းမသိဘူး။ ကျွန်တော်မသိတာ၊ မတတ်တာအမှန်အတိုင်းပြော လိုက်တယ်။

"ကျွန်တော် မြေပုံကို မဖတ်တတ်ဘူး။ ဘာတွေမှန်း မသိဘူး ကျွန်တော့် ကို ရှင်းပြဦး"

ဒုတိယဗိုလ်မှူးကြီးက ခေါင်းတညိတ်ညိတ်လုပ်ပြီး ကြည့်နေတယ်။

"ဒီဆေးရောင်ခြယ်တဲ့ အလံတွေလိုဟာတွေက ဘာတွေလဲ"

သူပြောရမလား၊ မပြောဘဲနေမလား တွေးနေပုံပဲ။ စစ်ရေးလှုံ့ဆော်မှုက လည်း ရှိသေးတယ်မဟုတ်လား။

"ဘာမှ ခြယ်မထားတာက ဖီဇိုတွေပါ။ အလံအနီ၊ အပြာနဲ့ အလံဝါ တွေက ကျွန်တော်တို့တပ်တွေပါ"

"ဒါဟာ ဒုံဟီးပါ၊ ကျွန်တော် ကျုံးသွင်းသလို သွင်းရင်း ဒီနယ်ထဲမှာ တစ်ယောက်မှ ရှာမတွေ့တော့ဘူး"

"ဘယ်နှရက်လောက်ရှိပြီလဲ၊ အခုလို ပိတ်ဆို့ထားနိုင်တာ"

"၅ ရက်ရှိပြီ ဆရာ"

"ဒါ ဘာလဲ"

"ဒုံဟီးချောင်းပါဆရာ၊ ဒါ ဒုံဟီးရွာပါ။"

"ကျွန်တော် စစ်မတိုက်တတ်ဘူး၊ ဒါပေမဲ့ အကြံပေးကြည့်မယ်နော်။ ခင်ဖျားလက်ခံချင်မှ လက်ခံ"

"ခင်ဖျားရဲ့ တပ်ရင်းသုံးရင်းစလုံး ပြန်ဆုတ်ပါ"

"ဘာဖြစ်လို့လဲဆရာ"

"တပ်တွေကို ထမံသီအထက် လိုင်ဇက်ဘက်ကို အမြန်တင်လိုက်ပါ"

"ဘာလို့ တင်စေချင်တာလဲ"

"သူက မေးရင်း ကျွန်တော့်မျက်နှာကြည့်ရင်း တစ်ခါ မြေပုံကို ကြည့် လိုက် စဉ်းစားလိုက် လုပ်နေတယ်"

"လိုက်ဇက်ဘက်က ပိတ်စောင့်တာ အကောင်းဆုံးပါပဲ။ ငါးရက်ရှိပြီ ဆိုတော့ မီကောင်းမှ မီမယ်၊ ဒါတော့ ခင်ဖျားတပ်ရဲ့ အရွေ့အပြောင်း မြန်ဆန် မှုနဲ့၊ ခင်ဖျား ကျွန်တော်ပြောတဲ့စကားအပေါ်မှာ ယုံကြည်မှုနဲ့ ဆိုင်တယ်"

"ဒီပြင်လမ်း ရွေးစရာမရှိဘူးလား ဆရာ"

"ဖီဇိုတွေက ဒီလမ်းတွေအရင်တုန်းက သွားဖူးလာဖူးသူပါလိမ့်မယ်၊ ပါရင် အမြန်ဆုံးရောက်တဲ့လမ်းက ဒီတစ်လမ်းပဲ"

"ဟုတ်လား"

"ပြီးတော့ လိုင်ဇက်ဆိုတာ ကိုယ်ကအရင်ရောက်ရင် အထက်စီးက စောင့်ပစ်ရမှာ"

"အကောင်းဆုံးက ထမံသီက တပ်ကို အရင်ရွှေ့နှင့်၊ သူက ခရီးတို တယ် အရွေ့မြန်မှ ပိတ်မှာ"

"ဩော်..."

ဒုတိယ ဗိုလ်မှူးကြီးဆီက ဩော် တစ်လုံးထွက်လာတယ်။ သူ ဒီအချိန်

မှာ အကြီးအကျယ် စဉ်းစားနေမှာ အသေအချာပဲ။

"ဖိုဒိုတွေက ဒုံဟီးချောင်းအတိုင်း ယှဉ်ပြီး အထက်တက်သွားမယ် ဆိုရင် ဟောဒီတောကြီးကျော်လိုက်ရင် လေရှီးနယ်ရောက်ဖို့ ဖြတ်လမ်းပဲ၊ အခုပိတ်ထားတဲ့ခွင်မှာ မရှိတော့တာ သေချာသလောက်ပဲ။ ငါးရက်ဆိုတော့ နောက်ကလိုက်လည်း မမီတော့ဘူး"

"ဘာလို့ ဒီလိုတွေးနိုင်သလဲဆရာ၊ ဒီလမ်းလို့ ရွေးတာလဲ"

"ဒါ ကျွန်တော်သွားခဲ့ဖူးတဲ့ ဒေသပဲ။ ကြိမ်တော ဝါးတောကြီး ဆင်တွေ အများကြီးရှိတယ်။ ကိုပါလာ ချိုင့်ဝှမ်းဆိုတာ အဲဒီအရပ်ပဲ။ ဗိုလ်မှူးကြီး လုအောင် ဆင်တွေ မေ့ဆေးသေနတ်နဲ့ လာပစ်ဖမ်းဖူးတယ်"

တော်တော်ကြာ စဉ်းစားတယ်။ နှစ်မိနစ်လောက် ကြာမယ်ထင်တယ်။ တစ်ခန်းလုံးကို အပ်ကျသံတောင် ကြားလောက်တဲ့ တိတ်ဆိတ်မှုမျိုးကြီး။

"ဒိပြင် ရွေးချယ်စရာ နောက်တစ်လမ်းမရှိတော့ဘူးလား"

"မရှိတော့ဘူး"

"ဟေ့ စက်ပြင်စမ်းကွာ"လို့ အမိန့်ပေးလိုက်တယ်။

ကျွန်တော့်ကို တည်ခင်းတဲ့လက်ဖက်ရည်နဲ့ မုန့်တွေ မစားခဲ့ဘူး။ ဆေးရုံ အလုပ်ကိစ္စ နောက်ဆံတင်းနေတယ်။ ကျွန်တော်ပြောတာ သူလက်ခံသလား လက်မခံဘူးလား ကျွန်တော် မသိဘူး။ သူ စိတ်တိုင်းကျ အမိန့်ပေးလို့ရအောင် ဆေးရုံကို ခပ်စောစောရောက်အောင် ပြန်လာခဲ့တယ်။

ကျွန်တော့်မှာ တော်တော်ကို စိတ်ကျဉ်းကျပ်ခဲ့တာ။ ဖိုဒိုတွေကို လိုက် တိုက်တာ၊ အိမ်နီးချင်း အိန္ဒိယနိုင်ငံနဲ့ ချစ်ကြည်ရေး ရှေးရှုလို့ သူတို့က တောင်းဆိုလို့ ဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့ ကျွန်တော်က တိုက်ပွဲတွေ မဖြစ်စေ ချင်ဘူး။ မတွေ့ပါစေနဲ့ ဆုတောင်းနေမိတယ်။ ဒါပေမဲ့ ချီတက်ရမယ့်လမ်း၊ စောင့်ပြီး ပစ်ခွင့်သာတဲ့လမ်း တော့ ကျွန်တော် အမှန်အတိုင်းပြရမယ့် ဝတ္တရားရှိတယ်။ လမ်းတော့ လွှဲမပြနိုင် ဘူး။

နှစ်ရက်လောက်နေတော့ ညနေဆေးရုံက ပြန်ခါနီးမှာ ဒုဗိုလ်မှူးကြီး ငွေဆန်းကားနဲ့ ရောက်ချလာတယ်။ ဣန္ဒြေတောင် မဆည်နိုင်ဘူး။ လူနာ တွေရှေ့တင် ဝမ်းသာအားရနဲ့

"ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ဆရာလမ်းညွှန်ပေလို့"

ကျွန်တော့်ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတယ်။ ဖိုဒိုတွေနဲ့ အကြီးအကျယ် ထိပ်တိုက်တွေ့ကြပြီလား။ ကိုယ့်ဘက်ကလည်း မကျစေချင် သူ့ဘက်ကလည်း

မနာစေချင်ဘူးလေ။ စစ်ပွဲတို့ တိုက်ပွဲတို့ဆိုတာ ဘယ်စစ်ပွဲတိုက်ပွဲမှ မကောင်းဘူး ဟုတ်လား။ စစ်ထဲမှာ မအောင့်အည်းနိုင်တော့ဘူး။

"ဘယ့်နှယ့်နေလဲ တိုက်ပွဲအခြေအနေက"

"ဆရာမှာတဲ့အတိုင်း ထမံသီတပ်ကို ရွှေ့ဖို့ ထမသီမှာ တပ်က မိုးတွေ မျှော်လင့်ဘဲကြီးနေတာနဲ့ နေ့ဝက်လောက်နောက်ကျသွားတယ် ဆရာ။ သူတို့ ကံကောင်းသွားတယ်။ တိုက်ပွဲငယ်တွေပဲ ဖြစ်လိုက်တယ်။ ဒဏ်ရာလောက်ပဲ ရကြတယ်။ အကျအဆုံးတော့ မရှိပါဘူး။ တပ်က ထမံသီဆိုပေမဲ့ ထမံသီ နဲ့ နည်းနည်းလှမ်းတယ်ဆရာ"

ကျွန်တော့်ရင်ထဲက အလုံးအကျသံကြီး ကြားသွားလေမလား အောက်မေ့ရတယ်။

"နောင်လည်း အလျဉ်းသင့်ရင် တပ်ကို လာလည်ပါဦး"

"ကောင်းပါပြီ"

မီးခိုးတလုံးလုံးနဲ့ သူ့ရဲ့ ကားကလေးထွက်သွားတော့ အဲဒီ ကျန်ရစ်ခဲ့တဲ့ မီးခိုးလုံးတွေကို လက်နဲ့ ဖယ်ရှားနေမိတယ်။

* * *

## သုံးရက်ခံ

တိုင်းမှူးဗိုလ်မှူးကြီး စိန်မြ ခန္တီးကို တစ်ခေါက်ထပ်လာတယ်။ ဆေးရုံကို မလာဘူး။ တပ်ထဲမှာနေတယ်။ နှစ်ရက်လောက်ကြာတယ်။ ကျွန်တော့် အတွေ့အကြုံအရတော့ စစ်ရေးကိစ္စ ခန့်မှန်းမိတယ်။ ဆေးရုံကို မလာတာ၊ ညစာဖိတ်မကျွေးတာ ကျွန်တော့်အတွက် လောလောဆယ်တော့ ကောင်းတယ်။ ဆေးရုံသန့်ရှင်းရေးမလုပ်ရဘူး။ ပြီးတော့ သူ့လာရင်းကိစ္စ ဘယ်သူမှ မသိစေချင်လို့ နယ်ဘက်ဆိုင်ရာ မဖိတ်တာဖြစ်လိမ့်မယ်။ ကျွန်တော့်မှာ တပ်ထဲမှာ မိတ်ဆွေတွေရှိတော့ သတင်းတော့ သိနေနှင့်တာပေါ့။

ဘီဘီစီက သတင်းပေးတယ်။ အိန္ဒိယအစိုးရ ကိုယ်စားလှယ်လာတယ်။ ဒီနိုင်ငံက တာဝန်ရှိသူတွေနဲ့တွေ့ပြီး ဖီဇိုအရေး ဆွေးနွေးကြတယ်ဆိုတဲ့ သတင်းရဲ့ နောက်ဆက်တွဲပဲဖြစ်လိမ့်မယ်။ နှစ်နိုင်ငံ ပူးပေါင်းပြီး ဖီဇိုကို နှိမ်နင်းတော့မယ့် အခြေအနေပဲ။

ဒီကိစ္စမှာ အခက်အခဲတစ်ခုက အိန္ဒိယဘက်က ဆက်သွယ်ရေးစနစ်က

ကျွန်တော်တို့ဘက်က မြန်မာဘာသာနဲ့ ဖြစ်နေ တယ်။ အင်္ဂလိပ်ဘာသာနဲ့ဖြစ်ပြီး ကျွန်တော်တို့စက် တိုက်ရိုက်ဆက်သွယ်လို့ မဖြစ်နိုင်ဘူး၊ ဒါနဲ့ သူ့တို့စက်နဲ့ ကျွန်တော်တို့စက် တိုက်ရိုက်ဆက်သွယ်ရေးတပ်က အရာရှိတစ်ယောက် မြန်မာနယ်စပ်ကို လာမယ်။ အိန္ဒိယဆက်သွယ်ရေးတပ်က အရာရှိတစ်ယောက် မြန်မာနယ်စပ်ကို လာမယ်။

နယ်ပိုင်ကြီး ဦးမြင့်မောင်ရယ် ပါတီယူနစ်အတွင်းရေးမှူးရယ် ကျွန်တော်ရယ် တောင်ပေါ်ခရီးသွားကြတယ်။ လမ်းမှာ ခွဲစရာတွေခွဲ၊ ခွဲပြီးရင် အချိန်ရှိသေးရင် ဒီပြင်တစ်ရွာကူး။ အချိန်မရှိရင် အဲဒီရွာမှာ ညအိပ်။ ဒီလို ခရီးဆက်ကြတာ။ "ကျွန်းခေါင်"ဆိုတဲ့ အရပ်ရောက်တော့ ဒုတိယဗိုလ်မှူးကြီး ငွေဆန်းနဲ့ သွားဆုံပါလေရော။ သူနဲ့ မြေပုံဖတ်ပေးကတည်း အတော်အသင့် ရင်းနှီးနေပြီ။ အသက်ငယ်ငယ်နဲ့ ဒီရာထူးကိုရထားတဲ့သူ။ ရှေ့တန်းထွက်ပေမဲ့ စည်းစနစ် သိပ်ရှိတယ်။ အတတ်နိုင်ဆုံး အချိန်မှန် စားတယ်။ ဘီဘီစီ နားထောင်တယ်။ မြန်မာ့အသံတော့ သီပွဲမှူးတင်တစ်ခုပဲ နားထောင်တယ်။ ဒီလိုကိစ္စမျိုး။

နေ့လယ်နေ့ခင်းအားရင် ကျွန်တော် ဆေးကုတာ ခွဲစိတ်တာ လာကြည့်တယ်။ စကားလာပြောတယ်။ သူ့အသံဖမ်းစက်က ကုန်းမြင့်လေးပေါ်မှာ၊ စစ်ဆင်ရေးကိစ္စ အဲဒီကုန်းမြင့်ပေါ်ကနေပဲ လုပ်နေတာ။ ညအိပ်ရင် အဲဒီစက်နားမှာပဲ အိပ်တယ်။ ကျွန်တော်တို့ ဆေးကုနေတာ တတိယမြောက်ရက်ကျတော့ အလုပ်က ပါးစပြုနေပြီ။ နောက်တစ်ရွာ ရွှေ့ဖို့ ကောင်းနေပြီ။ အဲဒီညနေ နာဂသူကြီး နှစ်ချို့ခေါင်တစ်အိုးနဲ့ ဧည့်ခံလို့ သောက်နေကြတုန်း ဗိုလ်ငွေဆန်း တောင်ကုန်းပေါ်က ဆင်းလာတယ်။ သူကြီးကမ်းပေးတဲ့ ခေါင်တစ်ခွက် သောက်ရင်း ထူးထူးဆန်းဆန်း စကားတစ်ခွန်းပြောလာတယ်။

"ဆရာ့ကို ကျွန်တော် တာဝန်တစ်ခုပေးချင်တယ်"

သူ့စကား အဲဒီမှာ ခဏရပ်ပြီး ကျွန်တော့်အရိပ်အကဲ ဖျတ်ခနဲ လှမ်းအကဲခတ်တယ်။ ကျွန်တော်က လက်ထဲက ခေါင်ကို အသောက်မပျက်တော့ သူက စကားဆက်တယ်။

"ဘယ့်နှယ်လဲ လက်ခံမလား ဆရာ"

"ဟာ ကြံကြံဖန်ဖန် ဘာတာဝန်လဲဗျာ"

အဲဒီအခါ သူက မျက်ရိပ်မျက်ကဲပြုပြီး ခေါင် ဝိုင်းကနေ ခပ်လှမ်းလှမ်းကိုလိုက်ခဲ့ဖို့ ခေါ်သွားပြီး နယ်ပိုင်တို့ မကြားနိုင်လောက်တဲ့ နေရာရောက်မှ ပြောပြတယ်။

အိန္ဒိယဗိုလ်မှူးကြီးတစ်ယောက် ဦးစီးတဲ့ တပ်တစ်တပ် မကြာခင်မှာ နယ်စပ်ကို လာလိမ့်မယ်။ အဲဒီ ဗိုလ်မှူးကြီးနဲ့ သွားတွေ့ဖို့၊ လက်ခံတွေ့ဆုံဖို့ ဆရာလိုက်သွားပါ။ ကျွန်တော် ဆရာ့ကို တပ်မတော်အရာရှိတစ်ယောက်လို

လွတ်လိုက်မှာ၊ ဆရာက ဒီဘက်နယ်ကို ကျွမ်းကျင်နှံ့စပ်သူ၊ နာဂတိုင်းရင်းသားတွေရဲ့ လေးစားချစ်ခင်မှုကိုလည်း ရသူဖြစ်တယ်။ ဟိုဘက်က ဗိုလ်မှူးကြီးနဲ့ စကားပြောဆိုရာမှာ ဆရာတစ်ယောက်ပဲ ရေလည်အောင် ဘစ်ဖက်သားနားဝင်အောင် ရှင်းပြပြောဆိုနိုင်တာကြောင့်ပါ။ ကျွန်တော့်တပ်က ဗိုလ်ကြီးအောင်နဲ့ ရဲဘော်တချို့ပါမယ်။ နယ်ပိုင်ကြီးလည်း ခေါ်သွားစေချင်တယ်။ သူဟာ နယ်ပိုင်တစ်ယောက်လေ။

ဗိုလ်ငွေဆန်းရဲ့ ပြောပုံ ဆိုပုံ၊ သူ့မျက်နှာထားကြည့်တာနဲ့ ဒီကိစ္စဟာ အရေးပါမှန်း သိသာတယ်။ ကျွန်တော်အရမ်းကာရော လက်ခံတာမဟုတ်ဘူး။ စဉ်းစားပြီးမှ လက်ခံလိုက်တယ်။ အိန္ဒိယနယ်စပ်မှ ဆေးကုသနေသူတစ်ယောက်အနေနဲ့ အိန္ဒိယနဲ့ သူ့တပ်ရဲ့အကြောင်း သိထားချင် ရင်းနှီးထားချင်တာလည်းပါတယ်။ ရင်းမှူးနှစ်ယောက် ယှဉ်မိတဲ့အခါ အခုရင်းမှူးက လေးစားဖို့ကောင်းတာလည်းပါတယ်။ သူက လူတစ်ယောက်ကို လူလိုမြင်တယ်။ ပြီးရင် ဘယ်လိုအသုံးချရမယ်ဆိုတာလည်း လာဘ်မြင်တဲ့လူ။

ကျွန်တော် ခေါင်းညိတ်တဲ့အခါ သူ့စက်ထိုင်ထားတဲ့ တောင်ကုန်းပေါ်ကို ခေါ်သွားရင်း သူ ဘာကြောင့် ကျွန်တော်တို့အဖွဲ့နဲ့ အတူမလိုက်နိုင် ကြောင်းရှင်းပြတယ်။ သူဟာ နှစ်နိုင်ငံ ပူးတွဲပြီး စစ်ဆင်ရေးအတွက် တာဝန် အကြီးကြီးယူထားပြီး မြေပုံနားက စက်နားက ခွာလို့ မဖြစ်ကြောင်း နှစ်ခါထက် မနည်းပါတယ်။

စခန်းရောက်တော့ ဗိုလ်ငွေဆန်းက သူ့ဘောင်းဘီတစ်ထည် ကျွန်တော့်ကိုပေးပြီး ဝတ်ကြည့်ခိုင်းတယ်။ ဘယ်တော်မလဲ။ သူက ကျွန်တော့်ထက် ကိုယ်လုံးနည်းနည်းဖွံ့တယ်။ အင်္ကျီဝတ်ကြည့်ပြန်လည်း မတော်ဘူး၊ နည်းနည်းပွယောင်းယောင်းနဲ့။ ဒါနဲ့ ကျွန်တော်နဲ့ အလုံးအဖန်နီးတဲ့ အကြပ်တစ်ယောက်ရဲ့ ဘောင်းဘီဝတ်ကြည့်တော့မှ တော်တယ်။ အင်္ကျီတော့ ဒီပြင်ရဲဘော်တစ်ယောက်ရဲ့ အင်္ကျီဝတ်ခိုင်းတယ်။ ကျွန်တော့် ဝတ်စားထားပုံကို နယ်ပိုင်ကြီးကတော့ မျက်ရည်ထွက်အောင် ရယ်တယ်လေ။ တရုတ်စာခြောက်ရုပ်ပုံပေါက်နေထင်ပါရဲ့။

ဗိုလ်အောင်က ညကျတော့ ကျွန်တော့်ကို ပြုဖွယ်ကျင့်ဖွယ် တချို့လက်ချာရိုက်တယ်။ ကျွန်တော့်ကို စစ်သားတို့ရှိသင့်တဲ့စိတ်၊ သိသင့်တဲ့အချက်တွေ ပြောပြတယ်။

မနက်ကျတော့ ရဲဘော်တွေနဲ့အတူ ကျွန်တော် ဝင်တန်းစီပါဆိုလို့ ဝင်ပြီးတန်းစီရတယ်။ ဂျန်းဂဲဘု တောစီးဖိနပ်က ကျွန်တော့်မှာ ရှိပြီးသား။ ခလရ ၅၂

က တစ်နှစ်ကို ဂျန်းဂဲဘုသုံးရန်ထုတ်ပြီး အိမ်လာပို့ရတယ်။ လူကြီး တွေလာတုန်းက ဒီအမိန့်ထုတ်ထားတာ။ ဗိုလ်အောင်က တန်းစီပြီးတဲ့အခါ ဒုဗိုလ်မှူးကြီး ငွေဆန်းကို သတင်းပို့တယ်။ တန်းစီလူအင်အားနဲ့ ကင်းချထားတဲ့ အင်အား သတင်းပို့တယ်။

ဒုတိယဗိုလ်မှူးကြီးက သူတို့ရဲ့လုပ်နည်းထုံးစံအတိုင်း ခလရ ၅၂ တပ်ရင်းမှူးအနေနဲ့ ရဲဘော်သစ် သိန်းလှိုင်ကို ခန့်အပ်ကြောင်း သံနေသံထားနဲ့ ပြောတယ်။ ပြီးတော့ တစ်ဆက်တည်း ရဲဘော်သိန်းလှိုင်ကို အခွင့်အာဏာအရ ဗိုလ်ကြီးရာထူးကို တိုက်ရိုက်ခန့်အပ်ကြောင်း မျက်နှာထားတည်တည်နဲ့ ပြောတယ်။ မနေ့ကတင် လူနာတွေ ခွဲစိတ်နေတဲ့သူက အခုတော့ ပခုံးမှာ ရွှေချောင်းသုံးချောင်းနဲ့ ဗိုလ်ကြီးဖြစ်သွားပြီ။ စစ်ဆင်ရေးကာလမို့ ရွှေချောင်းသုံးချောင်းက အရောင်မှိန်ထားရတယ်။

အမှန်တော့ တပ်ရင်းမှူးတစ်ယောက်ဟာ တပ်ကြပ်ကြီး ရာထူးအထိပဲ ခန့်အပ်ခွင့်ရှိတာ မနေ့က သူကိုယ်တိုင် ပြောပြထားတယ်။ ဒါပေမဲ့ အိန္ဒိယနိုင်ငံ တပ်မတော်နဲ့ ဆက်ဆံရာမှာ၊ ကျွန်တော်ဟာ ဗိုလ်ကြီးအဆင့်နဲ့မှ ဆီလျော်မှာမို့ အပြန်အလှန်လေးစားသမှုနဲ့ ခန့်လိုက်တဲ့ အရာရှိအသစ်ကျပ်ချွပ်ပေါ့။ ကျွန်တော့်ခါးမှာ ခြောက်လုံးပြူးတစ်လက် အဆောင်အယောင်အနေနဲ့ ချိတ်ထားပေးတယ်။ ကျွန်တော် မပစ်တတ်ဘူး။ မချိတ်ချင်ဘူးဆိုတာလည်း မရဘူး။ ချိတ်ထားရမယ်တဲ့။

အဲဒီနေ့က နေသာတယ်။ ငှက်ကလေးတွေရဲ့ တေးဆိုသံလည်း ကျီကျီကျာကျာနဲ့ ကြားနေရတယ်။ ဗိုလ်အောင်နဲ့ ကျွန်တော်နဲ့ နယ်ပိုင်ကြီးနဲ့ တပ်စုတစ်စု နားနားနေနေ ချီတက်ခဲ့ကြတယ်။ နားနားနေနေဆိုတာ နယ်ပိုင်ကြီးကို စောင့်စောင့်နေရလို့ နားနားနေနေလို့ပြောတာ။ ကျွန်တော် ခြေလှမ်းသွက်တယ်။ ခပ်သွက်သွက်လှမ်းပါမှ။ တောင်ပေါ်ခရီးတွေ လှမ်းခဲ့တဲ့ ခြေလှမ်းတွေ မနည်းမနောပဲ။ ရဲဘော်လေးတွေက တောင်မှ ကျွန်တော့်ခြေလှမ်းကို အံ့သြကြတယ်။

တောင်ထိပ်ရောက်ရင် ကျွန်တော်တို့ ချိန်းဆိုထားကြတဲ့ အိန္ဒိယတပ်နဲ့နီးပြီ။ တောင်ထိပ်ဆီမှာ လေယာဉ်ကွင်းဟောင်းတစ်ခုတွေ့တော့ ပျော်လိုက်တာ၊ အင်္ဂလိပ်ဖောက်ခဲ့တဲ့ စစ်သုံးလေယာဉ်ကွင်း။ နည်းနည်းပါးပါး ပြုပြင်ရင် သုံးလို့ရနိုင်သေးတယ်ထင်တာပဲ။ လေယာဉ်ကွင်းအစပ်မှာ ဝါးလုံးတစ်လုံးစိုက်ပြီး နိုင်ငံတော်အလံ လွှင့်ထူပြီး ချီရတယ်။ ကွင်းအလယ်လောက်ရောက်တော့ စစ်သုံးခွေးကြီးနှစ်ကောင် ဒေါသတကြီးနဲ့ ပြေးထွက်လာကြတယ်။ ရုတ်တရက်ဆို လန့်သွားတာပေါ့။ ပါးစပ်မှာ ကြိမ်အစွပ်တွေ စွပ်ထားပေလို့။

နို့မို့ရင် ကိုက်မယ်ထင်ရဲ့။ ကျွန်တော်တို့ခွေးတွေကို ခြောက်လှန့်ထုတ်ကြတယ်။ မကြောက်ဘူး၊ မပြေးကြဘူး။ ကျွန်တော်တို့က ခွေးကိုခြောက်တာ ဗမာစကားနဲ့ ခြောက်ထုတ်ကြတာကိုး။ သူတို့က နားမှမလည်ကြတာ ဘယ် ကြောက်မလဲ။ ဝီစီသံတစ်ချက် ချက်ချင်းပဲ ပေါ်ထွက်လာတော့ ခွေးနှစ်ကောင် ပြန်ပြေးရော။ တောင်စခန်းဆီက အိန္ဒိယ စစ်သားနှစ်ယောက်ထွက်လာပြီး ကျွန်တော်တို့ကို သူတို့အရာရှိဆီ ခေါ်သွားတယ်။

အရာရှိက အသက်သိပ်ကြီးသေးပုံမရဘူး။ လေးဆယ်စွန်းစွန်း ပန်ဂျာပီ လူမျိုး။ ဗိုလ်မှူးကြီးအဆင့်ရှိတယ်။ ဒါပေမဲ့ သူတို့က ဗိုလ်မှူးကြီးလောက်ဆိုရင် လိုင်းယင်းခြသေ့်လို့ ခေါ်ဝေါ်ကြတာ။ သူတို့ ပိုင်နက်ထဲရောက်နေတော့ သူတို့က အရင်စမေးတယ်။ အင်္ဂလိပ်ဘာသာနဲ့ မေးတာပါ။ သူတို့တပ်က လူဦးရေ များတယ်။ တချို့က သစ်ပင်တွေအပေါ်မှာ တက်ပြီးနေရာယူထားကြတယ်။

"ဘယ်သူတာဝန်ခံလဲ"

"ငါပဲ"

ဗိုလ်အောင်က ကျွန်တော့်အနားလာရပ်တယ်

"မင်းက ဘယ်သူလဲ"

"ငါ ဗိုလ်ကြီးသိန်းလှိုင်၊ ခန္တီးခလရ ၅၂ ကလာတာ"

"မင်းအထက် အရာရှိမရှိဘူးလား"

"ငါ့တပ်ရင်းမှူးက ဖီဇိုစစ်ဆင်ရေးအတွက် အလုပ်သိပ်များနေတယ် တပ်ရင်းမှူးကိုယ်စား ငါလာတာပဲ ငါ့ကို တာဝန်ကုန်လွှဲအပ်လိုက်တယ်"

"ငါကတော့ ဒီတပ်ရဲ့ တပ်ရင်းမှူးပဲ (ခြသေ့်ပဲ)"

ဒါနဲ့ သူတို့မြေပုံပေါ်မှာ ကျွန်တော်ဗိုလ်အောင်နဲ့ ကျွန်တော်တို့တပ်တွေ စွဲထားတဲ့နေရာတွေ ပြတယ်။ ဖီဇိုတွေသွားနေတဲ့ လမ်းကြောင်းနဲ့ ဖြစ်နိုင်ခြေ ထွက်ပေါက်တွေ ပြတယ်။ ဘာမှ မပြောဘူး။ ဗိုလ်အောင် ရှင်းပြတာ သူ သေသေချာချာ နားထောင်တယ်။ ကျွန်တော်တို့ရှင်းပြပြီးမှ သူသိချင်တာ မေးတယ်။ ကျွန်တော်တို့ အင်အား ဘယ်လောက်နဲ့ လိုက်လံချေမှုန်းနေတာလဲ။ ဗိုလ်အောင်က ဒီအမေးကို ဖြေတယ်။ ကျွန်တော် ထင်တာ လိုအပ်တာထက် နည်းနည်းပိုပြောလိုက်သလိုပဲ။ ကျွန်တော် အတိအကျတော့ မသိဘူး။ ဒုဗိုလ်မှူးကြီးငွေဆန်းပြောတာကို ခန့်မှန်းဘာထက် နည်းနည်းများနေသလား လို့။ သူ့ဆရာသင်လိုက်တာလည်း ဖြစ်နိုင်တယ်။ ကျွန်တော်တို့ကို မေးခွန်း တစ်ခုခုမေးခါနီးတိုင်း ခြသေ့်က သူ့နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေကို ညာ လက်နဲ့သပ်ပြီးမှ မေးတယ်။ မေးပြီးရင် သူ့မျက်လုံးတွေက မြေပုံကိုစိုက်ကြည့်

ရင်း နားထောင်တတ်တယ်။ ဂွဒ်၊ ဟုတ်လား၊ ကောင်းတယ်၊ ကောင်းတယ်၊ ဩော်၊ ဂွဒ်။ ဒါမျိုးတွေ ပြောလေ့ရှိတယ်။ သူ့မှတ်ချက်တွေ၊ အာမေဍိတ်တွေက အိန္ဒိယသံနွှယ်တဲ့ ဂွဒ်တွေ ဟုတ်လားတွေပဲပေါ့။ သူတို့တပ်တွေ ဘယ်မှာစွဲတယ်ဆိုတာ ပြောမပြဘူး။ ငါတို့ မင်းတို့ နယ်ထဲမဝင်ဘူး။ မကျူးကျော်ဘူး။ တပ်ချင်းမှားပစ်မှာလည်း မစိုးရိမ်နဲ့၊ ငါတို့အင်အား ဘယ်ရွေ့ရှိတယ် ဆိုတာလည်း မပြောဘူး။ ဒါ သူ့အခွင့်အရေး၊ သူ့လုံခြုံရေး၊ သူ့စည်းကမ်းဖြစ်မှာပေါ့။

ဒုတိယဗိုလ်မှူးကြီးငွေဆန်း ပေးလိုက်တဲ့ လက်ဆောင်အဖြစ် စီးကရက်တွေနဲ့ ကုလားပဲတချို့ လက်ဆောင်ပေးတော့ သူတို့က အိတ်စ်သုံးလုံး ရမ်ပုလင်းတွေနဲ့ သကြားတွေ ပြန်လက်ဆောင်ပေးလိုက်တယ်။

ကျွန်တော်တို့ စက်ချင်းဆက်သွယ်ရမယ့် စက်နံပါတ်တွေ အသံလှိုင်းတွေ စကားဝှက်တွေ ညှိကြ တိုင်ပင်ကြတယ်။ ဗိုလ်အောင်က ဦးစီးတာပါ။ သူမသိတဲ့ အင်္ဂလိပ်စကား၊ ဟိုဘက်က အသံထွက်တွေ နားမလည်တဲ့အခါ ကျွန်တော်က ဘာသာပြန်ပေးရတယ်။ စကားဝှက်တွေဟာ စိတ်ဝင်စားဖို့ကောင်းတယ်။

ကျွန်တော်တို့ပေးတဲ့တာဝန်တွေ ပြီးတဲ့အခါ ညနေပိုင်းရောက်လာပြီမို့ သူတို့ စခန်းမှာပဲ ညအိပ်ကြတယ်။ သူတို့ချက်တဲ့ဟင်း ကျွန်တော်တို့ချက်တဲ့ဟင်းနှစ်မျိုး ဖလှယ်ပြီးစားကြတယ်။ ကဗျာဆရာတွေက ခြင်္သေ့နဲ့အတူ စားတဲ့ညစာ ဒါမှမဟုတ် အိတ်စ်သုံးလုံးရမ်ရဲ့ ရီဝေသောညချမ်း။ ဒါမျိုး ဖွဲ့ကောင်းဖွဲ့ကြမယ်။ ဗိုလ်အောင်၊ ကျွန်တော် ခြင်္သေ့နဲ့ သူ့အရာရှိတို့ရဲ့ ညစာဟာ အစားအသောက်၊ ရှေ့တန်းစခန်းတစ်ခုအတွက် ဖွယ်ဖွယ်ရာရာရှိတယ်။ နှစ်နိုင်ငံက ဟင်းနှစ်မျိုးကို ဖွယ်ရာတယ်လို့ ဆိုလိုတာပါ။ စကားဝိုင်းကတော့ စစ်ရေး နိုင်ငံရေးမပါဘဲ၊ သူ့ဇာတိ ကိုယ့်ဇာတိ၊ သူ့မိသားစု ကိုယ့်မိသားစု အကြောင်းတွေ ပြောကြတာပါပဲ။ ခြင်္သေ့က ဘာသာရေးအယူမသည်းတဲ့ မိသားစုတစ်ခုက မွေးဖွားပြီး၊ ငယ်ကတည်းက စစ်တိုက်ရတာ ဝါသနာပါသတဲ့။ ကက်ရှ်မီးယားစစ်ပွဲမှာ ဒဏ်ရာရခဲ့ဖူးပုံ။ သူ့ရဲ့အိမ်ထောင်ဖက်က ဘာသာခြားတစ်ယောက်ဖြစ်ပေမဲ့ တစ်ယောက်ရဲ့ ဘာသာတစ်ယောက်က လေးစားမှုရှိကြပုံတွေ ပြောတယ်။

ဗိုလ်အောင်က သားသမီးတွေကျတော့ ဘယ်ဘာသာဝင်တွေ ဖြစ်ကုန်သလဲလို့ မေးတော့ ဘယ်ဘာသာမှ မဝင်ဘူး။ သူ့အမေရဲ့ ဘာသာရေးအဆောက်အဦတွေ ထုံးစံတွေလည်း ကလေးတွေ လိုက်လုပ်ကြ၊ ရှိခိုးကြသလို၊ သူနောက်တန်းပြန်လို့ ဘုရားကျောင်းသွားတဲ့အခါ ကလေးတွေက လိုက်ပြီး

သူရှိခိုးသလို ရှိခိုးကြတယ်။ ဒီအတိုင်းပဲ လွတ်ထားတာ၊ သေသေချာချာ လွတ်လွတ်လပ်ထားတာ။ ကလေးတွေ သိတတ်တဲ့အရွယ်ရောက်မှ သူတို့ ကြိုက်နှစ်သက်ရာကို သူတို့ဘာသာ ရွေးကြပါစေ။ သူ့အမေဘက် ဘာသာ ဝင်သွားရင်လည်း ဘာပြဿနာမှ မရှိဘူး။ ကျွန်တော့်ဘာသာဝင်ရင်လည်း သူ့အမေက ခံစားမှာ မဟုတ်ဘူး။ ကျွန်တော်တို့နှစ်ယောက်စလုံးရဲ့ ဘာသာ ကို မဝင်ဘဲ ဘာသာမဲ့လေးတွေလည်း ဖြစ်နိုင်တယ်။ နေပါစေ။ ဒါမှမဟုတ်ရင် လည်း ဒီပြင်ဘာသာဝင်လေးတွေ ဖြစ်သွားဦးတော့ မတားဘူး။ ဘယ်ဘုရား ဘယ်ဘာသာမှ အပြစ်တွေကျူးလွန်ဖို့ မသွန်သင်ဘူးလေ။

ခြသေ့်က အင်္ဂလန်က စစ်ကျောင်းဆင်းတစ်ယောက်ဖြစ်ပြီး သူ့မိန်းမ ကတော့ ပညာတတ်တဲ့ စော်ဘွားနွယ်တစ်ဦးတဲ့။ အဲဒီညက ကောင်းကင်မှာ ကြယ်တွေစုံတယ်။ ကျွန်တော်နဲ့ ခြသေ့်နဲ့ နှစ်ယောက်တည်း ကြယ်ရောင် အောက်မှာ လမ်းလျှောက်ကြတယ်။ စကားတွေ ပြောကြတယ်။ သူကတော့ သူ့ဘဝ သူ့မိသားစုအကြောင်း လွမ်းလွမ်းဆွေးဆွေးနဲ့ ပြောနေတာ။ သူလည်း မမူးသလို ကျွန်တော်လည်း မမူးဘူး။ သူကချည်းပြောနေတော့ မင့်အကြောင်း လည်း ပြောဦးလေတဲ့။

ကျွန်တော့်ဘဝမှာ သူစိတ်ဝင်စားလောက်တဲ့ အကြောင်းအရာတွေ အများကြီးပေါ့။ ဒီအကြောင်းတွေပြောရင် ကျွန်တော့်ဘဝအစစ်အမှန်တွေ ပေါ်တော့မှာ။ ကျွန်တော် ဆရာဝန်ဆိုတာ သူသိတော့မှာ။ ယာယီအရာရှိ ဆိုတာလည်း ပေါ်တော့မှာ။ ဒါကို အသိမခံဖို့ ဒုဗိုလ်မှူးကြီး ငွေဆန်းက သေသေချာချာ မှာထားတော့ ကျွန်တော် အပြောရခက်နေတယ်။ ရယ်လည်း ရယ်ချင်၊ ပြောစရာတွေကလည်းရှိ၊ နောက်တော့ ကျွန်တော် နာဂတောင်တန်း မှာ တွေ့ခဲ့မြင်ခဲ့ဖူးတဲ့ လည်ပင်းကြီးရောဂါတွေခွဲတဲ့ ဆရာဝန်တစ်ယောက် အကြောင်း ပြောပြရတော့တယ်။ ကျွန်တော် ကျွန်တော်နဲ့ ပြောမိတော့မလို့ လျှာကို ဘရိတ်မနည်းအုပ်ထားရတယ်။ ဒီလိုပြောတော့လည်း စိတ်ဝင်စား စရာကောင်းလို့လားတော့မသိဘူး။ သူ ဂရုတစိုက်နားထောင်တယ်။

နောက်တစ်နေ့မနက်တော့ စောစောထကြတယ်။ လစ်ပတန်လက်ဖက် ရည်နဲ့ ဘီစကစ်နည်းနည်းစီ ခွဲတမ်းရတယ်။ တပ်ဖွဲ့နှစ်ဖွဲ့ အပြန်အလှန် အလေးပြုပြီး ပြန်ခဲ့ကြတယ်။ အပြန်မှာ လာခဲ့တဲ့ လမ်းက မပြန်ဘဲ ဒီပြင် လမ်းသိရင် ဒီပြင်လမ်းက ပြန်ချင်တယ်လို့ ဗိုလ်အောင်က ပြောလို့ ကျွန်တော် လမ်းတစ်ခုရွေးခဲ့တယ်။ လမ်းမှာ ဘာရန်သူမှလည်း မရှိတဲ့လမ်း။ အဆင်း ကတော့ မဆိုသလောက်ကြမ်းမယ်။ တချို့နေရာတွေမှာပေါ့။ ပြေပြေပြစ်ပြစ်

မပၢတ်တာတစ်ခုပဲ။ အတက်လည်း သိပ်မမတ်တဲ့လမ်းလေ။ ဗိုလ်ငွေဆန်း တပ်စွဲထားတဲ့နေရာကို အစောကြီးရောက်ကြတယ်။ ဒါတောင် နယ်ပိုင်ကြီး ဦးမြင့်မောင်ကို စောင့်ခေါ်နေရလို့။

ရောက်တဲ့အခါ ဗိုလ်အောင်က ချပ်ဝတ်တွေ မချွတ်သေးဘဲ သတင်းပို့တယ်။ ကျွန်တော့်ကိုလည်း ဗိုလ်ကြီး သိန်းလှိုင်အနားမှာနေလို့ ခေါ်လို့ သူတို့ အစီရင်ခံတာကို နားထောင်ရတယ်။ ဗိုလ်ငွေဆန်းက ကျွန်တော့်ကို ဘာ ပြောစရာရှိသလဲ မေးတော့ အထူးပြောစရာမရှိ ဦးညြဘာတပည့်လို့ အသံ ပြတ်ပြတ်နဲ့ လှမ်းနောက်လိုက်တယ်။

"ကဲ ညနေ တန်းစီရင် လူစုံအောင်လုပ်ထား"

"ဟုတ်ကဲ့"

အဲဒီညနေက တိမ်တွေတောက်တယ်။ ကောင်းကင်ကြီးတစ်ခုလုံး ရဲပတောင်းခတ်နေတယ်။ ဗိုလ်အောင်ရဲ့ အမိန့်ပေးသံနဲ့အတူ ရဲဘော်တွေ တန်းစီကြရတယ်။

ဒုတိယဗိုလ်မှူးကြီး ငွေဆန်းက လုပ်ထုံးလုပ်နည်းနဲ့အညီ ကျွန်တော့် ကို ဗိုလ်ကြီးရာထူးက ပြန်ပြီးထုတ်၊ ရဲဘော်ရာထူးချ၊ ရဲဘော်ရာထူးကနေ တပ်က ထုတ်တာတွေ လုပ်တာပါ။ တစ်နေ့မနက်က ကျင်းပတာ ဗိုလ်ဝင်ခံတဲ့ အခမ်းအနားဆိုရင် ဒီညနေ ကျင်းပတာ ဗိုလ်ထုတ်ခံတဲ့ အခမ်းအနားပဲပေါ့။ ကျွန်တော့်အဝတ် ကျွန်တော် ပြန်ဝတ်ရတဲ့အရသာ ဘယ်လိုရှိမှန်း မပြောတတ်ဘူး။ ကဗျာဆရာတွေဆိုရင် ခံစားအားကောင်းကောင်းနဲ့ ဖွဲ့နွဲ့ကြမှာအမှန်ပဲ။ စိတ်ချမ်းသာတာရော၊ ပျော်ရွှင်တာရော။ သက်သောင့်သက်သာရှိသွားတာ ရော၊ ပေါ့ပါးလွတ်လပ်သွားတာရော အမျိုးစုံမှ အမျိုးစုံပဲ။တစ်ပြိုင်တစ်မကြီးကို ခံစားလိုက်ရတာလေ။

* * *

## နှစ်ချို့မေတ္တာ

တစ်နေ့ ကျွန်တော်ဆေးရုံမှာ အလုပ်တွေများနေတုန်းမှာ ကျွန်တော့် ဆီကို တပ်ထဲက အရာရှိငယ်လေးတစ်ယောက်လာပြီး ဆေးတောင်းတယ်။ ဗိုက်အောင့်တတ်လို့ သူတောင်းနေကျ။ ကျွန်တော်ကလည်း ရှိရင်ပေးနေကျ။ ခင်မင်နေကြတာ။ အရင်တပ်ရင်းမှူးတွေ လက်ထက်ကတည်းကပဲ။ ဒီတစ်ခါ

စစ်ကြောင်းနဲ့ လိုက်ရမှာမို့ ပိုပိုမိုမိုပေးလိုက်ပါတဲ့။

"စစ်ကြောင်း ဟုတ်လား၊ ငါဖြင့် ဗိုဒိုလည်း မကြား မိဒိုလည်းမကြားမိပါဘူးကွာ"

"ရင်းမှူးကြီးက ရပ်အကြောင်း ရွာအကြောင်း သိချင်လို့ ထွက်တာနေမှာပါ။ ရန်သူ သတင်း ဘာမှမကြားပါဘူး"

"ခါတိုင်း ဆရာဝန်အဖြစ်ရော၊ စကားပြန်ဖော်ရတယ်ဆိုပြီးရော ငါ့ကိုခေါ်တတ်ပါတယ်ကွာ"

"ဒီတစ်ခါ ဆရာ့ကို မခေါ်တော့ဘူး၊ ဗိုလ်ကြီးမင်း ခင်ပါမယ်"

ဗိုလ်ကြီးမင်းခင်ဆိုတာ အရေးကြီးပုဂ္ဂိုလ်တွေလာရင် ခေါ်သွားနေကျနာဂစကား နည်းနည်းတတ်တယ်။

"သူပါရင်လည်း ကောင်းတာပေါ့ကွ၊ ဗိုလ်လေးတို့က ဘယ်ဘက်သွားကြမှာလဲ"

"ကျွန်တော်လည်း တိတိကျကျတော့ မပြောတတ်ဘူး၊

လဟယ် . . . လဟယ်ဆိုတဲ့ စကားသံတော့ ကြားမိတယ်ဆရာ"

ကျွန်တော် ပြုံးမိတယ်။ အဲဒီဘက်တွေ ကျွန်တော်သွားမယ်လို့ အစီအစဉ်ဆွဲထားပြီးသား၊ ဆေးရုံအလုပ်များလို့ မသွားဖြစ်သေးတာ၊ အခုတော့သူတို့က ဦးသွားကြပြီ။ ကောင်းပြီ သွားချင်လည်း သွားနှင့်ကြပစေ။ တပ်ကရဲဘော်တွေနဲ့ အရာရှိတွေ ချင်းတွင်းမြစ်ဘက်ဆင်းပြီး မော်တော်ဘုတ်နဲ့ဆင်သေဘက် ကူးနေကြတာ၊ မြင်နေရသားပဲ။

သူတို့ထွက်သွားပြီး နှစ်ရက်ကြာမှ ကိုသာလူကို ကျောပိုးအိတ်အပြင်ခိုင်းပြီး ဆရာတပည့်နှစ်ယောက် မနက်စောစောခရီးနှင်ကြတာ။ ကျွန်တော်တို့နှစ်ယောက် တောင်ပေါ်တက်တယ်ဆိုတာ သူများနဲ့မတူဘူး။ ခရီးတွင်တယ်။ တချို့နေရာတွေမှာ ပင်ပန်းတယ်။ တောင်တွေ ကျော်ရ ဆင်းရတာကိုး။ ဒါပေမဲ့ ဘယ်လမ်းက ခရီးတိုတယ်၊ လူသက်သာတယ်။ နားစရာ ဘယ်နေရာ စားစရာဘာတွေရှိတယ်။ ကျွန်တော်တို့ ကောင်းကောင်းသိတယ်။ လှတောသားပြောနည်းပြောရရင် ဟတ္ထိတို့ မွန်းထွေးတို့ လောင်ဝေါက်ရွာတို့ဆိုတာ သိန်းလှိုင်နားရွက်ရာချည်းပဲ။

ကျွန်တော်တို့နှစ်ယောက် ဘယ်လောက်အထိအောင် သုတ်ခြေတင်ကြသလဲဆိုရင် ရင်းမှူးကြီးငွေဆန်းတို့ ထွက်သွားကြလို့ တတိယမြောက်နေ့၊ ဆော်လောင် နောင်အင်းရောက်ကြမယ့်နေ့ နေ့လယ် ၁၁ နာရီလောက်ကျ တော့ ကျွန်တော်တို့က သူတို့တက်လာကြမယ့် နန်းဆလိန်တောင်ထိပ်မှာ

ရောက်နှင့်နေပြီ။

မိတ်ဆွေနာဂတွေ ခေါင်ရည်အိုးချပြီး ငှဲ့ခံတယ်။ ပင်ပန်းလာတုန်း မောလာတုန်း သောက်ရတဲ့ခေါင်ရည်ဟာ ဘယ်လိုအရသာရှိမှန်း မသိဘူး။ အမောလည်းပြေ၊ လူလည်းလန်းဆန်းသွားပြီး ကုန်ခဲ့တဲ့ အင်အားတွေ ပြန်ပြည့်လာသလို ခံစားရတယ်။ တောင်ပေါ်ကနေ အောက်ကို လှမ်းကြည့်တော့ သူတို့တက်လာတာ မြင်နေရတယ်။ တရွေ့ရွေ့နဲ့ လာနေကြတာ။ တဖြည်းဖြည်း နီးလာတော့ ကျွန်တော် သူတို့မမြင်နိုင်တဲ့နေရာကို အသာရွှေ့ပြီး ပုန်းနေလိုက်တယ်။ ကျွန်တော်နဲ့ လက်တစ်လှမ်းလိုတော့မှ ဟေ့ လက်မြှောက်လိုက်လို့ နောက်လိုက်တော့ သူတို့ အလစ်အငိုက်မို့ လန့်သွားကြတယ်။

"ဟာ… ဆရာ ဘယ်တုန်းက ရောက်နေတာလဲ"

"ဘယ်တုန်းက ရောက်နေတာလဲတွေ အသာထားဟ၊ ငါ့နောက်လိုက်ခဲ့ကြ၊ ဒီအရပ်မှာ ငါဟာ မင်းတို့ရင်းမှူးပဲ၊ ငါ့စကား နားမထောင်ရင် မင်းတို့ အကုန်ဒုက္ခရောက်သွားမယ်"

သူတို့နဲ့ ကျွန်တော် ရင်းနှီးနေပြီ။ ကျွန်တော့်အကြောင်းလည်း သူတို့သိနေကြတယ်။ ကျွန်တော်ပါရင် သူတို့အတွက် ရိက္ခာမပူရတာ၊ သားငါးမပူရတာလည်း သူတို့သိတယ်။

"ရော့–ဒီမှာ ခေါင်ရည်မျှသောက်ကြ၊ ရင်းမှူးဖို့ နည်းနည်းချန်ထားကြ"

ရဲဘော်လေးတွေ အကြပ်လေးတွေ ပျော်ကြတာပေါ့။ သူတို့အရာရှိအတွက် ဟန်းကောအသန့်ထဲမှာ နည်းနည်းဖယ်ထားလိုက်တယ်။ တအောင့်ကြာတော့ ရင်းမှူးရောက်လာတယ်။ ကျွန်တော့်ကိုတွေ့တော့ သူအတော်ကို အံ့အားသင့်သွားတယ်။ အံ့အားသင့်တာ သူ့ခမျာ မအောင့်နိုင်ဘူး။

"ဟာ… ဘယ်လိုလုပ်ရောက်နေတာလဲ"

"မော်တော်ဆိုင်ကယ်နဲ့ တက်လာတာလေ"

"ဟာ ဆရာက နောက်နေပြန်ပါပြီ"

"မင်းတို့ ရင်းမှူးအတွက် ခေါင်ရည်ယူခဲ့ပါဟေ့ . . . ကျွန်တော် ရင်းမှူးတို့ထွက်ခွာပြီး နှစ်ရက်ခွာတော့ ထွက်လာတာပဲ"

ဟုတ်ရဲ့လား။ လမ်းမှာ ကျော်တက်တာလည်း မတွေ့ပါဘူး။ ဒီလောက်မြန်ပါ့မလား။ ဒီစကားတွေက သူ့ပါးစပ်က မထွက်ပေမဲ့ သူ့မျက်လုံးမှာ တန်းစီမြင်နေရတယ်။ သူ စဉ်းစားတယ်။ ဖြစ်နိုင်ခြေကို စဉ်းစားတယ်။ စဉ်းစားရမှာ ပျင်းသွားထင်ပါရဲ့။

"ဘယ်လမ်းကနေ လာတာလဲ"

"ရင်းမှူးတို့လာတဲ့လမ်းနဲ့ သိပ်မဝေးပါဘူး။ ဘယ်ကနေသွားရင် မြန်မြန်ရောက်မယ်ဆိုတာ ကျွန်တော့်မြေပုံပေါ်မှာ သိနိုင်တယ်"

ခေါင်ရည်နှစ်ကျိုက်သုံးကျိုက် ကျိုက်အပြီး လက်ဖမိုးနဲ့ သူ့နှုတ်ခမ်းကို သပ်လိုက်ပြီး

"စိတ်ဝင်စားစရာပဲ ဆရာသုံးတဲ့မြေပုံ ပြပါဦး"

ရင်းမှူးက သူ့လက်ဖဝါးနှစ်ဖက်ပွတ်ပြီး ကျွန်တော် လှမ်းပေးမယ့် မြေပုံယူမယ်လို့ ဟန်ပြင်နေတယ်။

"ကျွန်တော့်မြေပုံက စာရွက်ပေါ်မှာ ရေးဆွဲပုံနှိပ်ထားတာ မဟုတ်ပါဘူး။ ကျွန်တော် ဦးနှောက်ထဲမှာ ထည့်ထားတာ။ တိုတဲ့လမ်း၊ သက်သာမယ့်လမ်း၊ ရေရှိတဲ့နေရာ အကုန်သိနေတာလေ"

ကျွန်တော်တို့ စကားပြောနေတာကို ဗိုလ်ကြီးမင်းခင် ခေါင်ရည်တစ်လုံး ပိုက်ပြီး ရောက်လာတယ်။

"ရင်းမှူး အမောပြေသောက်ရအောင် ကျွန်တော် ယူလာတာ"

"ခေါင်ရည်ဖိုး ပိုက်ဆံမပေးခဲ့ဘူးမို့လား ဗိုလ်ကြီးမင်းခင်"

"ဟာ ဒီကောင်တွေ ပိုင်ပါတယ်။ ပိုက်ဆံပေးစရာမလိုပါဘူး"

တကယ်တော့ ဗိုလ်ကြီးမင်းခင် သူအရင်တာဝန်ယူခဲ့တဲ့ပြည်စောင့်ရဲက အကျင့်အတိုင်း ခြောက်လုံးပြူး ပုတ်ပြပြီး ယူချလာတာဖြစ်မယ်။ သူ့အကျင့် ဒီလိုရှိတတ်တာ နာဂတွေက ကြက်ပေးရ၊ ခေါင်ပေးရ ကြံဖူးနေတော့ မသဒ္ဓါဘဲနဲ့ ပေးလိုက်ကြရတယ်ထင်ပါရဲ့။

"မင်းတို့ပဲ သောက်လိုက်ကြပါကွာ၊ ဒီမှာ ဆရာကလည်း ခေါင်ရည်တွေနဲ့ ညှော့်ခံပါတယ်"

နောက်တစ်ကျိုက်သောက်မယ်အလုပ်မှာ ယင်ကောင်တစ်ကောင်က ဟန်းကောထဲ ကျသွားပါလေရော။ ဒီတော့ အနောက်နိုင်ငံ စစ်တက္ကသိုလ်ဆင်းတဲ့ ရင်းမှူးက သေချာကြည့်ပြီး မသောက်တော့ဘူး။ ဟန်းကောကို ပြန်ချလိုက်တယ်။ အဲဒီဟန်းကောကို ကျွန်တော် ယူကြည့်လိုက်တော့ ယင်ကောင်က အငယ်လေး၊ မသေသေးဘူး၊ ကူးနေတယ်။ ထပျံဖို့ ကြိုးစားနေတာ။ ယင်ကောင်လေး လက်နဲ့ အသာဖယ်ပြီး အဝေးကို လက်နဲ့ တောက်လိုက်တယ်။ ပြီးတော့ ဟန်းကောထဲက ခေါင်ရည် ကျွန်တော်က ခွပ်ခနဲ ခွပ်ခနဲ ဆင့်ကျိုက်ချလိုက်တယ်။ ရင်းမှူးက ကျွန်တော့်ကိုကြည့်ပြီး ခေါင်းရမ်းနေရှာတယ်။

"ကျွန်တော့်ခေါင်ရည်က နှစ်ချို့ခေါင်ရည်၊ တန်ဖိုးသိပ်ရှိတာ၊ ကျွန်တော့်

မို့ ဒီခေါင်ရည်နဲ့ တည်ခင်းတာ၊ မယုံရင် ဗိုလ်မင်းခင်ယူလာတဲ့ ခေါင်ယူ မြည်းကြည့်လိုက်”

ဒီဆရာဝန် အတော်အပြောကြီးတဲ့ဆရာဝန်ပဲ၊ နေနှင့်ဦး၊ သင်းပြောတဲ့ အတိုင်း ဟုတ်ရင် ဟုတ်ပေါ့။ ဒီလိုစိတ်ထဲ တွေးမိထင်မိပါရဲ့။

“ဟေ့ ခုနက ခေါင်ရည်အိုး ဘယ်မလဲ ယူခဲ့စမ်း”တဲ့။

ကျွန်တော် စိတ်ကိုချုပ်တည်းပြီး ပြုံးရုံလေးပြုံးနေမိတယ်။ တကယ် တော့ အော်ကြီးဟစ်ကျယ် ရယ်ပစ်လိုက်ချင်တာ။ သူ့ဗိုလ်ကြီး မင်းခင်က ခါးမှာ ဗျောက်ချိတ်လာလို့ ပေးလိုက်တဲ့ ခေါင်ရည်က အလကားကောင်းပေါ့ မလား။ လွန်ခဲ့တဲ့ရက်တစ်ပတ်လောက်က နှစ်ပတ်လောက်ကတည်တဲ့ ခေါင် ရည်ဖြစ်တော့မှာပေါ့။

ရင်းမှူးပါးစပ်က ထုတ်ပြီး ဝန်မခံပေမဲ့ ကျွန်တော့်ကို မေးငေါ့ပြီး လက်မထောင်ပြတယ်။ ဆရာရဲ့ ခေါင်က ပိုကောင်းပါပေတယ်ဆိုတဲ့သဘော၊ သူ့ပါးစပ်ထဲက ခေါင်ကို တစ်ကျိုက်ကျိုက်တယ်။ နောက်တစ်ကျိုက်ကို ပါးစပ် ထဲငုံထားပြီး၊ ခဏနေတော့ ထွေးပစ်လိုက်တယ်။

တစ်အောင့်လောက် နားကြ၊ နေ့လယ်စာစားပြီးကြတော့ လဟယ်ထိ ခရီးဆက်ကြတယ်။ သူသိချင်တာ ကျွန်တော် ဘာလို့ လိုက်လာတာလဲ ဆိုတာပဲ။ ကျွန်တော် မခေါ်ပေမဲ့ ကျွန်တော့်အရင် ခွဲစိတ်ထားတဲ့လူနာတွေကို ပြန်ကြည့်ဖို့ ဝတ္တရားရှိတယ်။ ပြီးတော့ ဒီရဲဘော်တွေက ကျွန်တော့်ညီ ကျွန်တော့်တူတွေပါ။ ကျွန်တော်ပါရင် သူတို့ပျော်တယ်။ မမှားသင့်တာ မမှား ရအောင်။ ကျွန်တော် တားဆီးမယ်၊ သွန်သင်ရမယ်။ ဒီအပြောအဆိုကို သူ သိပ်ကြိုက်ပုံမပေါ်ဘူး။ သူ့မှာ နာဂစကားနားလည် တတ်ကျွမ်းတဲ့ ဗိုလ်ကြီး မင်းခင်ပါတယ်။ ဘာမှ မှုစရာမရှိဘူး။ ဒီလိုတွေးတယ် ထင်ပါရဲ့။

* * *

## ကျူရန်းရောက် ဆင်းဟတ်ဆင်းတစ်ယောက်

လဟယ်မှာ တစ်ညအိပ်ကြတယ်။ ဗိုလ်ကြီးမင်းခင် ခေါင်ရည်လည်း ရှာတယ်။ မရခဲ့ဘူး။ ကျွန်တော့်ကတော့ လည်းမရှာဘူး။ ကျွန်တော်တည်းတဲ့ အိမ်မှာ ခေါင်က အသင့်၊ မီးဖိုကလည်း အသင့်၊ ပွတ်ချွန်းသောက်ဦးမလား အသင့်။ ကျွန်တော့်စီးကရက် ကျွန်တော်သောက်တယ်။ မိတ်ဖြစ်ဆွေဖြစ်

သူတို့ဆီက ပွတ်ချွန်းယူသောက်တဲ့အခါ သောက်တယ်။ ကျွန်တော့်စီးကရက်ကုန်တဲ့အခါ ခံတွင်းချဉ်လွန်းလို့ မနေနိုင်တဲ့အခါ ပွတ်ချွန်းတစ်လိပ်လောက်ကောက်ဖွာတဲ့အခါ ဖွာတယ်။ ကျွန်တော့်စီးကရက် များများစားစားပါရင် သူတို့ကိုစီးကရက်တိုက်တဲ့အခါ တိုက်တယ်။

မနက် ခရီးစကြတော့ ရင်မှူး ငွေဆန်းက

"ဆရာ ညက ကောင်းကောင်းအိပ်ရရဲ့လား"လို့ မေးတယ်။

"အိပ်ရပါတယ် ခေါင်တန်ခိုးနဲ့ လင်းတစ်ရေးပဲ ဗိုလ်မှူး"

"ကျွန်တော်ဖြင့် ဗိုလ်ကြီးမင်းခင်နေရာချတဲ့ထဲမှာ အိပ်ရတာ ဘာကောင်လေးတွေမှန်းမသိဘူး။ တော်ကြာ ကိုက်ပြန်ပြီ၊ ခဏနေ ကိုက်ပြန်ပြီ၊ ခရီးပန်းလာတာ၊ အိပ်ကောင်းခြင်း မအိပ်ခဲ့ရပါဘူး"

"အဲဒါ သန်းကြီးမနဲ့ လှေးတွေဖြစ်မှာပေါ့"

စိတ်ထဲမှာတော့ ငါ့လူ၊ လူယုံသတ်တာခံလိုက်ရပြီလို့ အောက်မေ့ တယ်။ လဟယ်မှာ ဘယ်နေရာအိပ်ရမယ်ဆိုတာ ဗိုလ်ကြီးမင်းခင် မသိရှာ့ သလား။

လဟယ်က ထွက်တော့မယ့်မနက်မှာ ကျွန်တော့်ဆီလာပြီး တိုင်ပင် တယ်။ ဒီနေ့ ဘယ်ခရီးဆက်မလဲ၊ ဘယ်ဘက်ကို ခရီးဆက်ရရင် ကောင်းမလဲ။ ကျွန်တော်အံ့ဩတယ် ဝမ်းလည်းသာတယ်။ အံ့ဩတာက ရင်းမှူး ဘယ်ကို ဘာရည်ရွယ်ချက်နဲ့ ထွက်လာသလဲ ကျွန်တော်မသိရဘဲနဲ့ ကျွန်တော့်ကို လာတိုင်ပင်တာအံ့ဩတာ။ ဝမ်းသာတာက သူ့မှာ ဗိုလ်ကြီးမင်းခင်ပါ ပါလျက်နဲ့ ကျွန်တော့်ရဲ့သဘောမေးတာ။ ဒီတော့မှ သူ့ကိုဖွင့်မေးရတယ်။ ရင်းမှူးက ဘာရည်ရွယ်ချက်နဲ့အခုလို စစ်ကြောင်းချီလာရသလဲ၊ ရန်သူကို ချေမှုန်းဖို့ မဟုတ်ဘူး မဟုတ်လား။ သူက ရန်သူကို ချေမှုန်းတိုက်ခိုက်ဖို့ မဟုတ်ဘူး။ နယ်မြေဒေသအခြေနေ သိချင်လို့ထွက်လာတာတဲ့။ ကောင်းပြီ ဒါဆိုရင် ရောက်ခဲတဲ့ဒေသ၊ မဖွံ့ဖြိုးသေးတဲ့ ဒေသဘက်၊ အရောက်အပေါက်နည်းတဲ့ ဒေသဘက်သွားကြရင် ဘယ်လိုလဲလို့ မေးတော့ သူ စိတ်ဝင်စားတယ်။ သွားတာပေါ့တဲ့။

ဒါနဲ့ ယဉ်ကျေးမှုရော၊ စားဝတ်နေရေးရော ခက်ခဲမဖွံ့ဖြိုးသေးတဲ့ ကျူရန်းတို့ ရန်ကျုံးတို့ဆိုတဲ့ ရွာတွေဘက် ထွက်ခဲ့ကြတယ်။ အဲဒီနယ်တွေဘက်က ကျွန်တော်ရှိစဉ်က ခေါင်းဖြတ်ယဇ်ယူဇော်တာ တွင်တွင်လုပ်ကြတုန်း။ အဝတ်အစားကပ်တာ မဟုတ်ဘူး။ တချို့ငေါက်တောက်နဲ့ တန်းလန်း။ သူတို့ခေါင်းဆောင်၊ သူတို့နတ်ဆရာရဲ့ သူတို့သူကြီးရဲ့ စကားတစ်ခွန်းပဲ နားထောင်ကြသူတွေနေတဲ့အရပ်။ ဓားထက်တဲ့အရပ်။

ဗိုလ်ကြီးမင်းခင်က အဲဒီအရပ် မသွားဖို့ ကန့်ကွက်တယ်။ သူ အဲဒီဘက်

နယ်တွေ မကျွမ်းကျင်ဘူး။ အဲဒီဘက်က စကားတွေ သူ သိပ်နားမလည်ဘူး။ ပြီးတော့ ခားထက်တဲ့အရပ်မို့ မသွားရင်ကောင်းမယ်တဲ့။ ရင်းမှူးကတော့ အရောက်အပေါက်နည်းတဲ့အရပ်မို့ သွားချင်တယ်။ သွားချင်ရင်တော့ ကျွန်တော့် စကားတော့ နားထောင်ကြပါလို့ ကြိုပြောထားလိုက်တယ်။ ဘာပဲလုပ်ချင်ပါစေ ကျွန်တော့်ကို ပြောပါဆိုတော့ ဗိုလ်ကြီးမင်းခင်က သိပ်သဘောမတွေ့လှဘူး။ သူ့ပါးစပ်က သိပ်လည်း မကြီးကျယ်ပါနဲ့ဗျာဆိုတဲ့စကား မပြောပေမဲ့ သူ့မျက်လုံး တွေကတစ်ဆင့် ကြားယောင်တယ်။

ကျူရန်းနဲ့ ရန်ကျူန်းဆိုတဲ့ရွာတွေက တောင်ထွတ်ရောက်ခါနီးမှာ ကျူရန်း ရှိပြီး ရန်ကျူန်းကတော့ တောင်ထွတ်မှာ တည်ထားတာ။ တောင်က သိပ် အမြင့်ကြီးတော့ မဟုတ်ဘူး။ ဘေးမှာ သူ့ထက်မြင့်တဲ့တောင်တွေ ဝန်းရံနေ တယ်။ နေရောင်ရှားတယ်။ ဒါပေမဲ့ အေးတဲ့အရသာခံစားနိုင်တဲ့ အရပ်။

ခရီးစကြတော့ ကျွန်တော် ပွိုင့်က သွားတယ်။ ကျွန်တော်ပဲ လမ်းသိ တာကိုး။ လိုက်လာတဲ့သူအားလုံးကို ဒီနေ့တော့ ငါရင်းမှူးပဲကွ၊ မင်းတို့ ငါ့ အမိန့် ငါ့စကား နားထောင်ရမယ်။ အခုသွားမယ့်အရပ်က ဟင်းဟင်း . . . ဆိုပြီး လည်ပင်းခားနဲ့ လှီးတဲ့ပုံစံ လုပ်ပြလိုက်တယ်။ ရင်းမှူးလည်း ဒီစကား ကြားတယ်။ ဒါပေမဲ့ ဟုတ်တယ် နားထောင်ကြ၊ ဆရာပြောတာ အမှန်၊ ဒီလိုတော့ မပြောဘူး။ ပွိုင့်က ရဲဘော်တွေလည်း အေးအေးဆေးဆေးပဲ ဇော်ဂျီက ကပြီးသွားကြတယ်။

ကျူရန်းရွာရောက်တော့ သူတို့ အိမ်တံခါးတွေပိတ်ပြီး အိမ်ထဲကနေ ချောင်းကြည့်နေကြတယ်။ ခွေးဟောင်သံပဲ ကြားရတယ်။ ကျွန်တော်တို့ ရွာလယ်မှာ ငြိမ်ငြိမ်သက်သက်ပဲ ထိုင်နေကြတယ်။ ကင်းလည်း မချဘူး၊ ကင်းပုန်းလည်း မဝပ်ဘူး။ မီးကလေးဖိုပြီး ထမင်းအိုးတည်သူတည်။ ရေဆင်း ခပ်သူခပ်။ ကျွန်တော်က ရေဒီယိုကို ဖွင့်တယ်။ ဘယ်အသံလွှင့်ဌာနကမှန်း မသိ၊ ဘာသီချင်းမှန်းမသိတာတစ်လိုင်း၊ မိတဲ့လိုင်းတစ်လိုင်းဖွင့်ပြီး ဟန်ပါပါ စည်းချက်လိုက်နေတယ်။ လက်တစ်ဖက် စည်းချက်လိုက်ပြီး လက်တစ်ဖက် က စီးကရက်ဖွာနေလိုက်တယ်။ ရေဒီယိုတော့ အသံကျယ်အကျယ်ဆုံးဖွင့် ထားတာ။ ရင်းမှူးက ကျွန်တော် ဘာလုပ်နေတယ်ဆိုတာ သိတယ်။ သူလည်း ကျူရန်းရွာနဲ့ အသားကျအောင် စိတ်ရှည်လက်ရှည်စောင့်နေတယ်။ အေးအေး လူလူပဲ။

ဗိုလ်ကြီးမင်းခင်က ဝါယာလက်တိုင်ထောင်ရအောင် ဝါးလုံးရှည်ရှည် တစ်ချောင်း ရဲဘော်နှစ်ယောက်ကို ခုတ်ချေလို့ ခိုင်းလို့ ကပျာကယာ တားရ

သေးတယ်။ နို . . . နိုး . . . မလုပ်ကြနဲ့။ သွားမခုတ်ကြနဲ့။ ပြဿနာရှိနိုင်တယ်။ သူတို့ သူများပစ္စည်း အလကားမယူသလို၊ သူတို့ပစ္စည်းလည်း ဝါးတစ်ပင်မှ ပေးမှာမဟုတ်ဘူး။ ခဏစောင့် ငါတောင်းပေးမယ်။ ကျွန်တော်တားတာကို ဗိုလ်ကြီးမင်းခင်က သိပ်သဘောမကျဘူး။ သူက ပြည်စောင့်ရဲတပ်ဖွဲ့က ကူးပြောင်းလာတဲ့သူ။ ခပ်ရမ်းရမ်းလုပ်ချင်တဲ့ ဝါသနာရှိတယ်။ သေနတ်ပါတာပဲကွာ၊ ဝါးတစ်လုံး ဘယ်သူ့အခွင့်တောင်းနေရမှာတုန်းဆိုတဲ့ စရိုက်မျိုး သူ့မှာရှိတယ်။

ရွာထဲ နည်းနည်းလျှောက်ကြည့်တယ်။ သူကြီးအိမ် ဘယ်အိမ်ဖြစ်မလဲ။ ကျွန်တော့်အတွေ့အကြုံအရ သူကြီးအိမ်ကို ခန့်မှန်းတတ်တယ်။ ဘယ်လိုခန့်မှန်းတတ်သလဲ မေးရင်တော့ အတွေ့အကြုံအရ၊ ဗီဇစိတ်ကိုက သိတယ်လို့ ပြောရမှာပဲ။

သူကြီးအိမ်ကို တက်သွားတယ်။ ရဲဘော်တစ်ယောက်က သေနတ် ယူပြီး လိုက်မယ်လုပ်လို့ နေခဲ့ဖို့ တားမြစ်ရတယ်။ ကျွန်တော် လှေကားအတိုင်း တက်သွားပြီး အသံပြုမယ်အလုပ်မှာ လုံ့ဖျားတစ်ခု တံခါးကြားကနေ သုံးလေးလက်မလောက် ထွက်လာတယ်။ ကျွန်တော့်လက်ထဲမှာ သံစုံမြည်နေတဲ့ ရေဒီယိုတစ်လုံးပဲပါတယ်။ နောက်မှာ ဓားလွယ်ကိုင်ထားသူ ဘယ်နှယောက်ရှိမယ်မသိ။ တပ်က ရဲဘော်တွေရော၊ ဒီပြင်အိမ်တံခါးကြားက လူတွေရော ကျွန်တော့်ကို ရုပ်ရှင်ဇာတ်ကားထဲက ဇာတ်ဝင်ခန်းတစ်ခန်းလို ကြည့်နေကြမှာပဲ။

ကျွန်တော် တတ်တဲ့ နာဂစကားနဲ့ သူတို့ကို မိတ်ဖွဲ့ရမှာလေ။ သူတို့ ကျွန်တော့်ရဲ့ မပီကလာ ပီကလာစကားကို နားလည်ရင် မိတ်ဆွေဖြစ်ကြရမှာ။ နားမလည်ရင်တော့ ရွာလယ်မှာ ဖြစ်သလို အိပ်၊ ဖြစ်သလို စားကြရမှာ။

"နစာ ဖူဆေး လုံးဂီ ဆင်ဂလိန်ခန္တီး"

ဂူး . . . ဟေ . . . ဂူး . . . ဟေး . . . ဟေး အော်သံတွေ ရုတ်တရက်ထွက်လာတယ်။ တံခါးလည်း ချက်ချင်းဖွင့်ပေးတယ်။ သူကြီးအိမ်က တံခါးလည်း ဖွင့်ရော၊ ဒီပြင်အိမ်တွေကလည်း တံခါးတွေဖွင့်ကြပြီး လူတွေ ထွက်လာတယ်။ ရွာလည်း ပြန်အသက်ဝင်လာတယ်။

"ဆင်ဂလိန်းခန္တီးကလာတဲ့ ဆရာဝန်ပါ၊ ဆေးဆရာပါ"။ ဒီအဓိပ္ပာယ်ကို သူတို့ နားလည်လို့ တော်သေးတယ်။ သူကြီးကို ခွင့်တောင်းပြီး ဝါးပင်တစ်ပင်တောင်းတော့ ရှောရှောရှူရှူပဲ ခွင့်ပြုတယ်။ ရဲဘော်တွေတောင် အားစိုက်လိုက် ခုတ်စရာမလိုဘူး။ နာဂတစ်ယောက်လိုက်ပြီး ခုတ်ပေးတယ်။ ရဲဘော်

တွေ လိုချင်တဲ့ ဝါးပင်မြင့်မြင့်တစ်ချောင်းကို လက်ညှိုးထိုးတော့ နာဂက ခုတ်လိုက်တာ ဓားက ထက်တယ် မထက်တယ် နှစ်ချက်နဲ့ ထွားစိုင်လောက် ဝါးစိမ်းက ပြတ်ကရော။ လည်ပင်းယားမယ်ဆိုရင်လည်း ယားလောက်တဲ့ ခုတ်ချက်လေ။

ကျုံရန်းမှာ ကျွန်တော် နာဂအမျိုးသမီးလည်ပင်းကြီးရောဂါကို ခွဲတယ်။ လူတွေက ဝိုင်းအုံကြည့်ကြတယ်။ ရဲဘော်တွေလည်း ဝိုင်းကြည့်ကြတယ်။ အောင်မြင်တယ်။ ဒုတိယနေ့မှာ အမျိုးသားတစ်ယောက်ကို ခွဲတော့လည်း အောင်မြင်တယ်။ အဲဒီအခါ ရင်းမှူးဆီက အသံကျယ်ကြီးထွက်လာတယ်။

"ဟော့ကောင်တွေ၊ မင်းတို့ ဖိနပ်ကြည့်စမ်း၊ ဘယ်သူ့ချေးတွေ နင်းလာသလဲ"

ရဲဘော်တွေ အကြပ်တွေလည်း သူတို့ခြေထောက်သူတို့ ငုံ့ကြည့်ကြတာပေါ့။

"မနင်းခဲ့ဘူး ရင်းမှူး"ချည်း ဖြေကြတာ။

"နင်းတယ်ကွ၊ ငါ့လခွေး နံတယ်၊ ဘယ်သူ့ဘောင်းဘီထဲ ချေးထွက်ကျသလဲ"

သူအော်နေတဲ့အချိန်မှာ နာဂတွေက အချိန်လေးငါးဆယ်လောက်ရှိတဲ့ ဝက်တစ်ကောင် ဆွဲချလာတာ။ အဲဒီဝက်ရဲ့ တစ်ကိုယ်လုံးမှာ ချေးတွေ၊ လူချေးတွေချည်းပဲ။ အဲဒီဝက်ကို ရင်းမှူးနားက ဖြတ်ဆွဲပြီး ကျွန်တော့်ကို လာဆက်တာ။ ကျွန်တော်ဟာ နာဂ နတ်ဆရာတဲ့၊ ရင်းမှူးတော်တော်ကို နှလုံးနောက်သွားတယ်။ သူကြီးနဲ့ ကျုံရန်းက နတ်ဆရာက လေးလေးစားစား လာဆက်တာ။

ကျွန်တော်ကလည်း ရဲဘော်တစ်ယောက်နဲ့ အကြပ်တစ်ယောက်ကို သွားကွာ တောင်ခြေက ချောင်းထဲသွားပြီး ဒီဝက်ကို ရေချိုးပေးလိုက်၊ ပြီးရင် ညနေကျ ပေါ်မယ်လို့ ပြောလိုက်တယ်။ ရဲဘော်တွေလည်း ဝက်ကို ရေသွားချိုးလိုက်ကြတာ၊ အတော်ကြာမှ ပြန်တက်လာကြတော့တယ်။ ချောင်းက အောက်အနက်ကြီးအထိ ဆင်းရလို့ ဝေးလို့မဟုတ်ဘူး။ သူတို့ရင်းမှူး အသန့်အပြန့်ကြိုက်မှန်းသိလို့ စင်နေပြောင်နေအောင် ရေချိုးပေးကြရတာ။ ပြန်လာတော့ ဘာစော်မှ မနံတော့ဘူး။

ရင်းမှူးက ညနေလေးနာရီလောက်မှာ အရပ်ဝတ် ဝတ်ပြီး ကျွန်တော့်ဆီ ရောက်လာတယ်။ ကျွန်တော်က လူနာတစ်ဦး တခြားရွာက လာမယ်ဆိုလို့ စောင့်နေတာ။ ရေဒီယိုကို အဖော်ပြုရင်းပေါ့။ ရေဒီယို လာနားထောင်နေကြတဲ့ နာဂကလေးတွေလည်း ကြေးရုစ်သစ်နဲ့ အနားမှာ ရှိတယ်။

"ဆရာ လူနာကြည့်ပြီးရင် ရွာထဲနဲ့ ရွာပြင် နည်းနည်းလျှောက်ကြည့်ရအောင်"

"ကောင်းပြီလေ၊ ပြောရင်းဆိုရင်း ဟိုမှာ လာနေပါပြီ"

မုတ္တကျနေတာ မိုးလေဝသမှန်တဲ့အရပ်က အရွယ်ရင့်ထန်းသီးလုံးကြီးလောက်ရှိတယ်။ ဘာမှ ဝတ်မထားတော့ လူနာမှန်း အဝေးကပင် သိနိုင်တယ်ဆိုရမှာပဲ။ သူ့အသက်မေးတော့ မဖြေတတ်ဘူး။ အလုပ်အကိုင်ကတော့ မုဆိုးတဲ့။ ဘာနဲ့လိုက်တာလဲ ဒူးလေးလား၊ မြားလားဆိုတော့ မဟုတ်ဘူး၊ လှံနဲ့ဓားနဲ့ သုံးသတဲ့။ ဘာကောင်တွေ ရဖူးလဲဆိုတော့ ဝက်ဝံရဖူးတယ်၊ စိုင်ရဖူးတယ်။ တောဝက်ရဖူးသတဲ့။ လေးတွေ မြားတွေ မသုံးဘဲ လှံနဲ့ ဓားပဲ သုံးတဲ့မုဆိုးဆိုတာ တော်ရုံသတ္တိကောင်းသူမဟုတ်ဘူး။ စကားပြန်ကနေတစ်ဆင့်သူ့ပစ္စည်းကို ကျွန်တော့်ပစ္စည်းလို ပြန်ဖြစ်ချင်တယ်လို့ ပြောတာ၊ လက်ညှိုးကသူ့ထန်းသီးကြီး ထိုးပြလိုက် ကျွန်တော့် ပေါင်ခြံထိုးပြလိုက်၊ ရယ်လို့ မောလို့။ သွားတွေကလည်း မည်းလို့။ ဆံပင်ကလည်း ကျပ်ခဲ အထွေးလိုက်ကြီး။

ကျွန်တော် သေသေချာချာကိုင်တွယ်စမ်းသပ်ပြီး မနက်ဖြန်ခွဲပေးမယ်။ ဒီည ရွာမှာပဲ အိပ်လို့ ပြောတော့ ဒီရွာမှာ သူ့အမျိုးတွေ အများကြီးပဲတဲ့။

ရင်းမှူးနဲ့ နှစ်ယောက်သား စကားတပြောပြောနဲ့ လာကြတာ၊ တဖြည်းဖြည်း မစင်နံ့က သင်းရာက ပြင်းလာတယ်။ ရင်းမှူးက ပြန်လှည့်ပြီး ဒိပြင်ဘက် လျှောက်ကြရအောင်ဗျာလို့ ပြောလို့ ကျွန်တော်က ခဏလေးပါ ဆက်လျှောက်ရအောင် ခဏနေ ပြန်မယ်လို့ ပြောပြီး ဆက်လျှောက်ခဲ့တော့ ဝက်တွေဂရန်း ဂရန့်နဲ့ အော်သံကြားတယ်။ တစ်ကောင်တည်း နှစ်ကောင်တည်းရဲ့အသံမဟုတ်ဘူး။ လေးငါးကောင်ရဲ့အသံ၊ ဒီတော့မှ ကျွန်တော် ဆက်စပ်မိတယ်။

ကျွန်တော်ကြားဖူးထားတဲ့အတိုင်းပဲ ရှေ့မှာ ကျေးရွာရဲ့ စုပေါင်းဘုံအိမ်သာနဲ့ ပက်ပင်းတိုးပါလေရော။ အိမ်ကြီးကြီးတစ်လုံးစာလောက်ရှိပြီး အနက်က လူတစ်ရပ်လောက်ရှိတဲ့ကျင်းကြီးတစ်ကျင်း။ ကျင်းကြီးကို ဝါးလုံးတွေက ဖဲထီးကိုင်းများဖွင့်ထားသလို လှည်ဘီးလို ယက်ရှယ်ပြီးထားတယ်၊ အောက်မှာ ဝါးတွေကို စိုက်ချရအောင် ခိုင်ခန့်အောင် ထောက်တွေ ထောက်ထားတယ်။ ကျင်းထဲမှာ ဝက်တွေ ရှစ်ကောင် ကိုးကောင်ရှိတယ်။ အရွယ်စုံပဲ။ ဒီဝက်တွေက ရွာက ပိုင်တဲ့ဝက်။ ဒီထဲမှာပဲနေကြ စားကြ၊ သားပေါက်ကြ။ ရွာသူရွာသား ယိုသမျှ စားကြတာ၊ တချို့လည်း ကျောတွေ၊ တင်ပါးတွေ၊ ခေါင်းတွေမှာ ချေးတွေပေလို့ ပွလို့။

ကျွန်တော့်ကို နတ်လာဆက်တဲ့ဝက်က ဒီအထဲကတစ်ကောင်ပဲဖြစ်မယ်။ စုပေါင်းဘုံရေအိမ်နဲ့ စုပေါင်းဆုံမွေးမြူရေးစခန်းပေါ့။ စွန့်ပစ်ပစ္စည်းကို အလေအလွင့်မရှိအောင် ရီဆာကယ်ပြန်လုပ်ပြီး အသုံးချတော်တယ်လို့ပဲ ချီးကျူးရမလား မသိဘူး။ သူ့အရပ်နဲ့ သူဓာတ်ကတော့ ဟုတ်နေပြီ။ ဝက်တွေကြိုက်တဲ့ ခြုံတွေ၊ အရွက်တွေခုတ်ပြီး ချကျွေးထားတာလည်း တွေ့ရတယ်။ ဝက်တွေက ပိန်ပိန်ညှောင်ညှောင် သိပ်မတွေ့ရဘူး။ ဧီးရှိတဲ့ ဝက်မကြီးကနှစ်ကောင်၊ ခိမ်နဲ့ မှိန်းနေကြတယ်။ နှာခေါင်းလက်ကိုင်ပဝါနဲ့ အုပ်ထားတဲ့ ရင်းမှူးရယ် ကျွန်တော်ရယ်၊ ကျင်းနှုတ်ခမ်းရပ်လိုက်တော့ ဝက်တွေက သူတို့ အစာလာကျွေးတယ်မှတ်လို့ သံစုံမြည်ကြွေးကြတယ်။

အဲဒီညက ချက်တဲ့ ဝက်သားကို ရင်းမှူး မသုံးဆောင်ဘူး။ အချိန်လေးငါးဆယ် ပိဿာအကောင်ဆိုတော့ ချက်သင့်သလောက်ချက်၊ ကြော်သင့်သလောက်ကြော်၊ ပြုတ်ကြော်လုပ်ပြီးနောက်နေ့ အသီးအရွက်နဲ့ရောနှောချက်ရအောင် စီစဉ်ရတယ်။ ရွာသူကြီးမိသားစု၊ ရွာနတ်ဆရာမိသားစုနဲ့ ခွဲစိတ်ထားတဲ့လူနာတွေလည်း မျှဝေကျွေးလိုက်တယ်။

နောက်တစ်နေ့မနက်ကျတော့ ထန်းသီးလုံးကြီးကို ဩဇာသီးဖြစ်အောင် ခွဲစိတ်တာလည်း အောင်မြင်တယ်။ အတော် ကြေးခိုင်တဲ့ပုဂ္ဂိုလ်၊ ခွဲစိတ်ပြီး လမ်းလျှောက်ပြန်သွားတာ၊ ကူရ တွဲရတာမျိုး မရှိဘူး။ လေချွန်စရာ သီချင်းရှာမရလို့နေမှာ။ သီချင်းသာ ရှာရရင် "အောင်ပါစေလို" သီချင်းမျိုး၊ "လူချွန်လူကောင်းလို" သီချင်းမျိုး လေချွန်ပြီး ပြန်မလားမသိဘူး။ ရင်းမှူးခမျာ အံ့ဩလို့ မျက်စိတစ်ဆုံး လိုက်ကြည့်နေတယ်။

ဒု ဗိုလ်မှူးကြီးငွေဆန်းက အဲဒီညစာကပဲ ဝက်သားမစားတာ မဟုတ်ဘူး။ တောင်ပေါ်မှာဆိုရင် ဘယ်တော့မှ ဝက်သားမစားတော့တာ။ ဆင်းဟတ်တက္ကသိုလ်က ဆင်းလာတဲ့သူဆိုတော့လည်း ဒီလိုမစား မပြုံ၊ ရှိချင်ရှိမှာပေါ့။ သူ့ကို လေရှီးနယ်ဘက် ခေါ်သွားရင် သူ ဘာပြောမယ်မသိဘူး။ အဲဒီနယ်ဘက်မှာတော့ ဝက်ပေါ်ပြီးပြီဆိုရင် အတွင်းကလီစာတွေထုတ်ပြီး ထက်ခြမ်းခြမ်းပစ်လိုက်တယ်။ ပြီးရင် အခြမ်းလိုက်ကင်တယ်။ ကင်လို့ ကျက်ပြီဆို တော့မှ စားကြရတာ။ လက်နဲ့ ဖဲ့ရွဲ့စားကြတာ။ တူနဲ့ ညှပ်ပြီးစားကြတာ၊ ဓားနဲ့လှီး၊ ဇွန်းနဲ့ ခက်ရင်းနဲ့ တွယ်တာ၊ အဲဒီလို မအောက်မေ့နဲ့။ မီးသတ် ထားတဲ့ ဖိုကြီးပေါ်ဝါးညှပ်တွေကြားက ဝက်သားကို လက်နဲ့ မကိုင်ဘဲ ပါးစပ် နဲ့တိုက်ပြီး ဆွဲလွဲစားကြတာ။ ရင်းမှူး အဲဒီလိုများကြုံတွေ့ရင် ဘယ်လိုစား မလဲမသိဘူး။

ငံပြာရည်၊ ချင်း၊ ကြက်သွန်ဖြူနီမပါဘဲ အသားစိမ်းကို ကင်စားကြ

ဝက်ကထွက်တဲ့အဆီနဲ့ ကျက်ကြရတာ။ ကျွန်တော်က နာဂတွေနဲ့ တာ။ တစ်သားတည်းကျချင်တဲ့လူဆိုတော့ သူတို့ ပါးစပ်နဲ့ ကိုက်ဆွဲစားရင်၊ ကျွန်တော် လည်း သူတို့လို ကိုက်ဆွဲစားတယ်လေ။ ပါးတွေ နှာခေါင်းတွေ ပေရေအောင် ကို စားပစ်လိုက်တာ။ ပျော်စရာလည်း ကောင်းတယ်။

* * *

## မာရသွန်

လေရှီးဘက်စစ်ကြောင်းထွက်တဲ့အခါ ဒုဗိုလ်မှူးကြီးက ကျွန်တော့်ကို ခေါ်တယ်။ ကျွန်တော်သွားနေကျနေရာတွေ။ ဒါပေမဲ့ သိန်းလှိုင်ဆိုတဲ့လူကလည်း အဖော်ကောင်းကျောက်မြောင်းတစ်ခေါက်ဆိုတဲ့ လူမျိုး။ လူနာတွေက ဆေးရုံကို မလာနိုင်ကြချိန်မှာ ဆရာဝန်က လူနာဆီသွားရမယ်လို့ ခံယူထားသူဟုတ်လား။ ကျောပိုးအိတ်တစ်လုံးနဲ့ လိုက်သွားတာပေါ့။ လူနာတွေ့ရင်ခွဲ မတွေ့ရင် ရဲဘော်တွေနဲ့ စကားပြော၊ ဒီလိုနဲ့ ခရီးဆက်ခဲ့ကြတယ်။

"တစ်နေ့ကျတော့ ဗိုလ်မှူးငွေဆန်းက စကားတွေ ထူးထူးခြားခြားပြော တယ်"

"ဆရာတစ်နေ့ကို ဘယ်နှမိုင်လောက် လမ်းလျှောက်နိုင်သလဲ"

သူ ဘာလို့ ဒီမေးခွန်းမေးသလဲ။ တစ်ခါတုန်းက ကျွန်တော် သူတို့နောက်မှ ထွက်လာပြီး ရှေ့က အရင်ရောက်နေတာကို မယုံမကြည်ဖြစ်လို့ မေးလေ သလား။

"မိုင် သုံးဆယ်လောက်တော့ လျှောက်နိုင်မှာပါ"

ကျွန်တော် မယုတ်မလွန်ဖြေလိုက်တာပါ။ ဒါကို သူက သိပ်ကျေလည်ပုံ မရတဲ့လေသံနဲ့ ထပ်မေးတယ်။

"ဖြစ်နိုင်ပါ့မလားဆရာရယ်"

သူ့လေသံကို ကျွန်တော် သိပ်မကြိုက်ဘူး။ ကြွားလုံးမထုတ်စမ်းပါနဲ့ဗျာ ဆိုတဲ့သဘောဆောင်တယ်။

"ဘာလို့ မဖြစ်နိုင်ရမလဲ"

စိတ်ကို ထိန်းချုပ်၊ မျက်နှာက ဟန်လုပ်ပြီး ပြန်ဖြေလိုက်တာ

"ရှင်းပြပါဦးဆရာ" လို့ လုပ်ကရော။

"လူတစ်ယောက်ရဲ့ခြေလှမ်းက ပုံမှန်သွားရင် တစ်နာရီ လေးမိုင်လျှောက်

နိုင်တယ်"

"ဟုတ်ပါတယ်"

"ခြောက်နာရီလျှောက်ရင် နှစ်ဆယ့်လေးမိုင် မပေါက်ဘူးလား"

သူ ခေါင်းညိတ်တယ်။

"ကျွန်တော်ကတော့ တစ်နာရီကို ခြောက်မိုင်နှုန်းလျှောက်နိုင်တဲ့သူဆိုတော့ ခြောက်နာရီလျှောက်ရင် သုံးဆယ့်ခြောက်မိုင်ပေါက်တာပေါ့"

ဗိုလ်မှူးကြီး ရယ်ကျဲကျဲလုပ်နေတယ်။ ကျွန်တော် သိတာပေါ့။ ကျွန်တော့်ကို အပြောကြီးတဲ့လူတစ်ယောက်လို့ ပါးစပ်က ထုတ်မပြောရုံပါပဲ။ စောထွက်ရအောင် ရဲဘော်တွေကို ကြိုပြောထားတဲ့။ ကျွန်တော်သိတယ်။ မနက်ဖြန်ကျရင် ကျွန်တော် ခြေလှမ်းသွက်သွက်လှမ်းရတော့မယ်။ ဒါနဲ့ ကျွန်တော်နဲ့ ခင်တဲ့ ရဲဘော်လေးတွေကို အကျိုးနဲ့အကြောင်းနဲ့ ကြိုပြောထားရတယ်။

ဟာန်းကောထဲမှာ ထမင်းချက်ထား၊ မနက်ဖြန် ခရီးကပြင်းမယ်။ မင်းတို့ အားရှိအောင် အိပ်ထားကြ။ သူတို့မနက် သုံးနာရီမှာ ထမင်းအိုးတည်ကြတယ်။ လေးနာရီခွဲတော့ အဆင်သင့်ဖြစ်ပြီ။

ကျွန်တော် ရဲဘော်တွေနဲ့အတူ ရှေ့ဆုံးပွိုင့်ထွက်ခဲ့တယ်။ ကျွန်တော် ရေဘူးထဲမှာ ခေါင်ရည်ထည့်လာတယ်။ သက်လုံကောင်းအောင်။ ရှေ့က လျှောက်ရင်း လျှောက်ရင်းနဲ့အတူ ပွိုင့်ကပါတဲ့ ရဲဘော်တွေကို ပြောထားရ တယ်။ ထမင်းဆာရင် ဟာန်းကော ဖွင့်ပြီးစား၊ လမ်းသွားရင်း ချိုတက်ရင်း စားမယ်၊ ရပ်ပြီးမစား ရဘူး။ တချို့ရဲဘော်တွေက ဟာဆရာကြီးက မဟုတ် တာဘဲ၊ ထမင်းလေးတော့ ရပ်စားပါရစေ။ နိုး၊ ရပ်မစားရဘူး။ ငါ အမိန့်ပေး တယ်ကွာ။ နာဂတွေလို လျှောက်ကြစမ်းပါ။ နာဂတွေက ဒီလိုပဲ လမ်းသွားရင်း စားကြတာ၊ လာပါ၊ ခပ်သွက်သွက်လေး။

ကျွန်တော်နာရီကြည့်ထားတာ၊ ခြောက်မိုင်ပေါက်တာပေါ့။ အကြပ်တွေက ရင်းမှူးကို ပြောကြတယ်ထင်ပါရဲ့။ ရင်းမှူးက ဆရာရေ ထမင်းစားကြဦးစို့တဲ့။ နားတာပေါ့။ ရှေ့မှာ ပြန့်ပြန့်ပြူးပြူး နေရာရှိပါတယ်။ အဲဒီကျမှ နားကြတာပေါ့။ ကျွန်တော် ခြေတွေသိပ်သွက်နေတယ်။ ပြန့်ပြူးတဲ့နေရာမှာ အချိန် ဆယ်မိနစ်ပေးမယ်လို့ပြောပြီး အစားခိုင်းတယ်။ နာရီကြည့်ထားတာ ဆယ်မိနစ် ဧဧ့တော့ ခရီးဆက်တော့တာပဲ။

ကျွန်တော် ထမင်းမစားဘူး။ ခေါင်သောက်ပြီးသွားတယ်။ ပါးစပ်ထဲမှာ ချိုချဉ်ငုံပြီး လျှောက်လာတာ။ ဗိုက်ထဲမှာ အစာများရင် လမ်းလျှောက်လို့ မရဘူး။ ကျွန်တော်က ကျွန်တော့်မိတ်ဆွေနာဂတွေရဲ့ထုံး နှလုံးမူပြီး လျှောက် နေတာ။

သူတို့က ပြေးဟယ်၊ လွှားဟယ်၊ အရှိန်လျှော့ဟယ်၊ တိုးဟယ် မလုပ်ဘူး။ ပုံမှန်ခြေလှမ်းနဲ့သွားတာ။ ရှေ့က သွားသူရဲ့ဖနောင့်နား နင်းလုမတတ် ခြေလှမ်းမှန်မှန်နဲ့ သွားကြတာ။

တောင်အတက်တွေဆိုရင် ပါးစပ်က ဟေး... ဟာ... ဟေး... ဟာ ဒီလို ညာသံပေးပြီး ကြိတ်ရုန်းတော့တာ။ သွားတုန်းမှာ ပါးစပ်က စကားတွေတဖောင်ဖောင် ပြောမနေကြဘူး။ လားတွေဆီက အတုယူတယ်လို့ မှတ်သားဖူးတာပဲ။ သူတို့ပါးစပ်က ဟေး... ဟာ... ဟေး... ဟာ ဆိုတာ အစီအစဉ်မရှိဘဲ လေကို ဟေးမှာတစ်ပြိုင်နက်ရှုသွင်းပြီး ဟာဆိုရာမှာမှ ရှုသွင်းထားတဲ့လေတွေကို အကုန် ထုတ်ပစ်လိုက်တာ။ အဆုတ်ထဲလေတွေ ပုံမှန်ဝင်နေတော့တာလေ။ ဒီတော့ အောက်ဆီဂျင်ပြည့်ပြည့်ဝဝရပြီး အမောသက်သာတယ်။

ကျွန်တော် သိပ်ချွေးထုတ်ရင် ဆားခဲလေးမျိုတယ်။ ပြီးရင် နာဂထုံးနှလုံး မှုပြီး ပုံမှန်ခြေလှမ်းနဲ့ ခပ်သွက်သွက် လှမ်းတော့တာပဲ။ နာရီကြည့်ထားတာ ခြောက်နာရီကျတော့ မှန်းထားတဲ့ မိုင်သုံးဆယ်ကျော်တာပေါ့။ စခန်းချကြမယ့် နေရာရောက်တော့ ဗိုလ်မှူးငွေဆန်း ကျွန်တော့်ကို လက်ဆွဲလာနှုတ်ဆက်တယ်။ အပြောနဲ့အလုပ်ညီပါပေတယ်ဆိုတဲ့ နှုတ်ဆက်မှုထင်ပါရဲ့။

နောက်နောင် တစ်နေ့ ဘယ်နှမိုင်လျှောက်နိုင်သလဲဆိုတဲ့ မေးခွန်းမျိုး ရင်းမှူးဆီက ဘယ်တော့မှ မကြားရတော့ဘူး။ မကြားရပေမဲ့ ကျွန်တော့်ဘဝ အတွက် ခက်ခက်ခဲခဲ ဖြေဆိုရမယ့် မေးခွန်းတစ်ပုဒ်က နောက်တစ်နေ့မှာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါတော့တယ်။

ကျွန်းခေါင်မှာ ရောက်နေကြခိုက် ရင်းမှူးက ကျွန်တော့်ဆီလာတယ်။ ကျွန်တော်က ရဲဘော်လေးတွေနဲ့ ခြင်းလုံးခတ်နေတာ။ ခြင်းလုံးမခတ်တတ်ပါဘူး။ ရဲဘော်ကလေးတွေက လာကစားလှည့်ပါဆိုလို့ ဝင်ခတ်ကစားနေတာ။ မဟာဒူး တို့ စလွယ်တို့ ဝိုက်ကြီးတို့ တည့်ဖနောင့်တို့ ခတ်ကစားတတ်သူနှစ်ယောက် လောက်ပါတဲ့ဝိုင်းမှာ ကျွန်တော်ကိုယ်ပိုင်ခြင်းပေါက်တွေဖြစ်တဲ့ မဟာလွဲတို့ စလွဲတို့ ဘေးထွက်ကြီးတို့နဲ့ တွေ့တဲ့အခါ သူတို့အရသာပျက်ကြမှာပဲ။ ရင်းမှူး ကျွန်တော့်ကို လာခေါ်တာ သိကြားမင်းဆင်းလာသလို သူတို့ အောက်မေ့ ရစ်ကြမှာလေ။

"ဆရာ ကျွန်းခေါင်ကနေ ခန္တီးကို မနက် ၅ နာရီထ ထွက်ရင် နေ့ချင်း ပေါက် လျှောက်နိုင်မလား"တဲ့။

"ဟာ ကျွန်တော်တို့ လာကြတာ ဘယ်နှရက်ခရီးလဲ ရင်းမှူး သိလျက် သားနဲ့"

"ဆရာ သွက်လက်က ကြဲ့ခိုင်တာ ကျွန်တော်သိပါတယ်။ တကယ်လို့ မဖြစ်မနေ လျှောက်ရင် ဘယ်နှရက်ကြာမလဲ"

ကျွန်တော် စိတ်ထဲမှာ တစ်မျိုးပဲ။ ဒီရင်းမှူး ဘာအူကြောင်ကြောင်တွေ လာပြောနေတာလဲ။ နောက်ပြောင်ကျီစယ်နေတာတော့ မဟုတ်တန်ရာဘူး။ သူ့ကို အကဲခတ်ကြည့်တော့ အလေးအနက်ပြောနေတာ။

"ဒါဖြင့်ရင် တစ်ညအိပ်နဲ့ရော၊ ဆရာရောက်နိုင်သလား"

"ဘာလဲ ရင်းမှူးက ကျွန်တော်နဲ့ပြိုင်ပြီးလျှောက်ချင်လို့ စိန်ခေါ်နေတာလား"

ဘုမသိ ဘာမသိ ကျွန်တော်က အပြောင်အပြက်လိုနဲ့ အငေါ် တူးပစ်လိုက်တယ်။

"ပြောပါဦး ဘယ်နှညအိပ်ကြာရမလဲ"

သူလည်း တပ်မတော်အရာရှိကြီး၊ နိုင်ငံခြားစစ်တက္ကသိုလ်ဆင်းကြီး ဗျာ၊ ဒီခရီးအတွက်တက်လာကြတာ ဘာတွေ လျှောက်မေးနေမှန်းမသိဘူး။

"ဟာ ရင်းမှူးကို ကျွန်တော် လေးစားတာတွေ အလကားဖြစ်သွားပြီ၊ မနက်က အကောင်းကြီး၊ အခု ကြောင်တောင်တောင်နဲ့ တောပိုင်တောင်ပိုင်တွေ မကြိုက်တာ တစ်ခုခုများ လုပ်ခဲ့မိသလား၊ မဖြစ်နိုင်ပါဘူးလို့ ပြောပြီးပြီလေ၊ တကယ် အမြန်လျှောက်ကြည့်မှသိမှာပေါ့ ရင်းမှူးရဲ့"

သူ့ရှေ့မှာ ချထားတဲ့စစ်သုံးမျက်နှာသုတ်ပဝါလေးကို ကောက်ပြီး စို့နေတဲ့ ချွေးစတွေကို တို့တယ်။ ပြီးတော့ စဉ်းစားပြီး စကားကို တစ်ခွန်းချင်း လေးလေးနက်နက် ပြောတယ်။ ကျွန်တော် ဂရုစိုက်ပြီး နားထောင်မိတယ်။

လူဆိုတာ မွေးတစ်နေ့ သေတစ်နေ့နော် ဟုတ်သလား ဆရာ။ ကျွန်တော်လည်း သေရမှာ၊ ဆရာလည်းသေရမှာနော်၊ ဟုတ်သလား ဆရာ၊ ရှိရှိသမျှ သေမျိုးချည်းပဲလေ။

ထူးဆန်းတဲ့သူ့စကားတွေကို အဓိပ္ပာယ်ဖော်ကြည့်တယ်။ ဒါ သူတစ်ခုခု ပြောချင်လို့ ခြေဆင်းခင်းနေတာ။ ပြီးတော့ ဆက်သေးတယ်။ "မြတ်စွာဘုရားရှင်တောင်မှ ပရိနိဗ္ဗာန်ပြုပြီးသေခြင်းကို မလွန်ဆန်နိုင်ဘူးနော်"

ကိုယ်စောင့်နတ်က ကျွန်တော့်ကို နှိုးဆော်လိုက်သလိုပဲ။ ခေါင်းထဲမှာ အတွေးတစ်ခု ရုတ်တရက်ရောက်လာတယ်။ ခန္တီးမှာ ကျန်ခဲ့တဲ့ဇနီးသည် ဒါမှမဟုတ် မိသားစုဝင်တစ်ယောက်ယောက် လျှပ်စစ်ပေါ့ဆလို့ ဓာတ်လိုက်ပြီး အနိစ္စ ရောက်သွားလေသလား။ ရင်းမှူးက သူ့ပြောလက်စကားရပ်ပြီး ကျွန်တော့် မကြည့်တော့ဘဲ အဝေးက တောင်တန်းတွေကို ငေးနေတယ်။ ခြင်းဝိုင်းက ရယ်သံ

မောသံတွေ မကြားရတော့ဘူး။ အမှောင်က စိုးမိုးစပြုနေပြီ။ တောင်ပုရစ်လေးတွေရဲ့ အော်သံစကြားရပြီ။ ကောင်းကင်မှာရှိတဲ့ လေ့နဲ့ ဆင်ဆင်တူတဲ့ လခြမ်းလေးကို တိမ်ညိုတိမ်မည်းတွေ တဖြည်းဖြည်း ချဉ်းကပ် နေကြတယ်။ ပြိုးပြိုးပြက်နေတဲ့ လခြမ်းလေးကို တိမ်ညိုတွေဖုံးအုပ်တာကို မကြည့်ချင်မမြင်ရက်လို့ မျက်နှာလွှဲလိုက်တယ်။

"ဆရာ... ကြေးနန်းတစ်စောင် ဝင်လာတယ်"

ကျွန်တော် သိချင်ပေမဲ့ ပါးစပ်က ဘာတဲ့လဲဆိုတဲ့စကား ဆွံ့နေတယ်။ ကိုယ်စောင့်နတ်က တယ်တယ်နဲ့အမေ့ကို သတိရဖို့ နှိုးဆော်ပြန်တယ်။ ကျွန်တော့် အာရုံတွေ အားလုံးလှုပ်ရှားမယ့် သူ့ပါးစပ်နဲ့ ထွက်ကျလာမယ့် စကားလုံးတွေကို အာရုံစိုက်နေမိတယ်။

"ပြောရမှာတော့ စိတ်မကောင်းပါဘူး ဆရာရယ်။ ဆရာရဲ့ဖခင်ကြီး နေမကောင်းဖြစ်နေတယ်၊ ဖြစ်တာမှ တော်တော်ဖြစ်နေတာတဲ့၊ ဆရာ့ မိခင်ကြီးက ဆရာအမြန်ပြန်လာစေချင်သတဲ့"

သက်ပြင်းရှည်ကြီးချလိုက်မိတာနဲ့အတူ မိသားစုရဲ့သံယောဇဉ်ကို သတိထားလိုက်မိတယ်။ တယ်တယ်နဲ့ ကျွန်တော်ကြားမှာ ဘယ်သူမှမမြင်နိုင်တဲ့ သံယောဇဉ်ကြိုးတွေကို မြင်နေရတယ်။ ရင်းမှူးက ကိုယ်ချင်းစာစိတ်နဲ့ပဲ ထင်ပါရဲ့ စကားတစ်ခွန်းထပ်ပြောတယ်။

"ဖခင်တစ်ယောက်ရဲ့နောက်ဆုံးအချိန်တွေမှာ သားတစ်ယောက်ဟာ အနားမှာရှိသင့်တယ်ထင်တာပဲ"

ကျွန်တော် ဟုတ်တယ်လို့ သူ့စကားကိုထောက်ခံမိသလား၊ ခေါင်းကို ညိတ်ပြမိလေသလား၊ ပါးစပ်ကလည်းပြော ခေါင်းလည်း ညိတ်ခဲ့မိသလား မမှတ်မိဘူး။ ခေါင်းနည်းနည်းအေးအောင် ထားလိုက်တယ်။ ယောက်ယက်ခတ်နေတဲ့ စိတ်ကို ပြန်စုစည်းလိုက်တယ်။

"ဖခင်တစ်ယောက်ရဲ့နောက်ဆုံးအချိန်မှာ သားဖြစ်သူ အနားမှာရှိသင့်တယ်ဆိုတာ မှန်တယ် ဗိုလ်မှူး၊ ရှိခွင့်ရှိတဲ့သူမှ ရှိရတာ၊ ရှိသင့်သူမှ ရှိရတာမျိုးလေ၊ အသက်ထွက်ခါနီးမှာ သားဖြစ်သူရှိရင် ကာယကံရှင်ရော သူ့မိသားစုရော အားရှိကြမှာပေါ့"

ကျွန်တော် ပြောတာကို သူ စိတ်ဝင်တစား နားထောင်နေလိုက်တာ မျက်မှောင်ကြီးကြုတ်လို့။ ငြိမ်လို့။

"ဒါပေမဲ့ ကျွန်တော်ဟာ ဆရာဝန်တစ်ယောက်ဖြစ်လို့ သေခြင်း ရှင်ခြင်းဆိုတာ ကျွန်တော့်အတွက်တော့ သိပ်ပြီး ရိုးစင်းလှတယ်။ သားဖြစ်သူ၊ သမီး

ဖြစ်သူ၊ ချစ်ဇနီး၊ ချစ်ပါတယ်ဆိုတဲ့ ခင်ပွန်းသည်အနားမှာမရှိဘဲ ကွယ်လွန်ကြတဲ့ သေခြင်းတွေ ကျွန်တော် အများကြီးကြုံတွေ့ခဲ့ရဖူးတယ်။"

"ဒါဖြင့်ရင် ဆရာ မသွားတော့ဘူးလား"

"ကျွန်တော့် စကားဆုံးအောင် နားထောင်ပါဦး ဗိုလ်မှူး၊ ကျွန်တော့် အဖေကို ကျွန်တော်ချစ်တယ်၊ ဒါပေမဲ့ နောက်ဆုံးအချိန်မှာ အသက်မမီလိုက်ဘူး၊ မပြုစုလိုက်ရဘူးရယ်လို့တော့ ရင်ထုမနာဖြစ်နေမှာ မဟုတ်ဘူး"

ကျွန်တော့်စကားမဆုံးခင်မှာ ရင်းမှူးက စာနာစိတ်နဲ့ ထင်ပါရဲ့။

"ဆရာ သွားဖြစ်အောင်သွားပါ"လို့ တိုက်တွန်းနေတော့ ကျွန်တော်က လည်း ကောင်းပြီ သွားမယ်ဖြစ်ကရော။

* * *

## မာရသွန့် မာရသွန်

"ကိုင်းဆရာ စောစောအိပ်ပါ၊ မနက်ကျတော့ ကျွန်တော်နှိုးမယ်"တဲ့။ ကျွန်တော် စောစောအိပ်ရာဝင်ခဲ့တယ်။ အိပ်ပေမဲ့ မပျော်ဘူး။ အတိတ်ပုံရိပ်တွေ မိုတ်ထားတဲ့မျက်လုံးထဲမှာ ပြန်ယောင်တယ်။

မော်လမြိုင် စိန့်ဂျိုးဇက်ကွန်ဗင့်ကျောင်းသား ညီအစ်ကိုသုံးယောက်ရဲ့ နေ့စွဲတွေ၊ ကျွန်တော်တို့ကို ထိန်းကျောင်းဖို့ နာနီသုံးယောက်ငှားပေးခဲ့တာတွေ ပြန်မြင်ယောင်တယ်။ ခြံထဲမှာ သေနတ်နဲ့ အုန်းသီးတွေပစ်ချနေတာ၊ အဖေနဲ့ ဦးအာသာတို့ နွားလှည်းပြိုင်ကြတာတွေ ပြန်လည်သတိရမိတယ်။

ရှေးဖြစ်ဟောင်း ပုံရိပ်တွေ ပြန်တွေးရင်း ညက ကောင်းကောင်း အိပ်မပျော်ဘူး။ မနက်လေးနာရီခွဲတော့ ရင်းမှူးက ကျွန်တော့်ကို လာနှိုးတယ်။ ကျွန်တော့်အထင် အိပ်ပျော်ခါစမှာ လာနှိုးနေတယ်လို့ကို ထင်တာ၊ အိပ်ရေး မဝတာတော့ အမှန်ပဲ။ သူ ကျွန်တော့်ကို ပန်းကောတစ်လုံး ထမင်းအပြည့်နဲ့ ကြက်ဥကြော်ရယ်၊ သရက်သီး ဆီစိမ်ရယ် ထည့်ပြီး ဆရာလမ်းမှာ ဆာရင် စားရအောင်တဲ့ ပေးရှာတယ်။

ကျွန်တော်နဲ့လိုက်သွားဖို့ ရင်းမှူးက အဖော်ထည့်နေတာ၊ ဘယ်နာဂက မှ မလိုက်ချင်ကြဘူး။ ကျွန်တော်ကလည်း အဖော်မလိုချင်ဘူး။ နေပစေ နေပစေလို့ တွင်တွင်ငြင်းရတယ်။ ကျွန်တော်တစ်ယောက်တည်းသွားရမှာ မကြောက်ဘူး။ ကျွန်တော့်မှာ ရန်သူမရှိဘူး။ သားရဲတိရစ္ဆာန်ပဲ ရန်မူချင်မူမယ်။

တစ်ခါ ကျားနဲ့ညကြီး ရင်ဆိုင်ဖူးတယ်။ လက်ထဲက မီးတုတ်ကိုင်ပြီး သူ့ မျက်လုံးကို သတ္တိရှိရှိ စူးစိုက်ကြည့်နေလိုက်တယ်။ မျက်လုံးအကြည့်ပါဝင်ချင်း ပြိုင်ကြတာ။ ကျွန်တော့်ရှေ့ဝါးခုနစ်ပြန် ရှစ်ပြန်က ကျားလှည့်ပြီးထွက်သွား တယ်။ ကျွန်တော့် မျက်လုံးတွေရဲ့ အကြည့်စွမ်းအားကြောင့်တော့ ဟုတ်မယ် မထင်ဘူး။ လက်ထဲက မီးတုတ်ကို ကြောက်ပြီး လှည့်ထွက်သွားတာ ထင်ပါရဲ့။

တစ်ခါလည်း တောင်ယာတဲလေးမှာ ခဏနားနေတာ၊ မီးတုတ်ကို ထွန်းပြီး အေးလွန်းလို့ ထင်းတို ထင်းစတွေရှာပြီး မီးဖိုနေတာ။ ရွာထဲက နာဂတွေ မကောင်းဆိုးဝါးလား၊ ရန်သူလား တစ်ခုခုပဲဆိုပြီး လာဝိုင်းကြတာ။ တော်ပါသေးရဲ့ ဒေါ်သာအေးရဲ့ဖြစ်သွားတယ်။ အဝေးကလှမ်းပစ်လို့ရတဲ့ လေးတွေ မြားတွေ မပါလို့ အနားရောက်မှ သူတို့က ကျွန်တော်မှန်းသိကြတာ။ ဟာ... ဆရာပါလား၊ ကျွန်တော်တို့ ရန်သူမှတ်လို့သတ်ပြီး ခေါင်းဖြတ်ပစ်တော့မလို့၊ ဒီလို အတွေ့အကြုံတွေရှိထားတော့ ကျွန်တော် မကြောက်ဘူး။ နာဂတောင်တန်းမှာ ညအခါ သွားတယ်လာတယ်ဆိုတာ အလွန်ရှားတယ်။ ကျွန်တော်သာ လျှောက်သွားနေတာ။ အခုလည်း ကျွန်တော်တစ်ယောက်တည်းပဲ ထွက်လာခဲ့တယ်။

"ကဲ ဆရာ နှုတ်ဆက်တယ် လမ်းခရီးဖြောင့်ဖြူးပါစေ"

"အိုကေ သွားပြီ ရင်းမှူး"

"ဆရာ့ ဖေဖေလည်း အမြန်သက်သာပျောက်ကင်းပါစေ"

"ကျေးဇူးပါပဲ သွားပြီ"

ကျွန်တော် ရဲဘော်လေးတွေကိုလည်း နှုတ်ဆက်ခဲ့တယ်။ နာဂတို့ထုံးနှလုံးမူပြီး အသက်ကို မှန်မှန်ရှူသွင်းရှူထုတ်လုပ်ရင်း လျှောက်ခဲ့တယ်။ ကျွန်းခေါင်က မနက် ၅ နာရီသာသာ ထွက်ခဲတာ နန်းဆလိန်ကို ညမှာ ရောက်တယ်။ ခရီးပြင်းမှ တကယ့်ခရီးပြင်းပဲ။

ရေမရှိဘူး။ ရေကုန်တဲ့အခါ တောပိန်းရိုးကို ဖြတ်ပြီး ထွက်တဲ့အရည် သောက်ရတာ။ နာဂတွေလုပ်တာ ကျွန်တော်မှတ်ထားတယ်။ လမ်းမှာ မှိုမျိုးစုံတွေ့တယ်။ နာဂတွေကတော့ မှိုကိုတံတွေးနဲ့ထွေးကြည့်တယ်။ တံတွေးစိုတဲ့နေရာ မှာမှိုက အရောင်မပြောင်းဘူး၊ မညိုးဘူးဆိုရင် အဲဒီမှိုကို ပြုတ်စား၊ ချက်စားကြတယ်။ အရောင်ပြောင်းသွားတယ်ဆိုရင် သူတို့က အဆိပ်ရှိတဲ့ မှို၊ မစားကောင်းဘူး၊ ဒီလိုဆုံးဖြတ်ကြတာ။

နန်းဆလိန်ရောက်တုန်း ခဏနားရင်း ကျွန်တော် စဉ်းစားတယ်။ နန်းဆလိန်က ဆက်ဆင်းရင် အောက်မှာ တပ်စခန်းရှိမယ်။ ဆက်သွားမလား သိန်းလှိုင်၊ နားမလား သိန်းလှိုင်။ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်တယ်။ မင်းမှာ ထမင်း

တစ်စေ့မှ မရှိတော့ဘူး။ ခေါင်ရည်နည်းနည်းကျန်တယ်။ လူကလည်း ပင်ပန်းလှပြီ။ တစ်သက်နဲ့တစ်ကိုယ် ဒီလို ခရီးပြင်း တစ်ခါမှ မသွားဖူးဘူး။ သိန်းလှိုင်မင်း ဘာလုပ်မလဲ။ ညက တဖြည်းဖြည်းနက်လာပြီ။ ကြယ်တွေကို အဖော်ပြုရအောင်ကလည်း တိမ်က ထူထပ်နေတယ်။ ကြောက်တတ်တဲ့သူဆိုရင် ကြောက်စရာ အခြေအနေကြီး။ မင်း ဘာလုပ်မလဲ သိန်းလှိုင်။ ငါ ဘယ်သူ့အပေါ်မှ မညစ်ပတ်ခဲ့ဘူး။ ဘုရားသိတယ်၊ နတ်သိတယ်။ ကဲ ခရီးဆက်မယ်။ ထိုင်ရာက ထလိုက်တော့ ခေါင်းက မိုက်ခနဲဖြစ်ပြီး မျက်လုံးတွေ ပြာသွားတယ်။ အနားမှာ စိုက်ထားတဲ့ မီးတုတ်ကို ဆွဲနုတ်ပြီး ခရီးဆက်ခဲ့တယ်။

ပထမဆုံးခြေလှမ်းကတည်းက ကျွန်တော့်ကို ရှေ့မဆက်ဖို့ ကိုယ်စောင့်နတ်က နှိုးဆော်သလိုပါပဲ။ ဒါပေမဲ့ ကိုယ်စောင့်နတ်နဲ့ ကျွန်တော်နဲ့ သဘောကွဲလွဲကြတယ်။ ကျွန်တော် ဇွတ်တိုးလျှောက်ခဲ့တယ်။ ခြေလှမ်း အစိတ် သုံးဆယ်လောက်ရောက်တော့ သွေးလှည့်ပတ်တာ ပုံမှန်ဖြစ်လာသလိုပဲ။ သိပ် မညောင်းတော့ဘူး။

နေ့လယ် နေ့ခင်းတုန်းက လမ်းရိုးဟောင်းအတိုင်းမသွားဘဲ တချို့တော်ရုံတန်ရုံ ချောက်ကမ်းပါးဆိုရင် ကုပ်ကပ်တွယ်ဆင်း၊ ဖင်တရွတ်တိုက်ဆင်းလုပ်ခဲ့တာ၊ တချို့ခုန်ချသင့်ရင် ခုန်ချလိုက်တာ၊ မြန်နိုင်သမျှ မြန်အောင် မြေကြောရှို့ရင်းသွားနေတာ။ ညမှောင်မှောင် မီးတုတ်အားကိုးပြီး စစ်တပ်စခန်းရှိရာဘက်ကို ဦးတည်သွားနေတာ ချောက်ကမ်းပါးတစ်ခုကို ရောက်ရော။ ချောက်ကမ်းပါးတိမ်ရင် ခုန်ချမလို့ အောက်ကို ငုံ့ကြည့်တော့ အောက်က ရဲဘော်တွေ လှမ်း မြင်နေရတယ်။ ပေလေးငါးခြောက်ဆယ်မက နက်တဲ့ချောက်ကြီး။

"ဟာ ဟိုမှာ ဟိုမှာ ဆရာသိန်းလှိုင်"

"အနက်ကြီး ဒေါက်တာ မဆင်းခဲ့နဲ့"

"ဟိုဘက်က ပတ်ပြီးလာ ဆရာ"

"ဟိုကောင်တွေ ဆရာ့ကို သွားကြိုချေ"

"မြန်မြန်သွားကြ"

မိုးကတော်တော်ချုပ်နေပြီ။ ရဲဘော်တွေက လာကြိုကြတော့ ကျွန်တော့်မှာ ဝမ်းသာပီတိတွေနဲ့ ပင်ပန်းသမျှ သုံးပုံတစ်ပုံလောက် လျော့သွားတယ်။ သူတို့စခန်းရောက်တော့ ကျွန်တော့်အတွက် ထမင်းနဲ့ဟင်း စီစဉ်ထားကြတယ်။ သူတို့ကို ရင်းမှူးက လှမ်းပြီး အကြောင်းကြားထားသတဲ့။ ကျွန်တော် ထမင်းမစားခင်မှာ ခေါင်ရည်မရှိဘူးလားလို့ မေးမိတယ်။ တစ်နေကုန် ပင်ပန်းလာခဲ့သမျှ ခေါင်ရည်နဲ့ အမောဖြေလိုက်ရမှာ။ ခေါင်ရည်ရဲ့ရီတီတီအရသာနဲ့ ထမင်း

နဲ့ မျှော်ရမှာ။ ဒါပေမဲ့ ခေါင်ရည် သူတို့မှာ အလွယ်မရှိဘူး။

ထမင်းစားပြီးတော့ တွေ့ရာ အိပ်ရာတစ်ခုမှာ ကျောဆန့်လိုက်တယ်။ ခြေထောက်နှိပ်သူနဲ့ လက်နှိပ်သူနဲ့။ ကျွန်တော့် အနှိပ်ခံတာ ဝါသနာမပါဘူး။ ဒီအလေ့အထလည်း မရှိဘူး။ သူတို့ကို အနှိပ်ခိုင်းတာမဟုတ်ဘူး။ သူတို့ဘာသာ လာနှိပ်ကြတာ။ ကျွန်တော့်အတွက် အတော်ဇိမ်ကျပြီး အညောင်းပြေပေမဲ့ ကျွန်တော် ဆယ်မိနစ်လောက်အကြာမှာ တော်ပါတော့လို့ တောင်းပန်ရတယ်။

"ရဲဘော် သောင်းမြင့် မနက်ကြက်တွန်သံကြားရင် ငါ့ကို နှိုးကွာ"လို့ မှာပြီး ကျွန်တော် လှဲအိပ်ပစ်လိုက်တယ်။ ငါးမိနစ်တောင် ကြာလိုက်တယ် မထင်ဘူး။

ရဲဘော်လေးတွေက ကျွန်တော်မှာထားတဲ့အတိုင်း ကြက်တွန်သံကြားတော့ နှိုးရှာတယ်။ မနက်လေးနာရီလောက်ကြီး။ အမှန်အတိုင်းပြောရရင် လူက တော်တော်ကိုပင်ပန်းနေပြီ။ မထချင်ဘူး။ ဒါပေမဲ့ ရှေ့ဆက်ရမယ့် ခရီးက အဝေးကြီးလေ။ ကိုယ့်စိတ်ကို အနိုင်ပိုင်းပြီး အိပ်ရာထဲကထ၊ ရဲဘော်တွေ ထည့်ပေးလိုက်တဲ့ ဟန်းကောယူပြီး ခရီးဆက်တယ်။ ကြိုးတံတားလှုပ်ပွဲပွဲမှာ အလင်းရောင်လေးသမ်းစပြုနေပြီ။ ဘယ်ရွာမှာ မနားချင်ပေမဲ့ ခေါင်ရည် တစ်ကျိုက် နှစ်ကျိုက် ဝင်ကျိုက်၊ ရေဘူးထဲလည်း ခေါင်ရည်အပြည့်ဖြည့် သုတ်ခြေတင်တော့တာပဲ။

နောက်မှသိရတာ ရင်းမှူးက စက်နဲ့လှမ်းပြောထားတာ ဟတ္တိမှာ ကားနဲ့လာကြိုဖို့ ဒါပေမဲ့ တပ်မှာ ကားပေးစရာမရှိဘူး။ ဆင်သေရောက်တော့ ကျွန်တော် ခဏနားလိုက်တာ မထနိုင်တော့ဘူး။ ပုံကျသွားတယ်။ ကျွန်တော့်ကို တွဲပြီး လှေပေါ်တင်ပြီး ခန္တီးပို့လိုက်ကြတယ်။ လှေဆိပ်ကနေ ကျွန်တော့်အိမ် လျှောက်ရမယ့်ခရီးတစ်မိုင်သာသာကို မသွားချင်တော့ဘူး။ စာထဲမှာပဲ ဖတ်ဖူးပြီးသူများ ပြောတာ ကြားဖူးတဲ့ ခြေကုန်လက်ပန်းကျတယ်ဆိုတာ အခုမှ နဖူးတွေ့ဒူးတွေ့ တွေ့တော့တာ။

ကျွန်တော် ရောက်တဲ့အကြောင်း ဗိုလ်ကြီးအောင်ကျော်မြင့်က ရင်းမှူးဆီ ကြေးနန်းပို့ရသတဲ့။

"ဆရာ ရင်းမှူးဆီကြေးနန်းပို့ပြီးပြီ၊ အဆင်သင့်လုပ်ထားပါဆရာ၊ လေယာဉ် လာရင် သွားရမယ်၊ ရင်းမှူးကြီးက တကယ်လို့ ဆရာ အရောက် နောက်ကျရင် လေယာဉ်ကို အစောင့်ခိုင်း ပျံမတက်စေနဲ့လို့တောင် အမိန့်ပေးထားပါတယ် ဆရာ"တဲ့။

ကျွန်တော့်မှာ ပစ္စည်းများများစားစား ယူစရာမရှိဘူး။ အဝတ်အစား လတ်တာ သစ်တာလေး သုံးလေးစုံလက်ဆွဲအိတ်ထဲ ထည့်လိုက်ရုံပါပဲ။ ဇနီးသည် အုန်းအုန်းက တယ်တယ်အတွက် ဘုရားစင်မှာ ဘုရားပန်းလဲပြီး ဆုတောင်းနေ

တုန်းမှာ ဗိုလ်ကြီးအောင်ကျော်မြင့်က လွှတ်လိုက်တဲ့ ရဲဘော်တစ်ယောက် ရောက်လာတယ်။

"ဆရာကြီးခင်ဗျား ဗိုလ်ကြီးအောင်ကျော်မြင့်က အပြောခိုင်းလိုက်ပါတယ်"

သူကမှ အပြောခိုင်းလိုက်ပါတယ် ရှိသေးတယ်၊ ကျွန်တော်က ခရီးဆောင်လက်ဆွဲအိတ်ကောက်ကိုင်မိတယ်။ သူ့စကားဆုံးတော့မှ ခပ်ရှက်ရှက်နဲ့ လက်ဆွဲအိတ်သာ ပြန်ချရတယ်။

"ဒီနေ့ လေယာဉ် မဆင်းဖြစ်ပါဘူးတဲ့ ဆရာကြီး"

လေယာဉ်လက်မှတ်ကိုင်ပြီး သုံးရက်စောင့်တော့မှ လေယာဉ်ပျံလာတဲ့နေ့နဲ့ ကြုံရတယ်။

ရန်ကုန်ကနေ ကျိုက်ထိုထို အမြန်လိုက်သွားတော့ တယ်တယ်က အသည်းအသန်နေမကောင်းနေတာ မဟုတ်ဘူး။ အချုပ်ထဲ ရောက်နေတာ။

* * *

## အရွတ်တကာ့ ထိပ်ခေါင်

အဖေက ရောဂါဝေဒနာကြောင့် အိပ်ရာထဲမှာ ဗုန်းဗုန်းလဲနေတာ မဟုတ်ဘူး။ အချုပ်ထဲမှာလို့လည်း သိရရော၊ ကျွန်တော့်မှာ "တော်သေးတာပေါ့ ဒေါ်အေးသာကျော့" ဖြစ်သွားတာ။ ဘယ်နှယ့် ဆရာဝန်တစ်ယောက်ရောဂါဝေဒနာကြောင့် အိပ်ရာထဲ မလဲတာကို တော်သေးတာပေါ့လို့ ပြောရသလား။ အပြစ်တင်ရင်လည်း ခံဖို့ပါပဲ။ ကျွန်တော်က ဆရာဝန်လည်းဖြစ်၊ သားဖြစ်သူလည်းဖြစ်လေတော့ တယ်တယ်မှာ ဖြစ်နိုင်တဲ့ရောဂါတွေ လျှောက်စဉ်းစားလာတာ။ မနည်းမနောကြီး။ တစ်ခုမှ သေးသေးသောသော မပါဘူး။ ဒါကြောင့် တော်သေးတာပေါ့ ဒေါ်အေးသာကျော့လို့ ခံစားမိတာလေ။

တယ်တယ့်ဆန်စက်က မလည်တာကြာလှပြီ။ လည်တုန်းကလည်း တပည့်တပန်းတွေနဲ့ လွှဲထားတာ။ ဆန်စက်ထဲကို ကုန်သွယ်ရေးက ဂုန်နီအိတ်တွေ လာထားတယ်။ သူတို့လိုအပ်လို့ ပြန်ထုတ်ယူတဲ့အခါ ဂုန်နီအိတ်တွေ လျော့နေသတဲ့။ တကယ်တော့ သူတို့ဘာသာလာထားပြီး သူ့ဘာသာ လာယူတာ၊ လျော့တော့ တယ်တယ့်တာဝန်ဖြစ်နေတယ်။ ဆန်စက်ပိုင်ရှင် ဘယ်သူလဲ။ ဦးဟုတ်ဝမ်။ ဒါဆိုရင် ဦးဟုတ်ဝမ်ကိုဖမ်း။ ဒီလို ဖြစ်ကြတာကိုး။

ဒါပေမဲ့ ရဲဘက်ဆိုင်ရာကလည်း အထက်ညွှန်ကြားလို့သာ တာဝန်ရှေးဆောင်ရွက်ရတာ၊ ဒီမြို့ရဲ့မြို့မျက်နှာဖုံးတစ်ယောက်၊ သူဌေးတစ်ယောက်က ဂုဏ်နိအိတ်လောက်တော့ မပြစ်မှားဘူးဆိုတာ သိတယ်။ လယ်ဇကေ ထောင်ချီပိုင်တဲ့ သူ၊ အခုထိ ယုတ်လျော့တာမရှိတဲ့ လယ်ပိုင်ရှင်ကြီး။ သူတို့အချုပ်ထဲ မထည့်ချင်ဘူး။ ယုံကြည်တယ်။ ထွက်ပြေးမယ့် လူမျိုးလည်း မဟုတ်ဘူးဆိုတာ ရဲဘက်က သိတယ်။ ဒါကြောင့် ဆရာကြီး အချုပ်ခန်းထဲ မဝင်ပါနဲ့။ စခန်းဝင်းထဲမှာပဲ လွတ်လွတ်လပ်လပ်နေပါ။ ဒီလိုပြောဆိုထားတာ။

ဒါကိုပဲ ဒေါက်တာ သိန်းလှိုင်ရဲ့အဖေ ဦးဟုတ်ဝမ်က

"ဟော့... ဖမ်းတာလား၊ ဖမ်းတယ်ဆိုရင် တရားခံက အချုပ်ခန်းထဲမှာနေရမှာလေ၊ အချုပ်ခန်းတံခါးဖွင့်၊ ငါ အထဲမှာနေမယ်"

ဒီလိုပြောပြီး တရားခံအထုတ်အသွင်းလုပ်တုန်း အချုပ်ခန်းထဲ သူ့ဘာသာ ဇွတ်ဝင်သွားတာတဲ့။

အဲဒီအချိန်က ကျိုက်ထိုမှာ ဒေါက်တာချွန်ဟန်စိန်ရှိနေတယ်။ တယ်တယ် အချုပ်ထဲဝင်သွားတော့ သွားပြီး ပြန်ထွက်ဖို့ခေါ်တာ မထွက်ဘူးတဲ့။ ဒါနဲ့ ကျွန်တော်လည်းရောက်ရောဖြစ်ကြောင်းကုန်စင် ဆီးပြီးတိုင်တော့တာပဲ။

"ငါက မင်းကို ရွတ်လှုပြီမှတ်တာ၊ မင့်အဖေက မင်းထက်ပိုရွတ်သေးတယ်၊ မင်းက မင်းအဖေရဲ့သွေးအပြည့်ပါတာ"

ကျွန်တော်နဲ့ ဒေါက်တာချန်ဟန်စိန် ရောက်မဆိုက်ပဲ သွားတွေ့ကြတယ်။

"အက်ဒီ ဘယ်တုန်းက ရောက်တာလဲ"

"အခုပဲ အဖေ"

"မင်း ဘာလာလုပ်တာလဲ"

"ဩော် အဖေ အချုပ်ထဲရောက်နေတယ်ဆိုလို့ အမှုမှန်အတိုင်း..."

"မင်းဟာမင်း အေးအေးသက်သာနေစမ်းပါ အက်ဒီရာ"

"ဘာဖြစ်လို့လဲ အဖေ"

"ငါဒီမှာ ဒီအထဲက လူငယ်တွေကို တရားဟော တရားပြနေရတာ၊ အဆင်ပြေနေတာပဲ၊ ကုသိုလ်တောင် ရသေးတယ် အက်ဒီရ"

ကျွန်တော့်ကိုယ်ကျွန်တော် လူရွတ်တစ်ယောက်လို့ ထင်ခဲ့မိတာ၊ အခုတော့ သိန်းလှိုင်ထက် ပိုရွတ်တဲ့သူတစ်ယောက်တွေ့နေရပြီ။ ကျွန်တော့်ထက် ပိုရွတ်တဲ့သူက တခြားသူဟုတ်ပါရိုးလား။ ကျွန်တော့်ဖေဖေဖြစ်နေတာပေါ့။

တယ်တယ့်အကြောင်း ကျွန်တော်သိတယ်။ အဲဒီနေ့တော့ ဘယ်လိုမှ စည်းရုံးလို့ရမယ့်လက္ခဏာ မရှိဘူး။ ဒါနဲ့ ဒေါက်တာချန်ဟန်စိန်ကို လက်အသာ

ကုတ်ပြီး အဖေ့အတွက် ရန်ကုန်က ဝယ်လာတဲ့ စားစရာတွေပေးပြီး ပြန်ခဲ့ကြတယ်။ ရန်ကုန်က ဝယ်လာတာတွေလည်း ဘဝတူတွေကို ချက်ချင်း ချကျွေးကျန်ရစ်ခဲ့လေရဲ့။

အမေက ဗိုလ်မှူးကြီးသောင်းကြည်ကို သွားတွေ့ပြီး တယ်တယ့်ကိစ္စသွားတိုင်တယ်။ အထက်ကနေ တယ်တယ်ကို ပြန်လွှတ်ဖို့ အမိန့်လာတယ်။ တကယ်လည်း တယ်တယ်မှာ အပြစ်မရှိဘူး။ တချို့က ရဲက ငွေညှစ်ဖို့လုပ်တာလို့တောင် ပြောကြတယ်။ တယ်တယ့်ဆီက သူတို့ဘာမှရမှာမဟုတ်ဘူး။ တယ်တယ် ကိုယ်တိုင်က အချုပ်ကို မကြောက်ဘဲ အထဲမှာ လူငယ်တွေနဲ့ ပျော်နေတာ။ အဘ၊ ဘာလုပ်ပေးရမလဲ၊ နှိပ်ပေးရမလား ဘကြီး။ သောက်ရေ ခပ်ပေးရမလား။ ဒီလိုနေတာ။ သူကလည်း အိမ်ကပို့တဲ့ စားစရာ၊ မိတ်ဆွေ တွေပေးတဲ့စားစရာ အကုန်ချ ကျွေးပစ်နေတာ။ အချုပ်ခန်းက အလှူအိမ်လိုလို ဖြစ်နေတာ။ ရဲတပ်သားလေးတွေကလည်း ဝင်ဝက်နှိုက်စားတာပေါ့။

အချုပ်ကထွက်ဖို့ အမိန့်ကျပြီဆိုတော့ ကျွန်တော်တို့ တယ်တယ့်ကို သွားခေါ်တယ်။

"အက်ဒီ ဒီလူငယ်တွေကို ဟောနေတဲ့ငါ့တရားက မပြီးသေးဘူး၊ နှစ်ရက်စာလောက်ကျန်သေးတယ်ကွာ"

"အဲဒီတော့ အဖေ ဘာဖြစ်ချင်သလဲ"

"ငါ သန်ဘက်ခါမှ ထွက်ခဲ့မယ်ကွာ"

အတူပါလာတဲ့ ဒေါက်တာချန်ဟန်စိန်က ခေါင်းခါပြီး

"ဒီလောက်ရွတ်တဲ့ ပုဂ္ဂိုလ် ငါတစ်ခါမှာ မတွေ့ဖူးဘူး"တဲ့။

အိမ်ရောက်တော့ အဖေ့ကို တရော်ကင်ပွန်းနဲ့ ခေါင်းအလျှော်ခိုင်း တယ်။ မေမေကိုယ်တိုင် လျှော်ပေးတာ၊ ပြီးတော့ အင်္ကျီအသစ် ပုဆိုးအသစ် ဆင်တယ်။ အင်္ကျီဟောင်းပုဆိုးဟောင်းတွေကို သွားအပစ်ခိုင်းတယ်။ အဲဒီအထုပ်ကိုယူသွားတဲ့ ကောင်ကလေးနဲ့ ကျွန်တော်နဲ့တွေ့တော့

"ဘာ အထုပ်ကြီးလဲ"

"လေး ဟုတ်ဝမ်ရဲ့ပုဆိုးနဲ့အင်္ကျီတွေ"

"ဟေ ဘာလုပ်မလို့လဲ"

"မေမေသုန်က လွှင့်အပစ်ခိုင်းလို့"

"ဟာ… ဘာလို့လွှင့်ပစ်ရမှာလဲ၊ အကောင်းကြီးတွေ ရှိသေးတာ၊ မင်းအယူသည်းတတ်လား"

"ဟင့်အင်း အယူမသည်းပါဘူး ဆရာ"

"အေး အဲဒီလိုဆိုရင် တယ်တယ့်ကိုယ်လုံးနဲ့ မင့်ကိုယ်လုံးနဲ့ မကွာလောက်ဘူး။ မင်း ဒီအဝတ်အစားတွေ လျှော်ဖွပ်ပြီး ယူလိုက်ပါလား"

"တကယ်လား ဆရာ"

"ဟ ဆိုရှယ်လစ်ခေတ် ရှားကရှားပါဘိနဲ့၊ လွှင့်မပစ်နဲ့ မင်းယူဝတ်လိုက်"

ဆန်စက်ထဲက လူငယ်လေးတစ်ယောက် ပုဆိုးနဲ့အင်္ကျီတစ်စုံ ရသွားရော။ အချုပ်ထဲကို ဖေဖေရောက်သွားတာ တစ်မျိုးတော့ကောင်းတယ်။

ကျွန်တော်တို့မေမေတို့ အရင်ကမပြောဖူးတဲ့ စကားအဆန်းတွေ ပြောတယ်။

"ငါ့သား သိန်းလှိုင် သေသေချာချာ နားထောင်နော်။ မေမေရော နားထောင်။ ထောင်ကျတဲ့လူတိုင်း အပြစ်မရှိဘူး။ အပြစ်မရှိဘဲ ထောင်ကျသွားကြသူတွေ၊ အပြစ်နဲ့ စီရင်တဲ့အပြစ်ဒဏ် မမျှမတခံသွားကြရသူတွေ ထောင်ထဲမှာရှိတယ်"

ကျွန်တော် တယ်တယ်ပြောတာကို စိတ်ဝင်စားမိတယ်။

"အပြစ်တွေရှိပြီး ထောင်မကျဘဲ အပြင်လောကမှာ ထောင်ထောင် ထောင်ထောင်နဲ့ ဟောင်ဖွာဟောင်ဖွာ လုပ်နေကြသူတွေလည်း အများကြီးရှိ တယ်"

မေမေကပါ စိတ်ဝင်တစား ဂရုစိုက်နားထောင်နေတယ်။

"အချုပ်ထဲမှာ ဘယ်လိုလူတွေရောက်နေကြတာလဲ၊ လူယုတ်မာတွေချည်းလား၊ စိတ်ကောင်း နှလုံးကောင်းရှိသူတွေကော မရှိနိုင်ဘူးလား အဖေ လေ့လာခဲ့တယ်"

"အဖေ့တပည့်လှိုင်ဂျူ ဂုန်နီအိတ်စနစ်တကျ မထိန်းသိမ်းနိုင်လို့ အဖေ အချုပ်ခံရတာလေး ထမင်းရည်ပူ လျှာလွှဲ တယ်တယ် တစ်သက်လုံး မလုပ်ဘူး။ လူကြီးလေ။ လူပေါ်ပြာကျ ဟိုအကောင်ပေါ်ခါချလုပ်ရမလား၊ မလုပ်ဘူး။ လူကြီးဆိုတာ ကိုယ့်အောက်ငယ်သားကို ကယ်ရမှာ၊ အတတ်နိုင်ဆုံး ကာကွယ်ရမှာ၊ ထိုးချရမှာ မဟုတ်ဘူး။ အဖေနေခဲ့ရတဲ့ အချုပ်ထဲကရက်တွေ အဖေ့အတွက် တကယ်အဖိုးတန်တယ်။ အမြတ်ထွက်ခဲ့တယ်။ အဖေထွက်တောင် မထွက်ချင်ဘူး။ အတူနေခဲ့ရတဲ့ သူတွေလည်း အဖေ့ကြောင့် စိတ်ကူးစိတ်သန်း အသစ်တွေ အတွေးအမြင်သစ်တွေ ရကြမှာ"တဲ့။

* * *

ဗိုလ်မှူးကြီးလှဟန် ခန္တီးကိုရောက်ခိုက် ခန္တီးဆေးရုံဟာ အရင်ကနဲ့မတူဘဲ လူနာတွေနဲ့ စည်ကားနေတာတွေ့တော့ သူ့စိတ်ထဲ ဒီဆေးရုံက ဆေးလိုက်တယ်ထင်ပါရဲ့လို့ အောက်မေ့ထင်ပါရဲ့။ လူနာခြောက်ဆယ်ကျော် ခုနစ်ဆယ်သူ တွေ့သွားတဲ့အခါ။

“မင့် ဆေးရုံက တိုင်းဆေးရုံကျနေတာပဲ”လို့ မှတ်ချက်ချပြီး ဘာ အခက်အခဲ ရှိသလဲလို့ မေးတယ်။ ကျွန်တော်ကလည်း ကျွန်တော် ကြုံတွေ့နေရတဲ့ အခက်အခဲတင်ပြတယ်။ အဲဒါကတော့ ရုံးအဖွဲ့၊ သူနာပြုဆရာမနဲ့ ဆရာဝန်ပါမှ စုစုပေါင်း ဝန်ထမ်း ၇ ယောက်ပဲရှိတာ။ ကျွန်တော် သူနာပြုဆရာမတိုးပြီး လိုချင်တယ်။ ဆရာဝန်လည်း ရရင်လိုချင်တယ်။ အထူးသဖြင့် သူနာပြုဆရာမ ပိုပြီး လိုချင်တယ်။

ဝန်ကြီးက ဂရုစိုက်ပြီး နားထောင်တယ်။ ကျွန်တော် ပြောအား ပိုရှိတာပေါ့။ ကျွန်တော့်လက်အောက်မှာ ကျန်းမာရေးမှူး ရှစ်ယောက်ရှိတယ်။ ဒါပေမဲ့ ဒီဆရာတွေခမျာ အသက်အရွယ်တွေက ကြီးရင့်နေကြပြီ။

တချို့က လစာထုတ်ရင် မုံရွာသွားထုတ်ရတာ။ နှစ်လသုံးလစာ၊ လစာတွေ ပေါင်းထုတ်ကြရတာ။ အဝေးကြီးကနေလာထုတ်ရတာ၊ သူတို့မှာ လုပ်ငန်းခွင်မှာ ကြာကြာမနေရဘူး။ နယ်ကလည်း ကျယ်သေး၊ သွားရေးလာရေးကလည်း ခက်ခဲသေး၊ သူတို့လည်း အပြစ်မဆိုသာဘူး။

ဝန်ကြီးက ဆရာဝန်ပို့ပေးမယ်၊ ဆရာမလည်း ပို့ပေးမယ်၊ ကျန်းမာရေးမှူးလည်း ပို့ပေးဦးမယ်လို့ ပြောသွားတယ်။ ဆေးတွေလည်း ပို့ပေးမယ်။ ဝန်ကြီးနဲ့စကားကို ပညာရေးတို့၊ အုပ်ချုပ်ရေးတို့၊ ပို့ဆောင်ရေးတို့ ဌာနက လူတွေက မယုံကြဘူး။ ဟုတ်ပါ့မလားလို့ သံသယဖြစ်ကြတယ်။

ဒီနယ်မှာရှိတဲ့ လူနာတွေရဲ့ကုသိုလ်ကံပဲလို့ ပြောရမယ်ထင်တယ်။ ပထမဆုံးအနေနဲ့ ဆေးဂျပ်ဖာ တစ်ရာလေးဆယ့် လေးသေတ္တာ ရောက်လာတယ်။ လေယာဉ်နဲ့ပို့လိုက်တာ။ ဒိပြင်ဌာနတွေအားလုံး အံ့သြသွားကြတယ်။ ဟာ ဆရာ သိန်းလှိုင် တယ်ပြီး ကံကောင်းပါလား။ ကျွန်တော်ဖြင့် ဒီလောက်များတဲ့ဆေးတွေ တစ်ခါမှ မတွေ့ဖူးပေါင်ဆိုတာမျိုးတွေ ဒိပြင်ဌာနဆိုင်ရာ လူကြီးက ဖွင့်ပြောကြတယ်။ ကျွန်တော့်ကို Triple Intend System ပေးမယ်တဲ့။

ဒါပေမဲ့ ကျွန်တော့်အခက်အခဲကို သူတို့မသိကြဘူး။ ဆေးတွေအများကြီး

ရောက်လာပေမဲ့ တကယ်တမ်း လိုအပ်တဲ့ဆရာမနဲ့ ဆရာဝန် ပို့မပေးနိုင်ဘူး။ သူ့အောက်အဆင့်ဆင့်ကို ခန္တီးမှာ တာဝန်ထမ်းဖို့ သူနာပြုဆရာနဲ့ ဆရာဝန်လို ချင်တယ်လို့ပြောဦး အမိန့်ထုတ်ဦးတော့ အဲဒီအောက်အဆင့်ဆင့်က ပုဂ္ဂိုလ် တွေက ဒီကိစ္စ စိတ်ဝင်တစားရှိကြမှဖြစ်မှာလေ။ ဆရာမရော ဆရာဝန်ရော ဘယ်သူမှ ရောက်မလာကြဘူး။

ကျွန်တော် စိတ်ကို မလျှော့ဘူး။ ရုံးချုပ်က မ,ပို့ရင် ငါ့ဘာသာဖြစ်အောင် လုပ်မယ်ဆိုပြီး ကျွန်တော်ကိုယ်တိုင် ဆရာမတွေ မွေးထုတ်ဖို့ ဌာနေဆရာမတွေ ပေါ်ထွန်းဖို့ စိတ်ကူးရတယ်။ ခန္တီးမြို့ပေါ်က လေးတန်းအောင်တဲ့ သူလိုက်ရှာ တယ်။ အနည်းဆုံးတော့ လေးတန်းတော့အောင်ထားမှဖြစ်မှာလို့ သတ်မှတ် လိုက်တာ။

ခုနစ်တန်းလောက်အောင်တဲ့ စာပို့သမားလေး ကျော်သိန်းကို ဆေးရုံမှာ အမှုထမ်းမလား၊ သူနာပြုလုပ်မလားလို့ ကမ်းလှမ်းတော့ သူက လုပ်ချင် တယ်တဲ့။ နောက်တစ်ယောက်က ချင်းနဲ့နာဂ ကပြားခရစ်ယာန်ဘာသာဝင် ဟက်ဇက်ဆိုတဲ့ လူငယ်တစ်ယောက်ရတယ်။ မညွန့်ဆိုတဲ့ ကလေးမတစ်ယောက်နဲ့ မြနွယ်ဆိုတဲ့ ကလေးမလေးတစ်ယောက် စိတ်ဝင်စားတယ်ဆိုလို့ ခေါ်တယ်။ မြဆောင်၊ မြစံဆိုတဲ့ လူငယ်နှစ်ယောက်လည်း ရတယ်။ သူတို့ကို ကျွန်တော် အခြေခံသူနာပြု သင်တန်းပေးတယ်။ သူနာပြုတစ်ယောက် ထားသင့်ထားအပ်တဲ့ စိတ်ထား၊ သူနာပြုတို့ရဲ့ ပြောဆိုဆက်ဆံပုံတွေ၊ ဆေးရုံသုံးကိရိယာတွေရဲ့ အခေါ်အဝေါ် တွေ ကိုင်တွယ်အသုံးပြုနည်းတွေလည်းပါသလို တစ်ကိုယ်ရေ သန့်ရှင်းဖို့၊ လက်သည်းခြေသည်းတွေ အရှည်မထားရတာတွေရော၊ သင်ပေးတယ်။

ပေါင်းတင်ပုံ၊ ဆေးကြောပုံ၊ ပတ်တီးစည်းပုံတွေ သူတို့ကို တစ်နှစ်တိတိ သင်ပေးတယ်။ ကဲ မင်းတို့ အခြေခံ သူနာပြုစုနည်းတော့ တတ်ပြီ။ သူတို့ကို လူမျိုးစုတွေနဲ့ ဆက်ဆံတဲ့အခါ ဆက်ဆံပုံ ဆက်ဆံနည်းပါသင်ရတယ်။

တစ်နေ့တော့ သူနာပြုဆရာမ နော်မူကြည်က ကျွန်တော့်ကို လာတိုင် တယ်။ ဆရာလာပါဦး။ ဒီမှာ လာကြည့်လှည့်။ ဒီနေ့ ဆေးရုံက ဆင်းကြမယ့် လူနာတွေ ဆေးရုံကပစ္စည်းတွေ ပလိုင်းထဲထည့်နေကြပြီ၊ လာကြည့်လှည့် ဆရာ တဲ့။

ဟုတ်လည်းဟုတ်တယ်။ သူတို့ ခုတင်ခြေရင်းမှာ ချိတ်ထားတဲ့ ကိုယ် အပူချိန်နဲ့ လူနာမှတ်တမ်းစာရွက်တွေလည်း ယူကြတယ်။ ဆီးအိုးနဲ့ မစင်အိုး လည်း ပလိုင်းထဲထည့်တယ်။ ခြုံဖို့ပေးထားတဲ့ ဘာဘူစောင်ကို လိပ်ပြီး ချိုင်း ကြားညှပ်ထားတယ်။

ကျွန်တော် သိတယ်၊ နော်မူကြည်က အခုမှ သတိထားမိတာ။ ဒီလိုကိစ္စမျိုးက ကျွန်တော့်ကို အရင်ကလည်း လာပြောကြသူတွေ ရှိတယ်။ သူတို့ခများ ခိုးလိုက်မယ်ဟဲ့၊ ဝှက်လိုက်မယ်ဟဲ့ဆိုတဲ့ စိတ်မျိုး၊ စိုးစဉ်းမျှမရှိတာ ကျွန်တော် သိတယ်။ ဒီပစ္စည်းတွေက သူတို့ကို အပိုင်ပေးတဲ့ပစ္စည်းတွေလို့ အောက်မေ့လို့ အခုလိုယူတာ။

သူတို့ခန္ဓာကို အထက်ပိုင်းရော အောက်ပိုင်းကရော အလုံးတွေ ဘုတွေ အကျိတ်တွေ ကျွန်တော် အရှုယ်စုံခွဲစိတ်ပေးခဲ့ဖူးတာပေါ့။ အဲဒီခွဲလို့ထွက်လာတဲ့ အလုံးတွေ၊ ဖုတွေကို လွှင့်ပစ်ကြတာမဟုတ်ဘူး။ ဖက်နဲ့ထုပ်လား ထုပ်ရဲ့၊ ဘူးထဲထည့်လား ထည့်ရဲ့၊ တချို့က ပုလင်းထဲသွတ်ပြီး ကိုယ့်ဇာတိကို ယူသွားကြတာ။

နော်မူကြည်ကို ဆုံးမရတယ်။ သွားမပြောနဲ့နော်။ သူတို့ရှက်သွားလိမ့်မယ်။ သူတို့ကို အရှက်မရစေနဲ့။ နာဂတွေ အများအားဖြင့် အဝတ်အစားမလုံမခြုံ ဝတ်ကြတယ်။ ကျွန်တော်တို့နဲ့ ဘာသာစကား မတူဘူး။ ဒါကို ကျွန်တော်တို့က တစ်ကိုယ်ကောင်းဆန်ပြီး ငါတို့က ယဉ်ကျေးတယ်၊ သူတို့က ရိုင်းတယ်။ ဒီလို ယူဆကြတာ မှားတယ်။

ကျွန်တော်ရယ် ကျွန်တော့်တပည့် သာလူရယ်ခရီးသွားကြတယ်။ နာဂတွေဆီရောက်တဲ့အခါ လူကလေလည်တာ အသံကျယ်သွားရင် သူတို့နား အကြားမှာ ရှက်စရာကြီးဆိုတဲ့ အမူအရာပြပြီး ကြိတ်ပြုံးကြတယ်။ သူတို့က လေလည်တာကို ရှက်စရာ၊ အားနာစရာလို့ ယူဆကြတဲ့လူမျိုး။ သာလူ လေလည်တုန်းက ကြိတ်ပြုံးပြုံးရှက်စရာအမူအရာပြတာကို ကျွန်တော် သတိထားလိုက်မိတယ်။ တစ်ရက်တော့ ကျွန်တော်လည်း ပတာနီပဲလှော်တွေ ကြိုက်မှန်းသိလို့ အမေပို့ထားတဲ့ ပဲလှော်ခရီးသွားတော့ လမ်းမှာ ဝါးသွားတာ၊ တစ်နေရာမှာတော့ နှစ်ကိုက်ခွဲ သုံးကိုက်က လူကြားလောက်အောင် လေလည်တာ အသံမြည်သွားတယ်။

အရင်တစ်ခါသာ လူမို့ ရယ်ကြပြုံးကြတယ် ရှက်ကြတယ် ထင်တာ။ ဘယ်ဟုတ်လို့လဲ ကျွန်တော့်လည်း သူတို့က ကြိတ်ပြုံးပြုံးကြ၊ ရှက်ကြတာပဲ။ အဲဒီတော့မှ ကျွန်တော် သူတို့နဲ့ နေခဲ့တဲ့တစ်လျှောက် နာဂလေလည်တာ တစ်ခါမှ မကြားဖူးသလို ရှုလည်းမရှုဖူးဘူး။

* * *

## ထူးထွေတည့် . . .

ကျွန်တော် လေ့ကျင့်သင်ကြားပေးထားတဲ့ သူနာပြုလက်သစ်တွေက အလုပ်ကို ကျွမ်းကျင်ပိုင်နိုင်နေကြပြီ။ တစ်နှစ်ကြာ သူတို့ကို ပြုစုပျိုးထောင်ခဲ့တာ။ သူတို့အားနည်းချက်က အတန်းပညာနည်းတာပဲ။ သူတို့ထမင်း သူတို့စားပြီး သင်တန်းတက်ကြသူတွေ။ ကျွန်တော်က ပြန်ပြီး စောင့်ရှောက်ရမယ့် ဝတ္တရားရှိတယ်။ ဒါနဲ့ ဗိုလ်မှူးကြီးလှဟန် အပါအဝင် အစိုးရပိုင်းကို ကျွန်တော် စာတွေ ရေးတင်တယ်။ ဆရာမတွေပို့မယ်ဆိုတာ မရောက်ပါ။ ခန္တီးလို အရပ်မျိုးမှာ တခြားအရပ်က သူနာပြုများလာဖို့ ခက်ခဲဝန်လေးလိမ့်မယ်။ ဌာနေလူငယ်တွေကို ပြုစုပျိုးထောင်တာ အကောင်းဆုံးနဲ့လက်တွေ့အကျဆုံးပဲ။ စေတနာ သုံးတန်ပြဋ္ဌာန်းပြီး ခန္တီးဒေသ နာဂတောင်တန်းဒေသဖွံ့ဖြိုးဖို့ လုပ်ကိုင်နေပါတယ်။ မြေပြန့်ကနေ ပို့မယ့် သူနာပြုတွေဟာ စာတတ်ပေတတ်၊ လုပ်ငန်း ကျွမ်းကျင်သူတွေ ဖြစ်နိုင်ပေမဲ့ ဝါသနာနဲ့ အနစ်နာနဲ့ စေတနာအရင်းခံပြီး သူနာပြုအလုပ်ကို လုပ်မယ့်သူများအလိုရှိတဲ့အတွက် အခုအခါမှာ လူငယ်တချို့ကို ကျွန်တော် တစ်နှစ်တိတိ သူနာပြုစုနည်း သင်ကြားပျိုးထောင်ပြီး ဖြစ်ပါတယ်။

သို့အတွက်ကြောင့် ဒီလူငယ်လေးတွေကို အရည်အချင်းစစ်တဲ့ စာမေးပွဲတစ်ခု လာရောက်စစ်ဆေးပေးစေလိုပါတယ်။ အရည်အချင်းပြည့်မီခဲ့ပါရင် Word Servant တာဝန်ကိုတော့ ကျွန်တော့် မပေးချင်ဘူး။ သူနာပြုအကူ၊ အကူသူနာပြုတာဝန်ထမ်းရွက်ကြသူများ ဖြစ်စေချင်တယ်။ ကျွန်တော် ပြုစုပျိုးထောင်ပေးထားတဲ့လူငယ်သူနာပြု ရှစ်ယောက်ကို ဝန်ကြီးအနေနဲ့ တာဝန်ခန့်အပ်ပေးစေလိုပါတယ်။

ဝန်ကြီးဆီတင်မကဘူး ထိုက်သင့်တဲ့နေရာတွေ မိတ္တူတွေပို့တယ်။ ကျွန်တော်စာပို့ပြီး ရက်နှစ်ပတ်လောက်ကြာတော့ ဒီလူငယ်တွေရဲ့ သူနာပြုစုမှုအတတ်ကိုစစ်ပြီး အလုပ်ခန့်ထားရေးအတွက် အဖွဲ့တစ်ဖွဲ့ရောက်လာတယ်။ ကျွန်တော် ဝမ်းသာသလို လူငယ်တွေလည်း ဝမ်းသာကြ၊ ပျော်ကြတာပေါ့။ သူတို့ ဘဝ၊ သူတို့အနာဂတ် ဟုတ်ဘူးလား။ ပြီးတော့ တစ်နှစ်ကြာ ကိုယ့်စရိတ်ကိုယ်စား လေ့လာထားရတာလေ။ ရောင်နီသမ်းပြီ။ အဖူးအငုံဘဝက အပွင့်ပွင့်ရတော့မယ်။ လူငယ်တွေရဲ့မျက်နှာမှာ တက်ကြွရွှင်လန်းမှုအပြည့်ပ။

သူတို့ကို မေးတဲ့အခါ ကျွန်တော်ပါ အဲဒီအခန်းထဲ ဝင်ထိုင်တယ်။ လူကြီးတွေက ဒီလိုလုပ်တာ သိပ်မကြိုက်ကြဘူး။ ဒါပေမဲ့ မဝင်ရ၊ ဆရာ ထွက်ပေးပါ။ သူတို့မပြောချင်ဘူး။ ကျွန်တော်ကလည်း လူငယ်တွေနဲ့ ထပ်တူ ရင်ခုန်ချင်တာ။

သူတို့ ဘာတွေမေးသလဲ။ နောင်ဒီလိုသင်တန်းမျိုး ဖွင့်မယ် ဆိုရင် ကျွန်တော် ဘာတွေပြင်ဆင်ထားရမလဲ သိချင်တာ။ ပထမဆုံးစမေးတဲ့ မေးခွန်းက

"ခရိုင်ဆရာဝန်ကြီးကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲ"

ဖြေတဲ့ ခရစ်ယာန်လေးက

"ကင်ဒါ"

အားလုံးဝိုင်းရယ်ကြတယ်။ အဲဒီတော့ မနေသာဘူး။ ဒီပါးစပ်ကလည်း မနေတတ်မထိုင်တတ် ပါးစပ်လေ။

"ဥက္ကဋ္ဌကြီးရယ် ကျွန်တော်က သူတို့ကို သူနာပြုစုနည်းပဲ သင်ထားတာ၊ ဒီတိုင်းရင်းသားလေးတွေက ကျွန်တော့်နာမည်ရင်း သိန်းလှိုင်ဆိုတာတောင် ပီသအောင်ပြောတတ်ကြတာ မဟုတ်ဘူး။ ကျွန်တော့်ရာထူး တီအမ်အိုဆိုတာ လည်း သူတို့ သိကြမှာမဟုတ်ဘူး"လို့ ဝင်ပြောမိတယ်။

ကျွန်တော် ဝင်ပြောတာကို သူတို့ သိပ်ကြိုက်ပုံ မပေါ်ဘူး။

"ကျွန်တော့်ကို အထက်က အရည်အချင်းစစ်ချေဆိုလို့ လာစစ်တာလေ" တဲ့။

"ကဲ ဒီလိုဆိုရင်လည်း ကျွန်တော့်ရာထူးကို အင်္ဂလိပ်လို စာလုံးပေါင်း တတ်တဲ့သူ ဒီအထဲ ဘယ်နှယောက်ပါသလဲဗျာ၊ ကျွန်တော်တို့လုပ်ငန်းမှာ အသုံးဝင်တဲ့မေးခွန်းမျိုး မေးမှပေါ့"

နောက်မေးခွန်းတစ်ခု ပိုဆိုးသေးတယ်။

"ရွှေတိဂုံဘုရားရဲ့ ဉာဏ်တော် ဘယ်လောက်မြင့်သလဲ"

လာဖြေတဲ့ လူငယ်တွေက ခုနစ်တန်းအောင်တာ တစ်ယောက် နှစ်ယောက် ပါမယ်။ လေးတန်းလောက်တတ်ကြတာ။ ခရစ်ယာန်တွေရော၊ နတ်ကိုးကွယ်တဲ့ သူတွေရော၊ သူနာပြုအတတ်သင်ထားတာ၊ ရွှေတိဂုံဘုရားဉာဏ်တော် လာမေး တော့ ကျွန်တော် ဝင်ပြောရတော့တာပေါ့။

"ကျွန်တော် အမ်ဘီဘီအက်စ်အောင်ထားတဲ့ဆရာဝန်တောင် ရွှေတိဂုံ ဘုရားရဲ့ ဉာဏ်တော်အမြင့် မသိပါဘူးခင်ဗျာ"

ကျွန်တော့် လူငယ်တွေ မဖြေနိုင်တဲ့မေးခွန်းက များပါတယ်။ သူတို့ ဘယ်လိုအစီရင်ခံပြီး အောင်စာရင်းထုတ်သလား၊ ကျစာရင်းထုတ်ပြန်သလား ကျွန်တော် မသိဘူး။ ကျွန်တော်ကတော့ လက်တွေ့ကျကျပဲ၊ ကျွန်တော့် အခက် အခဲကို အထက်ထပ်ပြီး တင်ပြတယ်။ **တကယ်တော့ ဒီလိုလာပြီး စစ်ဆေးတဲ့ သူတွေဟာ ဆေးရုံလောကသား၊ ဆေးပညာလောကသားတွေဖြစ်ဖို့ ကောင်းတာ။ ဒါပေမဲ့ သူတို့ရှိတက်နေကြတာ မြန်မာ့နည်းမြန်မာ့ဟန်ဆိုရှယ်လစ်လမ်းစဉ်ဆို**

**တော့ မြန်မာ့နည်းမြန်မာ့ဟန် သောက်တလွဲတွေလည်း အများကြီး ကြုံကြရတယ်။**

ကျွန်တော့် ဆေးရုံမှာ သူနာပြုဆရာမတစ်ယောက်တည်းရှိပါတယ်။ လူနာတွေက ခြောက်ဆယ် ခုနစ်ဆယ်ကျော်တဲ့အခါ ကျော်ပါတယ်။ တစ်ခါတလေ ရှစ်ဆယ်ကျော်ပါတယ်။ တစ်ယောက်တည်းသော ဆရာမကို အင်အားထပ်ဖြည့်ပေးပါဆိုပေမဲ့ မလာရောက်နိုင်ကြတဲ့အတွက် ဌာနေလူငယ်လေး များကို လေ့ကျင့် သင်ကြားပြုစုထားပါတယ်။ သူတို့ကို အကူသူနာပြု၊ သူနာပြုလက်ထောက် Nursing Aid အဖြစ်နဲ့ ခန့်အပ်ပြီး လစာအဖြစ်နဲ့ တစ်လကို ကျပ်တစ်ရာ့ခြောက်၊ နှစ်တိုးနှစ်လ နှစ်ဆယ်ကျပ်နဲ့ ခန့်အပ်ပေးပါရန် တင်ပြအပ်ပါတယ်။ သင့်တင့်လျောက်ပတ်တဲ့ လစာနှုန်းထားဖြင့် စဉ်းစားနိုင်ပါတယ်။

ကျွန်တော့် ကုသိုလ်ကံဆိုတာထက် ဒီလူငယ်ရှစ်ယောက်ရဲ့ကုသိုလ်ကံပဲ။ ဝန်ကြီးဌာနက ခန့်တယ်၊ အသိအမှတ်ပြုတယ်၊ ဘယ်လောက်ဝမ်းသာစရာကောင်းလဲ။ ကျန်းမာရေးဌာနက အေအိုဝမ်း ဦးချစ်ဆွေက ကျွန်တော့်ကို ဂုဏ်ပြုစကားဆိုတယ်။ ဒေါက်တာသိန်းလှိုင်ရဲ့ စွမ်းဆောင်ချက်တွေကြောင့် စစ်ကိုင်းတိုင်း နာဂတောင်တန်းဒေသဟာ ကျန်းမာရေးဘက်မှာ စိတ်ချယုံကြည်ကိုးစားမှုတွေ ရလာပါပြီဆိုတာမျိုး၊ သူက ဆိုတယ်။ သူက ထပ်ပြီး ဆေးရုံတွေမှာရှိ ကြတဲ့ တံမြက်လှည်းတွေ၊ သန့်ရှင်းရေးလုပ်သား၊ အခြေခံအလုပ်သမားတွေ အလုပ်ဝင်ရာကနေ အသက်ကြီးလို့ ပင်စင်ယူတဲ့အထိ တံမြက်လှည်းက တံမြက်လှည်းဘဝက မတက်ရသူတွေ၊ ဒေါက်တာသိန်းလှိုင်သင်ကြားပို့ချသလို၊ အကူ သူနာပြုတွေအဖြစ် ဘဝမြှင့်တင်ပေးဖို့ သူက လူကြီးတွေဆီ တင်ပြတယ်။ လူ ကြီးတွေကလည်း ဆိုရှယ်လစ်သံ ညံနေတော့ အလုပ်သမားဘဝမြှင့်တင်ရေးတွေ ပြောကြ ဆိုကြချိန်လေ။ ဒါကြောင့် ဆေးရုံအသီးသီးမှာရှိတဲ့ အသက်ကြီးကြီး အခြေခံအလုပ်လုပ်ကြသူတွေအရေးတိုင်ပင်ကြတယ်။

ဒါပေမဲ့ သူတို့ခေါင်းခဲတာ ဒီအလုပ်က "အကူသူနာပြု"တဲ့။ မော်ဆရာရဲ့ တုတ်နဲ့တို့ပြီး "အပ်ချလောင်း"ဆိုလို့ အကူသူနာပြုဖြစ်တာ မဟုတ်ဘူး။ သူနာပြုတစ်ယောက်ရဲ့ အခြေခံသိသင့်သိထိုက်တာတွေ သင်ပေးဖို့လိုတယ်။ ကဲ ဒီလိုဆိုရင် ဘယ်သူသင်ပေးမလဲ။ မြို့နယ်ဆရာဝန်တွေခမျာ သူတို့ အလုပ်တွေက တစ်ဖက်၊ နောက်ပြီး ဒီကိစ္စ စိတ်မဝင်စားသူက အများသား။ အလုပ်သမားဘဝမြှင့်တင်တာတို့၊ ဆိုရှယ်လစ်အလုပ်သမားတို့ရဲ့ အနာဂတ်ဆိုတာမျိုးတွေ နားကြား

ပြင်းကတ်တာလည်း ပါပါလိမ့်မယ်။ ဘယ်သူမှ မသင်ချင်ကြဘူး။

ပြီးတော့ နောက်ပြဿနာတစ်ခုက သင်မယ့်ဆရာရှိပါပြီ ထားပါတော့၊ ဘာတွေ သင်ကြမှာတုံး။ သင်ရိုးက ဘယ်သူရေးမှာတုန်း။ ဆရာဝန်တွေ၊ ဆရာမတွေ အားကိုးအားထားပြုလောက်တဲ့ သင်ရိုး၊ ဆရာမတွေလောက်နီးနီး နားလည် တတ်ကျွမ်းစေမယ့် သင်ရိုး။

ဘုရားသခင်က ဖန်ဆင်းလိုက်ကတည်းက လူဆိုတာ အရူးအနှမ်း မဟုတ်ရင် ဦးနှောက်တွေက အတူတူလောက်ပါပဲ။ သိပ်ပြီး ကွဲပြားခြားနားမှု မရှိကြပါဘူး။ အကူသူနာပြုသင်တန်းမှာ သင်ကြားဖို့ သင်ရိုးဟာ အလွန် ခက်ခဲနက်နဲလှ တာ မဟုတ်ပါဘူး။ ဆရာမတွေ လုပ်နေကြတဲ့ အလုပ်တွေကို ဆရာဝန်တွေ အကုန်သိနေမြင်နေတာပဲ။ သူနာပြုဆရာမတွေရဲ့ လက်ထောက် တွေအဖြစ် ကူညီကြရမယ့် သူတွေတတ်အပ်တဲ့ ပညာဟာ မခက်ခဲပါဘူး။ မရေး ချင်ကြတာပါ။ခေါင်းရှောင်တာလည်း ဖြစ်ချင်ဖြစ်မယ်။ စိတ်မဝင်စားတာ ဖြစ်ဖို့ များတယ်။ တချို့ ပုဂ္ဂိုလ်များကလည်း မျက်နှာလိုအားရနဲ့ ဒီသက်ကြီးရွယ်အို လုပ်သားတွေကို အခုလို သင်ပေးတာကိုပဲ ဆိုရှယ်လစ်ဆိုတဲ့ စကားလုံး၊ အမြု တေတို့၊ လမ်းစဉ်ပါတီရဲ့ဦးဆောင်မှုဖြင့်ဆိုတာမျိုးတွေ ဇွတ်ထည့်ညှပ် ပြောတာ တွေကြောင့်လည်း ဖြစ်နိုင်တယ်။

တစ်နေ့သောအခါမှာ ကျွန်တော့်ဆီကို မှတ်ပုံတင်ပြီး ရုံးတံဆိပ်ဝိုင်းထု ထားတဲ့ စာတစ်စောင်လာတယ်။ ကျွန်တော် မမျှော်လင့်တဲ့ စာပါ။ စာပါ အကြောင်းရင်းကတော့ ကျွန်တော့်ကို အသိအမှတ်ပြုတဲ့ ဝါကျတစ်ကြောင်း၊ အကူသူနာပြုတွေကို ပြုစုပျိုးထောင်ဖူးတဲ့ အတွေ့အကြုံအရ သင်ရိုးညွှန်းတမ်း ရေးပေးပါဆိုတဲ့ စာပဲ။

ကျွန်တော် အသေးစိတ်တော့ ရေးမပေးဘူး၊ ခေါင်းစဉ်တွေ တန်းစီပြီး ရေးပေးလိုက်တယ်။ မှတ်ချက်အနေနဲ့ ထည့်ပေးလိုက်တာတော့ သူနာပြုစုလိုတဲ့ စိတ်ဓာတ်ပဲ။ ကိုယ်ချင်းစာနာမှု၊ ကြင်နာမှုတွေ လိုအပ်တယ်လို့ ရေးပေးလိုက် တယ်။ နောက်ထပ် စာပြန်မလာဘူး။ မြို့နယ်အသီးသီးက ဆရာဝန်တွေ ဒီ သင်ရိုးအတိုင်း သင်သလား၊ မသင်ဘူးလား ကျွန်တော်မသိဘူး။

ဒီကိစ္စက မပြီးသေးဘူး၊ ကျွန်တော့်ဆီ စာတစ်စောင်ထပ်ပို့တယ်။ အကူ သူနာပြုတွေကို ဘယ်လိုယူနီဖောင်းဆင်သင့်သလဲ။ ဩော် ဒုက္ခဒုက္ခ... ဒါကတော့ သိပ်ပြီးအရေးကြီးတဲ့ကိစ္စတော့ မဟုတ်ဘူး။ ဌာနတစ်ခုရဲ့တာဝန် အတော် အတန်ရှိတဲ့ ပုဂ္ဂိုလ်က ဘယ်လိုယူနီဖောင်း ဘာအရောင်ရယ်လို့ သတ်မှတ်လိုက် ရင် ပြီးတာပဲ။ ကျွန်တော့်ကိုပဲ သူတို့ သတိရ ရနိုင်လွန်းတယ်။ အကျီအဖြူနဲ့

ဘောင်းဘီ အညိုရောင်ဆင်လိုက်တယ်။ ဦးထုပ်ဆောင်းစရာ မလိုဘူး။ သူများနဲ့ မတူတဲ့ အရောင် စဉ်းစားရတယ်။ နောက်တော့ အရပ်ရပ်က ဆေးရုံတွေမှာ အကူသူနာပြုတွေ တချို့လည်း ပင်စင်သွားခါနီးအရွယ်တွေ အကျီအဖြူ ဘောင်းဘီအညို ရောင်တွေနဲ့တွေ့တဲ့အခါ သိပ်ပြီး ပီတိဖြစ်တာ။ သူတို့ကတော့ ကျွန်တော်ဘယ်သူလဲဆိုတာ သိကြမှာ မဟုတ်ဘူး။ သူတို့နဲ့ ကျွန်တော်နဲ့ ဆက်စပ်မှုရှိတယ်ဆိုတာလည်း ဘယ်သိကြလိမ့်မလဲ။

ပင်စင်ယူသွားကြဦးတော့ ပင်စင်လစာ လေးငါးဆယ် ကျပ်ပိုသေးတာပေါ့။ လေးငါးဆယ်ကျပ်ဆိုတာ အဲဒီအချိန်က တန်ဖိုးရှိတယ်လေ။

* * *

## မိုးကို ဒူးနဲ့ တိုက်ပစ်မယ့်သူများ

ကျွန်တော် ရန်ကုန်ကို အလုပ်တာဝန်နဲ့ဆင်းရတယ်။ ညွှန်ကြားရေးမှူးရုံးသွားရတယ်။ ခန္တီးက လာတာဆိုတော့ အနွေးထည်ကြီးနဲ့ တောစီးဖိနပ်နဲ့၊ ဘောင်းဘီက ဘာဘူစောင်ကို ချုပ်ထားတာ။ ဆရာဝန်တစ်ယောက်ဆိုတာ ယုံကြည်မယ်မထင်ဘူး။ ကျန်းမာရေးရုံးထဲမှာ ဝန်ထမ်းတွေရော အရာရှိတွေရော၊ ရောက်နေကြတဲ့ ဧည့်သည်တွေရော ထူးဆန်းတဲ့သတ္တဝါတစ်ကောင်ကို ကြည့်ကြသလိုမျိုး ဝိုင်းကြည့်နေကြတယ်။ သိတဲ့သူတွေကလည်း တီးတိုးတီးတိုး ပြောကြတယ်။ လက်ညှိုးထိုးသူကထိုး။ ဝန်ထမ်း အဲဒီအချိန်မှာ ညွှန်ကြားရေးမှူးရုံးမှာ တာဝန်ထမ်းနေတဲ့တစ်ယောက် သူ့ရုံးစားပွဲက ထလာပြီး မိတ်ဆက်တယ်။ ရိုရိုသေသေ နှိမ့်နှိမ့်ချချ မိတ်ဆက်တာပါ။ ကိုယ်ကလေး ရို့ပြီး ခေါင်းကိုငုံ့ရင်း

"ဒေါက်တာ နာဂသိန်းလှိုင်ပါလား ခင်ဗျာ"

"ဩော်... ဟုတ်ပါတယ်"

"ကျွန်တော် ဒီရုံးမှာ အမှုထမ်းတဲ့ ဒေါက်တာ စိုးဝင်းနိုင်ပါ ဆရာ"

"ဟုတ်လား တွေ့ရတာ ဝမ်းသာပါတယ်"

ကျွန်တော့်လက်ကို ကိုင်လျက် သူ့စကားကို ဆက်တယ်။

"ဆရာ ကျွန်တော် ဆရာ့နောက်လိုက်ပြီးတော့ ဆရာ့လို လုပ်ပါရစေ"

သူ့စကားကြားတော့ သူ့ကို ကျွန်တော်ကြည့်ပြီး ကြက်သေ သေနေမိတယ်။ သူက ကျွန်တော့်လက်ကို လွှတ်လိုက်မှ သတိဝင်သလိုဖြစ်ပြီး

"မလာချင်ပါနဲ့၊ စိတ်ကူးမယဉ်နဲ့၊ ဘဝတွေက ခက်ခဲကြမ်းတမ်းတယ်"

"မဟုတ်ပါဘူး၊ ကျွန်တော် နာဂတိုင်းရင်းသားတွေကို စိတ်ဝင်စားလို့ပါ"



"တကယ်ပြောနေတာလား"

"ဟာ ဆရာကလည်း တကယ်ပြောတာပါ"

စိတ်ထဲမှာ တော်တော်ကို ပျော်သွားတယ်။ ကံဇာတာတက်လာပြီလို့လည်း အောက်မေ့တယ်။ ဒါနဲ့ ဒေါက်တာဖေကြြင် ရုံးခန်းဝင်ပြီး ဒေါက်တာစိုးဝင်းနိုင် အကြောင်းပြောပြရတယ်။ ကျွန်တော်ပြောတာကို ဆရာဖေကြြင်က မယုံဘူး။

"သွားခေါ်ချေ၊ စိုးဝင်းနိုင်ကို သွားခေါ်ချေ"

အနားမှာရှိတဲ့ လူတစ်ယောက်က ဒေါက်တာစိုးဝင်းနိုင်ကို ခေါ်လာတယ်။

"မင်း ဒေါက်တာသိန်းလှိုင်ဆီ သွားချင်လို့ဆို"

"ဟုတ်ပါတယ် ဆရာ၊ ဒီဆရာ့လက်အောက်မှာ တာဝန်ယူချင်လို့ပါ"

"သေသေချာချာစဉ်းစားနော်၊ ခရီးဆိုတာ ငပလီ မဟုတ်ဘူး၊ မောင်းမကန် မဟုတ်ဘူး"

"ဟုတ်ကဲ့ စဉ်းစားပြီးပါပြီ ဆရာ"

သူ့ ဆုံးဖြတ်ချက်က ပြတ်သားတယ်။ ကျွန်တော် သူတို့ဌာနကို ပို့တဲ့စာတွေ သူဖတ်ရတာကြောင့်ဖြစ်နိုင်သလို၊ သူကိုယ်တိုင်လည်း ဝေးလံသီခေါင်တဲ့အရပ်တွေကို စိတ်ဝင်တစားစွန့်စားချင်တာလည်း ပါလိမ့်မယ်။ တကယ်လည်း ဒေါက်တာ စိုးဝင်းနိုင်ရောက်လာတာ ကျွန်တော့်အတွက် ခွန်အားဖြစ်စေတယ်။ သူ့ကို နေစရာအိမ်တစ်လုံး စီစဉ်ပေးလိုက်တယ်။

ဆေးရုံကို အချိန်မှန်သူလာတယ်။ ကျွန်တော့်ထက် ဝီရိယမလျော့ဘူး။ ဆေးရုံထဲမှာ ကျွန်တော့်ကို ရှိခိုးလေ့ရှိလို့ အဲဒီလို မလုပ်ဖို့ မနည်းတောင်းပန်ရတယ်။

"မောင်ရင် ကိုယ့်ကို မရှိခိုးပါနဲ့၊ ကိုယ့်ကို လေးစားရင် လူနာတွေကို မနက်မှာ ဂွတ်မောနင်း၊ နေ့လယ်မှာ ဂွတ်အာဖတာနွန်း၊ ညနေမှာ ဂွတ်အီဗနင်း လို့ နေ့စဉ်နှုတ်ဆက်ပါ။"

ဆရာဝန်ချင်း ဒီလိုပြောရင် သဘောပေါက်တယ်။ လူနာတွေကို အနည်းဆုံး တစ်နေ့သုံးကြိမ်သွားပြီး ကုသပြုစုပါလို့ စကားအလင်္ကာနဲ့ ပြောလိုက်တာ။

ဒေါက်တာ စိုးဝင်းနိုင်ရောက်လာလာ အကျိုးရှိတယ်။ ဒါပေမဲ့ ကျွန်တော် ကုသပြုစုရမယ့်ဒေသက အကျယ်ပြန့်ကြီး ကျယ်ပြန့်တယ်။ မြေပြင်ညီ လွင်ပြင်ဒေသ မဟုတ်ဘူး။ တောင်တက်တောင်ဆင်းရှိတဲ့ဒေသ၊ လမ်းပန်းဆက်သွယ်ရေးက ခက်ခဲတယ်။ ဒီလိုအရပ်မှာ အနေကြာလာတော့ ဆေးတက္ကသိုလ်

ကျောင်းသားဘဝက အတူတွဲပြီး ကျောင်းသားအရေးတွေ လုပ်ကိုင်ခဲ့ကြတဲ့ ဆရာဝန်တွေဆီ စာရေးတယ်။

သူငယ်ချင်းတို့ ငါရောက်နေတဲ့ ခန္တီးဒေသဆိုတာ မဖွံ့ဖြိုးသေးတဲ့အရပ်ဒေသပါကွာ။ နာဂတိုင်းရင်းသားတွေနေကြတယ်။ သူတို့ခမျာ ကျန်းမာရေး အသိနည်းရှာကြတယ်။ ဒီဒေသက အကျယ်ကြီးပဲ။ ရွာခင်းတွေ သိပ်လှတယ်။ ငါတစ်ယောက်တည်း သူတို့ကို ကုဖို့ ပညာပေးဖို့ဆိုတာ မဖြစ်နိုင်ဘူး။ နာဂတောင်တန်းရဲ့အလှ၊ နှစ်သက်စရာကောင်းတဲ့ ရှုမျှော်ခင်းတွေနဲ့ သာယာအေးမြတဲ့ဥတုရာသီကို ခံစားရင်း ငါနဲ့အတူတူ ဆေးကုသလှည့်၊ ကျန်းမာရေးပညာပေးလှည့်ပါလား။ လူသားချင်းအတူတူ သူတို့ခမျာ လူဖြစ်ရကျိုး မနပ်ရဘူးစတဲ့ ကျွန်တော် ဖြတ်သန်းမှုတချို့ပါတဲ့စာတွေ ရေးပြီးပို့တယ်။

တချို့က အကြောင်းမပြန်ကြဘူး။ စာမရောက်တာ မဟုတ်ဘူး၊ မှတ်ပုံတင်ပြီး ပို့လိုက်တာလေ။

တချို့က အကြောင်းပြန်တယ်။ မင်းကို ချီးကျူးသကွာ၊ ငါတော့ မလာနိုင်ဘူးဆိုတာမျိုး။

တချို့ကတော့ ဆဲတယ်။ မင်းသာရူးလို့ ဒီအလုပ်လုပ်နေတာ၊ ဘယ်သူတော့ဖြင့် တိုင်းတစ်ပါးကို ပညာတော်သင်သွားပြီဆိုတဲ့ စာမျိုးရေးကြတယ်။ ကျွန်တော် စိတ်ဓာတ်မကျပါဘူး။ တစ်ဦးနဲ့ဦး ဘဝပေးအခြေအနေချင်းမှ မတူကြပဲ။

ကျွန်တော် တောင်းထားတဲ့ဆရာဝန်တွေ ထပ်ရောက်လာတယ်။ စေလိုရာစေ ဆရာဝန်လို့ခေါ်ကြတယ်။ ဘယ်အရပ် ဘယ်ဒေသကို လွှတ်လိုက်ပါ။ ကျွန်တော်တို့သွားပြီး အမှုထမ်းပါမယ်ဆိုတဲ့ ဆရာဝန်တွေပေါ့။ သူရဲကောင်းသုံးယောက်က ဒေါက်တာတင်ရှိန်၊ ဒေါက်တာတင်မောင်ထွန်းနဲ့၊ ဒေါက်တာသန်းထွတ်တဲ့။ သူတို့ကို လူကြီးတွေက အမှာစကားပါးလိုက်တယ်။ အခက်အခဲမျိုးစုံကြုံရလိမ့်မယ်။ ကြံ့ကြံ့ခိုင်တဲ့ စိတ်ဓာတ်နဲ့ ကြုံလာသမျှ အခက်အခဲ တွေကို ကျော်လွှားပါ။ သုခနဲ့ဒုက္ခ၊ ဒုက္ခကများလိမ့်မယ်။ စိတ်ဓာတ်မကျကြ ပါနဲ့။ ဆေး ဝါးပြည့်စုံမှာမဟုတ်ဘူး။ မိသားစုရှိရင် ခေါ်မသွားကြစေချင်ဘူး။ နောင်အသားတကျဖြစ်တော့မှ အလည်အပတ်ခေါ်ရင်ခေါ်ပါ။ အခု မောင်ရင် တို့ကိုအလုပ် စခန့်လိုက်ပြီ။ ခရီးစရိတ် ခံစားခွင့်ရှိတယ်။ ထုတ်ပေးလိုက် မယ်။ ခန္တီးမြို့ကိုရောက်တဲ့အခါ ရဟတ်ယာဉ်တစ်စီးလာမယ်။ မောင်ရင်တို့ တာဝန်ကျတဲ့အရပ်ကို အဲဒီ တပ်မတော်ရဟတ်ယာဉ်က လိုက်ပို့လိမ့်မယ်။ စေလိုရာစေ ဆရာဝန်တွေကို ဝန်ကြီးဌာနက စနစ်တကျ စီစဉ်ပေးလိုက်တာ။ ဘယ်အထိ

စီစဉ်ပေးသလဲဆိုရင် . . .

မောင်ရင်တို့ တာဝန်ထမ်းဆောင်ရင်း မပျော်ပိုက်လို့ ပြန်ချင်တယ် ဆိုရင် ခရိုင်ဆရာဝန်ကြီးဆီ အကြောင်းကြားပါ။ သူက ခွင့်ပြုရင် ပြန်လာကြ။ အဲဒီလို ပြန်လာတဲ့အခါ မောင်ရင်တို့ တာဝန်ထမ်းဆောင်ချင်တဲ့အရပ်မှာ တာဝန်ထမ်းဆောင်ရစေမယ်။

ကျွန်တော့်ဆီကို ကြေးနန်းဝင်လာတယ်။ ဒီကြေးနန်းက ကောင်းသတင်းတွေ၊ မင်္ဂလာသတင်းတွေ ဆောင်လာမယ့် ကြေးနန်းလို့ ကျွန်တော် ထင်တယ်။ သူများလက်ဆောင်လာပေးတဲ့ ကြက်တွေထဲက ကြက်မတစ်ကောင် ကျွန်တော့်အိပ်ရာပေါ်တက်ပြီး ကြက်ဥ ဥချပြီးထွက်သွားတော့ ထူးတော့ ထူးဆန်းတယ်လို့ တွေးမိသား။ ကြေးနန်းမှာ လူငယ်ဆရာဝန်သုံးယောက် ဒီနာမည်တွေနဲ့ လာလိမ့်မယ်၊ လေယာဉ်ကွင်းမှာ သွားကြိုပါတဲ့။

ဒေါက်တာ တင်ရှိန်၊ ဒေါက်တာ တင်မောင်ထွန်း၊ ဒေါက်တာ သန်းထွတ်။ ကျွန်တော့်မှာ ကြေးနန်းစာကို ဖတ်တဲ့လက်ဟာ ဘာဖြစ်လို့ တုန်တုန်ယင်ယင် ဖြစ်နေမှန်းကို မသိဘူး။ ဘယ်နှခေါက်ဖတ်မိမှန်းမသိဘူး။ ဒေါက်တာ စိုးဝင်းနိုင်ကို ကြေးနန်းဖတ်ဖို့ပေးတယ်။ သူကလည်းဖတ်ပြီး ဝမ်းသာတာပေါ့။ ဒေါက်တာ ကျေးဇူးပြုပြီး တစ်ခေါက်လောက်အသံထွက်ဖတ်ပြလို့ မေတ္တာရပ်ပြီး သူ ဖတ်ပြတာ နားထောင်မိတယ်။

လေယာဉ်ဆိုက်မယ့်နေ့တော့ ဇနီးသည်အုန်းကို ဘုရားပန်းလဲကွာ၊ လာမယ့်ဆရာဝန်တွေ သွားလမ်းသာလို့ လာလမ်းဖြောင့်အောင် ဘုရားမှာ ဆုတောင်းကွာလို့ ပြောမိတယ်။ တိုင်းမှူးတွေ၊ ဝန်ကြီးတွေ လာမယ်ဆိုရင်တောင် ကျွန်တော် ဒီလောက်စိတ်မလှုပ်ရှားဘူး။ လေယာဉ်ကွင်းကို ဘယ်လိုဝတ်စားသွားရင် ကောင်းမလဲ။ ပုဆိုးဝတ်သွားမလား၊ ဘောင်းဘီရှည် ဝတ်ရင်ကောင်းမလား။ ရာသီဥတုအခြေအနေ သိချင်လို့ အိမ်ပြင်ထွက်ပြီး ကောင်းကင်မော့ကြည့်ရတာလည်း ခဏ ခဏ။ ပုဆိုးဝတ်ပါပြီတဲ့ ဘာပုဆိုးဝတ်မလဲ။ ဘာအရောင်လဲ။ ဘောင်းဘီပဲ ကောင်းပါတယ်။ ဘာဘောင်းဘီဝတ်မလဲ။ ကျွန်တော် စိတ်လှုပ်ရှား ဗျာများမိတယ်။

လေယာဉ်ချောချောမောမောဆိုက်တယ်။ ဆင်းလာတဲ့ခရီးသည်တွေကို ဘယ်သူဟာ ဆရာဝန်မလဲလို့ စောင့်ကြည့်ရတဲ့အရသာက ဖဲဝိုင်းမှာ ဖဲချပ်အပွင့်ကို ပွတ်ကြည့်ရတဲ့ အရသာနဲ့ ဆင်ဆင်တူတယ်။ အနားမှာရှိတဲ့ ဒေါက်တာ စိုးဝင်းနိုင်ကို ဆရာဝန်တွေ လာရင် ဘယ်သူဆရာဝန်ဆိုတာ ကျွန်တော့်ကို မပြောနဲ့။ ကျွန်တော့်ဘာသာ မှန်းဆကြည့်မယ်လို့ ပြောထားတယ်။ ကိုစိုးဝင်း

နိုင်ကလည်း ဘာမှမပြောဘဲ ကျွန်တော့်အနောက်မှာ သူ့ရဲ့ရှည်လျားတဲ့ အရပ်အမောင်းကြီးနဲ့ နေရိပ်ကာပေးထားတယ်။

"ဟိုဂျာကင် အပြာနဲ့ဟာ၊ သူ့နားကာ ဆွယ်တာလက်တိုနဲ့လူ၊ ပြီးတော့ ဟိုမျက်မှန်နဲ့တစ်ယောက်"

ဗီဇစိတ်က သိနေသလိုပဲ။ ကျွန်တော်မှန်းတာ မလွဲဘူး။ ညီငယ် ဆရာဝန် အသစ်တွေကြည့်ရတာ တက်ကြွရွှင်လန်းနေကြတဲ့ပုံပဲ။ အိမ်လွမ်းရုပ်၊ ချစ်သူ လွမ်းရုပ်မပေါက်ကြဘူး။ သေချာပေါက် နိုင်မယ့်ဘောအသင်းနဲ့ ယှဉ်ပြိုင်ကစား ကြမယ့် လက်ရွေးစင်ဘောသမားတွေနဲ့ တူတယ်။ ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်စရာမလိုဘူး။ သူတို့ကျွန်တော့်ကို သိတယ်။ သတင်းစာတွေ၊ စာစောင်တွေကတစ်ဆင့် မြင်ဖူးကြထင်ပါရဲ့။ ဒေါက်တာ စိုးဝင်းနိုင်နဲ့ပဲ မိတ်ဆက်ပေးရတယ်။

ဆေးရုံပဲ ခေတ္တနေရာချထားပြီး အနားယူခိုင်းတယ်။ နောက်တစ်နေ့ မနက်ကျတော့မှ သူတို့ကို ဆေးရုံမှာ ရောင်းလှည့်ရင်း၊ လူနာတွေကို ကြည့်ရင်း၊ သူတို့ကိုလည်း ဘယ်လိုကုသချက်တွေ ပေးထားတယ်ဆိုတာ ရှင်းပြရတယ်။ ကျွန်တော်ပြောတဲ့ဆိုတဲ့အခါ နိုင်ငံခြားက သာသနာပြု လာကြတဲ့ပုဂ္ဂိုလ်တွေရဲ့ ဇွဲနဲ့ စိတ်ဓာတ်ကို အတတ်ပညာပါပါ သူတို့နှလုံးသား ထဲကို တစိမ့်စိမ့် စိမ့်ဝင် အောင် ကြိုးစားပြောတယ်။ ပြီးတော့ တာဝန် ထမ်းဆောင်ရမယ့်အခါ ကြုံတွေ့ရမယ့် အခက်အခဲတွေကို ဒုက္ခလို့ မအောက် မေ့ဘဲ ကြိုးစားပြီး ကျော်လွှားနိုင်ဖို့ လည်း ပြောတယ်။ အခုထိတော့ ဆရာဝန်အသစ်သုံးယောက်ဟာ မိုးကို ဒူးနဲ့ တိုက်မယ်ဆိုတဲ့ စိတ်ဓာတ်တွေနဲ့ ရွှင်လန်းတက်ကြွနေကြတယ်။ သူတို့ကို ကြည့်ပြီး ကြည်နူးစိတ်ပေါ်တယ်။ သူတို့ရဲ့တက်ကြွမှုက ကျွန်တော့်ကို ရောဂါတစ်ခုလို ကူးစက်နေပါပကော။

* * *

## ထုသား ပေသား

ဆရာဝန်တွေ ချောချောမောမောရောက်ကြောင်း အကြောင်းပြန်ပြီး နှစ်ရက်နေတော့ ခလရ ၅၂ က ကားတစ်စင်းရောက်လာတယ်။ နောက် ရောက်တဲ့ ဆရာဝန်သုံးယောက်နဲ့ ကျွန်တော် စစ်ကားပေါ် တက်လိုက်သွား ကြတယ်။ တပ်ရင်းမှူးဒုဗိုလ်မှူးကြီးငွေဆန်းရှေ့ရောက်တော့ သူက အံ့သြတဲ့ မျက်နှာကြီးနဲ့

ဆီးပြီး

"အထုပ်အပိုးတွေက ဘယ်မှာလဲ"

"ဘာ အထုပ်အပိုးလဲ"

"ဆရာဝန်တွေကို တောင်ပေါ်ပို့ရမှာလေ။ ရဟတ်ယာဉ်လာနေပြီ"

"နိုး... နိုး... သူတို့ကို ရဟတ်ယာဉ်နဲ့ မပို့ဘူး"

"ဒီလိုဆိုရင် ဘာနဲ့ပို့မှာလဲ"

စကားကောင်းနေတုန်းမှာ ရဟတ်ယာဉ်သံ သဲ့သဲ့ကြားရာကနေ တဖြည်းဖြည်းအသံကျယ်လာတယ်။ ပြောလက်စကားကိုရပ်ပြီး ကျွန်တော်တို့ တရွေ့ရွေ့နဲ့နီးလာတဲ့ ရဟတ်ယာဉ်ဆီ လှမ်းမျှော်ကြည့်ကြတယ်။ ရင်းမှူးရဲ့ မျက်နှာမှာ ဒီလိုဆိုရင် ဘာနဲ့ပို့မှာလဲလို့ မေးပြီး အံ့အားသင့်နေတဲ့ မျက်နှာကြီး အထင်းသား။ ရဟတ်ယာဉ် ချောချောမောမော ဆင်းသက်တယ်။

"သူတို့ကို နာဂတိုင်းရင်းသားတွေနဲ့ ထပ်တူခံစားနိုင်အောင်လို့ ခြေကျင်ပဲ တက်ကြမယ်"

"ဗျာ"

ရင်းမှူးရဲ့ဗျာသံက လိုအပ်တာထက် ပိုကျယ်တယ်။ ဆရာဝန်အသစ်လေးသုံးယောက်ကိုကြည့်လိုက်၊ ကျွန်တော့်ကို အကဲခတ်လိုက်နဲ့ ဖြစ်နေတယ်။ ကျွန်တော် အပြောင်အပြက်ပြောနေတာမဟုတ်မှန်း သူ အကဲခတ်မိတယ်။ ရဟတ်ယာဉ်မှူးနှစ်ယောက်ဆင်းလာပြီး အနားရောက်တဲ့အခါ ရင်းမှူးကပဲ ဆီးကြိုပြီး ပြောလိုက်တယ်။

"အစီအစဉ် ပြောင်းသွားပြီ"

ရဟတ်ယာဉ်စက်သံကို ကျော်ပြီး အော်ပြောနေကြချိန်မှာ ရဟတ်ယာဉ်မှူးက

"ဘယ်လိုအစီအစဉ်ပြောင်းတာလဲ၊ ပြောင်းလို့ မရဘူး"

"မဟုတ်ဘူး၊ ရဟတ်ယာဉ်နဲ့ မသွားဖြစ်တော့တာ၊ အဲဒီ သုံးမြို့ကို ခြေကျင်ပဲ တက်ကြတော့မှာ၊ ဒုတပ်ရင်းမှူးက အဲဒီသုံးမြို့ရောက်ခဲ့ပြီလို့ပြော"

"မရဘူး၊ လော့ဂ်တင်ရတယ်"

ရင်းမှူးက အကျိုးသင့်အကြောင်းသင့် အေးအေးဆေးဆေး ရှင်းပြတော့မှ အဆင်ပြေပြီး ရဟတ်ယာဉ်က ပြန်လည်ထွက်ခွာသွားတယ်။

နောက်တစ်နေ့မှာ ကျွန်တော်တို့ရဲ့ခရီး စကြတော့တာလေ။ ကျွန်တော် ရောက်ခါစလို မဟုတ်ဘူး။ ဒီဆရာဝန်လေးတွေ သိပ်မပင်ပန်းကြရဘူး။ လားတွေပေါ် ဝန်တွေတင်ခဲ့ကြတာ။ လမ်းမှာ ရောက်တဲ့ရွာတိုင်း ဒါဆရာဝန်တွေ

ဆိုပြီး ဒေါက်တာ တင်ရှိန်၊ ဒါက ဒေါက်တာ တင်မောင်ထွန်း၊ ဟောဒီ ဆရာဝန်က ဒေါက်တာ သန်းထွတ်လို့ခေါ်တယ်ဆိုပြီး မိတ်ဆက်ပေးရတယ်။ စကားပြန်က တစ်ဆင့် ပြောရတာ။ ဒေါက်တာ တင်မောင်ထွန်းက လေရှီးမှာ တာဝန်ထမ်းရမှာ။ ဒေါက်တာတင်ရှိန်က အန်ဘော်မှာ တာဝန်ကျတယ်၊ ဒေါက်တာသန်းထွတ်က ထမံသီအထိသွားရမယ်။ ရောက်တဲ့ရွာမှာ လူနာရှိရင် ကုတယ်။ ခွဲစရာရှိရင် ခွဲတယ်။ သူတို့ကို သင်ရင်း ခွဲရင်း၊ ပါးစပ်ကလည်း လူမျိုးစုတွေရဲ့ရိုးရာဓလေ့တွေကို လေးစားအောင်၊ တန်ဖိုးထားတတ်အောင်၊ သူတို့ ယုံကြည်မှုကို မစော်ကားမိဖို့၊ ဆောင်ရန် ရှောင်ရန်တွေ ပြောရင်း ခွဲကြ၊ ကုကြတယ်။ တောင်ယာမသွား၊ အမဲလိုက်မသွားကြဘူးဆိုရင် သူကြီးကိုရွာရှိလူကုန်အခေါ်ခိုင်းပြီး တစ်ကိုယ်ရေ ကျန်းမာရေးအတွက် သူတို့ရဲ့ ရှည်လျားတဲ့ လက်သည်းတွေကို ညှပ်ပေးရတယ်။ သူတို့က လက်သည်းကို အရှည်ပဲထားချင်ကြတာ။ ဒါပေမဲ့ လက်သည်းရှည်ရင် လက်သည်းကြားထဲမှာ ကြေးတွေဝင်ပြီး ကျန်းမာရေးနဲ့ မညီတဲ့အကြောင်း ကိုသာလူကတစ်ဆင့် ပြောရတယ်။

သူတို့လက်သည်းတွေ ညှပ်နေတုန်းမှာ ကျွန်တော် လေလည်လိုက်တာ အသံအတော်ကျယ်တော့ သူတို့ရှက်ပြီး ထွက်ပြေးကြသေးတယ်။

လမ်းမှာ စိမ်းညို့နေတဲ့တောင်တန်းတွေကို ခံစားရင်း ခရီးနှင်ကြတယ်။ ခြေကုန်မသုတ်ပါဘူး။ သူတို့ သိပ်ပင်ပန်းမှာစိုးလို့ ခြေလှမ်းမှန်မှန်ပဲ လှမ်းတယ်။ လားတွေရဲ့ခလောက်သံတွေနဲ့ အမည်မသိ ငှက်လေးတွေရဲ့တေးဆိုသံဟာ ပေါင်းစပ်ခံစားတတ်ရင် သာယာနာပျော်ဖွယ်သိပ်ရှိတာ။

ဒေါက်တာ တင်ရှိန် အမှုထမ်းရမယ့် အန်ဘော်ကို အရင်ရောက်တယ်။ အန်ဘော်သူကြီးနဲ့ အရင်တွေ့ဆုံပြီး တပ်ကို ဒေါက်တာတင်ရှိန်နဲ့ မိတ်ဆက်ပေးတယ်။ သူနေရမယ့်နေရာမှာ ကျွန်တော်တို့ တစ်ညအိပ်ပြီး နောက်တစ်နေ့ ခရီးဆက်ကြတယ်။ ကျွန်တော် ဒေါက်တာတင်ရှိန်ကို အန်ဘော်မှာ မထားခဲ့ဘူး။ သူ့သူငယ်ချင်းတွေ အမှုထမ်းရမယ့်အရပ်ဒေသတွေကို ရောက်ဖူးအောင်၊ သူ့ပတ်ဝန်းကျင်က ရွာတွေ အခြေအနေသိအောင်၊ တိုင်းရင်းသားတွေရဲ့ဘဝကို စာနာတတ်အောင် ဆက်ပြီးခေါ်လာခဲ့တယ်။ သူကလည်း မညည်းမညူ လိုက်လာတယ်။

စိတ်ထဲမှာ ဖိုးသူတော်မျက်စိလည်လေ ဆွမ်းဆန်ရလေလို့ နှလုံးသွင်းကြတယ်ထင်ပါရဲ့။ ရောက်သမျှ ရွာ၊ တွေ့သမျှ လူ၊ လူနာတွေဟာ စိတ်ဝင်စားစရာချည်းပဲလေ။ မိတ်ဆက်ပေးလိုက်ရင် နာဂတွေက သူတို့ကို ဝိုင်းကြည့်နေကြတဲ့ မျက်လုံးမှာ ကြိုဆိုတဲ့မျက်လုံးတွေပါတယ်။ အားကိုးတဲ့အကြည့်

တွေ့ပါတယ်။ နွေးထွေးမှုတွေ့ပါတယ်။ ဒီတော့ သူတို့လည်း ပင်ပန်းလို့ ပင်ပန်းမှန်း မသိကြဘူး။

တကယ်လို့ ပင်ပန်းတယ်လို့ ခံစားမိပြီး အဲဒီအချိန်မှာ စိတ်ထဲကနေ ကျွန်တော့်ကို ကျိန်ဆဲမိကောင်း ကျိန်ဆဲမိရင်ကိစ္စမရှိဘူး။ သူတို့နောင်တစ်ချိန်ကျတော့ ဒေါက်တာသိန်းလှိုင်က ဘာဖြစ်လို့ ရဟတ်ယာဉ်ပေါ် တင်မပေးလိုက်တဲ့ ကုန်းကြောင်းသွားခဲ့ကြတယ်ဆိုတာ နားလည်ကြလိမ့်မယ်။ ရဟတ်ယာဉ်နဲ့သွားရင် သူ့သက်သာမယ်၊ ဘဝင်မြင့်မယ်၊ နာဂတို့ရဲ့ဘဝကို မသိနိုင်ဘူး။ ဘဝတွေကို မစာနာရင် သာသနာပြုပုဂ္ဂိုလ်တို့ရဲ့ စိတ်ဓာတ်မျိုး မရနိုင်ဘူး။ ဘဝမြင့်ရင် အများထုနဲ့ ကင်းကွာပြီး ဆေးစွမ်းမထက်ဘဲ နေကြတော့မှာ။ ဒီအကျိုးအကြောင်းတွေကို ပါးစပ်ကပြောပြီး ရဟတ်ယာဉ်ပေါ် တက်လိုက်သွားကြရင် ကျွန်တော်ပိုသက်သာမှာအမှန်ပဲ။ ဒါပေမဲ့ သူတို့ ဘဝတစ်သက်တာအတွက် လက်တွေ့ကွင်းဆင်းဖြတ်သန်းရာကနေ ဘဝ ဖြတ်သန်းနေထိုင်နည်းရသွားမယ်။ အဲဒီလိုရသွားတဲ့နည်းက ဘယ်တော့မှ မေ့ပျောက်လို့ ရမယ်မထင်ဘူး။

ဒေါက်တာ တင်မောင်ထွန်းသွားရမယ့် လေရှီးကိုသွားကြတော့လည်း လမ်းမှာ ရွာတွေဝင်မိတ်ဆက်ပေး၊ လူနာတွေရှိရင်ကု၊ ဒီလမ်းစဉ်အတိုင်း သွားကြတာ။ ရေချိုးအဆင်ခြင်ခိုင်းရတယ်။ ငှက်ဖျားဂရုစိုက်ခိုင်းရတယ်။ လေရှီးဘက်မှာ ခရစ်ယာန်ကိုးကွယ်သူတွေရှိတယ်။ ဒေါက်တာတင်ရှိန်ရဲ့ အန်ဘော်နယ်နဲ့မတူဘူး။ နည်းနည်းပိုပြီး ဖွံ့ဖြိုးတဲ့အရပ်။ ဒေါက်တာသန်းထွတ်ကိုလည်း ထမံသီအထိ လိုက်ပို့ကြတယ်။

ဒေါက်တာတင်မောင်ထွန်းက လေရှီးရောက်တဲ့အခါ သူ့ဝန်းကျင်ကို အကဲခတ်လေ့လာပြီး လက်ပမ်းပေါက်ထခတ်တယ်။

"ဆရာသိန်းလှိုင် နာဂတွေအပေါ်မှာ ဩဇာရှိသလိုမျိုး လေရှီးနယ်မှာ ကျွန်တော့်ဩဇာဖြစ်ထွန်းရမယ်ဆရာ"တဲ့။

"ဟုတ်လား အေးကောင်းတာပေါ့ကွာ"ဆိုပြီး သူ့လက်ကိုဆွဲပြီး နှုတ်ဆက်လိုက်တယ်။ ကျွန်တော်လည်း ဒီလိုပဲ ဖြစ်စေချင်တယ်။ လေရှီးဒေသကလည်း သာယာတဲ့ဒေသ။ ဒါပေမဲ့ ရာသီဥတုကတော့ ပြင်းတယ်။

ကျွန်တော် သူ့လက်ကို ဆွဲပြီးနှုတ်ဆက်ရင်း ဝမ်းသာစကားပြောလိုက်တယ်။

"ငါ့ရဲ့ ခြေရာကို နင်းသူဟာ တပည့်ကောင်းပဲ။ ဒါပေမဲ့ ငါ့ထက်ပိုပြီး ကြိုးစားလို့ ငါ့ကို ကျော်သွားရင်တော့ ငါ့ဆရာပဲ၊ ကြိုးစားကွာ၊ ကြိုးစားရင် မဖြစ်နိုင်တာ မရှိဘူး"

ဒီစကားတွေ ကြားတဲ့အချိန်မှာ သူ့ရဲ့မျက်လုံးအိမ်မှာ မျက်ရည်တွေစို့နေသလို ကျွန်တော့်မှာလည်း မျက်ရည်တွေဝဲလို့။ ဒေါက်တာတင်မောင်ထွန်း သူ့အပြောနဲ့အညီ အလုပ်လုပ်တာ လက်တွေ့တွေ့ရတယ်။

သူတို့ကို ထားခဲ့ပြီး လေးလလောက်ကြာတော့ ရာသီဥတုက ပွင့်လင်းစပြုတော့ ရင်းမှူး ဒုတိယဗိုလ်မှူးကြီးငွေဆန်းရဲ့ လေရှီးဘက်ရောက်သွားတယ်။ လေရှီးမြို့ကိုဝင်ဖို့ ကုန်းအတက်လေးမှာ နာဂတွေက ကျွန်တော်တို့အဖွဲ့ကို တားတယ်။ မဝင်ရဘူး။ သူတို့သူကြီးက ဝင်ခွင့်ပေးမှ ဝင်ရမယ်တဲ့။ ရင်းမှူးလည်း ဟုတ်၊ ခလက ဥက္ကဋ္ဌလည်း ဟုတ်တဲ့ရင်းမှူးက နည်းနည်းတော့ ကွဲမြီးတိုတာပေါ့။ လူငယ်တစ်ယောက် သူကြီးသွားခေါ်တယ်။ သူကြီးက ချက်ချင်းလိုက်လာတယ်။ သူကြီးနဲ့အတူ ဒေါက်တာတင်မောင်ထွန်းပါ ပါလာတယ်။ ကျွန်တော့် တို့ကို တွေ့တော့ သူတို့အားရဝမ်းသာဆီးကြိုပြီး တားထားတဲ့ တံခါးကို အဖွင့်ခိုင်းတယ်။ သူကြီးက ဒေါက်တာကို လှမ်းအကြည့်မှာ ဒေါက်တာတင်မောင်ထွန်းက ခေါင်းညိတ်ပြလိုက်တာ တွေ့ရတယ်။ ကျွန်တော် သူရဲ့ လုပ်ကိုင်နေပုံ ကောင်းကောင်းအကဲခတ်မိတယ်။ မြို့ထဲ ဝင်သွားကြတော့ ကုန်းမြင့်ကလေးတက်လိုက်တော့ အတော်အံ့သြသွားမိတယ်။ နာဂတွေ တန်းစီပြီး ကြိုဆိုနေကြတာလေ။ ရှေ့ပိုင်းက ကလေးတွေ၊ နောက် လူငယ်တွေ၊ နောက်နားက လူကြီးတွေ၊ ငယ်စဉ် ကြီးလိုက် တန်းစီပြီး ကြိုဆိုကြတာ။

အပျိုမလေးတစ်ယောက်က ကျွန်တော့်ဖို့ လေရှီးမှာ ယက်တဲ့ လက်ယက်ဂျပ်ခုတ်ရိုးရာ ခြုံထည်တစ်ထည် အရင်ဆုံးလက်ဆောင်ပေးတယ်။ ပြီးတော့ ရင်းမှူးကြီးကို တစ်ထည်ပေးတယ်။ ပေးတာမှ ယဉ်ယဉ်ကျေးကျေး၊ လက်ကလေးနှစ်ဖက်နဲ့ ကိုင်ပြီး ခါးကလေးညွှတ်ပေးတာ။

ဒေါက်တာ တင်မောင်ထွန်းကို လှမ်းကြည့်လိုက်တော့ သူ့ခမျာ ဒီလို ကြိုဆိုရတာကို ပီတိဖြစ်နေတဲ့ပုံ ပေါ်နေတယ်။ ကျွန်တော်လည်း လေရှီးမြို့သူမြို့သားတွေနဲ့ လပိုင်းအတွင်းမှာ အသားကျလွယ်တဲ့ သူ့ကို စိတ်ထဲက ချီးကျူးမိတယ်။

* * *

# ကြောက်ရောဂါ

ကျွန်တော့်ဘဝမှာ ကံကောင်းထောက်မမှုတွေလည်း ရှိခဲ့တာတော့ ဝန်ခံရလိမ့်မယ်။ လူဆိုတာ အမြဲတမ်းတော့ ဘယ်ကံဆိုးမလဲ။ အဆိုး အနိမ့်အမြင့် အတက်အကျတွေ ကြုံရမယ်ဆိုတာ အသက်အရွယ်နဲ့ အတွေ့အကြုံများလာတော့ ကျွန်တော်တဖြည်းဖြည်းသိလာတယ်။ ဒေါက်တာ စိုးဝင်းနိုင်ကျွန်တော့်ဆီရောက်လာတာဟာ ကံကောင်းခြင်းတွေထဲ တစ်ခု ဖြစ်သလို သူ့ရဲ့ ကောင်းသုံးယောက်ဖြစ်တဲ့ စေလိုရာစေ ဒေါက်တာရှိန်၊ ထွန်း၊ ထွတ်တို့ သုံးယောက်ရောက်လာတာကလည်း ကျွန်တော့်အတွက်သာမက နာဂတိုင်းရင်းသားတွေအတွက် ကံကောင်းခြင်းလက်ဆောင်တွေပါပဲ။

ဒေါက်တာစိုးဝင်းနိုင်ဟာ ခင်မင်စရာအလွန်ကောင်းပြီး မျက်နှာလွှဲရတဲ့ ဆရာဝန်တစ်ဦးပါ။ ကျွန်တော် တောင်ပေါ်တက်တဲ့အခါ ဆေးရုံအလုပ်တွေ သူတစ်ယောက်တည်း ဒိုင်ခံလုပ်ရ၊ ဖြေရှင်းရ၊ ကုသနိုင်စွမ်းတဲ့ဆရာဝန်ပါ။ ကျွန်တော့်ကို ခင်မင်လေးစားလိုက်ပုံကတော့ နှစ်ယောက် မရှိဘူး။ အလုပ်ကိုလည်း လေးစားတယ်။ ဆေးရုံကို နောက်မကျစေရဘူး။ ကျွန်တော့်မူက စောရင်သာ စော၊ အတတ်နိုင်ဆုံး နောက်မကျစေနဲ့ဆိုတဲ့မူ။ ဒီမူကို သူ လက်ခံတယ်၊ လိုက်နာတယ်။ လူနာတွေကို ဂရုစိုက်ပါ၊ ကြင်နာစွာ ဆက်ဆံပါလို့ မှာထားတာ၊ ဒါလည်း သူလိုက်နာတယ်။ စိတ်နှလုံး သိပ်နူးညံ့တဲ့ပုဂ္ဂိုလ်။

ကျွန်တော့်မှာ အကြောင်းကြောင့်ကြောင့် စိတ်လိုက်မာန်ပါ ပြောမိဆိုမိ ရှိတဲ့အခါ ရှိတယ်။ သူ့ကို မချစ်လို့၊ မကျေနပ်လို့ ပြောမိဆိုမိတာ မဟုတ်ဘူး။ လာဘ်မမြင်ရကောင်းလား၊ ဒါလေးမှ မလုပ်တတ်ရကောင်းလား၊ မသိရကောင်းလားဆိုတဲ့ ကရုဏာဒေါသောနဲ့ မာမာထန်ထန်ပြောမိတဲ့အခါလည်း ရှိတယ်။ ဒါကို ကျွန်တော်ရိုးသားစွာ ဝန်ခံတယ်။ အဲဒီအခါ ဆရာစိုးဝင်းနိုင်ခမျာ ကျွန်တော် ပြောမိဆိုမိတဲ့အတွက် ယူကျုံးမရဖြစ်ပြီး ဝမ်းနည်းနေတတ်တယ်။ ဒါတွေ ကျွန်တော်ပြန်သိရတော့ စိတ်မကောင်းဖြစ်မိတယ်။ နောက်ကို ဆင်ခြင်မှလို့ အောက်မေ့မိတယ်။ ကျွန်တော်အရိယာသူတော်စင်တစ်ယောက်၊ တရားထူး တရားမြတ်ရထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်မဟုတ်လေတော့ ဒေါသမောဟဆိုတာ ဘယ်ကုန်စင်မလဲ။ ဒီတော့ လွှတ်ခနဲ ပြောတာတွေရှိပေမဲ့ သတိကလေးဝင်တဲ့အခါ လေသံလျှော့ပြီး စကားလုံးပြောင်းပစ်ရတယ်။ ဒါပေမဲ့ သူ စိတ်ဓာတ်မကျဘူး။ ကြိုးစားတယ်။

ကျောက်ရောဂါဟာ မြန်မာပြည်မှာတစ်ချိန်တုန်းက အတော်နှိပ်စက်ခဲ့

တာကို အသက်ကြီးသူတွေ မှတ်မိကြလိမ့်မယ်။ မန္တလေး၊ ရန်ကုန်၊ ပဲခူး၊ မော်လမြိုင်၊ ရွှေဘို၊ မုံရွာ စတဲ့မြေပြန့်မှာတင်ဖြစ်ပွားတဲ့ရောဂါမဟုတ်ဘူး။ ဝေးလံတယ်၊ ခေါင်တယ်၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတယ်၊ လူသူ မနီးပါဘူး၊ ဘာသာစကားမတူ ကွဲပြားပါတယ်ဆိုတဲ့ နာဂတောင်တန်းကိုလည်း အဲဒီမိစ္ဆာကျောက်ရောဂါက မဖိတ်မခေါ်ဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတတ်တယ်။ အတော်နှိပ်စက်တဲ့ရောဂါပါ။ အပျက်အစီး အလေ အလွင့်ရှိတဲ့ ရောဂါပါ။ ရွာလုံး ကျွတ်တဲ့ကျောက်ရောဂါပါ။ သူတို့ နတ်ဆရာ ခိုင်းတဲ့အတိုင်း ပသ၊ ပူဇော်တဲ့ နည်းနဲ့ ကုသကြတယ်။ နတ်ဆရာပါ အလွတ်မပေးဘူး။ သူတို့မှ ထွက်ပြေးစရာ မြေကလည်း မရှိဘဲကိုး။

နာဂတောင်တန်းကို ကျောက်ရောဂါပပျောက်ရေး စီမံချက်ဆွဲတဲ့အခါ ထည့်ဆွဲတယ်။ တောင်ပေါ်ကိုတက်တော့ ကျောက်ဆေးတွေပါ တင်သွားတယ်။ ကုစရာလူနာကု၊ ခွဲစရာလူနာရှိရင် အကျိတ်၊ အဖု၊ အလုံးတွေခွဲ၊ ပြီးတော့ ကျောက်ဆေးလည်းထိုးပေးရတယ်။ နာဂတွေခမျာ ကျောက်ဆေး အထိုးခံရ တာကို မကြိုက်ဘူး။ ကြောက်ကြတယ်။ ဆေးက ယင်းတတ်တာကိုး။ အဲဒီ ယင်းတဲ့ အနာကို သူတို့မကြိုက်ဘူး။ အခန့်မသင့်ရင် ဖျားသေး။ ငှက်ဖျားအခံကလည်း ရှိတယ်လေ။ ချိတ်ကောက်လေးနဲ့ခြစ်ပြီး ကျောက်ဆေးထိုးတာကို မနည်းစည်းရုံးဟောပြောရှင်းပြပြီးမှ ထိုးလို့ရတယ်။ ကျောက်ဆေးထိုးပြီး ထပြန်လို့ရတာ မဟုတ်ဘူး။ သူတို့ကျောက်ဆေးထိုးပြီး ယင်းတဲ့သုံးလေးရက် သူတို့နဲ့အတူ နေပေးရသေးတာ။ ဒါမှလည်း သူတို့က သဘောကျတာ။ သူတို့ကို ပစ်စလက်ခတ်လုပ်မသွားဘူး။ အနာယင်းတဲ့အခါ အားကိုးစရာ ငါတို့ဆရာရှိတယ်ဟော့လို့ သူတို့ စိတ်ထဲအောက်မေ့ပြီး အားရှိကြတယ် ထင်ပါရဲ့။

ဒေါက်တာစိုးဝင်းနိုင်ရောက်လာတဲ့အခါ တောင်ပေါ်ကို တက်ရတာ နောက်ဆံတင်းစရာမလိုတော့ဘူး။ ကျွန်တော် စိတ်အေးလက်အေးခရီးသွားလို့ ရတယ်။ သူ့ကို တောင်ပေါ်လိုက်ခဲ့လို့ မခေါ်ဖြစ်ဘူး။ မခေါ်ဖြစ်တာထက် မခေါ်ရက်တာ။ မခေါ်ရက်တာ အကြောင်းနှစ်ကြောင်းကြောင့် မခေါ်ရက်တာ။ သူပါ တောင်ပေါ်လိုက်လာရင် ဒီဆေးရုံကို အားကိုးပြီး လာနေကြတဲ့လူနာတွေ အခက်ခဲတွေ့မယ်။ ဒါကိုထောက်ထားပြီး မခေါ်တာ။ နောက်တစ်ခုက သူ လိုက်လာရင် စိတ်ဆင်းရဲမှာ။ တောင်ပေါ်မှာ အစားအသောက် သိပ်ဆင်းရဲတယ်။ အသားဟင်း အဝေးကြီး၊ ကြုံကြိုက်ရင်လည်း မီးကင်ရင်ကင်၊ မကင်ရင် ရေလုံပြုတ်။ ဝက်သား မြင်ရခဲတယ်။ စားရရင်လည်း ဝက်မွေးတွေ အတိုင်းသား။ ကျွန်တော်တို့ကို မသဒ္ဓါလို့ မဟုတ်ဘူး။ စားစရာကို မရှိကြတာ။ တောင်ပေါ် အစားအစာ သူ စားနိုင်မှာ

မဟုတ်ဘူး။ ဆရာစိုးဝင်းနိုင်က တစ်နေ့တော့ တစ်ခါမှမပြောဖူးတဲ့ စကားတစ်ခွန်း ဆိုလာတယ်။

"ကျွန်တော် အနီးအနားရွာတွေဘက်သွားပြီး ကျောက်ဆေးထိုးပါရစေ ဆရာရယ်"တဲ့။

ကျွန်တော်ကလည်း ဟုတ်ပေသားပဲ။ သွားသင့်တာပေါ့။ သူ့ခမျာ ဆေးရုံမှာပဲ တကုပ်ကုပ်နဲ့ အလုပ်လုပ်နေရတာ။ သွားချင်မှာပေါ့။ ဒေသန္တရ ဗဟုသုတလည်းရတာပေါ့။ ကျောက်ဆေးထိုးတာ နိုင်ငံတော်က ချမှတ်တဲ့စီမံချက်ပဲ။ ဆရာဝန်တစ်ယောက်အနေနဲ့ တစ်တပ်တစ်အား ပါဝင်သင့်တယ်၊ ဒီလို စဉ်းစားပြီး

"ကောင်းတာပေါ့ သွားလေ"

လို့ခွင့်ပြုလိုက်တယ်။ မဝေးပါဘူး။ ခန္တီးကနေ စက်လှေလေးနဲ့ ခဏ မောင်းရတဲ့ ပဒူးမုန်းဆိုတဲ့ ရွာကလေးနားဆီသွားတာ။ သွားပြီး မကြာဘူး။ ပြန်လာတယ်။ တကယ်ဆိုရင် မနက်သွား၊ ညနေ နေဝင်ရီတရောလောက်မှ ပြန်လာရမှာ။ အခုဟာ မွန်းတောင်မလွဲသေးဘူး ဆရာစိုးဝင်းနိုင် ပြန်ရောက်လာတယ်။ မျက်နှာကလည်း ဖြူဖပ်ဖြူရော်နဲ့။ တစ်ခုခုတော့ ဖြစ်လာပြီလို့ ကျွန်တော် ထင်လိုက်တယ်။

"ဘယ်လိုဖြစ်လို့ အစောကြီးပြန်လာတာလဲ ဆရာ"

"ဟာ မပြောချင်ပါဘူး၊ ဒီမှာကြည့်"တဲ့

သူ့လက်ထဲမှာ ကိုင်ထားတဲ့ သူ့တိုက်ပုံအင်္ကျီကို ဖြန့်ပြတော့ နာရီ ထည့်တဲ့ အိတ်ထောင့်လေးနားကပ်ပြီး လက်သုံးလုံးလောက်ပြဲနေတာ။

"ဘာနဲ့ငြိလို့လဲ ဆရာ"

"ငြိတာမဟုတ်ဘူး ဆရာ၊ နာဂက လှံနဲ့ထိုးတာ၊ ဒေါက်တာ ရှောင်တာ မြန်ပေလို့"

စကားပြန်လိုက်သွားသူ ကိုဘဖေက ဝင်ပြောတယ်။ နာဂတွေက ခွဲရင် စိတ်ရင်းသာခံချင်ခံမယ်၊ ကျောက်ဆေးတော့ အလွန်ကြောက်တာ၊ နာဂတောင်တန်း "ကျောက်ဆေး"ရဲ့ ရေးထုံးကို ရရစ်နဲ့ "ကြောက်ဆေး"လို့ ပြောင်းရမလို ဖြစ်နေပြီ။ ဒီရွာနဲ့ ဒေါက်တာစိုးဝင်းနိုင်နဲ့ မရင်းနှီးတာလည်းပါသလို၊ ဆရာက လည်း အလုပ်တွေချင်ဖော၊ ဒီရွာပြီးရင် နောက်တစ်ရွာကူးပြီး ကျောက်ဆေးထိုး ချင်နေလေတော့၊ ရွာကို ကျောက်ဆေးရောဂါကြောက်စရာကောင်းပုံ၊ ကျောက် ဆေးရဲ့ အစွမ်းထက်မြက်ပုံ၊ ကျောက်ဆေးရဲ့အာနိသင်တွေ ဟောပြောတာ၊ ရှင်းပြ တာ၊ ဆွဲဆောင်တာ မလုပ်ဘဲ၊ ကောက်ကာ ငင်ကာထိုးတော့ ဟိုက လှံနဲ့ ထိုး လိုက်တာ။

ကျွန်တော် သူ့ကို စိတ်ဓာတ်မကျဖို့ အားပေးစကားပြောရတယ်။ ဒီကိစ္စက ရဲမှာ အမှုဖွင့်ဖို့ကလည်း ဆရာစိုးဝင်းနိုင်ကိုယ်တိုင်က မဖွင့်ချင်ဘူး။ ကျွန်တော်လည်း ဖွင့်လို့မကောင်းဘူးလို့ ယူဆတယ်။

* * *

## မများသော ရှေ့နေ

ကျွန်တော်နေခဲ့တဲ့ကာလတွေမှာ မိတ်ဆွေတွေ တော်တော်များများဖြစ်ခဲ့တယ်။ သူတို့ ကျွန်တော့်ကို ချစ်ကြခင်ကြတယ်၊ လေးစားကြတယ်လို့ ထင်မိတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော် သူတို့အကျိုးအတွက် အလုပ်လုပ် နေတာ၊ လုပ်ခဲ့တာ။ သူတို့ပျက်စီးရာပျက်စီးကြောင်း ကျွန်တော်တစ်ခုမှ မလုပ် ဖူးဘူး။ ဒီကြားထဲကမှ ကျွန်တော့်အပြုအမူ အပြောအဆို အနေအထိုင်ကို ကြည့်မရ၊ မကြားချင်၊ နှာခေါင်းရှုံ့တဲ့သူလည်း ရှိနိုင်ပါတယ်။

ကိုဖိုးရှမ်းနဲ့ မစိန်တို့ ဇနီးမောင်နှံကတော့ ကျွန်တော်တို့ ဇနီးသည်အုန်းတို့နဲ့ ဆွေမျိုးလိုပဲ ခင်ကြတယ်။ သူတို့သဘောကောင်း၊ မနောကောင်းကြတယ်။ ပြီးတော့ ခေါက်ဆွဲဆိုင်လေးဖွင့်ထားကြတယ်။ ဖွင့်တယ်ဆိုတာ ထက်ပိတ်ထားတာများလို့ ဘယ်လိုပြောရမှန်းမသိဘူး။ ခန္တီးမှာ သားငါး မပေါဘူး။ စားချင်လို့ ဈေးမှာ သွားဝယ်လို့မရဘူး။ လုံးဝ မရတာတော့ မဟုတ်ဘူး။ တစ်ခါတလေမှ ရတယ်။ ကြက်ကို ကိုယ့်ဘာသာ အိမ်မှာ မွေးစားကြတာများတယ်။ ဝက်တို့ အမဲတို့ပေါ်မှ စားကြရတာ။ မစိန်တို့လင်မယား ဝက်သားလေးရတဲ့အခါ ကြက် သားလေးရတဲ့အခါ သူတို့ရဲ့ မိသားစုခေါက်ဆွဲဆိုင်လေးဖွင့်လိုက်။ အသားမရတဲ့အခါ ဆိုင်လေး ပိတ်ထား လိုက်၊ ဒီလိုနေကြရှာတာ။ ဒါကြောင့် တချို့လတွေမှာ သူတို့ဆိုင်က ဖွင့်တဲ့ ရက်ထက်ပိတ်တဲ့ရက်တွေ များနေတတ်တယ်။

ခေါက်ဆွဲဆိုင်ဖွင့်တာ ပိတ်တာနဲ့ သူတို့လင်မယား သားသမီးများ တာနဲ့ဆက်စပ်သလား မဆက်စပ်ဘူးလား၊ လူမှုဗေဒပညာရှင်တွေ ဆုံးဖြတ်ကြလိမ့်မယ်။ ဒီလင်မယားမှာ မစိန်က ကိုဖိုးရှမ်းထက် နှစ်နှစ်လောက် ငယ်မယ်။ ကလေး တွေက တစ်ပြုံတစ်ခေါင်းကြီး၊ ပညာအုပ်က မူလတန်း ကျောင်းမှတ်လို့ သူတို့ အိမ်ဝင်စစ်ရတဲ့ မိသားစုလို့ ဆိုလောက်တယ်။

တရုတ်ကပြားနဲ့ ရှမ်းအမျိုးသမီးက ပေါက်ဖွားကြတာတွေ တစ်နှစ်တစ်ယောက်။ ကလေးထုတ်လုပ်တဲ့စက်ရှိရင် လောင်စာပြဿနာ၊ လျှပ်စစ်မီး မမှန်တဲ့

ပြဿနာတွေကြောင့် ဒီလိုပုံမှန်ထုတ်လုပ်နိုင်ချင်မှ ထုတ်လုပ်နိုင်မှာ ကိုဖိုးရှမ်းတို့ မစိန်တို့ဇနီးမောင်နှံကတော့ ထုတ်လုပ်နှုန်း ယောက်ျားကလေး တစ်လှည့် မိန်းကလေးတစ်လှည့်။ သားသမီးလိုချင်လို့မရတဲ့သူတွေ သူတို့ကို ချီးကပ်ဖို့ကောင်းတယ်လို့ အရပ်ထဲက ပြောယူရတယ်။ သားသမီးများ ပါတယ်ဆိုမှ မစိန်ဗိုက်ကို စမ်းကြည့်လိုက်တော့ အထဲမှာ အမြွှာလေး ဖြစ် လောက်တယ်။

ကျွန်တော် ဆေးရုံကိုသွားရင် မစိန်က ရှမ်းသံဝဲဝဲနှင့် နှုတ်ဆက်တတ်တယ်။

"ဆရာကြီး မင်္ဂလာပါရှင့်"

"ဒေါက်တာကြီး ဆေးရုံသွားတာလား၊ အခါးရည်လေး သောက်သွားပါဦး"

"မေမေအုန်း နေကောင်းပါလားရှင့်"

ကျွန်တော်သိတာပေါ့။ အဲဒီနေ့မှာ သူတို့ရဲ့မိသားစုခေါက်ဆွဲဆိုင်လေး မဖွင့်နိုင်ဘူးလေ။ မစိန်က ဆိုင်ရှေ့မှာ တံမြက်စည်းလှည်းရင်း ကျွန်တော့်ကို နှုတ်ဆက်နေတာလေ။ ဆိုင်ဖွင့်မယ်ဆိုရင်တော့ သူနဲ့တွေ့ရခဲတယ်။ ဆိုင်ထဲမှာ သူအလုပ်ရှုပ်နေပြီ။ ကျွန်တော်ကပဲ လမ်းပေါ်ကနေ လှမ်းအသံပြုပြီး နှုတ်ဆက်လိုက်ရတာ။

"ဖိုးရှမ်းရေ… မစိန်ရေ နေကောင်းကြလားဟေ့"

ကျွန်တော့်နှုတ်ဆက်သံကြားရင် ကြားတဲ့နေရာ၊ လုပ်နေတဲ့အလုပ် ပစ်ချခဲ့ပြီး ဖိုးရှမ်းဒါမှမဟုတ် မစိန်ထွက်ပြီး ပြန်နှုတ်ဆက်တယ်။

"နေကောင်းကြပါတယ်ရှင့်"

"အခါးရည်လေးသောက်သွားပါဦး ဆရာကြီး"

ဆိုတာမျိုး။ ဇနီးသည်အုန်းက အိမ်မှာ ကျွေးမွေးစရာရှိလို့ဖြစ်ဖြစ် ဆွမ်းကပ်တဲ့ကိစ္စပဲဖြစ်ဖြစ် ဧည့်သည်ဆောင်သည်ကိစ္စ သူတစ်ယောက်တည်း မနိုင်ရင် မစိန်အားရင်လာ တစ်ဖက်ကူလှည့်ဦးနော်ဆိုရင် လူသာဝတာ အင်မတန် ဖင်ပေါ့တဲ့ကလေးမ။ သူ့တင်ဆုံကြီး တလှုပ်လှုပ်နဲ့ ကူညီလုပ်ကိုင် ချက်ပြုတ်ပြီးရင် အုန်းကလည်း သူ့ကလေးတွေအတွက် စားစရာပိုရင်စားစရာ ဟင်းထမင်း၊ မုန့်တို့၊ သစ်သီးတို့ပိုခဲ့ရင် မုန့်နဲ့သစ်သီး၊ သုံးစရာ၊ စွဲစရာလေး ပေးလိုက်တာချည်း။ အဲဒီလို ပေးလို့ကမ်းလို့ ဖင်ပေါ့တာမဟုတ်ဘူး။ မပေး လည်း ကျွန်တော်နဲ့အုန်း တို့က "အားရင်လာ၊ တစ်ဖက်ကူလှည့်ဦး"ဆိုရင် မနေဘူး။

မစိန်နောက်ဆုံး နေစေ့လစေ့တော့ ဆေးရုံကိုလာတယ်။ သူ ဆေးရုံကို

မကြောက်ဘူး။ နော်မူကြည်တို့နဲ့လည်း ခင်နေတာ။ ကျွန်တော် မှန်းဆတဲ့ အတိုင်း သူ့ဗိုက်ကို ခွဲလိုက်တော့ကလေးက အမြွှာ၊ ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက်။ နောက်ထပ် သားသမီးမရအောင် သားကြောဖြတ်ပေးလိုက်တယ်။ ဒီလိုသားကြောဖြတ်ဖို့ သူတို့လင်မယားအတော်ကို ပြောဟောယူရတာ။ သူ့ထိုက်နဲ့ သူ့ကံ။ ဘုရားပေးသလောက်ယူမှာတဲ့။ ဘာလဲ ဘောလုံးအသင်း ထောင်မလို့လား။ သားသမီးများတိုင်း ကောင်းတာ မဟုတ်ဘူး။ ကလေးတွေရဲ့ နောင်ရေး၊ ပညာရေး၊ ကျန်းမာရေးတွေ ထည့်တွက်ရတယ်။ မွေးထားတဲ့ကလေးတွေ လူတန်းစေဖို့လိုသေးတယ်။ လူတန်းစေ့တယ် မစေ့ဘူးဆိုတဲ့စကားသူတို့ နားမလည်ဘူး။ ရှင်းလေရှုပ်လေပဲ။ နောက်ဆုံး ကျွန်တော်ရော အုန်းပါသူတို့ မိသားစုအပေါ်မှာ စေတနာနဲ့ ပြောမှန်းသိလို့ သားကြောဖြတ်တာ လက်ခံလိုက်တာ။ မစိန် ဗိုက်ခွဲမွေးတာ အောင်အောင်မြင်မြင် ချောချောမောမောပါပဲ။

နောက်နှစ်ရက်ကြာတော့ ဒေါက်တာစိုးဝင်းနိုင်က သူ့သားနဲ့ ကစားနေတဲ့ကြက်ဖက ကောင်လုံးနည်းနည်းကြီးလာပြီး ခြေထောက်မှာလည်း အတတ်ကပြောင်းဖူးစေ့သာသာလောက်ဖြစ်၊ နှုတ်သီးကလည်း ဆိတ်ချင် စမ်းချင်တော့ကလေးအတွက် မသင့်တော်တာနဲ့ ဒီထက်ငယ်တဲ့ ကြက်မတမ်းလေးနဲ့ သွားလဲမလို့ အိမ်ကနေ ထွက်လာတယ်။

အဲဒါကို ဆေးရုံပြတင်းဝကနေ လှမ်းမြင်တဲ့ မစိန်က လှမ်းပြီး ဒေါက်တာစိုးဝင်းနိုင်ကို နှုတ်ဆက်တယ်။

"ဆရာ ကြက်ကြီးပိုက်လို့ ဘယ်သွားမလို့လဲ"

"သားအတွက် ဒီထက်ငယ်တဲ့ ကြက်ကလေးသွားရှာမလို့၊ နေကောင်းတယ်နော် မစိန်"

"ကောင်းတယ် ဆရာ... သွား... သွား"

အဲဒီအချိန်မှာ ကျွန်တော် သွန်သင်ဆုံးမထားတဲ့ စကားကို သူ့နားထဲမှာပြန်ကြားယောင်မိတယ်။ လူနာတွေကို မနက်မှာ ဝွတ်မောနင်း နေ့လယ်မှာဂွတ်အာဖတာနွန်း၊ ညနေမှာ ဂွတ်အီးဗနင်းလို့ နှုတ်ဆက်ပါဆိုတဲ့စကား။ဟုတ်ပေသားပဲ။ ဆေးရုံနားရောက်ခိုက်လူနာတွေကို တစ်လှည့်တော့ လှည့်ကြည့်လိုက်ဦးမယ်ဆိုတဲ့ အတွေးနဲ့။ သူ့လက်ထဲက ကြက်ကို ဆေးရုံအဝကတံခါးမှာ ကြိုးနဲ့ချီပြီး ဆေးရုံထဲ ဝင်လာခဲ့တယ်။

လူနာတိုင်းကို သူလိုက်ပြီး ဘယ်နှယ့်နေသလဲ။ သက်သာတယ်နော်။ဖျားသေးလား။ ဆေးလက်ကျန်ရှိရဲ့လား။ နှုတ်ဆက်ရင်း ခြေရင်းက မှတ်တမ်းကြည့်ရင်း မစိန်ကိုတော့ ခင်နေတော့ သူ သွားကြည့်မလို့။ ကျွန်တော့်မွေးစား

သမီးလို့လည်း စွဲထားတော့ "ခဏနော် မစိန် ဒီလူနာတွေကြည့်ပြီးရင် လာခဲ့မယ်"

"ဟာ ဆရာ ကျွန်မ နေကောင်းတယ် မလာနဲ့"

ဒေါက်တာစိုးဝင်းနိုင်က ဒီပြင်လူနာတွေ အကုန်ကြည့်ပြီး မစိန်နား ရောက်တော့ သွေးနုသားနုနဲ့ မီးတွင်းထဲမှာ မစိန်က ချွေးတွေစို့နေတယ်။ စိုတဲ့နေရာက စိုနေတယ်။

"နေကောင်းလား မစိန်။ ဗိုက်က ဘယ်လိုနေသေးလဲ"

"ကောင်းတယ်ဆရာ သွား၊ အရှေ့ပိုင်းက ဦးဘိုညိုကြီးတို့ဆီမှာ ကြက်ပေါက်တွေ တွေ့ခဲ့တယ်"

"ချွေးတွေစို့လို့ပါလား၊ ချမ်းရော ချမ်းသေးလား"

"ဘာမှ မဖြစ်ဘူးဆရာ"

ဆရာစိုးဝင်းနိုင်က စမ်းသပ်ကြည့်တော့ မစိန်အသားတွေက ပူနေတယ်။ လက်ဖဝါးနဲ့စမ်းရာက လက်ဖမိုးနဲ့ပါ စမ်းကြည့်တော့ ပူနေတာတွေ့တယ်။

"မစိန် ၄က်ဖျားထနေတာလား"

"မဟုတ်ဘူး ဆရာ။ ချွေးထုတ်ထားတာ၊ အရက် နည်းနည်းသောက်ထားလို့၊ သွေးလည့်ပတ်အားမှန်သွားအောင်လို့ နည်းနည်းသောက်ထားတယ် ဆရာ။ နော်မူကြည်ဆီက အဖျားတိုင်တဲ့ သာမိုမီတာတောင်းပြီး တိုင်းကြည့်တော့လည်း မဖျားဘူး။ ဒါပေမဲ့ အသားတွေက ပူနေတော့ ဒေါက်တာစိုးဝင်းနိုင်က နော်မူကြည်ကို ပြောတယ်။

"ငါ့ကို ကွီနိုင်အိုင်ဗီ ထည့်ပေးစမ်း"

"ဟာ ဆရာ ဘာလုပ်မလို့လဲ"

"အခု အသားတွေပူနေတာ နောက် မီးတွင်းကြီး သွေးနုသားနုနဲ့ ၄က်ဖျားဝင်လာရင် ဒုက္ခ"

"မဟုတ်ဘူးနော်၊ ကျွန်မတို့အထင်တော့ ဘာမှမဖြစ်ဘူး ဆရာ"

"ကွီနိုင်အိုင်ဗီပေးမှာသာပေးပါ နော်မူကြည်ရာ"

အတန်တန်တားနေကြတဲ့ကြားက အိုင်ဗီပေးလိုက်တာ မစိန်ခမျာ အကောင်းကြီးကနေ ခေါက်ခနဲ သေသွားပါလေရော။ ဆေးထိုးအပ်ထဲမှာ ဆေးက အကုန်ထိုးထည့်လိုက်သေးတာ မဟုတ်ဘူး။ သုံးပုံတစ်ပုံလောက်နီးနီး ကျန်သေးတယ်။ ကိုယ်တိုင်ရော အနားမှာရှိတဲ့ ဆရာမတွေရော၊ တခြား ခုတင်က လူနာတွေရော ရုတ်တရက်ဆို အံ့သြသွားကြတယ်။ လုပ်ကြပါဦး။ ဘုရား... ဘုရား... မေ့သွားတာနေမှာပါ။ လာကြဦး ဒီမှာ ဒီမှာ... လှုပ်ကြည့်ပါဦး... မရတော့ဘူး

ထင်တယ်။ မြန်တာ မြန်တာ... မှတ်ချက်တွေ၊ ထင်မြင်ချက်တွေ၊ ခံစားမှုတွေ အစုံထွက်ပေါ်လာတယ်။ ခြေမကိုင်လက်မကိုင်မိတွေ ဖြစ်ကုန်ကြတာ။ ငိုသံတွေ ထွက်လာတယ်။ ရှိုက်သံတွေ ထွက်လာတယ်။ ဆရာဝန်ကိုယ်တိုင်လည်း ငိုသံပါကြီးနဲ့ မျက်ရည်တွေ တွေတွေကျပြီး ငါ မှားသွားပြီး... မစိန်... ငါမှားပြီလို့ ပြောနေရော။

ကျွန်တော့်ကို နော်မူကြည်က ပြေးပြီး လာပြောတယ်။ ကျွန်တော် ကိုယ့်နားကိုယ်တောင်မှ မယုံဘူး။ "ဘာ"လို့ အကျယ်ကြီးအော်လိုက်မိတယ် ထင်တာပဲ။ နော်မူကြည်လာပြောလို့ ဒိပြင် ဘိန်းစားဖြစ်ဖြစ် တစ်ယောက်ယောက် လာပြောပြောရင် ယုံတောင်ယုံမှာ မဟုတ်ဘူး။ ဒါကိုပဲ ဟုတ်ရဲ့ လားလို့ မေးလိုက်မိသေးတယ်။ သူပြန်သွားတော့ ကျွန်တော့်လည်း ခေါင်းကုတ်လိုက်၊ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်လိုက်၊ ဆေးရုံဘက် ငေးလိုက်၊ လမ်းလျှောက်လိုက်၊ နောက်ဆုံး သေခြင်းတရားကို တွေးမိ ဆင်ခြင်မိတယ်။

ကျွန်တော့်လက်ထဲမှာလည်း လူနာတွေ အနိစ္စရောက်ဖူးတယ်။ ဆွေထဲ မျိုးထဲကလည်း ကွယ်လွန်ဖူးတယ်။ အခု ဆုံးသွားတော့ သွေးမတော်သားမစပ် တဲ့ မွေးစားသမီး မစိန်။ သွေးမတော်သားမစပ်ပေမဲ့ သွေးသားတော်စပ်သူ ထက်တောင် သံယောဇဉ်ရှိတဲ့ မိန်းကလေး။ ဩော်... သေခြင်းတရား။ အနီး ကလေးပါလား။ ကွေးသောလက် ဘယ်ဆန့်လိုက်ရလို့လဲ။

မျက်လွှာအောက်ချပြီး ဒေါက်တာစိုးဝင်းနိုင် ရောက်လာတယ်။ မျက်လုံး ကလည်း ရဲလို့။

"ဆရာ... ကျွန်တော်... မစိန်ကို..."

"မငိုနဲ့ ကိုစိုးဝင်းနိုင်၊ တိတ်... ကျွန်တော်ကြားပြီးပြီ"

"ဟုတ်ကဲ့ဆရာ ကျွန်တော့်ကို ခွင့်လွှတ်..."

"ကိုစိုးဝင်းနိုင်ကို အပြစ်မတင်ဘူး။ စေတနာနဲ့ ကြိုတင်ကာကွယ်တာ လေ၊ ကျွန်တော်နားလည်တယ်၊ မစိန် သူ့အကြောင်းနဲ့သူ ဖန်လာတာ၊ ဘာတတ် နိုင်မှာလဲ"

သူများဖြစ်တယ်ဆိုရင် ကျွန်တော် နှစ်သိမ့်စကားတွေ ဝေဝေဆာဆာနဲ့ နှစ်သိမ့်နိုင်ကောင်း နှစ်သိမ့်မိလိမ့်မယ်။ ကိုစိုးဝင်းနိုင်ဟာ ကျွန်တော့် လက်ရုံး လေ။ ဘာလို့ စကားတွေ ဝေဝေဆာဆာ ထွက်မလာပါလိမ့်။ ကွယ်လွန်သူက သူစိမ်း တစ်ရံဆိုရင်လည်း တစ်မျိုး။ အခုဟာက မွေးစားသမီး မစိန်၊ ပြီးတော့ ကလေးငါးယောက် မိခင်၊ နောက်ဆုံးမွေးပေးလိုက်တာ အမွှာလေး။

ကျွန်တော့်စိတ်နှလုံးကို အတတ်နိုင်ဆုံး အေးအောင် တည်ငြိမ်အောင်

တည်ဆောက်တယ်။ ကိုစိုးဝင်းနိုင်ကို မကြည့်ဘူး။ ပြတင်းကနေ ဟိုး တောင်တန်းတွေကို ငေးရင်အကောင်းဆုံးနှစ်သိမ့်စကားတွေနဲ့ ဖြေသိမ့်ဖို့ ကြိုးစားတယ်။ ရင်ထဲက လာတဲ့နှစ်သိမ့်စကားတွေပေါ့။

ကိုစိုးဝင်းနိုင်ဆီက ရှိုက်သံ တဖြည်းဖြည်းတိတ်သွားတယ်။

"လာ ဒီမှာ မျက်နှာသစ်၊ ည ၇ နာရီမှာ ကျွန်တော့်ဆီလာခဲ့၊ နာရေးသွား မေးကြမယ်"

သူ ကျွန်တော့်ကို မော့ကြည့်ပြီး ခေါင်းညိတ်ရင်း

"ဟုတ်ကဲ့ ဆရာ"

"ခုနစ်နာရီနော်"

"ဟုတ်ကဲ့ ဆရာ"

သူ ခုနစ်နာရီ မထိုးခင်ရောက်လာတယ်။ ကျွန်တော်သူ့ကို နောက်ကျပြီးလားလို့ ကျွန်တော်က ထိုင်စောင့်နေရမယ်ထင်တာ မှားသွားပြီ။ ဖိုးရှမ်းတို့၊ မစိန်တို့ဆီ လမ်းလျှောက်ပြီးထွက်ခဲ့ကြတယ်။

"ဆရာ ကျွန်တော့်ကို ခွင့်လွှတ်တယ်နော်"

"သူ့ဘာသာဖြစ်ချိန်တန်ရင် ဖြစ်ကိုဖြစ်ရမှာ"

သူ ကျွန်တော်နဲ့ ယှဉ်မလျှောက်ဘူး။ နောက်က ခြေတစ်လှမ်း နှစ်လှမ်းအကွာကနေကပ်ပြီး လျှောက်လိုက်လာတယ်။

"ဟုတ်ကဲ့ ဆရာ"

သူ့အသံက တိုးတိတ်လွန်းတယ်။ ကောင်းကင်မှာ တိမ်မည်းတွေ ကြီးစိုးနေကြတယ်။ တောင်ပေါ်မှာ မိုးတွေရွာနေတယ်ထင်ပါရဲ့။ အနီးက တစ်ဝိုက်မှာ မိုးရွာတဲ့အရသာခံစားနေရတယ်။ နာရေးအိမ်နဲ့ မလှမ်းမကမ်းမှာ မိုးထစ်ချုန်းသံ အကျယ်ကြီးကြားရတယ်။ ပြီးတော့ လျှပ်စစ်က တစ်ချက် တစ်ချက် လင်းခနဲ လင်းခနဲ။ အဲဒီလျှပ်လက်တာကို အဖော်ပြုပြီး ခပ်မှောင်မှောင် ဆရာတပည့် လျှောက်ခဲ့ကြတယ်။ တကယ်တော့ ဒီလမ်းတွေ လျှပ်တွေ မပြိုးပြက်လည်း ခလုတ်ထိ၊ ဆူးငြိစရာမရှိတဲ့လမ်းတွေ။

ကျွန်တော်တို့လည်းရောက်ရော အော်ငိုသံတွေ စီခနဲဖြစ်သွားတာ။

"ဆရာတို့... မစိန်ကို မကယ်နိုင်တော့ဘူးလားဟင် ဆရာရဲ့"

"ဖိုးရှမ်း မငိုနဲ့လေ၊ ငိုလို့လည်း ငါ့သမီးပြန်ရှင်လာမှာ မဟုတ်ဘူး"

"သိတယ် ဆရာသိတယ်"

ကလေးတွေက မျက်စိသူငယ်နားသူငယ်နဲ့ ကျွန်တော်တို့ကို ကြည့်နေကြတယ်။ တစ်နေ့ကမှ မွေးထားတဲ့ အမွှာလေးနှစ်ယောက်ကို အမျိုးသမီး

နှစ်ယောက် တစ်ယောက်စီ ပွေ့ထားကြတယ်။

"သိတယ် ဆရာ၊ ဒီဆရာ့ကိုလည်း ခွင့်လွှတ်တယ်၊ ဝမ်းနည်းလွန်း လို့ပါ ဆရာ" ဆရာစိုးဝင်းနိုင်တော့ ဘယ်လိုခံစားရတယ်မသိဘူး။ ကျွန်တော် တော့ ဖိုးရှမ်းနဲ့ ကလေးတွေကို ကြည့်ပြီး စိတ်မကောင်းဖြစ်မိတာ အမှန်ပဲ။ နှစ်သိမ့်စကားလည်း ကောင်းကောင်းမပြောနိုင်ခဲ့နိုင်ဘူး။ ကိုယ့်ကိုယ်ကိုယ် လူကြီးစိတ် မနည်းထိန်းခဲ့ရတဲ့ညပဲ။ နာရေးအိမ်မှာ မိုးမရွာဘဲ အိမ်ရောက် ခါနီးမှ မိုးတွေ ရွာချပါလေရော။

* * *

## စိမ်းဖန့်ဖန့် ကြာသာ

ကျွန်တော်ဟာ ခွဲစိတ်ဝါသနာပါတဲ့ ဆရာဝန်တစ်ယောက်ပါ။ နာဂ တောင်တန်းကို ကျန်းမာရေးဌာနက သွားရောက်လှပယ် လုပ်လွှတ်လိုက်တာပါ။ နာဂတိုင်းရင်းသားတွေ တွေ့မြင်ရတဲ့အခါ သူတို့အပေါ် စာနာစိတ်၊ သနားစိတ် ပေါ်မိတယ်။ သူတို့ဘဝတွေ၊ ဓလေ့တွေ၊ ယဉ်ကျေးမှုတွေက စိတ်ဝင်စားစရာ ကောင်းသလို ချစ်စရာလည်းကောင်းတယ်။ စကားကြီး စကားကျယ် ပြောရရင် လူသားချင်းစာနာစိတ် ပေါ်မိတယ်။

ခန္တီးဆေးရုံဟာ တစ်ချိန်က လူနာတွေ သိပ်မလာကြဘူး။ အားကိုးစရာ မဟုတ်ခဲ့ဘူး။ လူနာဆေးရုံကိုမလာတော့ ဆရာဝန်က လူနာဆီ သွားရတာပ။ ကျွန်တော် တောင်ပေါ်တက်တယ်၊ ခွဲတယ်၊ စိတ်တယ်၊ မိတ်ဆွေဖွဲ့တယ်။ သူတို့နဲ့ တစ်သားတည်းကျအောင် နေခဲ့တယ်။ ခန္တီးဆေးရုံကို အားကိုးထိုက် အားထားထိုက်တဲ့ ဆေးရုံတစ်ရုံဖြစ်အောင် ကျွန်တော် အားထုတ်တယ်။ ဒါဟာ အပြစ်လား။ ဘာမနာလိုစရာရှိလဲ။

ကျွန်တော် ဒီလို အားထုတ်တော့ ဗိုလ်မှူးကြီးလှဟန် အပါအဝင် လူကြီးတွေ၊ နိုင်ငံ့အကြီးအကဲတွေ ခန္တီးလာကြတယ်။ ကျွန်တော့်ဆေးရုံကို သူတို့ အာရုံပြုမိလာတယ်။ ဆရာဝန်အင်အားဖြည့်ပေးတယ်။ ဆေးခွဲတမ်း ပိုပြီးရလာတယ်။ ဒါဟာ အပြစ်လား။ ဘာမနာလိုစရာရှိလဲ။

တစ်ခုတော့ ရှိတယ်။ ဗိုလ်မှူးကြီးလှဟန်ရောက်ခိုက် ဆေးရုံဝင်းထဲမှာ ကျွန်တော့်သမီးလေးကစားနေတာ သူတွေ့သွားတယ်။ သမီးက ဝက်ကလေး တစ်ကောင်နဲ့ ကစားနေတာ။ ဝက်ရဲ့ဖင်ကိုတွန်းပြီး မော်တော်ကားတွန်းသလို

ပါးစပ်က ပီပီပေါ်ပေါ် အော်တယ်။ ဒါကို ကျန်းမာရေးနဲ့ ပညာရေးဝန်ကြီး ဖြစ်သူက မြင်ပြီး၊ သူ့ရင်ဘတ်ထဲရောက်ထင်ပါရဲ့။

"ဒါ ဘယ်သူ့ကလေးလဲ ဒေါက်တာ"

"ကျွန်တော့်သမီးပါ"

"ဟာ ဒီလိုမဖြစ်သင့်ဘူး၊ ရန်ကုန်မှာ ဘယ်သူရှိသလဲ"

"သူ့အဘိုးအဘွားနဲ့ သူတို့အမေကတော့ ကူးချည်သန်းချည်းပါပဲ"

"ရန်ကုန်ပို့လိုက် ဒီမှာမထားနဲ့"

အဲဒီလိုပြောပြီး ရန်ကုန်တီတီစီမှာ ဖခင်အမည် သူ့နာမည်နဲ့ ကျောင်းအပ် ပေးဖူးတယ်။ ဒါလည်း အပြစ်မဟုတ်ဘူး။ ဘာမှ မနာလိုဖြစ်စရာ မကောင်း ဘူး။

ကျွန်တော့် လုပ်ရပ်တွေကို အားကျဖို့၊ အတုယူဖို့ စာစောင်တွေ၊ သတင်းစာတွေမှာ ပါတယ်။ ကျွန်တော်က အရေးခိုင်းတာမဟုတ်ဘူး။ သူတို့ ဘာသာ ရေးချင်လို့ရေးတာ။ လူတွေ ဖတ်ကြ၊ သိကြ။ ဒါဟာ အပြစ်လား။

"ဆရာ သတိနဲ့ နေနော်"

လာပြီး ပြောတယ်။ ဘာလဲ။ ဘာလို့ သတိနဲ့ နေရမှာလဲ။ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွေ့ဘူးလေ။

"အတိုက်အခိုက်တွေ လာတော့မှာနော်"

"တိုက်ကွာ၊ တိုက်ချင်သလောက်တိုက်ကြစမ်း။ သိန်းလှိုင်မဟုတ်တာ ဘာမှလုပ်ထားတာ မရှိဘူး။"

"ကျွန်တော်က စေတနာနဲ့ပြောတာနော်။ ဘယ်သူမှလည်း မသိစေနဲ့၊ ဆရာ့အတွက် ပြောတာ၊ မဟုတ်တာတွေ လုပ်ကြတော့မယ်"

ကျွန်တော့်ကို မလိုလားတဲ့သူရှိမှန်း သတိမထားမိဘူး။ ကိုယ့်အလုပ် ကိုယ်လုပ်နေတာလေ။ ဒါပေမဲ့ လူ့စိတ်ဆိုတာ အခက်သား။ လူတိုင်းကိုယ်လို ဘယ်ဟုတ်မလဲ။ တဖြည်းဖြည်း လူ့လောက လူ့သဘာဝကို နားလည်စပြု လာပြီ။ အုန်းအုန်းကိုတော့ ဒီကိစ္စ ဖွင့်မပြောပါဘူး။ မတော်လို့ မဟုတ်ရင် သူပဲ စိတ်မချမ်းမသာဖြစ်နေရှာမှာ။ ဒါပေမဲ့ ကျွန်တော့်ကို သူတို့ ကြားခဲ့တယ် ဆိုတဲ့ အတွင်းစကားတွေက စိပ်စိပ်လာတယ်။ ပြီးတော့ အရပ်ထဲကရော တပ်ထဲကရော။ ဘယ်လောက်အထိအောင် ဖြစ်လာသလဲဆိုရင်…

"မင်း ခစား ကမ်းနားသစ်ပင်တဲ့၊ ဘက်ဂရောင်းဘယ်လောက်ကောင်း ကောင်းကွာ လွင့်သွားစေရမယ်"တဲ့။

ကျွန်တော့်မှာ ဘာဘက်ဂရောင်းမှမရှိတော့ ကျွန်တော့်ကို စောင်းတယ်၊

မြောင်းတယ်လို့ကို မထင်ဘူး။ ဒါမှမဟုတ် သိန်းလှိုင် မင်းမှမင်းပဲ မင်းကို တည့်ပြောနေတာဆိုရင်လည်း ပြောပါစေ။

သူတို့ကလည်း သူတို့ပဲ။ ဒါမျိုးဆိုတာ အသံပစ်ပြီး လုပ်ရတာ မဟုတ်ဘူးဆိုတာ နားမလည်ကြဘူး။ အသံလုံရမယ့်ကိစ္စ တောခြောက်သလို လာလုပ်နေကြတယ်။

"သူ့အခန်းထဲဝင်ပြီးတော့ အင်္ကျီကို ဆွဲဖြဲ၊ ပါးစပ်က အံမယ်လေးတော့ ကျွန်မကို ဆွဲတယ် လွဲတယ် အော်၊ နင့်ယောက်ျားကို ရာထူးတိုးပေးမယ်"

ဒီလောက်အထိဆိုရင် လွန်တာပေါ့။ ကျွန်တော့်မှာ သိပ်ပြီး ယုံကြည်စိတ်ချရတဲ့ နာဂလူငယ်လေးတစ်ယောက်ရှိတယ်။ မွေးစားသားလိုဖြစ်နေပါပြီ။ ဒီလူငယ်လေးကို ကျွန်တော့်အခန်းဝမှာ အစောင့်မထားချင်ဘဲ ထားရတယ်။ ဘယ်သူ လာလာ၊ ဘာကိစ္စလဲမေး၊ ငါက ဝင်ပါစေဆိုမှ အထဲဝင်၊ မင်းပါ သူနဲ့ အတူလိုက်ခဲ့။ ဒီလို သင်ထားပြီး အခန်းဝမှာ အစောင့်ချရတယ်။ ဒီလို လုပ်တာ ထုံးစံမရှိဘူး။ မလုပ်ချင်ဆုံးအလုပ်။

ကျွန်တော့်ဘဝဟာ ဘာမှစည်းမခြားခဲ့တဲ့သူ။ လူတွေ၊ မိတ်ဆွေတွေ တိုင်းရင်းသားတွေနဲ့ တစ်သားတည်းနေခဲ့သူ။ အခုတော့ ဒေါက်တာသိန်းလှိုင်က ဘာလဲ။ အရင်လို ဝင်တွေ့လို့၊ စကားပြောလို့၊ ဆွေးနွေးတိုင်ပင်လို့ မရတော့ဘူး။ အသံတွေက ထွက်ပြန်ရော။ ဒီကိစ္စ တော်တော်ခက်တယ်။ သူတို့ကိုရှင်းပြလို့လည်း မဖြစ်ဘူး။ ကိုယ့်ဒုက္ခနဲ့ကိုယ်။

မိခင်နဲ့ကလေး အတွင်းရေးမှူးအမျိုးသမီးက လာပြောတယ်။

ကျန်းမာရေးမှူးက လာပြောတယ်။

ဘဝမှာ စိန်ခေါ်မှုတွေအများကြီးကြုံခဲ့ဖူးတယ်။ ကြုံသမျှ စိန်ခေါ်မှု တွေကို ကျွန်တော်အောင်အောင်မြင်မြင် ကျော်လွှားခဲ့တာချည်းပဲ။ ဒီတစ်ခါ ကြုံရတာတော့ စိတ်မချမ်းသာစရာ စိန်ခေါ်မှုပဲ။ သတိနဲ့သွား၊ သတိနဲ့စား၊ သတိနဲ့နေ၊ သတိနဲ့ထိုင်၊ သတိနဲ့ပြော။ ဒါဟာ သိန်းလှိုင်နဲ့ ဘာမှမဆိုင်တဲ့ ကိစ္စတွေပဲ။ အမြဲတမ်း ပေါ့ပါးလန်းဆန်းတက်ကြွပြီး အလုပ်တွေလုပ်ချင်တဲ့ ကျွန်တော့် အတွက်တော့ တကယ်ကိုလေးလံတဲ့ ဝန်ထုတ်ဝန်ပိုးကြီးပဲ။

တစ်နေ့တော့ ကောင်းဟိန်ဘက်က စွဲဆိုတဲ့ မုဒိမ်းမှုတစ်ခု ခန္တီးရဲစခန်းကို ရောက်လာတယ်။ ဒီအမှုက မန္တလေးက ရှေ့နေဦးကံမြိုင်တို့ ဦးတင်မောင်တို့ လိုက်ပါကြတဲ့အမှု။ တရားရုံးအဖွဲ့ဖွဲ့ကြတော့ တပ်ရင်းမှူး၊ ခလက ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ရှိန်းက ခုံအဖွဲ့ဥက္ကဋ္ဌ၊ သဘာပတိလို့လည်း ခေါ်တယ် ထင်ရဲ့။ နယ်ပိုင်လည်း ခုံအဖွဲ့မှာပါတယ်။ မစ္စတာပီးယားဆိုတဲ့ အငြိမ်းစား

နယ်ပိုင်ကြီးလည်း ပါတယ်။ သူက ဘိုကပြားကြီး။ အသက်အတော်ရနေပါပြီ။

မန္တလေးဆေးရုံမှာ ဒေါက်တာ ဘသန်းက ကျွန်တော့်ကို မှူခင်း ဆရာဝန်တာဝန်ပေးဖူးတယ်။ ကျွန်တော် စာတွေဖတ်ထားတာ။ မှုခင်းဘက် ဆိုင်ရာဆေးပညာလေ့လာထားတာ သူသိလို့ ဒီတာဝန်ပေးတာ။ ကျွန်တော် ငြင်းခဲ့တယ်။ ဒါပေမဲ့ ဖတ်ထားတဲ့စာတွေ ကျွန်တော်မမေ့ဘူး။ အခု ချရေးရင် အခုမှတ်မိတယ်။ ကော်မာ၊ ဖူးစတော့ပဲ မလွဲစေရဘူး။ ခန္တီးမှာတော့ မှုခင်း ဆရာဝန်ရယ်လို့မှ သီးသန့်မရှိဘဲ။ ကျွန်တော့်ပဲ မှုခင်းဆရာဝန် ဖြစ်ရတော့ တာပေါ့။

ရုံးချိန်းနေ့ကျတော့ ခုံသဘာပတိဥက္ကဋ္ဌလုပ်သူက အလယ်ကောင်က မိန့်မိန့်ကြီးထိုင်တယ်။ ကျွန်တော့်ကို ရုံးတော်လာပြီး ထွက်ဆိုလှည့်ပါ ဆိုလို့ လာပြီး ထွက်ဆိုရတယ်။

ကျွန်တော့်ထွက်ဆိုချက်က အင်္ဂလိပ်ဘာသာနဲ့ထွက်ဆိုတာပါ။ တရားလို အမျိုးသမီးလေးလည်း ရုံးတော်ထဲမှာရှိတယ်။ ပြီးတော့ ပရိသတ်ထဲမှာလည်း အမျိုးသမီးပရိသတ် ရှိတယ်။ ပြီးတော့ သူ့ရဲ့အမျိုးအဆွေတွေလည်း ရှိကြတယ်။ နောက်တစ်ချက်က ကျွန်တော်သင်ခဲ့ရတဲ့ မှုခင်းဘက် ဆိုင်ရာဆေးပညာကို သင်ပေးတဲ့ဆရာက အင်္ဂလိပ်ဘာသာနဲ့ သင်တာ။ ဖတ်ခဲ့ရတဲ့ ပြဋ္ဌာန်းစာအုပ်ကလည်း အင်္ဂလိပ်လို ရေးထားတာ။ စာမေးပွဲဖြေဆို အောင်မြင်ခဲ့တာလည်း အင်္ဂလိပ်လို ရေးဖြစ်ခဲ့တာ။ ကိုယ်ပိုင်လေ့လာဖတ်ရှုခဲ့တဲ့ မှုခင်းဘက်ဆိုင်ရာ ဆေးစာအုပ်၊ မဂ္ဂဇင်းတွေကလည်း အင်္ဂလိပ်လို ရေးထားတာ။ ဒီတော့ ကျွန်တော့် ထွက်ဆိုချက် က သေသေသပ်သပ်နဲ့ ဘာမှပယ်စရာ၊ ထောက်စရာမရှိအောင်ကို ပြည့်စုံနေတယ်။ ဒီလိုပြည့်စုံအောင် ကျွန်တော်အားထုတ်ထားတယ်။ အမှုမှန်ပေါ်ထွက်ဖို့ ကျွန်တော့်ထွက်ဆိုချက်က အရေးပါသလို အထောက်အကူဖြစ်မှာ အသေအချာပဲ။

ကျွန်တော် ကျကျနန ထွက်ဆိုလို့ တစ်ဝက်လောက်အရောက်မှာ ခုံသဘာပတိ ဒုဗိုလ်မှူးကြီး မောင်ရှိန်းက

"နေပါဦး... နေပါဦး... ခဏလောက်နေပါဦး"တဲ့။

ရုံးကြီးတစ်ခုလုံး စိတ်ဝင်တစားနားထောင်နေကြချိန်မှာ သူ့ရဲ့တားမြစ်မှုကြောင့် ပရိသတ်တွေလည်း အာရုံနောက်သွားကြတယ်။

"ခင်ဗျား နိုင်ငံတော်က မြန်မာစာကို ရုံးသုံးဘာသာအဖြစ် ပြဋ္ဌာန်းထားတယ်ဆိုတာသိရဲ့လား"

ကျွန်တော် အံ့ဩမိတယ်။ သူ ဒီလိုပြောလိမ့်မယ်လို့ မျှော်လင့်မထားဘူး။

"ဟုတ်ကဲ့ သိပါတယ် ဥက္ကဋ္ဌကြီး"

"ဒီလိုဆိုရင် ရုံးတော်မှာ မြန်မာလိုထွက်ဆိုပါ"

"ကာယကံရှင်နဲ့ ရုံးတော်ထဲမှာရှိကြတဲ့ အမျိုးကောင်းသားသမီးတို့ရဲ့ ဂုဏ်သိက္ခာကို ထောက်ထားပြီး အင်္ဂလိပ်လိုထွက်ဆိုတာပါ။ ကျွန်တော့် ထွက်ဆိုချက်ဟာ ဆေးပညာအရရော မှုခင်းဆိုင်ရာဆေးပညာနှစ်မျိုးစလုံးကို ကိုးကားပြီး ထွက်ဆို..."

"မလိုချင်ဘူးဗျာ... ဒါ မြန်မာနိုင်ငံဗျ"

"ဟုတ်ကဲ့ သိပါတယ်"

"နိုင်ငံတော်အစိုးရက ရုံးသုံးစကားအဖြစ် မြန်မာစာကို ပြဋ္ဌာန်းထားပါလျက်နဲ့ ရုံးတော်မှာ အင်္ဂလိပ်လိုထွက်ဆိုတာ ခုံသဘာပတိအဖွဲ့ကိုရော ရုံးတော်ကို ရောစော်ကားတာပဲ"

သူက အဲဒီလိုပြောတော့ မန္တလေးကလာတဲ့ ရှေ့နေဦးကံမြိုင်က ကျွန်တော့်ဘက်က ဝင်ပြောတယ်။

"ဥက္ကဋ္ဌကြီး ခင်ဗျာ ဆရာဒေါက်တာ သိန်းလှိုင်ပြောတာ မှန်ပါတယ်၊ နယ်ပိုင်ကြီးရဲ့မေးခွန်းတွေမှာ တရားလိုကို နစ်နာစေတဲ့၊ အရှက်ရစေတဲ့ မေးခွန်းတွေပါလို့ ကျွန်တော်တို့ တားမြစ်ခဲ့ရပါတယ်၊ အခုလည်း ဒေါက်တာသိန်းလှိုင်က ကာယကံရှင်တွေရဲ့ဂုဏ်သိက္ခာကို ထောက်ထားပြီး အခုလို ထွက်ဆို..."

"မလိုချင်ဘူးဗျာ နှစ်ယောက်စလုံး မြန်မာလိုပြောကြ"

အဲဒီအချိန်မှာ ရှေ့နေ ဦးကံမြိုင်က ခပ်တိုးတိုးလှမ်းပြောလိုက်တယ်။

"Go Ahead ဂိုးအဟက်ဒ်"တဲ့။

ကျွန်တော်လည်း ဆက်ပြောတာပဲ။ အဲဒီအမှုကိစ္စမှာ သူ ကျွန်တော့်အပေါ်ကို နောက်ထပ် အတေးအမှတ်တွေ ထပ်တေးထပ်မှတ်တယ်ထင်တယ်။ ကျွန်တော် သက်သေထွက်ဆိုနေတုန်းမှာပဲ ဒုဗိုလ်မှူးကြီးမောင်ရှိန်းရဲ့ ငေါက်ဆတ်ဆတ် မာကျောကျော အမိန့်ပေးသံကြီး ထွက်ပေါ်လာတယ်။

"အဲဒီ ဆရာဝန်ကို ဖမ်းချုပ်လိုက်"

ရှေ့နေ ဦးကံမြိုင်က ဥပဒေ အရည်ကျိုသောက်ထားတဲ့လူလေ။

"ဥက္ကဋ္ဌကြီး အနည်းငယ်စဉ်းစားပါဦး"

လို့ ဝင်ပြီး အကြောလျှော့တာကိုပဲ

"မလိုဘူး ဖမ်းချုပ်လိုက်"

ရဲဘက်က ပုဂ္ဂိုလ်တွေလည်း ဘာလုပ်ရမှန်းမသိကြတော့ဘူး။

"ဗိုလ်မှူးကြီးခင်ဗျာ ကျွန်တော်တို့မှာ ဝရမ်းမပါခဲ့ပါဘူး"

ကျွန်တော်လည်း မနေသာတော့ဘူး။ ဝင်ပြောရတော့တာပေါ့။

"ဥက္ကဋ္ဌကြီး ဒီအချိန်မှာ ကျွန်တော့်ကို ဘယ်သူမှ ဖမ်းချုပ်လို့မရဘူး။ ဖမ်းချုပ်ချင်ရင်တော့ နိုင်ငံတော်အစိုးရဆီမှာ အမိန့်ခံရလိမ့်မယ်။ ကျွန်တော့်ရဲ့ အထက်လူကြီးကို အကြောင်းကြားပြီး သူက ဖမ်းဆိုမှ ဖမ်းရမှာပေါ့"

ဒီပုဂ္ဂိုလ် ကျွန်တော့်အပေါ် အတော်ကို မကျေမနပ်ဖြစ်ပြီး တရားခွင်လည်း ပြီးရော ကျန်းမာရေးဝန်ကြီးဆီ ကြေးနန်းပို့တော့တာပဲ။ ကျွန်တော့်ကို အခုချက်ချင်း မဖမ်းမချုပ်ရင် တိုင်းပြည်ကြီး ပျက်တော့မယ်ဆိုရင်တော့ ချက်ချင်းဖမ်း ထိန်းသိမ်းလို့ရမယ်။ သူပို့လိုက်တဲ့ ကြေးနန်းကြောင့် ဗိုလ်မှူးကြီး လှဟန်ရဲ့ ရုံးကလည်း ကြေးနန်းပြန်လာတယ်။

"ဒေါက်တာ သိန်းလှိုင်ကို ဖမ်းချုပ်ခြင်း၊ အရေးယူခြင်းမပြုရ။ ဖြစ်စဉ်အသေးစိတ်ကို အနောက်မြောက်တိုင်းမှူးမှတစ်ဆင့် အထက်သို့ တင်ပြရန်" ဆိုတဲ့ အဓိပ္ပာယ်မျိုးပါတဲ့ ကြေးနန်းပြန်ဝင်လာတယ်။

သူက မလျှော့ဘူး။ ဖြစ်စဉ်ကို နမခတိုင်းမှူးဆီ အစီရင်ခံသေးတယ်တဲ့။

* * *

## အနစ်နာမခံနိုင်သူ

တစ်နေ့တော့ မနက်ဆေးရုံသွားခါနီး အဝတ်အစားလဲပြီး ဆန်ပြုတ်သောက်နေတုန်းမှာ အိမ်ရှေ့ကနေ ခေါ်သံကြားရတယ်။

ကျွန်တော့် တံခါးက ဖွင့်ထားတော့ ခေါ်သံကို အကျယ်ကြီးကြားလိုက်ရတာပေါ့၊ ခန်းဆီးလေး အသာလှပ်ကြည့်တော့ နဂတိုင်းရင်းသားတစ်ယောက် အိမ်ရှေ့မှာ ရပ်ပြီး ကျွန်တော့်ကို ပြုံးပြနေတယ်။ ကျွန်တော့်ကိုမြင်တော့ သူ အတော် ဝမ်းသာသွားပုံရတယ်။

"လာ၊ အိမ်ထဲဝင်"ဆိုတော့ ဝင်လာတယ်။ သူ့မှာ ဖိနပ်မပါဘူး။ ပလိုင်းတစ်လုံး ရင်ဘတ်မှာ ပလိုင်းကြိုးကန့်လန့်ဖြတ်ပြီး လွယ်လျက်။ သူ ဗမာစကားနည်းနည်းတတ်တယ်။ သူ့ကို ကျွန်တော် မမှတ်မိပေမဲ့ ကျွန်တော့်ကိုတော့ သူက ရင်းနှီးနေတဲ့ပုံနဲ့။ အိမ်ထဲ ရောက်ရောက်ချင်း ပလိုင်းထဲမှာ အဝတ်နဲ့ ဖုံးထားတဲ့အဝတ်ကို ဖယ်ပြီး ဆွဲထုတ်လိုက်တာ လူခေါင်းပြတ်တစ်လုံး။

ကျွန်တော် အခုအချိန် ဇနီးသည် အုန်းအုန်း ဧည့်ခန်းကို ထွက်လာမှာ အစိုးရိမ်ဆုံးပဲ။ သူ့စကားအရ ဆော်လော်ဘက်ကနေ ကျွဲဝယ်ပြီး ပြန်အလာမှာ ဟောဒီလူက သူဝယ်လာတဲ့ကျွဲကို စစ်လားဆေးလားလုပ်ပြီး သူ့ကို နှောင့်

ယှက်နေလို့ ဓားနဲ့ လည်ပင်းခုတ်လာတာတဲ့။

"ဟာ ဒါဆိုရင် တောင်ပေါ် အမြန်ပြန်၊ ရွာထဲက ယဇ်ပူဇော်တဲ့တိုင်မှာ သွားထားချေ… သွား မြန်မြန်ပြန်"

"မဟုတ်ဘူးလေ၊ ငါ အဖေကို ပြချင်တာ"

"ကဲပါ အဖေ ကြည့်ပြီးပါပြီ မောင်မင်းကြီးသား ပြန်ပါတော့"

"အစိုးရကို အသိပေးချင်သေးတယ်"

ဒီလူတော့ ဒုက္ခပါပဲ။ ကိုယ့်လည်ပင်း ကြိုးကွင်းစွပ်နေပြန်ပါပြီ။ ရဲစခန်းက ကျွန်တော်နဲ့ ခြံချင်းကပ်နေတာ။ သူပြောတဲ့ အစိုးရဆိုတာ ရဲကို သူက ပြချင်တာတဲ့။ ဒုက္ခပဲ။

"အစိုးရလည်း ငါပဲ။ အဖေလည်း ငါပဲ၊ နတ်ဆရာလည်း ငါပဲ၊ ပြန်တော့"

"မဟုတ်ဘူး၊ ဘာလုပ်လုပ် အစိုးရကို အသိပေးရမယ်ဆို"

လူပုံက ပေမည်းပြီး အဝတ်အစားမပါပေမဲ့ သူ့ကိုယ်သူ မဟုတ်တာ၊ တရားဥပဒေနဲ့ ငြိစွန်းတာ ဘာမှ မလုပ်ခဲ့သလိုပဲ။ ကျွန်တော်တို့ သူတို့ကို ဘာလုပ်လုပ် အစိုးရကို အသိပေးဖို့ တရားတွေဟောခဲ့ဖူးတယ်လေ။ ဒါပေမဲ့ သူ့ခမျာ ဒီလိုလူသတ်တာလည်း အသိပေးရမယ်လို့ ထင်နေရှာတာ။ သူ့ဘက်က စဉ်းစားတော့ သူ ဘာအမှားမှ မကျူးလွန်ခဲ့ဘူး။ သူ့စီးပွား သူရှာ၊ သူ့ဘာသာ ကျွဲဝယ်ပြန်လာတာ၊ လာပြီး တားဆီးသလိုလို၊ ငွေညှစ်သလိုလို၊ အနှောင့်အယှက်လာပေးတော့ သူတို့ အစဉ်အလာအတိုင်း ခါးမှာထိုးထားတဲ့ ဓားမနဲ့ ကပ္ပိလိုက်တာပေါ့။

ကျွန်တော်က အမျိုးမျိုးဖျောင်းဖျပြီး ရဲကို သွားမပြနဲ့၊ ရွာကို ပြန်ပါဆိုလည်း မရဘူး။ ပြုံးပျော်ပြီး အိမ်နဲ့ကပ်လျက် တစ်ဖက်ခြံက ရဲစခန်းကို ဝင်သွားလေရဲ့။ မနက်စောစောစီးစီး စိတ်တော်တော်ပင်ပန်းသွားတယ်။ ကိုရွှေရဲတွေကရော သူ့ကို ဘာပြောကြလေမလဲ။ အချုပ်ခန်းထဲမျှား ချက်ချင်းဖမ်း ထည့်လိုက်ကြမလား။ ကျွန်တော့်အတွေးတွေ သူ့နောက်ပါသွားတယ်။ သြော်တယ်လည်း ရိုးအလှပါလား ကိုယ့်လူရယ်လို့ အောက်မေ့မိတယ်။

ခဏနေတော့ ရဲစခန်းတာဝန်ကျရယ် အဲဒီနာဂရယ် ကျွန်တော့်ဆီ ရောက်လာကြတယ်။

"ဆရာ သူ လူတစ်ယောက်ရဲ့ခေါင်းကို ဖြတ်လာပြီး ကျွန်တော်တို့ကို လာပြနေတယ်။ အဲဒါ ဘယ်လိုလုပ်ရင် ကောင်းမလဲ ဆရာ"

"အေးကွာ ငါလည်း ဖျောင်းဖျပြီး တောင်ပေါ်ပြန်ပြေးဖို့ ပြောတာပဲ။ မရဘူး၊ အစိုးရကို အသိပေးရမယ်ဆိုပြီး အဲဒီဘက် ကူးသွားတာ"

"ကျွန်တော်တို့က အမှုဖွင့်ရမလို ဖြစ်နေပြီ"

"သူ့ခမျာ ရိုးရိုးသားသား နားမလည်ရှာလို့ ဖြစ်ရတာပါ"

"ခက်တာပဲ ဆရာရေယ် ကျွန်တော်တို့ကလည်း ဖမ်းမထားချင်ဘူး။ ဖမ်းထားရင်လည်း သူ့ကို အမှုမပြီးမချင်း ကျွေးထားရဦးမှာ"

"အဖေကို မပြောမကောင်းဘူး သွားပြောမယ်ဆိုပြီး အဲဒီဘက် ကူးသွားတာကွာ"

"ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ငါလည်း မပြောတတ်ဘူးကွာ"

"နောက်ထပ် ဒါမျိုးတွေ ထပ်ဖြစ် ထပ်မလာအောင် ဆောင်ရွက်ရမယ့် ဝတ္တရားလည်း ရှိသေးတယ်"

ဒီလိုနဲ့ ဒီမောင်အချုပ်ထဲ ထည့်ချုပ်ထားလိုက်ရတယ်။ ညနေကျတော့ ရဲစခန်းက အကြပ်လေးတစ်ယောက် ကျွန်တော့်လာခေါ်တယ်။ အစက ပြုံးပျော်ပျော်နေတဲ့သူ၊ အခု မပြုံးနိုင်၊ မပျော်နိုင်တော့ဘူး။

"ဟေ့ ဆရာ ငါလာပြောတာလေ၊ ဘာလို့ ဒီအထဲမှာ နေနေရတာလဲ"

သူ့ခမျာ ဘာမှနားမလည်ဘဲကိုး။ ကျွန်တော် စားစရာလေးတွေ အခါအားလျော်စွာ ပို့ပေးတယ်။ နေထိုင်ကောင်းရဲ့လား။ သွားကြည့် သွားမေးတယ်။ သူ့အမှုကို မြန်မြန်တင်ဖို့ ရဲက ပြင်ဆင်ရတယ်။

ရှေ့နေ ဦးကံမြိုင်တို့ နောက်တစ်ခေါက်လာကြရပြန်ရော။ သူတို့လည်း လာလို့သာ လာကြရတာ။ ပင်ပန်းရှာတယ်။ နာဂခေါင်းဖြတ်တဲ့အမှုဆိုတော့ ဒေါက်တာသိန်းလှိုင်ဆီသွားတာပဲကောင်းပါတယ်ဆိုတဲ့စိတ်ကူးနဲ့ ကျွန်တော့် အိမ်ကို ညနေစောင်း သူတို့ ရောက်လာကြတယ်။ သူတို့လာရခြင်းအကြောင်းကို ကျွန်တော် ရှင်းပြကြတယ်။ ကျွန်တော် သူတို့ပြောတာကို စိတ်ရှည် လက်ရှည် နားထောင်တယ်။ သူတို့ရဲ့ သဘောကတော့ တရားခံကို လွတ်စေချင်တယ်။

မလွတ်နိုင်တောင်မှ အမှုကို ပေါ့လျော့စေချင်ကြတာ။

ဒါနဲ့ ကျွန်တော်က ဖြစ်ကြောင်းကုန်စင် အကုန်ပြောပြလိုက်တော့ သူတို့ စုတ်တသပ်သပ်နဲ့ ဖြစ်ကြရတယ်။

"ဒီလိုဆိုရင် ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ"

"ဒါတော့ တရားစီရင်ရေးကို ကျွန်တော် နားမလည်ဘူး၊ ရှေ့နေမင်းတို့ စဉ်းစားရမှာ"

"ခက်တာပဲဗျာ"

"ခက်တာပဲဗျာ မလုပ်နဲ့၊ မနက်ဖြန် ရုံးတင်မှာ ဟုတ်လား"

"ဟုတ်တယ် ဒါကြောင့် ခက်တာ"

"ကျွန်တော် ဉာဏ်မီသလောက် ပြောကြည့်မယ်၊ ဖြစ်နိုင်၏ မဖြစ်နိုင်၏ ခင်ဗျားတို့ဘာသာ စဉ်းစားကြနော်"

"လုပ်စမ်းပါဦး ဆရာဝန်ရယ်"

"ခင်ဗျားတို့ တရားခံကို သွားတွေ့ကြ"

"ဟုတ်ပြီ သွားတွေ့မယ်။ ပြီးတော့"

"သူ့ကို တရားစီရင်ရေးအကြောင်း ရှင်းပြ၊ ဒါမျိုး ထောင်ဒဏ်ဖြင့် ဘယ်နှနှစ်၊ သေဒဏ်တို့ ကျွန်းတို့ဆိုတာ နည်းနည်းရှင်းပြကြ"

"ရှင်းပြပြီးတော့..."

"ရှင်းပြပြီးတော့ အမှုက လွတ်ရာလွတ်ကြောင်း၊ အမှုပေါ့ရာ ပေါ့ကြောင်း သူ့ကို ရှေ့နေကြီးတို့ ဖြစ်စေချင်တဲ့အတိုင်း ထွက်ဆိုဖို့ သင်ပေးပေါ့"

"ဒီစိတ်ကူးဆိုတော့ မဆိုးပါဘူး ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"သူက အာမခံနဲ့နေတဲ့လူ မဟုတ်ဘူး။ အချုပ်ထဲက တရားခံ၊ ရဲရဲ့ ရှေ့မှာ ဒါမျိုး သွားသင်လို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ သူတို့လည်း သဘောပေါက်ပါတယ်။ အမှုမရှည်ကြာ ချင်ကြဘူး။ ထောင်ကို မပို့မချင်း သူတို့မှာ တာဝန်ကြီးနေတာ"

ဒါနဲ့ ကျွန်တော်ပါ ရဲစခန်းထဲလိုက်သွားပြီး ရှေ့နေတွေပေါ် သူတို့ တရားခံနဲ့ ခဏတွေ့ပြီး စကားပြောချင်လို့ ခွင့်တောင်းပြီး တွေ့ကြတယ်။

"မင်းတို့က ငါးယောက် ခြောက်ယောက်လောက် အတူလာကြတာ၊ မှတ်ထားနော်"

"ဟုတ်ကဲ့ ဆရာ"

"အသတ်ခံရတဲ့ကောင်က မင်းတို့ကို ရန်စတယ်။ သူ မူးလည်း မူးနေတာ ခေါင်းမူးနေတာ ဟုတ်ပြီလား"

"ရန်မစဘူး။ ခေါင်းလည်းမမူးဘူးလေ"

"အသာနေစမ်းပါ၊ ငါတို့ပြောတာ နားထောင် မနက်ဖြန်ကျတော့ ရုံးမှာ ဒီလိုပြောမှ မင်း ဒီအယဲက လွတ်မှာ"။

"အဲဒီလို ရန်လာစတော့ မခံချင်လို စကားများပြီး ရန်ဖြစ်ကြတာ။ ပြီးတော့ အတူလာတဲ့ခြောက်ယောက်ထဲက ဘယ်သူ ဓားနဲ့ ခုတ်လိုက်မှန်း မသိလိုက်ဘူး"။

"ငါ ခုတ်တာ၊ ငါကိုယ်တိုင် ခုတ်တာ"

သူ့ကို သင်ရကြားရတာ အတော်ခက်တယ်။ ရိုးလွန်းပြီး မဟုတ်မခံ

လုပ်နေတာ။

"ဆရာ ဦးသိန်းလှိုင် ကြည့်လုပ်ပါဦး၊ ငါ ခုတ်တာလို လုပ်နေတာ"

"ကျွန်တော် လုပ်ပြီးပြီ၊ လုပ်လို့မရလို့ ဒီရောက်နေတာ"

တိုက်ပုံထဲပါတဲ့ လက်ကိုင်ပဝါနဲ့ ချွေးစေးတွေ သုတ်ကြပြီးနောက် တစ်ခါ ထပ်ကြိုးစားကြည့်တယ်။

"ငါ ခုတ်တာကို မခုတ်ဘူးပြောတာ။ ငါ နစ်နာတယ်"တဲ့။

"ဆရာဦးသိန်းလှိုင်ရယ် ကူပါဦး၊ သနားစရာကောင်းလွန်းလို့ပါ"

"သြော် ခင်ဗျားတို့က သနားရုံတင် သနားတာ၊ ကျွန်တော်က ဒီလို လူမျိုး ချစ်ကိုချစ်တာ"

ဒီလောက်တောင် ရိုးလွန်းတော့လည်း ရှေ့နေမင်းများလည်း မကယ်နိုင်ရှာကြဘူး။

အဲဒီလို ရိုးသားပြီး ဥပဒေအကြောင်း ဘာမှ မသိသူ၊ တရားဥပဒေနဲ့ အလှမ်းဝေးကြသူတွေ ရှိကြသလို ဥပဒေကို နည်းနည်းပါးပါးနားလည်ထိတွေ့ဖူးသူတွေလည်း ကြုံဖူးတယ်။

* * *

## ကြက်သုံးကောင်

ကျွန်တော့်ဆီမှာ အမှုထမ်းတဲ့ ဆရာမနော်မူကြည်ရဲ့ ခင်ပွန်းက "ဆမ်ဆမ်"တဲ့။ သူက နှစ်ခြင်း ခရစ်ယာန်ဘာသာကိုးကွယ်တယ်။ သူ ကျွန်တော့်ဆီ ခဏခဏလာတယ်။ ဘာလို့လာတာလဲဆိုတော့ တောင်ပေါ်ကို ကျွန်တော်နဲ့ လိုက်ချင်တာ။ ဆရာ တောင်ပေါ်ကို နောက်တစ်ခေါက်တက်ရင် ကျွန်တော့် ခေါ်ပါတဲ့။ တကယ်လက်တွေ့ကျတော့ ကျွန်တော်လည်း တောင်ပေါ် ခဏခဏ တက်ဖြစ်တာလည်း မဟုတ်သလို ကျွန်တော် တက်သွားတဲ့အချိန်မှာ သူ မအားလပ်ပြန်ဘူး။

တစ်ခါတော့ တိုက်တိုက်ဆိုင်ဆိုင် သူလိုက်လာတယ်။ မအားလပ်တဲ့ကြားက သူတို့နှစ်ခြင်းသာသနာပြန့်ပွားဖို့က ပိုအရေးကြီးတယ်ဆိုပြီး ဆမ်ဆမ် ဒီပြင်အလုပ်တွေ ပစ်ချပြီး လိုက်တာတယ်။ ကျွန်တော့်စကား သူ နားထောင်တယ်။ သူ ခဏခဏ လာပြောတော့ တောင်ပေါ်မှာ အေးမယ်၊ ချမ်းမယ်၊ အစားအသောက်ဆင်းရဲမယ်၊ ပင်ပန်းမယ်။ ဒီတော့ သက်လုံကောင်းအောင်

လုပ်ထားလို့ မှာထားလို့ သူ့ကိုယ်သူ အကြမ်းခံနိုင်အောင် ပြင်ဆင်ထားတယ်။ ကျွန်တော် လျှောက်သလို သူ လျှောက်နိုင်တယ်။ သူ့ကို စောင့်ရတယ်လို့ မရှိဘူး။ မောခြင်းပန်းခြင်းလည်း မရှိဘူး။ ပါးစပ်ကနေ ကျွန်တော့်ကို တရား ဟောလိုက်သေးတယ်။ ဆမ်ဆမ်ပြောသမျှ ကျွန်တော် ငြင်းချက်မထုတ်ပါဘူး။ နားထောင်ရင်း "အေး"တစ်ချက်၊ "အင်း"တစ်ချက် လုပ်လာတယ်။ တစ်ခါ တလေ "ဒါပေါ့... ဒါပေါ့"လုပ်ရတယ်။

ကျွန်တော်တို့ မရောက်ဖူးတဲ့ရွာလေးမှာ ပထမဆုံး စခန်းချကြတယ်။ ကျောပိုးအိတ်ကို ချွတ်ကြတော့မှ သူ့ဆီက စုတ်သတ်သံ ကျွတ် . . . ကျွတ် . . . ကျွတ်လို့ သုံးလုံးထွက်ကျလာတယ်။ စိတ်ကိုလျှော့လိုက်တယ်ထင်ပါရဲ့။ တောင်ထိပ်မှာတည်တဲ့ရွာလေး။ အိမ်ခြေ ဆယ့်လေးငါးလုံးလောက်ပဲ ရှိမယ်။ ကျွန်တော်တို့ဝင်သွားကြတော့ ခွေးတွေ ဆီးဟောင်ကြတယ်။ အိမ်တံခါးတွေ ပိတ်ကြပြီး ကျွန်တော်တို့အခြေအနေကို စောင့်ကြည့်ကြတယ်။ လူစိမ်းတွေ၊ ရန်သူလား၊ မိတ်ဆွေလား မကွဲပြားတော့ တံခါးကြား၊ ထရံကြားကနေ သူတို့ စောင့်ကြည့်နေကြတယ်။

အရိပ်ကောင်းတဲ့ သစ်ပင်အောင်မှာ နေရာယူလိုက်တယ်။ ဆမ်ဆမ်ရဲ့ ဘဝအတွေ့အကြုံကို နားနားနေနေ ထိုင်ရင်းမေးမြန်းကြည့်ရတယ်။

"ဆမ်ဆမ်ရေ မင်းနာဂတိုင်းရင်းသားတွေကို အခုလို သာသနာပြုတာ အောင်မြင်ရဲ့လား"

"မအောင်မြင်ဘူး၊ ကျွန်တော့်ကို ဘယ်သူမှ ဂရုမစိုက်ကြဘူး"

"မင်းဘာမှ မပူနဲ့ ငါလည်း သာသနာပြုဆရာတစ်ယောက်ရဲ့ စိတ်ဓာတ် မျိုး ခံယူပြီး သူတို့ကို ဆေးကုပေးနေတာ၊ မင်းကလည်း သာသနာပြုချင်တာ၊ တို့နှစ်ယောက်ပေါင်းရင် အောင်မြင်ပြီကွ"

"အမလေး ဝမ်းသာလိုက်တာ ဆရာရယ်။ ဆရာနဲ့ တွေ့တာ နောက်ကျ လို့ ကျွန်တော် စိတ်မကောင်းဖြစ်မိတယ်"

ကျွန်တော် သူ့ကို ရွာနဲ့ပတ်ဝန်းကျင် လေ့လာအကဲခတ်ခိုင်းတယ်။ သူကလည်း ဟုတ်ကဲ့ဆိုပြီး လျှောက် အကဲခတ်တယ်။

"ဆမ်ဆမ် အကဲခတ်တော့ ဘာကို သတိထားမိသလဲ"

"ဒီရွာက အိမ်ခြေ ဆယ့်နှစ်လုံးပဲ ရှိတယ်။ ဝက်မွေးတာ တွေ့တယ် ဆရာ။ ယဇ်ပူဇော်တဲ့ စင်မှာ နွားတစ်ကောင် ခေါင်းဖြတ်ထားတာ တွေ့တယ် ဆရာ"

"ပြီးတော့ကော"

"မပြောတတ်ဘူးဆရာ၊ ဒါပဲ မြင်တာ"

"ဆမ်ဆမ် ရွာရဲ့ ပတ်ဝန်းကျင်မှာ ကျောက်တောင်ချည်းပဲ။ တွေ့လား"

"တွေ့တယ် ဆရာ"

"ဒီလိုရွာမျိုးက ဆန်ရေစပါး ရှားတတ်တယ်။ ရွာအနီးပတ်ဝန်းကျင်မှာ စပါးစိုက်လို့ မရဘူး၊ အဝေးတောင်ယာမှာ သွားစိုက်ရတတ်တယ်"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော်တို့ နို့ဆီဘူး အပေါက်နှစ်ပေါက်ဖောက်ပြီး တစ်ယောက်တစ်ပေါက် စုပ်ကြရင်း ညစာကို တင်းတိမ်ကြရတယ် ဆမ်ဆမ်ရဲ့ အမျိုးတွေက အင်္ဂလန်မှာရှိကြတော့ သူတို့ညီအဖို့ အိပ်ရာလိပ်လို့ ခေါ်မလား၊ အိပ်ရာအိတ်လို့ ခေါ်မလား စလစ်ပင်းဘက်ဂ် ပို့ထားတာလေး ပါလာတယ်။ ဇစ်ကိုဆွဲဖွင့် အထဲဝင်အိပ် ဇစ်ပြန်ဆွဲ။ ကျောလည်းမနာ နွေးလည်းနွေးတယ်။ ခိမ်ပဲ။ ပြီးတော့ အနွေးအကျီကလည်း ပေါ့ပေါ့ပါးပါးနဲ့ နွေးတဲ့ ငှက်မွေးသွတ် အနွေးအကျီနဲ့။ မီးကလေးဖိုပြီး ရန်သူတွေမဟုတ်ကြောင်း သက်သေပြရင်း ဆမ်ဆမ်က သီချင်းလေး တပိုပိုလုပ်လုပ်နေတယ်။ ခွေးတွေ သူ့သီချင်းကို ခံစားနားလည်ကြထင်ပါရဲ့။ သီချင်းသံကိုကြားတဲ့အခါ ငြိမ်ပြီး နားထောင် ကြတယ်။ ရောက်ခါစ အချိန်ကလို ဟောင်ခြင်း ပြုခြင်းမရှိဘဲ အနီးအနား မလှမ်းမကမ်းမှာထိုင်တဲ့ အကောင်က ထိုင်၊ လျှာတစ်လစ်လစ်နဲ့ ရပ်ပြီး နားထောင်တဲ့အကောင်က နားထောင်လို့။ တချို့အကောင်က မြေကြီးပေါ် ဝပ်ရင်း နားထောင်နေကြတယ်။

ဆမ်ဆမ်က သာသနာပြုတစ်ယောက်ဖြစ်ဖို့ ကြိုးစားသူပီပီ ကြိုးတပ်တူရိယာလေးတစ်လုံးလည်း ပါလာတယ်။ ကြိုးလေးနဲ့။ တစ်ကြိုးနားမှာ ကပ်လျက် နောက်ထပ်နှစ်ကြိုး။ ဒပ်ဘယ်စထရင်း Double String လို့ ခေါ်မယ်ထင်တယ်။ အားလုံးပေါင်း ရှစ်ကြိုးတပ် ဂစ်တာငယ်လေးမျိုး။ အဲဒီ တူရိယာလေးနဲ့ သီချင်းဆိုတီးလေး လုပ်တယ်။ နှစ်ဦးနှစ်ဖက် ဆက်ဆံရေး တင်းမာမှုကို လျှော့ချနေတာလို့ နိုင်ငံရေးဆောင်းပါးရှင်တွေ ရေးကြလိမ့်မယ်။ မှတ်မိတယ်။ ချမ်းချမ်း စီးစီးကြီး။ အိပ်မပျော်လို့ မီးပုံကို ထင်းထထည့်၊ တကယ်အေးတော့ အင်္ဂလန်နိုင်ငံလုပ် အိပ်ရာအိတ်လည်း မခံနိုင်ဘူး။ ဆမ်ဆမ်ဆိုတဲ့ သင်းအုပ်ကလေး သူ့အိပ်ရာ အိတ်ထဲမှာ ချမ်းလွန်းလို့ ကွေးရင်း နောက်ချေး ပိုးအိကုပ်လို ဖြစ်သွားတယ်။

မနက်မိုးလင်းတော့ သူတို့ နည်းနည်းသဘောပေါက်လာကြတယ် ထင်ပါရဲ့။ တံခါးတွေ စဖွင့်စပြုတယ်။ သူကြီးအိမ်လို့ ထင်ရတဲ့အိမ်က စဖွင့်တာ။ ဒီတော့ ဒီပြင်အိမ်တွေလည်း ဖွင့်တဲ့အိမ်ဖွင့်၊ တံခါးဟာတတ လုပ်ထားသူလည်း

လုပ်ထားကြတာပေါ့။ တချို့လည်း ခပ်လှမ်းလှမ်းကနေ အကဲခတ်နေကြတယ်။ ဆမ်ဆမ်က ရရာအသားနှစ်ချောင်းကို ယူပြီး လက်ဝါး ကပ်တိုင်တစ်ခု လုပ်တယ်။ အမြင့်လေးပေလောက်ရှိမှာပေါ့။ ရှိတဲ့လျှောက်နဲ့ တုပ်နှောင်ချီပြီး သစ်ပင်မှာ မှီပြီး ဘုရားကို ကျကျနန ဝတ်ပြုဆုတောင်းတယ်။ သူက သင်းအုပ်ဆရာဆိုတော့ ကျွန်တော်က သူ့လက်ထောက် တရားဟော ဆရာလိုဖြစ်နေတော့တာပေါ့။ ကျွန်တော်လည်း သူလုပ်သလို လိုက်လုပ်တာပဲ။ သူ့ဆီက အဘ ဘုရားသခင်ဆီ ဆုတောင်းသံလေသံနဲ့ ခပ်တိုးတိုးဆုတောင်း ရှိခိုးသံကြားနေရတယ်။ ကျွန်တော်လည်း အဘဘုရားသခင်ဆီမှာ လည်ပင်းကြီး၊ ဒါမှမဟုတ် မုတ္တ၊ ဒါမှမဟုတ်၊ အဖု၊ အကြိတ်၊ တစ်ခုခု ခွဲစိတ်ရပါလို၏လို့ ဆုတောင်းနေမိတယ်။

ဒါပေမဲ့ အဘဘုရားသခင်က ကျွန်တော့်ဆုတောင်းကို ဖြည့်ဆည်း မပေးဘူး။ တစ်ခုခုကို ခွဲစိတ်ပေးရင်း ဆမ်ဆမ်က သာသနာပြုရမှာ။ ဒီလိုဆိုရင် ကျွန်တော်တို့ အောင်မြင်ကြမှာလေ။

နေတော်တော်မြင့်တော့ ရပ်ဝေးကပြန်လာတာထင်ပါရဲ့။ ဒီရွာက ရွာသားတစ်ယောက် ရွာထဲကို ဝင်လာတယ်။ သူက ရပ်တကာ နယ်တကာ အနှံ့ လျှောက်သွားပြီး ဗမာလိုလည်း နည်းနည်းပါးပါး တတ်သူထင်ပါရဲ့။ ကျွန်တော်တို့နဲ့ စကားလာပြောတယ်။ ကျွန်တော်တို့ ပြောကြတာ လေးဆယ်သားလောက်တော့ သူနားလည်တယ်။ အပြည့်အဝမဟုတ်တော့ လက်ဟန်ခြေဟန်တွေနဲ့ ပြောကြတာပေါ့။ ကျွန်တော်တို့နှစ်ယောက် ဘယ်က လာကြသလဲ၊ ဘာလာလုပ်ကြတာ လဲ။ ဘယ်သွားမှာလဲ၊ ဒါမျိုးတွေ အသံ မပီတပီနဲ့ သူကြိုးစားပြီး ပြောတယ်။

ဆမ်ဆမ်က သင်းအုပ်ဆရာ၊ ဘာသာရေးခေါင်းဆောင် ကျွန်တော်က ဆေးကုတဲ့ ဆရာဝန်လို့ ပြောပြပြီး၊ လည်ပင်းကြီးရောဂါသည်၊ မုတ္တကျသူတွေ ရှိသလား မေးတော့ သူ နားမလည်ဘူး။ ကဲပါလေ၊ နောက်တော့ တဖြည်း ဖြည်း ရင်းနှီးလာတဲ့အခါ လူနာတွေ့မှာပါ။ ဆမ်ဆမ်ကတော့ ဒီရွာမှာ ဘာအခက်အခဲရှိသလဲ။ ထမင်းဝကြရဲ့လားဆိုတာမျိုး စူးစမ်းတယ်။ ဒီပုဂ္ဂိုလ် အမှီပြုပြီး ပရိသတ်က တဖြည်းဖြည်းများလာပြီး သူတို့ဖြေတဲ့အဖြေက အမျိုးမျိုး။

အိမ်မိုးဖို့ သက်ကယ်ကို အဝေးကြီးသွားခုတ်ရတယ်ဆိုတာမျိုးလည်း ပါသလို စပါးမလောက်လို့ ဒီ့ပြင်ရွာက ချေးပြီး ဆန်ကိုဝယ်စားနေရတဲ့ အကြောင်းလည်း ပါတယ်။ နာဂတို့ရဲ့ လူမှုဒုက္ခအဝဝကို နားထောင်ရင်းနဲ့ ဆမ်ဆမ်လိုအပ်တာတွေ တဖြည်းဖြည်းများလာပြီ။ သူ အကွက်ဆိုက်တော့မယ်။ ဒါပေမဲ့ ဣန္ဒြေမပျက်လေး နားထောင်နေတယ်။

"ကဲ လူသားရယ်လို့ဖြစ်လာရင် ဒုက္ခတွေ၊ ကိုယ်မဖြစ်ချင်တာတွေ ဖြစ်ရ၊ မကြုံချင်တာတွေ ကြုံကြရတယ်"

ဆမ်ဆမ်ပြောသမျှ ပိန်ရှည်ရှည်ပုဂ္ဂိုလ်က နာဂဘာသာစကားနဲ့ ဘာသာပြန်ပေးတယ်။

"ဒီဒုက္ခတွေက ကင်းဝေးဖို့၊ ထမင်းဝဝစားရဖို့၊ သူများကိုပေးစရာ စပါးကြွေးတွေ ကြေအောင် အဘဘုရားသခင်ဆီမှာ ဆုတောင်းရတယ်"

ဒီအကြောင်းကို နာဂဘာသာစကားနဲ့ ဘာသာပြန်ဆိုအပြီးမှာ ပရိသတ်က ဟင်တွေ ဘာတွေ၊ ဟုတ်လား၊ တကယ်လားဆိုတာမျိုး အသံတွေထွက်လာကြတယ်။ ကျွန်တော်နဲ့ဆမ်ဆမ် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်မိသလို သူတို့လည်း အချင်းချင်း ဘေးဘယ်ညာ၊ တချို့က ရှေ့နောက်လှည့်ကြည့်ကြတယ်။ ယုံမှား သံသယရှိသူလည်း ပါမှာပေါ့။

ကျွန်တော်ကလည်း ကျွန်တော်ပဲ။ ဆရာဝန်က ဆရာဝန်နေရာမှာ မနေဘူး။ လျှာရှော်မိတယ်။

"ဒီရွာမှာ စပါးချေးထားလို့ စပါးကြွေးတင်နေတဲ့သူတွေများလား"လို့ စကားဝင်ထောက်မိတယ်။

ဘာသာပြန်သူက နာဂဘာသာစကားနဲ့ ပြောရင်း စပါးကြွေးရှိသူ လက်ထောင်ကြလို့ ပြောထင်ပါရဲ့။ ပရိသတ်က လက်ထောင်ကြတာ။ ပရိသတ် နှစ်ဆယ်လောက်မှာ လက်ထောင်သူက ဆယ့်ငါးယောက်လောက်ရှိတယ်။ အဲဒီမှာတင် ဆမ်ဆမ်က အဲဒီ စပါးကြွေးတွေ ကြေပြီ။ ဒီ့ပြင် လူမှုဒုက္ခတွေရော ပပျောက်ကင်းစင်အောင် ဘုရားသခင်ဆီမှာ ဆုတောင်းရအောင်ဆိုပြီး ဆုတောင်းပုံ ဆုတောင်းနည်း လုပ်ပြတယ်။ ဘာသာပြန်သူကလည်း ဘာသာပြန်ပေးတယ်။

လက်ဝါးကပ်တိုင်ကို ကျွန်တော်က ရှေ့မှာကိုင်ပြီး မတ်တပ်ရပ်နေရတယ်။ ဆမ်ဆမ်က ဒူးထောက် ဆုတောင်းတော့ ပရိသတ်လည်း ဒူးထောက်ကြတယ်။

"ကောင်းကင်ဘုံ၌ ရှိတော်မူ၍ သားသမီးအပေါင်းတို့ကို အလုံးစုံသော ချစ်ခြင်းမေတ္တာဖြင့် သနားတော်မူသော အဘ ဘုရားသခင်"

ဆမ်ဆမ်က သူတို့လိုက်ဆိုနိုင်အောင် တစ်လုံးချင်း ဖြည်းဖြည်းချင်း ရွတ်တယ်။ ဆမ်ဆမ်နားတဲ့အခါ သူတို့လည်းနား၊ ဆမ်ဆမ်က ရှေ့ကဆိုရင် သူတို့ကလည်း ဆိုကြတယ်။

"ဒီနေ့အတွက် အဘဘုရားထံမှာ တိုးဝင်ချဉ်းကပ်ပြီး ဆုတောင်းခွင့်ရတဲ့ အတွက် ကျေးဇူးတော်ကို ချီးမွမ်းပါတယ်"

"သားတို့ သမီးတို့ သိလျက်နဲ့ ပြုမိတဲ့အပြစ်များ၊ သားတို့၊ သမီးတို့ မသိလျက်နဲ့ ပြုမိတဲ့ အပြစ်များကို ဖြေလျှော့ပေးတော်မူပါ"။

သူတို့ခမျာ စပါးကြွေးက တစ်နှစ်ပြီးတစ်နှစ် ထပ်နေကြတယ် ထင်ပါရဲ့။ ခြောက်နှစ်တစ်ခါ ရွှေ့ပြောင်းရတဲ့တောင်ယာမြေကပဲ ကျယ်ကျယ်ဝန်းဝန်း မရှိဘဲ ဖြစ်နေကြသလား။ ကျောက်တွေကြားမှာ စပါးကလည်း စိုက်လို့မရတော့ ဆမ်ဆမ်ရှေ့က တိုင်ပေးနေတာလည်း သူတို့အတွက်တော့ ကောက်ရိုးတစ်မျှင်ဖြစ်ချင်ဖြစ်မှာပဲ။

"ယခု သားတို့ သမီးတို့ တောင်းနေကြသော ဆုများသည် သားတို့ သမီးတို့ အလိုဆန္ဒအတိုင်းသာ တောင်းနေခြင်းဖြစ်ပါတယ်"

ဆမ်ဆမ်ကတော့ စိတ်ပါလက်ပါနဲ့ သူ့သာသနာပြုလုပ်ငန်းကို အပီအပြင် အားထုတ်နေတယ်။

"အဘဘုရားသခင်က သားတို့ သမီးတို့အပေါ်တွင် ဘာကို အလိုရှိသည် မသိပါ၍ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းသာ ပြီးပြည့်စုံပါစေ"

သူတို့ ဆုတောင်းနေကြတုန်းမှာ လေပြည်အေးကလေးတွေ တသုန်သုန် တိုက်ခတ်နေတာကို ခံစားရင်း ကျွန်တော် ပီတိဖြစ် ကြည်နူးမိတယ်။

"အဘ ဘုရားသခင်ရဲ့ အလိုတော်ကိုလိုက်ပြီး သားတို့ သမီးတို့ ဝန်ခံလျှောက်ထားအပ်ပါတယ်။ ဖြစ်စေတော်မူပါ"

ဆမ်ဆမ်ခမျာ နို့ဆီတွေသောက်ထားလို့ အဟမ်း... အဟမ်းနဲ့ လည်ချောင်းရှင်းနေရသေးတယ်။

"ဤဆုတောင်းပတ္ထနာသည် တစ်ပါးတည်းသော သားတော်ယေရှုသခင်၏ ကြီးမြတ်သော မဟာနာမကို အမှီပြု၍ ဆက်ကပ်ဆုတောင်းအပ်ပါသည် ဘုရား အာမင်"

ဆမ်ဆမ်က ဆုတောင်းပြီးတော့ မျက်နှာလေး ပြုံးပျော်သွားတယ်။ လက်ဝါးကပ်တိုင်းကိုလည်း ရွာအဝင်မှာ စိုက်ထူလိုက်တယ်။ အဲဒီည သူတို့ရွာမှာ အိပ်ကြတယ်။ သစ်ပင်အောက်မှာ မဟုတ်တော့ဘူး။ သူကြီးအိမ်မှာ အိပ်ကြတယ်။ အုလယ်ကောင်မှာ ကျပ်ခိုးတွေစွဲနေတဲ့ မီးဖိုကြီး ခေါင်းစိုက်ပြီး အိပ်ကြတာ။ မနက်ကျတော့ ရွာသူရွာသားတွေကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြတယ်။ မနေ့က စိုက်ထူခဲ့တဲ့ လက်ဝါးကပ်တိုင်မှာ ဆမ်ဆမ် မတ်တတ်ရပ်ပြီး ဆုတောင်းခဲ့သေးတယ်။

ရှစ်လ၊ ကိုးလဆိုတာ ကိုယ့်အလုပ်နဲ့ ကိုယ်မို့ ဘာမှ မကြားလိုက်ဘူး။ တရားရုံးက ရှေ့ဖတ်စာရေးလေးက ကျွန်တော့်ကို အခုလိုက်ခဲ့ပါလို့ ခရိုင်ဝန်

က အခေါ်ခိုင်းလိုက်တယ်ဆိုတာနဲ့ ကမန်းကတန်း ထလိုက်သွားရတယ်။ ဟိုမှာ ဆမ်ဆမ်လည်း ရောက်နေပြီ။ နာဂ ငါးယောက်လောက်လည်း ဆမ်ဆမ် ဝိုက် ထားခဲ့တဲ့ လက်ဝါးကပ်တိုင်းကြီးသယ်ပြီး ရောက်လာကြတယ်။

အတိုချုပ်ကတော့ ဒီလက်ဝါးကပ်တိုင်ကြီးနဲ့ လူနှစ်ယောက် သူတို့ရွာ လာတယ်။ စပါးအကြွေးတွေ ကြေအောင် ဘုရားသခင်ဆီမှာ ဆုတောင်းရင် အကြွေးကြေတယ်လို့ပြောလို့ ဝိုင်းပြီး ဆုတောင်းကြတယ်။ ဆုတောင်းပေမဲ့ ဒီနှစ်လည်း စပါးအထွက်က မကောင်းဘူး။ ခါတိုင်းနှစ်လောက်တောင်မှ စပါး မရကြဘူး။ ဒါကြောင့်မို့ တရားစွဲရအောင် လာတာတဲ့။

ကျွန်တော်ပြုံးချင်ပေမဲ့ ကြိတ်မှိတ်နေတယ်။ ဆမ်ဆမ်ကတော့ နည်းနည်း မျက်နှာပျက်ချင်တယ်။ ခရိုင်ဝန်က ရွာကိုလာကြတာ ဒီပုဂ္ဂိုလ် နှစ်ယောက် လား၊ သေသေချာချာကြည့်ဆိုတော့ သူတို့ ကြည့်ကြတယ်။ ပြီးတော့ ဟုတ်တယ် လို့ ပြောတယ်။

ခရိုင်ဝန်က ဆမ်ဆမ်ကို ဘယ်လိုဖြစ်တာလဲလို့ မေးတော့ ဆမ်ဆမ်က ဖြစ်ကြောင်းကုန်စင် အမှန်အတိုင်းပြောတယ်။ ကျွန်တော့်ကိုတော့ ဘာမှ မမေး ပါဘူး။ ခရိုင်ဝန်က သဘောပေါက်တယ်။ စကားပြန်ကနေတစ်ဆင့် သူ့ကို နားလည်အောင် ပြန်ရှင်းပြရတယ်။

"တရားစွဲချင်ရင် စွဲပေးမယ်။ တရားရုံးစရိတ်ဆိုတာ ရှိတယ်

ပိုက်ဆံကုန်လိမ့်မယ်။ ဒါပေမဲ့ ဒီအမှုမှာ ဟောဒီပုဂ္ဂိုလ်နှစ်ယောက်နဲ့ မဆိုင်ဘူး တကယ်တရားစွဲမယ်ဆိုရင် ဘုရားသခင်ကို စွဲရမှာ

"ဘယ်လိုလဲ၊ စွဲကြမှာလား"လို့ မေးတော့

သူတို့က ချက်ချင်းပြန်ဖြေကြတယ်။ တိုင်ပင်တောင် မတိုင်ပင်ကြ ပါဘူး။ တရားစွဲမယ်တဲ့။ ခရိုင်ဝန်က ဒါနဲ့ ဆက်ပြီးပြောပြရတယ်။

"ကောင်းပြီ စွဲပေးမယ်။ ဒါပေမဲ့ ဘုရားသခင်က ကောင်းကင်ဘုံမှာ နေတာ၊ အဝေးကြီးကလာရမှာ သူရောက်လာတဲ့အခါ မင်းတို့ကို ရုံးက ဆင့်ခေါ်လိုက်မယ်၊ အဲဒီကျတော့ မပျက်မကွက် လာခဲ့ကြ"

သူတို့ကလည်း "ကောင်းပြီ လာခဲ့မယ်"တဲ့။

နောက်တစ်ယောက် မေးခွန်းတစ်ခွန်း မေးသေးတယ်။

"တရားရုံးစရိတ်က ဘယ်လောက်ကုန်မှာလဲ"

တရားသူကြီးက "ကြက်သုံးကောင်"လို့ ပြောတော့ သူတို့က

"ဟုတ်ပြီ တရားစွဲမယ်"တဲ့။

* * *

## မမျှော်လင့်တဲ့ ဖိတ်စာ

တောင်ပေါ်မှာ ရောက်နေတဲ့ ဆရာဝန်သုံးယောက် ခန္တီးကို အခါအားလျော်စွာ လာကြတယ်။ လစာထုတ်ရက်ဖြစ်ချင်ဖြစ်မယ်။ ဆေးခွဲတမ်း လာထုတ်တာ ဖြစ်ချင်ဖြစ်မယ်။ တစ်ခါတလေ သုံးယောက်လာဆုံရင် ပျော်စရာကြီး။ ကျွန်တော့်ဇနီး အုန်းအုန်း မီးဖွားမယ့်ရက် သူတို့ရောက်နေကြလို့ သူတို့ဖွားပေးပါ့မယ့် တကဲကဲလုပ်နေကြတာ။ မနည်းတောင်းပန်ရတယ်။ ကျွန်တော့် အိမ်ဟာ သူတို့အတွက် စားတော်ဆက်။ ကျွန်တော့်မိသားစုဟာ သူတို့မိသားစုပဲ။ သူတို့လာရင် ကျွန်တော်လည်း ပျော်တာပဲ။ သူတို့အတွေ့အကြုံတွေ မျှဝေ ကြတာ သိပ်အရသာရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် အတွေ့အကြုံတွေက မတူကြဘူး။ ကျွန်တော့်ဆီက အကြံဉာဏ်တောင်းတဲ့အခါ တောင်းတယ်။ သူတို့ရဲ့ အလုပ်တွေမှာ စိတ်ဝင်တစားရှိကြတာ ကောင်းတယ်လေ။

လေရှီးမှာ တာဝန်ကျနေတဲ့ ဒေါက်တာတင်မောင်ထွန်း တစ်ရက်တော့ လကုန်ရက်၊ ဆေးခွဲတမ်းထုတ်ရက်မဟုတ်ဘဲ အိမ်ကိုရောက်လာတယ်။ ဆရာနေကောင်းလား၊ မမအုန်းနေကောင်းလား၊ ကလေးတွေ ကောက်ချီပွေ့ရင်း၊ လက်တစ်ဖက်က စာတစ်စောင်ထုတ်ပြရင်း ကျွန်တော့်ဆီ ခွင့်တောင်းတာ။ စာက ရိုးရိုးစာမဟုတ်ဘူး။ ကြေးနန်း။

သူတို့မိသားစုတွေဟာ ဗန်းမော်အဆက်တွေ၊ အဲဒီအထဲက ဒေါက်တာတင်မောင်ထွန်းရဲ့ညီတစ်ယောက် အမေရိကန်သွားမှာမို့ ရန်ကုန်မှာ မိသားစုဆုံရအောင် လာခဲ့ဖို့ ရိုက်လိုက်တဲ့ကြေးနန်း။ ဒီကြေးနန်းပြပြီး ကျွန်တော့်ဆီ ခွင့်လာတောင်းတာ။ ကျွန်တော် ကြည်ကြည်ဖြူဖြူ ခွင့်ပြုလိုက်တယ်။ လူငယ်ဆရာဝန်တစ်ယောက်၊ တောင်ပေါ်ရှားပါးဝေးလံတဲ့အရပ်မှာ နေနိုင်တာ ချီးကျူးတယ်။ မြို့မှာ ကြီးတဲ့သူပဲ မြို့အလွမ်းရှိမှာပေါ့။ ပြီးတော့ မိသားစုအရေးလည်း ဖြစ်တယ်။ မိသားစုအရေးမှာ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ရေချိန်တွေက မတူကြဘူးလေ။

သူ့ခမျာ ရန်ကုန်ရောက်ဖို့ လေယာဉ်လက်မှတ် အဆင်ပြေပါ့မလား၊ အတော်စိတ်ပူနေရှာတာ၊ ငါလည်း မတတ်နိုင်ဘူး၊ လေယာဉ်လက်မှတ် ကတော့ အဘဘုရားသခင်ကလွဲလို့ ဘယ်သူ့မှ အားကိုးစရာမရှိဘူးလို့ ပြောလိုက်တော့ သူ မချိပြုံး ပြုံးတယ်။ သူ့ကုသိုလ်ကံပဲ။ လေယာဉ်ဆင်းတယ်။ လက်မှတ်ရတယ်။ ရန်ကုန်ကို ပါသွားတယ်။ လက်ပြနှုတ်ဆက်ရင်း ပြုံးပြုံး ပျော်နေတဲ့ သူ့မျက်နှာဟာ ရုပ်ရှင်ထဲမှာဆိုရင် ပရိသတ်ရဲ့ဘဝင်ကို ချမ်းမြေ့စေမယ့်အပြုံး။ လေယာဉ်

တက်သွားမှ ကျွန်တော်လည်း ပြန်ခဲ့တယ်။

ဒေါက်တာ တင်မောင်ထွန်း ရန်ကုန်ရောက်တော့ လမ်းမတော်က ဆေးတက္ကသိုလ်အဆောင်မှာ တည်းတယ်။ ရန်ကုန်မြို့ရဲ့ညကို သူငယ်ချင်းတွေနဲ့ ခံစားရင် သူငယ်ချင်းမိတ်ဆွေတွေက အညွှန်းကောင်းလွန်းလို့ ဂလုပ်ရုံမှာ ည ကိုးနာရီခွဲပွဲ ရုပ်ရှင်သွားကြည့်တယ်။ ရုပ်ရှင်က ညွှန်းလောက်အောင် ကောင်းတယ်။ ကျေနပ်ပြီး ပြန်အလာ အဆောင်ရှေ့နားမှာ လူမျိုးခြား တစ်ယောက်က သူ့ကို ဓားနဲ့ထောက်ပြီး လုတာ၊ သူက ပြန်ခုခံတော့ ဓားနဲ့ ထိုးပြီး ပိုက်ဆံအိတ်ယူ ထွက်ပြေးသွားရော။ အော်သံတွေကြားရ၊ ရုပ်ရှင်ကြည့် ပြန်လာသူတွေ ထပ်ရောက်လာတော့ သွေးအိုင်ထဲမှာ လဲနေတဲ့သူ့ကို တွေ့ကြတယ်။ သူ့သူငယ်ချင်းက အဆောင်မှူး။ ကျောင်းသားတွေခေါ်လာပြီး၊ ဆေးရုံ နဲ့နီးပေလို့။ အသည်းထိတဲ့ဒဏ်ရာမို့ ခွဲစိတ်ပါရဂူ ဆရာဦးကျော်အောင် ကိုယ်တိုင် အချိန်မတော်ကြီးလာပြီး ခွဲစိတ်ကုသပေးတာ။

ဒီအကြောင်း နောက်တစ်နေ့ သတင်းစာတွေမှာ ပါတယ်။ သတင်းစာတစ်စောင်ရဲ့ အရေးအသားဟာ သိပ်အရေးပါတယ်။ မျက်နှာဖုံးမှာ စာလုံးမည်းနဲ့ပါတဲ့ သတင်းက မြန်မာပြည် မှုခင်းလောကမှာ ပြောစမှတ်ကိုဖြစ်ရော။ ယဉ်ကျေးမှုအရ ထုံးစံအရ လူရဲ့ခေါင်းကိုဖြတ်ပြီး ယဇ်နတ်ပူဇော်ကြတဲ့ နာဂတိုင်းရင်းသားတွေအကြားမှာ အဆင်းရဲအပင်ပန်းခံပြီး မဖွံ့ဖြိုးမတိုးတက်သေးတဲ့ နာဂတွေအပေါ် စေတနာထားတဲ့ ဒေါက်တာတင်မောင်ထွန်း မဟာရန်ကုန်ရောက်ခိုက် ဓားထိုးခံရတဲ့အကြောင်း၊ တရားဥပဒေ မစိုးမိုးနိုင်တဲ့အကြောင်းတွေ ရေးလိုက်တာ။

သတင်းဂယက်က မြန်မာသတင်းစာဖတ်ပရိသတ်ကြားမှ တစ်မဟုတ်ချင်း ပျံ့နှံ့သွားတယ်လေ။ အထက်က ဖိအားနဲ့ ရဲတွေလည်း တရားခံဖမ်းဖို့ ကြိုးစားကြတယ်။ တရားခံက မမိဘူး။ ဒါပေမဲ့ သတင်းစာကို တရားခံ ဖတ်မိတယ်။ အဲဒီအခါ တရားခံလူမျိုးခြားက တော်တော်ခံစားသွားရတယ်။ ရဲတွေဆီ သူကိုယ်တိုင်လာပြီး အဖမ်းခံတယ်။ လုယက်လို့ရတဲ့ပစ္စည်းတွေ ကျန်သမျှ ပြန်အပ်တယ်။ သူ ဒီလိုလုပ်တဲ့အတွက် အခွင့်အရေးတစ်ခု တောင်းတယ်။ တရားလို၊ ဓားထိုးခံရသူ ဒေါက်တာတင်မောင်ထွန်းကို သူ့အမှား ဝန်ချတောင်းပန်ချင်တယ်။ ခွင့်ပေးပါတဲ့။ ဆေးရုံကို လက်ထိတ်တန်းလန်းနဲ့လာပြီး ရှိခိုးတောင်းပန်သွားတဲ့အဖြစ် ဖြစ်ခဲ့ဖူးတယ်။

ဆရာဦးကျော်အောင်တို့ ကျေးဇူးတင်ရမှာပဲ။ ဒေါက်တာ တင်မောင်ထွန်း အသက်ရင်တယ်။ ကျန်းမာလာတော့ သူ တောင်ပေါ်ကို ပြန်လာတယ်။

ကျွန်တော့်ကို ဓာတ်စုံခင်းတယ်။ ကျွန်တော်ရော အုန်းအုန်းရော သူ့ သူငယ်ချင်းတွေရော ရုပ်ရှင်ကောင်းကောင်းတစ်ကားကို ကြည့်နေရသလို ခံစားနိုင်အောင် သူပြောပြ တယ်။ မျက်လုံးထဲမှာ မြင်ယောင်မိတယ်။ သူ့ကို ဓားထိုးလိုက်တဲ့ ဓားချက်က ပရိသတ်တွေဖြစ်ကြတဲ့ ကျွန်တော့်တို့အသည်း လာထိသလို ခံစားကြရတယ်။

သူထိခိုက်ဒဏ်ရာရတဲ့အခါ ရန်ကုန်ကပို့တဲ့ ကြေးနန်းတစ်စောင် လက်ခံရရှိတယ်။ ကျွန်တော် သေသေချာချာသိမ်းထားတာ။ ကျွန်တော်က လည်း ကြေးနန်းတစ်စောင်ပို့တယ်။ လက်ခံရှိတယ်။ အဲဒါတွေကို သူတို့ ပြရတယ်။

"လေရှီးမြို့နယ် ဆရာဝန် ဒေါက်တာတင်မောင်ထွန်း၊ ဓားထိုးခံရ၊ ခွဲစိတ်ကုသပြီး၊ ကျန်းမာသက်သာလာ၊ လာရန်မလို"တဲ့။

ကျွန်တော့်မှာ လာရန်မလိုဆိုပေမဲ့ စိတ်တော့ ပူတာပေါ့။ ဘယ်စိတ်ကောင်းမလဲ။ ဒါကြောင့် ကျွန်တော် ကြေးနန်းတစ်စောင် ထပ်ရိုက်လိုက်တယ်။

"ဒေါက်တာ တင်မောင်ထွန်း၊ ကျန်းမာရေးအခြေအနေကို ကျေးဇူးပြု၍ ထပ်သိပါရစေ"

ဒါပေမဲ့ သကောင့်သားများက လူကြီးလူကောင်းပီပီ ဘာကြေးနန်းမှ ပြန်မပို့ဘူး။ ကျွန်တော်က ဒေါက်တာတင်မောင်ထွန်းရဲ့ မွေးသဖခင် မဟုတ်ပေမဲ့ တာဝန်နဲ့ ဝတ္တရားအရတော့ ဖခင်လည်း ဟုတ်တယ်၊ လုပ်ဖော်ကိုင်ဖက်လည်း ဟုတ်တယ်။ ဦးစီးဌာန၊ ဝန်ကြီးဌာနတစ်ခုအနေနဲ့ ကျွန်တော့်ကြေးနန်းကို အကြောင်းပြန်ဖို့ကောင်းတယ်။ ကျွန်တော် လေရှီးဘက်မှာရှိတဲ့ သူ့လူနာတွေ အတွက် ပူပန်စိုးရိမ်ရမယ့်တာဝန်ကလည်း ရှိတယ်။ ဒါပေမဲ့ သူတို့ကြေးနန်း တစ်ရက်လာနိုး၊ တစ်ရက်လာနိုးနဲ့ နောက်တော့ တကယ်ကို နိုးတော့တာပဲ။ ရောက်မလာဘူး။

ဒေါက်တာ တင်မောင်ထွန်းကို ဓားနဲ့ထိုးတဲ့တရားခံဆေးရုံကိုလာပြီး ရှိခိုးတောင်းပန်တဲ့အကြောင်းလည်း သတင်းစာဆရာက ရေးတော့ သတင်းစာဖတ်ပရိသတ်က သဘောကျကြတော့တာပေါ့။ ကလောင်ရှင်က သူ့အလုပ်သူလုပ်တာပေမဲ့ ပရိသတ်ကို အကျိုးပြုတယ်လို့ ကျွန်တော်ထင်တယ်။

ဒေါက်တာတင်မောင်ထွန်း တောင်ပေါ်မှာ သူ့နာဂတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ကုသပြုစုနေထိုင်တုန်းမှာ သူ့ဘဝနောက်တစ်ဆစ်ချိုးဖို့ အကြောင်းဖန် လာတယ်။ သူ့ဘဝ တစ်ဆစ်ချိုးက သူ့ဘဝတင် ချိုးတာဆိုရင် ကိစ္စမရှိဘူး။ ကျွန်တော့်ဘဝကိုပါ တစ်ဆစ်ချိုးဖို့ ဖန်တီးလာတယ်။

သူ့ညီ အမေရိကန်ကိုရောက်ပြီး သူ့အစ်ကိုကိစ္စကြားတော့ ညီလုပ်သူ

က အတော်တုန်လှုပ်တယ်။ မြန်မာပြည်မှာ ဘာမှ လုံခြုံမှုမရှိဘူးလို့ ခံစားမိသတဲ့။ ဒီမှာ ကျန်ရစ်သူတွေက ဒါမျိုးဆိုတာ ဖြစ်လေ့ဖြစ်ထရှိတာ။ သတ္တဝါတစ်ခု ကံတစ်ခု။ ရန်ကုန်မြို့မှာ လူတွေ သိန်းနဲ့ချီရှိတာ။ ဒေါက်တာတင်မောင်ထွန်းမှ ဖြစ်ချင်လို့ ရွေးဖြစ်ရတယ်။ ဒီလိုအောက်မေ့ကြတာကိုး။

ဒါပေမဲ့ ညီဖြစ်သူက နိုင်ငံခြားမှာ ဘွဲ့လွန်စာမေးပွဲတွေပြီး၊ အောင်မြင်ပြီးတဲ့အခါမှ မြန်မာပြည်ကိုပြန်ပြီး ဆေးဆက်ကုဖို့ လှမ်းခေါ်နေတယ်။ ခေါ်တာကတစ်ကြိမ်လည်း မဟုတ်၊ နှစ်ကြိမ်လည်းမဟုတ်ဘူး။ အကြိမ်ကြိမ်ပဲ။ ဒါနဲ့ သူ့ဘဝရှေ့တက်လမ်းရော ပါတာပေါ့။ ကနေဒါကို ထွက်သွားတယ်။ ကနေဒါမှာအီးစီအက်ဖ်အမ်ဂျီဆိုတဲ့ စာမေးပွဲဝင်ဖြေရသေးတယ်။ ECFMG Educational Commission For Foreign Medical Graduate က တိုင်းခြားဆေးပညာရှင်တွေကို အရည်အသွေးပြည့်မီ မမီ စစ်ဆေးတဲ့စာမေးပွဲပဲ။ အဲဒီမှာ သားဖွားနဲ့မီးယပ်ပညာ မဟာသိပ္ပံဘွဲ့ရအောင် သူ ကြိုးစားတယ်။ ရလည်း ရတယ်။

တစ်နေ့တော့ ခန္တီးမြို့ကို စာတစ်စောင်ရောက်လာတယ်။ နိုင်ငံခြားကပေးပို့တဲ့စာတစ်စောင် ချောချောမောမောရောက်ဖို့ဆိုတာ ခက်ခဲတဲ့အချိန်၊ တံဆိပ်ခေါင်းလိုချင်တာနဲ့တင် တံဆိပ်ခေါင်းခွာပြီး စာကို ကြုံရာလွှင့်ပစ်ခဲ့တာမျိုးတွေ သတင်းစာထဲမှာ ခဏခဏ ပါတတ်တယ်လေ။ ဒီလိုကာလမှာ ဒေါက်တာ တင်မောင်ထွန်းဆီက စာရောက်လာတာ အံ့သြစရာနဲ့ ဝမ်းသာစရာနှစ်မျိုး ဆတူပါပဲ။

ရိုရိုသေသေလေးလေးစားစား ရေးလိုက်တဲ့စာပါ။ သာကြောင်း၊ မာကြောင်း ရေးတယ်၊ သာကြဲ မာကြဲသလား၊ သတိရကြောင်းလည်း ပါတယ်။ သူ့စာရဲ့ လိုရင်းအတိုချုပ်ကတော့ ဆရာအလုပ်က ချက်ချင်းထွက်ခဲ့ပြီး သူတို့ဆီအမြန်ပါလာတဲ့။ နောက် ၂ နှစ်ဆိုရင် ECFMG အတွက် လက်မခံတော့ဘူး။ ပါရဂူဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ခွဲစိတ်ပညာအတွက် တက်စရာတွေ အချိန်ရှိခိုက်အမြန်လာတက်လှည့်ပါ။ လာမယ်ဆိုရင် ကျေးဇူးဆပ်တဲ့အနေနဲ့ လေယာဉ်လက်မှတ်ပို့ပေးပါမယ်တဲ့။

သူ့ရဲ့စာကို အုန်းအုန်းပြတယ်။ အုန်းအုန်းကဖတ်ပြီး မောင်တင်မောင်ထွန်းတော်ရှာသားပဲလို့ ပြောတယ်။ ကိုသိန်းလှိုင် ဘယ်လိုစိတ်ကူးဆုံးဖြတ်မလဲ။ ကျွန်မတော့ ဒီကိစ္စ ဘာမှ မကြံ မပေးတတ်ဘူးနော်။ လုပ်လိုက်ပါ ကိုသိန်းလှိုင်ရယ် ဆိုရင်လည်း ရှင်က လက်ခံချင်မှ လက်ခံမှာ။ ရှင့်ဘာသာ စဉ်းစားဆုံးဖြတ်။ အချိန်ကတော့ ၂ နှစ်ပဲ ကျန်တော့တာ။ မောင်တင်မောင်ထွန်းက ချက်ချင်း ကိုထွက်ခဲ့လို့ရေးထားတာ။ သူတို့ဆီက ရာသီဥတုက နှင်းတွေ တသောသော

ကျတဲ့ရာသီဥတုနော်။

အုန်းအုန်းက ဒီလောက်ပဲ ပြောရှာတာ။ ညနေဆေးရုံက ရောင်းလှည့်ပြီး ပြန်လာတော့ ကျွန်တော့်ဆီရောက်လာတဲ့ စာပါအကြောင်းအရာတွေကို သေသေချာချာ စဉ်းစားတယ်။ အိမ်ရှေ့မှာ ပက်လက်ကုလားထိုင်တစ်လုံး ချလိုက်တယ်။ ညနေစောင်းနေဝင်ခါနီးဆိုတော့ ဆောင်းလေအေးကလေးတွေ တသုန်သုန် မြူးတူးဆော့ကစား ကြီစယ်နေတာပေါ့။

ကျွန်တော် နေဝင်ခါနီး လှပတဲ့ နာဂတောင်တန်းတွေဘက် ငေးရင်း ကျွန်တော့်ဘဝတစ်ဆစ်ချိုးကို စဉ်းစားတယ်။ ခွဲစိတ်ပညာ မဟာသိပ္ပံဘွဲ့၊ ခွဲစိတ်ပညာပါရဂူဘွဲ့။ သူ့စာထဲမှာရေးပြီး အောက်ကမျဉ်းသားပေးလိုက်တဲ့ ခါးဆစ်ရိုးထဲ ထုံဆေးထိုးခွဲစိတ်သူ ဒီမှာ အလွန်ရှားတယ်ဆရာ။ သူတို့ ဒါမျိုး မလုပ်ကြဘူး။ မရှိသလောက်ရှားတယ်။ ဆရာလာရင် အောင်မြင်မှာပဲတဲ့။ ဒါကိုလည်း ကျွန်တော် အလွတ်လောက်နီးပါး မှတ်မိနေတာ။ ကနေဒါကို သွားရမလား။ မသွားရဘူးလား၊ ပက်လက်ကုလားထိုင်မပြီး အပြင်ထွက်ထိုင် မှာသိတဲ့ အုန်းအုန်း၊ သူ့မိဘတွေတောင် မပြော။ ကျွန်တော့်မိဘတွေရဲ့ ကျန်းမာ ရေးကို ထည့်စဉ်းစားဖို့ ပြောလိုက်သေးတယ်။ ဒါလည်း စဉ်းစားစရာပဲ။ ဒါပေမဲ့ သေခြင်းတရား ဘယ်သူမှ မလွန်ဆန်နိုင်ဘူး။ ကျွန်တော်မရှိရင် ကျန် တဲ့ ညီအစ်ကို ရှစ်ယောက်ရှိသေးတယ်။ နှင်းခဲတွေ ပိတ်ဖုံးနေတဲ့ ကနေဒါနိုင်ငံ ကို စိတ်ကူးထဲမှာ အာရုံဖော်ကြည့်ပေမဲ့ မျက်လုံးကကော့ နာဂတောင်တန်းကြီး ကို မြင်နေတယ်။ ကျွန်တော်သွားရမလား။ ဘဝတက်လမ်းတဲ့။ ဒေါက်တာ တင်မောင်ထွန်းရဲ့ မျက်နှာကိုလည်း မြင်ယောင်တယ်။ ဟတ္ထိတို့ ဆွမ်မရာ တို့က နာဂမိတ်ဆွေတွေရဲ့ ရိုးသားတဲ့မျက်နှာ၊ ချစ်ခင်စရာမျက်နှာတွေလည်း မြင်ယောင်တယ်။ သားသမီးတွေရဲ့ ပညာရေးက မြန်မာပြည်မှာထက် ကနေဒါ မှာဆိုရင် ပိုကောင်းမှာပေါ့တဲ့…။

* * *

## အသက်မပြည့်သူ

တောင်ပေါ်မှာ ဟတ္ထိရွာဆိုတာ ရှိတယ်။ ပြည်တော်သာစီမံကိန်း အဲဒီရွာ အထိ ရောက်တယ်။ ဦးနုရဲ့ပြည်တော်သာစီမံကိန်းကြောင့် အဲဒီရွာမှာ သွပ်မိုး ထားတဲ့ အိမ်တွေရှိတယ်။ ပြီးတော့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတစ်

ကျောင်းလည်းရှိတယ်။ ကျောင်းထိုင်ဆရာတော်က "ဟတ္တိဘုန်းကြီး" လို့ နာမည်ကျော်တယ်။ ဆရာတော်ခမျာမှာ သာသနာပြုဘုန်းကြီးပီပီ ဆင်းရဲရှာတယ်။ ဒုက္ခအမျိုးစုံကြုံရတယ်။ ဒါပေမဲ့ ဆရာတော်လေးကို ချီးကျူးရလိမ့်မယ်။ သူ့ခမျာ ဗုဒ္ဓသာသနာပြန့်စေချင်လို့ ကိုယ်ကျိုးစွန့် အနစ်နာခံပြီး ဆင်းရဲဒုက္ခအမျိုးစုံလာခံနေရှာတယ်။

ကျွန်တော် ဟတ္တိ ရောက်တဲ့အခါ ဘုန်းကြီးရဲ့ကျန်းမာရေးကို စစ်ဆေးပေးတယ်။ သူသိချင်တဲ့ ကျန်းမာရေးဗဟုသုတ ကျွန်တော့်မေးတယ်။ သူသိချင်တဲ့ ဆေးမြီးတိုကုထုံးတွေလည်းပါတယ်။ ကျွန်တော့်အတွက် လူနာတွေက ဟတ္တိတင်မက အနီးအနားရွာကပါ သူစုပေးတယ်။ ခွဲဖို့ စိတ်ဖို့လိုရင် သူကျောင်းဝင်းထဲတင် အခွဲခိုင်းတယ်။ သူလည်း ဝင်ကြည့်တာပဲ။ ခန္တီးနဲ့ မိုင်နှစ်ဆယ်လောက်ဝေးတဲ့အရပ်မှာ တစ်ပါးတည်း သီတင်းသုံးပြီး နာဂတိုင်းရင်းသားတွေကို ဗုဒ္ဓရဲ့အဆုံးအမတွေသွန်သင်တယ်။ ဗဟုသုတတွေ၊ ဆောင်ရန် ရှောင်ရန်တွေ သူ့ဖြန့်နိုင်သလောက် ဖြန့်ဝေနေရှာသူပါ။ သူလည်း စားစရာ အခက်အခဲကြုံတာပဲ။ ဒါပေမဲ့ တင်းတိမ်ရောင့်ရဲတယ်။ ကြာတော့ နာဂစကား သူ နည်းနည်းပြောတတ်တယ်။ တော်တော်လည်း နားလည်တယ်။

တစ်နေ့တော့ ခန္တီးမြို့ကို ဟတ္တိဆရာတော်ကြွလာတယ်။ ခန္တီးမှာရှိတဲ့ ဘုန်းကြီးဆီမှာ ဆွမ်းဆန်စိမ်း လာအလှူခံတာ။ ကျွန်တော့်ဆီ လူနာတချို့ခေါ်လာတယ်။ အပြန်ရိက္ခာ ပစ္စည်းသယ်ရပိုးရအောင် သူ့လူစာရင်းတချို့ပါတယ်။ သဘော်တို့၊ မော်တော်တို့၊ မော်တော်ကားတို့၊ စက်ဘီးတို့၊ ဆိုင်ကယ်တို့မြင်ဖူးအောင် တချို့လည်း ဆရာတော်နဲ့အကြုံလိုက်လာကြတယ်။ ခန္တီးကိုရောက်ဖူးချင်ကြလို့ လိုက်လာကြတာ။

သူနဲ့အတူ ပါလာကြသူတွေ တချို့က ကျွန်တော့်ကို သိတယ်။ တချို့က ဆေးရုံမှာ ဆေးလာတောင်းဖူးတယ်။ အခုလည်း ရောက်ခိုက်ဆေးရရင် သူတို့လိုချင်တယ်။ ကျွန်တော်ကလည်း ဆေးရုံကို မကြောက်တာ၊ ဆေးတောင်းရကောင်းတယ်လို့ သူတို့အသိရှိတာကို အားပေးတယ်။ သူတို့တောင်းကြတဲ့ဆေးရှိရင် ပေးလိုက်တာပဲ။ တချို့လူနာတစ်ယောက်နှစ်ယောက် စမ်းသပ်ဖို့ လိုလို့ စမ်းသပ်ကုသပေးရတယ်။ သူတို့နဲ့အတူ ကလေးမလေးတစ်ယောက်ပါတယ်။ ဒီပြင်ကလေးဖော်ချင်း ဆေးရုံဝင်းထဲမှာ ဆော့ကစားနေကြတာ။ ကျွန်တော်က ကလေးမလေးတစ်ယောက်ပါတယ်လို့ပြောတာ အဲဒီကလေးမလေးက ဒီပြင်ကလေးမလေးတွေနဲ့ မတူဘဲ ထူးခြားလို့ပဲ။ အသက်အလွန်ရှိမှ ဆယ့်သုံးလေးနှစ်ထက် မပိုဘူး။ မည်းမည်းသည်းသည်းလေး။ ဘယ်လိုထူးခြားတာတုံးဆို

တော့ သူ့ခမျာ မျက်နှာလေးက ကလေးရုပ်မပျောက်သေးတာ၊ ဗိုက်ကြီးက ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက်လို မပေါ့ပါးနဲ့။ ဒီကောင်မလေးကို ကျွန်တော်မှ မဟုတ်ဘူး။ လူတိုင်းက သတိထားမိကြတယ်။

"ဟဲ့ နော်မူကြည်၊ ဟိုကောင်မလေး ကြည့်စမ်း၊ ကိုယ်ဝန်ကြီးနဲ့လား"

"ဟုတ်တယ် ဆရာ"

"ဟဲ့ မဦးမချွတ်မပြောနဲ့၊ ဒီအရွယ်အိမ်ထောင်ကျရမလား၊ ငယ်သေးတာပဲ"

"ကျွန်မတော့ ကိုယ်ဝန်ဆောင်ထားတယ် ထင်တာပဲ"

"ကျန်းမာရေးမှူးလာ၊ နော်မူကြည်လာ၊ ကောင်မလေးချော့ခေါ်စမ်း"

နော်မူကြည်က သူတတ်သလောက်ပြောပြီးခေါ်တော့ ကောင်မလေးက စကားကို နားမလည်တာလားမသိဘူး။ မလာဘူး။ ဒါပေမဲ့ အကစားရပ်သွားတယ်။ နော်မူကြည်က စကားတွေပြောရင်း ဆတ်ခနဲ သူ့ကို ဖက်ပြီး ဖမ်းထားတယ်။ ကျန်းမာရေးမှူးနဲ့ နှစ်ယောက်ပေါင်းပြီး ကျွန်တော့်ဆီခေါ်လာတယ်။

စမ်းကြည့်တော့ အံ့သြစရာပဲ၊ ကျွန်တော့်တို့ တွေးထင်ထားတာနဲ့ အလွဲကြီးလွဲနေတယ်။ သူ့ကို ထရော်လီပေါ်မြန်မြန်တင်ဖို့ ပြောပြီးခွဲစိတ်ဖို့ ကြိုးစားကြတယ်။ တကယ်တော့ ကာယကံရှင်သဘောမတူရင် ဒီလိုခွဲလားစိတ်လားမလုပ်ရဘူး။ သူက အသက်မပြည့်သေးလို့ ငယ်သေးရင်လည်း မိဘအုပ်ထိန်းသူကြည်ဖြူမှုခွဲရမှာ။ ကျွန်တော်တို့ ပြင်ဆင်တာ ဘာမှမကြာသလို ခွဲကြစိတ်ကြတာလည်း ဘာမှမကြာလိုက်ဘူး။ ဒီလိုမကြာဘူးလို့ ထင်ပေမဲ့ သူတို့ တိုင်းရင်းသားကို ဆရာဝန်က ဖမ်းချုပ်ပြီး ခွဲစိတ်နေတယ်ဆိုတဲ့ သတင်းက ဟတ္ထိဘုန်းကြီးဆီ ရောက်ပါလေရော။ သတင်းကြားရကြားချင်း ဘုန်းကြီးသင်္ကန်းကြီး တဖားဖားနဲ့ ကြွချလာပါလေရော။

"ကောင်မလေးကို ခွဲလိုက်ကြတာဆို"

"မှန်ပါဘုရား ခွဲလို့ပြီးပါပြီဘုရား"

"ဘယ်မှာလဲ"

"ဘုန်းကြီးနဲ့ ကောင်မလေးနဲ့ ဘာဆိုင်လို့လဲ"

"ဟာ ဆိုင်တာပေါ့. . .မဟုတ်ဘူး ဘာမှမဆိုင်ဘူး. . .ဟို. . .ဟို"

"တပည့်တော်သိပြီ၊ အရှင်ဘုရားမညာနဲ့၊ ဒီကောင်မလေးဗိုက်က အရှင်ဘုရားနဲ့. . ."

"ဟုတ်တယ်. . .ဟို မဟုတ်ဘူး။ ရွာမှာရော ရွာနီးချုပ်စပ်ကရော ဒီကလေးမလေးဗိုက်က ဘုန်းကြီးနဲ့ရတာလို့ ဝိုင်းသမုတ်နေကြတာ"

"အခုတော့ ပေါ်ပြီ ဟုတ်လားကဲ. . .ဘာတတ်နိုင်သေးလဲ"

"ဘုန်းကြီးနဲ့မဆိုင်ဘူး၊ ဘုန်းကြီး ဝိနည်းနဲ့ သိက္ခာနဲ့နေတာ၊ သူနဲ့ ဘာမှမဆိုင်ဘူး"

"အရှင်ဘုရားကသာ မဆိုင်ဘူးလို့ပြောနေတော ကလေးရုပ်ရည်က အရှင်ဘုရားနဲ့ တစ်ထေရာတည်းပဲ"

"ဟာ ဒေါက်တာရယ် မဟုတ်ရပါဘူး၊ ဒုက္ခပါပဲ"

ဟတ္ထိဘုန်းကြီးမျက်နှာ ညောင်ရွက်လောက် ကျုံ့တော့တာ၊ မျက်နှာမှာလည်း ချွေးသီးတွေက ရွှဲစေ့ထက်မလျော့ဘူး။ ကောင်မလေးသွားကြည့်တော့ ကောင်မလေးက မှဲ့ရှိ့မနေဘူး၊ ပြုံးပြုံးလေး။ ခါးဆစ်ရိုးထဲ ထုံဆေးထိုးပြီး ခွဲစိတ်ပေးလိုက်တော့ သိပ်ဝေဒနာ မခံစားရဘူး။

"အရှင်ဘုရား တကယ်ပဲ၊ ကိုယ်ကျင့်တရားဖြူစင်ရဲ့လား"

"ဖြူစင်တယ် ဒေါက်တာ၊ ရွာကလူတွေက မဟုတ်တမ်းတရား လျှောက်သမုတ်နေကြတာ၊ ဒကာကြီး ကူညီမှ ဖြစ်မယ်"

"ဘယ်လို ကူညီရမလဲ"

"ကလေး ကျုပ်ကိုပြ၊ သူ့မျက်နှာကြည့်ပြီး ရွာထဲက ဘယ်သူနဲ့ ရသလဲ ကျုပ်ခန့်မှန်းပေးမယ်၊ ကျုပ်ခန့်မှန်းရင် မလွဲဘူး"

"အရှင်ဘုရား တကယ် ဖြူစင်တယ်နော်"

"တကယ်ပါ"

"နော်မူကြည် သွား ကလေးယူချေ"

နော်မူကြည်ကလည်း ခပ်တည်တည်ပဲ၊ ဟုတ်ကဲ့ဆရာလို့ တစ်ခွန်းပြောပြီး ထွက်သွားတယ်။ ခဏနေပြန်လာတော့ ဇလုံတစ်လုံးယူလာတယ်။ လက်ထဲက ဇလုံထဲမှာ ကောင်မလေးဗိုက်ထဲက ခွဲထုတ်ထားတဲ့ သားဥအလုံးကြီးပါလာတယ်။

"ကောင်မလေးဗိုက်ထဲက ထွက်လာတာ ဥအသွင်ပဲရှိသေးတယ်၊ ဆက်ပြီး ဝပ်ပေးရဦးမှာ"

ဘုန်းကြီးက မျက်မှောင်ကြီးကုပ်ပြီး ကျွန်တော့်တစ်လှည့် နော်မူကြည့်တစ်လှည့် ဇလုံထဲက အလုံးကြီးတစ်လှည့် ကြည့်နေတယ်။

"ဝပ်ရဦးမှာ. . ."

"ဟာ ဒေါက်တာရယ် ဒီပြင်မိန်းမတွေလည်း ဒီလိုပဲ ဝပ်ကြရတာပဲလား၊ ကျုပ်ဖြင့် ကြားဖူးပေါင် ကြုံဖူးပေါင်"

"ဩော် ဒီပြင် မိန်းမတွေနဲ့ ဘယ်တူမလဲ၊ သူက အရှယ်မှ ကောင်း

ကောင်းမရောက်သေးတဲ့ ကောင်မလေးပဲ ရှိသေးတာ၊ အပျိုတောင် ဖြစ်သေးရဲ့လား မသိဘူး"

ဟတ္တိဘုန်းကြီး စိတ်ရှုပ်တဲ့လက္ခဏာအပြည့်နဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး။

"တပည့်တော် ကယ်နိုင်တာကတော့ ဒီအလုံးကြီးက ဆက်ဝပ်စရာမလိုဘူး။ သားဥဘေလုံးလို့ခေါ်တယ် ဘုရား၊ ကိုယ်ဝန်ဆောင်တာမဟုတ်ဘူး ဘုရား"

ခုနက စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့ ဘုန်းကြီးရဲ့ မျက်နှာတော်ချက်ချင်းပဲ ဝင်းလက်သွားပြီး

"အမယ်လေး အခုမှ ရင်ထဲက အလုံးကြီးကျသွားတော့တယ်" လို့ပြောပြီး နာဂတွေကို သူ့ကို မပြစ်မှားသင့်ကြောင်း၊ မစွပ်စွဲသင့်ကြောင်းတွေ၊ မင်းတို့ထင် တာမှားကြောင်းတွေ ထင်ပါရဲ့ပြောနေလေရဲ့။

* * *

## သူကြီးလက်ချက်

နာဂတောင်တန်းကို ရုပ်ရှင်ရိုက်ကူးရေးလာကြသူတွေ ရှိခဲ့တယ်။ သူတို့ခမျာ တော်တော်စရိတ်စက ကုန်ရှာကြတယ်။ ဒါပေမဲ့ သူတို့လိုချင်တဲ့ ဇာတ်လမ်းဇာတ်ကွက်ရရှိဖို့ မလာမဖြစ်လို့ လာကြရတာ။ လျှပ်စစ်မီးမရှိတဲ့ အရပ်၊ လမ်းပန်းဆက်သွယ်ရေးက ခက်၊ ရာသီဥတုကနေရောင်ဖောဖောသီရှိတဲ့ရက်ခပ်ရှားရှား။

ရုပ်ရှင်ရိုက်ကူးတဲ့အဖွဲ့က တောင်ပေါ်တက်ပြီး ရိုက်ကြမှာမို့ ဟတ္တိကိုလိုက်ခဲ့ပါဆရာ၊ နာဂတွေရဲ့ နတ်လို့လည်း ကြားဖူးထားပါတယ်။ နာဂနတ်လည်း ကျွန်တော့် ရုပ်ရှင်အဖွဲ့ရဲ့နတ်ပါပဲ။ ကျွန်တော့်ကို ရအောင်သူတို့ စည်းရုံးကြတယ်။ ကျွန်တော်လည်း တောင်ပေါ်မရောက်တာ ကြာတော့ တစ်ချက်ခုတ်နှစ်ချက်ပြတ်၊ အလုပ်တစ်ခုပြီးတာပဲဆိုပြီး လိုက်သွားတယ်။ ထုံးစံအတိုင်း ဟတ္တိဆရာတော်ဆီမှာ တည်းကြတယ်။

မနက်မိုးလင်းတော့ ခေါင်းဆောင်မင်းသား အကယ်ဒမီဆုရှင်ကသွားပွတ်တံလေး လက်မှာကိုင်ပြီး ကျွန်တော့်ဆီရောက်လာတယ်။

"ဒေါက်တာ သွားတိုက်ဆေးပါရင် တစ်ခါတိုက်လောက်မျှပါ" တဲ့

"ဟာ မပါဘူး၊ တောင်ပေါ်မှာ ကျွန်တော် သွားမတိုက်ဘူး"

"ဘာလို့လဲ"

"အလုပ်ပိုတယ်၊ ဒီမှာ ရေရှားတယ်၊ သယ်ရပြုရလေးတယ်"

"ဟာဆရာကလည်း၊ ဒီလိုဆို ဘယ်လိုလုပ်ရမလဲ"

"နေဦး ဘုန်းကြီးဆီမှာ စွန့်ပါလို့ ပြောကြည့်လေ"

ဟတ္တိဘုန်းကြီးက သူ့ကျောင်းမှာ ရုပ်ရှင်အဖွဲ့တွေ ဇာတ်လိုက်မင်းသား မင်းသမီးတွေ လာမယ်ကြားကတည်းက ပျော်နေတာ၊ တကယ်လာကြတော့ ပိုပျော်တာပေါ့။ ပြီးတော့ အကယ်ဒမီ မင်းသားတစ်ယောက်က သူ့ဆီမှာ သွား တိုက်ဆေးတစ်ခါတိုက် အလှူခံတဲ့အခါ သူ့အတွက် ဘာမှအပန်းမကြီးဘူး။ သွားပွတ်တံယူသွားပြီး သွားတိုက်ရအောင် ဆေးညှစ်ထည့်ပေးလိုက်တယ်။ နှစ်ဦး နှစ်ယောက်စလုံး ဝမ်းသာလို့။

"အရှင်ဘုရား သွားတိုက်ဆေးလည်း မပါပါလား"

"ပါတယ် အရည်ပျော်နေလို့၊ သိပ်ကောင်းတယ် ခပ်ပါးပါးပဲ ထည့်ပေး လိုက်တာ၊ နောက်နေ့ လိုရင် လာယူ ဒကာကြီး"

အကယ်ဒမီမင်းသား သွားလည်းစတိုက်ရော၊ အလိုလေး၊ အမယ်လေး တွေဖြစ်ကုန်တာ။ ဘုန်းကြီးထည့်ပေးလိုက်တာ သွားတိုက်ဆေးမဟုတ်ဘူး၊ တေ ဇောဘမ်းတွေ။ ဟတ္တိဘုန်းကြီးက အဲဒီလို ရိုးတာလေ။ ရုပ်ရှင်တစ်ဖွဲ့လုံး ပြော စရာကိုဖြစ်လို့။

ရုပ်ရှင်အဖွဲ့မှာ နောက်ထပ်ပြောစရာရသွားတာ ရှိသေးတယ်။ သူတို့ရိုက် ကွင်း ဟတ္တိရွာကအပြန် ကျွန်တော့်ဆေးရုံကို လိုက်လည်ကြတယ်။ ကျွန်တော်နဲ့ သူတို့နဲ့ တော်တော်ရင်းနှီးခင်မင်သွားကြပြီလေ။ ဆေးရုံမှာ ရှိတဲ့လူနာတွေ၊ ဆေးရုံ အခြေအနေတွေ လှည့်ပတ်ကြည့်ပြီး သူတို့ စိတ်မကောင်းဖြစ်ကြတယ်ထင်ပါရဲ့။ သူတို့ပါတဲ့ ပိုက်ဆံနဲ့ ဆေးရုံကို သဒ္ဓါတတ်အားသလောက်လှူကြတယ်၊ ငွေ ငါးရာကျော်ရတယ်။

ကျွန်တော် သူတို့ဆီက ရတဲ့ အလှူငွေနဲ့ ဝါယာကြိုးတွေဝယ်၊ မီးသီး မကောင်းတာတွေလဲ၊ ညပိုင်းဆေးရုံအလင်းရောင်ရရှိရေး ဆောင်ရွက်ပေးလိုက် တာ။ သူတို့လည်း ဝမ်းသာကြတာပေါ့။ ညနေမီးပေးမဲ့အချိန် သူတို့ ပြုထားတဲ့ ကုသိုလ် လာကြည့်ကြတယ်။ တစ်ဖွဲ့လုံးနီးနီး လာကြတယ်။ တချို့လည်း နေစောင်းချိန်ဆိုတော့ ခပ်ထွေထွေပေါ့။ ညနေ ၆ နာရီထိုးလို့ မီးလည်းလာရော ဆေးရုံထဲမှာရှိတဲ့ နာဂတွေ လန့်ပြီး ထွက်ပြေးကြ၊ အော်ကြ ဟစ်ကြတွေဖြစ်ကုန် တာ။ သူတို့ ဒါမျိုး မကြုံဖူးရှာကြပဲကိုး။

တစ်မနက် ရာသီဥတုက သာသာယာယာ၊ နေရောင်တွေ ဖြာလို့။ မြောက်ပြန်လေကလည်း တသုန်သုန်နဲ့။ ကျွန်တော် ဆေးရုံကို လမ်းလျှောက်လာရတာ သိပ်ပြီး အရသာရှိတာပဲ။ ဥရောပရဲ့ နွေဦးရာသီဥတုဆိုတာ ဒါမျိုးထင်ပါရဲ့လို့ တွေးမိတယ်။ တစ်ဆက်တည်းပဲ ကနေဒါရောက်နေတဲ့ ဒေါက်တာတင်မောင်ထွန်းကို သတိရမိတယ်။ သူ့ခမျာ နေမှကောင်းရဲ့လား။ ကိုယ့်အတွေးနဲ့ ကိုယ်လျှောက်လာချိန်မှာ တောင်ပေါ်က ဆင်းလာတဲ့ မိသားစုတစ်ခုနဲ့ ဆေးရုံအဝင်ဝမှာ ဆုံကြပါလေရော။ ဒီမိသားစုက တောင်ပေါ်မွန်းထွေးရွာက သူကြီးမိသားစု။ နာမည်ကြီးတဲ့ သူကြီးလေ။ ဒါနဲ့ သူတို့ကို ဆေးရုံထဲခေါ်ပြီး အထိုင်ခိုင်းတယ်။ သူမပြောလည်း ကျွန်တော်သိတယ်။ သူ့လည်ပင်းကြီးခွဲချင်လို့ ကျွန်တော့်ဆီလာတာ။ တောင်ပေါ်တောင် တကူးတကနဲ့တက်ပြီး လည်ပင်းကြီးတွေ ခွဲဟယ်၊ စိတ်ဟယ်လုပ်နေတဲ့လူ၊ အခု ကိုယ့်ဆီ ယုံယုံကြည်ကြည်နဲ့ ဆိုက်ဆိုက်မြိုက်မြိုက်လာတာဆိုတော့ ပျော်တာပေါ့။ ရာသီဥတုကလည်း သာသာယာယာဆိုတော့ ဟန်ကျတယ်။ ကျွန်တော် ဝမ်းသာတယ်။ လင်းလင်းကျင်းကျင်းခွဲရ စိတ်ရမယ်။ သူ့လည်ပင်းက မော်လမြိုင်ကျွဲကောသီးလောက် နီးနီးကြီးတာလေ။

မွန်ထွေးသူကြီးက လူမုန်းများတယ်လို့ နာမည်ကြီးတယ်။ အနီးနားရွာတွေမှာ သူခေါင်းဖြတ်တာတွေ လုပ်ခဲ့တော့ ပတ်ဝန်းကျင်ရွာတွေက မနိုင်လို့သာ ကြည့်နေရတာ၊ သူ့ကို မချစ်ကြဘူး။ အခုည်း ဆေးရုံကိုလာတာ ခါးကဓားအိမ်မှာ နာဂဓားပြားကြီးတစ်လက်နဲ့။ လက်ထဲမှာလည်း လုံတစ်ချောင်းကိုင်ထားသေးတယ်။ ကျွန်တော်သူ့ကို စမ်းသပ်တော့မှ လုံကို သူ့ဇနီးဆီ ခဏပေးထားတာ၊ ခါးက ဓားအိမ်ချွတ်မထားဘူး။

မွန်ထွေးသူကြီးကို သေသေချာချာစမ်းသပ်ပြီးခွဲဖို့ ပြင်ဆင်တော့မှ ခါးကဓားကို သမီးလေးပေးတယ်။ ခါးဆစ်ရိုးထုံဆေးထိုးပြီးခွဲကြတာ၊ သူ့အလုံးကြီးက ကြီးတော့ အချိန်နည်းနည်းပိုပြီး ဂရုစိုက်ရတာလေ။ မတော်တဆ ဖြစ်လို့မရဘူးဟုတ်လား။ ခြေချော်လို့လည်းမဖြစ်၊ လက်ချော်လို့လည်း မဖြစ်တဲ့အခြေအနေလေ။ အောင်အောင်မြင်မြင်ခွဲစိတ်နိုင်ခဲ့တယ်။ သူ့လည်ပင်းထဲက အလုံးကြီးလည်း ဆေးဇလုံတစ်လုံးထဲမှာထည့်ပြီး ပြလိုက်တော့ သူဝမ်းသာသွားတယ်။ ခဏနေတော့ ဒီအလုံးကြီးယူပြီး သူတို့မိသားစု တောင်ပေါ်ပြန်တက်တော့မယ်တဲ့။ အံ့ဩစရာ။

ဟာ. . .မလုပ်နဲ့၊ မလုပ်ကြနဲ့၊ ပြန်လို့မရသေးဘူး။ အလုံးက အကြီးကြီး အခြေအနေစောင့်ကြည့်ရဦးမှာ၊ ချက်ချင်း မပြန်ရဘူး။ အဲဒီလိုပြောတဲ့အခါ အေးဆရာဝန်ဒါဆို ညနေမှပြန်မယ်တဲ့။ မဟုတ်ဘူး။ ညနေလည်း သွေးမထွက်ဘူး။

ခေါင်းမမူးဘူး။ ဘာမှမဖြစ်ဘူး။ မနာဘူးဆိုမှ ပြန်ရမှာ၊ ကောင်းတာကတော့ မနက်ဖြန်၊ သန်ဘက်လောက်မှ ပြန်ဖို့ မျှော်လင့်ဖျရတယ်။ သူကြီးကတော့ ပြန်ချင်နေတော့တာပဲ။

ကျွန်တော် ထမင်းစားဖို့ အိမ်ပြန်တယ်။ သူနာပြုဆရာမ နော်မူကြည် လည်း ထမင်းစားပြန်တယ်။ ဆေးရုံမှာရုံးအဖွဲ့ပဲ ကျန်ခဲ့တာ။ မွန်ထွေးသူကြီးရဲ့ လည်ပင်းကို ပတ်တီးစည်းပြီး ပလတ်စတာနဲ့ ကပ်ပေးခဲ့တယ်။ ပတ်တီးအဖုံးက သူ့နောက်လည်ကုပ်မှာ။ သူကြီးက သူ့အနာသွေးထွက်သေးသလား၊ သွေးမထွက် ရင်ပြန်ရမယ်လို့ နားလည်ထားတော့ ပတ်တီးကိုဖြေပြီး သူ့လည်ပင်း ခွဲရာကို ကြည့်ချင်တာ၊ ပတ်တီးဖြေတာ ဖြေလို့မရဘူး။ ဒါနဲ့ သူ့လုံကိုယူပြီး လုံနဲ့ထိုးခွဲ တယ်။ လုံသွားက သိပ်မထက်တော့ လုံအချိန်နဲ့ ထိုးပြီး ပလတ်စတာတွေ၊ ပတ်တီးတွေဖြေဖို့ သူ့ဘာသာ ကြိုးစားတာ။ အနားမှာ သူ့မိသားစုကလည်း မရှိကြချိန်။ လုံနဲ့ထိုးရင်းပြတ်ချင်ဇောနဲ့ ဆောင့်ထိုးလိုက်ပါလိမ့်မယ်။ လည်ပင်း အစ်ပြီး သေပါလေရော။

ကျွန်တော်က ဆေးရုံမှာ ခုတင်နည်းလို့ ခန်းနားမှာရှိတဲ့ ဒီပြင်လူမျိုးနဲ့ နိုင်းယှဉ်ရင် နာဂတွေကို ခုတင်ဦးစားပေးတယ်။ ကျန်တဲ့သူတွေက ကြမ်းပြင်မှာ နေရာရတယ်။ မွန်းထွေးသူကြီးလည်း ခုတင်နဲ့ပဲ။ လုံကြီးယူပြီး သူ့ပတ်တီးတွေ ကို ထိုးပြုနေတာ နံဘေးကလူတွေလည်း မြင်ကြပါလိမ့်မယ်။ ဒါပေမဲ့ ဘယ်သူမှ မတားကြဘူး။ မတားရဲတာလည်းဖြစ်မယ်။ မတားချင်တာလည်း ဖြစ်မယ်။ မြှောက် ပေးတဲ့သူတောင် ရှိလေမလားမသိဘူး။ မွန်းထွေးသူကြီးကို မချစ် မနှစ်သက်ကြဘူးလေ။

သူကြီးသေတဲ့အကြောင်း ဆေးရုံကလာပြောတော့ ကျွန်တော်ဖြင့် လန့် ဖျပ်အံ့ဩသွားတယ်။ ငါ ခွဲခဲ့တာအကောင်းကြီးပါ။ ဘာလို့ သေရတာလဲ။ စဉ်းစားလို့မရဘူး။ ဆေးရုံကို ချက်ချင်းလိုက်ကြည့်တော့မှ သဘောပါက်တော့ တယ်။

သူ့ဇနီးကို နှင့်ယောက်ျားတော့ သေသွားပြီလို့ ပြောတာမယုံဘူး။ သူတို့ မရှိကြခိုက်တင် မိနစ်ပိုင်းလေးနဲ့ သေသွားတာ ယုံနိုင်စရာမရှိဘူး။ မဟုတ်ဘူး။ မသေပါဘူး။ အိပ်နေတာပါ။ မဟုတ်ဘူး သေပြီ။ မျက်နှာကြီးညိုသွားပြီး မမြင် ဘူးလား။ သေသွားပြီ။ မနည်းရှင်းပြရ၊ သူတို့လည်း လှုပ်နိုးကြ၊ ဘယ်လိုမှ မရတော့မှ ငိုကြ၊ ယိုကြတာ။ ဆူညံသွားတာပဲ။

ကဲ သူကြီးအလောင်းကို ဘယ်လိုလုပ်ချင်သလဲလို့ သူကြီးကတော်ကို မေးတော့ ရွာကို ပြန်သယ်ချင်တာ ထမ်းမဲ့သူမပါဘူး။ ရွာကလည်း ဝေးတယ်။

သူတို့ရွာဝန်းကျင်မှာတော့ သူကြီးရဲ့ဩဇာအာဏာသိပ်ကြီးတယ်။ ရွာမှာ သူတို့ထုံးစံနဲ့အညီ သင်္ဂြိုဟ်သလို၊ ဝါးကပ်ပေါ်မှာတင်၊ စင်ထိုးပြီး တဲတစ်လုံးနဲ့ ထားချင်တာ၊ ဆေးရုံခေါင်မိုးပေါ်မှာပဲ ဝါးကပ်တင်ပြီး အလောင်းကို ထားပါတဲ့။

ဟာ ဒါတော့ မဖြစ်နိုင်ဘူး။ လုပ်မပေးနိုင်ဘူး၊ စကားပြန်နဲ့ အမျိုးမျိုးပြောတာကို သူကလည်း သူကြီးအလောင်းမို့ မလျှော့နိုင်ဘူး၊ ဒီဆေးရုံအမိုးပေါ်မှာပဲ ထားပေးရမယ်တဲ့။ ဘယ်လိုမှ ညှိနှိုင်းလို့မရတော့ သူကြီးထက်ကြီးတဲ့ ခရိုင်ဝန် ဦးတင်မောင်ခေါ်ပြီး အဖြစ်အပျက် အကုန်ပြောပြရတယ်။ အမိုးပေါ်ချည်းပြောနေတာ။ စကားပြန်တဲ့လူ အဓိပ္ပာယ်ကောက် လွဲသလား။ စင်မြင့်ကလေးထိုးပြီးထားပေးရမယ်ပြောတာများ ဖြစ်မလား။ သူတို့ရွာမှာတော့ ဝါးကပ်ကြမ်းပေါ်မှာ အလောင်းတင်၊ စင်မြင့်ကလေးနဲ့တင်ပြီး သက်ကယ်မိုးပေးထားတာပဲ။

နောက်တော့ ခရိုင်ဝန် စီစဉ်တဲ့အတိုင်း ဆေးရုံဝင်းထိပ်က ရှမ်းနတ်စင်နားမှာ စင်မြင့်တစ်ခုထိုးပြီး ဒီသစ်ပင်ကြီးအရိပ်အောက်မှာ အလောင်းစင်ထိုးပေးလိုက်ရတယ်။ ဒါတောင် မနည်းချော့မော့ပြောရတာ။

* * *

## သူတို့ဘာဝ

တောင်ပေါ်မှာ ကျွဲရှိတယ်။ နွားနောက်ရှိတတ်တယ်။ ဝက်ရှိမယ်၊ နွားရှိမယ်၊ နွားက ရှိတော့ရှိတယ်။ အတော်ရှားတယ်။ ခွေးတွေ၊ ကြက်တွေလည်းရှိတယ်။ ဒီအကောင်တွေကို နာဂတိုင်းရင်းသားတွေက တန်ဖိုးထားကြတယ်။ ကိုယ့်ကျွဲ၊ ကိုယ့်နွား၊ ကိုယ့်အမှတ်အသားနဲ့ကိုယ်။ တချို့က နားရွက်နည်းနည်းလှီးထားတယ်။ တချို့က ညာဘက်ပေါင်မှာ ဓားနဲ့ကြက်ခြေခတ်ထစ်ပြီး မှတ်ထားကြတယ်။

လူတစ်ယောက် နေမကောင်းရင် နတ်ဆရာက အကောင်တစ်ကောင်သတ်ပြီး နတ်အပူဇော်ခိုင်းတယ်။ အဲဒီအခါ နတ်ဆရာက အကောင်တစ်ကောင်ပူဇော်လိုက်တဲ့သတ္တဝါဆီက အသားဓာတ်ပရိုတင်းဓာတ်ရလို့ပဲဖြစ်ဖြစ် ပြန်ပြီးသက်သာနေကောင်းသွားတာမျိုးလည်း ရှိသလို၊ ယဇ်ပူဇော်ပြီးခါမှ ရောဂါပိုတိုးလာတာမျိုးလည်းရှိတယ်။ ကျွန်တော်တွေ့ဖူးတာကတော့ ရောဂါတော်တော်သည်းတဲ့ လူနာ၊ သေကောင်ပေါင်းလဲ ဖြစ်တဲ့လူနာအတွက် ဒီ့ပြင်ကြက်တို့၊ ဝက်တို့နဲ့ နတ်ပူဇော်ပြီး မရတဲ့အဆုံး သူတို့ အမွန်အမြတ်ထားတဲ့ ခွေးနဲ့ယဇ်ပူဇော်ဖို့ ပြင်ဆင်တာကြုံဖူးတယ်။ ခွေးကို နတ်ပူဇော်တာဟာ နောက်ဆုံးအဆင့်အမြင့်ဆုံး

ကုထုံးပဲ။

ခွေးကိုကြိုးနဲ့ချည်ပြီး အစာကောင်းကောင်းကျွေးတယ်။ ကောက်ညှင်းလည်းပါတယ်။ အသားခြောက်မီးဖုတ်ပြီး ထုထောင်း၊ အရွက်တွေလည်းပါ၊ ပြီးတော့ ခေါင်ရည်ပါတိုက်လိုက်သေးတယ်။ ဗိုက်ကို တင်းပြီး ဖောင်းနေအောင် ကျွေးတာ။ ဘယ်မှလည်းမသွားရတော့ ခွေးက ဗိုက်တင်းပြီး လှဲအိပ်နေရော။ အိပ်နေရင် နှိုးပြီးထပ်ကျွေး၊ မစားစားချင်အောင် အမျိုးမျိုးကျွေးတာ။ ခွေးက ထစားလိုက် ခေါင်ရည်လျက်လိုက် စိတ်တိုင်းကျစားရတာ။

ဗိုက်ဝပြီး တင်းနေပြီဆိုမှ ခွေးရဲ့ခြေနဲ့လက်နဲ့ကို နွယ်နဲ့ချည်၊ နှုတ်သီးကို လက်နဲ့ချုပ်ထား၊ တချို့ကလည်း အသင့်ရက်ထားတဲ့ ခွေးနှုတ်သီးပုံ ကြိမ်ခြင်းလေးစွပ်လိုက်တယ်။ တိရစ္ဆာန်ကုဆရာဝန်တွေ၊ လူကုတဲ့ဆရာဝန်တွေ အနာတော်မီတတ်ကျွမ်းတယ်ဆိုပေမဲ့ နာဂနတ်ဆရာကို မီမယ်မထင်ဘူး။ ခွေးရဲ့နံရိုးကြားကို လက်တင်လိုက်တာ၊ ပြီးတော့ အသာရွှေ့လိုက်တော့ အရိုးမဟုတ်တဲ့ နံကြားပေါ့။ အဲဒီနေရာကို သေသေချာချာချွန်ထားတဲ့ ဝါးချွန်နဲ့ ထိုးချလိုက်တာ။ တစ်ချက်ပဲ။ ပြီးမှ ခွေးလည်ချောင်းသွေးကို ဓားနဲ့လှီးပြီး ဖောက်ချ၊ ခံယူပြီး လူနာကို တိုက်တယ်။

လူနာကလည်း ရောဂါအတော်သည်းနေ၊ ကျွမ်းနေပါပြီ။ တိရစ္ဆာန်နှစ်မျိုးသုံးမျိုးနဲ့ ပူဇော်ဖို့ နတ်ဆရာက အမိန့်ပေးပြီး ကုတာ။ မန်းတာတွေ။ မှုတ်တာတွေ ပါတာမဟုတ်ဘူး။ သူတို့ သိပ်ချစ်တဲ့ တစ်ကြမ်းတည်းမီးဖိုထဲ မီးလှုံရင်း အတူတိုးဝှေ့အိပ်တဲ့ခွေးကို နောက်ဆုံးကုထုံးအဖြစ် နတ်ဆရာက သဘောထားတာ။ လူနာကလည်း ယုံကြည်မှုအပြည့် နတ်ဆရာ အသတ်ခိုင်းတဲ့ တိရစ္ဆာန်သတ်ပြီး ပူဇော်ရင် ပျောက်မယ်လို့ ယုံတယ်။ ဒါပေမဲ့ ရောဂါတွေက ပြင်း၊ ကုထုံးကလည်း မမှန်တော့ အနိစ္စသဘော ကိစ္စချောပါလေရော။

ကွယ်လွန်သွားသူတွေကို သူတို့ ရေထဲလည်း မျောမပစ်ဘူး။ မီးလည်း မသင်္ဂြိုဟ်ဘူး။ တချို့ရွာတွေက ဝါးကပ်ကြမ်းခင်းပေါ်တင်တယ်။ စင်လေးတစ်စင် တိုင်လေးတိုင်နဲ့ထူတယ်။ လူရဲ့ ရင်စို့လောက်မြင့်မှာပေါ့။ အဲဒီ စင်လေးပေါ်မှာ အလောင်းတင်ထားတဲ့ ဝါးကြမ်းခင်းကို တင်ထားပြီး သက်ကယ်နဲ့ အမိုးမိုးပြီး ထားတယ်။ စင်ရဲ့အခြေမှာ ခြံခတ်ပြီး ဝက်ကို ထည့်ထားလိုက်တာပဲ။ အလောင်းကထွက်တဲ့ အရိအရွဲအရည်တွေ၊ လောက်တွေ ဝက်က စားဖို့လေ။

ကျွန်တော် သူတို့ကို ဒီလိုအလောင်းပြင်တာ မကောင်းဘူး၊ ကျန်းမာရေးနဲ့မညီဘူး။ မြေရင်လည်း မြှုပ်ပါ။ မီးရင်လည်း သင်္ဂြိုဟ်ပစ်ပါလို့ စည်းရုံးကြည့်တယ်။ သူတို့ လက်မခံကြဘူး။ ဒီလိုလုပ်ကြမယ်ဆိုရင် ရက်စက်လွန်းရာကျမှာ

ပေါ့။ မသေခင်က ချစ်ကြတယ်မဟုတ်လား။ ချစ်ရင် ဘာလို့ မြေကြီးထဲမှာ ရက်ရက်စက်စက်မြှုပ်ပစ်ရမလဲ။ မီးရှို့ပစ်ဖို့ဆိုတာ စိတ်တောင်မှ မကူးဘူး။ လူသေကို သူတို့ထမင်းသွားခွံ့ကြတယ်။

တချို့ရွာတွေမှာတော့ အိမ်ရဲ့ရေကပြင်လိုနေရာအောက်မှာ ကျင်းတစ်ကျင်းတူးတယ်။ ငါးပေခြောက်ပေလောက်နက်မယ်။ လူတစ်ကိုယ်ချောင်ချောင်ဆင်းလောက်အောင်ကျယ်တယ်။ ပြီးတော့ လှေကားတစ်စင်းလုပ်ပြီး ချထားတယ်။ အဲဒီကျင်းထဲမှာမှ အလျားလိုက် ကျင်းတစ်ကျင်းထပ်တူးပြီး အလောင်းကို အဲဒီကျင်းထဲထည့်ထားတယ်။ သေသူရဲ့ခေါင်းကိုတော့ အပြင်ထုတ်ထားတယ်။ ထမင်းကျွေးဖို့ထုတ်ထားသတဲ့။

ကျွန်တော် တောင်ပေါ်တက်တာ ဆေးကုတာအပြင် သူတို့ရဲ့ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုတွေကို သိချင်လို့ တက်နေတာလည်းပါတယ်။ ဒါမှ ကျွန်တော်သူတို့နဲ့ တစ်သားတည်းကျပြီး ကုသရေးရာ၊ ကာကွယ်ရေးရာ လုပ်နိုင်မှာလေ။ သူတို့မှာ ချစ်စရာဓလေ့တွေ ရှိတယ်။ အံ့ဩစရာ ယဉ်ကျေးမှုတွေလည်း ရှိတယ်၊ ပြီးတော့ နားလည်ဖို့ ခက်တဲ့ ထုံးတမ်းအစဉ်အလာတွေလည်း ရှိတယ်။

တောင်ပေါ်ရွာမှာ ရှစ်နှစ်ကိုးနှစ်အရွယ် ကလေးတွေ ကစားနေကြတာ ထူးထူးဆန်းဆန်းတွေ့ဖူးတယ်။ မြေပြန့်က ကလေးတွေမှာ ကစားစရာနည်း အမျိုးမျိုးစုံရှိကြတယ်ဟုတ်လား။ ထုပ်စီးတိုးမယ်၊ ဖန်ခုန်မယ်၊ ရွှေစွန်ညို လုပ်ကြမယ်။ ပေသီး၊ (ဂေါ်လီ) ပစ်မယ်။ ကျည်းသားရိုက်မယ်။ အမယ်စုံရှိမယ်။ သူတို့ဆီမှာ ဒီလိုကစားစရာ သိပ်မတွေ့ရဘူး။ မြေပြန့်ကျယ်ကျယ်လွင့်လွင့်ကလည်း ရှားတယ်ဟုတ်လား။ နာဂကလေးတွေ ကစားကြပုံကို မြေပြန့်က ကလေးတွေမြင်ရင် အံ့ဩကြလိမ့်မယ်။

သူတို့က စာကလေးတွေကိုဖမ်းတယ်။ သစ်ပင်က ထွက်တဲ့အစေးတစ်မျိုး ဝါးလုံးမှာ သုတ်ထားပြီး လာနားတဲ့အခါ မပျံနိုင်တဲ့ ငှက်ကို ဖမ်းထား။ စာကလေးသတ်မပစ်ခင်မှာ ကလေးတွေ စာကလေးရဲ့ အမြီးကို သူတို့ပါးစပ်ထဲထည့်လိုက်၊ အတောင်ပံကို တံတွေးတွေဆွတ်ပြီး လွှတ်လိုက်တာ၊ စာကလေးက ဝေးဝေးမပျံနိုင်တော့ဘူး။ အမြီးကလည်း ပွဲ့လို့မရ ပြုမရနဲ့ ဘုတ်ဆို အောက်ပြုတ်ကျတော့တာ။ အဲဒီအခါ ကလေးက ပြေးကောက်၊ အမြီးကို ပါးစပ်ထဲပြန်ထည့်။ တံတွေးစွတ် ပြန်လွှတ်၊ အောက်ပြုတ်ကျ လိုက်ကောက်၊ ဘေးဝန်းကျင်မှာကြည့်တဲ့လူကြီး လူငယ်ကျားမ ပရိတ်သတ်က ရယ်ကြ မောကြ။ ဒီလိုပျော်ရ ကစားရတာ။

နွားတစ်ကောင် မြေပြန့်မှာ ဝယ်တယ်။ တောင်ပေါ်ရောက်အောင် မောင်း

တင်ရတယ်။ ဒီပြင်ရွာကနွား တောင်ပေါ်ရွာကို မောင်းတင်တယ်ဆိုတာ ပါးစပ်က အပြောလွယ်သလောက် လက်တွေ့မှာ မလွယ်ဘူး။ နွားတွေခများ တောင်တွေပေါ်တက်ရင် သိပ်ပင်ပန်းလွယ်တယ်။ သူတို့ တက်နေကျမှ မဟုတ်ဘဲ။ အချိန်လည်း သိပ်ပေးရတယ်။ နွားပင်ပန်းလို့ မတက်နိုင်ရင် ဝါးပင်တွေခုတ်၊ နွားရဲ့လက်တွေ၊ ခြေတွေ လျှော်ကြိုး၊ နွယ်ကြိုးနဲ့တုပ်ပြီး လူရှစ်ယောက်ထမ်းတင်တော့တာ။ တချို့ဆိုရင် အဖော်အပေါင်းကောင်းရင် လူရှစ်ယောက်နှစ်ဆိုင်းလောက် တစ်လှည့်စီထမ်းတာ နွားမောင်းတင်ရာထက် မြန်သတဲ့။ သူ နွားဝယ်သွား ကိုယ်ကလိုက်၊ ကိုယ်နွားဝယ်ရင် သူကလိုက်။ လက်စားလိုက်သလို လုပ်ကြတာ။ ဒီအတွက် ထမ်းခ ပိုးခ တစ်ပြားတစ်ချပ်မှ မပေးရဘူး။ ထမင်းကျွေး၊ ခေါင်ရည်တိုက်၊ ဒီလို ကူညီလိုစိတ်ရှိတာမျိုးကျ ချစ်စရာကောင်း၊ လေးစားစရာကောင်းပြန်ရော။

ဝယ်လာတဲ့ နွားအသစ်ကို မနက်ကျရင် ဆားခွံ့တယ်၊ ဆားကျွေးတယ်။ ကိုယ့်နွားကိုယ် မှတ်မိအောင် ပွတ်သပ်ပြီးယဉ်နေအောင် လုပ်တာ။ အနီးအနားမိတ်ဆွေတွေ ဆွေမျိုးကလည်း လာကြည့်ပြီး နောက်ဆုံးဝယ်လာတဲ့နွားရဲ့ ကြန်အင်တွေ ဇွေတွေကို မှတ်ကြတာ။ နှစ်ရက်သုံးရက် ဆားကျွေးပြီးပြီဆိုတော့ မိတ်ဆွေတွေနဲ့ပဲ နွားကိုဆွဲပြီး တောထဲလွှတ်လိုက်တာ။ မလွှတ်ခင်မှာ အမှတ်အသားတစ်ခုခု လုပ်လိုက်သေးတယ်။

နောင် ပွဲလမ်းရှိလို့ပဲ ဖြစ်ဖြစ်။ နတ်တင်ဖို့ပဲ ဖြစ်ဖြစ် နွားဖမ်းဖို့ လိုတော့မှ သူငယ်ချင်းတစ်သိုက် တောထဲဝင်ပြီး လွှတ်ထားတဲ့နွား သွားရှာကြတော့တာ။ တောနင်းရှာကြရတာပေါ့။ အဲဒီအခါ နွားက သူတို့ဘာသာဘာဝ နွားနွားချင်းစပ်ကျတာလား ကျွဲနဲ့စပ်ကျတာလား၊ နွားနောက်တို့ ပြောင်တို့နဲ့ စပ်ကျတာလား၊ မသိတဲ့နွားကလေးပါလာရော။ အဲဒီအခါပျော်ကြ၊ ကကြခုန်ကြ၊ ခေါင်သောက်ကြ စားကြ သူတို့ဘဝဒီလိုပျော်ကြတာလေ။

သူတို့ စည်းရှိတယ်။ သူများနွား၊ သူများကျွဲ မဆွဲဘူး။ ဘယ်တော့မှ မမှားဘူး။ မှားဆွဲရင်လည်း လက်မခံဘူး။ တပ်မတော်က လူတွေနဲ့ ခဏခဏ ပြဿနာတက်တယ်လေ။ သူများပစ္စည်းလည်း မယူဘူး။ သူတို့ပစ္စည်းလည်း မယူနဲ့။ သေနတ်တွေနဲ့ စစ်သားတွေကို နာဂတွေက ဓားတွေ လှံတွေနဲ့ ဝိုင်းထားတာ။ စစ်တပ်က နွားဖိုးအလျော်ပေးရတဲ့ သာဓကတွေရှိတယ်။ ပစ္စည်းနဲ့ ပတ်သက်ရင် စည်းစောင့်ကြတဲ့လူမျိုး။

*   *   *

# အသက်သခင်

တောင်ပေါ်မှာပဲ လူငယ်တွေက လေ့ကျင့်ရင်း ကစား၊ ကစားရင်းလေ့ကျင့်နေကြတာ တွေ့ဖူးတယ်။ နာဂတိုင်းရင်းသားတွေမှာ သတ္တိရှိတာကလည်း ယောကျ်ားကောင်းတစ်ယောက်ရဲ့ ဂုဏ်ပုဒ်လေ။ ပြီးတော့ တောရိုင်းတိရစ္ဆာန်တွေနဲ့ ရင်ဆိုင်တွေ့ကြရတဲ့လူမျိုး။ အရေးကြုံရင် သက်လုံကောင်းရမှာလေ။ သူတို့ဘဝက မုဆိုးလုပ်ပြီး အသားဓာတ်ဖြည့်ဆည်းကြရတာလည်း ရှိတယ်။

လူငယ်တွေတစ်ယောက် သစ်ပင်ကြီးတစ်ပင်မှာ ကပ်ပြီး ရပ်ပေးရတယ်။ နောက်တစ်ယောက်က လှံတစ်ပစ်ကနေ လှံနဲ့လှမ်းပြီးပစ်ရတယ်။ သတ်မှတ်ထားတဲ့ စည်းနောက်ကနေ ပြေးလာပြီး စည်းရောက်တဲ့အခါ သစ်ပင်မှာ ကပ်ရပ်နေတဲ့ သူ့သူငယ်ချင်းကို ချိန်ပြီး လှံကိုပစ်တာ။ သစ်ပင်ကပ်ရပ်နေတဲ့ လူဆီချိန်းပြီးပစ်တာ။ လှံက ဘေးကထွက်သွားလိုက်၊ အပေါ်မှာကျော်ပြီး သွားစိုက်နေလိုက်။ ဘေးမှာ လူကြီးတွေကလည်း ပွဲကြည့်သလိုကြည့်ပြီး ဝေဖန်ကြတာပဲ။ သတ္တိလည်းရှိအောင်လို့၊ လက်လည်းတည့်အောင်လို့ လေ့ကျင့်ခဲ့ကြတယ် ထင်ပါရဲ့။

ကိုသာလူကို ပြောမိတယ်။ မတော်တဆများ လူကိုထိရင် ဒုက္ခပဲ။ အခန့်မသင့်ရင် အသက်အန္တရာယ်ရှိတယ်။ ဒီပြင်နည်းနဲ့ လေ့ကျင့်လို့မရဘူးလား။ ကောက်ရိုးတို့ သစ်ကိုင်းတို့မှာ လူပုံသဏ္ဌာန်လုပ်ပြီး လှံပစ်လေ့ကျင့်ရင်ကော။ ဒါပေမဲ့ သတ္တိအရာမှာ သစ်ပင်ကို ကျောကပ်ဖူးမှ ရင်ဆိုင်ရမဲ့ အန္တရာယ်ကို ကြံ့ကြံ့ခံနိုင်မှာ ဟုတ်လား။ ကျွန်တော် ဒီလိုလေ့ကျင့်နေကြတာကို ကြာကြာမကြည့်ချင်ဘူး။ သတ္တိကြောင်လို့တော့ မဟုတ်ဘူး။ မခံစားနိုင်တာလို့ပဲ ပြောရမယ်။

ကျွန်တော်တို့ လှည့်ထွက်လာလို့မှ ဝါးသုံးပြန်လောက်ရှိသေးတယ်။ နောက်ကနေ "မူဆေးလောင်ဂီး" "မူဆေးလောင်ဂီး" နဲ့ အော်ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ သစ်ပင်မှာ လှံတံစိုက်လျက်ကြီး။ ဒါနဲ့ လှံကိုဆွဲဖြုတ်။ ဗိုက်ကိုဖွင့်၊ ချုပ်သင့်တာချုပ်၊ ပြန်ပြီးပိတ်ပေးခဲ့ရတယ်။ အမှုတွေ ဘာတွေလည်း မဖြစ်ဘူး။ လျော်ကြေးလည်း မပေးရဘူး။ မင်းတော့ ကမ္ဘာမကျောဘူး။ ဒီလိုစိတ်မျိုးမရှိဘူး။ အေး နေနှင့်ဦးပေါ့ ထင်းခွေမကြုံ ရေခပ်ကြုံဦးမှာပေါ့ ဆိုတဲ့ စိတ်မျိုးဆိုတာ ဝေလာဝေး။ ကျွန်တော် သတ္တိရှင် နာဂလူငယ်တစ်ယောက်ကို ကယ်ခဲ့ဖူးတယ်။ တက်ထရာဆိုက်ကလင်း ဆယ့်ခြောက်တောင့်နဲ့ မန်းတွေပျောက်၊ အနာတွေကျက်စေခဲ့တယ်။

နာဂတိုင်းရင်းသားတွေ သားသမီးမွေးခဲ့ရင် နို့တိုက်တယ်။ ရေမတိုက်ဘူး။ နို့မတိုက်အားရင် ခေါင်ရည်တိုက်တယ်။ ရေက ရှားတယ်။ ရှိတဲ့ရေကို ခေါင်ရည်ဖောက်ရာမှာ သုံးတာ။ ကလေးငယ် ပိစိကွေးကတည်းက ခေါင်သောက်ခဲ့ကြတာ။ သူတို့ခေါင်က အာဟာရဖြစ်တယ်လေ။ ဒီလိုရေးရင် ယုံကြမယ်တောင်မထင်ဘူး။ ကောက်ညင်းတို့၊ ဆန်တို့နဲ့ ခေါင်ဖောက်နိုင်တဲ့သူရှိတယ်။ လူတိုင်း၊ ကောက်ညှင်းတို့ ဆန်တို့ မသုံးနိုင်ကြဘူး။ ပြောင်းတို့၊ လူးတို့၊ ဆပ်နီ၊ ဆပ်ဝါတွေနဲ့ တစေးနဲ့ရောပြီး ခေါင်ဖောက်ကြတာ။ အိုးထဲထည့်ဖောက်သူရှိသလို ဝါးကျည်တောက်ထဲ ထည့်ခေါင်ဖောက်သူလည်း ရှိတယ်။ ဝါးကို စုပ်တံလုပ်ပြီး စုပ်သောက်ကြတယ်။ ဝါးပြွန်ကလေးရဲ့ထိပ်ကို ထုဖွာပြီး ဆန်ခါလို ရက်ထားတာ၊ ခေါင်ဖတ်တွေမပါဘဲ ခေါင်ရည်ချည်း စုပ်ရအောင်လို့။ အခါးကြိုက်သူကအခါးသောက်ကြတယ်။ ကျွန်တော်ကတော့ ရောက်ခိုက် ငြင်းမနေဘူး။ အခါးလည်း သူ့သတ္တိနဲ့သူ၊ သူ့အရသာနဲ့သူ၊ နာဂကို ရောက်တော့ နာဂလို ကျင့်ရတာပဲ။

ကျွန်တော့်ဘဝမှာ ထူးထူးဆန်းဆန်းတွေကြုံတွေ့ရတဲ့အထဲမှာ တောင်ပေါ်က ရွာတစ်ရွာမှာ ခေါင်ရည်သောက်ပြိုင်ကြတာကို မှတ်မိနေတယ်။ ယောကျ်ားသားတွေရော မိန်းမတွေရော သောက်ကြတာ။ မိန်းမတွေက သူ့ခင်ပွန်းသည်ကို တိုက်တယ်။ မူးရင် သဘောကျကြ ဝိုင်းရယ်ကြ၊ ပျော်ကြတာ။ မိန်းမတွေလည်း သောက်ကြပေမဲ့ လဲလောက် ပြဲလောက်အောင် မသောက်ကြဘူး။ နေ့လယ်မွန်းတည့်ကနေ နောက်တစ်နေ့ နေထွက်တဲ့အထိ။ ရွာလယ်မှာစုသောက်ကြ၊ ခေါင်သောက်ပွဲရှိတယ် ကြားလို့လာလည်သူ၊ မိတ်ဆွေ၊ သူငယ်ချင်း၊ ရွာလယ်ဝိုင်းမှာလည်း သောက်၊ သူ့အိမ် ကိုယ့်အိမ်ခေါ်သွားပြီးတိုက်။ ကျွန်တော့်ကို သူတို့ခင်ကြမင်ကြတော့ ဟိုအိမ်တစ်ခွက်၊ ဒီအိမ်တစ်ငုံ ဟိုးဘက်တစ်ကျိုက်၊ နှစ်ကျိုက်၊ ဒီဘက် သုံးကျိုက် ကျိုက်ဆိုတော့ ကြာတော့လည်း မူးကာပေါ့။ မူးတော့ အိပ်ပျော်သွား။ တစ်ရေးနိုးတော့ ထပ်တိုက်ပြန်ရော။ ဖြစ်ချင်တော့ အဲဒီမနက်က နေကမထွက်ဘူး။ ဆယ့်တစ်နာရီလောက်မှ နေထွက်တော့၊ အတော်မူးတာပေါ့။

ကျွန်တော် သူတို့ရဲ့အသက်ကယ်ခဲ့သလို သူတို့လည်း ကျွန်တော့်အသက်ကယ်တယ်။ တောထဲက ဂျင်းတွေ တူးလာ၊ ငရုတ်သီးစိမ်းလည်းပါတယ်။ ထောင်းပြီး ကျွန်တော့်ပါးစပ်ထဲထည့်၊ တောင်ကြက်သွန်တွေပါ ပါတယ်။ သတိရအောင် သူတို့နည်းနဲ့သူတို့ ထည့်တာ။ ဒါတွေ ကျွန်တော် မသိဘူး။ တပည့်ကိုသာလူက ပြောလို့သိတာ။ “ဟိုခါ” ပွဲဆိုတဲ့ ခေါင်သောက်ကြတဲ့ ပွဲတော့မကြုံဖူးဘူး။ မလဲတဲ့သူက ပထမစွဲတာ။ ဘာဆုမှတော့ ရတာမဟုတ်ဘူး။ စံချိန်

တင်ကြ၊ ရွာဂုဏ်မြှင့်တင်ကြတာမျိုးလေ။

နောက်တစ်ခါလည်း သူတို့ ကျွန်တော့်အသက်ကို ကယ်ခဲ့ကြဖူးတယ်။ တောင်ပေါ်မှာ ကြုံခဲ့ရတာပဲ။ ကျွန်တော် ရောက်သွားတော့ နတ်ဆရာကိုယ်တိုင်က သူ့လက်က လူမမာတစ်ယောက်ကို ကျွန်တော့်ကိုအပ်တယ်။ အဖျားရက်ရှည်နေတာ၊ အားအင်ကုန်ခန်းနေတဲ့ လူမမာ။ ကျွန်တော် စမ်းကြည့်တော့ အူယောင်ငန်းဖျား ဝေဒနာရှင်လို့ အဖြေထွက်တယ်။ နတ်ဆရာက နွားတစ်ကောင် ယဇ်ပူဇော်ရမယ်လို့ အမိန့်ချထားလို့ သူ့သူငယ်ချင်းတွေက နွားတစ်ကောင် တောနင်းဆွဲလာခဲ့တာလေးလည်း အိမ်အနားမှာ တွေ့ခဲ့တယ်။

လူနာကို စမ်းသပ်စစ်ဆေး၊ ဆေးတိုက်ပြီးလို့မှ ဆယ်မိနစ်မကြာဘူး။ တစ်ရွာလုံး ဆူဆူညံညံ အော်ကြဟစ်ကြနဲ့ ကိုယ်လွတ်ရုန်းပြေးကြတာ၊ ရွာနဲ့ဝေးရာကို အလဲလဲအပြိုပြိုပဲ။ ကျွန်တော် အံ့အားသင့်နေတယ်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းလည်းမသိ။ သူတို့စကားလည်း နားမလည်။ လူနာရှင်ရဲ့သားက သူတို့အဖေကိုလာပြီး ပခုံးပေါ်ထမ်းပြေး၊ ကျွန်တော့်လည်း လက်ဟန်ခြေဟန်နဲ့ အဝေးကို လက်ညှိုးထိုး၊ အပြေးခိုင်းတယ်။ လမ်းပေါ်မှာ လူကြီးလူငယ်ကလေးတွေ ပြေးနေကြပြီး။ သူကြီးက ကျွန်တော့်လက်လာပြီး အခမ္မဆွဲ၊ အတင်းပြေးကြရတယ်။ ကျောပိုးအိတ်ကို မယူနိုင်ဘူး။ ပြေးတာမှ တစ်မိုင်ခွဲလောက်များ ရှိမလားမသိဘူး။

အတော်ဝေးတဲ့နေရာမှာ ရပ်ကြ၊ အမောဖြေကြ၊ စခန်းချကြတော့တယ်။ ဘာလို့ပြေးတာတုံးဆိုတော့ တောနဂျယ်ကောင်တွေ တက်လာလို့ပြေးတာတဲ့။ ဒူး လေးတွေ၊ ဓားတွေ၊ လှံတွေရှိတဲ့၊ သတ္တိလည်းကောင်းတဲ့ နာဂတိုင်းရင်းသားတွေ၊ ကျားကို ဖမ်းခဲ့ကြ၊ တောဝက်တို့၊ ဝက်ဝံတို့လည်း အသေသတ်နိုင်ခဲ့ကြတဲ့ သူတို့ တတွေ တောနကျယ်ကောင်ကျမှ လက်လွတ်ထွက်ပြေးရသလား။ သူတို့ရဲ့ ရဲဝံ့မှု၊ သတ္တိရှိမှုကို ကျွန်တော် နည်းနည်း သံသယဝင်မိတယ်။

တစ်ညလုံးမှောင်ထဲမှာ နေကြတယ်။ လူငယ်တွေက ကင်းကို အလှည့်ကျစောင့်တယ်။ ချမ်းကလည်း ချမ်း၊ သောကလည်းရှိနေတော့ တထိတ်ထိတ်နဲ့ အိပ်မပျော်ဘူး။ မနက်လင်းခါနီးမှ တစ်ချက်မှေးခနဲ ပျော်တာ။ အရုဏ်တက်တော့ ကိုယ့်ရွာကိုယ် ခြေသံလုံလုံ၊ ပါးစပ်လုံလုံပြန်ခဲ့ကြတယ်။ သူများရွာကို ဝင်စီးပြီး ခေါင်းဖြတ်ကြတယ်ဆိုတာ ဒီလိုပဲထင်ပါရဲ့။ နှုတ်လုံ၊ ခြေသံလုံလုံ ရွှေ့လျားနေရာတာကိုက ချောက်ချားစရာပဲ။ တိုက်ပွဲတစ်ပွဲ၊ စစ်ဆင်ရေးတစ်ခု၊ သားကောင်ကို ချောင်းမြောင်းရသလိုလို ရွာကလည်း တိတ်လို့ဆိတ်လို့။ တစ္ဆေသရဲတွေ ပျော်မွေ့တဲ့ရွာတစ်ရွာနဲ့တောင် တူသေးတော့တယ်။

မြင်ဖူးချင်လို့ လိုက်ကြည့်တာ၊ သူတို့ကြောက်ရတယ်၊ ကိုယ်လွတ်ထွက်ပြေးခဲ့ရတယ်ဆိုတဲ့ နကျယ်ကောင်က တစ်ကောင်မှမတွေ့ရဘူး။ လူမမာအတွက် ယစ်ပူဇော်ဖို့ တောနင်းရှာခဲ့တဲ့နွားကလေးခများတော့ အရိုးချည်း ကျန်တော့တယ်။ အသား၊ အရည်၊ အရွက် တစ်ဖတ်မှ မကျန်ဘူး။ ချွေးစာကြောင်စာတောင် မချန်ဘူး။ နွားတစ်ကောင်လုံး အကုန်ပြောင်ကို စားသွားကြတာ။ နွားလေးနေရာကနေ ခံစားကြည့်မိတယ်။ အတော်အခံရခက် နာကျင်ရှာမှာပဲ။ ခြေထောက်တွေ လက်တွေပေါ်ကနေ တရွရွတက်လာပြီး ကိုက်ဆွဲစားသောက်ကြပုံတွေ ပုံဖော်ကြည့်မိတယ်။ ညာသံပေးပြီး စားကြသလား၊ တိတ်တိတ်ဆိတ်ဆိတ် အဝလွေးသွားကြသလား။

ကျွန်တော်တို့ တိုင်းပြည်ကို ဆင်းရဲတွင်းနက်အောင် လုပ်ခဲ့ကြတဲ့ တရားခံတွေရှိတယ်။ ကိုယ့်လူမျိုးသွေးသားချင်း စိတ်ဝမ်းတွေကွဲပြီး ပြည်ထောင်စု ပြိုကွဲလုလုဖြစ်အောင် လုပ်ခဲ့တဲ့ တရားခံတွေရှိတယ်။ အလွန်သန့်စင်မွန်မြတ်တဲ့ သာသနာကို ညှိုးနွမ်းပြီး အသေရေယုတ်အောင် လုပ်ခဲ့ကြတဲ့ တရားခံတွေရှိတယ်။ သူများဥစ္စာစည်းစိမ်ကို မတရားအနိုင့်အထက်နဲ့ လုယူသိမ်းပိုက်ခဲ့ကြတဲ့တရားခံတွေရှိတယ်။ . . .တရားခံတွေ။ . . .တရားခံတွေ။ . . .တရားခံတွေကို သေဒဏ်ချမှတ်ခဲ့ရင်၊ လျှပ်စစ်ကုလားထိုင်လည်း မသုံးစေချင်ဘူး။ လည်ပင်းလည်းကြိုးကွင်းစွပ် ဒေါက်မဖြုတ်ချင်ဘူး၊ ဆေးထိုးပြီးတော့လည်း မကွပ်မျက်စေချင်ဘူး။ လည်ပင်းလည်း ကြိုးကွင်းစွပ် ဒေါက်မဖြုတ်စေချင်ဘူး၊ ဆေးထိုးပြီးတော့လည်း မကွပ်မျက်စေချင်ဘူး။ မျက်စိကိုပိတ်စအနက်စည်းပြီး လက်ဖြင့်စစ်သားတွေ၊ ပစ်သတ်ရင်လည်း ကျည်ဆန်ကုန်တယ်။

ကွင်းပြင်ကျယ်ကြီးမှာ ပွဲကြည့်စင်မြင့်ကြီးတွေ ဆောက်၊ ကုလားထိုင်မှာ အထိုင်ခိုင်းပြီး နကျယ်ကောင်တွေကို တရားခံတစ်ယောက် တစ်နေ့နှုန်းနဲ့ စီရင်လိုက် ကြရင်ကော၊ စင်မြင့်ပေါ်မှာ ဝါသနာပါသူ၊ ခံစားချက်ပြင်းသူ၊ နာကြည်းသူတွေ အခမဲ့အရသာခံလာကြည့်လှည့်ကြဆိုရင်. . . ကိုယ့်ပြည့်ကိုယ့်လူမျိုး ကိုယ့်သာသနာချစ်တဲ့စိတ်နဲ့ တွေးကြည့်မိတယ်။ တိုင်းပြည်နဲ့ လူမျိုးအပေါ်ရက်ရက် စက်စက်ပက်ပက်စက်စက် လုပ်ထားကြသူတွေကို တစ်ခါတလေ ပက်ပက်စက်စက်ပဲ လက်စားချေပစ်ချင်စိတ်ပေါ်မိတယ်။

* * *

# အဖြူရောင် လန်ကွတ်တီ

တစ်နေ့တော့ စော်ဘွားကြီး ဦးစောမြတ်စိန် ကျွန်တော့်ဆီကိုလမ်းလျှောက်ရာက အပြန်ဝင်လာတယ်။ ဒီပုဂ္ဂိုလ် ဒီလိုလာခဲတယ်။ အကြောင်း တစ်ခုခုကြောင့်လာတာပဲ ဖြစ်ရမယ်လို့ ကျွန်တော်တွေးမိတယ်။ ကျွန်တော့်ကို မာကြောင်းသာကြောင်းတွေ မေးတယ်။ ပြောတယ်။ ဆေးရုံအကြောင်းတွေစကားမရှိ စကားရှာမေးတယ်။ ပြီးတော့မှ စော်ဘွားကြီး သူပြောချင်တာကို ပြောတော့တာ။

"ဆရာ နောက် သုံးလေးရက်နေရင် လဟယ်ကို သွားရအောင်၊ လိုက်မလား၊ ဆရာတည်မထားတဲ့ လဟယ်မြို့ကို ကြည့်ရင်းပေါ့"

ကျွန်တော့်မှာလည်း အရေးကြီးတဲ့လူနာ မရှိတာနဲ့ သူ့ကို ခေါင်းညိတ်လိုက်တယ်။ နောက်တည်လိုက်တဲ့ လဟယ်မြို့က ရှုခင်းတွေလှပြီး သာယာတယ်။ မြို့ပြလက္ခဏာနဲ့ ညီအောင် ကြိုးစားတည်ထားတာ။

စော်ဘွားကြီးက လဟယ်ရွာဟောင်းတုန်းက သူကြီးလုပ်ခဲ့တဲ့ အိမြူးကိုဖြုတ်ပစ်ပြီး နောက်ထပ် သူကြီးတစ်ယောက်ခန့်ထားခဲ့ဖူးတယ်။ အိမြူးက သူကြီးလုပ်သက်ရင့်နေပြီ။ ဒါပေမဲ့ သူက စစ်တပ်နဲ့ အဆင်ပြေအောင် မပေါင်းတတ်ဘူး။ စစ်တပ်က ရိက္ခာအတွက် ကြက်တောင်းတာ၊ လုပ်အားတောင်းတာတွေရှိတယ်။ ဒါတွေကို သူ ဖြည့်ဆည်းမပေးဘူး။ ဘာမှ အလကား မရနိုင်ဘူးဆိုတဲ့ သူကြီးမျိုး။ စော်ဘွားကြီးကို စစ်တပ်ကခဏခဏ တိုင်တော့ သူကြီးအသစ်မြို့အသစ်မှာ ခန့်ပေးရတယ်။ နာဂတွေအပေါ်မှာ စော်ဘွားကြီး ဦးစောမြစိန်ရဲ့ဩဇာရှိတယ်။ သူကြီးအသစ် သူစိတ်ကြိုက်ရွေးပြီး ခန့်တာ။ အားလုံးက သဘောတူကြတယ်။ ကန့်ကွက်မဲ့သူ မရှိဘူး။ ရွာထဲမှာ ဩဇာရှိသူ။ လုပ်ရည်ကိုင်ရည်ရှိသူ၊ စီးပွားရေးအသင့်အတင့် ကုံလုံကြွယ်ဝသူကို ရွေးခဲ့တာ။

လဟယ်ကို သွားကြရတာ ပျော်စရာကောင်းတယ်။ လဟယ်ရွာဟောင်းက လူတွေ အကုန်လုံးနီးနီး ပြောင်းလာကြတာဆိုတော့ ကျွန်တော်နဲ့လည်း သူတို့ခင်မင်နေကြပါပြီ။

"ဟော့ ဆရာဝန် မင်းငါတို့နတ်ပဲလေ။ ဒီရွာက လူနာ၊ ရွာသူရွာသားတွေက မင်းကို ချစ်ကြတယ်၊ အားကိုးကြတယ်။ လဟယ်မှာပဲ နေလိုက်တော့"

"နေလို့ မဖြစ်ပါဘူး သူကြီးရယ်၊ ငါ့မှာ လန်ကွတ်တီမရှိဘူး" ယောက်ျားသားတစ်ယောက်ဝတ်တဲ့ လန်ကွတ်တီက ဇနီးသည်က ဂျပ်ခုတ်နဲ့ ရက်ပေးတာ။ ဒါကို သိလို့ ကျွန်တော်က သူကြီးကို ပြန်စတာ။ ကျွန်တော့်အဖြေကို ဘာသာပြန်ပေးတော့ အနားမှာရှိကြတဲ့ ယောက်ျားတွေရော အမျိုးသမီးတွေရော သံသေး

သံကြောင်တွေ ထွက်အောင် ရယ်ကြပြီး စကားသံတွေ ဆူညံသွားတယ်။

"အံမယ်. . .အံမယ် ဆရာဝန်က အလာကြီးပါလား"

"နတ်က တကယ်ပြောနေတာလား"

"ဟုတ်မယ် မထင်ပါဘူး"

"ငါ လန်ကွက်တီ ရက်ပေးလိုက်ပြန်ရော့မယ်"

ဒါမျိုးတွေ ဖြစ်မှာပေါ့။

ဒီတော့ သူကြီး အသစ်က ဆက်ပြောတယ်။

"ဆရာဝန်ရေ၊ ဒီမှာပဲနေနော်။ မိန်းမယူပါ။ ဒါ့ ငါ့သမီးတွေပဲ။ သူတို့ ယူချင်ရင် ဘယ်သူ့ယူမလဲ၊ လက်ညှိုးထိုး"

သူကြီးက အဲဒီလိုပြောတော့ စကားပြန်သူရဲ့စကားမှ မဆုံးသေးဘူး။ အနားမှာရှိကြတဲ့ ပရိသတ်ဆီက အသံတွေ ထွက်လာကြပြန်ရော။ ကျွန်တော့် စိတ်ထဲမှာ ဘယ်လိုစိတ်မျိုးမှ မဖြစ်ဘူး။ မခံစားခဲ့ဘူး။ စချင်နောက်ချင်တဲ့စိတ်ပဲ ရှိတဲ့အတွက် သူတို့အထဲက ရုပ်ရည်သနားကမားကောင်မလေး၊ မျက်လုံးမျက်ခုံး၊ မျက်တောင်လှသူလေး၊ ပြုံးလိုက်ရင် ပါးချိုင့်လေးတွေပေါ်တဲ့ ကလေးမလေး၊ ကိုယ်လုံးထွက်ပြည့်ပြည့်တုတ်တုတ်ခိုင်ခိုင်ကလေးမလေး စုစုပေါင်းလေးယောက် ကျွန်တော် လက်ဆွဲခေါ်ပြီး

"ငါယူရင် တစ်ယောက်တည်းတော့ မယူဘူး၊ ဟောဒီ လေးယောက်ပြိုင် တူယူမှာ" ဆိုတော့ ကလေးမလေးတွေ ရှက်ကြ ရယ်ကြ၊ ခေါင်းငုံ့ကြ၊ ပခုံးတွန့် ကြ ဖြစ်ကုန်တာပေါ့။

ကျွန်တော်က ဘယ်လိုပဲ နောက်ပြောင်ကျီစယ်ပေမဲ့ သူကြီးနဲ့ ရွာသူ ရွာသားတွေကတော့ ကျွန်တော့်ကို မပြန်စေချင်တာ အမှန်ပဲ။ ဘယ်လောက် အထိ မပြန်စေချင်တာလဲဆိုရင် ခုနက ကျွန်တော်ရွေးတဲ့ကလေးမလေး လေး ယောက်ထဲက မဟုတ်ဘဲ တခြားသူကြီးရဲ့ဆွေထဲ မျိုးထဲ အသက်အစိတ်ကျော် လောက် အမျိုးသမီးတစ်ယောက်ကို ကျွန်တော့်အတွက် လန်ကွတ်တီရက်ပေးရ မယ်လို့ ခိုင်းတယ်။ ပရိသတ်အားလုံးက ဟေးခနဲ ဝမ်းသာပြီး ကောင်းချီးပေးသံ ညံသွားတယ်။

ပရိသတ်အားလုံးက ဝမ်းသာပေမဲ့ ဝမ်းမသာတဲ့အပြင် ဝမ်းနည်းသူ တစ်ယောက်ရှိမှန်း ကျွန်တော် နောက်မှသိရတယ်။ နောက်တစ်နေ့ရွာထဲ လှည့်ပြီး လူနာရဲ့အခြေအနေကြည့်တော့ မနေ့က ကျွန်တော်နဲ့ပေါင်းဖက်ရမဲ့ အမျိုး သမီးကလေးက ကျွန်တော့်အတွက် လန်ကွတ်တီရက်ဖို့ ဂျပ်ခုတ်ရက်နေတာသွား တွေ့တယ်။ သူ့ကိုမြင်တော့ သူ့ဆီက ဝမ်းနည်းစိတ်က ကျွန်တော့်ကိုပါ ဝမ်း

နည်းစိတ် ကူးဆက်လာတယ်။

သူ့ခမျာ သူကြီးဩဇာမလွန်ဆန်နိုင်လို့ လန်ကွက်တီရက်နေရရှာတာ၊ သူ့ပါးပြင်နှစ်ဖက်မှာ မျက်ရည်စတွေနဲ့။ ကျွန်တော့်ကိုတွေ့တော့ သူရှိုက်ရှိုက်ပြီး ငိုပါလေရော။

"ငါ့နှမရယ် မငိုပါနဲ့၊ တိတ်ပါ၊ ငါနင့်ကို တကယ်မယူတော့ပါဘူး တိတ်တော့၊ အပျော်လည်း မပေါင်းပါဘူး၊ မငိုနဲ့တော့နော်"

ကျွန်တော့်စကားကို သူနားမလည်ဘူး။ ကျွန်တော့်ကိုလည်း သူမကြည့်ရဲဘူး။ တရှိုက်ရှိုက်ငိုရင်း ဂျပ်ခုတ်လုပ်ငန်းကို ဆက်လုပ်နေတယ်။ လန်ကွတ်တီလေးရဲ့ အလျားရှည်လာတာနဲ့အမျှ သူခံစားနေရမဲ့ စိတ်ခံစားမှုကို ကျွန်တော်ကောင်းကောင်း နားလည်တယ်။ သူ့ရင်ထဲက ဝမ်းနည်းမှု၊ သောကရောက်မှုအပြည်နဲ့ ရက်ပေးထားတဲ့ ဂျပ်ခုတ်လန်ကွတ်တီလေး ကျွန်တော်နှစ်ပေါင်းများစွာသိမ်းထားတယ်လေ။

* * *

## သားဖွားဆရာဝန်

ကျွန်တော် အမှုထမ်းစဉ်က ခန္တီးမြို့ဟာ မဖွံ့ဖြိုးမတိုးတက်သေးဘူး။ မစည်ကားသေးဘူး။ ဈေးရယ်လို့လည်း ဟုတ်တိ ပတ်တိရှိတာမဟုတ်ဘူး ။ သားငါးရှားတယ်။ အမဲသားလုပ်ကိုင်သူတစ်ဦးပဲ ရှိတယ်။ "ခေါ်ဆွတ်" လို့ခေါ်တယ်။ နေ့တိုင်း အမဲပေါ်နိုင်တာမဟုတ်ဘူး။ နွားက အဖိုးတန်တယ်။ တောင်သူတွေက နွားတွေကို ဖက်ထားရတုန်းပါ။

တစ်နေ့တော့ ကျွန်တော် အိုပီဒီမှာ ထိုင်ပြီး လူနာတွေကြည့်နေတုန်း ခေါ်ဆွတ်ရောက်လာတယ်။ သူ့ခမျာ မျက်စိပျက် မျက်နှာပျက်၊ ချွေးတွေသံတွေနဲ့။ ဗြုန်းစားကြီးရောက်လာတော့ လူနာတွေက သူ့ကို ဖယ်ပေး တိမ်းပေးကြရတယ်။

သူက အိန္ဒိယနွယ်တဲ့ လူမျိုးဆိုတော့ စကားပြောတဲ့အခါ အိန္ဒိယနွယ်ဖွားတို့ ထုံးစံအတိုင်း မပီဘူး။ နာဂတောထဲမှာ ရှမ်းအသိုင်းအဝိုင်းမှာနေတဲ့သူဆိုတော့ သူ့စကားသံ မနည်း ဂရုစိုက်နားထောင်ရတယ်။

"ဆရာကြီး ကယ်ပါဦး၊ ကျုန်တော့် နမလေး သေတော့မယ်၊ နမလေး သေတော့မယ်"

ငိုသံပါကြီးနဲ့ အသံကဝဲလေတော့ မနည်းနားထောင်ရတယ်။ နပ်တွေ

ကလည်း တရှုပ်ရှုပ်လုပ်နေလိုက်ရင် ပြောနေရှာတာ။

"ဘာ. . .ဘာဖြစ်တယ် ခေါ်ဆွတ် ပြန်ပြောပါဦး"

"ကျွန်တော့်နှမလေး ကလေးမွေးလို့မရဘူး ဆရာကြီး"

"ဟာ. . .ဒါဆိုရင် ဒီကိုခေါ်ခဲ့လေ၊ ဒီကိုရောက်ရောက်ချင်း ငါမွေးပေးမှာပေါ့"

"မရဘူး ဆရာကြီး မဖြစ်နိုင်ဘူး"

"ခေါ်ဆွတ် သွားခေါ်ချေ"

"မဖြစ်နိုင်ဘူး။ ဘယ်လိုထမ်းမလဲ ဆရာကြီး။ လူတွေအများကြီးလိုမယ် . . .နှမလေးကို ကယ်ပါဆရာကြီးရယ်"

"ဟာ. . .မင်းနှမ ဒီကိုခေါ်မလာရင် ငါဘယ်လိုလုပ်မွေးပေးရမလဲ ခေါ်ဆွတ်ရာ ဒုက္ခပါပဲ"

"ဝေးတယ် ဆရာကြီး တစ်မိုင်ခွဲလောက်ဝေးတာကြီး"

သူ့စကားကြားတော့ ကျွန်တော် မျက်မှောင်ကြုတ်မိတယ်။ နေပါဦး ခေါ်ဆွတ်နေတာ ဆေးရုံအောက်နားတင်၊ ဆေးရုံဝင်းထိပ်က လှမ်းကြည့်ရင် သူ့အိမ်မြင်နေရတာ ဘာတွေ လာပြောနေတာလဲ။ ဩော် သူ့နှမလေးက အိမ်ထောင်သည်မို့ အိမ်ခွဲပြီး ဟိုးတစ်မိုင်ကျော်ကျော်မှာ သွားနေတာများလား။

"ဆေးရုံကမှ မီးဖွားဖို့ ပစ္စည်းစုံတာ ခေါ်ဆွတ် သွားထမ်းခဲ့ချေ"

"ဘယ်လို ထမ်းမလဲ လူတွေ အများကြီးလိုမှာ ကျွန်တော့်မှာ. . ."

အဲဒီအချိန်မှာ အိုပီဒီကို ဆေးလာတောင်းတဲ့ သူ့မိတ်ဆွေတစ်ယောက်က သဘောပေါက်ပြီး ဝင်ရှင်းတော့မှ လင်းတော့တယ်။ ခေါ်ဆွတ်ပြောနေတာ သူ့နှမ မဟုတ်ဘူးတဲ့။ နွားမလေးကို ပြောနေတာတဲ့။ ဘေးက ပရိသတ်ပါဝိုင်းသနားလောက်အောင် နှာရည်တွေ၊ မျက်ရည်တွေကျပြီး ဆရာဝန်လာပင့်တော့ လူနှမလို့ပဲ ထင်မိတာပေါ့။ ဒါကြောင့်မို့ ထမ်းခေါ်လာဖို့ လူတွေ အများကြီးလိုတယ်လို့ သူပြောနေတာပါလား။

"မထွေးအောင်. . .ခွဲစိတ်ပစ္စည်းတွေ ယူချေ"

"ဟုတ်ကဲ့ဆရာ"

"ဘလိတ်ဓားနှစ်ဒါဇင်ထက် မနည်းစေနဲ့၊ အဝတ်ညှပ်တဲ့ ကတ်ကြေးလည်း ပါပစေ"

အိုပီဒီက လူနာတွေကို ခေါ်ဆွတ်ဆီက အပြန်မှ လာကြဖို့ မေတ္တာရပ်ခံခဲ့ရတယ်။ ကျွန်တော်တို့နှစ်ယောက် ခပ်သွက်သွက် သုတ်ခြေတင်ခဲ့ကြတယ်။ သူ့နွားမလေးရှိတဲ့အရပ်ရောက်ခါနီးတော့ ဆိုင်းသံဗုံသံတွေ တီးရာက တဖြည်း

ဖြည်း ကျယ်ကျယ်လာတယ်။ တရွေ့ရွေ့နဲ့ နီးလာတော့ သိချင်စိတ်က မထိန်းနိုင်ဘူး။

"ဘာလုပ်နေကြတာလဲ ခေါ်ဆွတ်"

"နတ်ကနားပေးနေကြတာ၊ နွားကလေးချောချောမောမောမွေးနိုင်အောင်လို့"

"မင်းပေးတာလား"

"မဟုတ်ဘူး ဆရာကြီး၊ အိမ်နားနီးချင်း ရှမ်းတွေက သနားလို့ ဝိုင်းကူကြတာ"

ကြိုးတစ်ချောင်းကလည်း စည်းဝိုင်းလို့ တားထားသေးတယ်။ နွားမကမြေကြီးပေါ်မှာလဲနေပြီ။ သူတို့မွေးဖို့ကြိုးစားနေကြတာ အတော်ကြာပြီထင်ပါရဲ့။ ပရိသတ်လည်း အစိတ်သုံးဆယ်ရှိတယ်။ ဆိုင်းသံဗုံသံတွေကလည်း ဗေထိဗေထိ တချမ်းချမ်းနဲ့။ ကျွန်တော်တို့လာတော့မှ ပိုပြီး အားစိုက်တီးနေသလိုပဲ။ တားထားတဲ့ကြိုးဝိုင်းလည်း ကျွန်တော် ဂရုစိုက်မနေနိုင်ဘူး။ နွားမဖင်က နွားကလေးခြေထောက်ကထွက်နေပြီ။ သူတို့ အဲဒီခြေထောက်မှာ ကြိုးချီထားကြတယ်။ ခေါ်ဆွတ်ကတော့ စည်းဝိုင်းထဲဝင်ခါနီး ဦးသုံးကြိမ်ညွှတ်နေသေးတယ်။ သူ ယုံကြည်လို့အရိုအသေပေးတာထင်ပါရဲ့။ သစ်ပင်ရိပ်က ပရိသတ်က ကျွန်တော်တို့ကို လှမ်းကြည့်နေကြတယ်။

"ခေါ်ဆွတ် နွားလေးခြေထောက်မှာ ချည်ထားတဲ့ကြိုးက ဘာလုပ်တာလဲ"

"မွေးများမွေးနိုင်မလားလို့ ကြိုးနဲ့ချည်ပြီး ဆွဲထုတ်ကြည့်တာ ဆရာကြီး"

ကျွန်တော် ဒေါသဖြစ်ပြီး စိတ်ထဲကနေ မအေနမနဲ့ ပျစ်ပျစ်နှစ်နှစ်ဆဲမိတယ်။ နောက်တော့မှ သူ့တို့ မသိရှာလို့ မွေးချင်ကြတဲ့ စိတ်ဇောနဲ့ လုပ်မိလုပ်ရာလုပ်ကြတာနေမှာပေါ့လေလို့ တွေးမိတယ်။

နွားကလေးခြေထောက် တစ်ချက်တစ်ချက် လှုပ်သေးတယ်။ သူတို့အဆင်အပြင်ကြည့်ရတာ၊ နွားကလေးခြေထောက်မှာ ကြိုးချည်၊ ပေါင်လုံးလောက်တုတ်တဲ့ သစ်ပင်ကိုကြိုးပတ်ပြီး နတ်ကနားက ဆိုင်းချက်နဲ့ညာသံပေးပြီး ဆွဲထားကြတယ်ထင်ပါရဲ့။ သေချာအောင်လို့ နောက်တစ်ကြိမ်လောက်ဆွဲပြစ်မ်းပါလို့ ပြောလိုက်ရင် သူတို့လုပ်ပြကြမှာ။ ဒါပေမဲ့ ကျွန်တော်ဒီလောက်မမိုက်မဲဘူး။

"နွားလေး ခြေထောက်က ကြိုးကိုဖြေလိုက်ကွာ၊ မြန်မြန်"

ခေါ်ဆွတ်က တုန်တုန်ယင်ယင်နဲ့ ဖြုတ်နေရှာတယ်။

ကြိုးဖြုတ်နေတုန်းမှာပဲ နောက်နားကနေ

"ဆရာ့ကို အားကိုးရမှာပဲ ဆရာရယ်" ဆိုတဲ့ စကားသံကြားလို့ လှည့်ကြည့်တော့ ခန္တီးက တိရစ္ဆာန်မွေးမြူရေးကုသရေး အင်စပက်တော် ကိုကံချွန်နဲ့ နောက်တစ်ယောက် အင်းစိန်တိမွေးကုကောလိပ်ကျောင်းက ပူပူနွေးနွေးဆင်းပြီး ဒီမှာ အမှုလာထမ်းတဲ့ တိရစ္ဆာန်ဆရာဝန်လေးဖြစ်နေတယ်။

"ဟ. . .မင်းတို့နှစ်ယောက်ရှိနေပါရဲ့နဲ့ ငါ့လာခေါ်တယ်ကွာ၊ ဟိုမှာ လူနာတွေ တောင်းပန်ပစ်ခဲ့ရတာ"

"ကျွန်တော်တို့လည်း ကြိုးစားထားတာပါပဲ ဆရာရယ် မရလို့"

"ကြိုးနဲ့ဆွဲတာ မင်းတို့ အဆွဲခိုင်းတာလား"

"ရများ ရမလားလို့ပါ ဆရာ"

'မင်းတို့အစ်မ မင်းတို့အဒေါ်တွေမွေးတော့မှ အဲဒီလို ကြိုးနဲ့ဆွဲကြကွာ"

ကျွန်တော် သူတို့ကို ဆဲလောက်ဆိုလောက်အောင် ခင်မင်လေတော့ ကရုဏာဒေါသောနဲ့ ပြောမိတယ်။ နွားမကြီးကတော့ ဗိုက်ကလည်းနာ၊ ပင်ပန်းကလည်းပင်ပန်း သူ့အာဝေဏိကဒုက္ခ သူမျက်လုံးစုံမှိတ်ပြီး လှဲအိပ်နေရာက မျက်လုံးကို မဖွင့်နိုင်တော့ဘူး။ နားရွက်တစ်ချက် တစ်ချက် လှုပ်တယ်။ နှာခေါင်းမှာ ထွက်သက်ဝင်သက်ရှိသေးတယ်။ နှာခေါင်းနားက မြက်ပင်လေးတွေ လေတိုးလို့လှုပ်တာတွေ့နေရသေးတယ်။

ကျွန်တော့်မှာ ပါလာတဲ့ ဓားက အဲဒီခေတ်က အိန္ဒိယ ဘလိတ်ဓား နွားကို ဗိုက်ခွဲတာ နှစ်လက်မခွဲ သုံးလက်မထက် ပိုလှီးလို့မရဘူး။ အစွမ်းပြပြီ။ လာခဲ့ နောက်တစ်ဖက်၊ နှစ်လက်မ။ သွားပြီ။ ဓားမတိုးတော့ဘူး။ လာစမ်း နောက်ဘလိတ် တစ်ချောင်း။ တစ်လွှာပြီး တစ်လွှာ ဖြတ်ရတာ။ ကိုကံချွန်တို့ ဆရာတပည့်လည်း လာကြည့်ကြ။ ကိုင်ကြ။ ဖိကြ၊ ဆွဲကြနဲ့ လိုရာရောက်အောင် သွားရတာ။ နွားမသားအိမ်ထဲက နွားကလေးကို ပြောင်းပြန်ဆွဲထုတ်မွေးပေးခဲ့ရတာ။ နွားကလေးည်း အပြင်ရောက်ရော ဘယ်လေးဘက်ပြေးနိုင်မလဲ ခေတ္တပမတ်တပ်ရပ်ပြီး ထိုင်ကျသွားတာ။ ပါးစပ်ကလည်း လူလိုဆိုရင်တော့ အူဝဲ အူဝဲလို့ အော်တာနေမှာပေါ့။ ဘဲဟဲဟဲ. . .ဘဲဟဲအဲနဲ့ မြည်ရှာတယ်။ ပရိသတ်ဝိုင်းသြဘာပေးကြတယ်။ နွားမကြီးဝေဒနာ အတော်ခံထားရတော့ မထနိုင်ရှာဘူး။ ဒီလိုနဲ့ နွားကလေးအသက်လည်း ကယ်နိုင်ခဲ့တယ်။ ကိုကံချွန်နဲ့ သူ့တပည့်ကို နွားမကြီးဗိုက်ပြန်ပိတ်ရင်း မှာစရာတွေ မှာရတာ။

"မင်းတို့မှာ ဆေးထိုးတဲ့ ဂန်းတွေနဲ့ ဒီနွားမ ပင်နီစလင် ထိုးပေးလိုက်ကြ။ တစ်ခါထိုး ပင်နီစလင် လေးလုံးထိုး"

သူတို့ကို ပြန်ပြီး တာဝန်ပေးခဲ့တော့ သူတို့လည်း ကြည်ကြည်ဖြူဖြူပါပဲ။

"ဟုတ်ကဲ့ပါဆရာ. . .တဲ့"

တစ်မနက် ကျွန်တော် ဆေးရုံစောစောသွားဖို့ မနက်စာစားမလို့ ထမင်းကြမ်းစားနေတုန်း အိမ်ရှေ့ကနေ ဆရာကြီး ဆရာကြီးလို့ ခေါ်သံကြားလို့ ထွက်ကြည့်တော့ ခေါ်ဆွတ်နဲ့ နွားမသားအမိတွေ့ရတယ်။

"ဟ ခေါ်ဆွတ် နွားမဘာဖြစ်ပြန်ပြီလဲ၊ နေမကောင်းဘူးလား"

"နေကောင်းတယ်ဆရာ"

"ဒါဖြင့် ဘာလာလုပ်တာလဲ၊ နွားကျောင်းရင်း ဆေးလာတောင်းတာလား။ အိုပီဒီကို သွားလေ"

"မဟုတ်ဘူး ဆရာ၊ ကျွန်တော် စဉ်းစားကြည့်တယ်။ ပြီးတော့ မိန်းမနဲ့လည်း တိုင်ပင်တယ်။ သူကလည်း ဟုတ်တယ်တဲ့၊ သူလည်း သဘောတူတယ် ဆရာ"။

"ဘာကို သဘောတူတာလဲ ခေါ်ဆွတ်ရဲ့"

ကျွန်တော်တို့ နှစ်ယောက်အပြန်အလှန်စကားပြောနေတုန်း အိမ်ထဲက အုန်းအုန်းတို့ သားအမိနှစ်ယောက် ထွက်လာကြတယ်။ အိမ်ရှေ့မှာ နွားမကြီး မြက်တွေစားနေတုန်း။ နွားပေါက်ကလေးက နို့တွေတပြွတ်ပြွတ်စို့တော့ နွားမကြီးက သူ့ အစာစားတာရပ်ပြီး နွားကလေး နို့တိုက်နေတယ်။

"ဆရာ သူ့အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်ပဲ။ ဒါ ဆရာ့သမီးဖြစ်သွားပြီး။ ဆရာ မကယ်ရင် ဒီကောင်မ သေပြီ။ ဒါကြောင့် ကျေးဇူးလာဆပ်တာ၊ သူတို့ သားအမိဆရာ့ဆီ လာပို့တာ"

"ဟာ မလုပ်နဲ့၊ ပြန်ယူသွား ခေါ်ဆွတ်၊ ငါ နွားမမွေးချင်ဘူး"

"နွားပေါက်ကလေးက ဆရာ့သားအတွက် အဖော်ဖြစ်မှာပါ၊ တက်စီးလို့လည်းရတယ်လေ"

ကျွန်တော့်ဇနီးသည်အုန်းအုန်းနဲ့ သားထွန်းထွန်းကို လှမ်းကြည့်လိုက်တယ်။ ဇနီးသည်ကတော့ လိုချင်ဟန်မပေါ်ဘူး။ သားလေးကတော့ ကလေးဆိုတော့ နွားပေါက်ကလေးလိုချင်စိတ်ပေါ်နေပုံရတယ်။ နွားပေါက်ကလေးကလည်း ချစ်စရာလေး။ ဒါပေမဲ့ ကျွန်တော် ဘယ်မွေးနိုင်မလဲ။ ဆေးရုံတာဝန် တစ်ဖက်နဲ့။ တပည့်တပန်း လူပိုကလည်း မရှိ။ အုန်းအုန်းခမျာ သူ့အလုပ်နဲ့သူ။

ဒါနဲ့ လူနာလည်း လူနာ။ ခြံစိုက်စားတဲ့ ဦးဘတူးကိုခေါ်ပြီး နွားသားအမိ အပ်လိုက်တယ်။ ထွန်းထွန်း နွားနို့သောက်ရတာပေါ့ဆိုတဲ့ စိတ်ကူး၊ ဒီထက်မပိုဘူး။ ခေါ်ဆွတ်ကလည်း သူ့ခမျာ အိပ်မပျော်စားမဝင်လောက်အောင် ခံစားပြီး

ပေးချင်နေတဲ့ ဆန္ဒပြည့်လို့ ကျေနပ်ပြီး ပြန်သွားတယ်။

၁၉၈၅ မန္တလေး ဆေးရုံမှာ ကျွန်တော် ပြန်ပြီးအမှုထမ်းရတော့ တစ်နေ့မနက်မှာ ဦးဘတူး ကျွန်တော့်ဆီ စုံစမ်းပြီးရောက်လာတယ်။

"ဦးဘတူး ဘယ်တုန်းက ရောက်သလဲ၊ ဘာလုပ်ပေးရမလဲ ပြော"

"ဆရာ ကျွန်တော် ရောက်တာ နှစ်ရက်ရှိပြီ ဆရာ"

"ဒီကို ဘာလာလုပ်တာလဲ၊ ဘုရားဖူးလာကြတာလား"

"သား မောင်ခင်လှိုင်နေမကောင်းလို့ ဆေးရုံလာပြတာ၊ ဆရာအားရင် လိုက်ကြည့်ပါဦး၊ သူ ဘာဖြစ်မှန်းမသိဘူး ဆရာ။ ခဏ ခဏတက်နေတယ်"

ကျွန်တော် သူ့သားရှိရာ အဆောင်ကို လိုက်ကြည့်တော့သူ့သားက မေ့ပြီး အိပ်နေတယ်။ ခရောနစ် တက်တားနတ်စ်ရောဂါလို့ ဆရာဝန်ကြီးက မှတ်ချက်ချပြီး ကုထုံးတွေနဲ့ ကုပေးနေကြတာ။

"ဆရာ ဗိုက်ခွဲပြီးမွေးပေးခဲ့တဲ့ နွားသားအမိ မှတ်မိသေးလား"

"ဟာ ကြာပြီပဲ။ ၁၉၉၆–၆၇ ဆီက အနှစ် နှစ်ဆယ်နီးမှ. . .၊ အဲဒါ ဘာဖြစ်လဲ"။

"ဆရာ ကျွန်တော်တို့ မိသားစုကို ပေးခဲ့တာလေ၊ ထွန်းထွန်းအတွက် တောင် နွားနို့တွေ. . ."

"ဟာ. . .မှတ်မိပြီ ခေါ်ဆွတ်ဆီက နွားသားအမိ"

"ဟုတ်တယ် ဆရာ. . .အဲဒီသားအမိကနေ ပွားလာတာ အခု ကျွန်တော့် ဆီမှာ နွားကိုးကောင်ရှိတယ်။ ခြံတစ်ဖက်၊ နွားတွေတစ်ဖက်နဲ့ မိသားစု ဖူလုံတဲ့အပြင် စုမိ ဆောင်းမိတယ် ဆရာ၊ ကလေးတွေ ပညာဆုံးအောင်သင်ရတယ်"

"ဟုတ်လား ဝမ်းသာတယ်"

"မန္တလေးကို လာပြီးဆေးကုနိုင်တာ ဆရာ့ကျေးဇူးလို့ ပြောရမှာပဲ၊ ကျွန်တဲ့နွားတွေ ရောင်းပြီး ဆရာ့ကျေးဇူးဆပ်ချင်တယ် ဆရာ"

"ဟာ. . .ဟာ မလုပ်နဲ့ မလုပ်နဲ့၊ ဆပ်စရာ မလိုဘူး"

"ဒါဖြင့်ရင် ဘယ်လို လုပ်ပေးရမလဲ"

"တကယ်လို့ နွားတစ်ကောင်လောက်ရောင်းမယ်ဆိုရင် ခေါ်ဆွတ်ကို နည်းနည်းပါးပါးပေးလိုက်ပါ။ မူလအရင်းအမြစ်က သူ့နွားလေ"

"ဟုတ်ကဲ့ပါ ဆရာ"

အဲဒီနေ့က ဆေးရုံမှာ အရေးကြီးတဲ့ လူနာတွေခွဲရ စိတ်ရတယ်။ တကယ်ဆိုရင် အဲဒီလို ပင်ပင်ပန်းပန်းခွဲစိတ်ပြီးရင် လူလည်းအတော်မောပိုက်သွားဖို့ ကောင်းတာပေါ့။ ဒါပေမဲ့ ဦးဘတူးရဲ့ ပြောစကားတွေကြောင့် ကျွန်တော့်မှာ

မပင်ပန်းသလိုပဲ။

* * *

# ပြည်တော်သာဝက်ခြံ

ပါတီတို့ ကောင်စီတို့ လမ်းညွှန်ချက်နဲ့ ခန္တီးမှာ ဝက်မွေးကြရတာ။ မြစ်ကြီးနားကနေ ဘရိုကိတ်ဝက်တွေ ဝယ်မွေးကြတာ။ သူတို့က လမ်းညွှန်ချက်အရ အလုပ်သဘော အဖြစ်သဘော မွေးကြတာ။ နယ်ပိုင်ဦးအောင်ကြည်ခမျာ သူတို့မွေးတဲ့ ဝက်ခြောက်ကောင်ခုနစ်ကောင်ကို အရိပ်တကြည့်ကြည့်နဲ့။ သူ့သားသမီးတောင် ဒီလို စောင့်ရှောက်ရဲ့လား မေးချင်စရာပဲ။ အရိပ်တကြည့်ကြည့်နဲ့သာ မွေးတာ စိတ်ကပါတာ မဟုတ်ဘူး။ အသားတိုးချင်ကြတာ။ အသားတိုးရင် သူတို့ ပက်ပေါ်ကြမယ်။ အဲဒီအခါစားရခဲ့မှု ဝက်သားစားရဦးတော့မယ်။ ဒီလိုစိတ်မျိုးနဲ့အရိပ်တကြည့်ကြည့်လုပ်နေကြတာ။ ဝက်အရှင် တဂရန့် ဂရန်၊ နားရွက်တလှုပ်လှုပ်၊ အမြီးတရမ်းရမ်းကြီးတွေကိုပဲ သူတို့ မျက်လုံးထဲမှာ၊ သုံးထပ်သားတွေ၊ ဝက်စတူးတွေ၊ ဝက်လက်ပြုတ်သုပ်တွေ၊ ဝက်ပုန်းရည်ဟင်းလိုမြင်ကြတယ်ထင်ပါရဲ့။

ကျွန်တော့် နာမည်ထုတ်မပြောချင်တဲ့အရာရှိကြီး ပါတီမှာရော ကောင်စီမှာရော မှာရော အရေးကြီးပုဂ္ဂိုလ်ကြီးက သူမွေးထားတဲ့ ဝက်ကို သိပ်ကြွားတယ်။ မများပါဘူး။ နှစ်ကောင်တည်း။ အစည်းအဝေးတို့ ပွဲလမ်းတို့ လူစည်စည်ဆိုရင် သူ့ဝက်တွေအကြောင်း ဂုဏ်ဖော်ရတာအမော။ သူဝယ်တဲ့ ကျင်းတက်လေးတွေနဲ့ တစ်မိနစ်တည်းဖွား ဝက်သုံးကောင် ကျွန်တော်ဝယ်ထားတာ သူမသိဘူး။ သူ ခဏခဏကြွားလွန်းလို့ ကျွန်တော့်စိတ်ထဲမှာ ပြုံးနေမိတာ အကြိမ်ကြိမ်။

ကျွန်တော်ဝက်ခြံက သိပ်မကျယ်ဘူး။ ခပ်ကျဉ်းကျဉ်းပဲ။ ဝက်သုံးကောင် ခြေလေးငါးလှမ်းသွားရုံ၊ ရှောင်လို့တိမ်းလို့ လွတ်ရုံပဲ၊ ပြီးတော့ ကြမ်းခင်းက သစ်သားကြမ်းခင်းပေါ်မှာမှ ဝါးခြမ်းခင်းထားတာ၊ ဝါးခြမ်းကိုလည်း ဝက်ချေးကို အလှည်းရ အကျင်းရသက်သာအောင် ခေါင်မိုးပြန့်လို ခင်းထားတော့ တချို့ဝက်ချေးက သူ့ဘာသာ လျှောဆင်းသွားတော့ ခြံသန့်ရှင်းပြီးသားဖြစ်ကရော။ ဝက်ခြေ ဝါးခြမ်းတွေကို စီထားတာလည်း နည်းနည်းချဲထား ဟထားတော့ ဝက်ခြေထောက်က ကြမ်းထဲကျွံတယ်။

ဝက်စားကျင်းကို သုံးကောင်အတွက် တစ်ခုပဲ၊ သိပ်မကြီးဘူး။ အိမ်နောက်ဖေးမှာ ဝက်စာအိုးနဲ့ဝက်စာခပ်တဲ့ ခွက်တစ်ခုရှိတယ်။ ရေအိမ်နားမှာ ဝက်စာအိုး

တစ်အိုးနဲ့ ဝက်စာခပ်တဲ့ခွက်တစ်ခုထားတယ်။ ဘယ်သူဖြစ်ဖြစ် ရေအိမ်သွားမယ်၊ အပေါ့ပဲဖြစ်ဖြစ်၊ အလေးပဲဖြစ်ဖြစ် နောက်ဖေးထွက်ရင် ဝက်စာမီးဖိုချောင်အတွက်က တစ်ခွက်ခပ်ပြီး ဝက်စားကျင်းထဲထည့်ရတယ်။ တစ်မိသားစုလုံး ဒီလိုမှာပြီး သင်ထားတာ။ အစာထည့်လိုက်ပြီဆိုရင် ဝက်တွေက အသံကြားတာနဲ့ အိပ်နေရာက လူးလဲထပြီး ဂလု ကလု ဂရု ကလု အကုန်လုံးကို တိုးဝှေ့လုယက်စားကြတာ၊ ဝက်စားကျင်းပြောင်ရော။

ရေအိမ်က ဆင်းလာရင်လည်း ရေအိမ်အဆင်းမှာရှိတဲ့ ဝက်စာအိုးထဲက တစ်ခွက်ခပ်ပြီး ဝက်စာကျင်းထဲ ခပ်ထည့်ရတယ်။ ဝက်တွေက အလုအယက်ရောက်လာပြီး ဂလု ကလု ကရုဆို ပြောင်နေအောင် စားပစ်ကြတယ်။ ဝက်ခြေထောက်ခွာတွေက ကြမ်းကြားညပ်ထားတော့ နာပြီး ကြာကြာမထောက်နိုင်ဘူး။ စားပြီးရင် လှဲအိပ်နေကြတာပဲ။ မိသားစုဝင်တွေက ဂရုစိုက်ကြ။ အကူ နာဂလေးကလည်း ဝက်မွေးတာဝါသနာပါတော့ ကျွန်တော့်ဝက်တွေမှ မဝရင်ဘယ်ဝက်ဝဦးမှာလဲ။

ကျွန်တော့်ဇနီးက ဝက်ခြံကို ပြည်တော်သာဝက်ခြံလို့ နာမည်ပေးတယ်။ ဘာလို့ ဒီနာမည်ပေးတာလဲလို့မေးရင် တော်ရုံလူကို မဖြေဘူး။ လူရင်း လူယုံဆွေမကင်းမျိုးမကင်းမှ သူပြောမယ်။ ပြည်တော်သာစီမံကိန်းရဲ့ ဖခင်ကြီး ဝန်ကြီးချုပ် ဦးနုက ကျွန်တော့်ကို တရုတ်ပြည်လေ့လာရေးခရီး လွှတ်တုန်းက တရုတ်ပြည်က တစ်ပိုင်တစ်နိုင် ဝက်မွေးမြူကြပုံကို ကျွန်တော့် လေ့လာမှတ်သားခဲ့လို့လေ။ တရုတ်လူမျိုးတွေလည်း တစ်ပိုင်တစ်နိုင်ရော စုပေါင်းရော မွေးကြတယ်။ ပါတီတို့ ကောင်စီတို့လို မွေးကြတာ မဟုတ်ဘူး။ သူတို့က ဝက်ကို စုဘူးလို့လည်း သဘောထားသလို၊ ဆွေမျိုး၊ အကျိုးတူလို့ သဘောထားရမယ်တဲ့။ ဒါကြောင့်ကိုယ့်ဆွေမျိုး မိသားစုဝင်လို ချစ်ခင်စောင့်ရှောက်ရမယ်တဲ့။

ကျွန်တော် ဆေးရုံမှာ လူနာတွေကို တစ်နေ့ သုံးကြိမ် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုပဲ။ ကျွန်တော့်အိမ်သားတွေက ကိုယ့်ဝက်ကို ကျန်းမာရေးကိစ္စ ဆောင်ရွက်တိုင်း ကျွေးမွေးနေတော့ ဝက်တွေဝတော့တာပေါ့။ သူတို့နေထိုင်မကောင်းရင် ကျွန်တော်တို့ ချက်ချင်းသိနိုင်တယ်လေ။ နောက်တော့ အရေးကြီးပုဂ္ဂိုလ်ကြီးက ကျွန်တော့်ကို ချော့မော့ပြီး ဝက်တွေမွေးတာ ဘယ်လိုမွေးတာလဲ မေးရှာတယ်။

ကျွန်တော် စိတ်ဓာတ် မကောင်းဘူး။ အဲဒီပုဂ္ဂိုလ်ကို ဝက်တွေ ဘယ်လိုမွေးရတယ်ဆိုတာ မပြောဘူး။ ဘာလို့မပြောတာလဲလို့ မေးစရာရှိတယ်။ ဘာလို့ဝက်မွေးနည်းမပြောတာလဲဆိုတော့ အင်း. . .မပြောချင်လို့ကို မပြောတာ။

ကျွန်တော့်ဝက်တွေ အထီးရောအမပါ သင်းထားလိုက်တာလည်း ဝက်ဝစေတဲ့ အချက်တစ်ချက်ပဲ။

နောက်တစ်ခါတော့ တိမွေးကုအင်စပက်က ကိုကံချွန်ကိုယ်တိုင် ကျွန်တော့်ကို လာခေါ်တယ်။ ခေါ်ဆွတ်လိုတော့ ချွေးတွေ သံတွေနဲ့မဟုတ်ဘူး။ ဒါပေမဲ့ သူ့အမူအရာနဲ့ မျက်လုံးအကြည့်နဲ့၊ ပြောပုံဆိုပေါက်ကြည့်တာနဲ့ လာရင်းကိစ္စ အရေးကြီးမှန်းသိလိုက်တယ်။

"ဆရာ နယ်ပိုင်ကြီးက ကြွခဲ့ပါဦးတဲ့ဆရာ အရေးကြီးလို့တဲ့"

"ဘယ်က လယ်ပိုင်ကြီးလဲ ဦးသာမြတ်လား"

"မဟုတ်ဘူးဆရာ၊ နယ်ပိုင်ကြီး ဦးအောင်ကြည်ပါ"

"ဟော ဘာဖြစ်လို့လဲ"

"ကောင်စီက မွေးထားတဲ့ ဝက်မကြီး ကလေးမမွေးနိုင်ဘူး၊ ဗိုက်အရမ်းနာပြီး ဒုက္ခဖြစ်နေပြီ ဆရာ"

"အဲဒါ မင်း အင်စပက်တာလေ။ နောက် တိမွေးကုရှိသေးတယ်လေ"

"မရဘူးဆရာ၊ ကျွန်တော်တို့ အစွမ်းကုန်တော့ ကုန်နေပါပြီ"

ဒါနဲ့ မထွေးအောင်နဲ့ ကိုကံချွန်နဲ့ သုံးယောက်သား ထွက်ခဲ့ကြတယ်။

မထွေးအောင်က မေ့ဆေးအိုသာယူဦးမလားလို့ မေးတော့၊ မယူဘူး ရိုးရိုးပဲ မွေးမယ်လိုမှ ယူမယ်လို့ ပြောလိုက်တယ်။ ကျွန်တော်ရောက်လို့မှ ဘာမှ မကြာသေးဘူး။ နယ်ပိုင်ဦးအောင်ကြည်က မဦးမချွတ် ပြောလာတယ်။ ဝက်မကြီးကမောပြီး ဗိုက်ကနာလို့ မမွေးနိုင်လို့ ဟောဟဲလိုက်နေတာ၊ ကျွန်တော်တို့က သူ့အနားသတ်တွေ ရိုက်ဖို့လုပ်နေတုန်း ပြောလိုက်တဲ့စကားက

"အတော်ပဲပေ့ ဒီနေတော့ ဝက်သားစားရပြီ" တဲ့။

အစကတော့ ကျွန်တော့်ကိုနောက်တယ် စတယ်ထင်လို့လှည့်ကြည့်တော့ သူ့မျက်နှာက နောက်နေပြောင်နေတာ မဟုတ်ဘူး။ အတည်ပေါက်ကြီး။ ကျွန်တော့်ဒေါသ ငယ်ထိပ်တက်လာတယ်။ ဒါပေမဲ့ စိတ်ကို မနည်းထိန်းလိုက်တယ်။ သူတို့ ခေါ်လို့လည်း လာမွေးပေးရသေးတယ်။ ဒါ ကျွန်တော့်အလုပ် မဟုတ်ဘူး။ သူ ဒီလိုစကားမျိုး ဒီအချိန်မှာ ပြောသင့်သလား။ သူဟာ နယ်ပိုင်တစ်ယောက်လေ။ အသက်ကို မှန်မှန်ရှူသွင်းပြီး၊ ဝက်မကြီးကို ခွဲပြီးမွေးပေးမလား၊ မခွဲတော့ဘဲ လှည့်ပြန်လိုက်ရ ကောင်းမလား။ ဒေါသမလာနဲ့။ ဒေါသ ဂိုးအဝေး။ ဒေါသမဖြစ်ရဘူး။ ဂိုးအဝေး။

"ဦးအောင်ကြည်၊ ကျွန်တော် ခင်ဗျားခေါ်လို့ လာပဘာနော်။ ဝက်မွေးရအောင်လာတာ၊ ဆရာဝန်၊ ဝက်သတ်သမားမဟုတ်ဘူး"

ကျွန်တော် ပြောတာကို ကြားတော့ သူ့မျက်နှာပျက်သွားတယ်။

"ဝက်က လူတော့ မဟုတ်ဘူး။ ဒါပေမဲ့ မီးဖွားခါနီး ခံစားရတဲ့ဒုက္ခဟာ လူမဟုတ်ပေမဲ့လည်း သူလည်း အတော်ခံစားနေရမှာပဲ"

ကိုကံချွန်ရော မထွေးအောင်ရော ဝက်ကို တစ်လှည့်ကြည့်လိုက်၊ နယ်ပိုင်ကြီးကိုတစ်လှည့်ကြည့်လိုက်၊ ကျွန်တော့် တစ်လှည့်ကြည့်လိုက် ဖြစ်နေကြတယ်။

"ကျွန်တော့်ကို ခေါ်ပြီးမှ နှင်လိုက်သလိုပဲ"

"ဆရာရယ် အလကားနောက်တာပါ။ ဆရာမွေးပေးမှ ဖြစ်မှာပါ" သူ ချက်ချင်းမျက်နှာချို ပြန်သွေးတယ်။

ဝက်ဆိုတာ လူလို သားအိမ်ထဲမှာ တစ်ယောက်ဖြစ်ဖြစ်၊ အမွှာဖြစ်ဖြစ် တစ်အိမ်တည်းမှာ မဟုတ်ဘူး။ ဒီဝက်မကြီး ကျွန်တော်အပြင်ကနေ စမ်းကြည့်တော့ အနည်းဆုံးငါးကောင်လို့ မှန်းတာ တကယ်မွေးတော့ ခုနစ်ကောင်မွေးတယ်။ ကြည့်နေကြသူတွေအားလုံး သဘောကျကြတယ်။ ဝက်ပေါက်တွေက မမြင်မစမ်းနဲ့ လျှောက်တိုးနေကြတာ ဝက်မကြီး မဖိမိအောင် ကောက်ရိုးတွေရှိတဲ့ ဘက် ဆွဲဖယ်ထားရတယ်။ ဦးအောင်ကြည်တို့ သဘောကျ ဝမ်းသာရမှာပေါ့။ တကယ်လို့ ဒီဝက်မကြီးသေသွားရင် သူတို့ ထုချေလွှာရေးရဦးမှာလေ။ ဒီကြားထဲ ပြောဖြစ်အောင် ပြောလိုက်သေးတယ်။

အဲဒီညက တော်တော်နဲ့ အိပ်မပျော်ဘူး။ နယ်ပိုင်ကြီးက ဆရာရယ် အလကားနောက်တာပါဆိုတဲ့ ဖွတ်လုပ်ပြီး အာလုပ်သံကြီးနဲ့ပြောသံက နားထဲ တင်မကာ အသည်းမှာစွဲနေတယ်။

ဦးအောင်ကြည် ခင်ဗျားတို့ ဝက်သားစားချင်ကြတယ် ဟုတ်လား၊ ဟာ ဆရာကလည်း သိတဲ့အတိုင်း ဝက်သားက နှစ်လနေလို့မှ တစ်ခါစားရတဲ့အမျိုး။ ဒီလိုဆိုရင် စားရစေ့မယ်။ မထွေးအောင် သွားဆေးရုံကိုပြန် အီသာပုလင်းယူချေ။ မြန်မြန်လာခဲ့။ ဒီလောက်တောင် ဝက်သားစားချင်ကြတာ။ စားရစေ့မယ်။ အီသာပုလင်းလည်းလာရော ဝက်မကြီး အီသာတွေအများကြီးဆွတ်ပြီး နှာခေါင်းပိတ်ထားလိုက်တာ သေပါလေရော။ ဝက်မကြီးလည်း သေရော ဝက်သားစားချင်တဲ့ နယ်ပိုင်ကြီးက ဓားထက်ထက်နဲ့ စဥ်းတီတုံးယူချေကွာဆိုပြီး အခုတ်ခိုင်း၊ ကလီစာက သက်သက် ခွဲခြမ်းစိတ်ဖြာပြီး ဝေခြမ်းတော့တာပါပဲ။

မိုးခိုသားတစ်ပိဿာ၊ ပေါင်သားတစ်ပိဿာ၊ အသည်းတစ်ဝက် ငါ့အိမ်ပို့။ အရေးပိုင်ကို တစ်ပိဿာပို့ကွာ။ အရေးပိုင်က သူ့ထက်ရာထူးကြီးတယ်။ ဒါပေမဲ့ တစ်ပိဿာပဲ။ သူက စခန်းတာဝန်ခံမို့ သုံးပိဿာတဲ့။ ရဲဝန်ကို ပေါင်သားတစ်ပိဿာပို့ပါ။ တပ်ရင်းမှူးကိုလည်း တစ်ပိဿာကွာ၊ ပြီးတော့ အရပ်ထဲက ဦးရာလူ

တစ်အိမ် အစိတ်သား၊ အသားအရိုးတွဲပေးလိုက်ကွာ။

တောက်– ကုသိုလ်ကံက ဆိုးသကွာ ဒေါက်တာသိန်းလှိုင်က ဝက်မကြီးကို ခွဲလိုက်လို့ မအောင်မမြင်ဖြစ်ပြီး ဝက်မကြီးသေရင် ငါတို့ဝက်သားစားရမှာ အခုတော့ကွာ ဆိုတဲ့စကားစွဲပြီး အိပ်တဲ့အခါ အိပ်မက်ဆိုးက မက်တယ်။ အရင်တစ်ခါဝက်ကြီးကို ချတဲ့ခွဲတမ်းကို စွဲမှတ်မိနေတာလည်း ပါပါလိမ့်မယ်။

ဘဝတူ ဝန်ထမ်းချင်းအတူတူ၊ နာဂတိုင်းရင်းသားတွေအပေါ်မှာ ခန္တီးမြို့လူထုအပေါ်မှာ စေတနာ မေတ္တာ၊ ထားတဲ့သူတွေရှိတယ်။ ဆောက်လုပ်ရေးက အင်ဂျင်နီယာ။ ကိုအောင်သူတဲ့။ ခန္တီးဒေသဖွံ့ဖြိုးရေး သူစိတ်ဝင်တစားလုပ်တယ်။ ကျွန်တော့်အလုပ် သူ့တို့ ကိုယ်ချင်းစာတယ်။ သူကိုယ်တိုင်လည်း သူ့လုပ်ငန်းခွင်ထဲက နာဂတိုင်းရင်းသားတွေကို မတရားသဖြင့် မခိုင်းဘူး။ အတတ်နိုင်ဆုံး နားလည်ခွင့်လွှတ်တတ်တယ်။ တန်ရာတန်ကြေးပေးတယ်။ သူနဲ့ ကျွန်တော်ရင်းနှီးလာတော့ တစ်နေ့ သူက စကားအဆန်းလာပြောတယ်။

“ဆရာ ဒီနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် တိရစ္ဆာန်အလှပြိုင်ပွဲမှာ ကျွန်တော်မွေးတဲ့ ကြက်ဖကြီး ဝင်ပြိုင်ချင်တယ်။ ဒီအကောင်ကြီး အတော်လှတယ်။ ထွားလည်း ထွားတယ်။ ဒါပေမဲ့. . .”

ဒါပေမဲ့မှာ သူ့စကားကို ခဏရပ်ထားပြီး ဆက်ပြောသင့် မပြောသင့် စဉ်းစားနေတယ်။

“ဒါပေမဲ့ ဘာဖြစ်သတုန်းဗျ၊ လွတ်လွတ်လပ်လပ်ပြောစမ်းပါ”

“တပ်ရင်းမှူးကြီး ကြက်လည်း လှတာပဲ။ လှတာချင်းတူရင် ဒိုင်တွေက ပထမပေးခြင်းပေးရင်း ရင်းမှူးကြီးကြက်ကို ပေးလိမ့်မယ်”။

“ကိုအောင်သူရယ် သူများကြက်ဆိုရင်တော့ ကျွန်တော် မပြောလိုဘူး၊ တပ်ရင်းမှူးကြက်နဲ့ ပြိုင်လို့ နိုင်ချင်ရင်ဖြင့် ကျွန်တော်ကူညီနိုင်တယ်”

“ဘာလို့လဲ”

“ဘာလို့လဲလို့ ကျွန်တော့်ကိုမမေးနဲ့ တကယ်လားလို့မေး ကိုအောင်သူ”

“တကယ်လား ဆရာ”

“တကယ်မကဘူး။ နှစ်ကယ်၊ သုံးကယ်၊ လေးငါးကယ်ဗျာ”

ဒါဆိုရင် ညနေကျရင် ခင်ဗျားရုံးဆင်းတော့ ကြက်ဖကိုယူခဲ့။ ခင်ဗျားတစ်ယောက်တည်းပဲလား ဘယ်သူမှ မခေါ်ခဲ့နဲ့”

“ဘာလို့လဲ ဆရာ”

“ဘာလို့လဲတွေ မမေးပါနဲ့ တပ်ရင်းမှူးကြက်ကို နိုင်ဖို့ပဲ ဟုတ်လား”။

ကျွန်တော် ချိန်းဆိုတဲ့အတိုင်း ညနေစောင်းကျတော့ ကိုအောင်သူ သူ့

ကြက်ဖကြီးကိုပိုက်လို့ ရောက်လာတယ်။ သူ့ကြက်ကို တွေ့လိုက်ကတည်းက ကျွန်တော်လည်း သဘောကျတယ်။ ကျွန်တော့်လက် ကမ်းပေးလိုက်တော့ သူက လက်ဆွဲပြီး နှုတ်ဆက်တယ်။ တစ်ဖက်က ကြက်ကို ပိုက်လျက်ကြီးလေ။

"ကိုအောင်သူ ခင်ဗျားကြက် ဒီနှစ် ပထမရကို ရစေမယ်ဗျာ"

"ဒါကြောင့် လက်ဆွဲနှုတ်ဆက်တာလား"

"ဟုတ်တယ်"

"ဝမ်းသာတယ် ဆရာရယ်။ ကျွန်တော် ကြက်မွေးတာ ဝါသနာပါတယ်။ တိန်ညင်၊ တိုက်ကြက်၊ စုံလို့ပဲ ကြက်တွေမွေးခဲ့ဖူးတယ်"

ကျွန်တော် ကိုအောင်သူရဲ့ကြက်ကို ကျွန်တော့်ကိုယ်ပိုင်ကြက်လို သဘောထားပြီး ပြုပြင်ပေးလိုက်တယ်။ ပြုပြင်တယ်ဆိုတာ တခြားဟုတ်ပါဘူး။ သူ့ကြက်ဖကြီးကို သင်းကွပ်ပေးလိုက်တာပါ။ သူ့ကြက်ဖကို ကောင်းကောင်းမွန်မွန် ပြန်ချုပ်ပေးလိုက်ပြီး ချက်ချင်းပြန်မလွှတ်သေးဘူး။ မှောင်စပျိုးတဲ့အထိ အချိန်ဆွဲပြီး လုပ်ငန်းကိုင်ငန်းအကြောင်းတွေ ထွေရာလေးပါးအချိန်ဆွဲပြောနေလိုက်တယ်။ ဒါမှ ဒီကြက် ကျွန်တော် သင်းပြီးပေးလိုက်တာ လူသိပ်မရိပ်မိမှာ။ ပြန်ချိန်တန်တော့ နှင်လွှတ်လို့မကောင်းဘူး ဟုတ်လား"

"ကိုအောင်သူ ကျွန်တော့်ဇနီး အုန်းရဲ့ လက်ရာလေးနဲ့ ညစာ စားသွားပါလား" လုပ်လိုက်တယ်။

ခန္တီးမှာ အစစ ရှားပါတယ်ဟုတ်လား။ ဒီလို ဖိတ်မန္တက ပြုလိုက်ရင် သူကလည်း အလိုက်တသိပဲ။

"ဩော်. . .ဟုတ်ပါရဲ့။ စကားကောင်းနေလိုက်တာ၊ ညစာစားကြချိန် တောင်ရောက်ပြီ"

ဒီလိုနဲ့ မှောင်ရီပျိုးစမှာ ကိုအောင်သူ သူ့ကြက်ဖကြီးပိုက်ပြီး ပြန်သွားတာပါပဲ။ ပြန်ခါနီးမှာ

"ဆရာ ဆေးဝါးကုသခ ဘယ်လောက်ကန်တော့ရမလဲ" တဲ့။

"တစ်ပြား တစ်ချပ်မှ ပေးစရာမလိုဘူး။ တပ်ရင်းမှူးကြက်ဖနဲ့ ယှဉ်မှာမို့ကို မယူလိုက်တာ၊ ဒီလျှို့ဝှက်ချက်သာ ဘယ်သူမှ မပြောနဲ့"

"ကျေးဇူးပါပဲ ဆရာရယ်၊ သွားပြီနော်"

"ကြက်ဖကြီး ဆုရရင်တော့ ကျွန်တော့်ကို လာပြောလှည့်ဦး ဝွတ်လတ်"

* * *

# မတ်တတ်

နာဂအမျိုးသမီး ကိုယ်ဝန်ဆောင်တွေ ကျွန်တော် မကြာခဏတွေ့ဖူးတယ်။ ကိုယ်ဝန်အရင့်အမာကြီးနဲ့ တောင်ယာသွားလိုသွား၊ ထင်းစည်းရွက်လို့ ရွက်၊ ပလိုင်းထဲ ထင်းတွေထည့်ပြီး သယ်လိုသယ်။ မြေပြန့်မှာ ဝန်ထမ်းတွေ မမွေးခင် တစ်လခွဲ မွေးပြီး တစ်လခွဲ ခွင့်ခံစားခွင့်ရှိတယ်။ မွေးခါနီးမှ မဟုတ်ဘူး။ ကိုယ်ဝန်ရှိစကတည်းက သားဖွားနဲ့မီးယပ်ဆရာဝန်ဆီမှာ ကြိုပြီးဗိုက်အပ်ကြရ၊ အပူအစပ်အငန်တွေရှောင်ကြရတယ် ဟုတ်လား။ တောင်ပေါ်မှာ ဘယ်လိုမီးဖွားကြသလဲ။ ကျွန်တော် စိတ်ဝင်စားမိတယ်။ နာဂတွေကလည်း တန်ခွန်နာဂ၊ လိုင်းနောင်နာဂ၊ ဆွမ်မရာ နာဂ၊ မိဓို၊ ဗိဓို. . .အမျိုးမျိုးရှိတာကိုး. . .။ တချို့လူမျိုးကတော့ အမျိုးသမီးမီးဖွားတဲ့အခါ ဘွားအေဖြစ်ဖြစ်၊ အိမ်နားနီးချင်းထဲက အသက်အရွယ်ကြီးကြီး အတွေ့အကြုံရှိတဲ့ မိန်းမဖော်တစ်ဦးစ နှစ်ဦး အနားမှာ ရှိတတ်တယ်။

နာဂအမျိုးသမီးအများစုကတော့ အနားမှာ ကူဖော်လောင်ဖက်မလိုဘူး။ တချို့ရွာမှာတော့ အမျိုးသမီးဝမ်းနာနေစဉ် မဆိုင်သူ ဘယ်သူမှ အနားမှာမရှိရဘူး။ ရှိရမှာ ခင်ပွန်းသည်ပဲ။ ခင်ပွန်းသည်က ဘာလုပ်ရမှာလဲဆိုတော့ ကလေးကို ဖမ်းပေးရမှာ၊ ချက်ကြိုးဖြတ်ပေးဖို့ စောင့်နေရာမှာ။

ကိုယ်ဝန်ဆောင်တွေနဲ့ တွေ့ဖူး ဆုံဖူးပေမဲ့ သူတို့ မီးဖွားတဲ့နေ့နဲ့ ကျွန်တော်ရောက်တဲ့အချိန် ကြုံကြိုက်ဖို့ဆိုတာ တော်တော်မလွယ်တဲ့ကိစ္စ။ သူတို့ခမျာ ကိုယ့်မှာ ကိုယ်ဝန်ရှိလို့ ရှိမှန်းတောင်သိကြ၊ သတိထားမိကြတာ မဟုတ်ဘူး။ ဗိုက်တော်တော်ရူလာမှ ဟ ငါ့မှာ ကိုယ်ဝန်ရှိနေပြီ ဖြစ်ရတာလေ။ ဒီတော့ သူတို့ ဘယ်တော့မွေးမယ်တို့ ရက်ရာဇာမှာ မွေးချင်တယ်၊ သားဦး သမီးဦးမို့ တနင်္ဂနွေ မနက် ၅ နာရီ ၃၀ မိနစ်မှာ မွေးပေးပါတို့ဆိုတာ မရှိသလို သားဦးစနေမီးလို မွေတွေလည်း မရှိဘူး။

ကိုယ်ဝန်ဆောင် အရင့်အမာကြီးတွေလို့ ဒီကလေးမလေး မီးဖွားတဲ့ရက်အထိ ဒီရွာမှာ စောင့်နေလိုက်ဦးမယ်လို့လည်း ကျွန်တော့်မှာ မနေနိုင်ဘူး။ တောင်ပေါ်တက်ရင်း ချောင်းတွေဖြတ်ရင်း ရွှေမှုန်ရွှေစ၊ ကျောက်စိမ်း အစအန ကောက်တွေ့ရင်တွေ့မယ်၊ နာဂအမျိုးသမီး မီးဖွားတာနဲ့ ကျွန်တော်ရောက်ခိုက် ကြုံဖို့ဆိုတာ အဝေးကြီး။

ဒါပေမဲ့ တစ်နေ့မှာတော့ လူ့ပြည်က အပ်တစ်စင်းနဲ့ နတ်ပြည်ကလွှတ် ချလိုက်တဲ့ အပ်တစ်စင်း ထိပ်ဖျားချင်းထိခတ်တာ ကြုံရတယ်။ ရွှေတိုရွှေစလေး လောက် ရတယ်ဆိုပါစို့။

တောင်ပေါ်က ရွာလေးတစ်ရွာမှာ လူတွေက အိမ်တစ်အိမ်ကို ကြည့်နေ အကဲခတ်နေကြတယ်။ ကိုယ့်အလုပ်ကိုယ်လုပ်ရင်း မသိမသာအကဲခတ်နေကြတယ်။ ဒီလိုနေထိုင်ကြပုံက ထူးဆန်းနေတယ်။ ဘာလဲ၊ ဒါဖြစ်ရိုးဖြစ်စဉ်တော့ မဟုတ်ဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ။ စုံစမ်းကြည့်တော့ ဘာမှ ရေရေရာရာမပြောကြ၊ မသိသလို၊ မဟုတ်သလို ဘာမှမဖြစ်သလိုလို လုပ်နေကြတယ်။ အိမ်မှာရှိတဲ့ အဘွားကြီးတွေ မေးပြန်တော့လည်း ဘာမှ မဟုတ်ပါဘူးတဲ့။

ဘာမှ မဟုတ်ပါဘူးလို့ ဖြေနေချိန်မှာပဲ အိမ်ထဲက ညည်းသံသဲ့သဲ့ကြားလိုက်ရတယ်။ အမျိုးသမီးတစ်ယောက်ရဲ့ ညည်းသံ။ ဝေဒနာတစ်ခုခု ပြင်းပြင်းထန်ထန်ခံစားနေရလို ညည်းတဲ့ညည်းသံမျိုး။ သိန်းလှိုင်အကြံထုတ်၊ အကြံထုတ်စမ်း မင်းဘာလုပ်မလဲ။ နာဂအမျိုးသမီးတစ်ယောက်အိမ်ထဲမှာ တစ်ခုခုတော့ခံစားနေရပြီး။ အကြံထုတ်၊ ကြံစမ်း သိန်းလှိုင်။ ကျွန်တော် သူကြီးကိုခေါ်ပြီးပြောရတယ်။ အိမ်ထဲမှာ ဝေဒနာရှင်တစ်ဦးရှိလိမ့်မယ်။ ကျွန်တော် ဝင်ကြည့်ချင်တယ်။ အဘွားကြီးတစ်ယောက်က မဝင်ရဘူးလို့ ပြောနေတယ်။ သူကြီးကူညီဦး။ ကျွန်တော် ဆရာဝန်လေ။ ကျွန်တော် သူခံစားနေရတဲ့ ဝေဒနာသက်သာအောင် ပျောက်ကင်းအောင် ကုသပေးမှာပေါ့။

သူကြီးက အဘွားကြီးကို သွားပြောတော့မှ ကျွန်တော် အိမ်ထဲဝင်လို့ရတယ်။ အထဲရောက်တော့ အမျိုးသမီးတစ်ယောက်။ အသက်နှစ်ဆယ်နဲ့ အစိတ်လောက်များ ဖြစ်လေမလား။ အိမ်က မည်းမှောင်နေတာ။ ကိုယ်လေးလက်ဝန်နေ့စေ့လစေ့ကြီး မတ်တတ်ရပ်နေတာ။ ပေါင်နှစ်လုံးကားလျက်ကြီး။ ထုပ်မှာကြိမ်ကြိုးကြီးတစ်ချောင်းပတ်ပြီး အောက်ကို တွဲလွဲချထားတယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးက အဲဒီတွဲလွဲကျနေတဲ့ ကြိမ်ကြိုးကြီးကိုဆွဲပြီး ညည်းနေရှာတာ။ မီးဖွားဖို့ ကြိုးစားနေတာ။

“ကျွန်တော် ဆရာဝန်ပါ။ ကလေးမလေးကို ကူညီပြီး မီးဖွားပေးရမလား။ အိပ်လျက် မွေးရအောင်လေ။ အဲဒါနာကျင်တာ သက်သာမယ်ထင်တယ်”။

အနားမှာ ဆောင့်ကြောင့်ထိုင်နေတဲ့ ခင်ပွန်းသည်ကိုပြောတော့ တံခါးဝကပဲကြည့်၊ ဒီအထဲဝင်မပါနဲ့။ သူ့ဘာသာမွေးပစေ။ မိခင်လောင်းက ကျွန်တော်ဝင်လာတော့ ညည်းတာကို့ရပ်ပြီး ကျွန်တော့်ကို ရူးရူးရဲရဲကြည့်နေတယ်။ ဒါပေမဲ့ ခဏနေတော့ ပြန်ညည်းပြန်တာပဲ။ ဒီတစ်ခါ ညည်းတာက ခုနကထက် ပိုကျယ်သလိုပဲ၊ သုံးလေးမိနစ်လောက်နေတော့ “ဘွမ်း” ဆို ရေမြွှာပေါက်ပါလေရော။ ကျွန်တော် စောင့်ကြည့်နေတာ ကလေးက ထွက်မလာဘူး။

“သူ့ကို လှဲ အအိပ်ခိုင်းလိုက်၊ ကျွန်တော် ကြည့်ပေးမယ်လေ”

မရဘူး။ အဲဒီတံခါးဝမှာပဲနေရမယ်တဲ့။ သဘောက အခုလိုကြည့်ခွင့်ရတာကိုပဲ တော်လှပြီ၊ ဒါတောင် သူကြီးဩဇာမပယ်ဝံ့လို့ဆိုတဲ့ ပုံစံမျိုး။ ကျွန်တော်အိုင်းရင်အောင်လုပ်ချင်တယ။ ရေမွှာပေါက်ပြီးရင် သားအိပ်ပွင့်သလား၊ မပွင့်ဘူးလားကြည့်မယ်။ သားအိမ်က ညှစ်အားကောင်းရင် မိန်းမကိုယ်ထဲ လက်ထည့်ပြီး မွေးချင်စိတ်ပေါ်လာအောင် စီမံပြုပြင်ပေးချင်တာ။ သားအိမ်က ပိုညှစ်အားကောင်းလာပြီး မိန်းမကိုယ်လည်း နည်းနည်းချဲ့ပေးလိုက်သလိုဖြစ်တာပေါ့။ ဒါပေမဲ့ ဘယ်လိုစည်းရုံးလို့ ချဉ်းကပ်လို့မှ မရဘူး။

မိန်းကလေး ဝေဒနာ ပြင်းပြင်းထန်ထန်ခံစားရတော့ ပိုပြီး အသံကျယ်တာပေါ့။ အောက်မှာ ဆောင့်ကြောင့်လေးထိုင်နေတဲ့ ဖခင်လောင်းခများလည်း ရင်ဘတ်ထဲမှာ တဒိန်းဒိန်းနဲ့ ဖြစ်နေမှာလေလား။ ကျွန်တော်က သူ့ကိုယ်စားစိတ်လှုပ်ရှားနေမိတယ်။ အိမ်ပြင်က ဘွားအေလည်း အိမ်ထဲကို နားစွင့်နေရှာမှာပဲ။ အူဝဲအူဝဲဆိုတဲ့ အသံဟာ ဘွားအေအတွက် ဘဝနှလုံးချမ်းမြေ့စေတဲ့ သီချင်းသံများ ဖြစ်လေမလား။ ခဏနေတော့ ကလေး နီတာရဲလေး ဖောက်ဆိုထွက်ကျလာ တယ်။ ဖအေလုပ်သူက ဆီးဖမ်းလိုက်တယ်။ နောက်ကျောမှာရှိတဲ့ ဓားနဲ့ ချက်ကြိုး ကို ဖြတ်တယ်။ ချက်ကြိုးကို ချည်တယ်။ ချထားတဲ့ဓားကို နောက်ကျောက် ဓားအိမ်ထဲ ပြန်ထည့်တာ တစ်ချက်ပဲ။

ဒီမြင်ကွင်းကို ကြည့်ရင်း ကျွန်တော်သင်ထားတဲ့ ဆေးပညာတွေ ဘယ်သွားထားရမှန်း မသိအောင်ဖြစ်ပြီး ပါးစပ်အဟောင်းသားနဲ့ ဖြစ်နေမိတယ်။ ဖြက်က ယောက်ျားသားလက်ဖဝါးလောက်ရှိပြီး အရင်းကို တဖြည်းဖြည်း ရှူးပြီး သေးသွယ်သွားတဲ့ ဓား။ အလျားက ၁၈ လက်မလောက်များရှိလေမလား။ သစ်ပင်ခုတ်လည်း ဒီဓား၊ ဝါးပိုးတွေခုတ်လည်း ဒီဓား၊ တောဝက်ကိုလိုက်တော့လည်း ဒီဓား၊ လူခေါင်းဖြတ်တော့လည်း ဒီဓား၊ တောင်ယာထွင်တော့လည်း ဒီဓား၊ ရေလည် မဆေး၊ အရက်ပျံဆိုတာ ဝေလာဝေး၊ အခု မွေးဂျင်းစကလေးရဲ့ ချက်ကြိုးကို ဖြတ်လိုက်ပြီ။

မိခင်ကရော၊ ဖခင်လှမ်းပေးလိုက်တဲ့ အူဝဲ အူဝဲနဲ့ အော်ငိုနေတဲ့ကလေးကို ကျောမှာ ဂျပ်နတ်စောင်နဲ့ ပတ်ပြီးသိုင်းတယ်။ ရင်ဘတ်မှာ စောင်စအထုံးကို မြဲမြဲချည်တယ်။ ပြီးတော့ မီးနေခန်းက ထွက်တယ်။ တောင်ယာထဲကို သွားလိုက်ပြီ။ ဟဲ့ ခဏလောက်တော့ နားပါဦး။ သွေးနုနု သားနုနုနဲ့ ဒုက္ခတော့ ဖြစ်ကုန်တော့မှာပဲ။ နင်တို့ တောင်ယာက မီးတွင်းရယ်လို့ မရှိလောက်အောင် အရေးကြီးနေရသလား။ မဟာရန်ကုန်မြို့ဆေးတက္ကသိုလ်က ဆင်းလာတဲ့ဒေါက်တာ သိန်းလှိုင်က ဒီလိုတွေးနေတုန်းမှာပဲ မိန်းမရဲ့ ကိုယ်တွင်းက အချင်း၊ ချက်ကြိုးစကို

မချည်ဘဲ တန်းလန်းကျနေတာမို့ သွေးစသွေးနက ချက်ကြိုးကနေ တပေါက်ပေါက် ကျရင်း ဒေါက်တာ သိန်းလှိုင်နားက ဖြတ်ထွက်သွားတယ်။

ချက်ကြိုးကို မချည်တော့ဘူးလား။ မချည်ဘူး။ သူတို့အဲဒီချက်ကြိုးကို ချည်ရကောင်းတယ် မသိကြဘူး။ လူတိုင်း ဒီလိုမွေးလိုက်ကြတာပဲတဲ့။ ရေပိုက်ခေါင်းကို လုံအောင်မပိတ်ရင် ရေတွေ တစ်စက်ကျနေတာ မြင်ဖူး၊ ကြုံဖူးကြမှာပါ။ အချင်းမှ မကွာသေးတာ။

ကျွန်တော်အိမ်အဝမှာ ထိုင်ရင်း မိန်းကလေးသွားတဲ့ တောင်ယာတွေဆီ ငေးရင်း စဉ်းစားနေမိတယ်။

မြို့မှာ ကလေးမီးဖွားမယ်ဆိုရင် သားဖွားဆရာမနဲ့ မွေးချင်မွေးမယ်။ ဆရာဝန်ဆီမှာ ဗိုက်အပ်ပြီးမွေးသူလည်း ရှိသလို ဘွဲ့တွေအများကြီးရထားတဲ့ သားဖွားနဲ့ မီးယပ်ပါရဂူဆီမှာ မွေးသူတွေလည်း ရှိကြလိမ့်မယ်။ ဒီမှာတော့ သားဖွားဆရာမရှိမှ မွေးမယ်ဆိုရင် နာဂလူမျိုးရယ်လို့ ဘယ်ရှိပါတော့မလဲ။ သူ့ဘာသာ၊ သူတို့နည်း၊ သူတို့ဓလေ့နဲ့ မွေးတာကြောင့် ကွယ်လွန်သူလည်း ရှိချင်ရှိမှာပေါ့။ သြော် . .ဆရာဝန်နဲ့လူ၊ လူတွေက အရင်ဖြစ်တာလေ။ ဆရာဝန်ဆိုတာ လူထဲကနေပေါက်ဖွားရတာ ဟုတ်လား။

ဘုရားသခင်တို့ နတ်တို့က မဖွံ့ဖြိုးသေးတဲ့လူတွေကို ပိုပြီးများ စောင့်ရှောက်လေသလား တွေးချင်စရာပဲ။ နာဂတွေနဲ့ ကျွန်တော်တို့နဲ့ ခံနိုင်ရည်ချင်းတော့ ကွာတာအမှန်ပဲ။

နာဂအမျိုးသမီးတွေရဲ့ ဘဝတွေကို ကြုံဖူးဖန်များတော့ နာဂတောင်တန်းမှာ တာဝန်ထမ်းဆောင်ဖို့ သားဖွားဆရာမတွေက ကျန်းမာရေးဝန်ကြီးဌာနကို တောင်းခံခဲ့ဖူးတယ်။ မရဘူး။ မရရင် ကျွန်တော့်ဘာသာလေ့ကျင့်ပျိုးထောင်မယ်ဆိုတဲ့ စိတ်ကူးနဲ့ ပျိုးထောင်ကြည့်တယ်။ မုံရွာမှာ အရန်သားဖွားသင်တန်းကျောင်းလို ကျောင်းမျိုးပေါ်ထွက်လာဖို့ ကျွန်တော်ကြံဆောင်ခဲ့တယ်။ ရုံးချုပ်ကို ခဏခဏတောင်းတော့ သားဖွားဆရာမ ရှစ်ယောက်ခွဲတမ်းကျတယ်။ ကိုယ့်ရည်မှန်းချက်ပေါက်မြောက်လို့ ပျော်တာပေါ့။ ဒီဆရာမတွေကို တောင်ပေါ်မှာ အမှုထမ်းချင်အောင် ကျွန်တော် စည်းရုံးပြောဆိုတယ်။ ဆောင်ရန် ရှောင်ရန်တွေပြောရတယ်။ သူတို့ဓလေ့၊ ထုံးစံတွေကို သိအောင်ကြိုပြောထားရတယ်။ သူတို့ ယဉ်ကျေးမှုတွေ၊ ရိုးရာတွေကိုလည်း လေးစားဖို့ သင်ရတယ်။

ကျွန်တော် စည်းရုံးတာနည်းစနစ်မှားသွားတယ်။ ကျွန်တော် မောသမျှ အမောမပြေဖြစ်သွားပြီ။ တောင်ပေါ်ကို ဆရာမတွေ ရောက်အောင်သွားကြတယ်။ သူတို့အလုပ်သူတို့လုပ်ကြတယ်။ ဒါပေမဲ့ တစ်ယောက်မှ မအောင်မြင်ဘူး။

ကလေးကို မီးဖွားပေးဖို့ မဆိုထားနဲ့၊ ကိုယ်ဝန်ကို စမ်းကြည့်ခွင့်တောင် မရကြဘူး။

သူတို့ဘဝမှာ မီးဖွားတယ်ဆိုတာ ဘာမှ ထူးဆန်းတဲ့ကိစ္စမဟုတ်ဘူး။ ဒါလူ့သဘာဝတစ်ခုပဲ။ ပြဿနာလည်း မဟုတ်ဘူး။ ဒုက္ခလည်း မဟုတ်ဘူး။ ဆင်းရဲခြင်းလည်း မဟုတ်ဘူး။ လူရယ်လို့ဖြစ်လာရင် လူတစ်ယောက်လုပ်ရတဲ့ အလုပ်လို့ သူတို့သဘောထားကြတယ်ထင်ပါရဲ့။

* * *

## နေ့ခင်း ကာဖျူး

နာဂလူမျိုးတွေနဲ့ အနေကြာတဲ့အခါ သူတို့ရဲ့ဘဝကို တန်ဖိုးထားတတ်လာတယ်။ သူတို့ဓလေ့တွေကို စိတ်ဝင်စားကြမှာ အမှန်ပဲ။ သူတို့ယဉ်ကျေးမှုကို ချစ်ခင်စိတ်ဝင်လိမ့်မယ်။ လူသားချင်းစာနာစိတ်ရေချိန်ကတော့ တစ်ယောက်နဲ့ တစ်ယောက်တူမှာ မဟုတ်ဘူး။ စာနာစိတ်အလွန်နည်းပါတယ်ဆိုတဲ့လူလည်း သူတို့နဲ့ တစ်သားတည်းနေဖို့ ကြိုးစားရင် စာနာစိတ်ရေချိန်မြင့်တက်လာလိမ့်မယ်။

နာဂတိုင်းရင်းသားတွေကို ခေတ်မမီဘူး၊ ခေတ်နောက်ကျသူတွေ၊ စာပေမတတ်၊ အသိဉာဏ်နည်းသူတွေလို့ ထင်ရင် အမှားကြီးမှားလိမ့်မယ်။ ကျွန်တော် အလွတ်သဘော ပြောဆိုရေးသားနေတာ မဟုတ်မှန်း ဆက်ဖတ်တဲ့အခါ သဘောပေါက်နားလည်ပါလိမ့်မယ်။

ကျွန်တော့်ကို ရန်ကုန်ကနေ ဆေးတွေများများစားစား မထောက်ပံ့မီ တောင်ပေါ်တက်ရင် လားတွေ၊ ဘာတွေ မရခင်က ကျောပိုးအိတ်တစ်လုံးစီနဲ့ ဆရာတပည့် ခရီးဆန့်ကြရတာလေ။ တောင်ပေါ်ရွာလေးတစ်ရွာကို ရောက်သွားတယ်။ အဲဒီရွာသူရွာသားတွေ ကျွန်တော့်ကို မမြင်ဖူးကြဘူး။ ကြားဖူးနားဝရှိသူတချို့ရှိတယ်။ အဲဒီအထဲမှာ ရွာသူကြီးလည်းပါတယ်။ ကျွန်တော်ရောက်တဲ့အချိန်မှာ ခွဲရစိတ်ရမဲ့လူနာ ဒီရွာမှာ တစ်ယောက်မှ မရှိဘူး။ လူနာတော့ ရှိတယ်။ သူက အမျိုးသမီး။ ဝမ်းတွေ သွားနေတာ။ သွားတာမှ ဘရိတ်ပေါက်သွားနေတာ။ ဆန်ဆေးရည်လိုဟာတွေတဲ့။ ကျွန်တော် ဒီစကားလည်းကြားရော ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတယ်။

ပြဿနာတော့ စပြီ။ ကျွန်တော့်မှာ ဝမ်းပိတ်ဆေး သာလာဆာ့ဖ်လိုဟာ

လည်း မပါဘူး။ ဒရစ်ပ်ချိတ်စရာ ပုလင်းဝေးလို့ ခတ်ဆားထုပ်တောင်မပါဘူး။ ဆေးမြီးတို ငှက်ပျောသီး မီးဖုတ်ကျွေးရအောင်လည်း ရွာက တောင်ထွက်မှာ၊ ငှက်ပျောသီးကလည်း မရှိ။ ကာလဝမ်း မဟုတ်ပါစေနဲ့ ဆုတောင်းရုံကလွဲ ကျွန်တော်ဘာမှ လုပ်မပေးနိုင်ဘူး။ အမ်ဘီဘီအက်စ်ရခဲ့တဲ့ ဆရာဝန်တစ်ယောက်၊ လူနာတွေကို ရှာဖွေကုသချင်လို့ ဒီလိုခရီးဝေးကြီးကိုလာခဲ့တာ၊ ကိုယ့်ရှေ့မှာ လူနာရှိနေပါလျက်နဲ့ ကျွန်တော် ဘာမှလုပ်မပေးနိုင်ဘူး။ ပါတဲ့ တက်ထရာ ဆိုက်ကလင်းက လူနာကို ဘယ့်နှယ်မှ မနေဘူး။ သူတို့ နတ်ဆရာက အသား ခြောက်တွေ မီးဖုတ်ပြီး အဝစားခိုင်းတယ်။ ပြီးတော့ ခေါင်ရည်တွေသောက်ရမယ် တဲ့။ အပေါ်ကသောက်၊ အောက်ကထွက်ပဲ။ တဖြည်းဖြည်းနဲ့ လုံးပါးပါးတာ တက်ထရာဆိုက်ကလင်း ဆယ်လုံးလောက်ကျန်သေးတယ်။ ကုန်အောင် သောက်မသွားရရှာဘူး။ သူတို့ ထုံးစံအတိုင်း သင်္ဂြိုဟ်တာ။ ယင်တလောင်း လောင်း၊ အရည်တရွှဲရွှဲနဲ့။ နေ့လယ်ပိုင်းကျ ရွာလယ်က အမျိုးသားတစ်ယောက် ဝမ်းတွေလျှောပြန်ရော။ ကျွန်တော့်မှာ တက်ထရာ ဆိုက်ကလင်းပဲပါတယ်။ ဟိုအမျိုးသမီးဆီက ကျန်တဲ့ ဆယ်လုံးပေးရတယ်။ ကုန်ရင်ဆက်ဖြည့်ပေးမယ်။ နတ်ဆရာရဲ့ ကုထုံးကလည်း မပြောင်းဘူး။ အသားခြောက်တွေ မီးဖုတ်ပြီး စားနိုင်သလောက်စား၊ ခေါင်ရည်လည်း ဝင်နိုင်သလောက် ဖိသောက်ပဲ။ ဒီမောင် လည်း ပြုတ်တာပဲ။ ဟော နောက်တစ်ယောက်ဖြစ်ပြန်ပြီတဲ့။ အမ်ဘီဘီအက်စ် သိန်းလှိုင် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး။ အနာသိပြီး ဆေးမရှိဘူး။ မိနစ်နဲ့အမျှ သိက္ခာကျသလို ခံစားရတယ်။ ဘာလုပ်ရင်ကောင်းမလဲ သိန်းလှိုင်၊ စဉ်းစား စဉ်းစား။ ဝမ်းရောဂါ၊ နောက်ထပ်မကူးစက်အောင်၊ ဒီပြင်ရွာတွေ မပြန့် အောင် သိန်းလှိုင်ကြံစမ်း၊ စဉ်းစားပါဦး။ မင်း ဒေါက်တာဆို။ အကြံရပြီ။ ကျွန်တော့်အကြံက ရွာကို ဒီအတိုင်းထားရစ်ခဲ့ပြီး တစ်ရွာလုံး ကိုယ့်နီးစပ်ရာ ပတ်သက်ရာ၊ ဆွေရှိရာ မျိုးရှိရာ၊ သူငယ်ချင်းရှိရာ၊ မိတ်ဆွေရှိရာပြေးကြရင် အသေအပျောက်နည်းမယ်။ ဒီအကြံ သူကြီးကို သွားပြောမယ်။ ဒါမှ အချိန်မီ မယ်။ မြန်မြန်သွားမှ၊ အခုသွားမှ။ ကျွန်တော်လည်း မကုနိုင်တဲ့အတူတူ ခရီး တစ်ခုကို ထွက်လိုက်ရင် အသက်ရှူပေါက်ချောင်မယ်။ မျက်နှာပူ သက်သာ၊ စိတ်သက်သာရာရမယ်။ လူတွေသေနေတာ တဖြုတ်ဖြုတ်နဲ့ ဒီအတိုင်းလက်ပိုက် ကြည့်နေရတာ တာဝန်သိတဲ့ ဆရာဝန်အဖို့ စိတ်ပင်ပန်းပြီး အနေခက်လှတယ်။

သူကြီးသွားတွေ့ပြီး ကျွန်တော့်စိတ်ကူးပြောမယ်လုပ်တော့ သူကြီးက အလုပ်တွေများနေတယ်။ ရွာသားတွေကို ညွှန်ကြားနေတယ်။ ကွယ်လွန်သူတစ် ယောက်ရဲ့ အိမ်တစ်လုံးကို မီးရှို့နေကြတယ်။ နံဘေးအိမ်တွေကို မကူးစက်

အောင် စောင့်ကြည့်ရင်း ရွာသားတချို့ကိုတော့ ညွှန်ကြားစရာတွေ အရေးကြီး ညွှန်ကြားနေတယ်။ သူ့အလုပ်ပြီးအောင်အထိ ကျွန်တော်တို့နှစ်ယောက် စောင့်ကြရင်း စကားပြောခွင့်သာတော့ ဒီလို ဆက်နေလို့တော့ မဖြစ်တော့တဲ့အကြောင်း ကိုသာလူကနေ တစ်ဆင့်ပြောရတယ်။ ပြီးတော့ ကျွန်တော်တို့ ခရီးဆက်ကြမဲ့ အကြောင်းပြောတော့. . .

"ဆရာ မပြန်ပါနဲ့၊ အခု ဒီရွာကနေ ဘယ်သူမှ ရွာပြင်မထွက်ရတော့သလို ရွာထဲကိုလည်း အပြင်ကလူတွေ ဝင်ထွက်သွားလာခွင့်မပြုတော့ဘူး" တဲ့။

နေ့ခင်းကြောင်တောင် ကာဖျူး ထုတ်လိုက်တဲ့ သဘောပဲ။

သူ့ရွာတံခါးနှစ်ဖက်စလုံးကို ပိတ်လိုက်ပြီ။ ဝါးတွေ တန်းစီစိုက်ထားတာ လုံနှစ်ချောင်းကို ကြက်ခြေခတ်ပြီး စိုက်ထားလိုက်သေးတယ်။ လုံမှာ တပ်ထားတဲ့ ပန်းဖွားနီနီတွေက လာမဲ့သူတွေကို မလာကြနဲ့၊ ထွက်မဲ့သူတွေ မထွက်ကြနဲ့၊ အန္တရာယ်ရှိတယ်လို့ နှင်နေသလိုပဲ။ ပြီးတော့ သစ်ကိုင်းတွေ ခုတ်ပြီး လမ်းမှာ ပိတ်ဆို့ထားတယ်။ စိမ်းစိုရွှင်လန်းရမဲ့ သစ်ခက်တွေက ညှိုးရော်နေကြပုံကလည်း ချောက်ခြားစရာလေ။

ဒါ သူ့အမှတ်အသား၊ ဒါ သူတို့ရဲ့ သင်္ကေတတွေပဲ။ ဒါ တင်း ကျပ်တဲ့ စည်းကမ်းပဲ။ အားလုံးလိုက်နာရမဲ့ အမိန့်ဥပဒေကဲ့သို့ စည်းကမ်းလေ။ ဒီလို စည်းကမ်းလုပ်ထားပါရက်နဲ့ ယောင်လို့မှ ရွာပြင်ခြေတစ်လှမ်းမကျူးလေနဲ့၊ ယောင်လို့မှ ရွာထဲ ခြေတစ်ဖက်၊ မချမိစေနဲ့၊ ဓားနဲ့ပိုင်းရင် ပိုင်းမယ်၊ တူးမီးစာမိရင်လည်း မိမယ်၊ လုံချက်တွေ ရောက်ချင်လည်း ရောက်လာလိမ့်မယ်။

ရွာထဲမှာ ဟိုအိမ်ဒီအိမ်မကူးရဘူး။ ကိုယ့်အိမ်မှာကိုယ်နေ အိမ်အကျယ်ချုပ်တဲ့။ ဒါသူတို့ရဲ့ **Isolation Method** ကျွန်တော်တို့ ကျောင်းသင်ရိုးထဲမှာ သင်ရတာမျိုးနဲ့ ခပ်ဆင်ဆင်တူနေပါပေါ့လား။ ဒီလို ပညာတွေတတ်တဲ့ သူတို့ကို ကျွန်တော် မလေးစားဘဲ မနေနိုင်ဘူး။ အဲဒီရက်တွေမှာတော့ သူကြီးဟာ စစ်ဒေသတစ်ခုမှာ မာရှယ်လောထုတ်ထားတဲ့ စစ်ဗိုလ်ချုပ်ကြီး တစ်ယောက်နဲ့တူတယ်။

ကျွန်တော်လည်း စားသတိ၊ သောက်သတိ တထိတ်ထိတ်၊ ရင်တမမနဲ့ ခေါင်ရည်သောက်ထားတော့ ဗိုက်ထဲမှာ လေမုန်တိုင်းဆင်တာကိုပဲ လေနဲ့ဝမ်းကွဲပါစေဆုတောင်းနေရတာ။ ကျွန်တော်တို့ကိုတော့ လူပျိုတွေ စုဝေးအိပ်စက်ကြတဲ့ "ပန်" မှာ နေရာချထားပေးတယ်။ လူပျိုရိပ်သာ ဆိုပါတော့။

* * *

# အဖိုးတန် ပရိုတိန်း

နာဂတောင်တန်းဟာ သစ်ပင်ဝါးပင်တွေ အုပ်ဆိုင်းပြီး စိမ်းစိုတဲ့အရပ်၊ လေကောင်းလေသန့်တွေနဲ့ ထုံလွှမ်းနေတယ်။ မြေမှာကပ်ပေါက်တဲ့ တောပန်း တောင်ပန်း ရောင်စုံတွေရှိတယ်။ ပြီးရင် သစ်ပင်ထက်မှာ သစ်ခွတွေရှိတယ်။ တောပန်း၊ တောင်ပန်းမှာ ဝတ်ရည်လာစုပ်ကြတဲ့ ပိတုန်းလေးတွေ၊ လိပ်ပြာရောင်စုံတွေရှိတယ်။ ဘယ်နေရာ ဘယ်အပင် ဘယ်အပွင့်က မွှေးနေမှန်း၊ မှန်းဆမရတဲ့ ပန်းရနံ့တွေလည်း ရတတ်တယ်။ နေချင့်စဖွယ်။ လည်ချင့်စဖွယ်အရပ်ပါ။

ကျွန်တော် သွားနိုင်သလောက် ခြေဆန့်ခဲ့တယ်။ ကျွန်တော်မရောက်ခဲ့တဲ့ အရပ်တွေလည်း ရှိတာပေါ့။ သူတို့ဘဝ၊ သူတို့ရဲ့ ချစ်စရာယဉ်ကျေးမှု၊ မြတ်နိုး စရာဓလေ့၊ တန်ဖိုးထားရမဲ့ ထုံးစံတွေကို ကျွန်တော် သင်ယူမှတ်သားတယ်။ သူတို့ကိုချစ်ခင်ရင်၊ သူတို့ဘဝမြင့်တင်ချင်ရင် သူတို့အကြောင်း သိထားလေ ကောင်းလေဟုတ်လား။

တစ်ရွာနဲ့တစ်ရွာ အဝေးကြီးသွားရတာမျိုးလည်းရှိတယ်။ စာရေးဆရာ မောင်မဲကတော့ ကရင်ပြည်နယ်က သိပ်မြင့်တဲ့ တောင်ကြီးတစ်တောင်ကို ကျော်ရတဲ့အခါ ပင်ပန်းမောဟိုက်လွန်းလို့ တတ်နိုင်ရင် သူရဲ့ကပ္ပာယ်အိတ် ထောင်ခေတ္တဖြုတ်ထားလို့ရရင် ဖြုတ်ထားချင်တယ်လို့ စာဖွဲ့ဖူးတယ်။ ကျွန်တော် လည်း ရွာတွေဝေးတဲ့အခါ တောင်တွေ မတ်စောက်တဲ့အခါ ဒီလိုအတွေးဆန်းဆန်း အတွေးမျိုး စိတ်ကူးပေါ်မိတယ်။ နာဂတွေလို ကိုယ်လုံးတီး လမ်းသွားရတာ လူသက်သာမယ်ထင်ပါရဲ့ဆိုတဲ့ အတွေးမျိုးပါ။ အင်္ကျီတွေ၊ ဘောင်းဘီတွေ ဟာ ချွေးတွေနဲ့ရွှဲရွှဲဆိုရင် ဝန်ထုပ်ဝန်ပိုးတစ်ခုလိုပဲ ဟုတ်လား။

လမ်းကလည်း ကျဉ်းတဲ့နေရာ လူတစ်ကိုယ်စာ၊ ဝါးလုံးတန်းပေါ်လမ်း လျှောက်ရတာနဲ့ ဆင်ဆင်တူတယ်။ တောင်ပြိုကျလို့ လမ်းမြေပါသွားတာ လတ်လတ်ဆတ်ဆတ်ကြီးရှိသေးတယ်ဆိုတာမျိုး။ တကယ်ကို သက်စွန့်ဆံဖျား သွားရတာလည်း ကြုံရတယ်။ တောင်ကြားမှာ လေတွေက တိုက်နေလိုက်တာ တဟူးဟူးနဲ့ အသံတွေကို မြည်လို့၊ လူများ လွင့်ပါသွားလေးမလား အောက်မေ့ ရတဲ့တောင်ကြား၊ မြောင်မြောင်တွေ။ ဒါ့အပြင် နာဂတွေ ထောင်ထားတဲ့ ထောင် ချောက်တွေကိုလည်း ဂရုစိုက်ရသေးတယ်။ ကျားတို့၊ တောဝက်တို့၊ ချေ၊ ဒရယ် ထောင်တာပါပဲ။ ဒါပေမဲ့ အဲဒီအထဲ လူဝင်မိရင်တော့ ဘယ်သက်သာလိမ့်မလဲ။ အခန့်မသင့်ရင် အသက်သေသွားနိုင်တယ်။

နာဂ အမျိုးသားတွေဟာ အမဲလိုက်တော်ကြတဲ့ မုဆိုးကောင်းတွေပဲ သူတို့

ရဲ့ ဘဝက ပြဋ္ဌာန်းလို့ မုဆိုးဖြစ်ရတာလေ။ သား၊ ငါးရှာတဲ့အရပ်၊ အသားကို အမဲလိုက်တဲ့နည်းနဲ့ ဖြေရှင်းတယ်။ ကျားထောင်တာ တွေ့ဖူးတယ်။ ကျားကို အသားစားချင်လို့ ထောင်တာမဟုတ်ဘူး။ လူရဲ့ဇာတိမာန်၊ အမျိုးဂုဏ်မြှင့်ချင်လို့ထောင်တဲ့သဘော။ ထောင်ချောက်နဲ့ ထောင်တာလေ။ ထောင်ချောက်ဆင်ပုံ အမျိုးမျိုး တစ်ရွာနဲ့တစ်ရွာ၊ တစ်လူမျိုးနဲ့ တစ်လူမျိုး၊ တူကြမယ် မထင်ဘူး။ တွေ့ခဲ့ဖူးတာတော့ ဝါးရုံပင်ကြီးထဲက တောင့်တဲ့ဝါးတစ်ပင်ကို အသုံးချထားတာ။ ဝါးပိုးကြီးထင်ပါရဲ့။ ဝါးပိုး ဝါးပင်ကြီးကို သူငယ်ချင်းတစ်သိုက်ဝိုင်းပြီး ဆွဲချ၊ ကွေးထားကြရတာ။ ဂငယ်ပုံဖြစ်အောင် အဲဒီမှာမှ ကြိုးခွေထားတာကို ချီတယ်။ ကျားခြေရာ အတွေ့များတဲ့ နေရာမှာ မြေကြီးကိုတူးပြီး မြှော့ကွင်းက သစ်ငုတ်နဲ့ ထိန်းထားတာ။ ကျားကသစ်ငုတ်ခလုတ်ကို ထိထိုးမိရင် မိပြီ မလွတ်တော့ဘူး။

ကျွန်တော် တွေ့ခဲ့ရတာတော့ သူတို့ချောက်ကမ်းပါးဘက်ကျတဲ့ ဝါးပိုး ဝါးရုံက ဝါးပင်ကို ယူမိပြီး၊ ကျားကိုတော့ မိပါရဲ့။ ကျားက သူတို့မျှော်မှန်းတဲ့ ဘက်မှာ တွဲလွဲမကျဘဲ ချောက်ကမ်းပါးဘက်ရောက်နေတယ်။ ဝါးပင်ရင်းဝင်ပြီး ခုတ်လှဲပြန်ရင်လည်း ကျားက လွတ်သွားနိုင်တယ်။ လက်တစ်ဖက်မိနေတာဆိုတော့ ကျားက လူသံကြား၊ လူနံ့ရရင်ကို ဒေါသတကြီးနဲ့ ဝုန်းဒိုင်းကြဲနေတာ။

သူတို့ ဒီအကောင်ကို အငတ်ထားမယ်။ သေလုမြောပါးဖြစ်မှ စွန့်စားပြီး ဝါးပင်ရင်းကို ခုတ်လှဲကြမယ်။ ကျားရရင် သူတို့အစွယ်ကို လည်ပင်းမှာ အမြတ်တနိုးဆင်မယ်။ ခြေသည်း လက်သည်းတွေယူမယ်။ ကလီစာတွေထုတ်ပစ်တယ်။ အရေခွံကိုတော့ တန်ဖိုးထားတယ်။ ဒါကြောင့် တူမီးနဲ့၊ ပစ်မချဘူး၊ လှံနဲ့ လှမ်းမပစ်ကြဘူး။ ကျားရေကို အခြောက်လှန်း၊ ဝါးခြမ်းတွေရက်ပြီး မူလကျားအရှင်နဲ့ တူအောင်ပုံသွင်းတယ်။ ကျားကို ကိုးကွယ်တဲ့လူမျိုးတွေ ရှိတယ်။ သူတို့အတွက် အလွန်အဖိုးတန်တယ်။ အဲဒီ လူမျိုးတွေဆီမှာ ကျားအရေခွံသွားဝယ်ရင် မရောင်းဘူး။

တောဝက်လည်း သူတို့ရအောင် ဖမ်းတယ်။ တောဝက်သားဟာ စားလို့ကောင်းတာအမှန်။ ခေးတွေ၊ လှံတွေနဲ့ ဖမ်းကြတာ။ တူမီးက များများစားစားရှိတာ မဟုတ်ဘူး။ အခန့်မသင့်ရင် တောဝက်ပက်တာခံရတတ်တယ်။ ဝက်စွယ်ကိုတော့ သူတို့ ဦးထုပ်မှာ အလှဆင်တယ်။

မျောက်ကို ဖမ်းတဲ့ လူတစ်ယောက်တော့ မျောက်က တိုက်ခိုက်လို့ နားရွက်တွေနဲ့ ဘယ်ဘက်မျက်နှာတစ်ခြမ်း စုတ်ပြတ်လာတာလည်း ကုသချုပ်ပေးဖူးတယ်။ တော်တော်ကို ရုပ်ပျက်ဆင်းပျက်ဖြစ်သွားတာ။

* * *

# ရှားပါးလက်ဆောင်

ကျွန်တော့်ရဲ့ဘဝမှာ အတွေ့အကြုံတွေဖြတ်သန်းခဲ့ရတာတွေဟာ လူ့လောက မဖွတာအတိုင်းပါပဲ။ ဆူကြုံနိမ့်မြင့်တွေကြုံရသလို၊ ဝမ်းသာစရာ၊ ဝမ်းနည်းစရာတွေနဲ့လည်း တွေ့ရတယ်။ ချိုမြိန်တဲ့ သစ်သီးတွေ ဆုံဖူးသလို၊ အမှည့်လွန်ပြီး နမြောတသစရာ သစ်သီးတွေလည်း မြည်းခဲ့ စမ်းခဲ့ရတယ်။

ကျွန်တော် ဆေးရုံမှာ စိတ်ကူးတစ်ခုရလို့ ဗိုလ်မှူးကြီးလှဟန်ဆီ ပုဂ္ဂိုလ်ရေး စာတစ်စောင်ရေးနေတယ်။ နာဂတောင်တန်းပေါ်မှာ နေထိုင်ကြတဲ့ နာဂတိုင်းရင်းသားတွေရဲ့ နောင်ရေးအတွက် စာသင်ကျောင်းတွေ ဖွင့်စေချင်တဲ့အကြောင်း စာရေးနေတာ။ အဲဒီအချိန်မှာ ဆေးရုံကို ခလရ ၅၂ က အရာခံကိုသက်ထွန်းရောက်လာတယ်။ သူက မျက်နှာအလွန်ချိုတဲ့သူ။ အခုလည်း ကျွန်တော့်ရုံခန်းထဲ ဝင်လာတာ မျက်နှာက ရွှင်လို့ပြုံးလို့။ လက်ထဲမှာလည်း စာတစ်စောင်နဲ့ ဂျပ်ဖာတစ်ခုပါလာတယ်။

"ဘာတွေလဲ ဆရာ ကိုသက်ထွန်း"

"လေယာဉ်ကွင်းမှာ ဒီနေ့ လေယာဉ်ဆင်းတယ်ဆရာ"

ကျွန်တော်တို့ ဆေးရုံနဲ့ မလှမ်းမကမ်းက လေယာဉ်ဖြတ်ပျံတာ ကြားလိုက်လို့ ဩော် ဒီနေ့ လေယာဉ်လာတယ်လို့ စိတ်ထဲက အောက်မေ့မိလိုက်သေးတယ်။

"အဲဒီတော့ . ."

"လေယာဉ်ပိုင်းလော့က ဒေါက်တာ သိန်းလှိုင်ကို ပေးပေးပါဆိုပြီး မန်နေဂျာကိုပေးခဲ့တာ၊ မန်နေဂျာက ကျွန်တော်နဲ့ အကြုံပါးလိုက်ကာ ဆရာ"

'ဟုတ်လား၊ ဘယ်သူ့ဆီကလဲ"

"မသိဘူးဆရာရေ၊ ကိုယ့်ဘာသာ ဖွင့်ဖောက်ဖတ်ပေတော့ စာအိတ်က ပိတ်ထားတာ"

ဆရာ ကိုသက်ထွန်းက စာတစ်စောင်နဲ့ ဂျပ်သေတ္တာလေးတစ်ခု ကျွန်တော့်လက်ထဲပေးပြီး နှုတ်ဆက်ပြန်ထွက်သွားတယ်။ ကျွန်တော် ဗိုလ်မှူးကြီး လှဟန်ဆီ ရေးနေတဲ့ စာကြမ်းကို အရင်ဖတ်ပြီး ခဏနားရင်း ဂျပ်သေတ္တာလေးကို အရင်ဖွင့်ကြည့်လိုက်တော့ Nestle နက်ဆဲလ် ချောကလက်တွေနဲ့ ဒူးရင်းယိုတွေဖြစ်နေတယ်။ ဒူးရင်းယိုက အနံ့ လုံအောင်ထုတ်ထားပေမဲ့ ဒူးရင်းယို မှန်းသိသာတယ်။ သွားရည်ယိုလောက်အောင်တော့ အထုပ်ကို နှာခေါင်းနားတော့ ရင် မွှေးသေးတယ်။ ချောကလက်ကတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်

မှာ အိပ်မက်ထဲတောင် ထည့်မမက်ရတဲ့ Nestle အမျိုး။ ကျွန်တော့်ကလေးတွေ စားဖူးဖို့နေနေသာသာ မြင်တောင်မှ မြင်ဖူးမှာမဟုတ်တဲ့ အမျိုး။ ဒီလိုရှားပါးချိန်မှာ ဒီလိုအဖိုးတန်တွေ ဘယ်သူကများ ပို့လိုက်ပါလိမ့်။ ဒူးရင်းယို ရနံ့လေးက မြိတ်မြို့ကို သတိရလွမ်းဆွတ်စေတယ်။ မြိတ်ကမိတ်ဆွေတစ်ယောက်ယောက်ဆီက များလား။ ချောကလက်တွေကတော့ မြိတ်က ရဲဘော်တွေဆီက မဖြစ်နိုင်လောက်ဘူး။ ကျွန်တော် ခိုမ်ဆွဲပြီး ဘယ်သူ့ဆီက ဖြစ်နိုင်မလဲတွေးမနေအားဘူး။ ရန်ကုန်ကို ပို့စရာစာက စာကြမ်းအဆင့်မှာပဲ ရှိသေးတယ်ဟုတ်လား။

ပေးစာအိတ်ကို ဖွင့်ဖတ်လိုက်တော့ အံ့သြတာနဲ့ ဝမ်းသာတာ တစ်ပြိုင်နက် ခံစားလိုက်ရတယ်။ စာမတိုမရှည်တစ်စောင်ပဲ။ စာကိုဖတ်ပြီး စဉ်းစားခန်းအကြာကြီးမဝင်လိုက်ရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုစာရေးလိုက်တဲ့သူရဲ့ မိခင်ကြီးကို ကျွန်တော် မှတ်မိနေလို့ပဲ။ ကျွန်တော် မေ့မရတဲ့ လူနာတွေထဲက လူနာတစ်ဦးလေ။

ကျွန်တော် ရန်ကုန်ဆေးရုံမှာ အမှုထမ်းတဲ့ ၁၉၆၀ ဆီက သမားတော်ကြီး ဒေါက်တာ မိုဟန်းရဲ့ရုံမှာ တာဝန်ကျနေတုန်းမှာ ဒီလူမမာအမျိုးသမီးကြီးနဲ့ ကြုံရဆုံရတာပဲ။ ကျွန်တော်က အလုပ်သင်ဆရာဝန်လေးပါ။ ဒေါက်တာ ဆတ်ထွားတို့၊ ဒေါက်တာ အမ်မာနှင်းစင်တို့က ဆရာဝန်တွေဖြစ်နေကြပြီ။ မော်လမြိုင်က မော်တလိန်းဂျပ်ဆင်ကျောင်းက ကျောင်းအုပ်ဆရာမကြီးရဲ့ အဒေါ်။ ဒါပေမဲ့ ဆရာမကြီးက ဒီအဒေါ်ကို မိခင်လို အောက်မေ့ပြီး မိခင်လို ဆက်ဆံတာ။ ဒါကြောင့်မို့လို့လည်း မော်လမြိုင် ဆေးရုံကနေ ရန်ကုန်မြို့တော်ရဲ့ သမားတော်ကြီး ဒေါက်တာမိုဟန်းဆီ ရောက်လာတာလေ။

မော်လမြိုင်ဆေးရုံက ဒေါက်တာဂျိုဆေဆီမှာ ဒီတိုက်ဖွိုက်ကို ရက်နှစ်ပတ်လောက်ကုခဲ့တာ မထူးခြားဘူး။ သူ့ရဲ့သမက်က မစ္စတာ ဝီလျမ်တဲ့။ ပညာရေးဝန်ကြီး ဦးသန်းအောင်ရဲ့ ပထမအတွင်းဝန်။

အိန္ဒိယနွယ်တွေ။

ဒီအစ်မကြီးကိုလည်း ဒေါက်တာမိုဟန်းက သူ့ရုံမှာ တိုက်ဖွိုက်ကုသချက်တွေပဲပေးတယ်။ မသက်သာဘူး။ မေဂျာရွှေဇံဆိုတဲ့ ဆရာဝန်ကြီး လာကုသတာလည်း ဘာမှ တိုးတက်မလာဘူး။ ကာနယ်မင်းစိန် လာစမ်းသပ်တယ်။ ရှေ့ဆရာကြီးတွေရဲ့ ကုထုံးကို နည်းနည်းပြင်ပြီး ကုသတယ်။ မထူးခြားဘူး။ ဒေါက်တာဦးအေးလာကုတယ်။ အချည်းနှီးပဲ။ သမားတော်ကြီးတွေ ပါးစပ်ကသာ ဘာမှမပြောကြတာ၊ လက်က လျှော့ချင်နေကြပြီ၊ ရန်ကုန်ရောက်တာ တစ်လရှိပြီ။ အဖျားက မကျဘူး။

ကျွန်တော်က ဆရာဝန်ကြီးတွေ သမားတော်ကြီးတွေရဲ့ ကုထုံးကို မှတ်သားလေ့လာပြီးပြီ။ တကယ်လို့ ငါသာ သူတို့နေရာမှာဆိုရင် ဘယ်လိုကုမလဲ။ ဒီအတွေးနဲ့ ဝဒ် (၅) နဲ့ (၆) မှာရှိတဲ့ စာအုပ်တွေ လျှောက်ဖတ်တော့တာပဲ။ ဆေးစာအုပ်တွေထဲမှာ ခေါင်းကိုမြှုပ်ထားလိုက်တယ်။ ကျွန်တော်နည်းနည်းများလွန်သွားသလားတော့မသိဘူး။ ၅၊၆က စစ္စတာကြီးက သေသေချာချာလာကြည့်ပြီး "အက်ဒီနင်တော့ ရူးသွားလိမ့်မယ်နော်" လို့ ပြောယူရတယ်။

"ဟာ ရူးခါမှရူးရော၊ ကျွန်တော် ကိုယ်တွေ့ကြုံရင်ဘယ်လိုလုပ်ရမလဲ သိချင်နေတာကို"

စစ္စတာကြီးကလည်း ကရုဏာဒေါသော၊ စေတနာတစ်ခုခုပါပါလိမ့်မယ်။ ကျွန်တော်ကလည်း ကိုယ်လုပ်ချင်ပြီ၊ တတ်ချင်ပြီဆိုရင် စိတ်ကအလွန်အကျွံ ဟုတ်လား။ တစ်လဆိုတော့ အမေကြီးရဲ့ ဆွေမျိုးအသိုင်းအဝိုင်းလည်း ပင်ပန်းကြရှာတာပေါ့။ ရန်ကုန်မြို့ခံတွေမှမဟုတ်ဘဲ။ အမေကြီးနားမှာ ပြုစုမဲ့သူ ကျဲသွားတော့ ကျွန်တော်ပြုစုခွင့်ရတယ်။ နှိပ်နယ်ပေးတယ်။ အားပေး စကားပြောတယ်။

အမေ ဘာမှ အားမငယ်နဲ့ ဆရာဝန်ကြီးတွေ သမားတော်ကြီးတွေချည်းပဲ။ အမေ့ကိုတိုက်နေတဲ့ ဆေးတွေက အစွမ်းထက်ပေ့ဆိုတဲ့ အမျိုးချည်းပဲ။ ပျောက်သွားမှာ အမေ၊ ဘာဖျော်ရည်လေးသောက်ချင်စိတ်ရှိသလဲ အမေ"

ဆိုတာမျိုးတွေပေါ့။ ကြံဖန်ပြီး နှစ်သိမ့်စကားတွေ ကြိုးစားပြောရတယ်။ လူဆိုတာကြင်နာမှု၊ ယုယမှုကို လိုချင်ကြတဲ့သူတွေချည်းလေ။ အထူးသဖြင့် အခုလို နာမကျန်းဖြစ်ချိန်မှာ ပိုပြီး ကြင်နာမှု၊ ပြုစုမှုကို လိုချင်ကြတာ ဓမ္မတာပဲ။ လူ့စိတ်ဆိုတာ အဲဒီလိုမျိုး ဟုတ်လား။

ညနေ လူနာကြည့်ချိန်ကျတော့ သူ့သားမက် မစ္စတာဝီလျမ်တို့ မိသားစုလာကြတဲ့အခါ ပတ်ဝန်းကျင်က လူနာစောင့်တွေနဲ့ စကားစမြည်ပြောကြတဲ့အခါ အမေကြီး ကုသိုလ်ထူးတယ်ရှင့်၊ တရုတ်ကပြားဆရာဝန်လေးက သိပ်သဘောကောင်းတာ၊ ဒီအမေကြီးကို သူ့အမေရင်းလို ပြုစုတယ်၊ ကြင်နာတယ်၊ ဒီလိုအပြောမျိုးတွေပြောကြသတဲ့။ ကျွန်တော်လည်း သူနာပြုဆရာမတွေဆီက ပြန်ကြားတာပါ။

အမေကြီးကို လာမေးကြတဲ့ မြေးမ သမီးပျိုသုံးယောက်က ရုပ်ရည်တွေ အချောတွေ၊ အလှတွေချည်းပဲ။ ပြီတော့ မော်လမြိုင်သူဆိုတော့ အင်း. . .ဘယ်လိုပြောရပ။ အက်ဒီတို့ ကာလသားတွေအကြိုက်ပေါ့။ လုံးကြီးပေါက်လှတွေ" မွန်အမျိုးသမီးနဲ့ အိန္ဒိယနွယ်ဖွားက ပေါက်ဖွားလာတာ စဉ်းစားသာကြည့်ကြ

ထက်မြက်တဲ့ဓားသွားပေါ်က လုံးကြီးပေါက်လှမှာမှ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ မေးရိုး ပြောစရာစကားတော့။ လုံးကြီးပေါက်လှမှာမှ ... သမီးသုံးယောက်ထဲက အက်ဒီမင်းဘယ်သူ့ရွေးမလဲလို့ မေးရင်အဖြေမရှိဘူး။ သမီးသုံးယောက်ထဲက ... ကျွန်တော့်သူငယ်ချင်းတွေက ဆဲကြ စကြတယ်။

“မအေပေး တရုတ် ဒီယုံမြင်လို့ ဒီချုံထွင်နေတာ ဟုတ်လား”

“ခွေးမသား အက်ဒီ မင့်အကြံ ဒါအကုန်ပဲလား”

“ကဲကွာ တရုတ်စုတ်၊ သုံးယောက်တောင် မင်းကြိုက်တာ တစ်ယောက်ရွေး ကျန်တာ ငါတို့ပေး” တဲ့။

ကျွန်တော်က ခြေထောက်ချိတ်၊ မေးစေ့ကိုလက်နဲ့ပွတ်ရင်း စဉ်းစားဟန်လုပ်ရင်း “ငါ သုံးယောက်စလုံးကို ကြိုက်နေတာကွ” လို့လည်း ဖြေလိုက်ရော သူငယ်ချင်းတွေ မေတ္တာပို့လိုက်ကြတာ ကြားဝံ့တာ တစ်လုံးမှမပါဘူး။ သူတို့ ဘယ်လိုပဲ စကြဆဲကြပါစေ။ ကျွန်တော် နောက်ပိုးချင်စိတ်နဲ့ အမေကြီးကို ပြုစုနေတာမဟုတ်ဘူး။ ကျွန်တော် လူသားချင်း စာနာသနားစိတ်နဲ့ ပြုစုနေတာ။ ပြီးတော့ ပညာသင် တပည့်ခံနေတာလေ။ တိုက်ဖွိုက်တဲ့။ မော်လမြိုင်က ဆရာဝန်ကြီးဒေါက်တာ ဂျိုဆေက တိုက်ဖွိုက်။ ဒေါက်တာ မိုဟန်းကလည်း တိုက်ဖွိုက်။ မေဂျာရွှေဇံကလည်း တိုက်ဖွိုက်၊ ကာနယ်မင်းစိန်နဲ့ ဒေါက်တာ ဦးအေးတို့ကလည်း တိုက်ဖွိုက်နဲ့။ ငါ ဖတ်နေတဲ့ စာအုပ်တွေထဲ တိုက်ဖွိုက်နဲ့ အမေကြီးရဲ့ရောဂါ။ ဖျားဟန်၊ ဖျားပုံတွေကလည်း တစ်ထပ်တည်း။ တိုက်ဖွိုက်ကတော့ ဟုတ်ပါပြီ။ ဘာတိုက်ဖွိုက်လဲ။ ဒီဆေးတွေနဲ့ ဘာလို့မပျောက်တာလဲ။ နိုင်ငံခြားတောင်မှ ဆေးလှမ်းမှာပြီး ဒီမှာဝယ်မရတဲ့ဆေးစွမ်းကောင်းတွေနဲ့ ကုတာပဲ။ ဆရာကြီးတွေရဲ့ကုထုံး၊ ကုသချက်ကလည်း မလွဲပါဘူး။

တစ်လကျော်အစာ မစားတဲ့လူမမာဟာ ဘယ်လိုလုပ်ပြီး အားအင်ရှိပါတော့မလဲ။ ကျွန်တော်က အမေကြီးကို ပြုစုရင်း နှိပ်နယ်ပေးရင်း တစ်နေ့လယ်မှာ ယဲ့ယဲ့လေးဖြစ်နေရှာတဲ့ အမေကြီးကို မေးမိတယ်။

“အမေကြီး ဘယ်လိုနေသေးလဲ”

ခပ်မျောမျော ခပ်ယဲ့ယဲ့ အရိုးပေါ်အရေတင် နီးနီးဖြစ်နေတဲ့ အမေကြီးရဲ့ အဖြေနဲ့ လေသံကို ကြားလိုက်တော့ ကျွန်တော် ခေါင်းနပန်းကြီးသွား။ ဟာ. . ဘုရား. . .ဘုရား. . .ဘုရား. . .ဘုရားတလိုက်မိတယ်။

“အမေ ဘာဖြစ်လို့လဲ”

ဒီလိုအသံ၊ ဒီလိုအဖြေ ကျွန်တော့် ဖေဖေ ဂျပန်ခေတ်တုန်းက သူ နေမကောင်းစဉ်မှာဖြေတဲ့အသံနဲ့ဟန်က တော်တော်ကိုဆင်တယ်။ ကျွန်တော့်လက်မောင်းနဲ့ လက်ဖျံက ထနေကျကြက်သီးတွေက ကျောပြင်ကိုပါဆက်ဆင်းသွား

လေသလား။

စစ်အတွင်းက သထုံကိုသွားပြီး ရေတွင်းထဲချခဲ့တဲ့ အဖိုးတန်ပစ္စည်းတွေ တပည့်ကျော်ကြီးပါနဲ့ သွားသွားကဲ့ကြတာ။ တစ်နေတော့ ပင်ပန်းလွန်းပြီး ချယ်ဂါ ရီမှောက်တဲ့ ခြေထောက်ဒဏ်ရာ အိပ်ရာထဲ လဲခဲ့တုန်းက အဖေပြောခဲ့ ဖြေခဲ့ပုံ အတိုင်းပါပဲလား။ အမေကြီး ခန္ဓာကိုယ်နဲ့ သူ့အသံနဲ့မမျှဘူး။ အဖေ့ကို ကုသပေး ခဲ့တဲ့ဘုန်းကြီးက ကျွန်တော့်ခေါင်းကို ပွတ်သပ်ပြီးလေသံနိမ့်ပြောသွားတဲ့ စကား ပြန်ကြားယောင်မိတယ်။

"ဟော့ကောင် ပယောဂဆိုတာ မီးကြောက်တယ်ဆိုတာ မင်းတစ်ယောက် တည်း သိတယ်မှတ်ထား" တဲ့။

အမေကြီးကို ချော့မော့ပြီး ဆေးရုံအပြင်ဘက် အပြေးတစ်ပိုင်းထွက်ခဲ့ တယ်။ လုပ်ဖော်ဆရာဝန်တွေ၊ စစ္စတာနဲ့ သူနာပြုတွေ တရုတ်ကပြားဆရာဝန် တော့ ပေါက်သွားပြီလို့ ထင်ကြမှာပဲ။ ကျွန်တော် ဆေးရုံအပြင်မှာ ကပ်စတန် စီးကရက်ငါးဆယ်ဝင်သံဘူးတစ်ဘူး ထွက်ဝယ်ပြီး ခြေလှမ်းသွက်သွက်နဲ့ ပြန် လာခဲ့တယ်။ အမေကြီးဆီတောက်လျှောက်သွားတာပဲ။ လုပ်ဖော်ကိုင်ဖက်တွေရဲ့ မျက်လုံးတွေ အကြည့်တွေ ကျွန်တော် လှုပ်ရှားသွားလာနေပုံကိုကြည့်နေကြတာ အလိုလိုသိတယ်။ ဒါကို ရူးတာဆိုရင် ရူးတယ်ပဲ ထားလိုက်ပါတော့။

သုံးကျပ်ခွဲပေးခဲ့ရတဲ့ ကပ်စတန်စီးကရက်ဘူးကို ဖောက်လိုက်တဲ့အခါ အလွန်မွှေးတဲ့ စီးကရက်ဆေးအနံ့က ကျွန်တော့်စိတ်ကို နှိုးဆွလိုက်တယ်။ စီး ကရက်ကို ကျွန်တော့်ဘောင်းဘီအိတ်ထဲက မီးခြစ်ကိုထုတ်ပြီး မီးညှိလိုက်ချိန်မှာပဲ အမေကြီးက ကျွန်တော့်ဘက်ကနေ ဟိုဘက်ကို စောင်းအိပ်သွားတယ်။ သူရဲ့ နားရွက်နား အသာကပ်ပြီး လေသံအုပ်အုပ်နဲ့ ပြောလိုက်တယ်။

"အမေ. . .အမေ"

ဟိုဘက်ကိုလှည့်လျက်ကနေ ပြန်ထူးတယ်။

"ဟေ. . "

"သားကို ခင်ရင် ဒီဘက်ကို ပြန်လှည့်ပါဦး အမေ"

ကျွန်တော်လုပ်နေပြောနေတာကို အနီးအနားက လူတွေမြင်ကြတယ်။ တချို့ကလည်း မသိမသာ အကဲခတ်နေကြတယ်။ စိတ်မဝင်စားသလိုလို၊ ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စလိုလိုနဲ့ တစ်ချက်တစ်ချက်လှမ်းကြည့်ကြ၊ ပြီးတော့ မျက်နှာလွှဲ လိုက်ကြ၊ ပြီးတော့ ဇွေစောင်းလေ့လာကြ။

အမေကြီးက ခေါင်းကို ဒီဘက်ပြန်မလှည့်ဘူး။ ဒါနဲ့ နောက်တစ်ကြိမ် ထပ်ကြိုးစားရတယ်။

"အမေရယ် သားကို ခင်ရင် ဒီဘက်ကို အသာလေးလှည့်နော်၊ လှည့်ပါနော်"

ကျွန်တော် ပြောပြီး ခဏနေတော့မှ ကျွန်တော့်ဘက်စောင်းလာတယ်။ တကယ်တော့ ဆေးရုံထဲမှာ စီးကရက်ရော ဆေးလိပ်သောက်ခွင့်မရှိဘူး။ အထူးသဖြင့် သမားတော်ကြီး ဒေါက်တာမိုဟန်းက ပိုပြီး စည်းကမ်းတင်းကျပ်သေးတယ်။ ကျွန်တော်သာ ဆရာဝန်ပေါက်စမို့ မပြောသာလို့။ ကျွန်တော်လည်း စီးကရက်တကယ်သောက်ချင်ရင် ဆေးရုံအပြင် ထွက်သောက်ရတာ။

အမေကြီး ကျွန်တော့်ဘက် လှည့်တော့မှ မျက်နှာကို အတတ်နိုင်ဆုံးပြုံးပြပြီး အချိုသာအဆုံးမျက်နှာနဲ့။

"အမေရယ် သားကို ကူညီပါ၊ ဟောဒါလေး တစ်ဖွာနှစ်ဖွာလောက် ဖွာလိုက်ပါလား"

အမေကြီးက တုတ်တုတ်မှမလှုပ်ဘူး။ ကျွန်တော်ကလည်း မလျှော့တဲ့ဇွဲနဲ့

"အမေ၊ ကျွန်တော့်ကို ကူညီပါ။ တစ်ဖွာနှစ်ဖွာတည်းပါ အမေရယ်။ အမေ ဖျားနေတာ ပျောက်တော့မှာ"

အမေကြီးက "ဟင်း"ခနဲ သက်ပြင်းချလိုက်တယ်။ သူ့သက်ပြင်းချသံက သူ့ခန္ဓာကိုယ်၊ သူ့အင်အားနဲ့ချတဲ့ သက်ပြင်းမဟုတ်ဘူး။ နံဘေးကလူတွေကို အံ့သြပြီးလှမ်းကြည့်ရတဲ့ သက်ပြင်းချသံကြီး။

"အမေရယ်၊ ကျွန်တော့်အမေအရင်းကိုတောင် ဒီအမေလောက် မပြုစုဖူးပါဘူးလို့ ခယယ တောင်းပန်တော့

"ဟင့်အင်း. . .မဖွာဘူး"တဲ့။ အမေကြီးရဲ့အသံမာပုံ မာချက်က ကျောချမ်းစရာကြီး။

"စားစရာတွေခွံကျွေးခဲ့တာ၊ ချေးက၊ သေးကစသန့်ရှင်းခဲ့တာလေ အမေရယ်၊ တစ်ဖွာနှစ်ဖွာတည်းပဲ"

"ဟင့်အင်း. . ." ဆိုတဲ့ ရင်ခေါင်းသံကြီးပဲ ထွက်လာတယ်။

စီးကရက်က လတ်လတ်ဆတ်ဆတ်ဆေးနံ့ကို သင်းနေတာ။ တငွေ့ငွေ့လောင်ကောင်းနေတဲ့ ဆေးလိပ်က အလိုလိုနေရင်း မီးသေသွားတာကြည့်ပြီး ကျောရိုးထဲက တစ်ချက်စိမ့်ခနဲဖြစ်သွားတယ်။

ဒါနဲ့ စီးကရက်အသစ်တစ်လိပ်ကိုထုတ်ပြီး မီးညှိတဲ့အခါ နံဘေးကလူတွေ ဝိုင်းကြည့်နေကြတာ သိပါလျက်နဲ့လက်တွေက တုန်ဖြစ်အောင် တုန်နေလိုက်သေးတယ်။ စီးကရက် မီးစွဲလို့ ရဲနေပြီ သေချာပြီဆိုမှ

"ကိုင်းအမေ့ကို ပြောမရရင်လည်း ရှိစေတော့၊ တော်ပြီ ကျွန်တော်အမေ့ကို

လာပြီး ပြုစုစရာမလိုတော့ဘူး။ အမေက ကျွန်တော့်စေတနာ မေတ္တာအလေး မထားဘူး” လို့ နောက်ဆုံးစကားမျိုးကြဲဖန်ပြောလိုက်တော့ အနီးနားမှာရှိတဲ့ လူနာစောင့်တွေကလည်း

“အမေကလည်း ဟုတ်သားပဲ”

“အန်တီ ဆရာလေး အဖွာခိုင်းတာ ဖွာလိုက်လေ”

“တစ်ဖွာ နှစ်ဖွာတည်းဥစ္စာ” တွေ ထွက်လာရော။

အမေကြီးက ကျွန်တော့်ကို တွေတွေကြီးစိုက်ကြည့်နေတော ယန့်စရာပဲ။ အဓိပ္ပာယ်အမျိုးမျိုးပါတဲ့ ရူးရူးစိုက်စိုက်ကြီး။ ပြီးမှ စီးကရက်ကို ဖွာလိုက်တာ။ စီးကရက် မီးက ချက်ချင်းငြိမ်သွားတယ်။ နောက်ထပ် တစ်လိပ်မီးညှိပြီး အဖွာ ခိုင်းတော့လည်း မီးငြိမ်းသွားတာပဲ၊ နောက်တစ်လိပ် ထပ်မီးညှိ ထပ်ကြိုးစား၊ အမေကြီးကလည်း ဖွာ၊ မီးလည်းငြိမ်းရော ကိုယ့်ကိုယ်ကိုယ် သတ္တိကောင်းလှပြီ လို့ ထင်တဲ့ သိန်းလှိုင်လည်း စီးကရက်ဘူးနဲ့ မီးခြစ်ကျစ်ကျစ်ပါအောင်ဆုပ်ပြီး “အံမယ်လေး” ကိုတစ်ခွန်းအော်လိုက်မိပြီး ပြေးလိုက်တာ၊ ဘာမှမဝေးတဲ့ ဆရာမ တွေ အနားမှာရောက်တော့ ကျွန်တော့်မျက်နှာမှာ ချွေးသီးချွေးပေါက်တွေနဲ့။

လုပ်ဖောက်ကိုင်ဖက်အလုပ်သင်ဆရာဝန်တွေနဲ့ စစ္စတာတွေ သူနာပြုတွေ က ကျွန်တော့်ကို ဝိုင်းကြည့်နေကြပြီး. . .

“အက်ဒီ ဘာလဲ ဘာဖြစ်တာလဲ”

“သိန်းလှိုင် ရေသောက်မလား”

နဂိုကမှ အသားဖြူတဲ့ တရုတ်ကပြားသွေးဆုတ်သွားတော့ ဖြူဖပ်ဖြူ ရော်ဖြစ်နေပါလိမ့်မယ်။

“အမေကြီးက ဒယ်ဗယ် ဒယ်ဗယ် DEVIL DEVIL”

“ဘာကွ. . .ဘာ. . .”

“ဟိုအမေကြီးက သွေးရိုးသားရိုးမဟုတ်ဘူး ပယောဂပါတယ်” ဗလုံး ပထွေးပြောနေမိတယ်။

ဆရာမတစ်ယောက် ခပ်လာတဲ့ရေကို တဝသောက်ပြီး ကျွန်တော်နား နေရတယ်။ ယပ်ခတ်သူခတ်ပေးနေပေမဲ့ သူတို့မယုံကြဘူး။ သိန်းလှိုင်တစ်ယောက် တော့ ဆေးကျမ်းအဖတ်များပြီး စိတ်ဖောက်သွားရှာပြီလို့ တွေးကြထင်ပါရဲ့။ အမေကြီးကို ကြောက်ရမှာထက် ကျွန်တော့်အဖြစ်ကို ကြည့်ပြီး သူတို့သနားနေ ကြတယ်။ စိတ်ငြိမ်ဆေးတိုက်သူကတိုက်နဲ့။ ကျွန်တော် မေ့ကျန်ခဲ့တဲ့ နားကြပ် အညိုလေး ဆရာမလေး နော်မေဖောကို သွားအယူလွှတ်ရတယ်။ နားကြပ်ယူပြီး ပြန်လာတော့ ဆရာမကို မေးကြည့်တဲ့အခါ

"အမေကြီးက ဆရာဝန်လေးရော" လို့ မေးလိုက်သတဲ့။

အသက်ငယ်ငယ် လှတပတ ကရင်သူနာပြုဆရာမလေးတစ်ယောက်ဆီက သာယာတဲ့နှုတ်ထွက်စကားပေမဲ့ ကျွန်တော့်တစ်ကိုယ်လုံးရှိန်းတိန်းဖိန်းတိန်းတော့ ဖြစ်သွားလိုက်သေးတယ်။

* * *

## ချိုမြိန်တဲ့ ကိတ်မုန့်

မနက်ကျတော့ ဒေါက်တာ မိုဟန်း ဆေးရုံကို ထုံးစံအတိုင်းလာတယ်။ ကျွန်တော်ရဲ့ သတင်းကလည်း ရုတ်ရုတ်သဲသဲဖြစ်ထားလေတော့ တစ်ရုံလုံးပြန့်နေပြီ။ ဘယ်လိုမှ အုပ်လို့ဆိုင်းလို့မရဘူး။ ဒီအချိန်မှာ အမေကြီးထက် ဒေါက်တာမိုဟန်းကို ကျွန်တော်လန့်နေတာ။ ကျွန်တော် အဆူအဆဲခံရတော့မှာလေ။ ကျွန်တော် အကောင်းကို မျှော်လင့်ရင် တော်တော်နဲ့ ရောက်မလာတတ်ပေမဲ့ အဆိုးကိုမျှော်လင့်တဲ့အခါ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်တတ်တာ ကျွန်တော့်ဘဝ ဇာတာခွင်မှာပါတယ်ထင်ပါရဲ့။

"အက်ဒီ ဆရာကြီးခေါ်နေတယ်"

ဘွတ်ဖိနပ်က မြေမှုန်လေးတွေ နဖူးမှာတို့ပြီး သွားလိုက်တယ်။ ဆရာမနော်မေဖောတို့တစ်တွေ ပြုံးစိစိလုပ်ပြီး ကျန်ရစ်ကြတယ်။ ဆရာကြီးရဲ့ မျက်နှာကို မြင်လိုက်ကတည်းက သူစိတ်ဆိုးနေမှန်း၊ ကျွန်တော်ရဲ့ မနေ့က အပြုအမူကို လက်မခံမှန်း ထင်ရှားနေတယ်။

စာတွေ သိပ်တော်တဲ့ တတ်တဲ့ သမားတော်ကြီးတွေလည်း ဒေါသရှိတတ်တာပဲဟုတ်လား။ ကျွန်တော့်ကို ရေရေလည်လည် ပွက်တော့တာပါပဲ။ မအေနှမ တစ်လုံးမှ မပါပေမဲ့ ကိုယ့်ဆရာသမားဆီက ဒေါသအလျောက်ပြောတဲ့ စကားလုံးတွေဟာ ပြင်းထန်လှတယ်။

"ငါ မင်းရဲ့ အမ်ဘီဘီအက်စ်ဘွဲ့ကို ပြုတ်သွားအောင် လုပ်လို့ရတယ်"

ကျွန်တော် ခေါင်းငုံ့ပြီးငြိမ်နားထောင်နေတယ်။ ဘာတစ်ခွန်းမှ ပြန်မပြောဘူး။ စာသင်နေတာ မဟုတ်ပါဘဲနဲ့ ဆရာ မိုဟန်းဆီက "နားလည်လား"၊ နားလည်လား" ဆိုတဲ့ စကားနဲ့ သွန်သင်လိုက် ဆူလိုက်လုပ်နေတာ ခံရတဲ့သူ မသက်သာဘူး။

"မင်း ပယောဂလို့ ဘာလို့ပြောတာလဲ"

"အပမှီနေတာ ဆရာ၊ ပယောဂနဲ့ကုမှ ပျောက်မှာ"

"မဟုတ်တရုတ်တွေ"

"ကျွန်တော် ငယ်ငယ်ကတည်းက ဒါမျိုးကြုံဖူးတယ်ဆရာ"

"အလကားဟာတွေ လျှောက်မပြောနဲ့"

ကျွန်တော် ဘာမှ ဆက်မပြောဘဲ ငြိမ်နေချိန်မှာ ဆရာ့ဒေါသလှိုင်း မငြိမ်သေးဘူး။

"မင်းက ဘာအမ်ဘီဘီအက်စ်လဲကွ"

ကျွန်တော့်ကို သူ့အခန်းထဲမှာ ခေါ်ဆူတာမဟုတ်ဘူး၊ လုပ်ဖော်ကိုင်ဖက် ဆရာမတွေရှေ့တင် ဆူနေတာ။ တချို့များ ကျွန်တော့်အတွက် စိတ်မကောင်းဖြစ်ကြပြီး မျက်နှာငယ်လေးတွေနဲ့။ သူတို့တောင် အဲဒီလိုဖြစ်နေရင် ကျွန်တော့်မျက်နှာတော့ မန်ကျည်းရွက်လောက်ပဲ နေလိမ့်မယ်။

ကျွန်တော်က ကျွန်တော့်အတွေ့အကြုံကို ယုံကြည်သူမို့ ကာနယ်မင်းစိန်လာတော့လည်း အကျိုးအကြောင်းရှင်းပြတယ်။ အတိုချုပ်လိုရင်းကတော့ ဆရာတို့ ကုနေတာကြာနေပြီ၊ မပျောက်ကင်းမသက်သာတာဟာ သွေးရိုးသားရိုးမဟုတ်ဘူး။ ဆရာတို့ ကုလို့မရဘူး။ ပယောဂဆရာနဲ့ ဘုန်းကြီးနဲ့ကုမှရမှာ။ မေဂျာရွှေဇံကိုရော တင်ပြတာပဲ။ သူတို့ လက်မခံကြဘူး။ မယုံဘူးတဲ့။ သူတို့ မယုံတာကို ကျွန်တော် အပြစ်မတင်ဘူး။ သူတို့က ဆေးသိပ္ပံလောကမှာ ဧရာမပုဂ္ဂိုလ်ကြီးတွေလေ။

အမေကြီးရဲ့ သမက် ဝီလျမ်နဲ့ သမီးလာတော့ ကျွန်တော်ပြောချင်လို့စောင့်နေတာ။ တော်တော်နဲ့ပေါ်မလာကြဘူး။ သူတို့လည်း သူတို့ကိစ္စနဲ့ သူတို့နောက်ကျကြတာဖြစ်မှာပေါ့။ ကျွန်တော်ကလည်း ပြောချင်နေပြီ။ တစ်ဆေးရုံလုံးနဲ့ ကျွန်တော်လေ၊ ဘာပဲဖြစ်ဖြစ် ကာယကံရှင် ဆုံးဖြတ်ရပါလိမ့်မယ်၊ ကျွန်တော်က စေတနာနဲ့ ဆောင်ရွက်ရမှာ။ ဒါပေမဲ့ ကျွန်တော်က သူတို့ရောက်မဆိုက်ဆီးကြိုပြီး ဒီကိစ္စပြောလို့ မကောင်းဘူး။ သူတို့ အမောမပြေဘဲ ဖြစ်သွားလိမ့်မယ်။ ဒီလိုဆိုရင် ဘာလုပ်ရရင် ကောင်းမလဲ သိန်းလှိုင်။ ကျွန်တော် စဉ်းစားတယ်။ ခေါင်းထဲမှာ ဒီကိစ္စပဲ ရှိနေတာ။

အမေကြီးရဲ့ ကုသိုလ်ကံပဲ။ မစ္စတာဝီလျမ်တို့ ကျွန်တော့်ဆီရောက်လာတယ်။ မနေ့က ဘာတွေဖြစ်ကြတာလဲတဲ့။ ကျွန်တော် ရှင်းပြတယ်။ သူ ဂရုတစိုက်နားထောင်တယ်။ ဒါပေမဲ့ သူ ပယောဂတို့ အပမှီတယ်တို့ဆိုတာ မကြားဖူးဘူး။ သူ့ဇနီးသည်ကတော့ မွန်ဆိုတော့ သဘောပေါက်တယ်။ ဒါပေမဲ့ သူတို့အသိုင်းအဝိုင်းမှာ ဒါမျိုး ကြုံမှမကြုံဖူးတာ။ မယုံတစ်ဝက် ယုံတစ်ဝက်။ မစ္စတာ

ဝီလျမ်အတွက် မယုံအာတား ယုံအာတားမဟုတ်ဘူး။ သူက ယုံကိုမယုံတာ။ ဒီတော့ ကျွန်တော့်လက်တွေ့ပြရင် လက်ခံမလားလို့ ကမ်းလှမ်းတော့ သူတို့ လင်မယား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသေးတယ်။ ပြီးတော့ ကျွန်တော့်ဘက် ပြုံင်တူလှည့်ပြီး ခေါင်းညိတ်ပြတယ်။

ကျွန်တော့်ရဲ့ကပ်စတန်ဆေးလိပ်ဘူးကလည်း စိတ်ညစ်ညစ်နဲ့ သောက်နေတာရော၊ ဟိုသူငယ်ချင်း၊ ဒီသူငယ်ချင်းက နှိုက်သောက်ကြတာရော အတော်လျော့နည်းနေပြီ။ ကပ်စတန်စီးကရက်ကို အိတ်ထဲက မီးခြစ်နဲ့ မီးညှိပြီး မနေ့တုန်းကလိုပဲ အမေကြီးကို ဖွာခိုင်းတဲ့အခါ မေးပုံ လေသံကြီးက အသံမာကြီး။

"လာပြန်ပြီလား"

မီးက ငြိမ်းသွားတယ်။ မစ္စတာဝီလျမ်တို့ အံ့အားသင့်သွားတယ်။ ဒါနဲ့ ကျွန်တော်က မစ္စတာဝီလျမ်ဆီက စီးကရက်နဲ့ မီးခြစ်တောင်း၊ မီးအညှိခိုင်းပြီး အမေကြီးကို ချော့မော့အဖွာခိုင်းတော့လည်း စီးကရက် မီးငြိမ်းသွားတာပဲ။ မွန်အမျိုးသမီးရဲ့ မျက်လုံးမှာ မျက်ရည်စတွေဝဲနေတယ်။

အမေကြီးနားက သူတို့ကို အပြင်ထုတ်ပြီး ဒါအပမှီတာ တိုက်ဖွိုက်မဟုတ်ဘူး။ ပယောဂနိုင်တဲ့ ဆရာတစ်ယောက်၊ ဘုန်းကြီးတစ်ပါးပါးနဲ့မှ ဖြစ်မယ်၊ ကျွန်တော့်ဖေဖေ ဂျပန်ခေတ်က အတွေ့အကြုံပါ ထည့်ပြောလိုက်တယ်။ အဲဒါ ကျွန်တော့်ကိုယ်တွေ့ပဲ။ အတွင်းဝန်ခမျာ မယုံရအခက်၊ ယုံရအခက်နဲ့။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး။ ဇနီးသည်မွန်အမျိုးသမီးကတော့ အကူအညီတောင်းရှာတယ်။

"ဆရာရယ် ကူညီလက်စ ကူညီပါဦး၊ ပယောဂမှာ ဘယ်မှာခေါ်ရမှာတုံး"

"အဲဒါတော့ ကျွန်တော် မသိဘူးဗျာ"

လူနာရှင်တွေက နောက်တစ်နေ့မနက် ဒေါက်တာမိုဟန်မလာခင်မှာ သူတို့သဘောနဲ့သူတို့ လက်မှတ်ထိုးပြီး ဆင်းသွားကြတယ်။ ဒေါက်တာမိုဟန်း ရောင်းလှည့်တော့ အမေကြီး ခုတင်ပေါ်မှာ မတွေ့တော့ ဘာဖြစ်တာလဲ။ အနိစ္စ ရောက်သွားတာလားလို့ မေးတဲ့အခါ ကာယကံရှင်တွေကိုယ်တိုင် သူတို့သဘောနဲ့သူတို့ လက်မှတ်ထိုးဆင်းသွားတာပါလို့ ဖြေကြတယ်။ ဆရာကြီး တစ်နေကုန် ရောင်းလှည့်ပါစေ မဖြစ်နိုင်တာကို ဆုတောင်းနေသူ ဒီဝဒ်ထဲမှာ တစ်ယောက်ရှိတယ်။ အဲဒါကတော့ ကျွန်တော်ပါပဲ။ ရောင်းလည်းလှည့်ပြီးရော ကျွန်တော့်ကို ဆူတယ်။ လူရှေ့သူရှေ့မှာ၊ လုပ်ဖော်ကိုင်ဖက်တွေရှေ့မှာဆူတာ။ အဲဒီတုန်းကတော့ ဆရာကြီးကွယ်ရာမှာ ခေါ်ဆူရင်ကောင်းမှာ၊ အများရှေ့မှာ ဆူတာ

မကောင်းပါဘူးလို့ ထင်မိတာ။

နောက်တော့ လူကြီးတစ်ယောက်ဟာ သူမကြိုက်တာ နောက်ထပ်သူများတွေမလုပ်အောင် တစ်ယောက်ချင်း ခေါ်ဆူမဲ့အစား အများရှေ့မှာ အခုလိုဆူတာလုပ်ရမဲ့ အလုပ်လို့ သဘောပေါက်တယ်။

"ဟေ့ကောင် ငါပါမောက္ခကွ သိရဲ့လား"

"ဟုတ်ကဲ့ သိပါတယ် ဆရာ"

"ငါ ဒါမျိုးလက်မခံဘူးကွ"

ကျွန်တော် ဘာမှ မပြောဘူး၊ ငြိမ်ခံနေရုံပဲ။ ဆရာနဲ့တပည့်လေ။

"ဘာ ပယောဂလဲ၊ မဟုတ်တရုတ်ကွာ"

"ဘာ အမ်ဘီဘီအက်စ်လဲ နားမလည်နိုင်ဘူး"

"ဟေ့ နောက်ကို ငါ့ရှေ့မှာ ပယောဂတွေ လာမပြောကြနဲ့"

ကျွန်တော် မနေနိုင်တော့ဘူး။ လေသံပျော့ပျော့နဲ့ တစ်ခွန်းတော့ စောဒကတက်လိုက်တယ်။ တဖြည်းဖြည်း ဒေါသပြေပြီး လေသံလျှော့ချိန်မှာပါ။

"ကျွန်တော့် အတွေ့အကြုံအရ ပယောဂမှန်း သေချာလို့ပါ ဆရာ"

"သွားကွာ မလိုချင်ဘူး၊ အလကား ပယောဂ အမ်ဘီဘီအက်စ်"

ဆရာမိုဟန်းပေးလိုက်တဲ့ "ပယောဂအမ်ဘီဘီအက်စ်" ဆိုတဲ့ စကားလုံးဘွဲ့အသစ်ဟာ ကျွန်တော့်သူငယ်ချင်းတွေ လုပ်ဖော်ကိုင်ဖက်တွေ အကြားမှာ စ စရာ၊ နောက်စရာ စကားလုံးအဖြစ်နဲ့ ရက်အတော်ကြာတည်တံ့နေတယ်။ တချို့လည်း သတိရတဲ့အခါ စကြ၊ နောက်ကြ၊ ခေါ်ကြတာပဲ။ ကျွန်တော့်ကို ဒီလို စကြ၊ နောက်ကြ ခေါ်ဝေါ်ကြတာ စိတ်ဆိုးစရာမရှိဘူး။ အမျိုးသမီးလောက၊ ဆရာဝန်မတချို့ နော်မေဖောတို့လို သူနာပြုဆရာမတွေကြားမှာတော့ ပယောဂကို တွေ့ဖူး၊ ကြုံဖူးတဲ့ ဆရာဝန်၊ လက်တွေ့စမ်းသပ်ပြတဲ့ဆရာဝန်အဖြစ် အသိအမှတ်ပြုကြတယ်။ ဆက်ဆံရေး ပိုကောင်းပြီး ပိုရင်းနှီးလာကြတယ်။

တချို့သူငယ်ချင်းတွေ အနောက်၊ အစရပ်၊ ဆရာမတွေ ပိုရင်းနှီးစေတဲ့အကြောင်းက အမေကြီးဆေးရုံကဆင်းပြီး ရက်လေးဆယ်လောက်မှာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာပါပဲ။ ကျွန်တော် အိုပီဒီမှာ အမှုထမ်းတာဝန်ယူနေချိန်၊ မစ္စတာဝီလျမ် သူ့ဇနီးနဲ့ သမီးသုံးယောက်တို့ ပွဲနေပွဲထိုင်တစ်ခုက အပြန်ဝင်လာတယ်ထင်ပါရဲ့။ ဝတ်ကောင်းစားလှတွေနဲ့။ ရှားမီးကိတ်မုန့်တစ်ဘူးလက်ကိုင်ပြီး ကျွန်တော့်ကို လက်ဆောင်လာပေးကြတာ။ မမျှော်လင့်ဘဲရတဲ့လက်ဆောင်လေ၊ ပြီးတော့ ကျွန်တော့်လက်ထဲ ကိတ်မုန့်ဘူးပေးတာ သမီးသုံးယောက်ထဲက အချောဆုံးအငယ်မက ပေးတာ။ လူကို ရှိန်းတိန်းဖိန်းတိန်း

ဖြစ်သွားလိုက်သေး တယ်။

"အမေ နေကောင်းရဲ့လား"

"မာမီ နေကောင်းသွားပြီ ကားပေါ်မှာ ပါတယ်"

လုပ်ဖော်ကိုင်ဖက်တွေကို ရှားမီးမုန့်ဘူးအပ်ခဲ့ပြီးအမေကြီးကို သွားနှုတ်ဆက်ရတယ်။

"အမေ နေကောင်းတယ်နော်"

"ငါ့ဘာဖြစ်လို့လဲ၊ မင်းက ဘယ်သူတုန်း"

ကျွန်တော့်ဆံပင်တွေ ထောင်သွားသလိုပဲ။ တယ်တယ်လည်း ဒါမျိုးပြောဖူးတယ်။

ကျွန်တော် ပြုံးပဲ ပြုံးနေလိုက်တယ်။ သူတို့မိသားစုလည်း ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်သွားကြတယ်။ ကျွန်တော် ဝမ်းသာပြီး ပြန်လက်ပြလိုက်တယ်။ ဝမ်းသာတာ တခြားကြောင့်မဟုတ်ဘူး။ ပယောဂ အမ်ဘီဘီအက်စ်ကို သမီးချော သုံးယောက်စလုံးက ပြုံးပြီး လက်ပြသွားလို့ပဲ။ ကျွန်တော် ဆေးရုံအိုပီဒီထဲ ပြန်ရောက်တဲ့အချိန် ကိတ်မုန့်ဘူးဖွင့်လိုက်တော့ ဟိုက်ရှလဘားစ် ကျွန်တော် အကြိုက်ဆုံး ဖရကိတ်တွေပါလား။ သူတို့ ဘယ်လိုလုပ် ကျွန်တော်ဒါကို ကြိုက်တာသိနေသလဲ။ မစ္စတာဝီလျမ်ကားရပ်ဖို့ နေရာရှာတုန်း သမီးတစ်ယောက် သူကြိုက်တာဆင်းဝယ်တာဆိုရင်လည်း အငယ်ဆုံးမလေးရဲ့ ရွေးချယ်မှုပဲ ဖြစ်ပါစေ။

ဒါပေမဲ့ ပယောဂအမ်ဘီဘီအက်စ်ရဲ့ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်း ဆရာသမားရဲ့ ဝိုင်းဝန်းအားပေးမှုကြောင့် ကျွန်တော်အကြိုက်ဆုံးဖရကိတ်ဘူးဟာ သုံးပုံတစ်ပုံလောက်ပဲ ကျန်တော့တယ်။ တချို့များ စားလက်စ ပလုတ်ပလောင်းကို လက်ကိုင်ပဝါနဲ့ သုတ်နေကြလေရဲ့။

မစ္စတာဝီလျမ်တို့ မိသားစု ကျွန်တော့်ကို ရှားမီးကိတ်မုန့်ဘူးလာပေးတဲ့ သတင်းဟာ ဝိုင်းလုပ်ဝိုင်းစားသူငယ်ချင်းတွေကတစ်ဆင့် ဆရာကြီးတွေရဲ့နားကို ရောက်ပါလေရော။

ကာနယ်မင်းစိန်တို့၊ ဒေါက်တာ မိုဟန်းတို့ကတော့ တိုက်ဖွိုက်မှ တိုက်ဖွိုက်ပဲ မလျှော့ကြဘူး။ သူတို့ ကုသချက်၊ ဆေးချက်တွေကြောင့် အမေသက်သာ ပျောက်ကင်းတယ်၊ ဟို မအေ. . .ပယောဂ အမ်ဘီဘီအက်စ်ဝင်ရှုပ်တာနဲ့ အကုန်ကမောက်ကမတွေဖြစ်ကုန်တာတဲ့။

* * *

## နေခြည်မှာ ရွှေရည်လောင်း

ဗိုလ်မှူးကြီးလှဟန်ဆီ ရေးတဲ့စာကြမ်းကို တစ်ခေါက်ပြန်ဖတ်ကြည့်တယ်။ ကျွန်တော့်စေတနာပေါ်ရဲ့လား။ တောင်တန်းတွေပေါ်မှာ နေကြတဲ့ နာဂတိုင်းရင်းသားတွေရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အဘက်ဘက်က တိုးတက်လာစေဖို့ သူတို့အသိဉာဏ်ပညာတိုးပွားဖို့လိုတယ်။ ဒီလိုခံယူချက်နဲ့ နာဂလေးတွေကို စာတတ်စေချင်တာ။ သူတို့ စာတတ်မှ စာပေဖတ်နိုင်မှ သူတို့လူ့လောကအမြင်ကျယ်မှာ။ အဲဒီအချိန်မှာ အသိဉာဏ်တိုးတက်လာရင်၊ သူတို့ရဲ့ ဓလေ့တွေထဲက မကောင်းတဲ့ဓလေ့၊ မကောင်းတဲ့စရိုက်တွေကို ပယ်တန်ပယ်၊ ပြုပြင်တန်ပြုပြင် ထိန်းသိမ်းသင့်တာကို ဆက်ပြီး လက်ဆင့်ကမ်းကြ၊ ဒီလိုထင်မြင်ယူဆပြီးရေးလိုက်တာ။

တောင်ပေါ်မှာ စာသင်ကျောင်းရှိစေချင်တယ်။ ကျွန်တော်ရေးတဲ့ စာရောက်မှာပါ။ ဒါပေမဲ့ ကျွန်တော် ရေးလိုက်တဲ့စာရဲ့ အကျိုးက နောက်တစ်နှစ်နီးပါးကြာမှ အကောင်အထည်ဖော်နိုင်တယ်။ တိုက်ယန်ရွာနဲ့ လဟယ်မြို့မှာ ကျောင်းနှစ်ကျောင်းဆောက်တယ်။ မူလတန်းကျောင်းတွေပါ။ အဲဒီကျောင်းတွေမှာ စာသင်ဖို့ တိုင်းရင်းသားဖွံ့ဖြိုးရေးသိပ္ပံကျောင်းဆင်း ဆရာ၊ ဆရာမ တချို့ရောက်လာကြတယ်။

နာဂသူကြီးတွေကို ဆင့်ခေါ်ပြီး ကလေးတွေ ပညာသင်သင့်တဲ့အကြောင်းပါတီကောင်စီက ပုဂ္ဂိုလ်တချို့ ပညာရေးဌာနက ပညာအုပ်တို့ သွားစည်းရုံးကြတယ်။ မူလတန်းကျောင်းနှစ်ကျောင်းမှာ စာသင်ဖို့ ရွာတွေကနေ ကလေးတချို့ပို့ပေးကြတယ်။ ကျောင်းတွေက ဘော်ဒါကျောင်းတွေ။ ယူနီဆက်အကူအညီနဲ့ ခေါင်းအုံးတွေ စောင်တွေ ခြင်ထောင်တွေနဲ့ အကျအနပဲ။ ကလေးတွေရောက်ခါစ အသားမကျဘူး။ မိဘနဲ့မခွဲခွာကြဖူးတာ။ (၇)နှစ်၊ (၈)နှစ်က အငယ်ဆုံး။ ဆယ်နှစ်၊ ဆယ့်နှစ်နှစ်တွေလာပြီး ကျောင်းထားကြတာ။

စာသင်နှစ်မဆုံးလိုက်ဘူး။ တောင်ယာ ရိတ်သိမ်းချိန်ကြတော့ ဟိုရွာဒီရွာက သူတို့သားသမီးလာခေါ်ကြတယ်။ ကလေးတွေလည်း ဘာသာစကားအခက်အခဲနဲ့၊ အိမ်ကမခွဲစဖူး၊ ခွဲရတာနဲ့ ကျောင်းမပျော်ကြဘူး။ တချို့ကလေးကတောင်ယာသိမ်းချိန်တောင်မှ မစောင့်တော့ဘူး။ တစ်လ၊ နှစ်လနေတော့ လူကြုံနဲ့ လာခေါ်လှည့်ပါလို့ မှာလိုက်ပြီး ပြန်သွားကြတာ။ မအောင်မြင်ဘူး။

စာသင်ကျောင်း မအောင်မြင်လို့မဖြစ်ဘူး။ စာသင်မှဖြစ်မှာ။ ကျောင်းရှိပြီး စာသင်ကြားမဲ့တပည့်မရှိလို့ မဖြစ်ဘူး။ နိုင်ငံတော်က စေတနာကောင်းနဲ့

ဝေးလံတဲ့အရပ်မှာ ပညာရေးစိတ်တွေ အကုန်ကျခံပြီး ဆရာ၊ ဆရာမတွေထောက်ပံ့နေရတာ။ စော်ဘွားကြီး ကူပါဦး။ ဒေါက်တာသိန်းလှိုင် ကူပါဦးနဲ့။ ပညာရေးမှူးကလာပြီး မေတ္တာရပ်ခံတယ်။ ကျွန်တော်နဲ့ စော်ဘွားကြီးတို့ လှူကြဲ့တဲ့ရွာတွေရော၊ ရောက်တဲ့အရပ်မှာ နီးစပ်ရာသူကြီးတွေခေါ်ပြီး နိုင်ငံတော်ရဲ့ စေတနာကိုခင်းကျင်းပြသပြောဟောကြတယ်။ ကျွန်တော် စကားပြောကောင်းသူတစ်ယောက်မဟုတ်လေတော့ ပြောတတ်သလို၊ ပြောလိုက်တာပါ။

"ခင်ဗျားတို့အတွက် ကျောင်းကဖွင့်တာ။ ကျောင်းတစ်ကျောင်းဆောက်ရ၊ ဖွင့်ရတယ်ဆိုတာ လွယ်တာမဟုတ်ဘူး" အဲဒီမှာ ခဏရပ်ပြီး စကားပြန်ကို နာဂဘာသာစကားနဲ့ ဘာသာအပြန်ခိုင်းရတယ်။

"စာတတ်မှ ဖြစ်မှာ။ စာမတတ်ရင် သူများခိုင်းတာလုပ်ရမယ်။ ဆိုးတာနဲ့ လိမ္မာတာ မခွဲခြားတတ်ဘူး" သိပ်လည်း ရှည်ရှည်ဝေးဝေးပြောလို့ မရဘူး။ ခဏရပ်ရပြန်ရော။ ဘာသာပြန်သူက ဘာသာပြန်ရှာတယ်။

"စာတတ်ရင် ဘယ်ဟာကောင်းတယ် ဘယ်ဟာဆိုးတယ် ခွဲခြားပြီးသိမယ်။ လုပ်တာကောင်းတာတွေ လုပ်မယ်။ မလုပ်တာကောင်းတာတွေ မလုပ်ရဘူး။ ဒါကြောင့် ကျောင်းတက်ကြပါ။ စာတတ်မှ ဖြစ်မယ်။ ကျောင်းသားမလွှတ်ရင် နောက်ဆေးလာကုမပေးတော့ဘူး"။ ကျွန်တော်သူတို့နဲ့ သင့်တော်မယ်ထင်တဲ့စကားတွေရွေးပြီး ပြောတာပဲ။ ဘာသာပြန်သူကလည်း ကြိုးစားပြီး ဘာသာပြန်တယ်။ အဲဒီစာသင်နှစ်တော့ မမီတော့ဘူး။ စာမေးပွဲလည်း မစစ်ဖြစ်ဘူး။ စစ်လို့လည်းမေးခွန်းတွေပဲရှိမှာ၊ ဖြေဆိုမဲ့ကျောင်းသား မရှိတော့ဘူးလေ။ ဒါနဲ့ နောက်စာသင်နှစ်ကို စောင့်ကြရတယ်။ နောက်စာသင်နှစ်တော့ စော်ဘွားကြီးက သူကြီးတွေကို အမိန့်ထုတ်၊ ကျွန်တော်ကလည်း ကျောင်းသားတွေ မပို့ရင် ဒီရွာကိုဆေးလာမကုတော့ဘူးတွေ ပြောထားလို့ ကျောင်းသားအသစ်တွေ လွှတ်လိုက်တယ်။

ပိုလီယိုဆွဲနေသူတွေ၊ မျက်လုံးတိမ်ကျနေသူ၊ ခန္ဓာကိုယ် မသန်စွမ်း၊ ရွာမှာဘာလုပ်အားမှမရှိသူတွေ ပို့လိုက်ကြတယ်။ ကျောင်းဟာ စာသင်ကျောင်းနဲ့မတူတော့ဘူး။ ဂိလာန စခန်းလိုလို၊ ဒုက္ခသည်ရိပ်သာလိုလို ဖြစ်နေပြီ။

ဇနီးသည်အုန်းက ခင်္ကြီးက လုပ်ဖော်ကိုင်ဖက်တွေ စားရအောင် ဒူးရင်းယိုလေး ယူသွားဦးဆိုလို့ တနင်္ဂနွေမနက် နော်မူကြည်တို့အိမ်မှာ ဝတ်ပြုဆုတောင်းပွဲရှိလေတော့ ဝတ်ပြုဆုတောင်းလာကြသူတွေ စားရအောင် ကျွန်တော် ဒူးရင်းယိုနည်းနည်း ယူသွားတယ်။ သူတို့ခမျာ ဒူးရင်းသီးကို ခုတ်ပုံထဲ၊ ရုပ်ရှင်ထဲပဲမြင်ဖူးတာ၊ ဒူးရင်းသီးကို စားဖူးဖို့ဝေးလို့ အလုံးကိုတောင် မမြင်ဖူးကြဘူး။

ခရစ္စမတ်အကြို ဝတ်ပြုဆုတောင်းပွဲအတွက် ဟိုလူက ကောက်ညှင်းပေါင်းလား၊ ဒီလူက အကြော်ကြော်လာ လုပ်ကြရာမှာ ကျွန်တော် ဒူးရင်းယိုက မုန့်တွေအလယ် မှာ မင်းသားဖြစ်နေတာပေါ့။

ဆုတောင်းပွဲ ပြီးလို့ ဒူးရင်းယိုအကြောင်းမေးမြန်းကြတဲ့အထဲမှာ ဟိုးမွန်၊ တနင်္သာရီက အစားအစား အမွှန်အမြတ်ဟာ ဘယ်လိုလုပ်ပြီး ဒီလောက်ဝေးလံတဲ့ အရပ်ကို ရောက်လာရသလဲဆိုတဲ့ မေးခွန်းပါလာတယ်။ ကျွန်တော်လည်း ဒေါက်တာမိုဟန်း၊ အမေကြီးနဲ့ ပညာရေးဌာန၊ အတွင်းဝန်မစ္စတာ ဝီလျမ်တို့ အကြောင်းအပါအဝင် ပယောဂအကြောင်းအတိုချုပ်ပြောကြတဲ့အခါမှာ သူတို့ အားလုံးစိတ်ဝင်စားကြတယ်။ နောက်ထပ် ဒီလိုအတွေ့အကြုံရှိရင် ပြောပြပါဦး ဆရာ။ ဒုတိယ ကမ္ဘာစစ်အတွင်းက ဆရာ့အဖေရဲ့ အတွေ့အကြုံကိုလည်း ပြောပြပါဦးနဲ့ ဝိုင်းပြီး ပူဆာကြတယ်။

သူတို့ပူဆာတော့ ကျွန်တော် ဘာအကြောင်းပြောရရင် ကောင်းမလဲလို့ စဉ်းစားတာ ရတ်တရက် စဉ်းစားလို့မရဘူး။ လက်ထဲမှာလည်း ဒူးရင်းယိုလေး၊ ကွမ်းသီးလုံးလောက် ကိုင်ထားရင်း၊ မြိတ်ရောက်ခိုက်စားခဲ့ရတဲ့ ဒူးရင်းယို အကောင်းစားနဲ့ ဆက်နွယ်တဲ့အဖြစ်အပျက်တစ်ခုကို သွားသတိရတယ်။

* * *

## အများနဲ့ တစ်ယောက်

၁၉၆၂ ခုက ကျွန်တော် မြိတ်မှာ တာဝန်ထမ်းရတယ်။ တောင်ကုန်းပေါ် မှာ ဆရာတော်ကြီးတစ်ပါး သီတင်းသုံးနေတယ်။ ဆရာတော်ကြီးက ကြည်ညို သူတွေ များတယ်။ သူဌေးသူကြွယ်တွေလည်း ကိုးကွယ်သလို ဆင်းရဲသားအများ စုကလည်း ဆည်းကပ်ကြတယ်။ ဆရာတော် နေမကောင်းတာ ရက်ရှည်နေပြီ။ မြိတ်မြို့မှာရှိကြတဲ့ ဆရာဝန်ကြီးတွေ စုံသလောက်ဖြစ်နေပြီ။ ဗိုလ်မှူးသိန်းထူး လည်းလာကုဖူးတယ်။ မထူးခြားဘူး။ ဝဏ္ဏကျော်ထင်ဦးကြည်ဆိုင်လည်း ကုတယ်။ မသက်သာဘူး။ ဒေါက်တာ ဦးကျော်စိန်တို့ ပီအာဘားဝါးတို့လည်း ဆေးမတိုးလို့ လက်လျှော့ထားရတဲ့ ဆရာတော်ကြီး။

ဝါကြူဆိုတဲ့ မိတ်ဆွေ တရုတ်လူမျိုးတစ်ယောက်က ဘာစိတ်ကူးပေါက် တယ်မသိဘူး။ သမားတော် သမ္မာကြီးတွေ ကုထားတာ မပျောက်တဲ့ ဆရာတော် ကို ကျွန်တော့်လက် လာအပ်တယ်။

"အက်ဒီ ဒီမြို့မှာတော့ မင်းတစ်ယောက်ပဲ ကျန်တော့တယ်"

"ဘာလုပ်ရမှာတုံး"

"တောင်ပေါ်ဆရာတော်ကို ဆေးကုဖို့လေ၊ ကျန်တဲ့ဆရာဝန်တွေအားလုံး ဆလံသထားကြပြီ"

ကျန်တဲ့ဆရာဝန်တွေအားလုံး ဆလံသထားပြီဆိုတဲ့စကားလုံးက ကျွန်တော့် ကိုယ်စောင့်နတ်ကို မျက်စပစ် ပခုံးတွန့်ပြလိုက်သလိုပဲ။

"မင်း မကုနိုင်ရင်လည်း အားဆေးဖြစ်ဖြစ် လာထိုးပေးဦးကွာ"

"ကောင်းပြီလေ၊ ကျွန်တော် လာကြည့်လှည့်ပါမယ် ဝါကြူ"

"နေဦးကွ ဒီညနေတော့ မလာနဲ့ဦး။ ရက်တွေကြာလို့ အပမှီတယ်ထင်လို့ ပယောဂဆရာလည်း ပင့်ထားတယ်။ ဒီညနေ သိပ်စည်မှာ"

ပယောဂဆိုတဲ့ စကားလုံးကလည်း ကျွန်တော့်ကိုယ်စောင့်နတ်ကို ကိုယ်စောင်းဝင်တိုက်နေပြန်ရော။

"တကယ်လို့ ကျွန်တော် ဒီညနေ လာခဲ့ရင်ကောဗျာ"

"ဟာ လူတွေစည်ပြီး မင်း နားမျက်စိနောက်မှာပေါ့"

"နားမျက်စိနောက်ရင်လည်း နောက်ပစေဗျာ၊ ဒီညနေ လာမယ်"

ကျွန်တော် အဲဒီစကားမျိုး ပြောထွက်ခဲတယ်။ အခုတော့ ဘယ်လိုထွက်ချသွားမှန်းမသိဘူး။ လွတ်ခနဲ ထွက်ချသွားတယ်။ ကိုယ်စောင့်နတ်က သိန်းလှိုင်ပြောလိုက်ဆိုလို့ ပြောချလိုက်တာဖြစ်မယ်။ အကြောင်းအရာမျိုးစုံက ကျွန်တော့်ကို အဲဒီသွားဖို့ ဆရာတော်ကို ကုဖို့ တွန်းပို့ကြတယ်ထင်ပါရဲ့။

အဲဒီနေ့က ညနေကို ရောက်ချင်လို့ နာရီတကြည့်ကြည့်နဲ့ ဖြစ်နေပြီ။ ညနေ ၄ နာရီလည်းထိုးရော...

"ဟေ့ နောင်အို လာကွာ၊ ဆေးသေတ္တာ ကားပေါ်တင်ကွာ"

နောင်အိုဆိုတာ ကားဆရာနဲ့နာမည်ပါ။ ကားနဲ့ တောင်ပေါ်တက်ခဲ့ကြတယ်။ တောင်ပေါ်ရောက်လို့ ကျောင်းအဝင်ရှိသေးတယ်။

"ထွက်..."

"ထွက်စမ်း..."

"ဖုန်း..."

"ထွက်..."

"ဒုန်း..."

"အံမာ အာခံနေတာလား ထွက်..."

အသံတွေ ကြားလိုက်ကတည်း ပယောဂတော့ ကုနေပြီဆိုတာ ခန့်မှန်း

မိလိုက်ပြီ။ နောင်အိုက ဆေးသေတ္တာလေးဆွဲလို့ နောက်က လိုက်လာတယ်။ ကျောင်းလေ့ကားထစ်မှာ ချွတ်ထားတဲ့ ဖိနပ်တွေဆိုတာ ရေတွက်မရသလို မြင်မကောင်းဘူး။ အရောင်စုံ၊ ဆိုဒ်စုံ၊ တံဆိပ်စုံ၊ သစ်သစ်လွင်လွင်ရော၊ တစ်ပတ်ရစ်တွေရော၊ ဟောင်းဟောင်းနွမ်းနွမ်းတွေရော။

"ဖုန်း..."

"ငါ့ကို ဘာမှတ်နေလဲ"

ဆရာဝန်တချို့ရှိတယ်။ ဘုန်းကြီးတွေရော၊ မယ်သီလတွေပါ ရှိတယ်။ လူပရိသတ်ကတော့ အစွယ်သုံးပါးအစုံရှိတယ်။ ရောက်ရောက်ချင်း ကျွန်တော် ဘုရားစင်ရှေ့မှာ ဝပ်ချပြီး ဦးသုံးကြိမ်ကန်တော့လိုက်တယ်။ အဲဒီတုန်းက ကျွန်တော်က ဆရာဝန်လောကမှာ အငယ်ဆုံး ဆရာဝန်ချာတိတ်တစ်ယောက်။ ပြီးတော့ နေမကောင်းတဲ့ ဆရာတော်ကြီးကို ကန်တော့တယ်။ ပယောဂကုနေတဲ့ ဘုန်းကြီးလက်ထဲမှာ ကြိမ်လုံးနဲ့ လည်ပင်းမှာ စိပ်ပုတီးကြီးဆွဲထားတဲ့ ဘုန်းကြီးကို မကန်တော့ဘူး။ လက်ဖျံနှစ်ဖက်စလုံးမှာ အင်းကွက်တွေ၊ ဂါထာတွေ ဆေးထိုးထားလိုက်တာ တော်ရုံလူဆိုရင် အဲဒီအင်းကွက်တွေမြင်တာနဲ့တင် တော်တော်ရှိန်မယ်။

ပရိသတ်က ကျွန်တော်လုပ်တာကို ငွေရောင်ပိတ်ကားပေါ်က ဇာတ်ဝင်ခန်းတစ်ခန်းကြည့်ကြသလို အာရုံစိုက်ကြည့်နေကြတယ်။ အင်းဘုန်းကြီး၊ ဓာတ်ဘုန်းကြီးက ဆရာတော်ကို ရေမန်းတိုက်ဖို့ ပြင်ဆင်နေတယ်။ မောင်းထောင်းခွက်ထဲမှာ သောက်ရေတွေထည့်ပြီး ပါးစပ်က ဆီမန်းမန်းသလို ရေတွေကိုလည်း မန်းနေတာ။ ပြီးမှ ဆရာတော့်ကို ရန်သူတစ်ယောက် ငြိုးသူရန်ဘက်တစ်ယောက်ကို ဒေါသအမျက်ထွက်တဲ့အကြည့်နဲ့ ကြည့်ပြီး

"သောက်၊ ကုန်အောင်သောက်၊ ငါ့အမိန့်" တဲ့။

ဆရာတော်ကို မောင်းထောင်းခွက်ထဲကနေ သစ်စေးရောင်ထနေတဲ့ ကျောက်ကာဖလားနဲ့ ရေမန်းတွေ တိုက်နေတယ်။

ဘုန်းကြီး သူ့အလုပ်သူလုပ်နေတုန်း ကျွန်တော်ကလည်း ခွင့်မပန်ဘဲ ကျွန်တော့်အလုပ် ကျွန်တော် လုပ်တယ်။ ခပ်လှမ်းလှမ်းက ဆရာဝန်ကြီးတစ်ယောက်က ကျွန်တော့်ကို မျက်လုံးပြူးကြည့်ပြီး ခေါင်းယမ်းပြတယ်။ မောင်သိန်းလှိုင် ဝင်မပါနဲ့၊ မလုပ်နဲ့။ ဆရာတို့တောင် လက်လွှတ်ထားရတာဆိုတဲ့သဘော။

ကျွန်တော်က နေမကောင်းတဲ့ ဆရာတော်ကို မျက်လုံးချင်းစိုက်ကြည့်ပြီး သေသေချာချာအကဲခတ်တော့ ပယောဂလို့မထင်ဘူး။ သေချာအောင်လို့ စီးကရက်မီးညှိပြီး အဖွာခိုင်းတော့ ဆရာတော်က ဖွာရုံတင်မကဘူး၊ အကြိုက်

နှစ်ရှိုက်လောက် ဖွာလိုက်ရှိုက်လိုက် စီးကရက်ခိုးတွေ မှုတ်ထုတ်လိုက် လုပ်တယ်။ စီးကရက်မီးက မငြိမ်းဘူး။

ဆရာဝန်ကြီးတစ်ယောက် သူ့တပည့်ကိုလွှတ်ပြီး ကျွန်တော့်နားကပ်ပြီး စကားတွေ တိုးတိုးလေးလာပြောတယ်။

"ဆရာ ကျွန်တော် မိုလ်မှူးသိန်းထူးက အပြောလွှတ်လိုက်တာပါ။ ဆက်ပြီး မစမ်းပါနဲ့၊ ရမှာမဟုတ်ဘူးဆရာ"

သူ့စကားလည်းဆုံးရော လှမ်းကြည့်လိုက်တော့ ဆရာတော်ကြီးက ကျောက်ကာခွက်ထက်က ရေတွေကို သောက်နေသည်။ ပထမတစ်ခွက်ကုန်တော့ မော့ပြီး အမောဖြေတော်မူရှာရတယ်။

ကျွန်တော်က ပယောဂကုနေတဲ့ ဘုန်းကြီးကို လျှောက်လိုက်တယ်။

"အရှင်ဘုရား ဘာလုပ်နေတာလဲ ဘုရား"

ဘုန်းကြီးက ဒီဒကာ ဒီလောက် အ,ရသလားဆိုတဲ့အကြည့်နဲ့

"ပယောဂ ကုနေတာ"

"မြိတ်သံဝဲနေလို့ မနည်းနားထောင်ရတယ်။ ပတ်ဝန်းကျင်က ပရိသတ်တွေကလည်း တိတ်လို့ ဆိတ်လို့။ ပယောဂကုတဲ့ ဘုန်းကြီးနဲ့ ကျွန်တော်နဲ့ စကားပြောတာ သာမန်လေသံနဲ့ပဲ ပြောတာဆိုတော့ သူတို့ကြားချင်တော့ အသံတွေ တိတ်ငြိမ်ပြီး နားစိုက်ထောင်နေကြတယ်။

"အဲဒီရေတွေက ဘာလို့တိုက်တာလဲ ဘုရား"

"ဗိုက်ထဲမှာ ရောက်နေတဲ့ အပင်းတွေ ပျောက်ကျအောင် ဖျော်နေတာ"

"ဩော်... ပြီးရင် ပါးစပ်က အန်ထွက်လာမှာလား"

"မထွက်အောင် စီရင်ထားတာ၊ ဆီးအဖြစ် ဝမ်းအဖြစ်ပဲထွက်မှာ"

"အရှင်ဘုရား မအန်ဘူး သေချာတယ်နော်"

ကျွန်တော့်ကို မအန်ဘူးလို့ပြောပြီး ကျောက်ကာခွက်တစ်ခွက် ထပ်အသောက်ခိုင်းလို့ ဆရာတော်ခမျာ သောက်ရရှာတယ်။ ပရိသတ်ထဲက ဝဏ္ဏကျော်ထင် ဦးကြည်ဆိုင်နဲ့ ကျွန်တော် အကြည့်ချင်းဆုံသွားတဲ့အခါ သူကလည်း ခေါင်းယမ်းပြတာပဲ။ သဘောကတော့ ဒေါက်တာသိန်းလှိုင် ဆက်မလုပ်နဲ့တော့။ မင်း မရနိုင်ဘူးနော်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ဘုန်းကြီးကို စမ်းသပ်ရင်း ဗိုက်တစ်နေရာကို လက်နဲ့စမ်းရင်း ပါးစပ်ကနေ

"ကျွန်တော် ရောဂါတွေ့ထားပြီ ဆရာတို့၊ လာစမ်းကြည့်လှည့်" လို့ အော်ပြောလိုက်တယ်။ ပရိသတ်တွေလည်း စကားတွေ တစ်ယောက်တစ်ပေါက် ပြောကြ၊ ဆွေးနွေးကြပြီး အခိုက်အတန့်တော့ ဆူညံသွားတယ်။ ပရိသတ်ထဲက

ဆရာဝန်ကြီးသုံးယောက် ထွက်လာကြတယ်။ သူတို့လည်း ကျွန်တော့်လို ဆရာဝန် ချာတိတ်တစ်ယောက်က ပြောတာကို မယုံအခက် ယုံအခက်နဲ့ မထချင် ထချင် လေးလေးလံလံ ထလာကြတာလေ။

ဆရာတော်ရဲ့ သင်္ကန်းအပေါ်က စမ်းနေရာက သင်္ကန်းကိုလှန်ပြီး ရှေ့ဆုံးက ရောက်လာတဲ့ ဆေးရုံအုပ်ကြီး ပီအာဘားဝါးကို အစမ်းခိုင်းလိုက်တယ်။ ဆရာတော် ခန္ဓာကိုယ်က ပိန်ချုံးပြီး အရိုးတွေငေါ်နေပြီ။ ဝမ်းဗိုက်တော်က ပြားချပ်နေတယ်။

ဆရာတော်ရဲ့ နားတော်နား အသာကပ်ပြီး...

"အရှင်ဘုရား ဘာပယောဂ၊ ဘာအပင်းမှ သွင်းထားတာမဟုတ်ဘူး။ အရှင်ဘုရား ဘာမှမပူနဲ့၊ တပည့်တော်စကား နားထောင်တော်မူပါ" လို့ ပြောလိုက်တယ်။ အနားမှာရှိတဲ့ ဆရာဝန်တွေကြားကြပေမဲ့ မယုံကြသေးဘူး။ ဆရာကြီး ပီအာဘားဝါးလည်း ကျွန်တော် အစမ်းခိုင်းတဲ့နေရာ သူ စမ်းပေမဲ့ ဘာမှတွေ့ပုံမရဘူး။ သူ့မျက်နှာက ကျွန်တော့်ကိုကြည့်ပြီး ဘာမှလည်း မစမ်းမိပါလား မောင်သိန်းလှိုင်၊ ဟုတ်မှလည်း လုပ်နော်၊ ငါတို့ဆရာဝန်တွေအားလုံး ပင်လယ်ထဲ မျောကုန်တော့မယ်လို့ ပြောနေသလိုပဲ။

ဆရာတော့်ကို ကျောက်ကာခွက်နဲ့ ရေအပြည့်ခပ်ပြီး တစ်ခွက် ထပ်ကပ်လိုက်တယ်။ ဆရာတော်ကလည်း သူ့ရောဂါပျောက်ချင်ဇောနဲ့ ကြိုးစားပြီး သောက်ရှာတယ်။ ဆရာတော်ကို အသာလေးအလှဲခိုင်းပြီး ဗိုက်ကို လက်နဲ့ ခေါက်တော့ အသံက တစ်မျိုးပြောင်းသွားပြီ။ ဗုံကို သားရေတင်းနေအောင် ကျက်လိုက်သလိုမျိုး။ ခဏနေတော့ ရေနောက်တစ်ခွက် ထပ်ကပ်တယ်။ ဆရာတော်က လိုလိုချင်ချင် သောက်တာပဲ။ ပယောဂကုပြီး အပင်းထုတ်ချင်တဲ့ ဘုန်းကြီးက သူ မန်းထားတဲ့ ရေမန်းတွေ တစ်ခွက်ပြီးတစ်ခွက် သောက်နေတော့ သဘောတွေကျလို့နေတယ်။ ရေတွေက ကျောက်ကာခွက်နဲ့ ခြောက်ခွက်နီးနီး ရှိနေပြီ။

"အရှင်ဘုရား ဒီရေတွေက အန်ထွက်မှာလား"

"ဘယ်တော့မှ မအန်ဘူးဒကာ၊ သာမန်ရေမဟုတ်ဘူး။ အပင်းတိုက်မယ့်ရေမန်း၊ အထက်တန်းကျတဲ့ရေမန်း ဒကာ"

ကျွန်တော်က ဆရာတော့်ကို အမှောက်ခိုင်းတော့ ဆရာတော်ခမျာ ကြိုးစား မှောက်တော်မူရှာတယ်"

"ကိုင်း မအန်ဘူးဆိုတဲ့ ဦးပဥ္ဇင်း ဒီမှာကြည့်"

ဆိုပြီး နောက်ကနေ တစ်ချက်ဖိလိုက်တာ၊ ခုနက သောက်ထားတဲ့ရေတွေ

ပါးစပ်ကနေ ဝေါခနဲ ထွက်ကုန်တော့တာပါပဲ။ နောက်တစ်ကြိမ် ထပ်ဖိမလို့ ကြည့်လိုက်တော့ ပယောဂကုတဲ့ ဘုန်းကြီးနဲ့ သူ့တပည့် ထပြေးကြတာ။ သူတို့ အထုပ်တွေ သူတို့ ဆေးကွမ်းအစ်တောင် မယူနိုင်ကြတော့ဘူး။

အဲဒီအချိန်မှာ လူအများစုက ကျွန်တော့်လုပ်ရပ်ကို လက်မခံကြဘူး။ ဒေါက်တာသိန်းလှိုင် ဆိုးတယ်။ အက်ဒီ မလုပ်ကောင်းတာ သွားလုပ်တယ်။ ရွှေကြင်သမက် မကောင်းဘူးတဲ့။ ကျွန်တော့်ကြောင့် ယောက္ခမပါ ထိခိုက်ခံရတယ်။ ဒီဆရာဝန်ချာတိတ်ကြောင့် ပယောဂဆရာလည်း ပြေးပြီ။ ငါတို့ ဆရာတော် ဘယ်သူကုမလဲ၊ ဒုက္ခပဲတွေ အသံထွက်လာကြတယ်။

အနားမှာရှိတဲ့ သူ့ဒကာ ဒကာမနဲ့ ပရိသတ်ကို ကျွန်တော် ရှင်းပြရတယ်။

"ဆရာတော်ကို တကယ်ချစ်ရင်၊ ကြည်ညိုရင် ဆေးရုံကို ပင့်ခဲ့ကြပါ" စကားဆုံးတော့ ပရိသတ်က ဘာတွေပြောမှန်းမသိဘူး စကားသံတွေ ဆူခနဲ ဖြစ်သွားတာ။

"ဆရာတော်ရဲ့ အစာအိမ်မှာ ပြဿနာရှိနေတယ်"

ခုနလိုပဲ ဆူညံ ပူညံ ပြောကြပြန်ရော။

"အူမကြီးနဲ့ အစာအိမ် ဆက်လိုက်ရင် ခုနစ်ရက်အတွင်း ဆရာတော် ကောင်းသွားမှာပါ"

ဆူညံနေကြတဲ့ ပရိသတ်နဲ့အတူ ကျွန်တော့်ကို မယုံမကြည် ကြည့်နေကြတဲ့ သက်ကြီးဝါရင့်ဆရာဝန်တွေရဲ့ မျက်နှာကို စိတ်ပျက်ဖွယ် တွေ့နေရတယ်။

"ဘာပယောဂမှ မဟုတ်သလို ဘာအပင်းမှလည်း မရှိပါဘူး။ ဆေးရုံကို မပင့်ခဲ့ရင်တော့ ဆရာတော်ဟာ ခုနစ်ရက်အတွင်း ပျံလွန်တော်မူမှာပဲ"

ကျွန်တော် ပြောပြောဆိုဆိုနဲ့ လှည့်ပြန်လာခဲ့တယ်။ နောင်အိုကတော့ ယုံကြည်မှုအပြည့်နဲ့ ကျွန်တော့်နောက်က ဆေးအိတ်ဆွဲပြီး ဆင်းလာခဲ့တယ်။ ကျွန်တော့်ဘက်မှာ အားကိုးစရာဆိုလို့ ဆေးပညာအကြောင်း ဘာမှမတတ်တဲ့ ကားဆရာ နောင်အိုပဲ ရှိတယ် ဟုတ်လား။ ကျွန်တော် ယုံကြည်နေတာကတော့ ဆရာတော်ရဲ့ ဒကာ၊ ဒကာမတွေနဲ့ ဆရာဝန်ကြီး ဆရာတော်ကို ဆေးရုံတင် သင့်မသင့် အကြိတ်အနယ် ငြင်းခုံဆွေးနွေးနေရစ်ကြမှာပါပဲ။

ဒီအတွေ့အကြုံကို ခွန်းမှာရှိတဲ့ နော်မူကြည်တို့အသိုင်းအဝိုင်းကို ပြောပြတော့ သူတို့ရဲ့စိတ်အာရုံတွေကို ကျွန်တော် ကောင်းကောင်းသိမ်းပိုက်ဖမ်းချုပ်နိုင်တယ်ဆိုတာ သိတယ်။ သူတို့စကားကို လုပြော လုမေးကြတယ်။ သံပြိုင် လောက်နီးနီးလေ။

"ဆရာ... အဲဒီဆရာတော် ဆေးရုံကို လာတက်သလား"

ကျွန်တော် ပြုံးလိုက်တယ်။ တကယ်တော့ သူတို့ကို နှုတ်ကနေ တစ်ခွန်းမှ ဖြေစရာမလိုဘူး။ သူတို့ ကျွန်တော့်အပြုံးကို နားလည်နိုင်စွမ်းရှိကြတယ်။ ဒါပေမဲ့ စကားတွေ အများကြီးပြောနေတာ၊ အရှိန်က ရနေတော့ ကျွန်တော့် ပါးစပ်ကို ဘရိတ်မအုပ်လိုက်နိုင်ဘူး။

"ဆရာတော် ဆေးရုံလာတက်တယ်။ ဆရာတော့်ကို ခွဲတော့ ပယောဂ အစွဲချွတ်ပွဲကို တက်ရောက်ကြတဲ့ ဆရာဝန်ကြီးတွေ လာကြည့်ကြတယ်။ သူတို့သဘောကတော့ မောင်သိန်းလှိုင် မင်းပရိသတ်အလယ်မှာ ပြောခဲ့တဲ့အတိုင်း အူမကြီးနဲ့ အစာအိမ်ဆက်ရမယ်ဆိုတာ ဟုတ်ရင် ဟုတ်ပေါ့ကွာဆိုတဲ့အကြည့်နဲ့။ ဆရာတို့ပါးစပ်ကသာ ဖွင့်မပြောတာ၊ ကျွန်တော် အဲဒီဆရာတွေရဲ့ မျက်လုံးတွေကို ဖတ်တတ်၊ ဘာသာပြန်တတ်တယ်"

"ဆရာ တကယ်ခွဲကြည့်လိုက်တော့ သူတို့ ဘာပြောကြသလဲ"

နော်မူကြည်တို့ရဲ့ သင်းအုပ်ဆရာက မေးတယ်။

"ဆရာ ပီအာဘားဝါးက ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်တယ်။ ကျန်တဲ့ဆရာဝန်တွေက လက်မထောင်ပြကြတယ်။ ဆရာတော်ရဲ့ဗိုက်ကို ပြန်ချုပ်နေတုန်းမှာပဲ သူတို့ အလျှိုအလျှို လစ်သွားကြတယ်"

* * *

## အမိန့်ထူး

ကျွန်တော် အလုပ်က ညနေ ပြန်လာတယ်။ ဒီနေ့ ဆေးရုံမှာ မုတ္တကျတဲ့ နာဂတစ်ယောက်ရယ်၊ လည်ပင်းကြီးနေတဲ့ နာဂအမျိုးသမီးတစ်ယောက်ရယ် ခွဲခဲ့ရတယ်။ စိတ်ထဲမှာ ပင်ပန်းတယ်လို့ မခံစားရပေမဲ့ ယမကာလေး မှီဝဲချင်စိတ်ပေါ်တယ်။ ကျွန်တော့်ကို ကုန်သွယ်ရေး(၄)က မန်နေဂျာက လက်ဆောင်ပေးထားတဲ့ မော့ဝီစကီပုလင်းက သုံးချိုးတစ်ချိုးတောင် မကုန်ချင်သေးဘူး။ ခပ်ညှံ့ညှံ့ ဝီစကီသောက်ရတိုင်း စင်ကာပူမှာ ဂျပန်သဘော်ာကပ္ပတိန်သူဌေးသား အော်တူးကတ်စံကို သတိရမိတာအမှန်ပဲ။ ကျွန်တော်တို့ရဲ့ ရွှေရောင်နေ့ရက်များ၊ ပယင်းရောင်ညနေခင်းများ၊ ပျော်ရွှင်စရာနှစ်ကာလများဆိုပါစို့။

မော့ဝီစကီနဲ့ မြည်းစရာ စီးကရက်ပဲရှိလို့ စီးကရက်သုံးလေးဖွာ ဝီစကီ တစ်ကျိုက် ကျိုက်ရတာ ဗိုလ်ချုပ်နေဝင်းခေတ် ခန္တီးမှာတော့ ဇရာမစည်းစိမ်

အရသာကြီးပေါ့။ အဲဒီလို လှပတဲ့ ခန္တီးမြို့ရဲ့ နေဝင်ချိန်မှာ ဇိမ်ခံ ခံစားနေတုန်းမှာ တပည့်ကျော် နော်မူကြည် လင်မယားရောက်လာကြတယ်။ သူတို့ အပျော်တွေ၊ အပြုံးတွေနဲ့ လာကြတာမဟုတ်ဘူး။ အပုပ်ချိန်၊ နွားရိုင်းသွင်းချိန်မှာ သူတို့ အငိုမျက်လုံးကိုယ်စီ၊ သောကပူပူတွေကို ပိုက်လို့ ရောက်လာကြတာ။

"ဆရာရေ ကယ်ပါဦး"

"ဟဲ့ မဦးမချွတ် ဘာတွေဖြစ်လာတာလဲ"

နော်မူကြည်က သူ့ခင်ပွန်း သင်းအုပ်ဆရာ ဆမ်ဆမ်ကို တံတောင်နဲ့တွန်းတယ်။ သဘောက ဆမ်ဆမ် ပြောစရာရှိတာ ပြောလိုက်ဆိုတဲ့သဘော။ ဆမ်ဆမ်ကလည်း အပြောခက်နေတယ်။ ကိုယ့်ဆရာ အနားယူနေချိန်မှာ အနှောင့်အယှက်လာပေးမိလို့ အပြောခက်နေသလိုမျိုး။ ဆမ်ဆမ်က မနည်းအားယူပြီး သူ့စကားကို စတယ်။

"ကျွန်တော်တို့ဘာသာထဲက သင်းအုပ်ဆရာ ကိုစိန်အောင် အဖမ်းခံရလို့ဆရာ"

"ဟေ မီဇိုက ဖမ်းတာလား၊ ဖီဇိုက ဖမ်းသွားတာလား"

"မဟုတ်ဘူးဆရာ၊ ဒီက စစ်တပ်က ဖမ်းတာ"

"ဟ… ဘာဖြစ်လို့ ဖမ်းတာတဲ့တုန်း"

"မီဇိုသူပုန်တွေ သူ့ဆီမှာ တစ်ညအိပ်သွားကြတာ သူက လက်ခံတဲ့အပြင် ထမင်းပါ ကျွေးလိုက်လို့တဲ့ဆရာ"

ပတ်ကွိုင်တောင်ပေါ်မှာရှိကြတဲ့ လက်နက်ကိုင်တွေက ခရစ်ယာန်ဘာသာဝင်တွေ များကြတယ်။ ခပ်ပလန်တို့၊ ဘိုးနော်တို့ဆိုတာ ခရစ်ယာန်ဘာသာဝင်တွေ။ သူတို့က ရိက္ခာအတွက်၊ ဒါမှမဟုတ် ဆေးဝါးအတွက် မြေပြန့်ကို တစ်ခါတလေ ဆင်းလာတတ်တယ်။ အဲဒီလို ဆင်းအလာမှာ သင်းအုပ်ဆရာရဲ့ရွာမှာ တစ်ညဝင်အိပ် ထမင်းတစ်နပ်စားသွားကြသတဲ့။

သင်းအုပ်ဆရာ စိန်အောင်က နာဂလူမျိုးလည်းမဟုတ်ဘူး။ ရှမ်းလည်းမဟုတ်ရှာဘူး။ ကရင်အမျိုးသားလေး။ အသင်းတော်ကပို့လို့ အခုလို နယ်စွန်နယ်ဖျားမှာလာပြီး အမှုထမ်းနေရှာသတဲ့။ တောင်ပေါ်က ဆင်းလာကြတဲ့ဘာသာတူ မီဇိုတွေက အကူအညီတောင်းတော့ သာသနာပြုပုဂ္ဂိုလ် သင်းအုပ်ဆရာပီပီ လက်ခံပြီး ကျွေးမွေးလိုက်ရတယ်။ ဘာသာတူတွေနဲ့ သင်းအုပ်ဆရာတွေ့ကြတာလေ။ ပြီးတော့ သူတို့မှာ ခေတ်မီသေနတ်တွေနဲ့။ လက်မခံနိုင်ဘူးဗျာ၊ မကျွေးနိုင်ဘူးဗျာလို့ ဘယ်သူပြောရဲမလဲ။ အပြောအဆို အဆက်အဆံမတတ်လို့ သတ်သွားရင် ဘယ်လိုလုပ်ကြမလဲ။ ဘယ်သူတာဝန်ယူမလဲ။ လုံခြုံ

မှု မပေးနိုင်တဲ့အရပ်လေ။ ပြီးတော့ ဆမ်ဆမ်ပြောစကားအရတော့ သင်းအုပ်ဆရာ ကိုစိန်အောင်အမှုက မနေ့တစ်နေ့၊ လွန်ခဲ့တဲ့ရက်သတ္တပတ်က ဖြစ်ပျက်တဲ့အဖြစ်အပျက်မဟုတ်ဘူး။ တစ်လ၊ တစ်လခွဲလောက်က ဖြစ်တဲ့ကိစ္စတဲ့။ ခလရ ၅၂ က သတင်းရလို့ စုံစမ်းရင်းနဲ့ သင်းအုပ်ဆရာကို ဆွဲချလာတာ။

နော်မူကြည်တို့ ဆမ်ဆမ်တို့မှာ အပူအပင်သောကတွေ ထွေးပွေ့ထားနေရပြီဆိုတာ ကျွန်တော် နားလည်တယ်။ ကျွန်တော် မသိတဲ့ သင်းအုပ်ဆရာစိန်အောင်အတွက်လည်း စိတ်မကောင်းဘူး။ စာနာစိတ်ပေါ်မိတယ်။ သူ့ကိုမေးရင် သင်းအုပ်ဆရာ အမှန်အတိုင်းပြောမှာလေလား၊ ဖြေမယ်လို့လည်း ယုံတယ်။ ကျွန်တော်က ယုံပေမဲ့ စစ်တပ်က ယုံပါ့မလား။ သူတို့သိချင်တာ သူတို့ ထွက်ဆိုစေချင်တဲ့အတိုင်း မထွက်ဆိုရင်ကော။ ကျွန်တော့်စာနာစိတ်က စက္ကန့်နဲ့အမျှ ပူပန်မှုဘက်ကို ရွေ့လျားနေတယ်။

"ဆရာ ကိုစိန်အောင်ကို ဘယ်သူနဲ့မှ တွေ့ခွင့်မပေးဘူး။ ကျွန်တော်တို့ ဆီကိုတောင် ခိုးပြီး အကြောင်းကြားတာ"

ဆမ်ဆမ်ရဲ့စကားဟာ ပူပန်မှုရေချိန်ကို တိုးစေတယ်လေ။

"အထူးကြပ်မတ်ထားတယ်၊ အထူးကြပ်မတ်ထားတယ်။ ဘယ်သူနဲ့မှ တွေ့ခွင့်မပေးဘူး၊ ဘယ်သူနဲ့မှ တွေ့ခွင့်မပေးဘူး"

ဒီစကားလုံးတွေက ကျွန်တော့်နားစည်ထဲမှာ ပဲ့တင်ထပ်နေတာလား၊ ဦးနှောက်ထဲမှာ လွန်းထိုးနေကြသလား ကျွန်တော် မဝေခွဲနိုင်ဘူး။

"ဆရာ ကျွန်တော် ကျိန်ဆိုကျိန်ရဲတယ်။ ကိုစိန်အောင် သူပုန်လည်း မဟုတ်ဘူး၊ သူကန်လည်းမဟုတ်ဘူး။ သူဟာ လူကောင်း ဆရာ"

"အေးကွာ မနက်ဖြန်ကျတော့ ရဲစခန်းကို ငါသွားမယ်"

"မသွားနဲ့ဆရာ၊ ဆရာ့လည်း တွေ့ခွင့်ပေးမှာမဟုတ်ဘူး"

"ဘာလို့ တွေ့ခွင့်မပေးရမှာလဲ"

"ပြီးတော့ ခန္တီးမြို့မရဲစခန်းမှာ မဟုတ်ဘူးဆရာ"

"ဟေ... ဘယ်မှာတဲ့လဲ"

"မြို့အထွက်က ရဲကင်းမှာ ချုပ်ထားတာ ဆရာ"

နောက်တော့မှ ဓာတ်ရည်လည်တယ်။ ဓာတ်ရည်လည်တော့ ကျွန်တော် မြို့အထွက်က ရဲကင်းကို မရောက်ရောက်အောင် သွားဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ ဆရာစိန်အောင်က တခြားလူဟုတ်ပါရိုးလား။ ရှမ်းမိုင်းဒေါင်း ခရစ်ယာန်မိုင်းဒေါင်းမှာရှိတဲ့ ဆေးခန်းကနေ ဆေးပစ္စည်းခွဲစိတ်ပစ္စည်းတွေကို အရင် ငှားသုံးဖူးပါလေရော။ အဲဒီဆေးခန်းနဲ့ ပစ္စည်းတွေကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့

ဂေါပကထဲက အရေးပါတဲ့သူတစ်ဦးတဲ့။ ဒါကြောင့်မို့ကို သူ့ကို သွားတွေ့ဖို့ ဆုံးဖြတ်ချက် ချလိုက်တာလေ။ သူတို့ပစ္စည်းတွေနဲ့ လူနာတွေရဲ့ အသက်တွေ ကယ်ခဲ့တာ၊ ဝေဒနာတွေ သက်သာပျောက်ကင်းစေခဲ့တာ မနည်းတော့ဘူး ဟုတ်လား။ သူ့ကျေးဇူး ဒီဆေးရုံအပေါ်မှာရော ကျွန်တော့်အပေါ်မှာရော ဝေဒနာရှင်တွေအပေါ်မှာရော ရှိတယ်။ ဒါ့အပြင် သူ့ခမျာ အချုပ်သားတစ်ယောက်ရဲ့ ခံစားခွင့်ရရဲ့လား။ ဆုံးရှုံး နေသလား ကျွန်တော် သိချင်တယ်။ ဆုံးရှုံးမှာလည်း ရာနှုန်းကိုးဆယ်လောက် သေချာတယ်။

နောက်တစ်မနက်ကျတော့ ဆေးရုံသွားတယ်။ အိုပီဒီ ထိုင်တယ်။ ပြီးတော့ ရောင်းလှည့်တယ်။ ရောင်းလှည့်ပြီးတော့ တောင်ပေါ်က ရဲစခန်းကို သွားတယ်။ သင်းအုပ်ဆရာတွေ့ရအောင် သွားတာ။ ကင်းမှူးက ဆီးမေးတာပဲ။

"ဆရာ ဘာကိစ္စရှိလို့လဲ"

"ငါ မင်းတို့စခန်းကို စစ်ရအောင်လာတာ"

သူတို့ ကျွန်တော့်ကို မစစ်ပါနဲ့လို့ တားပိုင်ခွင့်မရှိဘူး။ အချုပ်သားတွေ ကြည့်တော့ ဆရာစိန်အောင်တစ်ယောက်ပဲ။

"ခင်ဗျား ဘာဖြစ်လို့ ဖမ်းထားတာလဲ"

သူက အမှုဖြစ်စဉ်အကျဉ်းပြောပြတယ်၊ သူ့အကြောင်းပြောပြတယ်။

"ကျွန်တော် သာသနာပြုနေတာပါဆရာ၊ နိုင်ငံရေးနဲ့ ကင်းပါတယ်။ ဖြစ်လာတာတော့ ဘယ်တတ်နိုင်မလဲ ဆရာ"

"ဆရာ… ဆမ်ဆမ်တို့၊ နော်မူကြည်တို့ကို သိတယ်ဟုတ်လား"

"သိတာပေါ့ ဆရာ"

"ဘာမှာလိုက်ဦးမလဲ"

"ဘာမှ မမှာတော့ပါဘူး။ ဆရာလာတာ ကျေးဇူးတင်ပါတယ်"

ကျွန်တော်က သူ့ကိုတွေ့ကတည်းက သူ့ကျန်းမာရေးအခြေအနေကို မျက်လုံးနဲ့ကြည့်နေတာ၊ ဒဏ်ရာ၊ အညိုအမည်း၊ နှုတ်ခမ်းကွဲ ဘာညာရှိသလား ကြည့်နေတာ။ ရဲစခန်းရဲ့ အိမ်သာတွေပါ ကြည့်ပြီး ပြန်လာခဲ့တယ်။ ကျွန်တော် စစ်ရာ စကားပြောနေရာနောက်ကို အရာခံနဲ့ စခန်းတာဝန်ခံက တကောက်ကောက်လိုက်နေတယ်။ အဲဒီစခန်းတာဝန်ခံတွေကိုတော့ ကျွန်တော် ခံစားမိတာတွေ ပြောခဲ့သေးတယ်။

"တတ်နိုင်သလောက် သူ့ကို ကူညီလိုက်ပါ၊ စောင့်ရှောက်လိုက်ကြပါဗျာ၊ သူတို့လို သင်းအုပ်ဆရာတွေကြောင့် ပတ်ကွိုင်တစ်ကြောက နာဂတွေ ဖွံ့ဖြိုးလာတာ ကျွန်တော်တို့ အလယ်ပိုင်း မဖွံ့ဖြိုးဘူး"

ဆေးရုံပြန်ရောက်တော့ ကျွန်တော်ကတော့ နော်မူကြည်ကို အခေါ်လွှတ်စရာမလိုဘူး။ သူက ကျွန်တော့်ပြန်အလာကို စောင့်နေတယ်။ ဒါနဲ့ ရဲစခန်းစစ်ခဲ့တဲ့အတွေ့အကြုံ သူ့ကို ပြန်ပြောပြရတယ်။

ကျွန်တော် သင်းအုပ်ဆရာကို လူသားချင်းစာနာလို့ သွားမေးတာ။ ရဲစခန်းကို စစ်ရမယ့်တာဝန်ရှိလို့ စစ်တာ။ အမှန်အတိုင်းဆိုရင်တော့ ကျွန်တော်နဲ့ အနီးဆုံး မြို့ထဲက ရဲစခန်းကိုလည်းစစ်ရမယ်၊ ပြီးရင် တောင်ပေါ်က စခန်းကိုလည်း စစ်ရမယ်။ အခုကိစ္စက တောင်ပေါ်က ရဲစခန်းစစ်တာက စစ်တယ်မည်ကာမတ္တပဲ။ သင်းအုပ်ဆရာ စိန်အောင်ကို သွားတွေ့တာ သိသာနေတယ်။

ဒီကိစ္စက ကျွန်တော့်လုပ်ပိုင်ခွင့်ထဲက လုပ်တာ။ ဒါပေမဲ့ ကျွန်တော် သင်းအုပ်ဆရာကို သွားတွေ့တဲ့အမှုက မှန်ဘီလူးတွေ ကိုင်ထားကြသူတွေအနေနဲ့ကျတော့ ဒီအမှုက ဧရာမအမှုကြီးပေါ့။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ဗိုလ်ကြီးထွန်းလင်းရယ်၊ ဦးဖိုးချိုရယ်၊ စောသစ္စာဝတီရယ်၊ နယ်ပိုင်ဦးအောင်ကြည်ရယ်၊ ဒီမောင်တွေက ဒီသတင်းလည်းရရော သူတို့ခေါင်းထဲမှာ စွဲမှတ်ထားတဲ့ အရင်အတေးအမှတ်တွေနဲ့ ပေါင်းမိကြသတဲ့။ ကျွန်တော့် ခင်သူ မင်သူတွေလည်း သူတို့အသိုင်းအဝိုင်းထဲ ရှိတာကိုး။ ကျွန်တော့်မိတ်ဆွေက ပြန်ပြောတယ်။

"ဟာ ဒီဆရာဝန်က ဟိုသူပုန်အားပေး ဘာလို့ သွားတွေ့ရတာလဲ"

"သူ့နောက်ကြောင်း ပြန်လိုက်ထားဦးမှ"

"ဒီဆရာဝန်မှာ ဘိုနာမည်ရှိတယ်နော်၊ ဘာဆိုလား"

"ဟုတ်တယ်၊ ကြားဖူးတယ်။ သူကိုယ်တိုင်ပြောတာ"

"ဘာတဲ့ဗျာ"

"အက်ဒီ... ဟုတ်တယ်"

"သတိရပြီ အက်ဒဝပ်..."

"ဟုတ်တယ်"

"သူကိုယ်တိုင် ခရစ်ယာန်ဖြစ်လိမ့်မယ်။ ဗုဒ္ဓဘာသာမဟုတ်ဘူး ထင်တယ်"

"ဗုဒ္ဓဘာသာ အရေခြုံထားတဲ့ ခရစ်ယာန်ဖြစ်မှာ"

"ဟုတ်တယ်၊ ဟိုတလောက ဆမ်ဆမ်နဲ့ တောင်ပေါ်တက်၊ လက်ဝါးကပ်တိုင်စိုက်ပြီး စပါးထွက်အောင် သွားလုပ်ကြတာ။ နာဂတွေ လိုက်လာပြီး တရားစွဲကြတာလေ"

"ဒီနယ်မှာတော့ ဒီဆရာဝန် အတော်ရှုပ်ထားတာပဲ"

"ပြုတ်စော်တော့ နံနေပြီ"

ဒီလို အပြောအဆို ဒီလိုအသုံးအနှုန်းတွေနဲ့ ကျွန်တော့်မကြိုက်တဲ့သူတွေ၊ မကျေနပ်တဲ့သူတွေ တပ်ရင်းမှူးနဲ့ ပေါင်းမိသွားကြတယ်။

"ဒီဆရာဝန်တော့ ပြုတ်ပြီးပြန်ပြေးမှ အေးမှာပါ"

ကျွန်တော့်ကို နာဂတွေက နတ်လိုတစ်မျိုး၊ ဆရာဝန်လိုတစ်သွယ် ခင်ကြ၊ မင်ကြ၊ အားကိုးကြတယ်။ ဒီတော့ သူတို့ရဲ့ ကိစ္စကြီးငယ် ကျွန်တော့်ကို လာတိုင်ပင်ကြ၊ ရင်ဖွင့်ကြတယ်။

"မူဆေးလောင်ဂီး၊ ဆားလာဝယ်တာ ကုန်သွယ်ရေးက မရှိဘူးလို့ ပြောနေတယ်"

သူတို့ခမျာ ဟိုးတောင်ပေါ်က ခြေကျင်ဆင်းလာကြရတာလေ။ ဆားပဲလိုချင်တာ။ ဆားမရှိဘူး၊ မရောင်းဘူး၊ မဖြစ်သင့်ဘူး။ နောက်တစ်ခါ ဆန်လာဝယ်ကြတဲ့ နာဂတွေလည်း ဆန်ရောင်းမပေးတဲ့အခါ ကျွန်တော့်ကို လာပြောကြပြန်ရော။ ကျွန်တော်ကလည်း မြို့နယ်က ကုန်သွယ်ရေးကိုင်တဲ့ လူကြီးတွေသွားပြီး ရောင်းပေးလိုက်ပါဗျာ၊ ကူညီပြီး ပြောပေးရတယ်။

ဘာဘူစောင်လိုချင်တယ်၊ လာဝယ်ကြတယ်။ မရှိဘူး၊ ကုန်ပြီပြောလွှတ်တယ်။ တကယ်တော့ ဂိုဒေါင်ထဲမှာ အများကြီး။ လူမပြောနဲ့ ဆင်တွေကိုတောင် ခြုံပေးလို့ရတယ်။ စောင်တွေအများကြီး။ အပြင်မှာ မှောင်ခိုဈေးကွက်ရှိလို့ သူတို့အပြင်ထုတ်ကြတာတွေ ကျွန်တော် နားမလည်ဘူး။ တောင်တန်းဒေသ ဖွံ့ဖြိုးစေချင်တာ၊ အဝေးကြီးကလာကြတာ၊ သူတို့လာပြီးတိုင်တော့ လိုက်ဆောင်ရွက်ပေးရင်းနဲ့ အုပ်စိုးသူတွေက ကျွန်တော်ဟာ သူတို့အတွက် အမြိုက်၊ မျက်စိစပါးမွေးစူးစရာ သတ္တဝါတစ်ကောင် ဖြစ်လာတယ်။

ကျွန်တော်က ခန္တီးမှာရှိတဲ့ ခရစ်ယာန်အသိုင်းအဝိုင်းထဲမှာ ဝင်ဆံ့တာကိုပဲ အပြစ်တစ်ပြစ်လုပ်ကြတယ်။ ဒါဟာ သိန်းလှိုင်ကို ဆော်ရမယ့်အချက်တစ်ချက်ဖြစ်လာနေတာ ကျွန်တော် မသိဘူး။ သူတို့အတွင်း ကျိတ်ကျိတ် ကြံနေကြတာ။

သူနာပြုဆရာမ နော်မူကြည် သူ့ခင်ပွန်း ဆမ်ဆမ်ရယ်၊ အယ်အိတ်ဗီက လူတချို့ရယ် ခန္တီးမှာရှိကြတဲ့ ကရင်ခရစ်ယာန်အသိုင်းအဝိုင်းလေးရှိတယ်။ ကရင်ခရစ်ယာန်လို့ ပြောလို့ မပြည့်စုံပါဘူး။ နာဂနဲ့ ရှမ်းခရစ်ယာန်လေးငါးယောက်လည်း ပါတယ်။ သူတို့ စနေတို့၊ တနင်္ဂနွေတို့မှာ စုပေါင်းပြီး ဝတ်ပြုကြ၊ ဆုတောင်းကြတယ်။ သူတို့ရဲ့ နေ့ထူးနေ့မြတ်ပွဲတွေလုပ်တော့ ကျွန်တော် သွားတယ်။ တက်ရောက်အားပေးတယ်။ သူတို့က အာမင်ဆို ကျွန်တော်လည်း

အာမင် လိုက်ဆိုတာပေါ့။ သူ့ကို ဝတ်ပြုရာမှာ ကိုယ့်အိမ်ကရှိတဲ့ စားစရာလေး ယူလာ၊ သောက်စရာလေး ဖျော်လာပြီး ဧည့်ခံကြတာ။

ကိုယ့်တပည့်သားမြေးတွေ ဦးစီးတဲ့ ဝတ်ပြုပွဲ၊ မကောင်းတဲ့ ဒုစရိုက်လုပ်ကြတာလည်းမဟုတ်၊ ကောင်းရာမွန်ရာလုပ်ကြတာ၊ ကျွန်တော် အားပေးရမှာ။ ဒူးရင်းယိုတောင် သူတို့စားဖူးအောင် ယူသွားလိုက်သေးတယ်။ ဒီလူငယ်တွေလည်း ငါတို့ဆရာ၊ ငါတို့နဲ့ တစ်သားတည်းရှိတယ်။ ဆရာ့ကို ဘုရားသခင် စောင့်ရှောက်မှာတဲ့။ ကျွန်တော်လည်း ပျော်တယ်။ စိတ်လည်း အပန်းပြေတယ်။

သူတို့ကသာ ငါတို့ဆရာကို ဘုရားသခင်စောင့်ရှောက်မှာလို့ ဆုတောင်းပေးနေတာ။ ဟိုမှာ မာရ်နတ်စေတန်တွေက ဒီလိုဆုတောင်းပွဲ၊ ဝတ်ပြုပွဲတက်တာလေးကိုပဲ သိန်းလှိုင်အတွက် ဆော်စရာတစ်ကွက်တဲ့။

ဒါပေမဲ့ ကျွန်တော့်ကို အပြုတ်မဆော်ခင်မှာ ထူးဆန်းတဲ့အမိန့် ထွက်လာတယ်။ ကျွန်တော်ဖြင့် အံ့ဩလို့မဆုံးဘူး။ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ခရစ်ယာန်ဘာသာဝင် ဆရာမ နော်မူကြည်နဲ့ မာသာထောတို့ နှစ်ဆယ့်လေးနာရီအတွင်း ပြောင်းရမယ်။ ခရစ်ယာန်ဘာသာဝင် ကျန်းမာရေးဝန်ထမ်း နာဂတောင်တန်းမှာ လုံးဝမရှိရ အမိန့်ထွက်လာတယ်။ မာသာရ်ထောဆိုတာ မိခင်နဲ့ကလေး စောင့်ရှောက်ရေး အယ်အိတ်ဗွီက။

ကျွန်တော့်ကို ဒုက္ခရောက်စေတော့ဆိုတဲ့ အဓိပ္ပာယ်ပါမယ်လို့ ထင်တယ်။ နော်မူကြည်ဟာ ကျွန်တော်တို့ တစ်ဆေးရုံလုံး အားကိုးရတဲ့ဆရာမ။ မာသာထောက မိခင်နဲ့ ကလေးမှာ အရေးကြီးပုဂ္ဂိုလ်။ ကျွန်တော် အားကိုးရတဲ့လူတွေ အရင်ရှင်းတာ။ ကျွန်တော့်ခြေလက်တွေ ဖြတ်ပစ်တာနဲ့ တူတယ်။ မကြာခင် လာမယ်။ သိန်းလှိုင်ရဲ့ခြေလက်ဖြတ်ပြီးရင် ဇက်ဖြတ်တော့မယ်။

ဆေးရုံမှာ လူနာတွေက အများကြီး။ ကျွန်တော် ဒုက္ခဖြစ်ပြီ။ ဒါပေမဲ့ ငြိမ်မခံပါဘူး။ မြေပြန့်ကို အစည်းအဝေးသွားတဲ့အခါ ဒေါက်တာဦးထွန်းမင်းတို့နဲ့တွေ့တော့ ကျွန်တော် တည့်မေးတာ။

“ဆရာ ဘယ်လိုလုပ်လိုက်တာလဲ”

“ဘာကို ဘယ်လိုလုပ်လိုက်တာလဲလို့ မေးတာလဲ မောင်သိန်းလှိုင်”

“ကျွန်တော့်ဆီမှာ ခရစ်ယာန်ဆရာမရှိတာ ချက်ချင်းပြန်ရမယ်ဆိုတာ”

“အဲဒါ အထက်ကလာတဲ့ ညွှန်ကြားချက် မင်းဆီ ထပ်ညွှန်ရတာ” အဲဒီကျမှ တိုင်းဦးစီးမှူး ဒေါက်တာထွန်းမင်းကိုယ်တိုင် ခရစ်ယာန်မှန်း ကျွန်တော် သိခဲ့တာ။

* * *

## မွန်မြတ်တဲ့ စိတ်ဓာတ်

ကျွန်တော့်ကို နာဂတွေက ခင်မင်ကြတယ်၊ အားကိုးကြတယ်။ တချို့ကလည်း နတ်တဲ့။ အဲဒါဟာ ကျွန်တော် သင်ခဲ့တဲ့ ဆေးပညာ ခုနစ်နှစ်နော်။ ခွဲစိတ်ဓားကိုင်ပြီး ခွဲခဲ့လို့၊ ကုသပေးလို့၊ သက်သာပျောက်ကင်းလို့၊ ကျွန်တော့် လည်ပင်းကို အပေါင်ပေးခဲ့ရတယ်။ ဒါကြောင့်မို့ သူတို့ ယုံကြည်ကိုးစားမှုကို ရတာ။

ခရစ်ယာန်သာသနာပြုတွေခမျာ လစာလည်း များများစားစား ရတာ မဟုတ်ဘူး။ ခွဲလည်း ခွဲစိတ်တတ်တာမဟုတ်ဘူး။ ဘာသာစကားမတူတဲ့ နာဂတွေကို သွားပြီးစကားပြောလို့ စကားပေါက်တာမဟုတ်ဘူး။ ဒါပေမဲ့ သီချင်းလေးဆိုမယ်၊ ဂီတာတီးမယ်၊ တယော၊ ဒါမှမဟုတ် မယ်ဒလင်လေးတီးတဲ့ အခါ နားဝင်ချိုတယ်လေ။ စိတ်ဝင်စားတယ်လေ။ ကျွန်တော်တို့တောင် အိန္ဒိယ သီချင်းတွေ နားမလည်ဘဲ ကြိုက်ကြသေးတာပဲ။

"ဒေးကို ဒေးကို မား မား" နားဝင်ချိုတာပဲ။

ကျွန်တော်က ခရစ်ယာန်သာသနာပြုတွေဆီက အတုယူတယ်။ ဘယ် အရပ်ရောက်ရောက် ဘာပေးပါ၊ ညာပေးပါ မတောင်းဘူး၊ မယူဘူး။ ကျွန်တော် တို့ ဒါမျိုးအတုယူရမယ်။ နာဂတိုင်းရင်းသားတွေခမျာ ဆင်းရဲရှာတယ်။ သူတို့ မှာ သူများပေးဖို့နေနေသာသာ သူတို့ဝမ်း သူတို့ခါးတောင် အနိုင်နိုင်လေ။

သာသနာပြုတွေက ကြင်နာစိတ်၊ ကရုဏာစိတ်ကို ရင်မှာပိုက်ပြီး စိတ် ရှည်လက်ရှည် ချဉ်းကပ်ကြတာ။ နေကောင်းတယ်နော်၊ မင်္ဂလာပါ၊ ဂွဒ်မောနင်း ပြောတာဆိုတာကအစ မျက်နှာချိုချို၊ ပြုံးပြုံးရွှင်ရွှင် ပြောဆိုဆက်ဆံကြတာ။ ကလေးတွေတွေ့ရင် သကြားလုံးလေးတွေပေးတယ်။ လူကြီးသူမတွေကို တွယ် ချိတ်လေးတွေ၊ အပ်နဲ့ အပ်ချည်လုံး လက်ဆောင်ပေးတာ။ အချိန်ရရင် သူတို့ တောင်ယာလိုက်ပြီး အလုပ်လုပ်ကြသေးတယ်။

အဲဒီတော့ ဒီလိုလူဟာ ခင်မင်စရာကောင်းတာပေါ့။ ခင်မင်တော့ ယုံ ကြည်တာပေါ့။ နောက်တစ်ဆင့်က သြဇာညောင်းတာပေါ့။ ဒီလိုလုပ်ပါလား။ ဒါဆိုရင် လူသက်သာတယ်၊ အချိန်မကုန်ဘူး။ ဒါတော့ မလုပ်ပါနဲ့လား၊ မကောင်းဘူးထင်တယ်။

သူတို့က အားနည်းသူ၊ အားကိုးရာမဲ့သူတွေကို ချဉ်းကပ်၊ စောင့်ရှောက် တယ်၊ ကူညီတယ်၊ ဖေးမတယ်။ ကြည့်ပါဦး ငါတို့နဲ့ အသားအရောင်လည်း မတူဘူး၊ ဝတ်ပုံစားပုံလည်း မတူဘူး၊ ပြောတဲ့စကားလည်း မတူဘူး။ အဲဒီလို

လူတစ်ယောက် မုဆိုးမကြီးကို ကူညီနေတာ။ ထင်းခွဲပေးနေတာ၊ အသီးအနှံတွေ လာဆွတ်ပေးနေတာ၊ ဆေးတိုက်နေတာ၊ အကြင်နာပေးနေတာ၊ အနစ်နာခံပြီးနေကြတဲ့ သာသနာပြုပုဂ္ဂိုလ်တွေနော်။ လာကြတဲ့ သာသနာပြုတွေက ရင်တွေ၊ ကချင်တွေ၊ ရှမ်းတွေ၊ လီဆူတွေပါပဲ။ ကျွန်တော်တို့ တိုင်းရင်းသားတွေလေ။

ရွာတစ်ရွာမှာ ကျွန်တော်တို့နှစ်ယောက်ကို သူစိမ်းမို့ အိမ်တံခါးတွေ စေ့လိုက်ကြပြီး တံခါးကြားက ခေါင်းကိုင်၊ လုံကိုင်ပြီး စောင့်ကြည့်နေကြတာ။ ကျွန်တော်တို့ဟာ ရန်သူတွေမဟုတ်ပါဘူး။ ကျွန်တော့်ပါတာတွေ အကုန်ထုတ်ပြီး ခင်းပြထားတာ။ သူတို့က ကြည့်နေတာပဲ။ သာသနာပြုပုဂ္ဂိုလ် သင်းအုပ်ဆရာက သူ့နှစ်ထပ်ကြိုးတပ် တူရိယာလေး တီးလိုက် ခတ်လိုက်တယ်။ ဂီတသံလေးတွေ ထွက်လာမှ ကလေးတွေ၊ လူနာတွေ အနားစုပြုံရောက်လာကြတာလေ။

ခွဲစိတ်တဲ့ ဓားထက် ဂီတာလေးက အစွမ်းထက်သွားတာ၊ သူတို့ကို ဆွဲဆောင်နိုင်တယ်လေ။ ခရစ်ယာန်သာသနာပြုတွေက စိတ်ရှည်ကြတယ်။ ဘုရားသခင်ကို ယုံကြည်ပြီးလာကြတာ။ ဒီလို ကောင်းတာတွေလုပ်ရင် တစ်နေ့ ဘုရားသခင်ဆီ ရောက်မှာပဲဆိုတဲ့ စိတ်နဲ့ အနစ်နာခံလာကြတာ။ လစာရယ်လို့ များများစားစားရကြတာမဟုတ်ဘူး။ မုန့်ပဲသရေစာပေးတယ်။ သီချင်းဆိုကြတယ်။ မီးပုံပွဲကျင်းပပြီး စုပေါင်းကကြတယ်။ အတူတူစားတယ်။ ဟင်းနည်းရင် အနစ်နာခံပြီး လျှော့စားတယ်။ အဲဒီအခါ သူတို့နဲ့ ထိတွေ့ကြသူတွေက ကြည်နူးစိတ်ပေါ်လာတယ်။ ငါတို့ အားကိုးရမယ့်လူတစ်ယောက်တော့ ရောက်လာပြီလို့ ထင်လာတယ်။

ခက်တာက ကျွန်တော့်ကျန်းမာရေးမှူးက နာဂတွေဆီ မသွားချင်ဘူး။ မြို့မှာပဲ ခိုကပ်နေတယ်။ မုံရွာမှာနေသူနဲ့ ခန္တီးမှာနေသူနဲ့၊ ကိုယ် တာဝန်ကျရာမှာ မနေဘူး။

လူနေမှုမြင့်ဖို့၊ အသိအလိမ္မာတိုးဖို့ သာသနာပြုစိတ်ဓာတ်ရှိတဲ့ပုဂ္ဂိုလ်တွေ အများကြီးလိုတယ်။ နာဂတွေကြားမှာ ခရစ်ယာန်သာသနာပြုတွေနဲ့ တွေ့ထိရတဲ့ အရပ်တွေက လူနေမှုပိုမြင့်ကြတယ်။ သူနာပြုဆရာမလောကမှာလည်း ကပြားတွေ၊ ခရစ်ယာန်ကိုးကွယ်ကြတဲ့ တိုင်းရင်းသူတွေက ပိုပြီး လူနာတွေကို ဖေးမကြ၊ စာနာကြ၊ ကူညီကြတာ ကြုံဖူးတယ်။ တခြားဘာသာဝင်တွေကို ထိခိုက်ပြောချင်တာမဟုတ်ဘူး။ နှိုင်းယှဉ်ခြင်းအားဖြင့် ကျွန်တော့်ဘဝ ဖြတ်သန်းမှုမှာ ကြုံတွေ့ရတာကို ပြောတာပါ။ ကျွန်တော်နဲ့ သဘောမတူနိုင်သူတွေလည်း ရှိနိုင်ပါတယ်။

ဆေးရုံကို ခရစ်ယာန်ဘုန်းကြီးတွေကြွလာကြပြီး နွမ်းပါးသူတွေ၊ အသက်အရွယ်ကြီးသူတွေ၊ ရောဂါဝေဒနာသည်းထန်နေသူတွေကို လာပြီးဆုတောင်းပေးမေတ္တာပို့ပေးကြတယ်။ မဖိတ်ဘဲနဲ့လာတယ်။ ဝေဒနာတွေ သည်းသည်းသန်သန်ခံစားနေချိန်မှာ ကိုယ့်အတွက် အခုလို လာပြီးဆုတောင်းပေးတယ်ဆိုတော့ စိတ်သက်သာရာ အများကြီးရတယ်။ အားငယ်ညှိုးနွမ်းနေချိန်မှာ လာပြီး မေတ္တာပေးတော့ စိတ်ဓာတ်ခွန်အားတက်တာပေါ့။

သာသနာပြုကြတာ ပုရိသယောကျ်ားတွေတင် မဟုတ်ဘူး။ မိန်းကလေးတွေလည်း ပါတယ်။ နာဂရဲ့ ကလေးထိန်းပေးတယ်။ အမေအိုကြီးတွေကို လက်သည်းခြေသည်း ညှပ်ပေးတယ်။ အပျိုလူပျိုတွေကို သီချင်းဆိုသင်ပေးတယ်။ သူတို့မိဘတောင် လုပ်မပေးခဲ့တာမျိုးတွေ လာလုပ်ကိုင်ပေးနေတာလေ။

သူတို့ဘဝတွေ တိုးတက်အောင်၊ အသိပညာတွေ တိုးတက်အောင် လုပ်ပေးဖို့လိုတယ်။ ကျွန်တော် ရှိစဉ်က ရွာတစ်ရွာက လူမျိုးစုတွေက တောင်ယာမှာ စပါးအထွက်လျော့တယ်။ စပါးအထွက်ညံ့တယ်ဆိုရင် လူတစ်ယောက်ရအောင် ဖမ်းပြီး နတ်တင်တာပဲ၊ ခေါင်းဖြတ်တာပဲ။ ကလေးရရ၊ လူကြီးရရ ဖမ်းပြီး နတ်ပူဇော်တယ်။ သူ့ကို ချည်နှောင်ထားတာ မဟုတ်ပါဘူး။ အစာဝအောင်ကျွေး၊ အချိန်အခါရောက်မှ တုပ်ထားနှောင်ထား၊ ဝိုင်းပြီး ပတ်ပြီး ကကြသေးတယ်။ နတ်ဆရာက အချိန်ပေး၊ အချက်ပေးတော့မှ သတ်ပြီး နတ်တင်ကြတယ်။

ကျူရန်း၊ ယန်ကျုံးတို့ဆိုတဲ့ ရွာတွေမှာတော့ ရွာအဝင်မှာ သစ်သားတိုင်ကြီးနှစ်တိုင်ရှိတယ်။ တိုင်မှာ အရုပ်ထွင်းထားတယ်။ ပန်းပုလက်ရာအမြောက်စားတော့ မဟုတ်ဘူး။ ဒါပေမဲ့ မြင်ရုံနဲ့ သိနိုင်တယ်။ တိုင်တစ်တိုင်က ယောကျ်ားတန်ဆာပုံ၊ နောက်တစ်တိုင်က မိန်းမအင်္ဂါပုံ သစ်သားပေါ်မှာ ထွင်းထားတာ။ သစ်သားကလည်း ပေါတော့ တိုင်ကြီးက အကြီးကြီး။ တိုင်ကြီးက ကြီးတော့ ဟိုဟာကြီးတွေကလည်း ဧရာမကြီးတွေပေါ့။

ဗိုလ်မှူးကြီးလှဟန်က ကျွန်တော့်ကို စကားပြန်ခြောက်ယောက်အထိ ခေါ်ခွင့်ပေးတယ်။ အများသုံးစကားဖြစ်တဲ့ လဟယ်ဘာသာစကားရောက်အောင် တစ်ယောက်ပြီးတစ်ယောက် နားလည်အောင် လက်ဆင့်ကမ်းပြီး ဘာသာပြန်ကြတယ်။ ဒါပေမဲ့ ခြောက်ယောက် လက်ဆင့်ကမ်းခဲ့တာလည်း အဓိပ္ပာယ်ဝေဝေဝါးဝါးတွေ ဖြစ်ရသေးတာပဲ။

ဒီလိုရွာမျိုးတွေရှိတော့ သာသနာပြုတွေလာဖို့ လိုတာအမှန်ပဲ။ ဒါ ကျွန်တော့်အမြင်ပါ။ ဘယ်ဘာသာရဲ့ သာသနာပြုလို့ မဆိုလိုဘူး။ ဒါပေမဲ့

တော်ရုံတန်ရုံ ဖွဲ့၊ စိတ်၊ စေတနာ၊ မေတ္တာ၊ အနစ်အနာနဲ့တော့ မရဘူး။

ဗိုလ်မှူးကြီးလှဟန်က ကျွန်တော် တောင်ပေါ်မှာ ခွဲစိတ်နေတယ်ကြားလို့ ခွဲစိတ်တဲ့ အရပ်ကိုလာပြီး လေထီးနဲ့ ဆေးပစ္စည်းတွေ ချပေးဖူးတယ်။ မြန်မာ ဆေးလောကသမိုင်းမှာ ဒီအဖြစ်အပျက်မျိုး များများစားစားမရှိနိုင်ဘူး။ ဆေးဝါး ပစ္စည်းတော်တော်ပါတယ်။ ရွာပေါ်တော့ တိုက်ရိုက်မကျဘူး။ ဟိုတောင် ဒီတောင်ပေါ်ကိုကျတော့ နာဂတွေ သွားထမ်းကြ သယ်ခဲ့ကြတာ။ ဆေးဝါးပစ္စည်း တော်တော်စုံစုံလင်လင်ပါတယ်။ တချို့က ဆေးဝါးကို စိတ်မဝင်စားဘူး။ လေထီးပိတ်စကို လိုချင်တာ။ ကျွန်တော် သူတို့ကိုပေးပြီးမှ ပြန်တောင်းခဲ့ရတယ်။ တပ်မတော်လေက လေထီးပေးခွင့်မရှိဘူးတဲ့။

ဆေးပစ္စည်းထဲမှာ ဆီးပေါက်ထည့်တဲ့ ခွက်အသစ်တွေပါတယ်။ ကျွန် တော်က နောက်နောက်ရွှတ်ရွှတ်နဲ့ ခေါင်ရည်ထည့်သောက်တာ၊ အသစ်ကျပ် ချွတ်တွေ ရွှံ့စရာမှမဟုတ်တာ။ ကြွေရည်သုတ်ဆီးခွက်တွေ သူကြီးတွေ ပေးခဲ့ တယ်။ နာဂတွေက ကျွန်တော် ခေါင်ရည်ထည့်သောက်တာကြည့်ပြီး မှတ်ထား ကြတာ။ နောက် ကျွန်တော် ပြန်သွားတော့ သူတို့ ခရီးသွားတဲ့အခါ အဲဒီ ဆီး သွားတဲ့ခွက်တွေ ခါးမှာချိတ်လို့ တန်းလန်းတန်းလန်း။ ဟ ဒါတွေ ဘာလုပ်တာ လဲလို့မေးတော့ ခေါင်ထည့်သောက် ရေထည့်သောက်ကြတာတဲ့။ ဒါနဲ့ တရား ပြန်ဟောရ၊ ရှင်းပြရတယ်။

* * *

## တောင်ပေါ်ရောက် တိုင်းမင်းကြီး

တချို့အဖြစ်အပျက်တွေက ပြောမယုံ ကြုံဖူးမှ သိနိုင်တဲ့အဖြစ်အပျက် တွေလည်း နာဂတောင်တန်းမှာ ကြုံခဲ့တယ်။ အစိုးရလူကြီးမင်းကလည်း ဂျူတီ အစ်ဂျူတီမင် ဆိုတော့ အခက်သား။

စစ်ကိုင်းတိုင်းမင်းကြီး ဦးသာဇံမောင် ခန္တီးကိုလာတယ်။ တောင်ပေါ်ကို တက်မယ်။ ဆရာသိန်းလှိုင် တိုင်းမင်းကြီး တွေ့ချင်လို့ ခေတ္တလာပါဦးတဲ့။ အရေးပိုင်က လာခေါ်တယ်။ ကျွန်တော် အလုပ်ပြီးတဲ့ ညနေစောင်း သွားတွေ့ တယ်။ သူတို့ရဲ့ ရွှေရောင်ညနေခင်းကို စောစောစီးစီး ဖွယ်ဖွယ်ရာရာ ကျင်းပနေ ကြပြီ။

ကျွန်တော်တို့တွေ့တော့ တချို့အရာရှိတွေ မနှစ်မြို့မှန်း ကျွန်တော် သတိ

ထားမိတယ်။ သူတို့ ယမကာခွက်ကိုင်ပြီး ဟိုဘက်လှည့်သူလှည့်၊ ဟန်ဆောင်ပြုံးပြသူက ပြုံးကြတယ်။ တိုင်းမင်းကြီးက ကျွန်တော့်ကို အရက်ခွက်ကမ်းပေမဲ့ ကျွန်တော် အဲဒီညနေက ငြင်းခဲ့တယ်။ နေလို့မကောင်းဘူးလို့ ညာခဲ့တယ်။ မနက်ဖြန် တောင်ပေါ်တက်ရမှာ အရေးပိုင်လည်း ကြိုပြောထားလို့ ပြောပါတယ်။ တောင်ပေါ်ဆိုတော့ ဆရာပါမှ ဖြစ်မှာဆိုတာမျိုး ကျွန်တော့်ကို နည်းနည်းပါးပါး မြှောက်ပင့်ပြီး ပြောလိုက်တယ်။

မနက်ကျ အရေးပိုင်ချိန်းထားတဲ့အတိုင်း အချိန်မီရောက်တယ်။ ဒီတိုင်းမင်းကြီးက အချိန်လေးစားတဲ့ တိုင်းမင်းကြီး။ နောက်ကျတော့ သူ့နယ်ပိုင်၊ သူနောက်ကျလို့ ဆယ်မိနစ်လောက် အချိန်ပုပ်သွားတယ်။ အပြစ်ရှိသူဆိုတော့ ပျာယီးပျာယာနဲ့ သွားဖြဲနေရတာပေါ့။ နယ်ပိုင့်ဣန္ဒြေပျက်တာပေါ့။

"တိုင်းမင်းကြီး ကျွန်တော်တို့ ဘာကိစ္စနဲ့ တောင်ပေါ်သွားကြမှာလဲ"

ဦးသာဇံမောင်က အနားမှာရှိတဲ့ လားတွေထဲက ဂုန်နီအိတ်တွေ ကျောပိုးထားတဲ့ လားနှစ်ကောင်ကို ပုတ်ပြပြီး "ဟောဒီထောက်ပံ့ငွေတွေ နာဂတိုင်းရင်းသားတွေ သွားပေးမလို့" တဲ့။

သူပြောပုံဆိုပုံက သူကပဲ စေတနာရှေ့ထားပြီး သူ့ငွေတွေ သွားပေးတော့မယ့်ပုံပဲ။ ကျွန်တော် သူ့စကားကြားတဲ့အခါ အတော်အံ့ဩသွားတယ်။ ဒီလိုဆိုရင် မနေ့ညနေက ပြောရောပေါ့ တိုင်းမင်းကြီးရယ်လို့ စိတ်ထဲတင် ပြောလိုက်မိတယ်။ ကျွန်တော့်နှုတ်က ထုတ်ဖော်ပြောတဲ့စကားကို တိုင်းမင်းကြီး ကြားတဲ့အခါ ကျွန်တော် အံ့ဩတာထက် သူ ပိုပြီး အံ့ဩသွားတယ်။

"ဒါဆိုရင် ခရီးပန်းတာပဲ အဖတ်တင်လိမ့်မယ်"

ကျွန်တော့်စကားကို အရေးပိုင်ရော၊ နယ်ပိုင်ရော ကြားတယ်။ ဒီစကားကို မကြိုက်မှန်း ကျွန်တော် သိတယ်။

"ဘာလို့လဲ ဒေါက်တာ"

"ကျွန်တော့်အထင်ပြောတာပါ။ နာဂတွေ ဒီပိုက်ဆံတွေ လက်ခံမှာမဟုတ်ဘူး"

အဲဒီအခါ ဦးသာဇံမောင် ပြုံးသည်။ သူ့အပြုံးကို ကျွန်တော် သိတယ်။ ကျွန်တော် သူ့ပြုံးပုံပြုံးနည်းကို ကြည့်ပြီး ပြုံးမိတယ်။ အနားမှာရှိကြတဲ့ အရေးပိုင်တို့၊ နယ်ပိုင်တို့ပါ ရောယောင်ပြုံးလိုက်ကြတယ်။

အရေးပိုင်နဲ့ စော်ဘွားကြီးတို့ ရွာကြီးသုံးရွာမှာ နီးစပ်တဲ့ နာဂအိမ်ထောင်စုတွေစုပြီး အမတော်ကြေးပေးချေတဲ့ စခန်းသုံးခု ဖွဲ့ထားကြတယ်။ ပထမစခန်းကို နေ့လယ်မွန်းတည့်ခါနီးမှာ ရောက်တယ်။ နေ့လယ်စာခပ်သွက်သွက်စားပြီး

အပြောလွှာကာ အလုပ်စခန်းစကြတယ်။ သူတို့အလုပ်စခန်းကလည်း ထုံးစံအတိုင်း အပြောနဲ့ စရတာပါပဲ။

တိုင်းမင်းကြီးကိုယ်တိုင် စကားပြောတယ်။ ဘာသာပြန်သူက မြေကြီးပေါ်မှာ ဖင်ချထိုင်နေကြတဲ့ နာဂတွေကို တိုင်းရင်းသားဘာသာစကားနဲ့ ပြောတယ်။ နိုင်ငံတော်ရဲ့စေတနာ၊ ဟောဒီနာဂတောင်တန်းကြီး တိုးတက်ဖွံ့ဖြိုးဖို့ ညီနောင် နာဂတိုင်းရင်းသားတွေရဲ့ ဘဝမြှင့်တင်စေဖို့ လက်ဖက်စိုက်ပျိုးကြမယ့်သူတွေ၊ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးမှသည် စုပေါင်းဝက်မွေးမြူရေးဆီသို့၊ လှေကားထစ်တောင်ယာတွေ အစီအရီနဲ့ တောင်တန်းအလှကို ခြယ်သကြဖို့ အခုလို အမတော်ကြေး ထောက်ပံ့ကြေး လာပေးတဲ့အကြောင်း၊ နယ်ပိုင်နဲ့ အရေးပိုင်နဲ့ သူ့တပည့်တွေက တက်ရောက်သူဦးရေ၊ လက်ဗွေနှိပ်စရာတွေ၊ ရွာနာမည်နဲ့ ငွေထုတ်ယူသူတွေ၊ ဦးစီးတဲ့ သူကြီးနာမည်တွေ ပြုစုခဲ့တဲ့ စာရွက်နဲ့ ပိုက်ဆံတွေစစ်ပြီး ပေးဖို့ ပြင်ဆင်ကြတယ်။

စကားပြန်က လက်ဗွေလာနှိပ်ဆိုတော့ နှိပ်ကြတယ်။ အရေးပိုင်တို့က သူတို့ ထိုင်နေတဲ့ရှေ့မှာ စက္ကူအိတ်ထဲက ထည့်ထားတဲ့ ပိုက်ဆံထုပ်တွေ လိုက်ချတယ်။ နာဂတောင်တန်းဒေသရှိ နာဂတိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ထောက်ပံ့ကြေးငွေပေးအပ်တဲ့အခမ်းအနား အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်ခင်ဗျားဆိုပြီး ဘာသာပြန်သူက ဘာသာလည်းပြန်၊ လက်ခုပ်လည်းတီးရော သူတို့လည်း ရောယောင်လက်ခုပ်တီးပြီး ထပြန်ကြတယ်။

သူတို့ရှေ့မှာ ချထားတဲ့ ပိုက်ဆံအိတ်ကို ဖွင့်လည်းမကြည့်ဘူး၊ ယူလည်း မသွားကြဘူး။ တိုင်းမင်းကြီးတို့အားလုံး ပါးစပ်အဟောင်းနဲ့ အံ့သြနေကြတယ်။ သူတို့ အဲဒီအချိန်မှာ ကျွန်တော့်ကို သတိရပြီး လှမ်းကြည့်နေကြတယ်။ ကျွန်တော့်ရဲ့အပြုံးကို သူတို့ မကြည့်ချင် မြင်လျက်သား။ ခန္တီးမြို့ခံ အရာရှိတွေက ဒါ ကျွန်တော့်စနက်၊ နိုင်ငံတော်ရဲ့စေတနာကို ပြက်ရယ်ပြုတာ၊ တိုင်းမင်းကြီး အရှက်တကွဲဖြစ်အောင်လုပ်တာလို့ ခန္တီးရောက်တော့ စွပ်စွဲကြသတဲ့။ ကျွန်တော်က လေအညာက အနေသာကြီး။ ကဲ ငါမပြောလားဆိုတဲ့ ရုပ်မပေါ်အောင် မနည်းဖုံးဖိနေရတယ်။ သူတို့ချင်း ခေါင်းချင်းဆိုင်တိုင်ပင်ကြတယ်။ နာဂသူကြီးကို ခေါ်မေးတယ်။ သူကြီးကလည်း ရိုးရိုးသားသားပဲဖြေတယ်။

"သူကြီးရယ်၊ နိုင်ငံတော်က စေတနာနဲ့ ပေးတာလေ"

"ဟုတ်တယ်၊ သိတယ်"

"ဒါဆိုရင် ဘာလို့မယူတာလဲ"

"ထောက်ပံ့တာလေ၊ ကူညီတာလေ၊ ပြန်ပေးဖို့မလိုဘူးလေ"

"သိတယ်၊ စကားပြန်ပြောတယ်"

"ဘာလို့ မယူတာလဲ"

"မယူချင်လို့"

"တစ်ယောက်ယောက်က မင်းတို့ မယူရဘူးလို့ ပြောထားသလား"

ဒီမေးခွန်းက ကျွန်တော့်ကို ပြောသလိုလို မီဇိုတို့၊ ဖိဇိုတို့ကို ရည်ရွယ်သလိုလို မေးခွန်းမှန်း ခန္တီးပြန်ရောက်မှ သဘောပေါက်တယ်။

နောက်ဆုံးတော့ ကျွန်တော့်ကို သူတို့မေးကြတယ်။ မတတ်သာလို့၊ မမေးရင် မဖြစ်လို့မေးကြတာ။

"ဒေါက်တာသိန်းလှိုင်၊ သူတို့ကိုပေးတဲ့ငွေတွေ ဘာလို့မယူတာလဲ"

"ကျွန်တော် ခန္တီးကထွက်ခါနီးကတည်းက ပြောပါတယ်။ ခရီးပန်းတာပဲ အဖတ်တင်မယ်လို့ ကျွန်တော် မပြောဘူးလား"

"နောက်တစ်ရွာ သွားကြရဦးမှာ"

"အဲဒီရွာမှာလည်း ဒီလိုအဖြစ်မျိုး ကြုံရဖွယ်ရှိတယ်"

တိုင်းမင်းကြီး အတော်စိတ်ဝင်စားမှန်း သူ့လေသံကို နားထောင်တာနဲ့ သိသာတယ်။

"ဘာဖြစ်လို့လဲ ဒေါက်တာ"

"ကျွန်တော်ပြောတာ ဒီလိုအဖြစ်မျိုး ကြုံရဖွယ်ရှိတယ်လို့ ပြောတာပါ။ စုန်းပြူးတစ်ယောက် နှစ်ယောက်က ဗွေဖောက်ပြီး ယူရင်တော့ မပြောတတ်ဘူး။ နို့မဟုတ်ရင်တော့ အခုရွာလိုပဲ ပိုက်ဆံထည့်ထားတဲ့ စာအိတ်တွေ မြေကြီးပေါ် ထားရစ်ခဲ့ကြမှာပဲ"

"ကျွန်တော်ဖြင့် နားမလည်နိုင်အောင်ဘဲ"

"တိုင်းမင်းကြီးက ကျွန်တော်ပြောတာကိုမှ နားမထောင်ဘဲ"

ဒီစကားပြောပြီး အရေးပိုင်တိုင်၊ နယ်ပိုင်တို့ဘက် ကျွန်တော့်မျက်လုံးတွေ တစ်ချက် ခပ်ထေ့ထေ့ကြည့်ရင်း ဝေ့လိုက်တယ်။

"နာဂတွေက ကိုယ်ဆောက်တဲ့အိမ်မှာပဲ ကိုယ်နေချင်တယ်။ ဝန်ကြီးချုပ် ဦးနုလက်ထက်က ပြည်တော်သာစီမံကိန်းအရ သွပ်မိုးအိမ်တွေ လာဆောက်ပေးတာ ဘယ်သူမှ မနေချင်ကြဘူး။ မနည်းစည်းရုံးပြီး ဇွတ်ပြည်တော်သာခဲ့ရတာ။ နာဂတွေက ကိုယ့်အတွက် ကိုယ်လုပ်မယ်၊ သူများအတွက် လုပ်ပေးလေ့မရှိဘူး။ ကိုယ့်လုပ်အားနဲ့ကိုယ်ပဲ၊ သူများပစ္စည်းဥစ္စာ ဘယ်တော့မှ အလကားမယူဘူး"

ကျွန်တော်သိတဲ့ နာဂတို့ရဲ့စိတ်ထားတွေ ရှင်းပြပေမဲ့ သိပ်ဘဝင်မကျဘူး။ တိုင်းမင်းကြီးက အထွန့်တက်တယ်။

"ဟုတ်သေးပါဘူး၊ သူတို့ ဒီလောက်တောင် ဆင်းရဲနေတာ။ သူတို့တစ်သက် ဒီလောက်များတဲ့ပိုက်ဆံ ကိုင်ဖူးဖို့ဝေးစွ၊ မြင်တောင် မြင်ဖူးကြမှာမဟုတ်ဘူး။ ဒါတောင် မယူကြတာ အံ့တယ်ကွာ"

"သူတို့မှာ အချောင်ယူလိုက်မယ်၊ အချောင်စားလိုက်မယ်ဆိုတဲ့စိတ်ဓာတ်မျိုး မရှိကြဘူး တိုင်းမင်းကြီး"

"မြေပြန့်မှာဆိုရင် ဆယ်ဇကေက စာရင်းမှားပေးမိတာပါ။ တကယ်လုပ်နေတာ ဆယ့်ငါးဇကေပါဆိုပြီး တိုးတောင်မှ တောင်းပြီး ထုတ်ယူကြမှာ" လို့ အရေးပိုင်က ဝင်ပြောတယ်။

အချိန်ရှိတုန်း ဒုတိယစခန်းကို ရွှေ့ကြတယ်။ ဒုတိယစခန်းမှာလည်း တိုင်းမင်းကြီးက ပထမစခန်းမှာပြောခဲ့တဲ့ နိုင်ငံတော်ရဲ့စေတနာတွေ၊ နာဂတိုင်းရင်းသားတွေရဲ့ ဘဝမြှင့်တင်ရေးတွေ၊ စုပေါင်းမွေးမြူရေးတွေ၊ လေ့ကားထစ်တောင်ယာတွေပြော၊ လက်ဗွေနှိပ်၊ ပိုက်ဆံပေးတာပဲ။

ဒုတိယစခန်းမှာလည်း လက်ခုပ်ဩဘာပေးပြီး လူလွတ်ထပြန်ကြ၊ နယ်ပိုင်တို့တစ်တွေ ပိုက်ဆံထည့်ထားတဲ့ စာအိတ်တွေ လိုက်ကောက်သိမ်းရတာပဲ။ အဲဒီည မီးပုံပွဲလုပ်ပြီး တောဝက်သားကို ကျကျနနကင်ပြီး ခေါင်ရည်နဲ့ သောက်ကြတယ်။

ကျွန်တော် ပြောခဲ့ပြီ၊ အစိုးရလူကြီးမင်းများဟာ ဂျူတီအစ်ဂျူတီမင်ဆိုတာလေ။ တတိယအုပ်စုကို စိတ်မပါ လက်မပါ လေးကန်တဲ့ခြေလှမ်းတွေနဲ့ သွား၊ မိန့်ခွန်းတွေပြော၊ လက်ဗွေတွေယူ၊ ပိုက်ဆံအိတ်တွေချ၊ ဩဘာသံတွေ လွှမ်းပြီးတော့ ပိုက်ဆံအိတ် ပြန်ကောက်သိမ်းခဲ့ကြရတယ်။

တိုင်းမင်းကြီးရဲ့စကား စကားပြောဖန်များ စကားထဲက ဓာတ်ပြဆိုတဲ့အတိုင်း တစ်ခွန်းတော့ လှစ်ခနဲ ထွက်လာတယ်။

"ဒီလိုမှန်းသိရင် ခန္တီးမှာ ကိုယ့်လူချည်းပဲ လက်ဗွေနှိပ်လိုက်ပြီး ဒီငွေတွေ ဘုံးပစ်ပါတယ်ကွာ" တဲ့။

တိရစ* * *ာန်ဖြစ်တဲ့ လားတွေသာ လူစကားတတ်ရင် အသွားရော အပြန်ပါ ငွေစက္ကူတွေထမ်းခဲ့ရတဲ့ လားတွေက တိုင်းမင်းကြီးနဲ့အဖွဲ့ကို ကော်ဆဲနေလေ မလားလို့ တွေးမိပြီး ပြုံးရသေးတယ်။

"ဘာတွေသဘောကျပြီး ပြုံးနေတာလဲ ဒေါက်တာ" တဲ့။ တိုင်းမင်းကြီးက မေးတော့

"ဘာမှမဟုတ်ပါဘူး"

လို့ ပြန်ဖြေလိုက်တယ်။ စိတ်ထဲမှာရှိတဲ့ တကယ့်ခံစားချက်ကို ပြောလိုက်

ရင်တော့ ကျွန်တော့်ကို တစ်သက်လုံး ကြည့်ချင်မြင်ချင်မှာမဟုတ်ဘူး။ ကျွန်တော် က အဲဒီလို တစ်ခါတလေ ကိုယ့်အတွေးကိုယ် သဘောကျပြီး ပြုံးတတ်တယ်။

* * *

## မုန့်ညင်းနဲ့ နို့ဆီ

ကျွန်တော်တို့ အပြန်ကတော့ ဖြည်းဖြည်းဆေးဆေးပဲ ပြန်ခဲ့ကြတယ်။ သူတို့ခမျာ ဒီလိုခရီးမှ မထွက်ဖူးကြဘဲကိုး။ ခြေထောက်တွေ ညောင်းပြီး မခံနိုင် တဲ့အဆုံး လူကြီးတွေလည်း ဟိုအကောင်တွေ တက်စီးကြတော့တာပဲ။ နားရွက် ရှည်ကောင်တွေလေ။ ကျွန်တော် ဘာရယ်မဟုတ်ဘူး။ တိုင်းမင်းကြီးတို့၊ အရေး ပိုင်တို့ ဟိုအကောင်ကြီးတွေပေါ် တက်စီးနေတာ ဓာတ်ပုံရိုက်ထားလိုက်တယ်။

အပြန်ကျတော့ အန်ပေါ်ရွာကိုရောက်ရော။ အန်ပေါ်မှာ ကျွန်တော် မနား ချင်ဘူး။ ဆက်သွားချင်တယ်။ ဟိုအကောင်ပေါ်စီးလိုက်လာတဲ့ သူတွေက ဆက် မသွားနိုင်တော့ဘူး။ နားချင်ကြပြီ။ စီးနေကျမဟုတ်တော့ ဘယ်ခံနိုင်မလဲ။ အန်ပေါ်မှာ ကျွန်တော့်မိတ်ဆွေ နာဂတိုင်းရင်းသားတစ်ယောက်ရှိတယ်။ အယ်စွတ်လို့ခေါ်တယ်။ အန်ပေါ်တစ်ပိုက်တော့ နာမည်တစ်လုံးနဲ့ နေတဲ့သူ။ သူကြီးလောက်နီးနီး သူ့ကို လူသိများတယ်။ သတ္တိကောင်းတဲ့ အယ်စွတ်၊ ဓား ထက်တယ်။ လှံပစ်လည်း လက်တည့်တယ်။ အရပ်ကလည်း ငါးပေရှစ်လက်မ လောက်ဆိုတော့ နာဂတွေအကြားမှာ လူထွားကြီးပေါ့။

သူ့ခမျာ ဇနီးသည်ဆုံးထားတာ ပူပူနွေးနွေး၊ သားကလေးတစ်ယောက် နဲ့ ကျန်ခဲ့တာ။ နောက်အိုး နောက်အိမ်လည်းမထူဘူး။ ဇနီးသည်က မီးတွင်းမှာ ဆုံးတာဆိုတော့ ကလေးငယ်ပိစိကွေးလေးနဲ့ အတော်ဒုက္ခရောက်နေရှာတာ။ ခေါင်ရည်နဲ့ နို့ပုန်းနဲ့ အသက်ဆက်ရတဲ့ ကလေး။

ကျွန်တော် လူနာတွေ စမ်းသပ်နေတဲ့နေရာကို ကလေးလေးပွေ့လို့ ရောက် လာတယ်။ သူ့ကိုကြည့်ပြီး တော်တော်စိတ်မကောင်းဖြစ်မိတယ်။

သူကမတောင်းပေမဲ့ ကျွန်တော်တို့ခရီးစဉ်က အရေးကြီးပုဂ္ဂိုလ်ခရီးစဉ် မို့ ရိက္ခာအပြည့်လေ။ ဆန်ဆီဆား၊ ငရုတ်ကြက်သွန်၊ ပဲကစလို့ နို့ဆီနို့စိမ်း၊ လက်ဖက်ခြောက်၊ ကော်ဖီမှုန့်အထိ။ တိုင်းမင်းကြီးဆန္ဒရှိရင် ပတ်ကျိုင်တောင် ပေါ်မှာ ဘာမှ လိုလေသေးမရှိစေရဘူး။ ရမ်၊ ဂျင်၊ ဝီစကီ အကုန်ပါတယ်။ နို့ဆီတွေ နှစ်ဒါဇင်လောက်မြင်ထားတော့ ကျွန်တော်ကိုက အယ်စွတ်သားလေး

အတွက် သူက မတောင်းမပေမဲ့ သဒ္ဓါပေါက်ပြီး နို့ဆီလေးတစ်ဘူး နှစ်ဘူး ပေးချင်တယ်။ ကျွန်တော်က ဒီအဖွဲ့ရဲ့ အဖွဲ့ဝင်ဆိုပေမဲ့ ကျွန်တော့်မှာ ဘာမှ ပါတာမဟုတ်ဘူး။

လူနာတွေ စဲသွားတဲ့အချိန်မှာ အယ်စွတ်နဲ့ ရင်ခွင်ပိုက်ကလေးကို ခရိုင်ဝန်ရှိရာခေါ်သွားပြီး ကျွန်တော် မိတ်ဆက်ပေးတယ်။

"အန်ကယ် သူ့နာမည်က အယ်စွတ်လို့ခေါ်တယ်။ ဒီနယ်မှာတော့ သူ့ကို မသိသူမရှိဘူး။ တူမီးကအစ၊ ဒူးလေးအလယ်၊ လုံအဆုံး သိပ်ပြီး လက်ဖြောင့်တယ်။ သူ့ခမျာ ဇနီးသည် မီးတွင်းမှာဆုံးရှာလို့ ကလေးပိစိကွေးလေးနဲ့ ဒုက္ခရောက်နေရှာတာ။ အန်ကယ်ဖြစ်နိုင်ရင် သူ့ကို နို့ဆီဘူးလေးတစ်လုံးနှစ်လုံးလောက် မျှစေချင်တယ်၊ သနားပါတယ် အန်ကယ်ရယ်"

ကျွန်တော့်စကားဆုံးတာနဲ့ အရေးပိုင် ပြန်ပြောတာ မြန်ပုံကြည့်ပြီး ကျွန်တော် အယ်စွတ်ကိုခေါ်လာပြီး ခြေဆင်းအင်ထရီဝင်နေကတည်းက သူက ကျွန်တော့်ကို ပြန်ပြောစရာစကားလုံးတွေ တန်းစီထားပြီးသားဆိုတာ ထင်ရှားတယ်။ ကျွန်တော့်စကားလည်းဆုံးရော သူက...

"ကျွန်တော်တို့က ခရီးအဝေးသွားရဦးမှာဗျ"

ဒီခရီးက အပြန်ခရီး၊ ဒီအန်ပေါ်ကနေ ခတ္တီးဘယ်နှမိုင်ဝေးလို့ ဘယ်နှရက်ခရီးလည်း ကျွန်တော် နှောကျေနေတဲ့လူလေ။ နို့ဆီလေးတစ်လုံးတောင်မှ မပေးချင်လို့ ပိတ်ပြောလိုက်တာ။

ကိုယ်စောင့်နတ်က ကျွန်တော့်ကို နှိုးဆော်လိုက်သလိုပဲ။ စကားလုံးတွေ နှုတ်ခမ်းဖျားရောက်လာပေမဲ့ ကျွန်တော့် စိတ်ကို ချုန်းနဲ့ ဆွဲအုပ်လိုက်တယ်။ ကျွန်တော် နာဂတိုင်းရင်းသားတွေအတွက် ပြောဆိုပေးရင် သူတို့ ဆောင်ရွက်မပေးချင်တာနဲ့ ကျွန်တော့်အပေါ် မလိုမုန်းထားတွေ ကြုံခဲ့ဖူးလှပြီ။ အခုလည်း အယ်စွတ်ကို မြေပြန့်ဆင်းလာပြီး စောင်တောင်း၊ ဆန်တောင်း၊ ဆားတောင်းသူလို့ ထင်လို့လားတော့ မသိဘူး။ တိုင်းမင်းကြီးနဲ့ သူတို့ဖျော်သောက်မယ့် ကော်ဖီအရည်ကျဲမှာ စိုးနေရှာတယ်။

အယ်စွတ်က သူ့ခြင်းလေးထဲမှာ စိုက်ထားတဲ့ မုန်ညင်းတွေရှုးနေတာ တိုင်းမင်းကြီး တွေ့သွားတယ်။ ဒါနဲ့ အရေးပိုင်ကို လှမ်းပြောတယ်။

"ဟိုမှာ မုန်ညင်းတွေ လတ်လတ်ဆတ်ဆတ်တွေပါလား။ ညနေကျ မုန်ညင်းဟင်းချိုလေးချက်ပြီး သောက်ရရင်ကောင်းမှာ"

အရေးပိုင်က မုန်ညင်းလိုချင်တော့ ကျွန်တော့်ကို အကူအညီတောင်းတယ်။ ကျွန်တော်ကလည်း နာဂဘာသာစကားနဲ့...

"သမ်းကာအသီးသီး"လို့မေးလိုက်တယ်။ အဓိပ္ပာယ်က ဒါ ဘယ်လောက်လဲပေါ့။

"သမ်းကာယပ်" လို့ပြန်ဖြေတယ်။ တစ်ကျပ်ပါလို့ ဖြေတာ။

ကျွန်တော်ကလည်း ခရိုင်ဝန်ကို တစ်ကျပ်လို့ ပြန်ပြောလိုက်တယ်။ ဒါပေမဲ့ ခရိုင်ဝန်မှာ ပိုက်ဆံမပါတော့ ဒုက္ခဖြစ်ရော။ ခရိုင်ဝန်ကို သင်ခန်းစာ ပေးချိန်တန်ပြီ။

"အန်ကယ် ဘာလုပ်ချင်တာလဲ"

"ဒီမုန်ညင်းတွေ ညနေကျ ဟင်းချိုချက်သောက်ချင်တာ"

"ဟာ အခုမှရူးတာ၊ လတ်လတ်ဆတ်ဆတ်တွေ၊ အရမ်းချိုမှာပဲ"

"ကျွန်တော့်မှာ တစ်ကျပ်တန်ကလည်း မပါဘူး။ သူလည်း အမ်းနိုင်မှာ မဟုတ်ပါဘူး"

"ဒါဆိုရင် ဒီလိုလုပ်ရအောင်၊ သူ့မုန်ညင်းကို တစ်ကျပ်နဲ့ဝယ်ပြီး အန်ကယ့်နို့ဆီကို ဘစ်ကျပ်နဲ့ ပြန်ရောင်းလိုက်ပါလား။ ကလေးလေး သောက်ရတာပေါ့။ သူ စဉ်းစားတယ်။ ချက်ချင်းမဆုံးဖြတ်ဘူး။ ခဏနေမှ တပည့်တစ်ယောက်ကို နို့ဆီတစ်ဘူး သွားယူချေလို့ ခိုင်းလိုက်တယ်။ နို့ဆီဘူးရောက်လာတော့ အယ်စွတ်ကို နို့ဆီဘူးပေးပြီး အယ်စွတ်ဆီက မုန်ညင်း ယူလိုက်တယ်။ အဲဒီအခါ အယ်စွတ်က ပြန်မေးတယ်။ နို့ဆီဘူးကို လက်ညှိုးထိုးပြီး…

"သမ်းကာအသီးသီး" တဲ့။

ကျွန်တော်က ဖြေရတယ်။

"သမ်းကာယပ်"

အဲဒီမှာ အယ်စွတ်က သူ့မှာပါတဲ့ ကျပ်ပြားစေ့တစ်စေ့ထုတ်ပြီး နို့ဆီဖိုးပေးတယ်။ ခရိုင်ဝန်ရော ခရိုင်ဝန်တပည့်ရော နားမလည်ကြဘူး။ ကြောင်ကြည့်နေကြတယ်။ ခရိုင်ဝန်တပည့် မောင်တင်က ကျပ်စေ့ကိုင်ပြီး သူ့ဆရာကြည့်လိုက်၊ ကျွန်တော့်ကြည့်လိုက်၊ အယ်စွတ်ကြည့်လိုက် လုပ်နေတယ်။ အဲဒီအခါမှ အယ်စွတ်က

"ဟင်း" ဆိုပြီး လက်ဝါးဖြန့်တယ်။

ကျွန်တော်က သူတို့အကြောင်းသိသူဆိုတော့ မောင်တင် မင့်လက်ထဲက ကျပ်ဒင်္ဂါးစေ့ သူ့ပေးလိုက်လို့ ပြောရတယ်။ အဲဒါ သူ့မုန်ညင်းဖိုးတောင်းတာ။ ခရိုင်ဝန်က

"ဟာ ဘာလဲကွ၊ အတူတူပဲဥစ္စာ၊ ရူးများရူးနေသလား"

"မရူးဘူးအန်ကယ်၊ သူက ရှင်းရှင်းရောင်းချင် ဝယ်ချင်တာ"

“တစ်ကျပ်ချင်း အတူတူကွာ”

“မဟုတ်ဘူး၊ သူတို့က သူ တစ်ကျပ်ပေးတယ်၊ အန်ကယ်က နို့ဆီပေး။ အန်ကယ် မုန့်ညင်းယူရင် သူ့ကို တစ်ကျပ်ပေးရမယ် ဒါပဲ”

“ဟာကွာ… အတူတူပဲလေကွာ”

“အန်ကယ်အတွက် အတူတူ ကျွန်တော့်အတွက် အတူတူပဲ။ ဒါပေမဲ့ သူ့အတွက် မတူဘူးလေ”

“အဲဒါ နင့်ဟာ ငါယူတယ် ငါပေးမယ်၊ ငါ့ဟာ နင်ယူရင် ပေးကိုပေးဆိုတဲ့ စိတ်ဓာတ်ပဲ။ ဘယ်ဟာမှ အလကားမယူတဲ့စိတ်ဓာတ်၊ မျက်လုံးတစ်ဖက်အတွက် မျက်လုံးတစ်ဖက် ပေးဆပ်ရမယ်ဆိုတဲ့ စိတ်ဓာတ်”

“ဟာ ဆရာ့ဟာ တစ်မျိုးပဲ”

“အန်ကယ်က ဘီအေဘီအယ်လ်၊ သူက ကျောင်းမနေဖူးဘူးလေ”

တိုင်းမင်းကြီးလည်း ဒီမြင်ကွင်းမြင်မှ အမတော်ကြေးတွေ ဘာလို့ လက်မခံသလဲဆိုတာကို သဘောရေးရေးလောက်တော့ ပေါက်မယ်ထင်ရဲ့။

* * *

## လက်ရေးလှသူ

ဟတ္တီရွာလေးဟာ အေးဆေးငြိမ်သက်တဲ့ တောင်ပေါ်ရွာလေးပါ။ ဦးနုခေတ် ပြည်တော်သာစီမံကိန်းရဲ့လက်ဆောင် သွပ်မိုးအိမ်တွေနဲ့ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းရှိတယ်။ ရာသီဥတုက ပတ်ကွိုင်တောင်ရဲ့ ဆောင်းစာဖွဲ့သူနည်းပါလိမ့်ဦးမယ်။ မီးဖိုကို ခေါင်းရင်းမှာထားပြီး ကိုယ့်မှာပါသမျှ အနွေးထည်တစ်ထည်ထပ်ဝတ်ပြီး အိပ်ရတယ်။ ချမ်းလိုက်ပုံကတော့ တစ်ရေးနိုးတဲ့အခါ လူက တော်တော်ညောင်းနေပြီ။ ကိုယ့်ဖင်ကိုယ်ပြန်ပြီးရှိခိုးတဲ့ အနေအထားမျိုး ကွေးကွေးလေး အိပ်ပျော်သွားတာ တစ်ရေးနိုးတော့ ညောင်းပြီပေါ့။ အညာကလာသူတွေဆိုရင် ဒူးခေါင်း သနပ်ခါးလိမ်း အိပ်ကြလိမ့်မယ်။ ဒါမှ တစ်ရေးနိုးတဲ့အခါ သနပ်ခါးနံ့လေးတသင်းသင်းနဲ့၊ အိပ်မက်တွေလည်း လှပနေမှာ။

တစ်မနက် နေဆာလှုံနေကြတယ်။ စကားပြောတဲ့အခါ ပါးစပ်က အငွေ့တထောင်းထောင်းနဲ့။ ကျွန်တော်တို့ နေဆာလှုံတဲ့ အနီးဆုံးအိမ်က ကြက်မတစ်ကောင်က ကတော်ကတော်နဲ့ အော်ရင်း အိမ်ပေါ်တက်လိုက်၊ အောက်ပြန်ဆင်းလိုက် လုပ်နေတယ်။ ကျွန်တော်ကတော့ ကြက်မတမ်းမ ကြက်ဥ အုချင်လို့

ဥကျင်းရှာတာလို့ ထင်တာ။

ခဏနေတော့ ကတော်တော့်ကတော့ ကတော်နဲ့ ကြက်ဏ္ဍန္တြေပျက်နေတယ်။ ဩော်... အိမ်မှာရှိတဲ့ ဥကျင်း ဥနေကျနေရာမှာ မရှိတော့လို့ ထင်ပါရဲ့။ သူ့ခမျာ အိမ်ပေါ်တက်လိုက်၊ လမ်းတစ်လျှောက် အော်လိုက်၊ ပြန်ဆင်းလာလိုက်၊ လမ်းတစ်လျှောက်အော်လိုက်။ သူများတွေ သတိမထားမိပေမဲ့ ကျွန်တော်သတိထားမိတယ်။

အသံတိတ်သွားပြန်ရော။ ခဏပဲ ပြီးတော့ ပြန်အော်နေတော့တာပဲ။ နောက်အခေါက်တွေတော့ အိမ်ပေါ် လှေကားတစ်လျှောက် မတက်တော့ဘူး။ ကတော့ ကတော် ကတော့ နဲ့။ လားလား... မြွေကြီးတစ်ကောင်က မသိမသာ တရွေ့ရွေ့နဲ့ ချဉ်းကပ်လာနေတာ။ ကြက်မ ဘယ်မှ မပြေးနိုင်ဘူး။ မြွေကြည့်လိုက် မျက်နှာလွှဲလိုက်၊ လွတ်အောင်လည်း မပြေးနိုင်ဘူး။ မြွေကြီးကို မကြည့်ဘဲလည်း မနေနိုင်ဘူး။ ပြေးလည်း မပြေးနိုင်ဘူး။ နီးလာတော့ သေချာပြီဆိုတော့ မြွေက အရှိန်ကို တစ်ချက်တင်ပြီး ကိုက်ပြီး မျိုလိုက်တာ။ ပါးစပ်ကနေ လည်ပင်း၊ လည်ပင်းကနေ ဗိုက်ဆီကို မျိုလိုက်တဲ့ကြက် တရွေ့ရွေ့သွားနေတာ မြင်နေရတယ်။

အနားမှာရှိတဲ့ နာဂက ကြက်ကို မျိုပြီး ပြန်အလှည့်မှာ ခေါင်းကို ရိုက်လိုက်တာ တစ်ချက်ပဲ။ အရှည်နှစ်လံနီးနီးရှိမယ်။ စပါးကြီးဖြစ်မယ်။ သည်းခြေက ပွန်အနေနဲ့ ရှိနေတာ၊ ရှည်မျောမျောပဲ။ ကြက်တော့ အမွေးတွေရော၊ အရိုးတွေရော၊ အသားတွေရော၊ ကလီစာတွေပါ အကုန်လုံး ခြေညှစ်လိုက်တာ မြင်မကောင်းဘူး။ သူ့မှာ အတွင်းညှစ်အား အတော်ကောင်းတဲ့အမျိုးပဲ။ ဖွာနေတဲ့ အုန်းဆံကြီးလိုပဲ၊ ကြက်ဆံကြီးလို့ခေါ်ရမလား၊ ကြက်အုန်းဆံကြီးလို့ ခေါ်ရမလားမသိဘူး။ အသားတွေ ကြေမွနေပြီး ကြက်ကိုမျိုလိုက်တာတွေ့လို့သာ ကြက်အုန်းဆံကြီးလို့ ပြောနေရတာ၊ ကြက်ကို မျိုလိုက်တာ မတွေ့ရင် ဘာလို့ ပြောဖို့ အတော်ခက်မယ်။ စပါးအုံးလို့ ကျွန်တော့် ကျောက်ဆေးထိုးဆရာက ပြောတယ်။ ကျွန်တော်က စပါးကြီးလို့ထင်တာ။ ဘယ်ဟာမှန်မလဲ မသိဘူး။

ကျွန်တော်တို့ဘက်မှာ နာမည်ကျော် ပုဂ္ဂိုလ်တစ်ယောက်ရှိတယ်။ ဗိုလ်ကျားတဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီက ခေါင်းဆောင်။ ဟုမ္မလင်း၊ ဗန်းမော်၊ ဗန်းမောက်၊ ဥရုချောင်းတစ်လျှောက်မှာ၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့ ဗိုလ်ချုပ်ကြီးနေဝင်း မသိရင် မသိမှပဲ၊ ဗိုလ်ကျားတော့ မသိသူမရှိဘူး။ ရဲတို့ စစ်တပ်တို့မှာတော့ ဗိုလ်ကျားဟာ ကိုယ်ပျောက်အတတ် တတ်တယ်လို့ သတင်းကြီးတဲ့သူ။ ဒီနေ့ ဒီအချိန် ဒီရွာမှာ သူရှိနေပေမဲ့ တစ်ချိန်တည်းမှာပဲ အဲဒီရွာနဲ့ ဆယ့်

လေးငါးမိုင်ဝေးတဲ့ရွာမှာလည်း ဗိုလ်ကျားရှိနေတယ်တဲ့။ အစိုးရက ဗိုလ်ကျားကို သတင်းပေးရင်၊ ဖမ်းပေးရင် ဆုငွေငါးသောင်းထုတ်ထားတယ်လို့ ပြောတာလည်း ကြားဖူးတယ်။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က ဗိုလ်ကျားကို သိပ်အလိုရှိတာ။ ခက်တာက ဖမ်းလို့မမိ။ သတင်းကြားလို့ လိုက်သွား၊ လွတ်သွားရော။ တပ်တွေနဲ့ ဝိုင်းထားမရှိတော့ဘူး။ မြေပဲလျှိုးသလိုလို၊ မိုးပဲ ပျံသလိုလို ဗိုလ်ကျား။

တော်ရုံတန်ရုံလည်း မိဖို့မလွယ်ဘူး။ သူက တောင်သူတွေ၊ လယ်သမားတွေ၊ မရှိဆင်းရဲသားတွေကို အကျိုးပြုတယ်။ ကုန်သွယ်ရေးတို့ အစိုးရဌာနဆိုင်ရာတို့ ဝင်စီး၊ ဝင်တိုက်ပြီး ဆင်းရဲသားတွေ ဝေတာ။ စပါးမရှိရင် စပါးများတဲ့သူဌေးဆီက ယူပြီး မရှိဆင်းရဲသားတွေ ဝေတာ။ သူ့မုန်းသူက အနည်းစု၊ ထောက်ခံသူက အများစုဖြစ်နေတာ။ ဒါကြောင့် ကိုယ်ပျောက်တာလည်း ဖြစ်နိုင်တယ်။ 'ခေတ်သစ် အထက်ချင်းတွင်း ရော်ဘင်ဟုဒ်' ဆိုပါတော့။

နန်းတော့နန့်နမ်း ဆိုတဲ့အရပ်မှာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းတစ်ခုရှိတယ်။ လက်ထောက်ကျန်းမာရေးမှူးက ကိုလူတင်တဲ့။ မွတ်ဆလင်ကိုးကွယ်တယ်။ မျက်မှန်လေးနဲ့။ ဗိုလ်ကျားက ဘာမပြော ညာမပြောနဲ့ ရုတ်တရက်ရောက်လာပြီး ကျေးလက်ကျန်းမာရေးဆေးခန်းက ဆေးတွေယူချသွားရော။ တပည့်ကျော် ကိုလူတင်က ထုံးစံအတိုင်း ကျွန်တော့်ဆီ အစီရင်ခံစာတင်ပါလေရော။ အဖြစ်အပျက်အကျဉ်းနဲ့ ဗိုလ်ကျားနောက်ပါသွားတဲ့ ဆေးစာရင်းကြီး။ ဆေးစာရင်းကြီးက တခြားကြောင့်မဟုတ်ဘူး။ ကိုလူတင် စတော့စာအုပ်တစ်အုပ်လုံး ကူးပြီး ပို့လိုက်သလားလို့တောင် ထင်တယ်။ ခပ်ညံ့ညံ့ရဲအရာရှိဆိုရင် တခြားတစ်နေရာ တစ်ရွာရွာမှာ ကျန်းမာရေးဆေးပေးခန်းဖွင့်မှာမို့ ဒီလောက်တောင် ယူသွားတာလို့ ကောက်ချက်ဆွဲမှာပဲ။

ကိုလူတင့် အစီရင်ခံစာဖတ်ပြီး မဖြစ်ဘူး၊ ဟုမ္မလင်းနယ်တော့ သွားမှပဲ။ ကျွန်တော် မရောက်တာလည်း ကြာပြီ။ နန့်တောနန့်နမ်းကိုလည်း ဆေးပြန်ဖြည့်ပေးရမယ်။ အကုန်လုံး ဖြည့်မပေးနိုင်သေးတောင်မှ သူ တစ်လလောက်အတွင်း အသုံးအများဆုံး ဆေးစာရင်းပြန်ကြည့်ပြီး ဘာဆေးတွေ ပြန်ဖြည့်တင်းရမလဲ သိရအောင် သွားဖို့ ဆုံးဖြတ်လိုက်တယ်။ ဗိုလ်ကျားလုပ်ရပ်က ပူပူနွေးနွေးကြီးရှိသေးတာမို့ ဆေးရုံက လုပ်ဖော်ကိုင်ဖက်တွေကတောင် ဆရာ့အပေါ်အန္တရာယ်ကျရောက်နေလိမ့်မယ်။ နည်းနည်းဆိုင်းပါဦးလို့ တားနေကြသေးတယ်။ ကျွန်တော်ကလည်း ကိုလူတင် အားငယ်ပြီး ဆေးမရှိတဲ့ ဆေးခန်းလည်းလူထုနဲ့ အဆက်အသွယ်ပြတ်၊ အားကိုးမှု လျော့နည်းသွားမှာစိုးတာနဲ့ မြန်မြန်

သွားချင်တာ။

သွားဖို့ပြင်ဆင်နေတုန်း လူတစ်ယောက် စာအိတ်တစ်အိတ်လာပေးလို့ စားပွဲပေါ်ချထားပြီး ကြည့်လက်စ လူနာကို စမ်းသပ်ပေးရတယ်။ လူနာအတွက် စားဆေးပါ ညွှန်ကြားပြီးမှ စာအိတ်ဖွင့်ဖတ်လိုက်တော့ အံ့သြစရာကောင်းတဲ့ စာဖြစ်နေတယ်။ သို့ ဒေါက်တာ ဦးသိန်းလှိုင် ခရိုင်ဆရာဝန်ကြီး ခန္တီးခရိုင် ခန္တီးမြို့ဆိုပြီး ကျွန်တော့်ကို လိပ်မူထားတဲ့စာ။ စာရွက်က သိပ်အကောင်းစား တော့ မဟုတ်ပါဘူး။ ကျောင်းသုံးဗလာစာရွက်ပါပဲ။ လက်ရေးလက်သားက တော့ ကျွန်တော့်လက်ရေးမပြောနဲ့၊ ဟောဒီဆေးရုံတစ်ရုံလုံးက စာတတ်ပေတတ် တွေ တစ်ယောက်မှ ဒီလက်ရေးကို မီမှာမဟုတ်ဘူး။ ပီပီသသ၊ ရှင်းရှင်းလင်း လင်း။

နေဝင်းစန်းယု စစ်အာဏာရှင်စနစ်က လွတ်မြောက်ဖို့ ဆင်နွှဲနေတဲ့ တော်လှန်ရေးကာလမှာ ရဲဘော်တွေအတွက် မရှိမဖြစ် အရေးတကြီးလိုအပ်နေတဲ့ ဆေးဝါးများကို နန့်တောနန့်နမ်းကျေးလက်ဆေးခန်းကနေ ရယူသွားပါတယ် ဆိုတာမျိုး ရေးထားတာ။ ယူသွားတဲ့ဆေးစာရင်းကို အောက်တွင် ဖော်ပြထားပါ တယ်။ ပုံဗိုလ်ကျား... ဒေသ ဗမာပြည်ကွန်မြူနစ်ပါတီ၊... ခရိုင်ဆိုပဲ။

ဟ... နင့်မေကလွှား ကိုလူတင် တင်ပြတဲ့စာရင်းနဲ့ ဗိုလ်ကျားတင်ပြတဲ့ စာရင်းက ခုနစ်ဆ၊ ရှစ်ဆမက ကွာနေတယ်။ သူပုန်... သူပုန်နဲ့ စာရေးထား တာ ညက်နေတာပဲ။ နောက်ကနေတောင် နောက်ထပ်ဆေးတွေ လိုက်ပေးချင် စရာ ကောင်းအောင် တလေးတစား ရေးထားတာ။

ဒါနဲ့ နန့်တောနန့်နမ်းဘက် သွားရတယ်။ ဟုမ္မလင်းဝင်ပြီး ကိုလူတင် ကို ခေါ်တော့ ကိုလူတင်က ကြောက်တယ်၊ မလိုက်ရဲဘူးဆရာတဲ့။ ခက်တော့ နေပြီ။

ကိုလူတင် မလိုက်လို့ ဘယ်ဖြစ်မလဲ။

မလိုက်ပါရစေနဲ့ ဆရာ။

မင်း မလိုက်ရဲလို့ ဘယ်ဖြစ်မလဲ၊ မင်း ဆေးခန်းသွားစစ်မှာ။

ဆရာ့ဘာသာစစ်လို့ မရဘူးလား။

ငါတောင် သွားရဲသေးတာ မင်း ဘာလို့ မလိုက်ရဲတာလဲ။

သူ ခဏစဉ်းစားပြီးမှ အဖြေပေးတယ်။

"ဟုတ်ကဲ့ လိုက်ခဲ့ပါ့မယ်" တဲ့။

အဲဒီအခါမှာ ကျွန်တော်က ခပ်ပေါ့ပေါ့ ပြောလိုက်တဲ့စကားတစ်ခွန်းရှိ တယ်။ သူက ဘာသာခြားကိုးကွယ်တာပေမဲ့ ဒီလိုပြောတာမျိုး မကြိုက်ဘူး။

"သတ္တဝါတစ်ခု ကံတစ်ခုတဲ့။ လိုက်ခဲ့ပါကွာ၊ သေတော့လည်း နှစ်လောင်းပေါ့"

ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် နန့်တောနန့်နမ်းလာခဲ့ကြတယ်။ ဆေးခန်းတံခါးကိုဖွင့်တော့ တပည့်ကျော်က လက်တွေတုန်နေလို့ သော့ပေါက်ထဲကို တော်တော်နဲ့ ထည့်လို့မဝင်ဘူး။ ကိုလူတင် ဘာကိုကြောက်နေမှန်းမသိဘူး။ အထဲမှာတော့ ဆေးက မကျန်သလောက်ပဲ။ ကိုလူတင် အစီရင်ခံတာနဲ့ ဆေးခန်းရဲ့ မျက်မြင်အခြေအနေနဲ့ ကွက်တိလို့ ပြောရတော့မှာပဲ။

ရွာမိ ရွာဖတချို့နဲ့ ဆေးခန်းနားနေကြတဲ့ လူတချို့ ရောက်လာကြတယ်။ ဖြစ်ပုံ ပျက်ပုံတွေ သူတို့ခံစားမှုတွေ ပြောကြတယ်။ ကျွန်တော့်ကို အစိုးရဝန်ထမ်း၊ တာဝန်ရှိပုဂ္ဂိုလ်တစ်ယောက်လို စကားကို ထိန်းပြီးပြောကြ၊ ဆိုကြ၊ ဆက်ဆံနေကြမှန်း သိသာတယ်။

"လိုချင်ရင် တောင်းယူကြပေါ့ဗျာ၊ အကြမ်းဖက်တာမျိုးတော့ ဘယ်ကောင်းမလဲ။ ကိုလူတင်ကလည်း လူနာစာရင်းထဲ ပြလို့ရတာပဲလေ"

သူတို့က ကျွန်တော့်စကားတွေကို နားထောင်ပြီး မျက်စိမျက်နှာမကောင်းကြဘူး။

"လုတယ်၊ တိုက်တယ်ဆိုတာ မကောင်းပါဘူး။ ကျန်းမာရေးဝန်ထမ်းဆိုတာ လူမျိုးမရွေး ဘာသာမရွေးကြသလို၊ သူတို့က သူပုန်ပဲ။ သူတို့က စစ်တပ်ပဲ မခွဲခြားပါဘူး။ အစိမ်းရယ်၊ အကျက်ရယ် မကန့်သတ်ကြရပါဘူး"

နားထောင်နေသူတွေ သူတို့အချင်းချင်း ကြည့်ကုန်ကြတယ်။

"ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ် ရှင်သန်ကြတာလေ။ ဆေးကုပေးလိုက်တာ ဓားပြဖြစ်ချင်ဖြစ်မယ်၊ သူပုန်ဖြစ်ချင်ဖြစ်မယ်။ အဲဒီကိစ္စ နောင်မှ ရှင်းမယ်။ ဝေဒနာရှင်ကို ကုသရမှာ ကျန်းမာရေးဝန်ထမ်းရဲ့အလုပ်"

ကျွန်တော်တို့ စကားပြောရာကို လူငါးယောက် လျှောက်လာတယ်။ တစ်ယောက်က ဥပဓိရုပ်ဖြောင့်ဖြောင့်၊ အရပ်က ငါးပေ ကိုးလက်မလောက်။ ကျွန်တော့်စိတ်ထဲမှာ ဒီလူကို ငါ မြင်ဖူးတယ်၊ ဘယ်မှာပါလိမ့်၊ သိန်းလှိုင်စဉ်းစား၊ စဉ်းစားစမ်း၊ မပေါ်ဘူး။ နောက်တော့ အနားရောက်တဲ့အခါမှ ပြုံးပြတော့မှ ပြန်ပြီး မှတ်မိတယ်။ ရွာနာမည်တော့ မမှတ်မိတော့ဘူး။

နိုင်ငံတော်စီမံချက်နဲ့ ကျောက်ရောဂါပပျောက်ရေးလုပ်တော့ ကျွန်တော်ကိုယ်တိုင် ကျေးရွာတွေ ဆင်း၊ ကျောက်ရောဂါပပျောက်ရေးအတွက် တရားတွေဟော၊ ကျောက်ကာကွယ်ဆေးကိုယ်တိုင်လိုက်ထိုးတုန်းက ဒီမောင်နဲ့ ကျွန်တော်ဆုံခဲ့ကြတာ။

"ဟာ ဆရာလေး ဘာလာလုပ်တာတုံး"

"ရွာလုံးကျွတ် ကျောက်ဆေးလာထိုးတာလေ၊ လူတွေကလည်း ခက်ပါ တယ်။ ကျောက်ရောဂါ သေတတ်မှန်းသိရဲ့သားနဲ့ ဆေးထိုးမခံကြဘူး"

"ဟုတ်လားဆရာ"

"ကျွန်တော့် ကျောက်ထိုးဆရာတွေက စည်းရုံးရေးမကောင်းတာလည်း ပါတာပေါ့။ ကလေးလူကြီး ဒီဆေးထိုးထားရင် ကျောက်လည်း မပေါက်တော့ ဘူး။ ကျောက်ရောဂါက ကူးစက်မြန်တယ်"

"ခေါ်လို့မရဘူးလား၊ ကျွန်တော် ဒီရွာမှာ လက်ထောက်သူကြီးပဲ။ ကျွန် တော်ခေါ်ပေးမယ်"

အစကတော့ ဒီမောင်ကို ရွာသားလူလည်၊ ငကြွားလို့ထင်မိတာ၊ ဘယ်ရွာ မှာမှ လက်ထောက်သူကြီး၊ သူကြီးနံပါတ်နှစ်လို့မှ မရှိတာ။ သူ ခေါ်လိုက်တာ လူတွေ အကုန်ထွက်လာပြီး ကျောက်ဆေးထိုးခံကြတယ်။ အဘိုးကြီး၊ အမယ်ကြီးအိုပါ မကျန်ဘူး။ အဘိုးကြီး၊ အမယ်ကြီးတွေတော့ ဆေးထိုးဖို့မလိုဘူး ဆိုပြီး တောင်းပန်ပြီး ပြန်လွှတ်ရတယ်။

"ဟ ဒီမောင် စည်းရုံးရေး တယ်ကောင်းပါလား"

ဒီလူကို ရွာသူရွာသားတွေ ချစ်ကြရိုသေကြတာလေ။ နောင်ပိုအောင်ဘက် မအေးချမ်းဘူးဆိုလို့ ကျောက်ရောဂါ ပပျောက်ရေးသွားတော့ စစ်တပ်က လုံခြုံ ရေးလိုက်ပေးတယ်။ နောင်ပိုအောင် ရွာသူရွာသားတွေ ကျောက်ဆေးထိုးချင် အောင် သူ လူစုပေးတယ်။ ပါလာတဲ့ စစ်တပ်က အရာခံဗိုလ်က ဝက်တစ်ကောင် ဆွဲသတ်ပြီး စားတယ်။ ပိုတာ ပြုတ်ကြော်လုပ်ပြီး သယ်သွားတယ်။ ကျွန်တော် ခန္တီးမှ ပြန်မရောက်သေးဘူး။ အရာခံဗိုလ် အနိုင်ကျင့်ပုံ၊ မိုက်ကြေးခွဲပုံ စာရောက် နေပြီ။ တပ်ရေးဗိုလ်ကြီးက ကျွန်တော် ပြန်လာတော့ အဖြစ်အပျက်တွေ လာမေး တယ်။ ကျွန်တော်က စာရောက်နေတာ သိမှမသိဘဲ။ တပ်ရေးဗိုလ်ကြီးက ကျွန် တော့်ကို အသေးစိတ် ပြန်ပြောနေတော့ အံ့သြစရာတွေဖြစ်လို့။ ရဲလည်း ရဲမို့ မဟုတ်တာတွေလုပ်ခဲ့ရင် တိုင်စာက ရောက်နှင့်နေပြီ။

ဒီမောင်က ကျွန်တော့်ကို နှုတ်ဆက်တယ်။ ပြုံးလို့ ရွှင်လို့။

"ဆရာ နေကောင်းလား၊ ဘာလာလုပ်တာလဲ"

"ဟောဒီမှာဗျာ ကျွန်တော့်ဆေးခန်းလေး သူပုန်က ဆေးတွေအကုန် မ,သွားလို့ အစီရင်ခံစာတက်လို့ လာစစ်တာ"

ကျွန်တော် အဲဒီလိုဖြေလိုက်ချိန်မှာ ကိုလူတင်က တုန်တုန်ယင်ယင်နဲ့ ငှက်ဖျားတက်သလို ဖြစ်နေပြီ။ ကျွန်တော်က မြင်ရတာ စိတ်မသက်သာတာနဲ့

"ကိုလှတင် ငှက်ဖျားထတာလား၊ အိမ်တစ်အိမ်သွားပြီး စောင်ခြုံကွေး နေချင်လား"

"ဟာ ဆရာတပည့်ကြည့်ရတာ ငှက်ဖျားနဲ့တူတယ် ဆေးမပါဘူးလား"

"ဒုတိယသူကြီးရယ် ရွာကို ကာကွယ်ပါ၊ စောင့်ရှောက်ကြပါဗျာ။ အခု ကြည့်ပါဦး၊ ဆေးတွေက တစ်လုံးတစ်တောင့်မှ မကျန်ဘူး။ သူပုန်က လုပ်ရက်တာ"

"ဟုတ်လား ဆရာ"

"ဒါပေမဲ့ တောက လူတွေက သူတို့ယူသွားတဲ့စာရင်းကို စာရေးပို့တယ်ဗျာ။ ဒီမှာ တွေ့ရတာနဲ့ ကွဲလွဲနေတာမှ တော်တော်ကို ကွဲလွဲနေတာ"

အဲဒီမှာ ဒီမောင်ပြောတဲ့စကားက မှတ်သားလောက်တယ်။

"ဆရာရယ် မြို့ရယ် တောရယ် မဟုတ်ပါဘူး။ လူသာ အဓိကပါ" တဲ့။

ကျွန်တော် သူပြောတဲ့စကားကို သဘောကျမိတယ်။

"ဆရာရယ် စာရင်းကွာတာ ဘယ်သူ ဘယ်လောက်ယူသလဲ ဆရာ စုံစမ်းရင် ရမှာပါ။ ကျေးရွာလူထုက ဆရာ့ကို ချစ်တာပဲ။ သူတို့အမှန်ပြောမှာ၊ ကျွန်တော်လည်း သူပုန်တွေ့ရင် မေးလိုက်ပါဦးမယ်။ မင်းတို့ ဘယ်လောက်တောင် ယူသွားကြတာလဲလို့"

စကားစမြည်ပြော ရေနွေးကြမ်းတစ်ခွက်လောက်စီ သောက်ပြီး ပြန်သွားတော့မှ ခပ်လှမ်းလှမ်းရောက်နေပါပြီ။ ဒီမှာ ငှက်ဖျားအတက် မရပ်သေးတဲ့ ကိုလှတင်က

"ဆရာ... အဲဒါဗိုလ်ကျား... အဲဒါ ဗိုလ်ကျား" တဲ့။

ကိုလှတင် မလုပ်ကောင်းတာ လုပ်ထားတာပဲ။ ဒါပေမဲ့ ကျွန်တော် အရေးယူရင် သူ ဘဝပျက်သွားနိုင်တယ်။ ကျွန်တော် သူ့အစီရင်ခံစာကိုပဲ အတည်ယူလိုက်တယ်။ အစစ်အမှန်တွေရေးထားတဲ့ အစီရင်ခံစာကိုတော့ အရေးအသားရော၊ လက်ရေးလက်သားရော ကြိုက်လို့ သိမ်းထားတာ အခုထိ ရှိသေးတယ်။

* * *

## ခေါင်းအုံး

တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ငွေဆန်းနဲ့ သူ့ရဲဘော် ဆယ့်လေးငါးယောက် လည်းပါတယ်။ အထမ်းခေါ်လာတဲ့ နာဂတိုင်းရင်းသားငါးယောက်ရယ်၊ ကျွန်

တော်ရယ်၊ အိန္ဒိယနယ်စပ် ပန်ဆောင်ဘက် ချိုကြတုန်းက ညနေစောင်းတော့ တပ်စခန်းချဖို့ နေရာကောင်းက တော်တော်နဲ့မရဘူး။ အခန့်မသင့်ရင် မီဇိုနယ် ကျွံလာတာနဲ့ ကြုံရနိုင်တယ်။ ကျွန်တော်တို့လည်း သတင်းတွေထောက်လှမ်းပြီးမှ ထွက်ခဲ့ကြတာ။ လုံခြုံစိတ်ချရအောင် တောင်အထွတ်နဲ့ အနီးဆုံးကို ကြိုးစားပြီး စိတ်တိုင်းကျမှ စခန်းချကြတယ်။ တောင်ပေါ်မှာ နေဝင်တာ မြေပြန့်ထက် ပိုမြန်သလိုပဲ။ ညစာကတော့ နေ့လယ်က ကျန်တဲ့ထမင်းကိုပဲ စားကြရတယ်။ ကင်းလည်း စနစ်တကျချပြီး နည်းနည်းပြောင်တဲ့နေရာလေး ပိုပြောင်အောင် ရှင်းပြီး ခေါင်းအုံးဖို့၊ သေနတ်မှေးပြီးတင်ဖို့၊ ကျောပိုးအိတ်တွေ မှီလို့ကောင်းရုံ သစ်လုံးတစ်လုံး ရေညှိတော့ နည်းနည်းစွဲတာကို မျက်နှာသုတ်ပဝါခုသူခုပြီး တစ်နေကုန် ပန်းခဲ့သမျှ အမောဖြေကြတယ်၊ နားကြတယ်။ သစ်တုံးပေါ် ခေါင်းအုံးပြီး ကြယ်တွေ လတွေ ကြည့်၊ စီးကရက်ဖွာ၊ စောင်ခြုံထဲ ကွေးနေကြရတာ အရသာတစ်မျိုးပဲ။ ပုရစ်သံလေးတွေက ချော့သိပ်တော့ တစ်ခဏနဲ့ အိပ်ပျော်တယ်။

ရဲဘော်တွေ ကင်းချိန်းတာတောင် မနိုးဘူး။ မနက်ကျတော့ စောစောထပြီး မီးဖိုကြတယ်။ ဟန်းကောတွေ တန်းစီပြီး သစ်လုံးရဲ့ ဟိုဘက်ဒီဘက် လူနှစ်ဆယ်စာလောက် ထမင်းချက်ကြတာ။ ဝေလီဝေလင်းပေါ့။ တပ်ရင်းမှူးဖို့ကြိုတဲ့ ဟန်းကောရော၊ ထမင်းချက်တဲ့ ဟန်းကောတွေရောဆိုတော့ ဟန်းကောတန်းအရှည်ကြီးနှစ်ခု၊ အဲဒီလောက် မီးဖိုက အရှည်ကြီး။ တချို့က ထတောင်မှ မထချင်သေးလို့ မှေးသူမှေး၊ မှီသူမှီတုန်း။ တချို့ မတ်တတ်ရပ်ပြီး အညောင်းဆန့်သူဆန့်။

အဲဒီအချိန် တစ်ချက် သိမ့်ခနဲဖြစ်ပြီး ငလျင်လှုပ်သလို၊ မြေပြိုသလို ရုတ်တရက်ခံစားလိုက်ရတာ။ လူတွေလည်း မှောက်လျက်လဲသူလဲ၊ ပက်လက်လန်သူလန်၊ မီးဖိုက မီးတွေဆိုတာ ပွစာကြဲလို့၊ ဟန်းကောတွေ ဆန်တွေ ရေတွေ အနှံ့ ပြန့်ကျဲကုန်တယ်။ ကျွန်တော်တို့ တစ်ညလုံး ခေါင်းအုံးအိပ်ခဲ့တာ သစ်တုံးမှမဟုတ်ဘဲ။ မြွေကြီးလေ၊ ထမင်းချက်တဲ့ မီးဖိုမီးအပူကြောင့် သူတစ်ချက်တွန့်လိုက်တာ၊ သေနတ်တွေတောင် လွင့်တယ်။ လူတွေ လဲကြ၊ ပြိုကြ၊ သူ ခါယမ်းနေတဲ့ အဝန်းက ခုနစ်ပေ၊ ရှစ်ပေ။ အရှည်ပေ အစိတ်လောက်ရှိတဲ့ ထန်းလုံးလောက် မြွေကြီး။

နာဂတွေ စားတွေကိုင်ပြီး ဟိုဘက်ပြေးလိုက်၊ ဒီဘက်ပြေးလိုက်၊ မြွေက ယမ်းတာ ခါတာကို ရှောင်လိုက်၊ ပါးစပ်တွေကလည်း နာဂဘာသာစကားနဲ့ အော်ကြ ဟစ်ကြတာ ဆူလို့ ညံလို့။

"ခေါင်းရှာပါဟ"

"ဒီဘက်မှာ ဒီဘက်မှာ"

"မဟုတ်ဘူး ဟိုဘက် ဟိုဘက်..."

"ခုတ်ကွာ၊ မိရာခုတ်"

"တွေ့ပြီ တွေ့ပြီ ခေါင်းဒီမှာ" ဒါမျိုးတွေ ဖြစ်မှာပေါ့။

နာဂတွေ လွှန်းထိုးကြ၊ ခုန်ကြ၊ ပေါက်ကြ။ နောက်တော့ ခေါင်းကို တွေ့တော့ သူ့ဓားတွေနဲ့ ဝင်ခုတ်ကြတာ ခေါင်းပြတ်သွားတယ်။ သွေးတွေ ထွက်လိုက်တာ မြင်မကောင်းဘူး။ ဒါပေမဲ့ ချက်ချင်းမသေဘူး။ လှုပ်နေ ယမ်းနေတာ အကြာကြီး။ တွန့်နေလိမ်နေတာ အနားမကပ်ဝံ့ဘူး။ မနက်စောစော စီးစီး သွေးရဲရဲ သံရဲရဲမြင်ကွင်း။ နာဂတွေမို့ ဟန်းကောထဲက ဆန်တွေ သုံးစား လို့မရလို့ ထမင်းအိုး အသစ်ပြန်တည်ရတယ်။ မြွေသားတော့ နာဂတွေ ခုတ်ထစ် သယ်တာ အကုန်မသယ်နိုင်ဘူး။ ရဲဘော်တွေလည်း နည်းနည်းစီယူကြတယ်။ ကျွန်တော် နာဂမှာတွေ့ဖူးတဲ့အထဲမှာတော့ အဲဒီမြွေအကြီးဆုံးပဲ။ ဝမ်းဗိုက်ပိုင်းက ခပ်ဖွေးဖွေးကြီး။

* * *

## လားညွန့်တုံးကြခြင်း

တောင်ပေါ်ကို တစ်ခါတလေမှ တက်တာဆိုတော့ လားတွေ အသုံးပြုခွင့် ရတဲ့အခါ တစ်ခေါက်တော့ လားအကောင်လေးဆယ်နဲ့ ကျွန်တော် တက်သွား တယ်။ ဆေးဝါးနဲ့ ရိက္ခာတွေပါပဲ။ စိတ်ကို အတတ်နိုင်ဆုံးလျှော့ပြီး ပစ္စည်းပို တွေ မပါရအောင် ကျစ်ကျစ်လျစ်လျစ် စီစဉ်ခဲ့တာ။ နာဂတိုင်းရင်းသားတွေ ကူညီကြ၊ တချို့ကလည်း အထမ်းသမားငှားပြီး အထမ်းခိုင်းတာ။ ဒါမျိုး ကျွန် တော် မနှစ်မြို့ဘူး။ တချို့က ကျွန်တော့်ကို နတ်လို့ အောက်မေ့လို့ လိုလိုလား လား ကူညီချင်သူ ရှိကြပါရဲ့။ သူတို့အတွက် အပန်းမကြီးဘူးဘဲ ထားပါတော့။ ကျွန်တော်ကတော့ မလုပ်ကောင်းဘူးထင်တာပဲ။

လားအကောင်လေးဆယ်ယူသွားချိန်ကျမှ ခရိုင်ဝန်ကလည်း ခရီးထွက် ဖို့၊ ရဲဝန်ကလည်း ခရီးထွက်ဖို့ အကြောင်းက တိုက်ဆိုင်တော့ လားသူဌေး ဇော်ဂမ်း ဗျာများရတာပေါ့။ ဒီဒေသဟာ ကျွန်တော်ရောက်ပြီးမှ တစ်စတစ်စနဲ့ တဖြည်းဖြည်းချင်း ဖွံ့ဖြိုးစပြုလာတယ်လို့ ကျွန်တော်ကပြောရင် ကိုယ်ရည်သွေး

ရာရောက်တယ်လို့ မလိုသူတွေက ပြောကြ၊ ဝေဖန်ကြ၊ နှာခေါင်းရှုံ့ကြမှာပဲ။

စီးပွားရေးသမားက သူ့ပေသီးကို ကျကျနနခေါက်တတ်လို့ သူဌေးဖြစ်ကြတာပဲ ဟုတ်လား။ ဇော်ဂမ်း လားတွေ ထပ်ဝယ်တယ်။ ဒါပေမဲ့ နောက်ထပ်ဝယ်တဲ့ လားတွေထဲမှာ အထီးက ခပ်များများဆိုတော့ သူ စိတ်တော့ သိပ်မချမ်းသာလှဘူး။ လားအထီးများက ဟိုကိစ္စဆန္ဒရှိရင် ထိန်းရကျောင်းရ အလွန်ခက်တယ်လေ။ သူ့ကျောပေါ်မှာတင်ထားတဲ့ ဝန်တွေ၊ အထုပ်တွေဟာ ဘယ်လောက်အဖိုးတန်လို့ ဘယ်လောက်အရေးကြီးတဲ့ပစ္စည်းလို့ သူတို့သိကြတဲ့ အကောင်တွေမှ မဟုတ်ဘဲ။ လားလေ၊ အထီးလေ၊ မဘက်လိုက်ချင်တော့၊ မဘက်လိုက်တော့မိုက်ဖက်ပါတော့တာပေါ့။ တချို့ပစ္စည်းတန်ဖိုးတွေ ဇော်ဂမ်း ပေးလျော်ရတယ်။

ဇော်ဂမ်း လားတွေ အင်အားဖြည့်တဲ့ကာလက ကျွန်တော့်ဆီကို ဒေါက်တာ ကြည်ဝင်း ရောက်ခါစအချိန်တွေပေါ့။ ကိုကြည်ဝင်း ဝတ်ပုံစားပုံက သိပ်စမတ်ကျတယ်။ ဆေးရုံကိုလာတာ၊ လည်စည်းနက်တိုင်နဲ့၊ ဘောင်းဘီရှည်၊ အင်္ကျီလက်ရှည်နဲ့၊ သားရေဘွတ်ဖိနပ်ကို ပြောင်လက်နေအောင် တိုက်ထားတာ။ အဲဒီလိုဝတ်စားပြီး ဆေးရုံလာလေ့ရှိတယ်။

ကျွန်တော့် ဝတ်ပုံစားပုံနဲ့ တခြားစီ ပဲ။ သူ့မှာ သူ့လွတ်လပ်ခွင့်ရှိပေမဲ့ ကျွန်တော် သူ့ကို လူနာတွေ အထူးသဖြင့် နာဂတွေနဲ့ တစ်သားတည်းကျစေချင်တာ။ နာဂတွေအပေါ် နားလည်မှုရှိမှ၊ ကြင်နာစိတ်တို့၊ စာနာစိတ်တို့၊ စေတနာတို့ ပေါ်လာမှာလေ။ ဆေးစွမ်းထက်ဖို့ ဒီကိစ္စတွေကလည်း တစ်စိတ်တစ်ပိုင်း အရေးကြီးတယ်ဟုတ်လား။

ဒါပေမဲ့ ပါးစပ်က မနေနိုင်ဘူး၊ လွတ်ခနဲ ပြောလိုက်မိတယ်။

"ကိုကြည်ဝင်း ခင်ဗျား အပန်းမကြီးရင် လည်စည်းတွေ၊ ဘွတ်ဖိနပ်တွေချွတ်ပြီး ပေါ့ပေါ့ပါးပါးနေပါလားဗျာ" လို့ ပြောလိုက်မိတယ်။ သူ့အကျင့်အတိုင်း ပြုံးစေ့စေ့လုပ်ပြီး ကျွန်တော့်ကို အဖြေပြန်ပေးတယ်။

"ဟုတ်ကဲ့ပါဆရာ ကျွန်တော် လုပ်ပါ့မယ်"

ဒါပေမဲ့ တစ်ချက်မှ မချွတ်ဘူး။ တနင်္ဂနွေနေ့ကျတော့ ဇော်ဂမ်း ရောက်လာတယ်။ နောက်ထပ်ရောက်တဲ့ လားတွေထဲမှာ အသိုးတွေ ဆယ့်နှစ်ကောင်ပါတယ်။ ဆရာ သင်းပေးပါဦးတဲ့။ ကျွန်တော်က နားတော့ စိုက်ထောင်တာပဲ နှစ်ကောင်လိုလို ဆယ့်နှစ်ကောင်လိုလို မသဲကွဲလိုက်ဘူး။ ဇော်ဂမ်းအသံက လည်းဝဲတဲတဲလေ။

"ဘယ်နှကောင်ကွ ဇော်ဂမ်း"

"ဆယ့်နှစ်ကောင် ဆရာ"

ဘယ်ဘက်လက်ညှိုးတစ်ချောင်းနဲ့ ညာဘက်လက်နှစ်ချောင်း ထောင်ပြရင်း ဖြေတယ်။

ဒါနဲ့ သူနာပြုဆရာမ မထွေးအောင်ကို ခွဲစိတ်တဲ့ပစ္စည်းတွေ အထည့်ခိုင်းလိုက်တယ်။ ဒေါက်တာကြည်ဝင်းကိုတော့ ဆင်သေကိုရောက်ဖူးအောင်၊ ချင်းတွင်းမြစ်အလှလည်း ခံစားရအောင် ခေါ်လာခဲ့တယ်။ ဇော်ဂမ်းရဲ့လားတွေက ဆင်သေဘက်ကမ်းမှာ ထားတာလေ။

မော်တော်ပေါ်ကျမှ ဇော်ဂမ်းက ပြောတာ။

"ဆရာရယ်၊ ဆရာ့ကျေးဇူးမမေ့ပါဘူး။ မြစ်ကြီးနားမှာ စုံစမ်းတော့ လားတစ်ကောင် သင်းခ လေးထောင်တောင်းနေတယ်။ လေယာဉ်ပျံခနဲ့ ကျွန်တော်ဘယ်တတ်နိုင်မှာလဲ ဆရာ"

ဟိုကလည်း တော်တော်ကို မတရားသဖြင့် လုပ်လိုက်တာလို့ ကျွန်တော်ခံစားရတယ်။ ဇော်ဂမ်း လားသူဌေးပဲဆိုပြီး တောင်းတာထင်ပါရဲ့။ ဒါမှမဟုတ် ဒီ့ပြင် လားသူဌေးတစ်ယောက်က ခန္တီးဇော်ဂမ်းရဲ့နယ်ထဲကို စီးပွားရေးချဲ့ထွင်ချင်လို့ပဲ မတော်မတရား ပြောသလားမသိဘူး။

ဆင်သေက လားစခန်းရောက်တော့ ဇော်ဂမ်းက သူ့တပည့်တွေကို သင်းရမယ့်လားတွေ အယူခဲ့ခိုင်းတယ်။ သူပြောသလိုပဲ ဆယ့်နှစ်ကောင်။ ယေဘုယျတော့ တစ်ကောင်ချင်းစီရဲ့ ကျန်းမာရေးကြည့်ရတာ ကျန်းမာကြပုံပဲ။ အသိုးတစ်ကောင်ကို ခြေရာလက်ရာရှေ့နောက် ကြိုးတစ်ချောင်းစီနဲ့ တုပ်နှောင်ပြီး လှဲလိုက်တယ်။ ပြီးမှ ခွဲရတယ်။ အသိုးတွေကို ခွဲတဲ့အခါ မေးခိုင်ပိုးဝင်တတ်တယ်လို့ ကြားဖူးထားလေတော့ သူတို့ ဖင်ပိုင်းကိုလည်း အတတ်နိုင်ဆုံး သန့်ရှင်း၊ ကိုယ့်လက်တွေလည်း သန့်ရှင်းရတာပေါ့။ စခွဲကတည်းက ကိုကြည်ဝင်း ကြည့်ပြီး စဉ်းစားနေတယ်ထင်ပါရဲ့။ လူဆရာဝန်က လားသိုး(လသိုး)တွေကို ဘာလို့ ခွဲနေတာပါလိမ့်။ ပိုက်ဆံအတွက်တော့ ဟုတ်ဟန်မတူဘူး။ ဆရာနဲ့အတူ ဝင်ပြီး လသိုးတွေကို ခွဲရင်ကောင်းမလား။ ငါဟာ လူကိုကုမယ့် ဆရာဝန်လေ။ ဒီ လသိုးတွေနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ။ ဒါဆိုရင် ဆရာကရော ဘာလို့ခွဲရတာလဲ။

သူ့ကြည့်ရတာ တစ်ခုခုစဉ်းစားပြီး တွေဝေနေပုံရတယ်။ ကျွန်တော်ကလည်း ကိုကြည်ဝင်း လာပါဗျ။ ခွဲလှည့်ပါ မခေါ်ဘူး။ ကျွန်တော် ခေါ်တိုင်းသူ ခွဲချင်မှ ခွဲမှာပေါ့။ ကျွန်တော့်အလုပ် ကျွန်တော် လုပ်တယ်။ ဘာမှ မခက်ပါဘူး။ အလွယ်ကလေး။ ခွဲနေရင်းနဲ့ စဉ်းစားတာတစ်ခုရှိတယ်။ ကျွဲနွားတွေကို သင်းပြီးရင် ဘူးလ် BULL ကနေ ဟိုဥစ္စာ သော့ခတ်ပြီးပြီမို့ ကျွဲတွေ၊ နွားတွေ သင်းပြီးရင် BULLOCK လို့ ခေါ်လေတော့ ဒီလားတွေ မြူး MULE ကို

သင်းပြီးရင် MULELOCK လို့များ ခေါ်ကြလေမလား။ MULLOCK လို့များ စာလုံးပေါင်းလေသလား၊ ဒါမှမဟုတ် ဝေါဟာရအသစ်ထွင်ရရင် ကောင်းမလား ပေါ့ပေါ့ပါးပါး စဉ်းစားမိတယ်လေ။

ကျွန်တော် ခွဲနေစိတ်နေတာကို သူ လှမ်းကြည့်နေရင်း နောက်တော့ ဘာတွေတွေးလို့ ဘယ်လိုခံစားတယ်မသိဘူး။

“ဆရာ ကျွန်တော် တစ်ကောင်လောက် ဝိုင်းကူရမလား”

“စမ်းကြည့်လေ ကိုကြည်ဝင်း”

သူလည်း လည်စည်းနက်တိုင်နဲ့ ဘွတ်ဖိနပ်နဲ့ ဝင်ခွဲတယ်။ လသိုး (လားသိုး)ကို တုပ်နှောင်လှဲချပြီးမှ ပြုံးစေ့စေ့နဲ့

“ဟာ ဆရာ သူ့ဟိုဥက ဘယ်မှာလဲ”

“လားတို့၊ မြင်းတို့က ဥးစေ့ အပြင်ထွက်နေတာ မဟုတ်ဘူးလေ။ ဒီမှာ လာကြည့် ဟောဒီနားမှာ” သူ လာကြည့်ပြီး “အိုးမိုင်ဂေါ့ဒ်” လို့ပြောတယ်။

ကျွန်တော် ဖြစ်အောင်လုပ်ရင် သူလည်း ဖြစ်အောင်လုပ်တော့တာပဲ။ လားဆယ်ကောင် ပတ်ချာဝိုင်းနေတဲ့ကြားက ကျွန်တော်တို့ အလယ်ကောင်မှာ ယူယူပြီးခွဲလိုက်ကြတာ ကြုံကြုံဖန်ဖန် လားမှာ ဟန်နီယာရှိတဲ့လား၊ ဟိုက်ဒရိုစီ ရှိတဲ့လားက အကျိုးပေးချင်တော့ လာကြုံရသေးတယ်။ လည်စည်းနဲ့ ဘွတ်ရှူးနဲ့ ဆရာလည်း တစ်ကောင်ပြီးတစ်ကောင် ခွဲရင်း ပြန်ချုပ်ရင်း တဖြည်းဖြည်း လက်ယဉ်လာတယ်။ ဇော်ဂမ်းရဲ့အခက်အခဲကို ဖြေရှင်းပေးလိုက်တာလေ။ လား သူဌေးကို လားသိုးတွေရဲ့ ဟိုဥစ္စာသင်းပြီး ကြေးပတာမဟုတ်ဘူး။ သူ အဆင်ပြေမှ ဝန်ထမ်းတွေ လိုရာခရီးဆက်နိုင်ကြမှာ။ အဲဒီတော့မှလည်း မဖွံ့ဖြိုးသေးတဲ့ ဒေသဖွံ့ဖြိုးလာမှာ။ ဒီလိုစိတ်ကူးပြီး လားသိုး (လသိုး) ဆယ့်နှစ်ကောင်ကို လားညွှန့်တုံးအောင် စီရင်ခဲ့ဖူးတယ်။

* * *

## ဂိုး ဝမ်း တိုး

ဗိုလ်မှူးကြီးလှဟန်က ဆရာ ဦးဖေကြင်ကို ခန္တီးမြို့ကို တစ်ခေါက်လောက် သွားကြည့်စေချင်တယ်လို့ တိုက်တွန်းသတဲ့။ အဲဒီအခါ ဆရာ ဦးဖေကြင်က မသွားချင်ဘူးလို့ ငြင်းခဲ့ဖူးသတဲ့။ ကျွန်တော် နောက်မှ ပြန်ကြားရတဲ့အကြောင်း တွေပါ။ ခန္တီးမြို့ဆိုတာနဲ့ ဆရာဦးဖေကြင်ရဲ့ ဦးနှောက်ထဲမှာ သိန်းလှိုင်ဆိုတဲ့

နာမည်ကို ပြေးမှတ်မိလို့လေလား။ ခန္တီးမြို့လို့ ကြားလိုက်ရင် ဆရာခမျာ သိန်းလှိုင်ရဲ့မျက်နှာကိုပဲ စွဲမြဲနေရှာလေသလား။ ဆရာဦးဖေကြင်က သူ့မှာ နှလုံးရောဂါရှိတယ်ဆိုတဲ့ အကြောင်းပြချက်ကို စွဲကိုင်ထားသတဲ့။

တစ်နေ့တော့ ဆရာ ဦးထွန်းမင်းဆီက ကြေးနန်းလာတယ်။ ဦးဖေကြင်နဲ့ အဖွဲ့ လာကြမယ်ဆိုတဲ့ ကြေးနန်းပါ။ ဗိုလ်မှူးကြီးလှဟန်က နာဂတောင်တန်းမှာ မောင်သိန်းလှိုင် အလုပ်လုပ်ထားပုံတွေ သွားကြည့်သင့်တယ်လို့ သုံးလေးခါတိုက်တွန်းတော့မှ ခန္တီးမြို့သွားမယ်လို့ ဖြစ်လာရသတဲ့။ နောက်မှ သူနဲ့အတူပါသူတွေရဲ့ ပြောစကားပါ။

ကြေးနန်းကို လက်ထဲမှာကိုင်ထားရင်း ကျွန်တော် စီးထားတဲ့ ဖိနပ်ကိုချွတ်လိုက်တယ်။ ပြီး ဆရာဦးဖေကြင်က ကျွန်တော့်ကို နှစ်တိုးရပ်၊ လုပ်သက်ဖြတ်ပြီး နာဂဒေသကို အပို့မှာ ကျွန်တော် ကန်တော့မယ်အလုပ်

"မင်း ဘာလုပ်မလို့လဲ... ဟေ့... ဟေ့... မင်း ငါ့ကို မကန်တော့နဲ့" လို့ မျက်စိပျက် မျက်နှာပျက်နဲ့ ပြောတာကို ပြန်မြင်ယောင်ကြားမိတယ်။ သူ့ကို မျက်နှာမူကန်တော့ပြီး လက်အုပ်ချီလျက် ကျွန်တော် ပြောခဲ့တာတွေလည်း အမှတ်ရတယ်။

"ဆရာနဲ့ ကျွန်တော် အရင်က တစ်ခါမှ မဆုံဖူး၊ မတွေ့ဖူးကြပါဘူး။ ကျွန်တော် မရောက်ဖူးတဲ့ ဝေးလံတဲ့ဒေသကို ဆရာ အခုလိုပို့လိုက်တာ သိပ်ပြီး ကျေးဇူးတင်ပါတယ် ဆရာ၊ ဆရာ့ကျေးဇူး ကျွန်တော့်မှာ ရှိနေပြီဆရာ။ ဒါကြောင့် ကျွန်တော် ကန်တော့ချင်တာပါ ဆရာ"

ဆရာဦးဖေကြင်က ပျာပျာသလဲ တားတာပဲ။

"မလုပ်နဲ့ မလုပ်နဲ့ မကန်တော့ပါနဲ့ မောင်သိန်းလှိုင်"

တားတဲ့ကြားက ဇွတ်ကန်တော့ပြီး

"ဆရာ့ကိုလည်း ခန္တီးရောက်အောင် ခေါ်ဦးမှာပါ ဆရာ" လို့လည်း ကျွန်တော် ပြောခဲ့တာတွေ အမှတ်ရမိနေမိတယ်။ အခုတော့ မမျှော်လင့်တာတွေ ဖြစ်လာပြီ။ ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ်တစ်ယောက် ဗမာပြည်ထဲက မြို့တစ်မြို့ကို လာတယ်ဆိုတာ ဘာမှထူးဆန်းတဲ့အလုပ် မဟုတ်ပါဘူး။ ဒါပေမဲ့ ဆရာဦးဖေကြင် ခန္တီးမြို့ကို အကြိမ်ကြိမ်ငြင်းဆိုခဲ့ပြီး နှလုံးရောဂါအခံကြီးနဲ့ လာမယ့်ဆိုတာကတော့ ကျွန်တော့်အတွက် အဓိပ္ပာယ်အများရှိတယ်။

ကျွန်တော် ဒီမှာ အသားကျနေပြီ။ နာဂတိုင်းရင်းသားတွေ အားကိုးရတဲ့ ဆရာဝန်တစ်ယောက်ဖြစ်နေပြီ။ ခန္တီးဆေးရုံဟာ ခရိုင်ဆေးရုံပေမဲ့ အရင်လို ဆေးဝါးမရှိတဲ့ ဆေးရုံမဟုတ်ဘူး။ ဆေးလေးဝါးလေး အထိုက်အလျောက်ရှိတဲ့

ဆေးရုံဖြစ်နေပြီ။ လူနာလည်း ကျီးနဲ့ဖုတ်ဖုတ်မဟုတ်တော့ဘူး။ ဒီရောဂါ၊ ဒီဝေဒနာ တွေဟာ ရွာခံနတ်ဆရာကိုချည်း အားကိုးပြီး ယဇ်ပူဇော်ရုံနဲ့မရဘူး။ ဒေါက်တာ သိန်းလှိုင် ငါတို့နတ်အသစ်ဆီသွားရင် ခေတ်မီကုသနည်းနဲ့ကုရင် ပျောက်ကင်းတယ်ဆိုတာ နာဂတိုင်းရင်းသားတွေအကြားမှာ ပျံ့နှံ့စပြုနေပြီ။ ဆရာဦးဖေကြင်ဟာ သူ့ခံစားချက်နဲ့သူ ကျွန်တော့်ကို ဝေးလံသီခေါင်ရာ ရွှေ့ပစ်ပေမဲ့ ကျွန်တော်ဟာ ရွက်ကျပင်ပေါက်လိုပဲ ရှင်သန်နိုင်တယ်။ ပစ်တိုင်းထောင် သိန်းလှိုင်လေ။ ဒီတော့ ဆရာ့ကျေးဇူးကို သူနဲ့ထိုက်တန်တဲ့ ကြိုဆိုမှုတစ်ခု လုပ်မယ်။ တစ်နည်းအားဖြင့်တော့ ကျွန်တော့်ရဲ့ လက်မောင်းကြွက်သား ခပ်သေးသေးကို လှစ်ပြ ညွှစ်ပြချင်တာပါ။

လေယာဉ် ခန္တီးကွင်းနား ချဉ်းကပ်ကတည်းက လေယာဉ်ပေါ်မှာ ပါလာကြတဲ့ ခရီးသည်တွေအားလုံး ထူးခြားတဲ့မြင်ကွင်းတစ်ခုကို မြင်နေကြရပြီ။ ကျွန်တော့် မိတ်ဆွေ နာဂတွေရဲ့ အကူအညီကိုယူပြီး ဆရာတို့အဖွဲ့ကို ကြိုဆိုဖို့ ပြင်ထားတယ်။ နာဂတွေလည်း လေထဲကနေ ပျံဝဲဆင်းလာတဲ့ လေယာဉ်စက်သံတွေ ဆူဆူညံညံနဲ့ လေယာဉ်၊ အဲဒီလေယာဉ်ဝမ်းဗိုက်ထဲကနေ ခရီးသည်တွေ အလျှိုလျှိုထွက်လာတာကြည့်ပြီးတော့ သဘောကျကြတယ်။ လံကွတ်တီတွေ၊ ဓားတွေ၊ လှံတွေ၊ ဒိုင်းတွေနဲ့ နာဂတွေ အများကြီးကိုကြည့်ပြီး ခရီးသည်တွေက သဘောကျကြတယ်။

လေယာဉ်လည်းရပ်ရော နာဂတွေက လှံတွေ၊ ဓားတွေဝင့်ပြီး လေယာဉ်ဆီ ချီတက်သွားကြတယ်။ လေယာဉ်ကိုရော၊ ဆင်းလာတဲ့ခရီးသည်တွေကိုရော ဝိုင်းပတ်ပြီး သူတို့ကကြတယ်။ ကြည့်လှပတဲ့ ကြည်နူးစရာမြင်ကွင်းပဲ။ တိုက်တိုက်ဆိုင်ဆိုင်ပဲ အဲဒီနေ့က လေယာဉ်မှူးက ကပ္ပတိန် ဒါဝေမြိုင် မောင်းလာတာ။ သူနဲ့ ကျွန်တော်နဲ့က ငယ်ငယ်က မော်လမြိုင် စိန့်ပက်ထရစ်ကျောင်းမှာ အတူနေခဲ့ကြတာ။

ပထမဆုံး ခရီးသည်တွေ ဆင်းလာကြတယ်။ ခန္တီးမြို့ကို သူတို့အကြောင်း သူတို့ကိစ္စနဲ့လာကြတဲ့ ခရီးသည်တွေ။ တရုတ်တွေ၊ တရုတ်မတွေ မြင်လိုက်ရတယ်။ နည်းနည်းနောက်ချန်ပြီးမှ ဒေါက်တာတင်ဦး စဆင်းလာတယ်။ ကူးစက်ဘက်က ဆရာဝန်ကြီး။ ပြီးတော့ ဒေါက်တာဘနာဂျီ၊ နောက် ဒေါက်တာထွန်းမင်း၊ မျက်စိအထူးကုဒေါက်တာ ဦးကိုကြီး၊ အုပ်ချုပ်ရေးဘက်က ဦးချစ်စိန်နဲ့ ဦးဘရှင်တို့ ပါတယ်။ ဆရာဦးဖေကြင်က နောက်ဆုံးမှ ဆင်းတယ်။

နာဂတွေက ဘယ်သူတွေက ခရီးသည်တွေ၊ ဘယ်သူတွေက သူတို့ကြိုဆိုရမယ့်သူတွေရယ်လို့ ခွဲခွဲခြားခြား ဘယ်သိကြမလဲ။ ခရီးသည်တွေရော၊ ဆရာ

တွေရော တစ်ယောက်မှ ကွင်းပြင်ထွက်ခွင့်မပေးဘူး။ ဝိုင်းပတ်ကနေကြတယ်။ ရေချိုးကြတဲ့လူတွေမှမဟုတ်ဘဲ။ အနံ့အသက်တော့ နည်းနည်းပြင်းတာပေါ့။ စကားပြန်ကို ခရီးသည်တွေ ထွက်ပါစေ၊ ဖွင့်လိုက်လို့ အပြောခိုင်းတော့မှ ခရီးသည်တွေ ထွက်ခွင့်ရတာ။

ကပ္ပတိန် ဒါဝေမြိုင်လည်း အစကတော့ ဒီအကွက်ဟာ ဘယ်သူဘယ်ဝါ အကွက်၊ ဘယ်သူ့လက်ချက်ရယ်လို့ ဘယ်သိမလဲ။ နောက်တော့ ကျွန်တော့် လှမ်းမြင်တော့မှ လှမ်းအော်တယ်။

"ဟေ့ အက်ဒီ၊ ကွန်ဂရက်ကျူလေးရှင်း" တဲ့။

ကျွန်တော် ရုတ်တရက် သူ့ကို မမှတ်မိဘူး။ သူငယ်ချင်းက နည်းနည်းဝ လာတယ်လေ။ လူကြီးတွေလာကြတာကို အခုလို သိုက်သိုက်ဝန်းဝန်း ကြိုဆို တာ ကာယကံရှင်တွေကတော့ ဘယ်လိုခံစားကြမယ် မပြောတတ်ဘူး။ သူငယ် ချင်း ဒါဝေမြိုင်ကတော့ ကွန်ဂရက်ကျူလေးရှင်း လုပ်နေပြီ။

စကားပြန်ကတစ်ဆင့် ခရီးသည်တွေနဲ့ အရေးကြီးပုဂ္ဂိုလ်တွေ ခွဲခြားပြီး ခရီးသည်တွေ အရင်ထွက်စေတယ်။ ဒါဝေမြိုင်လည်း ခရီးသည်တွေနဲ့ အတူ ရောထွက်လာပြီး လက်ဆွဲနှုတ်ဆက်တယ်။ သူငယ်ချင်းနှစ်ယောက် တစ်ယောက် နဲ့တစ်ယောက် အပြန်အလှန် လက်ကို ဖျစ်ညှစ်ထားတဲ့ မြဲမြံမှုတွေဟာ သံယော ဇဉ်တစ်ခုကို ပြဆိုနေတာပါလား။ အခုမှပဲ ဓာတ်ရည်လည်တော့တယ်။ တစ်လောဆီက လက်ဆောင်ပါးလိုက်တဲ့ ဒူးရင်းယိုတွေနဲ့ ချောကလက်တွေက ဒါဝေမြိုင် သယ်ခဲ့တာကိုး။ သူ့ကို ကျေးဇူးတင်ကြောင်း အခုမှ ပြောရတယ်။

နာဂတွေက သူတို့သီချင်း သူတို့ကကွက်ပြီးအောင် ကကြတာ။ လေယာဉ် ကွင်းထဲမှာ လူကြီးတွေကို နေလှန်းထားသလို ဖြစ်နေတာပေါ့။ ကြိုဆိုတာ၊ ဂုဏ်ပြုတာ လိုအပ်တာထက် ပိုကြာတယ်လို့ သူတို့ထင်ရင်လည်း မတတ်နိုင် ဘူး။ ကျွန်တော့်လူတွေ သူတို့ရိုးရာအကကို အမြတ်တနိုး တန်ဖိုးထားပြီး လာ ရောက် ဧည့်ခံကြိုဆိုကြတာ။ ဒါကိုတော့ ငြင်းမရဘူး။

တပ်ထဲက ကိုတင်မြင့် ဂျစ်ကားတစ်စင်း လာကူတယ်။ သူ့ကားပေါ်မှာ သေတ္တာတွေ၊ ဝန်စည်စလယ်တွေတင်ပြီး ဆေးရုံကို အမောင်းခိုင်းလိုက်တယ်။ ဒီလူအုပ်နဲ့ ဂျစ်ကားတစ်စင်းနဲ့ ဘယ်လိုမှ စီးလို့မဖြစ်ဘူး။ နှစ်ခေါက်သုံးခေါက် ပြန်ကြိုဖို့လည်း ဓာတ်ဆီမရှိဘူး။ နာဂတွေ ဘေးဘယ်ညာခြံပြီး ဆေးရုံအထိ ခြေကျင်လျှောက်ကြရတာ။ ကျွန်တော့်ပါးစပ်ကလည်း ပြောဖြစ်အောင် ပြော လိုက်သေးတယ်။

"ဆရာတို့ ကိုယ့်ကိုယ်ကိုယ် ဂေါက်ကွင်းထဲမှာ လမ်းလျှောက်တယ်လို့

သဘောထားကြပါဗျာ"

မျက်စိဆရာဝန် ဦးကိုကြီးက ဆဲတယ်။ သူက ကျွန်တော် ဆေးကျောင်းသားဘဝက အဆောင်နည်းပြလေ။ ရင်းနှီးနေတော့ ဆဲတော့တာပေါ့။ ခန္တီးမှာ ဆရာတို့တစ်တွေ ကျွန်တော့်ဆေးရုံကို ကြည့်ကြတယ်။ လူနာတွေကိုတွေ့တော့ အံ့အားသင့်တယ်။ သူတို့သတင်းတော့ ကြားဖူးတယ်။ ဒီလိုလူနာတွေ များလိမ့်မယ် မထင်ပါဘူး။ နှစ်ညအိပ်သွားတယ်။ ကလေးဝကို ခရီးဆက်ကြတာ။ ကျွန်တော့်မိသားစု အုန်းအုန်းရယ်၊ ဘွားဘွားရယ်၊ ကလေးတွေရယ်ပါ ခေါ်တယ်။ ကလေးတွေ ဘာမှကြုံဖူး မြင်ဖူးမှာမဟုတ်ဘူးလို့ ပူပင်ပြီး ရောက်ဖူး ကြုံဖူး၊ မြင်ဖူးအောင်၊ ဗဟုသုတရအောင် ခေါ်တာ။

ဘွားဘွားက လမ်းမှာဝယ်လို့ရတဲ့ ရေဘဲတွေ၊ ဟသ်ာတွေ ချက်ပြုတ်ကျွေးသွားတာ။ ကလေးဝသွားတဲ့ခရီးက ပျော်စရာပါ။ ကလေးဝက မုံရွာ၊ မန္တလေးအထိ ခရီးဆက်ကြတာ။ ကျွန်တော့်ကလေးတွေလည်း မြို့တွေ အစုံ ရောက်ဖူး ပေါက်ဖူးသွားကြတာပေါ့။

ဗိုလ်မှူးကြီးလှဟန်က ကျွန်တော့်ကလေးကို ခန္တီးမှာ မထားနဲ့။ ပညာတတ်အောင်သင်ဖို့ ရန်ကုန်ပို့လိုက်လို့ ပြောသွားတာရဲ့ နောက်ဆက်တွဲအဖြစ်အပျက်တွေ ရှိသေးတယ်။ ကျွန်တော့်ကလေးတွေကို တီတီစီကျောင်းက လက်မခံဘူး။ ဒီအကြောင်းတွေ မော်တော်ပေါ်မှာ သူတို့ပြန်ပြောတော့မှ သိရတယ်။

ကလေးတွေရဲ့ဘွားဘွားက ရန်ကုန်မြို့မှာ နာမည်ကြီးတဲ့ တီတီစီကျောင်းကို ကျောင်းသွားအပ်တော့ လက်မခံလိုက်ဘူး။ တီတီစီဆိုတာ နေချင်တိုင်း နေရတဲ့ ကျောင်းမဟုတ်ဘူး။ ရန်ကုန်မြို့က မြို့မျက်နှာဖုံး ပိုက်ဆံဝါလားတွေရဲ့ သားသမီးတွေနေကြတဲ့ကျောင်း။ ပိုက်ဆံရှိရင်ရှိ၊ ပိုက်ဆံမရှိရင် အာဏာပါဝါရှိတဲ့ လူတွေရဲ့ ကလေးတွေချည်းနေကြရတဲ့ကျောင်း။ သာမန်မိဘတွေ၊ ရာထူးပိစိကွေး၊ နောက်ခံဘက်ဂရောင်းမှိန်မှိန်တွေ ကျောင်းအနားမကပ်နဲ့။ ကျောင်းအရိပ်နင်းတာကို လွန်လှပြီဆိုတဲ့ကျောင်းမျိုး။

ကျောင်းသွားအပ်တော့ ကျောင်းအုပ်ကြီးက ကလေးအဖေ နာမည်မေးတယ်။

ဒေါက်တာသိန်းလှိုင်ပါ။
အမေနာမည်က ဒေါ်အုန်းအုန်းပါ။
အလုပ်အကိုင်က ဆရာဝန်ပါ။
ဘယ်မှာ တာဝန်ကျသလဲ။
ခန္တီးဆေးရုံမှာပါ။

ခန္တီးမှာဆိုရင် ခန္တီးကျောင်းမှာပဲ ထားလေ။

ဒီလိုနဲ့ ကျွန်တော့်ကလေးနှစ်ယောက် တီတီစီကျောင်းကို တက်ခွင့်မရကြဘူး။ ဗိုလ်မှူးကြီးလှဟန်က အကျိုးအကြောင်းသိချင်လို့ ဗိုလ်မှူးသိန်းအောင်ကိုလွှတ်ပြီး ဘွားဘွားတို့ဆီ အစုံစမ်းခိုင်းတော့ ဘွားဘွားက သူတို့အဖေက ခန္တီးမှာမို့ ကျောင်းက လက်မခံလိုက်ဘူးလို့ပြောတဲ့အကြောင်း ပြောပြလိုက်တယ်။

အဲဒီအခါ ဗိုလ်မှူးသိန်းအောင်က ဆရာဦးဖေကြင်ကို အကျိုးသင့်အကြောင်းသင့် အဖြစ်သနစ်ကို ပြောပြလိုက်တယ်။ ဆရာဦးဖေကြင်က ဒီကလေးနှစ်ယောက်ကို လက်ခံသင့်ကြောင်း၊ သူတို့အဖေဟာ စစ်ကိုင်းတိုင်း အစွန်အဖျားမှာ နာဂတိုင်းရင်းသားတွေရဲ့ ကျန်းမာရေးနဲ့ ဘဝတိုးတက်ကောင်းမွန်စေဖို့ စေတနာထားပြီး တိုင်းပြည်တာဝန် ထမ်းဆောင်နေတာဖြစ်ကြောင်းတွေ အပေါ် အဝင် ပြည့်ပြည့်စုံစုံရေးပေးလိုက်တယ်။ ဆရာဦးဖေကြင်ဘဝမှာ ဒီလောက် ကောင်းမွန်ပြည့်စုံတဲ့ ထောက်ခံစာတစ်စောင်မှ ရေးမပေးဖူးဘူးတဲ့။ သူ့လက်မှတ်ရော၊ ရာထူးရော၊ ရုံးတံဆိပ်ရော၊ ရုံးစာရေးပက်ပေါ်မှာ ထိုးထုပြီး အိတ်နဲ့ ကျကျနနထည့်ပေးလိုက်တာ။

ဒါလည်း တီတီစီကျောင်းက နိုး၊ မရဘူးဆိုလို့ ဘွားဘွားနဲ့ ကလေးနှစ်ယောက် ပြန်လာရတယ်။ ဒါနဲ့ ဗိုလ်မှူးသိန်းအောင်ခမျာ ယူနီဖောင်းအပြည့်အစုံဝတ်၊ သူ့ကားပေါ်မှာ ဘွားဘွားနဲ့ ကလေးနှစ်ယောက်ကို တင်ပြီး တီတီစီကျောင်းကို မောင်းခဲ့ကြတယ်။

ကျောင်းအုပ်ကြီးမှာ စစ်ယူနီဖောင်းနဲ့ဝင်လာတဲ့ အရာရှိရယ်၊ ကလေးနှစ်ယောက်ရယ်၊ ဘွားဘွားရယ်ကိုကြည့်ပြီး စိတ်ရှုပ်တဲ့မျက်နှာထား ချက်ချင်းပေါ်သွားသတဲ့။ ထုံးစံအတိုင်း အဖေနာမည်မေးတော့ ဗိုလ်မှူးသိန်းအောင်က ဗိုလ်မှူးကြီးလှဟန်လို့ ဖြေလိုက်တယ်။ ကျောင်းအုပ်ခမျာ မျက်လုံးတစ်ချက်ဝင့်ကြည့်ပြီး မျက်လွှာချက်ချင်းပြန်ချလိုက်တယ်။ မိခင်နာမည်မေးတော့ ဗိုလ်မှူးသိန်းအောင်က ဗိုလ်မှူးကြီးလှဟန်ကတော်နာမည် ပြောလိုက်တယ်။ ဘယ်မှာ တာပန်ကျသလဲ ဒီတစ်ခါတော့ မမေးတော့ဘူး။

* * *

## မှူခင်းဆရာဝန်လေး

ဆရာဦးဖေကြင်၊ ဆရာဦးကိုကိုကြီးနဲ့ ကျွန်တော်တို့မိသားစု မုံရွာက ဆရာဝန်တွေတည်ခင်းတဲ့ နေ့လယ်စာ စားပွဲက နာမည်ကျော်စားသောက်ဆိုင်

တစ်ဆိုင်တစ်ခုမှာပါ။ ဧရာမ ထမင်းပွဲကြီးပေါ့။ အဲဒီအချိန်မှာ တစ်ဖက်စားပွဲက သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားတဲ့ ဥပဓိရုပ်ကောင်းကောင်း အသက်ရွယ်လည်း ငါးဆယ်ကျော်လောက်ရှိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်က ကျွန်တော့်ကို "ဒေါက်တာ သိန်းလှိုင် ဟုတ်လား၊ အခု ဘယ်မှာ တာဝန်ထမ်းဆောင်နေသလဲ။ ကျွန်တော် ခင်ဗျားကို ခဏခဏသတိရတယ်။ ကျွန်တော့်ကို မှတ်မိတယ်ဟုတ်လား။ ထားဝယ်တုန်းက တွေ့ဖူးကြတယ်လေ။ တရားသူကြီးပါ" ဆိုတော့မှ ကိုယ့်မှတ်ဉာဏ်ကိုယ် အပြစ်တင်မိတယ်။

ကျွန်တော် မြိတ်မှာ တာဝန်ထမ်းစအချိန်လောက်က ရဲက အလောင်းတစ်လောင်း ဆေးရုံကို လာပို့တယ်။ ရဲမှုခင်းနဲ့ဆိုင်တဲ့အမှုလေ။ ဒီလိုအမှုကို ဆေးရုံမှာ ကိုင်တွယ်ချင်သူ ရှားတယ်။ မြိတ်ဆေးရုံမှာ မှုခင်းဆရာဝန်ရယ်လို့ သတ်သတ်မှတ်မှတ်မှ မရှိဘဲကိုး။ ဘယ်သူမှ မတို့မထိချင်တာကို ကျွန်တော် တာဝန်ယူလိုက်တယ်။ ဒီ့ပြင် လုပ်ဖော်ကိုင်ဖက် ဆရာဝန်တွေက သဘောကျကြတာပေါ့။ ဆေးရုံအုပ်ကြီး ပီအာရ်ဘားဝါးကတော့ မောင်သိန်းလှိုင် ဟုတ်မှလည်း လုပ်ပါကွာဆိုတဲ့အကြည့်မျိုး။ ကျွန်တော့်ကို ယုံပြီးပုံရမှာ သူ့စိတ်ထဲ ဖြစ်ပါ့မလားလို့ ဒွိဟဖြစ်ထင်ပါရဲ့။ နောက်ဆုံး သူလည်း မခွဲချင် မစစ်ချင်တော့ ကျွန်တော့်ပဲ သူ လုပ်ပါလို့ ခွင့်ပြုလိုက်တယ်။

ဆေးရုံအုပ် ပီအာရ်ဘားဝါးက ကျွန်တော့်ရဲ့ဖြတ်သန်းမှုကို သိမှ မသိဘဲ။ ကျွန်တော် ကျောင်းသားဘဝကတည်းက လူသေအလောင်းတွေနဲ့ ရင်းနှီးခဲ့တာ။ ခဏခဏခွဲဖူးတယ်။ သိချင်၊ တတ်ချင်တော့ စူးစမ်းလေ့လာတဲ့အနေနဲ့ ခွဲတာ။ ဘယ်လောက်အထိ ခွဲသလဲဆိုရင် အသိုင်းအဝိုင်း အပေါင်းအသင်းကြား မှာ ကျွန်တော်ဟာ ပေါကြောင်ကြောင် အကောင်ပါလို့ သူတို့ ထင်ကြရတဲ့အထိပဲ။ ထင်ရုံမကဘူး၊ လှူငယ်ဘဝ စကြ၊ နောက်ကြတယ်။

နောင် ဆရာဝန်ဖြစ်တော့လည်း ရောက်လေရာ ဆေးရုံမှာ လူသေအလောင်းဆိုရင် ငါပဲ ခွဲလိုက်ပါ့မယ်ကွာလို့ ပြောရင်းခွဲကြရင်းနဲ့ နောက်တော့ အလောင်းခွဲစရာရှိရင် ကျွန်တော်ပဲ လုပ်ရတယ်။

ဒုတိယနှစ် အမ်ဘီမှာ လူသေတွေ စခွဲခဲ့ရတယ်။ မိန်းကလေးတွေက တစ်အုပ်စု၊ ကျောင်းသားတွေက တစ်အုပ်စု၊ အလောင်းတစ်လောင်းကို ကျောင်းသူရှစ်ယောက်၊ နောက်တစ်လောင်းကို ကျောင်းသားရှစ်ယောက် လေ့လာကြ၊ ခွဲစိတ်ကြရတယ်။ အများနဲ့ရောခွဲရုံတင်မကဘူး။ ဆင်နွှားရွက်တံခါးလေးတွန်း ဖွင့်ပြီး ကျောင်းသူတွေဘက်ပါ သွားပြီးခွဲတယ်။ ဆရာမကြီး နော်မေစေးက ကျွန်တော် ကျောင်းသူတွေရဲ့အခြမ်းဘက် ရောက်နေတာတွေ့တော့

"ဟဲ့ အက်ဒီ နင် လောဘကြီးလှချေလား" တဲ့။

ဆရာမကြီး ဆူတာ၊ အော်တာ မဟုတ်ဘူး။ သွယ်ဝိုက်ပြီး အားပေးတာလို့ နားလည်မိတယ်။ ဆေးကျောင်းသူအများစုက အလောင်းကို ခွဲဟယ်၊ စိတ်ဟယ် သိပ်မလုပ်ချင်ကြပါဘူး။ သူတို့ လေ့လာကြတာ အပေါ်ယံကျကျပဲ။ ချွင်းချက်အနေနဲ့လည်း ဒါမျိုး စိတ်ဝင်စားသူရှိနိုင်တယ်။ ဒါပေမဲ့ အလွန်နည်းတယ်။

ဆေးကျောင်းအပေါ်ထပ်မှာ အလောင်းတွေ သိမ်းတဲ့အခန်းစောင့် ဂျိမ်းစ်တို့လိုလူတွေကို ခင်အောင်မင်အောင် ပေါင်းသင်းတယ်။ လက်ဖက်ရည်တန် လက်ဖက်ရည်၊ စီးကရက်တို့ ကွမ်းယာတို့တန်ရင် စီးကရက် ကွမ်းယာပေါ့။ ညခုနစ်နာရီဝန်းကျင်ဆိုရင် အဲဒီဘက်က လူသူရှင်းတယ်။ ရှေ့ကနေ အပေါ် မတက်ဘူး။ နောက်ကနေ အပေါ်တက်တယ်။ အလောင်းတွေထားတဲ့ အခန်း သော့ဖွင့်သံကို ကျွန်တော်က သာယာသံလို့ ထင်တယ်။

အလောင်းတွေရဲ့အပေါ် မှာ ထွန်းထားတဲ့ မီးလုံးလေးနဲ့ မီးအုပ်ဆောင်းလေးက အထက်အောက်အနိမ့် အမြင့် ကိုယ်လိုသလို ဆွဲနှိမ့်လို့ မြှင့်လို့ရတယ်။ ကျွန်တော် ဆေးစာအုပ်ကို ဘေးချ။ မီးလုံးကို ဆွဲနှိမ့်၊ စာဖတ်လိုက်၊ ခွဲလိုက်လုပ်တော့တာပဲ။

ကျွန်တော် ဆရာကောင်းနဲ့ ကြုံခဲ့ရတာလည်း ပါတယ်။ အနက်တမိဌာန ဆရာဦးသိန်းအောင်ဆိုတဲ့ အလွန်တော်တဲ့ ဆရာတစ်ယောက်ရှိတယ်။ ဂရေးအနက်တမိဆိုတဲ့ကျမ်းကို ဝရူးဝရူး ဝရော ဝရောနဲ့ ရွတ်နိုင်တဲ့ဆရာ။ ဒါပေမဲ့ သူ့မှာ ဆေးကုသခွင့်မရရှာဘူး။ သရုပ်ပြဆရာ ဦးတုတ်ကြီးတို့၊ ဆရာစကြာဘသန်းတို့လက်အောက်မှာ သင်ကြားခဲ့ရတာ။ ကျွန်တော်တစ်ယောက်တည်း အလောင်းတွေကြားမှာ ရက်တစ်ပတ်ကို နှစ်ကြိမ်လောက် တစ်ခါတလေလည်း သုံးကြိမ်လောက် ခွဲဖြစ်၊ လေ့လာဖြစ်တယ်။

မနက်ရောက်တဲ့အခါ မှူခင်းဆရာဝန်ကြီး ဒေါက်တာ ဦးမောင်မောင်တိတ်ရဲ့ ရုံးခန်းရှေ့သွားပြီး စောင့်နေတယ်။ ဒေါက်တာ မောင်မောင်တိတ်ရဲ့ တပည့် ဒေါက်တာ ကိုအောင်ကျော်က ကားပေါ်ကအဆင်း ရုံးခန်းသော့ လှမ်းပေးတာကို ယူပြီး တံခါးကို အရင်ဖွင့်နှင့်တယ်။ ဒေါက်တာ ဦးမောင်မောင်တိတ်တို့ ကိုအောင်ကျော်တို့ ဆရာတပည့်နှစ်ယောက် အကူအညီကြောင့် မှူခင်းဆိုင်ရာ အလောင်းတွေ လေ့လာခွင့်ရခဲ့တယ်။

မြိတ်မှာ ကျွန်တော် ပထမဆုံးဖွင့်ရတဲ့ အလောင်းက ရေထဲက ဆယ်လာကြတာ။ လူငယ်အလောင်းတစ်ကောင်။ ဆရာသမားများရဲ့ သင်ကြားခဲ့တဲ့

အတိုင်း စေ့စေ့စပ်စပ်ကြည့်တယ်၊ စစ်ဆေးတယ်၊ မှတ်တမ်းတွေယူတယ်။ လူငယ်ချင်း ရန်ဖြစ်ကြတာ။ ထင်းချောင်းနဲ့ပစ်လိုက်လို့ ရေထဲလန်ကျပြီး အလောင်းကို ရေထဲက ဆယ်လာကြသတဲ့။ ရဲရဲ့ မှတ်ချက် ဖတ်ရတယ်။

ကျွန်တော် လေ့လာတွေ့ရှိချက် စစ်ဆေးမှုတွေဟာ တရားလို သေဆုံးမှုအတွက် နောက်ဆုံးအဖြေ ဖြစ်သလို တရားခံအတွက်တော့ ပထမဆုံး ဘဝမေးခွန်းလွှာတွေ ဖြစ်မှာလေ။ ကျွန်တော် ဘယ်သူ့ဘက်မှ ဘက်လိုက်ပြီး ထွက်ချက်တင်စရာမရှိဘူး။ ကျွန်တော့်ဂုဏ်သိက္ခာအတွက် ကျွန်တော် ထောက်ထားရမယ်။ ကျွန်တော့် သင်ဆရာတွေရဲ့ ဂုဏ်သိက္ခာအတွက်ဆိုရင်တော့ အမှန်ဆုံးပေ့ါ။ ဘဝမှာ ပထမဆုံး မှုခင်းဆရာဝန်ဘဝ ခံယူတာဖြစ်လို့ ဒီအမှုဟာ ပိုပြီးတော့တောင် ကျွန်တော့်အတွက် အရေးပါတယ်။ ဒါကြောင့် တူတူတန့်တန် ဖြစ်အောင် အစွမ်းကုန်ကြိုးစားတယ်။ သင်ခဲ့ရတဲ့စာတွေ ပြန်နွှေးရင်း ဖတ်ထားတဲ့စာတွေ ပြန်တွေးရင် သေဆုံးသူကို စိတ်လက်ရှည်ရှည်စစ်ဆေးတယ်။

အလောင်းကို ပေကြိုးနဲ့ တိုင်းတယ်၊ မှတ်တယ်၊ အကျီက အပြာနု၊ လက်ကအရှည်၊ ကြယ်သီးဖြူခြောက်လုံး၊ ခြောက်လုံးစလုံးတပ်လျက်၊ ပုဆိုးကနက်ပြာ၊ အတွင်းခံဘောင်းဘီအနက်၊ ဆေးမင်ကြောင်က ညာဘက်လက်ဖျံမှာ ဒိုင်းကို ဓားနှစ်လက် ကြက်ခြေခတ်ထားတယ်၊ ဘယ်ဘက်လက်ဖျံမှာ ဘာဆေးမင်မှမရှိဘူး၊ ပီယဆေး၊ သိဒ္ဓိဆေးလည်း မရှိ။

လေပြွန်ကို စစ်တယ်။ ခွဲခြမ်းပြီးစစ်တာ။ မသင်္ကာစရာ မတွေ့ဘူး။ အဆုတ်လည်းပုံမှန်ပဲ။ ရေနစ်လို့သေတာဖြစ်ရင် အဆုတ်ထဲ ရေတွေဝင်နေမှာ။ ဒါမှမဟုတ် ရေဝင်ပြီး အဆုတ်က ပွတတဖြစ်နေလိမ့်မယ်။ အခုတော့ ပုံမှန်ပဲ။ ဝမ်းဗိုက်ပိုင်းလည်း သင်္ကာမကင်းစရာ မတွေ့ဘူး။ ရေနစ်သေတဲ့လူတွေက ဆွဲမိဆွဲရာ၊ ဆုပ်မိဆုပ်ရာကို တင်းတင်းရင်းရင်း ဆွဲဆုပ်ထားတတ်တယ်။ ရေမှော်တွေဖြစ်စေ၊ ရေအောက်က ကျောက်ခဲဖြစ်စေ၊ အခု လူငယ့်အလောင်းမှာ ဘာမှဆွဲလျက်မပါဘူး။ သူ့မှာ သွေးဆုတ်သွားတဲ့လက္ခဏာလည်း မတွေ့ရဘူး။ ခန္ဓာမှာ ဘေလုံးလည်းမရှိ၊ နှလုံးကလည်း အကောင်း။ ဒါဆိုရင် ဘာကြောင့် သေရသလဲ။

ရဲရဲ့အစီရင်ခံစာမှာတော့ လူငယ်နှစ်ယောက် ရန်ဖြစ်ကြတာ ထင်းချောင်းနဲ့ ကောက်ပစ်လိုက်တယ်။ ပြီးတော့ ရေထဲကျသွားတာ၊ အလောင်းကို ရေထဲက ဆယ်လာခဲ့ရတယ်၊ ဆိုလိုရင်းက ဒါပဲ။

လည်ပင်းညှစ်ထားတဲ့ အရာများရှိသလား၊ မရှိဘူး။ နောက်ကျော၊ တင်ပါး၊ ပေါင်၊ ခြေသလုံး၊ ကုပ်ပိုး၊ ဘာမှအရာမယွင်း၊ မသင်္ကာစရာမတွေ့ဘူး။

သေသေချာချာကြည့်
တစ်ကိုယ်လုံးမှာ ဘာဒဏ်ရာမှ မတွေ့ဘူး။ ဦးခေါင်းကို
တော့ ဘယ်ဘက်ချိုစောင်းမှာ တစ်လက်မခွဲလောက် ဒဏ်ရာတစ်ခု တွေ့တယ်။
ဒီဒဏ်ရာက ဦးခွံအရိုးထိနက်သလားဆိုတော့ မနက်ဘူး။ ဦးခွံပေါ်သွားသလားဆို
တော့လည်း မပေါ်ဘူး။ ထက်မြက်တဲ့ ထောင့်စွန်းတစ်ခုခုနဲ့ ထိမိခိုက်မိ ရိုက်မိ
တာဖြစ်လိမ့်မယ်။ ခေါင်းကို ပြင်းပြင်းထန်ထန် ထိခိုက်မိပြီး အဲဒီဒဏ်ရာနဲ့ပဲ
ကွယ်လွန်တာဖြစ်မယ်။ ဒီလူငယ်ဟာ ရေထဲကျလို့ သေတာမဟုတ်ဘူး။ သေပြီး
မှ ရေထဲကျတာ။

ဦးခေါင်းဒဏ်ရာကြောင့် မသေသေးဘဲ ရေထဲကိုကျ၊ ရေထဲကျတော့
ရေမကူးနိုင်ဘဲ ရေမွန်းပြီး သေတာဆိုရင် အဆုတ်ထဲမှာ ရေတွေရှိလိမ့်မယ်။

* * *

## ထားဝယ်က ပို့လိုက်တဲ့ ကြေးနန်း

ရန်ဖြစ်ကြတဲ့ လူငယ်တွေရဲ့ ဒီအမှုကို မြိတ်တရားရုံးမှာ မစစ်ဘူး။ လူငယ်တွေရဲ့ မိဘနှစ်ဖက်စလုံးက ပိုက်ဆံကြွယ်ဝသူနဲ့ သူဌေးတွေချည်းဖြစ်တာကြောင့် ရုံးမှာ ဩဇာလွှမ်းမှာစိုးလို့လား၊ လူသတ်မှုလို အမှုမျိုးလို့လားမသိဘူး။ ဒီအမှုကို ထားဝယ်တရားရုံးက စစ်တယ်။ ကျွန်တော် ထားဝယ်ကိုသွားပြီး မှုခင်းဆရာဝန်တစ်ယောက်အဖြစ် သက်သေထွက်ရတယ်။ အဲဒီအချိန်မှာ အုန်းအုန်းနဲ့ အိမ်ထောင်ကျပြီးခါစ၊ ထားဝယ်ကို လေယာဉ်နဲ့ လာခဲ့ကြတယ်။ နည်းနည်းနောက်ကျတဲ့ ပျားရည်ဆမ်းခရီးပေါ့။

ထားဝယ်မှာ ကျွန်တော်တို့ထက် စီနီယာကျပြီး အစ်ကိုလို ဆက်ဆံတဲ့ ဒေါက်တာတင်ဌေးနဲ့ ဒေါ်မြသန်းတို့အိမ်မှာ တည်းကြတယ်။ ဒေါ်မြသန်းကတော့ ရန်ကုန်အိုပီဒီမှာ ကျွန်တော့်ဆရာမတစ်ယောက်ပဲ။ ရုံးတော်မှာ ထွက်ဆိုပြီးရင် အစ်ကိုဒေါက်တာတင်ဌေးတို့က မောင်းမကန်သွား၊ ပင်လယ်ရေချိုး၊ အုန်းရည်သောက်ကြမယ်။ ဒီလို စိတ်ကူးစီစဉ်ထားကြပြီးသား။

တရားရုံးထဲလည်း ဝင်လိုက်ရော ပရိသတ်က မနည်းမနောပဲ။ ရှေ့နေတွေက တစ်ဖက်သုံးယောက်စီ တိုက်ပုံအနက်တွေ တဖားဖားနဲ့။ ရန်ကုန်က တောင် ငှားထားကြသတဲ့။ ကျွန်တော်ထွက်ဆိုရမယ့်အချိန်မှာ ကျွန်တော့်ကို ကျမ်းအကျိန်ခိုင်းတော့ ကျွန်တော် အင်္ဂလိပ်ဘာသာနဲ့ I will speak the truth ဘာညာ အင်္ဂလိပ်လိုကျိန်တော့ ရှေ့ဖတ်စာရေးထင်ပါရဲ့ သူက မေးတယ်။

"ဒေါက်တာက ခရစ်ယာန် ဘာသာဝင်လား"

"မဟုတ်ပါဘူး၊ ဗုဒ္ဓဘာသာဝင်ပါ"

"ဒီလိုဆိုရင် ဒီကျမ်းထုပ်ကို ကိုင်ပြီး ဗမာလိုပဲ ကျမ်းကျိန်ပါ" တဲ့။ သူက ရှေ့ကကြောင်း၊ ကျွန်တော်က နောက်ကလိုက်ဆိုတဲ့ ကျမ်းကျိန်နည်းပါပဲ။

ဘယ်နေ့ဘယ်ရက် ဘယ်နနာရီမှာ ရဲအရာရှိ ကိုယ်ပိုင်နံပါတ် ဘယ်လောက်က ကျွန်တော်တို့ဆေးရုံကို လူသေအလောင်းတစ်လောင်း လာရောက်အပ်နှံလို့ ဆေးရုံအုပ်ကြီး ဒေါက်တာပီအာရ်ဘားဝါးရဲ့ တာဝန်ပေးချက်အရ ကျွန်တော် ဒေါက်တာသိန်းလှိုင် (ဆ/မ...) က အစချီပြီး ကျွန်တော် တွေ့ရှိချက်တွေနဲ့ ကောက်ချက်ကို ဖတ်ပြလိုက်တယ်။ တစ်ရုံးလုံး ငြိမ်ငြိမ်သက်သက်နဲ့ နားထောင်ကြတယ်။ လက်နှိပ်စက်သမားခမျာ သနားပါတယ်။ လက်ရေးတိုသမားကတော့ ကျွမ်းကျင်ပုံရတယ်။ ကျွန်တော်က အင်္ဂလိပ်ဘာသာနဲ့ ထွက်ချက်ပေးနေတာ။

ရေထဲက သယ်လာတဲ့ အလောင်းဖြစ်တဲ့အတွက် ရေနစ်ပြီး သေဆုံးတယ်လို့ ယူဆဖွယ်ရှိသော်လည်း စစ်ဆေးကြည့်တဲ့အခါ နှာခေါင်းကနေ အဆုတ်အထိ ဘာရေမှမရှိဘူး။ အဆုတ်ကလည်း ရေတွေနဲ့ ပွခြင်းမရှိဘူး။ ဒဏ်ရာကြောင့် မသေဘဲ ရေထဲကျတယ်ဆိုရင် သူ အသက်ရှုရမယ်။ အဲဒီအခါ ရေမွန်းမယ်။ ရေမျိုမိလို့ အစာအိမ်ထဲ ရေတွေဝင်ကုန်သလား။ ဒီလိုလည်း မတွေ့ရဘူး။ သေပြီးမှ သူ ရေထဲကိုကျတာ၊ ရေနစ်သေဆုံးတဲ့ လက္ခဏာ လုံးဝမတွေ့ရဘူးလို့ ထွက်ဆိုလိုက်တာ။ ဒီ့ပြင် ဒဏ်ရာတွေ တစ်ခုမှမတွေ့ရသလို ဝမ်းတွင်း အခြားရောဂါလက္ခဏာတွေလည်း မတွေ့ရဘူး။ အလွန်သန်စွမ်းကျန်းမာတဲ့ လူငယ်တစ်ယောက်ဖြစ်မယ်။ အသည်း၊ ကျောက်ကပ်စလို့ ၄က်ဖျားဘေလုံးတောင်မှ မတွေ့ရပါဘူး။ ဦးခေါင်းမှာ ထိခိုက်တဲ့ ပြင်းထန်တဲ့ဒဏ်ရာအရသာ ကွယ်လွန်တာဖြစ်ပါတယ်လို့ ထွက်ဆိုတယ်။

စက်ရှင်တရားသူကြီးထင်တယ်။ သူက ဘာမေးခွန်းမေးဖို့ရှိသလဲလို့ မေးတယ်။ တရားခံဘက်က ရှေ့နေအမျိုးသမီးက ထပြီး မေးခွန်းမေးတယ်။

"ဒေါက်တာ... ရေထဲကနေ ယူလာတဲ့အလောင်း ဆရာတို့ဆေးရုံကို ရောက်တယ်လို့ ဆရာ့ထွက်ဆိုချက်မှာ ပါပါတယ်။ ရေနစ်လို့ သေတယ်ဆိုပြီး တော့ ရဲက ပြောတယ်လို့လည်း ပါပါတယ်။ ဒါဆိုရင် သေဆုံးသူဟာ ရေနစ်ပြီး သေဆုံးတာလို့ ဆိုလိုရာရောက်တယ်ဟုတ်လား"

ကျွန်တော်က သူချည်တဲ့အထုံးကို ပြန်ဖြေရတယ်။

"ဟုတ်ပါတယ်၊ ဒါ ရဲရဲ့ မျက်မြင်အခြေအနေကို ရေးပြီး ပို့ရတဲ့ထုံးစံ

ပါ။ မော်တော်ကားတိုက်သွား၍ လမ်းနံဘေးမှာ သေဆုံးနေသည်ကို တွေ့၍ လာပို့ပါသည်။ အမှိုက်ပုံမှာ လဲကျသေဆုံးနေသည်ကိုတွေ့၍ ဆေးရုံသို့ လာပို့ပါသည်ဆိုတာတွေဟာ သေဆုံးသူကို တွေ့ရတဲ့နေရာနဲ့ တွဲပြီး ရေးတဲ့သဘော မျှဖြစ်ပါတယ်"

"ဒါဆိုရင် ဒီလူငယ်က ရေနစ်သေဆုံးသွားတာပေါ့"

ရှေ့နေအမျိုးသမီးက သူ့အလုပ်သူလုပ်နေတာ။

"မဟုတ်ပါဘူး၊ ခေါင်းမှာ ပြင်းထန်တဲ့ဒဏ်ရာကြောင့် သေဆုံးပြီးမှ ရေထဲကျသွားတာပါ"

သူကလည်း ဖွဲကောင်းကောင်းနဲ့ ရေနစ်လို့ သေတာ မဖြစ်နိုင်ဘူးလားဆို တဲ့ဘက်ကို ဆွဲခေါ်နေတယ်။ ကျွန်တော်က ဒီလိုဆိုရင် ရေနစ်လို့သေဆုံးကြောင်း သက်သေပြပါ။ ပြင်းထန်တဲ့ ထိခိုက်ဒဏ်ရာကြောင့် ကွယ်လွန်တာဖြစ်ကြောင်း အသေးစိတ်အစီရင်ခံခဲ့ပြီးပါပြီလို့ ပြန်ပြောရတာ။

"တချို့ပုဂ္ဂိုလ်တွေဟာ ရေထဲမကျခင်မှာ ရေကိုမြင်ပြီး ထိတ်လန့်တကြား ရေကိုမြင်တာနဲ့ ရှော့ခ်ရပြီး သေတာတောင် ရှိကြပါတယ်ဆရာ" တရားလိုဘက် က ကွယ်လွန်သူ ..... ဟာ ပင်လယ်ရေကို မြင်လိုက်တာနဲ့ ရုတ်တရက် ရှော့ခ် ရတာရော မဖြစ်နိုင်ဘူးလား" တရားရုံးမှာ ငြိမ်နေတဲ့ ပရိသတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး အသံလေး ကြွက်ကြွက်စီစီ ခဏဖြစ်သွားတယ်။ ပြီးတော့ ကျွန်တော် ဘယ်လိုပြောမလဲ စဉ်းစားကြ၊ နားစွင့်ကြတယ်။

"တရားသူကြီးမင်းခင်ဗျား ကျွန်တော် ကွယ်လွန်သူရဲ့ မိဘဆွေမျိုးတစ် ယောက်ကို သက်သေထူပါရစေ"

တရားသူကြီး ခွင့်ပြုလိုက်တယ်။ ထွက်ဆိုမယ့်သူက လူငယ်လေးဘက် က အမျိုးသမီးတစ်ယောက် ထွက်လာတယ်။ တစ်ဖက်ရှေ့နေတွေကလည်း ကျွန်တော်ရွှေ့တဲ့အကွက်ကို စိတ်ဝင်စားကြတယ်။

"ကွယ်လွန်သူနဲ့ ဘယ်လိုတော်စပ်ပါသလဲ"

"အမေပါ"

"နာမည် ဘယ်လိုခေါ်ပါသလဲ"

"......... ပါ"

ကျွန်တော်က ဆက်မေးတယ်။

"သားဖြစ်သူ မောင်..... ကို ဘယ်မှာမွေးသလဲ"

"မြိတ်ကိုပြန်မွေးဖို့ စက်လှေနဲ့ ပြန်လာကြတာ၊ ပင်လယ်ထဲမှာတင် မွေး ပါတယ်"

"သားအမိ အတူနေကြသလား"

"အတူတူနေတာပါ၊ သားအမိ သားအဖတွေ စက်လှေတွေနဲ့ပဲ ပင်လယ်မှာ စီးပွားရှာစားကြတာ"

"မောင်... ရေကူးတတ်သလား"

"ရေကူးတတ်ပါတယ်"

"ပင်လယ်ပြင်မှာ မုန်တိုင်းနဲ့ရော ကြုံဖူးသလား၊ လေပြင်းကျတာတို့"

"ကြုံဖူးပါတယ်ဆရာ၊ အနီးဆုံးကမ်းကို ပြေးကပ်ရတာပေါ့"

"ရေပေါ်မှာနေရတာ ပင်ပန်းပါတယ်၊ ကုန်းပေါ်မှာ ဘာလို့မနေကြသလဲ"

"ရေထဲမွေး၊ ရေထဲကြီးကြတာ ဆရာရယ်။ ကုန်းပေါ်က ဆိုင်ကယ်ရှုပ်၊ ကားရှုပ်၊ ဟိုရှောင်ရ ဒီရှောင်ရ၊ ကိုယ့်မှာ စက်လှေတွေ အိမ်လုပ်နေရတာ ကျွန်မတို့အတွက်တော့ ပင်လယ်ဟာ ကုန်းပါပဲ။

ကျွန်တော်က သေဆုံးသူဟာ ရေကိုမြင်တဲ့အခါ ကြောက်လန့် ရှော့ခ်ရလို့ ကွယ်လွန်တာမဟုတ်ကြောင်း သက်သေပြချင်တာပါ။

တစ်ဖက်ရှေ့နေက ဘာမှမေးစရာမရှိတော့ပါဘူးတဲ့။ ဒါပေမဲ့ ရှေ့နေသုံးယောက်ထဲက အမျိုးသားရှေ့နေ အသားနီစပ်စပ်နဲ့ အရပ်ပုပုရှေ့နေက မေးသေးတယ်။

"တစ်လက်မခွဲလောက် ဒဏ်ရာလေးနဲ့ လူတစ်ယောက် သေတယ်ဆိုတာ ဖြစ်နိုင်ပါသလားဆရာ"

"ဒဏ်ရာရဲ့ အရွယ်အစားအကြီးအသေးက သေလောက်တယ်၊ ရှင်လောက်တယ်လို့ မစဉ်းစားကြပါဘူး။ ဒဏ်ရာကို ရစေတဲ့ဒေါသကြောင့် ရိုက်လိုက်၊ ပစ်လိုက်၊ ထိုးလိုက်တဲ့အရှိန်ပေါ်မှာ အားပေါ်မှာ မူတည်ပါတယ်"

တတိယရှေ့နေကတော့ ကျွန်တော့်ကို မမေးတော့ဘူး။ တရားခွင်ပြီးတော့ စက်ရှင်တရားသူကြီးက ကျွန်တော့်ကို ခဏအစောင့်ခိုင်းတယ်။ ပြီးတော့ အဝတ်အစားလဲပြီး လာနှုတ်ဆက်တယ်။ လက်ဆွဲနှုတ်ဆက်တယ်။ ကျွန်တော့်ထွက်ဆိုချက်မျိုး ရှားတယ်။ သူ နှစ်သက်ကြောင်းပြောရင်း လက်ဆွဲနှုတ်ဆက်တာလေ။ လက်ကို ခပ်တင်းတင်းကြီး ညှစ်ထားပုံကြည့်ရတာကြောင့် စက်ရှင်တရားသူကြီး အတော်သဘောကျ ကျေနပ်တယ်ထင်ပါရဲ့။

အဲဒီနေ့က မောင်းမကန်ကို သွားရတာ နေအတော်မြင့်ပြီး နေ့လယ်စာစားတော့ မွန်းတောင်လွဲနေပြီလေ။ မွန်းလွဲသွားရတာကလည်း စက်ရှင်တရားသူကြီးရဲ့ မေတ္တာရပ်ခံချက်ကြောင့်ပါ။ လက်နှိပ်စက်စာရေးတွေ၊ လက်ရေးတိုသမားတွေ လိုက်ပြီး မှတ်သားထားတာတွေကို စစ်ဆေးပေးပါဦးဆိုတော့ နည်း

နည်း ပိုကြာသွားတာပေါ့။

မောင်းမကန်မှာပဲ ပင်လယ်ပြင်နေဝင်ချိန်ကြည့်၊ အုန်းရည်အဝသောက်၊ သောင်ပြင်မှာ လမ်းလျှောက်ကြ၊ ကျွန်တော်က စီးကရက်ကြိုက်တော့ သူတို့သုံးယောက် ရေ့ဝါးနှစ်ပြန်လောက် သွားစေပြီး နောက်ကနေ စီးကရက်ကို ပင်လယ်လေနဲ့ ရောရှိုက်လိုက်တယ်။

မောင်းမကန်ကမ်းစပ်က ဆိုင်လေးတစ်ဆိုင်မှာပဲ အစ်ကိုတင်ဋ္ဌေတို့ တည်ခင်းတဲ့ညစာ စားကြတယ်။ ပင်လယ်လေကိုရှူရင်း၊ ပင်လယ်စာတွေနဲ့ တည်ခင်းတဲ့ ပင်လယ်ညချမ်းမှာ ပင်လယ်လှိုင်းပုတ်သံတွေနဲ့ ညစာစားပွဲဟာ မေ့ရက်စရာ ဘယ်ရှိမလဲ။

ကျွန်တော်တို့ မြိတ်ကိုပြန်ကြတော့ လေယာဉ်ကွင်းမှာ ဆေးရုံအုပ်ကြီး ပီအာရ်ဘားဝါးရော၊ ဟိုမှာ ဒေါက်တာစံတင့်၊ ဒေါက်တာသိန်းထွန်းကျော်၊ ဒေါက်တာကျော်တင်လည်း ပါတယ်။

"အုန်းရေ... ဆေးရုံအုပ်ကြီး ရန်ကုန်ကို ဒီလေယာဉ်နဲ့ လိုက်မယ်ထင်တယ်၊ ဟိုမှာတွေ့လား"

"လုပ်ဖော်ကိုင်ဖက်တွေ လိုက်ပို့ကြတာထင်ပါရဲ့"

အုန်းအုန်းကလည်း ကျွန်တော့်လိုပဲ ထင်လို့ ပြောနေသေးတယ်။ ခရီးသည်တွေကြား ရောညပ်ပါလာတဲ့ ကျွန်တော်တို့ကို ဆေးရုံအုပ်က သူ့အသံ ဩဩကြီးနဲ့...

"ဒေါက်တာသိန်းလှိုင်၊ ကွန်ဂရက်ကျူလေးရှင်း၊ ကွန်ဂရက်ကျူလေးရှင်း"

ကျွန်တော် ရုတ်တရက် သူ ဘာကို ကွန်ဂရက်ကျူလေးရှင်း လုပ်နေမှန်း နားမလည်ဘူး။

"ငါ ထားဝယ်က စက်ရှင်တရားသူကြီးဆီက ကြေးနန်းရတယ်ကွ။ မင်းကို သူ သိပ်ကျေနပ်တာ၊ ဖြစ်နိုင်ရင် လေယာဉ်ကွင်းဆင်းပြီး ကြိုဆိုပေးကြပါ၊ ဂုဏ်ပြုလိုက်ပါဆိုလို့ ငါတို့လာကြတာ" တဲ့။

ကျွန်တော်တို့ဇနီးမောင်နှံ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ပြုံးမိကြတယ်။ ချစ်စခင်စ ကာလလေ။ အုန်းအုန်းရဲ့ ခင်ပွန်းသည်ကို လူအုပ်ကြားမှာ ဆေးရုံအုပ်ကြီးရဲ့ ဂုဏ်ပြုခြင်းခံရလို့ ကျေနပ်ပြီး ပီတိနဲ့ ပြုံးတဲ့အပြုံးဟာ ဖြူဖွေးဖွေးကြိုင်လှပတဲ့ နှင်းဆီတစ်ပွင့်နဲ့ တူတယ်။

* * *

# သဘာဝ

ကျွန်တော်ဟာ ရက္ခဗေဒပညာရှင်တစ်ဦးမဟုတ်သလို အာယုဗေဒဆေးကျမ်းတွေ၊ တိုင်းရင်းဆေးဝါးတွေလည်း နားမလည်ပါဘူး။ ဒါပေမဲ့ လူပြိန်းတစ်ယောက် ပြောနည်းပြောရမယ်ဆိုရင် နာဂတောင်တန်းမှာ ရှားပါးသစ်ခွတွေရှိတယ်။ လိပ်ပြာအရောင်စုံရှိတယ်။ တိုင်းရင်းဆေးဘက်ဝင်တဲ့ သစ်ဥ၊ သစ်ဖုဆေးပင်တွေရှိတယ်။ နာဂတွေ အစဉ်တစိုက် သုံးစွဲကြတဲ့ သစ်စေးတစ်မျိုးရှိတယ်။ ကျွန်တော်တို့ မြေပြန့်မှာ ဒီလိုသစ်စေးမျိုးရှိသလား၊ မရှိဘူးလား မပြောတတ်ဘူး။

ဒီသစ်စေးနဲ့ သူတို့ရဲ့ဓားမှာ ဓားရိုးတပ်တဲ့အခါ ဒီသစ်စေးတွေ ထည့်တယ်။ ပြီးမှ လက်ကိုင်အရိုးပေါ်မှာ ဝါးကြောနဲ့ အလှဆင်ပြီး ရက်ထား၊ ကွပ်ထားလေ့ရှိတယ်။ ဒီသစ်စေးဟာ အလွန်ခိုင်တယ်။ လှံတံမှာ လှံသွားတပ်တော့လည်း ဒီသစ်စေးကို သုံးတာပါပဲ။ ဝါးကြောနဲ့ ကွပ်တာ ကိုင်လို့ကောင်းအောင်နဲ့ ချော်မထွက်အောင် ကွပ်တာ။ ပြီးတော့ အလှဆင်တာ တစ်မျိုးပေါ့။

တောင်ပေါ်က ရွာတစ်ရွာမှာတော့ ဝါးလုံးတစ်လုံးကို သစ်စေးတွေ သုတ်လိမ်းနေတာ တွေ့ဖူးတယ်။ ကျွန်တော် သူတို့ ဘာလို့ ဒီလိုသုတ်လိမ်းနေကြပါလိမ့်လို့ သိချင်လို့ မေးတဲ့အခါ ပြန်ဖြေတယ်။ သူတို့ဖြေတဲ့စကားကို ကျွန်တော့်စကားပြန်က နားမလည်ဘူး။ ဒါနဲ့ ကျွန်တော်တို့ စောင့်ကြည့်ကြတယ်။ သုတ်လိုက်လိမ်းလိုက်သမှ ကျကျနနကို သုတ်လိမ်းပါတယ်။ အဖြီးအလိမ်းဝါသနာပါတဲ့ အပျိုမလေးတစ်ယောက်ထက် မလျော့ဘူး။

အဲဒီသစ်စေးတွေ သုတ်လိမ်းထားတဲ့ ဝါးလုံးကို လျှော်ကြိုးနဲ့ ထိပ်နှစ်ဖက်မှာချည်ပြီး မယူသွားတယ်။ ရွာနဲ့ ခပ်လှမ်းလှမ်းက အရွက်တွေ အုပ်ဆိုင်းဆိုင်းနဲ့ သစ်ပင်ကြီးတစ်ပင်ဆီ ရောက်တော့ နာဂအမျိုးသားတစ်ယောက်က အဲဒီအုပ်ဆိုးနေတဲ့ သစ်ပင်အပေါ်ကို တက်တယ်။ အတော်အသင့်မြင့်တဲ့နေရာရောက်တော့ သူ့မှာပါတဲ့ လျှော်ကြိုးကို သစ်ပင်ပေါ်ကနေ သူ့အဖော်တွေရှိရာကို ချလိုက်တာပါပဲ။

အောက်မှာစောင့်နေတဲ့ အဖော်တွေက သစ်စေးသုတ်လိမ်းထားတဲ့ ဝါးလုံးကို လျှော်ကြိုးမှာ ချည်လိုက်ကြတယ်။ ချည်နှောင်ပြီးတော့ သစ်ပင်ပေါ်က လူက ဒီဝါးလုံးကို သစ်ပင်အပေါ် ဆွဲတင်တယ်။ ပြီးရင် သစ်ကိုင်းသစ်ခက်တွေကြားမှာ သစ်ကိုင်းနဲ့ ဝါးလုံးကို ချည်ထားခဲ့ပြီး ပြန်ဆင်းလာခဲ့တယ်။

ညနေ နေချိုချိန်ကျတော့ သူငယ်ချင်းတစ်သိုက် ဝါးလုံးတင်ထားခဲ့တဲ့

သစ်ပင်ဆီသွားကြတယ်။ ကျွန်တော့်ကိုလည်း လိုက်ခဲ့ဖို့ခေါ်တယ်။ ကျွန်တော်လည်း စိတ်ဝင်စားတယ်။ သစ်ပင်နဲ့ တဖြည်းဖြည်းနီးလာတဲ့အခါ သူတို့ ဝါးလုံးကို သစ်စေး ဘာလို့သုတ်တယ်ဆိုတာ သဘောပေါက်ပြီး ဝါးလုံးပေါ်မှာ ငှက်အမျိုးစုံ လာနားကြပြီး သစ်စေးကြောင့် ခြေထောက်နဲ့ ဝါးလုံးခွာမရဘဲ ကပ်နေကြတယ်။ အဲဒီဝါးလုံးကို သစ်ပင်ပေါ်က အောက်ကို ကြိုးနဲ့ တဖြည်းဖြည်းချင်း ပြန်ချတယ်။ ဘယ်ငှက်မှ ထမပျံနိုင်ဘူး။ ဒါ သူတို့ ငှက်ထောင်တဲ့နည်းပဲ။ ငယ်တဲ့ငှက်၊ စာကလေးလို ငှက်မျိုးကို ဝါးလုံးကဖြုတ်ပြီး ကလေးတွေ ကစားရအောင် ပေးလိုက်တယ်။ ကလေးတွေက အမြီးတို့၊ အတောင်တို့ကို ပါးစပ်ထဲ ထည့်ပြီး တံတွေးဆွတ်ပြီးတော့ ငှက်ကို လွှတ်လိုက်တာ၊ ငှက်က ဝေးဝေးမပျံနိုင်ဘူး။ ခဏပျံပြီး အောက်ပြုတ်ကျ၊ အဲဒါကို လိုက်ကောက်ပြီး သူတို့ပျော်ကြ၊ ကစားကြတာလေ။

ဒီသစ်စေးကို ကျန်းမာရေးအတွက် ဆေးအဖြစ် ဝါးအဖြစ် သုံးတာလည်း ထူးထူးခြားခြားတွေ့ဖူးတယ်။ ဗိုက်နာနေတဲ့ နာဂလူငယ်တစ်ယောက် အဲဒီ သစ်စေးကို မန်ကျည်းစေ့သုံးစေ့လောက် အလုံးလေးလုပ်ပြီး မျိုချတာ တွေ့ဖူးတယ်။ ဒီလူငယ် မနက်နောက်ဖေးသွားတဲ့အခါ သန်ကောင်တွေကျလာတယ်။ တိုင်းရင်းဆေးပညာရှင်တွေ၊ သုတေသနဝါသနာပါသူတွေ လေ့လာကြဖို့ သုတေသနလုပ်ကြဖို့ ကောင်းတယ်။

နည်းနည်းကြီးတဲ့ ငှက်တွေကိုတော့ သူတို့ဟင်းလျာအဖြစ်နဲ့ စားကြတယ်။ ငှက်နှုတ်သီးနဲ့ ငှက်ရဲ့ခြေထောက်ကိုတော့ အခြောက်လှန်းပြီး သိမ်းကြတယ်။ ငှက်နှုတ်သီးကို နားပေါက်မှာ ပန်သူလည်း တွေ့ဖူးတယ်။ ကိုယ်မှာရှိတဲ့ အဆင်တွေကို တန်ဆာလုပ်ကြပြီး စမတ်ကျကြ၊ ရှိုးထုတ်ကြတာပဲ ဖြစ်မှာပါ။ ငှက်ချစ်သူ၊ သဘာဝပတ်ဝန်းကျင်သမားတွေကတော့ အခုလို ငှက်တွေ၊ အစု လိုက် အပြုံလိုက် ဖမ်းဆီးသတ်ဖြတ်တာကို ကြိုက်ချင်မှ ကြိုက်ကြလိမ့်မယ်။

နာဂတိုင်းရင်းသားတွေအတွက်တော့ ငှက်ကလေးတွေချစ်ဖို့၊ သဘာဝပတ်ဝန်းကျင် မြတ်နိုးဖို့ဆိုတာ ကျွန်တော် တာဝန်ကျစဉ်ကာလတွေတုန်းကတော့ နည်းနည်းစောနေသေးတယ်။ သူတို့ဝမ်း၊ သူတို့ အာဟာရဓာတ်က သူတို့အတွက် ပိုပြီးအရေးကြီးတယ်လေ။ နောင်တစ်ချိန်ကျရင်တော့ သူတို့လည်း သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးစိတ်တွေ ပေါ်ပေါက်လာကြမှာပါ။

* * *

# အကြိုတ်အခဲများ

ခန္တီးမှာ ကျွန်တော့်ဆီလာနေကျ ဖောက်သည်တွေ အလွှာမျိုးစုံ ပါဝင်ကြတယ်။ ပညာရေးဝန်ထမ်းတွေ၊ မော်တော်သမား၊ လှေသမားတွေ၊ ရှမ်းအမျိုးသားတွေ၊ ဈေးရောင်းကြသူတွေ၊ ခလရ ၅၂ ထဲကလည်း အများကြီး၊ အုပ်ချုပ်ရေးက ပုဂ္ဂိုလ် ဟိုးအောက်ခြေကစလို့၊ လက်လုပ်လက်စားတွေလည်း ပါတယ်။ ဒီဖောက်သည်တွေထဲမှာမှ ဆရာသိန်းဆိုတဲ့လူက အလာစိပ်တယ်။ ဖောက်သည်အရင်း။

သူဟာ စစ်တပ်က ဆရာကြီးဘဝနဲ့ ထွက်ထားတာ၊ ထွက်လိုက်တဲ့အခါတော့ ဆရာကြီးသိန်းလို့ မတွင်ဘဲ ဆရာသိန်းလို့ပဲ တွင်တယ်။ သူ့ဝန်းကျင်ကလူတွေက တပ်ထဲမှာ မဟုတ်တဲ့အခါ ရာထူးတစ်ဆင့်နိမ့်ပြီး ဆက်ဆံကြတာလား။ ဒါမှမဟုတ် တပ်ထဲမှာ ဆရာဘဝနဲ့ အကြာကြီးနေ အနားယူခါနီးမှ ဆရာကြီးဘဝရောက်၊ ဆရာဘဝမှာ ကြာခဲ့လို့ ဆရာသိန်းလို့ တွင်သွားတာလား။ ကာယကံရှင်တွေမှ သိမယ်။

သူ သွေးပေါင်လာချိန်လေ့ရှိတယ်။ ခဏခဏလာတယ်။ ယမကာလေးကလည်း ကြိုက်တတ်သူလေ။ သွေးကျဆေးလာတောင်းတတ်တယ်။ မူးရင်တော့ သူ့ပါးစပ်က ယူနီဖောင်းပြန်ဝတ်မိသလိုပဲ။ အမြင်မတော်တာ၊ ပြောမယ်၊ ဆဲပြော ပြောမယ်၊ မကျေနပ်တာ ထိန်းမထားဘူး၊ ပါးစပ်ဘရိတ်ပေါက်ပြီ။ အဲဒီအခါလည်း အဆဲလေး အငေါက်လေး ထည့်ပြောတယ်။ တစ်ခါတလေ ရိတိတိ၊ စောင်းချိတ်ချိတ်လုပ်တတ်တယ်။ သူ မကျေနပ်တာ ခေတ်စနစ်ကို မကျေနပ်တာ။ ခန္တီးမှာတော့ သူ့အကြောင်းသိနေတော့ ဘာမှပြဿနာမရှိပါဘူး။ ဒီ့ပြင်အရပ်မှာဆိုရင် သူ့အပြောအဆိုတွေက အန္တရာယ်တစ်ခုခု ကျရောက်နိုင်တယ်။ လက်ထိပ်စော်၊ အချုပ်စော်နံတယ်။

လူဖြောင့် စိတ်တိုပေမဲ့ သူ ဘာကူညီရမလဲ ပရဟိတစိတ်ရှိတယ်။ နာရေးအိမ်စောင့်အိပ်တယ်။ မြစ်ထဲ လှေတစ်ခုခုဖြစ်တယ်ကြားရင် ဆရာသိန်း အရင်ရောက်နှင့်တယ်။ ပြဿနာက သူ မကျေလည်တဲ့အထဲမှာ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းလည်း ပါတယ်။

တပ်ရင်းမှူးကြီးက ရဲဘော်တွေ တန်းစီနေချိန်မှာ ပြောတဲ့စကားတစ်ခွန်း ဆရာသိန်းနား ပြန်ရောက်တယ်။

"ငါ့ပခုံးပေါ်က ကြယ်ပွင့်တွေကို ကြည့်ထား၊ ဒီတပ်မှာ ဒီလိုကြယ်ပွင့်တွေမျိုးတွေ့ဖူးတဲ့သူတစ်ယောက်မှမရှိဘူး။ ဒီတပ်ထဲမှမဟုတ်ဘူး။ ဟောဒီတစ်

မြို့လုံး ဒါမျိုး မတွေ့ဖူးကြဘူး"

ဆရာသိန်းကို တပ်ထဲက သံယောဇဉ်ရှိသူတွေ ပြန်ပြောတော့ သူ နား ကြားပြင်းကတ်မှာပေါ့။ တပ်ရင်းမှူးရဲ့သတင်းတွေ၊ အတင်းတွေ သူ့နားဝပြန် ရောက်တော့ တပ်ကထွက်သွားပေမဲ့ စစ်သားစိတ်မကုန်ဘူး။ အဲဒီအခါ မူးရင် ဆရာသိန်းပါးစပ်က...

"အလကား မြူရိုကရက်" လို့ ပြောတတ်တယ်။ တပ်ထဲမှာ နှစ်တွေ အကြာကြီးနေခဲ့တော့ သူ့ရဲဘော်တွေရှိရာကိုလည်း သူ့ရဲ့ ယမကာညနေ တည် ခင်းတတ်တယ်။ သူ့ရဲ့ ရေချိန်ကို ရောက်တယ်ဆိုရင်ပဲ

"ပခုံးပေါ်က အပွင့်၊ ဘာလဲအပွင့်၊ ပိုက်ဆံရှိ ဝယ်လို့ရတာပဲ"

"ဟော့ မောင်သိန်းတို့က တပ်ထဲက ထွက်တာစောသွားလို့ ပခုံးပေါ် အပွင့်မတင်ခဲ့ရတာ။ သတ္တိနဲ့ ရကြေးဆိုရင် ဟောဒီပခုံးနှစ်ဖက်... တဲ့ ပွင့်တွေ မဆံ့ဘူး"

တပ်ထဲမှာလည်း ဖားချင် ယားချင်သူတွေရှိတော့ ဆရာသိန်းအဆဲ ရွှေ နားတော်ပေါက်ကြားတာပေါ့။ ဝိုင်ယာလက်စကားပြောစက်နဲ့ပြောရင် ကြာဦး မယ်၊ တပ်ပြင်ကို ဆရာသိန်းမထွက်ရသေးဘူး။ ရွှေနားတော်သွင်းဆဲခြင်းက ရောက်သွားပြီ။

ဆရာသိန်း သွေးကျဆေးတောင်းတယ်၊ သွေးပေါင်လာချိန်တယ်၊ လေ ဆေးလာယူတယ်၊ ဂျဲလ်မက်တောင်းတယ်၊ လမ်းကြုံရင်ဝင်တယ်။ ဒီတော့ ဆရာ သိန်း သူ့ဘာသာမူးပြီး ထော်လော်တွေ၊ ကန့်လန့်တွေ ပြောဆိုဆဲဆိုနေတာ ဒေါက်တာသိန်းလှိုင် ဘေးကနေ မြှောက်ပေးနေတယ်။ ဟိုပုဂ္ဂိုလ်တွေအသိုင်း အဝိုင်းက အဲဒီလိုထင်ကြသတဲ့။

ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်း ခန္တီးပြောင်းတဲ့အခါ အနောက်မြောက် တိုင်း တိုင်းမှူး ဗိုလ်မှူးကြီး စိန်မြ မှာလိုက်တဲ့စကားတစ်ခွန်း သူ့စိတ်ထဲမှာ စနောင့်စနင်းဖြစ်နေတာလေ။ ဒုရင်းမှူးအပါအဝင် သူ့လက်အောက်က အရာရှိ တွေကို သတိရတိုင်း ပြန်ပြောနေသတဲ့။

"ခန္တီးမှာ ဒေါက်တာသိန်းလှိုင်ဆိုတာ ရှိတယ်။ သူ့ကို ဘာမှမခိုင်းနဲ့။ သူ့အလုပ်သူလုပ်နေတာ၊ အစည်းအဝေးတိုင်း မခေါ်နဲ့၊ သူနဲ့ ပတ်သက်မှခေါ်။ သူ့အလုပ်ထဲလည်း မင်း ဝင်မစွက်ဖက်နဲ့၊ ဝင်စွက်ဖက်လို့ ပြဿနာဖြစ်ရင် ကိုယ့်ပြဿနာကိုယ်ရှင်း"

ဒီပြင်စကားသာ ရင်းမှူး မမှတ်မိရင် ရှိမယ်။ တိုင်းမှူးရဲ့ အမှာစကားတွေ ထဲက ဒီစကားစုတွေက သူ့အသည်းမှာ သံပူကပ်လွှတ်လိုက်သလိုပဲ စွဲမှတ်မိနေ

တယ်။

တစ်ညနေ မြစ်ဆိပ်မှာ ကျွန်တော့်အတွက် လူကြုံပါးလိုက်တဲ့ ပစ္စည်းဆင်းယူတာ၊ မော်တော်က လာနေပြီ လှမ်းမြင်နေရပြီ။ သယ်ရကူရအောင် နာဂတပည့်လေးနှစ်ယောက်နဲ့ မော်တော်ဆီ လှမ်းကြည့်လိုက်၊ မော်တော်ဆိပ်က လူတွေကို လှမ်းကြည့်လိုက်လုပ်တော့ ရင်းမှူးကိုလည်း တွေ့တယ်။ အဲဒီအချိန် ဆရာသိန်းက ရောက်ချလာပြီး ကျွန်တော့်ကို နှုတ်ဆက်တယ်။ ကျွန်တော်က လည်း ပြန်နှုတ်ဆက်ရတာပေါ့။

"ဟော့ကောင် မောင်ရှိန်း၊ ဟော့ကောင် ဖံအောင်၊ လာစမ်း ဒီမှာထိုင်"

ကျွန်တော့် နာဂလေးနှစ်ယောက်ကို သူက မောင်ရှိန်းနဲ့ ဖံအောင်လုပ်ပြီး အထိုင်ခိုင်းတယ်။ နာဂလေးနှစ်ယောက်ကလည်း သူတို့နာမည်မဟုတ်ပေမဲ့ ဘာအလုပ်ခိုင်းတယ်ဆိုတာ သဘောပေါက်တော့ ထိုင်လိုက်ကြတယ်။

"အေး ဒီလိုမှပေါ့၊ မောင်ရှိန်းနဲ့ ဖံအောင် ရော့ မုန့်ဖိုး"

ရင်းမှူး ကြားလည်းကြားတယ်၊ မြင်လည်းမြင်တယ်။ ကောင်စီက ဦးဖံအောင် ကြားလိုက် မြင်လိုက်တယ်။ ကျွန်တော်ကတော့ စီးကရက်လေးခဲပြီး ပြုံးတုံးတုံးလုပ်နေတာပါပဲ။ ဆရာသိန်းအကြောင်းလည်း သိနေတာကိုး။ ကျွန်တော်တင်မကပါဘူး။ နံဘေးအနီးနား ခရီးသွားတွေလည်း ဒါဟာ ဘာမှထူးဆန်းတဲ့ကိစ္စ၊ ဘာပြဿနာမှ တက်စရာကိစ္စလို့မှ မအောက်မေ့ကြပါဘူး။ ဒါပေမဲ့ ကျွန်တော် သတိထားလိုက်မိတာတော့ အဲဒီပုဂ္ဂိုလ်နှစ်ယောက်ရဲ့မျက်နှာတွေဟာ မည်းခနဲဖြစ်ပြီး ဟိုဘက်ကို မတိုင်ပင်ဘဲ မျက်နှာလွှဲလိုက်ကြ၊ မကြားဟန် မသိချင်ဟန် ပြုံတူဆောင်လိုက်ကြတာပါပဲ။

ပုဂ္ဂိုလ်ကြီးနှစ်ယောက်က ဒီကိစ္စလည်း ကျွန်တော့်စနက်ပဲလို့ ထင်ကြသတဲ့။

"ဒီဆရာဝန်ကို ဖြုတ်ပစ်ရမယ်၊ သူ့ပြစ်ချက်တွေ ရှာကြစမ်း၊ တစ်နေ့ငါ့အကြောင်း သိစေရမယ်"

ဒုရင်းမှူး ဗိုလ်မှူးအောင်ကျော်မြင့် ကြားတော့ စိတ်မကောင်းဖြစ်မိပြီး ဆရာသိန်းလှိုင်က သူ့အလုပ်သူလုပ်နေတာပါ ဗိုလ်မှူးကြီးလို့ ပြောပေမဲ့ မင်း ဘာမှမသိပါဘူးကွာ။ ဒီဆရာဝန် လူပါးသိပ်ဝတယ်လို့ချည်း ပြောနေသတဲ့။

ခလရ ၅၂ က အရာရှိတွေ၊ အကြပ်တွေ၊ ရဲဘော်တွေဟာ ကျွန်တော့်မိတ်ဆွေရောင်းရင်းတွေပဲ။ ခရီးထွက်ကြတဲ့အခါ၊ သူတို့ကို ဆေးကုပေးနေတာ၊ မြို့ပေါ်မှာလည်း သူတို့ဝေဒနာသည်းရင် ကျွန်တော့်ဆီ လာကြတယ်။ သူတို့တပ်ရင်းမှူး ကျွန်တော့်အပေါ် အမြင်မကောင်းပုံ၊ အမြင်စောင်းပုံတွေ ပြန်ပြန်

ကြားရတယ်။ ရဲဘော်တွေ၊ အရာရှိတွေနဲ့ တောကြိုအုံကြား အတူသွား၊ အတူ
အိပ်၊ အတူစားခဲ့ကြတာ၊ ကျွန်တော် နာဂရွာတွေမှာ နတ်ဆရာတစ်ယောက်အနေ
နဲ့ နာဂတွေ ပေးတဲ့အသားကို တပ်ရိက္ခာလုပ်ခဲ့တယ်လေ။

ရင်းမှူး ဘယ်လိုပြောပါစေ၊ ဘယ်လိုထင်ပါစေ၊ ကျွန်တော် မတုန်လှုပ်
ဘူး။ တုန်လှုပ်စရာအကြောင်းမရှိဘူး၊ မဟုတ်တာလည်း ဘာမှ လုပ်ထားတာ
မရှိဘူး။ ရင်းမှူးကြီး သူ့ကတော်ကို အိပ်ခန်းထဲမှာ ပြောတဲ့စကားကလွဲ ကျန်တဲ့
စကား ကျွန်တော် စိတ်ဝင်စားရင် ကြားနိုင်တယ်။ စိတ်မဝင်စားဘဲ ကျွန်တော့်
နားထဲ ရောက်ရောက်လာလို့ ဒီဘက်နားက ဝင် ဟိုဘက်နားက ထွက်နဲ့ ထုတ်
ထုတ်ပစ်နေရတာ။

သိန်းလှိုင် စဉ်းစား၊ စဉ်းစားစမ်း ရင်းမှူးကြီး ပွေ့ပိုက်ထားတဲ့ အမြင်
စောင်းမှုရဲ့ မူလအစက ဘာဖြစ်မလဲ၊ စဉ်းစား...။

အနောက်မြောက်တိုင်းမှူးရဲ့ အမှာစကားလား... ကျွန်တော် မသိနိုင်ဘူး။
အဲဒါမဟုတ်ဘူးဆိုရင်ကော သိန်းလှိုင်...

"ကျုပ်နာမည် မောင်ရှိန်းလို့ခေါ်တယ်၊ သဝေထိုး မရေချ ငသတ်မောင်၊
ရကောက်ဟထိုးလုံးကြီးတင် နငယ်အသတ် ဝစ္စနှစ်လုံးပေါင်း ရှိန်း" လို့ သူ
ခန္တီးရောက်စ တစ်ခရိုင်လုံးက ဌာနဆိုင်ရာ လူကြီးတွေ မျက်နှာစုံညီအစည်း
အဝေးခေါ်ပြီး မိတ်ဆက်စကားဆိုတုန်းက...

"ဒီနယ်မှာ ကျုပ်ရာထူးအကြီးဆုံး၊ တာဝန်အကြီးဆုံး၊ အားလုံး ကျုပ်
အမိန့်နာခံရမယ်။ ကျုပ်ခိုင်းတာ လုပ်ရမယ်" ဆိုတာမျိုးတွေ အာပေါင်အာ
ရင်းသန်ခဲ့ပြီ။

"ဒီအထဲမှာ ဘီအေတွေ ဘီအက်စ်တွေ ပါချင်ပါမယ်၊ ဘွဲ့တွေ လာမပြော
နဲ့၊ ဟောဒီမှာတွေ့လား။ ဒီမြို့မှာ ဒုတိယဗိုလ်မှူးကြီး တစ်ခါမှ မအုပ်ချုပ်ဖူးဘူး။
တွေ့လား၊ ပခုံးနှစ်ဖက်နဲ့ ရင်ဘတ်ပေါ်က တံဆိပ်တွေ" ဆိုတာမျိုးလည်း သူ
အာချောင်ခဲ့တယ်။ သူ့ကိုယ်သူ ပညာနည်းတဲ့ အရာရှိလို့ လူပုံလယ်မှာ မရှက်
မကြောက်ပြောနေတာ။

"ဒါတွေ အလကားကောက်ရတာမဟုတ်ဘူး။ သူများဆီက ခေတ္တငှားခဲ့
တာမဟုတ်ဘူး။ တိုင်းပြည်အတွက် အသက်ပေးလို့ရထားတာတွေ၊ နိုင်ငံတော်
အစိုးရ ချီးမြှင့်ထားတာ၊ စစ်သား... စစ်သား စကားပဲ ပြောတတ်တယ်"

သူက တစ်ဆက်တည်း ဆက်ပြောတယ်။

"ဒီလို ရွှေကြယ်ပွင့် မမြင်ဖူးရင် လာကြည့်လှည့်ကြ" တဲ့။

ခရိုင်အဆင့်အစည်းအဝေး အရာရှိတွေအားလုံး ငြိမ်ပြီး ပြောသမျှ နား

ထောင်နေကြတယ်။ အားလုံးက နားမှဒိမ်းအကျင့်ခံရလို့ စိတ်မကောင်းဖြစ်နေချိန်မှာ ပရိသတ်ထဲကနေ ကျွန်တော် တစ်ယောက်တည်းထပြီး သူ့ပခုံးပေါ်က ကြယ်ပွင့်တွေ၊ ရင်ဘတ်ပေါ်က တံဆိပ်တွေ သွားကြည့်တယ်။

ကျန်တဲ့အရာရှိ၊ အရာထမ်းတွေ ခေါင်းယမ်းသူယမ်း၊ သက်ပြင်းချသူချ၊ ကျွန်တော်က တကယ်ကို မမြင်ဖူးလို့ သွားကြည့်တာ။ အဲဒီမှာ ဒုတိယဗိုလ်မှူးအသစ်ကျပ်ချွတ်က ကျွန်တော့်ကို သတိထားမိသွားတာလည်း ဖြစ်နိုင်တယ်။

ခလရ ၅၂ မှာ ဆံသတဲ့ ရဲဘော်ကစလို့ ဟိုတုန်းက တပ်ရင်းမှူးတွေအထိ ခင်မင်နေခဲ့တာပါ။ အခုတော့ ဆက်ဆံရေးရာသီဥတုက တစ်မျိုးဖြစ်သွားပြီ။ အထက်ကောင်းကင်မှာ လေပွေထနေတယ်။ ဒုရင်းမှူးကစလို့ ကျွန်တော့်ကို သံယောဇဉ်ရှိကြသူတွေက သူတို့ရင်းမှူးရဲ့စကား၊ သူတို့ရင်းမှူးရဲ့ သဘောထား ကျွန်တော့်ကို လာလာပြောကြတယ်။ စကားရောင်း စကားဝယ်လုပ်ကြတာမဟုတ်ဘူး။ စေတနာနဲ့ မေတ္တာရှေ့ထားလာပြောကြ၊ ကြိုတင်ပြီး သတိပေးကြတာ။ အပိုစာသားမပါဘူး။ လျှော့ပြောရင်သာ ပြောကြလိမ့်မယ်။ ဟိုပုဂ္ဂိုလ်က သူတို့အထက်အရာရှိကိုး။

ဩော်... ဘာတွေဖြစ်နေကြပါလိမ့်။ ငါလည်း ဘာမှမလုပ်ရပါလား။ အင်း ဘဝမှာ ဝဋ်ကြွေးပါလာရင်တော့ ဘယ်တတ်နိုင်မလဲ။ ဖြစ်သမျှအကြောင်း ရင်စည်းခံရုံပဲ။ သူ့ဘာသာ ပြောချင်ရာပြော၊ ငါတော့ ငါ့အလုပ် ငါလုပ်နေရုံပဲ။ ငါ့မှာ အမှားတစ်ခုမှ မလုပ်မိရင် ပြီးတာပဲ။ အဲဒီလိုနှလုံးသွင်းပြီး လူနာတွေနဲ့ပဲ ကျွန်တော့်ရက်တွေကို ကုန်ဆုံးစေခဲ့တယ်။

* * *

## တပည့်ကျော် ဟန်စုနဲ့ ဆွေးနွေးခန်း

ခန္တီးမှာ မြို့နယ်ပါတီယူနစ် လာဖွင့်တာ မကြာသေးဘူး။ ကျွန်တော် ဆေးရုံကိုသွားရင် အသစ်ဖွင့်လိုက်တဲ့ ပါတီယူနစ်ရှေ့က မဖြတ်မဖြစ် ဖြတ်ရတယ်။ ဒိုပြင်က ကွေ့ကောက်ရှောင်လွှဲသွားလို့လည်း မရဘဲကိုး။ လမ်း ဒီတစ်လမ်းရှိတာ။

တစ်မနက် ဆေးရုံကိုအသွား ပါတီယူနစ်ရုံးရှေ့အဖြတ်မှာ ရုံးဘက်ဆီက လက်ခုပ်တီးသံသုံးချက် ကြားလိုက်ရတယ်။ တစ်ဆက်တည်းပဲ အဲဒီလက်ခုပ် ထွက်တီးတဲ့လူဆီက

"ဟေ့လူ"

"ဟေ့လူ"

အော်ခေါ်သံ ကြားလိုက်ရတယ်။ ကျွန်တော် သွားနေရာက ရပ်ကြည့်လိုက်တော့ ဆိုင်းဘုတ်အပြာအောက် တံခါးဝရှေ့မှာ လူတစ်ယောက် စတစ်ကော်လာအင်္ကျီဝတ်လို့ ကျွန်တော့်ဘက် မျက်နှာမူထားတယ်။ ကျွန်တော် ဒီလူကို အရင်က မြင်လည်းမမြင်ဖူးဘူး၊ သိလည်း မသိကျွမ်းဘူး။ ဒီတော့ ဟေ့လူ… ဟေ့လူဆိုတာ ကျွန်တော့်ကိုခေါ်တာလို့ ဘယ်ထင်မလဲ။ ပြီးတော့ ပြတင်းနှစ်ပေါက်က ကြည့်နေကြတဲ့ သီဂီတို့၊ ကြည်ကြည်တို့ဆိုတဲ့ ဝန်ထမ်းမလေးတွေလည်း မြင်လိုက်ရတယ်။ ကျွန်တော့်ပတိုဘက်မှာလည်း ဘယ်သူမှရှိတာလည်းမဟုတ်။ ရုတ်တရက်တွေးကြည့်လိုက်တယ်။ ဟေ့လူ… ဟေ့လူ…

သြော် သူ ငါ့ကို လူလို့ အသိအမှတ်ပြုလိုက်တာပဲ။ ဒေါသဖြစ်စရာမှ မဟုတ်တာ။ ဒီလိုသဘောပိုက်ပြီး ဆေးရုံဘက် ဆက်လျှောက်ခဲ့တယ်။ ဒါပေမဲ့ နံဘေးအိမ်က ဦးသာလင်းတို့၊ ဒေါ်စိန်သော့တို့မိသားစုတွေကလည်း အဖြစ်အပျက်ကို မြင်လိုက်ကြားလိုက်လေတော့

"ဘာဖြစ်တာလဲဆရာ"

"မသိပါဘူး၊ ကျွန်တော့်ခေါ်တယ်ထင်လို့ လှည့်ကြည့်လိုက်တာ"

"ဟာ… ဆရာ့ခေါ်နေတာ မဟုတ်ဘူးလား"

"ဟုတ်ပုံမရပါဘူးဗျာ"

ပုစ္ဆာကောင်းတစ်ပုဒ်ရလိုက်တဲ့ စာတော်တဲ့ ကျောင်းသားတစ်ယောက်လို ရုတ်တရက် ရတဲ့စိတ်ကူးကြောင့် ချက်ချင်းတုံ့ပြန်လိုက်တယ်။

"ဘာမှ မရောင်းဘူးဗျို့…"

ကျွန်တော့်ရဲ့ အော်လိုက်သံကြောင့် ဦးသာလင်းရော၊ ဒေါ်စိန်သော့ရော၊ သူ့သမီးတွေပါ ပြုံးပြုံးကြီး ကျန်ခဲ့တယ်။ ကျွန်တော့်ကိုလက်ခုပ်တီးပြီး ဟေ့လူ… ဟေ့လူလို့ ခေါ်တဲ့သူက ပါတီယူနစ်ဥက္ကဋ္ဌတဲ့။ နာမည်က ဗိုလ်ကြီးထွန်းလင်းတဲ့။ တပ်မတော်ကနေ ပါတီဘက်ကို ပြောင်းလာတာ။ ယူအမ်ပီတပ်ကနေ ဗိုလ်ကြီးဖြစ်လာတဲ့သူ။

ကျွန်တော် ဆေးရုံမှာ လူနာတွေကို စမ်းသပ်ရတယ်။ ဆေးပေးရမယ့်လူနာကို ဆေးပေးတယ်။ ဆေးထိုးတန်ရင် ထိုးပေးရတယ်။ ကျွန်တော်ဟာ ဆေးရုံနဲ့အိမ်၊ အိမ်နဲ့ ဆေးရုံ တစ်မိုင်ခွဲခရီး လမ်းအမြဲလျှောက်နေတဲ့သူ။ နေ့လယ်စာပြန်စားတော့လည်း မနက်ကလိုပဲ လက်ခုပ်တီးသံ သုံးချက်နဲ့

"ဟေ့လူ"

"ဟော့လူ" လို့ ထွက်လုပ်ပြန်ရော။ ဩော် ခက်တော့နေပါပြီ။ ဘယ်လို ဥက္ကဋ္ဌပါလိမ့်။ အဲဒီထဲက ဝန်ထမ်းတွေက ကျွန်တော့်ကို မသိတဲ့သူမရှိဘူး။ ပြီးတော့ လမ်းပေါ်မှာ ကျွန်တော်တစ်ယောက်တည်းရှိတာ။ သူ ခန့်ထားတဲ့ ရုံးအဖွဲ့မှူးတို့၊ စာရေးမတို့ဆိုတာ ကလေးလာမွေးသူနဲ့ ငှက်ဖျားဆေးလာတောင်းတဲ့သူနဲ့၊ မနက်ကလိုပဲ...

"ဘာမှမရောင်းဘူးဗျို့..."

လို့ လုပ်ပစ်ခဲ့တယ်။ ပါတီယူနစ်ဥက္ကဋ္ဌ ကျွန်တော့်အပြုအမူအပေါ် ဘယ်လိုအောက်မေ့မယ်တော့ မသိဘူး။ ခရိုင်ဆေးရုံအုပ်ကြီး၊ ဆရာဝန်တစ်ယောက်ကို ပြုမူဆက်ဆံနေပုံကိုရော သူ့ကိုယ်သူ သတိထားမိရဲ့လား ကျွန်တော် မသိဘူး။

နားကြင်းပြင်းကတ်စရာကောင်းတဲ့ လက်ခုပ်သံနဲ့ အော်ခေါ်သံက ကျွန်တော် ဆေးရုံအသွား၊ ဒါမှမဟုတ် အပြန် ကြားကို ကြားရတာပဲ။ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်။ ဒီဥက္ကဋ္ဌဆိုတဲ့ သတ္တဝါ ရုံးထဲမှာနေရင် ကျွန်တော့်ကို တွေ့လိုက်တာနဲ့ ဟော့လူ ဟော့လူ လုပ်နေတာ ရက်တွေများနေပြီ။ ကျွန်တော်လည်း "ဘာမှမရောင်းဘူးဗျို့" လို့ သုံးခါလောက် သူ့ကို ပြန်အော်ပြီး နောက်တော့ အဖက်လုပ်ပြီး ပြန်ဖြေမနေတော့ဘူး။

သိန်းလှိုင် စဉ်းစားရပြီ။ ဒါ ဘာသဘောလဲ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီထဲဝင်စေချင်လို့ စည်းရုံးမလို့လား။ သူ့အသိတစ်ယောက်နဲ့ လူမှားတာလား။ ဒါဖြင့် ဒီဥက္ကဋ္ဌဆိုတဲ့ သတ္တဝါ ချီးနေတဲ့အချိုးက ဘာအချိုးလဲ။ စဉ်းစားစမ်း သိန်းလှိုင်၊ ကျွန်တော် အဲဒီလို စဉ်းစားခန်းဝင်ရင် စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် မီးကူးပြီး သောက်မိ ရှိုက်မိတော့တာပဲ။ ကျွန်တော် ရှိုက်ထုတ်လိုက်တဲ့ စီးကရက်မီးခိုးငွေ့တွေအကြားမှာ အဖြေပဲပါလာလေနိုးနိုး။ အဆုတ်ထဲရောက်လာကြတဲ့ နီကိုတင်းဓာတ်တွေကပဲ အကြံကောင်းသယ်ဆောင်လာလိမ့်နိုးနိုး။

ဆရာတပည့် ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေရာက တပည့်ဖြစ်သူခမျာ ရုတ်တရက် ခေါ်လိုက်သံကြောင့် သူ လန့်သွားတယ်။

"ဟန်စု လာပါဦးကွ"

"ဘာလဲ ဆရာ"

"ငါမေးတာ မှန်မှန်ဖြေ"

"ဟုတ်"

"မင်း လူတစ်ယောက်ကို စိတ်ဆိုးရင် ဒေါသဖြစ်ရင် ဘာလုပ်မလဲ"

တပည့်ကျော် ဟန်စု တောင်စဉ်းစား မြောက်စဉ်းစားလုပ်မနေဘဲ ချက်ချင်း ဖြေလိုက်တယ်။

"ဓားနဲ့ခုတ်မယ်ဆရာ"

"ဟာ အဲဒီလောက်ကြီး မဟုတ်ဘူး၊ စိတ်တိုလို့ မခံမရပ်နိုင်ဖြစ်လာရင် မင်းဆဲမယ်၊ အဲဒီအခါ ဘယ်လိုဆဲသလဲ"

"ငါမသိဘူး၊ ငါ့ကို မဟုတ်တာလုပ်ရင် ဓားနဲ့ခုတ်မှာပဲ၊ ဆဲတယ်ဆိုတာ ဘာလဲ"

"ဟိုကွာ၊ စိတ်ဆိုးတဲ့အခါ ဒေါသအလျောက် တစ်ဖက်သား နာကြည်းအောင် ပြောချလိုက်တာ"

"ငါ နာကြည်းတာတွေ ပြောမနေဘူး၊ ခေါင်းကို ဖြတ်ပစ်လိုက်တာ"

"ဟာကွာ... ဟန်စုရာ မင်းကို အကူအညီတောင်းကာမှ..."

"ဆရာ့ကို ဘယ်သူဘာပြောလဲ၊ ဘယ်သူ့ခေါင်းလဲပြော"

"မဟုတ်သေးဘူး၊ အဲဒီအဆင့်မဟုတ်သေးဘူး၊ ငါက ရိုးရိုးမေးနေတာ"

"ငါ မဆဲတတ်ဘူးဆရာ၊ ခေါင်းဖြတ်ရမယ့်သူပြော"

"အေးပါ မင့်လည်း အဖြတ်မခိုင်းပါဘူး၊ ငါ့ကို ဖြတ်ပေးမယ့်သူတွေ တောင်ပေါ်မှာရှိပါတယ်။ မင်းဖြတ်တော့ ငါ့လက်ချက်မှန်း သိမှာပေါ့"

သူ့တိုင်ပင်မှ ခေါင်းဖြတ်ရမယ့်ကိစ္စ ဆိုက်နေတယ်။

"ဘာလို့လဲဆရာ"

"ဟိုကွာ... ပါတီယူနစ်ဥက္ကဋ္ဌက သူ့ရုံးရှေ့က ငါဖြတ်သွားတိုင်း လက်ခုပ်တီးပြီး ဟေ့လူ ဟေ့လူနဲ့ အော်ခေါ်တယ်ကွာ။ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်၊ ဆရာ... လာပါကြွပါ... အထဲဝင်ပါဦးဆိုရင် တစ်မျိုးပေါ့။ ငါက ဦးနှောက်နဲ့ နားနဲ့ အလုပ်လုပ်တာ။ သူက ပါးစပ်နဲ့ လက်ခုပ်လက်ဝါးနဲ့ အလုပ်လုပ်နေတာ"

ဟန်စုက နှစ်နှစ်ခြိုက်ခြိုက်ပြုံးတယ်။ သူ့မျက်နှာမှာ ဒီလိုအပြုံးမျိုး တွေ့ရခဲလို ကျွန်တော် လိုချင်တဲ့အဖြေရပြီလို့ သိလိုက်တယ်။

"ဩော်... သူက ဆရာ့ကို ဒီလိုလုပ်သလား"

"အေး"

"နောက်တစ်ခါ လက်ခုပ်တီးပြီး ဟေ့လူလို့ ခေါ်ရင် ဆရာက"

ဟန်စုက စကားကို ဆုံးအောင်မပြောဘဲ ရပ်ထားတယ်။ ပြီးမှ ပီပီသသ ခပ်ကျယ်ကျယ်ပြောတယ်။

"လ...စ် လို့ ပြန်အော်လိုက်"

"ဟာကွာ မင်း ငါ့ကို အချုပ်ထဲ တောက်လျှောက်ပို့နေပြန်ပါပြီ"

"မချုပ်ဘူးဆရာ၊ မုံရွာက ဆရာဝန်ကြီးနဲ့ငါ အတူတူနေခဲ့တာ အကြာကြီးလေ။ ရောက်လေရာမှ ရဲက ဆရာဝန်ကြီးကို ရပ်ဆိုရင် ဆရာဝန်ကြီးက ... ထစ်လို့ အော်လိုက်တာပဲ။ အဲဒီတော့ ရဲတွေက သွားပါ... သွားပါတဲ့"

ဟန်စုခများ သူပြောတဲ့စကားလုံးရဲ့ အရင်းအမြစ်ကို နားလည်ပုံမရဘူး။ သူ့အတွေ့အကြုံကို ရိုးရိုးသားသား မျှဝေနေခြင်းမျှသာ ဖြစ်တယ်ဆိုတာ သူ့မျက်နှာနဲ့ သူ့အပြုံးမှာ အထင်အရှားတွေ့နေရတယ်။ ဒီပြင်ကိစ္စတွေမှာ အလွန်အားကိုးရပေမဲ့ ဒီကိစ္စမှာ အားကိုးလို့မရတဲ့ ဟန်စုနဲ့ ဆွေးနွေးခန်းကို ရပ်ပစ်လိုက်ရတယ်။ လာစမ်း စီးကရက် နောက်တစ်လိပ်။

* * *

## ညွန့်ပေါင်းကျမ်း

သူ့ကို ကျွန်တော်တို့က ချစ်စနိုး ပညာဝန်လို့ခေါ်တယ်။ နာမည်ရင်းက ဦးအောင်စိန်ပါ။ လက်ထောက်ပညာရေးမှူးလို့ ရာထူးအမှန်ကို ခေါ်သူနည်းတယ်။'ပညာဝန်ဦးအောင်စိန်' လို့ အလွယ်ခေါ်သူခေါ်၊ ဦးအောင်စိန်ဆိုတဲ့ နာမည်မထည့်ဘဲ ပညာဝန်လို့ ခေါ်သူခေါ်ကြတယ်။ တွေ့ဖူးသမျှထဲမှာတော့ ဦးအောင်စိန်က ဆံပင်နည်းနည်းရှည်တယ်။ ဒါပေမဲ့ သပ်သပ်ရပ်ရပ်ဖြီးထားတတ်တယ်။ သူ့ကို ဘာလို့ ဆံပင်အရှည်ထားတာလဲဆိုတော့ သူ့အဖြေက စိတ်ဝင်စားစရာ။

"စစ်ဗိုလ်တို့၊ ရဲအုပ်တို့နဲ့ မှားမှာစိုးလို့" တဲ့။

သူ သီချင်းအဆိုဝါသနာပါတယ်။ သီချင်းတွေရတယ်။ စာပေါင်းပဲ့အောင်ဆိုနိုင်တယ်။ အဆွေးသီချင်းသန်တယ်။ ကြည့်ဖူးတဲ့ရုပ်ရှင်တွေလည်း အတော်မှတ်မိတဲ့သူ။ ကျွန်တော့်ကိစ္စကို သူနဲ့တိုင်ပင်ရင် ကောင်းမှာပဲလို့ စိတ်ကူးရတယ်။ ဒီပညာဝန်က နယ်အတော်များများလည်း ရောက်ခဲ့ဖူးတော့ သူနဲ့ဆိုရင် ဖြစ်လောက်တယ်။ သူ ကူညီလောက်တယ်လို့ ထင်မိတယ်။ သောက်လက်စ စီးကရက်က အတော်တိုနေပြီ။ နောက်တစ်လိပ် ကူးစရာ စီးကရက်မရှိလို့ လက်နှစ်ချောင်းပူအောင် ဖွာနေရာက လက်စသတ်လိုက်တယ်။

"လာ... ပညာဝန်... ထိုင်ဦး၊ ခင်ဗျားလာတာနဲ့ အတော်ပဲ"

"ဘာဖြစ်လို့လဲဆရာ၊ ပျင်းလို့ သီချင်းနားထောင်ချင်တာလား"

"ဟာ ပေါက်တတ်ကရ၊ ဘယ်က သီချင်းနားထောင်ချင်လို့ရမှာလဲ၊ ဆရာ

သီချင်း နောက်မှဆို"

"ဒါဆိုရင် ဘာလုပ်ပေးစေချင်သလဲ ရုပ်ရှင်ဇာတ်လမ်း ဟိုနေ့ကအဆက် လေး.."

"မပျင်းဘူး၊ မပျင်းဘူး... အဲ... ပျော်လည်း မပျော်ဘူး"

"ဒီတော့..."

"ကျွန်တော့်စကား ပညာဝန် ဆုံးအောင်နားထောင်ပြီးမှ ကျွန်တော် တောင်းတဲ့အကူအညီပေး၊ ဘယ့်နှယ်လဲ"

"ဟာ ဒေါက်တာကလည်း သူစိမ်းတွေမှ မဟုတ်တာ၊ ကူညီမှာပေါ့"

"ဟောဒီ ခန်းမှာ ပညာဝန်ဆိုလို့ ဆရာတစ်ယောက်ပဲရှိတာ ဟုတ်တယ် နော်"

"ဟုတ်တယ်လေ"

"ဆရာဝန်ဆိုရင်လည်း ကျွန်တော်တစ်ယောက်ပဲရှိတာ"

"ဒါလည်းဟုတ်တာပဲ အဲဒီတော့"

"အဲဒီတော့ ဆရာက ပညာဝန်ဦးအောင်စိန်မလုပ်နဲ့၊ ရာထူးတွေစွန့်ပြီး အောင်စိန်လို့ ခံယူလိုက်"

သူ ကျွန်တော့်ကို မျက်မှောင်ကြီးကြုတ်ကြည့်နေတယ်။

"ကျွန်တော်လည်း ဒေါက်တာသိန်းလှိုင် မဟုတ်တော့ဘူး၊ သိန်းလှိုင် ဖြစ်သွားပြီ"

"ဟာ ဆရာ ဘာတွေပြောနေတာလဲ။ ကျွန်တော် ဒီဘဝရောက်အောင် မိဘတွေ မရှိကြတဲ့ကြားက မနည်းကြိုး..."

"တကယ်မဟုတ်ပါဘူး။ ဥပမာသဘောပြောတာပါ။ ကျွန်တော် ပြောတာ ဆုံးအောင်နားထောင်ပါဦး ပညာဝန်ရဲ့"

"ကဲ ဟုတ်ပါပြီ"

"ခင်ဗျားနဲ့ ကျွန်တော် အောင်စိန်နဲ့ သိန်းလှိုင် သမီးရည်းစားတစ်ယောက် ကို ပြိုင်တူပိုးကြရာမှာ ကျွန်တော်"

"ဟာ ဆရာက ဘယ်သူ့ကြိုက်နေတာလဲ၊ ကျွန်တော်တို့ ကျောင်းဆရာမ ထဲကလား"

"ဆုံးအောင် နားထောင်ပါလို့ဆို၊ ပညာဝန်ကလည်းဗျာ"

"အဲဒီကောင်မလေးအချစ်ကို သိန်းလှိုင်ရသွားတဲ့အခါ အောင်စိန်က သတ်မယ် ပုတ်မယ်မလုပ်ခင်မှာ စိတ်ဆိုးပြီး ဆဲမယ်... ဘယ့်နှယ်လဲ"

"ဟာ ဆရာဝန်ရယ် ဒါလုစရာလား၊ သတ်လည်းမသတ်၊ ပုတ်လည်း

မပုတ်ပါဘူး။ ဆရာ့ကျေးဇူးတွေရှိတယ်လေ။ ကျွန်တော် ရှောင်ပေးမှာပေါ့။ ကျောင်းဆရာမထဲက လွတ်လွတ်လပ်လပ်လား ဆရာ"

"မဟုတ်ပါဘူး ကျွန်တော်က ဥပမာအဖြစ်ပြောနေတာ... ကဲ ဆဲပါဦး"

"ဒုက္ခပါပဲ၊ အလကားနေရင်း ကျွန်တော့်ကို ငရဲပေးနေပြန်ပါပြီ"

"ငရဲပေးနေတာမဟုတ်ဘူး။ ခင်ဗျားဆီက ပက်ပက်စက်စက် အဆဲ ဒေါသအလျောက် ဆဲတဲ့အဆဲ ကြားချင်တာ"

"တကယ်လား"

"တကယ်ပြောနေတာ ပညာဝန်"

"ကျွန်တော်လည်း တကယ်ပြောမယ်... ဆရာ့ကို ကျွန်တော် အရမ်း လေးစားတာပါ၊ မဆဲပါရစေနဲ့"

"ပညာဝန် ခင်ဗျားမဆဲရင် နောက် ကျွန်တော့်အိမ်ရိပ်မနင်းနဲ့၊ အိမ်ရှေ့ ကို ဖြတ်မလျှောက်နဲ့ဗျာ၊ ကျွန်တော်နဲ့ တွေ့မယ်"

"ဆရာ တကယ်ပြောနေတာလား"

"တကယ်ပြောနေတာ၊ တကယ်စိတ်ဆိုးတယ်"

"ဆရာသိန်းလှိုင်ရယ်၊ ကျွန်တော့်အဆဲက ဘာအသုံးဝင်မှာလဲ"

"ဘာလုပ်ဖို့လဲ မေးမနေနဲ့။ ပါးစပ်က မထွက်ချင် ဟိုပြက္ခဒိန်နောက် ကျောမှာ ချရေး–ဟန်စု... နံရံက ပြက္ခဒိန် ဖြုတ်ခဲ့ကွာ"

ပညာဝန် ခေါင်းကုတ်တယ်၊ ပြီးတော့ ခေါင်းရမ်းတယ်၊ စဉ်းစားတယ်။ ပြီးတော့ တစ်လုံးချရေးတယ်"

"ဖေ..."

အဲဒီတစ်လုံးရေးပြီး ကျွန်တော့်ကို မော့ကြည့်တယ်။ အကဲခတ်တယ်ဆို ရင် ပိုမှန်မယ်။ ကျွန်တော် ပညာဝန်ရေးတာဖတ်ပြီး ခေါင်းတစ်ချက်ညိတ်ပြ လိုက်ရင်း

"နောက်ထပ် အဆဲတစ်ခွန်း"

"လ...စ်"

ဟန်စု ပြောတာနဲ့ တစ်ထေရာတည်း။

နောက်အဆဲတစ်ခွန်းက

"....စား" အမျိုးသမီးရဲ့အင်္ဂါ

.... ယောက်ျားအင်္ဂါကို ပယ်ပယ်နယ်နယ် ဖွဲ့နွဲ့တဲ့အဆဲ သူ ဆက်မရေး သေးဘဲ မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ပြီးမှ အဆဲတစ်ခွန်းထပ်ရေးတယ်။

"ငါ..."

ငါ အစချီပြီး ကိုင်တုပ်တဲ့အဆဲ

ပညာဝန်ခမျာ အဆဲလေးငါးခွန်းရေးချပြီးတဲ့နောက် ကျွန်တော့်ကို ပြုံးဖြဲဖြဲလုပ်ပြရင်း ကျေနပ်ပါတော့နော်လို့ ပြောတာနဲ့ သူ့ကို ကျေးဇူးတင်လို့ လက်ဆွဲနှုတ်ဆက်တဲ့အခါ သူ့လက်တွေက အေးစက်နေတယ်။ သူ့နဖူးက ချွေးတွေစို့လို့။ ခြေလှမ်းမှန်မှန်နဲ့လာခဲ့တဲ့ ပညာဝန် အိမ်ကလည်းပြန်ရော ကျွန်တော့်ကို လှည့်ကြည့်လှည့်ကြည့်နဲ့ ခပ်သွက်သွက် လှမ်းထွက်သွားတယ်။ ကျွန်တော့် ခြံဝမှာ သူ့ရုံးက စာရေးကိုတင်မောင်က ရေချိုးဆိပ်အဆင်း တွေ့ကြတော့ ပညာဝန် သုတ်သီးသုတ်ပျာနဲ့ ဘာဖြစ်လာတာလဲလို့ မေးရော။

"ဟော့ကောင် မင်းရေချိုးရအောင် လာတာဆိုရင် မြစ်ဆိပ်ဖြောင့်ဖြောင့် တန်းတန်းသွား။ ငါ ဒေါက်တာဆီ သီချင်းဆိုရအောင်လာတာ။ သီချင်းမဆိုခဲ့ရဘူး။ သူ့ကို ဆဲရမယ်တဲ့။ ဒေါက်တာ ဒီနေ့ ဘာဖြစ်နေတယ်မသိဘူး"

"ဟာ ဆရာကလည်း တောက်တီးတောက်တဲ့ပြောပြီ"

"ငါ အမှန်ပြောနေတာ"

ကျွန်တော် အိမ်က တံခါးတွေရော ပြတင်းတွေရော ဖွင့်ထားတော့ သူတို့ ပြောနေကြတာ အကုန်ကြားနေရတာ။

"သူ့အလုပ်သူလုပ်နေတဲ့ ဆရာဝန်က ဆရာ့ကို အဆဲခိုင်းတယ်ဟုတ်လား"

"အေး... ဟုတ်တယ်"

"ဟာ ဆရာနှစ်ယောက် တစ်ယောက်လောက်တော့ ဦးနှောက်ရွေ့နေပြီ"

"ငါပြောတာ မင်းမယုံရင် သွားကြည့်လိုက်"

ဒီလိုနဲ့ စာရေးကိုတင်မောင် ရောက်လာရော။ ကျွန်တော် ပျော်တယ်။ နောက်ထပ်အဆဲတွေ ထပ်ရဦးမှာ။

"လာ ကိုတင်မောင် ထိုင်ဦး... ရေချိုးဆင်းလာတာထင်တယ်"

"ဟုတ်တယ် ဆရာ"

"ကိုတင်မောင့်တစ်သက် ဆဲဖူးတဲ့အဆဲတွေ ကျွန်တော့်ကိုမျှဗျာ"

ကိုတင်မောင် မျက်မှောင်ကုတ်ပြီး ကျွန်တော် ပြောတာရော၊ လုပ်တာရော လိုက်ကြည့်နေတယ်။ ကျွန်တော်က ပညာဝန်ရေးထားတဲ့ အဆဲပြက္ခဒိန်ယူလာပြီးပေးတော့ သူ့ဆရာ ပညာဝန်တော့ ဦးနှောက်မရွေ့ဘူးလို့ သူယုံသွားပြီ။ လက်ရေးက သူ့ဆရာလက်ရေး သူမှတ်မိတယ်။ ကျွန်တော်က တံခါးဝပိတ်ရပ်နေတော့ စားပွဲပေါ်မှာ သူလည်း ဆဲဖူး ကြားဖူးတဲ့ အဆဲသုံးလေးခွန်း ချရေးလိုက်

တယ်။ ပညာဝန်ဆရာတပည့် သိပ်မကွာလှဘူး။ ရေးသွားတဲ့ အဆဲတွေ မတူကြပေမဲ့ လာတဲ့ခြေလှမ်း၊ ပြန်တဲ့ခြေလှမ်း၊ လက်ဖျားတွေ အေးစက်နေကြပုံချင်း အတူတူပဲ။

နောက်တစ်နေ့ကျတော့ ကျွန်တော် တွေးမထင်ထားတာ လာဖြစ်တယ်။ အဲဒါကတော့ သူ့ယောကျ်ားကို ရှင်ရူးနေပြီလား၊ မဖြစ်နိုင်ပေါင်တော်၊ ကျွန်မ ဆရာအကြောင်း ကျွန်မသိတယ်။ တစ်မြို့လုံး ဒီဆရာဝန်အားကိုးနေရတာ၊ မယုံဘူး၊ မယုံဘူးဆို စာရေး ကိုတင်မောင်ကတော် မဥ ရောက်လာရော။ သူ့ပါးစပ်က ကျွန်တော့်ကို ပြုံးနေပေမဲ့ မျက်လုံးတွေက ကျွန်တော့်စိတ်က ပုံမှန်ဟုတ်ရဲ့လားလို့ အကဲခတ်တဲ့မျက်လုံးနဲ့၊ ဘယ်ရမလဲ။ ကျွန်တော် ပိုက်ကွန်ထဲရောက်ရင် ဘယ်သူမှ လွတ်မထွက်နိုင်ဘူးလေ။ ဒီလိုနဲ့ မဥက သုံးခွန်း၊ ကုန်ခြောက်ရောင်းတဲ့ ကိုလော်ပေါ်က နှစ်ခွန်း၊ ခြံစိုက်တဲ့ ကိုတင်ရွှေ၊ ဆရာသိန်း၊ သင်းအုပ်ဆရာ ဆမ်ဆမ်၊ ပြောကြစို့ တစ်မြို့လုံးရဲ့ အဆဲမျိုးစုံကို ကျွန်တော် ခံယူပြီးသားဖြစ်တယ်။ ဘယ်လောက်အထိ အဆဲစုံသလဲဆိုရင် ပေါမိုင်းဘုန်းကြီးရဲ့ အဆဲပါ ရလိုက်တယ်။ သူ့ဒကာတစ်ယောက်ဆီ မသွားနိုင်လို့ လာပြရင်း သူပါ သွေးပေါင်ချိန်တာ။

"အရှင်ဘုရားတို့ ဘုန်းကြီးချင်းဆဲတော့ ဘယ်လိုဆဲကြပါသလဲ ဘုရား"

"မဆဲပါဘူး ဒကာ"

"အောက်ပြည်အောက်ရွာမှာ ဘုန်းကြီးဆဲတာ တပည့်တော် ကြားဖူးတယ်"

ဘုန်းကြီးဆီကတစ်ဆင့် သူ့ဒကာ ဒကာမတွေ ဒီသတင်းက ပြန့်သွားတော့ တစ်မြို့လုံးက မယုံလို့ မိတ်ဆွေတွေလာကြရင်း၊ ဆဲသွားကြရင်း၊ ဟုတ်တယ်ဟ၊ ဆရာသိန်းလှိုင်က ဘာလုပ်မလို့လဲမသိ၊ အဆဲခိုင်းနေတယ်၊ တစ်မြို့လုံးရဲ့ အလွှာစုံရဲ့အဆဲတွေ ရလိုက်တယ်။ ကျွန်တော် ရည်မှန်းချက်ထက် သာလွန်သွားတယ်။ ဒီလောက်ကြီး မရည်မှန်းပေမဲ့ ပြက္ခဒိန် ၁၂ ရွက် ပြည့်လုပြည့်ခင် နီးပါးပါပဲ။ ကျွန်တော် ပါတီယူနစ်ဥက္ကဋ္ဌကို မူနဲ့ဘောင်နဲ့ ဥပဒေအတွင်းက ဆဲမလို့ ကြံရွယ်ချက်အတွက် အဆဲသုတေသနလုပ်လိုက်တာလေ။

* * *

## များများကောင်းတယ်

ကျွန်တော့်မှာ တိုင်ပင်စရာ မိတ်ကောင်းဆွေကောင်းဆိုလို့ တပည့်ကျော် ဟန်စုပဲရှိတယ်။ သူ့ဆီက ကျွန်တော် စဉ်းစားတွေးခေါ်တာနဲ့ မတူတဲ့ ခွဲထွက် စဉ်းစားစရာတွေ ရတတ်တယ်။ ဥပမာ မင်းဒေါသထွက်ရင် ဘယ်လိုဆဲသလဲ။ ဒေါသထွက်ရင် ဓားနဲ့ခုတ်မယ်၊ ခေါင်းဖြတ်မယ်၊ ဆဲတာ နားမလည်ဘူးဆိုတာမျိုး။ အခုလည်း ကျွန်တော့်ကို သေဒဏ်နဲ့ တစ်သက်တစ်ကျွန်းပို့တတ်တဲ့ တပည့်ကျော် ဟန်စုကို အရေးကြီးကိစ္စ တိုင်ပင်ရပြန်ပြီ။

ပြက္ခဒိန်ခများ နှစ်မကုန်သေးပေမဲ့ မြို့လူထုရဲ့ အဆဲသဝဏ်တွေကြောင့် ရယ်၊ ကျွန်တော် အပြန်ပြန်အလှန်လှန် ဖတ်ရှုထားလို့ရယ် တော်တော့်ကို နွမ်းနေရှာပြီ။ ပြက္ခဒိန်ကို လှန်လှောရင်း

"ဟန်စု မင်းအဖေနဲ့အမေ ဘယ်သူ့ကို ပိုချစ်သလဲ"

"ဘယ်သူ့မှ မချစ်ဘူး"

"မဟုတ်ဘူးလေ၊ ပြန်စဉ်းစားဦး တစ်ယောက်ယောက်တော့ မင်း ပိုချစ်မှာပါ"

"ဘယ်သူ့မှ မချစ်ဘူး"

"ဟန်စု မင်းအတော်ရိုင်းတာပဲ… ဒီလိုမပြောရဘူးလေ"

"ငါ့မှာ အဖေလည်း မရှိဘူး၊ အမေလည်း မရှိဘူးလေ ငါ မရိုင်းဘူး"

"ဟော့ကောင် ဘယ်လိုကွ ဟန်စုရ"

"ငါ ငယ်ငယ် ဒီမြို့မှာ လာပစ်ထားခဲ့တာလေ"

အဲဒီတော့မှ ကျွန်တော် သိလိုက်ရတယ်။ ဟန်စုက မရိုင်းဘူး၊ ဟန်စု အကြောင်းမသိဘဲ မိဘမေတ္တာတွေ၊ ချစ်ခြင်းတွေ ဖိမေးနေတဲ့ ကျွန်တော်က ရိုင်းသွားတာပါလား။

"ငါ့ဟိုအိမ်က ကျွေး၊ မကျွေးနိုင်တော့ ဒီအိမ်ရောက်၊ နောက်ဆုံး ဆရာဝန် အိမ်က ပုံမှန်စားစရာနဲ့ ဆရာဝန်နဲ့ချည်းနေခဲ့တာလေ"

"ဟော့ကောင် ငါတော့ အမေ့ပိုချစ်တယ်"

နပ်ကြောင်းပေးကြည့်၊ ချူဆီထည့်ကြည့်တာ။ ဟန်စုက စိတ်ရှည်ဟန် မတူဘူး။ အသံကျယ်ကျယ်နဲ့…

"မချစ်ဘူးဆို"

ကျွန်တော်တို့ နီးနှောဖလှယ်ပွဲ စက္ကန့်သုံးဆယ်လောက် ရပ်သွားတယ်။

"ဘာလုပ်ဖို့လဲ"

ကျွန်တော့်စီမံချက်ကို ယုံကြည်ရတဲ့လူမို့ ချပြလိုက်တယ်။

"ဟန်စု စဉ်းစားကြည့်၊ ပါတီယူနစ်ဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းလင်းလည်း သူ့အမေကို ချစ်မှာပဲနော်"

ဟန်စု ဘာမှပြန်မပြောဘဲ ငြိမ်နားထောင်ပြီး ခေါင်းနှစ်ကြိမ်ဆက် ညိတ်တယ်။

"ငါ သူချစ်တဲ့အမေကို တပ်ပြီးဆဲရင် ဗိုလ်ကြီးထွန်းလင်းရဲ့ ရင်ဝ တည့်တည့်မှန်မှာပဲ"

"လုပ်မနေနဲ့... ထစ်ပဲလုပ်လိုက်"

"ဟကောင် အဲဒါ ဒီနေရာမှာ မရလောက်ဘူး"

ကျွန်တော့်ရှေ့က ပြက္ခဒိန်မှာ ရေးထားတာ တူတာတွေ ဘုံထုတ်၊ အုပ်စုဖွဲ့၊ မတူတာတွေ သီးသန့်ထုတ်၊ ကျားဘက်ဆိုင်ရာသီးသန့်တစ်ကော်လံ၊ မဘက်ဆိုင်ရာ သီးသန့်ခွဲရကောင်းမလား စဉ်းစားနေရာက

"မင်းအမေ ဝွေး(ဖေး)စေ့နှစ်လုံး ဟား... ဟား... ဟား မကောင်းဘူးလား"

ဟန်စု ငြိမ်နားထောင်နေရာကနေ ရှင်လန်းအားရတဲ့ မျက်နှာနဲ့ ဝင်နှီး...ာ တယ်။

"ဟာ များများလုပ်လေ၊ များများထည့်၊ များများကောင်း"

ဟန်စု ပြောလိုက်တဲ့စကားဟာ ကျွန်တော့်ကို ဉာဏ်အလင်းသစ် ဆာတိုရီ ရသွားတယ်။

"သွား... ဟန်စု... ခုတင်အောက်က သံသေတ္တာထဲမှာ ဆေးကျမ်းစာအုပ်တွေရှိတယ်။ အဲဒီစာအုပ်တွေ ယူချေ"

"အေး"

ဆေးကျမ်းတွေလှန်လိုက်တော့ သိပ်ကြာကြာမလှန်လိုက်ရပါဘူး။ တွေ့တော့တာပါပဲ။

"တွေ့လား အမျိုးသမီးမှာ ဖေးစေ့နှစ်လုံးဖြစ်နေတာ ဟမ်မာပရိတိုက် ဒီမှာ... ဘုရင်ကြီးမှာ နို့ဆယ့်ရှစ်လုံးရှိတယ်၊ နို့တိုက်နေတာ"

ဟန်စု ဆေးကျမ်းထဲ ပုံတွေကြည့်ပြီး အံ့အားသင့်သွားတယ်။

"မိန်းမ ဖေးစေ့ရှိတယ်၊ ယောကျာ်း နို့ထွက်တယ်ဟုတ်လား"

"ဒါ ဥနှစ်လုံးပေါ့။ အိုဗရီကလည်း ဥပဲ ဟောဒါအတံလေး၊ နှစ်လုံးဆိုရင် ဆဲရာမရောက်ဘူး။ ဆဲရာရောက်အောင် လေးလုံးလုပ်လိုက်မယ် ဟန်စု... ဘယ့်နှယ်လဲ"

"ဟ များများကောင်းတယ်လေ"

“ဒါဆိုရင် မင်း သေသေချာချာနားထောင်နော် ဟန်စု”

သူ ခေါင်းညိတ်ပြတယ်။ ပြီးတော့ နားစွင့်နေတယ်။

“မင်းအမေ... ဖေးစေ့ခြောက်လုံး”

နှစ်လုံးထက် လေးလုံးများမှန်းတော့ နာဂတပည့်ကျော် သိတယ်။ လေးလုံးထက် ခြောက်လုံးက ပိုများမှန်းသိတော့ များများလုပ်လေ၊ များများ ကောင်းတယ်ဆိုတဲ့ တပည့်ကျော် ဟန်စုရဲ့ နှုတ်ခမ်းတွေ ပစောက်ပုံဖြစ်သွားတယ်။

“လာကွာ ငါတို့ခြံထဲထွက်ကြမယ်”

“ဘာလုပ်မလို့”

“လာစမ်းပါ ထွက်ခဲ့”

“အေး... ဆရာ”

“မင်းက ဒီနေရာမှာရပ်နေ၊ ငါက ဟိုဘက်ကနေ ဒီလိုလမ်းလျှောက်လာမယ်။ ငါ မင်းနဲ့တည့်တည့်ရောက်ရင် မင်းက လက်ခုပ်နှစ်ချက်တီး၊ ပြီးတော့ ပါးစပ်က ဟေ့လူ ဟေ့လူလို့ အော် ဟုတ်ပြီလား”

“အဲဒါ ဘာလုပ်တာလဲ”

“မင်းမသိပါဘူး ဟန်စုရာ၊ ငါ လုပ်ခိုင်းတာ လုပ်စမ်းပါ”

“အေး”

ကျွန်တော် ဆေးရုံသွားရင်း လုပ်တဲ့ခြေလှမ်းမျိုးနဲ့ လျှောက်လာတဲ့အခါ တပည့်ကျော် ဟန်စုက သူ့ရှေ့အရောက် ကျွန်တော် ခိုင်းတဲ့အတိုင်း လက်ခုပ်တီးပြီး ကျွန်တော် သင်တဲ့အတိုင်း ဟေ့လူ... ဟေ့လူ... လို့အော်တယ်။ ကျွန်တော်ကလည်း လမ်းလျှောက်နေရာကနေ သူ့ဘက်လှည့်ပြီး စိတ်ထဲရှိသမျှ အားကုန် အော်လိုက်တယ်။

“မင့်အမေ... ဖေးစေ့ခြောက်လုံး”

တပည့်ကျော် ဟန်စုရဲ့အပြုံးက ကျွန်တော့်အဆိုကို ထောက်ခံလိုက်သလိုပဲ။ သူ့ဆီက ဒီလိုအပြုံးမျိုး တွေ့ရခဲတယ်။ ကျွန်တော်ကလည်း ပါတီယူနစ် ဥက္ကဋ္ဌနဲ့ပတ်သက်ပြီး ခံစားမှုတွေ ချွန်မြလတ်ဆတ်နေလို့လားတော့ မသိဘူး။ နာဂတိုင်းရင်းသား တပည့်ကျော်ရဲ့အပြုံးဟာ အဓိပ္ပာယ်အများကြီးပါတယ်။ ငါ့ဆရာ ကောင်းတယ် ဆက်လုပ်၊ ဒါမှ ငါ့ဆရာကွ။ ငါ့ဆရာ အောင်မြင်ပါစေ။ သူ့အပြုံး ကျွန်တော့်ဆီ ကူးစက်တယ်။ ကျွန်တော်ပါ လိုက်ပြုံးမိတယ်။ ကျွန်တော့် အပြုံးက အဓိပ္ပာယ်အများကြီးမပါရှိဘူး။ အားရကျေနပ်တဲ့အပြုံး ဒါပဲ။

* * *

## အိုဗာတိုင်များ

အဲဒီမနက်က အိပ်ရာက စောစောနိုးတယ်။ မနက်စာလည်း ဗိုက်ပြည့်အောင် စားလိုက်တယ်။ ဒီနေ့တော့ ပုဆိုးဝတ်မသွားချင်ဘူး။ ဘောင်းဘီဝတ်သွားချင်စိတ်ပေါ်တယ်။ ရှိတဲ့ ဘောင်းဘီထဲက စမတ်အကျဆုံး ဘောင်းဘီရွေးလိုက်တယ်။ ခါးပတ်က ထားနေကျနေရာ အဆင်သင့်။ ခါးပတ်ကြည့်ရတာဒီနေ့တော့ ဆရာနဲ့အတူ ကျွန်တော်ပါ လိုက်ပါရစေလို့ ပြောနေသလိုပဲ။ ရှပ်အင်္ကျီလက်ရှည်ဝတ်လိုက်တယ်။ ဖောင်တိန်၊ စီးကရက်ဘူး၊ မီးခြစ်၊ ပိုက်ဆံအိတ်ဘာမှ မကျန်အောင် ဂရုစိုက်ထည့်လိုက်တယ်။

နောက်ဖေး ဝက်ခြံဘက်က အသံကြားလို့ ကြည့်လိုက်တော့ ဟန်စုတွေ့တာနဲ့ ခေါ်ခဲ့တယ်။

"ဟန်စု ငါနဲ့ ကပ်မလိုက်နဲ့၊ နောက်က ဆယ့်ငါးပေ၊ ပေနှစ်ဆယ်လောက်က ခွာပြီးလိုက်ခဲ့"

"ဆယ့်ငါးပေ ပေနှစ်ဆယ်ဆိုတာ ဘယ်လောက်လဲ"

"အေးကွာ ဝါးတစ်ပြန်ကျော်ကျော်က လိုက်ခဲ့"

အရင်က တစ်ခါမှ ဟန်စုကို နောက်ကလိုက်ခဲ့ဖို့ မခေါ်ဖူးဘူး။ ဒီနေ့ကိုယ်စောင့်နတ်က ခေါ်ဖို့ နှိုးဆော်နေသလိုပဲ။ ကျွန်တော် ဆေးရုံသွားရင် လမ်းတစ်မိုင်ခွဲ လျှောက်ရတဲ့အခါ လမ်းဘေးဝဲယာက မိသားစုတွေ ကျွန်တော် ဆေးရုံသွား မသွား စောင့်ကြည့်ကြသူတွေရှိတယ်။ တချို့က ကလေးတွေ စောင့်အကြည့်ခိုင်းတယ်။ တချို့ကတော့ လူကြီးတွေ၊ ရပ်ရှင်သရုပ်ဆောင်တွေမို့ မြင်ဖူးချင်လို့၊ နာဂနတ်မို့ တွေ့ဖူးချင်လို့ စောင့်ကြည့်ကြတာ မဟုတ်ဘူး။ ကျွန်တော် ဆေးရုံသွားရင် သူတို့ နောက်ကလိုက်လာပြီး ပြသဖို့ စောင့်ကြည့်ကြတဲ့ လူမမာတွေ။ ကျွန်တော် ဆေးရုံ သွားမသွား သိချင်လို့ ကြည့်နေကြတာ။ လမ်းမှာတွေ့တဲ့ လူနာရှင်တွေကို ကျွန်တော် တောင်းပန်ရတယ်။

"ဒီနေ့တော့ သည်းခံပါ၊ နေ့လယ်ကျရင် ကြည့်အားရင် ကြည့်ပေးပါမယ်။ မနက်ပိုင်းတော့ အရေးတကြီး လုပ်စရာအလုပ်ကလေးရှိလို့ပါခင်ဗျာ"

သူတို့နဲ့ အများစုက ရင်းနှီးတယ်။ တချို့ ခင်မင်တယ်၊ တချို့ ကျွမ်းဝင်တယ်။ ဒါကြောင့် တောင်းပန်စကားဆိုရတယ်၊ မေတ္တာရပ်ရတယ်၊ သိပ်ရင်းတော့လည်း

"နေ့လယ် မကြည့်အားရင် ညနေကျ အိမ်ဝင်ကြည့်ပေးမယ်၊ ဘာမှမပူနဲ့ သည်းသည်းသန်သန်မဟုတ်ဘူး မဟုတ်လား"

"ဟော့ကောင် မပူနဲ့၊ နားကြပ်နဲ့ထောက် ပျောက်နော်"

စိတ်ထဲမှာ ထူးထူးဆန်းဆန်း ဘယ်ကရောက်တဲ့ စိတ်ကူးရယ်မဆိုနိုင် ဘူး။ ဆေးရုံကို လမ်းလျှောက်ရင်း ရာသီဥတုလေးက သာသာယာယာ၊ ဗွက် တွေ ရွံ့တွေကလည်း မရှိ၊ ငှက်ကလေးတွေ တေးဆိုသံကြောင့်ရဲ့ သီချင်းဆို ချင်သလို၊ လေပဲချွန်ချင်သလိုလို၊ လေကလည်း ဟုတ်တိပတ်တိ ချွန်တတ်တာ မဟုတ်ဘူး။ အနုပညာတစ်ခုခုလုပ်ချင်စိတ်က ထိန်းမရလို့ ငယ်ငယ်က ကျောင်း မှာသင်ခဲ့ရတဲ့ မူလတန်းကျောင်းသားတွေဆိုရတဲ့ သီချင်း လေချွန်မိတယ်။ မျက် နှာချင်းဆိုင်တွေ့ကြတဲ့သူတွေက ကျွန်တော့်ကို လေချွန်လျက် တွေ့ရတော့ ပြုံးကြ၊ အံ့သြကြတယ်။ ပါတီယူနစ်ရှေ့ရောက်တော့ ပါတီယူနစ်နဲ့ ကပ်လျက် ဦးညဏ် ကျော်က သူ့အိမ်ရှေ့က ထွက်ပြီး နေဆာလှုံနေတယ်။ ကျွန်တော့်တွေ့တော့ သူက ထလာတယ်။

"ဆရာ ကျွန်တော့်ဇနီးသည် နေမကောင်းလို့ပါဆရာ"

"ဦးညဏ်ကျော်၊ ဒီနေ့တော့ အလုပ်တစ်ခုပါလာလို့၊ ဦးညဏ်ကျော် ဇနီးကို နေ့လယ်လောက်မှ ကြည့်ပါရစေ"

"သြော်. . .ဟုတ်ကဲ့ပါ ဆရာ"

"ဦးညဏ်ကျော် အိမ်နဲ့ ပါတီယူနစ်နဲ့ ဘယ်လိုခြားထားသလဲ"

"ဒီခြံစည်းရိုးနဲ့ ခြားတာပါ"

"ဟိုဘက်က ကိုသောင်းထွတ်အိမ်နဲ့ရော"

"ပုဏ္ဏရိုက်ပင်စည်းက ခြံဝင်းနှစ်ခုခြားတာပါပဲ ဆရာ"

"ခင်ဗျားဆီမှာ ဝါးလုံးရှည်ရှည်တစ်လုံး မရှိဘူးလား"

"ရှိတယ်လေ၊ မီးကပ်ချိတ်အဟောင်းက ဝါးလုံးရှိသားပဲ၊ ဘာလုပ်ဖို့လဲ"

"အဲဒီဝါးလုံးအရှည်ကို တိုင်းပေးပါဗျာ ဘယ်နှတောင်ရှိသလဲ"

ပါတီယူနစ်ဥက္ကဋ္ဌက သူ့ရုံးရှေ့ရပ်ပြီး စကားပြောနေတဲ့ ဘောင်းဘီရှည် ဝတ် ဆရာဝန်ကို လှမ်းပြီး အကဲခတ်နေတယ်။ သူမှမဟုတ်ဘူး။ သူ့ဝန်ထမ်း တွေလည်း သူ့နောက်နား တချို့၊ ပြတင်းဝတချို့ ရပ်ကြည့်နေကြတယ်။ ဒီနေ့ မှ ပါတီဥက္ကဋ္ဌက လက်ခုပ်လည်း ထွက်မတီးဘူး၊ ဟေ့လူ ဟေ့လူလည်း မခေါ် ဘူး။ ကျွန်တော်က သူ့အခေါ်စောင့်နေတာ။ ခါးမှာလည်း ယမ်းတောင့်ထိုး၊ မောင်းတင်ထားတဲ့ ခြောက်လုံးပြူးက အဆင်သင့်။ အနောက်တိုင်း ကောင်းဘွိုင် ကားတွေလို လက်သွက်သွက်နဲ့ ဆွဲထုတ်ပစ်လိုက်ရုံပဲ။

"ဟာ တိုင်းစရာမလိုပါဘူး၊ ကိုးတောင်ဝါးလေ"

"ဒါဆိုရင် ပါတီယူနစ်မျက်နှာစာကို တိုင်းဗျာ" ပြောစကားမှ မဆုံးသေး

ဘူး။ ဆရာသိန်းက တစ်ဖက်က လျှောက်လာပြီး ဘာလုပ်နေကြသလဲ ရပ်ကြည့်နေတယ်။ ဦးညဏ်ကျော်က သူ့ဝါးလုံးနဲ့တိုင်းတော့ ဝါးနှစ်ပြန်ဆယ့်ရှစ်တောင်ရှိတယ်လို့ပြောတယ်။ ဒါနဲ့ ဝါးတစ်ပြန်စာနေရာမှာ ကျွန်တော် ရပ်ပြီးကြည့်လိုက်တော့ ပါတီယာနစ်ရုံးရဲ့ အလယ်ဗဟိုနဲ့ တည့်တည့်။ ကြိုက်ပြီ။ ဒါလိုချင်တာ။

သူက ဟော့လူ.. ဟော့လူ ထွက်မလုပ်တော့လည်း ကိုယ့်ဘာသာ သေနတ်ထုတ်ပြီး မောင်းဖြုတ်လိုက်ရတာပဲ။

"မင်းအမေ ဝေးစေ့ခြောက်လုံး"

အသံပြဲကြီးနဲ့ ပီပီသသ ပျစ်ပျစ်နှစ်နှစ် အော်ပစ် ဆဲပစ်ခဲ့တယ်။ စိတ်ထဲမှာလည်း ကိုယ်လုပ်ချင်တာလုပ်လိုက်ရလို့ အားရပီတိတွေဖြစ်လို့။ ဆေးရုံဘက်ကို ဆက်လျှောက်ခဲ့တယ်။ အစအဆုံး မြင်လိုက်ရ၊ ကြားလိုက်ရတဲ့ ဆရာသိန်းက

"ဒေါက်တာ ဘယ့်နှယ်လုပ်လိုက်တာလဲ၊ ခေါင်မိုးတက်မီးရှို့လိုက်တာလား"

"အသာနေ၊ ကျွန်တော့်အလုပ် ကျွန်တော်လုပ်တာ"

ဆေးရုံရောက်တော့ အေးအေးဆေးဆေး နားလိုက်တယ်။ လူနာ ကြည့်စရာနည်းနည်းပဲ၊ တစ်ယောက်စ နှစ်ယောက်စရှိတယ်။ သူတို့ကလည်း ဆေးရုံရဲ့ ဟိုဘက်ကလာကြတာ။ ကျွန်တော့်အိမ်နဲ့ ဆေးရုံအကြား လူနာတွေကို ကျွန်တော် မေတ္တာရပ်ခံထားကြလို့ မလာကြဘူး။ မိနစ်သုံးဆယ်လောက်နေတော့ ပီတိအဟုန်နဲ့ လူတစ်ယောက်ကို ရတ်တရက် နှောင့်ယှက်မယ့်သူတစ်ယောက် ရောက်လာတယ်။ ဒီလူရောက်လာတာဟာ ကျွန်တော့်ကို ရတ်ခြည်း အသက်လေးဆယ်လောက် ပိုပြီးအိုမင်းသွားစေတယ်ထင်တာပဲ။

"ဒေါက်တာ ခုနက ကျွန်တော့်ရုံးရှေ့မှာ အော်သွားတာ ဘာတဲ့လဲ"

လာမေးတဲ့သူက ဘရီတဲ့။ ပါတီယာနစ်ရုံးက စာရေး၊ ဘယ်လောက် အမြန်သုတ်ခြေတင်လာတယ်မသိဘူး။ ကျွန်တော့်ရှေ့ရောက်တော့ ချွေးသီးချွေးပေါက်တွေနဲ့၊ အမောမပြေသေးဘူး။

"ဟာကွာ သေလိုက်ပါတော့ကွာ"

"ဖြေပါဆရာရယ်၊ အရေးကြီးလို့ပါ"

"မင်းတို့ မကြားလိုက်ဘူးလား"

"နည်းနည်းပဲ ကြားလိုက်ရတာ"

"တစ်ရုံးလုံး ဥက္ကဋ္ဌကအစ မကြားလိုက်ဘူးလား"

"ဥက္ကဋ္ဌက မင်းအမေအထိတော့ ကြားလိုက်တယ်။ နောက်ကဟာ မကြားလိုက်ဘူး ဒေါက်တာ"

"ဟာကွာ ငါတော့ စိတ်ဆင်းရဲတော့မှာပဲ။ အလကား တွေ့ကရာလုပ်လာတာမဟုတ်ဘူး။ လနဲ့ချီပြီး ဆေးကျမ်းပါတဲ့အတိုင်း"

"ဘာလဲ ဘာတဲ့လဲ ဒေါက်တာ"

"ဟာကွာ သွားတော့ မြန်မာ့အသံရေဒီယိုက နှစ်ခါမလွှင့်ဘူး"

"ဥက္ကဋ္ဌက အဲဒါမဖော်နိုင်ရင် တစ်ရုံးလုံးဖြုတ်ပစ်မယ်လို့ ကြိမ်းနေတယ် ဆရာ"

"ငါ့ကုသိုလ်ကံက ဆိုးပါတယ်ကွာ… သွား မင်းတို့ညဏ်ရှိသလို ထင်ကြမြင်ကြ၊ နှစ်ခါ မပြောနိုင်ဘူး"

စာရေးဘရီ မျက်နှာငယ်လေးနဲ့ ယို့ယို့လေးပြန်သွားတယ်။ အဲဒီနေ့က ရုံးဝန်ထမ်းခြောက်ယောက် အိမ်ပြန်စောကြတယ်။ ဒါပေမဲ့ ရုံးစောစောဆင်းလို့ ပျော်ပျော်ပါးပါးကြီး ပြန်ကြရတာတော့မဟုတ်ဘူး။ မနက်က ဒေါက်တာသိန်းလှိုင် အော်သွားတာ ဘာလဲစုံစမ်းချေကြ။ အဖြေမပေါ်ရင်တော့ မနက်ဖြန် ရုံးအတက် ငါနဲ့တွေ့မယ်ဆိုတဲ့ အိုဗာတိုင်ကိုယ်စီနဲ့ ပြန်လာကြရတာ။

ဝန်ထမ်းခြောက်ယောက် ဖြန့်ကြက်လိုက်ကြ၊ စုံစမ်းကြတာပဲ။ ဟာ သတိရပြီ မဥ တစ်ခါပြောဖူးတယ်။ ဆရာသိန်းလှိုင် သူ့ဆီက အဆဲလိုချင်တယ်ဆိုလို့ သူ ဆဲခဲ့ဖူးတယ်တဲ့။ မဥ… မဥ…။ မဥကလည်း စာရေးမတွေကို သူရေးပေးတဲ့အဆတွေ ပြန်ဆဲပြကြရတော့ ဟောတော်… အမယ်လေးတော်တွေ ဖြစ်ကုန် ကြရတယ်။

တချို့ ရတဲ့အစအနက ကိုတင်မောင်၊ ကိုတင်မောင်ဆိုလို့ ကိုတင်မောင့်ဆီလိုက်ကြတော့ ကိုတင်မောင်ကလည်း သူသိသမျှ ဖြစ်ကြောင်းကုန်စင်ပြောပြ၊ မှတ်မိသလောက် ပြန်ဆဲကြ၊ အမယ်လေး၊ အဲဒီလိုကြီး ဆဲကြတာလားတွေ ဖြစ်ကုန်ရော…

ပညာဝန်ဆီလည်းရောက်၊ ခြံစိုက်တဲ့ ကိုတင်ရွှေဆီလည်းရောက်၊ သင်းအုပ်ဆရာဆိုလို့ သင်းအုပ်ဆရာဆီသွား အဆဲနာခံယူကြ၊ ပေါ်မိုင်းဘုန်းကြီးဆီထိလျှောက်ပြီး အဆဲခံယူကြတာ အဲဒီရက်တွေက ခန္တီးမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီယူနစ်က ဆိုရှယ်လစ်ခေတ်ကို ချီတက်ရာမှ မင်းအမေ နောက်က မကြားလိုက်ရတဲ့ စကားလုံးလေးအတွက် အချိန်ပေးလိုက်ရလို့ အတော်ဖင့်လေး သွားရတယ်။

စုဆောင်းလို့ရသမျှအထဲမှာ "မင်းအမေနဲ့" စတာ မပါတော့ မျက်စိမမြင်

တဲ့သူ ဂျစ်ဆောပါဇယ် ဆက်သလို ဖြစ်နေကြရတော့တာပေါ့။ ခန္တီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက မျက်မြင်တွေ ရှုံးဘစ်အံ့စာတုံးကို လှည့်နေကြပြီ။ အန်စာတုံးကို လှည့်နေကြတာ လေးငါးခြောက်လကြာတယ်၊ မရဘူး။

* * *

## အာမီရမ်ချောင်းစီး ညစာစားပွဲ

လမ်းစဉ်ပါတီဥက္ကဋ္ဌက ဘယ်ငြိမ်ခံမလဲ။ ကျွန်တော့်ကို တိုက်ကွက်တစ်ခု ပြောင်းတိုက်တယ်။ ပဲခူးရိုးမမှာ ဖြတ်လေးဖြတ်လမ်းစဉ်ချတယ်ဆိုတာ ခန္တီးက ဒေါက်တာသိန်းလှိုင်က မူလအစလို့ ထင်တာပဲ။ သူတို့ ကျွန်တော့်ကို သူတို့လုပ်ပိုင်ခွင့်ထဲက ဒုက္ခသေးသေးရော၊ ဒုက္ခကြီးကြီးရော ဖြစ်နိုင်သလောက် ပေးကြဖို့ စီမံကြတယ်။

တစ်နေ့ကျတော့ ရန်ကုန်က စာရင်းစစ်အဖွဲ့လာတယ်။ ဦးဖိုးအေးဆိုတဲ့ မိတ်ဆွေ ပါလာတယ်။ ရန်ကုန်က ဧည့်သည်ဌာနဆိုင်ရာ လူကြီးတွေလာရင် ကျွန်တော့်ဆီမှာ တည်းကြတာများတယ်။ သူတို့ သက်သာချောင်ချိတယ်။ အစားကောင်းစားရတယ်။ ဆရာဝန်ဆိုတာ ပါတီတာဝန်၊ ကောင်စီတာဝန်မှ မဟုတ်တာ။ ဟိုလူက သဒ္ဒါလို့ကျွေး၊ ဒီလူက သဒ္ဒါလို့ပို့တဲ့ ပို့ဆွမ်းလှိုင်တယ်။ ကြောက်လို့ လန့်လို့ အခွင့်အရေးအတွက် အကျိုးလိုလို့ ညောင်ရေလောင်းတဲ့ ဟင်းတစ်ခွက်၊ မုန့်တစ်ချပ်မပါဘူး။ ဌာနဆိုင်ရာ လူကြီးတွေ ဗိုလ်တဲမှာ မပျော်ဘူး။ ဒေါက်တာနာဂနတ်ဆီမှာ ပျော်ကြတယ်။ အူစိုတာကိုး။

ဦးဖိုးအေးတို့ အဖွဲ့ထဲ ဦးဘိုဆိုတဲ့ ပုဂ္ဂိုလ်ပါတယ်။ သူက အိန္ဒိယသံရုံးမှာ စာရင်းစစ်ခဲ့ဖူးတယ်။ အမှုထမ်းခဲ့ဖူးတယ်။ သူက ခာတ်ပုံရိုက်တာ ဝါသနာပါတယ်။ ကင်မရာလေးတစ်လုံးနဲ့ ခန္တီးမြို့နဲ့ မြို့ပတ်ဝန်းကျင်က ရှုခင်းတွေ၊ နာဂမတွေ ပုံရိပ်တွေ လျှောက်ခာတ်ပုံရိုက်တယ်။ ကျွန်တော်ကလည်း ခာတ်ပုံစိတ်ဝင်စားတော့ သူနဲ့ စကားစပ်မိကြတယ်။

"ဆရာ ရန်ကုန်မှာတော့ ခာတ်ပုံစက္ကူ၊ ခာတ်ပုံဆေးရှားတယ်ဆရာ"

"ဦးဘို လိုချင်လို့လား၊ ဒီတစ်မြို့လုံးမှာ ကျွန်တော်နဲ့ ခင်မောင်စန်းပဲ ဝယ်တဲ့သူရှိတာ၊ စက္ကူယူမလား၊ ဆေးယူမလား"

ဦးဘိုက ခာတ်ပုံပစ္စည်းရောင်းတဲ့ ကုန်သွယ်ရေးကို ပစ္စည်းလိုက်ကြည့်ပြီး ဝယ်ချင်တယ်လို့ ပြောတယ်။

အဲဒီခေတ်မှာ ဒီလိုအရပ် သူလိုချင်နေတဲ့ ခတ်ပုံပစ္စည်းတွေ သူရတာ ဝမ်းသာတယ်။ ကုန်သွယ်ရေးမှာ ဒီပစ္စည်းတွေ ဝယ်မယ့်သူမရှိလို့ ပုံနေတာ။ ခတ်ပုံပစ္စည်းရောင်းရငွေဟာ အရောင်းစာရေးမလစာတောင် မရှိဘူး။ တစ်လ နေမှ တစ်မျိုးနှစ်မျိုး ဝယ်ကြ၊ ရောင်းကြတာ။ ဦးဘိုကလည်း ရတုန်း သိမ်းကျုံး ဝယ်လိုက်ဦးမယ်။ ရန်ကုန်မှာ အမြတ်တင်ပြီး ပြန်ရောင်းစားလိုက်ဦးမယ်ဆိုတဲ့ လူမျိုး မဟုတ်ပါဘူး။ စက္ကူတစ်ထုပ်ဝယ်တာ။

"သမီးရေ... နင်တော့ ဒီလ ဈေးဦးပေါက်ပြီ။ ကိုဒတ် အစိမ်းတစ်ထုပ် ထုတ်ရောင်း"

ကျွန်တော့်မြင်ကတည်းက ဆိုင်ထဲက လူတွေရဲ့မျက်နှာက တစ်မျိုးဖြစ် သွားကြတာ။ ကျွန်တော်က စာရင်းစစ် ဦးဘိုပါလာလို့ နည်းနည်းစိမ်းတဲ့လူ ပါလာလို့ ဒီလိုမျက်နှာထားလို့ထင်တာ။ ကျွန်တော့်အထင် တကက်တကက်စင်လွဲ တယ်။

"ဒေါက်တာ ကျွန်မ ရောင်းလို့မရဘူးရှင့်"

"ဟေ..."

"တစ်လမှ ငါတစ်ထုပ်၊ ခင်မောင်စန်းတစ်ထုပ် ရောင်းရတာ အခုလာဝယ် တဲ့သူရှိတုန်းရောင်းလေ၊ တစ်ဆိုင်လုံးဝယ်သွားရင်တောင် ဓာတ်ငြိမ်းသေးတယ်"

"ကျွန်မက ရောင်းချင်ပါတယ်ဒေါက်တာ။ ဒါပေမဲ့ အမိန့်တစ်ခုထွက် ထားလို့ မရောင်းတာပါ၊ ကျွန်မ အထင်မလွဲပါနဲ့ရှင့်"

"အဲဒီအမိန့် ငါကြည့်လို့ရသလား သမီး ငါ့ကိုပြစမ်း"

ဒေါက်တာသိန်းလှိုင်ကို ကုန်သွယ်ရေး၊ သမဝါယမဆိုင်တို့မှာ ဘာပစ္စည်း မှ ရောင်းချခြင်းမပြုဆိုတဲ့ အမိန့်စာဖြစ်နေတယ်။ မိတ္တူကို ဆိုင်အသီးသီးဖြန့် ထားလိုက်တာ နံ့လို့။ အောက်မှာ လက်မှတ်တွေ ထိုးထားလိုက်ကြတာလည်း ပါတီဥက္ကဋ္ဌရော၊ ကောင်စီဥက္ကဋ္ဌရော၊ မြို့နယ်ကော်မတီဝင်တွေရော၊ ခရိုင်အဆင့် စာရွက်ပေါ်မှာ လက်မှတ်တွေကို ဗလချာရမ်းနေတာပဲ။

"ကဲပါသမီးရယ်၊ ဆရာသုံးမှာလည်း မဟုတ်ပါဘူး။ ရန်ကုန်က စာရင်း စစ်လာတဲ့ ဟောဒီ ဦးဘိုအတွက်ပါ။ ရှော့ပိုက်ဆံ၊ ပေးစက္ကူတစ်ထုပ်။ ကိုးကျပ် ဟုတ်ပြီနော်။ ကာဘွန်နဲ့ ဘောက်ချာဖြတ်လိုက်" စာရေးမလေးက မျက်ရည်တွေ ဝဲနေရာကနေ မျက်ရည်တစ်ပေါက် နှစ်ပေါက်ကျနေပြီ။

"ညည်း ဘာမှမပူနဲ့။ အလုပ်ပြုတ်ရင် ငါ မွေးစားမယ်၊ ညည်းကို ငါ တာဝန်ယူနိုင်တယ်"

ဘောက်ချာရေးအပြီး ကျွန်တော်က စာရေးမလေး ထိခိုက်မှာစိုးလို့

မှတ်ချက်စာကြောင်း ရေးလိုက်တယ်။

"ငါ့အမိန့်နဲ့ ငါဝယ်သည်။

နင့်အမေ ဖေးစေ့... ခြောက်လုံး"

ပုံ နာဂသိန်းလှိုင်။

ဒေါသထွက်လို့ ရေးတာလား၊ ခံပြင်းစိတ်နဲ့ ရေးခဲ့တာလား၊ နာကြည်းစိတ်နဲ့ ရေးခဲ့တာလား ဘာမှန်းတော့ မသိဘူး။ ရေးချင်လို့ ရေးခဲ့တယ်ပဲ ထားပါတော့။ အဲဒီမှာ ပြဿနာစတော့တာပါပဲ။ သူတို့ လေးငါးလ ခြေရာခံလို့မရတဲ့ ပါတီယူနစ်ရှေ့မှာ ကျွန်တော် အော်ခဲ့တဲ့ နင့်အမေနောက်က စကားလေးလုံး သူတို့ ရသွားကြတယ်။

ပိုက်ဆံသွားအပ်တော့ မန်နေဂျာ ကိုသန်းအောင်ရဲ့မျက်နှာက ပြုံးနေတယ်။ သူနဲ့ကျွန်တော်နဲ့လည်း ခင်ပါတယ်။ ကျွန်တော်တို့လူမျိုး သိပ်ပြီး မျက်နှာလိုအားရ လုပ်ချင်ကြတာလေ။ ကျွန်တော့်မှတ်ချက်ကို လက်မှတ်ထိုးထားတဲ့ ပုဂ္ဂိုလ်တွေဆီ အမြန်ဆုံးအစီရင်ခံတယ်။ မုံရွာသားမန်နေဂျာ ကိုသန်းအောင်ကို လည်း အရှာခိုင်းတာမဟုတ်ဘူး။ ဒါပေမဲ့ မင့်အမေနောက်က စာလုံးလေးလုံး ကို သူတို့ စိတ်ဝင်စားနေကြတာ။ တောထဲက ဆုငွေထုတ်ထားတဲ့ လက်နက်ကိုင် တော်လှန်ရေးသမားတစ်ယောက်ကို သတင်းပေးနိုင်သလို သူ့မှာ ဂုဏ်ရှိသလား မဆိုနိုင်ဘူး။ သူ့တပည့်တွေလျှောက်ပြီး ပါတီယူနစ်ဥက္ကဋ္ဌကို သွားပြသတဲ့။ ကျွန်တော် အကုန်ပြန်ကြားနေရတာပဲ။ ပါတီယူနစ်ဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းလင်းက ခလက ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်ရှိန်း သွားပြတယ်။

နောက်နှစ်ရက်လည်းကြာရော ခလရ ၅၂ တပ် ဧည့်ရိပ်သာမြက်ခင်းပြင်မှာ ခန္တီးမြို့ပေါ်က အရာရှိတွေ၊ ဌာနဆိုင်ရာအကြီးအကဲတွေကို ညစာစားပွဲနဲ့ တည်ခင်းဧည့်ခံတယ်။ ခလကဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်ရှိန်း အကုန်အကျခံပြီး တည်ခင်းတဲ့ ညစာစားပွဲကြီး။ ခရိုင်ဆရာဝန်ကြီး၊ ခန္တီးဆေးရုံအုပ်ကြီး ဒေါက်တာသိန်းလှိုင်ကို မဖိတ်ဘူး။ တမင်တကာကို ချန်ခဲ့တာ။ မေ့လို့ လျော့လို့မဟုတ်ဘူး။

ဒီပြင် ဌာနအကြီးအမှူးတွေက

"ဆရာ မသွားသေးဘူးလား"

"ဘယ်ကို သွားရမှာလဲ"

"ဟာ ရင်းမှူးကြီးရဲ့ ညစာစားပွဲလေ"

"ကျွန်တော့်မှ မဖိတ် မသွားပါဘူး"

"မေ့သွားလို့ ဖြစ်မှာပါ ဆရာကလည်း"

"လူကြီးလူကောင်းဆိုတာ မဖိတ်ရင် မသွားရဘူး။ ဘုန်းကြီးလို ကျင့်ကြံရတယ်လေ၊ မပင့်ရင် မကြွရဘူး"

"မဟုတ်ပါဘူး၊ ဆရာ့လိုလူမဖိတ်လည်း လာရင် မောင်းမထုတ်ပါဘူး"

"နိုး... ကျွန်တော့်မဖိတ်ရင် မလာဘူး"

"ဟာ ဒေါက်တာကတော့ လုပ်ချလိုက်ပြန်ပြီ"

အဲဒီညက စားလိုက်ကြ သောက်လိုက်ကြ၊ ပျော်လိုက်ကြ၊ အော်လိုက်ကြတာ အလွန်ပဲလို့ ပြန်သိရတယ်။ အာမီရမ်ချောင်းစီးတဲ့ ည ချမ်းတဲ့။ စားလို့ သောက်လို့ အရှိန်ကောင်းနေတုန်းမှာ ခလကဥက္ကဋ္ဌက မိန့်ခွန်းပြောတယ်။

"ခင်ဗျားတို့ကို ဒီည ညစာစားပွဲ ဘာလို့ဖိတ်ကျွေးတာလဲ သိကြသလား"

သူ့စကားကို ကြားရတဲ့သူတိုင်း စိတ်ဝင်စားကြတယ်။ အစားတွေ၊ အသောက်တွေကလည်း ဗိုက်ထဲ အတော်နေရာယူပြီးနေပြီ။ ရင်းမှူးကြီးရဲ့ မေးခွန်းကိုလည်း ဘယ်လိုဖြေရမှန်းမသိဘူး။ တီးတိုးတီးတိုး သဖန်းပိုးလည်း မလုပ်ရဲကြ၊ မလုပ်အပ်ဘူးလို့ ထင်ကြတော့ အသာကုပ်ကုပ်လေး လုပ်နေကြရသိတဲ့။ ခလက ဥက္ကဋ္ဌ ဆက်ပြောတဲ့စကားကြားကြတော့ လူအများစုက မယုံကြည်နိုင်ကြဘူး။

"နာဂနတ် နာဂနတ်နဲ့ လူတွေအထင်ကြီးနေတဲ့ ဒေါက်တာသိန်းလှိုင်ကို ခုနစ်ရက်အတွင်း အပြတ်ဖြုတ်ပြမယ်ဆိုတာ ကြွလာတဲ့ ပရိသတ်ကို သိစေချင်လို့ တည်ခင်းတဲ့ ညစာစားပွဲပဲ"

အဲဒီတော့မှ ပရိသတ်လည်း အံ့အားသင့်ပြီး တီးတိုးတီးတိုးစကားတွေ ထွက်ကျလာတယ်။

"ကဲ အောင်ပွဲအဖြစ်နဲ့ ပျော်ပျော်ရွှင်ရွှင် အရသာခံသုံးဆောင်ကြပါ" တဲ့။

အဲဒီည ညစာစားပွဲကအပြန် ကျွန်တော့်မိတ်ဆွေတစ်ယောက်ပြီးတစ်ယောက် ဒီအခင်းအကျင်းကို လာပြီးပြောကြတယ်။

ဆရာရေ ဒီလို ဒီလိုပဲ၊ ဆရာရေ ကြားပြီးပြီလား၊ ဆရာ ကျွန်တော် အရင်ကတည်းက ပြောဖူးတယ်နော်။ ဒေါက်တာ ကြိုတင်ပြင်ဆင်ထား၊ ဒေါက်တာ ဒီမောင် တကယ်လုပ်တော့မှာနော်။ နောက်တစ်နေ့ နေ့လယ်အထိ လာပြောကြတုန်း။

အဲဒီညက တကယ်ဆိုရင် ကျွန်တော် အိပ်မပျော်တာတို့၊ ဘာတို့ ဖြစ်ဖို့ကောင်းတယ်။ မအိပ်ခင် ဘာလို့ ဘယ်အကြောင်းပြချက်နဲ့ ပြုတ်အောင်ဖြုတ်မှာတုံးဆိုတာ မစဉ်းစားဘူးတော့ မဟုတ်ပါဘူး။ စဉ်းစားပါတယ်။ ဒါပေမဲ့ ဆယ်မိနစ်ထက် ဟိုဘက်မလွန်ဘူး အိပ်ပျော်သွားတာပဲ။ နောက်တစ်ညရော

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာပဲ။ ဒီအကြောင်း ပါတီယူနစ်ဥက္ကဋ္ဌတို့၊ တပ်ရင်းမှူးတို့သိရင် ဝမ်းနည်းလို့ ဆုံးမှာမဟုတ်ဘူး။

ကျွန်တော့်ကို စေတနာနဲ့ သတင်းလာပြောသူတွေ၊ ကြိုတင်ပြင်ဆင်ဖို့ ညစာစားပွဲအကြောင်း လာပြောကြသူတွေကို ကျွန်တော် ပြန်ပြောတဲ့စကား ကြားရင် ဘယ်လိုခံစားကြမယ်မသိဘူး။

"အခုလို လာအသိပေးတာ ကျေးဇူးတင်တယ်။ ကျွန်တော့်အကြောင်းပြု ပြီး ခင်ဗျားတို့ ညစာစားရတာပေါ့။ ဒီညစာစားပွဲ ကျွန်တော် တည်ခင်းတယ်လို့ သာ အောက်မေ့လိုက်ပါဗျာ"

ကျွန်တော် ပါတီယူနစ်ဥက္ကဋ္ဌနဲ့ အချင်းမများခင် ပန်ဆောင်ဘက်အသွား တောင်ပေါ်မှာ ကျွန်တော့်ပစ္စည်းတွေ သယ်ရတဲ့ လားထိန်းတရုတ်တွေ ကျွန်တော့် အခေါ်တော့ လားတရုတ်တွေ မှန်းထားတဲ့ရက်ထက် ပိုကြာတော့ ဆန်ပြတ် ကုန်တယ်။ အိန္ဒိယဘက်ကဝယ်ရင် တစ်ကီလိုကို လေးရူပီးတဲ့၊ သိပ်များတယ်။ ခန္တီးရောက်ရင် ကုန်သွယ်ရေးက ပြန်လျော်ပေးမယ်။ အိန္ဒိယက ရောင်းတာ ဝယ်မစားကြနဲ့။ စစ်တပ် တပ်စွဲထားတဲ့ဆီက ဆန်ချေးစားမယ်။ ဒီစိတ်ကူးနဲ့ ဆန်သွားပြီးချေးကြတယ်။ ဗိုလ်ကြီးဂျိုးဇက်ကလည်း အိုကေဆရာ၊ ကျွန်တော် တို့မှာရှိတယ်။ လုံလောက်တယ်၊ ယူသွား။ ပြီးရင် လစာထုတ်တဲ့အဖွဲ့နဲ့ ပြန်ပို့ လိုက်ဆရာ။ ဆယ့်နှစ်ပြည်အိတ်လေးဆယ့်လေးအိတ် ချေးခဲ့ကြတယ်။

ညနေကျတော့ ဗိုလ်ကြီးဂျိုးဇက်က ရောက်လာတယ်။ ကျွန်တော်က ခေါင်ရည်သောက်နေတာ။ သူ့လည်း ခေါင်ရည်တိုက်မလို့ ခေါ်လိုက်သေးတယ်။

"ဆရာရေ တိုက်တိုက်ဆိုင်ဆိုင်ပဲ"

"ဘာ တိုက်တိုက်ဆိုင်ဆိုင် ဗိုလ်ကြီး"

"အခုပဲ ဆိုင်ဖာဝင်လာတယ်"

"ဘာဆိုင်ဖာလည်း ဆိုင်ဖာဆိုရင် ကျွန်တော် ဘယ်ဖတ်တတ်မလဲ ဘာသာပြန်ပါဦး"

သူ့လက်ထဲက ဆိုင်ဖာဖွင့်ပြီး ဖတ်ပြတယ်။

"ဒေါက်တာသိန်းလှိုင် နာဂကို မည်သည့်ရိက္ခာမျှ မထောက်ပံ့ရ"

ကျွန်တော် အံ့အားမသင့်ပါဘူး။ ဒါပေမဲ့ ဗိုလ်မှူးဂျိုးဇက် သိအောင် တော့ ရှင်းပြရတယ်။

"ဗိုလ်ကြီးဂျိုးဇက်၊ ကျွန်တော့်အတွက်တော့ ရိက္ခာမလိုဘူး၊ လိုတာ ဟောဒီ လားတရုတ်တွေအတွက်လိုတာ။ နိုင်ငံတော်ဘဏ္ဍာငွေနဲ့ ငှားလာတဲ့ လားတွေ"

"ဟုတ်ကဲ့၊ ကျွန်တော် သိပါတယ်"

"လားငါးကောင်ကို လားတရုတ်တစ်ယောက်၊ လားအကောင်လေးဆယ် ပါတယ်"

"သိတယ်ဆရာ"

"ဘယ်လိုလဲ ဆန်အိတ်တွေ တပ်ကို ပြန်ပို့ပေးရမလား"

"ယူသွားပါ၊ ကြေးနန်းက နောက်ကျတာလေ"

"ဒီလိုဆိုရင် အဲဒီကြေးနန်း ကျွန်တော့်ပေးလိုက် ဗိုလ်ကြီး။ ကျွန်တော့် ကိုယ်ကျိုးအတွက် အပင်ပန်းခံပြီး တောင်ပေါ်တက်လာတာ မဟုတ်ဘူး"

"ကျွန်တော် သဘောပေါက်တယ်ဆရာ"

ခန္တီး ခလရ ၅၂ တပ်ထဲမှာ ညစာစားပွဲကြီး ကျင်းပပြီးတော့ ရှစ်ရက်၊ ကိုးရက်လောက်ကြာတော့ ကျွန်တော့်ဆီ ကြေးနန်းတစ်စောင်ဝင်တယ်။

"တိုင်းကျန်းမာရေးမှူးနဲ့ လာတွေ့ပါ" ဆိုတဲ့ ကြေးနန်းဆိုတော့ ကျွန်တော် တောင်းဆိုထားတဲ့ ဆေးစာရင်းရယ်၊ ရေးထားတဲ့ ကျန်းမာရေးစီမံချက်တွေ ယူပြီး မန္တလေးဆင်းခဲ့တယ်။ ကျွန်တော် တောင်းထားတဲ့ဆေး အကုန်ရမယ်တော့ မထင်ဘူး။ ခွဲတမ်းတစ်ခုခုတော့ ရလိမ့်မယ်လို့ ထင်ခဲ့တာ။

ဆရာ ဦးထွန်းမင်းကို သွားသတင်းပို့တဲ့အခါ ကျွန်တော့်ကို သူက ဆီးပြီး အပြစ်တင်တယ်။

"မောင်သိန်းလှိုင် ရောက်ပြီလား၊ လာထိုင်ဦး"

"ဟုတ်ကဲ့"

"မင်းအလုပ် သိပ်လုပ်တာ ဆရာတို့ကြားတယ်။ ဒါပေမဲ့ မင်းရန်ခဏ ခဏ ဖြစ်တယ်ကွာ... အဲဒီလိုမ..."

"ဟာ ဆရာကလည်း တောက်တီးတောက်တဲ့ ရန်မဖြစ်ပါဘူး။ ကိုယ့် အလုပ်နဲ့ကိုယ်တောင် မအားပါဘူး"

ဆရာဦးထွန်းမင်း လေသံနိမ့်ပြီး အသံခပ်အုပ်အုပ်နဲ့ ပြောလိုက်တဲ့စကား ကျွန်တော့်အတွက် သိပ်ကို ထူးဆန်းပြီး အံ့ဩစရာကြီး။

"မင်းအဝတ်အစားအပိုတွေ ဘာတွေပါသလား"

"မပါဘူးဆရာ"

"မင်းကိုခေါ်တာ စစ်ခုံရုံးတင်မလို့၊ မင်းကို ပြန်လွှတ်တော့မယ် မထင် ဘူး"

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲဆရာ"

"ကဲပါ အဝတ်အစားက ငါစီစဉ်လို့ရပါတယ်။ မင်းမိသားစုက အခု ဘယ်မှာလဲ ခန္တီးမှာလား၊ ရန်ကုန်မှာလား"

"ရန်ကုန်မှာပါ"

"အေး ကောင်းတယ်၊ တစ်ခုခုလိုရင် မန္တလေးလိုက်လာလို့ လွယ်တာပေါ့။ ခန္တီးဆိုရင် လေယာဉ်ပတ်ကြဲမှ လာရမှာ"

စိတ်ထဲမှာ နည်းနည်းအနှောင့်အယှက်ဖြစ်မိတာ အမှန်ပဲ။ ကားတစ်စီး ထိုးဆိုက်လာတယ်။ ... ထင်းရှူးပင် တံဆိပ်ကပ်ထားတဲ့ တပ်အရာရှိတစ်ယောက် ပါလာတယ်။ ဒေါက်တာဦးထွန်းမင်းရယ်၊ ဒေါက်တာဘနာဂျီရယ်၊ ကျွန်တော် ရယ် ကားနောက်ခန်းက ထိုင်ပြီးလိုက်သွားကြတယ်။ ကားက ပုံမှန်မောင်းစေ ချင်တာ၊ ကားမောင်းတဲ့ ရဲဘော်ကို ဘယ်လိုညွှန်ကြားလိုက်တယ်မသိဘူး။ သိပ် ကို အရေးပါတဲ့ တရားခံတစ်ယောက်ကို လမ်းမှာ မသမာသူတွေ ဖြတ်လုကြ မယ်လို့ ကြိုတင်သတင်းရထားလို့ မောင်းသလိုမျိုး။ မြင်းလှည်းတွေ၊ စက်ဘီး တွေ၊ ဆိုက်ကားတွေကြား အမြန် ဝီခနဲ၊ ဝဲခနဲ မောင်းပြီး ကားချင်းလည်း အမြဲ ကျော်တက်သွဲ့ားတာပဲ။

ကျွန်တော့်ကို ခေါ်သွားတာ ဗိုလ်မှူးကြီး သူရဖေအောင် အခန်းခေါ်သွား ကြတာ။

"ဒေါက်တာသိန်းလှိုင် ရောက်ပြီလား"

ဆရာဦးထွန်းမင်းတို့၊ ဒေါက်တာဘနာဂျီတို့က ရောက်ပါပြီလို့ ဖြေတော့

"လာ အထဲမှာထိုင်"

ကျွန်တော်က ဒေါက်တာထွန်းမင်းတို့၊ ဒေါက်တာဘနာဂျီတို့ကိုခေါ်တော့ သူတို့ မဝင်ရဘူးတဲ့။ ကျွန်တော်တစ်ယောက်တည်း ထိုင်နေရမှာတဲ့။ ကျွန်တော့် ကို ကိတ်မုန့်နဲ့ လက်ဖက်ရည်နဲ့ ဧည့်ခံတယ်။ ကျွန်တော်ကလည်း ဒါမျိုး မစားရ မသောက်ရတာကြာတော့ ဟန်မလုပ်နိုင်ဘူး။ စားလို့ သောက်လို့ပြီးခါနီး မှ အရာရှိငယ်လေးတစ်ယောက် လာခေါ်လို့ ကျွန်တော်တို့နှစ်ယောက် ထွက်ခဲ့ ကြတယ်။ လမ်းလျှောက်ရင်း ပါးစပ်ထဲက ဝါးလက်စ ကိတ်မုန့်တွေစား၊ ပါးစောင်ထဲက မုန့်တွေ လျှာနဲ့ ကလော်ထုတ်ပြန်ဝါးလုပ်ခဲ့ရတယ်။

အခန်းကျယ်ကြီးတစ်ခုထဲမှာ နိုင်ငံတော်အလံတွေ၊ အနောက်မြောက်တိုင်း အလံတွေ သားသားနားနား စိုက်ထူထားတယ်။ တစ်ခန်းလုံး တိတ်ဆိတ်ငြိမ် နေလိုက်တာ၊ ကျွန်တော်တို့သုံးယောက်ရဲ့ ခြေသံတွေပဲ ညံနေတော့တယ်။ ခဏ နေတော့ ကျွန်တော့်ရဲ့အရာရှိ ဒေါက်တာဦးထွန်းမင်းနဲ့ ဒေါက်တာဘနာဂျီတို့ ရောက်လာကြတယ်။ ကျွန်တော် ထိုင်ခါနီး ဗိုလ်မှူးကြီး စိန်မြနောက်က နံရံမှာ ချိတ်ထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းပုံကို တည့်တည့်ကြည့်ပြီး ဦးညွတ်အလေးပြု လိုက်တယ်။ ဗိုလ်မှူးကြီး စိန်မြကတော့ သူ့ကို အလေးပြုတယ်လို့ ထင်ချင်ထင်

လိမ့်မယ်။ ကျွန်တော့်စိတ်ကတော့ ဗိုလ်ချုပ်အောင်ဆန်းကိုပဲ ရည်ရွယ်တာပါ။

ဗိုလ်ချုပ် အလေးပြုပြီးတော့ ကျွန်တော် ထိုင်ရမယ့်နေရာမှာ ထိုင်တော့ မနီးမဝေးမှာ ခလကဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းက ထိုင်နေတော့ ကျွန်တော် ဝမ်းသာအားရ လှမ်းနှုတ်ဆက်လိုက်တယ်။

"ဟာ... တပ်ရင်းမှူးကြီးလည်း ရောက်နေတာကိုး"

ပြောပြောဆိုဆို နှုတ်ဆက်ရင်း ကျွန်တော့်ကုလားထိုင်ကို သူ့ဘက်နီးတဲ့ နေရာရွှေ့တော့ သူက သူ့ကုလားထိုင်ကို ကျွန်တော်နဲ့ဝေးရာ ခြေတစ်လှမ်း လောက်ရွှေ့တယ်။ ကျွန်တော်က လိုက်ရွှေ့တော့ သူက ထပ်ရွှေ့တယ်။ ဒီကုလားထိုင်ရွှေ့တဲ့ဖြစ်စဉ်ကို လူကြီးတွေက လှမ်းကြည့်နေကြတယ်။ အားလုံး နေရာယူပြီးချိန်မှာ စတော့တာပဲ။

နောက်တော့မှ ပြန်စဉ်းစားကြည့်တော့ လူငယ်က သူ့ထက်ကြီးတဲ့ သူ့ ခရိုင်က ဥက္ကဋ္ဌကို ယဉ်ယဉ်ကျေးကျေးနှုတ်ဆက်ပေမဲ့ လူကြီးတစ်ယောက်က ခက်ခက်ထန်ထန် ပြုမူနေတာကို တိုင်းမှူးတွေ မြင်လိုက်ရတာပေါ့။

ဒုဗိုလ်မှူးကြီး မောင်ရှိန်းရဲ့ ပထမဆုံးစွဲချက်၊ တိုင်တန်းချက်က

"ဒေါက်တာသိန်းလှိုင်ဟာ နိုင်ငံတော်ကို မပျက်ပျက်အောင် ဖျက်လို ဖျက်ဆီးလုပ်နေတယ်"

ကျွန်တော်က လေသံအုပ်အုပ်နဲ့

"ရင်းမှူးကြီး ကျွန်တော် ဘာလုပ်လို့လဲ"

လူကြီးတွေက အဲလိုစကားဖြတ်ပြောတာကို တားတယ်။

"ဒေါက်တာသိန်းလှိုင် ပြီးမှ ကိုယ်တိုင်လျှောက်လဲပါ"

ကျွန်တော် လျင်လျင်မြန်မြန်စဉ်းစားတယ်။ အလိုလိုနေရင်း သူပုန်လိုလို၊ လူကန်လိုလို၊ တော်လှန်သမားလိုလိုဖြစ်နေပြီ။ စွဲတဲ့ စွဲချက်ကလည်း သေဒဏ် ကို တန်းနေအောင်ပို့တဲ့စွဲချက်။

"ဒေါက်တာသိန်းလှိုင် လျှောက်လဲပါ"

တော်တော်အရေးကြီးနိုင်တဲ့ စွဲချက်ပဲလို့ ကျွန်တော် ကောက်ချက် ဆွဲမိတယ်။

"တပ်ရင်းမှူးကြီးရဲ့ စွပ်စွဲချက်ဟာ အမှန်ပဲဆိုခဲ့ရင် ကျွန်တော်ဟာ ဗိုလ် ချုပ်နေဝင်းရဲ့ တော်လှန်ရေးကောင်စီကို တိုက်ခိုက်ဖျက်ဆီးနေသူတစ်ယောက်လို့ ဆိုလိုရာ ရောက်ပါတယ်။ တိုင်းမှူးကြီးတို့ စုံစမ်းကြည့်စေလိုပါတယ်။ ကျွန်တော် ဟာ အမှန်တကယ် ပျက်စီးရာ ပျက်စီးကြောင်းတွေ လုပ်ဆောင်နေတာ ထင်ရှား ရင် နိုင်ငံတော်စရိတ်နဲ့ ကနေဒါနိုင်ငံ၊ ဒါမှမဟုတ် အမေရိကန်ကို ပြည်နှင်ဒဏ်

ပေးစေလိုပါတယ်”

လူကြီးတွေ တစ်ယောက်နဲ့တစ်ယောက် ကြည့်သူ ကြည့်ကြ၊ ငါတို့ပဲ နားအကြားလွဲလေသလား၊ ကျွန်တော့်ကိုလည်း အကဲခတ်ကြ၊ ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းကိုလည်း လှမ်းကြည့်ကြ။ အဲဒီပုဂ္ဂိုလ်ကတော့ ရှုကြီးတင်းထားလိုက်တာမှ ဒီဒေါက်တာပြုတ်ဖို့ နာရီပိုင်း၊ မိနစ်ပိုင်းပဲ လိုတော့တယ်ဆိုတဲ့ ရှုမျိုး။

“ဘာ အမေရိကန် ဟုတ်လား”

“ပြစ်မှုထင်ရှားရင် ပြည်နှင်ဒဏ် ဝေးဝေးပေးစေချင်တာပါ”

ခုံရုံးလူကြီးတွေ အံ့သြကုန်ကြတယ်။

“တရုတ်ပြည်ဆိုရင် နီးတော့ ဒီတော်လှန်မှုကို ပြန်လာပြီးလုပ်ရင် လုပ်နေဦးမယ်။ ကနေဒါဆိုရင် ပိုကောင်းတာပေါ့”

ဒုဗိုလ်မှူးကြီး ဗန်ကူးတို့၊ သူရဖေအောင်တို့ ပြုံးစေ့စေ့လုပ်နေကြတယ်။

“ဒေါက်တာသိန်းလှိုင် နိုင်ငံတော် ပျက်စီးရာ ပျက်စီးကြောင်း တကယ်လုပ်သလား၊ အမှန်အတိုင်းပြောပါ”

ဗိုလ်မှူးကြီးစိန်မြက မျက်နှာထားတည်တည်နဲ့ ရူးရူးစိုက်စိုက်ကြည့်ပြီး မေးတယ်။

“ကျွန်တော် အမှန်အတိုင်းပြောပါမယ်”

တစ်ခန်းလုံး အသံတွေ ပြန်တိတ်သွားတယ်။ လက်နှိပ်စက်ရိုက်သူတောင် ရပ်သွားတယ်။

“ကျွန်တော်သာ ဗိုလ်ချုပ်နေဝင်းရဲ့ တော်လှန်ရေးကောင်စီကို ပျက်လိုပျက်စီး တော်လှန်ရေးလုပ်တယ်ဆိုရင် ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းသည် ကျွန်တော်နဲ့ အလိုတူအလိုပါဖြစ်လိမ့်မယ်။ သူ အခုမှ လာတိုင်တာဟာ သစ္စာဖောက်ပြီး လာတိုင်တာပါ။

“ကျွန်တော်ဟာ တကယ်ကို ပုန်ကန်နေမှန်း၊ တော်လှန်ရေးလုပ်နေမှန်းသိရင် ခန္တီးမြို့မှာတင် ကျွန်တော့်ကို ထိန်းသိမ်းရပါလိမ့်မယ်။ ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဝန်ကြီးတို့၊ ညွှန်ကြားရေးမှူးချုပ်တို့ဆီ ဖမ်းပိုင်ခွင့်အမိန့်တောင်းဆိုရမှာပါ။ ကျွန်တော်နဲ့အတူ ခရီးတွေထွက်၊ တစ်ပါတည်း အမှုထမ်းနေကြပြီး။ အခုမှ လာတိုင်တာဟာ ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်း သူလိုချင်တာ ကျွန်တော့်ဆီက တစ်ခုခုမရလို့ အလိုတူအလိုပါကနေ သစ္စာဖောက်သလိုမျိုး ဖြစ်နေပါတယ်။

“ဒါကြောင့် ဒီအမှုမှာ ပြစ်မှုထင်ရှားရင် ကျွန်တော့်ကို ပြည်နှင်ဒဏ် အမေရိကန်ပို့ပြီး ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းကို တရုတ်ပြည် ပြည်နှင်ဒဏ်

ပို့ပါ”

စစ်ခုံရုံးဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်းမြကဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းကို ဘယ်တုန်းက ခန္တီးမြို့မှာ တာဝန်ထမ်းဆောင်သလဲဆိုတဲ့ မေးခွန်းမေးတော့ သူက ပြန်ဖြေတယ်။ သူ ရောက်တာ နှစ်တွေနဲ့ချီကြာခဲ့ပြီ။

နောက်ထပ် စွဲချက်တစ်ခု အတင်ခိုင်းတဲ့အခါ သူက

“ဒေါက်တာသိန်းလှိုင်မှာ မွေးစားသားတွေရှိတယ်။ နာဂလူမျိုးကလေး တွေပါ။ အဲဒီထဲက ကလေးတစ်ယောက်ကို ကျွန်တော့်နာမည်မှည့်ခေါ်ပြီး လူသူ စည်ကားရာအရပ်မှာ ခွေးတစ်ကောင်လို ကလေးကို ပြောဆိုဆက်ဆံပါတယ်” တဲ့။

တိုင်းမှူးတွေကို တိုင်တဲ့စာရွက်ကိုင်ပြီး တစ်ချက်ချင်း စွဲချင်တင်နေတာ။ လူကြီးတွေကလည်း သူ့တိုင်စာကို ဖတ်ပြီးကြပြီးသား။ ဒါပေမဲ့ ထုံးစံနဲ့အညီ လုပ်ဆောင်နေကြရတာ။

“ကျွန်တော့်မှာ မွေးစားသား နာဂကလေး မောင်ရှိန်းဆိုတာ ရှိပါတယ်။ သူ့ကို ခွေးလိုပြောဆိုမဆက်ဆံပါဘူး။ နာဂလေးကို ခန္တီးမြို့မှာ ပထမဆုံး လာ ရောက်တာဝန်ထမ်းဆောင်တဲ့ ဒုတိယဗိုလ်မှူးကြီးတစ်ယောက်ရဲ့နာမည် မှည့် ခေါ်ထားတာဟာ ဒီကလေး ရာထူးတာဝန်ကြီးတဲ့ ပုဂ္ဂိုလ်တွေ အားကျအတုယူ စေလိုတဲ့စေတနာနဲ့ မှည့်ခေါ်တာပါ။ သူတို့ အနာဂတ်ရည်မှန်းချက် မြင့်မားစေ ချင်တဲ့ မေတ္တာနဲ့ ဒီနာမည်ပေးတာပါ။ အခု ကျွန်တော့်သားက ကြီးလာရင် စစ်ထဲဝင်မယ်လို့ ပြောလို့ ကျွန်တော့်မှာ ဝမ်းသာရပါသေးတယ်”

ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းကို ဂုဏ်ပြုပြီး မှည့်ခေါ်တာဖြစ်ပါတယ်။ ဗိုလ်ချုပ်နေဝင်းဟာ ဒီနိုင်ငံမှာ ဩဇာအာဏာအရှိဆုံးပုဂ္ဂိုလ်ပါ။ သူ့အမိန့်နဲ့ မွေးသမျှ ကလေးတွေ၊ သူ့နာမည်တွေ အမှည့်ခိုင်းလို့မရပါဘူး။ ဒါပေမဲ့ မိဘ တွေက သူတို့သဘောနဲ့သူတို့ မှည့်ခေါ်ထားတဲ့ နေဝင်းတွေ အများကြီးရှိသလို စောနေဝင်း၊ နေဝင်းတင့်၊ နေဝင်းမြင့်၊ နေဝင်းမောင်၊ နေဝင်းသိန်း၊ နေဝင်းသန်း နာမည်တွေ အများကြီးရှိပေမဲ့ ဗိုလ်ချုပ်နေဝင်းက တရားတဘောင်လုပ်တယ် လို့ တစ်ခါမှ မကြားဖူးပါဘူး”

ကျွန်တော့်မှာ လျှောက်လဲသာ လျှောက်လဲနေရတာ ဆရာသိန်းမျက်နှာ ချည်းမြင်ယောင်နေတယ်။ စစ်ခုံရုံးသဘာပတိအဖွဲ့ဝင်တွေအားလုံး ငြိမ်ပြီး နား ထောင်နေကြတယ်။

“ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းကို မေးခွန်းတစ်ခုလောက် မေးချင်တယ်။ ဗိုလ်မှူးကြီးက မောင်ရှိန်းဆိုတဲ့နာမည် ဗမာပြည်တစ်ခုလုံး ဘယ်သူမှ မှည့်ခေါ်

ခြင်းမပြုရ။ မောင်ရှိန်းရဲ့ မူပိုင်ဖြစ်ကြောင်း ရုံးတော်မှာ ဘယ်နေ့ဘယ်ရက်က မှတ်ပုံတင်အမှတ် ဘယ်လောက်နဲ့ မူပိုင်မှတ်ပုံတင်ထားတာများ ရှိပါသလား ခင်ဗျာ”

စစ်ခုံရုံးအဖွဲ့ဝင်တွေ ခေါင်းချင်းဆိုင်ပြီး တီးတိုးတီးတိုးလုပ်ကြရပြန်တယ်။ သူတို့ တိုင်ပင်ပြီးတဲ့အခါ နောက်ထပ်စွဲချက်တစ်ခုတင်ဖြစ်ရော။

“ဒေါက်တာသိန်းလှိုင်ဟာ နာဂအသိုင်းအဝိုင်းမှာ သူ့ကိုယ်သူ နာဂနတ် ဆိုပြီး ခန္တီးလေးတစ်ခရိုင်လုံးမှာ ဩဇာတိက္ကမအလွန်ကြီးသူလို့ အထင်ရောက် ပြီး သူ့ရဲ့ ကျန်းမာရေးခရီးစဉ်တွေကို ခရိုင်လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မတီ၊ မြို့နယ်လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မတီ၊ ရပ်ကွက်လုံခြုံရေးနဲ့ အုပ်ချုပ်ရေး ကော်မတီ သုံးကော်မတီစလုံးကို လုံးဝအသိမပေးဘဲ သူ့သဘောသူဆောင်ပြီး တောင်ပေါ်တက်ချင်တဲ့အချိန်တက်၊ ဆင်းချင်တဲ့အချိန်ဆင်း လုပ်နေပါတယ်။

“အိန္ဒိယနယ်စပ်ဘက်အသွားမှာ သူ့ရိက္ခာပြတ်တဲ့အတွက် ပန်ဆောင် မှာရှိတဲ့တပ်က ဒုက္ခဆင်းရဲရောက်နေတဲ့ ဒေါက်တာသိန်းလှိုင်ကို ကူညီရမလား လို့ အမေးရှိလို့ ကျွန်တော်က ကူညီလိုက်ပါလို့ အကြောင်းပြန်ခဲ့ရပါတယ်။ နောက်နောင်ကို ကိုယ့်သဘောကိုယ်ဆောင်ပြီး ခရီးထွက်ခြင်းမျိုး မပြုလုပ်ဘဲ သက်ဆိုင်ရာလူကြီးများကို အသိပေးလျှောက်လွှာတင်ခဲ့ရင် ကုန်သွယ်ရေးက ရိက္ခာများ ဝယ်ယူခွင့်ရမှာဖြစ်ပါတယ်”

ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်း အဲဒီလို စွဲချက်တင်နေချိန်မှာ ကျွန်တော့် ဘောင်းဘီညာဘက်အိတ်ကို လက်နှိုပ်လိုက်တော့ ကျွန်တော် လိုချင်တာတစ်ခု ကို စမ်းမိတယ်။ သူ့စွဲချက်ပြီးချိန်မှာ ကျွန်တော် ထုချေရပြီ။

“ကျွန်တော်ဟာ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်တစ်ယောက်ပါ။ နတ် ဘယ် ဖြစ်ချင်မလဲ။ ဒါပေမဲ့ နာဂနတ်ဆိုတာ အမှန်ပါပဲ။ မြေပြန့်မှာ ကျွန်တော့်ကိုယ် ကျွန်တော် နာဂနတ်လို့ပြောရင် လူရယ်စရာဖြစ်မှာပါပဲ။ ဒါပေမဲ့ တောင်ပေါ်မှာ တော့ ကျွန်တော်ဟာ နာဂနတ်အစစ်ပဲ။ ကျွန်တော့်ဘာသာ နတ်ဖြစ်ချင်လို့ ဖြစ်ခွင့်မပြုပါဘူး။ သူတို့ပေးတဲ့အဆင့်၊ နာဂတွေ သတ်မှတ်တဲ့နတ်ပါ။ ဒုတိယ ဗိုလ်မှူးကြီး မောင်ရှိန်းရဲ့ စွဲဆိုချက်နဲ့ပတ်သက်ပြီး ခုံသဘာပတိအဖွဲ့ကို သက်သေ ပြစရာရှိပါတယ်။ တင်ပြခွင့်ပြုပါ”

ဗိုလ်မှူးကြီးစိန်မြက ခေါင်းညိတ်တယ်။ ဗိုလ်မှူးဗန်ကူးလ်က တင်ပြပါ တဲ့။

ဒါနဲ့ ကျွန်တော် သူတို့ရှိရာကို ရင်ကော့လျှောက်ပြီး ဘောင်းဘီအိတ်ထဲ မှာ ပါလာတဲ့စာရွက်ကို ကမ်းလိုက်တယ်။ ဗိုလ်မှူးကြီးစိန်မြက လှမ်းယူတယ်။

ကျွန်တော့်နေရာကျွန်တော် ပြန်လာပြီး ရပ်နေလိုက်တယ်။ စာရွက်ကိုဖတ်ပြီး ဗိုလ်မှူးဗန်ကူးလ်ကို ပါးတယ်။ ဗိုလ်မှူးဗန်ကူးလ်ဆီကနေ ဗိုလ်မှူးသူရဖေအောင် အဲဒီကနေ တစ်ဆင့်ဆင့် လက်ဆင့်ကမ်းဖတ်ပြတယ်။

"ဒုတိယဗိုလ်မှူးကြီး အောင်ချိန်း ဒေါက်တာသိန်းလှိုင် ပန်ဆောင်မှာ ဆန်အခက်အခဲရှိလို့ ကူညီလိုက်ပါလို့ အမိန့်ပေးလိုက်တယ်လို့ ခုနက ပြောတယ်ဟုတ်လား"

"ဟုတ်ပါတယ်"

ခုံသဘာပတိအဖွဲ့တွေ ကျိတ်ပြုံးပြုံးကြတယ်။ ကျွန်တော်ပေးလိုက်တဲ့ စာရွက်က ဗိုလ်ကြီးဂျိုးက်ဆီက ဆိုင်ဖာကြေးနန်းလေ။

"ကျွန်တော့်ကို လျှောက်လဲခွင့်ပြုပါ"

"ပြောပါ"

"ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းမှာ အပြစ်မရှိပါဘူး။ တပ်ရင်းမှူးဆိုတာ တပ်မှာ ရာထူးအကြီးဆုံး အာဏာအရှိဆုံး၊ သြဇာအမြင့်မားဆုံး၊ ကိုယ့်တပ်ကို ကိုယ် ပိုင်ရတယ်၊ နိုင်ရတယ်။ ဒါပေမဲ့ ကျွန်တော်က ဒုဗိုလ်မှူးကြီး မောင်ရှိန်း ရဲ့တပ်ကို ပိုင်တယ်။ တပ်မတော်ရဲ့ လျှို့ဝှက်ဆိုင်ဖာကြေးနန်းကို ဘာသာပြန် ဆိုနိုင်တဲ့အရည်အချင်း ကျွန်တော့်မှာရှိတယ်။ ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်း ကြေးနန်းကို ဘာသာပြန်ဆိုနိုင်ခြင်းမရှိပါဘူး။ အဲဒီတော့ တပ်ကို ပိုင်တာ ဘယ်သူ လဲ။ ဒီအခြေအနေကို သူသိပြီး ကျွန်တော့်ကိုကြောက်လို့ တော်လှန်သူတို့၊ ပျက် ပြားစေသူတို့ လာပြီးစွပ်စွဲတာဖြစ်မယ်။ သူ့မှာ အပြစ်မရှိပါဘူး။ ကျွန်တော့်မှာ အပြစ်ရှိတာပါ"

ခုံသဘာပတိဆီက စကားသံ ထွက်ချလာတယ်။

"ဟုတ်တယ်၊ တပ်က ဆိုင်ဖာက ဆရာဝန်လက်ထဲ ဘာလို့ရောက်ရမလဲ"

တပ်ရင်းမှူးကြီး မောင်းပြန်နဲ့ပစ်လို့ အားမရလို့ ဟောင်ဝစ်ဇာနဲ့ ထုပါလေ ရော။

"မြန်မာပြည်ရဲ့ တစ်ခုတည်းသော ဦးဆောင်ပါတီဖြစ်တဲ့ မြန်မာ့ဆိုရှယ် လစ်ပါတီ ခန္တီးခရိုင် ပါတီယူနစ်ရုံးရှေ့ကနေ ပါတီယူနစ်ဥက္ကဋ္ဌကို အများပြည်သူ ရှေ့မှာ ဆဲဆိုခဲ့တယ်"

"သက်သေထူစရာရှိသလား၊ ဘယ်လိုဆဲသလဲ"

ကုန်သွယ်ရေးရုံးက ဘောက်ချာကို သူက သက်သေထူတယ်။ ဘောက် ချာကိုလည်း ခုနက ဆိုင်ဖာကြေးနန်းလိုပဲ ခုံရုံးအဖွဲ့ဝင်တွေ တစ်လှည့်စီ လက် ဆင့်ကမ်းဖတ်ကြပြီး ဖတ်ပြီးသူတိုင်း ပြုံးစေ့စေ့ဖြစ်ကုန်ကြတယ်။

"ဒေါက်တာသိန်းလှိုင် ဆဲတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်တယ်။ ဗမာပြည်မှာ အဆဲဆုံးလူကြီးက ဗိုလ်ချုပ်တင်ဖေပါ။ ပြီးတော့ ဒုတိယက အဘမြင့်သိန်းကလည်း အဆဲသန်ပါတယ်။ တတိယက ကျွန်တော်ပါ။ ကျွန်တော်လည်း ဆဲပါတယ်။

"ဗိုလ်မှူးကြီးတို့ ဘယ်လိုဆဲသလဲ၊ ကန်တော့ပါရဲ့ခင်ဗျာ... နင့်...ငါ... မင်း... အဆဲစုံဆဲပါတယ်။ စိတ်ပေါက်ရင် စိတ်ပေါက်သလို ဆဲပါတယ်။

ကျွန်တော့်နမူနာအနေနဲ့ ဆဲတဲ့အထဲမှာ ဟိုဟာမပါဘူး။

"ခုနကတင်ပြတဲ့ စာရွက်က ဘာများပါလဲ ကျွန်တော်ကြည့်ခွင့်ရှိပါလား"

"ဒေါက်တာ မေးတာကိုပဲဖြေပါ"

"တရားခံဆိုတာ တရားလိုတင်ပြတာကို ကြည့်ရှုခွင့်ရှိရပါတယ်။ ကြည့်ရှုခွင့်မရှိရင် စစ်ခုံရုံးလည်းမဟုတ်ဘူး၊ တရားရုံးလည်းမဟုတ်တော့ပါဘူး"

"လာယူလှည့်"

ကျွန်တော်သိတာပေါ့။ ဒါပေမဲ့ သွားပြီး ယူဖြစ်အောင် ယူလိုက်တယ်။ တစ်ဖက်သားကလည်း ဒါမှ ပိုခံစားရမှာလေ။ သူ့စိတ်ထဲမှာ "ကဲ ဘာတတ်နိုင်သေးလဲ ရာမ" ဖြစ်ချင်ဖြစ်နေလိမ့်မယ်။

ဟုတ်တယ်၊ ဆဲတယ် ဒီအတိုင်းဆဲတာ။

ဒါဆိုရင် အပြစ်ရှိလား။

"လုံးဝမရှိဘူး၊ ကျွန်တော့်ကို ရဟတ်ယာဉ်ငှားနိုင်ရင် ခဏငှားပါ။ ခန္တီးကို ရောက်ပြန် ပြန်ခဲ့ပါမယ်။ သက်သေရုံးတော်မှာ ပြချင်လို့ပါ"

"ဘာတင်ပြချင်၊ ဘာသက်သေထူချင်တာလဲ"

"ကျွန်တော့်ဧည့်ခန်းမှာ ချိတ်ထားတဲ့ ပြက္ခဒိန်ဟာ သက်သေပါပဲ"

တစ်မြို့လုံးက မိတ်ဆွေတွေဆီက အဆဲမျိုးစုံခံယူပြီး အဲဒီပြက္ခဒိန်နောက်ကျောမှာ သူတို့ကိုယ်တိုင် ရေးကြတဲ့ ဆဲနည်းအစုံရှိပါတယ်... ကမ္ဘာ့ကုလသမဂ္ဂမှာ ဒီအမှုကို တရားစီရင်ခဲ့ရင် ဒီအမှုမှာ ကျွန်တော် ကွင်းလုံးကျွတ်နိုင်တယ်။

အဲဒီအခါ ဗိုလ်မှူးဗန်ကူးလ်ဆီက အသံသြကြီးထွက်လာတယ်။

"ဘာလို့လဲဒေါက်တာ"

"ပါတီယူနစ်ဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းလင်းရဲ့မိခင်မှာ ဖေးဇေနစ်လုံးရှိခဲ့လို့ ရှိရင် ဗိုလ်ကြီးထွန်းလင်းဟာ .... ဖခင်ကိုယ်ဝန်ဆောင်ပြီး မွေးခဲ့တာပဲ ဖြစ်ရလိမ့်မယ်။ ဗိုလ်ကြီးထွန်းလင်းရဲ့မိခင်ကို စမ်းသပ်ခွင့်ရှိပါသလား။ စမ်းသပ်ပါရစေ။

"ဒါပေမဲ့ ကျွန်တော့်အဆဲက နှစ်လုံးမဟုတ်ဘူး။ ခြောက်လုံးပါ။ ကမ္ဘာ

မှာ တစ်ယောက်မှ ခြောက်လုံးမရှိပါဘူး”

ခုံသဘာပတိတွေ ဣန္ဒြေနဲ့ ကျိတ်ပြီးရယ်ကြတယ်။ ကျွန်တော်ကတော့ တပည့်ကျော် ဟန်စုကိုပဲ မြင်ယောင်နေတယ်။ သူ့ကျေးဇူး၊ သဘာဝကျကျ နှစ်လုံးလို့ ဆဲမိရင် ဒီကျော့ကွင်းက ကျွန်တော် လွတ်မှာမဟုတ်ဘူး။ ဟန်စုရဲ့ ဟ များများကောင်းတယ်လေဆိုတဲ့ အဆိုအမိန့်ကို ပြန်ကြားယောင်မိတယ်။

စစ်ခုံရုံးက ခရိုင်ထဲမှာရှိ အုပ်ချုပ်ရေးပိုင်းက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး၊ အဆင်ပြေစွာနေဖို့နဲ့ အသိပေးသင့်တာတွေ အသိပေးဖို့ မှာကြားလိုက်တယ်။

ကျွန်တော် ထွက်လာချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် နောက်ထပ် အများ ကောင်းကျိုးလိုလားတဲ့ ဆရာဝန်တစ်ယောက်နဲ့ သွားဆုံရတယ်။ သူ့ကိုလည်း စစ်ခုံရုံးတင်မလို့ဆိုတာ အခြေအနေမြင်လိုက်ကတည်းက သိပ်သေချာနေပြီ။ သူကတော့ ဆရာဝန်လောကမှာ ထင်ရှားတဲ့ ဒေါက်တာညဏ်ချစ်ပဲ။ သူ့ကို တော့ လက်နှစ်ဖက်စလုံး လက်ထိပ်ခတ်ထားတယ်။ နံဘေးက အစောင့်တွေက သေနတ်တွေနဲ့”

“ဟေ့ညီလေး”

“ဟာ အစ်ကိုညဏ်”

ကျွန်တော်တို့နှစ်ယောက် ဝမ်းသာအားရ နှုတ်ဆက်ကြတာကို နံဘေး က လူတွေက အံ့အားသင့်နေကြတယ်။

“မင်းအခြေအနေ ဘယ်လိုလဲကွ”

“ကျွန်တော် သေနတ်တစ်ချက်မှ မဖောက်ခဲ့ဘဲ နိုင်ခဲ့တယ်အစ်ကို”

“အေး... ဝမ်းသာတယ်ကွ၊ ဆက်ကြိုးစား”

ဆရာဦးထွန်းမင်းက ကိုညဏ်ချစ်နဲ့ စကားပြောတာကို မကြိုက်ဘူး။ စိုးရိမ်စိတ်ကြောင့် ကျွန်တော့်ကို အချိန်မပေးဘူး၊ ဖွတ်ဆွဲခေါ်ခဲ့တယ်။ သူ့ညီ ညဏ်မြင့်က ကျွန်တော့်ဟောက်စ်ဖြစ်ဖူးတယ်။ ဘယ်လိုပဲ ဆွဲခေါ်ပါစေ၊ ကျွန် တော့်ရင်ထဲက ပြောစရာရှိတာတော့ သူ ကြားအောင် နောက်လှည့်ပြန်ရင်း ခပ် ကျယ်ကျယ် လှမ်းပြောလိုက်တယ်။

“အစ်ကို့ကို လေးစားတယ် ကိုညဏ်ချစ်... အလေးပြုတယ်”

သူ့ကို ငှက်ဖျား ဖျားနေတုန်း တောထဲက ဖမ်းမိလာတာလို့ နောက်မှ သိရတယ်။

စစ်ခုံရုံးကအပြန် ဆရာဦးထွန်းမင်းက တယ်လီဖုန်းဆက်တော့ တစ်ဖက် က ဘာပြန်ပြောတယ်မသိဘူး။ ကျွန်တော့်ကို ကားပေါ်အတက်ခိုင်းပြီး ခေါ်လာ

တယ်။

"ဆရာ ကျွန်တော်တို့ အခု ဘယ်သွားကြမှာလဲဆရာ"

"စာရေးဆရာ လူထုဦးလှဆီ"

"သူနဲ့ကျွန်တော် မသိဘူးဆရာ"

"သူက မောင်သိန်းလှိုင်ကို သိတယ်"

ဒီလိုနဲ့ ကျွန်တော် လူထုတိုက်ကို ရောက်ခဲ့တယ်။ ဦးလေးလှက ဝမ်းမြောက်ဝမ်းသာကြိုဆိုပြီး သူရေးတဲ့စာအုပ်တွေ လက်ဆောင်ပေးလိုက်တယ်။ နာဂတောင်တန်းအကြောင်းလည်း သူသိချင်တာတွေ မေးတယ်။ သူ့မိတ်ဆွေ ကျောင်းဆရာ ကိုတင်လှိုင်ကို သိသလားမေးလို့ ခင်မင်ရင်းနှီးကြောင်း ပြောပြရသေးတယ်။ ကျွန်တော်တို့တောင်ပေါ်မှာ ကျောင်းဖွင့်တာ မအောင်မြင်တော့ ဆရာကိုတင်လှိုင်တို့ ခန္တီးကျောင်းမှာ တကယ်ကျောင်းတက်ချင်တဲ့ နာဂလေးတွေ ကျောင်းတက်နိုင်အောင် စီစဉ်ခဲ့ကြတာလေ။

မန္တလေးစစ်ခုံရုံးကအပြန် ခန္တီးမှာ ဆေးရုံကို အလုပ်သွားအလုပ်ပြန် ဒီပြင်လူတွေဆိုရင်တော့ ပါတီယူနစ်ရှေ့ကအဖြတ်မှာ ခန္ဓာကိုယ် ကိုယ်ကလေး ခပ်ယို့ယို့နဲ့ သွားသူ ဖြစ်ကောင်းဖြစ်လိမ့်မယ်။ ကျွန်တော့်စိတ်ရင်းအတိုင်းဆိုရင် အိမ်ကထွက်လာတော့ အေးအေးဆေးဆေးပဲ။ ပါတီယူနစ်ရှေ့ရောက်ခါနီး၊ ပါတီယူနစ်ရှေ့ရောက်၊ ပါတီယူနစ်က ကျော်ဖြတ်သွားရင် ရင်ဘတ်ကို မဆိုသလောက် ကော့ထားမိမှာပဲ။ ပြီးရင် သီချင်းလေး တပ်ိုဟိုဆိုမိမှာပဲ။ ဘာသီချင်းရယ်မဟုတ်ဘူး။ စိတ်ထဲပေါ်တဲ့ ကမ္ဘာမကျေလည်း ဖြစ်ချင်ဖြစ်မယ်။ နဂါးနီလည်း ဖြစ်ချင်ဖြစ်မယ်။ လူချွန်လူကောင်းလည်း ဖြစ်ချင်ဖြစ်မယ်။

သီချင်းမဆိုဖြစ်ရင်လည်း လေကို အပေါက်အလမ်းမတဲ့ပေမဲ့ ချွန်ဖြစ်အောင် တရှိုရှိုတရှူးရှူးလုပ်သွားမိမှာပဲ။ ဒါပေမဲ့ ကျွန်တော် လူကြီးစိတ်မွေးရတယ်။ မွေးတာမှ မနည်းမွေးရတာ။ လက်ခုပ်တီးသံက ကြားချင်လို့တောင် မကြားရတော့ဘူး။ ဟေ့လည်း မလူတော့ဘူး။ ကျွန်တော် ပစ်လိုက်တဲ့ သူ့အမေပေါင်ကြားက ခြောက်လုံးပြူးက ဥက္ကဋ္ဌရင်ဘတ်မှန်သလား၊ နဖူးမှန်သလားမသိဘူး။ ချက်ကောင်းမှန်တာတော့ သေချာတယ်။ ကျွန်တော် အဆဲမျိုးစုံကို အဆဲခံသုတေသနလုပ်ပြီးမှ ဆေးကျမ်းနဲ့အညီဆဲတာ။ ခန္တီးမြို့သူမြို့သား ကျွန်တော့်မိတ်ဆွေ ပညာဝန်ကစလို့ ပေါမိုင်းဘုန်းကြီးအဆုံး သူတို့ရဲ့ လက်ရေးနဲ့ အဆဲတွေကို ဘဝရဲ့ အမှတ်ရချက် အော်တိုဂရပ်(၈)အနေ သိမ်းထားတဲ့ပြက္ခဒိန် ကျွန်တော်ပြောင်းလေရ မြို့ကိုယူသွားတာလေ။

ကျွန်တော့်ကို ခုနစ်ရက်အတွင်း အပြုတ်တိုက်ရေး အောင်ပွဲခံ ညစာစားပွဲ

ကြီးဟာ ခန္တီးမြို့သမိုင်းရေးရင် စာတစ်ကြောင်း၊ နှစ်ကြောင်း၊ သုံးလေးကြောင်း ပါကောင်းပါနိုင်တယ်။ ဒေါက်တာသိန်းလှိုင်က တရုတ်ကပြား၊ ခရစ်ယာန်၊ သူပုန် အားပေးတယ်။ ကျွန်တော့်လုပ်ဆောင်ချက်တွေ၊ အားနည်းချက်တွေ စုဆောင်းပြီး အပြုတ်တိုက်ကြဖို့ ကြံစည်ခဲ့ကြတယ်။ တကယ်တော့ မလိုတမာစိတ်နဲ့ မလုပ်ကောင်းတာ လုပ်လိုက်ကြတာ။ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းလက်ထက်က အတွေ့အကြုံတွေပါ။

* * *

## မှုန်မှုန်ဝါးဝါး

တစ်နေ့တော့ ကြေးနန်းတစ်စောင် ကျွန်တော့်ဆီ ရောက်တယ်။ ရန်ကုန် ကျန်းမာရေးဝန်ကြီးဌာနက ပို့တဲ့ကြေးနန်းပါ။ ဒီကြေးနန်းကိုကိုင်ပြီး ကျွန်တော် စကားမပြောနိုင်ဘူး။ ဘယ်သူ့မှလည်း စကားမပြောချင်တော့ဘူး။ ဆေးရုံ ကျွန်တော်အခန်းထဲမှာ ငြိမ်ငြိမ်လေးထိုင်နေမိတာ အကြာကြီး။ ပြီးတော့ ဘာလုပ်ရမှန်းမသိလို့ စီးကရက်မီးညှိပြီးမှ ချက်ချင်းသတိရတယ်။ ဆေးရုံထဲမှာ စီးကရက်မီးကို ချက်ချင်းငြိမ်းပစ်လိုက်ပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိတာလည်း ဘယ်နှခေါက်မှန်းမသိဘူး။

ကြေးနန်းက ဘာမှ ရှည်ရှည်ဝေးဝေးမပါဘူး။ တစ်နေ့နေ့တော့ ဒီလို ကြေးနန်းမျိုး လာလိမ့်မယ်လို့ မျှော်လင့်ပြီးသားပါ။ ဒါပေမဲ့ ဒီနေ့ဒီရက်တော့ မဟုတ်ဘူး။ ဒီထက် ဝေးဦးမယ်ထင်တာ။

"ဒေါက်တာသိန်းလှိုင် ပဲခူးတိုင်း၊ ဖြူးမြို့ဆေးရုံသို့ ပြောင်းရွှေ့ပါ"

စာလုံးရေးနည်းနည်းပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ခံစားလိုက်ရတာ ဘယ်လိုကြီးမှန်းမသိဘူး။ ကျွန်တော် ခန္တီးမှာ တာဝန်ထမ်းဆောင်ခဲ့တာ ခြောက်နှစ်ကျော်ရှိတယ်။ ဒါပေမဲ့ ခြောက်နှစ်ကျော်ထက်မကတဲ့ သံယောဇဉ်တွေ ဟောဒီဒေသအပေါ်မှာရှိနေတာ တယ်လည်း ထူးဆန်းလှပါလား။ ကျွန်တော့်ကို နာဂတွေက နတ်တစ်ပါးလို ခင်မင်ကြလို့ ကျွန်တော် အခုလို ပြောင်းရမယ်ဆိုတော့ ကြေကွဲသွားတာလား၊ ကြေကွဲတာတင်မဟုတ်ဘူး၊ ဝမ်းနည်းတာလည်းပါတယ်။ ကျွန်တော် အပင်ပန်း အဆင်းရဲခံခဲ့တာတွေဟာ ကျွန်တော့်ကို ပြန်ပြီးတုပ်နှောင်နေကြပြီလား။ နာဂတွေရဲ့နတ်ဆိုတာကြောင့်တင် မကပါဘူး။ ကျွန်တော့်မှာ စာဖွဲ့လို့မကုန်တဲ့၊ စာဖွဲ့လို့မရတဲ့ သံယောဇဉ်တွေရှိတယ်။ ကနေဒါကိုရောက်တဲ့ ညီငယ်

ဒေါက်တာတင်မောင်ထွန်းက သူ့ဆီလာဖို့ ခဏခဏခေါ်တာတောင် ကျွန်တော် မသွားခဲ့ဘူး။ ကျွန်တော် ဒီမှာ နေသားကျနေပြီ။ ကျွန်တော့်အပေါ် အတိုက်အခိုက်တွေရှိပေမဲ့ ကျွန်တော် ဒီကနေ မပြောင်းချင်ဘူး။ အစိုးရဝန်ထမ်းမို့ မပြောင်းမဖြစ် ပြောင်းရပါပြီတဲ့။ နောက်ရောက်လာမယ့် ဆရာဝန်က ကျွန်တော့်ဆွေမျိုးတွေအပေါ် ဘယ်လိုသဘောထားမလဲ။ ဘယ်လိုဆက်ဆံမှာလဲ။ ဘယ်လိုကုသမလဲ။ တွေးနေလိုက်တာ အသက်ရှူဖို့တောင် မေ့နေသလိုပဲ။

ကျွန်တော် ပြောင်းရတော့မယ့်အကြောင်းကို လုပ်ဖော်ကိုင်ဖက်တွေထဲက ဘယ်သူ့ကို အရင်ဆုံးအသိပေးမလဲ။ အကုန်လုံးကို စုဝေးပြီး တစ်ပြိုင်နက် ပြောလိုက်ရမလား။ ဘယ်လိုပြောရင်ကောင်းမလဲ။ မျက်နှာပေးကရော၊ ဘယ်လိုမျက်နှာပေးနဲ့ ပြောမှာလဲ။ အခုလို ဝမ်းနည်းစိတ်ပေါ်နေချိန်မှာတော့ သူတို့ကို ပြောမပြချင်တာအမှန်ပဲ။ ဒါပေမဲ့ မပြောလို့ကလည်း မဖြစ်ပြန်ဘူး။

ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက် ပညာရေး၊ တရားရေး၊ ပါတီ၊ ကောင်စီ၊ တပ်ရင်းမှူးဆိုတဲ့ ပုဂ္ဂိုလ်တွေကရော။ ဒီသတင်းကြားတဲ့အခါမှာ ဘယ်လိုခံစားကြမလဲ။ အဲဒီနေ့က လေးလံတဲ့ခြေလှမ်းတွေနဲ့ အိမ်ကို ပြန်ခဲ့တယ်။ ရာသီဥတုက ကျွန်တော့်ဘက်မပါဘူး။ လူကမှ မရွှင်လန်းပါဘူးဆိုမှ ဥတုက အုံ့ဆိုင်းညို့မှိုင်းနေလိုက်သေးတယ်။ လေကလေး ဘာကလေးတိုက်ရင်လည်း ကောင်းတာပေါ့။ အခုတော့ လေတွေကပါ ကျွန်တော့်အပြောင်းအရွှေ့သတင်းကြားလို့ စိတ်မကောင်းဖြစ်ပြီး ငြိမ်နေကြရော့သလား။ ပူဆွေးမှုနဲ့ ပြည့်နေတဲ့ မိုးတိမ်အုံ့မှိုင်းမှိုင်းကြီးအောက် တဖြည်းဖြည်းလျှောက်ပြန်လာခဲ့တယ်။

ကျွန်တော် ဘာလို့ပြောင်းရတာလဲ၊ တွေးကြည့်မိတယ်။ ဆရာဦးဖေကြင်ခန္တီးကို လာလေ့လာတယ်။ ကျွန်တော် အလုပ်လုပ်ပုံတွေ သူ ကြည့်သွားတယ်။ ကျွန်တော့်မိသားစုရဲ့အခြေအနေမှန်ကို သိသွားတယ်၊ မြင်သွားတယ်။ ရန်ကုန်ပြန်ရောက်တဲ့အခါ ဆရာဦးဖေကြင်က ကျွန်တော့်အပြောင်းအရွှေ့ကိစ္စ အထက်လူကြီးတွေကို ပြောပြပါလိမ့်မယ်။ ကျန်းမာရေးဝန်ကြီးဌာနက ဖြူးမြို့က ဆေးရုံကို ခုတင် ၅၀ ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖို့ စီမံချက်ရေးဆွဲပြီး အဆင့်မြှင့်နေတဲ့အချိန်။ ဆေးရုံက အဆင်သင့်တဲ့အခါ ကျွန်တော့်ကို ဖြူးပြောင်းရွှေ့ဖို့ အမိန့်ထုတ်လိုက်တာပဲဖြစ်မယ်။ ဆရာဦးဖေကြင်က ဖြူးနယ်က ကျွဲပွဲဇာတိလေ။ တကယ်ပြောင်းကြပြီ ရွှေ့ကြပြီဆိုတော့ ကျွန်တော့်ဆေးရုံက ဝန်ထမ်းတွေ စိတ်မကောင်းဖြစ်ကြ၊ မျက်ရည်ကျကြတယ်။ ကျွန်တော်လည်း မျက်ရည်မကျအောင် မနည်းထိန်းရတယ်။ မျက်ရည်တော့ ဝဲတာပေါ့။

တပ်ရင်းမှူး ဗိုလ်မှူးငွေဆန်းလည်း မနေသာဘူး။ လာပြီးနှုတ်ဆက်

တယ်။ တပ်ထဲက အကြပ်ကြီးတစ်ယောက်နဲ့ ရဲဘော်သုံးယောက်လွှတ်ပြီး ပစ္စည်းတွေ ကူသိမ်းကြတယ်။ တပ်ရွှေ့တာ၊ အရာရှိပြောင်းတာ ဒီအကြပ်ကြီးတို့ လုပ်နေကျထင်ပါရဲ့။ စနစ်ကျပြီး သွက်သွက်လက်လက်ရှိလှတယ်။ ဘယ်ပစ္စည်းက ဘာနဲ့ရောထည့်ရင် အပွန်းသက်သာမယ်၊ အကွဲသက်သာမယ် သူတို့သိတယ်။

မြစ်ဆိပ်ကို ဆင်း၊ မော်တော်ပေါ် ပစ္စည်းတွေတင်တော့လည်း တပ်ထဲက ရဲဘော်တွေပဲ။ နေပါစေ၊ မသယ်ကြနဲ့၊ ဆေးရုံက ဝန်ထမ်းတချို့လည်း ကူသယ်ကြတယ်။ မြစ်ဆိပ်ရောက်တော့ အံ့အားသင့်သွားတယ်။ နာဂတွေ တန်းစီပြီး လမ်းဝဲယာက စောင့်နေကြတယ်။ ဒါ စော်ဘွားကြီးရဲ့အစီအစဉ်ဖြစ်မယ်။ ပြီးတော့ တပ်ထဲက အရာရှိကတစ်ဖက်၊ အရာရှိကတော်တွေကတစ်ဖက်၊ ဒါလည်း တပ်ရင်းမှူးကြီး အစီအစဉ်ဖြစ်မှာပဲ။ ပြီးတော့ ကျွန်တော့်မိတ်ဆွေ ပညာဝန်တို့၊ ဆရာသိန်းတို့ပါမကျန်ဘူး။ သူတို့လက်ကမ်းတော့လည်း လက်ဆွဲနှုတ်ဆက်လိုက်တာပဲ။ တချို့လက်တွေက အေးစက်လို့၊ တချို့လက်တွေက နွေးတေးတေး။ သူတို့မျက်လုံးမှာ မျက်ရည်ဝဲ၊ ကျွန်တော်ရော အုန်းအုန်းရော မျက်ရည်ဝဲမိကြတာပဲ။ သူတို့မျက်ရည်ကျတော့ ကျွန်တော်လည်း မျက်ရည်ကျမိတာပေါ့။ ကျွန်တော်တို့အပြန် လိုက်လံပို့ဆောင်ကြတဲ့ မိတ်ဆွေတွေက နာဂနှုတ်ဆက်တာ မျက်ရည်စက်တွေနဲ့ကွာလို့ ပြောရင်လည်း ပြောကြပါစေ။ ဘယ်လိုမှ ထိန်းလို့မနိုင်တဲ့ မျက်ရည်စတွေနဲ့ ကျွန်တော် ကုန်းပေါင်ပေါ်ကို တက်ခဲ့တယ်။ မော်တော်ပေါ်ရောက်တော့ ကျွန်တော်ရော၊ အုန်းအုန်းပါ သူတို့ကို နှုတ်ဆက်ဖို့ မျက်နှာမူလိုက်တယ်။

လက်က မှန်းဆပြီး ဝှေ့ယမ်းနှုတ်ဆက်ပေမဲ့ ဘယ်သူ့ကိုမှ သဲသဲကွဲကွဲ မမြင်ရဘူး။ ကျွန်တော် ချစ်ခင်ရတဲ့ ခန္တီးလူထု၊ နာဂတိုင်းရင်းသားတွေအားလုံးရဲ့ ပုံရိပ်တွေဟာ မျက်ရည်တွေကြားမှာ... မှုန်မှုန်ဝါးဝါး သူတို့ကလည်း လက်ပြနှုတ်ဆက်နေကြမှာပါ။ ခန္တီးမှာ တာဝန်ထမ်းခဲ့တဲ့ နှစ်ကာလတွေဟာ ကျွန်တော့်အတွက် မေ့ရက်စရာမရှိတဲ့ နှစ်ကာလတွေပါပဲ။ ။

❑

ဘာဖြာတ်
ဆား အား ဝိပါက
ဆီဖေဖြေ ပျား ၇၅ ဆာ

ဦပုလေး



NPL0010
8,000.00 KS